
www.burmeseclassic.com

မဂ္ဂဇင်း

အမှတ်-၂၂၈ ၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီလ




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သစ္စသိဒ္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊ မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊ သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဧသာ ဥပ္ပတ္တိ၊ သဗ္ဗ သတ္တုန္တရာယော၊ သဗ္ဗ ရောဂန္တရာယော၊ သဗ္ဗ ဥပဒ္ဒဝန္တရာယော၊ ဂန္ထအဗုဒ္ဓိ ဩကာသေ ဟိဿတိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်၊ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်၊ ဘုန်းကံကြီးမည်။ လူ၊ နတ်၊ ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်၊ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

### စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

### ပြည်သူ့ဆန္ဒသဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ပိုင်းပခန်းဖယ်ရှား။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရာဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

ရွှေအမြုတေ မဂ္ဂဇင်း

အမှတ် (၂၂၈)၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာ ပျူမြို့တော်ဟောင်း | မင်းဇုဏ် | ၅ |
| ၂။ | ပန်ထွာဝမ်းမြောက်ပါလေတော့ | ကောင်းမြတ်(ခရာတော) | ၁၈ |
| ၃။ | ချယ်ရီမြို့ ကျက်သရေဆောင် ဆူဠာမုနိ လောကချမ်းသာစေတီတော် | တက္ကသိုလ်တင်ဟန်ကျော် | ၂၈ |
| ၄။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဓိပတိထား၍ အားထုတ်ရမည့်တရားတော် | ဓမ္မဒါန | ၃၈ |
| ၅။ | နွားသားမစား အရေးတော်ပုံ | ဆင်ဖြူကျွန်းအောင်သိန်း | ၄၄ |
| ၆။ | အစားမှားခဲ့ကြသူများ | နိုင်မင်းညို | ၄၈ |
| ၇။ | ဝစီနှုတ်ကြွေး ဝဠ်ဖြင့်ပေးဆပ်ရတဲ့ အလှဘုရင်မ | ယောဂီတိုးအောင် | ၅၁ |
| ၈။ | မာနမပါ သာသနာ | ကျောင်းတော်ရာ အရှင်ဝဏ္ဏာထေရုပ္ပဒ္ဒိ | ၅၅ |
| ၉။ | မှန်သည်ထင်ရသော အမှားများနှင့် မှားသည်ထင်ရသော အမှန်များ | ခရာကေတ | ၅၉ |
| ၁၀။ | မော်ကွန်းတင်ထိုက်စွာ ဆင္ဒသင်္ဂါယနာ | ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး/သု) | ၆၂ |
| ၁၁။ | ပဲခူးရိုးမတောင်တန်းပေါ်မှ စေတီတော်သုံးဆူ | ကိုသက်(ဇီးကုန်း) | ၇၂ |
| ၁၂။ | လေနှင့်အတူလာ လေနှင့်အတူပြေး | ဦးကလျာဏ(သရက်တော) | ၇၅ |
| ၁၃။ | သစ္စာတန်ခိုး ချစ်မိုးမနေသာ | ဇွဲလုလင်(မအူပင်) | ၇၉ |
| ၁၄။ | မြန်မာတို့၏ ပျူခေတ် ဗုဒ္ဓသာသနာ | ကောင်းစံဟိန်း(ဖန်နေဝန်း) | ၈၁ |
| ၁၅။ | တိုက်ကြီးမြို့မှနေရာထူး သွားရောက်ဖူးစေလို | ဆရာကြီးဦးအောင်မြိုင် | ၈၇ |
| ၁၆။ | မကာအို စိန့်ပေါလ်ဘုရားရှိခိုးကျောင်းသို့ | ဉာဏ်ပွင့်(စက်မှု) | ၉၁ |
| ၁၇။ | မွေးမာတာ၏ကျိန်စာ | ဆွေမြင့်သူ(ကြေး/မြေ) | ၉၉ |
| ၁၈။ | ချစ်ခဲ့ဖူးတာ အမှန်ပါ | ပီဝေ | ၁၀၂ |
| ၁၉။ | ဆယ်ဘဝအမုန်း | ရဲမြတ်တင် | ၁၀၆ |
| ၂၀။ | တစ်ပါးသူအတွက် အချစ်ဆုံး | နေမထူး | ၁၁၄ |
| ၂၁။ | ကြိမ်ချောင်းတောင်မှ ဆတ်နှစ်ကောင် | မန္တလာသား | ၁၁၉ |
| ၂၂။ | ပြန်မပြောချင်ဘူး သံယောဇဉ်ဦးရဲ့စာမျက်နှာ | ဟောင်လုမျိုး(ချင်းချောင်းခြံ) | ၁၂၄ |
| ၂၃။ | အရှုံးကပြောသော အကောင်း | သက်လှိုင်မျိုး(စက်မှု) | ၁၂၉ |
| ၂၄။ | ကျွန်ုပ်နှင့် မြိုင်ဟေမာမှ လူစားကျား | ကိုဟောင်သန်းဇင် | ၁၃၂ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅။ | စာရေးဆရာဆိုတာ ဒီလိုကွ ................ စိုးယဉ်ထွန်း | ၁၃၇ |
| ၂၆။ | ဂန္ဓာရခရီးလမ်း ဖြတ်သန်းစဉ်က ........ ကိုကြီးစော(သာပေါင်း) | ၁၄၀ |
| ၂၇။ | ပွဲစားဆို သတိထား ................ သစ္စာဦး(ဧယျာမြေ) | ၁၅၃ |
| ၂၈။ | သက်ရောက်မှုတိုင်း၌ ................ ဖိုးစော(သန်လျင်) | ၁၅၉ |
| ၂၉။ | မုန်တိုင်းနှင့်တစ်ညတာ .......... ကြည်မင်းစံ(အောင်မြေသာယာ) | ၁၆၂ |
| ၃၀။ | စိန်တောင်ရှင်မနှင့် ရွှေပွားမန္တန်ရှင်နိဂုံး ... ကောင်းစံဟိန်း(ဖန်နေဝန်း) | ၁၆၇ |
| ၃၁။ | သောင်သွပ်နယ်မှ ကျွားမနိုင်သာလှိုင် ........ မောင်မောင်တိုးမြင့် | ၁၇၉ |
| ၃၂။ | လောကဝတ် ................ ဂျိမ်းကျော်လွင်(သန်လျင်) | ၁၈၇ |
| ၃၃။ | ရွှေလျားနေသော ဝိညာဉ်များ ............ မင်းဟန်(သန်လျင်) | ၁၉၃ |
| ၃၄။ | တောကျွမ်းတော့ တစ်ပွဲစား ............ သန်းထွန်း(ဂျေဂျေ) | ၁၉၉ |
| ၃၅။ | ပုဏ္ဏကနှင့် ငမူးဘကျော် ................ ဝေယံလင်းခေါင် | ၂၀၃ |
| ၃၆။ | နန်းဦးစေတီက သိုက်နန်းရှင်များ ............ ထိုက်သဇင် | ၂၁၂ |
| ၃၇။ | မြေဝယ်လျှိုး မိုးထက်ယံ<br>တက်ပျံပုန်းရှောလေသလား ........ မောင်မောင်ကြီး(လှိုင်နယ်မြေ) | ၂၁၈ |
| ၃၈။ | သံခေါင်းစွပ်မင်းသား၊ စွန်ပလွံ့ပင်များနှင့်<br>ကိန်းနီရုပ်ရှင်ပွဲတော်ရဲ့ကော်ဇောနီ ... ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး/သု) | ၂၂၉ |
| ၃၉။ | မှားသည့်ဝန်တာ .................... ရေနံမြေခရေ | ၂၄၀ |
| ၄၀။ | သခင်မျိုးဟေ့ တို့ဗမာ (သို့မဟုတ်)<br>သခင်တင် (ဝိုင်အမ်ဘီ)................ ထွန်းလင်းသူ | ၂၄၃ |
| ၄၁။ | လက်တွေ့အသုံးချ မြန်မာ့ဆေးမြီးတိုများ ...... သုတေသီဆရာငြိမ်း | ၂၅၃ |
| ၄၂။ | မီးယပ်အတွက် ဆေးကောင်းတစ်လက် ... မျိုးသက်နိုင်(ရွှေပြည်သာ) | ၂၅၆ |
| ၄၃။ | အာဟာရဆေးစွမ်းထက်သော ငှက်ပျောသီး အောင်ဘုန်းမြင့်(ကချင်မြေ) | ၂၅၇ |
| ၄၄။ | အမြင်အာရုံနှင့်စပ်လျဉ်း၍ ................ ဆွေမြင့် | ၂၆၀ |
| ၄၅။ | ငှက်ဖျားရောဂါပိုးကို ရှာဖွေခဲ့သူများ........ တော်မြင့်(ငှက်ဖျား) | ၂၆၃ |
| ၄၆။ | နှလုံးရောဂါနှင့်ဆက်နွယ်နေသော<br>ပိုးလေးဖက်နာ ........................ ရိုရိုငွေ | ၂၆၅ |
| ၄၇။ | ဆေးမြီးတိုအန္တရာယ် သတိပြုဆင်ခြင်ဖွယ်ရာများ ဦးမင်းဇင်(ရွှေနဝင်း) | ၂၆၈ |
| ၄၈။ | ကမ္ဘာကျော်နီတိပုံရိပ်များ ............... လှတိုး(စိတ်ပညာ) | ၂၇၄ |
| ၄၉။ | ပြင်ပကမ္ဘာမှ သက်ရှိများကိုရှာဖွေခြင်း ...... တော်မြင့်(ငှက်ဖျား) | ၂၇၇ |


BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၀။ | သုတစုံဖြာ ဤကမ္ဘာ ................ ဦးတိုး(တက္ကသိုလ) | ၂၈၇ |
| ၅၁။ | ပြုံးရယ်ရယ်ဟား ဟာသများ ... အေးသော်တာသောင်း၊ ကဗျိုယမောင်ဝိုင်း ........ ညွှန့်လွင်၊ စောနိုင်ထူး | ၂၉၅ |
| ၅၂။ | ကာတွန်းကဏ္ဍ ............... ကျော်ဖြိုးလွင်၊ လင်းထူးဇော် ........ ဒဂါးရွှေရင်အေး | ၂၉၉ |
| ၅၃။ | ထိုက်တန်ပါမှ ........................ ကြူကြူသင်း | ၃၀၂ |
| ၅၄။ | တလွဲခင်ရဲ့ အပြောင်းအလဲ ................ ဟန်သီဇင် | ၃၀၅ |
| ၅၅။ | ကံပုံပြင် ......................... ကိုရွှေတောသား | ၃၀၇ |
| ၅၆။ | ကျေးလက်က ခင်မှုံ ................ ဇော်မင်း(အုံမြောက်) | ၃၀၉ |
| ၅၇။ | ဘုရားဂုဏ်တော်ပွားလျက် ပုတီးစိပ်နည်း ....... အရှင်ခေမာစာရ | ၃၁၄ |
| ၅၈။ | ချစ်တတ်သူတိုင်း အချစ်ကံကောင်းကြစေရန် ....... အောင်ကြည်သန်း(ဖောင်တော်သီ) | ၃၁၉ |
| ၅၉။ | အလုပ်အော်ဒါတွေ လုပ်ငန်းတွေ ဆက်တိုက်ရနေပြီ မဟုတ်လား........ နတ်မျက်စိ(ဆရာအောင်စိုး) | ၃၂၂ |
| ၆၀။ | သားသမီးတင်ဖို့ ဒါလုပ်စို့ ............. သုနန္ဒာစိုး(ရွှေရင်အေး) | ၃၂၄ |
| ၆၁။ | ဓာတ်ရိုက်ပညာ သိစရာ ............. ဆရာအောင်ကျော်ခိုင် | ၃၂၇ |
| ၆၂။ | စွယ်စုံလက္ခဏာအဘိဓာန်ကျမ်း ........... ဆရာဦးခန့်ကျော် | ၃၃၁ |
| ၆၃။ | ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ.......... ဦးညွှန့်လှိုင်(ကြို့ပင်ကောက်) | ၃၃၉ |
| ၆၄။ | ၂၀၁၅ ခုနှစ်၊ ရာသီခွင်နှင့် ဖေဖော်ဝါရီလ ဟောကိန်းများ ............ ဆရာဦးခန့်ကျော် | ၃၄၂ |


○


**နာယက**
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

**အကြံပေး**
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

**အယ်ဒီတာချုပ်**
ညဏ်ပွင့် (စက်မှု)

**တာဝန်ခံအယ်ဒီတာ**
မောင်သာယာ

**အယ်ဒီတာအဖွဲ့**
တက္ကသိုလ်တင်ဟန်ကျော်၊ ခင်သက်နိုင်

**မျက်နှာဖုံးဒီဇိုင်း**
ကျော်မင်းမောင်

**ကွန်ပျူတာ**
လပြည့်ဝန်းအဖွဲ့

**ပန်းချီပညာရှင်များ**
ဆန်းထွန်း၊ အောင်နိုင်လတ်၊ လှသစ်အောင်၊
တောင်ငူစိုးမြင့်လေး၊ စောတင်မောင်၊
ဖိုးအောင်၊ ဆွေမြင့်

**အတွင်းပလင်**
ကိုဦး

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၄၃၄၅]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

**မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး**
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၂၇၇၄၇၀၅

**ကြော်ငြာနှင့်ဖြန့်ချိရေး**
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)


**အထွေထွေ**
အောင်ဝင်းသန့်

**မန္နေဂျာ**
ထွန်းဦးစာပေ

**စျေးနှုန်း** **အုပ်ရေ**
၂၃၀ ကျပ် [illegible]၀၀၀


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

၂၀၀၇ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြည်မြို့သို့ စာရေးသူတို့အဖွဲ့ ကိုယ့်အစီအစဉ်ဖြင့် တစ်ညအိပ်ခရီး သွားဖြစ်ခဲ့ကြသည်။ ထိုစဉ်က ရွှေဆံတော်ဘုရား၊ ရွှေဘုန်းပွင့်ဘုရား၊ ဆွေနွေးဘုရားကြီး၊ ရွှေဘုန်းတောက်ကျောက်တော်ကြီးဘုရား၊ ရွှေဘုံသာမုနိဘုရားနှင့် ရွှေမျက်မှန်ဘုရားတို့ကို ဖူးမြော်ခဲ့ကြရာ ထိုအကြောင်းအရာများကို "ပြည်ဌာနေ စည်ဖြာဝေပါတဲ့ စေတီပုထိုး" ခေါင်းစဉ်ဖြင့် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလမှစကာ အောက်တိုဘာလအထိ ကိုးလတိုင်တိုင် အခန်းဆက်ဘုရားဖူးခရီးသွား ဆောင်းပါးအဖြစ် လပြည့်ဝန်းမဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုစဉ်က သရေခေတ္တရာသို့ မရောက်ဖြစ်ခဲ့ပေ။

မြန်မာ့ရှေးဟောင်းအမွေအနှစ်ယဉ်ကျေးမှု ပျူမြို့ဟောင်းများဖြစ်သော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာတို့ကို "ကမ္ဘာ့အမွေအနှစ်စာရင်းဝင်" ဖြစ်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ၂၀၁၂ ခုနှစ် ဧပြီလမှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် ဇွန်လ ၁၅ ရက်မှ ၂၅ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပသည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီညီလာခံ၏ အစည်းအဝေးဆုံးဖြတ်ချက် အမှတ်စဉ် 38 COM 813.28 အရ "ကမ္ဘာ့အမွေအနှစ်စာရင်းဝင်" အဖြစ် အတည်ပြုသတ်မှတ်လိုက်ပြီဖြစ်ကြောင်း ၂၀၁၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖတ်ရှုလိုက်ရပြီးနောက် သရေခေတ္တရာသို့ သွားရောက်လေ့လာရန် ဆန္ဒရှိလာခဲ့သည်။

သို့ဖြစ်၍ ယခုတစ်ခေါက် ပြည်ဘုရားဖူးခရီးစဉ်တွင် သရေခေတ္တရာသို့ ရောက်သည်နှင့် သီးခြားကားတစ်စီးငှားပြီး အချိန်ယူကာ လေ့လာဖြစ်ခဲ့ကြသည်။ ဒေသခံများဖြစ်ကြသော ယာဉ်မောင်း ဖိုးသားနှင့် လိုက်လံရှင်းပြသူ



လမ်းတွင်တွေ့ရသည့် စိုက်ခင်းတစ်ခုမြင်ကွင်း

ကိုကျော်သက်တို့၏ စိတ်ရှည်လက်ရှည်ပို့ဆောင်ပေးမှုကြောင့် ရသမျှအချိန်အတွင်း နန်းတော်ရာကုန်းနှင့် ရဟန္တာတံခါး မြို့ဝင်ပေါက် အနီးတစ်ဝိုက်ရှိ စီမံကိန်းနယ်မြေများသို့ လေ့လာကြည့်ရှုခဲ့ကြရသည်။

သရေခေတ္တရာ မြို့ဟောင်းသည် ရန်ကုန်မြို့၏ အနောက်မြောက်ဘက် မိုင် ၁၈၀ အကွာ ပြည်မြို့၏ အရှေ့တောင်ဘက် ၅ မိုင်ခန့်အကွာတွင် ရှိသည်။ တွေ့ရှိပြီးသည့် ပျူမြို့ဟောင်းများတွင် သရေခေတ္တရာမှာ အရွယ်ပမာဏအကြီးဆုံးဖြစ်ပြီးအကျယ်အဝန်းမှာ အကြမ်းအားဖြင့် စတုရန်း ၅ မိုင်ခွဲခန့်ရှိသည်။ မြို့ရိုးမှာ အဝိုင်းပုံမြို့ရိုးဖြစ်ရာ ရိုးရိုးသာမန် စတုဂံပုံမြို့ရိုးများထက် ယေဘုယျအားဖြင့် ပို၍ရှေးကျသည်ဟု ယူဆကြသည်။ မြန်မာရာဇဝင်ကျမ်းတို့၌ နဂါးမင်းက အမြီးကို ဝှေ့ယမ်း၍ မြို့ဝန်းကို ဖော်ပေးသည်ဆိုသော စကားနှင့် ညီညွတ်နေသည်ဟုဆိုသည်။

မြန်မာရာဇဝင်တွင် သရေခေတ္တရာမြို့ကြီး၌ တံခါးကြီး ၃၂ ခု၊ တံခါးငယ် ၃၃ ခုရှိကြောင်း ဖော်ပြထားသည်။ ယခုအခါ တံခါးပေါက်အားလုံး ရှာဖွေဖော်ထုတ်ရန် မလွယ်ကူတော့ကြောင်းနှင့်



ဆင်ချည်တိုင်စေတီ



www.burmeseclassic.com

www.burmeseclassic.com

နတ်ပေါက်၊ နဂါးတွန်းပေါက်၊ ရွှေတံခါးပေါက်၊ မုတ်ရှည်ပေါက်၊ ရဟန္တာပေါက်၊ ဘီလူးမပေါက်၊ သာယာဝတီပေါက်၊ မုဋ္ဌောပေါက်၊ တွင်းပြဲပေါက် စသည့် တံခါးပေါက်တို့ကိုသာ တွေ့ရှိတော့ကြောင်း သိရသည်။ တရုတ်မှတ်တမ်းများတွင် တံခါးပေါက် ၁၂ ပေါက်ရှိကြောင်း ဖော်ပြထားရာ ယခု ၉ ပေါက်သာ တွေ့ရှိသဖြင့် ၃ ပေါက်မှာ ပျက်စီးသွားပြီဟူ၍ ယူဆကြသည်။

စာရေးသူတို့သည် အလိုတော်ပြည့် ဓမ္မာရုံရှေ့ရှိ ယာဉ်ရပ်နားစခန်းမှ စတင်ထွက်ခွာခဲ့ကြသည်။ ရှေးဦးစွာ ပြတိုက်သို့ ဝင်ရောက်ကြည့်ရှုလေ့လာရန် ဖြစ်သော်လည်း ယခုအချိန်တွင် ပြတိုက်၌ လေ့လာသူများဖြင့် ပြည့်နေမည်ဖြစ်၍ မြို့တော်ဟောင်းအတွင်းသို့ သွားရောက်လေ့လာရန် ဦးတည်ကာ မောင်းနှင်ခဲ့ကြသည်။

နေမပူ မိုးမရွာဘဲ ရာသီဥတုမှာ သာယောင့်သာယာရှိနေသည်။ ဖြတ်သန်းသွားရာလမ်းတစ်လျှောက် စိုက်ခင်းများနှင့် လူနေအိမ်များကို တွေ့ရသော်လည်း ပတ်ဝန်းကျင်မှာ အေးချမ်းဆိတ်ငြိမ်လျက် ရှိသည်။ စီမံကိန်းနယ်မြေအတွင်း ထိုကဲ့သို့ လူနေအိမ်များရှိနေခြင်းနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ နှစ်ပရိစ္ဆေဒ ကာလကြာမြင့်စွာ ဘိုးစဉ်ဘောင်ဆက်နေထိုင်လာကြသူများဖြစ်၍ စည်းကမ်းချက်များချမှတ်ကာ နေထိုင်ခွင့်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

ထိုစည်းကမ်းချက်များမှာ . . .

❖ ယဉ်ကျေးမှုအမွေအနှစ် တည်ရှိရာ ဇုန်အတွင်းရှိ သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ သဘာဝရှုခင်း၊ တိရစ္ဆာန်၊ အပင်ဖွဲ့စည်းမှု၊ ရေအရင်းအမြစ် စသည်တို့ကို ထိခိုက်စေသော မည်သည့်လုပ်ရပ်ကိုမှ ခွင့်မပြု။ (ဥပမာ - မြေပြင်ခြင်း၊ မြောင်းတူးခြင်း၊ ရေသွယ်မြောင်းဖောက်ခြင်း၊ ရေတွင်းရေကန်အသစ်ဆောက်ခြင်း၊ စိမ့်မြေများနှင့် လက်ရှိရေလှောင်ကန်များအား မြေဖို့ခြင်း)



အတွင်းနန်းတော်ရာကုန်း ဆိုင်းဘုတ်

❖ ရွှေကျင်ခြင်း၊ မြေတူးခြင်း၊ သတ္တုတူးခြင်း၊ တွင်းတူးခြင်း၊ ရေကန်တူးခြင်း၊ ကျောက်ထုတ်ခြင်း၊ တောင်ပူစာ၊တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ မြစ်ချောင်း၊ ကန်မြောင်း၊ လျှိုချိုင့်လွင်ပြင်များ မြေဖို့ခြင်း၊ မြေပြင်မြေညှိခြင်းနှင့် သဘာဝ ရှုခင်းရှုကွက်များကို ပျက်စီးစေနိုင်သော မည်သည့် ဆောင်ရွက်ချက်မှ မပြုလုပ်ရ။

❖ ပုဂ္ဂလိကပိုင်နှင့် အဖွဲ့အစည်းပိုင် အဆောက်အအုံများ (ဥပမာ - သံဃာတော်များ၊ သာသနာပိုင်များ၊ အဖွဲ့အစည်းအမျိုးမျိုး၊ လူထုအဖွဲ့အစည်းများ စသည်) ကို ပြင်ဆင်မွမ်းမံ ထိန်းသိမ်း ပြုပြင်ရာတွင် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၏ ကြိုတင်သဘောတူညီချက် ရယူပြီး ဌာန၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့်သာ ဆောင်ရွက်ရမည်။

❖ ရှေးဟောင်းအဆောက်အအုံများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ အခြား မြေယာ အဆောက်အအုံများ အသစ်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ရာတွင် မူလပုံသဏ္ဌာန်ပျက်အောင် ဆောင်ရွက်ခြင်းများအား ခွင့်မပြု၊ ကြိုတင်ခွင့်ပြုချက်တောင်းခံပြီး ရရှိမှသာ ဆောင်ရွက်ရမည်။



နန်းတော်ဦးစေတီ

www.burmeseclassic.com



နန်းတော်ရာကုန်းအနီးရှိ အုတ်ရိုးအုတ်တိုက်ပျက်များ

❖ ရှေးဟောင်းသုတေသန ဆိုင်ရာ မြေလွှာများကို ပျက်စီးစေနိုင်သော စက်ယန္တရားများဖြင့် ထွန်ယက်ခြင်းနှင့် အခြား တူးဆွခြင်းများ မပြုလုပ်ရ။ ရိုးရာ ဓလေ့အတိုင်း ကျွဲ၊ နွားများဖြင့် ထွန်ယက်ရာတွင်လည်း ထွန်အချက်သည် အပေါ်ယံ မြေလွှာမှ ၉ လက်မထက် မပိုရဘဲ ရှေးဟောင်းအဆောက်အအုံမှ ပေ ၃၀၀ အကွာတွင် ထွန်ယက်ရမည်။

❖ ပျူယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းရုပ်သွင်ပြင်နှင့် သဘာဝရှုခင်းများကို ထိခိုက်စေနိုင်သော ၆ ပေထက် ပိုမိုမြင့်မားသည့် စီးပွားဖြစ် နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း ခွင့်မပြု။

❖ ဇုန်အတွင်း ကျောက်ထုတ်လုပ်ခြင်း၊ ကျောက်စရစ်နှင့် သဲထုတ်လုပ်ခြင်း၊ အနှောင့်အယှက်ဖြစ်စေသော ယမ်းဖောက်ခွဲခြင်း၊ အုတ်ဖုတ်ခြင်း၊ လျှို မြောင်းချိုင့်ဝှမ်းများကို မြေဖို့ခြင်း၊ အမှိုက်ပစ်ခြင်း၊ ငါးကန်များ တူးဖော်မွေးမြူခြင်းများကို ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနနှင့် ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေး ကော်မတီတို့၏ ကြိုတင်သဘောတူ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။


ဟူ၍ဖြစ်ကြောင်း သိရသည်။

စာရေးသူတို့သည် နတ်ပေါက်တံခါးမှ ဝင်ရောက်ခဲ့ကြပြီး ယခုအခါ သရေခေတ္တရာ မြို့ဟောင်းအတွင်းသို့ ရောက်ရှိနေကြပြီဖြစ်ကြောင်း ကိုကျော်သက်၏ ပြောကြားချက်အရ သိရသည်။

ရှေးဦးစွာ စေတီတော်နှစ်ဆူကို စတင်ဖူးတွေ့လိုက်ရသည်။ တစ်ဆူမှာ တောင်ကုန်းပေါ်တွင် ဖြစ်ပြီး ကျန်တစ်ဆူမှာ မြေပြင်ပေါ်တွင် တည်ထားသည်။ မြေပြင်ပေါ်ရှိ စေတီမှာ ချည်တိုင်စေတီဖြစ်ပြီး တောင်ကုန်းပေါ်ရှိစေတီမှာ ရွှေနန်းဦးစေတီဖြစ်သည်ဟုဆိုသည်။



ရောက်ရှိသည့်နေရာကို ပြသည့်မြေပုံ



အနောက်ဘက်မြစ်နဲ့ တွေ့ရသည့် သံမယ်နှင့်ကြိုးနှစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



မလုပ်မကမ်း၌ တွေ့ရသည့် ရဟန္တာဂူဘုရား

ရွှေတံခါးမြို့ဝင်ပေါက်ကို တူးဖော်သည့် အခါတွင်လည်း သံမယ်နကြီး သုံးချောင်းကို မြို့ရိုး အုတ်နံရံ၏ အပြင်ဘက် အောက်ခြေ၌ ကပ်လျက်စိုက်ထူထားသည်ကို တွေ့ရသည်ဟု ဆိုသည်။

ဤကဲ့သို့ မြို့ရိုး မြို့ဝင်ပေါက်များတွင် သံမယ်နကြီးများစိုက်ထူထားသော ဓလေ့ကို သရေခေတ္တရာမြို့ဟောင်းတွင်သာ တွေ့ရပြီး အခြားပျူမြို့ဟောင်းများတွင် မတွေ့ရဟု ဆိုသည်။ ထို့ကြောင့် သရေခေတ္တရာမြို့ဟောင်းတွင် သံထည်ပစ္စည်းနှင့် လက်နက်ကိရိယာများကို သက်ဆိုင်ရာ နေရာအသီးသီးတွင် ထုတ်လုပ် အသုံးပြုရုံမျှမက ယုံကြည်မှုဓလေ့ထုံးစံအတွက်လည်း အသုံးပြုခဲ့ကြောင်း တွက်ဆနိုင်သည်။



ရဟန္တာမြို့ဝင်ပေါက်အထွက်မြင်ကွင်း

ရှေ့မလုပ်မကမ်းရှိ ကုန်းမြင့်မြင့် အုတ်ရိုးကြီးအနီးတွင်ရဟန္တာတံခါးပေါက် ဟု ကမ္ပည်းထိုးထားသည့် ကျောက်တိုင် တစ်ခုကိုတွေ့ရပြီး ထိုကျောက်တိုင်အနီးတွင် တူးဖော်မှုကုန်းအမှတ် ၄၂၊ ရဟန္တာမြို့ဝင်ပေါက် ဟူ၍ ရေးထိုးထားသည့် ကမ္ပည်းကျောက်စာကို တွေ့ရသည်။

ထိုကျောက်စာအရ ဤမြို့ဝင်ပေါက်ကို ၂၀၀၇ - ၂၀၀၈ ခုနှစ်တွင် တူးဖော်ခဲ့ကြောင်း၊ သရေခေတ္တရာမြို့ဟောင်း မြို့ရိုး၏ တောင်ဘက်ရှိ ဝင်ပေါက်များအနက် တစ်ခုဖြစ်ကြောင်း၊ မြို့ရိုးလက်တံမှာ တံတောင်ဆစ်ချိုးကွေ့ဝိုက်၍ မြို့ရိုးအတွင်းဘက်သို့ ဝင်သည့် ပုံသဏ္ဌာန်ဖြစ်ကြောင်း၊ ဝင်ပေါက်၏ အနောက်ဘက်လက်တံဘေးကပ်လျက်တွင် အုတ်ဖြင့်တည်ဆောက်ထားသည့် ဝင်ပေါက်တစ်ခုပါရှိကြောင်း၊ ဤမြို့ဝင်ပေါက်မှ အရှည် ၂၁ပေ ၆ လက်မ


www.burmeseclassic.com

www.burmeseclassic.com

ကျော်ရှိ သံမယ်နကြီးနှစ်ချောင်း၊ လုံသွား တစ်ခု၊ မြေမီးဖုတ်အုတ်ရိုးများ၊ အိုးခြမ်း ခွဲများ တူးဖော်ရရှိကြောင်း သိရသည်။

ဘေးဝဲယာတွင် အုတ်မြို့ရိုးပျက် ကြီးများကို တွေ့ရသည်ဖြစ်ရာ စာရေး သူတို့သည် ရဟန္တာတံခါးပေါက်မှ မြို့ ပြင်ဘက်သို့ထွက်လာခဲ့ကြပြီဖြစ်ကြောင်း ခန့်မှန်းမိသည်။ မြို့ရိုးပျက်၏ မလှမ်း မကမ်း လက်ယာဘက်ခြမ်းတွင် ရဟန္တာ ဂူဘုရားကို တွေ့ရသည်။

ရဟန္တာဂူဘုရားမှာ သရေခေတ္တ ရာ ပျူခေတ်တွင် တည်ဆောက်ထားခဲ့ သော ဂူပေါက် သုံးပေါက်ပါ ဂူဘုရား တစ်ဆူဖြစ်သည်။ လိုဏ်ဂူအတွင်းတွင် သရေခေတ္တရာမြို့ဟောင်းဘက်သို့ မျက် နှာမူ၍ နံရံတွင် ကျောကပ်လျက် တင် ပျဉ်ခွေ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော် ရှစ်ဆူ တန်းလျက် စံပယ်တော်မူနေဟန် ရုပ်လုံးရုပ်ကြွ ထုလုပ်ထားသည်။ လက် ရှိ အခြေအနေ၌ အလယ်မှ ဘုရားတစ် ဆူ လစ်လပ်လျက်ရှိနေပြီး ဘုရားတည် ခဲ့သော ခုနှစ်နှင့် အလှူရှင်တို့ အတိ အကျ မသိရဟု ဆိုသည်။



ရဟန္တာဂူဘုရား



ရဟန္တာဂူဘုရားအနီးကပ်မြင်ကွင်း




ရဟန္တာမြို့ဝင်ပေါက် ကမ္ပည်းကျောက်စာ



www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာကန်နှင့် ဘောဘောကြီးစေတီ

ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားသဖြင့် ဂူအတွင်းသို့မူ ဝင်ရောက်ခွင့် မပြုပေ။ ဂူဘုရား၏ မူလပုံစံသည် ဝင်ပေါက်သုံးပေါက်ပါသည့် လေးထောင့်အုတ်တိုက်ဖြစ်ပြီး လက်ရှိအုတ်တိုက်မှာ မူလလက်ရာ အုတ်ပန္နက်ပျက်ပေါ်တွင်



ရဟန္တာဂူဘုရားအတွင်းရှိ ထိုင်တော်မူရုပ်ပွားတော်များ (ဓာတ်ပုံ)

၁၉၆၃ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ အစဉ်အဆက် ပြုပြင်တည်ဆောက်ထားသော အဆောက်အအုံဖြစ်ကြောင်းသိရသည်။

ရဟန္တာဂူမှ လက်ဝဲဘက် မလှမ်းမကမ်းတွင် ရဟန္တာရေကန် ရှိသည်။ ရဟန္တာကန်သည် ဒွတ္တပေါင်မင်းကြီး တည်ဆောက်ခဲ့သော ကန်ကိုးကန်တွင် တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆိုသည်။

ရဟန္တာဂူဘုရား၏ တောင်ဘက်အနီးတွင်ရှိပြီး ကန်ပေါင်ရိုးပေါ်တွင် ရှေးယခင်က ရဟန္တာ အရှင်သူမြတ်များ ရေသန့်စင်ရာဟုယူဆရသော ပျူခေတ် အုတ်ချပ်ကြီးများဖြင့် ပြုလုပ်ထားသော အုတ်ခုံဟောင်းများရှိခဲ့သည်ဟုဆိုသည်။ ဤကန်ကြီးသည် မြင်ဗာဟုတောင်ရိုးမှ တစ်ဆင့် စီးဆင်းလာသောရေများ စီးဝင်ရာဖြစ်၍ ရေခန်းခြောက်ခြင်း မရှိဘဲ နွေ၊မိုး၊ဆောင်း သုံးရာသီပတ်လုံး ကြည်လင်လျက်ရှိသည်ဟု ဆိုသည်။

ရဟန္တာရေကန်မှ လှမ်းမျှော်ကြည့်လျှင် ခပ်လှမ်းလှမ်း၌ ဘောဘောကြီးစေတီကို ဖူးတွေ့ရသည်။ ရဟန္တာရေကန်မှ ဆက်လက်ထွက်ခွာခဲ့ကြရာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၏ တူးဖော်မှုကုန်းအမှတ် HMA 53 သို့ ရောက်ခဲ့ကြသည်။ ထိုကုန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တူးဖော်ခဲ့ရာ

www.burmeseclassic.com

www.burmeseclassic.com

ပေါ် ထွက်လာသော ပန္နက်ပုံမှာ စတုဂံပုံဖြစ်ပြီး တောင်မြောက်အလျားလိုက် အုတ်ရိုးပတ်လည်ဖြင့် အဆင့်သုံးဆင့် ပါရှိသည်။

အဆောက်အအုံ၏ အတွင်းဘက်တွင် အရိုးအိုးများ အများအပြား မြှုပ်နှံထားသည်ကို တွေ့ရသည်။ ဤကုန်းမှ မြေမီးဖုတ် အုတ်ခွက်ငါးခုအခြေခံပုံစံ ကိုးမျိုးကွဲပြားသော အရိုးအိုး ၂၉၀ ခန့်နှင့် ယင်းတို့၏ဘေးမှ သံမယ်နကိုးမျိုး နှစ်ဖက်အသွားပါသော ဓားငယ်များ ကြေးချူလုံးငယ်များ၊ သံထည်ပစ္စည်းများကို တွေ့ရသည်ဟုဆိုသည်။ ယခုလက်ရှိတွင် ဤကုန်းရှိ အရိုးအိုးများကို ခေတ်ပေါ်နည်းဖြင့် ထိန်းသိမ်းထား၍ (Site Museum)အဖြစ် ပြသထားရာ ဤကုန်းသည် ပျူလူမျိုးတို့၏အဆောက်အအုံအတွင်း၌ အရိုးအိုးမြှုပ်နှံမှု ဓလေ့ထုံးစံကို မျက်မြင်ထင်ရှားတွေ့ရှိနိုင်သော အဆောက်အအုံတစ်ခုပင် ဖြစ်သည်။

ထိုမှဆက်၍ ထွက်ခွာခဲ့ရာ ဘောဘောကြီးစေတီသို့ ရောက်ရှိခဲ့သည်။ ဘောဘောကြီးစေတီသည် ထူပ ... စေတီအမျိုးအစားဖြစ်ပြီး အိန္ဒိယ ... ဆာရ်နတ်တွင်ရှိသော ဓမ္မေခ ... စေတီနှင့်လည်းကောင်း၊ ပုဂံမြို့ရှိ ငကြွဲ ... ကောင်းစေတီနှင့်လည်းကောင်း ဆင် ... သည်။ ဘဏ်တော်အမြင့် ၁၅၃ ပေ ... ကြောင်း သိရသည်။

သရေခေတ္တရာခေတ် စေတီ ... များအနက် ရှေးအကျဆုံးသော ... ဖြစ်ပြီး အေဒီ ၄ ရာစုမှ ၉ ရာစု ... ဗုဒ္ဓပေါင်မင်းကြီး တည်ထားခဲ့ ... ကောင်းမှုတော် သုံးဆူအနက်မှ ... ကြောင်းနှင့် ဘုရားရှင်၏ ... မွေ့တော်များအား ဌာပနာ ... ကြောင်း မြန်မာရာဇဝင်များတွင် ... သည်။

... မဟာရာဇဝင်တော်တွင် ... အရ ဘောဘောကြီးစေတီ ... ဓာတ်တော်၊ ဌာပနာတော် ... ဓာတ်ဆောင်မင်းပင့်ဆောင်ကာ



ကုန်းအမှတ် ၅၃ အပြင်ဘက်မြင်ကွင်း

ပုဂံမြို့တော်ရှိ ရွှေဆံတော်ဘုရားတွင် ထည့်သွင်းဌာပနာခဲ့ကြောင်း သိရသည်။ ၁၉၁၀-၁၉၁၁ ခုနှစ်တွင် ဘောဘောကြီးစေတီတော်အနီးမှ ကျောက်စာကျိုးနှစ်ပိုင်းကို တူးဖော်တွေ့ရှိရာ အေဒီ ၆ ရာစု ပျူအက္ခရာဖြင့် ရေးထားသော ပါဠိဘာသာအရေးအသားများဖြစ်ပြီး အဘိဓမ္မာ ပိဋကတ်တော်၊ ဝိဘင်းပါဠိတော် ကောက်နုတ်ချက်များ ဖြစ်သည်ဟု ဆိုသည်။

ဘောဘောကြီးစေတီ၏ အရှေ့ဘက်အနီးတွင် ဘဲဘဲဂူဘုရားရှိသည်။ အရှေ့ဘက်သို့ မျက်နှာမူတည်ဆောက်ထားပြီး အလျား ၁၇ ပေ၊ အနံ ၁၆ ပေရှိသော လေးထောင့်အုတ်ဂူဘုရားငယ်တစ်ဆူဖြစ်သည်။ အဆောက်အအုံ၏ နံရံများတွင် မုခ်ခုံးများနှင့် အင်္ဂတေလက်ရာများ ပါဝင်သည်။ အဆောက်အအုံအပေါ်ပိုင်း၌ ပစ္စယာငယ်သုံးဆင့်ပါဝင်ပြီး ထိုအထက်တွင် သိသု ခေါ်ကွမ်းထောင်ပေါက်ထားသည်။ ဘဲဘဲဂူဘုရားမှ ကွမ်းထောင်သည် ပုဂံဘုရားများ၏ ကွမ်းထောင်များကဲ့သို့ အဆင်တန်ဆာ မွမ်းမံထားခြင်း မရှိပေ။

လိုဏ်ဂူအတွင်း၌ ဘူမိဖဿမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော် တစ်ဆူ



ကုန်းအမှတ် ၅၃ အတွင်းမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



ဘောဘောကြီးစေတီ

နှင့် ရှိခိုးနေဟန် သာဝက နှစ်ပါးတို့ကို ကျောက်ပြားချပ်ပေါ်တွင် ထုလုပ်ထားပြီး အောက်ခြေတွင်ပျူစာအရေးအသားများ ပါရှိသည်။ အဆောက်အအုံ၏ ဗိသုကာလက်ရာများအရ အေဒီ(၁၁-၁၃) ရာစုအတွင်း တည်ထားသော



ဘဲဘဲဂူဘုရား

အဆောက်အအုံဖြစ်သည်ဟု ယူဆရသော်လည်း ဗုဒ္ဓရုပ်ပွားတော်ပါကျောက်ချပ်သည် ပျူခေတ်နှောင်း အေဒီ ၇ ရာစုဖြစ်ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ဘဲဘဲဂူဘုရားအား တည်ထားကိုးကွယ်ခဲ့သူကိုမူ အတိအကျ မသိရသော်လည်း ပျူလူမျိုးတို့၏ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဗိသုကာ လက်ရာ ပျူမြို့တော် သက်တမ်း ကြာခဲ့ပုံနှင့် အစဉ်အဆက် ကိုးကွ ထိန်းသိမ်းမှု အထောက်အထားအတွ အရေးပါသော အဆောက်အအုံဖြ သောကြောင့် ကမ္ဘာ့အမွေအနှစ် စံ စံညွှန်းဝင်အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြ သည်ဟု ဆိုသည်။

ဘဲဘဲဂူဘုရားနှင့် မလှမ်းမက တွင် လေးမျက်နှာဘုရားရှိသည်။ သ ခေတ္တရာတွင် ဖူးတွေ့ရသော ဂူဘု များအနက် မုခ်လေးမုခ်နှင့် ဝင်ပေါ လေးပေါက်ပါ တစ်ဆူတည်းသော စတုရန်းပုံ လိုဏ်ဂူဘုရား ဖြစ်သည် အပေါ်ပိုင်းတွင် ပစ္စယာ အနိမ့်သုံးဆ ပါပြီး အတွင်းသို့စုဝင်ထားသည့် အမိ အဆောက်အအုံ အနိမ့် ဖြစ်သည် အတွင်းတိုက်ခန်းတွင် အလယ်မဏ္ဍ တည်ဆောက်ထားပြီး ထိုမဏ္ဍိုင်

www.burmeseclassic.com

လေးမျက်နှာသည် ဗုဒ္ဓရုပ်ပွားတော်များကို ရုပ်လုံးကြွထုလုပ်ထားသည့်ကျောက်ချပ်များ ကပ်ထားသည်။ ယခုအခါ တောင်ဘက်၊မြောက်ဘက်နှင့်အနောက်ဘက် မျက်နှာများရှိ ကျောက်ချပ်များကိုသာ မြင်တွေ့နိုင်တော့သည်။

အဆောက်အအုံသည် အရှေ့အနောက် ခုနစ်မီတာ၊ တောင်မြောက် ခုနစ်မီတာနှင့် အမြင့် ခြောက်မီတာရှိသည်။ ပျူခေတ်နှောင်း အေဒီ(၇-၉) ရာစုတွင် တည်ဆောက်ခဲ့သော ဘုရားအင်ဆူဟု ခန့်မှန်းရသဖြင့် လေးမျက်နှာဘုရားသည်လည်း ပျူလူမျိုးတို့၏ ဗုဒ္ဓဘာသနိက ဗိသုကာလက်ရာများတွင် ဘဲဘဲကြီးဘုရား တိုးတက်မှု အထောက်အထားအတွက်အရေးပါသောအဆောက်အအုံ ဖြစ်သောကြောင့် ကမ္ဘာ့အမွေအနှစ် စံချိန်စံညွှန်းဝင်အဖြစ် သတ်မှတ်ထိုက်ပြစ်သည်ဟု ဆိုသည်။

စာရေးသူတို့ လေ့လာကြည့်ရှုခဲ့ကြသည့် နေရာတစ်ဝိုက်တွင် ရဟန္တာကျောင်းကြီးနှင့် ဘောဘောကြီးစေတီတို့သည် ဒွတ္တပေါင်မင်းကြီး၏ ကုသိုလ်တော်



ဘဲဘဲကြီးဘုရားအတွင်း ကျောက်ပြားချပ်ပေါ်တွင် ထုလုပ်ထားသည့် ရုပ်ပွားတော်အား ပူးတွေ့ရပုံ

များဖြစ်ကြောင်း သိခဲ့ရသည်။ သို့ဖြစ်၍ ဒွတ္တပေါင်မင်းကြီးနှင့်တကွ သရေခေတ္တရာ ရွှေမြို့တော်ကြီး ပေါ်ထွန်းလာပုံကို ရေးသားဖော်ပြရလျှင် . . .

မှန်နန်းမဟာရာဇဝင်တော်ကြီး၏ အဆိုအရ ဒွတ္တပေါင်မင်းကြီးသည် ဘုရားရှင်၏ ဗျာဒိတ်တော်အရ ပေါ်ထွန်းလာသော မင်းတစ်ပါးပင်ဖြစ်သည်။

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ပွင့်တော်မူပြီး၍ ငါးဝါမြောက်သည်တွင် သုနာပရန္တတိုင်း လယ်ကိုင်းအမည်ရ ဝါဏိဇ္ဇဂါမ၌ မဟာပုဏ်၊ စူဠပုဏ်ကုန်သည်ညီနောင် နှစ်ဦးတို့သည် တရားရှင်အား ပန်ကြားကာ စန္ဒကူးနံ့သာကျောင်းတော်ကြီးကို တည်ဆောက် လှူဒါန်းခဲ့ကြလေသည်။



ဘဲဘဲကြီးဘုရားအား အနီးကပ်ဖူးတွေ့ရပုံ



ဘောဘောကြီးစေတီ

www.burmeseclassic.com

ဘုရားရှင် ကိုယ်တော်မြတ်သည် ထိုဒေသသို့ ကြွမြန်းတော်မူရာတွင် သစ္စဗန္ဓမထေရ်၏ တောင်းပန်ချက်အရ ယခုအခါ အထက်စက်တော်ရာဟု ခေါ်တွင်နေသည့် ပါဒခြေတော်ရာတစ်ဆူကို သစ္စဗန္ဓတောင်ထိပ်၌ လည်းကောင်း၊ နမ္မဒါနဂါးမင်း၏ တောင်းပန်ချက်အရ ယခုအခါ အောက်စက်တော်ရာဟု ခေါ်တွင်နေသည့် ပါဒခြေတော်ရာတစ်ဆူကို မန်းချောင်းနားတွင် လည်းကောင်း ချပေးတော်မူခဲ့ကာ "နောင်သောအခါ ငါ၏သာသနာတော်သည် သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်း စသောမြန်မာတို့တိုင်းပြည်၌ ကောင်းစွာတည်လတ္တံ့" ဟူ၍ ဗျာဒိတ်ထားတော်မူခဲ့သည်။

ထိုမှဆက်၍ ဒေသစာရီ ကြွတော်မူရာ ဖိုးဦးတောင်ဖျားသို့ ရောက်တော်မူလတ်သော် အရှေ့တောင်ယံ သမုဒ္ဒရာ ရေမျက်နှာထက်၌ နွားချေးခြောက် ပေါလောမျောနေသည်ကို မြင်တော်မူသည်။

ပွေးငယ်တစ်ကောင်သည်လည်း ဘုရားရှင်အား မြေကို နှုတ်သီးဖြင့်ကော်၍ ပူဇော်လေသည်။




လေးမျက်နှာဘုရား

ထိုနိမိတ်နှစ်ပါးကို မြင်တော်မူသဖြင့် ဘုရားရှင်ပြုံးတော်မူသည်ကို ညီတော်အာနန္ဒာက မေးလျှောက်တောင်းပန်လတ်သော် . . .

"ချစ်သား အာနန္ဒာ ငါပရိနိဗ္ဗာန်စံယူတော်မူ၍ သာသနာတော် တစ်ရာ့တစ်နှစ် (ဘီစီ ၄၄၃)ရောက်သောအခါ ဤအရပ်၌ နိမိတ်ကြီးငါးပါး ထင်ရှားဖြစ်လတ္တံ့၊

ထိုနိမိတ်ကြီး ငါးပါးသည်ကား မြေကြီးလျှင် ပဲ့တင်ထပ်မျှပြင်းစွာ တု[...] လှုပ်ခြင်း၊ ဖိုးဦးတောင်အရပ်၌ အင်းကြီး[...] ပေါ်ခြင်း၊ စမုန်စမြိတ်မြစ်ဖြစ်ခြင်း၊ ပုပ္ပား[...] တောင်မြေမှ စုန့်စုန့်တက်ခြင်း၊ သ[...] ခေတ္တရာပြည် တည်ရာဝယ် ပင်လယ်[...] ခန်းခြောက်ခြင်းတို့တည်း၊ ထိုသို့ နိမိတ်ကြီးငါးပါး ထင်ရှားစွာပြလတ်သောအခါ ဤပွေးငယ်သည် ဤကိုယ်အဖြစ်[...] စုတေပြီးလျှင် လူဖြစ်ကာ ဒွတ္တပေါင်[...] သော အမည်ဖြင့် မြို့ကြီးပြကြီး ထီးနန်း[...] ကနက်တည်ထောင်ပြုစု၍ မင်းပြုလ[...] ထိုမင်းလက်ထက်မှစကာ မြန်မာ[...] တိုင်းပြည်၌ ငါ၏သာသနာတော်သ[...] အဓွန့်ရှည်စွာလျှင် ထင်ရှားဖြစ်လ[...]" ဟူ၍ ဗျာဒိတ်ကြားတော်မူခဲ့သည်။



လေးမျက်နှာဘုရား
အတွင်းရှိ
ရုပ်လုံးရုပ်ကြွ
ရုပ်ပွားတော်

မဟာရာဇဝင်ကြီး၊ မှန်နန်းမ[...] ရာဇဝင်တော်ကြီး အစရှိသော မြန်[...] ရာဇဝင်များ၏ အဆိုအရ မြန်မာ့ဦး[...] ဖြစ်သော ထွန်းသစ်စ တကောင်းပြ[...] ကြီးကို မြတ်စွာဘုရား ပွင့်တော်[...] နှစ်ပေါင်းများစွာကပင် သကျသာ[...] မင်း အဘိရာဇာက တည်ထောင်ခဲ့သ[...] ဟုဆိုသည်။

မဇ္ဈိမဒေသတွင် ပဥ္စာလ[...] နှင့် ကောလိယ၊ ဒေဝဒဟ[...]ပိလ[...] သုံးပြည်ထောင် သာ[...]ဝင်မင်းတို့ [...]

www.burmeseclassic.com

ကြီး ဖြစ်ခဲ့သည်။ သာကီဝင်မင်းများ စစ်နွှဲသဖြင့် ကပိလဝတ်ပြည်မှ အဘိရာဇာမင်းသည် ဗိုလ်ခြေ အလုံးအရင်းနှင့် ထွက်ပြေးလာပြီး ယခု တကောင်းပြည်ကြီး တည်ရာဌာနဖြစ်သော နေရာတွင် သယ်သာရဋ္ဌ အမည်ရှိ တိုင်းပြည်ကို တည်ထောင်ခဲ့သည်။ ထိုကဲ့သို့ အဘိရာဇာ တကောင်းပြည်ကိုတည်စဉ် အနီးအနားတွင် ပုဂံ(ပျူဂါမ)အမည်ရှိသော ရွာရှိခဲ့ပြီး အဘိရာဇာ မရောက်မီကပင် ပျူလူမျိုးများ အများအပြား ရှိနေကြပြီဟု ဆိုသည်။

အဘိရာဇာ တကောင်းမင်းဆက်တွင် မင်းဆက် ၃၃ ဆက် အုပ်ချုပ်စိုးစံခဲ့ကြသည်။ ထိုမင်းဆက်၏ နောက်ဆုံးဖြစ်သော ဘိန္နကရာဇာမင်းလက်ထက်တွင် ဂန္ဓလရာဇ်တိုင်း စိန့်ပြည်က တရုတ်တရက်တို့ နှောင့်ယှက်လာ၍ သယ်သာရဋ္ဌပြည်ကြီး ပျက်စီးခဲ့ရသည်။

ဘိန္နကမင်းကြီး၏ နောက်လိုက်နောက်ပါများက မလည်ချောင်းအရပ်တွင် ပြန်လည်စုဝေးမိကြပြီး ဘိန္နကမင်းကြီး နတ်ရွာစံသောအခါ နောက်လိုက်များ သုံးစုကွဲသွားကြသည်။ တစ်စုက အရှေ့ဘက်သို့ သွားကြပြီး ရှမ်း ၁၉ ခရိုင် တည်ထောင်သည်။ တစ်စုက ဧရာဝတီမြစ်ကြီးကို စုန်ဆင်းခဲ့ပြီး ပျူ ကမ်းယံ၊ သက်တို့အရပ်တွင် မုဒုစိတ္တ တည်ခဲ့သော သုနာပရန္တတိုင်းသို့ ရောက်သွားကြသည်။ တစ်စုက မိဖုရားကြီးနာဂသိန်နှင့်အတူ မလည်အရပ်မှာပင် အခြေချနေထိုင်ခဲ့ကြသည်။

ထိုစဉ်အတွင်း မဇ္ဈိမဒေသ သာဂတ္ထိပြည် ဝိဍူဍဘမင်းနှင့် သက္ကတိုင်း ကပိလဝတ်ပြည် သာကီဝင်မင်းမျိုးဖြစ်သော မဟာနာမမင်းတို့စစ်ဖြစ်ကြသဖြင့် သာကီဝင်မင်းများ စစ်ရှုံး၍ အကွဲကွဲအပြားပြား ထွက်ပြေးကြရာ ဓဇရာဇာ အမည်ရှိသော မင်းသည် နောက်လိုက်နောက်ပါ များစွာနှင့်အတူ ရှေးဦးစွာ မောရိယမြို့ကိုတည်ပြီး ခေတ္တနေထိုင်ခဲ့ကြသည်။ ထိုမှတစ်ဖန် ပြောင်းရွှေ့လာပြီး သင်းတွဲပြည်ကို တည်ထောင်သည်။ ထို့နောက်ပိုင်းတွင် မလည်ရပ်ရှိ ဘိန္နကမင်းကြီး၏ မိဖုရားနာဂသိန်နှင့် တွေ့ဆုံပြီး လက်ဆက်ခဲ့ကြသည်။

နာဂသိန်မိဖုရားကြီးနှင့် လက်ဆက်ခဲ့ပြီးနောက်တွင် စိန့်တိုင်းသားတို့ ဖျက်ဆီးခဲ့ကြသည့် သယ်သာရဋ္ဌကို ပြန်လည် တည်ဆောက်ခဲ့ကြကာ ပဉ္စာ တကောင်းပြည်ဟု ခေါ်တွင်စေခဲ့သည်။

ပဉ္စာတကောင်းပြည်တွင် သတိုးဓမ္မဒီပဓဇရာဇာမင်းကြီးမှစ၍ ညီတော်သားတော်များ အစဉ်အဆက်အားဖြင့် ၁၇ ဆက် အုပ်စိုးခဲ့ကြရာ သာသနာတော်သက္ကရာဇ် ၄၀ (ဘီစီ ၅၀၄)ခုနှစ် ၁၄ ဆက်မြောက် သတိုးမဟာရာဇာမင်းကြီး လက်ထက်တွင် သားယောကျ်ားလေး မရှိခဲ့သဖြင့် ကိန္နရီဒေဝီမိဖုရားကြီး၏ မောင်တော် ခေပဒူတကို အိမ်ရှေ့အရာ ထားခဲ့သည်။

ထိုစဉ် တကောင်းပြည်၏ အစွန်အဖျား ကျေးရွာနားတွင် အလွန်ကြီးမားသော တောဝက်ကြီး တစ်ကောင်သောင်းကျန်းနေသဖြင့် ရွာသူ ရွာသားများ ကြောက်ရွံ့ထိတ်လန့်လျက် ရှိကြရာ သတိုးမဟာရာဇာမင်းကြီးလည်း ယောက်ဖတော် အိမ်ရှေ့စံကိုခေါ်ကာ ဝက်ကြီးကို နှိမ်နင်းစေခဲ့သည်။

အိမ်ရှေ့စံ ခေပဒူတလည်း လက်နက်ငါးပါးကို ကိုင်စွဲကာ ဝက်ကြီးရှိရာသို့ သွားရောက်ပြီးနောက် တိုက်ခိုက်ရာ ဝက်ကြီးလည်း အိမ်ရှေ့မင်းကို ရင်မဆိုင်ဝံ့ဘဲ ထွက်ပြေးလေသည်။ ခေပဒူတလည်း ဝက်ကြီးနောက်သို့ ထက်ကြပ်မကွာ လိုက်ခံတိုက်ခိုက်ခဲ့ရာ ကာလအတန်ကြာသည်တွင်မှ အလွန်ဝေးကွာသည့် နေရာတစ်ခုတွင် ဝက်ကြီးကိုမိကာ နှိမ်နင်းနိုင်ခဲ့သည်။

သို့ရာတွင် အိမ်ရှေ့စံသည် တကောင်းသို့အပြန်ခရီးမှာ ဝေးလွန်းလှသည်ကို ထောက်ကာ မပြန်ဖြစ်တော့ဘဲ အိမ်ရှေ့မင်းစည်းစိမ် ခံစားရမည့် တဒင်္ဂအကျိုးစီးပွားထက် သံသရာအကျိုးစီးပွား အလို့ငှာ ရသေ့ရဟန်းပြုတော့မည်ဟု ကြံစည်ကာ ထိုအရပ်တွင် နေထိုင်ရင်း ကျင့်ကြံအားထုတ်ခဲ့ရာ များမကြာမီပင် ဈာန်အဘိညာဉ် ရခဲ့လေသည်။

ထိုစဉ်အတွင်း တကောင်းဘုရင် သတိုးမဟာရာဇာမင်းကြီး၏ မိဖုရားကြီးမှာလည်း သားတော်အမြွှာ မွေးဖွားခဲ့လေသည်။ သို့ရာတွင် မဟာသမ္ဘဝ၊ စူဠာသမ္ဘဝ အမည်ရကြသည့် ထိုအမြွှာညီနောင်တို့မှာ မွေးဖွားစဉ်ကပင် နဂါးငွေ့သင့်ကာ မျက်မမြင် ဒုက္ခိတများ ဖြစ်နေကြသဖြင့် မင်းကြီးအမျက်တော်ရှကာ သားတော်နှစ်ပါးကို သတ်ရန်အမိန့်ပေးခဲ့သည်။ သို့ရာတွင် မိဖုရားကြီးက မသတ်ရက်ဘဲ မင်းကြီးမသိအောင် ဝှက်ထားခဲ့ရာ ၁၉ နှစ် အချိန်ကြာခဲ့သည်။

သာသနာတော်သက္ကရာဇ် ၅၉ (ဘီစီ ၄၈၅)ခုနှစ်သို့ ရောက်သောအခါ မျက်မမြင်သားတော်နှစ်ပါးကို မိဖုရားဝှက်ထားကြောင်း မင်းကြီးသိသွားသဖြင့် ယခုပင် သတ်ရန် ထပ်မံအမိန့်ပေးခဲ့ပြန်သည်။ ဤတစ်ကြိမ်တွင်လည်း မိဖုရားကြီးသည် အမိန့်ကို မနာခံဘဲ ခိုင်ခံ့သော ဖောင်ကြီးတစ်စင်း ပြုလုပ်ပြီး ဖောင်ပေါ်တွင် စားနပ်ရိက္ခာအပြည့်အစုံနှင့်တကွ မင်းသားနှစ်ပါးကို တင်ကာ မျှောလိုက်လေသည်။

(ဆက်ရန်)

**ကျမ်းကိုး**

(၁) မှန်နန်းမဟာရာဇဝင်တော်ကြီး သုံးတွဲပေါင်း ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ။

(၂) ပျူနိုင်ငံတော်နှင့် ပျူနိုင်ငံသားများ၊ ခိုင်ဇော်၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ။

(၃) ပထမမြန်မာနိုင်ငံတော် သရေခေတ္တရာ ပျူမြို့တော်ကြီး (ခရစ်နှစ် ၃ ရာစုမှ ခရစ်နှစ် ၁၁ ရာစု)၊ ချစ်စံဝင်း၊ ၂၀၁၃ ခုနှစ်၊ မတ်လ။

**မင်းဂုဏ်**

❑




www.burmeseclassic.com

www.burmeseclassic.com



ပိဿနိုးမြို့ဟောင်းမှ ရွှေရောင်တော်စေတီ



www.burmeseclassic.com

www.burmeseclassic.com



ဝနသိဒ္ဓိပြည်လုံးချမ်းသာ မြတ်စွာဘုရား

# ပန့်ထွာဝမ်းမြောက်ပါလေတော့

## ကောင်းမြတ်(ခရာတော)

(၁၇-၈-၂၀၁၄)ရက်နေ့၊ တနင်္ဂနွေနေ့ အလုပ်ပိတ်ရက်မို့ အားလုံး အနားယူကြသည်။ ထိုနေ့ကိုရွေး၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အနောက် ...တ် ၁၁ မိုင် ခန့်အကွာတွင် တည်ရှိသော ကမ္ဘာ့ယူနက်စကိုအဖွဲ့မှာ ရှေး ...ောင်းမြို့တော် သုံးမြို့အဖြစ် သတ်မှတ်ခြင်းခံရသော ဟန်လင်း၊ ဗိဿနိုး၊ သရေ ...ရာ ပျူမြို့တော်ဟောင်းများအနက် စာရေးသူရောက်ရှိနေသော မကွေးတိုင်း ...ကြီး၊ မင်းလှမြို့နယ်၊ မလွန်မြို့ဟောင်းနှင့် အနီးကပ်ဆုံးဖြစ်သော ဗိဿနိုး ...ောင်းကို သွားရောက်လေ့လာပြီး ဗိဿနိုးမိဖုရား တည်ထားကိုးကွယ်ခဲ့သည့် ...ောင်တော်စေတီတော်ကို သွားရောက်ဖူးမြော် ကြည်ညိုခွင့် ရရှိခဲ့ပါသည်။

စာရေးသူသည် မလွန်မြို့ဟောင်းတွင် နှစ်ပေါင်းများစွာ တာဝန်ကျနေထိုင်ခဲ့သူပီပီ မလွန်မြို့ဟောင်းသို့ မကြာခဏ ဆိုသလို သွားရောက်လေ့ရှိသည်။ ဒါကလည်း အကြောင်းကရှိသည်။ မင်းလှမြို့နယ် စာပေအဖွဲ့ကို စတင်ထူထောင်ဖွဲ့စည်းစဉ်က ကဗျာဆရာ တောသားကြီးလူနိုင်က ဥက္ကဋ္ဌ၊ စာရေးသူက အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ကြပြီး ဒီကနေ့ ဒီအခြေမျိုးရောက်အောင် ကြိုးပမ်းခဲ့ရသလို စာရေးသူ၏ သမီးနှင့် စာရေးသူ၏ မြေးလေးတို့ရှိနေခြင်းကလည်း မလွန်မြို့ဟောင်းသို့ သွားဖြစ်နေကြောင်း ရင်ထဲက ရိုးသားစွာ သိနေသည်။

ဆရာအေးစက် (ဧရာဝတီ)၊ မောင်သိမ်မွေ့ (အထက်မင်းလှ) (စာရေးဆရာအသင်း အတွင်းရေးမှူး)၊ ဆရာဝိုင်းမောင် (မာန်အောင်)၊ ဆရာဈာန်၊ ဆရာဗဒင်နှင့် စာရေးသူတို့အဖွဲ့သားများ မလွန်မြို့ဟောင်းဈေးက လက်ဖက်ရည်ဆိုင် မှ နံနက် ၇ နာရီကို ဆုံမှတ်အဖြစ် သတ်မှတ်ထားပြီး ၇း၃၀ မှာ စတင်ထွက်ခွာဖို့ စီစဉ်ထားကြသည်။

ဆရာမောင်သိမ်မွေ့နှင့် ဆရာဈာန်က ဆိုင်ကယ်တစ်စီး၊ ဆရာဗဒင်နှင့် ဆရာအေးစက်(ဧရာဝတီ)တို့ကတစ်စီး၊ ဆရာဝိုင်းမောင်(မာန်အောင်)နှင့် စာရေးသူတို့က တစ်စီး ဆိုင်ကယ်သုံးစီး လူခြောက်ယောက် မလွန်ဈေးမှာ လက်ဖက်ရည် သောက်ပြီး ဗိဿနိုးခရီးကို စခဲ့ကြသည်။

မလွန်မြို့ဟောင်းက အထွက် မည်းနက်နေတဲ့ ကတ္တရာလမ်းကတော့ ကွေ့ကောက်ပေမယ့် လမ်းကကောင်းသည်။ တောင်တက် တောင်ဆင်းဆိုပေမယ့် အဝေးရော အနီးရော မြင်ကွင်းတွေက ကျယ်ပြန့်သည်။ လမ်းပေါ်မှာ ကားတွေက ရှင်းသည်။ ပြီးတော့ ရာသီဥတုက စာပေအဖွဲ့ဘက်က ပါနေလေရော့သလားမသိ။ မိုးတွင်းကာလ ဆိုပေမယ့် နေရောင်က ဖြာကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com

လက်ဝဲဘက်ကို လှမ်းမျှော်ကြည့်ရင်း ဧရာဝတီမြစ်ပြင်ကြီးက ကွေ့ကောက်စီးဆင်းနေတာကို မြင်နေရသည်။ မြင်ကွင်းတွေအားလုံးက စုတ်ချက်ကောင်းကောင်းနဲ့ ရေးဆွဲထားတဲ့ ပန်းချီကားတစ်ချပ်ကို ကြည့်နေရသလို ရင်ထဲမှာ ချမ်းမြေ့နေသည်။

မလွန်မြို့ဟောင်းမှ မြစ်ကူးတံတားအထိ ငါးမိုင်ခန့်ခရီးကို တောင်တက် တောင်ဆင်းမောင်းလာသည့် စာရေးသူတို့အဖွဲ့သည် ကဒကျေးရွာ၊ ကိုင်းရွာကျေးရွာများကို ဖြတ်ကျော်ပြီးသည်နှင့် မီးရထားလမ်း၊ ကားလမ်းတို့ဆုံရာ သဖန်းချောင်းကျေးရွာထိပ်မှ ဧရာဝတီမြစ်ကြီးကို ဖြတ်ကျော် တည်ဆောက်ထားသော ဧရာဝတီတံတားကြီးကို လှပစွာ တည်ဆောက်ထားသောလိုဏ်မှအထွက်တွင် ဘွားခနဲတွေ့မြင်လိုက်ရသည်။

တံတားအဝင် ကားလမ်းဘေးတွင် သစ်ထုတ်လုပ်ရေးမှ ဆင်ခြောက်ကောင်သည် စခန်းပြောင်းလာသည်ကို အနီးနားမှ ရွာသူရွာသားများ ဝိုင်းအုံကြည့်ရှုနေသည်ကို တွေ့မြင်ရသဖြင့် ဓာတ်ပုံမှတ်တမ်းအဖြစ် ရိုက်ရင်းက ဗိဿနိုးဘုရင်မ ပန်ထွာ၊ ဒွတ္တဘောင်မင်းရဲ့ ကျူးကျော်စစ်ကြောင့် မလွန်ဘက်သို့ ထွက်ပြေးခဲ့ရစဉ်ကလည်း ဒီလို ဆင်တပ်တွေနဲ့များ ဆုတ်ခွာခဲ့ရလေသလားဟု အတွေးပွားနေမိသည်။

ထိုအတွေးတို့နှင့်အတူ တရိပ်ရိပ်ပြေးနေသော ဆိုင်ကယ်နောက်တွင် စီးပါရင်းက အတွေးတို့သည် လွင့်မျောနေ



အရှင်သာရိပုတ္တရာမထေရ်မြတ်ရုပ်တုတော်



အရှင်ဥပါလိမထေရ်မြတ် ရုပ်တုတော်

မိသည်။ ခုတ်ပြီးစ နှမ်းခင်းများတွင် နှမ်းခါရန် ထောင်ထားသော (နှမ်းထောင်စည်းများ)နှင့် ယာကွက်ထဲတွင် တချို့တစ်ဝက် ကျန်ရှိနေသေးသော ပြောင်းခင်းများ၊ နောက် မိုးကိုမျှော်၍ စိုက်ထားသော ပဲကြီးခင်းများ၊ ပဲဒီစိမ်းစိုက်ခင်းများက စာရေးသူမြင်ကွင်းအတွင်းသို့ ပြေး၍ ပြေး၍ ဝင်လာသည်။

တစ်ခါတစ်ခါ မိုးရေ အဝသောက်ရထားသော ထနောင်းပင်၊ ရှားပင်၊ ဒဟတ်ပင်များက ရိတ်ခနဲ ရိတ်ခနဲ ဖြတ်ပြေးသွားကြသည်။ စာရေးသူအတွေးတို့ကား စစ်ရှုံးဘုရင်မ ပန်ထွာမိဖုရား၏ အသွင်သဏ္ဌာန်များကို အတွေးနှင့် ပုံဖော်ကြည့်နေမိသည်။ ဒီလိုနှင့် စာရေးသူတို့အဖွဲ့သည် မိချောင်းရဲမြို့လေးကို အပြင်ဘက်မှ ကွေ့ဝိုက်ပြီး တောင်တက် တောင်ဆင်းလမ်းအတိုင်း မောင်းနှင်လာခဲ့ရာ သစ်ရာကောက်ရွာကားဂိတ်မှ 'မိုးခ'ကဖီးဆိုင်တွင် ခေတ္တနားကာ လက်ဖက်ရည်သောက်ရင်း နယ်ခံရွာသားများနှင့် စကားပြောဖြစ်ကြသည်။

သစ်ရာကောက်လမ်းဆုံမှ ဆင်ပေါင်ဝဲမြို့ ဖြတ်လမ်းအတိုင်းသွားလျှင် ကိုးပင်ရွာသို့ပေါက်သည်။ တောင်ကွင်းကြီးမြို့သို့အရောက် ခရီးတာ ၂၇ မိုင်ခန့်သက်သာကြောင်း သိခဲ့ရသည်။ စာရေးသူတို့အဖွဲ့က တောင်တွင်းလမ်းဟောင်းအတိုင်း သွားရမည့် ခရီးစဉ်ဖြစ်သည်။ စားသောက်ပြီးသည်နှင့် ခရီးစတင်ခဲ့ကြပြန်သည်။ မိုးတွင်းဆိုပေမယ့် မိုးတာမရွာ၊ တိမ်


www.burmeseclassic.com


www.burmeseclassic.com



ရွှေရောင်တော်စေတီအနီး ဘိုးဘိုးအောင်ကောင်းမှုစေတီ



ရွှေနန်းပေါ်ပယ်မှ ပြိုကျခဲ့သော ထီးတော်ဟောင်း



ဗိဿနိုးမြို့ဟောင်း မုခ်ဝအဝင် စာရေးသူတို့အဖွဲ့

ညိုတစ်သိုက် အိပ်ငိုက်နေပုံရသည်။ နေကလည်း အခွင့်ရေးရသခိုက် အထိုက်အလျောက် ပူနေသည်။ မိုးကာလ ခရီးသွားရခြင်း အရသာတစ်ခုကို ခံတွင်းတွေ့သလို ခံစားနေရသည်။

ကားလမ်းတွေက ကောင်းသည်။ အစ စမ်းရွာအရောက် ကုန်းပြေပြေအဆင်းမှာ အရှိန်ယူမောင်းကြသည်။ နောက် စံပြကျေးရွာကျော်ပြီး ကုက္ကိုခွတံတားအဝင်မှာ ဗိဿနိုးတို့ အဓိကချောင်းဖြစ်သော ရန်ပယ်ချောင်းကို တွေ့လိုက်ရသည်။ အဖွဲ့သားအားလုံး ဆိုင်ကယ်များကို ကားလမ်းဘေး ရပ်နားပြီး ရန်ပယ်ချောင်းရဲ့ အလှအပကို တဝကြီးကြည့်ရှုခံစားကြသည်။ ကဗျာသမား၊ စာသမားများပီပီ အတွေးကိုယ်စီနှင့် အမြင်ချင်းဖလှယ်ခွင့် ရလိုက်သည်ကလည်း ကျေနပ်စရာ။

ကုက္ကိုခွတံတားကိုဖြတ်ကျော်ပြီး အညာဒေသရဲ့ လှပသောရှုခင်းများကို အားပါးတရ ကြည့်ရှုခံစားရင်းက စာရေးသူတို့ ရောက်ချင်လှသော ဗိဿနိုးမြို့ဟောင်းသို့ ရောက်ခဲ့ကြတော့သည်။ "ဗိဿနိုး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ" ဟူသော ခံ့ညားထည်ဝါလှသည့် မုခ်ဦးကြီးဟာ စာရေးသူတို့အား ရင်ဖွင့်ကြိုဆိုနေသည်။ ငါတို့မြန်မာတွေရဲ့အစ ပျူခေတ်ကတည်းက ဒီလိုထည်ဝါခံ့ညားခဲ့ကြတာပါလား။ ကိုယ့်လူ မျိုး၊ ကိုယ့်စာပေ၊ ကိုယ့်ဂီတ၊ ကိုယ့်အနုပညာ၊ ကိုယ့်ယဉ်ကျေးမှုတွေနဲ့ နေထိုင်လာခဲ့တဲ့ လူမျိုးပါကလားဟူသော အတွေးက တစ်ကိုယ်လုံးပျံ့နှံ့သွားပြီး စိတ်ကြီးဝင်ချင်စိတ် ပေါ်ပေါက်သလို ခံစားလိုက်မိသည်။

နောက် အဝင်ဝမုခ်ဦးတွင် အဖွဲ့သားများ အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။ မုခ်ဦးအဝတွင် ထုဆစ်ထားသော ဗိဿနိုး စစ်သည်တော်ကြီးများရုပ်ထုသည် ခန့်ငြားလှပေသည်။ နောက် ဗိဿနိုး ရှေးဟောင်းယဉ်ကျေးမှုပြတိုက်သို့ ဝင်ရောက်လေ့လာကြသည်။ လက်ကိုင်ဖုန်းများကိုတော့ သတ်မှတ်သော နေရာတွင် သိမ်းဆည်းပေးထားခဲ့ရသည်။ ပင်ပြေး ပေးရသည်။ ပြတိုက်ထဲတွင် ပျူခေတ် လက်ရာများ ရှေးဟောင်းအမွေအနှစ် ပစ္စည်းများကို စနစ်တကျ စီစဉ်ပြသထားသည်။ ပြတိုက်အတွင်း ရှေးဟောင်းပစ္စည်းများကို ဓာတ်ပုံရိုက်ခွင့်မပြုပါ။ (မီးရောင်ကြောင့် ရှေးဟောင်းပစ္စည်းများ တာရှည်မခံမည်ကို စိုးရိမ်၍ တားမြစ်ခြင်းဖြစ်ကြောင်း တာဝန်ခံမှ ရှင်းပြပါသည်။


စာရေးသူတို့ သိလိုသမျှကိုလည်း အတတ်နိုင်ဆုံး ရှင်းပြပေးပါသည်။ ထို့နောက် စာရေးသူတို့အဖွဲ့အား တာဝန်ရှိသူတစ်ဦးမှ ရွှေရောင်တော်စေတီသို့ ဦးစွာ သွားရောက်ဖူးမြော်စေလိုကြောင်းနှင့် အပြန်တွင် နန်းတော်ဟောင်းမနေရာသို့ ဝင်ရောက်ကြည့်ရှုလေ့လာပါက အဆင်ပြေကြောင်း လမ်းညွှန်သဖြင့် သူ့အစီအစဉ်အတိုင်း ရွှေရောင်တော်စေတီတော်သို့ ဦးတည်၍ ထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


ဗိဿနိုး ရှေးဟောင်းမြို့တော်အား ထိန်းသိမ်းစောင့်ရှောက်ထားသဖြင့် ရှားပင်၊ ထနောင်းပင်တို့က ကားလမ်းဘေးဝဲယာတွင် စိမ်းစိုနေသည်။ တချို့နေရာတွင် ထွန်ယက်စိုက်ပျိုးနေသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ တူးဖော်ပြီးသား နေရာများအား ဆိုင်းဘုတ်များ ရေးဆွဲထားသည်ကိုလည်း သတိပြုမိခဲ့သည်။ အုတ်ရိုးအစိတ်ပိုင်းများကို နေရာအနှံ့အပြားတွင် တွေ့မြင်ခဲ့ရသည်။



ဘုရင်မနန်းတော်ကုန်းဟောင်း အဆောက်အအုံ


ရထားလမ်း (တောင်တွင်းကြီးမြို့နှင့် မလွန်မင်းလှ)ကို ဖြတ်ကျော်လိုက်သည်နှင့် ဗိဿနိုးမိဖုရား တည်ထားကိုးကွယ်ခဲ့သော ရွှေရောင်တော်စေတီကို ကြည်နူးစွာ ဖူးတွေ့လိုက်ရသည်။ မြေပြင်ထက် ခါးစောင်းခန့်တွင် တည်ထားသော စေတီဖြစ်ပြီး မုခ်အဝင်အဝတွင် "ရွှေရောင်တော်စေတီ"ဟု ရေးသားထားသည်ကို တွေ့မြင်ခဲ့ရသည်။

စာရေးသူတို့အဖွဲ့လည်း ဆိုင်ကယ်များကို မုခ်ဝဘေးတွင် ရပ်ခဲ့ပြီး တန်ဆောင်းအတိုင်း ဝင်လာခဲ့ရာ စေတီတော်၏ မုခ်လေးဘက်တွင် ဓနသိဒ္ဓိ ပြည်လုံးချမ်းသာ ရွှေရောင်လျှံလေးဆူစာတ်ပျော်ရွှေရောင်တော်၊ ကုဋေကြွယ်မြတ်စွာဘုရား၊ ဂေါတမဓာတ်ပေါင်းစု ဘုရားလေးဆူကို ဖူးမြော် ကြည်ညိုခွင့် ရကြပါသည်။ ထူးခြားသည်မှာ မြတ်စွာဘုရားတစ်ဆူစီ၏ ဘေးတွင် ဗုဒ္ဓလက်ထက်တော်မှ ရဟန္တာများပုံတော်များကို ကြည်ညိုဖွယ်ရာ ထုဆစ်ပူဇော်ထားပြီး မှန်ဖြင့် လုံခြုံစွာပူဇော်ထားသည်ကို ဖူးမြင်ခဲ့ရသည်။



ရွှေရောင်တော်စေတီမှ ရှေးခေတ်ခေါင်းလောင်းတော်များ

နောက် ဗိမာန်တော်အတွင်းတွင် ဗိဿနိုးနယ်မြေ၊ ရွှေရောင်တော်စေတီနှင့် ဆက်နွှယ်ခဲ့သော ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်၊ အောင်ချမ်းသာ၊ ဘိုးရာကျော်၊ ရှင်မထီး၊ ဘိုးပေါက်ဆိန် ရုပ်တုတော်များကိုလည်း တွေ့မြင်ခဲ့ရသည်။ တန်ဆောင်းတစ်ခုအတွင်းတွင် သူရဿတီမယ်တော်နှင့် ရွှေရောင်တော်စေတီ အလှူဒါယကာမဖြစ်သော ပန်ထွာမိဖုရားရုပ်တုကိုလည်း မြင်တွေ့ခဲ့ရသည်။ စာရေးသူ ကြည်ညိုမိသည်က ဗုဒ္ဓမြတ်စွာ ဘုရားတစ်ဆူချင်း၏ဘေးတွင် အရှင်မဟာကဿပ၊ အရှင်မဟာမောဂ္ဂလာန်၊ ရှင်သီဝလိမထေရ်၊ အရှင်သာရိပုတ္တရာမထေရ်၊ အရှင်ကောဏ္ဍညမထေရ်၊ အရှင်ဥပါလိမထေရ်၊ အရှင်အာနန္ဒာမထေရ်၊ ရှင်ဥပဂုတ္တမထေရ်ရုပ်တုတော်များကို ထုဆစ်ပူဇော်ထားသည်မှာ ကြည်ညိုဖွယ်ရာ ကောင်းလှပေသည်။



ဗိဿနိုးမြို့ဟောင်းအသွား မြစ်ကူးတံတားတွင်တွေ့ရသော ဆင်အမ်း[illegible]

စေတီတော်အား တစ်ပတ်ပြည့်အောင် လှည့်ပတ်ပူဇော်ခဲ့ပြီးနောက် မြောက်ဘက်တန်ဆောင်းဘေးတွင် ယခင်ထီးတော်အဟောင်းအား စေတီသဖွယ် ပူဇော်ခံထားသည်ကို ဖူးတွေ့ခဲ့ရပြီး စာရေးသူလည်း ရှေးဟောင်းခေါင်းလောင်းတော်များအား ဓာတ်ပုံရိုက်မှတ်တမ်းတင်ယူခဲ့ပြီး စေတီတော်ပရဝုဏ်အပြင်ဘက်ရှိ ထူးခြားသပ္ပာယ်စွာ ပူဇော်ထားသော ဘိုးဘိုးအောင် ကောင်းမှုစေတီတော်အား သွားရောက်ဖူးမြော်ခဲ့

www.burmeseclassic.com



ရွှေရောင်တော်စေတီအနီးမှ စေတီနှစ်ဆူ




ဗိဿနိုးမြို့ဟောင်း မှတ်တိုင်



ဗိဿနိုးနိုင်ငံအတွက် စစ်ရေးအချက်အချာကျသော ရန်ပယ်ချောင်း

ပါသည်။ ရွှေရောင်တော်စေတီတော်နှင့် ဘိုးဘိုးအောင်ကောင်းမှု စေတီတော်မှာ လှည်းလမ်းခြားပါသည်။

နောက် မုခ်ဝအဝင်မှ စေတီတော်များရှိရာသို့ သွားရောက်ဖူးမြော်ရာ ကုန်းပန်းပွင့်စေတီတော်နှင့် အောင်မေတ္တာစေတီတော်ဟု ကမ္ပည်းထိုးထားသည်ကို ဖူးတွေ့ခဲ့ရပါသည်။ ဝမ်းနည်းဖွယ်ရာကောင်းသည်မှာ စေတီတော် သမိုင်းစာအုပ်များ ရောင်းချသည်ကို မတွေ့ခဲ့ရခြင်းနှင့် စေတီနှင့်ပတ်သက်သမျှ သိလိုသည်များကို မေးခွင့်မရခဲ့ခြင်းများပင်ဖြစ်သည်။

ထိုသောအခါ ရွှေရောင်တော်စေတီ၊ ဗိဿနိုးမြို့ဟောင်းနှင့် ပန်ထွာဘုရင်မတို့၏ နှစ်ပေါင်း ၂၀၀၀ နှစ်ထောင်ကျော်က အတိတ်သမိုင်းတို့သည် စာရေးသူ လေ့လာဖတ်ရှုခဲ့ဖူးသော စာအုပ် စာပေများမှတစ်ဆင့် စာရေးသူ၏ ဝိညာဏက္ခန္ဓာမှတစ်ဆင့် မှတ်သားတတ်သော စေတသိက်တို့သည် အတိတ်ကာလမှသည် ပစ္စုပ္ပန်ကာလ အရောက်တွန်းပို့ဘိသကဲ့သို့ ခံစားလာရသည်။

ဗိဿနိုးမြို့တော် ပန်ထွာဘုရင်မ၊ အတုလစည်တော်ကြီးနှင့် ရန်ပယ်ချောင်းနောက် အင်အားကြီးနိုင်ငံတစ်ခုဖြစ်သော သရေခေတ္တရာ နောက်ဒွတ္တဘောင်ဘုရင်နှင့် ကောက်ကျစ်စဉ်းလဲသော ရဟန်းဖြူ၊ ရဟန်းညို နောက် ဗိဿနိုး၏ နိုးကြားတက်ကြွသော ရဲမက်များစသည့် ဇာတ်ကောင်များသည် စာရေးသူ၏ရင်တွင်းသို့ စီးဝင်ပူးကပ်လာလေတော့သည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာတော်နှစ် ၅၉ ခုနှစ်တွင် သင်းကွဲပြည်ကြီး၏ ဘုရင်သတိုးမင်း မဟာရာဇာ၏ မိဖုရားခေါင်ကြီးသည် မဟာသမ္ဘဝနှင့် စူဠသမ္ဘဝဟူသော (ဇစ္စန္ဓ) မျက်မမြင်ညီနောင်ကို ဖွားမြင်လေသည်။ မင်းကြီး အရှက်တော်ရသဖြင့် သားတော်နှစ်ဦးအားသူ့ကံအတိုင်းရှိစေဟု သဘောပိုက်ကာ စားလွယ်ရိက္ခာ အစုံအလင် ဖြုလုပ်စေ၍ ဖောင်နှင့်မျှောခဲ့သည်တွင် စစ်ကိုင်းအရပ်သို့ ရောက်လေ၏။ ထိုအရပ်တွင် (ရွှေဂုံတိုင်) အမည်ရှိ ဘီလူးမသည် ညီနောင်နှစ်ပါး၏ စားမြိန်စားပွဲကို ခိုးယူစားသောက်စဉ် မင်းသား၏လက်ကို ကိုင်စွဲမိသည်နှင့် သာယာသောစိတ် ဖြစ်ပေါ်ခဲ့လေ၏။ ထိုသာယာသောစိတ်ကြောင့် သူ့ဝမ်း၌ ပဋိသန္ဓေကည်လေတော့သည်။

ပဋိသန္ဓေတည်ခြင်း အကြောင်းရှစ်ပါး ရှိသည့်အနက် ဆံထုံးကိုင်ခြင်း၊ လက်ကိုင်ခြင်း (အင်္ဂပစ္စင်္ဂ) ပဋိသန္ဓေသည် ဘီလူးမ၌ ကပ်ငြိလေ၏။ ဘီလူးမသည် ကိုယ်ဝန်ဆောင်ရင်း မင်းသားနှစ်ပါး စက္ခုအိန္ဒြေပုံသေအောင် ပြန်လည်ကုသပေးပြီးနောက် ဖြစ်စဉ်အတိုင်း ဖောင်ဖြင့် ထွက်လာခဲ့ရာ ယခုအခါ တောင်တွင်းကြီးမြို့နှင့် ငါးတိုင်ခန့်အကွာ တစ်ခုသောတောအရပ်အရောက်တွင် ကမ္ဘဇလေလှူပ်၍ သမီးရတနာတစ်ပါး မွေးဖွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအရပ်တွင် ရသေ့ငယ်တစ်ပါးသည်လည်း ကမ္မဋ္ဌာန်း ကျောင်းငယ်ဆောက်လုပ်၍ တရားကျင့်လျှက်ရှိသည်။ တစ်နေ့ ဆွမ်းကိစ္စအလို့ငှာ ထွက်လာစဉ် ဘီလူးမသွားဖွားခိုက်နှင့် ကြုံတွေ့ပြီး အခြားသူတို့၏ ကလေးငယ်ကို စားအံ့သောဌာလို့ငှာ ခိုးယူလာသည်ဟု ထင်မှတ်၍ ဂါထာမန္တန် ယန္တရား အတတ်တို့ဖြင့် ခြောက်လှန့်လိုက်ရာ ဘီလူးမသည် ကြောက်လန့်၍ သမီးငယ်အားထားခဲ့ပြီး ထွက်ပြေးသွားခဲ့ရလေသည်။ ရသေ့ငယ်လည်း ကလေးငယ်အား ကောက်ယူလာခဲ့ပြီး ဤသို့ အကြံဖြစ်၏။

"ဧရာဝတီမြစ်အနီး၊ ကြက်သင်းတောအရပ်တွင်နေထိုင်သော ငါမိတ်ဆွေရသေ့လဲ သမင်မမွေး၍ဖြစ်လာသော ကလေးအား အမိဋ္ဌာန်ပြုပြီးသော် လက်ညှိုးမှ နို့ရည်ထွက်စေ၍ တိုက်ကျွေးပြုစုပြီး (ဗေဒါရီ)ဟူသောအမည်ဖြင့် ကြီးပြင်းခဲ့ရကြောင်း ကြားသိခဲ့ရသည်။ ငါသည်လဲ ထို့အတူ ဤသို့ပြုအံ့ဟု ရည်မှတ်ပြီး ထွက်လာသောနို့ဖြင့် တိုက်ကျွေးခဲ့လေသည်။

ထိုကလေး အရွယ်ရောက်လာသောအခါ မာတုဂါမဖြင့် အတူမနေအပ်ဟု ယူဆ၍ မီးမဖုတ်ရသေးသော မြေအိုးပေါ်ဖြင့် ရေခပ်ခိုင်းလေသည်။ ရေထိလျှင် အိုးများ ကွဲပြန်များသဖြင့် ကလေးမသည် "ဤတော၊ ဤတောင်တွင်စောင့်ရှောက်သောနတ်တို့ နှောင့်ယှက်ဖျက်ဆီး၍ ငါ့အိုးတို့ကွဲရသည်"ဟု ငိုကြွေးလေ၏။ သူ့ပါရမီဘုန်းကံကြောင့် နောင်ဘဝက မောင်နှမအရင်းဖြစ်သူ (ဗိဿနိုး) နတ်မင်းကြီးသိလေလျှင် သိကြားမင်းထံသွား၍ အဖြစ်အပျက်အစုံအား တင်ပြလျှောက်ထားလေသည်။

သိကြားမင်းက ဤမိန်းမငယ်သည် ကဿပမြတ်စွာဘုရားရှင် လက်ထက်အခါက လကျ်ာတော်ရံအဂ္ဂသာဝကအား အိုက်စပ်ပူလောင်သော နွေအခါ၌ ပေရွက်တို့ကို လှူဒါန်းခဲ့သော အကျိုးအဆက်တို့ကြောင့် သူဖြစ်ရာ ဗိဿနိုးမြို့ပတ်လည်အရပ်တို့၌ ပေပင်တိုပသည် မစိုက်ပျိုးရဘဲနှင့် အလိုလိုပေါက်ရ၏။ ထို့နောက် ကနက်ထီးနန်းနှင့် မင်းခမ်းကျင်းပ၍ ကကိကိ ခံစားရလေ၏။ ယခုအကျိုးပေးချိန်တန်ပြီဖြစ်၍ ထိုမိန်းမငယ်အတွက် မဖုတ်အိုးများအား တောင်ပံ့ပမာ အိုးတစ်သိန်း ဖန်ဆင်းပေးထားစေ၏။ ထိုအရပ်ဒေသအားလည်း စတုရန်းအားဖြင့် တာ ၄၀၀၀ အကျယ်အဝန်းရှိသောမြို့ကို ဖန်ဆင်းပေးလေ၏။

ထိုမြို့အတွင်းတွင် မြို့ဦးစေတီတော်တစ်ဆူလည်း ဘည်ထားကိုးကွယ်ရန် တည်ထားပေးလေ၏။ အဇာတသတ်မင်းလက်ထက် သိုဝှက်ထားခဲ့သော ယန္တရားများ တပ်ဆင်ထားသည့် ဌာပနာအတွင်းမှ ဓာတ်တော်များကို ယူဆောင်ပေး၏။ ဘုရားအလောင်းတော် ကြက်မင်းဘဝက နေထိုင်ကျက်စားလေ့ရှိသောအရပ်တွင် သံတောင် ၅၀ ခန့် အတိုင်း



ဘိုးပေါက်ဆိပ်ရုပ်တုတော်




ပန်ထွာဘုရင်မ ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



ဗိဿနိုးစံသည်တော်ရုပ်တုနှင့် စာရေးသူ



ရန်ပယ်ချောင်းနှင့် ဆရာကောင်းမြတ်

အရှည်ရှိသော စေတီတော်ကို ဗိဿနိုးနတ်မင်းညွှန်ပြသော အတိုင်း စေတီတည်ထားကိုးကွယ်လေလျှင် ရောင်တော် ခြောက်ပါး တောက်ပကွန့်မြူးသဖြင့် ၎င်းစေတီအား ရွှေရောင်တော်စေတီဟု ကျောက်စာကမ္ပည်းထိုးစေပြီး ထိုဒေသကို ပန်ထွာမင်းသမီးဆုတောင်းသဖြင့် ပန်ထွာပြည်ဟုလည်းကောင်း၊ ဗိဿနိုးနတ်မင်းကြီး ဖန်ဆင်းပေးထားသဖြင့် ထိုမြို့ကို ဗိဿနိုးမြို့ဟုလည်းကောင်း သမုတ်လေသည်။

ထိုမှတစ်ပါး မဟာအတုလစည်တော်ကြီးတီးလျှင် ရန်သူအပေါင်း ဝင်ရောက်နှောင့်ယှက်ခြင်း မပြုနိုင်စေရန် ချောင်းရေကြီးစွာ စီးဆင်းစေတတ်သော မဟာအတုလစည်တော်ကြီး (သိကြားမင်းပေးသောစည်)နှင့် ထိုရေကျသောချောင်းကိုလည်း ရန်ပယ်ချောင်းဟူ၍လည်းကောင်း ခေါ်တွင်စေခဲ့သည်။ ဗိဿနိုးမြို့တော်၏ အနောက်ဘက်တွင် မင်းသမီးငယ်ပျော်ပါးစေရန် (အင်း)တစ်ခုလည်း ဖန်ဆင်းပေးလေသည်။ ထိုအင်းသို့သွားရန်လည်း ဖောင်တော်တစ်စင်းကိုလည်းကောင်း အင်းသို့သွားရန် မြောင်းတူပေါက်တစ်ခု ဖောက်လုပ်ပေး၍ (ဖောင်တော်ပေါက်)ဟု တွင်စေသည်။ ထို့အပြင် မင်းသမီး၏ မိခင်ဖြစ်သူ ဘီလူးမ လာရောက်နေထိုင်ရန်အတွက် အင်း၏ထောင့်တွင် ဂူတစ်ခုလည်း တည်ထားပေး၏။

ထိုဂူအား နောင်အခါတွင် (ဂူအင်းတော်)ဟု တွင်လေသည်။ မင်းသမီးလည်း ဗိဿနိုးနတ်မင်းကြီး၏ ကျေးဇူးကိုသိ၍ မြို့အရှေ့တောင်ဘက်အရပ်တွင် အင်ကြင်းဥယျာဉ်တော်တစ်ခု ပြုလုပ်ကိုးကွယ်ထားလေသည်။ နောင်အခါ (အင်ကြင်းကုန်း)ဟု တွင်လေသည်။ မင်းသမီးသည် အရွယ်လည်းရောက်ပြီး ဘုန်းတန်ခိုးလည်း ပြည့်စုံသည်။ သတ္တိအရာတွင်လည်း ရဲရင့်သည်။ အလှတရားတို့သည်လည်း ပြိုင်ဘက်ကင်းလောက်အောင် လှပသည်။

တစ်နေ့တွင် မမျှော်လင့်ဘဲ သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းထံမှ အခွန်တော်ဆက်သရန် ဆင့်ဆိုခြင်းခံရသည်။ မာန်မာနတက်ကြွနေသော မိဖုရား ပန်ထွာသခင်မသည် စစ်ရေးဗျူဟာ ထက်မြက်လှသော ဒွတ္တဘောင်မင်း၏ ထက်မြက်လှသော စစ်ရေးဗျူဟာကြောင့် အတုလစည်တော်ကြီးလည်း ဖျက်ဆီးခြင်းခံရ၊ ရန်ပယ်ချောင်းမှရေတို့သည်လည်း ရန်သူကို မတားဆီးနိုင်၊ သာသနာရေးကိုအကြောင်းပြု၍ အလိမ်အညာတို့ဖြင့် ထိုးနှက်လာသော ရဟန်းဖြူ ရဟန်းညိုတို့၏ ပရိယာယ်အောက်တွင် သရေခေတ္တရာပြည့်ရှင် ဘုရင်ဒွတ္တဘောင်မင်းအား အရှုံးပေးလိုက်ရပြီးနောက် ဗိဿနိုးမြို့တော်ကြီးလည်း မြေလျိုးကွယ်ပျောက်ကာ မြေပြင်အောက် ရောက်ခဲ့ရသည်ဟု. . .

သမိုင်းလား၊ ရာဇဝင်လား၊ ပုံပြင်လား ခွဲခြားမရသော ဖြစ်စဉ်တို့က စာရေးသူရင်သို့ ဝင်ရောက်လာသည်။ ရာဇဝင်ဟူသည် ရာဇပုံထက် မင်းဆက်မင်းစဉ် အကြောင်းအရာများ



www.burmeseclassic.com

www.burmeseclassic.com

တို ခေါ်သည်။ ရာဇဝင်ဟူသောစကားကို "မင်စည်ညွန့် ညှောက်၊ မင်းရိုးပေါက်လည်း၊ လှဲဖောက်မထင်၊ ရာဇဝင်ဖြင့် (ဘုံခန်းပျို့)ဟူသော စကားအတိုင်း အနွယ်အဆက် အမျိုးအရိုးမပျက် အင်အားကောင်းသော အုပ်ချုပ်ရေးအာဏာဖြင့် အုပ်စိုးလာသော မင်းစဉ်မင်းဆက်ဟု အနက်ပေးလိုသည် အင်္ဂလိပ်ဘာသာ၌ (Dymasty) ဟူသည်နှင့် သဘောအတူတူပင်ဖြစ်သည်။ ဝံသဟူသော ပါဠိဘာသာသည် အမျိုးအနွယ် အဆက်ဟူသော အနက်ကိုပြသည်။

သို့သော် မင်းဆက်တစ်ခုပြီးတစ်ခု ဆက်ကာသွားသော မျိုးခြားနွယ်ခြားမင်းများ အကြောင်းကိုလည်း ရာဇဝင်ဟုခေါ်ဆိုနိုင်သည်။ အင်္ဂလိပ်ဘာသာ၌ (Chromicle of Kings) ဟူသည်နှင့် သဘောသွားအတူတူပင်ဖြစ်သည်။ မြန်မာဘာသာ၌ ယနေ့ရာဇဝင်အခေါ်သည် ပါဠိကာသာ "ရာဇဝံသ"မှ ဗျုပ္ပတ္တိနည်းအရ ထွက်ပေါ်လာသော "အနွယ်တူမင်းဆက်"ဟူသော အနက်မျှလောက်သာ မဟုတ်တော့ဘဲ ဘာသာဗေဒနည်းအရ အနက်ချဲ့ (Expamsiom of meaning) သဘောအားဖြင့် သမိုင်း (History) ဟူသော အနက်နားသို့တိုင်အောင် ရောက်လာခဲ့လေပြီ။

သမိုင်းဟူသောစကား၏ မူရင်းကား [သမ္မိတိ - သမ္မုတိ - ယင်းမှ သမိုတ်သမိုက် မှတစ်ဆင့် သမိုင်းဖြစ်လာကြောင်း လေ့လာခဲ့ဖူးသည်။ သမ္မုတိဟူသည်ကို သတိရသော အကြောင်းအရာများဟု အနက်ပေးရပေမည်။ သမ္မုတိကို 'ခမ္မသတ်' အနက်ပေးသည်ကား ထင်ရှားပြီး မြင်ဖူးကြားဖူးပြီးသားပင်ဖြစ်စေ (သို့မဟုတ်) မမြင်ဖူး မကြားသေးသော အရာပင်ဖြစ်စေ. . . စာပြုသူ မှတ်မိသမျှ၊ သိသမျှ ရေးသားထားသော အကြောင်းအရာများကို "သမိုင်း"ဟု ခေါ်သင့်သည်။ အင်္ဂလိပ်ဘာသာ၌ (History) နှင့် သဘောသွားတူသည်။ ပါဠိသက္ကတကာသာများ၌ ဣတိဟာသဟုခေါ်သည်။]ဟု စာရေးသူ လေ့လာဖတ်ရှုခဲ့ဖူးသည်။

ယင်းသို့ဆိုလျှင် စာရေးသူ ယခုရောက်ရှိနေသော ဗိဿနိုး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေသည် ရာဇဝင်မဟုတ်၊ ပုံပြင်မဟုတ်သော သမိုင်းတစ်ခုဖြစ်ကြောင်း အခိုင်အမာ ပြောရပေတော့မည်။ သမိုင်းဟု တိကျစွာ လက်ခံပါက သမိုင်းကို တူးဖော်ရလိမ့်မည်။ ဖော်ထုတ်ပြရပေမည်။

သမိုင်းဆိုသည်မှာ ဖျောက်ဖျက်ရမည့် အကြောင်းအရာမဟုတ်၊ ထိုသမိုင်းမှ ရရှိခဲ့သော သမိုင်းအမွေနှစ်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ဝံသာနုရက္ခိတစိတ်ပင် ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံအတွင်းရှိ ဟန်လင်း၊ သရေခေတ္တရာနှင့် ဗိဿနိုးမြို့ဟောင်းများအား ကမ္ဘာ့ယူနက်စကိုအဖွဲ့၏ စစ်ဆေးချက်များ ခံယူပြီးနောက် ရှေးဟောင်းသမိုင်းဝင်မြို့များအဖြစ် ကမ္ဘာက အသိအမှတ်ပြုခြင်းခံရသော မြို့များအဖြစ် ရပ်တည်လာနိုင်ပြီဖြစ်သည်။ ရပ်တည်နိုင်လောက်အောင်ပင် အဝိုင်းဘေးနှုတ်ခမ်းပတ်လည်တွင် ဗိန္ဓုပြောက်များ ဝန်းရံနေသော ပျူဒင်္ဂါးများ (တစ်ဘက်တွင် သီရိဝစ္ဆပုံ အမြဲပါပြီး ကျန်တစ်ဖက်တွင် တက်နေဝန်းပုံ ဘဒ္ဒပီဌပုံပါသော ပျူပုတီးများ (တိရစ္ဆာန်ပုံများပါသည်)ကိုလည်း တွေ့မြင်ခဲ့ရသည်။

ဗိဿနိုးမြို့ဟောင်းတွင် စိုက်ပျိုးမွေးမြူရေး အခြေပြုလုပ်ငန်းများ ပြုလုပ်ခဲ့ကြောင်း ရှေးဟောင်းပစ္စည်းများကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။ နောက် ဗုဒ္ဓအခြေပြုကုန်းအမှတ် ၁၄ တွေ့ရှိချက်တွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ AD တစ်ရာစုမှ ငါးရာစုအတွင်း အိန္ဒိယလက်ရာနှင့် သဏ္ဌာန်တူသောလက်ရာများ စာပေနှင့်ပတ်သက်၍လည်း သံယသီရိ (ကုက္ကိုခွအမှတ်) တူးဖော်တွေ့ရှိချက်တွင် စာပါသော မြေတံဆိပ်များကို အစနှင့်အဆုံးကြား စကြာပုံပါသည့် သံယာတော်တစ်ပါးဘွဲ့တော်စာတမ်းကိုလည်း တွေ့မြင်ခဲ့ရသည်။

လွန်ခဲ့သော ၁၄ သန်းခန့်မှ တစ်သန်းခန့်အတွင်း အသက်ရှင်လျက်သား လူသားကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း တွေ့ရှိခဲ့ရသည်။ ကျောက်ခေတ်ဦး အညာသားယဉ်ကျေးမှု ကျောက်ရုပ်ကြွင်းများကိုလည်း ပုပ္ပါးတောင်ဘက် လွင်ပြင်ဘက်ခြမ်း၊ ယင်းလွင်ပြင်အထက်ပိုင်းတွင် ဟိုလိုဆင်းကာလ BC (1000-5000) အတွင်း နေထိုင်မှုများရှိခဲ့ကြောင်း



ဗိဿနိုးပြတိုက်မှ ရှေးဟောင်းရုပ်ကြွင်းရုပ်တု





www.burmeseclassic.com

www.burmeseclassic.com

လည်း သိရှိခဲ့ရသည်။ ရှေးဟောင်းသမိုင်းအထောက်အထား များကား ခိုင်မာလှပေသည်။

နောက် စာရေးသူတို့အဖွဲ့သည် ရွှေရောင်တော်စေတီအား ဖူးမြော်ပြီး ပန်ထွာဘုရင်မ၏ နန်းတော်ဟောင်းနေရာသို့ သွားရောက်လေ့လာကြသည်။

ဒီကားစေတီ၊ ဒီဆီရွှေနန်း ရော်ရည်တမ်း၍ဟူသော စာသားလေးက ပြေးဝင်လာသည်။ သမင်မပန်ထွာ၊ ဗိဿနိုးမြို့ကြီးနဲ့ ပြည်သူပြည်သားတွေကို ဒီနေရာက စိမ်အုပ်ချုပ်ခဲ့တာပါလား။

ဘာသာရေးကို ရှိသေကိုင်းရှိုင်းသည့် ဘုရင်မတစ်ပါး စိုးစံခဲ့သည့်နေရာ၊ အခုတော့လည်း အုတ်ပုံ၊ အုတ်ကွက်တွေအဖြစ်သာ တွေ့မြင်ရသည်။ ဗုဒ္ဓ၏လောကတွင် ဘာမှမမြဲသော တရားသာမြဲသည် ဟူသော တရားတွေကလည်း ရင်ထဲကို အပြေးအလွှားဝင် ရောက်လာသည်။

အာဏာ၊ ထီးနန်း၊ စည်းစိမ်းဥစ္စာ၊ ခြွေရံသင်းပင်းတို့သည်လည်း အချိန်တန်လျှင် စွန့်လွှတ်ထားပစ်ရမည့် ပစ္စည်းများပါတကား. . . အတွေးတို့နှင့်အတူ ဗိဿနိုးမိဖုရား ပန်ထွာအရှင်မ ဒီနန်းတော်အတွင်းမှာ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ စံစားနေပုံများ၊ ကျူးကျော်လာသော သရေခေတ္တရာ စစ်သည်များအား ရဲဝံ့စွာ တွန်းလှန်တိုက်ခိုက်ခဲ့ပုံများ၊ စစ်ရှုံး၍ နှုံးခွေနွမ်းလျ ကြေကွဲနေမည့် ပန်ထွာဘုရင်မ၏ ပုံရိပ်များကို တစ်စစီ ဆိုက်ကောက်ယူရင်း ပုံကြမ်းဖော်ကာ ကောက်ကြောင်းရေးဆွဲနေမိသည်။

"ကဲ. . . ရာသီဥတုလေးကောင်းတုန်း နောက်ကြောင်းပြန်လှည့်ကြရအောင် ဆရာကောင်း"

အထက်မင်းလှမှ ဆရာစျာန်ရဲ့ သတိပေးမှုကြောင့် အတွေးစတို့ကို လက်စသိမ်းပြီး အတွေးတချို့ကို နှလုံးသားထဲတွင် သိုဝှက်ထားလိုက်ရသည်။ နောက် အသီးသီး ဆိုင်ကယ်များပေါ် တက်လိုက်ကြသည်။ နောက် သာသနိက အဆောက်အဦဟောင်းနေရာသို့ ဝင်ရောက်လေ့လာခဲ့ပြီး အဝင်လမ်းအတိုင်း ပြန်၍ ထွက်ခဲ့ကြသည်။

ပြူပြင်တည်ဆောက်ဆဲ ကာလဆိုတော့လည်း လမ်းတွေက မကောင်းသေး။ ဘယ်နေရာကြည့်ကြည့် အုတ်ရိုးအဟောင်းတွေက နေရာယူထားသော ဗိဿနိုး၊ တို့ဘိုးဘွားဘီဘင်တွေ ရှေးယခင်က နေထိုင်လာခဲ့သောနေရာ မြန်မာနိုင်ငံသမိုင်းစာမျက်နှာထက်တွင် အထင်ရှားဆုံး အမျိုးသမီးဘုရင်တစ်ပါး စိုးစံခဲ့သော ဗိဿနိုးမြို့ဟောင်းတွင် စာရေးသူ၏နှလုံးသွင်းမှ အမည်ဖော်ပြနိုင်စွမ်းမရှိသော ဝေဒနာတစ်ရပ်ကို ထုပ်ပိုးဆဲ အုတ်ရိုးကြားထဲတွင် မြှုပ်နှံထားခဲ့သည်ကို ခရီးဖော်တစ်သိုက် သိလိုက်အံ့မထင်။

အပြန်ခရီးတွင် ဗိဿနိုးမိဖုရား ပန်ထွာအရှင်မအတွက် ရင်ထဲက ကဗျာတစ်ပုဒ်ရေးဖြစ်ခဲ့ကြောင်း ဒီတစ်ခေါက် အညာအထက်မင်းလှမှ မလွန်မြို့ဟောင်းသို့ရောက်လျှင် ရှေးခေါ်ရေးဖက် မိတ်ဆွေများကို ရွှတ်ပြရပေဦးတော့မည်။

ပန်ထွာဝမ်းမြောက်ပါလေကော
လဝန်းပြည့်ဖြိုး
လေနုပျိုးစ ကုက္ကိုခွရွှာ
တစ်ညတာ၌ ညင်သာရှိုက်ငင်
ချိုတေးရှင်ကင်၏ လွမ်းချင်ဖွယ်ရာ
စကားထာကို နာလိုအံ့သေး
တိမ်တစ်ပြေးခိုက်
စည်တော်ယွန်းသံ၊ ရိုက်မောင်းညံလျက်
ရေလျှံကြမ်းကြုတ်၊ လှိုင်းပုတ်မာန်စောင်း
ရန်ပယ်ချောင်းနှင့် နိုင်ငံတော်
ကမ်းယံသက်ပျူ စိတ်လှဖြူသည့်
ပြည်သူတစ်စု ဆောက်တည်မှုဖြင့်
နှိုင်းတုကင်းရာ မြည်သံသာသည့်
မဟာအတုလ၊ စည်အလှနှင့် နိုင်ငံတော်
ခွင်းသောမြားမိုး၊ ဗိဿနိုးကို
လွှမ်းမိုးလုပ၊ သျှိဝမြို့စား
စစ်သည်များနှင့် နိုင်ငံတော်
ကြြော်. . .
ကျူးကျော်စစ်ကို ဆင်နွှဲလို၍
ကြည်ညိုရဟန်း မြတ်သက်န်းနှင့်
စစ်စွမ်းရောယှက်၊ ဗျူဟာထက်စွာ
ခေတ္တရာသား၊ မာယာများကြောင့်
သျှိဝမြို့စား၊ စစ်သည်များ၏
သွေးကားနီစွေး၊ ရေဝေးသည့်ချောင်း
စည်ဟောင်းလောင်းဖြစ်၊ ရေတိမ်နစ်ရာ
ရှင်ပန်ထွာ၏ မဟာဗိဿနိုး
အုတ်မြို့ရိုးလည်း မြေလျှိုးကွယ်ပျောက်ခဲ့ရချေပြီတည့်
ရာစုများစွာ၊ ဖြတ်သန်းလာသည့်
ပြည်မြန်မာတွင်၊ သန့်စင်သာသနာ
ကျမ်းအလာနှင့်၊ ညီစွာပြုမူ
အစုစုကို၊ ယခုမြင်ရ
မြန်ပြည်အလှကို သခင်မပန်ထွာ
ရင်မှာ ဝမ်းမြောက်ပါလေတော့. . .။

**<u>စာကိုး</u>**

- မှန်နန်းရာဇဝင်တော်ကြီး။
- တောင်တွင်းကြီးသမိုင်း။
- စာရေးသူသွားရောက်လေ့လာမှုမှတ်တမ်း။


**ကောင်းမြတ်(ခရာတော)**

❑



www.burmeseclassic.com

www.burmeseclassic.com



ရူဌာမုနိ လောကချမ်းသာ စေတီတော်မြတ်ကြီး




www.burmeseclassic.com

www.burmeseclassic.com



စူဠာမုနိ လောကချမ်းသာမှ ကြေးသွန်းရုပ်တော်မူ ဗုဒ္ဓလေးဆူ



www.burmeseclassic.com

www.burmeseclassic.com



## ချယ်ရီမြို့ကျက်သရေဆောင်

# ရွှေဘုံနီ လောကချမ်းသာ စေတီတော်

တက္ကသိုလ်တင်ဟန်ကျော်

ဘုရားဂူ (ဟတ္ထိပါလ ဓမ္မစက္က သာသနာ့ရောင်ခြည် လိုဏ်ဂူတော်) မှာ မြတ်ဗုဒ္ဓရှင်တော်မြတ်ရဲ့ မဟာကရုဏာတော်၊ တန်ခိုးတော်အနန္တ ရင်ငွေ့တော်မြတ်ကို အားပါးတရ ခိုလှုံ ကြည်ညိုပြီးတဲ့အခါ တောင်ကြီးမြို့ဆီ ပြန်တက်ကြပါတော့မယ်။ နာရီကိုကြည့်လိုက်တော့ နံနက် ၉ နာရီသာသာ ရှိပါသေးတယ်။

တောတောင်လျှိုမြောင် သစ်ကြီးဝါးကြီးတွေကြားကနေ လင်းဖြာကျလာတဲ့ လင်းလင်းကျင်းကျင်း နေရောင်ခြည်ဟာ ခပ်ငွေ့ငွေ့လေး နွေးနေပါတယ်။ 'နေခြည်ဖြာမှ နွေးသော်ကြောင့်'ဆိုတဲ့ လက်ဝဲသုန္ဒရအမတ်ကြီးရဲ့ ကဗျာလှုလှုလေးကိုတောင် ပြေးသတိရမိတယ်။

ဒီလို သတိရမိတာနဲ့အတူ အခုလိုလည်း အတွေးနယ်ကျယ်မိရပါတယ်။ ဆိုပါတော့ မြန်မာနိုင်ငံတော်ကြီးကို စွယ်စုံကျမ်းစာအုပ်ကြီးနဲ့ ဥပမာတင်စား စကားပမာ ထားကြပါစို့။ စွယ်စုံကျမ်းဆိုတာက ဗဟုသုတ အဆီအနှစ်တွကို စုစည်းထားတဲ့ အဖိုးတန်စာအုပ်ကြီးတွေပါ။ အဲဒီစာအုပ်ကြီးတွေဟာ ပညာဗဟုသုတ အမှန်တကယ် လိုက်စားတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေရဲ့ လက်ထဲမှာ ရတနာပဲ။ ခမ်းခမ်းနားနား တန်ဖိုးထားကြမှာပဲ။ အဲ. . ကံမကောင်းအကြောင်းမလှစွာ သူငယ်နှပ်စားလေးလက်ထဲ ရောက်သွားရင်တော့ ခဲတံတစ်ချောင်းနဲ့ ခြစ်လိုခြစ်၊ ဖျက်လိုဖျက်၊ ဖြဲလိုဖြဲ၊ ဆုတ်လိုဆုတ် ဒုက္ခလုံးလုံးရောက်ပြီး နောက်ဆုံး အမှိုက်ဘဝ ရောက်ရတော့တာပဲ။

ပမာထားယူ ထို့အတူ မြန်မာနိုင်ငံတော်ကြီးဟာလည်း အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့လို မင်းကောင်းမင်းမြတ်တွေ လက်ထက်မှာ ရာဇဝင်မော်ကွန်းထိုးလောက်တဲ့ သမိုင်းမှတ်တမ်းတွေကို ဝင့်ဝင့်ထည်ထည် ရေးထိုးနိုင်ခဲ့ပေမယ့် အချို့ အချို့ မင်းဆိုးမင်းညစ်တွေ လက်ထက်မှာ ငါးပါးတင်မက သံယာစင်ပါ မှောက်ခဲ့ရတယ်။ ဒါဟာ အမနာပ ကောလာဟလ စကားမျိုး မဟုတ်ဘဲ လယ်ပြင်မှာ ဆင်သွားသလို အထင်အရှားဖြစ်ရပ်တွေ ဖြစ်တာမို့ မျက်ထားတော်ညို အလိုမကျစရာလည်း မဟုတ်ပါဘူး။ သမိုင်းဆိုတာ ညာလို့မှ မရဘဲလေ။

ထားပါတော့။ ဒီလို ဘာကြောင့် အတွေးနယ်ကျယ်မိရတာလဲဆိုတော့ ဟိုပုံးကနေ တောင်ကြီးမြို့ဆီ ပြန်တက်လာရာ လမ်းတစ်လျှောက်မှာ သာယာတင့်ဆန်းနေတဲ့ ရှုမ်းတောင်တန်းအလှတွေကြောင့် ဖြစ်ပါတယ်။

တကယ်တော့ ဒီလမ်း ဒီခရီးတွေဟာ မကြာလှသေးတဲ့ အတိတ် တစ်ချိန်တုန်းက ဂုဏ်တော်ပွားရင်း၊ ဖော်းစိပ်ရင်း ပြုံးပျော်ကြည်နူးရင်း ဘုရားဖူးခရီး ထွက်နိုင်လောက်တဲ့ ခရီး



www.burmeseclassic.com

www.burmeseclassic.com




...လောကချမ်းသာစေတီ အတွင်းလိုဏ်ပတ်လမ်းနံရံမှ ရုပ်တုရုပ်ကြွများ

...မျိုး မဟုတ်ပါဘူး။ သွေးချင်းသားချင်း ညီအစ်ကို ...င်နှမတွေရဲ့ စကားသံဝဲဝဲလေးတွေကို အခုလို နှင်းမှုန်ဖွေး ...နဲ့အတူ ကြားရဖို့ အရေးဟာ မတွေးရဲစရာပါ။

ရှမ်းပြည်ရောက် ညွှေ့သည့်ရယ် မပြန်ပါနဲ့ကွယ်၊ ...င်း၊ ကယားသဇင် ပွင့်လေလျှင်၊ စောနှမ မိုးနှင်းဆီ၊ ...ရည်မခမ်းသော ခမ်း၊ စစ်မိုးရိပ်မှာ မခိုလေနှင့်ငြိမ်း၊ ...နွယ်ဥမှာ တန်ဆောင်လော၊ နှောင်းတမြေ့မြေ့၊ တိုင်း ...ည်တနုနု မုန်တိုင်းကထန်ထန်၊ တောင်ပြာတန်းနှင့် ...ပိုးအိတ်၊ သံလွင်ဦး၊ ပန်းချယ်ရီတို့ လန်းရာမြေ စတဲ့ ...စ်နဲ့စစ်ကို ပေါင်းစပ် ဖော်ကျူးထားတဲ့ ဝတ္ထုစာအုပ်တွေကို ...ကြည့်ရင် ခံစားနားလည်နိုင်ကြမှာ ဖြစ်ပါတယ်။ အဲဒီ ...အုပ်အမည်တွေဟာ ဆရာရောင်နီ၊ ဆရာ(တပ်ကြပ်ကြီး) ...င်ကို ဆရာမြတ်ထန်တို့ရဲ့ လက်ရာတွေ ဖြစ်ပါတယ်။ ...ခြားဆရာတွေလည်း များစွာ ရေးသားခဲ့ကြပါသေးတယ်။ ...အနေနဲ့ ရေးခဲ့ကြပေမယ့် အခုတော့ အဲဒီစာအုပ်တွေဟာ ...င်ဘာပေတွေ တစ်နည်းအားဖြင့် သမိုင်းပုံရိပ်တွေ ...နေခဲ့ပါပြီ။

နောက်တစ်နည်းပြောရရင် မိမိနိုင်ငံတော် အပေါ် ...ခဲ့တဲ့ စာရေးသူတို့ရဲ့ စေတနာရုပ်ကြွင်းတွေလို့လည်း ...နိုင်ပါလိမ့်မယ်။ ဆိုလိုချင်တာက အတိတ်ရဲ့ ခါးသီး



...ရင်ပြင်မှ လှမ်းမြင်ရသော တောင်စဉ်တောင်တန်းအလှ

နာကျင်မှုတွေကို သိရလေလေ ပစ္စုပ္ပန်ရဲ့ သာယာရွှင်လန်းမှု အရသာကို တန်ဖိုးထားလေလေ ဖြစ်ရပြီး အနာဂတ်ကိုလည်း နွေးထွေးတဲ့ နေခြည်လေးတွေသာ ဝေဖြာစေချင်လှပါတယ်။

'နေခြည်ဖြာမှ နွေးသော်ကြောင့်'ကနေ အတွေးနယ် ကျယ်သွားလိုက်တာ စည်ကားရှုန်းကြွနေတဲ့ မြို့ပြအငွေ့ အသက်တွေကို ရှူရှိုက်မိတော့မှပဲ ပစ္စုပ္ပန်ရင်ခွင်ထဲ ပြန်ဝင်မိ ရတယ်။

ရွှေလမ်းခရီး ဘုရားဖူးခရီးသည်ပို့ဆောင်ရေး မော် တော်ယာဉ်ကြီးဟာ ပန်းချယ်ရီတို့ လန်းရာမြေ တောင်ကြီးမြို့ ထဲကို သာသာယာယာ ဝင်ရောက်လာခဲ့ပါပြီ။

ပန်းတွေနဲ့ ဝေနေတဲ့ တောင်ကြီးမြို့ဟာ ကြည့်လေ လေတိုင်း ကြည့်လိုက်တိုင်းမှာ 'ခပ်သိမ်းကလျာ ရှုဖွယ်သာ တည်း' ဆိုသလို ရှုခင်းတွေက အလွန်လှနေတယ်။

အဲ . . . 'ခပ်သိမ်းကလျာ' ဆိုလို့ တစ်မျိုး အဓိပ္ပာယ် ဆွဲမတွေးလိုက်ပါနဲ့။ 'ခပ်သိမ်း'က ပြဿနာ သိပ်မရှိလှသော် လည်း 'ကလျာ' ကို ကိုယ်လိုရာ ကိုယ်ဆွဲပြီး၊ တစ်နည်း ကိုယ် သိထားတာနဲ့ တိုင်းတာပြီး လုပ်ချင်သလို လုပ်ချလိုက်မှာ စိုးရိမ်မိတယ်။

အလို . . . အသင့်စကား ကြီးကျယ်လှချေကလား ဆိုလာငြားအံ့၊ ကလျာကို အဓိပ္ပာယ်ကောက်ယူနေကြသည် မှာ ကြောက်ခမန်းလိလိ တိတိပပ လွဲနေကြပုံကို သက်သေ အရာ ထားရလိမ့်မယ်။ 'ကလျာ' လို့ ပြောလိုက်တာနဲ့ ဟို တစ်ဖက်မှာ ဒိုင်းခနဲ ဘာသာပြန်လိုက်တာက 'အမျိုးသမီး' ဖြစ်နေတတ်တယ်။ 'မိန်းမ'ဖြစ်နေတတ်တယ်။ ဖြစ်လောက် အောင်လည်း 'ကလျာ'ကို အမျိုးသမီးနဲ့ ပတ်သက် ဆက်နွှယ် နေတာတွေမှာ ဆေးဖက်ဝင်ပစ္စည်းပမာ အသုံးများကြပေတာ ကိုး။ ဆိုပါတော့ ကလျာမိမိမုန်း၊ သက်ထားကလျာ၊ ချော မမ လှကလျာ၊ ချောကလျာ ရွှေစင်သွေးဖြာ၊ မကလျာ၊ ဒေါ်ကလျာ စသည် စသည်။

ကလျာကို အဲဒီလို သုံးကြတာက ပွဲဆူအောင်လုပ်တဲ့ မမဲတူတို့ရဲ့ ရပ်ကွက်ထဲမှာတင် မဟုတ်သေး၊ မြန်မာအဘိဓာန် ဘုတ်အုတ်ကြီးထဲမှာ တည်တည်ခံ့ခံ့ကြီး ဖော်ပြထားတာက 'အမျိုးသမီးတို့၏ ကောင်းခြင်းလက္ခဏာ' တဲ့၊ 'ကောင်းခြင်းငါး ပါးနှင့် ပြည့်စုံသော အမျိုးသမီး' တဲ့။

အဲဒီတော့ 'ကလျာ'လို့ ပြောလိုက်တာနဲ့၊ ရေးလိုက် တာနဲ့ ဒိုင်းခနဲ၊ ဒက်ခနဲ၊ ချက်ခနဲ မိန်းမကိုပြောတာပဲ ဖြစ် ကုန်ကြသည်မှာ ဖြစ်လည်း ဖြစ်ချင်စရာ။ တကယ်တော့ 'ကလျာ' က 'ကလျာဏ' ဆိုတဲ့ ပါဠိ စကားလုံးကို မြန်မာ စကားလုံးအဖြစ် မွေးစားထားတာ။ ပါဠိဘာသာ ဆိုတာက လည်း အခြားဘာသာစကားတစ်ခုကို ပြောင်းလဲတဲ့နေရာမှာ အင်မတန် သိမ်မွေ့နက်နဲ ခက်ခဲလှပါဘိ။ ဒါကြောင့်လည်း 'မဇ္ဈိမပဋိပဒါ' နဲ့ပတ်သက်ပြီး သွက်သွက်ခါသွားတဲ့ သာဓက



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဉာဏမုနိလောကချမ်းသာစေတမှ တောထွက်တော်မူခန်းရုပ်ကြွ

တွေ ဖြစ်ခဲ့ရတယ်လေ။ မဇ္ဈိမပဋိပဒါနဲ့ပတ်သက်ပြီး တချို့က အလယ်အလတ်လမ်းစဉ်တဲ့၊ တချို့က အလယ်တည့်တည့် သွားတာတဲ့၊ တချို့က ဘက်မလိုက် ဝါဒတဲ့၊ တချို့ကတော့ အချောင်သမားဝါဒတဲ့ (ဒါကတော့ အနောက်တိုင်းကလာတဲ့ နိုင်ငံရေးဝါဒမှိုင်းတွေ ပူးကပ်နှောင့်ယှက်ပြီး စင်မြင့်ပေါ်မှာ အော်လို့ကောင်းအောင် ရောကြိတ်လိုက်တဲ့ တောရမ်းပယ်ဖွဲ့ ဘာသာပြန်ပါပဲ)။

ဆိုတော့ ဟိုနားမှာလည်း ကလျာ၊ ဒီနားမှာလည်း ကလျာ၊ ကလျာချင်တိုင်း ကလျာခံနေရတဲ့ ကလျာခများမှာလည်း မဇ္ဈိမပဋိပဒါလောက်နီးနီး အတင်းအဓမ္မ ဘာသာပြန်နေကြတာကို ရင်မောစရာ တွေ့မြင် ကြားသိနေရပါတယ်။ ဘယ်လောက်တောင်လဲဆို တချို့များ ပဲခူးက ကလျာဏီသိမ်ကိုတောင် အမျိုးသမီးတည်သွားလို့ ကလျာဏီသိမ်လို့ ခေါ်တာတဲ့။ အင်း- မိုးကြိုးတော့ ပစ်ကုန်တော့မှာပဲ။ သူ့ခများ ရှင်စောပုနဲ့ရောပြီး အဲဒီလို ရုတ်တမ်း ရမ်းဘုတ်လိုက်တာ ထင်ပါရဲ့။ ဒါမှမဟုတ် ခမ္မစေတီမင်းကြီးကို နာမည်တောင် မကြားဖူးဘူး ထင်ပါရဲ့။ (ဆိုးတာကတော့ အတော့်ကို ဆိုးပါတယ်။)


အဲဒီလို ဆိုးနေရတဲ့ကြားထဲ ကိုရင်ကလည်း တောင်နားမလည် မြောက်နားမလည်နဲ့ ခပ်သိမ်းကလျာလေး ဘာလေးနဲ့ ရောကြိတ်ပြန်ပြီလားလို့ အကြိမ်းခံရမှာစိုးလို့ အခုလို တောင်ကြီးမြို့ တစ်နေရာကနေ မက်ဆေ့ခ်ျ (Message) ပေးပြီး ဖြေရှင်းနေရတာ ဖြစ်ပါတယ်။

ဩော်- တကယ်တော့ 'ကလျာ' ဆိုတာက မောင်မြန်မာ၊ မယ်မြန်မာတွေအတွက် ဘိုးစဉ်ဘောင်ဆက် ဘွား လက်ထက်ကတည်းက အတည်အတံ့ ခံ့ခံ့ညားညား ခိုင်ခိုင် ကျည်ကျည် တည်ဆောက်ခဲ့ပြီးသားပေပဲ။

စာဆိုတော် အရှင်မြတ် ရှင်မဟာရဋ္ဌသာရက . . .
'ဝဏ္ဏပဘာ
ကလျာဖူးစသစ်
ပျိုမျစ်မျစ်လျှင်
ကျစ်လျစ်ကင့်စံပယ်
လှမျိုးကြွယ်သား
ဆံသွယ်မြရိပ်စို့
ဆင်းရောင်ပျို့ကို'
စာဆိုတော် ဘုရင်မင်းမြတ် နတ်ရှင်နောင်က . . .
'မြရည်ကြောစိမ်း
လှဲလှဲရှိမ်းသည်
ခပ်သိမ်းကလျာ
ရှုဖွယ်သာကည့်'

အဲဒီမှာ အရှင်မြတ် ကဗျာဝိဒူနဲ့ ဘုရင်မင်းမြတ် ရတု ဘုရင် နတ်ရှင်နောင်တို့ တမြတ်တနိုး သုံးစွဲခဲ့တဲ့ 'ကလျာ' ဆိုတာက မိန်းကလေးတစ်ဦးရဲ့ အလှကိုသာမဟုတ် ကောင်း မြတ်တဲ့သဘော၊ သီရိကျက်သရေရဲ့ သဘောကွေ ဝေဝေဆာ ဆာပါနေတယ်။ ဒီနေရာမှာ ပြောချုပြန်ပြီ။ ဆိုခဲ့ပါ 'ကလျာ' ဆိုတာ ပါဠိဘာသာ 'ပဉ္စကလျာဏီ' မှ လာတယ်။ ဆံပင်ရဲ့ ကောင်းခြင်း၊ အသားရဲ့ကောင်းခြင်း၊ အရိုးရဲ့ကောင်းခြင်း အရေရဲ့ကောင်းခြင်း၊ အရွယ်ရဲ့ကောင်းခြင်းဆိုတဲ့ ကောင်း ခြင်း ငါးဖြာကို ကလျာလို့ သုံးတာ ဖြစ်ပါတယ်။ ဒီတော့ 'ကလျာ' ဆိုတာ 'မ' သတ္တဝါကို ပြောတာမဟုတ်၊ 'ကောင်း ခြင်း' ကို ပြောတာ။

ကလျာဏမိတ္တကို ခင်ပွန်းကောင်းလို့ ဘာသာပြန်ကြ တယ်။ ဝိသုဒ္ဓိမဂ်ကျမ်းမြတ်မဟာမှာ အာဒိကလျာဏ- အစ ကောင်းခြင်း၊ မဇ္ဈေကလျာဏ- အလယ်ကောင်းခြင်း၊ ပရိ



ရှင်ဉာဏမုနိလောကချမ်းသာစေတီမှ မြတ်ဂုဒ္ဒြေတော်ရာ



www.burmeseclassic.com

www.burmeseclassic.com



စူဠာမုနိလောကချမ်းသာစေတီတော် ဂေါပကအဖွဲ့မှ ရှင်းလင်းပြောပြစဉ်

သာသာနကလျာဏ- အဆုံးကောင်းခြင်းလို့ ပြဆိုတော်မူတယ်။ ကလျာဏနဲ့ ဆက်သွယ် နွယ်ယှက်နေတဲ့ အဖော်အဖက် စကားတစ်လုံးရှိတယ်။ အဲဒီစကားလုံးက သီရိ၊ သီရိဆိုတာကလည်း ပါဠိပဲ။ မြန်မာလိုအဓိပ္ပာယ်က လှပတင့်တယ်ခြင်း ကလျာဏရှိရင် သီရိရှိတယ်။ ကောင်းခြင်းရှိရင် လှပတင့်တယ်ခြင်း ရှိတယ်။

ဘယ်လောက်၊ ဘယ်လို လှချင်ရက် စက်စက်ယိုပြီး သလုအောင် ထိုင်ငိုနေပါစေ ကလျာဏကင်းမဲ့ရင် အလှကင်းမဲ့တယ်။ သီရိယုတ်ရင် အလှယုတ်တယ်။ ကောင်းခြင်းပေါ်ဝင်တဲ့ အလှဟာ သီရိလည်း ကင်းဆိတ်နေပြီးသားမို့ အကျက်သရေယုတ်တယ်။ အလှ ဆိုတာကလည်း ရုပ်အလှ၊ နေအလှ၊ ရွာအလှ၊ မြို့အလှ၊ လူမျိုးအလှ၊ နိုင်ငံအလှ၊ ဘဝအလှတွေထိ ကျယ်ပြန့်နက်ရှိုင်းတယ်။

ဩော်- တောင်ကြီးမြို့ကို 'ခပ်သိမ်းကလျာ ရှုဖွယ်သာတည်း'လို့ ချီးကျူးတင်စားမိလိုက်တာ ရှင်မဟာရဋ္ဌသာရလည်း နေရနတ်ရှင်နောင်လည်း မထိုင်ရ၊ တော်တော် အလုပ်ရှုပ်သွားဘယ်။ ဒီလိုအလုပ်ရှုပ်မယ်မှန်း သိပေမယ့် ကိုယ့်ရင်ထဲမှာ မြဲတည်လာတဲ့ မြတ်နိုးမှုအပေါ်မှာတော့ ဥပေက္ခာပြု လျစ်လျူပြီး တာဝန်မမဲ့ချင်ဘူး၊ သစ္စာမဖောက်ချင်ဘူး၊ အပြောင်းအလဲနဲ့ ဗလောင်းဗလဲ မလုပ်ချင်ဘူး။

ဘာပဲပြောပြောပေါ့လေ၊ တောင်ကြီးမြို့ကို 'ခပ်သိမ်းကလျာ ရှုဖွယ်သာတည်း' လို့ တင်စားမိတဲ့အပေါ်မှာ ရှုပ်ရှုပ်ထွေးထွေး မဖြစ်တန်ကောင်းတော့ဘူး ထင်ပါရဲ့။

ပြောရမယ်ဆိုရင် တောင်ကြီးမြို့ဟာ ရင်ထဲက သည်းစိုင်ကို ကိုင်အလှူပ်နိုင်ဆုံး မြို့တစ်မြို့ပါပဲ။ ပန်းရောင်တွေ၊ နှင်းမှုန်တွေနဲ့ သစ်ပင်တောတောင် လျှိုမြောင်စိမ့်စမ်းတွေ လွှမ်းခြုံထားတဲ့ သဘာဝအလှတရားတွေရယ်၊ ရိုးသားဖြူစင်ပြီး အေးချမ်းပွင့်လင်းတဲ့ ဒေသခံတွေရဲ့ မနောအလှတွေနဲ့ ပေါင်းစပ်ရှင်သန်နေတာကို သိမြင်ခံစားရလို့ 'ရင်ထဲကမြို့'ရယ်လို့ တင်စားမိတာပဲ ဖြစ်မှာပါ။

မြို့တစ်မြို့၊ နိုင်ငံတစ်နိုင်ငံချင်းစီမှာ ကလျာနဲ့သီရိ၊ ကောင်းခြင်းနဲ့ လှပတင့်တယ်ခြင်း ပြည့်စုံခဲ့မယ်ဆိုရင် လူသားတို့ ရှင်သန်နေထိုင်ရာ ဗိကမ္ဘာကြီးဟာ သီရိကျက်သရေ ကောင်းမြတ်မှုတွေနဲ့ ပြည့်စုံကုံလုံပြီး လောကနိဗ္ဗာန် သုခဘုံကြီး ဧကန်စင်စစ် အမှန်ဖြစ်လာမှာပဲ ဖြစ်ပါတယ်။ ဖြစ်လာပါစေလို့လည်း ဆန္ဒအမွန် အခါခါပြုမိရပါတယ်။

အခုလို ကလျာရဲ့သဘော၊ သီရိရဲ့သဘောတွေကို သုံးသပ်ခံစားနေရင်းမှာပဲ ရွှေလမ်းခရီး ဘုရားဖူးပို့ဆောင်ရေး မင်္ဂလာယာဉ်တော်ကြီးဟာ လမ်းရဲ့ လက်ယာဘက်အခြမ်းကို ခပ်ပြေပြေ ကွေ့ချိုးသွားပြီး လမ်းမော့မော့လေးထက်ကို တက်ရောက်သွားနေတာ သတိပြုမိလိုက်တယ်။

ကားမှန်ပြတင်းကနေ အပြင်ဘက် ပတ်ဝန်းကျင်ကို ဂရုပြုပြီး အကဲခတ်လိုက်တဲ့အခါမှာတော့ သာသနာ့နယ်မြေ တစ်ခုရဲ့ ပရဝဏ်ထဲကို ချဉ်းကပ်ဝင်ရောက်နေတာကို သတိပြုမိလိုက်တယ်။ ဟုတ်ပါတယ်။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ကျက်သရေဆောင် 'စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီး'ရဲ့ ခြေတော်ရင်းကို ဝပ်စင်းဦးတိုက်နေတာပဲ ဖြစ်ပါတယ်။ ကျယ်ကျယ်ဝန်းဝန်း ရှင်းရှင်းသန့်သန့် ရှိလှတဲ့ ကားရပ်နားရာ နေရာမှာ ရွှေလမ်းခရီး ဘုရားဖူးပို့ဆောင်ရေး ယာဉ်တော်မင်္ဂလာကြီးဟာ ခံ့ခံ့ညားညားကြီး ရပ်တန့်လိုက်ပါပြီ။ တစ်ကားတည်းစီး တစ်ခရီးတည်း သာယာပျော်ရွှင်စွာ သွားလာခဲ့ကြတဲ့ ဓမ္မမိတ်ဆွေ ခရီးဖော်အပေါင်းတို့ဟာ စည်းကမ်းတကျ ကားပေါ်က ဆင်းသက်ခဲ့ကြပါပြီ။

ကုန်းမို့မို့ထက်မှာ တည်ထား စံပယ်နေတော်မူတဲ့ တောင်ကြီးမြို့ ကျက်သရေဆောင် 'စူဠာမုနိ လောကချမ်းသာ စေတီတော်မြတ်ကြီး'ကို ကြည်ကြည်နူးနူး ဖူးမြော်လိုက်ရတာနဲ့ တစ်ပြိုင်နက် နှလုံးအိမ်ထဲမှာ အမည်ဖော်ပြခြင်းငှာ မစွမ်းသာတဲ့ စွမ်းအားသတ္တိ အရှိန်အစော်တွေ ကိန်းဝင်လာသလို ခံစားလိုက်ရတာကတော့ ထူးခြားချက်တစ်ရပ်ပဲ ဖြစ်ပါတယ်။

စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း ဝင်ရောက်ဖူးမြော်လိုက်တဲ့ အခါမှာတော့ ကြည်ညိုဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွေ၊ အံ့မခန်း



စူဠာမုနိလောကချမ်းသာစေတီတော် ဂေါပကအဖွဲ့ရုံး

www.burmeseclassic.com

အနုပညာ လက်ရာတွေကို တစ်ခဲနက် ဖူးတွေ့ကြည်ညို မြင်တွေ့ရတဲ့အခါ တောင်ကြီးမြို့သူ၊ မြို့သားတွေအတွက် သာမက မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေအတွက်ရော ရင့်ကျက် ပြည့်ဝတဲ့ ကမ္ဘာသူ၊ ကမ္ဘာသားတွေအတွက်ပါ အားရ ကျေနပ် မိရပါတယ်။

တကယ်တော့ မြတ်ဗုဒ္ဓ ဘုရားရှင်ရဲ့ အဆုံးအမ ဩဝါဒတော်တွေကို ကြည်ညို သုံးသပ်ကြည့်လိုက်ရင် အလွန် တိကျပြီး အလွန် နက်နဲသိမ်မွေ့တဲ့ သဘောတရားတွေကို သိရှိ ကြည်ညိုရမှာ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ ဩဝါဒတော်တွေထဲမှာ လူသားအချင်းချင်း၊ ဘာသာဝင် အချင်းချင်း တစ်ဦးကိုတစ်ဦးက အပြန်အလှန် နွေးနွေးထွေး ထွေး လေးလေးစားစား ချစ်ခင်ပေါင်းသင်း ဆက်ဆံကြဖို့ သွန် သင်ဆုံးမချက်တွေဟာ နက်နက်ရှိုင်းရှိုင်း ပါဝင်နေတာကို တွေ့ရပါလိမ့်မယ်။ အဲဒီ ဆုံးမသွန်သင်ချက်ဟာ 'ရင့်ကျက် ပြည့်ဝ' တဲ့ လူသားတစ်ဦးဖြစ်စေလိုတဲ့ မြတ်ဗုဒ္ဓရဲ့ဆန္ဒတော်က ပေါ်ထွက်လာတဲ့ ဟောကြားချက်တွေပဲ ဖြစ်ပါတယ်။


ဆိုလိုတာက မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင် မဆို တစ်ဦးကိုတစ်ဦးက၊ တစ်ဘာသာကို တစ်ဘာသာက ချစ်ကြည်လေးစားစွာ ဆက်ဆံပေါင်းစည်းကြတာ 'ရင့်ကျက် ပြည့်ဝ' တဲ့ သူတော်ကောင်းစိတ်ဓာတ်တွေ ဖြစ်နေလို့ပါပဲ။

ဒါကြောင့် အဆင့်အတန်း အထက်တန်းကျပြီး တိကျ သိမ်မွေ့တာနဲ့အမျှ လူသားဘဝ ငြိမ်းချမ်းသာယာရေးအတွက် လမ်းညွှန်တည့်မတ်ပေးတော်မူတဲ့ မြတ်ဗုဒ္ဓသာသနာ (အဆုံး အမ) အရိပ်အာဝါသကြီးရဲ့ အကိုင်းအခက်တစ်ခု ဖြစ်တော် မူတဲ့ 'စူဠာမုနိ လောကချမ်းသာ စေတီတော်မြတ်ကြီး' ကို သပ္ပာယ်ကြည်ညိုဖွယ် ဖူးမြော်ရတဲ့အခါ မည်သည့် ရင့်ကျက် ပြည့်ဝတဲ့ လူသားကမဆို သာဓု အနုမောဒနာ ခေါ်ဆိုမှာ မလွဲပါဘူး။

တကယ်တော့လည်း 'စူဠာမုနိ လောကချမ်းသာ စေတီ တော်မြတ်ကြီး တည်ထားရခြင်းရဲ့ အဓိက ပဓာန ရည်ရွယ် ချက်ဟာ အဲဒီလို လူသားအားလုံးအတွက် ငြိမ်းချမ်းသာယာ



စူဠာမုနိလောကချမ်းသာစေတီမှ အပြုမပျက်ပေးဝေယ်



စူဠာမုနိလောကချမ်းသာစေတီမှ ပန်းချယ်ရိုက်တို့အလှ

ရေးကို ရှေးရှုနေတဲ့ မြတ်ဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့် ရှည် တည်တံ့စည်ပင်စေရေးအတွက် ဖြစ်ပါတယ်။ နောက်တစ် ချက်က ပြည်တွင်း၊ ပြည်ပက ဧည့်သည်တော်များ တောင်ကြီး မြို့ကို လာရောက် လည်ပတ်တဲ့အခါ မြတ်ဗုဒ္ဓသာသနာတို့ အံ့မခန်း ကြည်ညိုဖွယ်ရာ ဖူးမြော်နိုင်ဖို့ ဖြစ်ပါတယ်။

ဒါကြောင့်မို့ သက်ဆိုင်ရာ ဩဝါဒါစရိယ ဆရာတော် သံဃာတော် မထေရ်မြတ်ကြီးများ၊ နိုင်ငံတော်အကြီးအက များ၊ မြို့မိမြို့ဖများ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ ခုနစ်ရက်သားသမီး ပါရမီရှင်များ စုပေါင်းတိုင်ပင်ပြီး စည်းစည် ရုံးရုံး ညီညီညွတ်ညွတ်နဲ့ တောင်ကြီးမြို့တည် နှစ်(၁၀၀)ပြည့် မင်္ဂလာအခါသမယမှာ 'စူဠာမုနိ လောကချမ်းသာ စေတီ တော်မြတ်ကြီး' တည်ထားဖို့ ဆုံးဖြတ် အကောင်အထည်ဖော် ခဲ့ကြတာပဲ ဖြစ်ပါတယ်။


စူဠာမုနိ လောကချမ်းသာ စေတီတော်မြတ်ကြီး တည် ထားပူဇော်ရေးအတွက် စတင် ကြိုးပမ်းတဲ့ အချိန်ကာလက တော့ ခရစ်နှစ် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက် ဖြစ်ပါ တယ်။ ရှမ်းပြည်နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆေ ထွန်း၊ ဗိုလ်ချုပ်တင်ထွတ်တို့က နာယကအဖြစ် ဆောင်ရွက်ပြီး ရှမ်းပြည်နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး ဒုတိယ ဗိုလ်မှူးကြီးနိုင်ဝင်းက ဥက္ကဋ္ဌအဖြစ် တာဝန် ယူခဲ့တဲ့ လုပ်ငန်းကော်မတီနဲ့ အထောက်အကူပြု ကော်မတီ အသီးသီးက တည်ဆောက်ရေးလုပ်ငန်း အဆင့်ဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါတယ်။

အဲဒီလို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြတဲ့ လုပ်ငန်းအဆင့်ဆင့်က အခုလို ဖြစ်ပါတယ်။

၁။ မြန်မာနှစ် ၁၃၅၅ ခုနှစ်၊ တပေါင်းလဆန်း (၂)ရက် တနင်္ဂနွေနေ့ (၁၃-၃-၉၄)မှာ ပရိကမ္မ မြေသန့်မင်္ဂလာအခမ်း အနား။

၂။ မြန်မာနှစ် ၁၃၅၅ ခုနှစ်၊ တပေါင်းလပြည့်၊ စနေနေ့ (၂၆-၃-၉၄) မှာ ရွှေပန္နက်တော်တင် မင်္ဂလာအခမ်းအနား

www.burmeseclassic.com



ရွှေဥဒေါင်းမုနိလောကချမ်းသာစေတီတော်ရှိ တံခွန်တိုင်

၃။ မြန်မာနှစ် ၁၃၅၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ ကြာသပတေးနေ့ (၁၇-၁၁-၉၄)မှာ ရွှေအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား။

၄။ မြန်မာနှစ် ၁၃၅၇ ခုနှစ်၊ တပို့တွဲလပြည့်၊ အင်္ဂါနေ့ (၁၃-၂-၉၅)မှာ ပထမအဆင့် မူလဌာပနာတော်သွင်း မင်္ဂလာအခမ်းအနား။

၅။ မြန်မာနှစ် ၁၃၅၇ ခုနှစ်၊ ပြာသိုလပြည့်၊ ကြာသပတေးနေ့ (၄-၁-၉၆)မှာ ဒုတိယအဆင့် သတ္တဌာန ဌာပနာတော်သွင်း မင်္ဂလာအခမ်းအနား။

၆။ မြန်မာနှစ် ၁၃၅၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၆)ရက်၊ စနေနေ့ (၂-၁၁-၉၆)မှာ အထက်အဆင့် ဌာပနာနဲ့ ပန်းသည်တိုင် စိုက်ထူခြင်း မင်္ဂလာအခမ်းအနား။

၇။ မြန်မာနှစ် ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (၂၅-၁၁-၉၆)မှာ ရွှေထီးတော်တင်မင်္ဂလာ၊ အနေကဇာတင်မင်္ဂလာ အခမ်းအနား။


၈။ မြန်မာနှစ် ၁၃၅၈ ခုနှစ်၊ ပြာသိုလဆုတ် (၉)ရက်၊ စနေနေ့ (၁-၂-၉၇)မှာ အဆွတ်စေတီ ကြေးပြားကပ် ရွှေချခြင်း မင်္ဂလာအခမ်းအနားတွေ ဖြစ်ပါတယ်။

စူဠာမုနိ လောကချမ်းသာ စေတီတော်မြတ်ကြီးမှာ ထံခါးစောင့် ဒွါရပါလနတ်ရုပ် ၈ ရုပ်၊ အရပ်ရှစ်မျက်နှာရှိ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ စတဲ့ အရပ်ရှစ်မျက်နှာ) ခြသေ့ ကြီး ၈ ကောင်၊ တောင်ဘက်မုခ်လှေကား (ဝဲ၊ယာ) နဂါး နှစ်ကောင်၊ လိုဏ်ပဟ်လမ်းအတွင်း ရုပ်လုံးရုပ်ကြွများ၊ အရိမေတ္တေယျ ဘုရားအလောင်းတော် နတ်မင်းကြီးရုပ်တု ၈ ပါး၊ တိုက်မအပေါ်ရှိ နတ်မင်းကြီး ၄ ပါးနဲ့ နတ်စစ်သူကြီး ၄ ပါးစတဲ့ ဗုဒ္ဓသာသနာရုပ်လုံး၊ ရုပ်ကြွ၊ ရုပ်တုတော်တွေကလည်း အနုပညာလက်ရာ ပြောင်မြောက်ကောင်းမွန်ပြီး အဖိုးတန် ယဉ်ကျေးမှု အမွေအနှစ်တွေ ဖြစ်ပါတယ်။

စူဠာမုနိ လောကချမ်းသာ စေတီတော်မြတ်ကြီးရဲ့ မုခ်လေးမုခ်မှာ ကိန်းဝပ်စံပယ်နေတော်မူတဲ့ ရုပ်တော်မူ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်ကြီး လေးဆူကတော့ မြန်မာတို့ရဲ့ ကြေးသွန်းအတတ်ပညာကို လက်စွမ်းပြထားပြီး ဗုဒ္ဓရုပ်ပွားတော်ဆိုင်ရာ အနုပညာလက်ရာတွေကလည်း အံ့မခန်း မြင့်မားကောင်းမွန်လှပါတယ်။

တောင်ဘက်မုခ်မှာ ကဿပဘုရားရှင်ကို ရည်မှန်းပူဇော်သွန်းလုပ်တော်မူတဲ့ ကြေးသွန်း ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးရဲ့ ဉာဏ်တော်အမြင့်က ၂၄ ပေ ရှိပါတယ်။ ကြာပလ္လင်အမြင့်က ၂ ပေ ၆ လက်မ ရှိပါတယ်။ သွန်းလုပ်ထားတဲ့ ကြေးပိဿာချိန် ၄၈၀၀ (လေးထောင့်ရှစ်ရာ) ရှိပါတယ်။ တဿပမြတ်စွာဘုရားရှင် မျက်နှာတော် သွန်းလောင်းရာမှာ ရွှေအလေးချိန် ၂၈ ကျပ်သား ပါဝင်သွန်းလောင်းခဲ့ပါတယ်။ တောင်ဘက်မုခ် ကဿပမြတ်စွာဘုရားရှင်ရဲ့ အလှူတော်ကတော့ ပအိုဝ့်အမျိုးသားအဖွဲ့ချုပ် တိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီ ဦးဆောင်တဲ့ ပအိုဝ့်တိုင်းရင်းသား၊ တိုင်းရင်းသူများ ဖြစ်ပါတယ်။ (၂၅-၁၁-၉၆)မှာ တစ်ဆူလုံး ရွှေစင်ကပ်လှူပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် ပြီးမြောက် အောင်မြင်ခဲ့ပါတယ်။ ရုပ်ပွားတော် တစ်ဆူစီအတွက် လှူဒါန်းငွေ (ကုန်ကျစရိတ်)ဟာ ရွှေသားရွှေစင် ကပ်လှူပြီးစီးတဲ့အထိ ကျပ် ၄၁၃၀၀၀၀ (ကျပ် လေးဆယ့်တစ်သိန်းသုံးသောင်းတိတိ) ဖြစ်ပါတယ်။

(မှတ်ချက်။ ။ အခြား တွေ့ရှိရတဲ့ မှတ်တမ်းတစ်ခုမှာတော့ ရုပ်ပွားတော်တစ်ဆူစီအတွက် လှူဒါန်းငွေ (ကုန်ကျစရိတ်)ဟာ ကျပ် ၃၄၄၆၀၀၀ (ကျပ်သုံးဆယ့်လေးသိန်းလေးသောင်းခြောက်ထောင်တိတိ) ဖြစ်တယ်လို့ တွေ့ရှိရပါတယ်။



ရွှေဥဒေါင်းမုနိလောကချမ်းသာစေတီရှိ ခေါင်းလောင်းတော်များ



www.burmeseclassic.com

www.burmeseclassic.com

ဘာ့ရှိချက်နှစ်ရပ်ရဲ့ ခြားနားချက်ဟာ ကျပ် ၆၈၄၀၀၀ (ကျပ်ခြောက်သိန်းရှစ်သောင်းလေးထောင်တိတိ) ဖြစ်ပါတယ်။ အဲဒီလို ဘာကြောင့် ခြားနားချက် ဖြစ်နေရသလဲ ဆိုတာကို ပြန်လည်စိစစ်ပြီး တိကျမှန်ကန်တဲ့ တစ်ခုတည်းသော ကိန်းဂဏန်းကိုသာ ဖော်ပြသင့်တယ်လို့ စေတနာနဲ့ အကြံပြုချင်ပါတယ်။ စေတီတော်ကြီးရဲ့ အဓိကရ ရုပ်ပွားတော်ကြီးတွေနဲ့ ပတ်သက်တဲ့ စာရင်းဇယား ကိန်းဂဏန်းတွေဟာ နှစ်များစွာ မကြာသေးခင်မှာပဲ ဟိုနေရာမှာတစ်မျိုး၊ ဒီနေရာမှာတစ်ဖုံ ကွဲပြားခြားနားနေတာဟာ နောင်ခေတ်သုတေသီများအတွက် ဒွိဟသံသယကိုဖြစ်စေပြီး သမိုင်းဆိုင်ရာ အချက်အလက်အနေနဲ့လည်း အားနည်းစေပါတယ်။ ဒါကြောင့် ဒီခြားနားချက် နှစ်ရပ်ဟာ ဘာကြောင့် ဖြစ်ရတယ် ဆိုတာကို အချိန်မနှောင်းမီ အဖြေရှာပြီး ရှင်းလင်း တင်ပြသင့်ပါတယ်)

အနောက်ဘက်မုခ်မှာ ဂေါတမဘုရားရှင်ကို ရည်မှန်းပူဇော် သွန်းလုပ်တော်မူတဲ့ ကြေးသွန်း ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးရဲ့ ဉာဏ်တော်အမြင့်က ၂၄ ပေ၊ ကြာပလ္လင်အမြင့် ၂ ပေ၊ ၆ လက်မ ရှိပါတယ်။ သွန်းလုပ်ထားတဲ့ ကြေးပိဿာချိန်က ၄၈၀၀ ဖြစ်ပြီး မျက်နှာတော်သွန်းလောင်းရာမှာ ရွှေအလေးချိန် ၅၆ ကျပ်သား ပေါင်းစပ်သွန်းလုပ်တော်မူခဲ့တာ ဖြစ်ပါတယ်။

အနောက်ဘက်မုခ် ဂေါတမ မြတ်စွာဘုရားရှင်ရဲ့ အလှူရှင်က ဦးအကွေ့နဲ့ ဇနီး ဒေါ်သန်းသန်းမေ မိသားစု၊ ဦးဝင်းရွှေနဲ့ ဇနီး ဒေါ်အေးအေးမြင့် မိသားစုတို့ ဖြစ်ပါတယ်။

(၂၂-၁၁-၉၆)မှာ တစ်ဆူလုံး ရွှေစင်ကပ်လှူပူဇော်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် ပြီးမြောက် အောင်မြင်ခဲ့ပါတယ်။

မြောက်ဘက်မုခ်မှာ ကကုသန်ဘုရားရှင်ကို ရည်မှန်းပူဇော်သွန်းလုပ်တော်မူတဲ့ ကြေးသွန်းရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးရဲ့ ဉာဏ်တော်အမြင့်က ၂၄ ပေ၊ ကြာပလ္လင်အမြင့် ၂ ပေ ၆ လက်မ ရှိပါတယ်။ သွန်းလုပ်ထားတဲ့ ကြေးပိဿာချိန်က ၄၈၀၀ ဖြစ်ပြီး မျက်နှာတော် သွန်းလောင်းရာမှာ ရွှေအလေးချိန် ၂၈ ကျပ်သား ပေါင်းစပ် သွန်းလုပ်တော်မူခဲ့တာ ဖြစ်ပါတယ်။

မြောက်ဘက်မုခ် ကကုသန်ဘုရားရှင်ရဲ့ အလှူရှင်က အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ရဲ့ လက်အောက်ခံ တပ်ရင်း၊ တပ်ဖွဲ့များမှ စုပေါင်းလှူဒါန်းခဲ့တာ ဖြစ်ပါတယ်။ (၂၂-၁၁-၉၆)မှာ တစ်ဆူလုံး ရွှေစင်ကပ်လှူပူဇော်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် ပြီးမြောက်အောင်မြင်ခဲ့ပါတယ်။

အရှေ့ဘက်မုခ်မှာ ကောဏဂုံဘုရားရှင်ကို ရည်မှန်းပူဇော် သွန်းလုပ်တော်မူတဲ့ ကြေးသွန်းရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးရဲ့ ဉာဏ်တော်အမြင့်က ၂၄ ပေ၊ ကြာပလ္လင်အမြင့် ၂ ပေ ၆ လက်မ ရှိပါတယ်။ သွန်းလုပ်ထားတဲ့ ကြေးပိဿာ



စူဠာမုနိလောကချမ်းသာစေတီတော် သမိုင်းမော်ကွန်းကျောက်စာ

ချိန် ၄၈၀၀ ရှိပြီး မျက်နှာတော် သွန်းလောင်းရာမှာ ရွှေအလေးချိန် ၁ ပိဿာ၊ ၅ ကျပ်သား ပေါင်းစပ် သွန်းလောင်းထားတာ ဖြစ်ပါတယ်။

အရှေ့ဘက်မုခ် ကောဏဂုံဘုရားရှင်ရဲ့ အလှူရှင်ကတော့ ဦးအောင်ကိုဝင်းနဲ့ ဇနီး ဒေါ်နန်းသန်းထွေး (သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ)၊ သမီး နန်းလှိုင်ခမ်း၊ နန်းခမ်းနွမ်း၊ နန်းမိုဟွမ် မိသားစု ဖြစ်ပါတယ်။ (၂၂-၁၁-၉၆)မှာ တစ်ဆူလုံး ရွှေစင်ကပ်လှူ ပူဇော်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် ပြီးမြောက်အောင်မြင်ခဲ့ပါတယ်။

ကြေးသွန်းရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးလေးဆူကို သွန်းလောင်းပူဇော်ရာမှာ မန္တလေးမြို့မှ ကြေးသွန်းပညာရှင် ဦးမြတ်သာနဲ့ သားဖြစ်သူ ဦးဝင်းမောင်(တောင်ကြီး) တို့ ဦးစီးတဲ့ အဖွဲ့သားတွေက တာဝန်ယူ သွန်းလောင်းခဲ့ပါတယ်။

၁၉၉၈ ခုနှစ်၊ မေလ၊ ၁၆ ရက်၊ စနေနေ့မှာ ကြေးသွန်းရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးလေးဆူကို ထပ်မံ အနေကဇာတင် ဗုဒ္ဓါဘိသေက မင်္ဂလာအခမ်းအနား ကျင်းပခဲ့ပါတယ်။ အဲဒီ စနေနေ့ နံနက် ၉း၃၀ နာရီ မင်္ဂလာအချိန်မှာ တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဆန္ဒာဓိက ဆရာတော်ကြီး အမှူးပြုတဲ့ သံဃာတော် ၁၀၈ ပါးက မုခ်တစ်မုခ်မှာ ၂၇ ပါး ကြွရောက်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ခဲ့ပါတယ်။

စူဠာမုနိ လောကချမ်းသာ စေတီတော်မြတ်ကြီးဟာ ပုဂံအာနန္ဒာစေတီရဲ့ ပုံစံတူ တည်ထားတာ ဖြစ်ပါတယ်။



လပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

စေတီတော်ကြီး တည်ထားဖို့ မြေနေရာ ရှာဖွေတဲ့အခါ တောင်ကြီးမြို့ အရှေ့တောင်အရပ် (အင်္ဂါထောင့်)မှာ မြေအကျယ်အဝန်း ၁၁. ၈၂၂ ဧက၊ အမြင့်ပေ ၃၀၀ ရှိတဲ့ ကုန်းတော်ကို တွေ့ရှိခဲ့ကြပါတယ်။

ဒီကုန်းတော်မှာ ၁၉၆၈ ခုနှစ် တုန်းက တောင်ကြီးမြို့ ပထမ တောင်ကျောင်းကြီးတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒနဲ့ တောင်ကြီးမြို့ မြို့မဂိုဏ်းထောက် မင်္ဂလာရာမကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓတို့ ဦးစီးနာယကပြုပြီး ဉာဏ်တော် ၁၁ တောင် ၂ မိုက် ၄ သစ်ရှိတဲ့ ပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော် ကြေးသွန်းဘုရားကြီး တည်ထားဖို့ စီစဉ်အားထုတ်ခဲ့ကြဖူးပါတယ်။ ဒါပေမယ့် အကောင်အထည် မပေါ်ခဲ့ပါဘူး။

ကုန်းတော်ရဲ့အမည်ကို ကျက်သရေမင်္ဂလာအပေါင်းပြည့်စုံပြီး ကုသိုလ်ကောင်းမှုတို့ အောင်မြင်တိုးပွားရာလို့ အဓိပ္ပာယ်ရှိတဲ့ သိရိပုညဝဖုန ဘွဲ့အမည်တော် သတ်မှတ်ပူဇော်ခဲ့ပါတယ်။ ကုန်းတော်မင်္ဂလာ မြေနေရာကို ရွေးချယ်ပြီးတဲ့အခါ စူဠာမုနိ လောကချမ်းသာ စေတီတော် တည်ထားဖို့ ပုံစံတော်ရရှိရေး ဆောင်ရွက်ကြပါတယ်။

စူဠာမုနိ လောကချမ်းသာ စေတီတော်အတွက် ပုံစံကော်ရရှိဖို့ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့ဟာ ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလမှာ ရှေးဟောင်းယဉ်ကျေးမှုမြို့တော် ပုဂံမြို့ကို သွားရောက်ပြီး ပုဂံဘုရားအဆူဆူကို လေ့လာခဲ့ကြပါတယ်။ နောက်ဆုံးမှာတော့ အာနန္ဒာဘုရားနဲ့ စိမ်းညက်ညီမ ဘုရားနှစ်ဆူကို ပုံစံတော် ရွေးချယ်ခဲ့ကြပါတယ်။

နောက်ဆုံး အပြီးသတ် ရွေးချယ်ရာမှာတော့ 'အမြင့်သဗ္ဗညု၊ ထု မမွမ်း အနု အာနန္ဒာ' ဆိုစကားနဲ့အညီ ပန္နက်ပုံစံ၊ ဗိသုကာလက်ရာ၊ မြန်မာမှုလက်ရာ အနုပညာ အပြောက်အမွမ်း ထူးခြားကောင်းမွန်တဲ့ ကျန်စစ်သားမင်းကြီးရဲ့ ကောင်းမှုတော် အာနန္ဒာစေတီတော်ကို ပုံစံတော်အဖြစ် အတည်ပြုခဲ့ကြပါတယ်။ ရှေးဟောင်း အာနန္ဒာစေတီတော်ရဲ့ သုံးပုံနှစ်ပုံ အချိုးယူပြီး တည်ဆောက်ဖို့ သတ်မှတ်ခဲ့ပါတယ်။ မူလ ရှေးဟောင်း အာနန္ဒာစေတီတော်ထက် ငယ်တဲ့အတွက် စူဠာမုနိ ဆိုတဲ့ ဘွဲ့တော်ကို ရရှိတော်မူပါတယ်။ မူလ ပုဂံ အာနန္ဒာဘုရားမှာ လိုဏ်ပတ်လမ်း နှစ်ထပ်ရှိပေမယ့် ကုန်းတော် အနေအထားအရ 'စူဠာမုနိ လောကချမ်းသာစေတီတော်မှာ လိုဏ်ပတ်လမ်း တစ်ထပ်သာ ရှိပါတယ်။

စူဠာမုနိ လောကချမ်းသာ စေတီတော်မြတ်ကြီးရဲ့ ဉာဏ်တော်အမြင့် ၁၀၈ ပေ၊ အထွတ်စေတီအမြင့် ၂၀ ပေ၊ ကွမ်းတောင်အမြင့် ၂၄ ပေ၊ အာရုံခံတိုက်မအမြင့် ၂၆ ပေ၊ အာရုံခံတိုက်အကျယ် ၁၁၃ ပေ၊ လိုဏ်ပတ်လမ်းတစ်ဖက် [illegible] ပေ၊ ဖိနပ်တော်အလျား ၁၇၇ ပေ ရှိပါတယ်။ အထွတ်စေတီ ၁ ဆူ၊ တိုက်မ အရံစေတီ ၄ ဆူ၊ ကွမ်းတောင် အရံစေတီ ၄ ဆူ၊ မုခ်ဦးစေတီတော် ၈ ဆူ ရှိပါတယ်။

စူဠာမုနိ လောကချမ်းသာစေတီတော်မှာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ပွဲနဲ့ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို မြန်မာနှစ် ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့ (၂၅-၁၁-၁၉၉၆) တနင်္လာနေ့ မင်္ဂလာရက်မြတ်မှာ အောင်မြင်စွာ ကျင်းပ ပူဇော်ခဲ့ပါတယ်။

ပြောရမယ်ဆိုရင် တောင်ကြီးမြို့ စူဠာမုနိ လောကချမ်းသာ စေတီတော်မြတ်ကြီးဟာ ပုဂံမြို့မှာရှိတဲ့ ကျန်စစ်သားမင်းကြီးရဲ့ ကောင်းမှုတော် အာနန္ဒာစေတီတော်မြတ်ကြီးရဲ့ ကိုယ်ပွားတော်လို့ ပြောနိုင်ပါတယ်။ ပုဂံအာနန္ဒာဘုရားမှာရှိတဲ့ ၁၀၈ ကွက် စက်လက္ခဏာတော်တွေ ပါဝင်တဲ့ ခြေတော်ရာ (ပါဒစေတီတော်) ကိုလည်း ကြည်ညိုဖွယ်ရာ ဖူးမြော်နိုင်ပါတယ်။ ပုဂံရယ်၊ ထနောင်းပွင့်တွေရယ်၊ အာနန္ဒာဘုရားရယ် ခွဲခြားလို့ မရနိုင်သလို တောင်ကြီးရယ်၊ ချယ်ရီပန်းတွေရယ်၊ စူဠာမုနိ လောကချမ်းသာရယ် ခွဲခြားလို့ မရပါဘူး။

ပုဂံကိုရောက်ရင် အာနန္ဒာဘုရားကို ဖူးမြော်ပြီးမှ ပြည့်စုံပါတယ်။ တောင်ကြီးကို ရောက်ရင်လည်း စူဠာမုနိ လောကချမ်းသာဘုရား ဖူးမြော်ပါမှ ပြည့်စုံပါလိမ့်မယ်။ ဒီလို တွေးမိတော့ ရင်ထဲမှာ တစ်ခုခု လိုနေသလို ခံစားမိတယ်။ နောက်မှ စဉ်းစားမိတာက 'စူဠာမုနိ လောကချမ်းသာ' ဆိုတဲ့ နေရာမှာ 'စူဠာမုနိ လောကချမ်းသာ အာနန္ဒာ' လို့ ဖြည့်ခေါ်လိုက်ရရင် ပိုပြည့်စုံလေမလား စဉ်းစားမိပါတယ်။

ဘာပဲပြောပြော ထနောင်းပွင့်တွေ တဝေဝေ၊ ဖုန်တွေ တထောင်းထောင်းထဲက အာနန္ဒာကို ချယ်ရီပွင့်တွေ တဝေဝေ၊ နှင်းမှုန်လေးတွေ တဖွေးဖွေးကြားမှာ ဖူးမြင်နေရတာကတော့ ပဉ္စလက်ဆန်တဲ့ ခံစားမှုတစ်ရပ် ခံစားနေရတာ အမှန်ပါပဲ။

အဲဒီ ပဉ္စလက်ဆန်တဲ့ ခံစားမှုကို ထိတွေ့မြည်းစမ်းချင်ရင်တော့ တောင်ကြီးမြို့ကို ရောက်တဲ့အခါ ရေခွေးကြမ်းခါးခါးနဲ့ ပဲပုပ်ဆိမ့်ဆိမ့်လေး အပေါ်မှာသာ တင်းတိမ်မနေဘဲ စူဠာမုနိ လောကချမ်းသာ (ရင်ထဲမှာတော့ စူဠာမုနိ လောကချမ်းသာ အာနန္ဒာ)ကို အရောက်သွားပြီး ဖူးမြော်စေချင်ပါတယ်။

အခုတော့ အဆိုတော် မွန်းအောင်ရဲ့ မိုးလုံးမှိုင်းသီချင်းထဲက 'နှင်းခဲလို့နေ × × × မိုးသားထက်က တောင်စဉ်တွေ' ကို ဆွတ်ကျင်စွာ ေးမောရင်း စူဠာမုနိ လောကချမ်းသာ ခြေတော်ရင်းမှာ ငြိမ်းချမ်းရေးတောင်းဆုတွေကို ခြွေမိရတယ်လေ။

မေတ္တာရည်လျက် . . .


**တက္ကသိုလ်တင်ဟန်ကျော်**

☐



www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

ဓမ္မရုံများ၌ ဓမ္မဒေသနာတော်ကို အထပ်ထပ်ဟောကြားတော်မူခဲ့သော

# အဓိပတိထား၍ အားထုတ်ရမည့်တရားတော်

(ယခင်လမှအဆက်)

လောကကြီးထဲမှာလည်း မင်း ဒီတရားသာ ကြိုးစား။ ဒီပြင်စိတ်တွေ ဝင်လာရင် မင်း ရှက်စရာကြီး၊ ကြောက်စရာကြီး၊ မင်းကသာ သူများမသိဘူး ထင်နေတယ်။ မင်း ကိုယ်စောင့်နတ်တွေကစပြီး မင်းကိုသိတယ် (မှန်ပါ့)။ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကကော (သိပါတယ် ဘုရား)။ မင်း မကောင်းတဲ့စိတ်တွေ ဝင်နေတယ်ဆိုတာ သိတယ် (မှန်ပါ့)။

အဲဒါတွေ ရှက်ကြောက်ပြီးသကာလ ကဲ. . . ဒါတွေလည်း ရှက်စရာကြီး ကြောက်စရာကြီးဆိုပြီး ဝီရိယပြင်းထန်ပြီး ကြိုးစားလိုက်ရင်လည်း ဖြစ်ပျက်မြင်ပါလိမ့်မယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

တရားတော်ကလည်း သွာက္ခာတော ဘဂဝတော ဓမ္မော၊ ဘဂဝတော - မြတ်စွာဘုရားသည်၊ ဓမ္မော - တရားကို၊ သွာက္ခာတော - ကောင်းစွာဟောထားတာ၊ မင်းလက်ထဲကျမှ မကောင်းဖြစ်နေတာ (မှန်ပါ့ ဘုရား)။ မင်း တရားတော်မလေးစားတဲ့အတွက် သန္ဒိဋ္ဌိကော - ကိုယ်တိုင်မြင်ရမယ်လို့ကော မဟောဘူးလား (ဟောပါတယ်)။ အကာလိကော - အခါမလင့် အကျိုးပေးရမယ်လို့ကော (ဟောပါတယ်ဘုရား)။

အဲဒီလိုဟောထားတဲ့ တရားစကားတွေ မင်းက ဖျက်နေတာလားလို့ မေးကြည့်တယ် (မှန်ပါ့ ဘုရား)။

အဲဒီတော့ တရားတော်ကလည်း မှန်ပါပေတယ်၊ ဘုရားကိုလည်း ကြည်ညိုပါတယ်၊ တရားကိုလည်း လေးစားပါတယ် ဆိုပြီးသကာလ တရားအဓိပတိထားပြီး မြင်ရမည့်တရားမို့ မြင်အောင်လုပ်မယ်ဆိုပြီး ဝီရိယစိုက်လိုက် (မှန်လှပါ ဘုရား)။

ဘာဖြစ်လာမယ် ထင်သတုံး (ဖြစ်ပျက် မြင်လာပါမယ် ဘုရား)။ မြင်တဲ့ဉာဏ်ကလေး ပေါ်လာလိမ့်မယ်နော် (မှန်ပါ့)။ ဒါဖြင့် အဓိပတိ ဘယ်နှပါးထားပြီး ကြိုးစားရမလဲ (သုံးပါးထားပြီး ကြိုးစားရပါမယ် ဘုရား)။

အဲဒါ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အပါယ်လေးပါး အိုဘေး၊ နာဘေး၊ သေဘေးတွေကို တကယ်တမ်းရွံ့ တကယ်တမ်းမုန်း၊ တကယ်တမ်း ကြောက်လို့ရှိရင် ဒီအဓိပတိသုံးပါးကို ဒကာ၊ ဒကာမတို့ တစ်ပါးပါးထားပြီး ကြိုးစား ဦးခင်မောင်၊ သေသေချာချာ ရတယ် (မှန်လှပါ ဘုရား)။

ကိုမြရွှေတို့၊ ဦးကံရင်တို့ အဓိပတိ ဘယ်နှပါးပါလိမ့် (သုံးပါးပါ ဘုရား)။ မိမိကိုယ်ကိုယ် အဓိပတိထား၍ 'တရား





www.burmeseclassic.com

www.burmeseclassic.com

အားထုတ်ရခြင်း'၊ လောကကြီးကို အဓိပတိထား၍ 'တရား အားထုတ်ရခြင်း'၊ တရားဂုဏ်တော်ကို အဓိပတိထား၍ 'တရား အားထုတ်ရခြင်း' ဒီအားထုတ်ခြင်းသုံးမျိုး တစ်ခုခုနဲ့ အားထုတ်ရင် (ရပါတယ် ဘုရား)။ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရမရှိပါဘူးတဲ့ (မှန်ပါ့)။ သဘောပါကြပလား (ပါပါပြီ ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေကို အား ဖြည့်ပေးနေတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။

ဘာတရားပါလိမ့် အခုဟာ (မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ တရားပါ ဘုရား)။ လိုတာဖြည့်တဲ့ တရားဆိုတာ ကောင်း ကောင်းသဘောကျပလား (ကျပါပြီ)။

ကဲ. . . ၁ နံပါတ်က ဘာတဲ့ (မိမိကိုယ်ကို အဓိပတိ ထားရပါမယ်)။ ၂ နံပါတ်က (လောကကြီးကို အဓိပတိထား ရပါမယ်)။ ၃ နံပါတ်က (တရားဂုဏ်တော်ကို အဓိပတိ ထား ရပါမယ်)။ နေရာကျပြီ ဦးခင်မောင်ရေ နေရာကျပြီ။ တစ်ခုခု က လိုနေလို့ရှိရင်လည်း ဒကာ၊ ဒကာမတို့ ဖြည့်ပေးကြပါ (မှန်ပါ့)။ ဖြည့်ပေးစမ်းပါ ဆိုတာကို တိုက်တွန်းပါတယ်နော် (မှန်ပါ့ ဘုရား)။

တရားကတော့ဖြင့် ဒီသုံးခု တစ်ခုခု အဓိပတိထားပြီး ကြိုးစားရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရမယ်ကွတဲ့၊ သေသေချာ ချာ ဟောပါတယ် (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။ ကောင်းပြီ၊ ဒါဖြင့် ဒီသုံးပါးနဲ့ ကြိုးစားကြပါစို့ ဆိုတဲ့ဥစ္စာ ဦးခင် မောင်ရေ ဒီသုံးပါးကို အဓိကထားပြီး သကာလ ကျပ်တို့ ကြိုးစားကြစို့ (မှန်ပါ့ ဘုရား)။

ကြိုးစားကြစို့ဆိုတော့ လွယ်ပါတယ် ဒကာ၊ ဒကာမ တို့၊ ကြိုးစားဖို့ရာအချက်က ၁ နံပါတ်က ဝိပဿနာဉာဏ်၊ ၂ နံပါတ်က မဂ်ဉာဏ်၊ ၁ နံပါတ် အားထုတ်ရင် ၂ နံပါတ် အလိုလိုပြီးမယ် (မှန်လှပါ ဘုရား)။

၁ နံပါတ် ဝိပဿနာဉာဏ် အားထုတ်ရင် (၂ နံပါတ် အလိုလိုပြီးပါတယ်)။ ၂ နံပါတ် မဂ်ဉာဏ်ဟာ အလိုလိုပြီးမယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

၁ နံပါတ်က ဘာပါလိမ့် (ဝိပဿနာဉာဏ်ပါ ဘုရား)။ ၂ နံပါတ်က (မဂ်ဉာဏ်ပါ ဘုရား)။ အဲဒီ နှစ်ဉာဏ်နဲ့ ကြိုးစား စေပါလို့ဆိုတာ သေသေချာချာ ဟောတယ်နော် (မှန်ပါ့)။ ၁ နံပါတ် ဝိပဿနာဉာဏ်က ဒကာ၊ ဒကာမတို့ မဂ္ဂင်ငါးပါး (မှန်ပါ့)၊ ဘယ်နှပါးပါလိမ့် (ငါးပါးပါ ဘုရား)။ မဂ္ဂင်ငါးပါး အခါ ဖြစ်ပျက်မြင်တယ်ဆိုရင် ကိုယ့်ဝမ်းထဲမှာ ဒီမဂ္ဂင်ငါးပါး ကိုယ်ပိုင်ရပြီလို့ အောက်မေ့ပါ (မှန်လှပါ)။ ဖြစ်ပျက်သာ မြင်လို့ရှိရင် (မဂ္ဂင်ငါးပါး ကိုယ်ပိုင်ရပါပြီ ဘုရား)။

မဂ္ဂင်ငါးပါး ကိုယ့်အထဲပေါ်လို့ မြင်တာနော် (မှန်ပါ့ ဘုရား)။ နို့မို့ရှိရင် မြင်ကို မမြင်ဘူးဆိုတာ သေချာပလား (သေချာပါပြီ)။

ဖြစ်ပျက်ဆုံးသွားတာကို ဆုံးသွားပြီဆိုလို့ရှိရင် ဒကာ၊ ဒကာမတို့ သောတာပတ္တိမဂ်ကို ရပြီလို့ အောက်မေ့ပါတော့ မဂ္ဂင်ရှစ်ပါးရပြီ (မှန်ပါ့)။ သောတာပတ္တိမဂ်ဆိုတာ မဂ္ဂင်ရှစ်ပါး (မှန်ပါ့)။ ရိပ်မိကြပလား (ရိပ်မိပါပြီ)။

ဒါဖြင့် ၁ နံပါတ်က ဖြစ်ပျက်ကိုမြင်တယ်၊ သဘော ကျပြီ (ကျပါပြီ)။ ၁ နံပါတ် ဝိပဿနာဉာဏ်က (ဖြစ်ပျက်ကို မြင်ပါတယ် ဘုရား)။ ကောင်းပြီ၊ ဒီဟာ ရင့်ကျက်လာတဲ့အခါ ကျတော့ကိုတဲ့၊ ၂ နံပါတ် မဂ်ဉာဏ်ပေါ်ပါလိမ့်မယ် (မှန်ပါ့ ဘုရား)။ သူကတော့ ဖြစ်ပျက်မမြင်ဘဲနဲ့ ဖြစ်ပျက်ဆုံးတာကို မြင်တယ် (မှန်ပါ့ ဘုရား)။

ဒါဖြင့် ၁ နံပါတ်က ဘာမြင်သတုံး (ဖြစ်ပျက်မြင်ပါ တယ် ဘုရား)။ ၁ နံပါတ် ရင့်ကျက်ပြီးသကာလ လာတဲ့အခါ ကျတော့ ၂ နံပါတ် မဂ်ဉာဏ်မပေါ်ဘူးလား (ပေါ်ပါတယ် ဘုရား)။ သူက ဘာမြင်ပါလိမ့် (ဖြစ်ပျက်ဆုံးတာ မြင်ပါတယ် ဘုရား)။ ဖြစ်ပျက်ဆုံးတာကို မြင်တယ်၊ ဖြစ်ပျက်ဆုံးတယ်ဆို တာ ဒကာ၊ ဒကာမတွေ သေသေချာချာမှတ် နိဗ္ဗာန်ပဲလို့ (မှန်ပါ့ ဘုရား)။ ဖြစ်ပျက်ဆုံးတာသည် (နိဗ္ဗာန်ပါ ဘုရား)။ နိဗ္ဗာန်ပဲလို့ သေသေချာချာ မှတ်ပါ။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဩော်. . . ဒါဖြင့် နိဗ္ဗာန်က နှစ်ဉာဏ်နဲ့ရောက် ပါကလား (မှန်ပါ့ ဘုရား)။

နိဗ္ဗာန်သည် (နှစ်ဉာဏ်နဲ့ရောက်ပါတယ် ဘုရား)။ ၁ နံပါတ်က မိမိခန္ဓာကြီးကို ကြည့်လိုက်တယ်။ ဝေဒနာ ကြည့် လိုက်လည်း ဝေဒနာဖြစ်ပျက်မြင်တယ်။ စိတ်ကြည့်လိုက်လည်း စိတ်ဖြစ်ပျက်မြင်တယ်၊ ရုပ်ကြည့်လိုက်လည်း ရုပ်ဖြစ်ပျက် မြင် တယ်။ မြင်ချင်တာမြင် ဒီ နံပါတ် ၁ ဉာဏ်ကတော့ ဖြစ်ပျက် ချည်း မြင်တယ် (မှန်လှပါ ဘုရား)။

၁ နံပါတ်ဉာဏ်ကတော့ ဘာချည်းမြင်သတုံး (ဖြစ် ပျက်ချည်း မြင်ပါတယ် ဘုရား)။ ဖြစ်ပျက်မြင်လို့ရှိရင်လည်း ဒကာ၊ ဒကာမတွေက အခုန အဓိပတိသုံးပါနဲ့ညီလို့ မြင်တာ လို့ မှတ်လိုက် (မှန်ပါ့ ဘုရား)။ အဓိပတိသုံးပါနဲ့ ညီလို့နော် (မှန်ပါ့ ဘုရား)။

ကဲ. . . ဒါဖြင့် ဖြစ်ပျက်ကိုမြင်လို့ရှိရင် အဓိပတိ သုံးပါး တစ်ပါးပါးနဲ့ မညီသေးဘူးလား (ညီပါတယ် ဘုရား)။ ဒါဖြင့် ၁ နံပါတ်ဉာဏ်သည် ဒကာ၊ ဒကာမတို့ ဘာကိုမြင်ပါလိမ့် (ဖြစ်ပျက်ကို မြင်ပါတယ် ဘုရား)။

ခန္ဓာကိုယ်ထဲက ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက် လိုက် စိတ်ကလေးပေါ်လိုက် ပျက်သွားလိုက်၊ စိတ်ကလေး ပေါ်လိုက် ပျက်သွားလိုက် အဲဒီဖြစ်ပျက် မြင်တာသည် ၁ နံပါတ်ဉာဏ် (မှန်လှပါ ဘုရား)။ ဒီဉာဏ် ရင့်သွားတဲ့အခါကျ တော့ ဖြစ်ပျက်တွေ မြင်ဖန်များလာတော့ ဒကာ၊ ဒကာမတို့ ဖြစ်ပျက်ကလေးဟာ ဆတ်ခနဲ ရှုရင်းမတ္တ ပျောက်သွားတယ် (မှန်ပါ့ ဘုရား)။ ဒါဖြင့် ဖြစ်ပျက်ကလေး ဆုံးမသွားဘူးလား



www.burmeseclassic.com

www.burmeseclassic.com

(ဆုံးသွားပါတယ် ဘုရား)။ ဆုံးသွားတဲ့ဥစ္စာကို ဟောဒီ ဆုံးသွားလို့ရှိရင် ဒီဉာဏ်လာလို့ ဒီဉာဏ်က အဆုံးကိုမြင်တာပဲ (မှန်ပါ့ ဘုရား)။ ဒါ သောတာပတ္တိမဂ်ဉာဏ် ခေါ်တယ် (မှန်ပါ့ ဘုရား)။ အပါယ်လေးပါး တံခါးပိတ်တဲ့ဉာဏ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ အပါယ်လေးပါး တံခါးပိတ်တဲ့ ဉာဏ် ဘာမြင်ပါလိမ့် (ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်မြင်ပါတယ် ဘုရား)။ ဖြစ်ပျက်အဆုံးကို မြင်တယ် (မှန်ပါ့)။

သေသေချာချာမှတ်ပါ၊ အပါယ်လေးပါး တံခါးပိတ်တဲ့ ဉာဏ်က ဘာမြင်ပါလိမ့် (ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်မြင်ပါတယ်)။ ဩော်. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ဉာဏ်က ဘယ်နှဉာဏ် ရှိပါလိမ့် (နှစ်ဉာဏ်ပါ ဘုရား)။ ဖြစ်ပျက်မြင်တာက တစ်ဉာဏ် (မှန်ပါ့)။ ဦးခင်မောင် (မှန်လှပါ ဘုရား)။ ဖြစ်ပျက်တွေ ရှုရင်း မတ္တနဲ့ ပျောက်ဆုံးသွားပြီး နှစ်မိနစ်၊ သုံးမိနစ်၊ ငါးမိနစ်ကျ အောင် ဖြစ်ပျက်တွေဆုံးသွားတာ မြင်တဲ့ဉာဏ်ဟာ ဘာဉာဏ် တုံး (မဂ်ဉာဏ်ပါ ဘုရား)။ ဒါဖြင့် ရှေ့မဂ်ဉာဏ်၊ ဒါက နောက် မဂ်ဉာဏ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ ဘုရား)။

ရှေ့မဂ်ဉာဏ်က ဖြစ်ပျက်ကိုမြင်တယ် (မှန်ပါ့)။ နောက် မဂ်ဉာဏ်က (ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်မြင်ပါတယ်)။ ဖြစ်ပျက် အဆုံးကိုတော့ မြင်တယ် (မှန်ပါ့ ဘုရား)။

ဒကာ၊ ဒကာမတို့ အားမလျှော့နဲ့ ဘုန်းကြီးသည်ကား လို့ဆိုရင် အားလုံး သယ်ယူပို့ဆောင်ပြီး တင်ပို့နေတယ်။ အပါယ်လေးပါးမှ လွတ်ဖို့အရေး သံသရာစခန်း သတ်ဖို့ရာ အရေးကို ဦးမြရွှေတို့ ဦးဖံရင်တို့ ကယ်တင်နေတယ်နော် (မှန်လှပါ)။

အဲဒီတော့ ဒီနှစ်ဉာဏ်နဲ့သာ လုပ်ပါ။ ၁ နံပါတ်က ဘာမြင်တဲ့ ဉာဏ်ပါလိမ့် (ဖြစ်ပျက်မြင်တဲ့ဉာဏ်ပါ ဘုရား)။

သူ ရင့်ကျက်လာလို့ရှိရင် ၂ နံပါတ်ဉာဏ် ဖြစ်ပါလိမ့် မယ်တဲ့ (မှန်ပါ့)။ သူက ဘာမြင်ပါလိမ့် (ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန် မြင်ပါတယ်)။ ဖြစ်ပျက်အဆုံးမှာ ဘာပါလိမ့် (နိဗ္ဗာန်ပါ ဘုရား)။

ဩော်. . . ဦးခင်မောင် နိဗ္ဗာန်ဝေးသလား၊ နီးသလား (နီးပါတယ် ဘုရား)။

ဒကာဝ နီးတယ်နော် (မှန်ပါ့)။ နီးလျက်သားနဲ့ ဘယ့် နှယ်ကြောင့် ဝေးနေကြပါလို့မ့်မတုံးလို့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ မေးလို့ရှိရင်ဖြင့် ခုနက အဓိပတိသုံးပါး တစ်ပါး လိုနေတယ် (မှန်လှပါ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဦးဘအုန်း ဘာလိုပါလိမ့်ဗျာ (အဓိပတိသုံးပါး တစ်ပါး ပါး လိုပါတယ် ဘုရား)။

အဲ. . . တစ်ပါးပါးနဲ့သာ ကြိုးစားလို့ရှိရင် သွက္ခာတော ဘဂဝတော ဓမ္မော သန္ဒိဋ္ဌိကော မြတ်စွာဘုရားက အနိစ္စရှိ တယ်လို့ ဟောထားတယ်။ ခန္ဓာကိုယ်ထဲမှာ (မှန်ပါ့ ဘုရား)။

မင်းတို့ ခန္ဓာကိုယ်တစ်ခုလုံးဟာ အနိစ္စချည်းပဲလို့ ဒကာဝ မဟောဘူးလား (ဟောပါတယ် ဘုရား)။ ဦးခင်မောင် မဟောဘူးလား (ဟောပါတယ် ဘုရား)။

ဒါ ဘယ်သူက ဟောတာတုံး (ဘုရားက ဟောတာ ပါ)။ အဲ. . . သွက္ခာတော ဘဂဝတော ဓမ္မော၊ ဘဂဝတော - မြတ်စွာဘုရားသခင်သည်၊ ဓမ္မော - တရားတော်ကို၊ သွက္ခာ တော - ဖြစ်ပျက်ရှိတယ်လို့ ကောင်းစွာဟောထားတယ် (မှန် ပါ့)။ မဟောဘူးလား (ဟောပါတယ် ဘုရား)။

အဲဒီလို ဟောထားတာကို ဒကာ၊ ဒကာမတွေက တရားတော် မယုံတဲ့အတွက် မမြင်တာဘဲ (မှန်ပါ့ ဘုရား)။

ဩော်. . . ကောင်းစွာဟောထားတဲ့ တရား ငါ အကြည့်ညံ့လို့သာ မမြင်တာဖြစ်ရမယ် ဆိုပြီးသကာလ သန္ဒိ ဋ္ဌိကော ကိုယ်တိုင်မြင်အောင် ကြည့်မယ်ဆိုပြီး ဝီရိယသာ စိုက်ကြည့်လိုက်လို့ရှိရင် ၁-နံပါတ် မဂ်ရရမယ် (မှန်ပါ့)။ မရပေ ဘူးလား (ရပါတယ် ဘုရား)။

ဘယ်မဂ်ရကြမယ် (၁-နံပါတ် မဂ်ရပါမယ်)။ ၁-နံပါတ် မဂ်ရရမယ် (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘာမှမပူနဲ့တဲ့။ ဖြစ်ပျက်ဆိုတဲ့ ဥစ္စာ အနိစ္စရှိတာ ကြည့်ရတာလား၊ မရှိတာ ကြည့်ရတာလား (ရှိတာ ကြည့်ရတာပါ ဘုရား)။

ရှိတာကြည့်ရင် ရှိတာတော့ဖြင့် သိမှာပေါ့ (မှန်ပါ့)။ ဒါဖြင့် ရှိတာက အနိစ္စ၊ သိတာက ဝိပဿနာမဂ္ဂ (မှန်ပါ့)။ ရှိတာက (အနိစ္စပါ)။ သိတာက (ဝိပဿနာမဂ္ဂပါ)။ အဲဒါ ရင့်အောင်လုပ်လိုက် ဒကာ၊ ဒကာမတွေ။ ဒါ ရင့်အောင်လုပ် လိုက်၊ ဒါ ရင့်အောင်လုပ်လိုက်ပါတဲ့။

ဒါ ရင့်အောင်လုပ်ဆိုတော့ ဘယ်လိုလုပ်ရမှာတုံးဘုရား ပြောစမ်းပါဦး။ အို. . . ဘုန်းကြီးတို့ ဒကာ၊ ဒကာမတို့ ဒါ ရင့်အောင်လုပ်တဲ့ဥစ္စာ ဒါကိုဖြစ်ပျက် ဖြစ်ပျက်နဲ့၊ ဖြစ်ပျက်နဲ့ ဒီမဂ်နဲ့သာ မြင်နေအောင်၊ ကိုက်နေအောင် လုပ်လို့ရှိရင် သူ့ ဟာသူ ရင့်လာတာပဲ (မှန်လှပါ ဘုရား)။

မြင်ဖန်များတော့ ဘာဖြစ်လာသလဲ (သူ့ဟာသူ ရင့် လာပါတယ် ဘုရား)။

သူ့ဟာသူ ရင့်လာတဲ့အခါကျလို့ရှိရင်ဖြင့် ရင့်လာတဲ့ အခါကျတော့ ဖြစ်ပျက်မြင်ပြီး ဖြစ်ပျက်မှန်သွားလိမ့်မယ် (မှန်ပါ့)။ မှန်းသည်နှင့်တစ်ပြိုင်နက်တည်း ဒီဟာက ဆုံးသွား မယ် (မှန်ပါ့)။

အဲဒီအဆုံး ဒီကလည်း ဆုံးပါရော ဒီမဂ်ပေါ်လာတယ် (မှန်ပါ့)။ သောတာပတ္တိမဂ် ပေါ်လာတယ်။ ဒကာ၊ ဒကာမတို့ ဘာပေါ်လာပါလိမ့် (သောတာပတ္တိမဂ် ပေါ်လာပါတယ် ဘုရား)။

အင်း. . . သူပေါ်လာတော့ ဘာမြင်ပါလိမ့် (နိဗ္ဗာန် မြင်ပါတယ်)။ ဖြစ်ပျက်အဆုံးကို မြင်တယ် (မှန်ပါ့)။ သဘော ကျပလား (ကျပါပြီ ဘုရား)။ ဘာမြင်ပါလိမ့် (ဖြစ်ပျက်အဆုံး



www.burmeseclassic.com

www.burmeseclassic.com

မြင်ပါတယ်)။ ဒါဖြင့် ဖြစ်ပျက်မြင်တာ ဝိပဿနာမဂ် (မှန်ပါ့)။ ဖြစ်ပျက်အဆုံး မြင်တာက သောတာပတ္တိမဂ် (မှန်ပါ့)။ ရှင်းသလား (ရှင်းပါပြီ)။

ဖြစ်ပျက်မြင်တာက (ဝိပဿနာမဂ်ပါ)။ ဖြစ်ပျက်အဆုံး မြင်တာက (သောတာပတ္တိမဂ်ပါ)။ ဒါဖြင့်ဗျာ ဒီနှစ်ဉာဏ်တည်းနဲ့ ဦးခင်မောင် ကြိုးစားလိုက်မယ်ဆိုလို့ရှိရင် မရပေဘူးလား (ရပါတယ် ဘုရား)။

အကယ်၍ မရခဲ့သော် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ ခုနက အဲမိပတိသုံးပါးရှိတယ် (မှန်ပါ့)။ တစ်ပါးပါးချို့နေလို့ (မှန်ပါ့)။ တစ်ပါးပါးအောင်ရင် မြင်ရမယ် (မှန်ပါ့ ဘုရား)။

သုံးပါးစလုံးတော့ မဟုတ်ပါဘူး။ တစ်ပါးပါးအောင်ရင် (မြင်ရပါတယ် ဘုရား)။ ဩော်. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ မြတ်စွာဘုရား ကောင်းစွာဟောထားတာ ကျုပ်တို့ မမြင်တာသည် ကျုပ်တို့ တရားမလေးစားလို့ မမြင်တာ (မှန်လှပါ ဘုရား)။

ဦးခင်မောင် ဘယ်လိုဆုံးဖြတ်ချက် ချမလဲ (တရားလေးစားလို့ မမြင်တာပါ ဘုရား)။ ဒကာ၊ ဒကာမတွေ ယနေ့ဟောတဲ့တရားသည် ပါဠိတော်လွတ်ပြီးသကာလ၊ တရားဟောတာ လွတ်ပြီးသကာလ ဟောတာမဟုတ်ဘူးနော် (မှန်ပါ့ဘုရား)။ ဒီနှစ်ဉာဏ်နဲ့ ဟောထားတာက ပါဠိတော်က သုသိမပရိဗိုဇ်မှာ ဦးခင်မောင် သေသေချာချာရှိတယ် (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် သုသိမပရိဗိုဇ်ကိုပဲ ရှင်းကြပါစို့ ဦးခင်မောင်နော် (မှန်ပါ့)။ ဒကာ၊ ဒကာမတို့ သုသိမပရိဗိုဇ်ကို မမေ့ကြနဲ့နော် (မှန်ပါ့ ဘုရား)။

ကိုင်း. . . ဒါဖြင့် သုသိမပရိဗိုဇ်ကိုပဲ ရှင်းကြပါစို့ ဦးခင်မောင်နော် (မှန်ပါ့)။ ဒကာ၊ ဒကာမတို့ သုသိမပရိဗိုဇ်ကို မမေ့ကြနဲ့နော် (မှန်ပါ့ ဘုရား)။

သုသိမပရိဗိုဇ်က တောထဲက ကြွလာတဲ့ ဝါတွင်းသုံးလအတွင်း အားထုတ်ပြီး ရဟန္တာတွေ ဖြစ်ပြီးလာတဲ့ပုဂ္ဂိုလ်တွေ အရှင်ဘုရားတို့ အရဟတ္တမဂ် အရဟတ္တဖိုလ် ရတယ်မဟုတ်လားတဲ့ အေး. . . ရတယ်ကွာ။

ရလို့ရှိရင် ကောင်းကင်ပျံပြီး မြေလျှိုးနိုင်ရဲ့လား။ သူတစ်ပါးရဲ့စိတ်ကို သိပါရဲ့လားတဲ့။ ဦးခင်မောင် သူဘာတွေမေးနေတာတုံး (သမထစျာန် မေးနေတာပါ)။ လိုရင်းဟုတ်ရဲ့လား (မဟုတ်ပါ ဘုရား)။

အရှင်ဘုရားတို့ နိဗ္ဗာန်မြင်ရဲ့လား မေးလိုက်ရင်လည်း ကိုယ်တော်တွေက မြင်တယ်ပြောမှာပဲ (မှန်လှပါ ဘုရား)။

ကောင်းကင်ပျံနိုင်ရဲ့လား၊ မြေလျှိုးနိုင်ရဲ့လား၊ သူတစ်ပါးစိတ် သိပါရဲ့လား၊ ရေပေါ်ထိုင်လျက် သွားနိုင်ပါရဲ့လား၊ ဒီအတိုင်းလျှိုးပြီး သွားနိုင်ပါရဲ့လားဆိုတော့ ဘာတွေမေးတာတုံး (ဈာန်လမ်းမေးတာပါ)။

အဲဒီတော့ ဟိုကိုယ်တော်တွေက ဘယ့်နှယ်ဖြေလိုက်တယ် ဆိုတာကလေး ယနေ့တော့ဖြင့် ဒကာ၊ ဒကာမတို့ ကောင်းကောင်းရှင်းပါလိမ့်မယ် (မှန်ပါ့ ဘုရား)။

တို့ဟာ ဒီနှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရလာတယ် (မှန်ပါ့)။ ပေါ်ပြီ (ပေါ်ပါပြီ)။ မပေါ်သေးဘူးလား (ပေါ်ပါပြီ ဘုရား)။ ဘယ်နှဉာဏ်နဲ့ နိဗ္ဗာန်ရသလဲ (ဒီနှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရပါတယ်)။ ဒီနှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရလာတယ်ဆိုတော့ ဒီနှစ်ဉာဏ်မှာလည်း ပညာပြဋ္ဌာန်းတာပဲ။ ဒီဘက်ဉာဏ်မှာကော (ပညာပြဋ္ဌာန်းပါတယ် ဘုရား)။

အဲဒါကြောင့် သူတို့က ဖြေလိုက်တယ်။ ပညာ ဝိမုတ္တာမယံ သုသိမ တဲ့။ သုသိမ - သုသိမပရိဗိုဇ်၊ မယံ - ငါတို့သည်၊ ပညာ ဝိမုတ္တာ - ပညာနဲ့ နိဗ္ဗာန်ကို မြင်လာကြ၏။ (သို့မဟုတ်) ကိလေသာမှ လွတ်လာ၏ဆိုတော့ ဒကာ၊ ဒကာမ ပညာနဲ့ လွတ်လာတာ (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ ဝိပဿနာပညာ၊ မဂ်ပညာ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ဘာနဲ့ လုပ်လာတာလဲ (ဝိပဿနာပညာ၊ မဂ်ပညာနဲ့ လွတ်လာတာပါ) ဝိပဿနာပညာ၊ မဂ်ပညာနဲ့ ကျုပ်တို့ထက် နိဗ္ဗာန်ကို ရောက်ခဲ့ပါတယ် (သို့မဟုတ်) ကိလေသာ ချုပ်ငြိမ်းခဲ့ပါတယ်ဆိုတော့ သူဟာ အဖြေမတည့်ဘူးလား (တည့်ပါတယ် ဘုရား)။ သို့သော် ဘာမှ အခံမပါတဲ့ပုဂ္ဂိုလ် သုသိမပရိဗိုဇ်က တရားအခိုးလာတဲ့လူ၊ သူက အိတ်ဆောင်ဆိုတာလဲ နဂိုက ဘာမှ ရှင်းရှင်းလင်းလင်း ပါခဲ့သူမဟုတ်တော့ ကျေကျေနပ်နပ်ပဲ ဖြစ်သွားသလား၊ မကျေမနပ် ဖြစ်နေသလား ဦးခင်မောင်ရ (မကျေမနပ် ဖြစ်နေပါတယ် ဘုရား)။

သုသိမက ကျေနပ်ရဲ့လား ဒကာ၊ ဒကာမတို့ (မကျေနပ်ပါ ဘုရား)။ မကျေနပ်ဘူးတဲ့ (မှန်ပါ့)။ အဲဒီတော့ အရှင်ဘုရားတို့ အရှင်ဘုရားတို့က ဝိပဿနာပညာ၊ မဂ်ပညာနဲ့ ကိလေသာမှ လွတ်လာတယ်။ ကိလေသာလွတ်ငြိမ်းတဲ့ နိဗ္ဗာန်ရောက်ခဲ့ပါတယ်။ ကိလေသာမှ လွတ်ပါတယ်လို့ ပြောတော့ အင်မတန် ကျဉ်းလွန်းလှပါတယ် ဘုရား အဖြေဟာ၊ အကျယ်တဝင့်ကလေး ဖြေစမ်းပါဦး။

ကိုမြရွှေ ဘယ့်နှယ်တောင်းပန်မတုံး (အကျယ်တဝင့်ကလေး ဖြေစမ်းပါဦး)။ အကျယ်တဝင့် တပည့်တော်ဖို့ ဖြေစမ်းပါဦးဆိုတော့ ကိုယ်တော်က ဖြေရှာပါတယ် ဦးခင်မောင်ရ (မှန်လှပါ ဘုရား)။

သုသိမတဲ့၊ သုသိမ မယံ နိဗ္ဗာနကာ သုက္ခ ဝိပဿကာ နိဗ္ဗာနကာ၊ တို့ ဈာန်လမ်းမပါဘူးကွ။ သုက္ခဝိပဿကာ ဈာန်ကို ချောက်ပြီးတော့ နေပါတယ်။ ဈာန်ချောက်တယ်ဆိုတာ၊ ဈာန်မပါဘူးဆိုတာ (မှန်ပါ့ ဘုရား)။ ဝိပဿနာ မတွေ့နေဝ ဝိမုတ္တာ၊ ဝိပဿနာဉာဏ်နဲ့ တို့ကိလေသာမှလွတ်ပြီး နိဗ္ဗာန်မြင့်တာပါကွာ ဆိုတော့ ဦးခင်မောင် မရှင်းသေးဘူးလား (ရှင်းပါတယ် ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

ဈာန်ပါသတဲ့လား (မပါပါ ဘုရား)။ ဈာန်မပါတဲ့လမ်းနဲ့ တို့က ဝိပဿနာဉာဏ်နဲ့ပဲ နိဗ္ဗာန်မြင်သွားတာပါကွာလို့ အကျယ်ဖြေလိုက်တယ် (မှန်ပါ့ ဘုရား)။ ဦးဝ ကျေနပ်ပလား (ကျေနပ်ပါပြီ ဘုရား)။

ဘယ်လိုပင် ဖြေငြားသော်လည်း ဒကာ၊ ဒကာမတွေ စဉ်းစား၊ ဘာမှ အခံမပါတဲ့ ပုဂ္ဂိုလ်ဟာ အဖြေမှန်ကိုမသိဘူး (မှန်ပါ့ ဘုရား)။ ဒကာသစ် ဘာတဲ့တုံး (ဘာမှ မခံမပါတဲ့ ပုဂ္ဂိုလ်ဟာ အဖြေမှန် မသိပါဘုရား)။ ဦးဇံရင်တို့၊ ကိုမြရွှေတို့ ဘာမှအခြေခံ မပါတော့ အဖြေမှန်သိပါရဲ့လား (မသိပါ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက တော့ ဩော်. . . ဒီနှစ်ဉာဏ်နဲ့ ရတယ်ဆိုတာ ကျေနပ်ပလား၊ (ကျေနပ်ပါပြီ)။ ကဲ. . . သုသိမထက် အများကြီးသာပြီ (မှန်ပါ့)။

ရှေ့ပိုင်းက ဖြစ်ပျက်မြင်တာက ဘာဉာဏ် (ဝိပဿနာဉာဏ်ပါ ဘုရား)။ ဖြစ်ပျက်အဆုံးမြင်တာက (မဂ်ဉာဏ်ပါ ဘုရား)။ မဂ်ဉာဏ်ဆိုတော့ ဒီနှစ်ဉာဏ်နဲ့ သူတို့ ရဟန္တာဖြစ်လာကြတာ (မှန်ပါ့)။ ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒီနှစ်ဉာဏ်နဲ့ ဘာဖြစ်လာသတုံး (ရဟန္တာ ဖြစ်လာပါတယ်)။ ရဟန္တာဖြစ်လာတယ်ဆိုတော့ ဩော်. . . ရဟန္တာကြီးတွေက ဖြေတာလား၊ သူများက ဖြေတာလား (ရဟန္တာကြီးတွေက ဖြေတာပါ ဘုရား)။ ရဟန္တာကြီးတွေက ဖြေတာဖြစ်နေတော့ ကိုမြရွှေတို့၊ ဦးဇံရင်တို့ ကျုပ်တို့က သံသယရှိဖို့ လိုသေးသလား (မလိုပါ ဘုရား)။ မလိုတော့ပါဘူး။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေလည်း ရှေ့ပိုင်းက ဝိပဿနာဉာဏ်နဲ့ ဖြစ်ပျက်မြင်အောင် လုပ်ပါ (မှန်ပါ့)။ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာဉာဏ် ရရှိလာလို့ရှိရင်ဖြင့် ဖြစ်ပျက်တွေ ဆုံးသွားတဲ့ နိဗ္ဗာန်ကိုလည်း နောက်ဉာဏ်က မြင်ပါလိမ့်မယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ ဉာဏ်စဉ်သိပ်များပါ ကလားလို့မေးရင် ဘယ့်နှယ်ပြောကြမလဲ (မများပါ ဘုရား)။ ရှုဉာဏ်၊ သိဉာဏ် ဒါပဲရှိတယ် (မှန်ပါ့)။

ဒီပြင်ဉာဏ်တွေဟာ ဝိပဿနာဉာဏ်ထဲ အကုန်ဝင်တာပဲ (မှန်ပါ့ ဘုရား)။ အပြစ်မြင်တယ်၊ အပျက်မြင်တယ်၊ အပျက်မုန်းတယ်၊ အပျက်ဆုံးတယ်၊ အပျက်ငြီးငွေ့တယ်၊ အပျက်လျစ်လျူရှုတယ် ဆိုတာ ဒီဉာဏ်ထဲ အကုန်ဝင်တာပဲ (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါပြီ)။

ဒီဉာဏ်ထဲ အကုန်ဝင်တာပဲလို့ ဆုံးဖြတ်ချက်ချ (မှန်လှပါ ဘုရား)။ အင်း. . . ဉာဏ်စဉ် ၁၆ ပါးတို့ ဘာတို့ဆိုတာ ရှည်နေတာ။ အခု သေသေချာချာ ရဟန္တာကြီးတွေက ဟောတာကတော့ နှစ်ဉာဏ်နဲ့ တက်ခဲ့တယ်ပြောတာ (မှန်ပါ့ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

အခု ရဟန္တာကြီးတွေက ဘယ်နှဉာဏ်နဲ့တဲ့လဲ (နှစ်ဉာဏ်နဲ့ပါ ဘုရား)။ နှစ်ဉာဏ်တက်ပြီး နိဗ္ဗာန်မြင်ပါတယ်လို့ သေသေချာချာ ဖြေပါတယ် (မှန်ပါ့)။ ကျေနပ်ကြပလား (ကျေနပ်ပါပြီ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့လည်း ဘယ်ဉာဏ် ဘယ်ဉာဏ် လုပ်မနေနဲ့၊ ဖြစ်ပျက်မြင်ရင် ဝိပဿနာဉာဏ်ပဲ (မှန်ပါ့)။ ရှုရင်းမတ္တနဲ့ ဖြစ်ပျက်တွေဆုံးသွားလို့ အဆုံးကိုမြင်လို့ရှိရင် ဘာဆိုကြမယ် (မဂ်ဉာဏ်ပါဘုရား)။

မဂ်ဉာဏ်ပဲ၊ တော်ပြီ၊ ဒီလောက် ဆိုလို့ရှိရင် ခင်ဗျားတို့ ကြိုးစားသာ ကြိုးစားကြပါ (မှန်ပါ့)။

အဲဒီမဂ်ဉာဏ် ရသွားလို့ရှိရင် ခင်ဗျားတို့ ဘာမှမပူနဲ့တော့။ ဘာမှမပူနဲ့၊ အပါယ်လေးပါးဆို၊ ဘ ကိုယ့်ဟာကိုယ် သိပြီ။ ငါ အပါယ်လေးပါး မရောက်ဘူး။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တဲ့၊ ငါ မရောက်တော့ဘူး (မှန်ပါ့)။ အနူ၊ အရူး၊ အဝ မဖြစ်တော့ဘူး။ မိစ္ဆာဒိဋ္ဌိမျိုး မဖြစ်တော့ဘူး (မှန်ပါ့)။ မိစ္ဆာဒိဋ္ဌိနတ်မျိုး၊ မိစ္ဆာဒိဋ္ဌိဗြဟ္မာမျိုးလည်း မဖြစ်တော့ဘူး (မှန်ပါ့ ဘုရား)။

အထက်မဂ်တွေကို သူ့ဟာသူ တစ်ခါတည်း တက်ပြီး သကာလ နိဗ္ဗာန်သာ သွားတော့မှာပဲဆိုတာ မှတ်လိုက်တော့ (မှန်လှပါ ဘုရား)။ ဒါ ပူစရာရှိသေးရဲ့လား (မရှိပါ ဘုရား)။

ဒါဖြင့် ဘုန်းကြီးကလည်း နည်းကောင်းပြတယ်။ ပါဠိတော်လည်း သေသေချာချာ ပြပြန်တော့ ဘာမှ ဘုန်းကြီး အပေါ်လည်း သံသယမရှိနဲ့၊ ဘုရားအပေါ်လည်း သံသယမရှိနဲ့၊ ဟို ရဟန္တာကြီးတွေကလည်း ဒီအတိုင်းပြောတာပဲ။ နောက် ဘုရားကလည်း တာဝန်ခံတာ လာပါလိမ့်ဦးမယ်နော် (မှန်ပါ့ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဘုရားဟောတဲ့အတိုင်း ဘုန်းကြီးပြောတဲ့အတိုင်း ၁-နံပါတ် ဝိပဿနာဉာဏ်နဲ့ ဖြစ်ပျက်မြင်ဖို့ အရေးဟာ ခင်ဗျားတို့အရေး (မှန်ပါ့)။ ရင့်လာဖို့အရေးဟာလည်း ခင်ဗျားတို့ ပွားများမှု များလို့ရှိရင် ဘာဖြစ်မတုံး (ရင့်လာပါတယ် ဘုရား)။ ရင့်လာရင် ဒီဉာဏ်ပျောက်ပြီး နောက်ဉာဏ်ပေါ်မယ် (မှန်ပါ့)။

နောက်ဉာဏ်က ဘာကိုမြင်မယ် ထင်သတုံး (ဖြစ်ပျက်အဆုံးမြင်ပါတယ်)။ ဖြစ်ပျက်အဆုံးဆိုတော့ ခန္ဓာပါ ပျောက်သွားလိမ့်မယ် (မှန်ပါ့ ဘုရား)။ ခန္ဓာတစ်ကိုယ်လုံးဟာ ဖြစ်ပျက်ကိုး (မှန်ပါ့ ဘုရား)။

အဲဒီခန္ဓာကြီးပါ ပျောက်သွားပြီးသကာလ နိဗ္ဗာန်မြင်ပါလိမ့်မယ် (မှန်လှပါ ဘုရား)။ ကိုင်း ဒကာ၊ ဒကာမတို့ ယနေ့ ညတရားဖြင့် မြင်ပုံနှစ်ခု ထူးခြားပလား (ထူးခြားပါပြီ ဘုရား)။

ဝိပဿနာဉာဏ်က ဘာမြင်မလဲ (နိဗ္ဗာန်မြင်ပါမယ်)။ ဖြစ်ပျက်တွေ မမြင်ဘဲနဲ့ ဖြစ်ပျက်မရှိတာကို မြင်တယ် (မှန်ပါ့)။ သဘောပါပလား (ပါပါပြီ ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

အို . . . တယ်အဖိုးတန်ပါကလား၊ တို့ နိဗ္ဗာန်ဟာ အဝေးကြီးလား မှတ်နေတယ်၊ နှစ်ဉာဏ်နဲ့ ဆက်လိုက်လည်း ကိစ္စပြီးတာပဲ ဆိုတာကော ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။

ဒါနဲ့ သုသိမက အရှင်ဘုရားတို့ . . . အရှင်ဘုရားတို့က ပညာနဲ့ ကိလေသာမှ လွတ်လာတယ်ဆိုလို့တော့ အရှင်ဘုရားတို့က ဈာန်လည်းမပါဘူး။ ဈာန်ချော်ကပြီးသကာလ ဝိပဿနာကျက်ကနေပြီး မဂ်ဉာဏ်တက်ပြီး နိဗ္ဗာန်မြင်တာပါပဲလို့ အရှင်ဘုရားတို့ပြောတာ ကျဉ်းလွန်းပါတယ်ဆိုတော့ ဒီလောက် အကျယ်ပြောတာတောင် ကျဉ်းနေသေးတော့ သုသိမတဲ့ မင်း နားလည်ချင်လည်းလည်တော့၊ မလည်ချင်လည်း နေတော့ တို့ဖြင့် ဈာန်မပါဘဲနဲ့ နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်တဲ့ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ)။

ဈာန်မပါဘဲနဲ့ (နိဗ္ဗာန်ရောက်ခဲ့ပါတယ်)။ နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်၊ ဈာန်မပါလဲနဲ့ (နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်ခဲ့တယ် ဘုရား)။

ကိုယ်တော်တွေက မင်းနားလည်ချင်လည်း လည်တော့၊ မလည်ချင်လည်း နေတော့လို့ ဦးခင်မောင် ဒီစကားထွက်လာတယ် (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ရဟန္တာကြီးတွေ ဖြစ်ပါလျက်သားနဲ့ ဒီစကား ထွက်ရပါလိမ့်မတုံးလို့ဆိုတော့ သူတို့က သိတယ်။ ဪ . . . သုသိမတို့ ဘယ်လိုပင်ဖြေကြားသော်လည်း သူနားလည်နိုင်တဲ့ ဉာဏ်စွမ်းမရှိဘူးလို့ သိတယ် (မှန်ပါ့ ဘုရား)။

ဒါကြောင့် မင်းနားလည်ချင်လည်း လည်တော့၊ မလည်ချင်လည်း နေတော့၊ တို့တော့ဖြင့် နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်ခဲ့တာပဲ (မှန်ပါ့ ဘုရား)။

ဒကာ၊ ဒကာမတွေ ဘယ်လိုမှတ်ကြမယ် (နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်ပါတယ် ဘုရား)။ နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်ခဲ့ကြတယ်ဆိုတာ သေသေချာချာ ဖြေပါတယ် (မှန်ပါ့ ဘုရား)။

ဒါနဲ့ ဒကာ၊ ဒကာမတို့ သုသိမပရိဗိုဇ်က ကျေနပ်ရဲ့လား (မကျေနပ်ပါ ဘုရား)။ မကျေနပ်တော့ ဘုရားဆီ သွားတယ် (မှန်ပါ့ ဘုရား)။

မကျေနပ်တော့ ဘယ်သွားပါလိမ့် (ဘုရားဆီသွားပါတယ် ဘုရား)။

မကျေနပ်တော့ ဘုရားဆီသွားတယ်။ ဘုရားဆီသွားပြီး အရှင်ဘုရားတဲ့ တပည့်တော်ဟာ အရှင်ဘုရားဆီက 'ခီဏာဇာတိ ဝသိတံ ဗြဟ္မစရိယံ ကတံကရဏီယံ နာပရံ့ဣတ္ထတ္တာယာတိ ပဇာနာတိ' လို့ သူတို့က ပြောကြပါတယ်။ ဒါဟာ အရဟတ္တဖိုလ်ရတဲ့ ပုဂ္ဂိုလ်တွေလို့ ပြောပါတယ်။

အရဟတ္တဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုမြင်တဲ့ ပုဂ္ဂိုလ်တွေ ပြောနေနေဖို့ မလိုတော့ဘူးလို့ ပြောတော့ တပည့်တော်က မေးတယ်။ အရှင်ဘုရားတို့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဉာဏ် ရတယ်ဆိုလို့ရှိရင် အရှင်ဘုရားတို့ ကောင်းကင်ပျံနိုင်ရဲ့လား၊ မြေလျှိုးနိုင်ရဲ့လား၊ သူတစ်ပါးစိတ်ကို သိရဲ့လား ဆိုတာတွေ တပည့်တော်က သွားမေးတယ်။

မေးတော့ သူတို့က ဒါတွေ မဖြေဘဲနဲ့ ပညာ နှစ်ဉာဏ်နဲ့ ကိလေသာမှလွတ်တဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်လို့ ဖြေတော့ တပည့်တော် နားမလည်ဘူး။

ဦးခင်မောင် နားလည်တယ်ပြောသလား (နားမလည်ဘူး ပြောပါတယ်)။ အဖြေကတော့ ကုန်နေပြီနော် (မှန်ပါ့ ဘုရား)။

အားလုံး နောက်က ဒကာ၊ ဒကာမတွေ အဖြေက ဘယ့်နှယ်ဖြစ်နေသလဲ (ကုန်နေပါတယ် ဘုရား)။

အဖြေက ကုန်နေပြီ။ အဖြေက ဒီ့ပြင်လဲ ပြောစရာ ရှိသေးရဲ့လား (မရှိပါ ဘုရား)။ အဲဒါကို သူက ဘယ့်နှယ်ဖြစ်နေသလဲ (နားမလည်ပါ ဘုရား)။

နားမလည်တော့ ဘုရားဆိုတော့ ဒကာသစ်တို့ မောင်မြတို့သာ ရိပ်မိတာပေါ့။ ဪ . . . ဒီကောင် ခက်သေးတယ်။ သမထလမ်း၊ ဝိပဿနာလမ်းမှ သူက မရှင်းဘဲကိုး (မှန်ပါ့ ဘုရား)။

ဒါကြောင့် ဘုရားတဲ့ သုသိမက ဘုရားကတော့ သူ မရှင်းဘူးဆိုတာ သိပြီးပြီနော် (မှန်ပါ့ ဘုရား)။ သိပြီးတဲ့အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သုသိမ မင်းက နားမလည်ဘူး။ နားမလည်တော့ ငါ ရှင်းပေးပါဦးမယ်ဆိုတဲ့ အဓိပ္ပာယ် မင်းလာလျှောက်တာပဲ။

ဟုတ်ပါတယ် ဘုရား၊ တပည့်တော်ကို ရှင်းပေးစမ်းပါဦးတဲ့ (မှန်ပါ့ ဘုရား)။ သူကတော့ ခိုးဖို့နော်၊ ခိုးဖို့လာတာ မှတ်ယူသွားမှာပဲ၊ တကယ်ကျင့်မယ့်လူကော ဟုတ်ရဲ့လား (မဟုတ်ပါ ဘုရား)။

ကျင့်မည့်လူ မဟုတ်ဘူး။ သူ့ တရားသူခိုးအဖြစ်နဲ့ ဝင်လာတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ် (မှန်လှပါ ဘုရား)။

ဒါနဲ့ သုသိမတဲ့၊ ငါဟောမယ် မင်းနားထောင်ဆိုပြီးတော့ ဟို ကိုယ်တော်တွေအတိုင်းပဲ ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ ပစ္ဆာ နိဗ္ဗာနေဉာဏံ။ ပုဗ္ဗေ - ရှေးအခါကလည်း၊ ဓမ္မဋ္ဌိတိဉာဏံ - ဝိပဿနာဉာဏ်သည်၊ ဟောတိ - ဖြစ်၏၊ ရှေ့က ဝိပဿနာဉာဏ်ဖြစ်တယ် (မှန်ပါ့ ဘုရား)။ ပစ္ဆာနိဗ္ဗာနေဉာဏံ၊ နောက်ဉာဏ်က နိဗ္ဗာန်မြင်တဲ့ဉာဏ်ပဲ (မှန်ပါ့ ဘုရား)။ ဘုရားက ဖြေလိုက်ပြန်တယ် (မှန်လှပါ ဘုရား)။

(ဆက်ရန်)

**ဓမ္မဒါန**

□



www.burmeseclassic.com

www.burmeseclassic.com



# နွားသားမစား အရေးတော်ပုံ

ဆင်ဖြူကျွန်းအောင်သိန်း



www.burmeseclassic.com

www.burmeseclassic.com

၁၂၄၇ ခုနှစ်တွင် မြန်မာနိုင်ငံ အထက်ပိုင်းကို လူမျိုးခြားတို့ သိမ်းပိုက်ပြီးချိန် ဖြစ်သည်။ ထိုအခါ လူမျိုးခြားစစ်သားတို့သည် တွေ့မြင်သမျှ ကျွဲနွားတို့ကို သေနတ်ဖြင့် ပစ်ခတ်သတ်ပြီး စားကြကုန်၏။

"သတ်စား၊ ဖြတ်စား၊ ပြုစား တတ်မှ လူတွင်မိုက်လ လူ့ဟာလတည်း" ဟူသည့်အတိုင်း သတ်ဖြတ်စားသောက်နေကြသော ယင်းလူမျိုးခြားတို့ကြောင့် နွားသတ္တဝါတို့ စည်းမဲ့ကမ်းမဲ့ပျက်စီးနေကြသည်ကို လယ်တီဆရာတော်သည် အလွန်သနားတော်မူ၏။

သို့ဖြစ်သောကြောင့် ဆရာတော်သည် ထိုအချိန်ကပင် နွားသားရှောင်ကြဉ်ရေးအတွက် နွားမေတ္တာစာကို ရေးသား ဖြန့်ဝေခဲ့ဖူးလေသည်။ တိုင်းခန်းလှည့်လည် တရားဟောချိန်တွင်လည်း သက်သတ်လွတ် ကျင့်သုံးရေးတို့ကို ထည့်သွင်းဟောတော်မူ၏။ ထို့နောက် ဂေါဏမံသ ဒီပနီကျမ်းကို စီရင်ရေးသားတော်မူခဲ့သည်။

ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးသည် "မာတာပိတု၊ ဗန္ဓုဉာတိ၊ ချစ်အလား၊ ထိုကျွဲနွားကို၊ လုပ်စားအတူ၊ ...နှင့်တကွ၊ ကိစ္စဆောင်ရွက်၊ သက်မွေး...ဖြင့်၊ ဆက်ဆက်စင်စစ်၊ စိတ်ရင်းဖြစ်...၊ လူသာမဟုတ်၊ အယုတ်တိရစ္ဆာန်၊ ...နှန်ဆောင်ဘိ၊ ဟတ္ထိ အဿ၊ ဂေါဏ...သာ၊ စသည်မှာလည်း၊ ပျိုခဲစေစား၊ ...ရှား၍၊ စွန့်ထားပယ်ကာ၊ မပြုရာ...။" ဟု မဃဒေဝလင်္ကာသစ်၌ ဖွဲ့ဆို...ပေး ရေးသားတော်မူခဲ့သည်။

ထို့အတူပင် လယ်တီဆရာတော်...သည်း နွားမေတ္တာစာတွင် ကျွဲနွား...သည် လူတို့၏ကျေးဇူးရှင် မိတ်ဆွေ...တို့ကို "မိဘနှင့်ဆရာ၊ ဉာတကာ တစ်စု၊ ကျေးဇူးပြုစီးပွားဖက်၊ ခြောက်ဦးသား အနက်ဝယ်၊ တစ်သက်နှင့်တစ်ကိုယ်၊ မပျက်ဘူးအလိုနှင့်၊ ဗြဟ္မစိုရ်တရား၊ လက်မကွာထားနိုင်မှ၊ စီးပွားဟောင်းမပျက်၊ စီးပွားသစ်တိုးတက်၍၊ ချမ်းသာသက်ရှည်ရာသည်" ဟူ၍ရေးခဲ့သည်။

တစ်ဖန် ကျွဲ၊ နွား စသည်တို့ကို ကရုဏာကင်းမဲ့စွာ သတ်ဖြတ်ရောင်းဝယ် စားသောက်နေကြသူများ အပါယ်သို့ လားနိုင်ရောက်နိုင်ကြောင်းကိုလည်း ရေးသားတော်မူခဲ့သည်မှာ ဤသို့ဖြစ်ပေ၏။

"ငရဲခွေးအစား၊ လူ့ဒုဿီပြိတ္တာတို့ မာန်မိစ္ဆာယှဉ်ပူး၍၊ ကျေးဇူးပြု စီးပွားဖက်၊ မြန်မာ့နွယ်အဆက်၊ ကမ္မာကံဖက်ခဲ့၍၊ အသက်၏သဏ္ဍာန်၊ မိတ်စစ်ရင်းမှန်လှသော၊ တိရစ္ဆာန်ကျွဲနွားကို၊ သားမယားမွေးမှုနှင့်၊ ကရုဏာမကပ်ဘဲ၊သတ်ဖြတ်၍ရောင်းသူမှာ၊ လမ်းနှစ်ကြောင်းမရှိ အဝီစိအောက်ရွာမှာ၊ ကမ္ဘာကို ရက်ထွက်၍၊ ယောင့်တစ်သွားတော့မည်"

ထို့ပြင်တစ်ဝ "ရောင်းသမား၊ ဝယ်သမား၊ နှစ်ဦးသား သဘောတူ၊ ဝယ်သူက မူလ၊ ရောင်းသူက ဘူတ၊ ဝယ်သူပေါ်မှ ရောင်းသူရှင်၊ ရောင်းသူရှင်မှ တွင်တွင်သတ်" ဟူ၍ လည်းကောင်း။

"သူတို့ဘေး သူတို့တို၊ သူတို့နွယ် တစ်ရိုး၊ တစ်မျိုးလုံး တစ်ထွေလုံး၊ သူတို့တိုင်မဆုံး၊ တို့ပခုံးမှာ၊ မီးဟုန်းဟုန်းထမတတ်၊ တို့လှံ့လ တို့စွမ်းအန်၊ တို့အပန်းခံနိုင်လို့၊ ဆန်စပါးပြောင်းနှမ်း၊ ဘူးခရမ်းပဲအမျိုး၊ မြေပြင်လုံးမောက်ဖြိုးအောင်၊ တိုးတက်သည့်ဘဏ္ဍာ" ဟူ၍ လည်းကောင်း ရေးခဲ့သည့်အပြင် နွားအချင်းချင်း ဂမ်းပန်းတနည်းပြောကြပုံကိုလည်း ရေးသားခဲ့သေး၏။

"တို့အသား တို့အသည်း၊ တို့အဆီရွှဲရွှဲကို၊ ထမင်းပွဲအလယ်၊ အနင့်သား ဝယ်ပြီးလျှင်၊ ရယ်ကာနှင့်ပြုံးကာ၊ အရသာခံစား၍၊ လင်မယားတစ်တွေ၊ ပြုံးကြသည့်အနေ၊ မြိန်နိုင်ပေ့သူတို့ကိုယ်၊ မြိုရက်ပေ့သူ့ခံတွင်း၊ တို့လုပ်သည့်ထမင်းကို၊ တို့ဟင်းလျာအသားနှင့်၊ စားကြသည့်ဖြစ်နဲ့ကို၊ တို့အသည်းနာလိုက်တဲ့"

ဤသို့ သနားဖွယ်ဖြစ်အောင် ရေးသားထားသောကြောင့် လူတို့တရားကျ၍ ကျွဲနွားများအပေါ်၌ သနားလာကြပြီးလျှင် ကျွဲနွားတို့၏ အသားများကို မစားရကောင်းမှန်း သိကြလေ၏။

ဤနွားမေတ္တာစာကို အကြိမ်ပေါင်းများစွာ ရိုက်နှိပ်ဝေငှလိုက်ရာ ကျွဲနွားအသား ရှောင်ကြဉ်ရေး အဖွဲ့များ ဖွဲ့စည်းကြလျက် ဤစာကိုပင် အကြေအညက် နှုတ်တက်ဆောင်ထားကြလေ၏။

ကျေးဇူးရှင် ဆရာတော်ကြီးသည် ကျွဲနွားတို့၏ အသားစားခြင်းမှရှောင်ကြဉ်ရေးကို ဦးစားပေး ဟောကြားတော်မူခဲ့ရာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၌ ကြီးစွာသောဂယက် ရိုက်ခတ်သွားလေ၏။ အချို့ကလည်း ဆန့်ကျင်ဘက်ပြုကာ ကျွဲနွားတို့၏ အသားစားရေးကိုပင် ဦးတည်လျက် ဟောပြောကြ၏။

"အင်တုံထဲက၊ ငါးစင်ရိုင်းတို့ကလဲ၊ အရှင်ပိုင်းတော့မှာလားတဲ့" စသည့် ရေးသားချက်များဖြင့်သတင်းစာအစောင်စောင်၌ ရုပ်ပြောင်ကာတွန်းများဖြင့် ရေးဆွဲပြောင်လှောင်ကြ၏။ အချို့ကလည်း နွားသားရှောင်ကြဉ်ရေးအပြင် ပုဂ္ဂိုလ်ရေး အာဃာတဖြင့် သံခိပ်ကျမ်းကိုပါ အကွယ်ဖော်ပြီး ရေးသားကြသေးသည်။

ထိုအချိန်က မုံရွာမြို့နှင့် များစွာမကွာဝေးလှသော ကံပြားရွာမှ တိုက်သူကြီး ဦးစံချိန် အစရှိသူတို့၏ ပင့်လျှောက်မှုအရ ဦးသန်း၊ ကံပြား အစရှိသည့် ကျေးလက်များသို့ ကြွရောက်ကာ တရားဟောရင်း နွားသားရှောင်ကြဉ်ရေး သံခိပ်အသင်း ဖွဲ့စည်းရေးတို့ကို ဆောင်ရွက်တော်မူသည်။

ဤရွာနှစ်ရွာမှာ ကျေးရွာကြီးများဖြစ်ကြ၏။ အချင်းချင်း ဂုဏ်တု ဂုဏ်ပြိုင်ပြုကာ ဆရာတော်ဘုရားကြီးကို သူ့ထက်ငါ အလုအယက် ပင့်ဖိတ်ကြ၏



www.burmeseclassic.com

www.burmeseclassic.com

ထိုအခြင်းအရာကို သံချိုဘုရင်ဟုသမုတ်ခံရသော သံချိုဆရာကြီး မောင်းထောင်ဦးကျော်လှက မှတ်တမ်းတင်ခဲ့သည်မှာ ဤသို့ဖြစ်၏။

"နောဒတ္တမန္တာဓွေကဲ့သို့ ကံဂါမေ ရွာရှေ့ပြားတွင်မှ၊ စကားသာယာစွာနှင့်၊ ရွာပါအောင့် ညာတာလို့နှုးနိုင်တဲ့၊ ဦးစံချိန် တိုက်ကြီးပိုင်။

ဂေါတမာသခင်၊ စောဘဂဝါ အရှင်လောက်မှတ်ကြ၊ သောဠသာပြည်ကျော်တဲ့၊ ဆရာတော်လယ်တီဘုန်းရယ်က၊ ရွှေကုန်းနှစ်ဖြာ ရွာရှေ့ပြားတို့ ပောပေရှာ ဂေါစဏအသားနှင့်၊ သေငါးမည်သူရာအရက်တို့၊ ယူတစ်သက်ပင်မကြဉ်အုံးသော်လည်း၊ နှလုံးမပူပန်ရအောင်၊ ထုံးမူအမှန် ဘုန်းအလှူခံက ဖြစ်ပေမယ့်သုံးနှစ်ထိတိုင်။

ဆွဲငင်ကာ လှည်းယာဉ်ရထားနှင့်၊ တင်သွားကာ တရားနာအပေါင်းတို့ ခရာမောင်းသံ စည်သံမဆိတ်ပြီဘု၊ ထည်ရိပ်ဖြူ ကြိုးရှည်တန်းလို့၊ ဦးသန်းတိုင် ပို့ကာပင့်ကြ၊ တို့ရွာနှင့် မင့်ရွာပြိုင်၊ ဝင့်ဝါနိုင်ကြပေ့ လူမြင်တိုင်း။

အကြည်ညို သည်လိုကြီးကြလျှင်၊ ကိုယ့်မီးကို ကိုယ်မသတ်နိုင်လို့၊ ဟိုရပ်သူ သည်ရွာသားနှင့် စပ်ကြားတွင် ရထားငင်လို့ ရှန်းကြ၊ ခင်ဘုန်းဝေ နှလုံးမဖြေသိပ်လို့၊ ရွှေစိတ်တော် ညစ်ကာညှုးရှာလိမ့်၊ ရာထူးခံဦးစံချိန့်ငဲ့၊ နာမံစိမ့်အောင်အသက်ဘေးငယ်ကြောင့်၊ ထွက်ပြေးကာ ဝေးရာက ရှန်းရသတဲ့၊ လယ်တီဆရာ ဘယ်ဆီမှာ ပုန်းရှာလိမ့်၊ ဗိုလ်ကုန်းဆိုတဲ့ ကျောက်ကယ်နှင့်၊ ဟိုနောက်ရွာကြောက်စရာငနဲတွေက၊ မောဂ္ဂလာန်အသွင် နောက်ဆံနားထင်ခွဲမလို့ပါ (ကွယ်) ခဲတုတ်နှင့်ဝိုင်း"။

ဆရာတော်ကြီးသည် မြန်မာသက္ကရာဇ် ၁၂၆၆ ခုနှစ်တွင် ပျဉ်းမနားမြို့၏အရှေ့ဘက် ကုလလေးတာ အပြန်ငါးရာမျှ ဝေးကွာသော တောင်နှစ်လုံးကြား အရပ်ရှိ အင်ကြင်းမြိုင်တောတွင် ရောက်ရှိ သီတင်းသုံးတော်မူလျက်ရှိပေသည်။ ဦးကိတ္တိ ကြိုတင်သွားရောက်ကာ အတောင်ခြောက်ဆယ်မျှရှည်လျားသော စကြံကျောင်း ဆောက်လုပ်ထားခဲ့၏။

ဆရာတော်ဘုရားကြီးသည် ထိုတောကျောင်းကလေး၌ တပည့်များခြံရံလျက် ဝါဆိုတော်မူ၏။ ထိုအတောအတွင်း နယုန်လတွင် 'နိရုတ္တိဒီပနီနိဿယ' နှံကျဉ်းနှင့် 'သဒ္ဒသံခိပ်ကျမ်း' တို့ကို စီရင်တော်မူခဲ့၏။ ထို့နောက် ဝါဆိုလတွင် 'ဗောဓိပက္ခိယ ဒီပနီကျမ်း'၊ သီတင်းကျွတ်လတွင် 'အာနာပါနဒီပနီကျမ်း' နှင့် 'ဘာဝနာဒီပနီကျမ်း' တို့ကို စီရင်ရေးသားတော်မူသည်။

တစ်ဖန် ရွှေတောင်မြို့မှ လာသော လျှောက်ထားလွှာအရ 'သောမနဿုပက္ခာဒီပနီ' ကျမ်းနှင့် ပြာသိုလတွင် 'သရဏဂုံဝိနိစ္ဆယ' ကျမ်းတို့ကို ရေးသားစီရင်တော်မူ၏။ ဆရာတော်ဘုရားကြီးသည် ကျမ်းစာပေပြုစုရေး၌ အလွန်စိတ်အားထက်သန်တော်မူ၏။

တစ်ရံခါသော် ဆရာတော်ဘုရားကြီးသည် ရေချိုးနေရင်းတန်းလန်းက စာတစ်ပုဒ် အာရုံထဲတွင် ပေါ်လာသဖြင့် ကျောင်းပေါ်သို့ ပြေးတက်ပြီးရေးသည်။ စတင်ရေးစဉ်က တစ်လုံးမျှသာ ဖြစ်သော်ငြား စာဆက်တွေပေါ်လာသောအခါ ရေချိုးသည့်နေရာသို့ ပြန်မရောက်။

တပည့်တွေမှာ ရေစိုကြီးဖြင့် စာတက်ရေးနေသော ဆရာတော်ကြီးကို အအေးမိမှာ စိုးရိမ်ကြသည်။ သို့သော်လည်း မပြောရဲ။ ထိုအခါ ရန်ကုန်မြို့ တောင်လုံးပြန်အရပ်မှ လာရောက်ပြီး ဥပုသ်ရက်ရှည်စောင့်နေသော မာတ်ဆရာ ဆရာမြို့ကို သွားရောက်အကူအညီ တောင်းရသည်။

"ဆရာတော်ကြီး အအေးမိတော့မယ် ဒကာကြီး၊ ကြည့်ပြီး ပြောပေးပါဦး"

ဦးမြို့မှာ ဆရာရင်း၊ ဒါယကာရင်း ဖြစ်သောကြောင့် ပြောရဲဆိုရဲသည်။

"ကိုယ်တော် ကိုယ့်ကိုယ်ကိုယ်လဲ ပြန်ကြည့်ဦးလေ၊ ရေချိုးရင်းက တက်လာတာ၊ အခု ရေသနုပ်တောင် တစ်ပိုင်းခြောက်နေပါပြီကော"

ထိုအခါတွင်မှ ဆရာတော်ဘုရားကြီးသည် မူလရေချိုးသည့်နေရာသို့ ပြန်လည်ရောက်ရှိသွားသော်ငြား မကျေနပ်လှ။

"ငမြို့ရာ ဒီခန္ဓာကိုယ်ကို အလိုလိုက်နေရင် ကြံစည်ထားတဲ့စာလုံးလေး ပျောက်သွားမှာပေ့ါဟ၊ ဒီခန္ဓာကိုယ်ကြီးဟာ ငါကြံစည်ထားတဲ့ စာလုံးတစ်လုံးလောက် တန်ဖိုးမရှိပါဘူးကွာ"

ခန္ဓာကိုယ်ကို စာလုံးတစ်လုံးလောက်မျှ တန်ဖိုးမထားသော ဆရာတော်ဘုရားကြီး၏ စိတ်ထားကား အံ့မခန်းပါပေတကား။

ထိုစဉ်ကဆိုလျှင် ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်များမှာ အထက်အောက် မြန်မာတစ်နိုင်ငံလုံး၌ ပြန့်နှံ့နေပြီ။ ပန်းသတင်းကို လေညင်းဆောင်ယူ ဟူသကဲ့သို့ အရပ် လေးမျက်နှာမှ သူတော်ကောင်း ပရိသတ်တို့သည် အချင်းချင်းသတင်းစကား ပြန့်ပွားလျက် ဆရာတော်ကြီး၌ သဒ္ဓါကြည်ညိုမှု တိုးတက်ဖြစ်ပေါ်နေကြ၏။

တောင်သာမြို့မှ ဆေးဆရာကြီး ဦးကဲ၊ အမိန့်တော်ရ ဦးဘုန်းကျော်နှင့် မြို့သူကြီး ဦးသာလှ စသူတို့သည် ဆရာတော်ကြီး၏ ဒီပနီကျမ်းတို့ကို လေ့လာကြည့်ရှုရသဖြင့် ခန္ဓာဝန်၊ သံသရာဝန်၌ ကြောက်ရွံ့လာကြပြီး ဆရာတော်ကြီးကို ပင့်ဆောင်၍ တရားနာရန် စီမံကြလေသည်။

သို့ရာတွင် ထိုပုဂ္ဂိုလ်များ၏ ပင့်လျှောက်စာကို ဆရာတော် သဘောမတွေ့သဖြင့် ဤသို့မိန့်တော်မူ၏။

"ဟေ့ ငမြို့၊ ဒီပင့်စာက အနှစ်မပါ အကာချည်းကိုးကွဲ့"

ဆရာတော်ကြီး၏ ဆိုလိုရင်းမှာ ပင့်စာ၌ တရားအားထုတ်လိုသူ မည်၍ မည်မျှ ရှိပါသည်ဟု ပါရှိစေချင်၏။ ယ

www.burmeseclassic.com



သော်ကား မပါချေ။ သို့ဖြစ်သောကြောင့် ဦးမြို့၏ အမှာစကားအရ ပြန်လည် ဖင့်လျှောက်ကြရသည်။

ဤသို့ဖြင့် လယ်တီဆရာတော်ဘုရားကြီးသည် တောင်သာမြို့သို့ ၁၂၆၆ ခုနှစ် သီတင်းကျွတ်လတွင် နောက်ပါတပည့် သံဃာများခြံရံလျက် ကြွရောက်တော်မူလာခဲ့ပေသည်။

ဆရာတော်ဘုရားကြီးသည် ပွဲပြီးသေး မဖြစ်စေရန်အတွက် ဤသို့ကြိုတင် မိန့်မြွက်တော်မူသည်။

"ဟေ့- မောင်ဘုန်းကျော်၊ ငါတို့ရောက်လာတဲ့အခါမှာ ရက်တိုတိုနေဖို့တော်ပေဘူး၊ စစ်တိုက်တဲ့ ကုလားစစ်သားတွေလိုပဲကွဲ့၊ ကုလားစစ်သားတွေ ဆဲ စစ်တိုက်လို့ပြီးရင် ရုံး၊ ဂါတ်၊ လမ်းအစည်များကို စိုက်ထူတည်ထောင်သလို ငါတို့လဲ ရက်လရှည်ကြာစွာ သာသနာပြုနေမှ တော်ကာကျမယ်ဟေ့"

တောင်သာမြို့မှာ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး နယ်လှည့်တရားဟောတော်မူရာတွင် အဦးဆုံးမြို့ ဖြစ်သည်၊ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့သော စကားများအနက် ထိုတော်ပါစကားမှာလည်း မှတ်သားဖွယ်ကောင်းသည်။ ယင်းမှာ ဤသို့ဖြစ်၏။

တစ်နေ့တွင် ဆရာတော်ကြီးသည် အမိန့်တော်ရမင်း ဦးဘုန်းကျော်နှင့်စကားစပ်မိသဖြင့် မေးတော်မူသည်။

"မောင်ဘုန်းကျော် ရှေ့နေဆိုတော့ ကင်းဝန်မင်းကြီးရေးတဲ့ အငူသံခိပ်ကျမ်းကို ကြည့်ဖူးမှာပေါ့"

"မှန်လှပါ ဘုရား၊ ဒီအငူသံခိပ်ကျမ်းကို ငယ်ရွယ်စဉ်ကပဲ လေ့လာခဲ့ဖူးတဲ့အတွက် ဓမ္မသတ်ခန်း ခြောက်ခန်းမှာ လေးခန်းကို နှုတ်တက်အာဂုံဆောင်ထားကြောင်းပါ ဘုရား"

ရှေ့နေဖြစ်လျက် အငူသံခိပ်ကျမ်းသော်မျှ မကြားဖူးသူများကို တွေ့ဖူးသော ဆရာတော်ကြီးမှာ များစွာ ကျေနပ်တော်မူ၏။

"အိမ်း. . . ကောင်းစွ၊ ကင်းဝန်မင်းကြီးဟာ ဓမ္မသတ်ပေါင်းချုပ် ၃၆ ကျမ်းကို အကျဉ်းချုံးပြီး အငူသံခိပ်ဓမ္မသတ်လင်္ကာကျမ်းကို ရေးခဲ့သလို တို့လဲပဲ အဘိဓမ္မာခုနစ်ကျမ်းကို အကျဉ်းချုံးပြီး ပရမတ္ထသံခိပ်ကျမ်းကို ရေးပြီးဖြစ်တယ်ကွဲ့"

ဆရာတော်ကြီးသည် သံခိပ်အသုံးအနှုန်းကို ကင်းဝန်မင်းကြီးထံမှ ရကြောင်း ဝန်မခံချေ။ သို့ရာတွင် သံခိပ်ဝေါဟာရသည် ဆရာတော်ကြီး၏ဘဝ၌ များစွာအရေးပါလှသည်။ သို့ဖြစ်၍ သံခိပ်ကျမ်းအကြောင်းကို ဆက်လက်မိန့်တော်မူသည်။

"ဒီသံခိပ်ကျမ်းကို သင်၊ အံ၊ ကျက်၊ မှတ်၊ လေ့လာရင် အဘိဓမ္မာခုနစ်ကျမ်း ငုံမိတယ်လို့ ဆိုရမယ်ကွဲ့၊ သံခိပ်အလင်းဖွဲ့စည်းပြီး အမျိုးသား အမျိုးသမီးတွေကို သင်ကြားပေးရင် ကောင်းမယ်"

ဤသို့ဖြင့် သင်္ခေပအကျဉ်းချုပ်ဟု အဓိပ္ပာယ်ရသော သံခိပ်အသင်းများ ပေါ်ပေါက်လာသည်။ သံခိပ်အသင်းသူ အသင်းသားများကို ဆရာတော်ကြီး၏ နောက်ပါတပည့်များက ရှင်းလင်းပြသ သင်ကြားပို့ချပေးကြရသည်။

ဤသို့လျှင် ၁၂၆၆ခုနှစ် သီတင်းကျွတ်လမှ စတင်ပြီး မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်ကာ တရားဟောခြင်းဖြင့် သာသနာပြုတော်မူခဲ့သော ဆရာတော်ဘုရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ် နယုန်လပြည့်နေ့တွင် 'နိုင်ငံခြား ဗုဒ္ဓသာသနာပြုအသင်း' ကြီးကို မန္တလေးမြို့ ဗဟိုပြုလျက် ဖွဲ့စည်းတည်ထောင်တော်မူခဲ့လေသည်။

အကြီးချုပ် နာယကဆရာတော်အဖြစ် ဆရာတော်ကြီးကိုယ်တော်တိုင် ပါဝင်ဖွဲ့စည်းထားသော ဂေါပကအဖွဲ့ဝင်အချို့မှာ ဤသို့ဖြစ်၏။

(၁) ဦးကျော်ရင် (ဥက္ကဋ္ဌ)
(၂) ဦးဘတုတ် K.I.H (ဒုတိယ ဥက္ကဋ္ဌ)
(၃) ဦးဒွေး A.T.M (ဒုတိယ ဥက္ကဋ္ဌ)
(၄) ဦးမူ (ဒုတိယ ဥက္ကဋ္ဌ)
(၅) ဦးဘ (စက္ကရီတေရီ)
(၆) ဦးစံလင်း (စက္ကရီတေရီ)
(၇) ဦးဘိုးရင် (ငွေထိန်း)
(၈) ဦးကြော့ K.I.H (စာရင်းစစ်)
(၉) ဦးစံဖေ (ဒုတိယစာရင်းစစ်)

အထက်ပါ ကိုးဦးပါဝင်သော ဂေါပကအဖွဲ့ (ယခုခေတ်တွင် အမှုဆောင်ဟု ခေါ်သည်) အဖွဲ့ဝင်ပေါင်း ၂၄ ဦးဖြင့် ဖွဲ့စည်းသည်။

**ဆင်ပြူကျွန်းအောင်သိန်း**

❑



www.burmeseclassic.com

www.burmeseclassic.com



သလောက် ရှိကာမှ ဆရာတော် ကျက်သရေတိုက်ခန်းအတွင်း ခေတ္တခဏဝင်ရောက်အနားယူရပေဦးမည်။ အခါကြီး ရက်ကြီးပေမို့ အချိန်နည်းပါးသော်လည်း ပရိယတ္တိပြီးပြန်တော့ အမိဌာန်အရ ပဋိပတ္တိ အလှည့်ပေကိုး။

ထိုင်ရာမှ အသာထကာ သက်နိုးတော်ကို စနစ်တကျ ပြန်ရုံလိုက်ရင်း ပြန်သွားကြသောပရိသတ် ကုန်လောက်ပြီဟု စိတ်ထဲ အထင် အစွန်ဆုံး ကျောင်းတိုင်ထောင့်နား ထိုင်နေသော လူလတ်ပိုင်း အရွယ် ဇနီးမောင်နှံ နှစ်ယောက်ကို ဆရာတော်သတိပြုမိလိုက်သည်။ လက်အုပ်ကိုယ်စီချီထားရင်း ဆရာတော်၏ မျက်နှာတော်ကို မော်ဖူးလျက် အမူအရာက မဝံ့မရဲ ခက်တွန့်တွန့်။

ဆရာတော်၏ စိတ်အာရုံအရ နောက်ကြောင်းမရှင်း။ ထိုဇနီးမောင်နှံ နှစ်ယောက်ကို ရှေ့ဆီလာဖို့ လှမ်းမိန့်လိုက်ပြီး အတွင်းခန်းဆီ လှမ်းမည့် ခြေလှမ်း နောက်အသာရုပ်ကာ နေကထိုင်ပေါ်အသာပြန်ထိုင်လိုက်သည်။

# အစားများခဲ့ကြသူများ

## နိုင်မင်းညို

ဆရာတော်က သီလနှင့် ပတ်သက်ပြီး ဟောကြားတော်မူပြီးနောက် မေတ္တာပွား အမျှပေးဝေလိုက်သည်။

ဆရာတော်အား ဒကာ၊ ဒကာမ အပေါင်းက ရှိခိုးဦးချ ဝပ်တွားကန်တော့ကြပြီးနောက် ဤသို့ ဂါရဝပြုရသော အကျိုးအားကြောင့် ခွန်အားကြီးခြင်း၊ အဆင်းလှခြင်း၊ အနာကင်းခြင်း၊ ဉာဏ်ပညာကြီးခြင်း စသည့် ဆုများကို ပေးသနားလိုက်သည်။

ကျောင်းတိုက်ပေါ်မှ ပရိသတ် အသီးသီး ထွက်ခွာသွားကြပြီး ကုန်

အားငယ်စိုးရွံ့သော အကြည့်များကြားမှ တုန်ရင်နေသော အသံလေးများဖြင့် သူတို့ဇနီးမောင်နှံ၏ အလိုချင်ဆုံးဆုကို ဆရာတော်အား လျှောက်ထားပါတော့သည်။ လက်လှမ်းမီသလောက်နှင့် ငွေရေးကြေးရေး ပုံအောပြီးတော့

www.burmeseclassic.com

ရော၊ နောက်ဆုံးပေါ် သိပ္ပံနည်းပညာများနှင့်ရော နိုင်ငံခြားသွားပြီးတော့ပါ အစွမ်းကုန် ကြိုးစားခဲ့ကြပေမယ့် သူတို့ဘာကြောင့် ယခုလို ဒီဘဝမှာ အဆင်မပြေကြရပါသလည်းဟူသော မေးခွန်းတို့ ကျေနပ် နှစ်သိမ့်လောက်အောင် မိန့်ကြားပေးတော်မူပါဟု ဆက်လက်လျှောက်ထားကြသည်။

အကယ်၍ ယခုဘဝမှာ မရခဲ့တောင် နောင်ဘဝအတွက် ယခုဘဝတွင် မည်ကဲ့သို့ ကောင်းမှုကုသိုလ်များ ပြုကျင့်၍ အဘယ်သို့သော ယတြာတွေများ ရှိပါသနည်း။ မည်သို့မည်ပုံ ဆောင်ရွက်ရပါမည်နည်း ဆိုသည့် မေးခွန်းပေါင်းများစွာကို အားကိုးခြင်းများစွာဖြင့် ထပ်မံ လျှောက်ထားကြပြန်သည်၊

ဆရာတော် စိတ်မှာမကောင်းတော့. . .။ အဖြေကို သိသော်လည်း ဒီသည့်အတိုင်း တိုက်ရိုက်မိန့်ကြားရန် သင့်တော်။ နားထဲ ပျော့ပျောင်းညင်သာစွာ သူတို့ခံစားမှုများကို တတ်နိုင်သမျှတော့ ပြေလျော့စေချင်သည်လေ။ သူတို့ရှိန်းမောင်နှံ၏ အလိုချင်ဆုံးဆု ဆိုသည်မှာ မိဘတိုင်း အမြတ်တနိုး တန်ဖိုးထား လိုချင်လှစွာသော သားသမီးဆိုသည့် ရတနာများပဲ ဖြစ်ပါတယ်။

ဆရာတော် နေရာ ပြင်ထိုင်လိုက်ချပြန်ပါပြီ။

♦

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာဘုရား ဝါတွင်းကာလ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးပြီးကာလ တစ်ခုဖြစ်သော ဝါကျွတ်ပြီးသကာလ သံသုမာရဂိရိမြို့တွင် ကြွရောက် သီတင်းသုံးတော်မူခြင်း ဖြစ်ပါသည်။ ထို သံသုမာရဂိရိမြို့ကို အုပ်စိုးသောမင်းမှာ ဗောဓိမင်းဖြစ်၏။ ထိုဗောဓိမင်းသားသည် စိတြလက်သမားအား မိမိနေရန်အလို့ငှာ ဆင်ပါးသော တိုင်းနိုင်ငံများ၌ တစ်ခါဆောက်ဖူး မရှိစဖူးသော ထူးဆန်းလှသည့် အာကာတိမ်ညွန့်သို့ ပျံကွန့်ဘနန်း အံ့ဩ၍မခမ်းသော ကောကနဒအမည်ရှိသော နန်းပြာသာဒ်ကို ပြုလုပ်ပေးနေချိန် ဖြစ်သည်။ နန်းပြာသာဒ်ပြီးဆုံးပြီး သကာလ ဗောဓိမင်းသားလည်း ကောင်းမွန်တင့်တယ်စွာတန်ဆာဆင်ပြီးသော် အသီးသီးသော နံ့သာဆိုင်၊ ပန်းဆိုင်၊ ရွှေဆိုင်းတို့ကို ဆွဲထားလျက် ဘုရားသခင် ကိုယ်တော်မြတ်ကြီးအား ဆွမ်းအလို့ငှာ ပင့်ဖိတ်တော်မူလေသည်။ ထိုအခါ မြောက်မြားလှစွာသော ဗောဓိမင်းသား၏ မိဖုရား၊ မောင်းမများတို့သည်. . .

"ငါတို့၌ အကယ်၍ သားကိုလည်းကောင်း၊ သမီးကိုလည်းကောင်း ရလတ္တံ့သည်ဖြစ်အံ့. . . ဤပုဆိုးတော်ကို ဘုရားသခင် နင်းတော်မူ၍ ကြွတော်မူလတ္တံ့၊ အကယ်၍ မရမူကား မနင်းဘဲ ရှိလတ္တံ့"ဟု ရည်မှတ်အဓိဋ္ဌာန်လျက် တံခါးခုံမှ စ၍ နန်းပြာသာဒ်အပြင်တိုင်အောင် ကိုယ်ဝယ်စုလျားကို ခင်းထားကြကုန်၏။

ဘုရားသခင်လည်း နန်းဦးကင်းသို့ ဝင်ကြ၍ များလှသော ပုဆိုးအခင်းကို မြင်တော်၊ ဝင်တော်မမူဘဲ တန့်ရပ်၍ နေတော်မူလေသည်။

ဗောဓိမင်းသားလည်း ခရီးဦးကြိုဆိုကာ "ဝင်တော်မူပါ ဘုရား"ဟု လျှောက်ထားပါသော်လည်း ဘုရားသခင် ဝင်တော်မမူ။ ထပ်ကာထပ်ကာ လျှောက်ထားသော်လည်း ဝင်တော်မမူဘဲ ရှင်အာနန္ဒာကိုသာ ကြည့်တော်မူ၏။ ထိုအခါ ရှင်အာနန္ဒာမှ ဗောဓိမင်းသားအား . . .

"ဒကာတော်မင်းသား၊ ပြာသာဒ်အပြင်ပ၌ ခင်းထားသော ပုဆိုး အခင်းတော်များကို သိမ်းထားလော့" ဟု ဆိုသည်။ ထိုပုဆိုးခင်းအားလုံးကို သိမ်းရုံးပြီးသောအခါမှ မြတ်စွာဘုရားလည်း နန်းတွင်းသို့ဝင်၍ ပလ္လင်ထက်၌နေတော်မူလေသည်။

ထိုအခါ ဗောဓိမင်းသားနှင့်တကွသော မိဖုရား၊ မောင်းမတို့သည် "အကယ်၍ ငါတို့အား သားကိုလည်းကောင်း၊ သမီးကိုလည်းကောင်း ရသည်ဖြစ်လတ္တံ့မူကား ဘုရားနင်းစေသတည်း၊ မရလတ္တံ့မူကား မနင်းစေသတည်း"ဟု အဓိဋ္ဌာန်၍ စီမံခင်းထားသည် မဟုတ်လော" ဟု မေးတော်မူ၏။ ဟုတ်ပါကြောင်းကို လျှောက်လျှင် "သင် မင်းသား၌ သားသမီး မရရာသည်ကို သိစေခြင်းငှာ ငါ မနင်းသတည်း"ဟု မိန့်တော်မူလေသည်။

ဗောဓိမင်းသားလည်း "အရှင်ဘုရား. . . အကျွန်ုပ်အား အဘယ်ရှေးရှေးအတိတ်ကံများကြောင့် သားသမီး မရရာသနည်း"ဟု နားတော်လျှောက်ပြန်သော် "သင်မင်းသားသည် လည်းကောင်း၊ မိဖုရားကြီးသည် လည်းကောင်း အခြားမဲ့ဘဝက ပြုခဲ့ကြသော မကောင်းမှုကံ အားကြီးလွန်းသောကြောင့် သားသမီး မရရာသည်"ဟု မိန့်တော်မူလေသည်။

ဗောဓိမင်းသားလည်း "အဘယ်သို့သော မကောင်းကံများ လွန်ကျူးမိကြောင်းကို မိန့်ကြားတော်မူပါဘုရား" ဟု ထပ်မံ လျှောက်တင်ပြန်၏။

ထိုအခါ ဘုရားသခင်မှ . . .

"သင် မင်းကြီးသည် ရှေးလွန်လေပြီးသောအခါက အခြွေအရံပေါင်း ခုနစ်ရာနှင့်နေထိုင်၏။ တစ်နေ့သ၌ ထိုခုနစ်ရာသော လူအပေါင်းတို့ကို စုစည်း၍ သင်္ဘောသူကြီးဖြစ်သော အသင်နှင့် သင်္ဘောသူကြီးကတော်ဖြစ်သောအသင်မင်း၏ ယခုမိဖုရားကြီးတို့သည် ရေလမ်းခရီး ထွက်ကြလေ၏။ လမ်းခုလပ်တွင် ကြီးစွာသော မုန်တိုင်းနှင့် တွေ့ကာ သင်္ဘောပျက်၍ လူများစွာ သေကြေပျက်စီးကြ၏။

မုန်တိုင်းမိ၍ သင်္ဘောပျက်ပြီး လူအပေါင်း သေကျေပျက်စီးကုန်သော်လည်း သင်္ဘောသူကြီးဖြစ်သော အသင်မင်းသားနှင့် သူကြီးကတော်ဖြစ်သော မိဖုရားကြီးတို့ နှစ်ဦးတို့မှာ ကံကောင်းထောက်မ၍ ပျဉ်တစ်ချပ်ကို အမှီရပြီး



www.burmeseclassic.com

www.burmeseclassic.com

သကာလ ကျွန်းငယ်တစ်ခုသို့ ရောက်ကြလေသည်။

ထိုကျွန်းငယ်ကား ငှက်အများတို့ အမိက မှီတင်းနေထိုင်သော ငှက်ကျွန်းကြီးတစ်ခု ဖြစ်ပေသည်။ ငှက်အများတို့ မှီဝဲရာ ဖြစ်သောကြောင့် သစ်ပင်၊ ကမ်းပါး၊ ချုံတောကြားတို့၌ များစွာသော ငှက်သိုက်၊ ငှက်ဥတို့သည် ပေါများစွာ ရှိကုန်သည်။ ထိုကဲ့သို့ ငှက်များ၊ ငှက်ဥများ အလွန်ပေါများသည့် အပြင် အခြားသော သစ်သီးဝလံများလည်း လွယ်လင့်တကူ လက်တကမ်း အမီ ပေါကြွယ်ဝသော်လည်း ရှာဖွေမစား၊ အလွယ်တကူ တွေ့မြင်လွယ်ကူသော ငှက်ဥများကိုသာ ရွှင်ပျဝမ်းသာ စားသောက်ကာ နေကြ၏။

ဤကဲ့သို့ ရှေးမကောင်းကံက ကြီးမားလွန်းသောကြောင့် ယခုဘဝ၌ သားသမီး မထွန်းကားကြရခြင်း ဖြစ်ပေသည်"ဟု ဘုရားသခင်မှ မိန့်ကြားတော်မူလေသည်။

တရားနာနေလျက်ကနေ ခေါင်းလေးတွေ မော့လာတာကို ဆရာတော် မြင်လိုက်၏။ နွမ်းလျနေသော မျက်နှာလေးများက အတန်ငယ် ကြည်လင်လာသည်ကို ရိပ်မိလိုက်သည်။ သူတို့နှုတ်ဖျားမှ ဘယ်လိုမေးခွန်းတွေ ထပ်ထွက်လာမည်ကို ဆရာတော် ကြိုသိပြီးသား။ မျက်လွှာ အသာချလို့ ဆရာတော် လက်ယာဘက်လက်ဝါး အသာထောင်ပြလိုက်ကာ တရားတော်ကို ဆက်လိုက်သည်။

"ဒါယကာ မင်းသား၊ အရွယ်သုံးပါးတွင် အကြင်သူသည် ပထမအရွယ်၌ ပါဏာတိပါတ စသော မကောင်းမှုကို ပြုခဲ့ဖူးအံ့၊ ဘဝသစ်ဖြစ်သော ကာလငယ်စဉ်ကပင် ကပ်ငြိ နှိပ်စက်ခြင်း၊ အသက်တိုခြင်း၊ သားသမီး မရခြင်း စသည်ဖြင့် ချို့ဘဲ့စွာဖြစ်ရ၏။ ဒုတိယအရွယ်သို့ရောက်မှ ပြုခဲ့မူကား ဒုတိယအရွယ်သို့ ရောက်သောအခါ ချို့တဲ့စွာဖြစ်၏။ တတိယအရွယ်သို့ ရောက်မှ ပြုခဲ့မူကား ထိုနည်း တတိယအရွယ်သို့ ရောက်သောအခါ ချို့တဲ့စွာဖြစ်တတ်၏။

ထို့ကြောင့် ချို့တဲ့ခြင်းကို အလိုမရှိကုန်သော သူတော် ဒကာတို့သည် အရွယ်သုံးပါး၌ပင် ကာယဒုစရိုက်တရားတို့ကို မြစ်တားထိန်းသိမ်း စောင့်ရှောက်ကုန်ရာ၏" ဟု ပြတော်မူခြင်းငှာ. . .

'အတ္တာနဉ္စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။

တိဏ္ဏမညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော' ဟူသော ဂါထာကို ဟောတော်မူလေသည်။

အနက်ကား - 'ယော နရော၊ အကြင်သူသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ပိယာ၊ ချစ်အပ်၏ဟူ၍။ စေ ဇညာ၊ အကယ်၍ သိသည်ဖြစ်အံ့။ ဧဝံ၊ ဤသို့ ချစ်သည်ရှိသော်။ နံ၊ မိမိကိုယ်ကို။ သုရက္ခိတံ၊ ကောင်းစွာ စောင့်အပ်သော ဒုစရိုက်တရားကို။ ရက္ခေယျ၊ စောင့်ရာ၏။ တိသုဝယသု၊ အရွယ်သုံးပါးတို့၌။ အရက္ခန္တော၊ မစောင့်နိုင်ခဲ့သော်။ ပဏ္ဍိတော၊ ပညာရှိသော အမျိုးသားသည်။ တိဏ္ဏံ၊ သုံးပါးကုန်သော အရွယ်တို့တွင်။ အညတရံ၊ တစ်ပါးပါးသော။ ယာမံ၊ အရွယ်ကို။ ပဋိဇဂ္ဂေယျ၊ ကောင်းစွာ စောင့်စည်းရာ၏'

ဤတရားတော်၏ အဆုံး၌ ဗောဓိမင်းသားသည် သောတာပန်တည်လေသည်။ ကြွင်းသော ပရိသတ်တို့သည်လည်း မြတ်သောတရားကို ရကြကုန်လေသတည်း။

♦

"သာခုပါ အရှင်ဘုရား၊ တပည့်တော်တို့ ဇနီးမောင်နှံအတွက်တော့ ဘဝတစ်လျှောက်လုံး ပင်ပန်းဆင်းရဲခဲ့ရသမျှ၊ အဖြေထုတ်မရခဲ့သမျှ လိပ်တည်းခဲခဲ ဖြစ်နေရတဲ့ ပြဿနာကြီးရဲ့ အဖြေကို ကွင်းကွင်းကွက်ကွက်ကို သိလိုက်ပါပြီ ဘုရား။

နောက်ဘဝမှာများ တပည့်တော်တို့ ဇနီးမောင်နှံ ရေစက်များပါခဲ့ဦးမယ်ဆိုရင် လာမယ့် နောင်ဘဝအတွက် ဆောင်ရန်၊ ရှောင်ရန်များကို ချီးမြှင့်ပေးတော်မူပါ ဘုရား"

"ဒါကြောင့် ဒီဘဝမှာ ဒကာတို့ ဇနီးမောင်နှံ သားသမီးဆိုတဲ့ ရတနာတွေ မရခဲ့ကြလို့ ပူပင်သောကတွေ မများကြစေလိုပါ၊ အကောင်းဆုံးယကြာကို ဆရာတော် မိန့်မှာရမယ် ဆိုရင်တော့ ဒီဘဝမှာ ပါဏာတိပါတကံတွေကို တတ်နိုင်သလောက် ရှောင်ကျဉ်ကြ၊ ကောင်းမှုကုသိုလ်တွေ များစွာထဲမှာ အမိက မိဘမဲ့ဂေဟာက မိဘမဲ့ကလေးတွေကို များများလှူဒါန်း စောင့်ရှောက်ပေးစေချင်သလို၊ ဇီဝိတဒါနဖြစ်တဲ့ ငါးသက်စေ့လွှတ်တာ၊ အရေးပေါ်လူနာတွေအတွက် မိမိခန္ဓာကိုယ်ကသွေးကို လှူဒါန်းပေးကြတာ၊ သားကြီးငါးကြီးတွေကိုရှောင်ပြီး သူ့အသက် သက်သတ်လွတ်ကို အတတ်နိုင်ဆုံး ကြိုးစား စားသုံးကြဖို့ကတော့ ဆရာတော်ပေးတဲ့ မေတ္တာလက်ဆောင် ယကြာပါပဲ။

ဆရာတော် နောက်ဆုံးမှာကြားချင်တာကတော့ ဒီဘဝမှာ ပြုပြုခဲ့သမျှ ကောင်းမှုကုသိုလ် အားလုံးကိုလည်း ရေနေ၊ ကုန်းနေ၊ ဝေနေယျ အားလုံးအတွက် အမျှပေးဝေကြဖို့လည်း ဘယ်တော့မှ မမေ့ကြပါနဲ့ကွယ်"

ဆရာတော်၏ တရားအဆုံး၌ ကြည်သာရွှင်ပျစွာဖြင့် ခေါ်ယူလိုက်သော သူတို့ဇနီးမောင်နှံဆီမှ သာခုခေါ်သံသည် ဆရာတော်၏ ကျောင်းတိုက်အတွင်းတော်မှတစ်ဆင့် သာယာအေးမြသော လေပြည်လေညင်းများနှင့်အတူ အထက်ဘဝဂ်တိုင်အောင် တဖြည်းဖြည်း သယ်ဆောင်မျောလွင့်လျက်. . .

"သာခု. . . သာခု. . . သာခု"

ကျမ်းကိုး

ဓမ္မပဒပကာသနီကျမ်း

**နိုင်မင်းညို**

❑



www.burmeseclassic.com

www.burmeseclassic.com

# ဝစီနှုတ်ကြွေး ဝင့်ဖြင့်ပေးဆပ်ရတဲ့ အလှတရုရင်ဖ



## ယောဂီတိုးအောင်

လူ့ဘဝသည် လောဘ၊ ဒေါသ၊ မောဟတရားများနှင့် မကင်း။ ကံသုံးပါးတို့ ကျူးလွန်မိပါက ဝဋ်ဒဏ်အဖြစ် အပယ်ငရဲသို့ ကျရ၏။

ငရဲမှလွတ်၍ ဝဋ်ကြွေးကျန်ရှိသေးပါက ကျေအောင် ပေးဆပ်ရခြင်းသည် ဓမ္မတာ။

လိုချင်မှု၊ တပ်မက်မှု၊ စွဲလမ်းမှု၊ ငြိတွယ်မှုများကို လောဘ ဟုခေါ်ပါ၏။ (ပေမ၊ တဏှာ၊ ရာဂ၊ သမုဒယဟုလည်း ခေါ်ကြ၏။) ချစ်ခြင်းဟူသည် သံယောဇဉ်ကြောင့် ကြိုးနဲ့ချည်နှောင်ထားသလို ခွဲနိုင် မခွာရက်။

လောဘသည် စိတ်ကိုဖျက်ဆီး၍ အကျိုးမဲ့ကို ဖြစ်စေ၏။ အကျိုးအပြစ်မသိ။ ကောင်းတဲ့သဘော မမြင်။ အမှောင်တိုက်လွှမ်းကာ အကန်းကဲ့သို့ ဖြစ်ရ၏။ လောဘ စေတသိက်သည် လောဘရှိလာသူအား နှိပ်စက်ပါ၏။

တစ်ဖက်သား ထိခိုက်အောင် ဆဲရေးခြင်း၊ ကျိန်ဆဲခြင်း "ဖရုသဝါစာ" သည် သူတော်ကောင်းတို့ နှစ်သက်ခြင်း မရှိ။ အရိယာတို့အား ဝစီဒုစရိုက်ကျူးလွန်က ငရဲသို့ကျကြရပါသည်။ ငရဲမှ လွတ်၍ လူ့ဘဝရပါက ဝဋ်ကြွေးကုန်အောင် ပေးဆပ်ရပါ၏။

◆

ဝေသာလီပြည်သည် "အပရိဟာနိယ"တရား ခုနစ်ပါးနဲ့အညီ အုပ်ချုပ်သော ညီညွတ်သည့် "ဂဏ"နိုင်ငံဖြစ်၏။ ပြည်သူများက ရွေးချယ်ထားသည့် လွှတ်တော်လူကြီးများဖြင့် တာဝန်ခွဲဝေ ညှိနှိုင်းအုပ်ချုပ်ပါ၏။ ဘုရင် မရှိပါ။

လိစ္ဆဝီမင်းသားများ၏ အကြီးအကဲ ခေါင်းဆောင် "မဟာလိ"သည် အရာရာကို သင်ကြားပေးထားပါ၏။ မင်းသားများ၏ စိတ်ဓာတ်ကိုလည်း သိသူဖြစ်၏။ မင်းသားတို့ရဲ့ စိတ်က မြွေပွေးလိုပဲ ထိရဲရင်လာထိကြည့် ပြန်ချမယ့်စိတ်မျိုး။ တိုက်ကြက်ဖ ဟူသည် ခေါင်းကိုအဆိတ် မခံ၊ ခေါင်းလာဖိရင် အောက်ကလှန်ပက်သူများဖြစ်၏။အထူးသဖြင့် ဝေသာလီနိုင်ငံကို ထိပါးမခံကြ။ စော်ကားရင် ချက်ချင်း လက်တုံ့ပြန်တတ်သူများဖြစ်၏။ ဂဏရဲ့ လိစ္ဆဝီသွေးရဲရဲနီကြောင်း၊ အသည်းမာကြောင်း၊ စွန့်လွှတ်စွန့်စားစိတ်ရှိကြောင်း၊ သံမဏိစိတ်ဓာတ်ရှိ၍ ကြံ့ခိုင်သန်မာကြောင်း ပြသရန် အဆင်သင့်ဖြစ်၍ နေပါသည်။

◆

www.burmeseclassic.com

"ဝေသာလီသူဌေး မဟာနာမ်က သူ့ဥယျာဉ်ထဲရှိ သရက်ပင်ရင်းမှာ သန္ဓေတည်တဲ့ (သန္ဓေဇ) မွေးဖွားသူလေးကို သမီးအဖြစ် ကောက်ယူမွေးစားရလို့ ကျေနပ်နေသတဲ့"

"သရက်ပင်ကို အကြောင်းပြုပြီး အမ္ဗပါလီလို့ နာမည်လှလှလေး ပေးထားသတဲ့"

"သနားကမား အလွန်ချစ်ဖွယ်ကောင်းဆိုပဲ"

"ပါရမီရှင်လေးတဲ့"

"ကံကောင်းတဲ့ မိန်းကလေးပါပဲ"

စသည် စသည် ဝေသာလီ တစ်ပြည်လုံး ပျံ့နှံ့သွားခဲ့ပါသည်။

မဟာနာမ်သူဌေးမှာ အမ္ဗပါလီထက် သုံးနှစ်ကြီးတဲ့ သားတစ်ယောက်ရှိပါ၏။ သားကလည်း ပါလီကို ညီမလေးအရင်းလို ချစ်ရှာပါ၏။ ပါလီကိုမွေးစားပြီးမှ သူဌေးကြီးတို့မိသားစု ပျော်ရွှင်ချမ်းသာလာသလို စီးပွားတိုးတက်ခဲ့ပါသည်။

ပါလီဟာ သီလမြဲ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီး မေတ္တာနဲ့နေတတ်တဲ့ အကျိုးပေးကြောင့် စိတ်သဘောထား နူးညံ့သိမ်မွေ့ပါ၏။ ပါရမီအရ အများနဲ့မတူ၊ လှချင်တိုင်းလှနေ၍ မြင်ရ ကြားရသူတိုင်း မချစ်ဘဲ မနေနိုင်။

ပါလီရဲ့အလှကြောင့် ဝေသာလီတွင်မက အတိုင်းတိုင်း အပြည်ပြည်၌ "ဝေသာလီ အလှဘုရင်မ" ဟု ကျော်ကြားခဲ့ရပါသည်။

"အချစ်ကို မြတ်နိုးတွယ်တာတတ်တဲ့ ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရကတော့ အမ္ဗပါလီဟာ သူနဲ့ပဲထိုက်တန်သတဲ့"

"ဗိမ္ဗိသာရဟာ အသားက ရွှေလိုဝင်း၊ ရုပ်ကလဲဖြောင့်၊ အပြောကလဲကောင်းဆိုတော့ ကာမုပါဒါန်ရှိသေးတဲ့ သောတာပန်မင်းရဲ့ တဏှာနဲ့ ချစ်သင်းဖွဲ့တာ အဆန်းတော့မဟုတ်"

"အမ္ဗပါလီကို ရအောင် ယူပြမယ်တဲ့"

နှစ်သက်တဲ့အာရုံနဲ့ ပြင်းထန်လွန်ကဲတဲ့ တဏှာ၊ ခင်မင်တွယ်တာတတ်တဲ့ တဏှာဟာ ရာဂကို မှီး၍ မကောင်းသော အကြံအစည်ဖြင့် လမ်းမှားကိုညွှန်ခဲ့သော သောတာပန်ဘုရင်ဟာ ရာဇကြေ့ခြွေအပျက်ခံပြီး ကာမုပါဒါန်ဖြင့် ပါလီကို အစွဲကြီး စွဲခဲ့ပါသည်။

သူတတ်ကျွမ်းတဲ့ ရုပ်သေးအဖွဲ့ကို သူ့ရဲ့အမတ်များနဲ့ဖွဲ့စည်းလျက် ဝေသာလီသို့သွားကာ ပါလီကို ပိုးပန်းရန်စီစဉ်ခဲ့ပါသည်။ အသံကောင်း၊ ရုပ်ချော၊ အကလည်းကောင်းတဲ့ ဗိမ္ဗိသာရဟာ မှတ်ဆိတ်အတုတပ်၊ ရုပ်ဖျက်လျက် ပါလီရှိရာသို့ ထွက်ခဲ့ပါသည်။

"ဗိမ္ဗိသာရသည် တဏှာအလိုကျ အသံကောင်းကောင်းဖြင့် ဆို၍ ကပြတင်ဆက်ခဲ့ပါပြီ"

ဝင့်ကြီးတဲ့ အမ္ဗပါလီကလည်း ၁၅၀၀ ကိုလေသာနှင့် တဏှာအစစ် ၁၀၈ ရဲ့ အချစ်ကျော့ကွင်း ကာမုပါဒါန်ဖြင့် ပွဲကြည့်ခဲ့ပါသည်။

ချစ်ခြင်းအစ မျက်စိကဆိုသလို ပါလီဟာ ရုပ်သေးကြိုးဆွဲကို မြင်ပြီး ကြိုးဆွဲကို လူချောကိုသာ ကြည့်နေပါ၏။ ရုပ်သေးပွဲကိုတော့ စိတ်မဝင်စား။

တစ်ဦးကိုတစ်ဦး ချစ်ခင်ခြင်း၊ နှစ်သက်ခြင်းဆိုတဲ့ တဏှာအစွမ်းကြောင့် စားရာ၊ သွားရာ၊ အိပ်ရာမှာလဲ ချစ်စိတ်က လွှမ်းမြိုးထားလျက် လွမ်းဆွတ်တသစွဲငြိကာ မမြင်ရ မနေနိုင်။

တဏှာရာဂနဲ့ ကာမုပါဒါန်၏ အလိုအရ ပါလီသည် ဒုတိယအကြိမ် သူမ၏ စံအိမ်အတွင်း သီးသန့်ဌားရမ်းဖြေဖျော်စေခဲ့ပါသည်။

မဆွတ်ခင်က ညွတ်ချင်ဆိုသလို ဗိမ္ဗိသာရနဲ့ အမ္ဗပါလီတို့ ပါလီ၏စံအိမ်အတွင်း အချစ်နယ်ကူးကြလျက် နှစ်ဦးသား တဏှာငြိကာ ညားခဲ့ကြပါသည်။

အချစ် အချစ်၊ ချစ်တိုင်းချစ်၍ ချစ်လေချစ်လေ ချစ်မပြေတည်း၊ ဆားငန်ရေနေ့ာက်၊ ငတ်တိုင်းသောက်က၊ သောက်လေသောက်လေ၊ ငတ်မပြေသို့ ပေမအရာ၊ တဏှာစွဲရစ်၊ ချစ်စပျိုးသည်၊ ချစ်ရိုးချစ်စဉ်၊ ချစ်လမ်းတည်းဟု ရှေးဓမ္မဆရာ၏ ရေးဖွဲ့မှုနဲ့ လိုက်ဖက်လှပါပေ၏။

နှစ်ဦးသား တဏှာ၊ ရာဂအစွဲက အထွတ်အထိပ်သို့ ရောက်ခဲ့ပါပြီ။ ကာမုပါဒါန်ရှိသူတို့သာ ရုပ်ကိုစွဲကြောင်း သူတို့နားမလည်။

ရုပ်သေးကြိုးဆွဲ ကိုလူချောကို အရူးအမူးချစ်လိုက်တဲ့ ပါလီဟာ အခုတော့ ကြိုးဆွဲကို ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရမှန်း သိလိုက်ရပါပြီ။

အဖေ၊ အမေ၊ အစ်ကိုတို့က မရိုက်ရဘဲ ရာဂတဏှာအစွမ်းကြောင့် ပါလီ မျက်ရည်စို့ရွဲ ငိုပွဲဆင်ခဲ့ရကာ ဒုက္ခလှလှကြီး တွေ့ခဲ့ရပါပြီ။

"သောတပန် တဏှာရူး ဘုရင်တဲ့"

"သူ့မှာ အလွန်ကျက်သရေရှိ ချောမောလှပတဲ့ ခေမာ၊ ဝေဒေဟီနဲ့ မိဖုရားများရှိပါလျက် အခုလို လူကြားမကောင်းတဲ့ အဖြစ်အပျက်ကို စဉ်းစားတိုင်း ယူကျုံးမရ ရင်ထဲက အထာမကျ"

ကပ်ငြိတွယ်တာတတ်တဲ့၊ ယုတ်မာတဲ့တဏှာသည် ပါလီထံ ဝင်ရောက်ပူးကပ်ကာ ညှဉ်းဆဲလျက် မိုးရေနဲ့ကြီးရသော မြိန်းမြက်ကဲ့သို့ သောကများတို့စေခဲ့ပါ၏။

လွန်စွာထန်ပြင်း၊ နှစ်သက်ခြင်းကိုဖြစ်စေတဲ့ တဏှာရဲ့ ချစ်သင်းဖွဲ့ခြင်းကိုခံရတဲ့ ပါလီဟာ ပိုက်ကွန်မှာမိတဲ့ ယုန်သူငယ်လို ကြောက်ခဲ့ရပါပြီ။ သံယောဇဉ်ကြောင့် အဖန်တလဲလဲ ဒုက္ခရောက်ခဲ့ရပါသည်။

◆

အမ္ဗပါလီရဲ့အလှသည် ဝေသာလီမှ မဇ္ဈိမဒေသတိုင် ကျော်ကြားခဲ့ပါသည်။

အပရိဟာနိယတရားနဲ့ ပြည့်စုံ၍ အစဉ်ညီညွတ်ခဲ့ကြသော ဝေသာလီ (ဂဏ)နိုင်ငံမှ လူပျို လိစ္ဆဝီမင်းသားများကလည်း ပါလီရဲ့ အလှကိုကြားသိ၊

www.burmeseclassic.com

တွေ့မြင်ကြလျက် အချစ်မီးထကြွကာ တစ်စခန်းထခဲ့ကြပါသည်။

သူတို့နိုင်ငံရဲ့ အလှဘုရင်မကို အချစ်ဖြင့် သိမ်းပိုက်လိုကြ၍ သူရထိုက်တယ်၊ ငါရထိုက်တယ်ဟု ဇွတ်အတင်းပြော ချဉ်းကပ်ခဲ့ကြတာ မင်းသားတို့ အချစ်ကြောင့် သွေးကွဲခဲ့ပြီ၊

"ကာမပိုင် မရှိသေးတဲ့ ပါလီကို လူတိုင်း ကြိုးစားခွင့်ရှိတယ်"

"ပါလီကိုယ်တိုင်က သူ့ချစ်သူပါလို့ ထုတ်မပြောသမျှ လူတိုင်း တူညီတဲ့ အခွင့်အရေးရှိတယ်"

"ပါလီက ငါ့ချစ်သူကွ"

"ပါလီ အနားကပ်တဲ့သူ၊ ရန်သူပဲဟေ့"

"ကိုယ့်လူတို့ ပါလီအတွက်ဆို အသက်မနှမြောဘူး"

"သတ္တိရှိရှိ ယောကျ်ားချင်း ယှဉ်ပြိုင်ကြတာ အကောင်းဆုံးပဲ၊ အားလုံးကို စိန်ခေါ်လိုက်တယ်၊ ပါလီအတွက် ဓားချင်းယှဉ်လိုသူ "သန္ထာဂါရ"ရှေ့ထွက်ခဲ့ကြ. . . ဒါပဲ"

လိစ္ဆဝီမင်းသားတို့၏ စိန်ခေါ်သံသည် ဝေသာလီနိုင်ငံအနှံ့ ပျံ့ခဲ့ပါသည်။ မင်းသားတို့၏ အချစ်ရေးကြောင့် လွှတ်တော်လူကြီးများပင် နေမရ။ မင်းသားတို့၏ဆရာ မဟာလိလည်း ဘာလုပ်ရမှန်းမသိ. . . စိတ်ရှုပ်ခဲ့ကြပါသည်။

အချစ်ကို အကြောင်းပြုလျက် ဝေသာလီနိုင်ငံကြီး ပျက်မတန် တုန်လှုပ်ခဲ့ရပါသည်။

◆

"အမွှပါလီကို မည်သူနဲ့မှ လက်ထပ်ပေးလို့မဖြစ်"

"တစ်ဦးတစ်ယောက်နဲ့ လက်ထပ်ပေးလိုက်ရင် အဲဒီလူကို သေလမ်းပို့သလိုပဲ. . ."

မဟာလိသည် အမျိုးမျိုး စဉ်းစားဆင်ခြင်လျက် နောက်ဆုံး ပါလီရဲ့ အခင်ကို အသိပေးလိုက်ပါတော့သည်။

"ဝေသာလီဥပဒေအရ အမွှပါလီကို အများပိုင်ဖြစ်စေ. . ."

ပါလီသည် ဝေသာလီရဲ့ နိုင်ငံပိုင် ပြည့်တန်ဆာဘဝ ရောက်ခဲ့ရပါသည်။

ဂဏာသန္ထာလူကြီးကဲ့သို့ ရိက္ခာ၊ အခြံအရံ စုံလင်စွာဖြင့် နိုင်ငံတော်၏ အဆင်တန်ဆာအဖြစ် သတ်မှတ်လိုက်ပါသည်။

လိစ္ဆဝီမင်းသားတိုင်း ပါလီထံလာခွင့်ရှိပါ၏။ တစ်ညတာ ပျော်ပါးခွင့်ကို အသပြာတစ်ရာပေးရ၏။ ထိုငွေတစ်ရာသည် လူတိုင်း မတတ်နိုင်။ သာမန်လူတို့အတွက် တစ်နှစ်စာဖြစ်၏။

လွှတ်တော်နဲ့ မဟာလိတို့၏ အစီအစဉ်ကို မင်းသားများ အလွန်နှစ်ခြိုက်ကြလျက် ဝေသာလီနိုင်ငံကြီး ပျက်သုဉ်းမယ့်ဘေးမှ ကင်းဝေးခဲ့ရပါသည်။

"အခုတော့ အမွှပါလီ ဒုက္ခရောက်ပြီ"

◆

ပါလီရဲ့ ဖခင်ကြီးသည် သမီးချော၏ ဒုက္ခအပေါင်းအား မြင်တွေ့လျက် သောကပရိဒေဝမီးများ တောက်၍ သေဆုံးခဲ့ရသလို အစ်ကိုကြီးသည် စိတ်မချမ်းမြေ့စွာဖြင့် ဘုရားကျောင်းသို့ သွား၍ ရဟန်းဘဝနှင့် နေခဲ့ပါသည်။

ဝစီဗေဒ ထိတိုင်းရှုခဲ့ရတဲ့ ပါလီ။ အခုတော့ အပျိုမဟုတ်တဲ့အပြင် ဗိမ္ဗိသာရနဲ့ ရထားတဲ့ ကိုယ်ဝန်ကြီးနှင့်ဆိုတော့ သူမနဲ့သင့်တော်မယ့် "ပူတာဂါရ" ကို သွားခဲ့ရပါသည်။

ပူတာဂါရမှာ တစ်နှစ်ကြာတော့ ရုပ်ရည်လှပ ရွှေလိုဝင်းလျက် ဗိမ္ဗိသာရနဲ့တူတဲ့ သားကလေး ဖွားခဲ့ပါသည်။

သားရင်သွေးကို မွေးပြီးတော့လည်း မိခင်ဝတ္တရားထက် ပိုတဲ့အချစ်တွေနဲ့ ငုံယားမတတ် ချစ်ပါ၏။ လိုလေသေးမရှိ ပြုစုယုယပိုက်ထွေးကာ တဏှာစေရာ ဖွေရှာခဲ့ပါသည်။ သားချော့တေးတွေလည်း ဆိုခဲ့ပါ၏။

တစ်ခါတစ်ရံ ဗိမ္ဗိသာရကိုလည်း သတိရပေမပေ့ါ။

"ကာမုပါဒါန်ရှိသူတို့သာ ရှုပ်တိုးနှစ်သက်ပါ၏"

အနှစ်မရှိတဲ့ ခနွာငါးပါးဟာ ကစီတွင်းတက်နေတဲ့ အမြှုပ်လို ယုတ်မာလှပါ၏။ တဏှာဟုန်ဖြင့် စုံမက်နှစ်သက်သူဟာ တဏှာ၏ တန်ပြန်နှိပ်စက်မှုကြောင့် ပူလောင်ရပါ၏။

အစ်ကိုကြီးအာနန္ဒာသည် မြတ်စွာဘုရားထံ ရဟန်းပြု၍ ကျင့်ကြံအားထုတ်ကာ တဏှာကို အပြီးပယ်သတ်ပြီး ရဟန္တာအရှင်မြတ်ကြီး ဖြစ်ခဲ့ရပါသည်။

ညီမငယ်ပါလီရဲ့ ဒုက္ခအပေါင်းကိုသိရှိလျက် ဒုက္ခဘေးမှ ကင်းဝေးစေရန် ရည်ရွယ်ချက်ဖြင့် ပါလီ အလွန်အချစ်ရသော သားအား ဇွတ်အတင်းခေါ်၍ ဘုရားရှင်ထံ ရှင်ပြုပေးခဲ့ပါ၏။ "ဝိမလ"ဟု ဘွဲ့အမည်ရခဲ့ပါသည်။

ကိုရင်ဝိမလ၏ ဝီရိယ၊ ပညာ အစွမ်းကြောင့် ခုနစ်နှစ်သား အရွယ်မှာပင် အနာဂါမိမဂ်ကို ရခဲ့ပါသည်။

အာနန္ဒာအရှင်မြတ်သည်သတ္တဝါတို့ကို ကယ်ချွတ်လိုသောဆန္ဒဖြင့် ပါလီကို ချွတ်ရန် ကိုရင်လေးကို ပါလီအိမ်သို့ ဆွမ်းခံကြွစေပါသည်။

အသားအရေ ဝင်းပလျက် ကြန့်ဖြင့် အလွန်ချစ်ဖွယ်ကောင်းတဲ့ ကိုရင်လေးကို တွေ့လျှင် တွေ့ချင်း. . .

"အလို. . . ငါ့သားလေးနဲ့ တူလိုက်တာ"

"စံအိမ်ပေါ်သို့ ကြွတော်မူပါဘုရား"

"သားကို ချစ်တဲ့စိတ်ဖြင့် ကိုရင်လေးကို တစိမ့်စိမ့်ကြည့်ရင်း ကြည်နူးဝမ်းသာလျက်. . ."

သားကိုချစ်တဲ့ မေတ္တာနဲ့ ကိုရင်လေးအား ဝတ္ထုငွေများ လှူခဲ့ပေမယ့် ကျုပ်နဲ့မအပ်စပ်ဟုဆိုကာ လွှင့်ပစ်ခဲ့ပါသည်။

နောက်နေ့ သာမဏေငယ် ဆွမ်းခံလာစဉ်. . .

"မယ်တော် မယ်တော် . . ." လို့ခေါ်လိုက်တဲ့ ကိုရင်လေးရဲ့ အသံဟို





www.burmeseclassic.com

www.burmeseclassic.com

ကြားပြီး မိခင်မေတ္တာဖြင့် ဝမ်းသာကြည်နူးလျက် စံအိမ်တော်ပေါ်သို့ပင့်ခဲ့သည်။

သား သာမဏောကို လူထွက်၍ ကာမဂုဏ်အာရုံတွေ စိတ်ကြိုက်ခံစားလိုသော ဆန္ဒဖြင့်. . :

"ငါ့သား သာမဏေ၊ လောကီချမ်းသာ ကာမဂုဏ် အာရုံတွေကို ငါ့သားကြိုက်သလောက် ခံစားစမ်းပါ။ ငါ့သား ကာမဂုဏ်ခံစားဖို့ ငါ့သားကြိုက်တဲ့ မိန်းမလှတွေကို အမေကလိုသလောက် ရှာပေးပါ့မယ်၊ သားသမီးတွေ မွေးရင်လဲ ဒီအမေ ပျော်ပါတယ်၊ လိုလေသေးမရှိ အမေထားနိုင်ပါတယ်"

စသဖြင့် တဏှာ ရာဂ မကင်းတဲ့ စကားများကို ပုထုဇဉ်တို့ သဘာဝအတိုင်း ကိုရင်ဝိမလအား ပြောခဲ့ပါသည်။

တဏှာ ၃၆ နဲ့ ဝမ်းမြောက်ဝမ်းသာ အလိုကြီးခဲ့တဲ့အမွှပါလီသည် ရာဂအစုံ တဏှာဟုန်၌ အာရုံငြိကာ မူမမှန်တဲ့ အယူဆန်းများကြောင့် ခြောက်ဒွါရတွင် အခြေချခဲ့တဲ့ သခ်ီရတရားများကို မဂ်ဓားနဲ့ ဖြတ်သင့်ကြောင်း နားမလည်။

ကိုရင်သာမဏေက. . .

"ဒကာမကြီး. . လောကီအာရုံကာမဂုဏ်တွေ ခံစားခြင်းသည် အရိယာတို့ အလုပ်မဟုတ်၊ တကယ်တော့ ရုပ်ဆိုတာ ဘာမှ မလုပ်တတ်ဘူး၊ စိတ်ကခိုင်းမှ လုပ်ရပါတယ်၊ စွဲတာက နာမ်၊ မစွဲတာက ရုပ်လို့ သိရမယ်၊ ရုပ်က အာသဝမရှိဘူး၊ အာသဝရှိသူက အာရုံပြုတယ်၊ လူ၊ နတ်၊ ဗြဟ္မာဖြစ်ချင်တာက တဏှာပဲ၊ ခန္ဓာရသူတိုင်း အို၊ နာ၊ သေကြရတယ်၊ တဏှာရာဂကို လွန်နိုင်မှ ၁၁ ပါးသော မီးတွေ ငြိမ်းပါတယ်. . . ဒကာမကြီး။

"တဏှာ၊ ဥပါဒါန်၊ ကံ၊ ဘဝ အနှောင်အဖွဲ့တွေကို ပယ်၊ လောကီအာရုံများကို မတွယ်တာခြင်းသည် အဆိပ်ကို အဆိပ်မှန်းသိ၍ ရှောင်သလို၊ သေခြင်းတရားကိုရှောင်၍ ခန္ဓာတွင်း မြုပ်ခိုတည်ရှိနေတဲ့ မသေခြင်းတရား (သန္တိသုခ) ချမ်းသာအစစ်ကို ရရှိနိုင်ပါတယ်. . . ဒကာမကြီး"

ကဿပဘုရားလက်ထက်တော် ဘုရားရှင်ပြင်တော်ပေါ်၌ အမှတ်တမဲ့ ရဟန္တာမကြီး၏ သလိပ်စွန့်ခဲ့ခြင်းအား "ပြည့်တန်ဆာမသာ ဒီလိုပြုတယ်"ဟု ဆဲရေးလိုက်မိ၍ ဝစီပေဒ ထိတိုင်းရှုခဲ့ရတဲ့ အမ္ဗပါလီ။

အခုတော့ ဝဋ်ကြွေးကုန်ပြီး သား အနာဂါမ်၏ ခေါ်ဆောင်ရာ မြတ်စွာဘုရားထံပါးသို့ ရောက်ခဲ့ရပါတော့သတည်း. . .။

<u>မှီငြမ်း</u>

ထေရီပါဒန်၊ အမ္ဗပါလီထေရီဝတ္ထု

**ယောဂီတိုးအောင်**

❑




# အကြောပြင်ဆရာကြီး ဦးအေးထွန်း

## ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းနှင့်လက်ကိုက်၊ လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ (၁၅)မိနစ်အတွင်း သက်သာစေရမည်။

**ဓလေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။**

**တွေ့ချိန်** ➽ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း


**လိပ်စာ** ➽ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ➝ ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com



# မာနမပါ သာသနာ

## ကျောင်းတော်ရာ အရှင်ဝဏ္ဏထေရဖုဒ္ဓိ

မာနကြီးတဲ့သူတွေကို ဘဝမှာ ကြိမ် တစ်ခါ ဆိုသလို လူတိုင်း ့ကြုံကြမယ် ထင်ပါတယ်။ ဆက်ဆံ ကို မတူသလိုမတန်သလို အပေါ် နေပြီး ဟန်ကြီးပန်ကြီး တစ်ခွဲသား

တချို့များဆိုရင် စီးပွားရေး၊ ရေး၊ နုပ်ရည် ရုပ ကာယ စတဲ့ တဲ့သူတွေနဲ့ ပြောဆို ဆက်ဆံ ဝန်လေးသလို ရှက်သလိုလည်း တတ်ကြပါသေးတယ်။

ထမင်း တစ်ဝိုင်းတည်းစားရမှာ ောင် သေမလောက် ကြောက်ကြ တဲ့ ဂုဏ်ကြီးရှင် မာနသမားတွေကို လည်း ထူးထူးဆန်းဆန်း ဆိုသလို တွေ့ ခဲ့ဖူးပါတယ်။

ကိုယ့်ထက် အသက်ဂုဏ်ဝါကြီး တဲ့သူတွေကို အရိုအသေ ပေးရမှာကို တောင် ခပ်ရွံ့ရွံ့ဆိုတော့ ဩော်. . . မာနဆိုတာ သူတို့ကိုယ်သူတို့ အဟုတ် ကြီး ထင်နေကြတာပါလားလို့ စဉ်းစားမိ တော့တယ်။

ချမ်းသာတဲ့သူတွေကလည်း လူ ချမ်းသာမာနတွေနဲ့ ထောင်လွှားနေ ကြတော့ လူဆင်းရဲ မာနသမားတွေက လည်း ကြိတ်ပြီး ပြုံးတတ်ကြပါတယ်။ ချမ်းသာတဲ့သူ ဆိုတာတွေနဲ့ ဖြစ်နိုင်ရင် ကင်းကင်းနေချင်တာ။ မလွှဲသာလို့ ဆက်ဆံရမယ်ဆိုရင်တောင်မှ ခပ်တန်း တန်းပဲလို့ခံယူထားတဲ့ ဆင်းရဲသား မာန သမားတွေကလည်း ရှိနေပြန်ပါတယ်။

အကုသိုလ်မာန ဆိုတာ ပျက်စီး ခြင်း၊ ဆုံးရှုံးခြင်းစတာတွေရဲ့ အဓိက အကြောင်းရင်းပဲလို့ မသိကြတာလား။ ဒါမှမဟုတ် မသိချင်ယောင် ဆောင် နေတာလား ဆိုတာကို လက်တို့ပြီးသာ မေးလိုက်ချင်ပါတော့တယ်။

မာနဟာ စေတနာကို အဆိပ် ခပ်တတ်ပါတယ်။ တစ်ဖက်သားကို

www.burmeseclassic.com

စေတနာထားတတ်သလို ကူညီရိုင်းပင်းချင်တဲ့ စိတ်တွေဟာ မြန်မာတို့ရဲ့ ကမ္ဘာကျော်စိတ်ဓာတ်တွေပါ။ မာနသမားကတော့ တစ်ဖက်လူရဲ့ စေတနာတွေ၊ ကူညီတာတွေ ကို နားမလည်ကြပါဘူး။ ဒါကြောင့် "စေတနာသည် လူတိုင်းနှင့်မတန်" လို့ ကြွေးကြော်ကြတာနဲ့ တူပါတယ်။

အရာရာကို တန်ဖိုးဖြတ် ဆက်ဆံတတ်ကြပြန်တော့ ဘဝရဲ့ ပျော်စရာကောင်းတဲ့အချိန်တွေကိုတောင် ဝယ်ယူစားသောက်နေကြရပါတယ်။အလကားရတဲ့ စေတနာကို ငတ်မွတ်နေကြတာလေ။

သူသူငါငါ နှာခေါင်းရှုံ့ကြတဲ့ မာနဆိုတာကို မခံချင်စိတ်နဲ့ တွဲပြီး အရောင်တောက်လာအောင် အသုံးချတတ်မယ်ဆိုရင် ကိုယ် မျှော်လင့်ထားတဲ့ ပန်းတိုင်ကို ရနိုင်ပါတယ်။ အဲဒီလို အသုံးချပြီး ချမ်းသာသွားကြတဲ့ မီလျံနာတို့၊ ဘီလျံနာတို့ ဆိုတာတွေ ကမ္ဘာမှာ အများကြီးပါ။ အဓိက ဆိုလိုတာကတော့ အသုံးချတတ်ဖို့ပါပဲ။

တစ်တောလုံး ဆေးဖက်မဝင်တဲ့အပင်ကို ရှာလို့မတွေ့ခဲ့ပါဘူး ဆရာလို့ ဆိုလာတဲ့ ဆေးကျောင်းသား ဇီဝကရဲ့စကားမှာ အသုံးချနည်းပညာတွေ ပါဝင်နေတာကိုတော့ သတိထားသင့်ပါတယ်။ အသုံးချဖို့ပဲ လိုတာပါ။ အသုံးချတတ်လို့ကတော့ ကိုယ့်ဘဝ မိသားစုဝန်းကျင်ပါမက မြို့ရွာတိုင်းပြည်အထိ တိုးတက်နိုင်တယ်ဆိုတာကို လူတိုင်းသိသင့်ပါတယ်။

မြတ်ဗုဒ္ဓဟာ သူ့ရဲ့ သာသနာတော်မြတ်ကြီးကို မာန ဟူသော မြူမှုန်တွေ ကင်းစင်အောင် သန့်သန့်လေး တည်ထောင်တော်မူခဲ့တာပါ။ ထင်ရှားတဲ့ အနုရုဒ္ဓမင်းသား၊ ဘဒ္ဒိယမင်းသား၊ အာနန္ဒာ၊ ဘဂု၊ ဒေဝဒတ္တ၊ ဥပါလိ ဆတ္တာသည် (ခေါင်းရိတ်သမား)တို့ သာသနာထဲ ဝင်ရောက်လာတော့လည်း ဥပါလိကို အရင်ဆုံး ရဟန်းပြုစေတာဟာ သာကီဝင် မင်းသားတွေရဲ့ မာနတွေကို ဆေးကြောသန့်စင်စေခဲ့တာပဲ မဟုတ်ပါလား။

ဥပါလိဆိုတာ ဂုဏ်ပကာသန မရှိဘူး။ အမျိုး ဇာတ်အားဖြင့်လည်း နိမ့်ကျတဲ့သူတစ်ယောက်ပါ။ သာကီဝင်တွေဟာ အမျိုးမြတ်သူတွေ ဖြစ်ကြတယ်။ ဂုဏ်ပကာသန အားဖြင့်လည်း ပြည့်စုံကြလေတော့ မာနတွေလည်း ထောင်လွှားတတ်ကြတာပေါ့။ ဒါကို သိထားတဲ့ မြတ်ဗုဒ္ဓက ဦးစွာ ရဟန်းပြုသူကို အရိုအသေပေး ရှိခိုးစေပြီး မာနဆိုတာတွေကို ဆေးကြောသန့်စင်ခဲ့တာပဲ ဖြစ်ပါတယ်။

အဲဒီလို လုပ်လိုက်မှပဲ သာကီဝင်မင်းသားတစ်စု မာနတွေကင်းစင်ပြီး သာသနာမှာ ရသင့်ရထိုက်တဲ့တရားတွေ ရရှိကြပါတော့တယ်။

ခေမာတို့၊ ရူပနန္ဒီတို့လို အချောအလှနဲ့ပတ်သက်ပြီး ကျော်ကြားထင်ရှားတဲ့ များစွာသော အမျိုးသမီးတွေကိုလည်း ရင့်ရော်အိုမင်း ပျက်စီးခြင်း အနိစ္စသဘောတွေကိုပြပြီး မာန်မာနဆိုတာတွေကို ကင်းစင်သွားအောင် တရားရေအေးနဲ့ တိုက်ကျွေးသန့်စင်ခဲ့တာပဲ ဖြစ်ပါတယ်။

အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့ ထင်ရှားတဲ့ တပည့်ကြီးတွေကလည်း အခါအခွင့်သင့်ရင် သင့်သလို ကိလေသာမာန အညစ်အကြေးတွေကို သန့်စင်စေခဲ့တဲ့ သာဓကတွေကလည်း များစွာ ရှိနေပြန်ပါတယ်။

အဲဒီများစွာတွေထဲမှာ ပိပ္ပလိလုလင်အကြောင်းကတော့ အတော်လေးကို စိတ်ဝင်စားစရာ ကောင်းလွန်းလှပါတယ်။

ပိပ္ပလိလုလင် ဆိုတာ သာမန်လုလင်တစ်ယောက် မဟုတ်ပါဘူး။ အရှင်မဟာကဿပဆိုပြီး ဖြစ်လာမယ့် အလောင်းတော်လေးပါ။ ပထမ သင်္ဂါယနာကို ဦးဆောင်တင်မယ့် ရဟန္တာမထေရ်မြတ်လောင်းကြီးပေါ့။

အခုတော့ ပိပ္ပလိလုလင်ဟာ သူပိုင်ဆိုင်တဲ့ လယ်ယာ၊ ရွှေ ငွေ ဆိုတာတွေကို စွန့်လွှတ်ပြီး ရဟန်းပြုဖို့ ထွက်လာခဲ့ပါပြီ။

အဲဒီလို ထွက်လာတာကို မြတ်ဗုဒ္ဓကိုယ်တော်တိုင် သုံးဂါဝုတ် ခရီးဒေတဲ့ ဗဟုပုတ္တက ညောင်ပင်ထိအောင် လာပြီး ကြိုဆိုပါတော့တယ်။

မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်တွေကို ဘယ်လို နတ်၊ ဗြဟ္မာ တစ်ဦး တစ်ယောက်မှ ကုန်စင်အောင် ဖွဲ့ဆိုဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဂုဏ်ရှိလို့ မာနကြီး စတမ်းဆိုပြီး လောကလူ့ရွာ အတွေးမျိုးနဲ့ တွေးမယ်ဆိုရင်တော့ တွေးစရာလေးပါ။

ပိပ္ပလိလုလင် ခေါ် အမျိုးသားတစ်ယောက်ကို မြတ်ဗုဒ္ဓကိုယ်တော်တိုင် ခရီးဦးကြိုဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

လက်ဝဲ၊ လက်ယာ အသာထားလို့ အလုပ်အကျွေးရဟန်း ဒါမှမဟုတ် မထင်မရှား သာမဏေလေးလောက်နဲ့တင် လုံလောက်ပါတယ်လို့ တွေးကြမှာပေါ့။ ဒါပေမယ့် မြတ်ဗုဒ္ဓကိုယ်တော်တိုင် မာနမရှိကြောင်းကို ပြလိုက်တာပါ။

တပည့် ရဟန်း၊ ရှင်၊ လူ ဥပါသကာများ အတွက် အားကျအတုယူလိုက်နာ ကျင့်သုံးနိုင်ဖို့ ပြယုဂ်တစ်ခုအနေနဲ့ ပြခဲ့တာနဲ့ တူပါတယ်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ မာန မရှိပုံတွေကလည်း ထေရဝါဒီတို့ရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားလွန်းလှပါတယ်။

တစ်နေ့မှာတော့ ဆရာတပည့်နှစ်ပါး ဆွမ်းခံရွာအဝင်မှာ သင်္ကန်းရုံကြပါတော့တယ်။ မထင်မှတ်ဘဲ မထေရ်မြတ်ကြီးရဲ့ သင်္ကန်းဟာ အနည်းငယ်အစွန်းထွက်နေပါလေရော။

တပည့်ကိုရင်လေးက မြင်တွေ့လို့ သတိပေးလိုက်တာကို "နောင်ကိုလဲ အဆင်မပြေတာ တွေ့ရင် ဆုံးမပါဦးဘုရား" လို့ ပြောလာတဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ မာနမပါတဲ့

www.burmeseclassic.com

**အကုသိုလ်မာန ဆိုတာ ပျက်စီးခြင်း၊ ဆုံးရှုံးခြင်း စတာတွေရဲ့ အမိက အကြောင်းရင်းပဲလို့ မသိကြတာလား။**

တားလုံးလေးဟာ ဆရာတိုင်းရဲ့ နှလုံး သားကို ပြောင်းလဲသွားအောင် စွမ်းနိုင် လွန်းလှပါတယ်။

များသောအားဖြင့်တော့ ဆရာ တိုင်းလိုလိုဟာ ငါဆရာပဲဆိုပြီး ပညာ နတွေနဲ့ တပည့်တွေ ပြောလာတဲ့ အားတွေကို လက်မခံတတ်ကြပါဘူး။ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ နမြှုပ်တွေ၊ တပည့်အပေါ် မှာထားတဲ့ မေတ္တာ၊ စေတနာ တွေဟာ ကမ္ဘာ ပေါ်မှာ ရှိနေကြတဲ့ ဆရာတိုင်းအတွက် မီးအောင်းထိုးပြနေသလိုပါပဲ။

များစွာသော သာကီဝင် မင်း သား မင်းသမီးတွေဟာ သာသနာ တော်ထဲကို အသီးအသီး ဝင်ရောက်လာ ကြပါတယ်။

အဲဒီအထဲမှာ မြန်မာတွေ တော် တော်များများ သိနေကြတဲ့ မြင်းမြီးဆွဲ အောင်ဆန် (ခေါ်) ဆန္နလည်း ပါဝင် ပါတယ်။

သာသနာထဲရောက်လာပြီး . . .

ဒီ ဘုရားကွ၊ ငါနဲ့ အတူတူမွေးပြီး အတူတူ ကြီးပြင်းလာတာ၊ ဘုရားဖြစ်ဖို့ တောထွက်ပြန်တော့လဲ အနော်မာမြစ် ကမ်းအထိ လိုက်ပါခဲ့ရတာ၊ ဘယ်သူမှ မဟုတ်ဘူး၊ အခုမှလာပြီး သာရိ ပုတ္တရာလေး၊ မောဂ္ဂလာန်လေးဆိုပြီး အကျော်အကြားကြီးတွေ လုပ်နေကြတာ'

သည်ဖြင့် ဟန်တကြွကြွ၊ မာန် တွေနဲ့ ဖြစ်နေပါတော့တယ်။ ဘယ်သူ့ စကားကိုမှ လက်မခံတော့ပါဘူး။

သူ့မာနနဲ့သူ ထင်ရာမြင်ရာတွေ လုပ် နေတဲ့အဖြစ်ကို မြတ်ဗုဒ္ဓကိုယ်တိုင် ဖြဟ္မ ဒဏ်ထားပြီး (ဖြဟ္မဒဏ်ဆိုတာ ကောင်း သည်၊ ဆိုးသည် ထိုနှစ်လီကို ပြောဆို ဆက်ဆံမှု မပြုခြင်း) သန့်စင်ရတော့ တယ် မဟုတ်ပါလား။

နောက်ဆုံးတော့လည်း မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံမြန်းပြီးလို့ ပထမ သင်္ဂါယနာ တင်ပြီးခါမှ အရှင်ဆန္နမထေရ်ရဲ့မာန တွေ ခဝါချပြီး အာသဝေါကင်းကွာလို့ ရဟန္တာဖြစ်ရရှာပါတော့တယ်။ တကယ် ဆိုရင် ဆန္နမထေရ်ဟာ မြတ်ဗုဒ္ဓ သက် တော်ထင်ရှား ရှိစဉ်ကာလမှာပင် မဂ် ဖိုလ် တရားထူးတွေကို ရသင့်တယ် မဟုတ်ပါလား။

အရာမဟုတ်တဲ့ မာန ဆိုတာ တွေ ထောင်လွှားခဲ့မိလို့ နောက်ကျခဲ့ရ တာလေ။ အချိန်မီ ပြုပြင်နိုင်လို့ တော် သေးတာပေါ့။ မပြုပြင်နိုင်လို့ကတော့ ဘဝသံသရာ ခရီးရှည်ကြီးကို သုခတစ် လှည့် ဒုက္ခတစ်ဖုံ မမောနိုင် မပန်းနိုင် လျှောက်လှမ်းနေရဦးမှာပေါ့။

မာနရဲ့ အကျိုးပေးပုံတွေက တော့ ကောင်းကွက်ဆိုတာကို ရှာလို့ မတွေ့လောက်အောင်ပါပဲ။

မာနကြီးလို့ လူမျိုးတစ်မျိုးလုံး အမျိုးပြုတ်လုနီးပါး ကျရှုံးကြရတဲ့အထဲ မှာ သာကီဝင်တွေလည်း ပါတာပေါ့။ မလိုလားအပ်ဘဲ ထားခဲ့မိတဲ့ မာနတွေ ကြောင့် ဝိဍူဍဘရဲ့ ဓားချက်အောက် မှာ အသက်ပျောက်ခဲ့ကြရတာလေ။

မာနနဲ့ ပတ်သက်လာရင် ကျ ရောက်လာတတ်တဲ့ ဒုက္ခဆိုတာတွေ ကလည်း ဆန်းပြားလွန်းလှပါတယ်။ ဒါကြောင့် မြတ်ဗုဒ္ဓက သူ့ရဲ့သာသနာ တော်မြတ်ကြီးကို မာနတွေမရှိအောင် သန့်စင်ခဲ့တာနဲ့ တူပါတယ်။

မာနမရှိတဲ့ သာသနာတော်မြတ် ကြီးကို အမြဲတမ်း ငြိမ်းအေးချမ်းသာတဲ့ အဖွဲ့အစည်းတစ်ခုအနေနဲ့ ကမ္ဘာ့လူထု ပရိသတ်ရဲ့ ကြည်ညိုလေးစားမှုကို ခံနေ ရတာပါ။

သွေးမစွန်းဖူးတဲ့ ဘာသာ၊ **စစ်** မဖြစ်ဘူးတဲ့ ဘာသာ၊ ခေတ်သစ်သိပ္ပံ ဆိုတာကို စိန်ခေါ်ရဲသော ဘာသာ၊ အငြိမ်းချမ်းဆုံး ဘာသာ ဆိုပြီး ကမ္ဘာ့ မှတ်တမ်းမှာ အသန့်စင်ဆုံး ဘာသာရေး တစ်ခုအနေနဲ့ အေးချမ်းစွာ ရပ်တည်ပြ နိုင်ခဲ့တာဟာ မာနမရှိလို့ပါ။

မြတ်ဗုဒ္ဓရဲ့ ဓမ္မကို လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ကြတဲ့ ထေရဝါဒီ ရဟန်းတော်များရဲ့ ဂုဏ်ကျေးဇူးတွေ ကြောင့်ပဲ မဟုတ်ပါလား။ သင်္ဂါယနာ တင်ခြင်းရဲ့ အကျိုးရလဒ်တွေကလည်း ပါဝင်တာပေါ့။

ဒီဘက်ခေတ် သာသနာမှာ မင်း ကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသ ဆိုရင် မြန် မာသာမက ကမ္ဘာထိအောင် ထင်ရှားလို့ ကျော်ကြားခဲ့ရပါတယ်။

ဂင်းနစ်စံချိန်ဝင်တဲ့ ထေရဝါဒီ ရဟန်းတော်တစ်ပါးအဖြစ်လည်း မြန်မာ တို့ ဂုဏ်ယူခဲ့ကြရတယ် မဟုတ်ပါလား။ ဆရာတော်ဘုရားကြီးဟာ ရဟန်း၊ ရှင်၊ လူ ဘာသာမရွေး၊ လူမျိုးမရွေး တလေး တစား ပြောဆိုဆက်ဆံတာကိုက အတု ယူ မှတ်သားဖွယ်ရာပါ။ တိပိဋကဆိုတဲ့ ဂုဏ်ပုဒ်အရှိန်အဝါနဲ့ ဘယ်သောအခါမှ အခွင့်အရေး မယူခဲ့တာ၊ မယူတတ်တာ တွေဟာ ဆရာတော်ဘုရားကြီးရဲ့ ကြည်ညိုဖွယ်ရာ သီးခြားဂုဏ်ပုဒ်တွေပဲ ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ သာသနာတော်မြတ် ကြီးဆိုတာ မာန မရှိရပါဘူး။ ဒါကြောင့် လည်း အသက်တစ်ရာပင်ရှိစေဦးတော့ ဝါမရသေးပါက တစ်ဝါရ အသက်နှစ် ဆယ် ရဟန်းငယ်လေးကို အရိုအသေ ပေး ရှိခိုးကြရတာလေ။ မာနမပါတဲ့ သာသနာတော်ရဲ့ ပြယုဂ်တွေပါပဲ။

ရဟန်းပြုတော့မယ် ဆိုရင်တော့ ရာထူးဆိုတာတွေ၊ အာဏာဆိုတာတွေ၊ စစ်သူကြီး၊ သူဌေး၊ ကုန်သည်၊ ပွဲစား၊ သူတောင်းစား မည်သူ တစ်ဦးတစ် ယောက်ပဲ ဖြစ်ဖြစ် သာသနာထဲမှာ





www.burmeseclassic.com

www.burmeseclassic.com

ဘာမှ အသုံးမဝင်တော့ပါဘူး။ မာန ကင်းစင်အောင် ပြုမူနေထိုင်ရမှာ ဖြစ်ပါတယ်။ သို့မှသာလျှင် မြတ်ဗုဒ္ဓ အလို တော်ကျ ရဟန်းတော်များ ဖြစ်လာကြမှာလေ။

ဒီပဲယင်း ဆရာတော်ဘုရားကြီး ကတော့ အနာဂတ် သာသနာ့မျိုးဆက်သစ် ရဟန်းပျိုများအတွက် "ကိုယ်မှာ မတတ် စာမှာတတ် ဂါဟတ်ကိုက်တတ်သည်" ဟူ၍ မာနနဲ့ ပတ်သက်ပြီး မှတ်သားဖွယ်ရာ လင်္ကာဆောင်ပုဒ် လေးနဲ့ ဆုံးမဩဝါဒ ထားခဲ့ပါတော့တယ်။

သင်ယူလေ့ကျက်နေတဲ့ စာပေတွေဟာ စာမေးပွဲအောင်ရုံသက်သက် မဟုတ်ဘဲ နှလုံးသားထဲအထိ စွဲမှတ်လိုက်နာတတ်ဖို့ ပြောတာပါ။ ကိုယ်မှာ မတတ်ဘဲ စာမှာသာ တတ်မယ်ဆိုရင် ငါ စာတတ်ပြီဟုဆိုကာ မာန်မာနတွေ ထောင်လွှားပြီး ဂါဟတ်ကိုက်တတ်သည်ဟု ဆိုလိုရင်း ဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီး ပြောတဲ့ ဂါဟတ်ဆိုတာ တဏှာ၊ မာန၊ ဒိဋ္ဌိကို ပြောတာပါ။

မာနတွေ ထောင်လွှားနေတဲ့ အပေါ်မှာ တဏှာနဲ့သာယာပြီး ဒိဋ္ဌိ အယူမှားတွေနဲ့ သံသရာတစ်လျှောက်လုံး အကိုက်ခံရပြီး သေတတ်တဲ့ ဘဝတွေကို သိအောင် မြင်အောင် ဆိုပြီး ပျက်စီးဆုံးရှုံးမှာစိုးလို့ ဆုံးမဩဝါဒလေး ထားခဲ့တာပါ။

ပညာမာနတွေ ထောင်လွှားပြီး ပညာတက်အမည်ခံ ပုဂ္ဂိုလ်များ ဆေးခါးကြီး တစ်ခွက်လိုများ ဖြစ်နေမလား မသိပါဘူး။

အဆိုပါ ဂါဟတ်တရား ဆိုတာတွေကို ဝိပဿနာမှာတော့ ပပဉ္စလို့ ခေါ်ပါတယ်။ အခေါ်သာ လွဲသွားပြီး တဏှာ၊ မာန၊ ဒိဋ္ဌိတရားတွေကတော့ အတူတူပါပဲ။ ပပဉ္စဆိုတာ သံသရာကို ရှည်အောင် ချဲ့ထွင်တတ်တဲ့ သဘောလေ။

ဝိပဿနာ ထွန်းကားပြန့်ပွားတဲ့ ခေတ်ကာလမှာ တရားအားထုတ်ကြတဲ့ ယောဂီတို့အတွက် အထူး သတိထားရမယ့် အကုသိုလ်တွေပါ။ ကိုယ်တိုင် တွေ့မြင် ခံစားရတဲ့ တရားသဘောရဲ့ အေးချမ်းမှု၊ ငြိမ်းချမ်းမှုလေးတွေကို အမှန်တကယ် မင်္ဂလိုလို၊ ဖိုလ်လိုလို ထင်ပြီး မာနက အနုသယသဘောနဲ့ သိမ်သိမ်မွေ့မွေ့ ခိုဝင်အောင်းတတ်ပါတယ်။ အေးချမ်းလိုက်တာဆိုပြီး ဖြစ်ပျက် မရှုပါဘဲ သာယာတဲ့နောက်ကို လိုက်မိရင်တော့ တဏှာသဘော လေး ဖြစ်တတ်ပါလေရော။

သက္ကာယအစွဲ မပြုတ်တော့ ဒိဋ္ဌိ ပါဝင်လာပြီး သံသရာက လွတ်မြောက်အောင် တရားအားထုတ်ခါမှ ပိုပြီး ရှည်လျားအောင် ဖြစ်တတ်ပါတယ်။

ဒါကြောင့် အရင်းခံမာနကို မြတ်ဗုဒ္ဓ အလိုမရှိတာဟာ သဘာဝကျ မှန်ကန်လွန်းလှပါတယ်။

ထေရဝါဒီ မြန်မာပြည်သားတွေရဲ့ နှလုံးသားမှာ မာနဆိုတာ လုံးဝကို မရှိသင့်တဲ့ အရာပါ။ မြတ်ဗုဒ္ဓကိုယ်တိုင် မလိုအပ်လို့ စွန့်ပစ်ထားတဲ့ မာနကို တပည့်ခံ ကိုးကွယ် ကျင့်သုံးကြတဲ့သူတွေက ဘာဖြစ်လို့ တွယ်ဖက်ပြီး မွေးမြူထားရမှာလဲ။ ကိုယ့်နှလုံးသားထဲမှာ မာန ရှိနေပြီဆိုရင်တော့ ဘာမှ မစဉ်းစား လိုက်ပါနဲ့။ မြတ်ဗုဒ္ဓနဲ့ အဝေးဆုံးက လူတစ်ယောက် ဖြစ်နေလို့ပါပဲ။

မာနနဲ့ ပတ်သက်ပြီး ပထမ ရွှေကျင် ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ရေးစပ်သီကုံးပြီး ဆုံးမတော်မူခဲ့ပါတယ်။

- မြေခွေးသည် ခြသေ့် စားကြွင်းကြောင့် မာန်တက်သည်။
- ပုထုဇဉ်သည် အရိယာစားကြွင်းဖြင့် မာန်တက်သည်။
- ဖားငယ်သည် ဆောင့်ကြောင့် ထိုင်ရင်း ခြသေ့်မာန်တက်လျက် ကျီးချီသောအခါ ပိယက်. . . ပိယက် မြည်သည်။

•••••••••••••••••

ချမ်းသာတဲ့
သူတွေကလည်း
လူချမ်းသာမာနတွေနဲ့
ထောင်လွှားနေကြတော့
လူဆင်းရဲ
မာနသမားတွေကလည်း
ကြိတ်ပြီး
ပြုံးတတ်ကြ

•••••••••••••••••

- ပုထုဇဉ်သည် လောဘ်ပေါ်လျှင် သူဌေးမာန်တက်လျက် ဖျားနာသောအခါ တအင်း. . . အင်း ညည်းသည်။
- ဆရာကောင်းထံ၊ နည်းမခံ၊ ဂုဏ်မာန်တတင်းတင်း။
- နည်းယူတစ်ဖန်၊ ခံတုန်းပြန်၊ အတန်ငယ်မျှ နည်းရလျှင်း။
- ဒေဝဒတ်သွင်၊ ဆရာရှင်၊ ဖက်ပြိုင်အန်တု၊ လွတ်အောင်ကွင်း။
- ဝိဒေဟာသခင်၊ တိုင်းကြီးရှင်၊ ပုတ်သင်ပြိုင်တု ပြောင်ဘင်းတင်း။
- မိဘာသခင်၊ ဆရာရှင်၊ ဂုဏ်ပြိုင်ချင်း၍ တအင်း. . . အင်း။
- ယင်းသို့ပြုမှား၊ လူ့ငနွား၊ အားလုံးဝိုင်း၍ နင်းလိမ့်သော်။

**ကျောင်းတော်ရာ**
**အရှင်ဝဏ္ဏစာရဟုဒ်**

❑





www.burmeseclassic.com

www.burmeseclassic.com

# မှန်သည့် ထင်ရသော အမှားများနှင့် မှားသည့် ထင်ရသော အမှန်များ



## ခရာ(ကေတု)

စာတစ်ကြောင်း စကားတစ်ခွန်းသည် တစ်ခါတစ်ရံဝယ် ရေးသားပြောဆိုသူ၏ လိုရင်းကို မသိသောအခါ ထိုသူ ရေးသားပြောဆိုသည်မှာ မှားသည်ဟု ထင်မြင်တတ်ကြသည်။

ထိုအခါ ရေးသားသူ (သို့မဟုတ်) ပြောဆိုသူ ကိုယ်တိုင်သော်လည်းကောင်း (သို့မဟုတ်) ရေးသားပြောဆိုသူ၏ စိတ်အလိုကိုသိသောသူက ရှင်းလင်းပြောကြားမှသာ အကြောင်းရင်းကို သိရတတ်သည်။

ဤအချက်နှင့် ပတ်သက်၍ မိလိန္ဒပဥှာကျမ်းတွင် အများဆုံး လေ့လာနိုင်ပေသည်။ မိလိန္ဒပဥှာကျမ်းမှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်များအနက်မှ သာမန်သူတို့ အတွေးဖြင့် အနက်အဓိပ္ပာယ် စိစစ်ထွက်ရန် စကားနှစ်ရပ်သည် ရှေ့နောက်မညီသည့် အကြောင်းတရားများကို ယောနကတိုင်းသာဂလပြည့်ရှင် ဘုရင်မိလိန္ဒကမေး၍ အရှင်နာဂသေန ရဟန္တာ အရှင်မြတ်က ဖြေဆိုထားသည်တို့ကို သင်္ဂါယနာတင် မှတ်တမ်းပြုထားသော ကျမ်းဖြစ်သည်။

ယင်းကျမ်းထဲမှ သာမန်လူသားတို့အတွက် အမှားဟုထင်ရသော အမှန်များနှင့် အမှန်ဟုထင်ရသော အမှားများကို သင့်လျော်ရာ ရွေးချယ်၍ တင်ပြခဲ့ရာ ယခု အမှတ်(၅)သို့ ရောက်ပြီဖြစ်လေသည်။ ဆက်လက်လည်း တင်ပြသွားပါမည်။

ယခု ဆောင်းပါးအမှတ် (၅) တွင် တင်ပြမည့် အကြောင်းအရာသည်လည်း အခြေခံကျကျမသိလျှင် ဝိဝါဒ ကွဲပြားနိုင်ပေရာ ထိုအချက်ကို မိလိန္ဒမင်းကြီးက မြင်၍ အရှင်နာဂသေနအား မေးလျှောက်ပုံမှာ. . .

"အရှင်ဘုရား၊ ဝါသေဋ္ဌတရားတော်သည်သာ မျက်မှောက် တမလွန်ကာလတို့၌ အမြတ်ဆုံးအရာ ဖြစ်ပေတယ်လို့ မြတ်စွာဘုရားရှင် ဟောတော်မူခဲ့တယ် မဟုတ်လား"

"ဟုတ်ပေတယ် မင်းကြီး"

"နောက် အပယ်တံခါးပိတ်ပြီးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပြီးသော သောတာပန် လူဒါယကာဟာ ပုထုဇဉ်ဖြစ်သော သာမဏေကိုသော်လည်းကောင်း၊ ရဟန်းကိုသော်လည်းကောင်း ရှိခိုးရတယ်လို့ ဟောတော်မူခဲ့တယ် မဟုတ်လား ဘုရား"

"ဟောတော်မူခဲ့ပေတယ် ဒကာတော်မင်းမြတ်"

မိလိန္ဒမင်းကြီးသည် နေရာပြင်၍ ထိုင်လိုက်ပြီး . . .


www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို အရှင်ဘုရား တရားတော်ကမမြတ်လို့ သောတာပန် လူဒါယကာက ပုထုဇဉ် ရဟန်းသာမဏေကို ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်းကို ပြုရတာမဟုတ်လား" ဟု မေးလျှောက်လိုက်သည်။

"မဟုတ်ပေဘူး အရှင်မင်းကြီး"

"သို့ဆိုလျှင် အဘယ်အကြောင်းကြောင့် များကြောင့်လဲ အရှင်မြတ်ဘုရား"

"မင်းကြီး ကောင်းစွာမှတ်သားလော့. . .၊ သောတာပန် လူဒါယကာက ပုထုဇဉ် ရဟန်းသာမဏေကို ခရီးဦးကြိုပြုခြင်း၊ ရှိခိုးခြင်းပြုရာမှာ ရဟန်းတို့သည် အကျင့်တရားနှစ်ဆယ်၊ အသွင်အပြင်နှစ်ပါးတို့နှင့် ပြည့်စုံခြင်းကြောင့် ဖြစ်ပေတယ်"

"အရှင်ဘုရား အကျယ်ကို သိပါရစေဘုရား"

မိလိန္ဒမင်းကြီးက အရှင်နာဂသေနအား တောင်းပန် လျှောက်ထားလိုက်သည်။

"မင်းကြီး ရဟန်းတို့၏ အသွင်အပြင်နှစ်ပါးကား လူတို့ကဲ့သို့ အဝတ်အထည်ပေါ်၌ တပ်မက်စွဲလမ်းခြင်းမရှိဘဲ ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းကို သာဝတ်ခြင်း၊ လူတို့အမြတ်တနိုး ပြုပြင်ဆင်ယင်တတ်သော ဆံပင်အပေါ် တပ်မက်မှုမရှိဘဲ ဦးပြည်းခေါင်းတုံးရိတ်ခြင်းတည်း ဟူသော နှစ်ပါးဖြစ်ပေတယ်"

"အရှင်မြတ်. . . ရဟန်းတို့၏ အသွင်အပြင်နှစ်ပါးကို အရှင်ဘုရား ရှင်းလင်းမိန့်ကြားတော်မူ၍ ကောင်းစွာ သိရပါပြီဘုရား၊ အကျင့်တရား နှစ်ဆယ်ကိုလည်း ဆက်လက်၍ ရှင်းလင်းတော်မူပါဦး ဘုရား"

မိလိန္ဒမင်း၏လျှောက်ထားသော စကားမှာ ကလေး တစ်ယောက်က လိုချင်ရာကို ပူဆာသကဲ့သို့ပင်။

"မင်းကြီး. . . ကောင်းစွာနာယူမှတ်သားလော့၊ ရဟန်းတို့၏ အကျင့်နှစ်ဆယ်ကား . . .

* မြတ်သောတရား၌ မွေ့လျော်ခြင်း၊
* မြတ်သောဥပုသ်ပြုမှု ရှိခြင်း၊
* မြတ်သော ဆွမ်းခံသည့်အကျင့်ရှိခြင်း၊
* ကောင်းမွန်စွာ ဝတ်ရုံနေထိုင်ခြင်း၊
* စကျွ စသော ဣန္ဒြေကိုစောင့်ထိန်းခြင်း၊
* ကိုယ် နှုတ် နှလုံးကိုစောင့်စည်းခြင်း၊
* အချမ်းအပူတို့ကို သည်းခံခြင်း၊
* ကောင်းသောအကျင့်၌ မွေ့လျော်ခြင်း၊
* တစ်ယောက်တည်း တရားကျင့်ခြင်း၊
* မကောင်းမှုကို ရှက်ခြင်း၊
* မကောင်းမှုအား ကြောက်ခြင်း၊
* ကောင်းမှု၌ အားထုတ် ပြုကျင့်ခြင်း၊
* ကုသိုလ်ကျင့်ဝတ်၌ မမေ့မလျော့ခြင်း၊
* သိက္ခာကို ကောင်းစွာယူခြင်း၊
* ဘုရားရှင် ဟောကြားတော်မူအပ်သော ပါဠိတော်ကို သင်ယူခြင်း၊
* အဋ္ဌကထာကို သင်ယူခြင်း၊
* သီလအစရှိသော သိက္ခာသုံးပါး၌ မွေ့လျော်ခြင်း၊
* တပ်မက်မောမှု ကင်းလွတ်ခြင်း
* သိက္ခာပုဒ်တို့ကို ဖြည့်ကျင့်ခြင်း

တို့ပင် ဖြစ်ပေတယ် ဒကာမင်းကြီး"

"ကောင်းလှပါပေ့ အရှင်ဘုရား"

မိလိန္ဒမင်းကြီးသည် မိမိအလိုရှိရာကိုရသော ကလေးသူငယ်ကဲ့သို့ ဝမ်းမြောက်စွာဖြင့် လျှောက်ထားလိုက်သည်။

"ဒကာတော်မင်းကြီး. . . နားဆင်ဦးလော့"

"မိန့်တော်မူပါ အရှင်ဘုရား"

"ရဟန်းတို့သည် ဆိုခဲ့ပြီးသော အကျင့်တို့ကို မယုတ်မလျော့ ပြည့်စုံစွာ ကျင့်ခြင်းကြောင့် ရဟန္တာတို့ဖြစ်ရာ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရနိုင်ရောက်နိုင်သည်၊ ရောက်နိုင်သောအကျင့်ရှိပေသည်ဟု နှလုံးသွင်းလျက် သောတာပန်လူပုဂ္ဂိုလ်ဟာ ပုထုဇဉ်ရဟန်းကို ခရီးဦးကြို ရှိခိုးထိုက်ပေတယ် မင်းကြီး"

"မှတ်သားထိုက်ပါပေတယ် . . အရှင်ဘုရား"

"မင်းကြီး. . . မှတ်သားချေဦးလော့၊ ပုထုဇဉ်ရဟန်းသည် ရဟန္တာတို့နှင့်တူသော အသွင်အပြင် အကျင့်ရှိ၍ ငါ၌မူကား မရှိဟု နှလုံးသွင်းရန် လူသောတာပန်ပုဂ္ဂိုလ်က ရဟန်းပုထုဇဉ်အား ရှိခိုးထိုက်ပေတယ် မင်းကြီး"

"မှန်လှပါ အရှင်ဘုရား၊ ဆက်လက် မိန့်တော်မူပါဘုရား"

"ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ အာဏာပါတိမောက်ကို ရွတ်ခြင်း၊ နာယူခြင်းငှာရသော်လည်း ငါ၌မရဟူ၍လည်း နှလုံးသွင်းလျက် ရှိခိုးထိုက်ပေတယ် မင်းကြီး"

"မှန်ပါ အရှင်ဘုရား"

"ထိုရဟန်းတို့သည် မြင့်မြတ်သော ပရိသတ်တို့၌ ကပ်ရောက်နိုင်သော်လည်း ငါကား မကပ်ရောက်နိုင်ဟူ၍လည်း နှလုံးသွင်းနိုင်ပေတယ်၊ ရဟန်းတို့သည် များစွာသော သိက္ခာပုဒ်တို့ကိုကျင့်နိုင်သော်လည်း ငါကားမကျင့်နိုင်ဟု နှလုံးသွင်း၍လည်း ရှိခိုးထိုက်ပေတယ်၊ ဒါ့အပြင် ထိုရဟန်းတို့သည် ရဟန်း၏ အသွင်အပြင်၌တည်၍ ဘုရား၏အလိုသို့ ကပ်ရောက်သော်လည်း ငါကား မကျင့်နိုင်ဟု နှလုံးသွင်းလျက် ရဟန်းအားရှိခိုးခြင်း၊ ခရီးဦးကြိုပြုခြင်း ထိုက်ပေတယ်"

မိလိန္ဒမင်းကြီးသည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့်ပင် အရှင်မြတ်၏စကားတော်တို့ကို နာယူမှတ်သားနေသည်။

"မင်းကြီး. . . နောက်ထပ်တစ်ချက်ကား ထိုရဟန်းသည် ပွားများရှည်လျားသော လက်ကတီးမွေး ရှိပါလျှင် မျက်စိကို ဆေးမခြယ်၊ ကိုယ်ဝတ်တန်





www.burmeseclassic.com

www.burmeseclassic.com

ဆာ အဆန်းတကြယ် မဆင်ပါဘဲ သီလနှံ့သာရှိသော်လည်း ငါကား ကိုယ်ကိုတန်ဆာဆင်ခြင်းတို့သာ ရှိပေတယ်ဟု နှလုံးသွင်းလျက်လည်း ပုထုဇဉ်ရဟန်းကို လူသောတပန်က ရှိခိုးထိုက်ပေတယ်"

အရှင်မြတ်၏ စကားကြောင့် မိလိန္ဒမင်းကြီး ကိုယ့်ကိုယ်ကိုယ် မလုံမလဲ ပြန်ကြည့်လိုက်သည်။

"အသင်မင်းကြီး သိလွယ်စေရန် ဥပမာတစ်ခုကို ဆောင်ပြပါဦးမည်"

"မိန့်တော်မူပါ အရှင်ဘုရား"

"မင်းသားတစ်ပါးဟာ ပုရောဟိတ်ထံမှာ အတတ်ပညာတို့ကို သင်ယူ၏၊ မင်းကျင့်ဝတ်ကိုလည်း သင်ယူ၏၊ တစ်ခုသောအချိန်၌ ထိုမင်းသားသည် မင်းအဖြစ် ရသောအခါ ပုရောဟိတ်အား အတတ်ပညာ သင်ကြားပေးသူ ဆရာဟူ၍ ရှိခိုး၏၊ ခရီးဦးကြိုပြု၏၊ ထို့အတူ ပုထုဇဉ်ရဟန်းသည် သိက္ခာပုဒ်ကို ကျင့်၏၊ အနွယ်ကိုဆောင်၏ဟု နှလုံးသွင်းလျက် လူသောတာပန်ပုဂ္ဂိုလ်က ပုထုဇဉ်ရဟန်းကို ရှိခိုးထိုက်ပေတယ်"

"တပည့်တော်နားလည်သဘောပေါက်ပါပြီ အရှင်ဘုရား"

မိလိန္ဒမင်းကြီး၏ ဝန်ခံစကားအဆုံးတွင် နာဂသေနအရှင်မြတ်က. . .

"မင်းကြီး ရဟန်းအပြစ်ကား မြတ်ဘိ၏၊ သောတာပန်ဖြစ်သော လူဒါယကာသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြားအံ့၊ ထိုလူရဟန္တာအား ရဟန္တာဖြစ်သော ထိုနေ့မှာပင် ပရိနိဗ္ဗာန်ပြုလိုက်ပြု မပြုလိုက ရဟန်းအဖြစ်သို့ ဝင်ရောက်ရပေ၏။

အဘယ့်ကြောင့်ဆိုသော် အရဟတ္တမဂ် အရဟတ္တဖိုလ်၏ဝန်ကို ရဟန်းအဖြစ်ကသာ မတုန်မလှုပ် ခံယူနိုင်သောကြောင့်တည်း"

"သာဓု. . . သာဓု. . . သာဓု အရှင်ဘုရားသည် မှားသည်ဟု ထင်ရသောအမှန်ကို ရှင်းလင်းစွာ မြင်နိုင်အောင်ဆောင်ရွက်နိုင်ပါပေသည် အရှင်ဘုရား၊ တပည့်တော့်အား သနားသောအားဖြင့် ပြဿနာများကို ဆက်လက်ဖြေကြားခွင့်ပြုပါဦး အရှင်ဘုရား"

မိလိန္ဒမင်းကြီးသည် အရှင်နာဂသေနအား ကောင်းစွာရှိခိုးလျက် ဆွမ်းအစရှိသော ဖျော်ရည်တို့ကို ဆက်ကပ်လှူဒါန်းလေသည်။

အရှင်မြတ်လည်း မင်းကြီးဆက်ကပ်သောဆွမ်းကို အလှူခံလျက် မိမိစံရာကျောင်းသို့ ပြန်လည်ကြွသွားလေတော့သည်။

<u>ကျမ်းကိုး</u>

သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသော ဆဋ္ဌသင်္ဂါယနာတင် မိလိန္ဒပဉှာ ပါဠိတော်မြန်မာပြန်အား ကိုးကား၍ ရေးဖွဲ့ ပူဇော်ပါသည်။

**ခရာ(ကေတ)**

□

**မိသားစုတိုင်း အိမ်တိုင်းဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်။**

သင့်ဘဝတစ်သက်တာအတွက် ဗေဒင်ဟောနည်း ၆၀ နှင့် အဖြေထုတ်ဟောထားသည့် စာအုပ်။
ဗေဒင်ပညာကို လေ့လာလိုသူများ၊ ဝါသနာပါသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်။

**အတိတ် ပစ္စုပ္ပန် အနာဂတ် ကံကြမ္မာ**

# သင့်ဘဝ တစ်သက်တာ ဗေဒင်ဟောကိန်းများ

စာအုပ်ထွက်ပြီ

## ညွန့်ခိုင်မာ (ကျောက်ဆည်)
## ညွန့်လွင် (စက်မှုတက္ကသိုလ်)

ဖုန်း ၀၉-၃၃၂၇၁၃၈၈ သို့ မှာကြားနိုင်ပါသည်။ စာတိုက်မှ အရောက်ပို့ပေးပါမည်။
ဦးညွန့်လွင် အမှတ် ၂၈၊ ဆေးရုံလမ်း၊ ကျောက်ဆည်မြို့။

ယခင် စာအုပ် ၆၀၀၀၊ ယခု ၅၀၀၀ ကျပ်။ သုံးအုပ်နှင့် အထက်မှာလျှင် ၄၅၀၀ ကျပ်၊





www.burmeseclassic.com

www.burmeseclassic.com


ကိုအောင်မြင့်(မဟာဝိဇ္ဇာ၊ ရှေး/သု)

# မော်ကွန်းတင်ထိုက်စွာ ဆဋ္ဌသင်္ဂါယနာ



မော်ကွန်းပြတိုက်အပေါ်ထပ်မှ လိုဏ်ဂူတော်ကြီးတည်ဆောက်မှုမှတ်တမ်း
ဓာတ်ပုံအယ်လ်ဘမ်ကြီး



မော်ကွန်းပြတိုက်အပေါ်ထပ်မှာပြသထားသော
လှိုဏ်ဂူတော်ကြီးပုံစံငယ်နှင့်ရှင်းလင်းချက်

(ယခင်လမှအဆက်)

## ဆဋ္ဌသံဂါယနာတင်မော်ကွန်း

### ဆဋ္ဌသံဂါယနာတင်ရန် ဆုံးဖြတ်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ ပါဝင်သော သံဃာ့အစည်းအဝေး သုံးကြိမ်ကျင်းပ၍ အောက်ပါအတိုင်း ဆုံးဖြတ်တော်မူကြသည်။

(၁) ထေရဝါဒနိုင်ငံများဖြစ်သော မြန်မာ၊ သီဟိုဠ်၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုတို့ ပူးပေါင်းကြီးမှူးသည့် သင်္ဂါယနာ မဟာမဟာမွှသဘင်ကို ကျင်းပရန်

(၂) ထိုသင်္ဂါယနာတွင် ဘုရားဟောပါဠိတော်များ၌ ပမာဒလေခ ပုဒ်ပါဌ်များကို သုတ်သင်ပြင်ဆင်ရန်

(၃) ထိုသုတ်သင် ပြင်ဆင်ပြီး ပါဠိတော်များကို သင်္ဂါယနာတင်ပြီးလျှင် ပုံနှိပ်၍ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့စေလျက် အဓွန့်ရှည်စွာတည်စေရန်

(၄) ထိုသံဂါယနာကို ဆဋ္ဌသင်္ဂါယနာဟု ခေါ်တွင်စေရန်

### ဆဋ္ဌသင်္ဂါယနာဓမ္မသဘင်ဖွင့်ပွဲ

ဆဋ္ဌသင်္ဂါယနာ ဓမ္မသဘင်ဖွင့်ပွဲကို သာသနာ ၂၄၉၈ ခု၊ မြန်မာ ၁၃၁၆ ခု ကဆုန်လပြည့် (ခရစ် ၁၉၅၄ ခု၊ မေလ ၇ ရက်)နေ့ကစ၍ ကမ္ဘာအေး၊ သီရိမင်္ဂလာကုန်းမြေ ဆဋ္ဌသံဂီတိမဟာဂါသဏာလိုဏ်ဂူတော်၌ သုံးရက် ကျင်းပသည်။ ထိုဖွင့်ပွဲသို့ မြန်မာနိုင်ငံ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်များ၊ အဂ္ဂမဟာပဏ္ဍိတဆရာတော်များ၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ၊ နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်များ၊ သီဟိုဠ်-ထိုင်း-ကမ္ဘောဇ-လာဝနိုင်ငံတော်များမှ သံဃရာဇာ သာသနာပိုင်ဆရာတော်များ၊ သံဃာ့နာယကဆရာတော်များ၊ အိန္ဒိယ-ပါကစ္စတန်-နီပေါ-ဗီယက်နမ်နိုင်ငံများမှ ဂဏာစရိယများပါဝင်သည့် သံဂီတိကာရက ၂၅၀၀ကြွရောက်တော်မူကြသည်။


### ဆဋ္ဌသံဂါယနာနှင့် သာသနာ ၂၅၀၀ပြည့်အောင်ပွဲ -


သာသနာ- ၂၄၉၈ခု၊ မြန်မာ-၁၃၁၆ခု ကဆုန်လပြည့်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သော ဆဋ္ဌသံဂါယနာတင် လုပ်ငန်း ပြီးစီးအောင်မြင်သည့် အထိမ်းအမှတ်နှင့်သာသနာ ၂၅၀၀ ပြည့်အောင်ပွဲကို သာသနာ ၂၅၀၀၊ မြန်မာ ၁၃၁၈ ခု ကဆုန် လဆန်း ၁၂ ရက်နေ့မှ ကဆုန်လပြည့်ကျော် ၃ ရက်နေ့အထိ



www.burmeseclassic.com

www.burmeseclassic.com





ဓာတ်တွန်းပြတိုက်အပေါ်ထပ်မှ လိုဏ်ဂူတော်ကြီးအတွင်း
သံဂါယနာတင်နေပုံပုံစံငယ်

[illegible]-၅-၁၉၅၆ ခုမှ ၂၇ ရက်နေ့အထိ)ရန်ကုန်မြို့ သီရိမင်္ဂလာ [illegible] အေးကုန်းမြေ လိုဏ်ဂူတော်ကြီး၌ ၆ ရက် ကျင်းပသည်။ [illegible]များတွင် ကဆုန်လဆန်း ၁၂ ရက်နေ့မှ ကဆုန်လပြည့် [illegible] ၁ ရက်နေ့အထိ(မေလ ၂၃ ရက်မှ ၂၅ ရက်နေ့အထိ) [illegible] ရက်ကျင်းပသည်။

ထိုအခမ်းအနားများ၌ ဝန်ဆောင်သံဃာ့အဖွဲ့ဥက္ကဋ္ဌ [illegible]ဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်က သံဃမဟာ [illegible]ကအဖြစ်ဖြင့်လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတဘားကရာ [illegible]နဆရာတော်က အခမ်းအနားမှူး အဖြစ်ဖြင့် လည်း [illegible] ဆောင်ရွက်တော်မူကြသည်။

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်နှင့် တိပိဋ [illegible] မွေဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ တို့က [illegible]နှင့် ဝိဿဇ္ဇကများအဖြစ် ဆောင်ရွက်တော်မူကြသည်။

ဆိုမှတ်တမ်းအပြင် သင်္ဂါယနာတင်ပုံ အဆင့်ဆင့် [illegible]သည့် ရဟန်းတော်များနှင့် ကျင်းပရာ နေ့ရက်များကို [illegible] တစ်ရက်ချင်း မှတ်တမ်းတင်ထားပြန်ရာ. . .

**ပါဠိတော် ပဌမသန္နိပါတ**

**[illegible]သည့်နေ့**

သာသနာ ၂၄၉၈ ခု၊ မြန်မာ ၁၃၁၆ ခု၊ ကဆုန် [illegible]ကျော် ၄ ရက် (၂၁-၅-၁၉၅၄)

**[illegible]မဟာနာယက**

အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်၊


**[illegible]**


အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန မဟာစည်ဆရာ


**[illegible]**

**[illegible]**


[illegible]ဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရ [illegible] သင်္ဂီတိကာရကများ၊ ရဟန်းတော်ပေါင်း - ၅၀၀၊







www.burmeseclassic.com



**သံဂါယနာတင်သည့်ပါဠိတော်များ**

ဝိနယပိဋက ---ပါရာဇိက (စာ-၃၈၁)၊ ပါစိတ္တိယ (စာ-၄၇၀)၊ မဟာဝဂ္ဂ (စာ-၅၁၁)၊ စူဠဝဂ္ဂ (စာ-၅၀၈)၊ ပရိဝါရ (စာ-၃၉၀)၊

**ပြီးဆုံးသည့်နေ့**

သာသနာ ၂၄၉၈ ခု၊မြန်မာ ၁၃၁၆ ခု၊ ဝါဆိုလဆန်း ၆ ရက် (၆-၇-၁၉၅၄)

## ပါဠိတော် ဒုတိယသန္နိပါတ

**စတင်သည့်နေ့**

သာသနာ ၂၄၉၈ ခု၊ မြန်မာ ၁၃၁၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် (၁၅-၁၁-၁၉၅၄)

**သံဃာ့မဟာနာယက**

အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်၊



ကမ္ဘောဒီးယားနိုင်ငံမှလှူဒါန်းသော မြတ်စွာဘုရားပုံနှင့်ကျမ်းစာများ

**ပုစ္ဆက**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘန မဟာစည်ဆရာတော်၊ ဝိဿဇ္ဇက - တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၊ သံဂီတိ ကာရကများ၊ ရဟန်းတော်ပေါင်း - ၅၀၀။

**သံဂါယနာတင်သည့်ပါဠိတော်များ**

ဒီဃနိကာယ --- သီလက္ခန္ဓဝဂ္ဂ (စာ-၂၃၆)၊ မဟာဝဂ္ဂ (စာ-၂၈၃)၊ ပါထိကဝဂ္ဂ (စာ-၂၆၀)၊ မဇ္ဈိမနိကာယ - မူလပဏ္ဏာသ (စာ-၄၁၅)၊ မဇ္ဈိမပဏ္ဏာသ (စာ-၄၃၉)၊ ဥပရိပဏ္ဏာသ (စာ-၃၅၂)၊ သံယုတ္တနိကာယ - သဂါထာဝဂ္ဂ နိဒါနဝဂ္ဂ (စာ-၄၇၂)၊ ခန္ဓဝဂ္ဂ သဠာယတနဝဂ္ဂ (စာ-၅၆၇)၊ မဟာဝဂ္ဂ (စာ-၄၁၅)၊

**ပြီးဆုံးသည့်နေ့**

သာသနာ ၂၄၉၈ခု၊ မြန်မာ ၁၃၁၆ခု၊ တပို့တွဲလဆန်း ၆ရက် (၂၉-၁-၁၉၅၄ခု)

## ပါဠိတော် တတိယသန္နိပါတ

(ကမ္ဘောဇ လဝသန္နိပါတ)

**စတင်သည့်နေ့**

သာသနာ ၂၄၉၉ခု၊ မြန်မာ ၁၃၁၇ခု၊ ကဆုန်လဆန်း ၇ ရက် (၂၈-၄-၁၉၅၅ခု)


**လျှောက်ထားသူများ**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတ၊ ကမ္ဘောဒီးယားနိုင်ငံတော်ဘုရင်မင်းမြတ်ကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လောနိုင်ငံတော် ဥပရာဇာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာ မိတ်ဆက်အဖွဲ့ခေါင်းဆောင် ရှီးရော့ဂျာလ်ဆီ သံဃာ့မဟာနာယကများ။



www.burmeseclassic.com

www.burmeseclassic.com



လာအိုနိုင်ငံမှလှူဒါန်းသော ဆင်းတုတော်၊
သက်နီးပမိုက္ခရာနှင့်ကျမ်းစာတိုပ်များ



...နေ့

ပဌမပိုင်း - ကမ္ဘောဇ သံဃရာဇာ၊ အဘိဓဇမဟာရဋ္ဌ... ဆောမ်ဒက်ဖရား၊ မဟာသုမေဓာဓိပတိ၊ ဘဒ္ဒန္တဇောတ... ဒုတိယပိုင်း - လောသံဃရာဇာ အဂ္ဂိဓဇမဟာရဋ္ဌဂုရု ...မ္မဉာဏနှင့် အခြားနေ့များအတွက် အလှူညီ့ကျဆရာ...များ။

...

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန မဟာစည်ဆရာ...

...ကက

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရ... သံဂီတိကာရကများ၊ ရဟန်းတော်ပေါင်း-၅၀၀၊

...တင်သည့်ပါဠိတော်များ

အင်္ဂုတ္တရနိကာယ - ဧကကဒုကတိက စတုက္က(စာ-...) ဆက္က သတ္တက (စာ-၅၁၃)၊ အဋ္ဌက နဝက ...ဒသက (စာ-၅၅၈)၊ အဘိဓမ္မပိဋက - ဓမ္မ... (စာ-၂၉၈)၊ ဝိဘင်္ဂ (စာ-၄၅၃)၊ ဓာတုကထာ ပုဂ္ဂလ... (စာ-၁၅၈)၊ ကထာဝတ္ထု (စာ-၄၅၄)၊ ယမက(ပ) ...၅) ယမက(ဒု) (စာ-၃၁၆)၊ ယမက(တ) (စာ-၃၃၀)၊

ပြီးဆုံးသည့်နေ့

သာသနာ ၂၄၉၉ ခု၊ မြန်မာ ၁၃၁၇ ခု၊ ပထမ ဝါဆိုလဆန်း ၁၃ရက်(၂-၇-၁၉၅၅ခု)

*ပါဠိတော် စတုတ္ထသန္နိပါတ (သျှာမသန္နိပါတ)*

စတင်သည့်နေ့

သာသနာ ၂၄၉၉ခု၊ မြန်မာ ၁၃၁၇ခု၊ နတ်တော်လဆန်း ၂ရက်(၁၆-၁၂-၁၉၅၅ခု)

လျှောက်ထားသူများ

ထိုင်းနိုင်ငံတော်ဝန်ကြီးချုပ် မာရှယ်ပီဘွန်ဆွန်ဂရမ်နှင့် မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၊ သံဃာ့မဟာနာယကများ။

ဖွင့်ပွဲနေ့

ထိုင်း သံဃနာယက အဂ္ဂမဟာပဏ္ဍိတ ဆောမ်ဒက် ဖရား ဝနရတ ဘဒ္ဒန္တကိတ္တိသောဘနနှင့် အခြားနေ့များ အတွက် အလှူညီ့ကျဆရာတော်များ။

ပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန မဟာစည် ဆရာတော်၊

ဝိဿဇ္ဇက


တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၊ သံဂီတိကာရကများ၊ ရဟန်းတော်ပေါင်း-၅၀၀။





www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံမှလှူဒါန်းသော ဘုရားခန်းသုံးပရိဘောဂများ

သံဂါယနာတင်သည့် ပါဠိတော်များ

အဘိဓမ္မ ပိဋက - ပဋ္ဌာနပါဠိ(ပ)(စာ-၄၆၄)၊ ပဋ္ဌာနပါဠိ(ဒု) (စာ-၄၉၃)၊ ပဋ္ဌာနပါဠိ(တ) (စာ-၆၀၅)၊ ပဋ္ဌာနပါဠိ(စ) (စာ-၆၃၆)၊ ပဋ္ဌာနပါဠိ(ပဉ္စမ) (စာ-၄၈၈)၊ ခုဒ္ဒကနိကာယ - ခုဒ္ဒ ကပါဌ ဓမ္မပဒ ဥဒါန ဣတိဝုတ္တက သုတ္တနိပါတ (စာ-၄၅၅)၊ ဝိမာနဝတ္ထု ပေတဝတ္ထု ထေရဂါထာ ထေရီဂါထာ (စာ-၄၃၅)၊ အပဒါန(ပ) (စာ-၄၅၅)၊ အပဒါန(ဒု)နှင့် ဗုဒ္ဓဝံသစရိယာပိဋက (စာ-၄၂၀)၊ မဟာနိဒ္ဒေသ(စာ-၄၁၀)၊ စူဠနိဒ္ဒေသ (စာ-၃၀၇)

ပြီးဆုံးသည့်နေ့

သာသနာ ၂၄၉၉ ခု၊ မြန်မာ ၁၃၁၇ ခု၊ တပို့တွဲလဆန်း ၅ ရက် (၁၆-၂-၁၉၅၆ ခု)။

## ပါဠိတော် ပဉ္စမသန္နိပါတ
## (သီရိလက်ာသန္နိပါတ)

စတင်သည့်နေ့

သာသနာ ၂၅၀၀၊ မြန်မာ ၁၃၁၈ခု၊ တန်ခူးလဆန်း ၁၃ ရက်(၂၃-၄-၁၉၅၆)


လျှောက်ထားသူများ


နံနက်ပိုင်း


မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနု။ သီဟိုဠ်နိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဇယဝီရကုရုပ္ပု။

မွန်းလွဲပိုင်း

မြန်မာနိုင်ငံ သမ္မတ အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦး၊ ဝန်ကြီးချုပ် ဦးနု၊ သီဟိုဠ်နိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးနှင့် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဆာဦးသွင်၊ သံဃာ့မဟာနာယကများ။







ဖော်ကွန်းပြတိုက်အပေါ်ထပ်မှာပြသထားသော ပြတိုက်မြင်ကွင်း

ဖွင့်ပွဲနေ့

သီဟိုဠ်နိုင်ငံ သျာမမဟာနိကာယဂိုဏ်းချုပ် မ
နာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝေလိဂီဋမ္မကိ
အဿရဏ သီရိသရဏက်ရ မဟာထေရ်နှင့် အခြားနေ
အတွက် အလှည့်ကျဆရာတော်များ။

ပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန မဟာစည်ဆ
တော်၊

ဝိဿဇ္ဇက

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာ
ဘိဝံသ၊ သံဂီတိကာရကများ၊ ဘာဏကအဖွဲ့ နှင့် ဩ



www.burmeseclassic.com

www.burmeseclassic.com




စရိယ သံဃနာယကဆရာတော်များ၊ ဝန်ဆောင်ဆရာတော်များ၊ မူလဝိသောဓကနှင့် ပဋိဝိသောဓက ဆရာတော်များ အပါအဝင် သံဃာတော်ပေါင်း-၅၀၀၊

**သံဂါယနာတင်သည့်ပါဠိတော်များ**

ခုဒ္ဒကနိကာယ - ဇာတက (ပ) (စာ-၄၀၀)၊ ဇာတက (ဒု) (စာ-၃၇၈)၊ ပဋိသမ္ဘိဒါ မဂ္ဂ (စာ-၄၁၉)၊ နေတ္တိပေဋကောပဒေသ (စာ-၃၄၁)၊ မိလိန္ဒ ပဉှာ (စာ-၄၀၈)၊

**ပြီးဆုံးသည့်နေ့**

သာသနာ ၂၅၀၀ ခု၊ မြန်မာ ၁၃၁၈ ခု၊ ကဆုန်လဆန်း ၁၀ ရက်(၁၉-၅-၁၉၅၆ ခု)

**အဋ္ဌကထာ သံဂါယနာ**

အဋ္ဌကထာ ပထမသန္နိပါတ

**စတင်သည့်နေ့**

သာသနာ ၂၅၀၀၊ မြန်မာ ၁၃၁၈ခု၊ နတ်တော်လပြည့်ကျော် ၉ရက်(၁၉၅၆ခု၊ ဒီဇင်ဘာလ ၂၆ရက်)

**သံဃာ့မဟာနာယကများ**

**ဖွင့်ပွဲနေ့တွင်**

အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယ မစိုးရိမ်ဆရာတော်ဘုရားနှင့် အခြားနေ့များအတွက် အလှည့်ကျဆရာတော်များ။

**ပုစ္ဆက**


အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန မဟာစည်ဆရာတော်၊


**ဝိဿဇ္ဇက**

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊

**လျှောက်ထားသူများ**

မြန်မာနိုင်ငံသမ္မတ အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦး၊ ဝန်ကြီးချုပ် ဦးဗဆွေ၊ သာသနာရေးဝန်ကြီး ဦးဘစော၊





ဆဋ္ဌသံဂါယနာတင်ပွဲတွင် ပါဝင်ဦးဆောင်ခဲ့သော သံဃာတော်များ

ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဆာဦးသွင်၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး(ဖဆပလအဖွဲ့) ဥက္ကဋ္ဌ ဦးနု။ လွတ်လပ်ရေး(ဖဆပလအဖွဲ့) ဥက္ကဋ္ဌ ဦးနု။

**စိစစ်ခဏ်း**

ပခုက္ကူမြို့ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇဝန မဟာဝိဇယာ ရာမဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သုန္ဒရ မဟာဝိသုတာရာမဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သောဘန၊ သံဂီတိကာရကများ၊ သံဃာတော်-၅၀၀။

**သံဂါယနာတင်သည့်အဋ္ဌကထာများ**

ဝိနယပိဋက - ပါရာဇိကကဏ္ဍ အဋ္ဌကထာ(ပ) (စာ-၃၄၆)၊ ပါရာဇိကကဏ္ဍ အဋ္ဌကထာ (ဒု) (စာ-၃၁၂)၊ ပါစိတျာဒိ အဋ္ဌကထာ(ပ) (စာ-၄၁၉)၊ ဒီဃနိကာယ - သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ (စာ-၃၃၈)၊ အဘိဓမ္မပိဋက - အဋ္ဌသာလိနီ အဋ္ဌကထာ (စာ-၄၅၄)၊

**ပြီးဆုံးသည့်နေ့**

သာသနာ ၂၅၀၀ခု၊ မြန်မာ ၁၃၁၈ခု၊ တပို့တွဲလဆန်း ၁ရက်(၁-၁-၁၉၅၇ခု)





www.burmeseclassic.com

www.burmeseclassic.com



ဆဋ္ဌသံဂါယနာတင်ပွဲတွင် သံဃာတော်များဆွမ်းဘုဉ်းပေးနေပုံနှင့် အသုံးပြုခဲ့သောပစ္စည်းများ





## အဋ္ဌကထာ ဒုတိယသန္နိပါတ

**စတင်သည့်နေ့**

သာသနာ ၂၅၀၁၊ မြန်မာ ၁၃၁၉ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်(၁-၁၀-၁၉၅၇ခု)။

**သံဃာ့မဟာနာယကများ**

**ဖွင့်ပွဲနေ့တွင်**

အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယ မစိုးရိမ်ဆရာတော်ဘုရားနှင့် အခြားနေ့များအတွက် အလှည့်ကျဆရာတော်များ။

**အကျိုးဆောင်**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ တားဂရာတောရဆရာတော်၊

**လျှောက်ထားသူများ**

နိုင်ငံတော်သမတ အဂ္ဂမဟာသီရိသုဓမ္မ ဦးဝင်းမောင်၊ နိုင်ငံတော် ဝန်ကြီးချုပ်ဦးနု၊

**ပုစ္ဆက**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန မဟာစည်ဆရာတော်၊

**ဝိသဇ္ဇက**

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊

**စိစစ်ခဏ်း**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ အနီးစခန်းဆရာတော်၊ ကာရကသံဃာတော်များ၊ သံဂီတိကာရက သံဃာတော်-၃၀၀။

**သံဂါယနာတင်သည့်အဋ္ဌကထာများ**

ဒီဃနိကာယ - မဟာဝဂ္ဂ အဋ္ဌကထာ (စာ-၄၀၃)၊ ပါထိကဝဂ္ဂ အဋ္ဌကထာ (စာ-၂၅၁)၊ သုတ္တန္တပိဋက - ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ (ပ)(စာ-၃၇၀)၊ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ (ဒု)(စာ-၃၅၆)၊ မဇ္ဈိမနိကာယ - မူလပဏ္ဏာသ အဋ္ဌကထာ (ပ)(စာ-၃၉၈)၊ မူလပဏ္ဏာသ အဋ္ဌကထာ (ဒု)(စာ-၃၂၀)၊ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ (စာ-၃၈၉)၊ ဥပရိပဏ္ဏာသ အဋ္ဌကထာ (စာ-၂၅၄)၊ သံယုတ္တနိကာယ - သဂါထာဝဂ္ဂ သံယုတ္တ အဋ္ဌကထာ (စာ-၃၂၅)၊ နိဒါနဝဂ္ဂ သံယုတ္တ အဋ္ဌကထာ (စာ-၃၂၄)၊ သဠာ ယတနဝဂ္ဂ သံယုတ္တ အဋ္ဌကထာ (စာ-၃၄၁)၊ အဘိဓမ္မပိဋက - သမ္မောဟဝိနောဒနီ အဋ္ဌကထာ (စာ-၅၀၈)

**ပြီးဆုံးသည့်နေ့**

သာသနာ ၂၅၀၀ ခု၊ မြန်မာ ၁၃၁၈ ခု၊ တပို့တွဲလဆန်း ၁ ရက်(၁-၁-၁၉၅၇ ခု)

## အဋ္ဌကထာ တတိယသန္နိပါတ

**စတင်သည့်နေ့**

သာသနာ ၂၅၀၂၊ မြန်မာ ၁၃၂၀ ပြည့်၊ တန်ဆောင်မုန်းလ ပြည့်ကျော် ၅ ရက်(၃၀-၁၁-၁၉၅၈ ခု)





www.burmeseclassic.com

www.burmeseclassic.com

**သံဃာ့မဟာနာယကများ**

**ဖွင့်ပွဲနေ့တွင်**

အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုရိယ မစိုးရိမ်ဆရာတော်ဘုရားနှင့် အခြားနေ့ များအတွက် အလှည့်ကျဆရာတော်များ။

**အကျိုးဆောင်**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ ဇားဂရာတောရဆရာတော်၊

**လျှောက်ထားသူများ**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း၏ လျှောက်ထားလွှာကို ဒုတိယဝန်ကြီးချုပ်နှင့် သာသနာရေးဝန်ကြီး အဂ္ဂမဟာသရေစည်သူ ဦးသိမ်းမောင်က ဖတ်ကြားလျှောက်ထားသည်။

**စိစစ်ခတ်း**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ အနီးစခန်းဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန မဟာစည်ဆရာတော်၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ ကာရကသံဃာတော်များ၊ သံဂီတိကာရက သံဃာတော်-၃၀၀

**သံဂါယနာတင်သည့်အဋ္ဌကထာများ**

အင်္ဂုတ္တရနိကာယ - အင်္ဂုတ္တရအဋ္ဌကထာ(ပ)(စာ-[illegible]၆)၊ အင်္ဂုတ္တရ(ဒု)(စာ-၃၅၇)-(တ)(စာ-၃၉၇)၊ ဝိနယပိဋက - ကင်္ခါဝိတရဏီ(စာ-၃၅၇)၊ ခုဒ္ဒက နိကာယ - ပဋိသမ္ဘိဒါမဂ္ဂ(ပ)(စာ-၃၄၅)-(ဒု)(စာ-၃၂၃)၊ ခုဒ္ဒကပါဌ(စာ-၂၁၆)၊ ဓမ္မပဒ(ပ)(စာ-၄၄၇)-(ဒု)(စာ-၄၅၆)၊ ဥဒါန (စာ-၃၉၃)၊ ဣတိဝုတ္တက(စာ-၃၅၅)၊ သုတ္တနိပါတ(ပ)(စာ-၃၀၄)-(ဒု)(စာ-၃၂၄)၊ ဝိမာနဝတ္ထု(စာ-၃၃၅)၊ ပေတဝတ္ထု (စာ-၂၇၀)

**ပြီးဆုံးသည့်နေ့**

သာသနာ ၂၅၀၂ ခု၊ မြန်မာ ၁၃၂၀ ခု၊ တပို့တွဲလဆန်း [illegible]ရက်(၁၀-၂-၁၉၅၉ ခု)

**[illegible] စတုတ္ထသန္နိပါတ**

**စတင်သည့်နေ့**

သာသနာ ၂၅၀၃၊ မြန်မာ ၁၃၂၁ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၁၉၅၉ ခု၊ နိုဝင်ဘာ ၁၈ ရက်)

**သံဃာ့မဟာနာယကများ**

**ဖွင့်ပွဲ**

အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုရိယ မစိုးရိမ်ဆရာတော်ဘုရားနှင့် အခြားနေ့များအတွက် အလှည့်ကျဆရာတော်များ။

**အကျိုးဆောင်**


အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ ဇားဂရာတောရဆရာတော်

[illegible]

[illegible]မဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၅)



ဆဋ္ဌသံဂါယနာတင်ပွဲကျင်းပနေပုံ ဗုဒ္ဓတစ်ခေတ်ပွဲကြီးနှင့် သံဂါယနာအမိပွဲဖွင့်ဆိုချက်




**လျှောက်ထားသူများ**

နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သီရိသုဓမ္မ ဦးဝင်းမောင်၊ ကာရကသံဃာတော်များ၊ သံဂီတိကာရကသံဃာတော်-၂၀၀

**သံဂါယနာတင်သည့်အဋ္ဌကထာများ**

ခုဒ္ဒက နိကာယ - ထေရဂါထာ အဋ္ဌကထာ (ပ)(စာ-၄၈၅)၊ ထေရဂါထာ (ဒု) (စာ-၅၄၆)၊ ထေရီဂါထာ(စာ-၃၀၅)၊ အပဒါန(ပ)(စာ-၃၅၂)၊ အပဒါန(ဒု)(စာ-၃၀၃)၊ ဇာတက (ပ)(စာ-၅၃၈)၊ ဇာတက (ဒု)(စာ-၄၀၈)၊ ဇာတက(တ)(စာ-၅၀၇)၊ ဇာတက(စ) (စာ-၅၀၄)၊ ဇာတက(ပဥ္စမ)(စာ-၅၅၃)-(ဆဋ္ဌမ)(စာ-၃၃၂)- (သတ္တမ)(စာ-၃၈၇)၊ မဟာနိဒ္ဒေသ (စာ၄၁၉)၊ စူဠနိဒ္ဒေသ(စာ-၄၁၆)၊ ဗုဒ္ဓဝံသ(စာ-၃၅၄)၊ စရိယာပိဋက(စာ-၃၂၈)၊ ဝိနယပိဋက - ဝိနယသင်္ဂဟ အဋ္ဌကထာ (စာ-၄၆၈)။

**ပြီးဆုံးသည့်နေ့**

သာသနာ ၂၅၀၃ ခု၊ မြန်မာ ၁၃၂၁ ခု၊ တပေါင်းလဆန်း ၆ ရက် (၂-၃-၁၉၆၀)- ထိုင်းနိုင်ငံတော်ဘုရင်မင်းမြတ် ဘူမိပါလနှင့်မိဖုရား သီရိကိတ္တိ၊ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသီရိသုဓမ္မ ဦးဝင်းမောင်နှင့် သမ္မတကတော် ဒေါ်မြမေတို့ ကြွရောက်။

***ဋီကာ သံဂါယနာ ဒုတိယ (ပစ္ဆိမ)သန္နိပါတ***

**စတင်သည့်နေ့**


သာသနာ ၂၅၀၅၊ မြန်မာ ၁၃၂၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၂၆-၁၁-၁၉၆၁ ခု)




www.burmeseclassic.com

www.burmeseclassic.com






ဆဋ္ဌသံဂါယနာတင်ပွဲတော်ကာလတွင် ထုတ်ဝေခဲ့သော စာ-နယ်-ဇင်းများ

**သံဃာ့မဟာနာယကများ**

**ဖွင့်ပွဲနေ့**

အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယ မဇ္ဈိမ်ဆရာတော်ဘုရားနှင့် အခြားနေ့များအတွက် အလှည့်ကျဆရာတော်များ။

**အကျိုးဆောင်**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ ဗားဂရာတောရဆရာတော်၊

**လျှောက်ထားသူများ**

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသီရိသုဓမ္မ ဦးဝင်းမောင်၊ နိုင်ငံတော်ဝန်ကြီးချုပ်-ဦးနု၊

**ပုစ္ဆက**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန မဟာစည်ဆရာတော်၊


**ဝိဿဇ္ဇက**

တိပိဋကဓရမ္မ ဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ ကာရကသံဃာ တော်များ၊ သံဂီတိကာရက သံဃာတော်-၁၅၀

**သံဂါယနာတင်သည့် အဋ္ဌကထာများ**

ဒီဃနိကာယ - သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ (စာ-၄၀၅)၊ သီလက္ခန္ဓဝဂ္ဂ အဘိနဝဋီကာ (ပ)(စာ-၅၀၀)၊ သီလက္ခန္ဓဝဂ္ဂ အဘိနဝဋီကာ (ဒု)(စာ-၄၃၇)၊ မဟာဝဂ္ဂဋီကာ(စာ-၃၅၆) ပါထိကဝဂ္ဂဋီကာ (စာ-၂၉၂)၊ မဇ္ဈိမနိကာယ-မူလပဏ္ဏာသဋီကာ (ပ)(စာ-၃၉၄) - (ဒု)(စာ-၃၂၄)၊ မဇ္ဈိမပဏ္ဏာသနှင့်

www.burmeseclassic.com



အိပ်ပေါ်မင်းလှူဒါန်းခဲ့သော ဆရာတော်ကြီးများ၏တံဆိပ်တုံး

ဥဒါနပဏ္ဏာသဋီကာ (စာ-၄၄၂)၊ သံယုတ္တ နိကာယ - သံယုတ္တ ဋီကာ (သဂါထာ ဝဂ္ဂ) (စာ-၃၄၅)၊ သံယုတ္တ ဋီကာ (နိဒါန၊ခန္ဓ၊ သဠာယတန၊ မဟာ ဝဂ္ဂ)(စာ-၅၅၁)၊ အင်္ဂုတ္တရ နိကာယ - အင်္ဂုတ္တရ ဋီကာ(ဧကက နိပါတ)(စာ-၂၈၈)၊ အင်္ဂုတ္တရ ဋီကာ (စာ-၁၉၆)

## သင်္ဂါယနာအဆင့်ဆင့်မှ တိုးတက်လာသောရလဒ်

ပထမ၊ ဒုတိယနှင့် တတိယသင်္ဂါယနာတို့တွင် ဘုရားဟောဒေသနာများကို နှုတ်တက်အာဂုံ (Orally) စုပေါင်းရွတ်ဆို(Reciting)၍ တင်ခဲ့ကြသည်။ စတုတ္ထ သင်္ဂါယနာတွင် ပေ (Palm-leaves)ထက် အက္ခရာ၊ ပဉ္စမသင်္ဂါယနာတွင် ကျောက် (Stone slab)ထက် အက္ခရာတင်သည်။ ဆဋ္ဌမ သင်္ဂါယနာတင်တွင်ကား ပုံနှိပ်စာအုပ်အဖြစ် ထုတ်ဝေ၏။ ဆဋ္ဌသင်္ဂါယနာနောက်ပိုင်း ခေတ်ပြေးနှင့် ကက်ဆက်ခွေမှသည် စီဒီခွေ (CD-Rom) အဖြစ် တိုးတက်လာခဲ့သည်။ ယခုအခါ (e-book)များအဖြစ်ပါ ကူးပြောင်းမှတ်တမ်းတင်ခဲ့ကြပေပြီ။

သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့အနီးရှိ အာလောဟ ဂူလိုဏ်ဂူ အထွက်တွင် ဗုဒ္ဓသာသနာတော်သက်တမ်းတစ်လျှောက် ကျင်းပပြုလုပ်ခဲ့သော သံဂါယနာတင်တော်မူခဲ့ရာ နေရာမြတ်များသို့ အားလုံးရောက်ဖူးခဲ့ရပြီဟု ကျေနပ်နေမိသည်။

သီဟိုဠ်ကျွန်း နောက်ဆုံး နေ့ရက်များတွင်တော့ ကိုလံဘို ဂင်္ဂါရာမကျောင်းတိုက်သို့ ရောက်ရှိခဲ့၏။ ကျောင်းထိုင်ဆရာတော်ကြီး စုဆောင်းထားသော ဘာသာရေးဆိုင်ရာ အမှတ်တရပစ္စည်းများကို အဆောင်ဆောင် အခန်းခန်းတွင် ကြည့်ရှုသဖွယ် ပြသထား၏။ တစ်နေရာတွင် ညောင်ရမ်းဆရာတော်ကြီး ဗုဒ္ဓ ကျမ်းစာများကို ကိုင်မြှောက်ထားပုံ ကြေးရုပ်တုကြီးကို သက်ရှိအရွယ်အတိုင်း ဖူးတွေ့လိုက်ရသည်။

မြန်မာနိုင်ငံတွင် နောက်ဆုံးကျင်းပသွားသော ဆဋ္ဌသင်္ဂါယနာတင်ပွဲမှာ ဆရာတော်ကြီး ပါဝင်ဆင်နွှဲနေပုံပင်။ ဤသို့ မြန်မာ့မြေတွင် ကျင်းပခဲ့သော သံဂါယနာ တင်ပွဲကို ဂုဏ်ပြုတီးရသွားခဲ့ရ၏။ ဗုဒ္ဓသာသနာတစ်လျှောက်တွင် သံဂါယနာတင်ပွဲခြောက်ကြိမ်သာ အိန္ဒိယ၊ မြန်မာနှင့် သီဟိုဠ်ကျွန်း





ဆဋ္ဌသံဂါယနာတင်ပွဲတွင် ကပ်လှူခဲ့သောဘွဲ့တံဆိပ်တော်များ၊ ပင့်စာများနှင့် အမှတ်တံဆိပ်များ

စသည့် သုံးနိုင်ငံမှ အသီးသီးသော နေရာများတွင် ကျင်းပခဲ့ပေသည်။ ယင်းတို့အနက် ကိုယ့်မြေကိုယ့်ဒေသမှာ နှစ်ကြိမ်တောင် ကျင်းပခဲ့သည်။ ။

ကျမ်းကိုး -

သာဝတ္ထိကျောင်းဆရာတော် ဦးဩဘာသ

(မဇ္ဈိမဒေသ မြို့ရွာများမှ သမိုင်းရုပ်ကြွင်းရုပ်ပုံလွှာများ)။

တိပိဋက-အရှင့်ဝါယမိန္ဒ (ဗုဒ္ဓဂယာဘုရားဖူး)။

ရာဇိန္ဒမဟာထေရ်၊ အရှင်၊ ဘုရားဖြူကျောင်းတိုက်၊ သာသနဗဟုသုတပွကာသနီ၊ စတုတ္ထအကြိမ်ထုတ်၊ မိခင်ရောဝတီ၊ ၂၀ဝ၉။

**ကိုအေးမြင့်(မဟာဝိဇ္ဇာ-ရှေးသု)**

□





www.burmeseclassic.com

www.burmeseclassic.com



## ပဲခူးရိုးမတောင်တန်းပေါ်မှ

# စေတီတော် သုံးဆူ

**ကိုသက်(ဖိုးကုန်း)**

ပဲခူးရိုးမ တောင်တန်းကြီး၏ အနောက်ဘက်ခြမ်းတွင် ရှေးဟောင်း စေတီပုထိုးများကို အနှံ့အပြားဖူးတွေ့နိုင်ပါသည်။

အထူးသဖြင့် ရှေးမင်းများ သွားလာ အသုံးပြုလေ့ရှိသော သရေခေတ္တရာ-ဒဂုံ သွားလာသော မင်းလမ်း(ဝါ) ယခုခေတ်အခေါ် မဟာဗျူဟာ လမ်းမကြီးမှာ ပြန်လည် ဖောက်လုပ်ထားပြီဖြစ်သောကြောင့် တိမ်မြုပ် ပျောက်ကွယ်နေသော စေတီဟောင်းများကို ပြန်လည် ပြင်ဆင်ခွင့် ရခဲ့ပါသည်။

သာသနာပြုခွင့်ရသည် ဆိုရာဝယ် (၁) ပြန်လည်ပြုပြင်မွမ်းမံရမည့် စေတီပျက်ရှိခြင်း၊ (၂) စေတီပျက်တည်ရာနေရာသည် ပထဝီ အနေအထား ကောင်းမွန်မှုရှိခြင်း၊ (၃)-နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာခြင်း၊ (၄) ဦးဆောင်ဦးရွက်ပြုမည့် ပုဂ္ဂိုလ်ပေါ်ထွန်းရခြင်း၊ (၅) ၇ ရက်သားသမီးများ (ဝါ) ကုသိုလ်ရှင် စေတနာရှင်များ ပါဝင်လာကြခြင်း စသောအချက်များ ပြည့်စုံပါမှ သာသနာပြု လုပ်ငန်းများ အဆင်ပြေပါသည်။

ဖိုးကုန်းမြို့အရှေ့ဘက်ရှိ ရွာဝိုင်းကြီးကျေးရွာအုပ်စု၊ သက်ကယ်ပြင်ကျေး ရွာအရှေ့ဘက်အင်တိုင်းကုန်းမြင့်တော တန်းသည် တောင်မြောက်သွယ်တန်း ပြီး ရိုးမ၏တောင်စွယ်တောင်တန်းများ လည်း ဖြစ်လေသည်။ သာသနာ့နယ် မြေများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဆက်စပ်နေသောကြောင့် သစ်ဝါးခုတ် သူ မရှိသဖြင့် အမြဲစိမ်းလန်း၍နေသည်။

ထိုစိမ်းလန်းနေသော အင်တိုင်း တောတန်းအတွင်း စေတီကြီးတစ်ဆူနှင့် စေတီငယ်နှစ်ဆူတို့ ဖိုခုံလောက်ဆိုင် လျက် တည်ရှိသည်။ ပုဂံခေတ် ကျစွာ မင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရန် အောင်မြင်ဘုရားကြီးနှင့် ခေတ်ပြိုင် တည်ရှိသော စေတီတော်များအဖြစ် ရာဇဝင်သမိုင်းများက ဆိုသည်။

ရှေးနှစ်ပေါင်း (၇၈၁)နှစ် သက် တမ်းရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်း မြင့်စေတီတော်ကြီးမှာ နှစ်ပေါင်းရာချီ၍ ယိုယွင်းပျက်စီးနေခဲ့ရပါသည်။ ထီးတော် တိမ်းစောင်းခြင်း၊ စေတီတော်အတွင်း အက်ကြောင်းကြီးများ ဖြစ်ပေါ်လာခြင်း အောက်ခံ မြေသားများ နိမ့်ကျခြင်း စသဖြင့် ယိုယွင်းပျက်စီးမှုများ ရှိလာ သော်လည်း အကြောင်းကြောင်းတို့ ကြောင့် မွမ်းမံပြင်ဆင်ပေးနိုင်ခြင်း မရှိ ချေ။

ဦးစီးဦးဆောင်ပြုမည့် ပုဂ္ဂိုလ် ကား မရှိသေးချေ။ ရန်ကုန်မြို့ ခြောက် ထပ်ကြီးဘုရားကြီးတိုက် ဖောင်တော်ဦး ကျောင်းတွင် သီတင်းသုံးတော်မူသော အမိဋ္ဌာန်အောင်ဆရာတော် ဘဒ္ဒန္တကုမ္ဘ ကသည် ဖိုးကုန်းမြို့ ချောင်းသာယာ ကျေးရွာ၊ စိန်ပန်းမြိုင်ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်ဦးဝိသုဒ္ဓ၏ တပည့်ရင်း ဖြစ်ပါသည်။

အမိဋ္ဌာန်အောင် ဆရာတော် ဦးကုမ္ဘကသည် ဆရာသမားအား ကျေး ဇူး ဆပ်သောအနေဖြင့် ဆရာတော် သီတင်းသုံးတော်မူရာ စိန်ပန်းမြိုင် ကျောင်းဝင်းအတွင်း အမိဋ္ဌာန်အောင်

www.burmeseclassic.com

တီတော်မြတ်ကြီးကို ရွှေတိဂုံစေတီ
တော်ပုံသဏ္ဌာန်ဖြင့် တည်ထားကိုးကွယ်
က် ကျေးဇူးဆပ်နိုင်ခဲ့ပါသည်။

ဆရာတော် ဦးဣန္ဒကသည်
စ်ည၌ ထူးဆန်းသောအိပ်မက်တစ်ခု
ကို မြင်မက်ခဲ့လေသည်။ မိမိတစ်ကြိမ်
စ်ခါမျှ မရောက်ဖူးသော တောင်
န်းတစ်ခုပေါ်သို့ ရောက်နေသည်။

"မောင်ပဥ္စင်း ကျုပ်သည် ဤ
တောင်ကို အစိုးရသော ဘိုးဘိုးကြီး
ဖြစ်ပေသည်၊ ယခုအခါ မောင်ပဥ္စင်း
သာသနာပြုရန် အချိန်ကျပြီဖြစ်သည့်
အတွက် ဒီစေတီကြီးကို ပြုပြင်ဖို့
တာဝန်ကို ယူပါလော့"

"အသင် တောင်ပိုင်ဘိုးဘိုးကြီး၊
န်ပ်၌ ဝတ္ထုငွေမပြည့်စုံသေးပါ၊ ယခု
ည်နိုင်သေးပါ၊ မနိုင်တဲ့ဝန်ကို မထမ်း
င်သေးပါ"

"အို- မောင်ပဥ္စင်း ဝတ္ထုငွေ
အတွက် ဘာမှ မပူပန် မစိုးရိမ်ပါနဲ့၊
းလုံးအဆင်ပြေစွာ ပြီးစီးသွားမှာပါ၊
စ်ခုတော့ မှာလိုက်မယ်၊ ကျုပ်ရဲ့ပုံကို
လုပ်ပြီး ရင်ပြင်တော်ရဲ့တစ်နေရာမှာ
းပေးပါ၊ မောင်ပဥ္စင်းအလိုရှိသမျှကို
ပ်ရဲ့ ရုပ်တုရှေ့မှာ တလိုက်ပါ"

ဆရာတော်သည် အိပ်မက်မှ
တရက်လန့်နိုးသွားသည်။

"ဟင် ငါ အိပ်မက် မက်နေတာ
လား၊ ဒီအတိုင်းဆိုရင် ဘုရားတည်ဖို့
ကြောင်း လာပြောနေတာပါလား"

အိပ်ရာမှ နိုးခါနီး ရွှေဘုန်းပွင့်
သော ရွှေစာလုံးဖြင့် ရေးထိုးထား
သော ဆိုင်းဘုတ်ကြီးတစ်ခုကိုလည်း မြင်
က်ရသေးသည်။ သို့ရာတွင် ထိုနေရာ
ည် မည်သည့်နေရာ၊ မည်သည့်ဒေသ
ည်ကို သေသေချာချာ သဲသဲကွဲကွဲ
သေးချေ။

ထိုအချိန်သည် ဆရာတော်
အတွက် ဒုတိယအကြိမ်သာသနာပြုရန်
ဒေဝနတ်များက တိုက်တွန်းနှိုး
ခြင်းဖြစ်လေသည်။ ထိုအိပ်မက်ကို
ပြီးနောက် ရွှေတိဂုံစေတီတော်



နေမမြင်ဘုရားနှင့် အဓိဋ္ဌာန်အောင် ဆရာတော်

ကြီးဘွင် ဆက်လက်၍ အဓိဋ္ဌာန်ဝင်
တော်မူခဲ့ပါသည်။

ဆရာတော်သည် မိမိရွာမှ
တပည့်များက မိမိမြင်မက်ခဲ့သော အိပ်
မက်၏ တစ်စိတ်တစ်ပိုင်းကို ပြောပြပြီး
ရွှေဘုန်းပွင့်ဘွဲ့မည်ရ စေတီတော်များကို
အရှေ့ဘက်တွင် ရှာဖွေခိုင်းစေခဲ့သည်။

ဆရာတော်(၄၉)ရက်အဓိဋ္ဌာန်
စေ့သောနေ့ရက်ရောက်သောအခါတွင်
ရွာမှ တပည့်တစ်ဦး ရောက်ရှိလာပြီး
သက်ကယ်ပြင်ရွာ ရွှေဘုန်းပွင့်စေတီ
တော်ကြီးကို တွေ့ရှိပြီဖြစ်ကြောင်း စေတီ
ဟောင်းကြီး တစ်ဆူဖြစ်ပြီး ဘက်စုံ
ယိုယွင်းပျက်စီးနေကြောင်း လျှောက်
ထားလေသည်။

ထိုသတင်းကို ကြားသိရသော
ဆရာတော်ဦးဣန္ဒကမှာ ဝမ်းမြောက်
ဝမ်းသာဖြစ်သွားပြီး အိပ်မက်ရစေတီ
တော်ကြီးကို မိမိတာဝန်ယူ ဦးဆောင်
တည်ထားရန်ဆုံးဖြတ်တော်မူခဲ့ပါသည်။
ထိုကဲ့သို့ ဆရာတော် စေတီပြုပြင်မွမ်းမံ
မည့် သတင်းမှာ ဆရာတော်၏ တပည့်
ဒကာများနှင့် စေတီဟောင်းရှိရာ သက်
ကယ်ပြင်၊ ရွာဝိုင်းကြီး၊ ရွှေဖလားကျေးရွာ
များအားလုံးသို့ ပျံ့နှံ့ရောက်ရှိသွားခဲ့
ပါတော့သည်။

ဤသို့ဖြင့် ရွှေဘုန်းပွင့်စေတီ
တော်မြတ်ကြီးအား ၁၃၇၃ ခုနှစ်၊
တပေါင်းလတွင် ထီးတော်အသစ်ကြီးနှင့်
အတူ ယခင်မရှိသေးသော တံခွန်တိုင်၊
အခင်းကြွေပြားများဖြင့် ရင်ပြင်တော်
အား ခင်းပေးခြင်း၊ အုတ်တံတိုင်းကာရံ
ပေးခြင်း၊ ခေါင်းလောင်းတော်တစ်လုံး၊
ထီးတော်ဟောင်းစေတီတစ်ဆူ၊ တောင်
ပိုင်ဘိုးဘိုးကြီးရုပ်တုတော်နှင့် နန်းဆောင်
တစ်ဆောင်တို့အား အသစ်တည်
ဆောက်ပေးနိုင်ခဲ့သည်။

ပဋ္ဌာန်းဆက်ရှိကြသော အလှူ
ရှင်များသည် ဆရာတော်ဦးဆောင်မှု
အောက်တွင် လိုအပ်သောကဏ္ဍအသီး
သီးကို ဖြည့်ဆည်းပေးရင်း သာသနာ့
မဏ္ဍိုင်ကို စိုက်ထူနိုင်ခဲ့ပါသည်။


ဆရာတော် ဦးဣန္ဒကသည်
ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး တည်
ထားစဉ်ကာလမှာပင် အင်တိုင်းကုန်း
တောတန်း၏ တောင်ဘက်ရှိ တန်ခိုးကြီး
စေတီတော်တစ်ဆူ၏ ဖြစ်ရပ်မှာလည်း
ဆန်းကြယ်လှပါသည်။ ဉာဏ်တော် ၄
ပေကျော်မျှသာရှိသော နေမမြင်ဘုရား
ခေါ် လရောင်စေတီတော်မှာ အင်တိုင်း
တောအတွင်း တည်ရှိသည်။ ထိုစေတီ
တော်၏ သမိုင်းကား တစ်မူထူးခြားနေ
ပေ၏။ စေတီတော်ကလေးမှာ အပျက်
အစီးရှိလျှင် နေ့ဘက်၌ ပြင်မရဘဲ ည
ဘက်၌ တည်ထား၍ရ၏။

ဤစေတီကလေးအား (၁) နေ့
ဘက်တွင် ပြုပြင်မွမ်းမံခွဲခြင်း၊ (၂) ဆဲရေး
တိုင်းထွာ ယုတ်ရမ်းစကားပြောဆိုမိခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ရောင်ခြည်တော်စေတီ

(၃) မူးယစ်ရမ်းကား၍ ဖိနပ်စီးသွားခြင်း၊ (၄) အလေးအပေါ့ မဆင်မခြင် သွားမိခြင်း၊ (၅) ဝက်သားယူဆောင် စားသုံးမိခြင်း စသည်တို့ကြောင့် လူ(၆)လောင်း သေဆုံးပြီးဖြစ်ကြောင်း နာမည်ကြီးသည့် စေတီဖြစ်လေသည်။ အထက်ပါ အခြေအနေများကြောင့် မည်သည့် ပန်းရန်လက်သမားတို့မှ မလိုက်ရဲကြချေ။

လွန်ခဲ့သောနှစ်က တောလည်ထွက်သော ရွာသားနှစ်ဦးမှာ ထိုစေတီကလေးအနီးတွင် ဖိနပ်မချွတ်ခဲ့မိသဖြင့် မြွေဆိုးတစ်ကောင်၏ ကိုက်ခဲခြင်းခံရ၍ တစ်ဦးသေဆုံးသွားပြီး ကျန်တစ်ဦးမှာ အချိန်မီ တောင်းပန်ခဲ့ရသဖြင့် အသက်ချမ်းသာရာ ရခဲ့၏။ မြွေကို လိုက်ရှာသော်လည်း မတွေ့ရတော့။

ထိုမျှ သတင်းကြီးနေသော စေတီတော်အား ဆရာတော်သည် ရွှေဘုန်းပွင့်ဘုရား တည်နေစဉ်ကာလမှာ အိပ်မက်မြင်မက်ပြီး လရောင်ဘုရားအား ဆက်လက်တည်ထားရန် အကြံဖြစ်တော်မူခဲ့သည်။ လရောင်ဘုရားအား ပြုပြင် မွမ်းမံရန် အိပ်မက်ရပြီးနောက် နောက် တစ်နေ့နံနက်ခင်း သက်ကယ်ပြင်ရွာမှ ဒကာကိုလှသန်းရောက်လာပြီး အင်တိုင်းတောအတွင်း နေမမြင်ဘုရား ရှိနေကြောင်း တန်ခိုးကြီးပြီး လူခဏခဏသေ၍ ပြင်မည့်သူ မရှိကြောင်း လျှောက်ထားခဲ့သည်။

ဆရာတော် ဦးကုန္တကသည် နေမမြင်ဘုရားနှင့်ပတ်သက်သောအခြေအနေ အရပ်ရပ်ကို လေ့လာသုံးသပ်ပြီးနောက် ၁၃၇၃ ခု၊ တပို့တွဲလပြည့်ကျော် (၃)ရက် ညနေ ၆နာရီ ၃၀မိနစ်မှ ည ၁၂နာရီ ၃၀မိနစ်အထိ ဆရာတော်ကိုယ်တိုင်ကြွ၍ ဦးစီးကာ ပန်းရန်၊ လက်သမား၊ တပည့်ဒကာများနှင့်အတူ ပြန်လည်ရှေ့ချခြင်း၊ စေတီတော် မွမ်းမံပြင်ဆင်ခြင်း၊ ထီးတော်သစ်တင်လှူကာ သာသနာ့မော်ကွန်း စိုက်ထူခဲ့ပါသည်။ ထိုစေတီမှာ ညအခါ လရောင်နှင့်သာတည်ရသောကြောင့် လရောင်စေတီအဖြစ် ကမ္ပည်းတွင်လျက် ရှိပါသည်။

ကျန်သောတစ်ဆူမှာ အင်တိုင်းကုန်းရှိရာ တောတန်းနှင့် ရိုးမတောင်သွယ်တောင်တန်းများကို ပိုင်းခြားထားသော ကြီးမားသော သဲချောင်းကြီး၏ အရှေ့ဘက်ကမ်းထိပ်တွင် တည်ထားသော ရှေးဟောင်း ရောင်ခြည်တော်စေတီတော်ဖြစ်လေသည်။

ရွှေဘုန်းမြင့် စေတီတော်မှ ချောင်းသာခြား၍ လှမ်းမြင်နေရသော စေတီဟောင်းတစ်ဆူဖြစ်ပါသည်။ ဤစေတီကိုလည်း ရွှေဘုန်းပွင့်စေတီ ပြုပြင်မွမ်းမံနေဆဲကာလမှာပင် ဆက်လက်၍ ပြုပြင်မွမ်းမံရန် သဒ္ဓါဆန္ဒဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ ရောင်ခြည်တော်စေတီတော်သည် ယိုယွင်းပျက်စီးနေဆဲကာလမှာပင် လပြည့်လကွယ်ရက်များ ရောက်လျှင် ရောင်ခြည်တော်များ သိသာစွာ ကွန့်မြူးတော်မူပြီးနောက် အချို့သော လပြည့်ရက်များတွင် ဖိုခုံလောက်ဆိုင် စေတီသုံးဆူသို့ အဖြူရောင်အလင်းတန်းများ ည၌ ၂ နာရီအချိန်တွင် ကူးလူးဆက်နွယ်လျက်ရှိသည်ကို အခိဋ္ဌာန်ဝင်နေသော ရသေ့ကြီးတစ်ပါးမှ အံ့ဩစွာ တွေ့မြင်ဖူးကြောင်း ရွာခံတို့မှ ပြောပြကြပါသည်။

ဆရာတော်နှင့် ပန်းရန်အဖွဲ့တို့သည် ကိုးတောင်ပြည့်ရောင်ခြည်တော်စေတီလေးသို့ ခက်ခက်ခဲခဲသွားရောက်ပြီး ပြုပြင်မွမ်းမံကြပါသည်။ ၁၃၇၃ ခုနှစ် တပေါင်းလတွင် ပြန်လည်ပြုပြင်မွမ်းမံပြီးနောက် ရွှေဆေးသင်္ကန်းနှင့် ထီးတော်အသစ်တင်လှူ ပူဇော်ကြပါသည်။

စေတီအား ပြုပြင်မွမ်းမံမှုကိစ္စများပြီးစီး၍ တောင်ခြေသို့ ပြန်ဆင်းကြရာ မြေပြင်မရောက်မီမှာပင် ရောင်ခြည်တော်များ ထပ်မံလွှတ်သည်ကို ဆရာတော်နှင့် တပည့်များအပြင် ဗီဒီယိုရိုက်ကူးသူပါ ဖူးတွေ့လိုက်ရသဖြင့် မှတ်တမ်းရယူခဲ့သည်။

ဖြူဝင်းသော အလုံးလေးပေါင်းများစွာ ထီးတော်အထက် ၂ပေအကွာမှ အောက်သို့ ဆင်းချည်တက်ချည်ဖြင့် (၁၅)မိနစ်ကြာမျှ တန်ခိုးပြခဲ့သည်ကို မှတ်တမ်းအဖြစ် စုစည်းတင်ပြအပ်ပါသည်။

<u>မှတ်ချက်</u>

ဆရာတော် ဦးကုန္တကသည် ၁၃၇၄ခု၊ တန်ဆောင်မုန်းလတွင် ကြို့ပင်ကောက်မြို့နယ် ငါးကျီးကျေးရွာ ကျောင်းဝင်းအတွင်း ရှေးက ယိုယွင်းပျက်စီးနေသော စေတီအား ပြန်လည်ပြုပြင် မွမ်းမံမည်ဖြစ်ကြောင်း သိရပါသည်။

**ကိုသက်(ဝီးကုန်း)**

❑

www.burmeseclassic.com



ဦးကလျာဏ (သရက်တော)

# လေနှင့်အတူလာ လေနှင့်အတူပြေး

တောတောင်တစ်ခွင်လုံး ဆိတ်ငြိမ်နေသည်။ မြင့်မား ဖွားသော သစ်ပင်ကြီးများသည် မားမားမတ်မတ်နှင့် မယှက်။

မနေ့ကတော့ ထိုတောတောင်ဝန်းကျင်သည် လေ တစ်ခါကျခဲ့သည်။ ပြင်းထန်သော လေ၏အဟုန်ကြောင့် ပင်တို့ ယိမ်းထိုးဆော့သွမ်းခဲ့ကြ၏။ ယခုတော့ ထိုတော၊ တောင်တို့ ဝန်းကျင်သည် ဘာမျှမသိသည့်အလား။ ဘာမျှ သည့်အလား။

ကျွန်ုပ်သည် မှီခိုရာ ကျောင်းသင်္ခမ်းမှ ထွက်လိုက်သည်။ မနေ့က လေဒဏ်ကြောင့် ကျွန်ုပ်၏ ကျောင်းသင်္ခမ်းလေးသည် ယိုင်လုလု ဖြစ်ခဲ့လေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကျောင်းသင်္ခမ်းကို ပြုပြင်အပြီး ပြုမြဲတာဝန်များကိုပြုရန် ကျောင်းမှထွက်ရန် ပြင်ခဲ့၏။

တကယ်တော့ ကျွန်ုပ်၏တာဝန်သည် မြတ်စွာဘုရားကို ဝတ်ကြီးဝတ်ငယ်ပြုရန်သာဖြစ်သည်။ ဖြည့်ဆည်း၊ ဆည်းကပ်ဘာ တာဝန်ကျေခဲ့သည့် ကျွန်ုပ်သည် ဤယနေ့လည်း



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားရှင် စံတော်မူရာ ကျောင်းတော်ကို လာခဲ့သည်။

ဝန်းကျင်သည် လှပနေသည်။ မွှေးသော၊ လှသော ပန်းများသည် ပွင့်အာနေကြ၏။ မြင့်မားဝေသီသော သစ်ပင်ကြီးတို့သည် ပကတိ တည်ငြိမ်နေဆဲ။ လေအဝှေ့တွင် ပန်းပွင့်များ၏ရနံ့က ကြိုင်လှိုင်ဆဲ။ ကျွန်ုပ်သည် ဣန္ဒြေအပြည့်နှင့် ခပ်မှန်မှန် လျှောက်လှမ်းလာခဲ့သည်။ ရောက်လိုဇောအဟုန်ကြောင့် ကျွန်ုပ်စိတ်သည် ထက်မြက်သွက်လက်နေ၏။ စိတ်စောနေ၏။

လျှောက်လှမ်းလာရင်းနှင့် ကျွန်ုပ်သည် အတွေးနယ်ချဲ့နေမိ၏။ တကယ်တော့ ကျွန်ုပ်သည် ရသေ့ရဟန်းတစ်ပါး။ မရေတွက်နိုင်သော ကာလတစ်ပါးက ကျွန်ုပ်သည် ပြီးပြည့်စုံကြွယ်ဝသည့် မိသားစုတွင် နေခဲ့ရင်း ဘုရားရှင် မပွင့်သေးသည့် ကာလပေမို့ ခိုကိုးဆည်းကပ်ရာ ဆရာအရှင် မပေါ်သေး။ ပူဇေမိ - ပူဇော်ထိုက်သူ ဘုရားရှင် မပွင့်သေး။ သည်တော့ ကျွန်ုပ်သည် ဗေဒင်ပညာကို လိုက်စားခဲ့ဖူးသည်။ သုံးပုံသော ဗေဒင်ပညာကို သင်ရင်းနှင့် ဗေဒင်ပညာ၏ အနှစ်သာရကို အရသာခံစားမိသည်။ ကျေနပ် ကြည်နူးမိသည်။ သို့သော် ကျွန်ုပ်ဘဝပေး အထုံပါရမီတရား အဖြာဖြာကြောင့် လောကုတ္တရာအကျိုးကို ထိုဗေဒင်ပညာက အထောက်အကူ မပြုနိုင်ဟု အလိုလို သိမြင်လာခဲ့၏။

သို့ကြောင့် တောခြေတွင် ရသေ့ရဟန်းပြုကာ တရားအားထုတ်ခဲ့၏။ ကျွန်ုပ်သည် တရားအားထုတ်ရင်းနှင့် ဈာန်သမာပတ် ဝင်စားခဲ့သည့် အချိန်နှင့်သာ အချိန်ကုန်ခဲ့သည်။ ထိုအချိန်ဝယ် အနောမဒဿီ မြတ်စွာဘုရားသည် အတုမရှိ၊ အနှိုင်းမရှိနှင့် လောကကို ထိုးဖောက်သိမြင်ပြီး ဘုရားစင်စစ်ကေန် ပွင့်တော်မူခဲ့သည်။

ထိုအခါ ကျွန်ုပ်သည် အတိုင်းထက်အလွန် ဝမ်းသာသွားခဲ့၏။ ဘုရားပွင့်တော်မူပြီဆိုသည်နှင့် ဘုရားရှင်ထံ တရားနာကြားရင်း သရဏဂုံသုံးပါး တည်ဆောက်နိုင်ခဲ့သည်။ အခါတစ်ပါးဝယ် ဘုရားရှင်သည် လေနာဝမ်းရောဂါဖြစ်ခဲ့၏။ ထိုအခါ ကျွန်ုပ်သည် ဆေးမြစ်ဆေးဥဖော်ပြီး ထုချေထောင်းကာ ဆေးဖော်စပ်ခဲ့သည်။ ဘုရားရှင်အား ကပ်လှူခဲ့သည်။ ကျွန်ုပ်၏ စေတနာ၊ ကျွန်ုပ်၏ အထုံပါရမီကြောင့် ဘုရားရှင်သည် လေနာရောဂါ လုံးဝ ချုပ်ငြိမ်းခဲ့တော်မူသည်။

ဘုရားရှင် လေနာရောဂါ ချုပ်ငြိမ်းသည်နှင့် ကျွန်ုပ်သည် ဘုရားရှင်ထံ ဆုပန်တောင်းခဲ့ဖူး၏။ အခြားမဟုတ်။ ဘုရားရှင်၏ ဝေဒနာတော်သည် ကျွန်ုပ်၏ ဆေးကြောင့် ပျောက်ကင်းသည်ဖြစ်၍ ဘဝအဆက်ဆက်၊ သံသရာအဖြာဖြာ၌ မဖြစ်ပေါ်ပါစေသားဟူသော ဆုကို တောင်းခဲ့၏။ မြတ်စွာဘုရားရှင်ကလည်း ပြည့်စုံစေသတည်းဟူ၍ သနားတော်မူခဲ့သည်။ ထိုအခါမှစကာ ကျွန်ုပ်သည် တောင်းသောဆု ပြည့်ခဲ့သည်။

ဘုရားရှင် သနားတော်မူသည့်အတိုင်း ဘဝအဆက်ဆက် အနာရောဂါကင်းခဲ့၏။

ကြည့်လေ. . .။ ပြုဖွယ်ပြုအပ်သည့် ဆေးလှူဒါန်းသည့် ကုသိုလ်အကျိုးဆက်၏ ကောင်းမှုသည် ရပ်နားခြင်းမရှိတော့။ ရရှိပိုင်ဆိုင်လာသည့် ကုသိုလ်များသည် ဘဝအဆက်ဆက် ပြီးပြည့်စုံခဲ့သည်ချည်း။ ထိုဘဝမှ စုတေအပြီး ဗြဟ္မာ့ပြည်မှာ တစ်အသင်္ချေ ကာလအပိုင်းအခြားအထိ နေခဲ့ရ၏။ ထိုဘဝတွင်လည်း အနာကင်းခဲ့သည်။ ထိုဗြဟ္မာ့ပြည်မှ တစ်ဆင့် လူ့ပြည်ကို ရောက်လတ်ပြန်သော်လည်း အနာကင်းခြင်း၊ ရောဂါရှင်းခြင်း အကျိုးဆက်နှင့် ကောင်းကျိုး ခံစားရခဲ့သည်။ ထိုလူ့ဘဝ ပြန်လည်ရောက်စဉ်က ကျွန်ုပ်သည် ဟံသာဝတီမင်းနေပြည်တွင် အမျိုးကောင်းသား သူကြွယ်၏ ဝမ်းကြာတိုက်မှာ နေခဲ့ရသည်။ အရွယ်ရောက်လတ်သော် ဘုရားရှင်သည် ရဟန်းတစ်ပါးအား အနာကင်းခြင်းအရာဝယ် သူ့တစ်ပါးထက် အသာဆုံး ဧတဒဂ်ဘွဲ့ ပေးအပ်ခဲ့သည်ကို တွေ့မြင်ခဲ့ရသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဤသို့ ဤနှယ် အနာကင်းခြင်း ဧတဒဂ်ဘွဲ့ကို ရယူလိုသည်။

သို့ကြောင့် ကျွန်ုပ်သည် ပဒုမုတ္တရ မြတ်စွာဘုရားရှင်ထံ အနာကင်းခြင်း ဧတဒဂ်ဘွဲ့ကို တောင်းဆုပန်ခဲ့သည်။ မြတ်စွာဘုရားရှင်ကလည်း ကျွန်ုပ်တောင်းသည့် ဧတဒဂ်ဆုကိုရစေပြီး ပြည့်စုံစေဟု ဗျာဒိတ်တော်စကား ထားခဲ့၏။ သည်တော့ ကျွန်ုပ် သိပ်ပြီး ပျော်ရွှင်သည်။ ဝမ်းသာသည်။

ထိုဗျာဒိတ်စကား၊ ကျွန်ုပ်တောင်းသည့် ဧတဒဂ်ဘွဲ့အတွက် ကျွန်ုပ်သည် ဘဝများစွာ ကျင်လည်ခဲ့ရင်း၊ ဖြတ်သန်းခဲ့ရင်း၊ ကျင်လည်ဖြတ်သန်းရင်းနှင့် ရရှိလာမည့် ဧတဒဂ်ဘွဲ့ကို တောင့်တ အရယူလိုခဲ့သည်။ ထိုဘဝကို အမြန်ဆုံး ရောက်ချင်ခဲ့သည်ကလည်း အမှန်ပင်။

ထိုဘဝမှ အစပြုကာ ကျွန်ုပ်၏ တောင်းဆုအတိုင်း ကြွင်းကျန်ရှင်သန်သော ဝါသနာသည် ပျက်ပြယ်မသွားခဲ့။ ကြည့်စမ်း။ ကျွန်ုပ်သည် နေ့ညမပြတ် ကုသိုလ်ကောင်းမှုကို ပြုသည်။ စောင့်စည်း ထိန်းသိမ်းအပ်သည်ကို စောင့်စည်းသည်။ ပေးကမ်းခြင်းအရာ ပြုအပ်သည်ကို စွန့်ကြဲသည်။

ထို့နောက် ကျွန်ုပ်သည် ဘဝများစွာကို ကမ္ဘာများစွာ ကျင်လည်ကျက်စားခဲ့၏။ ထိုအခါ ဘုရားပွင့်သောကာလနှင့် ကြုံခဲ့၏။

ဝိပဿီဘုရား။ မှန်ပါသည်။ ထိုအချိန် ထိုကမ္ဘာမြေပြင်ဝယ် ဝိပဿီမြတ်စွာဘုရား ပွင့်ခဲ့သည့်ကာလ။

လောက၏ ကောင်းကျိုးအဖြာဖြာကို ကယ်တင်ပေးတော်မူမည့် ဝိပဿီမြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်အစစ်ရကာ ပွင့်ထွန်းလာခဲ့ပြီကို ကျွန်ုပ် သိခွင့်ရခဲ့ပြီ။ သည်တော့ ကျွန်ုပ်သည် သခေျမျာစွာ ပြုအပ်သော ကောင်းမှုကုသိုလ်ကံကြောင့် အများထက်ပိုပြီး ဝမ်းသာမိ





www.burmeseclassic.com

www.burmeseclassic.com

သည်။ အများထက်ပိုပြီး ကြည်နူးမိသည်က အမှန်။ လောက ထွတ်ထား မြတ်ဘုရားကို ကျွန်ုပ် မျှော်လင့်နေခဲ့သည်က ကြာခဲ့ပြီ မဟုတ်လား။ သိစိတ်လွှင်ပြင်ကရော မသိစိတ် လွှင်ပြင်ကပါ ကျွန်ုပ်ကို ငံ့ဖလင့်လင့် ကြိုနေသည်ကို ရိပ်မိပါသည်။ ထိုအခါ မြတ်စွာဘုရား ပွင့်ပြီဆိုတော့ ကျွန်ုပ် မပျော်ဝိုက်ဘဲ နေမည်လား။

ကျွန်ုပ်သည် ကျွန်ုပ်၏ အတိတ်ဘဝ၊ အတိတ်အကြောင်းများကို တွေးရင်းနှင့် မြတ်စွာဘုရား သီတင်းသုံးရာ စံကျောင်းဆီ လှမ်းလာခဲ့သည်။ ဝန်းကျင်သည် လှပမြ၊ လေညင်းက ခပ်နွေ့နွေ့။ ကျေးငှက်သာရကာတို့က သာယာနာပျော်ဖွယ်အပြည့်။ ကျွန်ုပ်၏ ခြေလှမ်းများက သွက်သည်ထက် သွက်လာသည်။

ထိုအခါ ကျွန်ုပ်၏အတွေးသည် တုံ့ဆိုင်းမသွား။ စိတ်လွှင်ပြင်မှာ အတွေးများ ကွန်ရက်ယှက်ဖြာဆဲ။ တကယ်တော့ ဒီပဿီမြတ်စွာဘုရားရှင်တော်သည် ဘုရားစင်စစ် ဧကန်ဖြစ်အပြီး နောက်ပါ ရဟန်းသံဃာ ခြောက်သောင်းရှစ်ထောင်ခြံရံခဲ့၏။ များပြားသော ရဟန်းများကို အခြံအရံပြုအပြီး ဗန္ဓုမတီမြို့တော်ကို အမှီပြုခဲ့သည်။ အမှီပြုရင်းနှင့် ခမည်းတော်ဗန္ဓုမမင်းအား ချီးမြှောက်စားကာ မိဂဒါဝုန်တော၌ သီတင်းသုံးခဲ့၏။

ကျွန်ုပ်မှာတော့ ဘုရားပွင့်ပြီ ဆိုသည်နှင့် ကျွန်ုပ်နေထိုင်ရာ တောင်ခြေကျောင်းနှင့် ဘုရားရှင်ထံ လူးလာခေါက်တုံ့ အပြန်အသွားပြုကာ တရားနာခံသည် မဟုတ်လော။

ယနေ့လည်း မြတ်ဘုရား၏ တရားနာဖို့ ဦးတည်လာခဲ့သည်။ မကြာပါ။ မြတ်စွာဘုရားရှင် သီတင်းသုံးရာ အရပ်ကို ရောက်ခဲ့ချေပြီ။ သို့သော် အရင်ရက်ကနှင့် မတူ။ တစ်မူထူးခြားနေသည်က အမှန်။ သီတင်းသုံးရာ အရပ်မှာ နောက်ပါ အခြံအရံ ရဟန်းတို့ မမြင်ရပြီ။

"ငါ့ရှင်ရသေ့ သင်ရောက်ခဲ့ပြီလော့. . ."

အဂ္ဂသာဝက မထေရ်မြတ်တစ်ပါးက ကျွန်ုပ်ကို ဆီးကြို အမေးတော် ပြုလာ၏။ ကျွန်ုပ်သည် အမေးတော်ရှိသည်ကို နားမလည်စွာနှင့် ဘေးဝဲယာကို အကဲခတ်ကြည့်ရင်း ဖြေလိုက်သည်။

"မှန်လှပါ အရှင်သူမြတ်၊ ကျွန်ုပ် တရားနာလာခဲ့ခြင်းပင်တည်း"

"အို- အရှင်၊ အသင် ဘာသတင်းမျှ မကြားတုံလော့"

အမေးတော်ကို ရုတ်ခြည်းမဖြေမိ။ နားမစွာနှင့်ပင် ကြည့်ရင်း ရပ်နေမိသည်။

"ငါ့ရှင် ဖြေလော့"

"မှန်လှပါ၊ ဘာမျှ မသိရသေးပါ အရှင်သူမြတ်"

ကျွန်ုပ် အဖြေစကားအဆုံး ထိုအဂ္ဂသာဝက မထေရ်မြတ်က ဖြစ်ကြောင်းကုန်စင်ကို တစ်လုံးမကျန် ပြောပြတော်



မူခဲ့ချေပြီ။ ထိုအခါ ကျွန်ုပ်မှာ တုန်လှုပ်သွားခဲ့ရချေပြီ။

"အို. . . အရှင်ရဟန်း။ မနေ့ညက လေပြင်းတစ်ခု တိုက်ခဲ့သည် မဟုတ်လော"

အမေးတော်ကို ခေါင်းညိတ်ဖြေခဲ့သူက ကျွန်ုပ်။

မထေရ်မြတ်က ဆက်ပြောလာ၏။

"အို. . . အရှင်ရဟန်း၊ ထိုလေပြင်းနှင့်အတူ ပွင့်ခဲ့သမျှသော အဆိပ်ပင်မှ အဆိပ်ပွင့်တို့ ဝေဝေဆာဆာ ပွင့်ကြ၏။ လှပကြ၏။ ထိုအဆိပ်ပွင့်လှလှတို့ဆီမှ အဆိပ်ရနံ့တို့သည် လေနှင့်အတူ ညီနောင်ဆွေရင်း ရဟန်းအပေါင်း အဆိပ်သင့်ခဲ့ကြသည်။ အဆိပ်သင့်ခြင်း ခံခဲ့ကြရပြီ"

"ဟင်. . . အလို. . ."

ကျွန်ုပ် မျက်လုံးပြူးသွားချေပြီ။ ကြည့်စမ်း။ လေနှင့်အတူ ပါလာသည့် အဆိပ်ရနံ့က ဘုရားရှင်၏ သာဝကရဟန်းမြတ်တို့အား ဒုက္ခပေးခဲ့ပြီ။ ခေါင်းကိုက်ဝေဒနာ စွဲကပ်ခဲ့ပြီကော။ ထိုအဆိပ်ရနံ့ကြောင့် မြတ်စွာဘုရားနှင့် အဂ္ဂသာဝက ရှစ်ပါးမှလွဲ၍ ကြွင်းကျန်ရစ်သော ရဟန်းအပေါင်းကို နှိပ်စက်ခြင်းများစွာနှင့် ဒုက္ခပေးခဲ့ပြီတဲ့။

ကျွန်ုပ်သည် အဂ္ဂသာဝကမထေရ်၏ အဖြေစကားအဆုံး ထိုရဟန်းတော်များရှိရာ အရပ်ကို လာခဲ့သည်။

"အလို. . . ကြည့်စမ်း"

ကျွန်ုပ်ခြေလှမ်းများ တန့်သွား၏။ တုံ့သွား၏။ ကြည့်စမ်း။ အဆိပ်မိထားသည့် ရဟန်းအပေါင်းသည် သင်္ကန်းများကို ခေါင်းမြီးခြုံကာ နေရာအသီးသီးတွင် လဲလျောင်းနေကြ၏။ အသက်မျှဉ်းမျှဉ်းရှုကာ မလှုပ်မယှက်နှင့် ရှိကြ၏။ ကျွန်ုပ်ရင်ထဲ ဖော်ပြနိုင်စွမ်း မရှိသည့် သောကတွေက အလိပ်လိပ် တက်ခဲ့ချေပြီ။ ကျွန်ုပ်. . . ကျွန်ုပ် ဘာလုပ်ရပါ့။ ဘယ်လိုပြု





www.burmeseclassic.com

www.burmeseclassic.com

ရပ့်။ အဆိပ်ပြယ်အောင် ခေါင်းကိုက်ဝေဒနာကို ဘယ်လိုခွာချရပ့်။

ကျွန်ုပ်သည် တွေးရင်းနှင့် အဆိပ်မိရဟန်းများကို တစ်ပါးချင်းကြည့်မိသည်။ ဘုရားတသူ၊ မိဘကိုတသူ၊ အမယ်လေးတသူ၊ အော်သူတွေက အပြည့်။ မချိမဆံ့ ခံစားနေရသည့်သဘော။ ကျွန်ုပ်သည် ကိုယ်ကိုမတ်မတ် ရပ်လိုက်သည်။

"အင်း. . . ဒီအချိန်၊ ဒီအခါဟာ ငါ့အတွက်၊ ငါ့ကုသိုလ်ကောင်းကျိုး၊ ငါ၏ပြုစုမှုအတွက် ဖော်ဆောင်ဖို့ အခွင့်အရေး တစ်ရပ်ပေပဲ"

ကျွန်ုပ်သည် များစွာသော ဘဝတွေက ပြုမူခဲ့သည့် ပါရမီအထုံကြောင့် ယခုတစ်ကြိမ်တွင်လည်း ဆင့်ကဲဆင့်ကဲ ကုသိုလ်ပြုရန် တုံ့ဆိုင်းမနေလိုတော့။ ပါရမီဆိုတာ အလေ့အကျင့်။ အလေ့အကျင့်ဆိုတာ ပါရမီ။ လေ့ကျင့်ဖန်များလာသည့် ဘဝအကျိုးဆက်ကြောင့် ကျွန်ုပ်သည် ဆုံးဖြတ်ချက်ချလိုက်သည်။

"ဟုတ်တယ်၊ အဆိပ်သင့် ရဟန်းတွေကို ပြုစုရမယ်၊ ရောဂါကင်းစင်သွားအောင် ဆေးဝါးရှာရမယ်၊ ကျန်းမာရေးအတွက် ငါ့ရဲ့အသိ၊ ငါ့ရဲ့အင်အားနဲ့ ကိုယ်တိုင်ကိုယ်ကျပြုစုရမယ်၊ ပြီးရင် ငါ . . . ငါ . . ."

ကျွန်ုပ်သည် ကြိုတင် ကြံဆချက်နှင့်အတူ ရဟန်းတော်များကံမှ ဖယ်ခွာသည်။ ပြီးသော် ကျွန်ုပ်နေထိုင်ရာ တောင်ခြေကျောင်းကို ပြန်သည်။ ကျောင်းရောက်သော် ပြုခြဲအတိုင်း မြတ်စွာဘုရားရှင်မြတ်နှင့် အဂ္ဂသာဝကများ၊ ရောဂါရ ရဟန်းများထံ ရည်မှန်းကာ ဦးချသည်။

"မြတ်သော အရှင်ဘုရား။ တပည့်တော်အား ရဟန်းများမိနေသော အဆိပ်သင့်ဝေဒနာကို လုံးဝချုပ်ငြိမ်းအောင် ကုသခွင့် ပြုတော်မူပါအံ့။

တုံ့ဆိုင်းမနေ၊ တွေဝေမနေ၊ စိတ်ကူးမနေတော့။ ကျွန်ုပ်သည် သွက်လက်စွာနှင့် တောင်ပေါ်ကို တက်ခဲ့သည်။ ပါရမီဓာတ်ခံရှိပြီးသားမို့ ဘယ်အရွက်၊ ဘယ်အမြစ်၊ ဘယ်အပင်သည် အဆိပ်သင့်ခြင်းဖြစ်က ပျောက်ကင်းနိုင်သည်ကို ကျွန်ုပ်သိပြီးသား။ ကျွန်ုပ်သည် ဆေးရွက်ဆေးမြစ်၊ ဆေးဥ၊ ဆေးခေါက်များကို ကျွန်ုပ်၏ ဒါနပါရမီ၊ သီလပါရမီ၊ သီလပါရမီအာနုဘော်နှင့် ဆုတောင်းရင်း ထုထောင်းကာ ဆေးများကို ကျိုချက်နေမိသည်။

ကျွန်ုပ်၏ ကျိုချက်နေသော ဆေးသည် ဘုရားရှင်၏ ရင်ငွေ့သား ရဟန်းတွေအတွက်။ ကျွန်ုပ်၏ နောင်သံသရာ ဆုတောင်းပြည့်ဖို့အတွက် မဟုတ်လော။

ကျွန်ုပ်သည် အားတက်သရော ပြုမြဲပြု၏။ ဆေးများကို ထုထောင်းလိုက်၊ ကျိုချက်လိုက်နှင့်ရှိသည်။ အဆိပ်မိရဟန်းက ခြောက်သန်းကျော် ခုနစ်သန်းနီးပါး။ သည်တော့ တော်ရုံတန်ရုံနှင့် မလောက်ငနိုင်။ မျှတအောင်၊ လောက်ငအောင် ကျိုချက်ရမည်။ ကျိုချက်ရင်းနှင့် ဆုတောင်းရသည်က အမော။

ကျွန်ုပ် ဆုတောင်း ပြည့်ဝခဲ့ချေသည်။ ဘာကြောင့်နည်း။ ကျွန်ုပ်လိုချင်သော ဆေးပင်များက နတ်တို့ ဖန်ဆင်းပေးလာလေသလားဟုပင် ထင်မှတ်မှားရ၏။ အရန်သင့်တွေ့ရသော ဆေးပင်များကို ယူကာ အများအပြား ကျိုချက်ရင်းနှင့် ကျွန်ုပ်မှာ ဘာကိုမျှ သတိမထားနိုင်။

မကြာပါ။ များပြားသော ဆေးကျိုချက်မှုကို ပြုပြီး၏။ သို့ကြောင့် ကျွန်ုပ်သည် ဆေးများကိုယူအပြီး ရဟန်းများထံ အပြေးသွားခဲ့၏။ ရဟန်းများသည် ဝေဒနာကိုခံစားရင်း လက်နှစ်ဖက်နှင့် ခေါင်းများကို ဖိကာ တညည်းညည်း တညူညူ။

"အို. . . မြတ်သော အရှင်ရဟန်းတို့။ ဤဆေးသည် အဆိပ်သင့်ခြင်းကို ပျောက်သည့်ဆေး ဖြစ်ပါ၏။ ဤဆေးကို သုံးဆောင်တော်မူပါအံ့။ ရဟန်းတော်တို့၏ ရောဂါသည် လေနှင့်အတူလာ၊ လေနှင့်အတူပြေးပါအံ့။

ကျွန်ုပ်သည် ဆေးများကို ဆက်ကပ်လိုက်သည်။ ထိုအခါ ရဟန်းတို့သည် ညည်းညူရာမှ ထထိုင်ကြ၏။ လှဲလျောင်းရာက ထကြ၏။ ကျွန်ုပ်သည် မြတ်ရဟန်းတို့အား ဆေးများကို ဆက်ကပ်လိုက်သည်။

တစ်ပါးပြီးတစ်ပါး၊ ပြီး. . . နောက်တစ်ပါး နောက်တစ်ပါး။ ကျွန်ုပ်သည် များပြားလွန်းသည့် အဆိပ်သင့်ရဟန်းများကို တစ်ပါးချင်း ဆက်ကပ်သည်။ ကျွန်ုပ် ဆက်ကပ်သည့်ဆေးကို သုံးဆောင်ပြီးသည့် ရဟန်းတို့သည် ရုတ်ခြည်းပင် ရွှင်ပျသွား၏။ ကြည်လင် လန်းဆန်းသွားကြ၏။ ထိုအခါ ကျွန်ုပ်အတွက် တန်ပြန်လာသည့်အရာသည် ဝမ်းသာကြည်နူးခြင်းပင် မဟုတ်ပါလော။

ခန္ဓာငါးပါး ရလာသည်နှင့်အမျှ အိုရ၊ နာရ၊ သေရမည်က အမှန်။ မုလွတ်ကင်းနိုင်ကြ။ လူပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ် အိုရ၊ နာရ၊ သေရမည်က အမှန်။ ယခု ရဟန်းများဖြစ်နေသည်က နာခြင်းဒုက္ခ။ ထိုနာခြင်းဒုက္ခသည် သေခြင်းဒုက္ခ၏ တံခါးဝ မဟုတ်လား။ ပထမလှေကား မဟုတ်ပါလား။

ထိုတံခါးဝကို ကျွန်ုပ် ပိတ်ပေးခဲ့၏။ လှေကားကို ရိုက်ချိုးနိုင်ခဲ့ချေပြီ။ ကျွန်ုပ်၏ ကုသိုလ်သည် အသက်ရှည်ရာ အနာမဲ့ကြောင်း ကုသိုလ်ဖြစ်ခဲ့ချေပြီ။ ရဟန်းတော်များ ကျရောက်နေသည့် အဆိပ်သင့်ဝေဒနာသည်လည်း လေနှင့်အတူလာကာ လေနှင့်အတူ ပြေးခဲ့ပြီမို့ ကျွန်ုပ်သည် . . .

ကျွန်ုပ်သည် ပါရမီရင့်သထက် ရင့်ခဲ့သည်က အမှန်။

<u>ကိုးကားချက်</u> - မဟာဗုဒ္ဓဝင်၊ အရှင်ဗာကုလမထေရ် အကြောင်းကို မှီးပါသည်။

**ဦးကလျာဏ (သရက်တော)**

❑





www.burmeseclassic.com

www.burmeseclassic.com

# သစ္စာတန်ခိုး ချစ်မိုး မနေ့ရှာ



ဖိုးလှလင်(မအူပင်)

နွေသည် သုံးရာသီ၏အစ ပထမ
...ဖြစ်၍ အပူရှိန်ကား လွန်ကဲလှပေ
...ည်။ ဒီနှစ် နွေရာသီစကား ယခင်နှစ်
...ထက်ပင် ပိုမို ပူပြင်းလှချေ၏။ သိပ္ပံ
...ရှင်များ၏ ဟောကိန်းသည် ဤသို့
...၏။ ကမ္ဘာကြီးသည် ခါတိုင်းနှစ်များ
... နေအပူရှိန်သည် သုံးဆ ပို၍
...လာမည်ဖြစ်ပြီး အပူလှိုင်းများ
...ခဏ ကမ္ဘာကြီးကို ဖြတ်သန်းမည်
... ဆိုကြ၏။ တကယ်လည်း ဟုတ်
...တ်ပါသည်။ ဒီနွေကား အနေခက်
...တ်အောင်ပင် ပူပြင်းလွန်း၏။ ယခု
...င် တန်ခူးလကျော်၍ ကဆုန်လ
...င် ဖြတ်သန်းဝင်ရောက်ခဲ့သော်ငြား
... အရိပ်အယောင်ပင်မပြဟု ဆိုရ
...ည်။ မဟာသင်္ကြန် ရေပွဲတော်ကြီး
... ပြီးစီးသွားခဲ့သော်ငြား ပိတောက်
...။ ဘယ်ပွင့်မှာလည်း တန်ခူးမည်
... စက်ဆွတ်ရေတိုး၊ သင်္ကြန်မိုးပြေး
...။ အခုလည်းကြည့် ရှေ့တစ်ပတ်
ကျော်လျှင် ကဆုန်လပြည့် ဗုဒ္ဓနေ့
ရောက်တော့မည်။ ကဆုန်ညောင်ရေ
သွန်းကြရပေဦးမည်။ ကဆုန်အတွင်း၊
မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့ကား မလာသေး
ပေ။ အပူဒဏ်ကို ကျောကော့အောင်
ခံစားနေကြရ၏။ ဩော် ... ဘယ်
အပြုံးနဲ့ ချစ်မိုးမရွာပါလိမ့်ဟု ချစ်သော
မိုးကို တမ်းတနေမိသည်။

ရှေးမြန်မာ့ရိုးရာ အစဉ်အလာ
များအရတော့ မိုးရွာစေလိုက မိမိတို့ရပ်
ရွာတွင် မိုးခေါ်လွန်ဆွဲပွဲများ ပြုကြလေ့
ရှိသည်။ ရခိုင်တို့၏ ရာဇဝင်အရမူ မိုး
ရွာအောင် လုပ်ကြသောအခါ ပန်းညို၊
ပေါက်ပေါက်ညို၊ လူတို့မှာ ပုဆိုးညိုဝတ်
ဆင်၍ ဘုရားရှင်ကို ပူဇော်ဆုတောင်းရ
သည်ဟု မှတ်သားဖူး၏။

လုံးတော်ဆရာတော်၏ ပုစ္ဆာ
ပကိဏ္ဏကကျမ်းတွင် ဆိုခဲ့သော မိုးရွာ
ခြင်း၊ မရွာခြင်းနှင့် စပ်လျဉ်း၍ ပြဆိုထား
သည်ကို အနည်းငယ် တင်ပြရေးသား
လိုပါ၏။ မိုးရွာခြင်း အကြောင်းတရား
ရှစ်ပါး ဟူ၍ ဖော်ပြထား၏။

(၁) နဂါးတို့၏အာနုဘော်။
(၂) ဂဠုန်တို့၏အာနုဘော်။
(၃) နတ်တို့၏အာနုဘော်။
(၄) သစ္စာစကား၏အာနုဘော်။
(၅) မိုးနတ်သား၏အာနုဘော်။
(၆) တန်ခိုးကြီးသောသူတို့၏အာနုဘော်။
(၇) ဥတုညီညွတ်မှန်ကန်ခြင်း။
(၈) ကမ္ဘာပျက်လိုခြင်းတို့ကြောင့် ရွာ၏ဟု ထိုရှစ်ပါးကို ပြဆိုထားပေသည်။

မိုးမရွာခြင်း အကြောင်းငါးပါးလည်း ဖော်ပြထား၏။

(၁) ကောင်းကင်တွင် အမှုန်ပြင်းသောကြောင့် လည်းကောင်း၊
(၂) ကောင်းကင်တွင် လေထန်ပြင်းသောကြောင့် လည်းကောင်း၊
(၃) အသူရိန်နတ်သားလက်ဝါးနှင့် မိုးရေခံ၍ သမုဒ္ဒရာသို့ သွန်လေသောကြောင့် လည်းကောင်း၊
(၄) ပဇ္ဇုန္နနတ်သားသည် နတ်စည်းစိမ် ပျော်မြူးထူး၍ မေ့လျော့နေသောကြောင့် လည်းကောင်း၊
(၅) လူတို့၏ တရားမစောင့်သောကြောင့် လည်းကောင်း ထိုသို့ ဖြစ်ခြင်းကြောင့် မိုးမရွာဟု ပြထားလေသည်။

ဤတွင် မိုးရွာသွန်းခြင်းအကြောင်းတရားရှစ်ပါးအနက်တွင် သစ္စာစကား၏အာနုဘော်ဟူသော အကြောင်းတရားပါရှိရာ မိုးရွာသွန်းဖြိုးစေရန်အတွက် သစ္စာဝါစာတန်ခိုးနှင့် မိမိတို့၏ စိတ်သတ္တိ သစ္စာအစွမ်းတို့ကို ဖော်ညွှန်းတိုင်တည်၍ မိုးရွာစေခဲ့ဖူးသော ဆရာတော်ဘုရားကြီးများ၏ ကျေးဇူးဂုဏ်တော်ကို တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပင် ပူဇော်တင်ပြလိုပါသည်။

ကျေးဇူးတော်ရှင် မုံရွာ လယ်တီဆရာတော်ကြီးသည် သက္ကရာဇ် ၁၂၆၈ ခုနှစ်တွင် ပြည်မြို့ ဝိပဿနာကုန်းတော်ရာဇ္ဇ ဟသ်ာတနယ် တစ်ဝိုက်တို့တွင် မိုးခေါင်၍ လယ်မြေဧကများစွာ ပျက်စီး

www.burmeseclassic.com

ရတော့မည့် အခြေအနေနှင့် ကြုံတွေ့နေရလေရာ ထိုစဉ်အခါက ရောဝတီတိုင်းမင်းကြီး အင်္ဂလိပ်လူမျိုး မက္ကဆွဲသည် လယ်တီဆရာတော်ဘုရားကြီးကို ပင့်၍ တရားပွဲများ ကျင်းပပြုလုပ်ရန် အထူးပင် အမိန့်ချမှတ်ခဲ့လေသည်။

မိုးခေါင်၍ အတိဒုက္ခများစွာ ကြုံတွေ့နေရသော နယ်သူနယ်သားများကို ကြီးစွာသော မဟာကရုဏာ သက်တော်မူပြီးလျှင် ထိုသို့ပင့်လျှောက်လာကြကုန်သာ ဥပါသကာများနှင့် ကြွချီလိုက်ပါတော်မူရင်း ရောဝတီသင်္ဘောပေါ်၌ မိမိပြုခဲ့သော အနှစ် ၂၀ ကျော် ရေအလှူတော် နိဗ္ဗဒ္ဓဝတ်ကြီးကို အောက်မေ့ဆင်ခြင်တော်မူလျက် သစ္စာအဓိဋ္ဌာန်ပြုကာ မိုးနတ်သား စသည်တို့ကို မေတ္တာပို့သပြီး ငါးရံ့မင်းပရိတ်ကြီးကိုရွတ်ဆိုပုတီးစိပ်တော်မူလေသည်။

ထိုအချိန်၌ ဟင်္သာတ တစ်ဖက်ကမ်းသို့ လယ်တီဆရာတော်ကြီး စီးလာခဲ့သော သင်္ဘောကြီး ဆိုက်ကပ်ခါနီးတွင် မိုးကောင်းကင်တစ်ခွင်လုံး အုံ့မှိုင်းလာကာ မရွာစဖူး မိုးကြီး သည်းထန်စွာ ရွာသွန်းခဲ့သည်ဖြစ်၍ လူတိုင်း အံ့ဩဝမ်းသာမဆုံး ဖြစ်ခဲ့လေသည်။

ဤအဖြစ်အပျက်ကား ပုံပြင်မဟုတ်ပါ။ လယ်တီဆရာတော်ကြီး၏ သစ္စာဆိုအဓိဋ္ဌာန်ပြုပြီး ပရိတ်တော်များ ရွတ်ပွားခဲ့ခြင်းဖြင့် ထင်ရှားစွာ ဖြစ်ပေါ်ခဲ့သော သစ္စာတန်ခိုးပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာတစ်ပါးဟု ထင်ရှားစွာကျော်ကြားတော်မူခဲ့သောဆရာတော်ကြီးကား ညောင်လွန့်တောရ ဆရာတော်ဘုရားကြီးပင် ဖြစ်လေသည်။ ထိုဆရာတော်ဘုရားကြီး၏ သစ္စာတန်ခိုးတော်ဖြင့် ညောင်လွန့်ဂေါစရဂါမ်ရွာများ၌ မိုးမခေါင်ဘဲ မိုးလေဝသမှန်၍ ကောက်ပဲသီးနှံများဖြစ်ထွန်းကာ အလှူအတန်းတို့ မပြတ်ရှိခဲ့ပုံမှာ အံ့ဩဖွယ်ဟု ဆိုရပေမည်။ ရမည်းသင်းခရိုင် ဒေသတစ်ဝိုက်ကိုလိုနီ အင်္ဂလိပ်မင်းတို့ အခွန်တော် စည်းကြပ်ကောက်ခံသည်ကို ကျန်ဒေသများ မထည့်ဝင်နိုင်ကြ။ ညောင်လွန့်ဂေါစရဂါမ် သုံးလေးရွာသာ အခွန်ထည့်ဝင်နိုင်ခဲ့သည်မှာ အံ့ဩစရာဖြစ်တော့၏။

ထိုစဉ်ကာလသည် ၁၂၉၂ ခုနှစ်ဟု ဆိုရပေမည်။ ရမည်းသင်းခရိုင်၌ မိုးအလွန်ခေါင်ကာ ပင်ကိုက မိုးခေါင်ရေရှားရပ်ဝန်းဒေသ ဖြစ်တာက တစ်ကြောင်းကြောင့် လူရော ရှင်ပါ အတိဒုက္ခရောက်ခဲ့ရ၏။ နှစ်နှစ်၊ သုံးနှစ်ဆက်တိုက် ဆိုသလိုပင် မိုးဆက်ခေါင်ခဲ့သဖြင့် တောင်သူလယ်သမားများ ပိုမို ဒုက္ခတွေ့ကာ နေရလေ၏။ တစ်နှစ်တွင်း အခြားဒေသများ နည်းတူပင် ညောင်လွန့်ဂေါစရဂါမ်ရွာများပါ မိုးခေါင်ပြန်လေရာ မဟာကရုဏာတရား ကြီးမားတော်မူသော ညောင်လွန့်တောရဆရာတော်ကြီးသည် ကျောင်းတိုက်တွင် ညပိုင်း ဘုရားဝတ်တက်ပြီးချိန်၌ ကျောင်းရှိ သံဃာတော်များအား ဤသို့ မိန့်တော်မူခဲ့ပါသည်။

"မောင်ပဥ္စင်းတို့ . . . သတ္တဝါတွေ မိုးခေါင်လို့ အလွန် သနားစရာကောင်းလေပြီ၊ မပေါ့ကြနှင့်၊ သီလကို အထူးသတိထားပါ၊ မိုးနတ်သားကအစ သတ္တဝါအားလုံးကို အထူးပင် မေတ္တာပွားကြပါ" ဟု မိန့်ကြား မှာတော်မူပြီးနောက် တစ်ညနေတွင် ဆရာတော်ဘုရားကြီးကိုယ်တိုင် (ကျီးအင်းကျောင်းရွာ)သို့ ကြွတော်မူပြီးလျှင် ထိုတစ်ရွာလုံးသို့ တရားနာခေါ်ယူကာ ငါးပါးသီလကို ချီးမြှင့်၍ လုံခြုံအောင် စောင့်ထိန်းစေ၏။ ဆရာတော်ကြီး ကိုယ်တိုင်ကလည်း ဤသို့ သစ္စာပြုတော်မူလေသည်။

"သဗ္ဗေသတ္တာ၊ ဒုက္ခာ မုစ္စန္တု၊ သမ္မာဒေဝေါ ပဝဿတု"

သတ္တဝါအားလုံး ဆင်းရဲကင်းကြပါစေ။ မိုးကြီးသည်းထန်စွာ ရွာသွန်းဖြိုးပါစေဟု သစ္စာအဓိဋ္ဌာန်ပြုခဲ့ရာ မိုးမှာ သည်းထန်စွာ ရွာသွန်းချခဲ့၍ တစ်နယ်လုံး ဝမ်းမြောက်မဆုံး ဖြစ်ခဲ့ကြရပြီး သီးနှံများ ဖြစ်ထွန်းကာ အေးချမ်းသာယာခဲ့တော့၏။ ဤသို့သော ချမ်းသာ[illegible] သုခ ရရှိခဲ့ခြင်းသည် ညောင်လွန့်တော[illegible] ရ (ခေါ်) မိုးကောင်းတောရ ဆရာတော်[illegible] ကြီး၏ ထင်ရှားစွာ ပြသခဲ့သော သစ္စာ[illegible] တန်ခိုးပင် ဖြစ်ပါပေသည်။

ဤသို့ပင် သစ္စာအစွမ်း ဖော်[illegible] ညွှန်းပြသခဲ့ဖူးသော ရွှေဟင်္သာတော[illegible] စံကျောင်း ဆရာတော်ကြီးသည် သစ္စာ[illegible] ရာဇ်အားဖြင့် ၁၂၉၄ ခုနှစ်တွင် ညောင်[illegible] တုန်းမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ခွင်[illegible] မိုးခေါင်၍ တောင်သူလယ်သမားများ[illegible] စားရေရိက္ခာခေါင်းပါးလျက် အတိဒုက္ခ[illegible] ရောက်ရမည့် ဘေးဒုက္ခမှ ကင်းဝေး[illegible] သာအောင် သစ္စာပြုတော်မူခဲ့၍ မိုးကြီး[illegible] ရွာသွန်းဖြိုးတော် မူခဲ့ပါသည်။

"ငါသည် မှတ်မိသည်မှစ၍ [illegible] စေလိုသော စေတနာဖြင့် သူတစ်ပါး[illegible] အသက်ကို သတ်ဖူးသည်ဟူ၍မရှိ ဤ[illegible] သို့သော သစ္စာစကားကြောင့် မိုးကြီး[illegible] ရွာပါစေသတည်း"

ဤသို့ ဤနယ် ဆရာတော်[illegible] ဘုရားကြီး သစ္စာပြုတော်မူသည့် တ[illegible] ခဏမှာပင် မိုးကြီးသည်းထန်စွာ ရွာ[illegible] သွန်းချခဲ့သည်မှာ ရွှေဟင်္သာဆရာတော်[illegible] ဘုရားကြီး၏ ထင်ထင်ရှားရှား ပြသခဲ့[illegible] သော သစ္စာတန်ခိုးပင် ဖြစ်ပါသည်။

ဤသို့ ထေရဝါဒ ဗုဒ္ဓဘာသာ[illegible] ထွန်းကားသော မြန်မာနိုင်ငံတွင် သစ္စာ[illegible] တရား၏ စွမ်းပကားကို ထင်ရှားစွာ [illegible] သနိုင်ခဲ့သည့် ဘုရားသားတော် မထေ[illegible] ကျော်ကြီး များစွာအနက်မှ လက်လှ[illegible] မီရာ ထုတ်ဖော်ပူဇော်၍ တင်ပြရခြင်း[illegible] သာ ဖြစ်ပါကြောင်းနှင့် "သစ္စာတန်ခိုး[illegible] ချစ်မိုးမနေသာ"ဟူသော ဤမည်သော[illegible] ဆောင်းပါးတစ်ပုဒ်ကို ရေးသားတ[illegible] ဆက်လိုက်ပါသည်။

**ငွေလုလင်(မအူပင်[illegible]**

❑





www.burmeseclassic.com

www.burmeseclassic.com



# မြန်မာတို့၏ ပျူခေတ်ဗုဒ္ဓသာသနာ

## ကောင်းစံဟိန်း(ဖန်နေဝန်း)

မြန်မာနိုင်ငံအတွင်းသို့ ရှေးဦး အစ ရောက်ရှိခဲ့သော ဗုဒ္ဓသာသနာ သည် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသမှာ ဗုဒ္ဓ မြတ်စွာ ပွင့်တော်မူစဉ် ကာလကပင် စတင်ရောက်ရှိခဲ့ကြောင်း ရှေးဟောင်း သာသနာဝင်ကျမ်းများ အဆိုအရ ရှေ့ ပိုင်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ဖော်ပြပါ မြန်မာနိုင်ငံအတွင်း ဗုဒ္ဓသာသနာ စတင်ရောက်ရှိခဲ့သော ကာလ ခုနှစ်သက္ကရာဇ်များကို ပြန်ကြည့် လျှင် ထိုအချိန်ကာလသည် မြန်မာနိုင်ငံ အတွင်း စဉ်ဆက်မပြတ် နေထိုင်လာခဲ့ သော ရှေးဦးလူမျိုးများနှင့် နောက်ပိုင်း ဝင်ရောက်လာသော တိဗက် မြန်မာ အနွယ်ဝင် ပျူ၊ ကမ်းယံ၊ သက် လူမျိုးများ၊ သုဝဏ္ဏဘူမိ မွန်လူမျိုးများနှင့် ဓညဝတီ ရခိုင်လူမျိုး စသည်တို့မှာ မြတ် စွာဘုရား ပွင့်တော်မမူမီ ဘီစီ ၉၀၀ ခန့် ကတည်းက သင့်တင့်လျောက်ပတ်သော မြို့ပြကျေးရွာများ တည်ထောင်ကာ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများ အသင့်အတင့် တိုးတက်နေခဲ့ပြီ ဖြစ် ကြောင်း သမိုင်းသုတေသီများ ခန့်မှန်း ထားခဲ့ကြသည်။

အထူးသဖြင့် ပျူ၊ ကမ်းယံ၊ သက် လူမျိုးအများစုတို့ ဦးစွာစုပေါင်းအခြေချ ခဲ့သော အထက်ပိုင်း တကောင်းဒေသ နှင့် အလယ်ပိုင်း လယ်ကိုင်းဒေသတို့ တွင် အကြီးအကဲခေါ် ပျူမင်းများ တကောင်းမတိုင်မီ ၁၃၉၃ ပါးရှိခဲ့ကြောင်း ဖော်ပြသော ဇမ္ဗူကွန်ချာပေပုရပိုက်ဖြင့် တကောင်းမတိုင်မီ မင်းဆက်များ အကြောင်း ဖော်ပြသော မြန်မာ့ပူရာမ် ကျမ်းများအရ စိုးစံခဲ့ကြောင်း တွေ့ရ သည်။ ထို့ကြောင့် သုနာပရန္တတိုင်း လယ်ကိုင်းသို့ ဦးစွာအစ ရောက်ရှိခဲ့ သော ဗုဒ္ဓသာသနာမှာ ပျူလူမျိုးတို့ နေ ထိုင်ရာ အထက်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်းများသို့ ရောက်ရှိပျံ့နှံ့ခဲ့မည် မှာ မလွဲပေ။

ပျူလူမျိုးတို့သည် ဗုဒ္ဓသာသနာ နှင့် ဗုဒ္ဓယဉ်ကျေးမှုကို ရရှိပြီး ယဉ်ကျေး သိမ်မွေ့သော လူမျိုးဖြစ်လာခဲ့သည်။ နောက်ပိုင်းကာလများတွင် မိုင်းမော၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ စသည့် မြို့ပြများ၊ ရွာကြီးရပ်ကြီးများ၊ ရွာသိမ်ရွာငယ်များအထိ တည်ထောင် နေထိုင်ခဲ့ကြကြောင်း ပျူမြို့ဟောင်းများ သုတေသန ဖော်ပြချက်တွင် အများ အပြား တွေ့ရှိရသည်။

ထိုသို့ မြို့ပြများတည်ထောင် ကာ ဗုဒ္ဓဘာသာကိုလည်း စဉ်ဆက် မပြတ် ယုံကြည်ကိုးကွယ်ခဲ့ကြောင်းတွေ့ ရသည်။ သာသနာနှစ် ၁၀၁ ခုနှစ်မှာ သရေခေတ္တရာပြည်ကြီးကို ဒွတ္တပေါင် မင်းက စတင်တည်ထောင်ခဲ့ကြောင်းနှင့် သရေခေတ္တရာမတိုင်မီ သာသနာနှစ်



www.burmeseclassic.com

www.burmeseclassic.com

၆ဂ မှာ မဟာသမ္ဘဝမင်းက ရသေ့မြို့ကို တည်ထောင်ခဲ့ကြောင်း၊ ထို့ကြောင့် ရသေ့မြို့ သရေခေတ္တရာပြည်ဟုရာဇဝင်ကြီးမှာ ဖော်ပြ ခေါ်ဝေါ်ထားကြောင်း တွေ့ရသည်။

ပျူတို့၏ သရေခေတ္တရာပြည်ကို ဆရာကြီးဒေါက်တာတိုးလှ၏ရှေးဟောင်းမြန်မာ့သမိုင်း နိဒါန်းအစမှာ သရေခေတ္တရာ သို့မဟုတ် ပထမမြန်မာနိုင်ငံတော် အေဒီ ၂ - ၉ ရာစုဟု ဖော်ပြထားကြောင်းတွေ့ရသည်။ မြန်မာ့သမိုင်းတွင် ပေါ်ထွန်းခဲ့သော မြို့တော်များ အနက် မင်းတုန်းမင်းကြီး၏ ရတနာပုံမြို့တော်တိုင်အောင် သရေခေတ္တရာ မြို့တော်သည် အကြီးကျယ်ဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

သရေခေတ္တရာ ပျူနိုင်ငံတော်ကြီး၏ ဗုဒ္ဓသာသနာ ထွန်းကားစည်ပင်လာရခြင်းမှာလည်း ဦးစွာအစကပင် ဗုဒ္ဓသာသနာကိုလက်ခံရရှိထားသော လယ်ကိုင်းဒေသ ပျူ ကမ်းယံ၊ သက်လူမျိုးများ၏ ဆရာတော်ကြီးများအား ပင့်ဆောင်ကာ သရေခေတ္တရာ သာသနာကို စတင်ပြုစုပျိုးထောင်ခဲ့ကြောင်း တွေ့ရသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ဒုတိယနဝဒေး ရေးသားသော ဣန္ဒသျှံဂူ မော်ကွန်းအဆိုကို တင်ပြလိုပါသည်။

သုနာ့ပရန္တ၊ ရှင်ပုဏ္ဏ၏<br>
သာဝကဂိုဏ်း၊ ဂိုဏ်းကြီးလှိုင်းလျက်<br>
လယ်ကိုင်းသာသနာ၊ သမုဒ္ဒရာရေဆုံး<br>
မိုးလုံးစက်ရိပ်၊ နှစ်ထပ်နှိပ်၍<br>
ပပ္ပဒိပ်တိုင်းထောင်၊ ဒွတ္တပေါင်လျှင်<br>
မာန်အောင်မင်္ဂလာ၊ သောကြမ္မာနှင့်<br>
မြင်ဗာဟုမည်၊ ညည်းညည်းဘုရား<br>
တောင်ပွားရန္တာ၊ လျှံဖြာပိတ်ဆီး<br>
ဟု စပ်ဆိုထားသည်။

ဒွတ္တပေါင်မင်းကြီးသည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို အလွန်အမင်းကြည်ညိုသူဖြစ်သဖြင့် မြတ်စွာဘုရားသားတော် ရဟန္တာအပါး (၃၀၀၀)ကို နေ့စဉ် ဆွမ်းအစရှိသည့် ပစ္စည်းလေးပါး လှူဒါန်းခဲ့သည့်အပြင် ဗုဒ္ဓသာသနာတော် အစွန့်ရှည်ရေး မျှော်တွေးလျက် ပရိဘောဂစေတီဖြစ်သော ဘုရားတည်ခြင်း၊ ကျောင်းဆောက်လှူဒါန်းခြင်း၊ သိမ်သမုတ်ခြင်း စသည်တို့ကို သရေခေတ္တရာနေပြည်တော်တစ်ဝိုက်မှာ လက်ညှိုးထိုးမလွဲနိုင်လောက်အောင် ဗုဒ္ဓသာသနာတိုးတက်စည်ပင်ခဲ့ကြောင်း ယခုတိုင် ဗုဒ္ဓသာသနိကအဆောက်အအုံများ မြေပေါ်တွင် ထင်ရှားတွေ့မြင်နေရဆဲ ဖြစ်ပါသည်။

## ဒွတ္တပေါင်မင်းကြီးနှင့် ဗုဒ္ဓသာသနာ

ဒွတ္တပေါင်မင်းကြီးသည် မြတ်စွာဘုရား သားတပည့်သံဃာများကို နေ့စဉ် ပစ္စည်းလေးပါး ချီးမြှင့်ထောက်ပံ့ရုံမကဘဲ မြတ်ဗုဒ္ဓ၏ သာသနာတော် စည်ပင်ပြန့်ပွားရေးနှင့် အစွန့်ရှည်ရေးတို့ကိုပါ မျှော်တွေးလျက် ရဟန်းတော်များ အလွယ်တကူ ကမ္မာကမ္မ သိမ်ဝင်သိမ်ထွက် ဆောင်ရွက်နိုင်ရန် သိမ်ကြီး (၉)သိမ်ကို သမုတ်တော်မူခဲ့ကြောင်း (အရိယာဝံသကျမ်းတွင် လာရှိကြောင်း) ကျမ်းဟောင်းများတွင် တွေ့ရှိရသည်။ ထိုသိမ်များကို ရဟန္တာကြီးများကိုယ်တိုင် သမုတ်တော်မူခဲ့ခြင်းကြောင့် ရဟန္တာသိမ်ဟု ခေါ်တွင်ကြောင်းကိုလည်း ဖတ်ရှုမှတ်သားရပါသည်။

ထိုသိမ်များမှာ (၁) မြင်ဗာဟုသိမ် (၂) ရွှေငါးကြင်းသိမ် (၃) ပွင့်လှသိမ် (၄) ကျောက်ကာသိမ် (၅) ပါဒသိမ် (၆) ကျောက်တံခါးသိမ် (၇) ဘုရားကြီးသိမ် (၈) စက်ဘိုင်သိမ် (၉) ဇေယျပယဝီသိမ်တို့ဖြစ်ကြောင်း တွေ့ရသည်။

ထို့အပြင် မှန်နန်းရာဇဝင်ကြီးတွင် ပါရှိသော ဒွတ္တပေါင်မင်းကြီး၏ ကောင်းမှုတော်များမှာ . . .

(၁) သောကြမ္မာမည်သော ကောင်းမှုတော်
(၂) ညည်းညည်းမည်သော ကောင်းမှုတော်
(၃) စည်းစည်းမည်သော ကောင်းမှုတော်
(၄) ပေါပေါမည်သော ကောင်းမှုတော်
(၅) လျှောလျှောမည်သော ကောင်းမှုတော်
(၆) မြသိတင်မည်သော ကောင်းမှုတော်
(၇) ဘုရားတောင်မည်သော ကောင်းမှုတော်
(၈) ဆုတောင်းပြည့် မည်သော ကောင်းမှုတော် နှစ်ဆူ
(၉) ဘုရားရှင်၏ လက်ရုံးတော်ဓာတ်ကိုဌာပနာသော မြင်ဗာဟုကောင်းမှုတော်
(၁၀) ဘုရားရှင်၏ နဖူးသင်းကျစ်တော်ဓာတ်အား ကမ်းယံပြည်မှ ပင့်ဆောင်ကာဌာပနာတော်မူသော ပုထိုးတော်ကြီး

အားလုံးပေါင်း (၁၁) ဆူ ဖြစ်ကြောင်း တွေ့ရသည်။

ထို့အပြင် ပြည်မြို့သမိုင်းတွင်လည်း ဒွတ္တပေါင်မင်းကြီး တည်ထားတော်မူခဲ့သော နဝင်းကျေးစေတီတော် ကိုးဆူ၊ ဥမင် ကိုးခု၊ တောင်ရံ ကိုးလုံး ကုန်း ကိုးကုန်း၊ စေတီပုထိုးများနှင့် ရေကန်ကြီး ကိုးကန်တို့ကိုလည်း တူးဖော် တည်ထားခဲ့ကြောင်း ဖော်ပြထားသည်။

သရေခေတ္တရာ ပျူနိုင်ငံတော်ကြီးမှာ မဟာသမ္ဘဝမင်းကစပြီး သုပညာနဂရဆိန္နမင်းအထိ (၂၇)ပါးသောမင်းတို့သည် သာသနာနှစ် ၆၀ မှ ၆၃၈ အထိ နှစ်ပေါင်း ၅၇၈ နှစ် စိုးစံခဲ့ကြောင်း တွေ့ရသည်။ သမုဒ္ဒရာဇ်မင်းလက်ထက်မှာ သာသနာနှစ် ၆၂၄ ကို ၂ ခုအကြွင်းထားပြီး သက္ကရာဇ်ဖြိုခဲ့သည်။ ထို ၂ ခုကြွင်းကစပြီး သရေခေတ္တရာသက္ကရာဇ်ဟု ခေါ်သည်။

ထိုသက္ကရာဇ် အဟို ၅ ခုနှစ်တွင် သုပညာနဂရဆိန္နမင်း နန်းတက်ပြီး သက္ကရာဇ်အတို ၁၆ ခုနှစ်တွင် ကမ်း... တို့ လာရောက်တိုက်ခိုက်ခဲ့သဖြင့် သရေခေတ္တရာပြည်ကြီး ပျက်စီးသွားခဲ့... သည်။ (တချို့ သမိုင်းရာဇဝင်တွင် ...





www.burmeseclassic.com

www.burmeseclassic.com

ပြည်မှ လာရောက်တိုက်ခိုက်ကြောင်းလည်း တွေ့ရသည်။)

သရေခေတ္တရာ ပျက်ချိန်တွင် ဗုဒ္ဓဘာသာဝင် ရဟန်းတော်များလည်း အောက်ဘက်အရပ် ရာမညတိုင်းသို့လည်းကောင်း၊ အညာပုဂံ ယုန်လွှတ်ကျွန်းနှင့် တကောင်းဒေသဘက်သို့လည်းကောင်း၊ လယ်ကိုင်းအရပ်ဘက်သို့လည်းကောင်း ရောက်ရှိပျံ့နှံ့သွားပြီး သရေခေတ္တရာ သာသနာတော်မှာလည်း ပျောက်ကွယ်သွားခဲ့ရလေသည်။

## ပုဂံခေတ်ဦး ဗုဒ္ဓသာသနာ အခြေအနေ

သရေခေတ္တရာပျက်ပြီး နောက်ဆုံးမင်း သုပညာနဂရဆိန္နမင်း၏ တူတော် သမုဒ္ဒရာဇ်မင်းသည် ရသမျှ ပျူကမ်းယံ၊ သက်တို့အား စုရုံးခေါ်ဆောင်ပြီး အဆင့်ဆင့်ပြောင်းရွှေ့နေထိုင်ခဲ့ရာ မင်းတုန်းနယ်မှတစ်ဆင့် အထက်သို့ ဆန်တက်ကာ ယုန်လွှတ်ကျွန်းအရပ်သို့ ရောက်ရှိခဲ့သည်။ ထိုယုန်လွှတ်ကျွန်းအရပ်တွင် မြို့ရွာတည်ထောင်ရန် စီစဉ်ခဲ့၏။ သို့သော်လည်း ပျူရွာကြီး ၁၉ ရွာကို အုပ်ချုပ်နေသော အကြီးအကဲ ၁၆ ယောက်တို့က အောက်ပိုင်းမှရောက်လာသူများအား လက်ခံရန် ငြင်းဆန်နေသဖြင့် မပြေမလည် ဖြစ်ခဲ့ကြရသည်။

ထိုအကြောင်းအား တကောင်းမြို့စားဖြစ်သူ ပျူစောထီးမှ လာရောက်ဖြေရှင်းပေးခဲ့သဖြင့် နှစ်ဖက်စလုံး ကျေနပ် အဆင်ပြေ ချောမွေ့သွားခဲ့သည်။ ထို့ကြောင့် သမုဒ္ဒရာဇ်မင်းက သမီးတော် စန္ဒာဒေဝီနှင့် လက်ဆက်ပေးပြီး ပျူစောထီးကို အိမ်ရှေ့အရာပေးကာ ဒေသခံ ပျူများနှင့် ပေါင်းစည်းလျက် ပျူဂါမ အမည်ဖြင့် သာသနာနှစ် ၆၅၁ ခု၊ သရေခေတ္တရာ သက္ကရာဇ်အတို ၂၉ နှစ်တွင် သမုဒ္ဒရာဇ်မင်း စိုးစံအုပ်ချုပ်ခဲ့လေသည်။

(ရာဇဝင်ကြီးတွင် ကျားကြီး၊ ဝက်ကြီး၊ ငှက်ကြီး၊ ရှူးပျံကြီးနှင့် ရှင်းမနိုင်သော ဘူးပင်ရိုင်းများအန္တရာယ်ကို လေးသမားစောထီးက ရှင်းလင်းပေးနိုင်ခဲ့သဖြင့် သမီးတော်စန္ဒာဒေဝီနှင့် လက်ဆက်ကာ အိမ်ရှေ့အရာပေးကြောင်း ဖော်ပြပါရှိလေသည်။ ထိုအချိန်က တကောင်းနှင့် ဟန်လင်းတို့သည် သရေခေတ္တရာနိုင်ငံ၏ လက်အောက်ခံဖြစ်နေသဖြင့် မြို့စားအဆင့်သာ ရှိနေမည်ဖြစ်ပါသည်။ တချို့စာတွင် တကောင်းမင်းကြီး၏ယောက်ဖတော် စောထီးမင်းသားဟုလည်း ဖော်ပြရေးသားကြသည်ကို တွေ့ရသည်။)

သမုဒ္ဒရာဇ်မင်း ကွယ်လွန်သည့်အခါ ပျူစောထီးနန်းတက်ရန် ဖြစ်သော်လည်း သူကိုးကွယ်ခဲ့သော ဆရာရသေ့ကို တကောင်းမှခေါ်ယူကာ လူဝတ်လဲ နန်းတင်ပေးခဲ့သည်။ ထို့ကြောင့် ရသေ့ကြောင်မင်း ဖြစ်လာခဲ့ရ၏။ ရသေ့ကြောင်မင်းသည် အေဒီ ၁၅၂ မှာ နန်းတက်ပြီး ၁၆၇ ခုနှစ်မှာ ကွယ်လွန်ခဲ့သည်။ ထိုအခါမှ ပျူစောထီး နန်းတက်ကာ ပျူဂါမကို အရိမဒ္ဒနမြို့တော်အဖြစ် ပြောင်းလဲခေါ်တွင် သမုတ်ခဲ့သည်။ ပျူစောထီးမင်းသည် အေဒီ ၁၆၇ မှ ၂၄၂ အထိ စိုးစံခဲ့ကြောင်း တွေ့ရသည်။

## ပျူစောထီးမင်းလက်ထက် ဗုဒ္ဓသာသနာ

ပုဂံခေတ်ဦး ပျူစောထီးမင်းလက်ထက်မှာ မင်းနှင့်ပြည်သူအားလုံး ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အလျောက် ဘုရားတည်၊ ကျောင်းဆောက် သာသနာပြု လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ ကျောက်စာ အထောက်အထားများ မတွေ့ရသေးသော်လည်း ပုဂံသူ၊ ပုဂံသားများ၏ ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်း အစဉ်အလာ စကားများ ယခုချိန်ထိ ပြောဆိုနေကြဆဲဖြစ်သည်။

အထင်ရှားဆုံးမှာ ဗူးဘုရားနှင့် ငှက်ပစ်ကောင်စေတီတို့ ဖြစ်သည်။ ဗူးဘုရားအပါအဝင် စေတီ ဘုရားဂူ (၁၅)ဆူ တည်ထားခဲ့ကြောင်း သမိုင်းဟောင်းများမှာ တွေ့ရသည်။

ပျူစောထီးမင်းလက်ထက်တွင် အရွယ်ရောက်သူတိုင်း ဗုဒ္ဓစာပေနှင့် ဗုဒ္ဓယဉ်ကျေးမှုများ သင်ကြားစေခဲ့သည်။ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာခေတ်ကလည်း အသက် (၇)နှစ်ပြည့်ပြီးသူ ယောကျာ်းလေး၊ မိန်းကလေးများ ဘုန်းကြီးကျောင်းတွင် စာပေပညာသင်ကြားရကြောင်း တွေ့ရသည်။

သရေခေတ္တရာခေတ်တွင် ဘုန်းကြီးကျောင်း ၁၀၀ ကျော်ရှိနေခဲ့ပြီး ပုဂံခေတ်ဦးမရောက်မီကပင် ပျူလူမျိုးများ ဗုဒ္ဓစာပေနှင့် ဗုဒ္ဓယဉ်ကျေးမှုတို့ကို တတ်သိနားလည်ထားပြီးဖြစ်သဖြင့် မာန်မာနမရှိဘဲ တစ်ဖက်သားအပေါ် ရည်မွန်စွာ ပြောဆိုဆက်ဆံတတ်ကြသည်။ ငြိမ်းချမ်း အေးဆေးစွာ နေလိုသည်။ စကားအပြောအဆို နည်းပြီး ဘဝကို တန်ဖိုးထား မြတ်နိုးတတ်ကြသဖြင့် သူတစ်ပါးအသက်ကိုသတ်ရန် ဝန်လေးတတ်ကြသည်။ ထို့ကြောင့်လည်း ဗုဒ္ဓ၏ အဆုံးအမ ဘာသာတရားများကို အားလုံးက တန်ဖိုးထားကာ လေးစားကြည်ညိုကိုးကွယ်သူများ ဖြစ်ကြသည်။

အချို့ ခေတ်သစ်သမိုင်းများတွင် ပုဂံခေတ်ဦးကာလမှ အနိရုဒ္ဓ(အနော်ရထာ)မတိုင်မီထိ ဗုဒ္ဓသာသနာ မရှိသေးကြောင်း၊ သမုဒ္ဒရာဇ်မင်း၊ ရသေ့ကြောင်မင်း၊ ပျူစောထီးမင်းတို့ လက်ထက်ကစပြီး ပုဂံခေတ်ဦးတစ်လျှောက် တန္တရ မန္တရ အဃူဝါဒများ လက်ခံသူများဖြစ်ကြောင်း ဖတ်ရှုလေ့လာရပါသည်။ မှန်သင့်သလောက် မှန်ပါလိမ့်မည်။ အားလုံးတော့ မမှန်နိုင်ကြောင်း အထက်ဖော်ပြပါ ပျူတို့၏ ဓလေ့ထုံးစံ ယဉ်ကျေးမှုအရခန့်မှန်းထောက်ရှု သိသာနိုင်သည်။

ပျူလူမျိုးတို့၏ ဗုဒ္ဓဘာသာလက်ခံယုံကြည်မှုသည် ဗုဒ္ဓသာသနာ လယ်ကိုင်းသို့ စတင်ရောက်ရှိစကပင် ပျူ ကမ်းယံ၊ သက်လူမျိုးများ နေထိုင်ရာ ဒေသအနှံ့အပြားသို့ ရောက်ရှိခဲ့ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြပြီးဖြစ်သည်။ သမုဒ္ဒရာဇ်မင်းသည် အလွန်ကြီးကျယ်ထင်ရှားသော သရေခေတ္တရာ ဗုဒ္ဓဘာသာ နိုင်ငံတော်ကြီးမှ ပြောင်းရွှေ့လာသူ ပျူလူမျိုးဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင် မင်းတစ်ပါးဖြစ်သည်။ သို့သော်လည်း ပုဂံခေတ်ဦး တိုင်းပြည် မြို့ရွာ တည်ထောင်ခါစ တည်ငြိမ်မှုမရှိသေးသဖြင့် ဗုဒ္ဓဘာသာကို အမည်ခံရုံဖြင့်သာ ရှိနေခဲ့ပြီး စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း ခန့်မှန်းနိုင်ပေသည်။

ထိုကာလသည် သရေခေတ္တရာ ပျူနှင့် တကောင်းပျူတို့မှာလည်း ယုန်လွတ်ကျွန်းအရပ် . မင်းနေပြည်သို့ တဖြည်းဖြည်း ပြောင်းရွှေ့ရောက်ရှိလာနေသောကာလဖြစ်သည်။ ထိုသို့ပြောင်းရွှေ့ ရောက်ရှိလာသူများတွင် သရေခေတ္တရာ ကောင်းစားစဉ် ဝင်ရောက်နေထိုင်ခဲ့သော ဟိန္ဒူဘာသာဝင်များနှင့် တိဘက်ကုန်းလမ်းမှ ဝင်ရောက်လာခဲ့သော မဟာယာန တန္တရ မန္တရပါဒ ကိုင်စွဲထားသူများမှာလည်း ရောက်ရှိခြေကုပ်ယူလျက် ရှိသည်။

ထိုဟိန္ဒူများနှင့် မဟာယာန တန္တရ မန္တရ အယူဝါဒရှိသူများအား သမုဒ္ဒရာဇ်မင်းအနေဖြင့် တိုင်းရင်းသား ပျူ ကမ်းယံ၊ သက်လူမျိုးများနှင့် အရောအနှော မရှိစေလိုသည်မှာ အမှန်ပင်။ ထို့ကြောင့် တသီးတခြားစီဖြစ်သော သစ်မထီးအရပ်တွင် နေရာချထားပေးခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် ပုဂံခေတ်ဦး သမုဒ္ဒရာဇ်မင်းလက်ထက်မှာ မြို့ပြနေရာချထားမှုနှင့် လူဦးရေ လူမျိုးခြား စိစစ်ကန့်သတ်နေမှုတို့ကြောင့် ဗုဒ္ဓသာသနာအတွက် ဆောင်ရွက်မှုနည်းပါးခဲ့ကြောင်း ခန့်မှန်းနိုင်ပါသည်။

ပျူစောထီးမင်းလက်ထက် တိုင်းပြည်မြို့ရွာ ထူထောင်ခါစမှာပင် ကျူးကျော်သူ နန်းစော ခေါ် နန်းကြောင်တို့ကြောင့် တိုက်ပွဲကြီးများ အကြိမ်ကြိမ်ဖြစ်ပွား နှိမ်နင်းနေခဲ့ရသည်။ မြန်မာရာဇဝင်ကြီးကဖော်ပြရာတွင် ပျူစောထီးမင်းလက်ထက် အောင်ပွဲ (၁၂)ကြိမ် အနက် (၉)ကြိမ်မြောက် အောင်ပွဲမှာ နိုင်ငံတော်ကျေးဖြစ်သည့် ကောသမ္ဗီမြို့သို့ ကုဋ္ဌေအရာမက အရုတ်စစ်သည်များရောက်လာသောအခါ မင်းကြီးကိုယ်တိုင် ဆင်လုံးမြင်းရင်းနှင့် ချီတော်မူ၍ နှိမ်နင်းလုပ်ကြံတော်မူကြောင်း၊ တခမ်းတနား ဖော်ပြထားကြောင်းနှင့် စစ်အောင်နိုင်မှု အထိမ်းအမှတ်အဖြစ် ပျူဂါမအား အရိမဒ္ဒနမြို့တော်အဖြစ် ခေါ်တွင်ခဲ့ကြောင်း၊ ပျူစောထီးမင်းသည် ထိုသို့ မအားလပ်သည့်ကြားက ဗုဒ္ဓသာသနာ အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ချီးမြှောက်ထောက်ပံ့ခဲ့သူ မင်းတစ်ပါးဖြစ်ကြောင်း အထောက်အထားများအရ သိရှိနိုင်ပါသည်။ ပျူစောထီးမင်းသည် အရိမဒ္ဒနမြို့တော်တွင် (၇၅) နှစ် စိုးစံခဲ့ပြီး အေဒီ ၂၄၂ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ပျူစောထီးမင်းနောက် ဆက်ခံသူ သားမြေးများမှာ ထီးမင်းယဉ်၊ ယဉ်မင်းပိုက်၊ ပိုက်သေလည်၊ သေလည်ကြောင်၊ ကြောင်ဒူရဇ် တို့ဖြစ်ကြောင်း ရာဇဝင်ကြီးမှာ ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာ ခရီးတွင် တိုင်းပြည်အုပ်ချုပ်သူ မင်းဇကရာဇ်တို့၏ အထောက်အပံ့သည် များစွာအရေးကြီးကြောင်းတွေ့ရသည်။ မြန်မာနိုင်ငံသမိုင်းတွင် အမျိုးဘာသာ၊ သာသနာကို ချီးမြှောက်ထောက်ပံ့သော ဘုရင်မင်းမြတ်များ ရှိသလို လုံးဝ လျစ်လျူပြုထားခဲ့သော ဘုရင်များရှိခဲ့ကြောင်း ဖော်ပြသင့်သည်ဟု ယူဆမိသဖြင့် ဤစာတန်းတွင် ပုဂံခေတ်တစ်လျှောက် သာသနာပြုရာတွင် ထင်ရှားသော မင်းများနှင့် အခြားလိုအပ်သော မင်းများကိုသာ ရွေးနုတ်ဖော်ပြသွားပါမည်။

### သေလည်ကြောင်မင်းလက်ထက် ဗုဒ္ဓသာသနာ(အေဒီ ၃၄၄-၃၈၇)

ပျူ ကမ်းယံ၊ သက် လူမျိုးများသည် ရှေးဦးမဆွကပင် သစ်ပင်တောတောင်နှင့် နတ်များကို ကိုးကွယ်လာခဲ့ကြသည်။ ဘီစီ ၉၀၀ ခန့်လောက်ကပင် တကောင်းဒေသမှာ လူမျိုးစုအလိုက် အတူတကွ ခရီးဆက်လာခဲ့သူများအစုလိုက်နှင့် ဆွေမျိုးစုအလိုက် စုပေါင်းပြီး မြို့ရွာတည်ထောင် နေထိုင်ခဲ့ကြသည်။

ရိုးရာကိုးကွယ်မှုအဖြစ် မဟာဂီရိနတ်ကို သတ်သတ်မှတ်မှတ်ကိုးကွယ်ခဲ့ကြသည်။ ထိုအချိန်က တကောင်းနေရာသည် အိန္ဒိယနှင့် တရုတ်ကုန်သည်များ စီးပွားရေး ကူးသန်းရောင်းဝယ်ရာ ဆက်သွယ်ရေးလမ်းကြောင်း ဖြစ်သလို ဝင်ရောက်စခန်းချ ရပ်နားရာ စခန်းထောက်တစ်ခုလည်း ဖြစ်နေခဲ့သည်။

ထိုကုန်သည်များ ဝင်ရောက်နားခိုရင်း သူတို့၏ အယူဝါဒအရ မဟာဂီရိနတ်အား ပူဇော်ပသကြရာမှ ဆိတ်၊ ကြက်တို့ကို သတ်ကာ ယဇ်ပူဇော်လာခဲ့ကြသည်။ သူတစ်ပါးအသက် မသတ်လိုသော ပျူလူမျိုးများက နှစ်သက်သဘောမကျသော်လည်း တားမြစ်ခြင်း မရှိခဲ့ကြပေ။

ပျူဂါမ ခေါ် အရိမဒ္ဒနမြို့တော်တွင် ခုနစ်ဆက်မြောက်မင်း ဖြစ်လာသော သေလည်ကြောင်မင်းလက်ထက်မှာ ပျူဂါမ ခေါ် အရိမဒ္ဒနမြို့တော်တို ဖျက်ပြီး လောကနန္ဒာအရပ်တွင် သီရိပစ္စယာအမည်ဖြင့် မြို့နန်းအသစ် တည်ထောင်ခဲ့သည်။ ထို့အပြင် တကောင်းတွင် ရှိနေသော မဟာဂီရိနတ်အား စည်ကားစွာ ပင့်ဆောင်ပြီး ပုပ္ပားတောင်တွင် ခမ်းနားကြီးကျယ်သော နတ်ကွန်းကြီး ဆောက်လုပ်ပူဇော်ခဲ့သည်။ တစ်နှစ် တစ်ကြိမ် နတ်တော်လရောက်တိုင်း မဟာဂီရိ ပူဇော်ပွဲကြီး ကျင်းပပေးခဲ့သည်။

ပျူ ကမ်းယံ၊ သက်လူမျိုးများ အနေဖြင့် ဗုဒ္ဓဘာသာကို လက်ခံရရှိပြီး နောက်ပိုင်းကပင် ဗုဒ္ဓဘာသာကိုသာ ယုံကြည်စွာကိုးကွယ်ခဲ့ကြသဖြင့် မဟာဂီရိ နတ်ပွဲသို့ အပျော်သက်သက်သွားရုံကလွဲပြီး ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်၍ စိတ်ဝင်စားခြင်း မရှိကြပေ။





www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် သရေခေတ္တရာမှ ပြောင်းရွှေ့လာသော ဟိန္ဒူဘာသာဝင်များ တန္တရ မန္တရ အယူဝါဒ ကိုင်စွဲထားသူများက ဆိတ်၊ ကြက် ဘဲ့ကိုသတ်ကာ တပျော်တပါး ပူဇော်ပသခဲ့ကြသည်။

ထိုသို့ တစ်နှစ်တစ်ကြိမ် နတ်တော်လရောက်တိုင်းမှာ မဟာဂီရိနတ်ပွဲအား ခြိမ့်ခြိမ့်သဲ ပူဇော်ခဲ့ကြသည်မှာ နောက်မင်းများ အဆက်ဆက်ထိ ဖြစ်လာခဲ့သည်။ ထိုစဉ်ကစပြီး ပျူလူမျိုးများမှာ ဗုဒ္ဓဘာသာ ပွဲလမ်းသဘင်ကလွဲပြီး နတ်ပွဲများသို့ အရောက်အပေါက်နည်းတာ သူတို့တတ်ကျွမ်းသော လက်မှုပညာဖြင့်လည်းကောင်း၊ လယ်ယာလုပ်ငန်းဖြင့်လည်းကောင်း အေးချမ်းစွာ အသက်မွေး နေထိုင်လာခဲ့ကြသည်။

သေလည်ကြောင်မင်းသည် နန်းစံ ၄၃ နှစ်အတွင်း သာသနာရေးဆောင်ရွက်ချက် ဟူ၍ ငသေလည်ဂူနှင့် သိမ်ဘုရားတစ်ဆူတို့ တည်ထားခဲ့ကြောင်း တွေ့ရသည်။ အခြား သာသနာရေး ဆောင်ရွက်ချက်များ မတွေ့ရပေ။ သေလည်ကြောင်မင်းသည် အိမ်နိမ့် (၅၃)နှစ်၊ နန်းစံ (၄၃)နှစ်၊ သက်တော် (၉၆)နှစ် အရောက် အေဒီ ၃၈၇ နှစ်တွင် ကွယ်လွန်သည်။

## သိုက်တိုင်မင်းလက်ထက် ဗုဒ္ဓသာသနာ (အေဒီ ၅၁၆-၅၂၃)

သိုက်တိုင်မင်းသည် သရမွန်ဖွားမင်း၏ သားတော်ဖြစ်ပြီး သမုဒ္ဒရာဇ်မင်း[illegible] (၁၂) ဆက်မြောက်မင်း ဖြစ်လာခဲ့သည်၊ ထိုမင်းလက်ထက်တွင် ဗုဒ္ဓသာသနာတော်အား လုံး၀ ချီးမြှောက်ဆောက်ပံ့ခဲ့ကြောင်း မတွေ့ရပေ။ သို့သော်လည်း သေလည်ကြောင်မင်းလက်ထက်က တည်ထောင်ခဲ့သော သီရိပစ္စ[illegible]မြို့တော်ကို မူလလောကနန္ဒာအရပ်[illegible] ပြောင်းရွှေ့ပြီး ကောဇာသက္ကရာဇ် [illegible] ခုနှစ်တွင် သစ်မထီးအရပ်သို့ ပြောင်းရွှေ့ကာ တမ္ဗဝတီမြို့အမည်ဖြင့် မြို့သစ် တည်ထောင် ဆောက်လုပ်ခဲ့သည်။

ထိုသို့ သစ်မထီးအရပ်သို့ပြောင်းရွှေ့ပြီး နန်းသစ်တည်ဆောက်ရခြင်းမှာ အကြောင်းများစွာရှိပါသည်။ သေလည်ကြောင်မင်း လက်ထက်က ပုပ္ပားတောင်ရှိ မဟာဂီရိနတ်အား ဟိန္ဒူ တန္တရ မန္တရ အယူဝါဒသမားများ သူတစ်ပါးအသက်သတ်ကာ ယဇ်ပူဇော်ခြင်းကို ပျူလူမျိုးအများစုက မနှစ်သက်ခဲ့ကြပေ။

သို့သော်လည်း ပျူလူမျိုး ဗုဒ္ဓဘာသာဝင် နတ်ဆရာအချို့က စီးပွားရေး တွက်ခြေကိုက်လာသဖြင့် ဟိန္ဒူ တန္တရ မန္တရ ဗေဒင်ယတြာနှင့် နတ်ကိုးကွယ် ပသမှုကို အားပေးလက်ခံခဲ့ကြသည်။ ထိုသို့ လက်ခံလာခဲ့ကြရာမှ မြို့ဝန်များ၊ အမတ်ကြီးများမှ တစ်ဆင့် ဘုရင်မင်းအနီးထိ အဝင်အထွက်ရှိလာခဲ့ကြသည်။

ထိုအထဲတွင် ဟိန္ဒူဗြာဟ္မဏဂိုဏ်းဆရာကြီး အချို့လည်း ပါဝင်လာခဲ့သည်။ ဗြာယဟ္မဏဂိုဏ်းဆရာကြီးများမှာ ဘုရင်ထံ အဝင်အထွက် များလာခဲ့ရာမှ ဘုရင် အဆက်ဆက်ကိုလည်း စည်းရုံးသိမ်းသွင်းနိုင်လာခဲ့သည်။

သိုက်တိုင်မင်း လက်ထက်သို့ရောက်ရှိလာသောအခါ ဂိုဏ်ဆရာများ ဘုရင်နှင့်အနီးကပ်နေရာများကို ရရှိလာပြီး ဘုရင်အား စိတ်ကြိုက်အသုံးချကာ ဗြာဟ္မဏများနေထိုင်ရာ သစ်မထီးအရပ်သို့ နန်းတော်အား ရွှေ့ပြောင်းစိုးစံရသော အခြေအနေထိ ရောက်ရှိသွားကြောင်း တွေ့ရသည်။

ဟိန္ဒူ ဗြာဟ္မဏ တန္တရ မန္တရ အရည်းကြီးအယူဝါဒသည် သရေခေတ္တရာတွင် လွှမ်းမိုးကြီးစိုးခွင့် မရခဲ့သော်လည်း ပုဂံခေတ်ဦး သမုဒ္ဒရာဇ်မင်းလက်ထက်မှာ တိုင်းရင်းသားများနှင့် အရောအနှောမရှိစေရန် တားမြစ်စီစဉ်ပေးခဲ့သော်လည်း ထိုအစီအစဉ်ပင်လျှင် ဗြာဟ္မဏတို့အတွက် အခွင့်ကောင်းတစ်ခု ဖြစ်သွားခဲ့ရလေသည်။ ထိုကဲ့သို့ သီးခြားနေထိုင်ရသော အခွင့်[illegible] မိမိရရအသုံးချကာ ဂိုဏ်းဆရာ ([illegible])နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင်ရှိနေသော နတ်ဆရာများ အပါအဝင် အဖွဲ့ဝင်ခြောက်သောင်းအထိ တိုးတက်စည်ပင်ခဲ့ကြောင်း တွေ့ရသည်။

ထို့ကြောင့်လည်း သိုက်တိုင်မင်းလက်ထက်မှာ ဗြာဟ္မဏဝါဒီများ အခွင့်အရေး သာလာသလို ပျူ၊ ကမ်းယံ၊ သက်တိုင်းရင်းသားများ မျက်နှာငယ်လာခဲ့ရသည်။ ပျူလူမျိုးတို့ တစ်ခေတ်နှောင်းပြီး ဗုဒ္ဓသာသနာတော်မှာလည်း လျော့နည်းဆုတ်ယုတ် ကျဆင်းသွားခဲ့ရလေသည်။ သိုက်တိုင်မင်းသည် အိမ်နိမ့် (၄၅)နှစ်၊ နန်းစံ (၇)နှစ်၊ သက်တော် (၅၂)နှစ် အေဒီ ၅၂၃ တွင် ကွယ်လွန်ခဲ့ကြောင်း တွေ့ရသည်။

## ပျဉ်ပြားမင်းလက်ထတ် ဗုဒ္ဓသာသနာ (အေဒီ ဝ၄၆-ဝ၇၆)

ခဲလူးမင်း၏ညီတော် ပျဉ်ပြားရှာစား မင်းဖြစ်လာသောအခါ ပျဉ်ပြားမင်းဟူ၍ပင် ဆက်လက် ခေါ်ဝေါ်ခဲ့ကြသည်။ ပျဉ်ပြားမင်းသည် ၃၄ ဆက်မြောက်မင်း ဖြစ်သည်။ ထိုပျဉ်ပြားမင်းသည် သူ့ရှေ့မင်းဆက်(၂၀)တွင် စိုးစံခဲ့သော ပုပ္ပားစောရဟန်းမင်း ဖြိုကြွင်းသက္ကရာဇ် ၂၁၁ ပြာသိုလဆန်း ၆ ရက်နေ့တွင် ယခုမြင်တွေ့ရသော ပုဂံမြို့ကို တည်ထောင်ဆောက်လုပ်ခဲ့သူဖြစ်သည်။ မြန်မာသက္ကရာဇ် ၂၁၉ ခုနှစ်မှာလည်း ရမ္မာဝတီ ခေါ် တောင်တွင်းကြီးမြို့ကို တည်ထောင်ခဲ့သည်။

ပုဂံ ဟုခေါ်တွင်သော ဤမြို့တော်သည် အမည်အမျိုးမျိုးဖြင့် သမိုင်းမှတ်တမ်းများ တင်လာခဲ့ကြသည်။ ယုံလွတ်ကျွန်းအရပ်မှာ စတင်တည်ထောင်ခဲ့သူ၊ သမုဒ္ဒရာဇ်မင်း လက်ထက်မှစပြီး နောက်မင်းများအဆက်ဆက် ကြိုက်နှစ်သက်ရာနေရာ အရပ်ကို ရွေးချယ်ပြီး မြို့နန်းအသစ်များ တည်ထောင်နေထိုင်

www.burmeseclassic.com

ခဲ့ကြသည်။ ထိုသို့ မြို့နန်းအသစ်များ တည်ထောင်နေထိုင်ခဲ့ကြောင်းကို ပြန်ကြည့်လျှင် . . .

(၁) သမုဒ္ဒရာဇ်မင်းလက်ထက် ယုန်လွှတ်ကျွန်းအရပ်တွင် ပျူ့ဂါမ ခေါ် အရိမဒ္ဒနမြို့တော်ကို သက္ကရာဇ် ၂၉ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

(၂) သေလည်ကြောင်မင်း လက်ထက် အရိမဒ္ဒနမြို့တော်ကို ဖျက်ပြီး လောကနန္ဒာအရပ်၌ သီရိပစ္စယာမြို့တော်အား သက္ကရာဇ် ၂၆၆ တွင် တည်ထောင်ခဲ့သည်။

(၃) သိုက်တိုင်မင်းလက်ထက် သီရိပစ္စယာမြို့ကိုဖျက်ပြီး သစ်မထီးအရပ်၌ တမ္ပဝတီမြို့တော်ကို သက္ကရာဇ် ၄၃၈ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

(၄) ပျဉ်ပြားမင်းလက်ထက် ပုပ္ပားစောရဟန်းမင်း မြို့ကွင်းသက္ကရာဇ် ၂၁၁ တွင် သစ်မထီးအရပ်မှ တမ္ပဝတီမြို့ကို ဖျက်ပြီး ယခုလက်ရှိ ပုဂံနေရာတွင် ပုဂံမြို့ကို တည်ထောင်ခဲ့သည်။

ပျဉ်ပြားမင်းမတိုင်မီ ပြောင်းရွှေ့တည်ထောင်ခဲ့ကြသောမြို့တော်ဟောင်းများတွင် ပုဂံဆိုသောအမည်ကို မတွေ့ရသည့်အပြင် ယခု ပုဂံသည် ယခင်ပြောင်းရွှေ့တည်ထောင်ခဲ့ကြသော မြို့တော်ဟောင်းများနှင့်လည်း ခြားနားနေပေသည်။

ယခင်မြို့ဟောင်းများမှာ နန်းတော်နှင့် အဆောက်အအုံမှန်သမျှ သစ်သားဖြင့် ဆောက်လုပ်ကြပြီး မြို့ရိုးကာရံမှုတွင်လည်း သစ်သားများကိုသာ အသုံးပြုခဲ့ကြောင်းနှင့် မြို့ရိုးအပြင်ဘက်တွင် ကျုံးမြောင်းများ မတွေ့ရကြောင်း သုတေသီတို့ အဆိုပြုထားကြသည်။

ပျဉ်ပြားမင်း တည်ထောင်ခဲ့သော ယခု ပုဂံမှာ ကျုံးမြောင်းနှင့် မြို့ရိုးများကို အုတ်အင်္ဂတေတို့ဖြင့် တည်ဆောက်ပြီး မြို့ရိုးလေးဖက်တွင် တံခါး ၁၂ ပေါက်ရှိခဲ့သည်ဟု ဆိုသည်။ ယခုအခါ သရပါတံခါးတစ်ခုသာ ထင်ရှားကျန်ရှိကြောင်း တွေ့ရသည်။

ထိုမင်း၏ သာသနာရေးဆောင်ရွက်ချက် ကောင်းမှုတော်များကို နောက်ဆက်တွဲဖြင့် ဖော်ပြပေးပါမည်။ ပျဉ်ပြားမင်းသည် အိမ်နိမ့် (၃၀)နှစ်၊ နန်းစံ (၃၀) နှစ်၊ သက်တော် (၆၀)ပြည့် အေဒီ ၈၇၆ ခုနှစ်တွင် ကွယ်လွန်ခဲ့ကြောင်း တွေ့ရသည်။

ညောင်ဦးစောရဟန်းမင်းလက်ထက်
ဗုဒ္ဓသာသနာ
(အေဒီ ၉၅၆-၉၉၁)

ညောင်ဦးစောရဟန်းသည် မြန်မာသက္ကရာဇ် ၂၉၃ ခုနှစ်မှာ အကြောင်းကြောင်းကြောင့် ပုဂံထီးနန်းကို စိုးစံခွင့်ရရှိလာသူဖြစ်သည်။ တောင်သူကြီးမင်းဟု လူသိများပြီး မင်းမဖြစ်မီက ညောင်ဦးရွာအနီးမှာ သခွားခြံစိုက်ပျိုးရင်း အရည်းများအား အထိုက်အလျောက်ထောက်ပံ့နေခဲ့သူ ဖြစ်သည်။

ပုဂံထီးနန်းမှာ မင်းဖြစ်လာသောအခါ ယခင်ထောက်ပံ့နေသော အရည်းဂိုဏ်းဝင်များကို ပုဂံတစ်မြို့လုံးကို ကိုးကွယ်စေခဲ့ရာမှ ပတ်ဝန်းကျင်ရွာပေါင်းများစွာတို့မှာလည်း အရည်းဂိုဏ်းဝင်များ ဖြစ်လာခဲ့ကြရသည်။

ပုဂံမြို့တော်တွင် ယခင်မင်းများလက်ထက် ကျန်ရှိနေခဲ့သော ဗုဒ္ဓဘာသာဝင် ရဟန်းတော်များမှာလည်း ထောက်ပံ့မည့်သူမရှိသဖြင့် အခြားအရပ်ဒေသသို့ ထွက်ခွာသွားခဲ့ကြရသောကြောင့် ဗုဒ္ဓသာသနာတော်မှာ လုံးဝကွယ်ပျောက်လုနီးပါး ဖြစ်သွားခဲ့ရသည်။

ပုဂံမြို့တွင်းနှင့် ပတ်ဝန်းကျင်ရွာများတွင် မဟာယာနဂိုဏ်းဝင် တန္တရမန္တရ အယူဝါဒများ ပိုမိုကြီးစိုးလာပြီး ထိုဂိုဏ်းခေါင်းဆောင်များက မဟုတ်မတရား ထုတ်ပြန်ထားသော "ပန်းဦးလွှတ်ဒါန" (ပန်းဦးလွှတ်ကုသိုလ်) ဟူသော အစဉ်အလာကြီးကိုပင် မင်း၊ မှူးမတ်၊ ကလန်၊ သံပျင်၊ သူဌေး၊ သူကြွယ်ပြည်သူအများ လိုက်နာနေခဲ့ကြရသည်။

ထို ညောင်ဦးစောရဟန်း ခေါ် တောင်သူကြီးမင်းနှင့် ပတ်သက်၍ မှန်နန်းရာဇဝင်ကြီး၏ အဆိုမှာမူ . . .

တောင်သူကြီးမင်းသည် ဘုရင်မဖြစ်မီက ညောင်ဦးအနီးအနားတစ်ဝိုက်မှာ 'ညောင်ဦးက ရဟန်းတော်' ဟု ခေါ်တွင်ပြီး ဝိဇ္ဇာမယိဒ္ဓိပညာနှင့် ဗေဒင်ဟောခြင်း၊ နတ်နဂါးများ ကိုးကွယ်ခြင်းကြောင့် ကျော်ကြားလူသိများခဲ့ကြောင်း၊ ထိုမင်းသည် ရတနာသုံးပါးကို ကြည်ညိုသူဖြစ်ပြီး အယူများသော အရည်းကြီးများနှင့် ပေါင်းသင်းစေကာမူ ပုထိုးကြီးတစ်လုံး၊ ပုထိုးငယ်တစ်လုံး၊ ပုထိုးသားတစ်လုံး၊ သဥ်လည်းပုထိုးတစ်လုံး၊ စိတ်ထည်ပုထိုးတစ်လုံး၊ ပုထိုးငါးလုံးနှင့် သိမ်တစ်လုံး တည်ဆောက်ခဲ့ကြောင်း၊ ထိုကောင်းမှုကိုလည်း ကျောက်စာရေးထိုး မှတ်တမ်းတင်ခဲ့ကြောင်း ဖော်ပြပါရှိသည်။

ဆရာကြီးဒေါက်တာသန်းထွန်း၏ ခေတ်ဟောင်း မြန်မာရာဇဝင်မှာလည်း အနော်ရထာအရင် စေတီပုထိုးများ တည်ထားပြီး ကျောက်စာရေးထိုးထားကြောင်း ဖော်ပြထားသည်။

ထိုအချက်များကို ထောက်ရှုလျှင် ကုသိုလ်ကောင်းမှု ဆောင်ရွက်ချက်များအား ကျောက်စာရေးထိုး မှတ်တမ်းတင်ခဲ့သူများအနက် ပုဂံခေတ်အတွင်း ညောင်ဦးစောရဟန်း ခေါ် တောင်သူကြီးမင်းသည် ရှေးအကျဆုံးဖြစ်ကြောင်း တွေ့ရပေသည်။

ညောင်ဦး စောရဟန်းမင်းသည် အိမ်နိမ့် (၃၃)နှစ်၊ နန်းစံ (၄၅)နှစ်၊ သက်တော် (၇၈)နှစ် အေဒီ ၉၉၁ တွင် ကွယ်လွန်ခဲ့ကြောင်း တွေ့ရသည်။

ကျမ်းကိုးများ
* ဦးဘသန်း၊ မြန်မာရာဇဝင်
* ဆရာကြီးလှသမိန်၊ ပုဂံခေတ်မြင်ကွင်းကျယ်
* လမ်းစဉ်ပါတီ၊ အခြေပြ မြန်မာနိုင်ငံရေးသမိုင်း
* မှတ်စုများ၊ စာကိုယ်တွင် ဖော်ပြပြီး

**ကောင်းစံဟိန်း(ဖန်နေဝန်း)**


❑





www.burmeseclassic.com

www.burmeseclassic.com




ပြည်လုံးချမ်းသာ မြသိန်းတန်ဘုရားကြီး

# တိုက်ကြီးမြို့မှ နေရာထူး သွားရောက်ပူးစေလို

ဆရာကြီး ဦးအောင်မြိုင်

ရန်ကုန်-ပြည်လမ်းအတိုင်း တိုက်ကြီးမြို့နယ်၊ ဥတိုရွာ ...ဘက် လက်ယာဘက် ကားလမ်းဘေးတွင် သာသနိက ...ဆောက်အအုံများစွာရှိသော စိတ္တသုခကျောင်း ပရိဝုဏ်ရှိ ...သည်၊

ထိုကျောင်းပရိဝုဏ်၏ အဝင်စောင်းတန်းထိပ်မုခ်ဦးမှာ "...ည်လုံးချမ်းသာ မြသိန်းတန်ဘုရားကြီး ဥတိုရွာ" ဟူသော ...ဆောင်စာလုံးကို တွေ့ရှိရသည်။

ထိုစောင်းတန်းလမ်းအတိုင်း ဝင်သွားလျှင် စောင်း ...လမ်းအဆုံးမှာ ပြည်လုံးချမ်းသာ မြသိန်းတန်ဘုရား ...တော်ကို သပ္ပာယ်စွာ ဖူးတွေ့ရပါသည်။ မဟာမြတ်မုနိ ... ပုံတော်အတိုင်း ကြေးသွန်းဘုရားကြီး ဖြစ်သည်။

ဂန္ဓကုဋိတိုက်၏ ရှေ့မျက်နှာစာတွင် မြသိန်းတန်ဘုရား ... သမိုင်းကို ကမ္ပည်းထိုး မှတ်တမ်းတင်ထားသည့် ...က်စာစိုက်ထူထားပါသည်။ ယခင် ဆရာတော် ဘဒ္ဒန္တ ...၏ အိပ်မက်အရ အလှူရှင်များ စုပေါင်းလှူဒါန်း ...ပ်ပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။

ပြည်လုံးချမ်းသာ မြသိန်းတန်ဘုရား ရုပ်ပွားတော် ဂန္ဓကုဋိတိုက်အနီးမှာ စေတီတော်တစ်ဆူကို ဖူးမြင်ရသည်။ အာရုံခံတန်ဆောင်း တစ်ဆောင်နှင့် ထောင့်လေးထောင့်မှာ အရံ စေတီငယ်များလည်း ရှိသည်။ အာရုံခံတန်ဆောင်း အနီးမှာ စေတီတော်၏ ကမ္ပည်းကျောက်စာတိုင်ကို တွေ့ရသည်။





ပြည်လုံးချမ်းသာဘုရားကြီး မုခ်ဦးစောင်းတန်း



www.burmeseclassic.com

www.burmeseclassic.com





မြသိန်းတန်ဘုရားကြီး ဂန္ဓကုဋိတိုက်အနီးမှ အောင်သိဒ္ဓိဝိဇ္ဇာပါလ စေတီတော်

စေတီတော်၏ ဘွဲ့အမည်မှာ "အောင်သိဒ္ဓိဝိဇ္ဇာပါလ" စေတီတော် ဖြစ်ပါသည်။

မြသိန်းတန်ဘုရား ရုပ်ပွားတော် ဂန္ဓကုဋိတိုက်၏ အနီးမှာပင် လွန်စွာ သပ္ပာယ်လှသော ရွှေရောင်နဂါးရုံဘုရား ရုပ်ပွားတော်ကြီးကို ဖူးမြင်ရသေးသည်။

ထိုနဂါးရုံဘုရား ရုပ်ပွားတော်အနီးတွင် "ဘဒ္ဒန္တကုသလ ဆရာတော်ကြီး၏ ဗိမာန်စံကျောင်းတော်" ဟု စာတန်း ရေးထားသော စောင်းတန်းမုခ်ဦး ရှိပါသည်။ ထိုမုခ်ဦးအနီးတွင် အလှူရှင် ကမ္ပည်းကျောက်စာတိုင် ရှိသဖြင့် အနည်းငယ် ဖတ်ကြည့်ရာမှ '(၁၃၆၂) ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက်၊ ခရစ်နှစ် (၉-၄-၁၉၆၅)၊ သောကြာနေ့ ည (၂း၃၀) အချိန်၊ သက်တော် (၆၆)နှစ်၊ သိက္ခာတော် (၄၆)ဝါတွင် ဘဒ္ဒန္တကုသလ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခဲ့ကြောင်း' သိရသည်။ ယခုဆိုလျှင် နှစ်ပေါင်း (၅၀)ခန့် ကြာခဲ့လေပြီ။

ဆရာတော်ဘုရားကြီး ရှိစဉ်က အကျင့်ကောင်း၊ အမိဋ္ဌာန်ကောင်းများကြောင့် မြန်မာနိုင်ငံ အရပ်ရပ်မှ ကြည်ညိုကိုးကွယ်သူ တပည့်ဒကာ ပေါများခဲ့ကြောင်း သိရသည်။ ပျံလွန်တော်မူပြီးသည့်နောက် ရုပ်ခန္ဓာတော်မှာ မပုပ်မသိုး ကျန်ရှိသဖြင့် မှန်ခေါင်းအတွင်း ထည့်သွင်း ပူဇော်ခံထားကြောင်း သိရသည်။ ရုပ်ဝေးမှ ပရိသတ်များ မကြာခဏ လာရောက်ဖူးကြကြောင်း သိရ၏။





ဆရာတော်ဘဒ္ဒန္တကုသလ ဗိမာန်စံကျောင်းတော်သို့
အသွားလမ်းမုခ်ဦးစောင်းတန်း




www.burmeseclassic.com

www.burmeseclassic.com




မြသိန်းတန်ဘုရားကြီး ဂန္ဓကုဋိတိုက်အနီးရှိ နဂါးရုံဘုရား




ဆရာတော်ဘဒ္ဒန္တကုသလ ဗိမာန်စံကျောင်းတော်၏ ကမ္ပည်း ကျောက်စာတိုင်

ဆရာတော်၏ ရုပ်ကလာပ်တော် ထားရှိရာ စံကျောင်းတော်အတွင်း ဝင်ရောက်ဖူးမြော် ကန်တော့သောအခါ ခန္ဓာကိုယ်တော်ကို သင်္ကန်းများ ဖုံးလွှမ်းထားပြီး မျက်နှာတော်ကို ရွှေချထားကြောင်း ဖူးမြင်ရပါသည်။ စံကျောင်းတော်နံရံတွင် ချိတ်ဆွဲထားသော စာတန်းအချို့ကို ဖတ်ရှုကြည့်ရာ . . .

"ဆရာတော်ကြီး စံကျောင်းတော်ရောက်လျှင် အလိုရှိရာ ဆုတောင်းမိဋ္ဌာန်ပါ၊ လိုရာအကျိုး ရပါလိမ့်မည်"


"အောင်သိဒ္ဓိ ဝိဇ္ဇာပါလစေတီတော်၏ လာဘ်ပေါ်ဂါထာကို ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ် အာရုံပြု၍ ရွတ်ဖတ်ပူဇော်ပါ၊ မိမိတို့ လိုရာအောင်မြင်ခြင်း အကျိုးရပါလိမ့်မည်" ဟူ၍ တွေ့မြင်ရပါသည်။

ကျွန်ုပ်လည်း အလျင်စလို ခရီးသွားရသည်ဖြစ်၍ လာဘ်ပေါ်ဂါထာတော်ကို မတွေ့ရှိ မကူးယူခဲ့ရပါ။ စာဖတ်သူများ တိုက်ကြီးမြို့ ဥတိုရွာရောက်လျှင် ယိုနေရာထူးကို သွားရောက်၍ ပြည်လုံးချမ်းသာ မြသိန်းတန်ဘုရား အပါအဝင်စေတီ၊ ဘုရားရုပ်ပွားတော်များကို ဖူးမြင်ရင်း ထူးခြားသော ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို ဖူးမြော်ရင်း အောင်သိဒ္ဓိဝိဇ္ဇာပါလ စေတီတော်၏ လာဘ်ပေါ်ဂါထာတော်ကို မမေ့မလျော့ ကူးယူရွတ်ပွား ပူဇော်ပါရန် တိုက်တွန်းအပ်ပါသည်။

**ဆရာကြီး ဦးအောင်မြိုင်**

❑

www.burmeseclassic.com




ဖြန့်ချိရေး ፡ ဂေယျာမြေစာပေတိုက်

တိုက်(၇၂၄) အခန်း(၁၈) ပ-ထပ်၊ မဟာဗန္ဓုလလမ်း (၁၇-၁၈ကြား
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၃၂၃ ၇၄၇၀၅



www.burmeseclassic.com

www.burmeseclassic.com



# MACAU Ruins of St. Paul's

# မကာအို စိန့်ပေါလ် ဘုရားရှိခိုးကျောင်းသို့

ဉာဏ်မွှင့်(စက်မှု)

**(ယခင်လမှအဆက်)**

"မင်္ဂလာပါ အစ်ကို"

"မင်္ဂလာပါ ညီလေးရေ"

"ကျွန်တော်တို့လဲ မတွေ့တာတောင် အတော်ကြာသွားပြီ"

"ညီလေး အမေကြီး နေမကောင်းဘူးဆို၊ နေကောင်းသွားပြီလား"

"ကောင်းသွားပါပြီ၊ မျက်လုံးခွဲလိုက်ရလို့ပါ"

"မျက်လုံးက ဘယ်လို ဖြစ်တာလဲ"

"လွန်ခဲ့တဲ့ ငါးနှစ်လောက်က မျက်လုံး မျက်သားပေါ်မှာ သွေးခြည်ဥပြီး သွေးထွက်တာက စတာ၊ မျက်စိအထူးကု



Turbo Jet ရှပ်ပြေးယာဉ်ကြီး



မကာအိုသို့ အသွား

www.burmeseclassic.com

www.burmeseclassic.com



မကာအိုအား အပေါ်စီးမှ မြင်ရပုံ

ဆရာဝန်ကြီးကို ပြကြည့်တော့ အပေါ်ယံသွေးခြည်ဥတာတဲ့၊ မျက်စဉ်းပေးလိုက်တယ်၊ မျက်စဉ်း မှန်မှန်ခတ်တော့ သွေးခြည်ဥတာလဲ ပျောက်သွားတယ်၊ အဲဒီတော့ ကျွန်တော်လဲ ပေါ့သွားတယ်၊ မျက်စဉ်းမှန်မှန်ခတ်နေပေမယ့် ခြောက်လလောက်ကြာတော့ မျက်စိက ကြည့်ရတာ တော်တော်ဝါးလာတယ်လို့ မေကြီးက ပြောတယ်။

အဲဒီတော့မှ မျက်စိ ဆရာဝန်ကြီးက နောက်ထပ် မျက်စိအာရုံကြော ဆရာဝန်ကြီး တစ်ယောက်ကို ထပ်လွှဲတယ်၊ Ultrasound ရိုက်ကြည့်တော့ မျက်လုံးနောက်ထဲမှာ သွေးကြောပေါက်နေတာတဲ့၊ အကြီးစားခွဲစိတ်မှု လုပ်ရမယ်၊ ဘယ်လောက် ပြန်မြင်မယ်ဆိုတာ မသေချာတော့ဘူးလို့ ပြောတယ်၊ မျက်လုံး အမိက အလယ်ပိုင်းက ပျက်သွားပြီလို့ ပြောတယ်၊ မေကြီးကလဲ မခွဲချင်တာနဲ့ အဲဒီမျက်လုံးက မီးဖွင့်တာ၊ မီးပိတ်တာလောက်ပဲ သိတော့တယ်၊ တခြား ဘာမှ မမြင်ရတော့ဘူး၊

အခု ငါးနှစ်လောက်ကြာမှ အဲဒီ ဘာမှမမြင်ရတဲ့ မျက်လုံးက သွေးခဲတွေ သွားနေတာ မြင်နေရတယ်၊ စင်ကာပူက လာကြည့်တဲ့ ဆရာဝန်နဲ့ ပြကြည့်တော့ အထဲက သွေးခဲတွေကို မြင်နေရတာလို့ ပြောတယ်၊ ခွဲလိုက်ရင် အဲဒါတွေ



အကွေ့အဝိုက်များဖြင့် တည်ဆောက်ထားသော တံတားကြီး



www.burmeseclassic.com

www.burmeseclassic.com

တော့ မမြင်ရတော့ဘူး၊ ဘယ်လောက် ပြန်မြင်မယ်၊ မမြင်ဘူး ဆိုတာကတော့ ကံပဲပေါ့။

ဒီတစ်ခါတော့ မေကြီးက ခွဲချင်တယ်ဆိုတာနဲ့ ခွဲဖြစ်တယ်၊ မျက်လုံး နောက်ခန်းထဲဝင်ပြီးတော့ အကြီးစားခွဲစိတ်မှု လုပ်ရတာ၊ ဆရာဝန်ကြီးက ကျွန်တော့်ကို ခွဲခန်းထဲထိ ခေါ်သွားပါတယ်၊ မေကြီးက လေဖြတ်ထားတာ (၁၇)နှစ်ကြာပြီဆိုတော့ မေကြီးပြောတဲ့စကားကို သူတို့က နားမလည်လို့ မျက်သားပေါ်မှာ အပေါက်သုံးပေါက် ဖောက်လိုက်တယ်၊ တစ်ပေါက်က ကင်မရာအတွက် မီးလဲထွန်းပေးတယ်၊ နောက်နှစ်ပေါက်က လေဆာပစ်ဖို့နဲ့ အရိအရွဲတွေကို ဖယ်ဖို့၊ စုပ်ထုတ်ဖို့ပဲ၊ တီဗွီထဲမှာ ပြနေတော့ ကျွန်တော်လဲ အကုန်မြင်နေရတယ်၊ မြင်လွှာမှာ ပင့်ကူအိမ်လို အရိအရွဲတွေ ကာနေ ကပ်နေတာ၊ အဲဒါတွေကို ဖြည်းဖြည်းချင်း ခွာထုတ်လိုက်၊ ပြီးတော့ ငါးအစာတွတ်သလို စုပ်ထုတ်လိုက်နဲ့ တော်တော်လေး ခဲရာခဲဆစ် လုပ်ရတယ်၊ အချိန် နှစ်နာရီလောက်ကြာတယ်၊ တချို့လူနာတွေဆို အချိန် လေးနာရီလောက်ကြာတယ်လို့ ပြောတယ်၊ ခုတော့ ဝိုးတိုးဝါးတား မြင်လာရပြီ၊ ကျွန်တော်ပြောချင်တာက မျက်လုံး မျက်သားမှာ သွေးခြည်ဥတာဆိုရင် မပေါ့ဆဖို့ပဲ"


"ကိုယ့်အတွက်လဲ အလွန်ကောင်းတဲ့ ဗဟုသုတပါပဲ"

"ကျွန်တော်တို့ရဲ့ ခရီးသွားအကြောင်းလေး စပြောရအောင်၊ ပြီးခဲ့တဲ့အခေါက်က ဟောင်ကောင်အကြောင်း ပြောဖြစ်တယ်လေ၊ အခုတော့ ဟောင်ကောင်ကနေ မကာအိုသွားကြတယ်၊ ဖယ်ရီဘုတ်နဲ့ ကူးကြတာ၊ မသွားခင်က ဖယ်ရီဘုတ် ရုပ်ပြေးယာဉ်စီးရမယ်ဆိုလို့ သဘောကျနေတာ၊ စိတ်ကူးထဲမှာတော့ လေလေး တဟိုးဟိုးနဲ့ပေါ့၊ တကယ်တမ်းကျတော့ အလုံပိတ်ယာဉ်ထဲမှာ စီးရတာ၊ လူကလဲ တစ်ရာကျော်ဆိုတော့ လှောင်နေတာပဲ၊ လေကလဲ မတိုက်၊ အဲယားကွန်းကလဲ မအေးနဲ့ စိတ်တောင်အိုက်တယ်၊ အဲဒါနဲ့ပဲ အသာလေးမှိန်းပြီးစီးလိုက်တယ်"

"ဟောင်ကောင်ကနေ မကာအိုကို ရေကြောင်းကသွားတာကိုး"


"သူဌေးတွေကတော့ ရဟတ်ယာဉ်နဲ့ သွားကြတယ်၊ ရဟတ်ယာဉ်စီးမယ်ဆိုရင် ရဟတ်ယာဉ်တန်းမှာ လက်မှတ်ဖြတ်ရုံပဲ၊ ရုပ်ပြေးယာဉ် လက်မှတ်ခကတော့ Oneway တစ်ကြောင်းကို ဟောင်ကောင်ဒေါ်လာ ၁၂၅ လောက်ပဲကျတယ်၊ ၁၅ မိနစ်တစ်စင်း ထွက်တယ်၊ မနက် ၇ နာရီကနေ ည ၁၂ နာရီအထိ တောက်လျှောက်ဆွဲနေတာ။

ကုမ္ပဏီနှစ်ခုက အပြိုင်အဆိုင် ဝန်ဆောင်မှု ပေးထားတာ၊ ရုပ်ပြေးယာဉ်ပုံစံချင်း မတူဘူး၊ မကာအိုဘက်လဲ သွားလို့ရတယ်၊ တရုတ်ပြည် တောင်ဘက်ခြမ်းကိုလဲ သွားလို့ရတယ်၊ ရေလမ်းခရီးကနေ အားလုံးအဆင်ပြေအောင် လုပ်ထားတော့





ကျဉ်းကျဉ်းကျပ်ကျပ် လမ်းကြိုလမ်းကြားများသည့် မကာအိုမြို့



ဘုရားရှိခိုးကျောင်းကြီးအနီးရှိ အပန်းဖြေရန်နေရာများ

www.burmeseclassic.com





စိန့်ပေါလ်ကျောင်းကြီး ဘေးတိုက်မြင်ကွင်းများ

ကုန်းလမ်းနဲ့ လေကြောင်းလမ်းမှာ မကျပ်တော့ဘူးပေါ့၊ ဒါပေမယ့် ရုပ်ပြေးယာဉ်တွေက မြန်လွန်းတော့ တစ်စင်းနဲ့တစ်စင်း တိုက်မိရင် မလွယ်ဘူး၊ ၂၉. ၉. ၂၀၁၃ တုန်းက တာဘိုဂျက်တစ်စင်းဟာ မောင်းရင်းနဲ့ ကျွမ်းပြန်သွားလို့ လူပေါင်း (၈၅)ယောက်လောက် ဒဏ်ရာရသွားတယ်"

"အရင်လိုလွန်းတော့လဲ မကောင်းဘူးပေါ့"

"မကာအိုဘက်ခြမ်းရောက်တော့ တအား လှတဲ့ တံတားကြီးတွေကို တွေ့ရတယ်၊ ပင်လယ်တွေကိုဖြတ်ပြီး ဆောက်ထားတာ၊ အလိမ်အတွန့်တွေနဲ့ လက်စွမ်းပြ ဆောက်ထားတာ၊ မကာအိုက မုန်တိုင်းခဏခဏရှိတော့ ကမ်းနားတစ်လျှောက်လုံးကို ကျောက်တုံးကြီးတွေနဲ့ လှိုင်းဒဏ်ခံနိုင်အောင် ကာထားတယ်၊ ကျောက်တုံးတန်းကြီးကို အရှည်ကြီးတွေ့နေရတယ်"

"လုပ်လဲလုပ်နိုင်တဲ့ သူတွေပဲ"

"ကျွန်တော်တို့ အဖွဲ့လဲ ရောက်ရောက်ချင်း စိန့်ပေါလ်ခရစ်ယာန်ဘုရားကျောင်းဟောင်းကြီးဆီ လေ့လာရေးခရီးထွက်ခဲ့တယ်၊ မကာအိုမှာ မြို့ထဲက အဆောက်အအုံတွေဟီးနေသလောက် မြို့စွန်ရပ်ကွက်တွေက အိမ်ကြိုအိမ်ကြားနဲ့ ကျပ်ပိတ်သိပ်နေတာပဲ၊ ဟောင်ကောင် အက်ရှင်ဇာတ်ကားတွေထဲက မြင်ကွင်းတွေအတိုင်းပဲ၊ လူဆိုးတွေ လိုက်ဖမ်းလို့ မင်းသားက အိမ်ကြိုအိမ်ကြား ကွေ့ပတ်ပြေးနေရသလို ကျပ်ပိတ်သိပ်နေတာပဲ၊ ကျွန်တော်တို့ အဖွဲ့လဲ လမ်းကြားလေးတစ်ခုမှာ ကားရပ်ပြီး စုရပ်နေရာသတ်မှတ်ပြီးတော့ ခရစ်ယာန်ဘုရားကျောင်းဆီ လမ်းလျှောက်ခဲ့ကြတယ်၊ ကျောင်းဝင်းကြီးက အကျယ်ကြီးပါ၊ သစ်ရိပ် ဝါးရိပ်လဲ ကောင်းပါတယ်၊ ထိုင်ခုံလေးတွေ တော်တော်များများ စီစဉ်ပေးထားလို့ အနားယူနေကြတဲ့ မိသားစုတွေလဲ အများကြီးပဲ။

ဘုရားရှိခိုးကျောင်းကြီးကို Ruins of St. Paul's လို့ အမည်ပေးထားတယ်၊ ကျောင်းကြီးက ပျက်စီးနေပြီး မျက်နှာစာပဲ ကျန်တော့တယ်၊ မျက်နှာစာ ရှေးလက်ရာတွေကို ကြည့်ပြီးတော့ အရင်တုန်းက ဘယ်လောက်အထိ ခမ်းနားမယ်ဆိုတာ သိနိုင်တယ်၊ အဲဒီစိန့်ပေါလ်ကျောင်းကြီးကို ၁၆ ရာစုမှာ တည်ဆောက်ခဲ့တာ၊ ၁၈၃၅ ခုနှစ်မှာ မီးလောင်ပြီးတော့ မျက်နှာစာပဲ ကျန်တော့တာ၊ အရင်တုန်းကတော့ ငါးထပ်ကျောင်းဆောင်ကြီးပဲ၊ တရုတ်၊ ဂျပန်တို့ကို ကက်သလစ် ဘာသာ ပြန့်ပွားလာတာကလဲ မကာအိုက စတာပဲ၊ အဲဒါကြောင့် အဲဒီ Ruins of St. Paul's ကျောင်းကြီးကို အမွန်အမြတ်ထားကြတာ"

"ကိုယ်တို့ ဗုဒ္ဓဘာသာကိုလဲ ထဲထဲဝင်ဝင် ကျင့်သုံးတဲ့ တိုင်းပြည်တွေ နည်းသထက် နည်းလာပြီ၊ အရင်တုန်းကဆိုရင် ဗုဒ္ဓဘာသာဟာ နိုင်ငံ တော်တော်များများမှာ ပျံ့နှံ့ခဲ့တာပဲ၊ မိလိန္ဒနဲ့ ရှင်နာဂသိန်တို့ ရှိခဲ့တဲ့ နေရာတွေ၊ ဒီသာပါမောက္ခ



www.burmeseclassic.com

www.burmeseclassic.com









တက္ကသိုလ်ကျောင်းဟောင်းကြီးတွင် ပြသထားသော ရှေးဟောင်းပစ္စည်းများ

ကြီးတွေ ရှိခဲ့တဲ့ ဗုဒ္ဓဘာသာ ထွန်းကားခဲ့တဲ့ ပါရှန်လို တိုင်းပြည်တွေမှာ အခုဆိုရင် ဗုဒ္ဓဘာသာဟာ မရှိသလောက်ကို ဖြစ်သွားပြီ၊ ဒါကြောင့် ကျန်သလောက် ဘာသာ၊ သာသနာကို စောင့်ရှောက်ဖို့က ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ တာဝန်လို ဖြစ်နေပြီ၊ နောက်တော့ကော ဘယ်သွားသေးလဲ"

"နောက်တော့ တက္ကသိုလ်ကျောင်းဟောင်းကြီးဆီ သွားကြတယ်၊ တက္ကသိုလ်ကျောင်းဟောင်းကြီးကလဲ စိန့်ပေါလ် ဘုရားရှိခိုးကျောင်းနဲ့ ကပ်ရက်ပဲ၊ အထဲမှာတော့ လေ့လာစရာတွေ ကျန်သေးတယ်၊ ရှေးဟောင်း အုတ်တွေကိုလဲ မပျက်စီးအောင် မှန်ဘောင်တွေထဲ သိမ်းထားတယ်"

"ဒါတွေက ရှေးဟောင်းလက်ရာ ထိန်းသိမ်းသူတွေရဲ့ အလှတရားပဲလေ၊ အစ်ကိုတို့လဲ နမူနာယူသင့်တယ်၊ အခု မြန်မာနိုင်ငံမှာ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း ဒေသ သုံးခုကို ကမ္ဘာ့အမွေအနှစ် နေရာတွေအဖြစ် သတ်မှတ်လိုက်ပြီ၊ ဘုရားတစ်ဆူ တစ်ဆူမှာ အစောင့်အရှောက်တွေ ထားတယ်လို့တော့ ကြားတယ်၊ သူခိုးသူဝှက်တွေ ရန်က လွတ်အောင် လုပ်ရုံနဲ့ မပြီးဘူး၊ ပြည်တွင်းခရီးသွားတွေ၊ နိုင်ငံခြားသား ခရီးသွားတွေ သွားလာရေး၊ တည်းခိုရေးက အစ အစစအရာရာ လွယ်ကူအောင်လဲ လုပ်ဖို့လိုတယ်၊ ဒါမှ ခရီးသွားလုပ်ငန်းကနေ ဝင်ငွေရမှာ၊ ဒါမှ ရှေးဟောင်းအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ရတာ လွယ်ကူမှာ"

"ဟုတ်တယ်၊ ကျွန်တော် ကမ္ဘောဒီးယား ရောက်တုန်းက ခရီးသွားတွေ့အတွက် အစစအရာရာ အဆင်ပြေအောင်

[illegible]က္ကသိုလ်ကျောင်းဟောင်းကြီးအတွင်းရှိ မြင်ကွင်းများ

www.burmeseclassic.com

www.burmeseclassic.com




မကာအိုမြို့ကြီးအား ပြတိုက်ရှိ တောင်ထိပ်မှ စီးမြင်ရပုံ



တောင်ထိပ်ပေါ်ရှိ အမြောက်ကြီးနှင့် စာရေးသူ



ဂရန်းနိုက် ကျောက်တုံးကြီးများ



မှန်ဘောင်ဖြင့် သေချာသိမ်းဆည်းထားသော ပစ္စည်းအပိုင်း

လုပ်ထားတဲ့ အစီအစဉ်တွေ တွေ့တယ်၊ ခရီးသွားလုပ်ငန်းက ရတဲ့ ငွေကြေးတွေနဲ့၊ နိုင်ငံတကာက ထောက်ပံ့မှုတွေနဲ့ ဆိုတော့ ကမ္ဘာ့အမွေအနှစ်တွေကို ထိန်းသိမ်းရတာ သက်သောင့်သက်သာပါပဲ၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေဆိုတော့ ဒီလိုပဲ လုပ်ရမှာ၊ ချမ်းသာတဲ့ နိုင်ငံတွေကတော့ သူ့ရဲ့ငွေကြေးနဲ့သူ စောင့်ရှောက်နိုင်တာပေါ့"

"တက္ကသိုလ်ကြီးထဲမှာကော ဘာတွေတွေ့သေးလဲ"

"တက္ကသိုလ်ကြီးထဲမှာ ဂရန်းနိုက်ကျောက်တုံးကြီးတွေ တွေ့ရတယ်၊ ကြေးအနုပညာလက်ရာတွေလဲ တွေ့တယ်၊ တရုတ်ယဉ်ကျေးမှု အနုလက်ရာ၊ ဂျပန် ဂန္ဓမာပန်းလက်ရာ၊ ပေါ်တူဂီ သင်္ဘောရုပ်တု၊ တရုတ် ခြင်္သေ့ရုပ်တု၊ နောက်ပြီးတော့ ကြေးရုပ်တု ပုံစံမျိုးစုံ တွေ့ရတယ်၊ ပင်လယ်ရေကြောင်းနဲ့ဆိုင်တဲ့ ကိရိယာတန်ဆာပလာတွေလဲ တွေ့ရတယ်၊

မကာအိုရဲ့ ပညာရေးစနစ်ကိုလဲ လေ့လာလို့ရတယ်၊ အနောက်တိုင်း ပညာရေးစနစ်ကို အရှေ့တိုင်းနိုင်ငံတွေထဲမှာ အရင်ဆုံး ကျင့်သုံးခဲ့တဲ့ တိုင်းပြည်ပဲ"

"စိန့်ပေါလ်ဘုရားရှိခိုးကျောင်းနဲ့ တက္ကသိုလ်ကြီးက ကပ်ရက်ဆိုတော့ သိပ်ပြီးတော့ မပင်ပန်းဘူးပေါ့"

"ဟုတ်တယ်၊ မသွမ်းမကမ်းမှာလဲ ပြတိုက်ရှိလို့ သွားဖြစ်သေးတယ်၊ ပြတိုက်က တောင်ကုန်းပေါ်မှာ ဆောက်ထားတာ၊ စက်လှေကားနဲ့ တက်ရတာဆိုတော့ မပင်ပန်းပါဘူး၊ အမှတ်တရ ပို့စကတ်ဆိုင် သော့ချိတ်ဆိုင်တွေ ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com




နှစ်ရာချီ သက်တမ်းရင့်သစ်ပင်ကြီး







ပြတိုက်နှင့် တောင်ထိပ်ပေါ်ရှိ ရှုမငြီးဖွယ်မြင်ကွင်း



ပျော်ပျော်ပါးပါး လေ့လာရေးဆင်းနေကြသော ကလေးများ

...မှာလဲ လေ့လာရေးဆင်းတဲ့ ကလေးတွေနဲ့ ပြည့်နေ... မလေ့လာခဲ့ရပါဘူး"

"အကြမ်းဖျင်းတော့ လေ့လာခဲ့မှာပေါ့"

"အဲဒီ ပြတိုက်ဟာ Fortaleza Do Monte တောင်... တည်ဆောက်ထားတာ၊ ၁၉၉၅ ခုနှစ်က စတည်...ပြီးတော့ ၁၉၉၈ ခုနှစ်မှာ ဖွင့်ခဲ့တာ၊ ၂၈၀၀ မီတာ...ယ်တယ်၊ မကာအိုမှာတော့ အကြီးဆုံးပြတိုက်ကြီးပဲ၊ ...နှစ်ကစပြီး ပေါ်တူဂီလက်အောက် ကျရောက်ခဲ့တဲ့ ...တွေ အစုံအလင်ရှိတယ်၊ ကုန်သွယ်မှုမှတ်တမ်းတွေ၊ ...င်ယင်မှု မှတ်တမ်းတွေ၊ ယဉ်ကျေးမှု ပြောင်းလဲလာ... ဓာတ်ပုံ၊ ပန်းချီ၊ ရုပ်တုတွေနဲ့ ပြထားတာ"

"ညီလေးတို့လို လူမျိုးတွေကတော့ ပြတိုက်ကို စိတ်...ယ် တချို့ဆို ရှော့ပင်းပဲ ထွက်ချင်ကြတာ၊ ပြတိုက်... မသွားချင်ကြဘူး မဟုတ်လား"

"ကျွန်တော်တို့ အဖွဲ့ထဲမှာလဲ ပြတိုက်မကြည့်ချင်တဲ့ ...ပါတယ်၊ ဒါကြောင့် တောင်ထိပ်ပေါ်ပဲ တက်ပြီးတော့ ...နေကြတယ်၊ တောင်ပေါ်မှာက သာသာယာယာပဲ၊ ...ပြားတွေ အပြည့်ခင်းထားတယ်၊ လေကောင်း... ရတော့လဲ ပင်ပန်းတာတွေ ပျောက်သွားတယ်၊ ...ကြီးကိုလဲ ခံတပ်အဖြစ် သုံးခဲ့ပုံရတယ်၊ တောင်ထိပ်... ဟောင်းအမြောက်တွေ အများကြီးပဲ၊ ဓာတ်ပုံ... တွေကတော့ အကြိုက်ပဲပေါ့၊ အမြောက်တွေကို ...တိုင်လိုက်၊ ခွလိုက်နဲ့ ပုံစံမျိုးစုံ ဓာတ်ပုံရိုက်ကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com







တောင်ထိပ် View Point မှ မကာအိုမြို့ကြီးအား လေ့လာနေကြသူများ

## မကာအို ညရှုခင်း

မကာအိုမြို့ကြီးကိုလဲ တောင်ပေါ်ကနေ ဆီးမြင်နေရ
သစ်ပင်ကြီးတွေကလဲ နှစ်ရာချီနေပြီ ထင်တယ်၊ တော
မျက်နှာပြင်က ညီညီညာညာဆိုတော့ အလယ်မှာ ပြ
ဆောက်ထားတာ၊ ပြတိုက်က ကြည့်လိုက်ရင် မြေညီတ
အိမ်လိုပဲ၊ ဒါပေမယ့် မြေအောက် နှစ်ထပ်နဲ့ဆိုတော့ အ
သုံးထပ်ပေါ့၊ အောက်ဆုံးထပ်မှာတော့ မကာအိုရှေ
တုန်းက ဘယ်လိုအောင်မြင်မှုတွေ ရခဲ့တယ်ဆိုတာ ပြ
တာ၊ အလယ်ထပ်ကတော့ ရှေးအနုပညာလက်ရာ
ပင်လယ် ကူးသန်း ရောင်းဝယ်ဖောက်ကားတဲ့ ရာစုနှစ်
အမှတ် တရတွေပဲ၊ အပေါ်ဆုံး မြေညီထပ်ကတော့ ခု
မကာအိုရဲ့ အခြေအနေတွေပဲ။

ကျွန်တော်တို့လဲ အေးအေးလူလူ အနားယူ အ
ပြီးမှ ပြန်ဆင်းကြတာ၊ လေကလဲ လတ်ဆတ်၊ View
ကောင်းတော့ မမောနိုင်ဘူးပေါ့၊ အပေါ်စီးက ကြ
မကာအိုမှာ တိုက်တွေ ပွစိတက်နေတာကို သတိထား
အထပ်မြင့်ကြီးတွေက ကြိုးကြားကြိုးကြားပါ၊ ဆင်းရဲ
တော်တော်လေး ကွာဟတဲ့သဘောထင်တယ်၊ ကဲ-
ခေါက်တော့ တိုတိုနဲ့ပဲ ရပ်လိုက်တော့မယ်နော်၊
တစ်ခေါက်လဲ မကာအိုအကြောင်းပဲ ဆက်ပြောပြမ

"အိုကေ ငါ့ညီ၊ See you"

(ဆက်ရန်)

**ညာဏ်ပွင့်(**

❐



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ သေချင်းဆိုး၊ ကာလနာ၊ ...ပွေးကိုက်၊ အလေလိုက်တဲ့ကောင် ...မှာအလကား ဘာမှလဲ အားမကိုး ... တစ်ခါလာလဲ ရေကူးသွားမယ်၊ ...ခါလာလဲ ရေကူးသွားမယ်၊ ဒီ ...ကောင် ရေကူးချင်တာ၊ တစ်ခါ ...ည်း ရေနစ်သေပါစေတော်"

မိခင်ဒေါ်ခင်ရီ၏ ပေါက်ပေါက် ...က်သံအား ခါတိုင်းကြားနေကျမို့ ...ည်သို့မျှ မတုန်လှုပ်သော မောင်မောင် ... ပြုံးဖြဲဖြဲနှင့် ထွက်သွားသည်။

သူ၏နောက်ကျောကိုကြည့်၍ ...ဆိုရေရွတ်ပြီး ကျန်ခဲ့သူဒေါ်ခင်ရီမှာ ...ာင်မောင်၏ရှေ့ရေးကိုတွေးတောကာ ...ိုးမောနေမိသည်။

အသက်(၁၇)နှစ်ရှိပြီ။ ကျောင်း မှန်မှန်မတက်၍ ခုထိဆယ်တန်း မအောင်သေး။ မောင်မောင်က ဒေါ်ခင်ရီ၏ သားသမီးခြောက်ယောက်အနက် အကြီးဆုံးသြရသဖြစ်သည်။ သူတို့၏ အဖေကား တစ်နှစ်က ကွယ်လွန်ဆုံးပါးခဲ့သည်။ ကွယ်လွန်သူ စုဆောင်းခဲ့သော ပစ္စည်းဥစ္စာမနေ၊ အိုးအိမ်၊ ဈေးဆိုင်နှင့်မို့သာ မိသားစု စားနိုင်၊သောက်နိုင်သည့် အနေအထား။

အကြီးဆုံးသားမောင်မောင်က ရုပ်ချောသလောက် မလိမ္မာ။ အံရမ်းဆိုးသွမ်းသည်။ အပေါင်းအသင်းများနှင့် အိမ်လည်သည်။ လတ်လျားလတ်လျားသွားလာအချိန်ကုန်သည်။ အထူးသဖြင့် ရေကူးဝါသနာပါသည်။ ရေကူးလည်း ကျွမ်းကျင်သည်။

ခုလည်း အပေါင်းအသင်းများနှင့် အင်းလျားကန်တွင် ရေကူးဦးမည်ဆိုကာ ထွက်သွားပြန်သည်။ ဒေါ်ခင်ရီ ဘယ်လောက်ပင် ကျိန်စာတိုက်ပေမယ့် မိုက် ဇာတ်ခင်းတုန်းပင်။

♦

မောင်မောင်နှင့် အောင်လေး၊ သန်းထွန်း၊ ကျော်ဟိန်းစိုး၊ ဇော်မြင့်ထွန်းတို့ သူငယ်ချင်း(၅)ယောက် အင်းလျားကန် (တံတားဖြူမှတ်တိုင်နား)တွင် ရေလွှာသင်ဖြူး ငါးပျံမြူးကြသည်။ မနက် (၉)နာရီကတည်းက ရေစကူးကြရာ (၁၁)နာရီတွင် အင်းလျားကန်ပေါင်ပေါ်



# မွေးမာတာ၏ ကျိန်စာ

ဆွေမြင့်သူ(ကြေး//မြေ)



www.burmeseclassic.com

www.burmeseclassic.com

ပြန်တက်လာပြီး ကိုယ်လက်သုတ်သင်ကြသည်။

ခဏအကြာတွင် မောင်မောင်က . . .

"ဟေ့ကောင်တွေ၊ ငါ ရေဆင်းကူးလိုက်ဦးမယ်ကွာ၊ ကိုယ်လက်တွေ ဘယ်လိုဖြစ်မှန်းမသိဘူး၊ တအား ယားလာလို့၊ မင်းတို့ကော ရေကူးကြဦးမလား"

"နိုး တော်ပါပြီကွာ၊ မင်းဘာသာမင်း ကူးချင်ကူးပေ့၊ တို့ စောင့်နေမယ်လေ"

"အေး အေး ကျေးဇူးပဲ၊ တာ့တာ"

မောင်မောင်က ပြောပြောဆိုဆို ကန်ပေါင်ပေါ်မှ အပြေးကလေးဆင်းသွားပြီး ရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်သည်။

အောင်အောင်တို့တစ်သိုက်က ကန်ပေါင်ပေါ်တွင် နေပူဆာလှုံရင်း၊ စီးကရက်သောက်ရင်း ကောင်မလေးတွေအကြောင်း ဆွေးနွေးနေကြသည်။ နာရီဝက်ကြာသော်လည်း မောင်မောင် ပြန်တက်မလာသေး။ တစ်နာရီခန့်ကြာတော့မှ စိုးရိမ်မကင်းဖြစ်လာကြ၍ ကန်ပေါင်ပေါ်မှထကြည့်ကြရာ အင်းလျားရေပြင်ကား ပကတိ ငြိမ်သက်နေပြီး မောင်မောင့်ကိုမူ အစအနတောင် မမြင်ရတော့ချေ။

သူငယ်ချင်း(၄)ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြပြီးနောက်၊ ဇော်မြင့်ထွန်းက-

"ဒုက္ခပဲ၊ ဘယ့်နှယ်လုပ်ကြမလဲ၊ မောင်မောင် ရေနစ်သေသွားပြီထင်တယ်"

"အေးကွ၊ ဒီလောက်တောင် အကြာကြီးတော့ ရေမငုပ်လောက်ပါဘူး၊ ရေနစ်သေသွားတာ သေချာတယ်၊ မဖြစ်ဘူး၊ သူ့အိမ်ကိုသွားပြောမှဖြစ်မယ်"

အောင်လေးနှင့် ကျော်ဟိန်းစိုးတို့နှစ်ယောက်သား ချက်ချင်းပင် သူတို့ရပ်ကွက်သို့ပြန်ပြေးပြီး ဒေါ်ခင်ရီတို့မိသားစုထံ သတင်းပေးလိုက်သည်။

တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်။ သားသမီးဆိုးကို ဘယ်မိဘမှ မပစ်နိုင်။

"အမယ်လေး၊ ငါ့သားကြီးရေနစ်သေပြီတဲ့၊ အရပ်ကတို့ ကယ်ကြပါဦး၊ လုပ်ကြပါဦး၊ ဘုရား ဘုရား ဘုရား ကယ်တော်မူပါ"

ဒေါ်ခင်ရီမှာ ပဋာမြေလူးဖြစ်ပြီး အင်းလျားကန်ပေါင်သို့ လိုက်ပါသွားသည်။ ရေထဲမှ လုံးဝ စုပ်စမြုပ် မပေါ်လာတော့သော သားကြီးအတွက် အရှူးမီးဝိုင်းသလို ရင်ဘတ်စည်တီး ငိုကြွေးရသည်။

"အမယ်လေး သားကြီးရဲ့၊ မင်းအဖေရော မင်းပါ ငါတို့သားအမိကို ပစ်သွားပြီပေါ့၊ မေမေ ဘယ်လိုလုပ်ပြီး ဆက်နေရမှာလဲ၊ တကယ်တော့ မေမေ့အပြစ်ပါသားကြီးရယ်၊ မေမေ မင်းကို ကျိန်စာတိုက်မိလို့ ရေနစ်သေရတာ၊ ငါ့ကြောင့်သေရတာ၊ ဟီး ဟီး ဟီး ဟီး"

ဒေါ်ခင်ရီ ဘယ်လောက်ပဲငိုငို၊ သေသူက ပြန်မရှင်လာတော့ပါ။ ရေငုပ်ကျွမ်းကျင်သော လူအချို့ကိုငှားရမ်း၍ ရှာဖွေသည့် အခါကျမှ အင်းလျားရေအောက်ကြမ်းပြင်မှာ မောင်မောင်ကို ငုတ်တုတ်ထိုင်လျက်သားကြီး သေဆုံးနေသည်ကို ဆယ်မိကြတော့သည်။

တံငါသည် ရေနစ်တတ်သည်ဆိုသော စကားအတိုင်း ရေကူး ကျွမ်းကျင်ပါလျက် ရေနစ်သေဆုံးသွားသည်မှာ အံ့ဩစရာ။

တချို့က မောင်မောင်ကို သိုက်က လာသည်ဟုဆိုသည်။ တကယ်ပဲ မောင်မောင်ကို သိုက်နန်းက ခေါ်သွားကြပြီလား။ အသားဖြူဖြူ ရုပ်ချောချောမို့ ရေအောက်နဂါးတိုင်းပြည်က နဂါးမလေးများက ဖမ်းဆီးခေါ်ဆောင်သွားပြီလား။

မည်သို့ပင်ဖြစ်စေ "ဝစီဗေဒ ထိတိုင်းရှ"ဆိုသော ရှေးရိုးစကားရှိသည်နှင့် အညီ သားဆိုး သားမိုက်တစ်ယောက်မို့ မိခင်၏ကျိန်စာ တကယ်သင့်လေပြီလားမသိ။

◆

သားကြီးအတွက် နောင်တကြီးစွာရပြီး ဖြေမဆည်နိုင်သော ဒေါ်ခင်ရီသည် ရက်လည်ဆွမ်းကျွေးသာမက တစ်လပြည့်ဆွမ်းကျွေး ကုသိုလ်ပြုလုပ်ကာ အမျှဝေပေးပါသည်။ သို့မှသာလျှင် ဥပစ္ဆေဒကကံနှင့်ကွယ်လွန်ခဲ့သော (တစ်နည်းအားဖြင့်) အစိမ်းသေ သေဆုံးရသော သားကြီးအဖို့ လွတ်ရာကျွတ်ရာသို့ သွားနိုင်မည်မဟုတ်ပါလား။

သို့သော် သားကြီးကွယ်လွန်ပြီးနောက် (၈)လခန့်အကြာတွင် ထူးထူးဆန်းဆန်း ဒေါ်ခင်ရီကို အိပ်မက်ပေးလေသည်။ မောင်မောင်သည် ဘောင်းဘီတိုကလေးနှင့် ရေတွေစိုရွှဲကာ သူ၏မိခင်ကြီးကို လက်အုပ်ချီ၍ တောင်းဆိုသည်မှာ . . .

"အမေ၊ သားကို ခွင့်လွှတ်ပါ။ အမေတို့ ကျွန်တော့်အတွက်ရည်စူးပြီး ရက်လည်ဆွမ်းသွတ်နဲ့ တစ်လပြည့်ဆွမ်းကျွေးတုန်းကလေ အမျှဝေနေချိန်မှာ ကျွန်တော်က သူငယ်ချင်း(တစ္ဆေ)တွေနဲ့ ပျော်ပြီး ပျော်ပြီး... 

ပျော်ကလည်နေလို့ မကြားမိပါ၊ အဲဒီအတွက် မလွတ်မကျွတ်ဖြစ်နေပါတယ်၊ ဖြစ်နိုင်ရင် အိမ်မှာ အလှူထပ်လုပ်ပြီး ကျွန်တော့်ကို အမျှဝေပေးပါဦး၊ ဒီလောကမှာ ဆက်မနေချင်တော့လို့ပါ"

ဒေါ်ခင်ရီ အိပ်မက်က လန့်နိုးလာသည်။

"ဘုရား ဘုရား၊ ငါ့သားကြီးက အခုထိ မလွတ်မကျွတ် ဖြစ်နေတုန်းပါပဲလား၊ သူ့အတွက်ရည်စူးပြီး ဆွမ်းကျွေးအမျှဝေတာတောင် မကြားရလောက်အောင် အလည်လွန်ရသတဲ့လား၊ အင်းပါလေ၊ ဘာပဲဖြစ်ဖြစ် သူတောင်းဆိုတဲ့အတိုင်း ထပ်လုပ်ပေးဦးမှာပေါ့"

သို့သော် ဒေါ်ခင်ရီမှာ အိမ်ထောင်ကို ဦးစီးဦးဆောင်ပြုရပြီး စီးပွားရှာရသည်ကတစ်ကြောင်း၊ ကျန်သားသမီး(၅) ယောက်ကို ထိန်းကျောင်းရ





www.burmeseclassic.com

www.burmeseclassic.com

သည့်ကတစ်ကြောင်းတို့ကြောင့် မောင်မောင်အတွက် ဆွမ်းကျွေးအလှူမပြုနိုင်ဆဲ အမှုမဲ့ အမှတ်မဲ့ဖြစ်သွားရရှာသည်။

ထိုအခါ . . .

◆

"တစ်နေ့တွင် ဒေါ်ခင်ရီ၏ညီမ ဝမ်းကွဲ ဒေါ်စိန်ရီသည် ဟောမှရန်ကုန်သို့ ဆေးကုရအောင် ရောက်ရှိလာသည်။

ဒေါ်ခင်ရီတို့ရပ်ကွက်ရှိ လမ်းထဲတွင် စည်ပင်မှ ရေပေးဝေသော ရေဘုံဘိုင်ရှိရကား ဒေါ်စိန်ရီသည် အစ်မကြီး ဒေါ်ခင်ရီ၏ဟင်းရများကို ဝိုင်းကူလုပ်ပေးရင်း ရေပုံး(၂)ပုံးဖြင့် ရေသွားခပ်သည်။ ရေ(၂)ခေါက်ခပ်ပြီး ပြန်အလာတွင် ဝုန်းခနဲ ရေပုံးများကိုပစ်ချကာ-

"ညောင်းလိုက်တာ၊ ညောင်းလိုက်တာ"ဟုပြောပြီး အိမ်ရှေ့ခေါင်းရင်းခန်းတွင် မှောက်လျက် လဲလျောင်းလိုက်သည်။ ထို့နောက် လက်နှစ်ဖက်က ရေယက်သလို၊ ခြေထောက်နှစ်ချောင်းက ယက်ကန်ယက်ကန်နှင့် နောက်သို့ဆန့်ထုတ်ကာ ကြမ်းပြင်ပေါ်တွင် ရေကူးနေပါတော့သည်။

အမှန်စင်စစ်မှာ ဒေါ်စိန်ရီကို မောင်မောင်ဝင်ပူးနေခြင်း ဖြစ်ပါသည်။ ထိုအခါကျမှ ဒေါ်ခင်ရီက သတိရပြီး အိမ်ဆိပ်မှ ပယောဂဆရာကြီး ဦးအုန်းရွှေကို ပင့်ခိုင်းလိုက်သည်။ အိမ်တွင် ...သားစုအားလုံး အစုံအညီရှိသည်။

ဦးအုန်းရွှေ ရောက်လာချိန်တွင် မောင်မောင် အပါအဝင် နာနာဘာဝ ...က ဝိုင်းဝန်းပူးကပ်ခြင်းခံနေရရှာ ...သော ဒေါ်စိန်ရီကိုကြည့်ပြီး အားလုံး ... ဝိုင်းဝန်းသနားနေကြသည်။

ဦးအုန်းရွှေက ဒေါ်စိန်ရီ၏နဖူး ... လက်ဝါးနှင့်ရိုက်ပြီး . . .

"ကဲ မင်းတို့ကစ်တွေ ဘာအလို ... ဒီလိုလုပ်ရတာလဲ၊ ဒီက အစ်မကြီး ... သိပ်ပြီး သနားစရာကောင်းနေပြီ၊ ...နမောပန်းနေပြီ၊ မင်းတို့အလိုရှိတာ ...ပြီး ထွက်သွားကြစမ်း"

ထူးဆန်းသည်မှာ ဒေါ်စိန်ရီ၏ မျက်နှာမှာ ယောကျ်ားရင့်မာကြီးမျက်နှာသို့ ချက်ချင်းပြောင်းလဲသွားပြီး အသံမှာလည်း အောအောကြီးဖြစ်လာသည်။

ပြီး အသံတုန်တုန်ရီရီဖြင့် . . .

"နတ်အုန်းရှိတယ်၊ စကားပြောလို့မရဘူး၊ တောင်းပန်ပေးပါ" ဟုဆိုသည်။ ထိုအခါ ပယောဂဆရာကြီး ဦးအုန်းရွှေက အိမ်တွင်းနတ်ကို တောင်းပန်ပေးသည့်အခါကျမှ ဒေါ်စိန်ရီသည် ဒေါ်ခင်ရီကို ဖက်ငိုရင်း . . .

"အမေက သားအတွက် ဆွမ်းကျွေးလုပ်မပေးလို့ ဒုက္ခရောက်နေပါတယ်၊ ခုလဲ အရမ်းဆာလောင်မွတ်သိပ်နေလို့ ထမင်းဟင်းများရှိရင် အိမ်ရှေ့အုတ်ခုံပေါ်မှာတင်မပေးပါ၊ သူငယ်ချင်းတွေလဲ ပါလာလို့ပါ၊ အဲဒီထမင်းဟင်းစားပြီးရင် သားတို့ပြန်ပါ့မယ်၊ သားအတွက် ရေ့လာမယ့် ကြာသပတေးနေ့တစ်ရက်ရက်ကျရင် အိုင်မှာဆက်ဆက်ဆွမ်းကျွေးပြီး အမျှဝေပေးပါ၊ သင်္ကန်းလည်းလှူပေးပါ၊ သားမှာ ဝတ်စရာမရှိလို့ပါ၊ သား လွတ်ရာကျွတ်ရာကို အပြီးအပိုင်သွားပါတော့မယ်"ဟု သနားစဖွယ် မြည်တမ်းပြောဆိုပါသည်။

"ဟဲ့ မိဝေ၊ အိမ်နောက်ဖေးက ထမင်းဟင်းတွေ အားလုံး ခူးခပ်ယူခဲ့၊ အုတ်ခုံပေါ်မှာ သတင်းစာ စာရွက်ခံပြီး သွားတင်ပေးလိုက်"

မောင်မောင်၏ညီမ စန်းဝေဝေက မိခင်စေခိုင်းသည့်အတိုင်း သွားလုပ်ပေးလိုက်သည်။ ဦးအုန်းရွှေက ဘုရားစင်ပေါ်မှ သောက်တော်ရေဖန်ခွက်ကို သွားယူပြီး ဒေါ်စိန်ရီ၏ဦးခေါင်းနှင့်မျက်နှာတို့ကို လက်နှင့် တောက်ပေးလိုက်သည်။

ဤတွင် ဒေါ်စိန်ရီမှာ ချက်ချင်းငြိမ်ကျသွားပြီး ဒေါ်ခင်ရီကို လက်အုပ်ချီမိုး ရှိခိုးကန်တော့ကာ လဲကျသွားသည်။

ပယောဂဆရာကြီး ဦးအုန်းရွှေ ဒေါ်ခင်ရီနှင့် အိမ်သားများအားလုံးက အိမ်ရှေ့သို့ လှမ်းကြည့်လိုက်သည့်အခါတွင်ကား အုတ်ခုံပေါ်မှထမင်းဟင်းလျာများမှ တက်တက်စင်အောင် ပြောင်တလင်းခါသွားသည့်ဖြစ်အင်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပါတော့သည်။

◆

တိုက်ဆိုင်သည့်အချက်တစ်ခုမှာ မောင်မောင်က သူ့အတွက် ဆွမ်းကျွေးအမျှဝေရန် ရက်ချိန်းပေးသောနေ့မှာ သူကွယ်လွန်ပြီး တစ်နှစ်တိတိပြည့်မြောက်သောနေ့ရက်ပင်ဖြစ်ပါသည်။

ယင်းနေ့ရက်တွင် သူ့အတွက် ဆွမ်းကျွေးအမျှဝေပြီးသည့် နောက်ပိုင်းတွင်မူ ပရလောကသားတစ်ဦးဖြစ်ခဲ့သူ မောင်မောင်သည် သူ၏ မိခင်ကြီးအားလုံးဝ အိပ်မက်မပေးတော့ပြီ။ လွတ်ကျွတ်ရာသို့ အပြီးအပိုင် ထွက်ခွာသွားမည်မှာ သေချာသည်။

မည်သို့ပင်ဖြစ်စေ၊ ထိုအချိန်မှစ၍ ဒေါ်ခင်ရီသည် ကွယ်လွန်သူ သားကြီး မောင်မောင်၏ ကျန်ရစ်သူ ညီ၊ ညီမများအား မည်၍ မည်မျှ ဆဲဆိုကြိမ်းမောင်းစေကာမူ ကျိန်စာလုံးဝမတိုက်မိအောင် အမြဲသတိထား ဆုံးမတတ်သည့် အကျင့်ရရှိသွားသည်။

ဩော်. . . ပုထုဇဉ်တို့သဘာဝ သားကိုသခင်၊ လင်ကိုဘုရားသဖွယ် ချစ်ရ၊ ခင်ရ၊ ကြင်နာရ၊ မြတ်နိုးရကြပါသော်လည်း မောဟကြောင့် ဒေါသအမျက် ခြောင်းခြောင်းထွက်သည့်အခါမျိုးတွင် ယခုကဲ့သို့ မဖြစ်သင့်တာတွေ ဖြစ်ရသည်မှာ လောကကြီး၏မမွှတာပင် မဟုတ်ပါလား။

ဆွေမြင့်သူ(ကြေး/မြေ)

❒





www.burmeseclassic.com

www.burmeseclassic.com




# ချစ်ခဲ့ဖူးတာအမှန်ပါ

## ပိဝေ

"အန်တီက မိထွေးဆိုပေမယ့် သားဖြစ်ချင်တဲ့ဆန္ဒကို တတ်နိုင်သမျှ ကူညီပံ့ပိုးလာခဲ့တာ သားသိပါတယ်၊ သား ကွန်ပျူတာသင်ချင်တယ်ဆိုလို့ အန်တီ ကိုယ်တိုင် ကျောင်းလိုက်အပ်ပြီး အကြို အပို့လုပ်ခဲ့ဖူးတယ်၊ သား ကားမောင်း သင်ချင်တယ်ဆိုတုန်းကလည်း အန်တီပဲ မင်းအဖေ ကန့်ကွက် နေတဲ့ကြားက မဖြစ်ဖြစ်အောင်လုပ်ပေးခဲ့ဖူးတယ်၊ သား ဂစ်တာတီးသင်ချင်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ဆိုတုန်းကကော ဘယ်သူကူညီခဲ့လဲ၊ အန်တီပဲ ကူညီခဲ့ရတာ မဟုတ်ဘူး"

ဒေါ်သီတာက ကူညီမှု ရာနှုန်းပြည့်စာတမ်းကို အဆက်မပြတ် နှုတ်တိုက် ရွတ်ဆိုနေခဲ့သည်။ ဒေါ်သီတာ၏ပြောပြချက်အားလုံး မှန်ကန်ကြောင်း ချမ်းမြေ့အောင် လက်ခံသည်။

ဒေါ်သီတာသည် မိထွေးဟု ဆိုသော်လည်း ချမ်းမြေ့အောင် ဘဝ၏ အစိတ်တစ်ဒေသကို ကိုင်တွယ်ပိုင်ဆိုင်ခဲ့သည်ဟု ဆိုရပေမည်။

ချမ်းမြေ့အောင် ကျောင်းသား ၁၀ ၈ တန်းအရောက်တွင် အမေဆုံးပါးသွားခဲ့သည်။ ချမ်းမြေ့အောင်က မွေးကတည်းက ရောဂါထူပြောခဲ့သည်။ ဒီကြားထဲ မွေးရာပါနှလုံးရောဂါပါလာသေး၏။ ချမ်းမြေ့အောင်၏ နှလုံးရောဂါကြောင့် အမေကိုယ်တိုင် ပိုးမွေးသလို မွေးလာခဲ့သည်၊ ဆေးရုံတက်၊ ဆေးခန်းတကာပြ၍ သားရောဂါသက်သာဖို့ ကုသခဲ့သည်။ ဗေဒင်ဆရာ၊ နတ်ကတော်တွေဆီလှည့်၍ ယတြာအမျိုးမျိုးချေပြီး ကျန်းမာရေးအတွက် ဂရုစိုက်ပေးခဲ့၏။

သားကိုချစ်သော အမေသည် ကောင်းခဲ့ပါ၏။ သားကျန်းမာရေးကို အလေးပေးစောင့်ရှောက်ခဲ့သော အမေသည် သူ့ကျန်းမာရေးကို လျစ်လျူရှုနေခဲ့၏၊ စင်စစ် အမေ့တွင်လည်း နှလုံးရောဂါရှိနေခဲ့သည်။ ယင်းရောဂါကပင် အမေ့ဝိညာဉ်ကို မနူးသရင်ခွင်မှ ဆွဲခေါ်သွားခဲ့၏။

အမေ ဆုံးပါးသွားပြီးနောက် ချမ်းမြေ့အောင်အပေါ် အဖေက ဂရုစိုက်လာခဲ့သည်။ အဖေက စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်၏။ အလုပ် မအားလပ်သည့်ကြားမှပင် ချမ်းမြေ့အောင်ကို အချိန်သိမ့်အားပေး စောင့်ရှောက်ခဲ့သည်။

အဖေ့မေတ္တာကြောင့် ချမ်းမြေ့အောင် ၁၀ တန်း နှစ်ချင်းပေါက်အောင်လာခဲ့၏။ ၁၀ တန်း အောင်စာရင်းထွက်သည့်နေ့က အမေ့ကို သတိရမိသည်။ အမေသာရှိလျှင် မိသားစုသုံးယောက် တအားပျော်ကြလိမ့်မည်ဟု မျှော်လင့်မိခဲ့သည်။ အမေ မရှိတော့သဖြင့် မျှော်လင့်ချက်များ ပျောက်ကွယ်သွားခဲ့ရသည်။ ဝမ်းနည်းမိခဲ့ရသည်။ ဝမ်းနည်းမှုဆွေးမြည့်မှုက ရင်ထဲမှာ နေရာယူရန် ရှိသေး၏။

အဖေက ဒေါ်သီတာနှင့် အိမ်ထောင်ပြုလိုက်သည်။

ဒေါ်သီတာက အမေ့နေရာတွင် ဝင်လာ၏။ ဒေါ်သီတာသည် အမေ မဟုတ်မှန်း ချမ်းမြေ့အောင် နားလည်သည်။ သို့သော် အဖေ့စိတ်ချမ်းသာမှုအတွက် ဒေါ်သီတာကို အမေ့နေရာတွင် လက်ခံပေးခဲ့၏။

ဒေါ်သီတာက ချမ်းမြေ့အောင်ကို သားတစ်ယောက်ပမာ တတ်နိုင်သမျှ ဂရုစိုက်ခဲ့၏။ သို့ရာတွင် ဒေါ်သီတာ ဂရုစိုက်မှုသည် ချမ်းမြေ့အောင်၏နှလုံးသားကို မီးစဖြင့်ထိုးနေသလို စူးစူးရဲရဲ ခံစားနေမိ၏။

ချမ်းမြေ့အောင် မိထွေးတော် ဂေါတမီစာအုပ်ကို ဖတ်ရှုခဲ့စဉ်က မိထွေးတော် ဂေါတမီကို ကြည်ညိုခဲ့ဖူး၏။ အကြိမ်ကြိမ်အခါခါ ဦးညွှတ်ခဲ့ဖူး၏။ ဤဘဒ္ဒကမ္ဘာ၏ တစ်ဦးတည်းသော မိထွေးတော်အဖြစ် စံတင်ထားခဲ့ဖူးသည်။

ဒေါ်သီတာဟူသော မိထွေးသည်ကား ချမ်းမြေ့အောင်အပေါ် ဘယ်လိုပင်ဂရုစိုက်စေကာမူ မိထွေးတော်ဂေါတမီ၏ခြေဖဝါးကို တွယ်ငြိကပ်ပါခဲ့ဖူးသော သဲတစ်ပွင့်မျှပင် မီနိုင်မည် မဟုတ်မှန်း ချမ်းမြေ့အောင် နားလည်မိ၏။

"ဘယ်လိုလဲ သား၊ သား နိုင်ငံခြားကို သွားမယ် မဟုတ်လား၊ သားအတွက် ပတ်စ်ပို့က-ဇစ ဗီဇာအဆုံး အစစ အရာရာ အန်တီ စီစဉ်ထားပြီးပြီ၊ ဟိုမှာ အလုပ် လုပ်ရမှာက ဒီဇိုင်နာအလုပ်ဆိုတော့ ပင်ပင်ပန်းပန်းလုပ်ရမှာ မဟုတ်ပါဘူး၊ သားဘဝရှေ့ရေးအတွက် အန်တီ အတတ်နိုင်ဆုံး စီစဉ်ပေးထားတာ"

ချမ်းမြေ့အောင် ပြင်ပထွက်ဖို့ ဒေါ်သီတာပွဲစားများနှင့် အပေးအယူလုပ်၍ စီစဉ်ထားခြင်းဖြစ်သည်။

"ယောက်ျားလေးပဲကွာ၊ စဉ်းစားကြည့်ပေါ့ သား၊ အန်တီက သားကိုဒုက္ခရောက်အောင် လုပ်မှာ မဟုတ်ပါဘူး၊ နောက်ဆုံး သားအဆင်မပြေလို့ ပြန်လာလဲ သားအတွက် ပူစရာမလိုပါဘူး၊ ဖေဖေ့မှာရှိတဲ့ သားအတွက်အမွေတွေက သားတစ်သက် စားလို့မကုန်ပါဘူး"

အဖေကပါ ပြည်ပထွက်ဖို့ တိုက်တွန်းအားပေးခဲ့သည်။

"သား ဟိုမှာ သွားအလုပ်လုပ်လို့ ရလာမယ့်ပိုက်ဆံကို ဖေဖေ မမျှော်ကိုးပါဘူး၊ ဖေဖေမျှော်လင့်တာက သား ဟိုမှာ သွားအလုပ်လုပ်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် အားကိုးချင်စိတ် ရှိလာမယ်၊ ဗဟုသုတတွေ ရလာမယ်၊ လုပ်ငန်းအတွေ့အကြုံတွေ ရလာပြီး ကိုယ့်ဆီပြန်ရောက်လာတဲ့အခါ အရာရာကို ဦးဆောင်တတ်လာမယ်၊ ဒါ ဖေဖေ့မျှော်လင့်ချက်တွေပဲ"

ဖေဖေ့မျှော်လင့်ချက်များက ရိုးသားလွန်းသည်၊ ပွင့်လင်းလွန်းသည်။ အဖေ့ဆန္ဒကို အကောင်အထည်ဖော်ပေးနိုင်ဖို့ ချမ်းမြေ့အောင် ခေါင်းညိတ်ခဲ့မိ၏။

ချမ်းမြေ့အောင် ခေါင်းညိတ်တော့ ဒေါ်သီတာမျက်နှာ ဝင်းလက်သွားသည်။ ဒေါ်သီတာ ကျေနပ်ဝမ်းသာသွားရ၏။

"တစ်ခုတော့ရှိတယ် သား၊ ဟိုရောက်ရင် အလုပ်ကို ဂရုစိုက်ပြီးလုပ်၊ သွားရမှာက စာချုပ်ချုပ်ပြီးသွားရမှာဆိုတော့ စာချုပ်သက်တမ်းမပြည့်ဘဲဖြစ်လို့ မရဘူး၊ စာချုပ်မပြည့်ဘဲပြန်ရင် သုံးဆပြန်လျော်ရမှာ။

သုံးဆပြန်လျော်ရတာ အရေးမကြီးပါဘူး၊ ဖေဖေတို့ လျော်နိုင်၊ စားနိုင်ပါတယ်၊ ဒါပေမယ့် အလုပ်မလုပ်ချင်လို့



www.burmeseclassic.com

www.burmeseclassic.com

ပြန်ပြေးတယ်ဆိုရင် သိက္ခာကျတယ်၊ သိက္ခာတော့ အထိခိုက်မခံနဲ့၊ တတ်နိုင်သမျှ စာချုပ်သက်တမ်းပြည့်အောင် အလုပ် သားလုပ်နိုင်မှာပါ"

ချမ်းမြွေအောင် ဖေဖေ့သိက္ခာအတွက် ပေးဆပ်နိုင်သော သားတစ်ယောက်ဖြစ်ရပါလိမ့်မည်ဟု ဆုံးဖြတ်ချက်ချလိုက်တော့သည်။

♦

ဒီဇိုင်နာတော့ ဒီဇိုင်နာဖြစ်၏။ သို့သော် ငြိမ်သက်စွာလုပ်ကိုင်ရသော ဒီဇိုင်နာမဟုတ်၊ တိုက်နံရံတွေကို ဆေးသုတ်ရသော ဒီဇိုင်နာဖြစ်ရသည်။ သင်ယူတတ်မြောက်ထားသည့် ကွန်ပျူတာနှင့် မည်သို့မျှ မပတ်သက်ခဲ့။ Decoration ကုမ္ပဏီတစ်ခုတွင် Decorator အဖြစ် အလှဆင်လုပ်ငန်းလုပ်ရခြင်းပင်ဖြစ်သည်။ ပွဲစားများက Decorator ကို Designer အဖြစ် မလိမ့်တစ်ပတ်လုပ်၍ အလုပ်ခေါ်ယူခဲ့ခြင်း ဖြစ်၏။

အလုပ်က သက်သက်သာသာ မရှိလှ၊ တိုက်နံရံအမြင့်တွေကို ငြမ်းဆင်ပြီး ဆေးသုတ်ရင်း နှလုံးရောဂါအခံရှိသော ချမ်းမြွေအောင်အဖို့ အသက်ကို မရဏမင်းထံ ဝကွက်ပြီးလုပ်နေရခြင်းဖြစ်သည်။

ငြင်းစင်ပေါ် တက်တိုင်း ရင်တလှပ်လှပ်ဖိုရင်း၊ အသားတဆတ်ဆတ်တုန်ရင်း . . .

"သိက္ခာတော့ အထိခိုက်မခံနဲ့၊ တတ်နိုင်သမျှ စာချုပ်သက်တမ်းပြည့်အောင်သာလုပ်"

အဖေ့စကားများက ချမ်းမြေ့အောင်နားထဲ စိမ့်ဝင်ဆဲရှိနေသေးသည်။

ချမ်းမြွေအောင်ဆုတောင်းသည်။

"အဖေ စိတ်ချမ်းသာနိုင်ပါစေ"

♦

"သား ချမ်းမြွေအောင်"

"မေမေ"

အမေ့ကို တွေ့သဖြင့် ချမ်းမြွေအောင် ပျော်သွားမိသည်။ အမေ့ဆီ အပြေးအလွှားသွားမိ၏။ အမေက ချမ်း



မြွေအောင်ကို နွေးနွေးထွေးထွေး ပြေးပွေ့ကြိုဆိုသည်။

"သားရယ်၊ သားကြည့်ရတာ ပင်ပန်းလိုက်တာ၊ တစ်ကိုယ်လုံးလဲ ချွေးတွေစိုရွှဲနေတာပဲ၊ အသားတွေလဲ နေပူရှိန်ကြောင့် နီစပ်စပ်ဖြစ်နေပြီ"

အမေက ချမ်းမြွေအောင်နဖူးမှ ချွေးများသုတ်ပေးသည်။ အမေ့အကြင်နာကြောင့် ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် ကျလာသည်။

"အမေနဲ့တွေ့ရတာ သား ဝမ်းသာလိုက်တာ၊ အမေ နေကောင်းရဲ့လားဟင်"

"အမေ နေကောင်းပါတယ်၊ အမေကသာ သားအတွက် စိတ်ပူနေတာ၊ သားမှာ နှလုံးရောဂါရှိတယ်လေ၊ အဲဒီရောဂါမျိုးက အမြင့်တွေ ဘာတွေ မတက်ရဘူး၊ ထိတ်လန့်ချောက်ချားစရာတွေ ရှောင်ရတယ်၊ အလုပ်က အရေးမကြီးဘူး၊ ကျန်းမာရေးကို ဂရုစိုက်ပါသား၊ ကျန်းမာရေးက အရေးကြီးတယ်"

အမေ့မေတ္တာ၊ အမေ့သံယောဇဉ်များက ချမ်းမြွေအောင်အပေါ် အပြည့်အဝ ရှိနေခဲ့သည်။

"အမေ အခု ဘယ်မှာနေတာလဲဟင်၊ သား အမေနဲ့ လိုက်ချင်တယ်"

"မလိုက်နဲ့သား လိုက်လို့မရဘူး"

"ဘာဖြစ်လို့လဲ မေမေ"

"အို ဘာမှမမေးနဲ့၊ ပြန်တော့"

ရုတ်တရက် အမေက ချမ်း
အောင်ကိုတွန်းထုတ်ပြီး ပြေးထွက်သွာ
သည်။ ချမ်းမြွေအောင် ပြေးထွက်သွာ
သော အမေ့ကို စူးစူးရှရှ အော်ဟစ်
မိ၏။

"မေမေ. . . မေမေ. . ."

♦

"မေမေ. . . မေမေ. . ."

ချမ်းမြွေအောင် အသံကြော
ရပ်ကြည့်နေသူများ လှုပ်လှုပ်ရှားရှား
လာသည်။

"ချမ်းမြွေအောင်၊ မင်း သ
ရလာပြီလား"

ချမ်းမြွေအောင် မျက်လုံး
ကြည့်မိ၏။ လုပ်ဖော်ကိုင်ဖက် အ
သမားများက သူ့အားပတ်ပတ်လည်
ဝိုင်းနေသည်။ ချမ်းမြွေ့အောင် ခေါ
မူးနောက်နေ၏။

"မင်း ငြမ်းပေါ်က ခြေချော
ပြီး သတိမေ့သွားတာလေ၊ တော်
တယ်၊ ငြမ်းက အပေါ်ငြမ်းမဟု
အောက်ငြမ်းဖြစ်နေလို့၊ အပေါ်ငြမ်း
ဆိုရင် မတွေးရဲစရာဘဲ"

အလုပ်သမားတစ်ယောက်
က စိုးရိမ်သည့် အငွေ့အသက်
သည်။ ချမ်းမြွေအောင် ငြမ်းပေါ်မှ
ကျပြီး သတိမေ့ခဲ့သည့် သတိ





www.burmeseclassic.com

www.burmeseclassic.com

...ဉ် အမေနဲ့တွေ့ခဲ့၏။ တွေးစရာ ...ကြောင်းမရှိတော့ဟု ထာဝရယုံကြည် ...သော အမေ့ကို တွေ့ခဲ့ရသဖြင့် ချမ်း ...အောင် ပျော်ခဲ့မိသည်။

"အမေကို တွေ့ခွင့်ရခဲ့တာရယ်၊ ...ကြီးကြီးမားမား ဒဏ်ရာမရခဲ့တာ ...ကြောင့် ငြမ်းလေးကို ကျေးဇူးတင် ...တယ်"

ချမ်းမြေ့အောင် ချော်ကျခဲ့သော ...လေးကိုကြည့်ရင်း ကျေးဇူးစကား ...ဆိုခဲ့၏။ ချမ်းမြေ့အောင် မျက်ဝန်း ...တွင် အမေ့ပုံရိပ်က လွှမ်းမိုးနေဆဲ ...၏။ အမေ့အသံကို ကြားယောင် ... ရှိသေး၏။

ဒီအလုပ်ကြောင့် အမေနှင့်တွေ့ ...ခဲ့သည်။ အမေနှင့်တွေ့ခွင့်ရအောင် ...ဆောင်ခဲ့သော မိထွေးဒေါ်သီတာကို ... ချမ်းမြေ့အောင် ကျေးဇူးတင်ခဲ့မိ ...သည်။

ထို့နောက်. . .

ချမ်းမြေ့အောင် အလုပ်လုပ်ရန် ...ဆင်ထားသည့်ငြမ်းကို ကြည့်မိသည်။ ...လွန်းသည့် တိုက်နံရံကိုမှီတွယ်၍ ...ပြည့် ဆင်ထားသည်ကို တွေ့ ...၏။

"အောက်ငြမ်းပြီးရင် အပေါ်ငြမ်း ...ည့်"

ချမ်းမြေ့အောင် မျက်လုံးစုံမှိတ် ...ိုက်သည်။

◆

သား အောက်ငြမ်းပေါ်က ပြုတ် ...အချိန်မှာ မေမေနဲ့ တွေ့ခဲ့တယ်။ ... သားကို ချစ်နေဆဲပါ။ နွေးနွေး ... ကြင်နာဆဲပါ။ မေမေနဲ့တွေ့ရ ... သား တအားပျော်တယ်။

အန်တီ ဒေါ်သီတာကိုလည်း ...ပေးပါ။ သား မေမေနဲ့တွေ့ခွင့်ရ ... နိုင်ငံခြားပို့ပြီး အလုပ်လုပ်ခိုင်းတဲ့ ... ကျေးဇူးတင်ပါတယ်လို့။

ဖေဖေ စိတ်ချပါ။ သား သိက္ခာ ...အလုပ်မျိုး မလုပ်ပါဘူး။ စာချုပ်သက်တမ်းမပြည့်မချင်း ပြန်မလာပါဘူး။

သား အပေါ်ငြမ်းတွေ ဆက်တက်ရဦးမယ် ဖေဖေ။

သားမေမေနဲ့တွေ့ရလို့ပျော်တယ်။ ထပ်လည်း တွေ့ချင်သေးတယ်။

မေမေက သားကို အမြဲတမ်း ချစ်နေမှာပါ။

ဖေဖေရဲ့သား
ချမ်းမြေ့အောင်

စာကိုဖတ်ရင်း ချမ်းမြေ့အောင် အဖေ မျက်ရည်များ ပါးပြင်ပေါ် စီးကျလာခဲ့သည်။ စာချုပ်သက်တမ်းမပြည့်သေး၍ လူကိုယ်တိုင်ပြန်မလာခဲ့။ ချမ်းမြေ့အောင် "ပြာအိုး"လေးက အဖေထံ ပြန်ရောက်လာခဲ့သည်။ ချမ်းမြေ့အောင် အပေါ်ငြမ်းက ပြုတ်ကျသဖြင့် အသက်ဆုံးသွားခဲ့ချေပြီ။

စာရွက်ကိုင်ရင်း ကြေကွဲစွာ ငိုရှိုက်နေသည်။ အဖေ့ကို ဒေါ်သီတာ စိတ်မကောင်းစွာ ကြည့်နေမိသည်။ ဒေါ်သီတာ စိတ်ထဲမှာ မည်သူ့ကိုမျှ ပြောပြလိမ့်မည် မဟုတ်သော ရင်တွင်းစကားများကို အားပါးတရ ပြောနေမိ၏။

'ချမ်းမြေ့အောင်၊ အန်တီ့ကို ခွင့်လွှတ်ပါ သား။

တကယ်တော့ နိုင်ငံခြားမှာ မင်းသွားလုပ်ရမယ့် အလုပ်က ဒီဇိုင်နာမဟုတ်ဘဲ Decorator ဆိုတာ အန်တီ အစောကြီးကတည်းက သိပြီးသားပါ၊ မင်းမှာ နှလုံးရောဂါ ရှိနေတယ်လေ၊ ပြောကြစတမ်းဆိုရင်တော့ ဒီအလုပ်နဲ့ မင်းဟာ လုံးဝ မသင့်တော်ပါဘူးကွယ်၊ ဒီအလုပ်လုပ်ရင် မင်း ပြန်လမ်းမရှိနိုင်ဘူးဆိုတာ အန်တီ အစောကြီးကတည်းက ကြိုသိပြီးသားပါ၊ ကြိုသိခဲ့လို့လည်း တမင်စီစဉ်ခဲ့တာ ဝန်ခံပါတယ်၊ အန်တီ မင်းကို သေစေချင်တယ်၊ မင်းကို အန်တီ မမြင်ချင်ဘူး။

အန်တီ မင်းကို မမြင်ချင်ဘူး၊ သေစေချင်တယ်ဆိုတာ မင်းသိရင် အန်တီ့ကို မုန်းတီးမှုတွေ၊ စိတ်နာမှုတွေ ဖြစ်မှာပဲနော်၊ အန်တီ မင်းရဲ့နာကြည်းမုန်းတီးမှုကို ခံနိုင်ပါတယ်၊ အဲဒါဟာ ဘာကြောင့်လဲ သိလား၊ မိခင်စိတ်ကြောင့်ပေါ့။

တကယ်တော့ အန်တီဟာ မင်းကို သားအရင်းတစ်ယောက်လို ချစ်ခဲ့ဖူးတယ်၊ ချစ်လို့လည်း မင်းဖြစ်ချင်တဲ့ ဆန္ဒမှန်သမျှ လိုက်လျောခဲ့တယ်၊ ကွန်ပျူတာသင်တာတွေ၊ ကားမောင်းသင်တာတွေ၊ ဂစ်တာတီးသင်တာတွေကအစ မင်းဆန္ဒကို ဖြည့်ဆည်းပေးခဲ့တယ်၊ မင်းပျော်နေရင် မင်းရဲ့အပျော်မျက်နှာလေးကိုကြည့်ပြီး အန်တီစိတ်ချမ်းသာမိတယ်၊ မင်းဟာ ငါ့သားအရင်းဆိုရင် သိပ်ကောင်းမှာပဲလို့ စိတ်ကူးယဉ်ခဲ့မိတယ်၊ တကယ်တော့ မင်းဟာ အန်တီရဲ့သားအရင်းမဟုတ်ဘူး၊ အန်တီရဲ့ လင်ပါသားပါ။

တစ်ချိန်ချိန်မှာ မင်းဟာ အန်တီ့ကို အချိန်မရွေး ခြေစုံကန်ပစ်သွားနိုင်တယ်၊ အဲဒီအခါမှာ ငါ တကယ်ခံစားရမှာလေ၊ အဲဒီလိုခံစားရမှာ ငါကြောက်တယ်။

ဖြစ်ချင်တော့ အန်တီပဲ ကံကောင်းချင်တာလား၊ မင်းပဲ ကံဆိုးချင်တာလားတော့ မသိဘူး၊ အန်တီ့မှာ မင်းအဖေနဲ့ရတဲ့ ကိုယ်ဝန်ရှိလာတယ်၊ အန်တီ့မှာ ကိုယ်ဝန်ရှိတော့ အန်တီ တအားဝမ်းသာသွားတယ်၊ မမြင်ရသေးတဲ့ ရင်သွေးအတွက် လောဘတွေ၊ သောကတွေဖြစ်လာတယ်၊ မင်းအဖေရဲ့ပိုင်ဆိုင်မှုအားလုံးကို အန်တီရဲ့ရင်သွေးလေးပဲ ပိုင်ဆိုင်စေချင်လာတယ်၊ အန်တီရဲ့ရင်သွေးလေးအတွက် စဉ်းစားတိုင်း မင်းဟာ အန်တီရဲ့ရန်သူဖြစ်လာတယ်၊ ဒီလောက်ဆို မင်းသဘောပေါက်နားလည်မှာပါ။

ချမ်းမြေ့အောင်၊ အန်တီနဲ့ အန်တီ့ရင်သွေးလေးကို ပြည့်ပြည့်ဝဝ ပျော်ပျော်ရွှင်ရွှင် နေခွင့်ပေးပါ၊ မင်းလဲ မင်းအမေနဲ့တွေ့ပြီး မင်းအမေရဲ့မေတ္တာရိပ်မှာ ချမ်းမြေ့ပျော်ရွှင်နိုင်ပါစေ'

ပီဝေ

❐

www.burmeseclassic.com



ကျောင်းဆင်း ခေါင်းလောင်း ထိုးသံထွက်ပေါ်လာပြီးနောက် ကျောင်းတံခါးစောင့်က ဝင်းတံခါးမကြီးအား ဖွင့်ပေးလိုက်လေသည်။

ထိုအခါ ရေကာတာကို ဖွင့်ချလိုက်သဖြင့် ရေများ အလုံးအရင်းနှင့် တိုးထွက်အန်ကျလာသကဲ့သို့ ကျောင်းသူ၊ ကျောင်းသားများသည်လည်း ထိုတံခါးမကြီးမှတစ်ဆင့် လမ်းပေါ်သို့ ဝေါခနဲ ပြုံကျလာလေသည်။

ကားဟွန်းတီးသံ၊ ဆိုင်ကယ်ဟွန်းတီးသံ၊ စက်ဘီးဘဲလ်သံ၊ ကျောင်းသားနှင့် မိဘ အပြန်အလှန်ခေါ်ထူး အော်ဟစ်သံ များဖြင့်လည်း ဆူညံသွားခဲ့လေသည်။

ကျောင်းဆရာများ ဖြစ်ကြသော ကိုခင်မောင်သော်နှင့် ကိုအောင်စိုးခိုင်တို့သည်လည်း ကျောင်းဆင်းပြီးတို
ချိတက်မြဖြစ်သော လင်းလက်က
ဆီသို့ အတူတကွ လျှောက်လာခဲ့
လေသည်။

လင်းလက်ကဖေးကား သူ
အတွက် မနက် တစ်ကြိမ်၊ ည
တစ်ကြိမ် ပုံမှန်ထိုင်နေကျနေရာပင်
သည်။ ထို့ပြင် လင်းလက်က
အ. ထ. ကကျောင်းအပါအဝင်
ချိန်းရုံး၊ အား/ကာရုံးများနှင့်ပါ နီး
နေသဖြင့် ဆရာ ဆရာမများနှင့်
ရုံးသားများအတွက် စားကျက်
နေရာတစ်ခုပင် ဖြစ်နေတော့သည်

နှစ်ယောက်သား အ
လျှောက်လာကြရင်း လင်းလ





www.burmeseclassic.com

www.burmeseclassic.com

ရွှေ့သို့ ရောက်လာကြသည်။ ထိုစဉ် နွေ့တူရှုမှ စက်ဘီးစီးလာသော လူတစ်ယောက်က ကိုအောင်စိုးခိုင် နာမည်ကို လှမ်းခေါ်လိုက်သဖြင့် သူတို့က ရပ်လိုက်ကြသည်။ စက်ဘီးသမားက အပါးသို့ ရောက်လာသည်။

စက်ဘီးပေါ်မှဆင်း၍လည်း ကိုအောင်စိုးခိုင်နှင့် တစ်စုံတစ်ရာ ပြောဆိုနေလေသည်။ ကိုခင်မောင်သော်က ကိုအောင်စိုးခိုင်ကို ထားခဲ့ပြီး တစ်ကိုယ်တည်း လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်လာခဲ့သည်။ လွတ်ရာစားပွဲတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် ကိုအောင်စိုးခိုင်အတွက်ပါ လက်ဖက်ရည်ကြိုမှာထားလိုက်ပြီး နေရာမှာပင် ထိုင်စောင့်နေလိုက်သည်။

ထိုအချိန်မှာပင် အား/ကာရုံးမှ ကိုသန်းဦးက ကိုခင်မောင်သော့စားပွဲဆီသို့ ရောက်လာသည်။ ကိုသန်းဦးမှာ မြို့နယ်အား/ကာမှူး တစ်ဦးဖြစ်ပြီး ...လိုပင် လက်ဖက်ရည်ဆိုင်၌ ဆုံတွေ့နေကျ ဖြစ်လေသည်။

"လာဗျို့ ကိုသန်းဦး၊ ထုံးစံ ...၊ ကျဆိမ့်ပဲ မဟုတ်လား"

"...ပါ ...နဲ့ ခင်ဗျားတစ်ယောက်...လား၊ ဟိုလူ ကိုအောင်စိုး ခိုင်ကော"

"ဟိုမှာလေ ဆိုင်ရှေ့မှာ စကား ပြောနေတယ်၊ ညီလေးရေ နောက်တိုး အချိုမှုံ့တစ်ခွက်ဟေ့"

ကိုသန်းဦးကို ပြန်ပြောလိုက်... နောက်တိုး လက်ဖက်ရည်... တစ်ခွက် ထပ်မှာလိုက်သည်။ သူတို့... သည်လုပ်ငန်းကြုံသည့်သူက လက်ဖက်ရည်တိုက်နေကျ ဖြစ်သည်

ကိုသန်းဦးက ထိုင်ပြီးပြီးချင်းပင် လွယ်အိတ်အတွင်းမှ ဖြတ်ပိုင်းစာအုပ်တစ်ခုကို ထုတ်ယူလိုက်သည်။ ထိုစာအုပ်မှာ ရောင်စုံစာလုံးများ၊ ရုပ်ပုံများဖြင့် ဝေဝေဆာဆာ ရိုက်နှိပ်ထားသော ဘောလုံးပွဲလက်မှတ်စာအုပ်ပင် ဖြစ်သည်။ လက်မှတ်များပေါ်၌ မြို့နယ်အား/ကာရန်ပုံငွေအတွက် ဟု စာတန်းထိုးထားသည်ကိုပါ ထင်ထင်ရှားရှား တွေ့ရသည်။

"ကိုင်း ခင်ဗျားတို့ ကျောင်းဆရာနှစ်ယောက်ကို ဘောပွဲလက်မှတ်ရောင်းရမှာပဲ၊ အားပေးလိုက်ကြပါဦး"

"ဘောပွဲလား ကိုသန်းဦး၊ ဒါဆိုရင်တော့ ဆောရီးပဲဗျာ၊ ဆောရီးပဲ"

"ဟ ဘာပြုလို့လဲ၊ လက်မှတ်က တစ်စောင်မှ ငါးရာတည်းပါဗျ"

"အဲဒီ ငါးရာကြောင့် မဟုတ်ပါဘူး၊ ဘောလုံးပွဲကို မုန်းလွန်းလို့ပါ၊ မုန်းလွန်းလို့ပါ"

"ခင်ဗျားက လူထူးပဲဗျ၊ ဘောလုံးကို လူတွေ ဒီလောက် ရူးသွပ်နေတဲ့ ဥစ္စာ၊ ခုဟာက ဗိုလ်လုပွဲဗျ ဗိုလ်လုပွဲ၊ အားလုံးအတွက် အား/ကာရန်ပုံငွေထည့်ရုံသက်သက်မဟုတ်ပဲ ပွဲကောင်းတစ်ပွဲ ကြည့်စေချင်တဲ့ စေတနာနဲ့ ကျွန်တော်က စီစဉ်ထားတာ"

"တော်ပါဗျာ၊ ခင်ဗျားပွဲ ဘယ်လောက်ကောင်းကောင်း အနားတောင် မသိချင်ပါဘူး"

ထိုအချိန်မှာပင် ကိုအောင်စိုးခိုင်က ဆိုင်အတွင်းသို့ ဝင်လာသည်... လွတ်မှာ ထိုင်ခုံဆွဲ ဝင်ထိုင်...သည်။ ...ပါ အား/ကာမှူးက ကိုအောင်စိုးခိုင်... ...သို့ မြူးဦးပြန်လှည့်လိုက်သည်။

"ကိုင်း ကျောင်းဆရာ၊ လက်မှတ်ဝယ်ပေ... နက်ဖြန် ညနေ ၄နာရီ ကီတိ မြို့မကွင်းမှာ ကျောင်းချောင်းနဲ့ ...ကိုင်း ဗိုလ်လုပွဲ၊ ပွဲကြီးပွဲကောင်း"

"ဝယ်ရမှာပေါ့လေ ဝယ်ရမှာပေါ့ ခင်ဗျားတို့ခေတ်ပဲလေ ဟား ဟား"

ကိုသန်းဦးက လက်မှတ်တစ်စောင်ကို ဖြုတ်နေလေသည်။ ထိုစဉ် သူတို့အပါးသို့ ကျောင်းစာရေးလေး ...တင်ကိုက ရောက်ရှိလာသည်။ ကိုခင်မောင်သော်အား မျက်နှာမူ၍လည်း ရိုရိုသေသေ ပြောလိုက်သည်။

"ဆရာ ဦးခင်မောင်သော်ကို ကျောင်းအုပ်ကြီး ခေါ်နေတယ်ခင်ဗျ၊ ပညာရည်ချွန်ဆုပေးပွဲတုန်းက ငွေစာရင်းရှင်းတမ်းကိုပါ ယူခဲ့ပါတဲ့ ခင်ဗျ"

ကိုခင်မောင်သော်က လက်ဖက်ရည်တစ်ငုံကို ကပျာကယာ သောက်လိုက်သည်။ ထို့နောက် ထိုင်ရာမှ ထလိုက်သည်။

"ဘာများ မရှင်းတာတွေ တွေ့သလဲ မသိပါဘူး" ဟု ရေရွတ်လိုက်သည်။ ကိုသန်းဦးဘက်သို့ပါ လှည့်၍-

"လက်မှတ်ကိုတော့ ထားချင်ထားခဲ့ဗျို့ ...လိုက်ပါ့မယ်၊ ဒါပေမယ့် ခင်ဗျားတို့ ဘောပွဲကိုတော့ လုံးဝပဲ" ဟုပြောကာ ကျောင်းစာရေးလေးနှင့်အတူ လိုက်ပါသွားလေသည်။

ကျောင်းတွင် ပညာရည်ချွန်ဆုပေးပွဲ ပြုလုပ်စဉ်က ကိုခင်မောင်သော်မှာ ဘဏ္ဍာရေးမှူး ဖြစ်လေသည်။

သူတို့ ပျောက်ခွာသွားသည်နှင့် ကိုသန်း... ...မဲ့ပြီး ပြောတော့သည်။

"ခင်...လူက အားကစားစိတ် ခေါင်...ခဲ့တဲ့ ...ပဲဗျ၊ ဘောလုံးပွဲဆိုတာ ဝါသနာ...ပါဘူးဆိုရင်တောင် စိတ်...ပျော်ပျော်တော့ ကြည့်သင့် အား...သင့်တာပါပဲဗျာ"

ကိုသန်းဦး၏ စကားပြေ... ကိုအောင်စိုးခိုင်က သက်ပြင်းတစ်ချက်ကို ချလိုက်သည်။ ခေါင်းကို ...သာခါယမ်း၍လည်း ပြန်ပြောလိုက်သည်။

"ခင်ဗျားထင်သလို မဟုတ်ပါဘူး သူက တကယ်တော့ ဘောလုံးပွဲကို ဝါသနာပါရုံမကဘဲ ကိုယ်တိုင်လဲ ... လုံးသမားတစ်ယောက် ဖြစ်ခဲ့ဖူး... ပဲဗျ"

"ဟုတ်လား ဒါဖြင့်ရင် ...ပြုလို့ ခုလို . . ."

"အကြောင်းရှိလို့ပေါ့ဗျာ . . . အကြောင်းရှိလို့ပေါ့၊ သူ ဘောလုံးလောကနဲ့ ဘောလုံးပွဲကို မုန်းသွားရတဲ့ ရောမအချက်ကြီးတစ်ခုရှိနေလို့ပေါ့၊ သူနဲ့ ကျွန်တော်က ငယ်သူငယ်ချင်းတွေဆိုတော့ သူ့အကြောင်းကို ကျွန်တော် အားလုံး သိတာပေါ့"

www.burmeseclassic.com

"ဟုတ်လား၊ ဒါဖြင့်ရင် အဲဒီအကြောင်းကို ခင်ဗျားကပဲ ပြန်ပြောပြစမ်းပါဦး"

"အင်း- သူ့အကြောင်းကတော့ သူကိုယ်တိုင် မဆိုထားနဲ့ ကျွန်တော်တောင်မှ သူငယ်ချင်းဖြစ်တဲ့သူ့အတွက် တော်တော် ခံစားခဲ့ရပါတယ်၊ အဲဒီအကြောင်းကို အစကနေ ပြောပြရမယ် ဆိုရင်တော့. . ."

♦

ဝဲဒေါင့်ရွာနှင့် ကံကြီးကုန်းရွာ။

ပြိုင်ဘက်ကျေးရွာများ ဖြစ်ကြသည်။ ပြိုင်ဘက်ဟုဆိုရာဝယ် စီးပွားရေး၊ ကြီးပွားရေးမှအစ လူမှုရေး၊ ပညာရေးအထိ ပြိုင်ဖော် ပြိုင်ဘက်များဖြစ်ကြသည်။ ရွာနှစ်ရွာတည်နေပုံကပင် ကားလမ်းကို ဗဟိုပြု၍ ဟိုဘက် သည်ဘက်မျက်နှာချင်းဆိုင် တည်ရှိနေကြရာ ထိုကဲ့သို့ ထိပ်တိုက်ဖြစ်နေပုံကပင် ပြိုင်ပွဲအသွင်အား အလိုလို ပုံသွင်းပေးထားသကဲ့သို့ ဖြစ်နေတော့သည်။

တစ်ရွာနှင့်တစ်ရွာ ကဏ္ဍမျိုးစုံ၌ ယှဉ်ပြိုင်ကြရာတွင် အားကစားချင်း ယှဉ်ပြိုင်ကြသည်မှာလည်း တစ်ခုအပါအဝင် ဖြစ်တော့သည်။ တစ်ဖန် အားကစားဆိုရာ၌လည်း သူ့ရွာ ဘောလုံးအသင်းနှင့် ကိုယ့်ရွာဘောလုံးအသင်း ယှဉ်ပြိုင်ကြခြင်းကိုသာ အဓိက ဆိုလိုသည်။ ဘောလီဘောကဲ့သို့သော၊ ခြင်းလုံးကဲ့သို့သော အားကစားနည်းများကား အပယ်ယိကမျှသာ ဖြစ်လေသည်။

ထိုရွာနှစ်ရွာအနေဖြင့် ဘောလုံးပွဲတည်းဟူသော စစ်တလင်း၌ အပြန်အလှန်စစ်ထိုးကြရာတွင် အဓိက စစ်မျက်နှာကြီးနှစ်ခုရှိသည်ဟု ဆိုသင့်ပေသည်။ တစ်ခုမှာ ကျေးရွာအုပ်စုအလိုက် ဘောလုံးပြိုင်ပွဲဖြစ်ပြီး ကျန်တစ်ခုကား ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲပင် ဖြစ်တော့သည်။

ထို့ကြောင့် ရွာနှစ်ရွာလုံးမှာပင် လူကြီးအသင်းဟုဆိုအပ်သော ကျေးရွာလက်ရွေးစင်အသင်းနှင့် လူငယ်အသင်းဟု ဆိုအပ်သော ကျောင်းလက်ရွေးစင်အသင်းဟူ၍ အသင်းနှစ်သင်းစီ ရှိထားကြလေသည်။

ထိုရွာနှစ်ရွာ၏ သမိုင်းကြောင်းကို သုံးသပ်မည်ဆိုပါက အတိတ်တစ်ချိန်ကမူ နှစ်စဉ်ကျင်းပမြဲ ဘောလုံးပြိုင်ပွဲများ၌ ကံကြီးကုန်းကျေးရွာကသာ အစဉ်တစိုက် အသာစီးရခဲ့ပေသည်။

မကြာခဏဆိုသလို ဗိုလ်စွဲလေ့ရှိပြီး အချို့နှစ်များတွင် နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲသည့်နှစ်များပင် ရှိခဲ့ဖူးလေသည်။ ကံကြီးကုန်းရွာသားများထဲမှ မြို့နယ်နှင့် ခရိုင်အဆင့်အထိ တိုးတက်ထွန်းပေါက်သွားသော ဘောလုံးသမားများပင် ရှိခဲ့ဖူးလေပြီ။ သို့သော်လည်း နောက်ပိုင်းနှစ်များတွင်မူ ကံကြီးကုန်းကတဖြည်းဖြည်းနှင့် ကျရိပ်ပြလာသည်။ လူကြီးအသင်းရော လူငယ်အသင်းပါ အားနည်းယိမ်းယိုင်လာသည်။ သွားပြိုင်လိုက်တိုင်း ရှုံးပြန် ရှုံးပြန်ချည်း ဖြစ်လာသည်။

အပြန်အလှန်အားဖြင့် ကံကြီးကုန်း ကျနေချိန်တွင် ဝဲဒေါင့်ဘက်က တစ်ဟုန်ထိုး တိုးတက်လာနေသည်။ အောင်မြင်လာနေသည်။ ပြိုင်ပွဲတိုင်းလိုလိုမှာပင် ဝဲဒေါင့်ကချည်း ဗိုလ်စွဲနေတော့သည်။ တစ်မြို့နယ်လုံးမှာပင် ဝဲဒေါင့် ဘောလုံးအသင်းက ဂုဏ်သတင်း ကျော်ကြားနေတော့သည်။

တစ်ဖန် အားကစားအောင်မြင်မှုကြောင့်ပင် မြို့နယ်မှ လူကြီးများကလည်း ရွာနှစ်ရွာယှဉ်လိုက်လျှင် ဝဲဒေါင့်ကိုသာ ဦးစားပေးနေလေတော့သည်။

ကံကြီးကုန်း ရွာသားများကားများစွာ မခံချိ မခံသာဖြစ်နေကြရလေသည်။ ဝဲဒေါင့်သားများက ဒိုင်းကြီးကို မြှောက်ကာ မြှောက်ကာဖြင့် ကံကြီးကုန်းဘက်မှ မြင်သာအောင် အောင်ပွဲခံပြနေလေလေ သူတို့ခမျာမှာ တက်တခေါက်ခေါက် ဖြစ်ရလေ။ အတိတ်ကို ပြန်ဖော်ပြီး ကြွားရအောင်ကလည်း ယခုကား အတိတ် မဟုတ်တော့ပြီ။ အတိတ်က ကျန်ခဲ့ပြီ။

လောလောဆယ် ပစ္စုပ္ပန်မှာက ရှုံးပန်းပန်နေရသော အဖြစ်၊ နိမ့်ကျနေရလေသော အဖြစ်ပေမို့ သူတို့အနေဖြင့် ဆင်ဖြူ့မျက်နှာ ဆင်မည်း မကြည့်ဝံ့ ဖြစ်ရရှုံကလွဲပြီး ဘာမျှ မတတ်နိုင်ကြ။

♦

ကိုညွန့်စိန် ကျေးရွာလူကြီးဖြစ်လာသောနှစ်တွင်မူ မျှော်လင့်ချက်ရောင်ခြည်က ကံကြီးကုန်းဘက်သို့ ပြန်၍ သန်းစပြုလာသည်။ ထိုမျှော်လင့်ချက်ရောင်ခြည်ကို ယူဆောင်လာကြသူများမှာ ကျေးရွာ အလက ဘောလုံးအသင်းပင် ဖြစ်တော့သည်။

ထိုနှစ်က ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ကံကြီးကုန်း အလက အသင်းက ဗိုလ်စွဲလိုက်သည်။ တစ်ရွာလုံးပျော်လိုက်ကြသည့်ဖြစ်ခြင်း။ မမြင်ဖူးသည်မှာ ကြာလှပြီဖြစ်သော အောင်ပွဲရ ဒိုင်းကြီးကို တစ်လှည့်စီ ကိုင်မြှောက်ကာဖြင့် တပျော်တပါး အောင်ပွဲခံ၍ပင် မဆုံးနိုင်ကြ။ အလက ဘောလုံးသမားလေးများကိုလည်း တစ်ရွာလုံးဝိုင်းပြီး ကျောတသပ်သပ် လုပ်ကြလေသည်။

တစ်ဦးချင်း၏ ခြေစွမ်းအပေါ် ချီးမွမ်းထောမနာလိုက်ကြသည်မှာလည်း ဆုံးပင် မဆုံးနိုင်တော့။ အထူးသဖြင့် ကျေးရွာလူကြီး ကိုညွန့်စိန်တစ်ယောက်မှာ ထိုအကြောင်းကိုပင် ပြော၍ မကုန်နိုင်တော့။

"တော်သေးတာပေါ့ဗျာ၊ ကျုပ်သား ခင်မောင်သော် ရှူးလိုက်တဲ့ တစ်လုံးတည်းသော ဂိုးနဲ့ အနိုင်ရလိုက်လို့၊ နို့မဟုတ်ရင် ပယ်နယ်တီကန်ရမှာဗျ၊ ပယ်နယ်တီကန်ရပြီဆိုရင် ကျုပ်တို့က ကံကောင်းမှ နိုင်တော့မှာ၊ ကျုပ်သား ခြေစွမ်းကိုတော့ ဘာ အားရသလဲ မမေးနဲ့၊ ကျုပ်က ကျုပ်ကိုယ်တိုင် ဘောလုံးသမား ဖြစ်ခဲ့တဲ့သူဆိုတော့ ကျုပ်





www.burmeseclassic.com

www.burmeseclassic.com

သားကို ကိုယ်တိုင်စိတ်ကြိုက် လေ့ကျင့်ပေးထားတာ၊ ဘယ်ခြေရော ညာခြေပါကန်နိုင်အောင် စပယ်ရှယ် လေ့ကျင့်ပေးထားတာ၊ ဒီအတိုင်းသာ ဆိုရင် ဒီကောင် မကြာဘူး မြို့နယ်လက်ရွေးစင် လူငယ်အသင်းမှာ ပါဖို့ ကျိန်းသေပဲ"

ကိုညွန့်စိန်ကို အကြွားသန်လှသူဟု မည်သူမျှ မသတ်မှတ်ကြ။ သူ့ပြောစကားကို ကျေကျေနပ်နပ်ပင် လက်ခံကြသည်။ အပြောနှင့် လက်တွေ့ ညီနေသည့် အချိန်ဆိုတော့လည်း ထိုအတိုင်းပင် ဖြစ်ရပေမည်။

မကြာမီ ကိုညွန့်စိန်အား ပို၍ အပြောသန်စေမည့် အခြေအနေတစ်ခုက အချိန်မဆိုင်း ဆိုက်ရောက်လာပြန်သည်။ အခြားမဟုတ်ပါ။ ကိုညွန့်စိန်ကြီးကြပ်အုပ်ချုပ်သော ကျေးရွာ ဘောလုံးအသင်းက ထပ်မံ၍ ဒိုင်းဆုကြီး ဆွတ်ခူးလိုက်ခြင်းပင် ဖြစ်တော့သည်။

ကံကြီးကုန်းရွာသားများအတွက် နှစ်ထပ်ကွမ်းပျော်ပွဲကြီး ဆိုက်သွားရခြင်းပင်။ ကံကြီးကုန်းရွာသားများက ဝဲဒေါင့်သားများရှေ့တွင် ခေါင်းတမော့မော့ ရည်ဘမော့မော့၊ လက်မတထောင်ထောင်နှင့် လုပ်နိုင်ကြလေပြီ။

◆

ထိုနှစ်ကတော့ ဘောလုံးရာသီရောက်မီကပင် လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်။ ကျေးရွာတိုင်းလိုလိုပင် မိမိဘောလုံးအသင်းများကို အစွမ်းကုန် ပြင်ဆင်နေကြသည်။ ခြေစမ်း၊ ခြေသွေးပွဲများကို တစ်ရွာနှင့်တစ်ရွာ ချိန်း၍ ပြုလုပ်နေကြသည်။ မိမိအသင်း၏ အားသာချက်၊ အားနည်းချက်များကို စောင့်ကြည့် ပြုပြင်နေကြသည်။

ပြိုင်ဘက်များဖြစ်ကြသော ကံကြီးကုန်းနှင့် ဝဲဒေါင့်ရွာနှစ်ရွာအတွက်မှာ အထူးဆိုဖွယ်မရှိတော့ပြီ။ သူတို့ကိုယ့်အသင်းနှင့်ကိုယ် ကြိတ်၍ပြင်ဆင်လေ့ကျင့်နေကြသည်။ တစ်ဖက်အသင်း၏ အခြေအနေကိုလည်း ကြိတ်၍ သတင်းထောက်နေကြသည်။ အကဲခတ်နေကြသည်။ လာမည့် ဘောလုံးပြိုင်ပွဲကြီးအတွက် အကြီးအကျယ်အားခဲနေကြသည်။

"ဝဲဒေါင့်က မြို့နယ်ကျ ဘောလုံးသမားနှစ်ယောက်ကို သူတို့အသင်းမှာ ခေါ်ထားတယ်ဆိုပဲ၊ တစ်ယောက်က တိုက်စစ်မှူး၊ တစ်ယောက် ဂိုးသမားတဲ့၊ ဒီနှစ် သူတို့ဝဲဒေါင့်က ကျိန်းသေ ဒိုင်းရစေမယ်လို့လဲ ကြိမ်းဝါးနေဆိုပါလားဗျ"

အထောက်တော်ဟစ်ယောက်က ကိုညွန့်စိန်အား လာရောက်သတင်းပို့နေခြင်း ဖြစ်သည်။ လာမည့် ဘောလုံးပွဲမှာ အလွတ်တန်းပြိုင်ပွဲဖြစ်ရာ ဘောလုံးအသင်းတိုင်းအတွက် ကြိုက်ရာ ဘောလုံးသမားများကို ကြေးကြီးပေး၍ ငှားရမ်းလိုက ငှားရမ်းနိုင်ကြသည်။

အထက်ပါ သတင်းအရဆိုလျှင် ဝဲဒေါင့်က ခြေတစ်လှမ်းသာသွားတော့မည့် အခြေအနေကို ကိုညွန့်စိန် ရိပ်မိလေပြီ။ မိမိဘောလုံးအသင်းမှာက ထိုကဲ့သို့ ကြေးစားကစားသမားမျိုး မရှိသေး။ ကိုညွန့်စိန် စိတ်ပူရလေပြီ။

သို့သော် ကိုညွန့်စိန်၏ သောကကို ကူညီ ဖြေဖျောက်ပေးမည့်သူက အချိန်ကိုက်ဆိုသလိုပင် ရောက်ရှိလာသည်။ သူကား ကိုဝင်းလှိုင်ဆိုသူပင် ဖြစ်သည်။ ကိုဝင်းလှိုင်က မြို့ပေါ်ရှိ ပွဲရုံကြီးတစ်ခုမှ အဝယ်တော်တစ်ဦးဖြစ်သည်။ ထိုပွဲရုံကြီး၏ ပိုင်ရှင်က လာမည့် ပဲပေါ်ရာသီအတွက် ပဲများကို ကြိုတင်ငွေဖြန့်ပြီး ဝယ်ယူထားရန် ကိုဝင်းလှိုင်ကို စေလွှတ်လိုက်ခြင်းဖြစ်သည်။

ကိုဝင်းလှိုင်က ကိုညွန့်စိန်အိမ်မှာပင် တည်းခိုကာ ပဲတောင်သူများထံမှ ပဲများကို ကြိုတင်ငွေပေးစနစ်ဖြင့် ဝယ်ယူနေလေသည်။ သို့နှင့်ပင် ကိုဝင်းလှိုင်ထံမှ မမျှော်လင့်သောအကူအညီကို ကိုညွန့်စိန် ရယူလိုက်နိုင်ခြင်း ဖြစ်သည်။

"ဒီအတွက် ဘာမှမပူနဲ့ ကိုညွန့်စိန်၊ ခင်ဗျားတို့ ရွာအတွက် တိုက်စစ်မှူးကောင်းကောင်းတစ်ယောက်နဲ့ ခံစစ်မှူးကောင်းကောင်းတစ်ယောက်ကို ကျွန်တော် ရှာပေးမယ်၊ ဒီကောင်တွေက ကျွန်တော့် လူရင်းတွေ၊ ကျွန်တော် ဘောလုံးကစားနေတုန်းက ဒီကောင်တွေက ငယ်ငယ်ပဲ ရှိသေးတယ်၊ ခုတော့ မြို့နယ်လက်ရွေးစင်ကို ဘယ်နှကြိမ်တောင် ပါပြီးပြီလဲ မသိဘူး၊ ခြေစွမ်းမထက်မှာတော့ မပူနဲ့၊ ခင်ဗျား လုံးဝစိတ်ကြိုက်တွေ့စေရမယ်"

"ကောင်းပါလေ့ဗျာ၊ မြန်မြန်လေး လုပ်စမ်းပါ၊ ခင်ဗျား ပဲဝယ်ယူရေးကိစ္စကိုလဲ ကျုပ်တို့က ပြန်ပြီး ကူညီပါ့မယ်"

မကြာမီ ကိုဝင်းလှိုင်၏ ကောင်းမှုဖြင့် ထိုဘောလုံးသမားနှစ်ဦး ကျေးရွာသို့ ရောက်ရှိလာသည်။ ကိုဝင်းလှိုင်ပြောသလို တိုက်စစ်သမားတစ်ဦးနှင့် နောက်တန်းသမားတစ်ဦးပင် ဖြစ်သည်။ ထိုနှစ်ဦးအား ရွာခံ ဘောလုံးသမားများနှင့် ပူးတွဲလေ့ကျင့်စေရာ ထိုနှစ်ဦး၏ ခြေစွမ်းကို ကြည့်ပြီး ကိုညွန့်စိန်က များစွာ ဝမ်းသာအားရ ဖြစ်နေလေသည်။ ငွေအကုန်ခံ၍ ငှားရကျိုးနပ်လေပြီဟုလည်း ဘဝင်အကျကြီး ကျနေမိလေသည်။

ကိုညွန့်စိန်ကား အိမ်ကို ပစ်ထားပြီး ဘောလုံးကိစ္စကိုသာ လုံးပန်းနေတော့သည်။ ကိုညွန့်စိန်၏ဇနီး မလှမြင့်က ကျန်းမာရေး မကောင်းရှာ။ ခင်မောင်သော်အောက်က အငယ်မလေးကိုမွေးပြီး မကြာမီပင် မီးယပ်ရောဂါပေါ်လာပြီး တရှောင်ရှောင်နှင့် ဖြစ်သွားသည်။ သူ့ခမျာ အိပ်ရာထဲလဲနေရသည်ကသာ များသည်။ မလှမြင့်၏ ညီမ မလှဝင့်က အိမ်သို့လာကာ အစ်မဖြစ်သူကိုလည်း ပြုစုရင်း အိမ်မှုကိစ္စများကိုပါ ကူညီလုပ်ကိုင်ပေးနေရသည်။

ခင်မောင်သော်ကား ဖခင်နည်းတူ ဘောလုံးရူးတစ်ယောက် ဖြစ်သည်နှင့်အညီ ဖခင်သွားရာနောက်သို့သာ တကောက်ကောက်လိုက်နေတော့သည်။ ဖခင်နှင့်အတူ ကျေးရွာဘောလုံးအသင်း

www.burmeseclassic.com

အတွက် ကူညီ လုပ်ကိုင်ပေးနေရင်း ဘောလုံးကွင်းတစ်ဝိုက်မှာသာ တဝဲလည်လည် လုပ်နေတော့သည်။

သို့နှင့်ပင် မျှော်လင့်စောင့်စားနေကြသော ဘောလုံးပွဲကြီးက စတင်ခဲ့ပါလေပြီ။

♦

ကံကြီးကုန်းဘောလုံး အသင်းကား လွန်စွာ ခြေစွမ်းကောင်းလှသည်။ အုပ်စုပတ်လည်ပွဲများအား အခက်အခဲမရှိ ကျော်ဖြတ်နိုင်ခဲ့သည်။ တစ်ဖန် ကွာတား၊ ဆီမီးပွဲများကိုပါ အကြိတ်အနယ် ခြေစွမ်းပြ အနိုင်ယူပြီးနောက် ဗိုလ်လုပွဲကြီးဆီသို့ပင် တက်လှမ်းနိုင်ခဲ့သည်။

ကံကြီးကုန်းအသင်းကို လူတိုင်းကပင် ချီးကျူးကြသည်။ ဤအသင်းကပင် ချန်ပီယံဘွဲ့ကို ဆက်ထိန်းပြီး ဗိုင်းရသွားလိမ့်မည်ဟု ထင်ကြေးပေးနေကြသည်။

ကံကြီးကုန်းအသင်းနှင့် ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ပြီး ဗိုလ်လုရမည့် အသင်းက အခြားအသင်းမဟုတ်ပေ။ သူတို့၏ အိမ်နီးနားချင်း မဟာပြိုင်ဘက်ကြီး ဝဲဒေါင့်ရွာဘောလုံးအသင်းပင် ဖြစ်တော့သည်။ ထို့ကြောင့်ပင် ထိုရွာနှစ်ရွာလုံးမှ ရွာသူရွာသားများအားလုံးကပင် ဗိုလ်လုပွဲအတွက် တက်ကြွနေကြသည်။ စိတ်စောနေကြသည်။

ထို့ပြင် ထိုရွာနှစ်ရွာ၏ ခတ်နေခြင်းကို သိရှိထားကြသော အခြားကျေးရွာသားများကပါ ထိုအကြိတ်အနယ်ပွဲကြီးအား အထူးပင် မျှော်လင့်စောင့်စားနေကြတော့သည်။ သို့သော် ဝဲဒေါင့်မှာ ကံကြီးကုန်းလောက် ခြေမပေါ်သဖြင့် ဗိုလ်စွဲရန် ရေပန်းမစားလှပေ။ ကံကြီးကုန်းသာ အနိုင်ရသွားလိမ့်မည်ဟု တထစ်ချ တွက်ဆထားကြသည်။

ဗိုလ်လုပွဲ မစမီ တစ်ရက်အလိုတွင် မြို့ပေါ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ဝဲဒေါင့်သားများနှင့် ကံကြီးကုန်းသားများ တွေ့ဆုံမိကြသည်။ ဤတွင် ဝဲဒေါင့်ရွာလူကြီးကိုချစ်ကောင်းက ကိုညွန့်စိန်အား စတင်ပြီး စိန်ခေါ်လိုက်သည်။

"ဟေ့ ညွန့်စိန်၊ သတ္တိရှိရင် မင်းနဲ့ငါ ဗိုလ်လုပွဲအတွက် ကြေးထပ်လိုက်မလား"

"အောင်မာ မင်းက စိန်ခေါ်ရင် ငါက ဘာလို့ မလိုက်ရဲရမှာလဲ၊ ဘယ်လောက်ကြေးလဲ ပြောကောင်"

ကိုချစ်ကောင်းက သူ့လူများနှင့် ပြန်ပြီး တိုင်ပင်နေသည်။ ကိုညွန့်စိန်ကလည်း အတူပါလာသော ကိုဝင်းလှိုင်ကို တိုင်ပင်နေသည်။ လောင်းကြေးထပ်ရမည်ဆိုပါက ကိုဝင်းလှိုင်ထံမှ ငွေ ခေတ္တလှည့်ပေးနိုင်ပါမည်လားဟု မေးလိုက်သည်။ ကိုဝင်းလှိုင်က လှည့်ပေးပါမည်ဟု ဝန်ခံလေသည်။

ကိုချစ်ကောင်း အသံက ပေါ်လာသည်။

"သိန်းနှစ်ဆယ်ကြေး၊ ပြောကောင် ဘယ့်နှယ်လဲ"

"စိန်လိုက်ကွ၊ ဘယ်သူ့ကို ဗိုင်ထားမလဲ"

"ကွင်းထဲရောက်မှ သင့်ရာလူကို ငွေကိုင်ခိုင်းမယ်၊ နိုင်တဲ့သူက ငွေထုပ်ကို ယူသွားရုံပေါ့"

"ကြိုက်ပြီဟေ့"

ဘောလုံးပွဲကား ပို၍ ဇာတ်ရှိန်မြင့်လေပြီတည်း။ ထိုကြေးထပ်သည့် သတင်းက တစ်ဦးနားမှ တစ်ဦးနားသို့ တီးတိုးပျံ့နှံ့သွားခြင်းနှင့်အတူ အများ၏ စိတ်ဝင်စားမှု ဒီရေသည်လည်း မြင့်သည်ထက် မြင့်တက်သွားတော့သည်။

♦

ဗိုလ်လုပွဲ ကစားသောနေ့။

ပရိသတ်မှာ မျှော်လင့်ထားသည့်အတိုင်း ကွင်းပြည့်ကွင်းလျှံဖြစ်သွားသည်။ ကံကြီးကုန်းရော၊ ဝဲဒေါင့်ပါ ရွာလုံးကျွတ်လိုက်ပါ အားပေးကြသည်။ မြို့ပေါ် ပရိသတ်နှင့် အခြားကျေးရွာများမှ ပရိသတ်များပါ ဤပွဲကို အရေးထားစွာ စိတ်ဝင်စားစွာဖြင့် လာရောက်ကြည့်ရှုကြသည်။

ထိုလူထု ပရိသတ်များအနက် ဤ ဘောလုံးပွဲကို အာရုံ အစိုက်ဆုံး၊ အရေးအထားဆုံး ပုဂ္ဂိုလ်နှစ်ဦးအား ပြရမည်ဆိုပါက ကိုညွန့်စိန်နှင့် ကိုချစ်ကောင်း တို့နှစ်ဦးကိုသာ ပြရပေတော့မည်။ သူတို့က လောင်းကြေးငွေထုပ်များကို အလယ်မြောင်ကျေးရွာမှ ဦးသာဒွန်းဆိုသူထံ အပ်နှံထားကြပြီး သူတို့ ကိုယ်တိုင်ကမူ ဦးသာဒွန်းနှင့် မလှမ်းမကမ်းတွင် ကိုယ့်အဖွဲ့နှင့်ကိုယ် အားပေးနေကြလေသည်။

လောင်းကြေး ထပ်ကြရာ၌ ကိုချစ်ကောင်းက စီးပွားရေးချောင်လည်သူပီပီ သူ၏ကိုယ်ပိုင်ငွေဖြင့် ကြေးတင်ခြင်း ဖြစ်သော်လည်း ကိုညွန့်စိန်ကမူ ဆိုခဲ့သည့်အတိုင်း ကိုဝင်းလှိုင် ပံ့ပိုးမည့် ငွေများထံမှ ခေတ္တလှည့်ယူကာ ကြေးတင်ထားခြင်း ဖြစ်လေသည်။

မည်သို့ဆိုစေ ကိုညွန့်စိန်က သူ့အသင်းမှချနိုင်ရမည်ဟု ယုံကြည်မှတ်ယူထားပြီး သူ့အနေနှင့် စိတ်ချလက်ချ ဖြစ်နေသလို တက်တက်ကြွကြွလည်း ဖြစ်နေတော့သည်။

ဘောလုံးပွဲကားအကြိတ်အနယ်ရှိသင့်သလောက်တော့ ရှိပါသည်။ သို့သော် ကိုညွန့်စိန်ယုံကြည်ထားသလို မိမိအသင်း၏ ကစားပုံက ကောင်းသင့်သလောက် မကောင်းလှပုံအား မျက်မြင်တွေ့လာရသည်။ အထူးသဖြင့် သူတို့ ငှားရမ်းထားသော တိုက်စစ်မှူးနှင့် ခံစစ်မှူး နှစ်ဦးစလုံးပင် ယနေ့ပွဲကျမှ သိသိသာသာ ခြေကျနေသည်ကို ကိုညွန့်စိန် သတိပြုမိသည်။

သို့နှင့်ပင် ဝဲဒေါင့်အသင်းဘက်က ပို၍ ဖိကစားလာခြင်းကို ခံလာရပြီးနောက် ဝဲဒေါင့်ကပင် ဖွေဆော်ဦးဂိုးသွင်းသွားခဲ့လေပြီ။ ထိုဂိုးမှာ အငှားခံစစ်မှူး၏ အမှားမှ တစ်ဆင့် ဂိုးသွင်းခွင့်ရသွားခြင်း ဖြစ်တော့သည်။





www.burmeseclassic.com

www.burmeseclassic.com

ကိုညွန့်စိန် နည်းနည်းတော့ ပြာ သည်။ သို့သော် စိတ်က ခိုင်မာ ဲပင်။ သူ့အသင်းအပေါ် ယုံကြည် ဲပင်။ သူ ယုံကြည်သည့်အတိုင်း မကြာမီပင် ကံကြီးကုန်းအသင်း တစားပုံက ပြန်၍ ကောင်းမွန်လာ ည်။ အချိတ်အဆက်ပြန်မိလာသည်။ က်အသင်းကို ပြန်ဖိလာသည်။ လု အနေအထားသို့ ရောက် တ်လာသည်။ သို့သော် အင်္ဂါးတိုက် ၏ ခြေချော်မှုကြောင့် ဂိုးရမည့် ွင့်အရေးများ ဆုံးရှုံးနေလေရာ န့်စိန်မှာ အားမလို အားမရ ဖြစ် ာ နေရလေတော့သည်။

သို့နှင့် ပွဲပြီးခါနီး အချိန်သို့ ည်းဖြည်း ရောက်ရှိလာသည်။ ွင့်ရွာသားများ၏ ကြွေးကြော်အော် သံများက တစ်ကွင်းလုံး ဆူညံနေ ည်။ ကိုညွန့်စိန် ခြေမကိုင်မိ လက် င်မိဖြစ်နေရချေပြီ။ ပျာယာခတ်နေ ပြီ၊ ထိုအချိန်မှာပင် ကံကြီးကုန်း တ်ဘက်မှာ အုန်းခနဲ ထအော် သည့် အသံကြီးက ထွက်ပေါ် လေရာ မိမိအသင်းက ဂိုးပြန်ရှုံး ပြီလောဟု ကိုညွန့်စိန်က ခေါင်း င် ကြည့်လိုက်မိသည်။

ဂိုးရှုံးလိုက်ခြင်းကား မဟုတ်ပါ။ ာ် ဒိုင်လူကြီးက ကံကြီးကုန်းဘက် ယ်နယ်တီကန်ခွင့် ပေးလိုက်ပြီ ။ ကိုညွန့်စိန် ဝမ်းသာအားရ ကျူး ်လိုက်မိသည်။ ပယ်နယ်တီရမှ ဂိုးရခြင်းနှင့် အတူတူပင် မဟုတ် ။

အင်္ဂါးတိုက်စစ်မှူးကပင် ပယ် ီကို ကန်ရန်ပြင်သည်။ ဘောလုံး ာသေချာချာတည်သည်။ နောက် ်သည်။ ထို့နောက် ဘောလုံးကို ်သွင်းလိုက်သည်။

သည်တစ်ခါတော့ ဝေါခနဲထွက် ာသော အသံကြီးက ကံကြီး က်မှ မဟုတ်ဘဲ ဝဲဒေါင့်ဘက်မှ လေသည်။

အကြောင်းမှာ ထိုတိုက်စစ်မှူး ကန်သွင်းလိုက်သော ဘောလုံးက ဝဲဒေါင့်ဂိုးပေါက်နှင့် သုံးတောင်ခန့်အကွာ မှ ဘေးထွက်သွားခြင်းကြောင့်ပင် ဖြစ် တော့သည်။

ကိုညွန့်စိန် မျက်လုံးတွေ ပြာ သွားသည်။ ခေါင်းထဲကပါ မိုက်ခနဲဖြစ် သွားသည်။ မကြာမီ ဒိုင်လူကြီးထံမှ ပွဲသိမ်းခရာမှုတ်လိုက်သံနှင့်အတူ လော ကကြီးတစ်ခုလုံးက အိုးထိန်းစက်ကဲ့သို့ ချာချာလည်သွားရတော့သည်။

♦

ဒိုင်းရသွားသော ဝဲဒေါင့်ဘက် တွင် တစ်ရွာလုံး လှုပ်ရှားသက်ဝင်နေ သည်။ အိုးစည်ဒိုးပတ်သံ တညံညံဖြင့် ခြိမ့်ခြိမ့်သဲမျှ အောင်ပွဲခံနေသည်။ ကံ ကြီးကုန်းဘက်တွင်မူ ကျိုးနှင့် ဖုတ်ဖုတ် ဖြစ်နေသည်။ ခြောက်ကပ်တိတ်ဆိတ် နေသည်။ သို့သော် ရွာသားများက ဟိုနားစုစု၊ သည်နားစုစုဖြင့် ပြီးခဲ့သည့် ဘောလုံးပွဲအပေါ် ဝေဖန်နေကြသည်။ ငြင်းချက်ထုတ်နေကြသည်။ မချိတင်ကဲ တဖျစ်ဖျစ်တောက်တောက် ဖြစ်နေကြ သည်။

ကိုညွန့်စိန်ကား ဆိုဖွယ်မရှိတော့ ပြီ။ ဘောလုံးပွဲမှ ပြန်လာပြီးနောက် အိပ်ရာထဲဝင်ကာ စောင်ခေါင်းမြီးခြုံပြီး အိပ်နေတော့သည်။ ထူးလည်းမထူး၊ ထလည်း မထတော့သလို မည်သူနှင့်မျှ လည်း စကားမပြောတော့။ စင်စစ် ဘောလုံးပွဲရှုံးခြင်းမှာ သူ့ဘဝတစ်ခုလုံး ရှုံးသွားခြင်းပင် ဖြစ်တော့သည်။

ခင်မောင်သော်ကိုယ်တိုင် စိတ် ထိခိုက်မိသည်။ မိမိရွာအသင်း ဘောလုံး ရှုံးရခြင်းအပြင် ဖခင်၏ ရှုံးနိမ့်မှုအတွက် ပါ နှစ်ထပ်ကွမ်း စိတ်ဆင်းရဲရသည်။ သတင်းစုံကို တစ်ဆင့်စကား တစ်ဆင့် နားဖြင့် ကြားသိပြီးလေပြီမို့ မလှမြင့် သည်လည်း ကြိမ်မီးအုံးသလို ဖြစ်နေရ သည်။ သူ့ခမျာ လင်ဖြစ်သူကို နှစ်သိမ့် လိုသော်လည်း ကိုယ်တိုင်က အိပ်ရာမှ မထနိုင်ရှာသူမို့ ကျိတ်၍သာ မျက်ရည် ကျနေရလေသည်။

ထိုအချိန်မှာပင် အဝယ်တော် ကိုဝင်းလှိုင်က ထပ်မံ၍ မြွေပူရာ ကင်း မှောင့်လာခဲ့ပြန်ချေပြီ။

“လုပ်ဦး ကိုညွန့်စိန် လုပ်ဦး၊ ကျွန်တော့်ကို ပိုက်ဆံပြန်လှည့်ပေးဦး၊ အဲဒီပိုက်ဆံက ကျွန်တော့်ပိုက်ဆံမဟုတ် ဘူး၊ ပွဲစားပိုက်ဆံ၊ ပွဲစားက သိရင် ကျွန်တော့်ကို တီးလိမ့်မယ်ဗျ”

“အေးပါဗျာ ကျွန်တော်ပြန်ပေး ပါ့မယ် စိတ်ချပါ”

“စိတ်ချဆို ကြာနေလို့ မဖြစ်ဘူး နော်၊ ဒီတစ်ရက် နှစ်ရက်အတွင်းကို ပြန် လုပ်ပေးမှ ဖြစ်မယ်၊ မဖြစ်ဖြစ်အောင် ပြန်ရှာပေးစေချင်တယ်ဗျာ”

“ဟုတ် ဟုတ်ကဲ့ပါ”

အာမဝန္တာခံလိုက်ရသော်လည်း သိပ်အားမရှိလှ။ သူ့လေသံက ပျော့နေ သည်။ ပျော့ဆို ကိုယ့်အကြောင်းကိုယ် သိနေမှကိုး။ အရေးပေါ်လာ၍မှ ဘာမျှ ထုစရာခွဲစရာ မရှိလေသော မိမိအဖြစ်။ ဤမျှ ငွေလုံးငွေခဲကြီးကို မည်သူကမျှ ထုတ်ချေးနိုင်ဖွယ် မမြင်သော အဖြစ်။ ချေးခဲ့ပါလျှင်လည်း မည်ကဲ့သို့ ပြန်ဆပ် ရမည်ကို မစဉ်းစားတတ်၊ မကြံဆတတ် လေသောအဖြစ်။

ကိုညွန့်စိန်တစ်ယောက် ငိုင်တွေ ၍သာနေရလေပြီ။ ညှိုးမှိုင်၍သာ နေရ လေပြီ။ ခင်မောင်သော်ကား ဖခင်အဖြစ် ကို ကြည့်၍ မချိအောင် ခံစားနေရသည် မှတစ်ပါး အခြား ဘာမျှမတတ်နိုင်။

♦

ထိုနေ့ညနေပိုင်းတွင် သားအဖ နှစ်ယောက် ပေါက်တူးတစ်လက်စီ ထမ်း ကာ လယ်တောဘက်သို့ တိတ်တိတ် ဆိတ်ဆိတ် ထွက်လာခဲ့ကြသည်။ သူတို့ လယ်ကွင်းက ကျေးရွာသုသာန် အနီး တွင် တည်ရှိသည်။ လယ်ကွင်းထဲရောက် သည်နှင့် သားအဖနှစ်ယောက် ကတွတ် ပေါက်များကို ဖာတန်ဖာ၊ ပိတ်တန်ပိတ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ကြသည်။ လယ်ကွက်ထဲမှ ရေများကိုလည်း သွင်းတန်သွင်း၊ ထုတ်တန်ထုတ် ပြုလုပ်ကြသည်။

တစ်အောင့်ကြာသော် ကိုညွန့်စိန်က သားဖြစ်သူ အပါးသို့ လျှောက်လာသည်။ သူ့မျက်နှာတွင် ချွေးတွေလား၊ မျက်ရည်တွေလား မသိ အိုင်ထွန်းနေသည်။ ထို့နောက် သားဖြစ်သူ၏ပခုံးကို လက်နှစ်ဖက်ဖြင့် တင်းတင်းဆုပ်သည်။ အသံတိုးတိုးဖြင့်လည်း ပြောသည်။

"ငါ့သား မင်းအမေကို စောင့်ရှောက်ရစ်နော်"

ထိုမျှသာပြောပြီး ချာခနဲ လှည့်ထွက်သွားသည်။ ခင်မောင်သော်က "အဖေ ဘယ်သွားမလို့လဲ" ဟု မေးလိုက်သေးသည်။ ကိုညွန့်စိန်က "ဒီနားခဏပါကွာ၊ ကိစ္စလေးရှိလို့" ဟုသာ ပြောသွားသည်။ သုသာန်ဘက်သို့ လျှောက်သွားသည်။ ကွင်းစပ်က တောအုပ်များနောက်တွင် ဝင်ရောက်ပျောက်ကွယ်သွားသည်။

ခင်မောင်သော်က လုပ်မြဲတိုင်း ဆက်လုပ်နေသည်။ ကိုညွန့်စိန်ကား တော်တော်နှင့် ပြန်ပေါ်မလာ။ အချိန်က တစ်နာရီပြီး တစ်နာရီကုန် လွန်သွားသည်။ ခင်မောင်သော်က ဖခင်ကိုသာ စောင့်မျှော်နေသည်။ ပေါ်မလာနိုင်သည့်အဆုံး ဖခင်ထွက်သွားရာဘက်သို့ နောက်က လိုက်သွားလိုက်မိသည်။

ဖခင်၏ အရိပ်အခြည်ကိုလည်း တွေ့လို တွေ့ငြား ရှာဖွေနေမိသည်။

တဖြည်းဖြည်း သုသာန်ဇရပ်ဘေးသို့ ရောက်လာသည်။ ဤတွင် ဇရပ်ဘေးက သစ်ပင်ကြီးတစ်ပင်အား အမှတ်မထင် မော့ကြည့်လိုက်မိရာ သူ့တစ်ကိုယ်လုံး တုန်လှုပ်သွားတော့သည်။ မှင်တက် အံ့ဩမိခြင်းနှင့်အတူ သူ့ရင်ထဲတွင်လည်း ဆို့တက်သွားတော့သည်။

သစ်ပင်အောက်သို့ တစ်ဟုန်ထိုး ပြေးသွားလိုက်သည်။

ထို့နောက်တွင်တော့. . .

"ဟီး ဟီး ဟီး ဘာလို့ ဒီလိုလုပ်ရတာလဲ အဖေရ၊ ကျွန်တော်တို့ကို ဘာလို့ခွဲသွားရတာလဲဗျ၊ ဟီး ဟီး ဟီး"

တွဲလောင်းကျနေသော ဖခင်၏ ခြေနှစ်ချောင်းကို လက်ဖြင့် တင်းတင်းပိုက်ထားကာ ခင်မောင်သော် တစ်ယောက် ငိုကြီးချက်မ ဖြစ်နေရှာလေသတည်း။

♦

"အဲဒါပဲ ကိုယ့်လူ၊ အမှန်တော့ ကိုချစ်ကောင်းဆိုတဲ့လူက ဖျံကျသွားတာဗျ၊ သူ လူလည်ကျတာကို ကိုညွန့်စိန်က ခံသွားရတာ၊ တကယ်တော့ ကံကြီးကုန်းဘက်က ပေးလိုက်ရတဲ့ ဂိုးက ငှားထားတဲ့ ခံစစ်မှူးလုပ်တဲ့ကောင် တမင်ဟ,ပေးလိုက်လို့ ဝဲဒေါင့်က ရှုံးသွားတာဗျ၊ နောက်ပြီး ငှားထားတဲ့ တိုက်စစ်မှူးက ပယ်နယ်တီကန်တဲ့နေရာမှာလဲ တမင်ဘေးကန်ထုတ်ပစ်လိုက်တာဗျ၊ ဗိုလ်လုပွဲ မစမီမှာပဲ ကိုချစ်ကောင်းက အဲဒီနှစ်ယောက်ကို တစ်ယောက် ငါးသိန်းစီပေးပြီး လာဘ်ထိုးထားတာ၊ ဒါကြောင့် ဒီကောင်တွေက ကပျက်ကချော်ကန်ပြီး ဝဲဒေါင့်ဘက်ကနေ ပင်းသွားတာ၊ ကိုချစ်ကောင်းက ကိုညွန့်စိန်ဆီက ရတဲ့ ငွေနဲ့ပဲ ဒီကောင်တွေကို ခေါက်ဆွဲ ကျွေးလိုက်တာ၊ ကိုညွန့်စိန်ကို သူ့အရိုးနဲ့ သူ့ပြန်ထိုးသွားတာ၊ ကိုညွန့်စိန်ခမျာမှာတော့ အသက်ပါ ပေးလိုက်ရရှာတယ်၊ ရှင်းပြီလား ကိုယ့်လူ"

"ကျွတ် ကျွတ်. . . ကြေကွဲစရာ အဖြစ်အပျက်ပဲဗျာ၊ ခင်ဗျားပြောမှပဲ ကျွန်တော်သိရတယ်"

"ကိုညွန့်စိန် ဆွဲကြိုးချသေပြီးတဲ့နောက် မလှမြင့်လဲ သွေးတက်ပြီး လိုက်သေရှာတာပါပဲ၊ ခင်မောင်သော်တို့ မောင်နှမခမျာ မိဘမဲ့ပြီး ကျန်ရစ်ခဲ့ရရှာတယ်၊ သူ့အဘိုး အဘွားတွေကဆက်ပြီး စောင့်ရှောက်ခဲ့လို့၊ ကျောင်းထားပေးခဲ့လို့သာ သူ ဒီဘဝအထိတက်နိုင်ခဲ့တာ။

အဲဒီကတည်းကစပြီး ဘောလုံးလောကကိုရော၊ ဘောလုံးပွဲတွေကိုရော တစ်ခါတည်း ကျောခိုင်းလိုက်တော့တာပဲ၊ သူ ဘယ်လောက်အထိ စိတ်နာသွားသလဲဆိုရင် ဘောလုံးကွင်းဘက်ကို ယောင်လို့တောင်မှ မသွားတော့တဲ့ အထိပဲ"

"ဖြစ်သင့်တယ်ဗျာ၊ ဖြစ်သင့်တယ်၊ ဒီလူ့ခံစားချက်ကိုလဲ အခုမှပဲ သဘောပေါက်တော့တယ်"

"သူ ဘောလုံးပွဲကို မုန်းသွားတဲ့က သူများနဲ့ကို မတူဘူး၊ ဒီဘဝတင်မက နောက်ဆယ်ဘဝတိုင်အောင် ဘောလုံးကို မုန်းသွားဦးမယ့်ပုံပဲ၊ ကျွန်တော့်ကိုလဲ အဲဒီအတိုင်းပဲ သူပြောဖူးတယ်"

"အေးဗျာ စိတ်မကောင်းပါဘူး သူ့ကိုလဲ လက်မှတ်မရောင်းတော့ပါဘူး ဒါပေမယ့် သူ့ရဲ့ ဆယ်ဘဝအမုန်းဆိုတာကတော့ နည်းနည်းများလွန်းပါတယ်၊ အခုအချိန်မှာ အားကစားလောကရဲ့ အစွန်းအကွက်တွေ၊ အမည်းစက်တွေ၊ အညစ်အကြေးတွေကို တတ်နိုင်သလောက် ချေဖျက်နေပါပြီ၊ ရှင်းလင်းနေပါပြီဆိုတဲ့ အကြောင်းကိုတော့ ဖြစ်နိုင်ရင် သူ့ကို သိစေချင်ပါတယ်ဗျာ သိစေချင်ပါတယ်"

ထိုအချိန်မှာပင် ကိုခင်မောင်သော်က လက်ဖက်ရည်ဆိုင်အတွင်းသို့ ပြန်ဝင်လာသည်။ ခေါင်းငုံ့ကာ လျှောက်လာနေသော ကိုခင်မောင်သော်ကို နှစ်ယောက်သား ပြိုင်တူလိုလို လှမ်းကြည့်လိုက်မိကြသည်။

ဤတွင် ကိုခင်မောင်သော်အား လှမ်းကြည့်လိုက်ကြတာချင်း အတူတူ အား/ကာမှူး၏ မျက်ဝန်းထဲ၌ ကရုဏာရိပ်များ ပိုမိုယှက်သန်းရစ်ဝဲလျက်ရှိသည့် အဖြစ်ကိုတော့. . .။

ရဲမြတ်ထင်

❑





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဆရာဦးဌေးအောင်သည် ပါလာသော စာအုပ်ကို စားပွဲပေါ်တင်လိုက်သည်။ ဤအတန်း၏ကျောင်းသားခေါင်းဆောင်သည် လိမ္မာယဉ်ကျေးသူဖြစ်သည်။ စားပွဲပေါ်ရှိ ပန်းအိုးတွင် နှင်းဆီပန်းနီနီလေးကို တယုတယ စိုက်ထိုးထားသည်။ ဦးဌေးအောင်က နှင်းဆီပန်းရနံ့လေးကို ရှူရှိုက်ရင်း စိတ်ချမ်းမြေ့စွာ ထိုင်ခုံပေါ်သို့ ညင်သာစွာ ထိုင်လိုက်သည်။

"ဆရာ . . . ဟိုကျောင်းဝမှာ ရန်ဖြစ်နေတယ်"

"ဟေ ဘယ်အတန်းကလဲ"

အထက်တန်းကျောင်းတွင် တန်းခွဲပေါင်းစုံ၊ အတန်းပေါင်းစုံရှိသည်မို့ ဆရာဦးဌေးအောင်က ခပ်ပေါ့ပေါ့ မေးလိုက်သည်။

"ကျွန်တော်တို့အတန်းက ကျော်ထူးနဲ့ အခြားအတန်းက ကျောင်းသားတွေ ဖြစ်နေတာပါ၊ ဆရာလုပ်ပါဦး"

ကျောင်းသား ခေါင်းဆောင်က ပျာပျာသလဲ ဖြစ်နေသဖြင့် ဆရာဦးဌေးအောင်မှာ ထလိုက်သွားရသည်။

အတော်လှမ်းလှမ်းတွင် ကျောင်းသား နှစ်ဦးနှင့် ကျော်ထူးတို့ ရန်ပွဲကို တွေ့နေရသည်။ အနီးတွင် ကျောင်းသူတစ်ဦးက ရပ်လျက်ရှိသည်။

ဆရာဦးဌေးအောင်က ခပ်သွက်သွက်လျှောက်သည်။ ရန်ဖြစ်နေသော ကျောင်းသားတစ်ဦးက တုတ်ပိုင်းတစ်ခုကိုကောက်ယူလိုက်သည်။ ကျော်ထူး၏ ခေါင်းကို ရိုက်ရန် ကြိုးစားသည်။ ထိုစဉ် ရပ်ကြည့်နေသော ကျောင်းသူက တုတ်ယူလာသူ ကျောင်းသားကို ခုန်အုပ်ပြီး ပခုံးကို ကိုက်လိုက်သည်။

"ဟော့ကောင်တွေ ရပ်စမ်း"

ဆရာ ဦးဌေးအောင်သည် အရိုက်ကြမ်းသူဟု ကျောင်းတွင် နာမည်ကြီးသည်။ လူဝ သလောက် အသံက ဟိန်းနေသည်။ တုတ်ကိုင်သူ ကျောင်းသားက ရှန်းခါသဖြင့် ကျောင်းသူမှာ ခပ်လှမ်းလှမ်းတွင် ပုံလဲကျသွားသည်။

သို့သော် ချက်ချင်းထပြီး ထဘီပြင်ဝတ်သည်။

"အမယ်လေး . . . ခွေးမ"

"ခွေးကောင်"

တုတ်ကိုင်သော ကျောင်းသားက မကျေမချမ်းဖြင့် ကြည့်နေစဉ် ဆရာဦးဌေးအောင်က အနီးသို့ရောက်သွားသည်။ ထိုကျောင်းသား၏ ပခုံးတွင် သွေးစများကို တွေ့ရသည်။

လက်က တုတ်ကိုမှ မချသေး ချေ။

"ဟော့ကောင် တုတ်ချစမ်း၊ မင်း ဘယ်အတန်းကလဲ"

"ရှစ်တန်း အက်ဖ်ကပါ ဆရာ"

"အမယ် တင်မောင်နဲ့ ကျော်ဦး မင်းတို့က ငါ့လက်ထွက်တွေပဲ"

# နေမဝ
# တစ်ပါးသူ့အတွက်
# အချစ်ဆုံး







www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးဌေးအောင်က ပြောရင်း ရန်ဖြစ်ကြသူများကို ကြည့်လိုက်သည်။ သူ့အတန်းမှ ခုနစ်တန်းကျောင်းသား ကျော်ထူးမှာ နားထင်တွင် ဖူးရောင်နေပြီး နှုတ်ခမ်းထောင့်တွင် သွေးများလျှံနေသည်။ ကျန်နှစ်ဦးမှာလည်း အလားတူ ပွန်းပဲ့ပေါက်ပြဲကြသူများ ဖြစ်ကြသည်။ ကျောင်းသူက ဘာမျှ မဖြစ်သော်လည်း ရွှံ့ပေနေသော ထဘီကို တိုနံ့နံ့ ဝတ်ထားသည်။

"မင်းတို့ စာသင်ဖို့ လာတာ မဟုတ်ဘူး၊ ပြဿနာရှာဖို့ လာတဲ့ကောင်တွေ၊ လေးယောက်လုံး လိုက်ခဲ့စမ်း"

ဆရာ ဦးဌေးအောင်က ဦးဆောင်ပြီး သူ့အခန်းသို့ ခေါ်သွားသည်။ ကျောင်းသားအများစုက ဝိုင်းအုံကြည့်သော်သည်း အနားမကပ်ရဲချေ။ ဆရာဦးဌေးအောင်အကြောင်းသိသူ တပည့်ကများသည်မှို့ ခပ်လှမ်းလှမ်းက လိုက်ကြသည်။

အတန်းတွင်းသို့ ရောက်လျှင် ဆရာဦးဌေးအောင်၏ အသံက ဟိန်းထွက်လာသည်။

"လေးယောက်လုံး လက်ပိုက်ရပ်လိုက်၊ **ဟိုကျောင်းသူ** သူတို့နဲ့ ခပ်ဝေးဝေးမှာ ရပ်စမ်း"

လေးယောက်လုံး **ခုံပေါ်တက်** လက်ပိုက်ပြီး ရပ်ရသည်။ **မေနွယ်နီက** ကျောင်းသားသုံးဦးနှင့် တစ်တန်းတည်း ရပ်သောကြောင့် ခပ်ဝေးဝေးမှာ ရပ်စေခြင်း ဖြစ်သည်။

"ကြိမ်လုံးပေး ခါးတောင်းကျိုက်လိုက်စမ်းဟေ့၊ ဟိုကျောင်းသူ မပါဘူး"

ပြုံတစ် ပြုံတစ်လုပ်နေသော ကျောင်းသားအချို့က ဆရာ ဦးဌေးအောင်၏အမိန့်ကို မဝံ့မရဲဖြင့် ခပ်တိုးတိုးပြောကြသည်။

"ဆရာက မတရားဘူး၊ မေနွယ်နီပါ ခါးတောင်းကျိုက်ရမှာ" ဟု တိတ်တိတ်ဆိုကြသည်။

အပြစ်ရှိသူ ကျောင်းသားများမှာ ဆရာဦးဌေးအောင်၏တပည့်များ ဖြစ်သည်နှင့်အညီ အထာသိကြသည်။ ဖင်လေးတွေ ပြောင်နေအောင် ခါးတောင်းကျိုက်ထားကြသည်။

သူတို့က ကြိမ်လုံးယူပေးသော ကျောင်းသားခေါင်းဆောင်ကို ဒေါသဖြစ်ကြသည်။ သို့သော်လည်း အပြစ်မဟုတ်ချေ။ ပညာ၊ စည်းကမ်း၊ ရန် ဟူသော ကြိမ်သုံးလုံးအနက် "ရန်" သမုတ်ထားသော ရန်ဖြစ်လျှင် ရိုက်သည့် ကြိမ်လုံး တုတ်တုတ်ကို ယူလာခြင်းကြောင့် ဖြစ်သည်။

မသိဟန်ဆောင်ပြီး သက်သက်သာသာကြိမ်ကို ယူပေးမိက ပထမဆုံး အဆော်ခံရမည်မှာ ကျောင်းသား ခေါင်းဆောင်ဖြစ်သည်။ ကိုယ်ချင်းစာစိတ်ဖြင့် ခွင့်လွှတ်လိုက်ရသည်။

"ရွှမ်း. . ရွှမ်း. . ရွှမ်း. . "

တစ်ဦးလျှင် သုံးချက်စီရိုက်ခြင်းမို့သာ တော်တော့သည်။ သုံးဦးသား တုန်တုန်ရီရီနှင့် လိမ်တွန့်ကွေးကောက်နေကြသည်။ မေနွယ်နီအလှည့် ရောက်ချေပြီ။ ကျော်ထူးတို့ကိုကြည့်ပြီး မေနွယ်နီမှာ တုန်တုန်ချည့်ချည့်ဖြစ်လာသည်



www.burmeseclassic.com

www.burmeseclassic.com

"ကျောင်းသူဆိုပြီး လက်သည်းနီ ခြေသည်းနီ နှုတ်ခမ်းနီ ပါးနီတွေနဲ့၊ နင့်ကြောင့် ဒီရန်ပွဲ စဖြစ်တာ၊ နောက်တစ်နေ့ ဒီရုပ်ကို မကြည့်ချင်ဘူး ကြားလား"

"ရှမ်း"

"အမယ်လေး"

မေနွယ်နီသည် အသည်းခိုက်အောင် နာသွားသဖြင့် လန့်အော်မိသည်။ ဆရာဦးဌေးအောင် စုံစမ်း သိရှိသကဲ့သို့ ရန်ပွဲဖြစ်ရသည်မှာ မေနွယ်နီကြောင့် ဖြစ်သည်။

ကျော်ထူးနှင့် မေနွယ်နီတို့ ကျောင်းတက်လာစဉ် တင်မောင်က လေချွန်ပြီး ကျော်ဦးက မေနွယ်နီကို ဝင်တိုက်သည်ဟုဆိုသည်။ ကျော်ထူးက ပြန်ပြောရာမှ ရန်ဖြစ်ကြခြင်း ဖြစ်သည်။

ဆရာဦးဌေးအောင်က ကျောင်းသူဖြစ်၍ တစ်ချက်သာရိုက်ပြီး လန့်သွားရန်သာ ရည်ရွယ်ရင်းဖြစ်သည်။

ဤသည်ကိုမသိသော ကျော်ထူးက ဆိုသည်။

"ဆရာ၊ သူမခံနိုင်ဘူး၊ သူ့အစားကျွန်တော့်ကို ရိုက်ပါ၊ ခံပါ့မယ်"

ဆရာဦးဌေးအောင်သည် စာသင်ကျောင်းသားစိတ်အစား အခြားစိတ်ဝင်စားသည်ဟု သဘောပေါက်ပြီး ကျော်ထူးကို တီးလေသည်။

"မင်းက သူ့ရဲ့ကောင်းပေါ့ လာစမ်း"

ရှမ်း ရှမ်းနှင့် နှစ်ချက်ဆင့်ရိုက်လိုက်သောအခါ ကျော်ထူးမှာ ခွေလဲလေသည်။ မေနွယ်နီသည် ကျော်ထူးခွေလဲသည့်အခါ မျက်ရည်ဖြိုင်ဖြိုင်ကျလေသည်။ သူမ၏ နာကျင်နေသော ဝေဒနာမှာလည်း လွင့်ပျောက်သွားသည်ဟု ထင်လိုက်မိပါသည်။

♦

မေနွယ်နီသည် လွန်ခဲ့သော ရှစ်နှစ်ခန့်က အဖြစ်အပျက်ကို တွေးမိရင်း ရှေ့တွင် ထိုင်နေသော ကျော်ထူးကို ကြည့်မိသည်။

ကျော်ထူးသည် ထိုစဉ်ကနှင့် ဘာမျှ မဆိုင်ချေ။ ရှုတည်တည်နေတတ်သော်လည်း သူ၏အပြုံးက အသက်ပါသည်။ မိန်းကလေးများကို မထိတထိပြုံးပြီး မသိကျိုးကျွန် ဂရုမစိုက်သလို နေသည်။

ဤအပြုအမူသည် ကျော်ထူး၏ ငယ်စဉ်က ဂျစ်ကန်ကန် ပေတူးတူး အကျင့်စရိုက်ဖြစ်သော်လည်း ယခုတော့ တစ်မျိုး ခံစားလာရသည်။ အသည်းယားပြီး ကုတ်ဖဲ့ပစ်ချင်စရာ ကောင်းလေသည်။

တက္ကသိုလ်ကျောင်းသား ဘဝတွင်လည်း ကျော်ထူး၏ သတင်းတွေကြားသည်။ ချစ်သူရည်းစားကို ထည်လဲတွဲပြီး အတူသွား အတူစားကြသည်ဟု ဆိုသည်။ မေနွယ်နီသည် အများအပြောကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်သော်လည်း တကယ်ကြုံရသည့်အခါ ယုံရလေသည်။

တစ်ခါက ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံတစ်ရုံတွင် ကျော်ထူးနှင့် ဆုံသည်။ မေနွယ်နီက သူငယ်ချင်းတစ်စုနှင့်အလာ ကျော်ထူးတို့စုံတွဲက အထွက်မို့ ရုပ်ရှင်ရုံဝတွင် တွေ့ကြသည်။

"ဟဲ့ ကျော်ထူး"

"အေး. . . သွားမယ် တာ့တာ"

စကားကိုပင် အဖက်လုပ် မပြောချေ။ မေနွယ်နီသည် နောက်မှလိုက်ပြီး ကျော်ထူး၏ ဆံပင်ကိုဆောင့်ဆွဲလိုသော်လည်း သူနှင့်တွဲလာသူ အမျိုးသမီးကို အားနာမိသည်။ သူ့ကိုစွန့်သူမို့ လူရာမသွင်းသည်ကိုလည်း အသည်းနာမိသည်။ ထိုမျှမကသေး သုံးလေးကြိမ်မက ဆုံကြရာတွင် မိန်းကလေးများက တစ်ဦးနှင့်တစ်ဦး မတူကြချေ။ ကျော်ထူးက တစ်ခါတစ်ရံ ရယ်ပြုပြီး တစ်ခါတစ်ရံ မသိသလို နေသည်။ တစ်ခါတစ်ရံ တစိမ်းပြင်ပြင် ဆက်ဆံသဖြင့် ခံပြင်းမိလေသည်။

ကျော်ထူး၏ အပြုအမူကိုကြည့်ပြီး မိမိကိုယ်ကိုလည်း လှော့လာရသည်။

'ငါက သိပ်ပြီး ရုပ်ဆိုးနေလား ခေတ်မမီလို့လား အောက်လို့လား' ဟု တွေးမိသည်။ ကျော်ထူးတွဲလာသည့် မိန်းကလေးများနှင့် ယှဉ်လျှင် မိမိကို ပိုရှုံလှသည်ဟု ထင်မိသည်။

အရပ် ငါးပေလေးလက်မခန့် သွယ်ပျောင်းနွဲ့လျ အချိုးကျသော ကိုယ်ခန္ဓာ၊ နူးညံ့သိမ်မွေ့သောဟန်အမူအရာ၊ ဝါရွှေသော အသားအရေနှင့် လိုက်ဖက်သော မျက်နှာ၊ ခေတ်မီ ယဉ်ကျေးသော ဆံပင်ထုံးဖွဲ့မှုတို့ကြောင့် မိတ်ဆွေဖွဲ့သူ ကျောင်းသားမိတ်ဆွေ များစွာရှိပါသည်။ သို့သော် မေနွယ်နီက ကျော်ထူးကိုသာ တမ်းတမိသည်။ ငယ်စဉ်က သံယောဇဉ်မှာ ယခုထိ မပြောင်းလဲခြင်းကြောင့် အံ့သြမိသည်။

အချိန်လေးရလျှင် ကျော်ထူးအကြောင်း တွေးလိုသည်။ ငယ်စဉ်က အဖြစ်အပျက်များကို ပြန်လည်ကာ မြင်ယောင်မိခြင်းက တသသဖြစ်ရသည်။ ထိုစဉ်က ငါးတန်းကျောင်းသားအရွယ်ဖြစ်သည်။ မိုးဥတုဖြစ်သဖြင့် ကျောင်းအပြန် ရပ်ကွက်သို့အဝင် တံတားကျိုးသည်။ မြောင်းတကာမှ ရေစီးတို့ကြောင့် ချောင်းဖြစ်နေ၍ တံတားထိုးရသည်။ ရေစီးကသန် တံတားကကျိုးသဖြင့် အခက်တွေ့ရသည်။ လူကြီးအချို့က ကုန်းပေါ်တွင် တိုင်စိုက်ပြီး ကြိုးဖြင့် ခိုင်ခိုင်တုပ်၍ လက်တန်းလုပ်သည်။ လူတစ်ဦးချင်း သိန်းကူးရသော်လည်း ကူးနေသူ လူကြီးတစ်ဦး၏ အလေးချိန်ကြောင့် တံတားထက်ပိုင်း ပြတ်လေသည်။

ဒေါက်တိုင်များကြောင့် တံတားမှာ ခြောက်လက်မခန့် ဟသွားသော်လည်း ပြုတ်ကျမသွားချေ။ တိုင်စိုက်ပြီး ပိုမို ဟမသွားစေရန် ပြုလုပ်ကြသည်။ ရေစီးက သန်သဖြင့် စွန့်ပြီး မကူးရဲကြချေ။ မိုးအစဲကို စောင့်ကြရသည်။ မေနွယ်နီလည်း မကူးရဲပေ။

ကျော်ထူးက လွယ်အိတ်ကိုရှေ့တွင်သိုင်းလွယ်လိုက်သည်။ သို့နောက်





www.burmeseclassic.com

www.burmeseclassic.com

ပြောမဆို မေနွယ်နီကို ကုန်းပိုးပြီး တန်းကို အားပြုကူးလေသည်။ ည့်နေသူ လူကြီးများက ရင်တမမ နေသော်လည်း အောင်မြင်စွာ ဖြတ် နိုင်ခဲ့သည်။

ကျော်ထူးကို ကြည့်ပြီး ကျန်လူ လည်း ကူးကြသည်။ အိမ်ပြန် တ်မည် ဖြစ်၍ ပျော်သော်လည်း ပြောမဆို ကုန်းပိုးသဖြင့် မေနွယ်နီက ကျော်ထူးကို ထုချင်သည်။ ကျေးဇူး ည်း တင်မိသည်။ ကျော်ထူးသည် ည့် တစ်ဖွတ်ထိုး တဖောက်ကန်း လေသည်။

ကျော်ထူးနှင့် မေနွယ်နီသည် နီးချင်းများဖြစ်သည်။ မေနွယ်နီ၏ များ အကူအညီဖြင့် ကျောင်းပြီး ည်နှင့် နှစ်ဦးလုံး အလုပ်ရသည်။ နွယ်နီက အစိုးရဝန်ထမ်း ဖြစ်ပြီး တာဝန် ထမ်းဆောင်ရသည်။

ကျော်ထူးက ကုမ္ပဏီတွင် လက် တ်မန်နေဂျာဖြစ်သည်။ မကြာမီ တိုးရန်ရှိသည်ဟု သိရသည်။

သို့သော် ကျော်ထူးက ယာယီ လုပ်မည်ဟု ဆိုသည်။ မည်သို့ဆိုစေ သားမှာ သွက်လက်ဖျတ်လတ်ကြ ဖြစ်ပြီး ရည်မှန်းချက်လည်း ကြီး သည်။

ကျော်ထူးသည် ကျောင်းတွင် ရ ဆိုမရ ထင်ရာစိုင်းသော်လည်း ဝင်သည့်အခါ သိက္ခာရှိလေ ရံဖန်ရံခါဆုံကြသည့်အခါတိုင်း ထူးက မေနွယ်နီကို ကူညီစောင့် တ်လေ့ရှိသည်။

ထိုနေ့က မေနွယ်နီသည် အရေး ရှိသဖြင့် သူတို့၏ ပို့/ကြိုကား လိုက်ချေ။ ကျော်ထူးက ကုမ္ပဏီ ကြိုကား ရှိသော်လည်း မေနွယ်နီ ရစေရန် ဘတ်စ်ကား စီးလေ

ဘတ်စ်ကားစီးရသည်မှာ ရုံးချိန် ဖြင့် တိုးတိုးကြိတ်ကြိတ်စီးရသည်။ ထူးနှင့် မေနွယ်နီက သုံးလေးဦး ခြားပြီး မတ်တတ်ရပ်စီးရသည်။ ထိုစဉ် မည်သို့ ဖြစ်သည် မသိချေ။ ဗီဇက ခပ်စွာစွာ နေတတ်သော်လည်း အသက် အရွယ်အလုပ်အကိုင် အခြေအနေအရ သိမ်မွေ့စွာ နေတတ်သူ မေနွယ်နီ၏ အသံက မခံချိမခံသာ ထွက်လာသည်။

"သိပ်ပြီး မတိုးပါနဲ့ရှင်၊ ထိုင်ခုံပေါ်က လူ့အပေါ် ပိနေလို့ပါ"

"ဘတ်စ်ကားစီးရင် ပိမှာ ပြားမှာ ပွန်းမှာပဲ့မှာပဲ၊ ကိုယ်ပိုင်ကား မဟုတ်ဘူး မကျေနပ်ရင် ကိုယ်ပိုင်ကား ဝယ်စီး"

ကျော်ထူးက လှည့်ကြည့်သည်။ သုံးယောက် ရပ်နိုင်သော နေရာတွင် မေနွယ်နီ၏ နောက်မှ လူက မေနွယ်နီ တစ်ဦးတည်းကို အတင်းဖိကပ်တိုးနေသည်။ ထိုမျှ မကသေး သေးသိမ်သော စကားများဖြင့် ဖိဖိစီးစီး ပြောနေသေးသည်။ ကျော်ထူးသည် ကြားလူနှစ်ဦးကို တိုးဝှေ့ကျော်ဖြတ်ပြီး မေနွယ်နီနှင့် ထိုလူကြားသို့ ဖြတ်ဝင်လိုက်သည်။

"ကန်တော့ပါဗျာ၊ တောင်းပန်ပါတယ်၊ ကျွန်တော်တို့ နောက်ကားစီးပါ့မယ်"

ကျော်ထူးက မေနွယ်နီ၏ လက်မောင်းကို တင်းတင်းဆွဲပြီး ကားပေါ်မှ တိုးဆင်းသည်။ မေနွယ်နီ၏ နောက်မှ လူသည် ပါးစပ်မှ "အု" ခနဲ လေပူတစ်ချက် ဆောင့်ထွက်ပြီး ပေါင်ကြားကို လက်အုပ်လျက် တဖြည်းဖြည်း ခွေလဲသွားသည်။

ကျော်ထူးသည် မေနွယ်နီကို ဆွဲပြီး ထွက်လုဆဲ နောက်မှ ဘတ်စ်ကားပေါ်တက်လိုက်သည်။ ထိုဘတ်စ်ကားဖြင့် မှတ်တိုင်တစ်ခုစီးပြီး အသင့်ရပ်နေသော တက္ကစီဖြင့် သွားလိုရာသို့ ညွှန်လိုက်သည်။

"ဟဲ့ . . . ကျော်ထူး၊ နင် ဘာလုပ်လိုက်လဲ၊ ဟိုလူလဲသွားတာ ငါတွေ့လိုက်တယ်"

"ငါ ဘာမှမလုပ်ဘူး၊ နင့်ဆီ တိုးလာရင်း သူ့ပေါင်ကြားကို ဒူးနဲ့ ဆောင့်မိတာ ဖြစ်မှာပေါ့၊ မတော်တဆပါဟာ၊ မသေနိုင်ပါဘူး၊ သေလဲ ငါ့တာဝန်ထားပါ"

♦

မေနွယ်နီသည် ကျော်ထူးကို ရှေ့ထားပြီး ရှေးဟောင်းနှောင်းဖြစ်များ စဉ်းစားတွေးတောနေရာမှ သတိရလာသည်။ တွေ့တုန်းကြုံတုန်း ပြောစရာရှိတာ ပြောရမည်ဟု တေးထားသည်။ ကျော်ထူးကို ကြည့်တော့ မျက်နှာသေလေးနှင့်မို့ ဘယ်ကစပြီး မည်သို့ ပြောရမည် မသိဖြစ်နေသည်။ ထို့ကြောင့် စိတ်ထဲရှိရာ ပြောလိုက်သည်။

"ကျော်ထူး"

"ဘာတုံး၊ နားငြီးတယ်၊ ရှေ့ထားပြီး ခဏ ခဏ ခေါ်နေတယ်"

ဟုတ်ပေသား။ မိမိ၏ ရိုးသားမှုက အဖြေထုတ်ပြနေသကဲ့သို့ ဖြစ်နေသည်။

"နင်တို့ အလုပ်က ကြည်ဖြူလွင်နဲ့ အသံတွေ ကြားနေရတယ်"

"အဲဒါ ဘာဖြစ်လဲ"

မေနွယ်နီ ဆက်ပြောရန် စကားမရှိသကဲ့သို့ ဖြစ်သွားသည်။ သို့သော် ရန်တွေ့ရန် အသင့်ပြင်ထားသူမို့ စကားလုံးများက တန်းစီထွက်လာသည်။

"ကျောင်းတုန်းကလဲ ကျောင်းမို့လို့၊ အလုပ်မှာလဲ အလုပ်မှာမို့လို့ မိန်းကလေးတွေနဲ့ ရောရောနှောနှော အသံတွေ ကြားရလို့ ပြောတာ"

"ငါက စတာ မဟုတ်ဘူး၊ သူတို့ကခင်တာ၊ သူတို့က ချစ်တာ၊ သူတို့က ပလူးတာ၊ ငါက ဘာလုပ်ရမှာလဲ၊ ရင်းရင်းနှီးနှီး နေချင်တော့ တရင်းတနှီး ဆက်ဆံရတာပေါ့"

မေနွယ်နီ၏ ရင်ထဲတွင် ဆတ်ဆတ်ခါနာသည်။ အခြားမိန်းကလေးတွေက ရင်းနှီးလိုသည့်အတွက် ရင်းနှီးရသည်ဟု ဆိုသည်။ သူ့ကို ဘာကြောင့် ဥပေက္ခာပြုလေသနည်း။ သူမက ရင်းနှီးရန် မသင့်သူပေမို့လားဟု မေးလိုက်ချင်သည်။





www.burmeseclassic.com

www.burmeseclassic.com

"ငါ့ဆီတော့ မလာဘူး"

ရုတ်တရက် မေနွယ်နီ၏ နှုတ်မှ ထွက်သွားသည်။ မိမိဆန္ဒကို ဖော်ထုတ်သကဲ့သို့ ဖြစ်သွားပြီဟု သိလိုက်သည်။ ကျော်ထူးက မျက်လွှာပင့်ပြီး မေနွယ်နီကို ကြည့်သည်။ မေနွယ်နီက ရှိန်းတိန်းတိန်း ဖိန်းတိန်းတိန်း ဖြစ်သွားသည်။

"နင့်ဆီ ဘာလာလုပ်ရမှာလဲ၊ ငါက နင့်ကို ချစ်ပြီးသားလေ"

မေနွယ်နီက ပူထူသွားသော်လည်း ပြောလိုသည့် စကားကို ပြောလိုက်သည်။

"ချစ်ရင် မလာရဘူးလား"

"မတူဘူး၊ နင့်ကိုချစ်တာ တစ်မျိုး သူတို့ကိုချစ်တာက တစ်မျိုး၊ နင့်ကို ဘယ်သူနဲ့မှ မတူတဲ့ ချစ်ခြင်းမျိုးနဲ့ ချစ်တယ်"

ကျော်ထူးက စပ်ဖြဲဖြဲ ပြောသည်။

"နင်ချစ်တယ်ဆို ကြိုးစားလေ တိုင်တိုင်ပင်ပင်ပေါ့"

"မကြိုးစားဘူး၊ အဲဒီလိုမဟုတ်ဘူး၊ နားငြီးတယ်ဟာ သွားမယ်"

ကျော်ထူးက မပြောမဆို ထထွက်သွားသည်။ မေနွယ်နီသည် တစ်ဦးတည်း ဘာဆက်လုပ်ရမည်မသိဖြစ်သွားသည်။ ကျော်ထူးနှင့် ပွဲကား သည်လိုနှင့် ပြီးသွားသည်။

◆

မေနွယ်နီသည် အချိန်ရှိသရွေ့ ကျော်ထူးအကြောင်းကိုသာ စိတ်ဝင်တစားရှိနေသည်။ အိပ်မပျော်စားမဝင်မို့ ရက်ရှည်ကြာလျှင် ခက်ရချေရဲ့။ ကျော်ထူးနှင့် နဖူးတွေ့ ဒူးတွေ့ အပြတ်ရှင်းမှ ဖြစ်တော့မည်ဟု စိတ်ပိုင်းဖြတ်မိသည်။

မေနွယ်နီသည် ကျော်ထူးနှင့် ရှင်းရှင်းလင်းလင်း အမြန်ပွဲစလိုသည်။ သို့မဟုတ်က အမြန်ပွဲပြတ်ရပေလိမ့်မည်။ မည်သို့ဆိုစေ အဖြူအမည်းတော့ ကွဲပြားရန်လိုပေသည်။

ထိုနေ့က မေနွယ်နီ၏ အလုပ်နားရက် ဖြစ်သည်။ ကျော်ထူးတို့ ကုမ္ပဏီကလည်း နားရက်ရသည်။ မေနွယ်နီသည် ကျော်ထူးကို အကြောင်းပြချိန်းဆိုပြီး မြို့တွင်းသို့ နှစ်ဦးအတူထွက်သည်။ ကျော်ထူးက ရွှောရွှောရှုရှု လိုက်လာသဖြင့် ကျေနပ်မိသည်။

"နင့်ကို တိုင်ပင်စရာရှိလို့ ခေါ်ရတာပါ"

"ဘာကိစ္စလဲ"

မေနွယ်နီ၏ လေပြေလေးနှင့် အပြောကို ကျော်ထူးက ဘောက်ဆတ်ဆတ်နှင့် တုံ့ပြန်သည်။ ပြီးတော့ ငြိမ်နေသည်။

"တို့ကျောင်းတုန်းက တင်မြင့်အောင် သိလား၊ ရုပ်ချောချော၊ ခေါင်ကောင်းကောင်းနဲ့၊ မိဘက ချမ်းသာတယ်လေ"

"အဲဒါ ဘာဖြစ်လဲ"

"သူနဲ့ လွန်ခဲ့တဲ့ နှစ်လလောက်ကတွေ့တယ်၊ လိုက်လံမှု အပြည့်နဲ့ ရွှန်းရွှန်းဝေအောင် ပြောတယ်၊ ငါ့ကိုလဲ ကျောင်းသူဘဝကထက် ပိုမိုရင့်ကျက်တည်ငြိမ်ပြီး သိက္ခာရှိတဲ့ အလှပိုင်ရှင်လို့ ပြောတယ်၊ ဟုတ်လား"

"ဘယ်သိမှာလဲ ဒါက နင့်ကိစ္စပဲ"

"အလုပ်ပြန်ရင် သူ့ကားနဲ့ လိုက်ပို့တယ်၊ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ချစ်ရေးဆိုတယ်"

မေနွယ်နီက ကျော်ထူးကို အကဲခတ်သည်။ ကျော်ထူးက ခေါင်းကို အောက်စိုက်ပြီး လျှောက်နေသည်။ ထူးထူးခြားခြား အမူအရာမျိုးကို မတွေ့ရချေ။ မေနွယ်နီက သွက်လက်စွာ ဆက်ပြောသည်။

"ဒီနေ့ ငါ့ကို ချိန်းထားတယ်၊ စထရင်းဟိုတယ်ရှေ့မှာ စောင့်နေမယ် ပြောတယ်၊ ငါ့ကို ပို့ပေးပါလား၊ ငါ မသိဘူး"

မေနွယ်နီက ပြုံးရွှင်စွာ ပြောသည်။

ကျော်ထူးက မေနွယ်နီကို မကြည့်ဘဲ ပြန်ပြောသည်။

"အေး . . . ပို့ပေးမယ်"

စောစောက ပြုံးရွှင်နေသော မျက်နှာမှာ ဘယ်ရောက်သွားသည် မသိချေ။ မေနွယ်နီ၏ ကြည်သာရွှင်ပျသော အမူအရာများက ရှုတည်တည် ဖြစ်သွားသည်။ လက်ချောင်းလေးများ တုန်လာသည်မို့ လက်သီးဆုပ်ထားမိသည်။

"ဟဲ့ . . . ကျော်ထူး"

မေနွယ်နီ၏ အသံမာမာနှင့် ခေါ်သံကြောင့် မော့ကြည့်မိသည်။

မေနွယ်နီသည် စုံရပ်နေပြီး မျက်လုံးများက ဝင်းဝင်းတောက်နေသည်။ ဒေါသကြောင့် ပါးမို့မို့က နီနီရဲနေသည်။

"နင်က အရူးပဲ"

မေနွယ်နီက ကျော်ထူး၏ ပါးကို "ဖြောင်း"ခနဲနေအောင် ရိုက်လိုက်သည်။ ကျော်ထူးမှာ မေနွယ်နီ၏ ထွက်လာသော ဒေါသနှင့် အားပါပါ ရိုက်လိုက်သော လက်ဆကြောင့် အတော်နာလေသည်။ လမ်းလယ်ကောင် လူမြင်ကွင်းတွင် ရုတ်တရက် အရိုက်ခံရသည်မို့ လန့်ပြီး အော်လိုက်သည်။

"အား . . . နာတယ်"

"သေလိုက်ပါလား"

မေနွယ်နီက ပြောပြောဆိုဆို လှည့်ထွက်သွားသည်။ ကျော်ထူးကို လုံးဝ လှည့်မကြည့်တော့ချေ။

ကျော်ထူးသည် စပ်ဖျဉ်းဖျဉ်းနှင့် နာသွားသော ပါးပြင်ကို ပွတ်နေရာမှ အသားလွတ် ရိုက်သွားသော မေနွယ်နီကို လှမ်းကြည့်မိသည်။

မေနွယ်နီက တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားလေပြီ။ သည်တော့မှ ကျော်ထူးက သူ၏ရင်တွင် ပါးပြင်ထက် ပိုမိုအခံရခက်သော ဝေဒနာတစ်ခု ခံစားနေရပြီဖြစ်ကြောင်း သတိပြုမိလာသည်။ ရပ်နေရမည်လား၊ ပြေးလိုက်သွားရမည်လားဟု စဉ်းစားလာရသည်။ သို့သော် သူ့အတွက် အချိန်များစွာ မရှိတော့သည်ကား သေချာနေပါသတည်း။

[illegible]

❐





www.burmeseclassic.com

www.burmeseclassic.com

မနက်ခင်းကပင် အပေါင်း
...င်း ရောင်းရင်းများ ဖြစ်ကြသော
...်းစားသစ်တောမင်းကြီး ဦးစိန်
...င့် တရားရုံးချုပ် ရှေ့နေကြီး
...ာ်ဗိုးဗိုလ် (မုဆိုးစာရေးကြီး) တို့
... ဆည်တော်မှ မုဆိုးကြီးဦးအောင်
...င့် အဖွဲ့သားများက ရွှေဒန့်ဒင်
...တွင် ကျွန်တော်နှင့် ခင်မောင်စိန်၊
...တို့ (၃) ဦးသားကို ထားခဲ့ပြီး
...တာမော်တော်နှင့် ပြန်သွားကြပြီ
...သည်။


သူတို့ရှိစဉ်က ပစ်ခတ်ရရှိခဲ့သော ယုန်၊ ကြောင်၊ ချေ၊ ဝက်တွေကို စားသင့်တာစား၊ အခြောက်လှန်းသင့်တာ လှန်းပြီး အကုန်ယူသွားစေလိုက်သည်။ သူတို့ကတော့ ကျန်ရစ်သူ ကျွန်တော်တို့အတွက် ရိက္ခာအဖြစ် တချို့တစ်ဝက်ထားခဲ့ကြမည်ဟု ဆိုပါသည်။ သို့သော် ကျွန်တော်တို့က လက်သင့်မခံပါ။

"ဦးဘမင်းတို့က နေခဲ့ကြဦးမှာဆိုတော့ ရိက္ခာအတွက် အခြောက်အခြမ်းထဲက တစ်ဝက်ခွဲယူထားလိုက်ကြဦးလေ"

"နေပါစေဗျာ၊ ခင်ဗျားတို့က ပြန်မယ့်သူတွေဆိုတော့ သကြၤန်တွင်းအတွက် ယူသွားကြပါ။ ကျုပ်တို့က ဒီည ဆက်လည်ဦး၊ ပစ်ဦးမှာဆိုတော့ ရိက္ခာအတွက် ပူစရာမလိုပါဘူး၊ အတော်ကြာ ဒီည ကံကောင်းလို့ ဆတ်ရနေရင် ရိက္ခာက လိုတာထက်တောင် ပိုနေဦးမှာပါ"

"ဒါဆိုရင်လဲ မထားခဲ့တော့ဘူး၊ ကျေးဇူးတင်ပါတယ်ပေါ့ဗျာ၊ ခင်ဗျားတို့အဖွဲ့ ဆတ်ပစ်ရပါစေလို့ ဆုတောင်းပေးခဲ့ပါ့မယ်"

# ကြံမချောင်းတောင်မှ ဆတ်နှစ်ကောင် ဗန္ဓုလါသား





www.burmeseclassic.com

www.burmeseclassic.com

"ဆုမတောင်းလဲ ဒီညကတော့ သေချာပေါက် ဆတ်ပစ်ရမှာပါ။ ဆတ်သား မစားထိုက်တဲ့သူတွေ မြန်မြန်ပြန်ကြပါဗျာ"

ခင်မောင်စိန်က မပြန်စေချင်တဲ့ စိတ်သဘောနဲ့ အောက်ကလိအာ ပြောလိုက်သည်။

"အမှန်အတိုင်းပြောရရင် ကျုပ်လဲ မုဆိုးပဲ၊ မပြန်ချင်သေးပါဘူး ကိုခင်မောင်စိန်ရာ၊ ဆတ်တော့ ပစ်ချင်သေးတာအမှန်ပဲ၊ ဒါပေမယ့် သကြ်န်တွင်းနဲ့ ဝါတွင်းဥပုသ်တွေမှာ ကျုပ်က ဥပုသ်သီလ ဆောက်တည်ပါ့မယ်လို့ တိုင်တည်ကတိ ကဝတ်ပြုထားခဲ့တာမို့ဗျာ"

"ရှိပါစေတော့လေ၊ ကတိသစ္စာပြုထားတာဆိုတော့လဲ နားလည် ခွင့်လွှတ်ကြရတော့မှာပေါ့"

ဤသို့ဖြင့် ကျော်စိုးဗိုလ်တို့ တစ်ဖွဲ့လုံး ကိုအောင်သန်း ရွှေဒန်ဒင်စခန်းက ထွက်ခွာသွားကြသည်။ သူတို့ ပြန်သွားပြီးနောက် ကျန်ရစ်ခဲ့သူ ကျွန်တော်တို့ ဒီညအတွက် အသားကုန် ကြိုးစား၍ နှံ့နှံ့စပ်စပ် လည်နိုင်ပတ်နိုင်ရန် အားမွေးသည့်သဘော၊ တစ်နေ့လုံး ဘာမှမလုပ်၊ စားပြီး အိပ်စက်အနားယူနေလိုက်ကြသည်။ ညနေပိုင်းရောက်မှ ရေချိုး၊ စားသောက်ပြီးသည်နှင့် ညတောလည်ရန်အတွက် သေနတ်၊ ယမ်းတောင့်များကို ပြင်ဆင်၊ အရန်သင့်လုပ်ထားလိုက်ကြသည်။

လည်ဖို့ အစီအစဉ်ဆွဲကြသောအခါ ခင်မောင်စိန်က (၂၂) ပွိုင့်တူးတူး မဂ္ဂနမ်နှင့် ဟန်ဝင်းအောင်ကို ခေါ်မည်ဟုပြောသည်။ ကျွန်တော်နှင့်တွဲ၍ လည်ဖို့ တောကျွမ်းသူမှာ တင်မောင်ဝင်းနှင့် ကျော်ဆွေဦးသာရှိသဖြင့် တင်မောင်ဝင်းကို ရွေးလိုက်သည်။ သို့သော် တင်မောင်ဝင်းက သူသေနတ်ပစ်ချင်ပါသည်ဟု ဆိုကာ၊ ဒီည ကျွန်တော့်ကို အနားယူဖို့ တောင်ပန်တိုးလျှိုးလာသည်။

"လေးလေးမင်း ဒီည အနားယူလိုက်ပါဗျာ၊ အသက်ကြီးတော့၊ ဆက်တိုက်လည်ရင် ပင်ပန်းပါတယ်၊ ပြီးတော့ ဆရာရွှေကလဲ တစ်ယောက်တည်း စခန်းကျန်ရစ်မှာဆိုတော့ အဖော်လဲ ရအောင် ဒီညနားလိုက်ပါနော်၊ ကျွန်တော် လေးလေးမင်း သေနတ်ကိုင်ပြီး ဒီည လည်လိုက်ပါ့မယ်"

"ဟ ဖြစ်ပါ့မလား တင်မောင်ဝင်းရာ၊ အတော်ကြာ သားကောင်တွေ ပစ်ရတဲ့အခါကျ အိုးနင်းခွက်နင်း ဖြစ်နေပါဦးမယ်"

"ဖြစ်ပါတယ် လေးလေးမင်းရ၊ အခု တင်မောင်ဝင်းက အရင်လေးလေး သိထားတဲ့ တင်မောင်ဝင်း မဟုတ်တော့ပါဘူး၊ တူမီးနဲ့ ဆတ်တွေ၊ ဝက်တွေ ပစ်နေတဲ့သူ ဖြစ်နေပါပြီ၊ ပစ်ရလို့ အကောင် မရရင် ကြိုက်သလို ပြောတော့"

"အေးလေ၊ မင်းကိုယ်မင်း ဒီလောက်အာမခံပြောနေမှတော့ ခွင့်ပြုရတော့မှာပေါ့၊ ဒါပေမယ့် တစ်ယောက်ယောက်တော့ အဖော်ခေါ်သွားဦး ဟုတ်လား"

"ခေါ်ရမှာပေါ့၊ ညီတော်မောင် ကျော်ဆွေဝင်းကို အဖော်ခေါ်သွားလိုက်ပါ့မယ်"

"အေး အေး ဒါဖြင့်လဲ ရော့ရော့၊ သေနတ်နဲ့ယမ်းတောင့်၊ ဆတ်၊ ဝက်ဆိုရင် ဒီယမ်းတောင့်နဲ့ပစ်၊ ချေ၊ ကြောင်နဲ့ အသေးကောင်တွေဆိုရင် ဟောတာနဲ့ပစ် ဟုတ်ပြီလား"

ကျွန်တော်က နှစ်လုံးပြူးသေနတ်နှင့် ယမ်းတောင့်များကို ခွဲအပ်ပေးလိုက်သည်။

သေနတ်ပစ်ချင်သူ တင်မောင်ဝင်းတစ်ယောက် သေနတ်ကိုင်ပစ်ရဖို့ အခွင့်ရသွားပြီဆိုတော့ ပျော်မဆုံး၊ မော်မဆုံး တပြုံးပြုံးနဲ့ တက်ကြွဖျတ်လတ်နေပါတော့သည်။ နှစ်ဖွဲ့စလုံး စခန်းထဲက ထွက်သွားကြတော့ အတူတူပင်၊ ချောင်းတာ ရှည်ချောင်းဖျားရောက်မှ၊ တင်မောင်ဝင်းတို့ အဖွဲ့က 'ကြိမ်ချောင်း' တောင်ဆီသို့ ဦးတည်ခွဲထွက်ခဲ့ကြသည်။

ခင်မောင်စိန်နှင့် ဟန်ဝင်းအောင်[illegible]
အဖွဲ့ကတော့ ချောင်းတာရှည် ကမ်း[illegible]
တန်းတစ်လျှောက် ပတ်လည်ပြီးမှ [illegible]
ချောင်းတောင်ကို ခါးပိုင်းထင်းချလမ်း[illegible]
ဖြတ်တက်ကြမည်ဖြစ်သည်။

အချိန်းအချက်မှာ သားကော[illegible]
မပစ်ရက တောင်ပေါ်ထိပ် ထင်းခွဲစခ[illegible]
နေရာတွင် ဆုံကြရန်ဖြစ်ပြီး သားကော[illegible]
ပစ်ပြီးရပါက ရသူများဆီ လာပေါင်း[illegible]
ရန်ဖြစ်သည်။

ခင်မောင်စိန်နှင့် ဟန်ဝင်းအော[illegible]
တို့အဖွဲ့မှာ တာဝန်ကျရာ ချောင်းရိုးအ[illegible]
ကမ်းနားတလျှောက်လည်ကြရာ ဆ[illegible]
ခြေရာ၊ ဝက်ခြေရာများကို တွေ့ရသေ[illegible]
လဲ အကောင်ကတော့ မတွေ့ရ ကမ်း[illegible]
ညောင်းနုပေါက် အကွက်များတွင်[illegible]
ကိုက်ဖြတ်စားထားသည်မှာ ငုံးတို့ညီ[illegible]
နေသည်က ဝမ်းပါးစရာပင်. .

"ဝေါင်း ဝေါင်း. . ဝုတ် ဝုတ်[illegible]

မလှမ်းမကမ်း မြက်ခင်းချုံ[illegible]
အတွင်းမှ သူတို့မီးကို မြင်သွားပြီး [illegible]
၍ ဟောင်နေသော ချေတစ်ကောင်[illegible]
လိုက်ချောင်းကြသော်လဲ မပစ်ရ။ [illegible]
ရိုးတစ်လျှောက် မီးတစ်ဆုံး ထိုးလို[illegible]
သောအခါ မီးထဲတွင် မျက်လုံးခဲ[illegible]
အကောင်က မသဲမကွဲ၊ ဖြူမွဲမွဲ အ[illegible]
အပြောက်လိုလို တွေ့ရသဖြင့် [illegible]
သစ် ရေသောက်ဆင်းတာပဲဟု ဝမ်း[illegible]
ပြီး ခပ်သွက်သွက် လှမ်းသွားကြသည်[illegible]

သေနတ်တစ်ကမ်း ကိုက် ([illegible]
လောက်ရောက်သွားမှ 'ဒီး ဒီး ဒီး' [illegible]
အသံပြုရင်း ထပျံသွားသော ဒီးဒုတ်[illegible]
ကြီးကို တွေ့လိုက်ရသဖြင့် မောသွား[illegible]
သည်။

"ခွေးမသား ဒီးဒုတ်ကွာ၊ မီးထဲ[illegible]
မသဲမကွဲ ပြောက်ပြောက်ကျားကျ[illegible]
တွေ့လိုက်ရတော့ ကျားသစ်များလာ[illegible]
ဝမ်းသာပြီး မက်လုံးနဲ့ လိုက်ခဲ့ရတာ [illegible]
တောင်ရွဲသွားတာပဲ"

"အေးကွာ ငါလဲ ပစ်ရတော[illegible]
လို့ သေနတ်မောင်းတောင် [illegible]
တင်ထားတာ အခုတော့[illegible]င်း"





www.burmeseclassic.com

www.burmeseclassic.com

"ကိုင်းပါ အခုမပစ်ရလဲ စိတ်မ ပါနဲ့ တောင်ပေါ်ရောက်ရင်တော့ အနည်းဆုံး ပစ်ရမှာပါ။ ကျည်သာ င်းတာ သေချာတာထည့်လား၊ နားပြီး ချွေးလေးတိတ်တာနဲ့ င်ပေါ်စတက်ကြရအောင်"

♦

တင်မောင်ဝင်းနဲ့ ကျော်ဆွေဝင်း စ်ကိုအဖွဲ့မှာလဲ ခင်မောင်ဝင်းစိန် အဖွဲ့နဲ့ခွဲပြီး ကြိမ်ချောင်းတောင်ခြေ ထွက်ခဲ့ကြသည်။ တင်မောင်ဝင်း နှစ်လုံးပြူးသေနတ်တွင် (၅) ကိုးလုံး တောင့်ကို ထည့်လျက် နဖူးစီးမီးကို ရှေ့ကသားကောင်မီးရှာရင်း ခပ် သွက် သွားနေသည်။ နောက်က သူ ကျော်ဆွေဝင်းက မီအောင် ဘော်လိုက်နေရသည်။

"ဖြည်းဖြည်းသွားပါ အစ်ကိုလေး င်ဟာက တောလည်တာနဲ့မတူဘူး င်းလိုက်နေတာနဲ့ တူနေပြီ"

"ဟ ခပ်သွက်သွက်သွားမှ မြန် ရောက်၊ မြန်မြန်တွေ့၊ မြန်မြန်ပစ်ရ စောပြန်ရမှာပေါ့ကွ ငါ့ညီရ"

"စိတ်ကူးတိုင်း ဖြစ်ရင်တော့ င်းတာပေါ့၊ သားကောင်ကလဲ က်နဲ့ အသိနဲ့ဆိုတော့ နင့်ပုံစံမျိုးနဲ့ ါလိမ့်မယ် စိတ်ချ"

ပြောရင်းဆိုရင်းနှင့်ပင် မုဆိုးညီ (၂) ယောက် တောင်ခြေတောင် လမ်းအစ ရောက်ခဲ့ကြသည်။

"ကိုင်း . . . တောင်ပေါ်တက် မှာလား၊ တောင်ခြေပတ်ပြီး လျှိုထဲဝင် မှာလား"

ကျော်ဆွေဝင်းက သူ့အစ်ကို တင်မောင်ဝင်းကို မေးလိုက်သည်။

"ဟိုအဖွဲ့က တောင်ပေါ်တက် မှာဆိုတော့ တို့က လျှိုကြားထဲအရင် ဝင် မွှေကြမယ်ကွာ"

"အေး . . . ကောင်းတယ်၊ ဖြည်းဖြည်းသွားရင်း မီးကို နှံ့အောင်ရှာ ပါ၊ ငါ ရှာပေးရမလား"

"ရတယ် ရတယ် ငါ့မီးနဲ့ငါပဲ စေ့ စေ့စပ်စပ်ရှာပါ့မယ်၊ မင်းနောက်ကသာ ခြေသံမကြားရအောင် ကပ်လိုက်ခဲ့"

သူတို့အဖွဲ့ တောင်ပေါ်တက် လမ်းမှ ဖယ်ခွာလျက် တောင်ခြေလျှို ကြားသွားလမ်းအတိုင်း ဆက်လိုက်ခဲ့ကြ သည်။

"တောက်တဲ့ တောက်တဲ့"

မိုးလေဝသဗေဒင်ဆရာကြီးက သစ်ပင်ထက်ဆီမှ လေးလေးမှန်မှန် ဟောစတမ်းထုတ်နေသည်။ ရှေ့ခပ်လှမ်း လှမ်း မြေပြင်ထက်ဆီမှလည်း တတုတ် တုတ်နှင့် မြေဝပ်ငှက်တစ်ကောင် အော် မြည်သံက စည်းချက်ကျကျ ကြားနေ ရသည်။

လျှိုမြောင်အကွေ့ကလေး တစ် ခု ကျော်လိုက်သည်နှင့် ချေတစ်ကောင် ဟောက်သံက မလှမ်းမကမ်း ရှေ့နားဆီ မှ ကြားလိုက်ရသည်။

တင်မောင်ဝင်းက နဖူးစီးမီးကို အသံကြားရာဆီသို့ ခင်း၍ ရှာလိုက် သည်။ တွေ့ရသည်က ချေမျက်လုံး မဟုတ် ပြူးပြူးကျယ်ကျယ် ဝမ်းသာ ဖွယ် ဆတ်မျက်လုံး (၃) စုံ (၆) လုံး ဖြစ်နေသည်။

တင်မောင်ဝင်းက မထင်မှတ်ဘဲ တွေ့လိုက်ရသော မျက်လုံးများကြောင့် အံ့သြဝမ်းသာ အသံရောလူပါ တုန်တုန် ရီရီဖြစ်သွားသည်။

"ဆတ် . . . ဆတ်တွေကွ၊ သုံး ကောင်ကြီးတောင်ပဲ၊ ဘယ်အကောင် ပစ် ပစ်ရပါ့မလဲ" တုန်တုန်ရီရီ ဖြစ်နေ သည့်ကြားက နောက်မှပါလာသော ညီကို တိုးတိုးပြောလိုက်သည်။

"စိတ်ကို ငြိမ်ငြိမ်ထားပြီး မျက် လုံးအကျယ်ဆုံးအကောင် ပစ်ကွာ"

စကားရော လူပါ တုန်တုန်ရီရီ ဖြစ်နေသော တင်မောင်ဝင်းကို ညီဖြစ် သူက ပြန်လည် သတိပေးရင်း ပစ်ဖို့အ ကောင်ပါ ရွေးပေးလိုက်သည်။ ဆတ် များမှာ သားအမိ သားအဖ (၃) ကောင် ဖြစ်ဟန်ရှိသည်။ ကိုက် (၄၀) မျှဝေး သောနေရာမှ အကောင်က မျက်လုံး အကျယ်ကိုကြည့်ပြီး အထီးဖြစ်မည်။ (၁၅) ကိုက်လောက်မှ အကောင် (၂) ကောင်မှာ အမနဲ့ကလေးဖြစ်ဟန် ရှိ သည်။ ဆတ် (၃) ကောင်စလုံးမှာ တောင်ပေါ်တွင် မီးလောင်ထားသဖြင့် အစားအသောက်ရှား၍ အောက်ခြေ လျှိုကြားသို့ အစာရှာဆင်းစားကြခြင်း ဖြစ်ဟန်တူသည်။

တင်မောင်ဝင်းက နဖူးစီးမီးကို အနီးဆုံးဆတ်ကလေးနှင့် အမကိုကျော် လျက် ဆတ်ဖားကြီးရှိရာသို့ မီးကစားပြီး စိုက်ထိုးထားလိုက်သည်။ ဆတ်ဖားကြီး မျက်လုံးများက ဝင်းပြောင်၍ မီးကို စူး စိုက်ကြည့်လျက်ရှိသည်။ လက်ထဲမှ နှစ် လုံးပြူးသေနတ်ကို သားကောင်ရှိရာသို့ အမြန် ပြောင်းတဲ့ထိုးချိန်လိုက်သည်။ ပစ်နေကျ မဟုတ်သဖြင့် ဘယ်လောက် ဖော့ချိန်ပစ်ရမည်ကို တွေးဆနေသဖြင့်





www.burmeseclassic.com

www.burmeseclassic.com

ကြာနေသည်။ ဒါကို အားမလို အားမရ ရှိသော ညီဖြစ်သူက တိုးတိုးနှင့် လောလောလေး သတိပေး ပြောကြားလိုက်သည်။

"ပစ်တော့ဟ၊ အကောင်တွေက ပြေးကုန်တော့မှာပဲ၊ ဘာလုပ်နေတာလဲ သေနတ်ကြီးချိန်ထားပြီး မပစ်ဘဲ ငူငူငိုင်ငိုင်ကြီး လုပ်နေတာက"

"ဘယ်နေရာ၊ ဘယ်လောက်ချိန် ပစ်ရမှာလဲ စဉ်းစားတွေးနေတာ ညီလေးရ"

"တူမီးချိန်ပစ်သလို မျက်လုံးဝင်းဝင်းကြီးနှစ်လုံးကြားသာ ချိန်ပစ်လိုက်လေဟာ ဘာထူးတာမှတ်လို့"

ဒီတော့မှ တင်မောင်ဝင်းလည်း မျက်လုံးပြူးပြူး ဝင်းပြောင်ပြောင်ကြီးကြားချိန်လျက် မောင်းခလုတ်ကို အမြန်ဖြုတ်ချလိုက်တော့သည်။

"ဒိုင်း" ဟိုင်း ဟိုင်း ဟိုင်း

အောင်မြင်လှသော သေနတ်သံက လျိုကြောတစ်လျှောက် ပဲ့တင်ထပ်သွားသည်။ အပစ်ခံရသော ဆတ်ဖားကြီးနှင့် ဆတ်မမှာ မြင်ကွင်းက ပြေးထွက်သွားသော်လည်း ဆတ်ကလေးမှာ သူ့ခေါင်းပေါ်မှဖြတ်သွားသော ကျည်ဆန် အသံကြောင့်လား မပြောတတ်၊ ကြီးတီး ကြောင်တောင်နှင့် ဟိုပြေးရမလို ဒီပြေးရမလို ချာလည်ချာလည်ဖြစ်နေတော့သည်။

"ဟ အစ်ကိုရ ကျန်တဲ့အကောင် နောက်တစ်တောင့်နဲ့ ဆက်ပစ်ပါတော့လား ဘာကြောင့်ကြည့်နေရပြန်တာ..."

ဒီတော့မှ တင်မောင်ဝင်းတစ်ယောက် ပြူးတူးကြောင်တောင် ယောင်ချာချာဖြစ်နေသော ဆတ်သူငယ်၏ လက်နောက်ဆီသို့ သေနတ်ကို ထိုးချိန်လျက် မောင်းခလုတ်ကို အမြန်ဖြုတ်ချလိုက်ပြန်တော့သည်။

ဒီတခါတော့ သေနတ်သံ "ဒိုင်း" ခနဲ မြည်ဟည်းသွားသံက တိုးပြီးပြတ်သွားသည်။ သားကောင် ဆတ်ကလေးမှာ နေရာတွင် တုံးခနဲလဲ၍ ဆန့်ငင်ဆန့်ငင် ဖြစ်နေတော့သည်။ နောက်မှ ကပ်လိုက်နေသော ကျော်ဆွေဝင်းက ကပျာကယာပြေးလျက် ခြေနှစ်ဖက် တံကောက်ကြောတွေကို ဓားနှင့် ခုတ်ဖြတ်လိုက်သည်။

"တော်သေးတာပေါ့ အစ်ကိုရာ မပြေးတတ်တဲ့ အကောင်မို့ နို့မို့ နင်လုပ်နေပုံနဲ့ ဟင်းစားတောင် ရလိုက်မှာ မဟုတ်ဘူး၊ နင်လုပ်နေပုံက"

နှစ်ယောက်သား ဆတ်သေနားထိုင်၍ ဆေးလိပ်သောက် အမောဖြေရင်း စကားဖောင်ဖွဲ့နေကြတော့သည်။

"အေး . . . တို့အဖွဲ့ တို့တာဝန်တော့ကျေပြီ၊ ဟိုနှစ်ယောက် အခြေအနေတော့ ဘယ်လိုရှိနေမလဲ မပြောတတ်ဘူး"

♦

"ဟော ဦးခင်မောင်စိန် ကြားလား၊ အောက်ဘက်လျှိုဆီက သေနတ်ပစ်သံ၊ ဒါ ကိုတင်မောင်ဝင်းတို့ဆီက ပစ်သံဗျ"

"အေး . . . ကြားပါတယ်၊ ဘာပစ်တာလဲပဲ"

"ဆတ်ဖြစ်ဖို့များတယ်၊ ဒီတောင်ပေါ်မှာ မီးလောင်ထားတော့ စားစရာမရှိလို့ ခြေရာတောင် ကောင်းကောင်းလတ်လတ်မတွေ့ဘူး၊ အောက်လျှိုကြားမှာ တွေ့ဖို့များတယ်"

"အေး . . . ဟုတ်မယ်ကွ၊ ဒီတောင်ပေါ်က မီးလောင်ပြီးစမို့ ခြောက်ခန်းတော့ အောက်လျှိုထဲ ဆင်းကုန်တာနေမှာ"

"ဟော နောက်တစ်ချက်ပစ်သံပဲ နှစ်ချက်ပစ်တာဆိုရင်တော့ ဆင့်တာလား၊ နောက်ပြီး ဆတ်ဆိုရင်တစ်ကောင်တည်း ဟုတ်ချင်မှဟုတ်မှာ၊ တစ်ကောင်တည်းမဟုတ်ရင် ကျန်တဲ့အကောင်က ပစ်ရင် တောင်ပေါ်ပြန်ပြေးတက်လာမှာ သေချာတယ်ဗျ လာ လာ မြန်မြန်လာ"

ဟန်ဝင်းအောင်က ပြောပြောပြေးပြေး ရှေ့ကပြေးသဖြင့် ခင်မောင်စိန်မှာ နောက်ကမီအောင် ပြေးလို... နေရသည်။ တစ်ခုသော ခင်ကြောလ... ထိပ်ရောက်မှ ရပ်လိုက်ပြီး ငြိမ်၍နား... နေလိုက်သည်။

"တုတ် တုတ် တုတ် တုတ်"

မြေဝပ်ငှက်တစ်ကောင်၏ တုတ်... တုတ် အော်မြည်သံက တောတစ်ခု... လွှမ်းမိုးနေသော်လည်း 'ခြောက် . . . ခြောက်' 'ဂလောက်. . . ဂလောက်' ... သောသစ်ရွက်ခြောက်နင်းသံ၊ ကျောက်... ပေါ်နင်းသံ၊ တိုက်မိသံတို့ကို ထပ်ဆ... ကြားလိုက်ရသဖြင့် ဟန်ဝင်းအောင်... ခင်မောင်စိန်၏ လက်ကိုဆွဲကာ အ... ကြားရာ ကြောလမ်းဆီသို့ လက်ည... ထိုးပြ အချက်ပေးလိုက်တော့သည်။

ခင်မောင်စိန်ကလည်း အ... သိပြီး မုဆိုးတစ်ယောက်ပီပီ လက်... (၂၂) မဂ္ဂနမ်သေနတ်ကို မောင်းအ... တင်ကာ ဟန်ဝင်းအောင် လက်ညှိ... ညွှန်ပြရာသို့ သေနတ်ကို ပြောင်း... ထားလိုက်ပါတော့သည်။

ရှာမီးကို ကောင်းကင်ထ... တဖြည်းဖြည်း နှိမ့်ချပေးလိုက်သည်... ဆတ် (၂) ကောင်၏ မျက်လုံး (၄)... က ကိုက် (၅၀) လောက်တွင် အထ... သားပေါ်လာတော့သည်။ ပြောင်းတ... မှ ယူထားသော ခင်မောင်စိန်က မျ... လုံးများပေါ်လာလာချင်း ကပျာကယ... ရှေ့ဆုံးမှမျက်လုံးကျယ်သော ဆတ်ကြ... ၏ ထိပ်တည့်တည့်ကိုချိန်လျက် မော... ခလုတ်ကို အမြန်ဆုံး ဖြုတ်ချလိုက်... သည်။

"ဖန်း" ခနဲ ကျည်ပေါက်ကွဲ... နှင့်အတူ မှိုးကနဲ ကျည်လေတိုးသွား... ပါ ကြားလိုက်ကြရသဖြင့် ပစ်ချက် ... ကောင်ကိုမထိကြောင်း သိလိုက်ရသ... ဒါကြောင့် ပစ်ပြီး ကျည်ခွံကို အ... ထုတ်လိုက်ပြီး နောက်တစ်တောင့်... ကြိုးစားသော်လည်း အချိန်မမီ... ဆတ်နှစ်ကောင်မျက်လုံးများက ... ခင်ကြောဆီသို့ ဦးတည်ပြေးဝင်... ကွယ်သွားပါတော့သည်။

www.burmeseclassic.com

မီးသမား ဟန်ဝင်းအောင်က
ောင်စိန်ကို ဖွတ်အတင်းဆွဲလျက်
များပြေးသွားသော ခင်ကြောဆုံ
သို့ ပြေးကြိုပြန်တော့သည်။ ကြော
ရောက်သောအခါ ဟန်ဝင်း
င်ရော ခင်မောင်စိန်ပါ မောပန်း
ဖြင့် အသက်ပင်ကောင်းကောင်း
ဒါကြောင့် မြန်မြန်အမောပြေ
မြေကြီးပေါ်မှောက်၍ ရင်ဘတ်
ကပ်ထားလိုက်မှ အမြန်သက်သာ
သည်။

မြေကြီးနဲ့ ရင်ဘတ် ကပ်၍
ဖြေနေစဉ်မှာပင် ခင်ကြောတစ်
တ် မှန်မှန်တက်လာသော ခြေသံ
ကြားကြရသဖြင့် အမြန်ပြန်ထ
မီးနှင့်သေနတ်ကို အရန်သင့်ပြင်ပြီး
စားနေလိုက်ကြသည်။ အသံများ
သထက် နီးလာတော့မှ မီးဖွင့်ချ
သည်။

မီးထဲတွင် ဆတ်နှစ်ကောင်မှာ
ခေါင်တန်း မကျတကျ ရှေ့နောက်
နေရသည်။ ရှေ့ကျသော ချိုကား
နှင့် ဆတ်ဖားကြီး၏ဦးခေါင်းကို
ောင်စိန်က ချိန်လျက် အပိုင်ပစ်ချ
သည်။ သို့သော် သတ္တဝါက ကံ
င်းလှသည်။ ခင်မောင်စိန် မောင်း
တ် ဖြုတ်လိုက်ချိန်မှာပင် ဆတ်ကြီး
ခွက်အနိမ့်ပိုင်း အဆင်းလိုက်နှင့်
ရော ကျည်ဖူးမှာ ဦးခေါင်းထက်မှ
သွားပြန်ပါတော့သည်။

ဆတ်ဖားကြီးမှာ အတွေ့အကြုံ
ကာလာပြီဖြစ်သဖြင့် သေနတ်သံ
ဆန် အသံကြားလိုက်ရသည်နှင့်
ဘေးမှ လွတ်ကင်းရန် အမြန်ဆုံး
ချောက်ထဲသို့ ခုန်ဆင်းသွားတော့
ဆတ်မမှာ ကြောင်အမ်းအမ်းနှင့်
တ်ကြောင်းလာလမ်း ပြန်ပြေးရ
ဆတ်ဖားကြီး ခုန်ဆင်းပြေးရာ
တ်ထဲပဲ လိုက်ဆင်းရမလား ဝေခွဲ
စိတ်ဒွိဟ ဖြစ်နေပုံရသည်။

ဤသည်က သူ့ဘဝအတွက်
ဆုံးသွားခြင်းပင်။ သေနတ်သမား
မနုဿလူသားက ဒီတစ်ခါတော့ အသိ
သတိဝင်သွားကာ ဦးခေါင်းကို မချိန်
တော့ဘဲ သူ့ဘော်ဒါ ကျွန်တော့်လက်
သုံး ချက်ရွေးလက်ာ "ဆင်ဦးနှောက်၊
ကျားလက်နောက်၊ ကျွန်တဲ့ကောင်
လည်တိုင်ရင်း မုဆိုးပစ်ကွင်း" ဆိုသည်
ကို လိုက်နာပြီး သေနတ်ချိန်သီးများကို
ဆတ်မလည်တိုင်ရင်းဆီသို့ ပြောင်းချိန်
လိုက်ကာ မောင်းခလုတ်ကို အညင်သာ
ဆုံး ဖိညှစ်လိုက်ပါတော့သည်။

'ဖန်း'

'ဘုတ်'

ကျည်ပေါက်ကွဲသံနှင့် သား
ကောင်ကို ထိမှန်သံတို့က အထင်းသား
ဆက်တိုက်ကြားလိုက်ကြရပြီး၊ အပစ်ခံ
သတ္တဝါဆတ်မမှာ ဘေးချောက်ထဲသို့
အရုပ်ကြိုးပြတ် တလိမ့်ခေါက်ကွေး
ကျသွားပါတော့သည်။

"ကိုင်းကွာ ကောင်းလိုက်တဲ့ပစ်
ချက်၊ စောစောက ဆတ်ဖားကြီးတုံးက
အဲဒီလိုပစ်ရမှာ ကိုခင်မောင်စိန်ရဲ့ အခု
တော့"

"အခုတော့တွေ ဘာတွေလုပ်
မနေနဲ့၊ ဒီအကောင်ပဲ စားထိုက်လို့
ဒီအကောင်ပဲ ရလိုက်တာလို့သာ မှတ်
လိုက်တော့ ဟန်ဝင်းအောင်ရေ"

သူတို့နှစ်ယောက် ဝမ်းသာကြည်
နူးစွာနဲ့ ဆတ်မရှိရာသို့ ဆင်းသွားပြီး မှန်
ချက်ကို ကြည့်ရှုလေ့လာနေစဉ်မှာပင်
အောက်မှ 'ဥူး' ထိုးအချက်ပေး တက်
လာသူများမှာ တင်မောင်ဝင်းနှင့် ကျော်
ဆွေဝင်းတို့ ညီအစ်ကိုများ ဖြစ်သည်။

"ဟာ. . . ဒီမှာလဲ တစ်ကောင်
ရထားတယ်ကွ၊ ကျော်ဆွေဝင်းရ၊ ဒီ
အကောင်က အမကြီး၊ ငါတို့ရထားတာ
က အငယ်ကောင် သူ့ကလေးနေမှာကွ"

"မင်းတို့ တစ်ကောင်ရထားသေး
လား၊ ဒီည တစ်ဖွဲ့တစ်ကောင် ဆတ်
နှစ်ကောင် ရတာဆိုတော့ ပွဲပြီပဲ"

"အေးကွာ ဟိုအကောင်ချိုကား
ဆတ်ဖားကြီးသာ ရလိုက်လို့ကတော့
ပွဲပြတ်ပဲ"

"ဟာ. . . ချိုကား အထီးကြီး
မင်းတို့ ပစ်လိုက်ရသေးတာလား"

"ပစ်ရပြီလားကွာ၊ နှစ်ချက်
တောင် အပိုင်ကြီးတွေပစ်ရတာ၊ တို့
ဆရာကြီး ဘယ်လိုဖြစ်သွားတယ် မသိ
ပါဘူး၊ လောဘကြီးပြီး မမှန်တာနေ
မှာပါ"

"လောဘကြီးလို့ မဟုတ်ပါဘူး
ဟန်ဝင်းအောင်ရာ၊ အကောင်ကကြီး၊
ချိုကားကြီး ဆိုတော့ ခေါင်းမှန်မှာ
သေချာမှာဆိုပြီး မျက်လုံးနှစ်လုံးကြား
ခေါင်းအပိုင်ပစ်လိုက်တာပဲကွာ၊ ပထမ
ချက်ကတော့ နီးတော့ လျှံသွားတာ၊
နောက်တစ်ချက်ကလဲ မသေထိုက်တဲ့
အကောင်ဆိုတော့ ပစ်လိုက်တဲ့အချိန်မှ
အကောင်က အနိမ့်ပိုင်း အဆင်းလိုက်နဲ့
ကြုံသွားတော့ လွဲပြန်တာပေါ့၊ တကယ်
တော့ ငါ လောဘကြီးလို့ မဟုတ်ရပါဘူး
ကွာ၊ အကောင်ကိုက သေကံမပါသေး
တဲ့ အကောင်ဆိုတော့ ကြဲဖန်လွတ်တာ
ပါ"

"ဦးခင်မောင်စိန်ပြောတာ မှန်
လောက်တယ်၊ ကျုပ်တို့လဲ အထီးကြီး
ကို ပထမပစ်ရတာ၊ ဘယ်လို လွတ်သွား
တယ်မသိဘူး၊ အခုန ပြောသလို မသေ
ထိုက်သေးတဲ့အကောင်ဆိုတော့ မသေ
တာဘဲဖြစ်မှာ၊ နောက်အကောင်ကျ
သေထိုက်တဲ့အကောင်မို့ 'ဒိုင်း' 'ဘုန်း'
တစ်ချက်တည်းပဲဗျ"

"အေး ဘာပဲပြောပြော၊ ငါတို့က
ကံကောင်းပါတယ်၊ ဟိုအဖွဲ့တွေပြန်သွား
မှ တစ်ညတည်း ဆတ်နှစ်ကောင်ရတာ
ဆိုတော့ ဝမ်းသာစရာပေါ့"

"ကိုင်း တို့တင် ဝမ်းသာလို့ မဖြစ်
ဘူး၊ စခန်းမှာကျန်ခဲ့တဲ့ တို့ဆရာ၊ မင်းတို့
ဆရာရွှေကိုလဲ ဝမ်းသာရအောင် သွား
ကြမယ်၊ သက်သေခံ ဆတ်မြီးနဲ့ ဆတ်
နားရွက် ဖြတ်ခဲ့ကြဦးဟေ့"

**မုဆိုးလာသား**

❑

www.burmeseclassic.com

www.burmeseclassic.com



(၁)

၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ (၃၀)ရက်၊ မနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကမ္ဘာလောကကြီး၌ မည်သို့သော ပြောင်းလဲမှုများ ဖြစ်ပေါ် ပြောင်းလဲသွားသည်ကို ကျွန်တော် မသိခဲ့ပါ။

ဒါပေမယ့် ရင်ခုန်တတ်စ ကျွန်တော့်အသည်းနှလုံးအတွင်း၌ ကြီးမားစွာသော ကြည်နူးငြိမ်းအေးမှု ဖြစ်တည်ခဲ့သည်ကိုတော့ ကျွန်တော် အသေအချာ မှတ်မိနေသည်။

ထိုနေ့က. . .

# ပြန်မပြောချင်ဘူး သံယောဇဉ်ဦးရဲ့စာမျက်နှာ

## မောင်လှမျိုး

(ချင်းချောင်းခြံ)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ချစ်သက် မြတ်နိုးသော "အေးအေးပြုံး" ၏ ချစ်ချင်းအဖြေကို တန်ဖိုးကြီးစွာသော ဆုလာဘ်အဖြစ် ကျွန်တော်ပိုင်ဆိုင်ခဲ့လေသည်။

ထိုနေ့က ဖြစ်တည်ခဲ့သော ကျွန်တော့်ပျော်ရွှင်ကြည်နူးမှုကို တစ်ကမ္ဘာလုံး သိရှိကြမည် မဟုတ်သော်လည်း တစ်ကမ္ဘာလုံးမှာ ကျွန်တော်အပျော်ဆုံးဆိုတာကိုတော့ အေးအေးပြုံး သိကြားပေလိမ့်မည်။ ကျွန်တော့်သူငယ်ချင်းတွေ သိမြင်ခဲ့ကြ၏။

◆

(၂)


အမှန်အတိုင်း ဝန်ခံရလျှင် အေးအေးပြုံးအပေါ် ချစ်ခင်တွယ်တာခဲ့သောကြောင့် ကျွန်တော် ကြုံတွေ့ခံစားခဲ့ရသော ချစ်ခြင်း၏ ပရိဒေဝတွေကို ပြန်မပြောချင်တော့ပါ။ တတ်နိုင်လျှင် ပြန်မတွေးချင်တော့။

ပြောမိသည့်အခါတိုင်း ခံစားနေရဆဲ။ တွေးမိစဉ်အခါတိုင်း ကြေကွဲနေရမြဲဖြစ်၏။ အတိတ်ဘဝ၏ ရေစက်နှောင်းဘဝ၏ ဝဋ်ကြွေးဟု ကြေပြည့်စွာတွေးမှတ်ဖြေဆည်ခဲ့ရ၏။

မြင်ပါများခဲ့သည့် သံယောဇဉ်အကြင်နာထားခဲ့သည့် စွဲလမ်းစိတ်ကြောင့် သူ့ချစ်ခြင်းကို ပိုင်ဆိုင်ခွင့်ရဖို့ ကျွန်တော်ကြိုးပမ်းခဲ့ရသည့် ကာလမှာ နှစ်နှစ်နီးပါး။

ဒီလောက်တောင် ကြာရသလားဟု တစ်စုံတစ်ယောက်က အလိုမကျစွာ ဝေဖန်ခဲ့လျှင် သုံးနှစ်သုံးမိုးထက်စာရင် တော်ပါသေးတယ်ဟု ကျွန်တော်နှုတ်လှံထိုးခဲ့သည်ချည်း။

ကော်ရုပ်လေးတစ်ရုပ်လို လှပကြော့ရှင်းသော အေးအေးပြုံးလိုကောင်မလေးတစ်ယောက်၏ ချစ်ခြင်းကိုရဖို့ ကျွန်တော့်လို ကောင်မျိုးက နှစ်နှစ်နီးပါးသာ ကြာညောင်းခဲ့သည်မှာ အင်မတန် ကံကောင်းသောကြောင့်ဖြစ်သည်ဟု ကျွန်တော်ယူဆ၏။



www.burmeseclassic.com

ဆံပင်ရှည်ရှည် ပေါးလားဟား လား ဝီတာ တခေါင်ခေါင်နှင့် လူတကာ မျက်မုန်းကျိုးစရာကောင်းသော ကျွန်တော့်လို ကောင်မျိုးကို မေတ္တာတုံ့ပြန်ခဲ့သည့်အတွက် အေးအေးပြုံးကို ယနေ့ထက်တိုင် ကျွန်တော် လေးစားစွာ ကျေးဇူးတင်လျက်ရှိပါသည်။

တကယ်ကျေးဇူးတင်ခြင်း ဖြစ်သည်။ အနေအထိုင်အပြုအမူကို ကြည့်မြင်ပြီး သူ့အသိုင်းအဝိုင်း တစ်ခုလုံးက ကျွန်တော့်အပေါ် မျက်မုန်းကျိုးနေပါလျက် အနေအထိုင် အပြုအမူတွေ၏ အနက်ရှိုင်းဆုံးတွင် တည်ရှိနေသော ကျွန်တော့်ချစ်ခြင်းကို စာနာစွာ ကြည့်မြင်နိုင်ခြင်းအတွက် ချစ်သော အေးအေးပြုံးကို လှိုက်လှဲလေးစားစွာ ကျေးဇူးတင်ဖြစ်သည်။

ရင်ဘတ်ဟပြနှင့် စတီးဆွဲကြိုးတွေ အောက်က (၁၈)နှစ်သား တစ်ယောက်၏ ချစ်တတ်သော တစ်ဇွတ်ထိုး အသည်းနှလုံးကို သူ့မိဘတွေ ဘယ်မြင်သာပါ့မလဲ။ မြင်သာတယ်ဆိုရင်တောင် ဘယ်ကြည်ဖြူပါ့မလဲ။

"ဘယ်လိုမှ လက်မခံနိုင်စရာကိစ္စ" ဟု ယခုအချိန်အခါကျမှ ကျွန်တော်တွေးဖြစ်သည်။ ထိုစဉ်က အေးအေးပြုံးသည် အသက် (၁၉)နှစ်။

"တို့ကို အောင် သိပ်ချစ်တယ်ဆိုတာ တို့သိပါတယ်၊ သိလို့လဲ အောင့်ကို တို့ချစ်ခဲ့တာပေါ့၊ ဒါပေမဲ့ အောင်ရယ် တို့အသိုင်းအဝိုင်းက အောင့်ကို ဘယ်လိုမှ ကြည်ဖြူမှာ မဟုတ်ဘူး၊ အောင့်ကို တို့ ပြန်ချစ်တယ်ဆိုတာသာ သိရင် အောင်နဲ့ တို့နဲ့ ဝေးကြရမှာ။

အောင် လိမ်လိမ်မာမာနေနော် ရန်မဖြစ်နဲ့၊ အိမ်ရှေ့မှာ ဂီတာ လာမတီးနဲ့၊ ဆေးလိပ်မသောက်နဲ့၊ စာမေးပွဲ အောင်အောင်ဖြေ၊ ပြီးတော့ ဒီဆံပင်ရှည်ကြီးကို ဖြတ်ပစ်လိုက်တော့၊ တို့ကို ချစ်တယ်ဆိုရင် ဒီကနေ့ကစပြီး အောင် အမြဲတမ်း ဆံပင်တိုတိုလေးနဲ့ နေရမယ်နော် အောင်။

ဘယ်လောက်ဝေးဝေး၊ ဘယ်တော့ဝေးဝေး၊ အောင့်ကို ဆံပင်တိုတိုလေးနဲ့ လှမ်းမြင်လိုက်ရရင် အောင် တို့ကို သိပ်ချစ်နေတုန်းပဲလို့ တို့မှတ်ထားလိုက်မယ်၊ တို့ပြောတာတွေကို အလွတ်ကျက်ထားနော် အောင်"

ကြည်နူးကျေနပ်စွာ ခေါင်းညိတ်ပြခဲ့သည်။ ချစ်သူမျက်နှာ လမင်းမို့မို့လေးကို မြတ်နိုးစွာ ငေးကြည့်ဖြစ်သည်။ ကုပ်ဝဲသာသာရှိသော စိမ်းလဲ့လဲ့ မြကေသာသို့ အကြည့်ရောက်သည်။ လေပြည်တွင် ယိမ်းနွဲ့ရန် ဟန်ပြင်နေသည့် အလင်္ကာကောက်ကြောင်း။

"အောင်လဲ ပြုံးဆီက တစ်ခုလောက် တောင်းဆိုချင်တယ်"

"ဘာတောင်းဆိုမှာလဲ ပြော"

"ပြုံးရဲ့ဆံပင်တွေကို တစ်သက်လုံး အရှည်ကြီးထား၊ ဘယ်တော့ပဲဖြစ်ဖြစ်၊ ဘယ်လောက်ပဲ ဝေးဝေး ပြုံး ဆံပင်အရှည်ထားတာကိုပဲ မြင်ချင်တယ်၊ ပြုံးက ဆံပင်အရှည်နဲ့ သိပ်လိုက်မှာ၊ အောင့်ကို မုန်းပြီ မေ့ပြီဆိုမှ ဆံပင်တွေကို တိုတိုလေးဖြစ်အောင် ညှပ်ပစ်လိုက်ပေါ့၊ အခုကစပြီး အောင့်ရဲ့ အချစ်တွေကို ပြုံးရဲ့ ဆံပင်တွေထဲမှာ ထည့်ထားလိုက်ပြီနော် ပြုံး"

ပြုံး၍ ခေါင်းညိတ်သော ချစ်သူ လမင်းကို လရောင်အောက်တွင် ကျွန်တော်မြင်သည်။ ပြုံး၏လက်ခုံဖြူနုလေးကို ကျွန်တော်နမ်းသည်။ ကျွန်တော့် ညာဘက်လက်ခုံပေါ်သို့ နှုတ်ခမ်းနီ ဆိုးထားသော နှုတ်ခမ်းပါးလေးကို ဖိကပ်ပေးသည်။ ကျွန်တော့်လက်ခုံပေါ်မှာ နှုတ်ခမ်းရာလေးတစ်ခု ထင်ကျန်ရစ်၏။

(ထိုနှုတ်ခမ်းရာလေးကို ဒိုင်ယာရီစာအုပ်ထဲရှိ ၁၉၈၅ ခု၊ ဒီဇင်ဘာလ ၂၆ရက်ဟူသော စာမျက်နှာပေါ်တွင် ဖိကပ်လိုက်သည်။ နေ့စွဲလေး၏ စာမျက်နှာတွင် နှုတ်ခမ်းရာလေးတစ်ခု ထင်ရှားလှပစွာ ထင်ကျန်သွား၏။)

ယခုအချိန်မှာတော့ ထိုနှုတ်ခမ်းရာလေးကို အနမ်းရာလား၊ နှုတ်ခမ်းရာလား၊ အလွမ်းဒဏ်ရာလားဆိုတာကို ကျွန်တော် မဝေခွဲချင်တော့ပေ။

ထိုနေ့သည် ကျွန်တော် ချစ်သော အေးအေးပြုံး၏ အသက်(၂၀)ပြည့်မွေးနေ့။ သူ့ကို ကျွန်တော့်ဓာတ်ပုံတစ်ပုံပေးခဲ့သည်။ သူက ကျွန်တော့် ဘယ်ဘက်ရင်ဘတ် (အင်္ကျီအိတ်၏ အထက်နား)တွင် စန်ဒါကလော့ရင်ထိုးလေး တစ်ခု ချိတ်ဆွဲပေးသည်။

ထိုညသည် အမှတ်တရအရှိဆုံးည။ ခရစ္စမတ်အလွန်ည။ ဆောင်းည။ ပြန်တွေးမိလျှင် လွမ်းစရာကောင်းလွန်းသည့် ည။ ဒီဇင်ဘာ ည။ ချစ်သူနမ်းတဲ့ည။

ကျွန်တော်နှင့် အေးအေးပြုံးတို့ တွေ့ဆုံစကားပြောလေ့ရှိသော နေရာသည် ဝေးဝေးလံလံတွင်မဟုတ်။ အေးအေးပြုံး၏ အိမ်၊ ပုဏ္ဏရိက်စည်းရိုးများအကြားတွင်ဖြစ်သည်။

အိမ်၏ အနောက်ဘက် ပုဏ္ဏရိက် စည်းရိုးသည် ကျွန်တော်တို့သဖြင့် အကျိုးကျိုးအပဲ့ပဲ့ ပြိုပြိုလဲလဲ။

ကျွန်တော့်ကို ချစ်လွန်းသဖြင့် သူ အရဲစွန့် တွေ့ဆုံခဲ့သည်လား၊ ကျွန်တော်က ချစ်လွန်းသဖြင့် အတင့်ရဲလွန်းခဲ့သည်လား ဆိုတာကို ယခုထက်တိုင် သဲသဲကွဲကွဲ ဝေခွဲမရ။

◆

## (၃)

ဟိုစဉ်တုန်းကတော့ ကြေတွဲစရာ ဇာတ်ဝင်ခန်း။

ယခု အချိန်အခါမှ လှမ်း၍ ပြန်မြင်ယောင်လိုက်သောအခါမှာတော့ ဒါဟာ ရိုးစင်းသော ဇာတ်ဝင်ခန်းလေး တစ်ခန်းသာ ဖြစ်နေသည်။

ကျွန်တော်၏ အနေအထိုင် မဆင်ခြင်မှု၊ ပတ်ဝန်းကျင်၏ သတင်းပေးမှုများကြောင့် ကျွန်တော်နှင့် အေးအေးပြုံးတို့အကြောင်းကို သူ့မိဘများ သိသွားကြသည်။ အေးအေးပြုံးတို့ အရိပ်အယောင်မျှ မတွေ့ရတော့ချေ

www.burmeseclassic.com

ဘယ်မှာ ရှိနိုင်မလဲ။ ညဏ်မီသလောက် ကျွန်တော်စဉ်းစား၏။ ဆယ့်ငါးရက်ခန့်ကြာသောအခါတွင် သူရှိနိုင်မည့်နေရာကို ကျွန်တော် စဉ်းစား၍ရသည်။ ရန်ကုန်မြို့၏ အစွန်ဘက်ကျသော မြို့နယ်တစ်ခုတွင် အေးအေးပြုံး၏အဒေါ် ရှိသည်။

ထိုနေရာကို မနက် ၅နာရီမှ ၁၁ နာရီအတွင်း ကျွန်တော် ရှာဖွေနိုင်ခဲ့သည်။ မသိစိတ်၏ သံယောဇဉ်အစွမ်းကြောင့်ဟု ကျွန်တော် ယူဆ၏။ သူ့အဒေါ် မသိအောင် အစ်မဝမ်းကွဲတစ်ယောက်၏ အကူအညီဖြင့် ကျွန်တော်စောင့်နေရာသို့ သူ အရောက်လာသည်။

ခြေတံရှည် ကင်းတဲလေးတစ်ခု ခပ်လှမ်းလှမ်းတွင် ကတ္တရာလမ်း၊ ကတ္တရာလမ်း၏ ဟိုဘက်တွင် ကန်စွန်းခင်း၊ ကန်စွန်းခင်းများ၏ ကုန်းမြင့်ပိုင်းတွင် ကတ္တရာလမ်းနှင့်ပြိုင်လျက်ရှိသော ရထားလမ်း၊ တွေးကြည့် မြင်ယောင်မိလိုက်တိုင်း အရာရာသည် ကြေကွဲစရာ ခန်းချီကား။

ခြေတံရှည်ကင်းတဲလေး၏ အနီးတွင် ကျွန်တော်တို့နှစ်ယောက် စကားပြောဖြစ်သည်။ အေးအေးပြုံးက ကျွန်တော့်ရှေ့သို့ ရောက်လျှင် ရောက်ချင်းသည်သည့် စကားမျှ ပြောမထွက်။ မျက်ရည်ဝေ့နေသော မျက်ဝန်းများဖြင့်ငေးကြည့်လျက် . . .

"အောင်ရယ်"

တုန်ယင်သောအသံ။ ကျွန်တော်ကြည်နူးစွာ ကြိုးစားပြုံး၏။

"ပြုံး နေကောင်းရဲ့လား"

"ကောင်းပါတယ် အောင်. . .၊ အောင်ကော နေကောင်းတယ်နော်"

ပြုံးလျက် ကျွန်တော် ခေါင်းညိတ်၏။

"အောင် လိမ်လိမ်မာမာ နေနော်"

ဒုတိယအကြိမ် ကျွန်တော်ခေါင်းညိတ်၏။အပြုံးမပျက်အောင် ကျွန်တော်နေသည်။ အမှန်တကယ် မျက်ရည်မကျအောင် ကျွန်တော် ထိန်းသိမ်းနေခြင်းဖြစ်၏။

တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်တွယ်ယှက်ကာ စကားမပြောနိုင်အောင် ရှိခဲ့သည်။ ရင်ဆိုင်နေရသော အရာကို သိပါလျက် ဘာကို ယှဉ်ပြိုင်ရမည်မှန်း မတွေးသိနိုင်ရှာသော အခါကာလ။

ပေါက်ခနဲကျသော သူ့မျက်ရည်တွေကို ကျွန်တော်မြင်သည်။ မျက်ရည်ဝေ့ဝဲနေသော်လည်း ပါးပြင်ပေါ်သို့ မကျရောက်အောင် ထိန်းသိမ်းနေရသော ကျွန်တော့်မျက်လုံးတွေကိုလည်း သူ မြင်ပေလိမ့်မည်။

"တစ်လလောက်ကြာရင် ပြုံးအိမ်ကို ပြန်လာမှာပါ၊ အောင် ကျောင်းမပျက်နဲ့နော်"

ကျွန်တော် ခေါင်းညိတ်သည်။

"ပြုံး၊ အောင့်အပေါ် မကျေနပ်တာရှိရင် ပြောနော်၊ အောင် ပြုပြင်ပါ့မယ်၊ အောင့်ကိုတော့ ဘယ်တော့မှ မမုန်းပါနဲ့နော် ပြုံး"

"စိတ်ချပါ အောင်ရယ်၊ ပြုံးနဲ့အောင်နဲ့ လူငယ်သဘာဝ အခုအခြေအနေမှာ မိုက်ခွင့်ရှိပါတယ်၊ ဒါပေမယ့် ပြုံးတို့ မမိုက်ကြဘူး၊ ဘဝကို အညွန့်ကျိုးစေမယ့် ဆုံးဖြတ်ချက်မျိုးကို ပြုံးတို့နှစ်ယောက်စလုံး မဆုံးဖြတ်ကြဘူးနော် အောင်"

"အောင် နားလည်ပါတယ် ပြုံးရယ်၊ အောင်က ပစ်စလက်ခတ်နေခဲ့တဲ့ လူငယ်တစ်ယောက် ဆိုပေမယ့် ဘဝကို ပစ်စလက်ခတ် မဖြစ်စေရဘူး၊ ပြုံးကို အောင် ဂ. ဘိပေးပါတယ်"

ထိုစဉ်က ကျွန်တော် အသက် (၂၇)နှစ်။ ဘာမှန်းမသိသော လောကဓံကို စိန်ခေါ်ဝံ့သည့် အရွယ်။

ထိုနေ့က တွေ့ဆုံခဲ့ကြရခြင်းသည် နောက်ဆုံးတွေ့ဆုံခြင်းဟု ကျွန်တော် ကြိုတင်၍ မခန့်မှန်းမိခဲ့။ ဟိုမှာရှိလိမ့်နိုး၊ ဒီမှာ ရှိလိမ့်နိုးနှင့် ဝေးမှန်းမသိ ဝေးခဲ့ကြရသည်။ မိသားစု တစ်ခုလုံး မည်သည့်အရပ်သို့ ရွှေ့ပြောင်းသွားကြသည်ကို ကျွန်တော်မသိ။ ထင်ရာမြင်ရာ ရှာဖွေသော်လည်း မတွေ့။

တစ်နည်းနည်းနဲ့ ဆက်သွယ်မှာပါလေဟု ဖြေတွေးတွေးခဲ့သည်။

ဝေးကွာခဲ့ကြသည်မှာ ဘယ်လောက်တောင် ကြာညောင်းသွားပြီလဲ ဆိုလျှင် နေ့တွေ လတွေ လက်ချိုးရေတွက်ပြ၍ မရနိုင်တော့ပေ။

◆

၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ (၃၀)ရက်နေ့ ရောက်ခဲ့စဉ်က ပြုံးနှင့်ကျွန်တော် ချစ်သက်တမ်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သူငယ်ချင်းတွေကို စားသောက်ဆိုင်တစ်ခုမှာ ဧည့်ခံကျွေးမွေးခဲ့သည်။

ချစ်သက်တမ်း၏ ခန်းဝင်ပစ္စည်းများအဖြစ် ကျွန်တော့်အကျီ၏ လက်ဝဲဘက် အကျီအိတ် အထက်နားတွင် စန်ဒါကလော့ရင်ထိုးလေးကို ချိတ်ဆွဲသည်။ အေးအေးပြုံး၏ ဓာတ်ပုံတွေ စာတွေနှင့်တကွ ဒိုင်ယာရီ စာမျက်နှာပေါ်မှ နှုတ်ခမ်းရာလေးကိုပါ သူငယ်ချင်းတွေရှေ့မှာ ကျွန်တော် ပြသသည်။ ရူးသွပ်သူဟု မည်သူမျှ မထင်ကြ။ ကျွန်တော့်ရင်တွင်းကို အားလုံးက မြင်ကြ၏။

◆

အတိတ်တဓျွာ၊ စိတ်ကြေလေလွင့်
သခင့်အသည်း၊ လွင့်ဝဲဝေသီ
ညဆီပိုင်စိုး၊ မြင်ရနိုးပေ့ါ။
တွေ့နိုးမျှော်မှန်း
ရော်ရမ်းလွမ်းတာ၊ ပြန်ဆုံရဖို့
ညအလီလီ၊ နာရီမခြား
ဆုတောင်းအားငယ်။
မျက်ရည်နယ်ထဲ
မပျော်ရဲဘူး၊ အချစ်ဦးရေ
သံယောဇဉ်ဆူး၊ ရင်မှာစူးပေ့ါ
အကြြင်နာဦးရဲ့ ရူးလှပြီ။ ။

◆



www.burmeseclassic.com

www.burmeseclassic.com

၁၉၉၅ ခု၊ ဖေဖော်ဝါရီလ(---) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အေးအေးပြုံး၏ လက်ထပ်သတင်းကို ရင်နင့်ကြေကွဲစွာဖတ်ရ၏။ လက်ထပ် သတင်းတွင် ဖတ်လိုက်ရသော မိဘအမည်၊ နေရပ်လိပ်စာအရ သူ ရန်ကုန်မှာ ရှိနေတာပါလားဟု တသစွာ တွေးတောမိသည်။

တစ်နေ့နေ့မှာ ပြန်လည်ဆုံတွေ့ရလိမ့်မည်ဟု မျှော်ကိုးခဲ့သည်ကို သူ မသိလေရော့သလား။ အရာရာကို မေ့စွမ်းနိုင်ပြီ ထင်ပါရဲ့ဟု ယူဆလိုက်ရသည်။ ရင်နှင့်မမျှ ခံစားရ၏။

"ဆယ်နှစ်ကျော်မှ သူ လက်ထပ်လိုက်တာပဲ၊ မင်းအပေါ် ဆယ်နှစ်ကျော်သစ္စာကြီးခဲ့တယ်လို့ပဲ ယူဆလိုက်ပေ့ါ၊ ခံစားမနေပါနဲ့ကွာ၊ ရှာတယ် မတွေ့ဘူး၊ မျှော်လင့်တယ် ဆုံခွင့်မရဘူး၊ လူ တော်တော်များများ ကြုံတွေ့ရတဲ့ အဖြစ်အပျက်မျိုးပါ" ဟု ချစ်သောသူငယ်ချင်းတွေက ဖျောင်းဖျ၏။

သို့သော် ကျွန်တော့်စိတ် ဖြေဆည်ရာ မရခဲ့။

အေးအေးပြုံးနှင့် တွေ့လိုစိတ် မေးမြန်းလိုစိတ်တွေ ရင်မှာ ဆပွားခဲ့သည်။ နေရပ်ကို စုံစမ်းခဲ့မိသည်။ ရန်ကုန်မြို့ရှိ အထင်ကရ ဈေးကြီးတစ်ခုတွင် ရွှေဆိုင်တစ်ဆိုင် ဖွင့်လှစ်ထားကြောင်း သိရ၏။ ကျောင်းနေဖက် မဟုတ်သော သူငယ်ချင်းတစ်ယောက်နှင့်အတူ အေးအေးပြုံးထံသို့ ကျွန်တော် သွားခဲ့သည်။

♦

ကျွန်တော်နှင့် အတူပါလာသော သူငယ်ချင်းက လက်ဝတ်ရတနာ တစ်ခု၏ တန်ဖိုးကို မေးမြန်းသည်။ အေးအေးပြုံးက တန်ရာတန်ဖိုး ပြောသည်။ ကျွန်တော်က ရွှေလက်ပတ်ကြိုး တစ်ခုကို လက်ညှိုးညွှန်သည်။ အေးအေးပြုံးက တစ်သောင်းနှစ်ထောင်ဟု ပြော၏။

ကျွန်တော့်သူငယ်ချင်းက "မင်း ယူမလို့လား" ဟုမေးသည်။ ကျွန်တော် ခေါင်းညိတ်လိုက်၏။ ဆယ်နှစ်အတွင်း ပြောင်းလဲခဲ့ရသော ကျွန်တော့် အနေအထိုင် ဝတ်စားဆင်ယင်ပုံ မျက်လုံးတွေကို ကွယ်ကာထားသော နေကာမျက်မှန်ကြောင့် ကျွန်တော့်ကို အေးအေးပြုံး မမှတ်မိ။

ကျွန်တော့်သူငယ်ချင်းက အေးအေးပြုံး လှမ်းပေးသော လက်ဝတ်ရတနာကို ယူသည်။ ကျသင့်ငွေကို ကျွန်တော်ပေး၏။

♦

"မင်း သူ့ကို စကားပြောမလို့ဆို၊ ဘာဖြစ်လို့ မပြောခဲ့တာလဲ"

သူငယ်ချင်းဖြစ်သူက ကားတံခါးဖွင့်ရင်း မေးသည်။ ကျွန်တော်က ကားမောင်းသူ နေရာတွင် ထိုင်ပြီး ကားစက်မနိုးသေးဘဲ . . .

"အလာတုန်းကတော့ ပြောစရာတွေ၊ မေးစရာတွေ၊ အပြစ်တင်စရာစကားတွေ အများကြီးပဲ၊ ဒါပေမယ့် သူ့ကိုမြင်လိုက်တဲ့ အချိန်ကစပြီး အဲဒါတွေ အကုန်လုံး ပျောက်သွားတယ်"

"ဘာဖြစ်လို့ ပျောက်သွားတာလဲ၊ စိတ်ကို ဆင်ခြင်လိုက်တာလား"

ကျွန်တော် ခေါင်းယမ်းသည်။

ကြေကွဲခြင်းကင်းမဲ့စွာ ကြည်နူးလျက် ပြုံးဖြစ်သည်။

ကားစက်နှိုးရင်း . . .

"အဲဒီ အေးအေးပြုံးရဲ့ တစ်ကိုယ်လုံးမှာ အထင်ရှားဆုံး ဖြစ်နေတာ ဘာလဲ၊ မင်း တွေ့ခဲ့လား၊ သတိထားခဲ့မိလား"

"ဟင့်အင်း မသိဘူး၊ အင်း. . . ဒါပေမယ့် သတိထားမိစရာဆိုလို့ ဆံပင်တွေ၊ ဟုတ်တယ် ဆံပင်တွေ ရှည်လွန်းနေတယ်၊ နည်းနည်းနောနော အရှည် မဟုတ်ဘူး၊ ခြေသလုံးနား ရောက်နေပြီ"

ကျေနပ်စွာ ကျွန်တော် ပြုံး၏။ ကားကို မောင်းထွက်လိုက်သည်။

"အဲဒီ ဆံပင်အရှည်တွေကို မြင်လိုက်တဲ့အတွက် ငါ ပြုံးကို ဘာစကားမှ မပြောခဲ့တာဘဲ သူငယ်ချင်း"

"ငါ နားမရှင်းဘူး လှမျိုးအောင်"

"မင်း နားရှင်းသွားအောင် ငါ ပြောပြပါ့မယ်ကွာ"

♦

(၅)

အမှန်အတိုင်း ဝန်ခံရလျှင် အေးအေးပြုံးနှင့် ပတ်သက်ခဲ့သမျှ မည်သူ့ကိုမျှ ပြန်မပြောချင်တော့ပါ။ မုန်းမေ့နာကျင်ခဲ့သောကြောင့် မဟုတ်။ ပြန်မပြောသင့်တော့သော အခါကာလဟု ကျွန်တော် သတ်မှတ်ထားချင်သည်။

လူငယ်သဘာဝ မမိုက်ခဲ့ကြသည့်အတွက် ဆယ်နှစ်တာကာလအတွင်း သူလည်း မြင့်မားသာယာခဲ့သည်။ ကျွန်တော်လည်း တိုးတက်ပြောင်းလဲခဲ့ရသည်။ ဝေးလွင့်ကွာခြားအောင် ပြုမူခဲ့သော သူ့မိဘများကို ယခုမှ ကျွန်တော် ကျေးဇူးတင်ဖြစ်၏။

ယခုအချိန်အခါတွင် တန်ခိုးရှင်တစ်ဦးဦးကို အဖြစ်ချင်ဆုံး ဆန္ဒကို ပြောပါဆိုလျှင် ကျွန်တော် အဖြစ်ချင်ဆုံးဆန္ဒကတော့ အေးအေးပြုံး၏ ဆံပင်ရှည်တွေကို ဖြတ်တောက်ပစ်လိုက်စေချင်၏။

♦

ဟိုတုန်းကလို အချစ်တွေ
ဝေနေချင်လေရဲ့
ရွှေမှဲ့ ငွေမှဲ့
လှမ်းလာခဲ့လေ၊
လွမ်းတာရှည် နွမ်း
မျှော်တော်ခန်းပေါ့
ရင်ခွင်ဦးရဲ့
လွမ်းလိုက်တာ။ ။

တမ်းတခဲ့မိသော စာမျက်နှာများအတွက် ကျွန်တော့်မှာ ကြေကွဲခွင့် မရှိတော့။

**မောင်လှမျိုး (ချင်းချောင်းခြံ)**

❑



www.burmeseclassic.com

www.burmeseclassic.com



# အရူးကပြောသော အကြောင်း

သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)

သထုံမြို့၊ နေမိန္ဒရတောင်ထိပ်၌ သိမ်သမုတ်ရန် စီစဉ်ကြသောအခါ သိမ်အတွက် ကျောက်တိုင်၊ သစ်ဝါးများကို တောင်ပေါ်သို့ တင်ကြရာ နံနက်မိုးလင်းလျှင် ထိုကျောက်တိုင်၊ သစ်ဝါးများအားလုံးအလိုလို တောင်အောက် ပြန်ရောက်နေသဖြင့် အံ့အားသင့်တုန်ကြ၏။ တောင်ထိပ်၌ သီတင်းသုံးနေသော ဆရာတော်ကြီးက "ဒါအနှောင့်အယှက်ပေးရုံပါ၊ ကိစ္စမရှိပါဘူး" ဟုဆိုကာ နောက်တစ်ရက် ထိုပစ္စည်းများကို ထပ်၍တင်စေရန် လူများကိုပါ တောင်ပေါ်၌ ညအိပ်အစောင့်ထားသည်။ နံနက်မိုးလင်းလျှင် သစ်ဝါးများသာမက လူများပါ တောင်အောက်သို့ရောက်နေသဖြင့် ကျောင်းနေ သံဃာပရိသတ် အချို့ပင် တိမ်းရှောင်သွားကြ၏။ မြို့နေလူများလည်း မသွားရဲကြ။ ဆရာတော်ကြီးလည်း ရုတ်တရက် ပျံလွန်တော်မူသွားရသည်။

တစ်နေ့တွင် မြို့မျက်နှာဖုံး ဦးဘိုးစနှင့် ဦးကျော်ဒွန်းတို့ ထိုတောင်သို့သွား၍ကြည့်ရှုကြရာ "ကျုပ်ဒီတောင်မှာ နတ်ဖြစ်နေရတယ်၊ မကြာမီ ခြောက်လလောက်ရှိရင်တော့ ကျွတ်လွတ်ရမှာပါ" ဟု လူမမြင်ရဘဲ အသံတစ်ခုကြားရ၏။ ပျံလွန်သော ဆရာတော်ကြီးအသံဖြစ်နေသည်။ ဦးဘိုးစတို့လည်း အံ့သြလျက် ပြန်လာခဲ့ကြရ၏။

သာသနာစိတ် ပြင်းပြလှသော ဦးဘိုးစ၊ ဦးကျော်ဒွန်းစသော မြို့မျက်နှာဖုံးလူကြီးများသည် စိတ်မကောင်းဖြစ်နေကြခိုက် ရသေ့ကြီးဦးခန္တီ သထုံရောက်လာသဖြင့် ထိုနေမိန္ဒရတောင် သိမ်သမုတ်ရေးကိစ္စကို အပ်နှင်းကြသည်။

"ကျုပ်က ရသေ့ ဆိုတော့ အဆောက်အအုံလောက်ပဲ တာဝန်ယူနိုင်မယ်၊ ညောင်လွန့်ဆရာတော်ဟာ [illegible]သတ်၊ ပဋိပတ်ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီးပါတယ်၊ အတွင်းသိ အတူနေဖက်ပါ။ သူ့ကိုပင့်ရင် အောင်မြင်ပါလိမ့်မယ်" ဟု အကြံပေးသဖြင့် ဦးသံနိုင်နှင့် ဦးသံဇုံတို့ ညောင်လွန့်တောရသို့ လာပင့်ကြ၏။

ညောင်လွန့်သို့ ရောက်ကြလျှင် ဆရာတော်၏ လက်ရုံးတပည့်ကြီး တစ်ပါးဖြစ်သူ ဘုန်းကြီး ဦးဥတ္တမက အကျိုးအကြောင်း စုံစမ်းကာ ဆရာတော်နှင့် တွေ့ခွင့်မပေးသေးဘဲ အစစအရာရာ ပို၍ကောင်းမွန်စေရန်အတွက် အမိန့်တော်ပြန် စာတမ်းတစ်ခုကိုပေးလျက် အမိန့်တော် ပြန်စေခိုင်းပြီးလျှင် တောင်စောင့်နတ်များ၏ သဘောတူမတူကို ဦးစွာ အစမ်းခိုင်းလိုက်၏။

သထုံမြို့လူကြီးများ စမ်းသပ်ကြည့်ကြရာ ကျေနပ်သည်ကို တွေ့ရကာမှ ဆရာတော်ကို လာ၍ပင့်ကြ၏။ ဆရာတော်ကလည်း ချက်ချင်းလက်မခံသေးဘဲ တစ်ညခန့် ဆိုင်းငံ့စေ၍ မြို့စောင့်နတ်၊ တောင်စောင့်နတ်များ၊ အစိမ်းသရဲများ အခြေအနေကို ကြည့်ရှုဆင်ခြင်တော်မူ၏။ အပ္ပနာမေတ္တာပွားပို့တော်မူ၏။ အစောင့်နတ်များ မျှော်လင့်ကြည်ညိုကြောင်းသိပြီးမှ လက်ခံကြွရောက်တော်မူသည်။

ဆရာတော်၏ တိုက်တွင်း၊ တိုက်ပမှ ၁၁ ပါးနှင့် မိတ္ထီလာမြို့ ရေလယ်ကျောင်းဆရာတော်နှင့် စွန်းလွန်းဆရာတော် (ထိုစဉ်က ရေလယ်ကျောင်း၌သီတင်းသုံးသည်)အပါအဝင် မိတ္ထီလာမှ ငါးပါး၊ တောင်ငူမှတစ်ပါး ပေါင်း ၁၇ ပါး ကြွတော်မူကြသည်။

ထိုသိမ်သမုတ်ပွဲတွင် "စွန်းလွန်းဆရာတော် ပါဝင်ဆောင်ရွက်မှ ပိုမို၍ လွယ်ကူချောမောမည့်အခြေအနေများလည်း ရှိတန်ရာ၏" ဟု ယူဆရသည်။

စွန်းလွန်း ဆရာတော်သည် သထုံသို့မကြွမီ နေမိန္ဒရတောင် အခြေ



www.burmeseclassic.com

www.burmeseclassic.com

အနေကို ဇာတ်ကြောင်းပြန်၍ အာရုံယူကြည့်ရှုတော်မူနေစဉ် အနီးအပါးရှိ သူငယ်ချင်းဖြစ်သူ ဦးစံတင်က. . .

"အရှင်ဘုရား၊ ရှေးက အကြောင်းတွေ ပြန်ကြည့်နေသလား၊ ကြွသာကြွပါ၊ အရှင်ဘုရား ပြုလုပ်ထားခဲ့တာတွေပါ၊ တနင်္ဂနွေထောင့်မှာ မြေကမူလေး ရှိလိမ့်မယ်၊ အဲဒီနေရာက ပရိက်တည်ပါ၊ အောင်မြင်ပါလိမ့်မယ် ဘုရား" ဟု ဝင်၍ လျှောက်ထားဖူး၏။

ထိုစကားများကား အလွန် အဓိပ္ပာယ် သွားလှပေသည်။ ထို့ကြောင့် ဘဝဟောင်းသံယောဇဉ်သည် ထိုကိစ္စ၌ စွန်းလွန်းဆရာတော်မပါလျှင် မပြီးနိုင်သော အချက်တစ်ခုပင် ဖြစ်လေရာ၏။

၁၂၈၄ ခုနှစ် (၁၉၂၃ ခုနှစ်) တပေါင်းလဆန်းတွင် ဆရာတော်နှင့် တကွ အဖွဲ့ဝင် ၁၇ ပါးသည် သီးသန့် မီးရထားတစ်တွဲဖြင့် ညောင်လွန့်ဘူတာမှ ကြွတော်မူကြသည်။ ရေတာရှည်ဘူတာ၌ ခေတ္တရပ်၍ ရထားထွက်ခါနီးတွင် ထိုတွဲပေါ်သို့ ထူးဆန်းသော ဘုန်းကြီးရှုး တစ်ပါး ကပ်လိုက်ပါလာ၏။ လက်တစ်ဖက်၌ တောင်ဝှေးနှင့်ကြိုး၊ အခြားတစ်ဖက်၌ သစ်သား ပန်းခက်ကျိုးတစ်ခုနှင့် ခလောက်တစ်ခု ကိုင်ထားလျက် ဆရာတော်များအား စိန်းစိန်းကြည့်နေစဉ် ရေလယ်ဦးသုဇာတက "သီးသန့်တွဲဖြစ်သည်" ဟုပြောရာ "အိုး ပိုင် ပိုင်" ဆိုပြီး ရွတ်ဝင်ထိုင်၏။

"ဆရာတော်ကြီးပါတယ်၊ စကားတွေ သိပ်များမနေနဲ့" ဟု ပြောရာ. . .

"ဘာ ဆရာတော်တုံး" ဟု ထပ်မေး၏။

"ညောင်လွန့်ဆရာတော်ကြီး" ဟု ဖြေကြားရာ. . .

"ဘာ ညောင်လဲ၊ ဗောဓိညောင်လား၊ ညောင်ချဉ်လား၊ ညောင်ကြမ်းလား၊ အဲလေ ဗောဓိညောင်ပေါ့" ဟု ပေါက်ကရပြောရင်း . . .

"ဘာကိစ္စကြွမှာတုံး" ဟု ထပ်မေးပြန်သဖြင့် စကားမဆုံးအောင် ရှိနေ၏။

"သထုံကိုသိမ်းသမုတ်၊ သာသနာပြုသွားလို့" ဟု ခပ်တိုတို ပြောလိုက်ရာ အရှူးဘုန်းကြီးက . . .

"ဩော် . . . ရှင်မဟာဗုဒ္ဓဃောသလို သီဟိုဠ်ကို သာသနာပြုသွားမလို့ကိုး" ဟု ဆိုကာ-

"အောင်ပဓာတ် အောင်ပဓာတ်၊ သွားကြ သွားကြ၊ အောင်ပါလိမ့်မယ် အောင်ပါလိမ့်မယ်"

ဟု အော်ဟစ် ပြောဆိုလျက် လက်တွင်ပါသော ခလောက်နှင့် ပန်းခက်ကျိုးကို လှုပ်ပြသည်။

ပါးစပ်ကလည်း . . .

"ဒီမှာ ကြည့် ကြည့် ခလောက် ခလောက်၊ ပန်းခက် ပန်းခက်၊ အဆန်မပါဘူး၊ အကျိုး အကျိုး"

ဟု တစ်ဗျစ်တောက်တောက် ပြောဆိုကာ ရွှေဘူတာအရောက်တွင် ဆင်းသွားလေတော့၏။

ထိုအတိတ်နိမိတ်အရ "အနှောင့်အယှက်တော့ တွေ့မယ်၊ မှုစရာမရှိ" ဟု အဓိပ္ပာယ် ဖော်ကြ၏။ အရှူးက ပြောသော အကောင်း ဖြစ်သည်။

ဆရာတော်များ သထုံမြို့သို့ ရောက်ကြလျှင် ခမ်းနားကြီးကျယ်စွာ ပင့်ဆောင်၍ နေမိန္ဒရတောင်ခြေ တည်းကျောင်းသို့ ကြွကြ၏။ ဆရာတော်ကိုမူ တောင်ထိပ် အင်္ဂါထောင့် ဒုတိယ ပစ္စယာရှိ ကွက်လပ်တည်းကျောင်း၌ သီးသန့်တစ်ပါးတည်း သီတင်းသုံးစေ၏။ တစ်မြို့လုံးက "ဘာသတင်းကြားရမလဲ" ဟု နားစွင့်နေကြသည်။

ဆရာတော်သည် ရောက်သည့်ညမှစ၍ ပရိသတ်များအား စောစော ပြန်လွှတ်ကာ ဘုရားဝတ်ပြုခြင်း၊ ပရိတ်ရွတ်ခြင်းများ ပြုလုပ်တော်မူ၏။ မေတ္တာကို များစွာ ပွားပို့တော်မူသည်။

စွန်းလွန်းဆရာတော်ကလည်း နေမိန္ဒရတစ်တောင်လုံး ဖယောင်းတိုင်ညှိထွန်းကာ ကြက်လျှာတိုင်များ လိုက်လံ ထိုးစိုက်၍ နတ်များအား ဘုရားလှူရန် ပေးစွန့်တော်မူ၏။

ဓာတ်မသိသူတို့က "တောထွက်ကိုယ်တော်ကြီး လောကီအလုပ်တွေ လုပ်နေတယ်" ဟု အပြစ်တင်ကြ၏။ မီးများ တစ်တောင်လုံး လင်းထိန်နေအောင် ပေးပြီးလျှင် တနင်္ဂနွေထောင့်၌ ရပ်၍ ပရိက်ပြုကာ မေတ္တာပွားပို့တော်မူ၏။ အမျိုးမျိုးသောနတ်၊ နတ်စိမ်းသရဲ တစ္ဆေပြိတ္တာများ တစ်သုတ်ပြီးတစ်သုတ် သူ့အုပ်စုနှင့်သူ လာရောက်ကန်တော့ကြရာ တရားဟောဆုံးမ၍ လွှတ်သည်။

နောက်ဆုံး လာသူမှာ မင်းမြောက်တန်ဆာငါးပါး ဆင်ယင်လာသဖြင့် ဆင်ခြင်ကြည့်တော်မူရာ ယခင်က ဆရာ၊ ဒကာဖြစ်ခဲ့ဖူးသော မနူဟာ မင်းမှန်း သိတော်မူသဖြင့်. . .

"အသင်နတ်မင်း၊ ဤတောင်၌ ထူပါရုံစေတီ ရှိတယ်၊ ဓာတ်တော်များ ကိန်းဝပ်တည်ရှိသဖြင့် လူအများ ဖြတ်သန်းသွားလာ၍ အပြစ်ကြီးလေးတယ်၊ ငါတို့ ဒီတောင်မှာ သာသနာပြုကြမယ်၊ သင်တို့က စောင့်ရှောက်ကြပါ၊ သင့်အတွက် အိမ်တော် (နတ်ကွန်း) လဲ အသစ် ဆောက်ပေးကြလိမ့်မယ်"

စသည်ဖြင့် မေတ္တာရပ်ခံ၍ တရားအနည်းငယ် ဟောပြပေးရာ နတ်မင်းကြီးမှာ ဘာမျှ စကားတုံ့မပြန်ဘဲ ခေါင်းငုံ့ငိုယိုကာ တနင်္ဂနွေထောင့်မှ ဆင်းသွားရှာ၏။

စွန်းလွန်း ဆရာတော်သည် မေတ္တာပွား၊ တရားဟောပြကာ တောင်အောက်တည်းခိုကျောင်းသို့ ဆင်းလာခဲ့သည်။

ညောင်လွန့်ဆရာတော်ကား နေ့အခါတွင် နတ်များ၊ နာနာဘာဝများကို ညစဉ် ဟောပြောနေရ၏။

ပထမတွင် နေမိန္ဒရတစ်တောင်လုံးကို ခြုံ၍ကြည့်ရင်း မေတ္တာပွားပို့ရာ တန်ခိုးကြီးသော နတ်များ အခြံအရံများစွာနှင့် တရားနာ လာကြသည်ကို ဟောပြောတော်မူရသည်။

ရွှေတွင်ထိုင်နေသော တောင်စောင့်နတ်မင်းကြီးက. . .





www.burmeseclassic.com

www.burmeseclassic.com

"လိုအပ်သလို သာသနာအတွက် ...နှ်" မိမိကိုယ်ကိုယ် အပ်နှင်း၍ ...င့်ရှောက်မည့်အကြောင်း ကတိပေး ...သည်။ သို့နှင့် အရုဏ်တက်ကာ ...ညကုန်လေ၏။

နောက်တစ်ည။

အရှေ့ဘက် တောင်တန်းကြီး ...လုံးကိုခြံ၍ အထူးဆင်ခြင်လျက် ...ာမေတ္တာပွား ပို့တော်မူရာ ယခင် ... ဘန်ခိုးကြီးသော နတ်မင်းကြီး ...အရံများစွာနှင့် လာရောက်ကန် ...ပြန်၏။ နေမိန္ဒရတောင်ပင် မဆုံ ... နတ်မင်းကြီးက ရှေးအတိုင်း ကတိ ...ာ-

"ဤတောင်စောင့်နတ်များကို ...အမိန့်ပေးထားပြီးပါပြီ" ဟု လျှောက် ...

"တပည့်တော်ဟာ သထုံမြို့ကြီး ...ထမဆုံးတည်ထောင်ခဲ့တဲ့သူပါ" ဟု ...ာက်၍ တရားနာပြီး ပြန်သွားသည်။

နောက်တစ်နေ့ည။

သထုံမြို့ ပတ်ဝန်းကျင်ရှိ နတ် ...များ လာရောက်ကန်တော့ကြ ...ည်၊ ရှေးနတ်များထက် အရောင် ...န်ခိုး အခြွေအရံများပို၍ ကြီးမား ...၏၊ တောင်ပေါ်မှမက တောင် ... မြို့အဝှမ်းတစ်ခုလုံး လင်းထိန် ...ည်၊ ပုထုဇဉ်များ စိတ်ဖောက် ...ာက်အောင်လည်း ကြည့်ရှုဖွယ် ...လှ၏။

"အထက် နတ်မင်းကြီးများ ...အရ အားလုံးစောင့်ရှောက်ကြပါ ...သည် ကတိပြုကာ "ဤတောင် ...ကျင်ရှိ နတ်မင်းကြီးများ၊ အခြွေ ...အားလုံး သထုံမြို့ကြီးကို အုပ်စိုး ...ကြသော မင်းများနှင့် အခြွေအရံ ... ဖြစ်ကြပါသည်။ အချို့အဝက် ...တ်ပါဘူး ဘုရား" ဟု ဝမ်းနည်း ...ာက်ထားကြသဖြင့် ဆင်ခြင် ...တော်မူရာ အထက်အမိန့်အရ ...ပတ်ဝန်းကျင်၌ချည်း သူ့အုပ်စု ...စောင့်ကြည့်နေထိုင်ကြရှာသည် ကို သံဝေဂဖြစ်ဖွယ် တွေ့မြင်တော်မူရသဖြင့် ကြိုးစား၍ ဟောပြောချေချွတ်တော်မူလေသည်။ ၁၀ ရက် ၁၀ ညလုံး နေ့ ပရိသတ်၊ ည ပရိသတ်တို့ဖြင့် အားလပ်ခွင့်ရတော်မမူချေ။

မြို့မျက်နှာဖုံး ဒကာ၊ဒကာမများလည်း အထူးဝမ်းသာအားရဖြစ်ကာ သိမ်သမုတ်ရန် စီစဉ်ကြ၏။ မြို့ခံ သံဃာ့မထေရ်ကြီးများကိုလည်းပင့်၍ "နယ်သိမ်းစနစ်" ဖြင့် သမုတ်ရန် ဆုံးဖြတ်ကြသည်။

"နယ်သိမ်းစနစ်" မှာ အကြမ်းအားဖြင့် သိမ်ကိစ္စ 'ဆောင်ရွက်နေစဉ်' သတ်မှတ်ထားသော နယ်အတွင်းသို့ အပြင်မှ ရဟန်းများ မဝင်ရအောင် ဝင်လမ်းအသီးသီး၌ အစောင့်များချထားရသည်။ ထိုနယ်အတွင်းရှိ သံဃာများ မကွဲလာနိုင်က သဘောတူကြောင်း နှုတ်မြွက်ဆန္ဒပြုကြရ၏။ ထိုစနစ်သည် ဝိနည်းနှင့် မညီဟု သထုံဆရာတော်တစ်ပါးက စောဒကတက်၍ ဖြေရှင်းရသေး၏။ ဆန္ဒလည်းမပေး၊ ကွဲလည်း မကွဲလာသော ဘုန်းကြီးတစ်ပါးကိုလည်းသွား၍ သဘောတူညီချက် (ဆန္ဒ) ယူရပြန်သည်။

ဆရာတော်နှင့် ဂျုပ်ပင်တောရ ထနောင်းတိုင် ဦးတိက္ခ ဆရာတော်၊ ရေလယ်ဆရာတော်သုံးပါးက ပထမဆုံး သိမ်နုတ်၍ ၁၂၈၄ ခုနှစ်၊ တပေါင်းလပြည့်နေ့ ည ၁၀ နာရီ၌ တစ်မြို့လုံး ကျောက်စည် ခေါင်းလောင်း၊ ကြေးမောင်းတီးကာ အစောင့်များစွာချ၍ သမုတ်တော်မူကြ၏။ သမုတ်ပြီးနောက် အရေပိုင် ဦးကျော်ဒွန်း စသူတို့ ဒုလ္လဘ ရဟန်းခံကြသည်။

ရဟန္တာ အရှင်မြတ်ကြီးနှစ်ပါးသည် သိမ်အောင်၊ မအောင် ဆင်ခြင်ကြည့်ရှုသောအခါ ဘုန်းကြီးတစ်ပါးက နှောင့်ယှက်သဖြင့် မအောင်ဘဲရှိရသည်ကိုတွေ့မြင်တော်မူကြလေသည်။ ရဟန်းတစ်ပါးသည် အစောင့်များ တားမြစ်သည်ကိုမရဘဲ သိမ်သမုတ်ချိန်၌ အခြားနယ်မှ သတ်မှတ်နယ်အတွင်းသို့ ဖွတ်ဝင်လာကြောင်း ဒကာများကလည်း လျှောက်ကြသည်။ ဆင်ခြင် ကြည့်ရှုတော်မူသောအခါ ဘွဲ့အမည်၊ ကျောင်းတိုက်၊ ပြောဆိုသော စကားများကိုပါ သိမြင် ကြားသိတော်မူကြ၏။ ထို့ကြောင့် တပေါင်းလပြည့်ကျော် ခုနစ်ရက်နေ့ နံနက် ခုနစ်နာရီအချိန် ထပ်၍သမုတ်ကြရပြန်သည်။

နေ့ခင်း သိမ်သမုတ်၍ မြို့လူထုများ ပျားပန်းခပ်မျှ လာရောက်ကြည်ညိုကြရ၏။ နွေခေါင်ခေါင်တွင် မိုးတိမ်အုံ့မှိုင်းကာ မိုးပေါက်များပင် အနည်းငယ် ကျလာ၏။ ထူးဆန်းသည်မှာ မိုးတိမ်သည် နေမိန္ဒရတောင်အပေါ်၌သာ အုပ်ဆိုင်းနေ၏။ ပို၍ ထူးဆန်းသည်ကား သိမ်သမုတ်ချိန်တွင် မီးရထားအဝင်အထွက် မရှိခြင်းပင်တည်း။

မီးရထားအဝင်အထွက်ရှိ၍ ထိုမီးရထား၌ ဘုန်းကြီးတစ်ပါး ပါလာခဲ့သော် သိမ်သမုတ်ကံ ပျက်နိုင်၏။ ရုတ်တရက် တံတားကျိုးနေ၍ဟု ဆိုလေသည်။ "အဘယမုနိစေတိယသိမ်တော်" ဟု အမည်သမုတ်၍ ယခုထိုနေရာ၌ စေတီ တည်ထားသည်။

အလွန်နတ်ကြမ်းသော နေမိန္ဒရတောင်လည်း သာသနာရောင်လွှမ်း၍ ကမ္ဘာ့ဌာန်းဌာနကြီးအဖြစ် သထုံမြို့၏ ကျက်သရေကို တိုးမြင့်စေပါတော့သည်။

သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)

__ကျမ်းကိုး__

ဓမ္မာစရိယ ဦးဌေးလှိုင်၏ "ရဟန္တာ နှင့် ပုဂ္ဂိုလ်ထူးများ"

❑



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်စိ နှင့် မြိုင်ပေတာ
# မှ
# လူစားကျား

ကိုမောင်သန်းဝင်း



တောတွင်းဥပဒေသအတိုင်းဆိုလျှင် အားကြီးသော တိရစ္ဆာန်များက အားငယ်သော တိရစ္ဆာန်ကို ကိုက်ဖြတ်စားသောက်လေ့ရှိသည်။ သို့သော်ငြားလည်း ကျားတစ်ကောင်သည် သဘာဝအတိုင်း တိရစ္ဆာန်အချင်းချင်းပေါ်ဝယ် ရန်မမူဘဲ လူကိုမှ ရွေးချယ်ရန်မူကာ လူသားစားဖြစ်ရခြင်းတွင် တိကျ ခိုင်မာသော အကြောင်းအရာ တစ်ခုခုက ရှိနေတတ်ပါ၏။

အဖြစ်တတ်ဆုံးကား တောတွင်းဝယ် ကျက်စားလေ့ရှိသော ကျားတစ်ကောင်သည် အိုမင်းရင့်ရော်လာသည့်အတွက် မူလကဲ့သို့ တောတွင်းဝယ် အမဲကောင်များ ရှာဖွေသတ်ဖြတ်နိုင်ခြင်း မရှိတော့သည့်အချက်ပင် ဖြစ်၏။

တစ်ဖန် ကျားတစ်ကောင်သည် အချင်းချင်းတိုက်ခိုက်ရ၍လည်းကောင်း၊ လူတစ်ယောက်ယောက်၏ လက်ချက်ကြောင့်လည်းကောင်း ဒဏ်ရာရရှိကာ အားကြီးသောသူက အားငယ်သူအ ပေါ်တွင် အနိုင်ရယူသော တောတွင်းသဘာဝကြီးဝယ် ယခင်ကလို အစာကို လွယ်လင့်တကူ ရှာဖွေရရှိနိုင်ခြင်း မရှိတော့သည့်အချက်ကလည်း ရှိပြန်၏။

ထိုသို့ အကြောင်းတစ်ခုခုကြောင့် ကျားတစ်ကောင်သည် နာလာရပြီဆိုလျှင် ၎င်းအတွက် အလွယ်ကူဆုံး ရှာဖွေသတ်ဖြတ်နိုင်မည့် အမဲကောင်မှာ တောတွင်းတိရစ္ဆာန်များ မဟုတ်တော့ဘဲ မနုဿလူသားသာလျှင် ဖြစ်လာရပါတော့သည်။ ထို့ကြောင့်လည်း ကျားနာတစ်ကောင်သည် စားနေကျအမဲကို မစားနိုင်တော့ဘဲ လူသားကို ပထမဆုံးအကြိမ် သတ်မိသည့်နောက်တွင် လူ၏အရသာကို တွေ့ရှိသွားရကား နောက်နောင်ကိုလည်း လူအမဲကိုသာ ရှာဖွေစားသောက်ပြီး လူသားစားကျားလုံးလုံး ဖြစ်သွားရတော့၏။

သို့ရာတွင် ကျားသတ္တဝါသည် သဘာဝအားဖြင့် လူသားစားသတ္တ[illegible] မဟုတ်ချေ။ ကျားငယ်ကလေးများသည် မိမိ၏ အမိအဖတို့က ရှာဖွေကျွေးသော လူသားများကို စားရသည့်တိုင် နော[illegible] နောင်တွင် မိမိကိုယ်တိုင် လူသားကို[illegible] ရွေးချယ်သတ်ဖြတ်စားသောက်လိမ့်[illegible] မဟုတ်ပေ။ လူသားကို မိမိကိုယ်တို[illegible] ရှာဖွေသတ်ဖြတ်ပြီးသည့် အခါတွင်မှ [illegible] သားစားသောအကျင့်ကို ရရှိသွားတ[illegible] ပေ၏။

ထုံးစံအတိုင်းဆိုလျှင် ကျား[illegible] ကျားမတို့က အတူတကွ အမဲရှာသ[illegible] ဖြတ်ကာ ကျားငယ်ကလေးများကို [illegible] ဖွေကျွေးမွေးခြင်း ပြုကြလေ၏။ သ[illegible] အားဖြင့်ဆိုလျှင် ကျားတစ်ကောင်သ[illegible] လူနှံ့ရသည်နှင့် မရှောင်မလွှဲသာ ရင်[illegible] ရပြီး ရှောင်လွှဲ၍ မဖြစ်တော့သည်[illegible] တွင်မှ လူကိုရန်မူခြင်းသာ ဖြစ်လေ[illegible]

◆

www.burmeseclassic.com

ပဲခူးရိုးမတောအတွင်း တစ်နေ ...ရှိ ရော်ဘာကြက်ပေါင်စေး အလုပ် ...ားတစ်စု၏ ရွာအတွင်းသို့ လူစား ...ကြီးတစ်ကောင်က ဝင်ရောက် ...င်းကျန်းသွားသည့်အချိန်မှာ လူခြေ ...ဆိတ်နေသော ညဦးနက်သန်းခေါင် ...ချိန်ကြီးဖြစ်သည်။ ကျားကြီးသည် ...ကြာက်မက်ဖွယ် ဟိန်းဟောက်ဝင် ...ာက်လာပြီး တွေ့သမျှလူတွေကို ...ခြစ်သတ်ဖြတ်သွားခဲ့ခြင်းမှာလည်း ...စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ...လေ၏။

ရော်ဘာပင်များမှ ကြက်ပေါင် ...ခြစ်ယူရသော အလုပ်သမားသုံးဦး ... ကျားကြီး၏ ကုတ်ခြစ်မှုဒဏ်ချက် ...ကိုခံရပြီး လည်ကုပ်သားဟောက် ...ကြီးပြတ်သူပြတ်၊ ကျောရိုးသွင်သွင် ...သူကကျိုး၊ ဦးခေါင်းခွံကြေသူကြေ ... ရှေ့မလှ သေပွဲဝင်ခဲ့ကြရရှာလေ၏။

ဤသတင်းသည် ကျွန်ုပ်ဆီသို့ ...ာက်လာခဲ့သည်။ မိတ်ဆွေကြီး ကိုဘိုး ...မှ သတင်းပို့လာ၍ဖြစ်သည်။ ကျွန်ုပ် ...ည် မိတ်ဆွေကြီးနှင့်အတူ ပဲခူးရိုးမ ...တွင်း အလွန်ခေါင်လှသောနေရာများ ...တောလိုက်ထွက်ဖူးလေရာ မိတ်ဆွေ ... အကူအညီများစွာ ရဖူးလေ၏။ ...ကျွန်ုပ်သည် ပွိုင့် ၂၇၅ ရိုင်ဖယ် ...တ်နှင့် ၅၄၀. ၄၀ ဆင်ပစ်ရိုင်ဖယ် ...စ်လက်၊ လက်သုံးတော်သေနတ် ...သော ဝင်ချက်စတာသေနတ်တစ် ...တို့ကို ယူဆောင်ကာ မိတ်ဆွေကြီး ...ဆိုင်ရှိရာထံသို့ ရောက်ခဲ့လေ၏။

မိတ်ဆွေကြီး ကိုဘိုးဆိုင်က ...အားတွေ့သည်နှင့် ဝမ်းသာအားရ ...ဆက်ပြီး . . .

"ဒီတစ်ခါတော့ ကိုယ်တို့ နှစ် ...တ် ရင်ဆိုင်ရမယ့် တာဝန်ကြီးက ...သပေဘူး ကိုယ့်လူရေ" ဟု ပြော ...ရင်းကိစ္စကို ဆက်ပြောလေ၏။

"ဒီတော့ ဒီလောက်သရမ်းနေတဲ့ ...ကို ဒီတစ်ရက်နှစ်ရက်အတွင်းမှာ ...စ်နိုင်ရင်ပစ်၊ နို့မဟုတ်ရင်တော့ ကျုပ် ရော်ဘာခြံမှာ ဘယ်အလုပ်သမားမှ ရှိတော့မှာမဟုတ်ဘူးဗျ၊ ခင်ဗျားဒီကို လာနေတုန်းမှာပဲ ဒီလူစားကျားကြီးက နေ့ခင်းကြောင်တောင် ရွာနားက အလုပ်သမားတစ်ယောက်ကို ကိုက်သတ်သွားပြန်ပကောဗျ" ဟု ဆိုလေ၏။

ကျွန်ုပ်နှင့်မိတ်ဆွေကြီး ကိုဘိုးဆိုင်တို့သည် လိုအပ်သည်များကို ပြောဆိုကြပြီး သုံးနာရီခန့်အကြာတွင် တောကျွမ်းပြီး တောကောင်လိုက်ဖူးသော လူရွယ်လေးနှစ်ဦးကို အဖော်အဖြစ်ခေါ်ယူကာ ပဲခူးရိုးမတောကြီးအတွင်းသို့ စွန့်စား ဝင်ရောက်ခဲ့လေတော့၏။

ဤတောမဟာမြိုင်ကြီးကား သဘာဝမိခင်ကြီး၏ ရိပ်မြုံကြီးပမာရှိနေလေ၏။ မြေပြင်မှာ ထူထပ်လှသော ချုံပုတ်ချုံနွယ်များနှင့် ပြွတ်ခဲ၍နေကာ ရေဝပ်နေသော နွံပြင်ကြီးဖြစ်တည်နေလေ၏။ ထိုနွံပြင်ကြီးထဲမှနေ၍ ထိုးထိုးထောင်ထောင်ပေါက်ရောက်နေကြသော သစ်ပင်ချုံပေါင်းတို့မှာလည်း တစ်ပင်နှင့်တစ်ပင်၊ တစ်နွယ်နှင့်တစ်နွယ် လိမ်ယှက်ပူးကပ်ပြီး ကျွန်ုပ်တို့၏ ဦးခေါင်းထက်တွင် ပေါင်းမိုးကြီးမိုးထားသည့်အလား ဖြစ်နေပါတော့၏။ နေရောင်ကား မှိန်မှိန်ကလေးသာလျှင် ဤသစ်ပင်ပေါင်းမိုးကြီးကို ဖောက်ထွင်းဝင်ရောက်လာနိုင်ပါ၏။

တောကြီးထဲတွင် ဆွေးသည့်အပင်က ဆွေးနေကြပြီး၊ ပင်အိုပင်ဆွေးများကို အခြားသော သစ်ပင်ကြီးများက ဖေးမထားကြ၏။ သို့ရာတွင် ဆွေးသည်ထက်ဆွေးမြည့်နေပြီး မြည့်သည်ထက်မြည့်လာကြသည့်အခါတွင် ကျန်အပင်အိုကြီးများသည် မြေပြင်အတွင်းသို့ ဗုန်းဗုန်းလဲပြို နစ်မြုပ်သွားကြမည်သာ ဖြစ်လေ၏။ ဤကဲ့သို့ လဲပြိုသွားရသော ပင်အိုပင်ဆွေးကြီးများသည်ပင် မြေဩဇာများဖြစ်ကြရကာ ထိုမြေဩဇာမှနေ၍ နောက်ထပ်နုပျိုသန်စွမ်းသော အပင်ကြီးများက ပေါက်လာဦးမည်သာ ဖြစ်လေရကား ဤဟေမာမြိုင်ကြီးသည် သဘာဝတည်မြဲနေသ၍ တည်ရှိနေလိမ့်မည်သာ ဖြစ်ပါ၏။

◆

ကျွန်ုပ်တို့သည် ဤဟေမာမြိုင်ကြီးအတွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် ထိုညတွင်ပင် တောတွင်းမြေကွက်လပ်တစ်နေရာတွင်ရှိသော မွန်တိုင်းရင်းသားများနေထိုင်သည့်စခန်း ရွာလေးတစ်ရွာတွင် ညအိပ်တည်းခိုကြလေ၏။

ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်မှ တောနက်ကြီး အတွင်းဝယ် လူသားတို့အား ရန်မူနိုင်သည့် သားရဲတိရစ္ဆာန်များသည်လည်း လှည့်လည်ကျက်စားလျက်ရှိနေပါကလားဟူသော အသိကြောင့် ကျွန်ုပ်မှာ ခရီးပန်းနေရသည့်တိုင်အောင် ကောင်းစွာအိပ်ပျော်နိုင်ခြင်း မရှိပါချေ။

နောက်တစ်နေ့ မိုးသောက်၍ အိပ်ရာမှနိုးထလာသည့်အခါတွင်ကား ရွာသားတစ်ယောက်က ထိမ်ပင်ကုန်းဆိုသော တောတွင်းတစ်နေရာတွင် ကျားခြေရာများတွေ့ရှိရသည်ဟု သတင်းပေးလာ၏။ ကျွန်ုပ်တို့လည်း ချက်ချင်းပင် ထိုအရပ်ဆီသို့ ထွက်ခွာလာခဲ့ကြရာ ညနေခင်းအချိန်တွင် ထိန်ပင်ကုန်းဆိုသောရွာသို့မရောက်မီ ညောင်ပင်သာရွာဆီသို့ ရောက်ခဲ့လေ၏။ ရွာသူကြီးသည် ကျွန်ုပ်တို့အား ဆီးကြိုပြီး တဲအိမ်ကလေးတစ်ခုဆီသို့ ရှေ့ဆောင် ခေါ်သွားလေ၏။

တဲအိမ်အတွင်းဝယ် လူတစ်ယောက်သည် သည်းထန်စွာ ငိုကြွေးလျက်ရှိနေ၏။ သူ၏ဇနီးသည်အား လူစားကျားက ကိုက်ဖြတ်သွားခြင်းကြောင့် ဖြစ်လေ၏။ သေသူ၏အလောင်းသည် ရွာနှင့်မနီးမဝေးနေရာတွင် ရှိနေဆဲဟု ဆိုလေရာ ကျွန်ုပ်တို့လည်း သေနတ်များကို ယမ်းတောင့် အသင့်ထိုးကာ အလောင်းရှိရာသို့ လိုက်လံကြည့်ရှုလေ၏။ လူစားကျားသည် သူမအား နောက်ကနေ၍ ဝင်ဆွဲဟန်တူလေ၏။ သူမ၏ မျက်နှာတစ်ခြမ်းမှာ ကျားပါးစပ်ထဲတွင် ပါသွားပြီးဖြစ်ရကား သွေးသံရဲရဲနှင့်



www.burmeseclassic.com

www.burmeseclassic.com

အသားဖတ်ကြီးသာ ဖြစ်နေပါတော့၏။ တစ်ဖန် သူမ၏ လည်ကုပ်မှနေ၍ တင်ပါးဆုံများအထိ ကျားလက်သည်းကြီးများက ကုတ်ခြစ်ထားသဖြင့် အသားများ လန်ထွက်နေလေ၏။ ကျားလက်သည်းရာများမှာ နက်လှသဖြင့် သူမ၏ လန်ထွက်နေသော အသားများကြားတွင် ကျောရိုးဖြူလေးများပင် ပေါ်နေကြလေ၏။ တစ်ဖန် ကျားစားသွားဟန်တူသော အလောင်း၏ပေါင်တစ်ဖက်တွင် အသား (၅၀) ကျပ်သားလောက် မရှိတော့ချေ။

"အသားထဲမှာ တင်ကျန်ရစ်တဲ့ ကျားကိုက်ရာတွေကို သေသေချာချာ ကြည့်စမ်းဗျ၊ ဒီကျားဟာ အစွယ်တစ်ချောင်းကျိုးနေတယ်ဗျ၊ ဒီကျားဟာ လူသားစားကျားဖြစ်လာရတယ်ဆိုတဲ့အထဲမှာ အစွယ်တစ်ချောင်း ကျိုးနေတယ်ဆိုတဲ့ အချက်ကလည်း ပါတာပါပဲ"

မိတ်ဆွေကြီး ကိုဘိုးဆိုင်မှ ပြောလေရာ ကျွန်ုပ်လည်း ခေါင်းညိတ်ပြလိုက်လေ၏။ သို့သော် ကျားသည် အလောင်းကောင်ကို ဘာကြောင့်ချီယူမသွားခဲ့သည်မှာတော့ ထူးဆန်းနေလေ၏။ ထုံးစံအတိုင်းဆိုလျှင် ကျားတစ်ကောင်သည် အမဲတစ်ကောင်ကို ကိုက်သတ်ပြီးသည့်နောက် အေးအေးဆေးဆေး ပွဲတော် တည်နိုင်မည့်နေရာသို့ သယ်ယူသွားလေ့ရှိသည်သာ ဖြစ်ပါ၏။

သနားစရာ သူမ၏အလောင်းကို ကျွန်ုပ်တို့ စစ်ဆေးကြည့်ရှုပြီးနောက် ရွာသားတို့သည် အဝတ်တစ်ထည်နှင့် ပတ်ကာ ရွာအတွင်းသို့ သယ်ယူသွားကြလေ၏။ ကျွန်ုပ်တို့လည်း စိတ်လက်မချမ်းမသာနှင့်ပင် ၎င်းတို့နောက်မှ လိုက်ပါခဲ့ကြလေတော့၏။

ဤ၍ဤမျှ သောင်းကျန်းနေသော ကျားရဲကို အလျင်အမြန်ဆုံး သုတ်သင်ဖြစ်ပါမှ တန်ကာကျပေတော့မည်ဟု ကျွန်ုပ်တို့ နှစ်ယောက်စလုံးကပင် သဘောတူ ယူဆမိကြလေ၏။

◆

ကျွန်ုပ်တို့လည်း ချက်ချင်းပင် လူစားကျားကို သုတ်သင်ပစ်ရန် စီစဉ်ကြရလေ၏။ ထိုညနေစောင်းအချိန်မှာပင် ရွာနှင့်မနီးမဝေးရှိနေသော တောအုပ်စပ်တစ်နေရာရှိ မြင့်မားသော သစ်ပင်ကြီးတစ်ပင်၏ ပေ (၃၀) အမြင့်ခန့်တွင် ကျားပစ်လင့်စင်ကြီးတစ်ခုကို ခိုင်မာစွာ ထိုးလေ၏။ လင့်စင်ကြီးသည် သစ်ပင်ကြီး၏ အကိုင်းအခက်များက လုံခြုံစွာ ဖုံးကွယ်နေခြင်းကြောင့် မြေပြင်မှကြည့်လျှင် မမြင်မတွေ့နိုင်ပါချေ။ ထိုလင့်စင်ပေါ်သို့ တက်ရန်ကား ဝါးလှေကား ပြုလုပ်ထားပါ၏။ လင့်စင်ကြီးအပေါ်ရောက်သည်တွင် အောက်၌ ရွာစပ်ချောင်းကလေးနှင့် မြေကွက်လပ်ကလေးကို ထင်ရှားစွာ တွေ့ရလေ၏။

ပထမညတွင် ကျားထောင်စာအဖြစ် ချောင်းကလေးအစပ်တွင် ဆိတ်ငယ်ကလေးတစ်ကောင်ကို ကြိုးဖြင့်ချည်နှောင်ထားခဲ့ပါ၏။

ကျွန်ုပ်နှင့် မိတ်ဆွေကြီးကိုဘိုးဆိုင်ကတော့ တစ်ညလုံး လင့်စင်ပေါ်တွင် ရိုင်ဖယ်သေနတ်များ ကိုယ်စီကိုင်ကာ လူစားကျားကြီးအား မျက်စိရှင်ရှင်နှင့် စောင့်စားနေခဲ့ကြလေ၏။ သို့ရာတွင် ကျားထောင်စာ ဆိတ်ကလေး၏ ပတ်ဝန်းကျင်တွင် လူစားကျားရောက်နေကြောင်းကို တစ်ညလုံး တစ်ကြိမ်တစ်ခါတည်းသာ အရိပ်နိမိတ်ပြပါ၏။

ဆိတ်ငယ်ကလေးက ရုတ်တရက်ကြောက်ရွံ့ထိတ်လန့်စွာ အသံကုန်အော်ဟစ်ကာ သစ်ပင်တွင် ချည်နှောင်ထားသောကြိုးမှ ရုန်းထွက်ဖို့ကို ကြိုးစားနေ၏။ ကျွန်ုပ်တို့မှာလည်း ကျား၏အရိပ်အယောင်ကို စိုးစဉ်းမျှ မမြင်မတွေ့ရပါ။ အတန်ငယ်ကြာသော် ကြောက်ရွံ့တုန်လှုပ်နေသော ဆိတ်ကလေးသည်လည်း ပြန်၍ငြိမ်ကျသွားလေ၏။ လူစားကျားသည် ဆိတ်ချည်ထားရာ အနီးသို့ ရောက်လာခဲ့ကြောင်းကိုတော့ သံသယဖြစ်စရာမရှိပေ။ သို့ရာတွင် လူသားကိုမှ အရသာတွေ့နေသော ကျားရဲသည် ဆိတ်ကိုဂရုမစိုက်တော့ဘဲ ပြန်ထွက်

ခြင်း ဖြစ်ပေလိမ့်မည်။

ဒုတိယညတွင်တော့ ကျွန်ုပ်

သည် သစ်ပင်ခြေရင်းတွင် ကျွဲပေါ

လေးတစ်ကောင်ကို ကျားထော

အဖြစ် ချည်နှောင်ထားခဲ့ပါ၏။

သို့ရာတွင် ထိုညမှာလည်း

သို့မျှမဖြစ်ခဲ့ချေ။ တတိယညနှင့် စ

ညများတွင်လည်း ကျွန်ုပ်တို့သည်

မပျက်ဘဲ ညလုံးပေါက်ပင် လင့်စင်

မှနေ၍ ကျားချောင်းနေခဲ့ကြလေ

ပဉ္စမညတွင်လည်း ကျ

အရိပ်အယောက်ကိုမှ မတွေ့မမြင်

လွန်မြောက်ခဲ့ရပြီးနောက် နံနက်မိုး

လျှင်ကား ရွာသားများက ကျွဲပေါ

လေးကို ရွာအတွင်းသို့ ပြန်လည်

သွားကြစဉ် မိတ်ဆွေကြီးကိုဘိုးဆို

"တိရစ္ဆာန်တွေကို ကျားထော

စာလုပ်ပြီး ချောင်းနေလို့ကတော့

ကုန်ရုံရှိမှာပဲ၊ တကယ်လို့ ကျားထော

စာအဖြစ်နဲ့ တိရစ္ဆာန်တစ်ကောင်အ

လူတစ်ယောက်ကိုထားရင် ဒီကျ

မုချလာဆွဲမှာပဲ"

ဟု ဆိုလေရာ ကျွန်ုပ်မှ

"ဒီလိုဆို ဒီည ဒီလိုလုပ်ပါ

ကျုပ်တို့ တစ်ယောက်ယော

အောက်ကိုဆင်းပြီး ချောင်းေ

လမ်းလျှောက်နေတုန်း တစ်ယော

လင့်စင်ပေါ်ကနေပြီး အသင့်ချော

ပေါ့၊ တစ်ယောက်တစ်လှည့်စီ

လျှောက်ကြတာပေါ့ဗျာ ဟုတ်လာ

မိတ်ဆွေကြီးက ကျွန်ုပ်၏

ပြုချက်ကို သဘောတူလေရာ ထိုည

ကျွန်ုပ်ကစတင်၍ ဆင်းလျှောက်

လေ၏။ (၁၅) မိနစ်ခန့်မျှ မြေပေ

ဆင်း၍ ကျားမြှူနေသည့်အချိန်အ

ကျွန်ုပ်မှာ ဒူးများ တဆတ်ဆတ်

အောင်ပင် ကြောက်ရွံ့စိတ်ဖြစ်

မိသည်ကိုတော့ မရှက်မကြောက်

ပါ၏။ (၁၅) မိနစ်ခန့် ဆင်းလျှော

ပြီး ကျားရဲပေါ်မလာသောအခါ

သည် လင့်စင်ပေါ်သို့ ပြန်ရော



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေကြီးက အောက်သို့ ဆင်းလျှောက်လေ၏။

လင့်စင်ပေါ် နေရသည်မှာလည်း မသက်သာလှချေ။ ခြင်ကိုက်လှသဖြင့် ခေါင်းမှနေ၍ ခြင်ထောင်အငယ်စားကလေးကို ခြုံထားရကာ လက်များကိုတော့ ဆီတစ်မျိုးလိမ်းရလေ၏။ ပြီးလျှင် လင့်စင်အောက်မှ မြေကွက်လပ်တလေးတွင်ခေါက်တုံ့ခေါက်ပြန်လျှောက်နေသော မိတ်ဆွေကြီး ကိုဘိုးဆိုင်၏ ခတ်ဝန်းကျင်အား မျက်တောင်မခတ်ရဲဘဲ လူစားကျား ခုန်ထွက်လာသည်နှင့် တစ်ပြိုင်နက် လက်ထဲမှရိုင်ဖယ်သေနတ်ကို တည့်မတ်စွာ မောင်းဖြုတ်ချနိုင်ဖို့ အသင့်ပြင်ဆင်ထားရပါ၏။

တစ်ညလုံးပင် ကျွန်ုပ်နှင့် မိတ်ဆွေကြီးတို့သည် တစ်လှည့်စီအောက်သို့ ဆင်းလျှောက်ရန် ကျားမြှူနေရသည်မှာ တစ်ဦးလျှင် (၃) ကြိမ် ရှိသွားခဲ့လေ၏။ နောက်ဆုံးတွင် မိတ်ဆွေကြီးက ထိုနည်းလမ်းကို လက်လျှော့ပါတော့၏။

"ဒီကျားရဲက ကျုပ်တို့ပတ်ဝန်းကျင်မှာ ရှိနေတာတော့ မုချပါပဲဗျာ"

ဟုမခံချိမခံသာနှင့် ပြောလေ၏။

"ဒီကျားရဲဟာ အနီးအနားမှာပဲ ရှိနေတာကို ကျုပ်အရိုးအခြင်ထဲကကို ခံစားလာရတာပါဗျာ။ ဒါပေမယ့် ဒီကောင်က အတော့်ကို ပါးနပ်တယ်၊ ကျုပ်တို့ သူ့ကို ညတိုင်း ညတိုင်း လာချောင်းနေတာကို တောထဲကနေပြီး လှောင်နေမှာပဲ၊ ကျုပ်တို့ပင်ပန်းလာပြီး သတိတွေ ဘာတွေ ချွတ်ယွင်းလာတဲ့ အခါကျမှ ဒီကောင်ကြီးက ပေါ်လာမှာပဲလို့ ကျုပ်တော့ ထင်မိတာပဲဗျို့"

ကျွန်ုပ်တို့သည် လင့်စင်ပေါ်တွင် နှစ်ယောက်သား စိတ်ပျက်စွာ ထိုင်စောင့်နေကြစဉ် ရွာကလေးဆီမှ ဆွေးမြည့်ဖွယ်ဂီတသီချင်းသံကို သဲ့သဲ့ကြားရလေ၏။ မကြာမီ ထိုသီချင်းသံသဲ့သဲ့မှာ ပျောက်ကွယ်သွားလေ၏။ ကျွန်ုပ်သည်လည်း အမှတ်မထင် ငိုက်မျဉ်းသွားခဲ့လေ၏။

ရုတ်တရက် မိတ်ဆွေကြီးက ကျွန်ုပ်၏ပခုံးကို လှုပ်ကိုင်လိုက်ကာ. . .

"မြန်မြန် မြန်မြန် ဟောဒီမှာ ကြည့်စမ်း" ဟု တီးတိုးလေးပြောရာ ကျွန်ုပ်သည် အသိ၊ သတိများ ပြန်ဝင်လာပြီး မိတ်ဆွေကြီး ညွှန်ပြရာဆီသို့ တစူးတစိုက်လှမ်းကြည့်မိ၏။ ပထမတော့ အိပ်ချင်မူးတူး ဖြစ်နေလေတော့ ကျွန်ုပ်မှာ တောကြီးအတွင်းရှိ သစ်ပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းတို့မှလွဲ၍ ဘာဆိုဘာမှ သဲကွဲစွာ မမြင်မတွေ့ရပေ။ ပြီးမှ ချက်ချင်းဆိုသလို ကျွန်ုပ်၏မျက်လုံးများသည် ကြည်လင် ပြတ်သားလာတော့ကာ မိတ်ဆွေကြီး ညွှန်ပြသော ချောင်းကလေး၏ ကမ်းဘေးတစ်နေရာတွင် တစ်စုံတစ်ခုက ရွေ့လျားသွားနေသည်ကို တွေ့လာရလေတော့၏။

ထိုနေရာတွင် တောမြက်ရိုင်းများက ထူထပ်စွာပေါက်ရောက်နေလေရာ မြက်ရိုင်းပင်များအကြားတွင် သတ္တဝါတစ်ကောင်ရောက်ရှိနေကြောင်းမှာ မြက်ရိုင်းပင်များ လှုပ်ရှားနေခြင်းကို ထောက်၍ သိသာနိုင်လေ၏။

"ကျုပ်တို့ကောင်ကြီး ရောက်နေပြီလေ"

မိတ်ဆွေကြီးက အားရလှစွာဖြင့် သူ၏ပါးစပ်ကို ကျွန်ုပ်၏နားဝသို့ ကပ်ကာ ပြောလေ၏။ ပြီးလျှင် မိတ်ဆွေကြီးသည် ရုတ်တရက် သက်ပြင်းတစ်ချက်ချလိုက်ပါ၏။ သူတွေ့မြင်လိုက်ရသော အခြင်းအရာကို မရှေးမနှောင်းပင် သတိပြုမိကာ ကျွန်ုပ်မှာ အသက်ရှူမှားမတတ်ဖြစ်ခဲ့လေတော့၏။

ကျွန်ုပ်တို့ အောက်တည့်တည့်တွင် ထိန်လင်းနေသော လရောင်အောက်၌ မိန်းမပျိုလေးတစ်ဦးက ချောင်းကလေး၏ ကမ်းစပ်တစ်လျှောက်မှ ရွာကလေးဆီသို့ဦးတည်ကာ ဖြေးညင်းစွာ လမ်းလျှောက်လာလျက်ရှိနေလေ၏။ ဤအချိန်အခါ ကာလမျိုးဝယ် ဤရွာသူမလေးက ရွာပြင်သို့ရောက်နေခြင်းမှာ လူငယ်တို့သဘာဝ ရည်းစားဖြစ်သူနှင့်ချိန်းတွေ့ပြီး ပြန်လာခြင်းဖြစ်ပေလိမ့်မည်ဟု ထင်မှတ်ရပေတော့မည်။

သူမသည် မည်းမှောင်နေသော ဆံပင်ကို ခါးအထိ ဖားလျားချထားလေရာ လရောင်ထဲတွင် ဆံပင်မှာ ပိတုန်းရောင် တောက်နေလေ၏။ သူမ၏ အသားအရေမှာ ဖြူဖွေးနေသည့်အတွက်လည်း လရောင်တွင် ပန်းရနေလေ၏။ သူမသည် သူမ၏အနီးအနား၌ ချောင်းမြောင်းနေသော သေခြင်းတရားကို ဘယ်လိုမှ သတိမမူမိရှာဘဲ ခပ်နွဲ့နွဲ့ ယဉ်ယဉ်ကလေးသာ ရွာစည်းရိုးဆီသို့ လျှောက်လှမ်းနေလေ၏။

"ကျားရဲက ဒီအမဲကို ချောင်းနေတာကိုးဗျ" ဟု မိတ်ဆွေကြီးက ကျွန်ုပ်အား စိတ်လှုပ်ရှားဖွယ်အသံဖြင့် တီးတိုးပြောလေ၏။ ကျွန်ုပ်လည်း သေဘေးကို မသိရှာသော ဤကလေးမအား အော်ဟစ်၍ သတိပေးတော့မည်ဟု ပါးစပ်ဟလိုက်စဉ် မိတ်ဆွေကြီးက သူ၏လက်ဝါးကြီးဖြင့် ကျွန်ုပ်၏ပါးစပ်ကို လှမ်းပိတ်လိုက်၏။

"ကိုယ့်လူ ကျားရဲကို အသေပစ်ဖမ်းနိုင်မယ့် အခွင့်အရေးပဲ၊ စောင့်သာကြည့်နေပါလေ"

ကျွန်ုပ်သည် ရင်ထဲ တထိတ်ထိတ် ဖြစ်နေမိရာက မြက်ရိုင်းတောကြီး တလှုပ်လှုပ်ဖြစ်နေရာသို့ လှမ်းကြည့်လိုက်လေ၏။ ဤတွင်လရောင်အောက်၌ မြက်ရိုင်းပင်တွေအကြား ပကတိတိတ်ဆိတ်လှစွာ ကျားကြီးတစ်ကောင်ထွက်လာနေသည်ကို တွေ့လိုက်ရတော့၏။ ကျားကြီးသည် တရွေ့ရွေ့ လမ်းလျှောက်သွားနေသည့် မိန်းကလေးဆီသို့ ကိုယ်ကို မြေတွင် ပြားပြားဝပ်ကာ အသံမကြားရလေအောင် လိုက်သွားနေပါ၏။ ကျွန်ုပ်တို့၏ ရိုင်ဖယ်သေနတ်များမှာ အဆင်သင့်မောင်းတင်ပြီးသားဖြစ်နေသည်ကို ကျွန်ုပ်က ကျေးဇူးတင်လိုက်မိပါတော့၏။ အကယ်၍ ရိုင်ဖယ်ကျည်ဆန်ကို မောင်းတင်လိုက်ရမည်ဆိုပါက မောင်းတင်သံမြည်သွားသည်



www.burmeseclassic.com

www.burmeseclassic.com

နှင့် တစ်ပြိုင်နက် ကျားကြီးသည် လန့်ပြေးနိုင်စရာ အကြောင်းရှိ၏။

ထိန်လင်းနေသော လရောင်အောက်တွင် ထင်ရှားစွာတွေ့မြင်နေရသော ကျားကြီး၏ သဏ္ဍာန်ကား ကြောက်စရာအတိ ဖြစ်နေပါ၏။ ကျားကြီး၏အဝါနှင့်အနက်စင်း ကိုယ်ခန္ဓာကြီးမှာ အင်မတန်မှ ကြမ်းကြုတ်ရက်စက်သောခွန်အားနှင့် ပြည့်စုံခြင်းကို သရုပ်ဆောင်ထားရှိနေလေ၏။ ကြီးမားသော ဦးခေါင်းကြီးနှင့် တဝင်းဝင်းလက်နေသော မျက်လုံးကြီးများကလည်း ဤသတ္တဝါသည်ကား သတ်ဖြတ်ခြင်း၌ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်နေပါကလားဟု နားလည်သိမြင်စေနိုင်ပါ၏။

ရုတ်တရက်ဆိုသလိုပင် ရွာဆီသို့ အေးအေးဆေးဆေးပင် လျှောက်သွားနေသော မိန်းမပျိုကလေးသည် မိမိအန္တရာယ်ကို အလိုလိုနေရင်းက သိမြင်လာဟန်နှင့် နောက်ဆီသို့ ချာခနဲလှည့်ကြည့်လိုက်လေ၏။ ချောင်းနေသော ကျားကြီးကို တွေ့မြင်လိုက်ရလျှင်ကား စူးစူးဝါးဝါးနှင့် အသံကုန်ဟစ်ကာ ခြေဦးတည့်ရာဆီသို့ စွတ်ပြေးလေတော့၏။ ထိုအချိန်မှာပင် ကျားကြီးကလည်း မနုဿအမဲကောင်ကို တစ်ခါတည်းပင် ခုန်အုပ်လိုက်လေ၏။ ကျားဟိန်းသံကြီးလည်း တစ်တောလုံးဟိန်းသွားလေ၏။

ကျားတစ်ကောင်က အမဲကောင်ကို ဤကဲ့သို့ကြောက်မက်စဖွယ် ခုန်အုပ်လိုက်ခြင်းကို အနီးကပ်မြင်ရခြင်းမှာ ကျွန်ုပ်၏တစ်သက်တွင် ပထမဦးဆုံး အကြိမ်ဖြစ်လေ၏။ ဤမျှ အသည်းအေးစရာကောင်းလှသော အခြင်းအရာကို ကျွန်ုပ်တစ်သက်တွင် မတွေ့ဖူး၊ မကြုံခဲ့ဖူးပါချေ။

ကျားကြီးသည် လေထဲသို့ လွှားခနဲ ခုန်အုပ်လိုက်သည့် အတွင်းမှာပင် ကျွန်ုပ်တို့အသင့်မောင်းချိန်ရွယ်ပြီးသား ရိုင်ဖယ်နှစ်လက်မှာလည်း ပြိုင်တူလိုလိုပင် “ဒိုင်း” ခနဲ မြည်ဟည်းသွားလေ၏။ ကျားကြီးသည် လေထဲမှာပင် ကျွမ်းတစ်ပတ် လန်သွားပြီးမှ မြေပေါ်သို့ ဗုန်းခနဲ ကျသွားသည်ကို ကျွန်ုပ်သည် အိပ်မက်ထဲတွင် မြင်တွေ့ရသည့်အလားပမာပင်တည်း။

ကျားကြီးသည် တစ်တောလုံးဟိန်းသွားအောင် ဟိန်းဟောက်နေ၏။ မြေပြင်ပေါ်ရှိ ချုံနွယ်ပိတ်ပေါင်းတွေကို အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားအောင် ကုတ်ခြစ်ကန်ကျောက်နေ၏။

သို့ရာတွင် တစ်ခါတည်း ဇာတ်သိမ်း၍ မသွားသေးချေ။ ချက်ချင်းပင် ခြေလေးချောင်း ပြန်ထောင်မိကာ သွေးရူးသွေးတန်းဖြင့် မိန်းမပျိုလေးနောက်ဆီသို့ လိုက်ပြန်လေ၏။

ကျွန်ုပ်တို့လည်း ပြိုင်တူလိုလို သေနတ်များကို မောင်းဖြုတ်ချလိုက်ပြန်၏။ သည်တစ်ခါတွင်တော့ ကျားကြီးသည် ရှေ့သို့တစ်ဟုန်ထိုး ခုန်လှမ်းနေရာမှ မိုးကြိုးသွား အထိခံရသည့်အလား မြေပြင်သို့ “ဗိုင်း” ခနဲ ကျသွားလေတော့၏၊ သို့သော်ငြားလည်း အသက်ကုန်မသွားသေးပါ။ ဦးခေါင်းကြီးကိုမော့ကာ ဒေါမာန်ကြီးလှစွာနှင့် အသံကုန် ဟိန်းဟောက်လိုက်ပါသေး၏။ ပြီးလေတော့မှ ရှိသမျှစွမ်းအားကို ဖျစ်ညှစ်စုရုံးကာ လေထဲသို့ ကိုယ်တစ်ပတ်လည်သွားအောင် ခုန်ထလိုက်သေး၏။

သို့ရာတွင် ကိုယ်ခန္ဓာကြီးက မြေပြင်ပေါ်သို့ ဗုန်းခနဲ ပြန်ကျသွားပြီးနောက် တုတ်တုတ်မျှ မလှုပ်တော့ဘဲ ငြိမ်သက်သွားလေတော့၏။ ကျားကြီးနှင့် ပေ (၃၀) အကွာခန့်တွင်ကား မိန်းမပျိုလေးမှာ မြေပြင်ပေါ်တွင် အစန့်သားသတိမေ့လဲကျနေလေ၏။

ကျွန်ုပ်တို့လည်း ကျေနပ်အားရစွာဖြင့် လင့်စင်ကြီးပေါ်မှနေ၍ ဝါးလှေကားမှတစ်ဆင့် မြေပြင်ပေါ်သို့ ဆင်းလာခဲ့ကြလေ၏။ ပြီးလျှင် သတိကြီးစွာထားကာ မြေပြင်ပေါ်တွင် ငြိမ်သက်နေသော ကျားကြီးဆီသို့ ကျွန်ုပ်နှင့် မိတ်ဆွေကြီးသည် အသာအယာ ချဉ်းကပ်ခဲ့ကြပါ၏။ ကျွန်ုပ်တို့ အနောက်ဘက်ရှိ ရွာကလေးအတွင်းမှလည်း ရွာသားများ ဆူညံစွာ အော်ဟစ်လျက် ပြေးလာကြသည့်အသံ ကြားနေရလေတော့၏။

ကျားကြီးကား တုတ်တုတ်မျှပင် မလှုပ်တော့သော်ငြား ကျွန်ုပ်သည် သတိကြီးစွာထား၍ အကဲခတ်ပြီးသည့်နောက် အသက်ကုန်ပြီဟု စိတ်ချရသည့်အခါကျမှ အနီးသို့ အသေအချာကပ်စစ်ဆေးကြည့်ရှုရာတွင် ကျွန်ုပ်တို့ ပစ်ခတ်ခဲ့သော ကျည်ဆန်တိုင်း မှန်ထားသည်ကို အားရစွာတွေ့ရှိရပါတော့၏။ ရွာသူကြီးအပါအဝင် ရွာသားများက ကျွန်ုပ်နှင့် မိတ်ဆွေကြီးတို့အား ကျားကြီးကို အလယ်တွင် ထားရှိပြီး အားရစွာ နှုတ်ဆက်ကြလေတော့၏။

အမှန်တော့လည်း ကျွန်ုပ်တို့အတွက် ဂုဏ်ယူအားရစရာကောင်းလှ[illegible] အောင်ပင် ကျားကြီးမှာ ကျွန်ုပ်တို့ တွေ့ပစ်ဖူးသမျှတွင် အကြီးဆုံး ကျားတစ်ကောင် ဖြစ်နေလေတော့၏။ အမြီးမှ နှာဖျားအထိ တိုင်းကြည့်လျှင် (၉) ပေ[illegible] ကျော်ကျော် ရှိနေလေ၏။

ဤကျားတစ်ကောင်၏ လတ်[illegible] ချက်ဖြင့် လူသားငါးဦးခန့် အသက် ဆုံးရှုံးရပြီးဖြစ်သော အချက်ကလည်း ယခုကျားကို ကျွန်ုပ်တို့က ကိစ္စတုံးစီရင် ပစ်နိုင်ခြင်းအတွက် ပို၍ အားရနှစ်မြို့[illegible] စရာ ဖြစ်စေပါတော့၏။

သို့သော် အဲဒီကျားကို (၆) ည[illegible] တိတိ ဆက်၍ချောင်းခဲ့ရသော ပင်ပန်း[illegible] ဒဏ်ကို ခံစားနေရလေ၏။ ကျွန်ုပ်တို့[illegible] ရွာသူရွာသားအပေါင်းမှ ဝမ်းသာအား[illegible] ဖြင့် ကျားအရေခွံကို ခွာယူနေကြသည်[illegible] ကိုပင် ကြည့်မနေနိုင်တော့ဘဲ ရွာက[illegible] အတွင်းရှိ ကျွန်ုပ်နားနေမည့် စခန်း[illegible] ကလေးဆီသို့သာ မိတ်ဆွေကြီးနှင့်ကျွ[illegible] ဖြည်းညင်းစွာ လျှောက်လှမ်းလာခဲ့[illegible] ပါတော့၏။

ကိုမောင်သန်း[illegible]

*"Man" မဂ္ဂဇင်းမှ ဖြစ်ရပ်[illegible] ဝတ္ထုအား မြန်မာမှုပြုသည်။*

□



www.burmeseclassic.com

www.burmeseclassic.com



# စာရေးဆရာ ဆိုတာ ဒီလိုကွ

စိုးယဉ်ထွန်း

စာရေးဆရာ ဆိုတာ ဖြစ်ချင် [illegible] မဖြစ်ဘူး။ စာရေးဆရာရယ်လို့ [illegible] လုပ်စားလို့ မရပါဘူး။ (ယခင်နှင့် [illegible] ကွာချင်ကွာမည်) စာတစ်လုံး၊ စာ [illegible]ကြောင်း၊ စာတစ်ပုဒ်၊ စာတစ်အုပ် [illegible]အောင် ရေးဖို့၊ ရေးလို့ ရေးတိုင်း [illegible]ဘူး၊ မရဘူး။ စီးပွားရေးလုပ်ငန်းရှင် [illegible]ယောက် ဖြစ်ဖို့အတွက်က အရင်း [illegible] ငွေကြေး၊ လုပ်ကွက်၊ အဆက် [illegible]ယ်၊ ကုန်ကိရိယာပစ္စည်း၊ လောဘ [illegible] မောဟစိတ်တွေပါရှိလျှင် စီးပွားရေးလုပ်ငန်းရှင် ဖြစ်နိုင်သည်။ စာရေးဆရာရဲ့အရင်းအနှီးက မြုပ်နှံမှုဘဝရယ်၊ အချိန်ရယ်၊ ဖတ်မှု၊ မှတ်မှု၊ စုဆောင်းမှု၊ ပြန်ပြီး ပြုစုတတ်မှု ဆိုတာတွေကို ရင်းနှီးရတယ်။ စာရေးဆရာမှာ ငွေကြေးရယ်၊ လောဘစိတ်ရယ်၊ မောဟစိတ်ရယ် မပါလို့ ဘယ်လောက် သန့်ရှင်းလည်းဆိုတာ သိသာပါတယ်။ ရေးလိုက်တဲ့စာ၊ စာမျက်နှာပေါ်မှာ ပါလာရင် ဖြစ်တဲ့ပီတိဟာ ဘာနဲ့မှမတူပါဘူး။ လွန်ခဲ့သော အနှစ်(၂၀-၃၀)က ပါတဲ့စာနဲ့ ယခုရေးလို့ပါတဲ့စာရဲ့ ဖြစ်မှုပီတိက အတူတူပါပဲ။ စာရေးဆရာက မချမ်းသာတော့ ပြောင်းရောင်မှုလည်း နည်းပါတယ်။ (ယနေ့တွင် ချမ်းသာသော စာရေးဆရာများတော့ ရှိပါသည်။)

အဲဒီမှာ တစ်ခုတော့ ရှိသည်။ တချို့က အသောက်အစားလေးနှင့် တွဲတော့ ပြောင်ရောင်မှုအားနည်းပြီး အကြည့်ရ၊ အမြင်ရ မလှမပနဲ့ပေါ့။ ဒါပေမယ့် သောက်တတ်ကြလို့ သောက်ပေမယ့် ဘေးပတ်ဝန်းကျင်နဲ့ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်ခဲ့တာ စာရေးဆရာပါ။ မူးလို့ အရေးကောင်းသူတွေကလည်း. . .

"အဲ. . . စာရေးဆရာ ဆိုတာ ဒီလိုကွ"တဲ့။ အသောက်အစား မရှိဘဲ အရေးကောင်းတဲ့ စာရေးဆရာကလည်း "စာရေးဆရာဆိုတာ ဒီလိုကွ"တဲ့လေ။ ယနေ့ လူငယ်တွေ စာ,သိပ်မဖတ်ကြပေ။ စာနေရာမှာ အစားဝင်ရောက် ထိုးဖောက်လာသည်က ခေတ်မီနည်းပညာများနှင့် ဖန်တီးလိုက်သည့် ကြည့်ချင်စရာများ ဖြစ်သည်။ ထိုကြည့်ချင်စရာ ပုံရိပ်ထင်ဟပ်မှုများထဲမှ ပညာရလိုက်ခြင်း၊ နည်းယူမှတ်သားထိုက်ခြင်း၊ လက်ဆင့်ကမ်းလောက်သော အကြောင်းအနည်းငယ်မျှသာ မှတ်လွယ်၊ တတ်လွယ်၊ အတုခိုးလွယ်၊ ပြုလုပ်ရမှု လွယ်ကူသည်ကလည်း မကောင်းသော ဟန်အမူအရာ၊ အပြုအမူ၊ အပြောအဆို၊ အဝတ်အဆင်တို့ပဲ ဖြစ်သည်။ ကောင်းတာကို အနီးကပ် ကြီးကြပ်၍ သင်ပေးလျှင်တောင်မှ တတ်ရန်မလွယ်။ ယနေ့ လူငယ်များက ပထမအဆင့်တွင် အကျုံးဝင်နေကြသည်။ ဒါကလည်း စာမဖတ်ခြင်းကြောင့်ပင် ဖြစ်သည်။

စာအရေးအသား ပေါ်ပေါက်သည့်အတွက် လူ့ယဉ်ကျေးမှုကြီး ဖွံ့ဖြိုးတိုးတက်လာရသည်ဟု ရှေးပညာရှင်ကြီးများ အပြောအဆို၊ အရေးအသားကို ဖတ်မှတ်ခဲ့ရဖူးသည်။ မြန်မာမှုနယ်ပယ်တွင် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသည်က အသုံးအစွဲများသည်။ သက်ကြီးစကား သက်ငယ်ကြားဟုလည်း ဆိုခဲ့သည်။ ထိုသက်ကြီးတို့သည် နှုတ်ဆင့်ကမ်းစကားကို နောင်လာနောက်သားတို့အတွက် ပြောခဲ့ပေမယ့် တစ်ဆင့်ခံတို့၏ လွဲမှားမှုကြောင့် အကြောင်းအရာမှားတွေ ဖြစ်ပေါ်လာခဲ့သည်။ စာအရေးအသား ပေါ်လာသောကြောင့် ကျောက်စာ၊ ပေစာ မှတ်တမ်းမှတ်ရာများနှင့် တိကျခိုင်လုံစွာ လေ့လာရသည်။ ဒါဟာ စာပေ၏ ကျေးဇူးကြောင့်ဟု ပြောနိုင်ပါသည်။

ထိုအချိန်က စာပေပညာရှင်များသည် သီးခြားလည်းရှိ၏။ မင်းခစား မင်းမှုထမ်းလည်း ရှိသည်။ မင်းတို့သည် စာပေပညာရှင်များကို အဆင့်အတန်းအထိုက်အလျောက် ချီးမြှင့်မြှောက်စားခဲ့ကြသည်။ မင်းတို့၏ခေတ် ကုန်ဆုံးပြီး ဒီမှာဘက် နယ်ချဲ့ခေတ်၊ ဖက်ဆစ်ခေတ်၊ ကိုယ့်မင်းကိုယ့်ချင်းခေတ်၊ ပြီးတော့ ခေတ်ပြောင်းလဲမှုစုံသော ဒီဘက်ခေတ်တွင် စာရေးဆရာများ၏ ဘဝအထွေထွေက ရင်သပ်ရှုမောစရာတွေနှင့် ပြည့်နှက်နေ၏။ ရင်သပ်ရှုမောခြင်းကို သရုပ်ခွဲရပါမူ သာယာကြည်နူးပီတိတွေ လွှမ်းဝေနေပြီး အမြင့်ထူးသည့် အကြောင်းအရာများ မပါသော စာရေးဆရာပင် ဖြစ်သည်။ လက်လှမ်းမီခဲ့သမျှ စာရေးဆရာကြီးများ၏ အဖြစ်၊ အပြောတချို့ကို မှတ်မိသရွေ့ အောက်မေ့တမ်းတလွမ်းသခြင်းဖြစ်သည့် "စာရေးဆရာဆိုတာ ဒီလိုကွ" ဆိုတာလေးကို ကမ္ဘာကျော်ကြီးများရဲ့ အဆိုအမိန့်လို မဟုတ်သော်လည်း မေ့ပျောက်မသွားအောင် ထပ်၍ နွှေးခြင်းသာ ဖြစ်ပါသည်။

အချိန်ကာလက ၁၉၇၀ မှ ၁၉၈၀ ကာလ ရန်ကုန်မြို့၏ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်း (ယခု)၊ ဘိုကလေးဈေး ဗိုလ်တထောင်သတင်းစာတိုက်တို့နှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်းတိုက်များနှင့် ပန်းဆိုးတန်းမုတ်ဆိတ်၊ ဘားလမ်းမုတ်ဆိတ်(လက်ဖက်ရည်)ဆိုင်၊ ပန်းကမ္ဘာလက်ဖက်ရည်ဆိုင်၊ ပန်းဆိုးတန်း စာအုပ်အဟောင်းတန်း၊ စာပေဗိမာန် အနီးတစ်ဝိုက်တွင် စာရေးဆရာများကို တွေ့နိုင်သည်။

ထိုစာရေးဆရာတို့သည် ရင်ဘတ်တွင် တံဆိပ်ချိတ်မထားခြင်း၊ နဖူးတွင် စာတန်းကပ်မထားခြင်းကြောင့် ခွဲခြား၍ မသိရပါ။ စုဝေးထိုင်ခြင်း၊ တစ်ဦးနှင့် တစ်ဦး ပြောဆိုဆက်ဆံခြင်းတို့တွင်သာ သိသာနိုင်သည်။ စာရေးဆရာ ဆိုသည်ကလည်း လောကလူသားများပင် ဖြစ်သည်။ သို့သော် ထိုလူသားများထဲမှပင် အမြုတေများ ဖြစ်နေသည်။ အမြုတေများကို ဂမ္ဘီရပစ္စည်းဟု တန်ဖိုးထားကြသည်။ ထိုသို့ဆိုပါလျှင် စာရေးဆရာသည် လူထဲမှဖြစ်၍ 'လူဂမ္ဘီရ'ဟု ခေါ်ဆိုနိုင်သည်ဟု ဆိုပါလျှင် မလွန်ဘူးဟု ထင်ပါသည်။

'ဂမ္ဘီရ'၏ အဓိပ္ပာယ်သည် ဝေါဟာရစကား မဟုတ်ပါ။ ပါဠိစကားသာ ဖြစ်သည်။ ဂမ္ဘီရ၊ ဂမ္ဘီရဉာဏ် ဟူ၍ဖြစ်ပြီး ဂမ္ဘီရ လွန်စွာနက်သော (ဝါ) နက်သည်ဖြစ်၍။ အဉာဏ်၊ ကဝိလူ သာမန်တို့၏ အရာမဟုတ်သော။ ဂမ္ဘီရာ ဂမ္ဘီရဉာဏ်၊ ဉာဏ်ဟူသမျှတို့ကို ဂမ္ဘီရဉာဏ်ရှိသူတို့သာ ဖောက်ခွဲနိုင်၏ဟူ၍ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးဦးဇာဂရဖွင့်ဆိုခဲ့သည်။

ထို့ကြောင့် စာရေးဆရာကို အမြုတေ၊ ဂမ္ဘီရတို့နှင့် ခိုင်းနှိုင်းခဲ့ခြင်းဖြစ်သည်။ အကြောင်းတရားများကလည်း ရှိသည်။ လူသာမန်တို့အတွက် ထူးခြားမှု မရှိသော်လည်း ထူးခြားမှုရှိနေသည်က စာရေးဆရာများအတွက်ပင် ဖြစ်သည်။

ဒါကြောင့် "စာရေးဆရာဆိုတာ ဒီလိုကွ"ကို ပြန်လည်ရေးဖြစ်ခြင်းနှင့် ထွ... ဘဝလောကပြင်တွင် မရှိကြသော်လည်း ပျောက်ကွယ်မသွားဘဲ ပုံရိပ်များက ထင်ဟပ်နေမည်မှာ ကမ္ဘာတည်သရွေ့ မြန်မာ... ပြည်ရှိနေသရွေ့ပင် ဖြစ်သည်။

"မြန်မာပြည်မှာ စာရေးဆရာ... ဖြစ်ရင် စာတစ်မျိုးတည်း တစ်လိုင်းတည်း... မရေးနဲ့၊ စာရေးလို့ရတဲ့ စာရေးခ(စာမူ...) က တစ်ယောက်စာတောင် မလောက်... ဘူးလေ၊ အဲဒီတော့ ရေးလို့ရတာ၊ ရေး... နိုင်တာ၊ ရေးဖြစ်တာ အကုန်ရေး၊ အ... ရေးတဟ်မှ စာရေးဆရာ၊ စာရေးဆရာ... ဆိုတာ ဒီလိုကွ၊ အဲဒီစကားက ငါပြော... တာ မဟုတ်ဘူး၊ ဆရာကြီး ပီမိုးနင်း... ပြောတာကွ၊ သူကလောင်ခွဲက (၁၀)မျိုး... လောက် ရှိတယ်"

သတင်းစာဆရာဦးစိုးလှ(ဗိုလ်... တထောင်သတင်းစာ-၁၉၉၅ ခုနှစ်)

◆





www.burmeseclassic.com

www.burmeseclassic.com

"အေး. . . ငါ့ကို အောင်လင်းက ...တ ဖတ်ခိုင်းပြီး အမှာစာ ရေး ...လေကွာ၊ ငါကလဲ ငါ့ဝသီအတိုင်း ...လေးတော့ ကသောင်းကနင်း ...ရမှ၊ ပြီးတော့. . .

"...င်း ငါသောက်နေကျ ဆိုင်မှာ ...ကွာ၊ ဆိုင်ကြီးကနားကြီးဆိုရင် ...တော မလွတ်လပ်ဘူး'

အောင်လင်းကလည်း. . .

'...တ်ကဲ့ အဘ' လို့ ပြောတယ်။

"အရက်ပဲ ဘယ်မှာ သောက်ရ ...ရ မဟုတ်ဘူးလေကွာ၊ စာရေး ...တာ ဒီလိုကွ. . ."

ဆရာကြီး ရန်ကုန်ဘဆွေက ...အောင်လင်းကိုပြောတဲ့ "စာရေးဆ... ဒီလိုကွ" ဆိုသည့် စကားပင် ...

"စာရေးဆရာ ဆိုတာ စာရေးမှ ...စားစရာမရှိဘူးဆိုရင် စာရေး ...ပ်နဲ့တော့၊ အခု ငါ ကျန်းမာ ...ကောင်းဘူး၊ ဒါပေမယ့် ရေးစရာ ...နေတာ၊ စာရေးဆရာဆိုတာ . . ."

ဆရာကြီး (၃၉)လမ်းမှ တိုက်ခန်း ...မာရေး မကောင်းဖြစ်နေစဉ် ...မေးသော အစ်ကိုကြီးဦးမြလွင် ...တ်)မှ ပြောပြသည်။

♦

"စာရေးဆရာဆိုတာ စားစရာရှိ ...တော့ ပိုကောင်းတာပေါ့၊ စား ...ဘဲ ဘယ်လိုစာကိုရေးမလဲ၊ ...ယ်ချင်းစာပြီး ပြောတာနော်၊ ...အခု စာရေးဆရာဖြစ်လာပြီ၊ ...လဲကွာ စားစရာမရှိလဲ ရေးနေ ...ဆရာတွေ ရှိနေတော့ စာရေး ...တာ ဒီလိုကွ"

(စာရေးဆရာကိုကို၊ ဇာတ်ညွှန်း ...ရှင်ကော်ပိုရေးရှင်းညွှန်ကြား ...ယ်လွန်)

♦

"ငါက စာရေးဆရာလေကွာ၊ ...ရောက်ရောက် စာရေးဖြစ် တယ်၊ အဲ. . . ငါရေးတဲ့ ဝတ္ထုစာမူခ သွားတောင်းရတာတော့ မတန်ဘူးကွ၊ ရန်ကုန်နဲ့ ၆ နံပါတ် အသွားအပြန်စရိတ် က တွက်ကြည့်လေ၊ တစ်ခါသွားတောင်း လဲ မရ၊ နှစ်ခါသွားတောင်းလဲ မရနဲ့ပဲ၊ ဒါပေမယ့်ကွာ. . . စာရေးဆရာဆိုတာ ဒီလိုကွ. . ."

ဆရာကြီး(ဦး)ရန်အောင် ဒလ (၆)နံပါတ်ရွာတွင် လာနေစဉ်က ဦးစိုးလှ (ညောင်ကုန်း၊ ဗိုလ်တထောင်သတင်းစာ) အား ပြောခြင်း။ ဆရာကြီးက နားလေး ပေမယ့် စကားကို ခပ်တိုးတိုးပြောသည်။ "စာရေးဆရာဆိုတာ ဒီလိုကွ. . ." ဖြစ်သည်။

♦

ဗိုလ်တထောင် လုပ်သားကော လိပ်တွင် ကျောင်းတက်နေစဉ် ဦးစိုးလှ (ဗိုလ်တထောင်သတင်းစာ)နှင့် လိုက် သွားရင်းမှ တွေ့၍ ပြောသည်မှာ-

"ဗိုလ်စိုး၊ သူက သတင်းစာဆရာ လား"

"မဟုတ်ဘူး ဆရာတင်အောင်၊ စာရေးနေတယ်"

"ဩော်. . . အေး. . . စာရေး ဆရာဆိုတာ ဆင်းရဲမယ်ကွ၊ အေး. . . ကြွေးတော့မတင်စေနဲ့၊ လတ်လတ်ဝတ်၊ စာရေးဆရာဆိုတာ ဒီလိုကွ. . ."

ဆရာဇန်းမော်တင်အောင်၏ စာရေးဆရာဆိုတာ ဒီလိုကွ. . ." ဟု အပြောဖြစ်သည်။

♦

"ငါက စာရေးဆရာလေကွာ၊ ဘယ်ရမလဲ၊ ငါ အဲဒီကောင်ကိုဖမ်းပြီး မီးရထားဂါတ်တဲကို သွားအပ်တာပေါ့၊ အဲ. . . သူတို့က ငါ့ကိုမေးတယ်၊ ဘာဖြစ် လို့လဲတဲ့၊ အေး. . . ပြောတာပေါ့၊ ကျုပ် အခင်းကြီးသွားနေတာ၊ သွပ်ပြားတံခါး ကို ဆွဲဖွင့်တယ်လေ၊ ပြီးတော့ ဘာလုပ် နေတာလဲလို့ မေးတယ်၊ ကျုပ် ဘာလုပ် နေတယ်ဆိုတာကို မြင်သားနဲ့၊ ဒါကြောင့် လာအပ်တာလို့ သူတို့က ထပ်မေးတယ်၊ နောင်ကြီးက ဘယ်ဌာနကလဲ၊ ဘာအာ ဝန်လဲတဲ့။

ငါလဲ ခပ်တည်တည်ပဲ၊ ကျုပ် စာရေးဆရာပဲလို့ ပြောတော့၊ သူတို့အား လုံးက ဝိုင်းပြီးတော့ တောင်းပန်ကြတယ်၊ ဟာ. . . ဆရာ၊ ကျွန်တော်တို့ တောင်း ပန်ပါတယ်၊ သူ့ကို အဲဒီဘက်မှာ တာဝန် ချထားတာပါတဲ့ကွ။

တွေ့လား. . . စာရေးဆရာဆို တာ ဒီလိုကွ"

(ဆရာ သထုံတည်ကြည်၊ ဆရာ တော်အရှင်နေမိန္ဒ)

ထိုအချိန်က ဘူတာရုံမှ အများ သုံးအိမ်သာက မြောင်းတွင် အကန့်ကာ ၍ သွပ်ပြားတံခါးနှင့် အိမ်သာဖြစ်သည်။ ဆရာတည်ကြည်မှ ရန်ကင်းမြို့နီစီပယ် ဈေးခေါင်း ဦးဘရင်(ဦးလေး)ကို ပြောပြ သော "စာရေးဆရာဆိုတာ ဒီလိုကွ" ဟုပင် ဖြစ်သည်။

♦

"စာရေးဆရာဆိုတာ ရောက်တဲ့ နေရာမှာရေး ပုဂ္ဂိုလ်ရဲ့ နောက်မှ ရေး မယ်ဆိုရင် မေ့သွားရောပဲ၊ သွားလေရာ မှာ စာရွက်နဲ့ရေးဖို့ပါပစေ၊ အဲဒါမှ စာရေး ဆရာဆိုတာ ဒီလိုကွ. . ." ဟု ဆရာ အောင်ပြည့် ဒလကို ပြောင်းလာပြီး သင်္ဘောဆိပ်တွင်ပြောသည့် အမှတ်တမဲ့ မှ အမှတ်ရစေသော "စာရေးဆရာဆို တာ ဒီလိုကွ. . ."ကို အမှတ်ရသရွေ့ ပြန်လည် မှတ်တမ်းပြုခြင်းဖြစ်သည်။

ဗိုလ်တထောင်သတင်းစာ သတင်း ထောက် ဦးစိုးလှ၊ ညောင်ကုန်းပိုင်း ဒလ မြို့၏ ၁၉၆၃ ခုနှစ်မှ နည်းပေးကူညီမှု နှင့် ဒေါက်တာယဉ်ထွန်း (ကြည့်မြင်တိုင်) တို့အား ကျေးဇူးတင်စွာဖြင့် ကလောင် အမည်ကို စိုးယဉ်ထွန်းဟု ယူခြင်းဖြစ် သည်။

(ဦးစိုးလှ၊ ဒေါက်တာယဉ်ထွန်း ကွယ်လွန်ပြီး. . . ။)

**စိုးယဉ်ထွန်း**

❐

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## ကန္တာရဖြစ်စဉ် (၁)

လက်ဝယ်ပိုင်ပိုင်ရရှိနေနိုင်သော ခွင့်အရေးများသည် ပျော်ရွှင်စွာ အားသက်ဝင်နေရစဉ်က အမှတ်တမဲ့ ၊ နေရိုးနေစဉ် ရှိရိုးရှိစဉ် ဘဝလေး စ်ခုပေမို့ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ သာခြင်း၊ လွမ်းဆွတ်ခြင်း စသည် သည် နင့်နင့်သီးသီး မရှိခဲ့လှပါ။

အဲဒီ အခွင့်အရေးများကို ရုတ် ရက် ဆုံးရှုံးသွားရပြီဆိုတော့မှ တည် အေးချမ်းသော ဘဝလေးထဲတွင် ဖြတ်သန်းနေခဲ့ရစဉ်က အမှတ်တမဲ့ သော တန်ဖိုးကြီးမားလှသည့်အရာ ည် အစားထိုးမရစွာ ဖြစ်ခဲ့ရလေပြီ။

"အမေ . . ."

သတိလက်လွတ် အော်ခေါ်မိ ည်၊ ခံစားရမှုသည် ရင်ပွင့်မတတ်။

ကျွန်တော် တစာစာ ခေါ်ကြည့် အမေ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပွေ့ လျက် လှုပ်ခါနေမိသည်။

မပွင့်တပွင့် ဖြစ်နေသေးသော မျက်ဝန်းများကို မျှော်လင့်တကြီး ကြည့်ရင်း . . .

"အမေ မသေသေးပါဘူး၊ အမေ ဘူးနော်၊ သတိလစ်နေတာ ထင် ဆေးထိုးပေးပါဗျာ၊ ဗုဒ္ဓါနံ ဇီဝိ နသက္ကာ ကေနစိ အန္တရာ ယော တဲ့ တထာ မာတာ ပောတု . . ."

ခါရဏပရိတ်တော်၏ အစပိုဒ် အား အမေ့အတွက် ရွတ်ဆိုပေး ကျွန်တော် သွေးရူးသွေးတန်း ပြော မိသည်။ အမေ့ရင်ဘတ်ပေါ် နား ထောင်ကြည့်ပြီး မခုန်တော့သည့် န်သံကို ကျွန်တော် ကြားနေမိ ထင့်၊

"ရင်ခုန်နေသေးတယ်ထင်တယ်၊ ရယ် နားကြပ်နဲ့ နားထောင် ဦး"

ကျွန်တော့်ရဲ့ ပရိဒေဝကို ငဲ့ညှာ အနေဖြင့် ထင်ပါသည်။ ဆရာမ မိုးက နားကြပ်ဖြင့် အသေ ထောက်စမ်းကြည့်ပြီး . . .

"စိတ်ကိုထိန်းပါ ကိုကြီးရယ်၊ ကြီးကြီး အသက်မရှိတော့ပါဘူး"

ကျွန်တော့်မျက်ဝန်းမှ မျက်ရည် တို့သည် ရေကာတာ ကျိုးပေါက်သည့် နှယ်။

အဖေ ဆုံးပါးပြီး နောက်ပိုင်း ခြောက်နှစ်ကျော် ကာလပတ်လုံး မုဆိုးမ မိခင်အိုကြီးကို ကျွန်တော် လုပ်ကိုင် ရှာဖွေ ကျွေးမွေးပြုစုခွင့် ရခဲ့ပါသည်။ အဖေဆုံးပါးစဉ်က အမေနှင့် အစ်မကြီး ရှိသေးသည်မို့ အနည်းငယ် ဖြေသာ သလို ရှိခဲ့ရပေမယ့် ယခု အမေ အသက် မရှိတော့ပြီလို့ ဆရာမက အတည်ပြု လိုက်ချိန်မှာ ကျွန်တော် ဆောက်တည် ရာမဲ့ရပါလေပြီ။

"ကိုကြီး သတိထား၊ သတိထား လေ၊ တရားနဲ့ဖြေပါ ကိုကြီးရယ်"

"ဟုတ်ပါတယ် ကိုစောကြီးရယ်၊ ကြီးကြီးကို အားရအောင် ပြုစုကုသပေး ခဲ့ပြီးပြီပဲ၊ ဖြေသိမ့်နော်"

ဇနီးသည်နှင့်အတူ ပါလာကြ သည့် ညီမများလို ခင်မင်ကြရသော ချိုချိုနှင့် တင်တင်ခိုင်တို့ နှစ်ယောက်က တတွတ်တွတ် နှစ်သိမ့်ပေးကြသည်။

## ကန္တာရဖြစ်စဉ် (၂)

အဖေ ဆုံးပါးစဉ်က အဖေ့ အသက် (၈၃) နှစ်၊ အမေ့အသက်က (၈၄) နှစ်။ အသက် (၈၇)နှစ်ကျော် ကတည်းက အမေ သူငယ်ပြန်စ ပြုလာ ခဲ့သည်။ ဒါကို ကျွန်တော်တို့ မရိပ်မိ။ အဖေ ဆုံးပါးပြီးနောက်ပိုင်း အမေ့ကို သူ့အိမ်ကြီးမှာ တစ်ယောက်တည်းနေစေ ရမှာ မသင့်သည်မို့ အစ်မကြီးဖြစ်သူ၏ အိမ်တွင် ပြောင်းနေပါရန် မနည်းစည်းရုံး ရသည်။ အစ်မကြီးဖြစ်သူနှင့် ကျွန်တော် တို့မှာ တစ်ရပ်ကွက်တည်းဖြစ်ပြီး မဝေး လှသည်မို့ ကျွန်တော်စောင့်ရှောက်ရ သည်မှာ အဆင်ပြေသည်။

နေ့စဉ် ကျွန်တော်က ထမင်းချိုင့် ပို့ပေးသည်။ အစ်မကြီးကလည်း စီးပွား ရေး မပြေလည်သည့်ကြားက တတ်နိုင် သမျှ ချက်ပြုတ် ကျွေးမွေးရှာပါသည်။ အမေ၏ ဝေယျာဝစ္စ တာဝန်များကို ကျွန်တော်ပဲ တာဝန်ယူ ဖြေရှင်းပေးရ သည်။ အရွယ်၊ အသက်နှင့် ထိုက်တန် သော ဆေးဝါးတိုက်ကျွေးမှု၊ ကုသမှုများ ကိုလည်း သူငယ်ချင်း ကျန်းမာရေးမှူး ကိုနိုင်က တစ်လခန့် အနီးကပ် ကုသ ပေးမှုကြောင့် ပြန်ကောင်းခဲ့ရသည်။

အမေ လေဖြတ်သည့်နေ့ကစလို့ ကျွန်တော်လည်း အစ်မကြီးအိမ်ပြောင်း ပြီး အမေနှင့် တစ်ပတ်ခန့် သွားအိပ်ရ သည်။ အမေ လှုပ်ရှားမှု နေသားကျ တော့မှ အစ်မကြီးက သူတို့ တာဝန်ယူ နိုင်ပါသည်ဆိုမှ ကျွန်တော် ပြန်ခဲ့သည်။

အမေ လေဖြတ်ရာက ပြန် ကောင်းလာတော့ ထုံးစံအတိုင်း မနက် မိုးလင်းလျှင် ကျွန်တော်က မိမိဆိုင်ကို စောစောဖွင့်၊ ဆိုင်တည်ခင်းပြီး အမေ့ဆီ သွား မုန့်ကျွေးရသည်။ ပြီးသည်နှင့် အောက်ပိုင်းက သူ့အိမ်ကြီးဆီ လိုက်ပို့ ပေးရသည်။ တစ်နေကုန် စာဖတ်လိုက်၊ ပုတီးစိပ်လိုက်၊ အိပ်လိုက်၊ ခြံထဲဆင်း ရှင်းလိုက်နှင့် တစ်ယောက်တည်းနေ သည်။ ရုံးပိတ်ရက်ဆိုရင်တော့ ခေါင်း ရင်းခန်းမှာ အိမ်ငှားရှိသည်။ နေ့လယ် ထမင်းကျွေးချိန်ကျမှ ထမင်းချိုင့်သွားပို့ သူဆာသည့်အချိန် စားသည်။ ညနေ ၅ နာရီခန့်ကျတော့မှ သွားပြန်ခေါ်ပြီး အစ်မကြီးအိမ်ပြန်ပို့ပေးရသည်။ နိစ္စဓူဝ တာဝန်တစ်ခုလိုပင် ဖြစ်သည်။

အဖေဆုံးပြီးနောက်ပိုင်း (အမေ လေဖြတ်နေသည့် ကာလမှလွဲ၍) အမေ သွားလိုရာ ဆိုင်ကယ်ပေါ်တင်မောင်း ခဲ့သော်လည်း အသက်(၉၀)တွင်း ဝင် လာကတည်းက ပိန်လှီချည့်နဲ့လာသော အမေ့ကို နောက်မှာ ထိုင်မစီးစေရဲတော့ ပါ။ ရှေ့မှာတင်ပြီး ရင်ခွင်ထဲ ထည့်စီးရ တော့သည်။ဒါကို အမေက သိပ်မကြိုက် ချင်။ သူက နောက်မှာပဲ ထိုင်စီးချင် သည်။

အမေ့ကို ကျွန်တော့်ရင်ခွင်ထဲ ထည့်စီးခါစက . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ကိုစောကြီးက သူ့အမေကို ကလေးလေးလို ဘင်မောင်းလာတယ်ဟေ့"

အထူးအဆန်းသဖွယ် ဖြစ်ကြသေးသည်။ အချို့ကလည်း . . .

"ဒီအရွယ်ကြီး ဆိုင်ကယ်ပေါ်တင် မစီးသင့်တော့ဘူး"

အချို့ကလည်း နားလည်မှုရှိစွာဖြင့် . . .

"အဲဒါမှ ကောင်းတယ်၊ ပြုတ်ကျမှာ မစိုးရိမ်ရတော့ဘူး"

"ဟုတ်တယ်လေ . . . အဖွားကြီးက သူငယ်ပြန်နေတာ၊ သူ့ဘာသာသူ လျှောက်သွားနေလို့ ဘယ်ဖြစ်မလဲ"

## ကန္တာရဖြစ်စဉ် (၃)

တစ်နေ့၊ အဲဒီနေ့က နိုဝင်ဘာလ ၃၀ ရက်၊ ၂၀၁၁ ခုနှစ် နံနက်အစောကြီး။

"ကိုရေ . . . မမကြီး လေဖြတ်သွားတယ် ကြားတယ်၊ သွားကြည့်ပါဦး"

ဇနီးသည်က သတင်းပေးလာသည်။

မမကြီးဆီရောက်တော့ ခုတင်ပေါ်မှာ ပက်လက်။ သူငယ်ချင်း ကျန်းမာရေးမှူး ကိုနိုင်နှင့်ပဲ ပြသကုသပေးရသည်။ အမေ့တုန်းကလည်း သုံးလအတွင်း ရှင်းရှင်းပျောက်ကင်းခဲ့သည်မို့ မမကြီး ဖြစ်သည်ကို သိပ်မစိုးရိမ်မိ။ အမေ့ထက် ငယ်သူပဲ၊ မကြာခင် ပြန်ကောင်းလာမည်ဟုပင် မှတ်ထင်ခဲ့မိသည်။ သို့ပေမယ့် မမကြီးသည် အမေဆုံးသည်အထိ လမ်းပြန်မလျှောက်နိုင်ခဲ့။ ဝါးလုံးတန်းကိုင်ပြီး အိမ်တွင်းသွားရုံသာ တိုးတက်ခဲ့သည်။ ထိုင်နိုင်ရုံသာ ရှိခဲ့သည်။

မမကြီး လေဖြတ်သွားသည့်အတွက် အမေ့ကို ကျွန်တော်တို့ ဇနီးမောင်နှံ၏ ဆိုင်ခန်းလေးဆီသို့ ခေါ်ထားရတော့သည်။ နောက်ပိုင်း တဖြည်းဖြည်းနှင့် အာရုံကြောများ ဆုတ်ဆိုင်းလာမှုကြောင့် အမေသည် ဆီးဝမ်းကိစ္စများ ထိန်းချုပ်မှု အားနည်းလာရသည်။ ဆိုင်အပေါ်ထပ်ကို ဖယောင်းပုဆိုး ခင်းထားပေမယ့် အဆင်မပြေ။ အိပ်ရာနှင့် ၁၅ ပေခန့်သာ ဝေးသော ဆီးအိုးဆီသို့ အသွားလမ်းတစ်လျှောက် ပါချသွားသည်။ အခါတိုင်းလိုလို ကျွန်တော့်မှာ အိပ်ရာမှထပြီး ရေဖတ်လျှောက်တိုက်ရသည်။ သက်ကြီးရွယ်အိုမို့ တစ်ညလျှင် သုံးလေးခါမျှ ထတတ်သည်။ ဒါတင်မက ရှေ့နှင့်နောက် (ခေါင်းရင်းဘက်နှင့် ခြေရင်းဘက်) အထမှားပြီး ဆီးအိုးရှာနေစဉ် ဆီးတွေထွက်ကျ၊ အောက်ထပ် ဆိုင်ခန်းရှေ့ဘက်တွင် အိပ်နေသော ဇနီးသည်အပေါ်သို့တည့်တည့်ကျ။ ဇနီးသည်ခမျာ ညဥ့်နှစ်ချက်တီးကျော် ခေါင်းလျှော်ရ စသည်ဖြင့် အဆင်မပြေမှုတွေ များလာပြီဆိုတော့ ဇနီးသည်နှင့် အိပ်ရေးပျက်ကြရသော ဘေးခန်း ပတ်ဝန်းကျင်က အိမ်ပြန်ပြောင်းထားဖို့ တောင်းဆိုလာကြသည်။ သို့နှင့် ကျွန်တော် ချီတုံချတုံ ဖြစ်ရတော့သည်။

သူငယ်ပြန်လွန်းနေသော မိအိုဖအိုများသည် မိသားစုကိုသာမက ပတ်ဝန်းကျင်ကိုပါ စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာတွေ များလှသည်။ အိမ်ပြန်ပြောင်းနေရဖို့ကလည်း အိမ်မှာ ခေါင်းရင်းနှစ်ခန်းကို လူငှားတင်ထားသည်။ ခြေရင်းခန်းတစ်ခန်းသာ အမေပြန်လိုချိန် ပြန်နိုင်ရန် ပိတ်ထားသည်။ အိမ်ပြန်ထားရအောင်ကလည်း ခေါင်းရင်းခန်းက အိမ်ငှားမှာ သားအမိ နှစ်ယောက်တည်း။ သားဖြစ်သူက သစ်တောစိုက်ခင်း၊ တောထဲတွင်သာ အနေများပြီး မိခင်ကြီးမှာ အသက်(၇၅)နှစ်ကျော် ရှိပေပြီ။ လေကလည်း ဖြတ်ဖူးထားပြီး သေးသေးညှက်ညှက်လေးဖြစ်သည်။ အမေ့ကို အဖော်ကောင်းဖြစ်စေဖို့ မလွယ်။ အဖေမဆုံးခင်လေးကမှ ပြောခဲ့ဖူးသော စကားကြောင့်လည်း ကျွန်တော် အမေ့ကို အိမ်ပြန်ပို့ရန် လက်တွန့်နေခဲ့ရသည်။

အဖေက ဗေဒင်လက္ခဏာပညာကို တော်တော်လိုက်စားဖူးသူမို့ ကျွန်တော်တို့မိသားစု၏ ပုရောဟိတ်တစ်ဦးပင် ဖြစ်ရှာသည်။ အဖေက . . .

"အဖေက မြောက်အရပ်နဲ့ မတည့်ဘူး၊ မင်းအမေက တောင်အရပ်နဲ့ မသင့်ဘူး၊ မြောက်အရပ်က အဖေ့အတွက် သချိုင်း၊ တောင်အရပ်က မင်းအမေရဲ့သချိုင်း၊ အဲဒီလို အလွယ်မှတ်ထားပါ"

ဟု ပြောခဲ့ဖူးပါ၍ ကျွန်တော်ယခု အမေ့ကို လက်ရှိနေနေသည့် ဆိုင်ခန်း၏ တောင်ဘက်အရပ်ကျသော အိမ်ဆီသို့ ပြန်ပို့ရန်မှာ အတော်ပင် ...လေးနေခဲ့ရပါသည်။

အမေ ကိုယ်၌ကလည်း အရင်တုန်းကလို အိမ်ခဏခဏ ပြန်လိုသည်ဆန္ဒ မပြတော့၊ အိမ်ပြန် ပြောင်းနေ... ပြောကြည့်စဉ်မှာလည်း အင်တင်တင် ...ဒါပေမယ့်လည်း မဖြစ်သာသည့်အဆုံး အမေ့ကို အိမ်ပြန်ထားရတော့သည်။

ပထမပိုင်းရက်တွေက မိုးမလင်း... မီ ကျွန်တော်က အိပ်ရာမှထ၊ ဆိုင်... ပြေးဖွင့်၊ ဆိုင်ဖွင့်ပြီးတော့ အမေ့... ပြန်လာနိုး။ ဆိုင်ကယ်ပေါ်တင်ပြီး ... ဘက်ပြန်ခေါ်လာ၊ မုန့်ကျွေး။ မုန့်... ပြီးတော့ အမေက ဟိုထိုင် ဒီထိုင်... ယောင်တောင်တောင်ဖြစ်နေတတ်သည်... နှစ်နှစ်ကျော် အိမ်လိုနေခဲ့ရသည့် ... ခန်းလေးမှာ ညှော်သည်လို ပြန်လာ... ရသည်ဟု ခံစားနေရသည် ထင်... တစ်ခါတစ်ရံ TV ဖွင့်ပေးထား၏။ ... ပါလျှင်ကြည့်၊ မကြည့်ချင်လျှင် ထိုး... ဆွဲပြီး ဟိုဟိုဒီဒီလျှောက်သွား။

အမေ အများဆုံး သွားတ... သည်က သူ့ယောက်မအိမ်။ ထမင်း... ချိန်ကျ သွားလိုက်ခေါ်။ ထမင်း... ပြီးတော့ TV ဖွင့်ပေး။ တစ်ခါတစ်ရံ... ကြည့်ရင်း အိပ်ပျော်ချင်ပျော်။ ... တစ်ရံ ဒီမှာနေစဉ်ကလို ဖြစ်... အပေါ်ထပ်မှာ အိပ်ရာပြင်... အိပ်စေရ၏။ အိပ်ရာနိုးသော်...





www.burmeseclassic.com

www.burmeseclassic.com

…းဆွဲပြီး ထွက်ပြန်သည်။ သူ့သမီး၏ …တ်ဖက်ရည်ဆိုင်သို့သွား လက်ဖက် …ည် သောက်ချင်လျှင် သွားသောက် …ည်၊ ညနေငါးနာရီ ထိုးခါနီးလျှင် …ောက်တဲ့နေရာက ပြန်လာပြီး ထမင်း …ွဲ ဝင်ထိုင်သည်။ အားသည်ဖြစ်စေ၊ …အားသည်ဖြစ်စေ ချက်ချင်း ထမင်း …ကျွေးရသည်က ထုံးစံ။

“အမေ ထမင်းစားပြီးရင် TV …ကြည့်ချင်ကြည့်၊ အမေ့သမီးဆီ သွားနေ …င်နေ၊ ဒါမှမဟုတ် ဆိုင်ရှေ့မှာပဲ ထိုင် …ထိုင်၊ ကျွန်တော် ဆိုင်ပိတ်၊ ရေမိုး … ထမင်းစားပြီး ရှစ်နာရီလောက်ကျ …ော့မှ ကျွန်တော်နဲ့အတူ အိပ်ဖို့ …အောက်ပိုင်းအိမ်ကို ပြန်ကြမယ်နော်၊ …ျွန်တော့်ကိုစောင့် သိလား”

နားကြားစေရန် အော်ပြောရ …ယ့် ခေါင်းလည်း မညိတ်၊ ခေါင်း …ည်း မခါ။

ကျွန်တော့်စိတ်ကူးက အမေ့ကို …ပြန်ပို့ပြီး အိပ်စေရပေမယ့် အိပ် …ည့်အချိန်ကလွဲ၍ တစ်ယောက်တည်း …ကြာ ခွဲမနေစေချင်လို့။ ဆိုင်မှာ အပြီး …ဉ်ကလိုအတိုင်း နေစားနေစေပြီး …အိပ်ချိန်ရောက်မှသာ အတူတူ ပြန် …ကြဖို့ရန် ဖြစ်သည်။ အခုတော့ …ပြောင်းပြီး နောက်နေ့မှာပင် . . .

“အမေ ဘယ်သွားလဲ”

ဆိုင်ရှေ့တွင် ရှိနေသော ဇနီး …ည်ကို မေးကြည့်မိတော့ . . .

“ဆိုင်ရှေ့မှာပဲ ထိုင်နေတာပဲ၊ …ောက TV ကြည့်နေတာလေ”

“အေး . . . မတွေ့လို့”

ဟိုဘက်ခန်း၊ သည်ဘက်ခန်း … မေးကြည့်တော့ ထီးလေး ချိုင်း …ည်ပ် ထွက်သွားတာပဲဟုသာ သိရ …ည်၊ သိမ်းလက်စဆိုင်ကို ပြီးအောင် …း်အား၊ အမေ သွားတတ်သော …ရာများကို လျှောက်ရှာမိသည်။ မိုး …ပြီမို့ မှောင်လျှင် အမေ လမ်း …ျှောက်တတ်။ တစ်နေရာမှာ မပြန် …များ ဖြစ်နေပြီလား။

ဘယ်မှ ရှာမတွေ့။ လေဖြတ်နေသော မမကြီးကလည်း အမေပျောက်နေတယ်ဆိုတော့ ငို။ မြစ်ရေလည်း တာရိုးကိုကပ်နေ။ နောက်ဘက်က ကွင်းရေကလည်း တိုးနေ။ လမ်းမပေါ်ကနေ မူးမိုက်ကျသွားလျှင်ဖြင့် ဘယ်မှာမှ ရှာမတွေ့သည့်အဆုံး အောက်ပိုင်းအိမ်ကို ပြန်ကြည့်တော့ ခေါင်းရင်းခန်းက အိမ်ငှားသားအမိနှင့် စကားလက်ဆုံကျနေသည်။ သူ့မှာ အခန်းသော့မပါ။

“ဒီလိုဆိုရင်ဖြင့် ဖွားတင်နဲ့ မပုရေ . . . ကျွန်တော် ဆိုင်ပြန်သိမ်းလိုက်ဦးမယ်၊ အခန်းလဲ ဖွင့်ထားလိုက်မယ်၊ အိပ်ချင်ရင် ဝင်အိပ်နှင့်လို့” အိမ်ငှားသားအမိကို ပြောဆိုအပ်နှံပြီး ဆိုင်ပြန်သိမ်းရသည်။ နေ့စဉ်လိုလိုပင် သူ့ဘာသာ ပြန်ပြန်သွားသည်။ တားမရ။ ထမင်းစားပြီးသည်နှင့် ဆိုင်ထဲက ထွက်တော့သည်။

သားအမိနှစ်ယောက် အိမ်ပြန်ပြောင်းပြီး တစ်ပတ်ခန့်သာ အဆင်ပြေသည်။ နောက်ပိုင်းရက်များတွင် အမေ့သူငယ်ပြန်မှုသည် ပိုပိုလာတော့သည်။ ညဥ့်နက်သန်းခေါင်ထပြီး အပြင်ထွက်ဖို့ ပူဆာတတ်သည်။ ဈေးပိုင်းရပ်ကွက်က ဆိုင်ခန်းဆီသို့ ပြန်မည် တကဲကဲလုပ်သည်။ ဒါ သူများအိမ်ပဲ၊ ဒီမှာ မအိပ်ဘူးဆိုပြီး အထုပ်အပိုးတွေ ပြင်တတ်သည်။ သမီးအိမ်သွားပြီး မုန့်စားမည် ပြင်သည်။ ချော့မော့ပြောလည်း မရ၊ မာန်မဲဟိန်းဟောက်ပြောလည်း မရ။ ဘယ်လိုပြောပြော အော်ပြောရသည်မို့ ပတ်ဝန်းကျင်ကို အားနာရပေသည်။

ညနေ ညဦးပိုင်းများတွင်လည်း ကျွန်တော် ဆိုင်သိမ်း မပြန်မချင်း အိမ်ငှားသားအမိက ချော့မော့လှည့်ပတ်ပြီး သံဇကာတံခါးကို ပိတ်ထားရသည်။ ဈေးပိုင်းလိုက်မည် တကဲကဲပြင်သည်။

ကျွန်တော့်မှာလည်း ဆိုင်နှင့် အိမ်ကို တစ်နေ့ တစ်နေ့ အခေါက်ပေါင်းများစွာ မိုးရေထဲမှာ ကူးသန်းရဖန်များတော့ ဖျားတော့သည်။

ဟိုစဉ်က ဆိုင်မှာ လူငှားအိမ်ဖော်ရှိ၍ တော်သေးသော်လည်း အမေက သူငယ်ပြန်ကာ တောပြော တောင်ပြောတွေ ပြောဖန်များ၍ လူငှားအိမ်ဖော်မှာ ထွက်သွားတော့သည်။

“အဘွားကြီးက ဘာဖြစ်တယ်၊ ညာဖြစ်တယ်” စသည့် တစ်ဆင့်စကားဖြင့် အိမ်ဖော်လူငှား ခေါ်မရပါလေတော့။ တစ်ခုကောင်းသည်မှာ ခေါင်းရင်းအိမ်ငှား တောခေါင်းကိုဝင်းအောင်မှာ တောထဲမှာ ငှက်ဖျားဖြစ်လာ၍ သစ်တောစိုက်ခင်းမှ အိမ်သို့ ပြန်ရောက်နေခိုက်မို့ အမေ့ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ဖော်ရသေးတော့သည်။

## ကန္တာရဖြစ်စဉ် (၄)

ကျွန်တော်တို့သားအမိ အိမ်ပြန်ပြောင်းပြီး နှစ်ပတ်ခန့်ကြာတော့ ညဥ့်ဦးပိုင်း (၁၁း၃၀)နာရီလောက်ကတည်းက အိပ်ပျော်နေရာမှ နိုးလာသောအမေသည် အိမ်ပြင်ထွက်ဖို့၊ ဈေးပိုင်းပြန်ဖို့၊ မုန့်သွားစားဖို့ ဂျီကျပြန်သည်။ ချော့မော့ခြိမ်းခြောက်ပြီး ခုတင်ပေါ်သို့ အကြိမ်ကြိမ် ပြန်ပို့ရသည်။ ခေါင်းရင်းခန်းက အိမ်ငှား သားအမိလည်း မအိပ်ရ။ ညဥ့်နှစ်ချက်တီးကျော်တော့ကျွန်တော်လည်း စိတ်တိုလာရပြီ။ ဆူပူမာန်မဲပြီး ခုတင်ပေါ်သို့ ငါးကြိမ်မြောက် ပြန်ပို့သည်။ စောင်များနှင့် အထပ်ထပ်ဖိကာ ခြင်ထောင်ချပေးပြီး ခဏစောင့်ကြည့်ကာ အမေငြိမ်သွားတော့မှ ကျွန်တော်လည်း အိပ်ရာထဲဝင်လိုက်သည်။

ခေါင်းအုံးပေါ် ခေါင်းချရုံရှိသေး “ဝုန်း”ခနဲ အသံကြီးနှင့် အိမ်ပါ တုန်သွားရသည်။ မမျှော်လင့်ရဲတာ ဖြစ်ပြီဟုထင်သည်။ ကျွန်တော် ငေါက်ခနဲ ထထိုင်ပြီး လှမ်းကြည့်လိုက်တော့ ခုတင်ဘေးကြမ်းပြင်ပေါ်မှာ အမေ စန့်စန့်ကြီး သတိလစ်နေသည်။ ခုတင်ဘေးက ပြတင်းပေါက်သံတိုင်ကို အားပြုဆွဲကာ ထထိုင်ရင်း လက်လွတ်ကာ နောက်ပြန်ပြုတ်ကျခြင်း ဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com

"အမေ. . . အမေ. . . အမေ"

တတွတ်တွတ်ခေါ်ရင်း ပွေ့ပိုက်လှုပ်နိုးသော်လည်း မရ။

"ကိုဝင်းအောင်ရေ . . ."

"ဖွားတင်ရေ . . ."

"မပု . . ."

ခေါင်းရင်းခန်းမှ အိမ်ငှားသားအမိကို လှမ်းခေါ်၍ ရောက်လာသော်လည်း သူတို့လည်း ဘာမှမလုပ်တတ်။ အမေ့ငယ်ထိပ်မှ လေမှုတ်တာကလွဲ၍ ကျွန်တော်လည်း မလုပ်တတ်။ ခုတင်ပေါ်ပြန်တင်ပေးပြီး တတွတ်တွတ် ခေါ်ကြည့်နေမိသည်။ သတိမှ ပြန်လည်ပါတော့မလား။ နောက်စေ့မှာ ကွဲမသွားသော်လည်း ကွမ်းသီးခြမ်းခန့် ဖုနေသည်။ အိမ်ကြမ်းပြင်သည် ရေမြုပ်ခံခဲ့ရ၍ သံချက်များ ကြွနေသောကြောင့်သာ တော်ရှော့သည်။ ဗီရိုစောင်းနှင့် ဆောင့်မိရန် လက်တစ်လုံးခန့်ပဲ လိုသည်။ ထိများထိရင် မတွေးဝံ့စရာ။ အခုလည်း စိတ်မချရ။

သူငယ်ချင်း ကျန်းမာရေးမှူးထံ ဖုန်းခေါ်ကြည့်သည်။ ဟိုဘက်က ပြောတာတွေကို ကြားရသော်လည်း ကျွန်တော်ပြောတာကို သူတို့မကြား၊ ဖုန်းချသွားသည်။ ဆိုင်မှာအိပ်နေသည့် ဇနီးသည်ထံ လှမ်းခေါ်တော့လည်း Handphone က ခေါ်မရ။ အောက်ထပ်မှ ကြိုးဖုန်းကို ခေါ်မှရသည်။

"ကိုနိုင့်ဆီကို မင်းဖုန်းနဲ့ဆက်ခေါ်ပြီး အိမ်ကိုလွှတ်ပေးစမ်းပါ၊ ဒီမှာ . . ."

ဆယ်မိနစ်ခန့်ကြာတော့ ဇနီးသည်ထံက ဖုန်းဝင်လာသည်။

"ခေါ်လို့လဲ မကိုင်ဘူး၊ ကျွန်မလဲ တစ်ယောက်တည်း ထွက်မလာရဲဘူး"

"အေးလေ၊ ဘယ်တတ်နိုင်ပါ့မလဲ"

ကျွန်တော် ပရိတ်ကြီး ရွတ်နေရသည်။ ဘုရားပဲ အားကိုးစရာရှိသည်။

နာရီဝက်ခန့်ကြာတော့မှ အမေ သတိပြန်ရလာသည်။

ပုံမှန်တော့ မဟုတ်။ ကယောက်ကယက်တွေ ပြောနေသည်။ ပွဲချင်းပြီးနိုင်သော်လည်း သတိပြန်လည်လာ၍ တော်ရှော့သည်။ ဦးခေါင်းနောက်ခြမ်းတွင် ကွမ်းသီးခြမ်းခန့် ဖုနေသည်။ မိုးလင်းခါနီး ဆီးထသွားတော့ ယိုင်တိုင်တိုင် ဖြစ်နေသည်။ ဇက်စင်းပြီး ခေါင်းက ငိုက်စိုက်စိုက်ကြီး ဖြစ်နေသည်။ ဆေးရုံတင်ရအောင်ကလည်း ကူဖော်လောင်ဖက် မရှိ။ ဆီးသွားပြီး ပြန်လာတော့ ခုတင်ပေါ် ပြန်မတက်။ ခုတင်ဘေးက ကျွန်တော့်ဖျာပေါ်ဝင်လှဲသည်။

အတန်ငယ်ကြာတော့ တုန်တုန်ချည့်ချည့်ဖြင့် လက်ထောက်ထ,သည်။

"အမေ . . . ဘာလိုချင်လို့လဲ၊ ဆီးသွားချင်လို့လား"

ဖေးမရင်းမေးတော့ . . .

"နေစမ်းပါ"

ခုတင်ပေါ် တံတောင်ခု ခေါင်းမှေးတင်ရင်း ခုတင်အောက်က သူ့အထုပ်တွေကို မမီမကမ်း လှမ်းဆွဲယူသည်။ ပြန်ပြောင်းလာကတည်းက သူ့အဝတ်အစားအိတ်များမှာ သေတ္တာတွေ၊ ဗီရိုတွေထဲ နေရာမချရသေး။

"အမေ . . . ဘာလိုချင်လို့လဲ"

"နေစမ်းပါ"

စကားသံက လေဖြတ်တုန်းကလို လျှာလိပ်သံပါနေသည်။ အထုပ်ကိုသာ ဆွဲပြန်သည်။

"အမေ. . . ကျွန်တော် ယူပေးမယ်လေ"

ပြောပြောဆိုဆို ကျွန်တော် သူ့အထုပ်များကို ဆွဲယူပေးလိုက်သည်။

"အေး . . . ခုတင်အောက်မှာ အခုအခံ မထားကောင်းဘူး"

တစ်လုံးချင်း ပြောသည်။

"မြို့စား၊ ရွာစားတွေ မကြိုက်ဘူး"

ဆက်ပြောပြန်သည်။

ထိုစကားစုကို သုံးခါလောက် ပြောနေသည်။ လေသံမှာလည်း တစ်မျိုးကြီး ဖြစ်သည်။

"သက်ကြီးရွယ်အိုတွေကို ဖို . . . ပြောင်း ဒီပြောင်း မလုပ်ရဘူး"

"ခင်ဗျာ . . . အမေ"

ကျွန်တော် မသဲမကွဲမို့ ထပ် . . . မေးရသည်။ သုံးကြိမ်ပြောပြပြီး ဘာမှ မပြောတော့။ ကျွန်တော့်မှာ အမေ့ . . . စကားကြောင့် ဘယ်လိုဖြစ်သွားမှန်း မသိ၊ ရင်ထဲမှာ ကျဉ်သလိုလို . . .

"ငါ့ကြောင့် . . . ငါ ဒီကိုပြန် . . . ပြောင်းခေါ်လာမိလို့ ဒီလိုဖြစ်ရတာ"

အမေ အခုလို ခုတင်ပေါ်က . . . ပြုတ်ကျရခြင်းအတွက် မိမိကိုယ်မိမိ . . . တရားခံတစ်ယောက်ပမာ ခံစားလိုက်ရ . . . သည်။ အမေ့ရဲ့ သူငယ်ပြန်မှု၊ အသ . . . တရားချို့ယွင်းမှုတွေကို သည်းမခံနိုင်မှု . . . ကြောင့် အခုလို အဖြစ်ဆိုးနှင့် ကြုံတွေ့ . . . ရလေခြင်းဟု ယူကျုံးမရ ဖြစ်ရသော . . . သည်။

မနက် အလင်းရောင်လာတော့ . . . မှ ဇနီးသည် ရောက်လာသည်။ ဇနီး . . . သည်နှင့် အမေ့ကိုထားခဲ့ပြီး ကိုနိုင့် . . . ပြေးခေါ်ရသည်။ ကိုနိုင်လိုက်လာပြီး . . . အပ်သည်များကို ကုသမှုပြုပေးပြီးတော့ . . . မှ ကျွန်တော့်ရင်ထဲမှာ နည်းနည်း သက် . . . သာရာရတော့သည်။

ဇနီးသည်နှင့် ကိုနိုင်တို့ကို တိုင် . . . ပင်ကြည့်တော့ ပုသိမ်သွားဖို့၊ ဆေး . . . တင်ဖို့ကိစ္စတွေမှာ မလွယ်ကူလှ၊ ကိုနိုင် . . . ပဲ လိုအပ်သလို ကူညီပါမည်ဆို၍ အိမ် . . . မှာပဲထားမှ ဖြစ်တော့မည်ဟု ဆုံးဖြတ် . . . ရတော့သည်။

## ကန္တာရဖြစ်စဉ် (၅)

ခုတင်ပေါ်မှာမအိပ်လို၍ ခေါင်း . . . သိမ်းကာ ဖယ်လိုက်ပြီး ခုတင်နေရာတွ . . . ပင် အိပ်ရာပြင်ပေးရသည်။ ကျွန်တော် . . . က သူ့ဘေးမှာ အိပ်ရသည်။ ဆီးဝ . . . ကိစ္စများမှာ ပိုမိုခဲယဉ်းလာသည်။ ဆီး . . . ပေါ် ထိုင်နေလို့မရ။ ယိုင်ယိုင်လဲ . . . သည်။ ဆီးအိုးပေါ် ထိုင်နိုင်အောင် . . . မနည်း မ,တင်ပေးရသည်။ . . . ရက်တွေက ကော်သေးသော်လည် . . .

www.burmeseclassic.com

တစ်ပတ်ကျော်လာသောအခါ ဆီးအိုးပေါ် တင်ပေးရတာ ပိုခက်ခဲလာသည်။ အရုပ်ကြိုးပြတ်ကြီးလို ဖြစ်နေသော အမေ့ကိုယ်ခန္ဓာကို မနည်းမ,ချီရသည်။ ကိုယ်တွေ၊ လက်တွေ နာသည်ဟုအော်၍ ညာပြီး ဖက်ပွေ့ချီ,မရင်း တစ်နေ့ ကျွန်တော် ခါးနာသွားရတော့သည်။ ထမ်းထမလျှောက်နိုင်တော့၍ လေးဖက်သွားသွားရသည်။

အမေ့အတွက် အာဟာရမှုန့် ဖျော်တော့လည်း ဖင်ရွှေ့သွားဖျော်၊ တိုက်တော့လည်း ထိုင်မတိုက်နိုင်၍ ခေါင်းလျှားမှောက်ပြီး တိုက်ရသည်။ ရေတိုက်တော့လည်း ထို့အတူ၊ ဆိုင်မှာရှိသည့် ဇနီးသည်ကို ဖုန်းဆက်ပြီး သတင်းပို့တော့ ခါးမှာကပ်သည့် ပလတ်စတာ ဝယ်ပို့ပေးသည်။ သို့သော် မထူးခြား။ ဘယ်ချင်းကိုနိုင်ကလည်း ဒီမနက်ပိုင်း ရောက်မလာ။ ဖုန်းခေါ်ကြည့်တော့ ပုသိမ်ရောက်နေသည်။ ညနေမှ ပြန်လာမည်။ နေ့လယ် (၁၁း၃၀)နာရီကျတော့မှ ပုသိမ်မှ နေလတိုင်းရင်းဆေးခန်းတွင် အကြောပြင်ဆရာ လုပ်နေသော အစ်ကိုဝမ်းကွဲ ကိုခင်ဇော်ရောက်လာပြီး အမေ့အခြေအနေ လာကြည့်သည်၊

"အားရစရာမရှိ၊ မရနိုင်တော့ဘူးကွာ" တဲ့။

"မင်းလဲမှောက်၊ ငါ ခါးကြောနှိုင်ပေးသွားမယ်"

နာရီဝက်ခန့် ကိုင်ပေးပြီးတော့ ကျွန်တော် ထနိုင်၊ ထိုင်နိုင်သွားသည်။ ဆယ်လျှက်ကနေတော့ မကုန်းရဲသေး။ နာတာကတော့ နာနေသေးသည်။ တစ်ခုခု ကောက်စရာရှိလျှင် ဒူးကွေးထိုင်လျက် ဆဲကို မတ်မတ်ထားကာ ကောက်ရသည်၊ ဒီခါးနာတာ ပျောက်မှဖြစ်မည်။ အမေ့ကိုပြုစုရန်က ကိုယ်တစ်ယောက်တည်းသာ။ တစ်နေ့လျှင် လုံချည်ဆယ်ထည်၊ ဆယ့်ငါးထည် လျှော်ရသည်။ အောင်က နှစ်ထည် လျှော်ရသည်။ မိုးရွာကာလ ရေကြီးရက်မို့ စောင်တွေက အလျှော်မမီ။ စောင်တွေ ထပ်ဝယ်ရသည်။ ရွှေပိုင်းရက်များက လူးလှိမ့်အိပ်တတ်သည်မို့ ကျောပူ၊ ဖင်ပူ၊ ဖျာနာဖြစ်မှာ မစိုးရိမ်ရသော်လည်း ခြင်ထောင်ကိုပါ ဖိပတ်မိတတ်သည်မို့ ခြင်ထောင်ပါ မကြာ မကြာ လျှော်ရတော့သည်။

နောက်ပိုင်း အညစ်အကြေးများကို သုတ်သင်ရာတွင် လူတစ်ကိုယ်လုံးကို မ,ချီရွှေ့ပြီး ဖျာပါလဲရသည်။ မ,ချီရွှေ့တိုင်း နာသည်ဟု အမေအော်၍ စဉ်းစားရတော့သည်။

သူနာပြုအလုပ်ကို မကျွမ်းကျင်သည်မို့ အတွေ့အကြုံကို အခြေပြု၍သာ နည်းလမ်းရှာရတော့မည်။

## ကန္တာရဖြစ်စဉ် (၆)

အရုဏ်တက်လောက်ကတည်းက ကမ်းနားပြေးဆင်းပြီး တစ်ညလုံး လဲပေးထားသမျှ အညစ်အကြေးပေ လုံချည်များကို လျှော်ရသည်။ အဝတ်လျှော်ရင်း အမေနိုးပြီး ဆာလောက်မည့်အချိန်ကို (အာဟာရမှုန့်နှင့် အိုဗာတင်း) ပြေးဖျော်တိုက်ရသည်။ အချိုပန်းကန် နှစ်လုံးစာခန့်ကို တစ်နာရီကျော်ကျော် တိုက်ကျွေးရသည်။ ကျွန်တော့်ကိုယ်ပေါ်မှ ရေစိုဝတ်များခြောက်သွားသည့်တိုင် မပြီးတတ်။ ခွံ့နေရင်း အိပ်ပျော်ချင် ပျော်သွားသည်။ မေ့ပြီး မျိုမချဘဲ ငုံချင် ငုံထားတတ်သည်။ တကယ်တော့ တစ်ဇွန်းစာ အရည်ပမာဏကို ပက်လက်သောက်ရသော လူနာ အမေ့ အနေဖြင့် မျိုချရတာ ခဲယဉ်းသည်ဖြစ်၍ နည်းနည်းချင်း မျိုချနေရတာ ကျွန်တော် နားလည်မှု မပေးနိုင်ခဲ့၊ စိတ်တိုခဲ့မိသည်။

တဖြည်းဖြည်းနှင့် အာရုံကြောများ ချို့ယွင်းလာပြီ ထင်သည်။ ဆီး၊ဝမ်း ကိစ္စများကို မနိုင်မနင်း ဖြေရှင်းရတော့သည်။ တစ်နာရီတစ်ခါ၊ နှစ်နာရီ တစ်ခါ လုံချည်လဲပေးရသည်။ အခင်းလဲပေးရသည်။ မ,ချီပြောင်းပြီး နေရာရွှေ့ရသည်မှာ အမေက နာသည်အော်၍ အိပ်ရာအောက်က ဖျာပါ ထဲ[illegible] ကြဲရတော့သည်။ ခုတင်ဖျာထောင်း တစ်ချပ်ကို ပိုင်းညှပ်ပြီး အနားကွပ်သည်။ အိမ်မှာရှိသည့် အမေ့အပ်ဘူးထဲမှ ဖျာချုပ်အပ်ရော လက်ချုပ်အပ်မျိုးစုံပါ တွေ့ရ၍ အဆင်ပြေသွားရသည်။ ညဘက် မအိပ်ရသည့်အတူ ဖျာထိုင်ချုပ်သည်၊ အနားကွပ်သည်။ နှစ်နေ့နှစ်ညလုပ်တော့ ဖျာငယ် လေးချပ်စာ ပြီးသွားသည်။ ဖျာကြီးပေါ် ပလတ်စတစ်ခင်း၊ အပေါ်က ဖျာငယ်ခင်းပြီးတော့ တင်ပါးမနာအောင် စောင်ပိုင်းငယ်လေးများခင်းပြီး အိပ်စေရသည်၊ လဲရ ဖယ်ရသည်မှာ လွယ်ကူသွားသည်၊

မွန်းလွဲ ၂ နာရီ၊ ၃ နာရီခန့်ကျတော့မှသာ အမေ အိပ်မောကျချိန်တွင် ဇနီးသည်ထံ ပြန်ပြေး ထမင်းစားရသည်။ ကျွန်တော့်အတွက် တစ်နေ့တာ အာဟာရမှာ ဒီတစ်နပ်ပဲ ရှိရသည်။ ထမင်းနှစ်နပ် စားရလောက်အောင် အချိန်မရ။ စဖြစ်ခါစ ရက်များက အိပ်မောမကျလျှင် ထမင်းပြေးစားဖို့ ခက်လှသည်။ ထ,ထိုင်သေးသည်မို့ ထိုင်လျက်က လဲကျတတ်သည်ကို သိထား၍ နောက်မခိုင်းရဲ။ အဝတ်လျှော်နေရင်း ပြေးပြေးကြည့်ရသည်။ ခေါင်းရင်းခန်းက အိမ်ငှားများကလည်း သူ့အလုပ်နှင့်သူမို့ အခါခပ်သိမ်း အကူအညီမတောင်းချင်။ တစ်နေ့လုံးစာ ရေနွေးဓာတ်ဘူးနှစ်ဘူး ကျိုပေးတာကိုပင် ကျေးဇူးတင်နေရသည်။ ဒါကြောင့်မို့ လူကြုံနှင့် မှာယူထားသော ကွမ်းယာများကိုပင် ဝါးနေရသည်။ တချို့ရက်များတွင် ညရှစ်နာရီ၊ ကိုးနာရီမှ မနက်စာထမင်းကို ပြေးစားရသည်။

တစ်ခါတစ်ရံ လူမမာသတင်း လာမေးသူများ ရောက်လာလျှင် ကျွန်တော့် အချိန်စာရင်း ဖျက်ရတော့သည်။ လျှော်စရာ၊ လှန်းစရာ၊ ရုပ်စရာတွေမှ အလျဉ်မမီပါလေတော့ . . .။ တစ်ယောက်တည်း ချာလဖွေရိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤအခက်အခဲများကို ဇနီးသည် သိ၍ အဝတ်ငှားလျှော်မည့်သူကို လွှတ်ပေးပြန်တော့လည်း မဆင်မပြေ။

"ကြာရင် ရှင်ပါ လဲသွားလိမ့်မယ်၊ အဝတ်တွေလျှော်ဖို့ လူလွှတ်ပေးမယ်"

"အေး . . . ဟုတ်တော့ ဟုတ်တယ်၊ သူတို့က နေ့လယ်ပိုင်းမှ လာလျှော်နိုင်မယ်တဲ့၊ မိုးတွင်းခါကြီးမှာ နေက အလျဉ်မီအောင် လှန်းရတယ်၊ တစ်နေ့ကို သုံးလေးကြိမ် လျှော်နေရတာ၊ သူတို့ လာတဲ့ အချိန်ကျတော့ ဒီမှာက လျှော်ပြီးနေပြီ၊ တစ်ညလုံး လဲဖယ်ထားတာတွေက အညစ်အကြေး အနံ့အသက်တွေက ချက်ချင်းလုပ်မှ ဖြစ်မှာ၊ မတော် သူတို့ မလာဖြစ်ပါဘူးဆိုရင် တစ်ပုံတစ်ပင်ကြီး ဖြစ်သွားမှာ၊ 'ကို' အလျဉ်မီမှာ မဟုတ်တော့ဘူး"

"ကျွန်မက ရှင် ရက်ရှည်လာရင် လဲသွားမှာစိုးလို့ . . .၊ သွေးတိုးကလဲ ရှိသေးတယ်လေ"

"အေးပါကွာ၊ ကို ကြည့်လုပ်ပါ့မယ်၊ မနိုင်သထက် မနိုင်ရင်လဲတစ်မျိုး စဉ်းစားကြတာပေါ့၊ ပြီးတော့ ကိုယ့်အမေရဲ့လုံချည်တွေ လျှော်ရတာကိုလဲ စိတ်ပါပါတယ်၊ ကြည်လဲ ကြည်နူးတယ်၊ အမေ့အပေါ်မှာ တင်ရှိနေတဲ့ ကိုယ့်အပြစ်ကြွေးတွေလဲ ကျေသင့်သလောက်ကျေတာပေါ့ကွာ၊ အမေ့အတွက်ဆိုတဲ့ စိတ်ဇောကြောင့်လား မသိဘူး၊ 'ကို' ဘာမှ မဖြစ်ဘူးကွ"

ဇနီးသည်ကတော့ မျက်နှာမကောင်း၊ သူလည်း ဆိုင်တစ်ဖက်နှင့်ဆိုတော့ အိမ်လာမကူနိုင်။ ထမင်းတောင် မနည်းနပ်မှန်အောင် ချက်နေရသည့်ကာလ၊ ကျွန်တော့်ကိုယ် ကျွန်တော်လည်း အချိန်တိုင်း အကဲခတ်ပြီး လုပ်နေရသည်။ ကိုယ်လည်း သွားလို့မဖြစ်။ ဆွေမျိုးသားချင်း နည်းလှသည်မို့ ကိုယ့်အပူနှင့်ကိုယ်သာ ရှန်းကန်ရပေမည်။

တစ်ပတ်၊ နှစ်ပတ်သာ ခံမည်ဟု ယူဆကြသူများကြောင့် အမေ့ကို သူတို့ခန့်မှန်းသည်ထက် ပိုကြာကြာ အသက်ရှင်ခွင့်ရရန် ကျွန်တော် အားတင်းထားသည်။ အာဟာရဝင်နေသမျှ နေနိုင်နေလိမ့်ဦးမည်ဟု မိမိဘာသာ သုံးသပ်မိသည်။ တစ်လကျော်တော့ အမေ လုံးဝမထိုင်နိုင်တော့။ ထ,ထိုင်ပြီး လဲကျမှာ မပူရတော့သည့်အတွက် ဝေယျာဝစ္စလုပ်ရမှာ နောက်ဆံ သိပ်မငင်ရတော့။ စကားလည်း မပြောတော့။ ဆာသည် မဆာသည် မပြော၊ မေးမှသာ ခေါင်းညိတ် ခေါင်းခါပြုပြသည်။ တစ်ခါတစ်ရံဝပြီ၊ တော်ပြီကို လေသံမျှသာ ပြောသည်။ အဝတ်အစား လဲဖယ်ပေးလျှင် နာသည် စသည်လောက်သာ ရှိတော့သည်။ ဒါသည်ပင်လျှင် ဆုတ်ယုတ်သည့် လက္ခဏာများပေပင်။

ဇနီးသည်က . . .

"ကိုနိုင်က ပြောတယ်၊ ရှင့်ကိုသာ မပြောတာ၊ စဖြစ်တဲ့နေ့ လာကြည့်ကတည်းက မရတော့ဘူးလို့ ထင်တာတဲ့၊ ခုလို တစ်လကျော်လောက် နေနိုင်နေတာ သူ အံ့ဩနေတာတဲ့"

အဲဒါကြောင့် အမေ ပက်လက်ပဲနေနေ၊ ကိုယ် ဘယ်လောက်ပင်ပန်းပါစေ . . .

"အမေ အသက်နဲ့ ကြာကြာနေနိုင်သမျှ နေခွင့်ရအောင် ငါ ကြိုးစားပြီး ပြုစုမယ်"ဟု ကြုံးဝါးမိသည်။

"သူတို့တစ်တွေ ခန့်မှန်းသလို မဖြစ်စေရဘူး၊ အမေ့ အသက်ကို ရအောင် ဆွဲဆန့်မယ်"

သူငယ်ချင်းကိုနိုင်ကိုလည်း. .

"သူငယ်ချင်း. . . လိုအပ်သလို ကုသပါကွာ၊ ကုန်ပါစေ၊ မင်း ငါ့ကို ကူညီပါ၊ အမေ့ကို ငါ တစ်ရပ်ပဲ ပိုနေရနေရ အမေနဲ့ငါ နေခွင့်ရ,ရပါစေ" လို့ တောင်းပန်ထားသည်။

ဒါပေမယ့်လည်း အာဟာရ အဝင်နည်းလာသည်မို့ ညဉ့်နက်သန်းခေါင် အမေ တစ်ရေးနိုးချိန်တွင်လည်း ကျွန်တော် အာဟာရဖျော်တိုက်သည်။ ညပေါင်းများစွာ အိပ်ပျက်ရပါသော်လည်း ကျွန်တော့် ကျန်းမာရေးတ ဒေါင်ဒေါင်မြည်ပင်။ တစ်ညလုံး စောင့်ကြည့်ရင်း လုပ်စရာရှိတာတွေ လုပ် လျှော်စရာရှိ ထလျှော်။ လဲစရာရှိ ထလဲ ချုပ်စရာရှိတာတွေ ချုပ်နေရင်း တစ်ခါ တစ်ရံ အားငယ်စိတ်တွေ ဝင်လာသည်။

"အချိန်မတော်များ အမေ. . . ဖြစ်သွားရင် ဘယ်လိုလုပ်ရပါ့မလဲ"

တစ်ယောက်တည်း ဟိုတွေး ဒီတွေးဖြင့် မဂ္ဂဇင်းတိုက်သို့ ပို့ရတော့မည့် စာမူအတွက် စာရေးသော်လည်း ဈာန် မဝင်၊ အမေ လှူပ်ခနဲဆို အနားတိုး ကြည့်၊ ခေါ်ကြည့်၊ စောင်လှန်ကြည့် အဝတ်လဲ၊ အခင်းလဲ၊ စောင်လဲ၊ ရေ တိုက် စသည့် အထွေးအခင်းများကို ဖယ်စက်သလို လုပ်ရသည်။

## ကန္တာရဖြစ်စဉ် (၇)

တဖြည်းဖြည်းဖြင့် ဆုတ်ယုတ်မှု လက္ခဏာများသာ တွေ့လာရသည်။ ခြေခုံတွေ ရောင်လာပြီ။ အမေနှင့်အတူ တူ နေ,နေခွင့်ရနေသည့် ကာလလေးကို ကျွန်တော် တွယ်တာလွန်းစွာ ရှိနေရပါ သည်။ အမေ့ကို ဆုံးရှုံးလက်လွှတ်လိုက် ရတော့မှာကို ကျွန်တော်ချောက်ချောက် ချားချား ဖြစ်လာရသည်။

အမှန်တကယ် လက်လွှတ်ဆုံးရှုံး ရတော့မည်ကို လက်ခံလာမိရတော့ ဟိုယခင်က အမေ့ကိုကျွန်တော်ဆက်ဆံ ပြုမူခဲ့သည့် မှားယွင်းမှုများကို ပြန် ဆင်ခြင်မိရင်း နောင်တကြီးစွာဖြင့် စိတ် မကောင်း ဖြစ်ရသည်။

လွန်ခဲ့သော နှစ်နှစ်ခန့်ကတည်း က အမေ သူငယ်ပြန်စ ပြုလာခဲ့သည်။ ဒါကို ကျွန်တော်တို့ ဇနီးမောင်နှံ သတိ မပြုမိသေး။ မဟုတ်က ဟုတ်ကတွေ ပြောဆိုသည်၊ ပြုမူသည်ဆိုပြီး စိတ် ကွက်မိကြသည်။ နားလည်း အလွန် ဝေးသောကြောင့် အမေ့ကို စကား ပြောရတာ လွန်စွာ ပင်ပန်းလှသည် အကျယ်ကြီး အော်ပြောရသောကြောင့် မဖြစ်မနေ ပြောရမည့်စကားသာ ပြော

www.burmeseclassic.com

ကြသည်။ တော်ရုံကိစ္စနှင့် အမေ့ကို ား မပြောကြ။ အမူအရာနှင့်သာ တ်သွယ်မှု ပြုသည်။ ကျွန်တော်တို့ ားဝိုင်းကို ဖျက်လိုက်တော့သည်။

တဖြည်းဖြည်းနှင့် အမေ့မှာ ကျန်ဆန်သည်ထက် ဆန်လာနေ သည်ကို မစာနာခဲ့။ လက်ရှိ လှုပ်ရှား တာန်နေရသော စားဝတ်နေရေးကိစ္စ ရပ်ရေးရွာရေးကိစ္စများကိုသာ စားပေးနေခဲ့မိသည်။ သည့်နောက် စကားပြောခွင့်ရမည့် နေရာကို တော့သည်။ အိပ်ရာမှထပြီးကတည်း မုန့်စားထွက်မည်ဆိုကာ ထီးလေး င်းကြားညှပ်၊ လက်ပွေ့အိတ်လေး ောင်ကျွေးချိတ်လျက် အိမ်(ဆိုင်)က က်တော့သည်။ ထမင်းစားချိန်ရောက် ပြန်လာသည်။ တစ်ခါတစ်ရံ ပြန် ောက်။ ဖုန်းဖြင့် ထောက်လှမ်းလိုက်မှ ယောက်မ မုဆိုးမ (မောင်၏ဇနီး) ထွေးတင်၏အိမ်သို့ ရောက်နေ တ်သည်။

ဒေါ်ထွေးတင်က စကားနည်း ည်၊ ပြောသမျှ ခေါင်းညိတ်ပေးသည်။ ဝမ်းကွဲ မောင်ဌေးဝင်းကလည်း အမေ့ ဝေ့တစိုက်ရှိသည်။

"တို့ဆွေမျိုးစုထဲမှာ ကြီးကြီးက က်အကြီးဆုံးပဲ၊ စိတ်ချမ်းသာပါ" လို့ အိမ်သားများကို မှာထားသည်။ ကျွေးချိန်ကျွေး၊ ထမင်းချိန် ထမင်း နေ့လယ် အိပ်ချင်လျှင် အိပ်ရာ ပေးသည်။

တစ်ခါတစ်ရံ ညနေစောင်းမှ ခေါ်ဖို့ ဖုန်းဆက်သည်။

တဖြည်းဖြည်းနှင့် သူငယ်ပြန်မှု လာသည်။ ဆိုင်ရာဆိုင်ရာ ဆေး များကို နေ့စဉ် တိုက်ကျွေးနေသော ည်း ဇရာ၏ သဘာဝကို ခန္ဓာက က်ခံလာရသည်သာ။

နေ့လယ်ပိုင်းတွင် မသိသာလှ ော်လည်း ညဘက်တွင် သိသာ းလာလေသည်။ ညစဉ် ၈ နာရီ တွင် အိပ်တတ်သော အမေသည် သန်းခေါင်ယံအလွန် နှစ်ချက်တီး၊ သုံးနာရီခန့်တွင် နိုးထလာတတ်ပြီး တစ်ခါတစ်ရံ ဘုရားရှိခိုးပြီး ကြေးစည်ထုသည်။ တစ်ခါတစ်ရံ အထုပ်အပိုးတွေပြင်ပြီး အောက်ပိုင်း အိမ်ပြန်ဖို့ ပူဆာတတ်သည်။ တစ်ခါတစ်ရံ . . .

"အဖေနဲ့ အစ်မဖို့ စောင်တွေ သွားပေးရမယ်၊ ချမ်းနေမှာစိုးလို့ . . ."

"အောက်ပိုင်းအိမ်မှာ အစ်မတို့ ဘယ်လိုနေကြသလဲ မသိဘူး၊ ထမင်းမှ စားကြရရဲ့လားပဲ"

စသည်ဖြင့် ရေရွတ်မြည်တမ်း ရင်း အချိန်မတော် အပြင်ထွက်ဖို့ ဟန်ပြင်သည်။ တဖြည်းဖြည်းနှင့် ထိုအဖြစ်အပျက် အပြုအမူများသည် နေ့ညမဟူ ဖြစ်လာလေတော့သည်။

"အဖေနဲ့ အမေဖို့ ထမင်းချိုင့် ထည့်ပေး၊ အောက်ပိုင်းအိမ် သွားကျွေး ရဦးမယ်"

ကျွန်တော်တို့မှာ ဘယ်လိုမှ ရှင်းမရ ပြောမရ။ မပေးလျှင် စိတ်ဆိုးပြီး ထွက်သွားတတ်သည်။ အရောင်းအဝယ်နှင့် လင်မယားနှစ်ယောက်တည်း မနိုင်မနင်း ဖြစ်နေချိန်မှာ တားလည်း တားမရ၊ လိုက်လည်းမလိုက်နိုင်။ သူငယ်ပြန်လွန်းလာသော မိအိုဖအိုများသည် မိသားစုအတွင်းသာမက ပတ်ဝန်းကျင်ကိုပါ အနှောင့်အယှက်တွေ ဖြစ်စေလာလေတော့သည်။

ဤသည့် ဒုက္ခအခက်အခဲမျှ လောက်ကို သည်းမခံနိုင်၍ (အမေ့ကို နီးနီးကပ်ကပ် မစောင့်ရှောက်နိုင်၍) အောက်ပိုင်းအိမ်သို့ ပြောင်းခေါ်မိခြင်းသည်ပင် ဖြေဆည်မရစရာ နောင်တတရားပင် ဖြစ်တော့သည်။

ကန္တာရဖြစ်စဉ် (၈)

ခုတင်ပေါ်မှ အမေပြုတ်ကျပြီး နှစ်လကျော် သုံးလအတွင်း အမေ့ကို ပြုစုနေရသည့် ကာလများတွင်ပင် ကျွန်တော်၏ အပြုအမူများသည် ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာ ဖြစ်ရလေသည်။ ဖြစ်ခါစ ရက်များက အညစ်အကြေးများ သုတ်သင်ဆေးကြော လဲလှယ်ခြင်းကိစ္စများတွင် ကျွန်တော် ငရဲကြီးလှသည်။ ပြုစုပေးရသောသူသည် သားယောကျ်ားလေးမို့ အမေရှက်သည် ထင်ပါ၏။ ကောင်းကောင်း လက်သင့်မခံ၊ ရှုန်းရင်းဆန်ခတ်တွေ ပြုသည်။ အနှောင့်အယှက် ပြုလာသော အမေ့၏လက်များကို မနာမကျင် (ဖယ်ရှား၍ မရ၍) ရိုက်ပုတ် ခြောက်လှန့်ရသည်။

မနိုင်သည့်အဆုံး ဘေးခန်းမှ ဖွားတင့်၏ အံကြဲပြုချက်အရ လက်နှစ်ချောင်းကို ကြိုးချည်ထားပြီးမှ ကိစ္စဝိစ္စတွေ လုပ်ဆောင်ပေးရသည်။

ဤသို့ ပြုရသည်က အကြိမ်များစွာ။ ရက်အတော်ကြာတော့မှ ရှုန်းရင်းဆန်ခတ် မပြုဘဲ လက်သင့်ခံလာသည်။ အမေ နားလည်လာသည် ထင်ပါသည်။

အာဟာရ တိုက်ကျွေးရာတွင်လည်း နောက်ပိုင်းတွင် ပိုမိုကြန့်ကြာခက်ခဲလာသည်။ တစ်ခါတစ်ရံ ချော့မော့ပြောဆို၍ ရသော်လည်း တစ်ခါတစ်ရံ အော်ဟစ်ဆူပူပြီး ကျွေးရသည်။ တစ်ခါတစ်ရံ ဟေတုပစ္စယောရွတ်၊ ပရိတ်ကြီးရွတ်ပြီး ကျွေးမိသော်လည်း တစ်ခါတစ်ရံ နှုတ်ခမ်းလွှာနှစ်ခုကို ဇွန်းဖြင့်လှပ်ပြီး တိုက်ကျွေးရသည်။

သည်အာဟာရ မဝင်လျှင်မဖြစ်၊ မဝင်လျှင် အမေ သေသွားမည်။ ပါးစပ်ဖွင့်မပေးလျှင် စိတ်မရှည်စွာ အော်ဟစ်မာန်မဲရသည်။ ဆူပူမိသည်။ ဒေါသသင့်သော အပြုအမူ အပြောအဆိုတွေ ဖြစ်လာရသည်။

"အမေ . . . ဟပါ၊ ဟ . . . အဒမရဲ့၊ ဒါမှ မဝင်ရင် မဖြစ်ဘူး"

အားမလို အားမရ ပြောမိပြန်သည်။

"အာဟာရမဝင်ရင် အမေ သေသွားလိမ့်မယ်"

စိတ်မရှည်စွာဖြင့် ခြိမ်းခြောက်မိပြန်သည်။





www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ဆုတ်ယုတ်လာမှုတွေကြောင့် အမေသည် အာဟာရမျိုရမှာကိုပင် ပင်ပန်းနေမှာပါလားလို့ ဆင်ခြင်မှုရှိစွာ စာနာမပေးနိုင်ခဲ့။ အမေ မသေနိုင်သေးဘူး၊ မသေရဘူးဆိုသည့် အတ္တလွန်ကဲမှုဖြင့် အနတ္တသဘောကို လက်မခံနိုင် ဖြစ်နေသည်သာ။

"သွားနိုင် လာနိုင်တုန်းကလဲ ကျွန်တော့်ကို ဒုက္ခအမျိုးမျိုး၊ စိတ်ဆင်းရဲမှု အမျိုးမျိုးတွေ ပေးတယ်၊ အခုလဲ အမေ့ကြောင့် ဘာမှ မလုပ်နိုင်၊ မကိုင်နိုင်၊ မသွားနိုင်၊ မလာနိုင်နဲ့ စီးပွားရေး၊ လူမှုရေး၊ ရပ်ရေးရွာရေးတွေ အကုန်ပျက်ကွက်နေပြီ"

အာဟာရ ကျွေးတာကိုပင်လျှင် စိတ်မရှည်ချင်တော့၊ ကိုယ်၌ကလည်း ဆာလောင်လွန်း၊ မွတ်သိပ်လွန်း၊ ပင်ပန်းလာရပြီမို့ အန္တပုထုဇဉ် စရိုက်လက္ခဏာများဖြင့် ပေါက်ကွဲမိသည်။ အမေကတော့ ကြား၊ မကြားမသိ။ မျက်လုံးလေး အကြောင်သားနှင့် ပြန်ကြည့်နေတတ်သည်။

### ကန္တာရဖြစ်စဉ် (၉)

အောက်တိုဘာလ (၂၆)ရက် ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် (၇)ရက်။

အဲဒီနေ့က မနက် လင်းရောင်လာကတည်းက အမေ့အဝတ်တွေ ကမ်းနားဆင်းလျှော်၊ ပြန်တက်လှန်း၊ ပြန်ဆင်းလျှော်နှင့် အမေ အိပ်ရာအနီးကို စောင့်ကြည့်နေရသည်။ ၁၀ နာရီကျော်သည်အထိ နိုးဟန်မပြ၍ နှိုးပြီး အာဟာရတိုက်ကျွေးရသည်။ တိုက်နေရင်း ပြန်အိပ်ပျော်သွားလိုက်၊ ပြန်နှိုးတိုက်လိုက်။ ငုံထားလိုက်၊ မေ့ပြီး မျိုမချဘဲနဲ့ နေချင်နေလိုက်။ သတိပေးလိုက်၊ ဟေတုပစ္စယော ရွတ်ပြီး တိုက်လိုက်၊ တစ်ဇွန်းနှင့်တစ်ဇွန်း ကြာချိန်မှာ လှန်းထားသောအဝတ်များ မိုးရွာလျှင် ထ,ရုပ်သိမ်းလိုက်နှင့် အချိုပန်းကန် တစ်လုံးစာသာသာကို မွန်းလွဲ ၃ နာရီကျော်မှ ကုန်သည်။ ကျွန်တော်လည်း မနက်ကတည်းက ဘာမှ မစားရသေးသည်မို့ ရင်ထဲမှာ ပူနေလှပြီ။ တိုက်ကျွေးပြီး အဝတ်အစားများ လဲဖယ်ပေးရသည်။ တင်ပါးမှာ အနာလေးဖြစ်နေသည်မို့ ဆေးလိမ်း ဂွမ်းကပ်ပေးပြီး သူစောင်းအိပ်လိုသည့် လက်ယာဘက် စောင်းစောင်းလေးထားလျက် စောင်လိပ်နှင့် ခုပေးကာ ဇနီးသည်ထံပြေးပြီး ထမင်းစားရသည်။

ဟိုအရင် ရက်တွေက စာရေးဖော် မိတ်ဆွေ စာရေးဆရာ ရာဇာထွန်းတောက်(ကိုတင်ထွေး)က သီတင်းကျွတ်လပြည့်နေ့ သုံးလတရားစခန်းမှ ထွက်လာတော့ ကျွန်တော့်အိမ်ပြောင်းလာပြီး ညအိပ်ပေးသည်။ မနက်စာ စားပြီးချိန်ဆိုလျှင် ပြန်လာပြီး စောင့်ပေးတတ်သည်။ ကိုတင်ထွေး ရောက်လာမှပင် ကျွန်တော် အားရှိလာခဲ့ရသည်။

ဒီနေ့တော့ ကိုတင်ထွေး အိပ်ရာက ထသွားကတည်းက ပြန်ရောက်မလာ။ သူလည်းပဲ ကျွန်တော့်ကိုအဖော်လုပ်ရင်း ညစဉ် အိပ်ပျက်ခဲ့သည်မှာ (၆)ည ရှိခဲ့ပြီ။

ဆိုင်ရောက်တော့လည်း ဝယ်သူကျနေသဖြင့် ချက်ချင်း မစားရသေး။ ညနေ ၄ နာရီကျော်မှ ထမင်းစားခွင့်ရသည်။

လုပ်စရာရှိသည်များကို ကူညီလုပ်ပေးရင်း ၅ နာရီကျော်တော့ . . .

"ညီမရေ . . . ညနေ ၆ နာရီမှ ဆိုင်ပြန်လာသိမ်းပေးမယ်၊ အမေ ခုလောက်ဆို ညောင်းနေလောက်ပြီ၊ တစ်ဖက်ပြောင်းပေးဦးမှ၊ လုံချည် လဲပေးရလိမ့်ဦးမယ်"

ပြောဆိုပြီး အိမ်ပြန်ပြေးရသည်။

ဖိနပ်ချွတ်ရောက်တော့ အိမ်ငှားမိသားစုများက နောက်ဖေးခန်းတွင် ထမင်းစားနေကြသည်။ ကိုယ့်အခန်းရှေ့ရောက်တော့ ညည်းသံ ကြားရသည်။ လက်ထဲမှ အထုပ်အပိုးများချကာ အမေ့ခြင်ထောင်ကို ဆွဲလှန်ပင့်ပြီး. . .

"အမေ . . . အမေ . . . ဘာဖြစ်လို့လဲဟင်၊ ညောင်းနေလို့လား"

မေးရင်း ပက်လက်လှန်ပေးလိုက်သည်။

"အင်း အင်း . . . ဟင်း ဟင်း"

လက်နှစ်ဖက်က ဆီးစပ်မှာအုပ်ထားသည်။

"အမေ . . . ဗိုက်နာလို့လား အောင့်လို့လားဟင် . . ."

အာဟာရ အဝင်နည်းသည်မို့ လေများ ထိုးလေသလား။

နာကျင်နေသော မျက်လုံးဖြင့် ခေါင်းညိတ်ပြသည်။ တော်တော် နာနေသည်ပဲ။

"ကျွန်တော် ဆေးလူးပေးမယ်နော်"

ပြောရင်း ရင်ညွန့်မှစကာ ထက် လင်း လူးပေးမိသည်။ ဟိုစဉ်အခါ ဒီလိုဖြစ်လျှင် ဒီလိုလုပ်ပေးနေကျ။

"အင်း အင်း . . . ဟင်း ဟင်း"

ညည်းသံမှာ ပို့စိပ်လာသည် ဗိုက်ထဲက လေသံမကြားရ။

ဟိုး . . . လွန်ခဲ့တဲ့ သုံးနှစ်ခန့် ကတည်းက အမေ့ဆီးတွေ မကောင်း ဖြစ်လာခဲ့သည်။ နီလိုက်၊ ဖြူလိုက်၊ ညိ လိုက် ဖြစ်ဖူးသည်။

"အမေတော့ ကျောက်ကပ် မကောင်းဘူးထင်တယ်"

သူ့ကိုယ်သူ သုံးသပ်ပြော ပြော ခဲ့ဖူးသည်။ အဲဒီတုန်းက ကျောက်ကပ်ဆေး တွေ ခူးပြီး ပေးခဲ့ရသည်။ ပြုတ်သောက် သည်။ အခုလည်း ကျောက်ကပ်နေရာ က အောင့်သည် ထင်သည်။

"အမေ . . . ရေလေးသောက် မလား"

မေးတော့ ခေါင်းညိတ်ပြသည်။

ရေသုံးကျိုက်သောက်ခြင်း၊ နှုတ် ခမ်းကို လက်ဖဝါးဖြင့် ပွတ်သုတ်ခြင်း မှာ ပြုနေကျ ပုံမှန်ပင်ဖြစ်၍ မထင် သေး။ ရေသောက်ပြီးတော့လည်း ညည်းနေပြန်သည်။ ကျွန်တော့်ကို သော့ မျက်လုံးတွေက . . .





www.burmeseclassic.com

www.burmeseclassic.com

"အမေ . . . သိပ်နာနေတယ်" ပြောနေပုံ၊ စိတ်ထဲမှာလည်း မသက်သာ ော့ ကပျာကယာ ဖုန်းဖွင့်ပြီး ဇနီး ည်အား . . .

"အမြန်လာခဲ့"ဟု ပြောလိုက်နိုင် ည်။

ကျွန်တော့်အသံကို ကြားလိုက် တစ်ဖက်ခန်းမှ အိမ်ငှားကိုဝင်းအောင် လာသည်။ နှစ်ယောက်သား အမေ့ ပွေ့ထူထိုင်စေပြီး သက်သာလို သက် ငြား ထိုင်ကြည့်လိုက်သည်။

ချောင်းဆိုးပြီး ရေစက်အနည်း ပြန်အန်သည်။ အချဉ်နံ့ ပါသည်။ မကြေ ရင်အောင့်တာများလား။ တကျိုးပြီး ညည်းသံ မပျောက်၊ ခွေကြီး ဖြစ်နေသည်။

ကိုဝင်းအောင် ရင်ခွင်ထဲ မှီစေ . .

"အမေ . . . နေသာရဲ့လား။ သာရဲ့လား . . . ဟင် . . ."

အမေ့မျက်နှာကို ငုံ့ကြည့်ရင်း တော့ ပြန်မဖြေနိုင်။

"ကိုဝင်းအောင်၊ ခဏလေး ပွေ့ ါ"

ကိုနိုင်ဆီ ဖုန်းခေါ်ကြည့်သည်။ မရှိ။ အမေ့ကိုကြည့်ရတာ တစ် ဖြစ်နေသည်။ ပြန်လှဲပေးတော့ ာက ရှုံ့မဲ့သွားသည်။ သိပ်နာနေ ပုံ။ အမေ့ကိုကြည့်ရင်း ကျွန်တော် တွေ ပြန်လာသည်။ အမေ့ကို ပေးလိုက်သည်။ ဇနီးသည်နှင့် ရောက်လာပြီး အခြေအနေကို ာပေါက်ကာ လမ်းထဲမှာပင်ရှိ နပ်စ်မကို ပြေးခေါ်သည်။ အမေ့ လုံးများက နာကျင်လွန်းသော င့် အားကိုးရာရှာနေဟန်။

ကျွန်တော် ဘာမှမတတ်နိုင်။ မှာ ဗလောင်ဆူနေရပါပြီ။ ကြည့် ကြည့်ရက်။ မကြည့်လို့လည်း ဗုဒ္ဓဂုဏ်တော်၊ ဓမ္မဂုဏ်တော်၊ ဂုဏ်တော်များ၊ ပရိတ်တော်များ ဖတ်သရဇ္ဈာယ်ပေးနေမိသော် လည်း ကျွန်တော့် မျှော်လင့်ချက်တို့မှာ နေလာ နှင်းပျောက်သည့်ပမာ။

နောက်ဆုံး ကျွန်တော် စိတ် လျှော့လိုက်ပြီး . . .

"အမေ၊ တုသိတာနတ်ပြည်မှာ အရိမေတ္တေယျ ဘုရားအလောင်းတော် နတ်သား စံပျော်နေတယ် အမေ၊ အဲဒီ မှာ နတ်ဓမ္မကထိကတွေ၊ နတ်ဓမ္မသဘင် တွေ ရှိတယ်၊ သောတာပန် နတ်သား တွေလဲ ရှိတယ်"

အမေ့မျက်လုံးများ ကျွန်တော့် ဆီ ရောက်လာသည်။ နားလေးနေသော အမေ ကြားများ ကြားသွားသည်လား။ မျက်လုံးများက နာကျင်လွန်းမှုကို ပြနေ သလို အားကိုးတကြီး ရှာဖွေနေမှုများ လားဟုလည်း ထင်မိရသည်။

"အစ်ကိုကြီး . . . ကြီးကြီး ကြားတယ်ထင်တယ်၊ လိုက်ကြည့်တယ်၊ ပြော . . . ပြော . . . အစ်ကိုကြီး ထပ် ပြောပေးဦး"

တင်တင်ခိုင်က သတိပြုမိသည်။ ဒါကြောင့် ဒီစကားတစ်ခွန်းကိုပဲ ထပ် ကာ ထပ်ကာ ပြောပြပေးနေမိသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဝိပဿနာ တရားတော်များကို နှစ်ပေါင်း များစွာ နာယူလေ့ကျင့်ခဲ့ဖူးသူ အမေ့ကို အရှုံးနှင့် ဘဝမကူးစေချင်။ စုတေစိတ် ကျခါနီး အလွန်အရေးကြီးသော အချိန် ပေမို့ အမေ့အတွက် အကောင်းဆုံး သော အာစိဏ္ဏကံကုသိုလ်၊ အာသန္န ကံ ကုသိုလ်များ၏ ပုံရိပ်များကို ထင် ယောင် မြင်ယောင်လာစေဖို့ ကြိုးစား ပေးမိခြင်းပင် ဖြစ်တော့သည်။ သား သမီးများ၏ ငိုသံ ရှိုက်သံများကို ကြား သိစွဲငြိခိုက် ဝိညာဉ်ချုပ်သော် လားရာ ဂတိ မကောင်းတတ်။ ဗုဒ္ဓဘာသာဝင်တို့ အတွက် အကောင်းဆုံးနှင့် အယုံကြည် ရဆုံးသော နည်းလမ်းကောင်းမှာ မြတ် စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ နှုတ်ကပါဌ်တော်များ (ပရိတ်တော်၊ ဂါထာတော်များ) ဓမ္မသံ၊ ကြေးစည်သံ တို့ကို အာရုံစိုက်မိစွာ ကြားနာခွင့်ရရင်း ဝိညာဉ်ချုပ်စေသော် လားရာဂတိ မဆိုး ဝါးနိုင်ဟု ကျွန်တော် နာကြားခဲ့ရဖူးလေ သည်မို့ ကျွန်တော် ရွတ်ဖတ် သရဇ္ဈာယ် ပေးနေမိတော့သည်။

သာဓကအားဖြင့် မိစ္ဆာဒိဋ္ဌိတစ် ဦးဖြစ်သူ မဋ္ဌကုဏ္ဍလီ သတို့သားဆို သူသည် သေလွန်ခါနီးအချိန် ဖခင်ဖြစ် သူ အိမ်ရှေ့ကွပ်ပျစ် လဟာပြင်သို့ ထုတ် ထားချိန် မြတ်စွာဘုရားရှင်၏ မေတ္တာ ရောင်ခြည်တော်ကြောင့် စုတေစိတ်ကျ ခါနီးလေးတွင် ဘုရားရှင်အား လွန်စွာ ကြည်ညိုမိသော ကုသိုလ်စိတ်နှင့် စုတေ ခဲ့ရာ မဋ္ဌကုဏ္ဍလီနတ်သား ဖြစ်သွား ခဲ့လေသည်။

ထို့အတူ ဖားလေးတစ်ကောင် သည်လည်း မြတ်စွာဘုရား၏ဓမ္မသဘင် မှ တရားသံတို့ကို အာရုံစိုက် နားဝင်နေ စဉ် မိမိကိုယ်ပေါ်သို့ နွားကျောင်းသား တစ်ယောက်၏ အမှတ်တမဲ့ တုတ် ထောက်လိုက်မိမှုကြောင့် စုတေခဲ့ရာ ဖားနတ်သား ဖြစ်သွားခဲ့ရကြောင်း ဇာတကဝတ္ထုများကို ကြားနာခဲ့ရဖူးသည် မို့ အမေ့ကိုလည်း ကျွန်တော် ဘဝကူး ကောင်းစေရန် ကြိုးပမ်းဆောင်ရွက်ပေး နေမိခြင်းပင် ဖြစ်တော့သည်။

ကန္တာရဖြစ်စဉ် (၁၀)

အမေ့ သက်မဲ့ခန္ဓာကိုယ်ကို အခေါင်းထဲသို့ ထည့်သွင်းရန် မ,ယူကြ တော့ . . .

"အမေ့"

ကျွန်တော် သတိလက်လွတ် ခေါ်လိုက်မိသည်။ အခေါင်းထဲ ထည့် သွင်းပြီးလျှင် အမေ့ကို အိမ်ပေါ်မှာထား မည် မဟုတ်တော့။

အဖေနှင့် အမေ သူတို့ဇနီး မောင်နှံ နဖူးကချွေး ခြေမကျအောင် ရှာဖွေစုဆောင်းပြီး ဆောက်လုပ်ခဲ့သည့် ဒီအိမ်ကြီးပေါ်က အမေ့ကို အိမ်ပြင်သို့ ထုတ်ရတော့မည် ဟူသော အသိဖြင့် ကျွန်တော် ကြေကွဲစွာအော်ခေါ်လိုက်မိ ခြင်းပေလား။





www.burmeseclassic.com

www.burmeseclassic.com

အမေ ကွယ်လွန်ပြီး သုံးရက်ပြည့်မြောက်သည့်နေ့၊ မွန်းတည့် ၁၂ နာရီ တီးခါနီး အသုဘချတော့မည့် အချက်ပေးသံအဖြစ် ထိုးစည်တစ်ချက် ရိုက်လိုက်သည်။

"ဒေါင်"

အမေ့အလောင်းစင်ကို ခြေရင်းဘက်မှ ထိုင်ကန်တော့နေသော ကျွန်တော့်ရင်ထဲမှာ ကျဉ်ခနဲ ဖြစ်သွားရသည်။ ကန်တော့ပြီး နောင်တစကားများကို တောင်းပန်ရင်း ပြောမိရသည်။

"အမေနဲ့ ကျွန်တော် သံသရာတစ်လျှောက်လုံး ပြန်မဆုံပါရစေနဲ့တော့လို့ အမေ့ကို ဒေါသရှေ့ထားပြီး ပြောခဲ့မိတဲ့ စကားတွေကို ကျွန်တော် ပြန်ရုပ်သိမ်းပါတယ် အမေရယ် . . .၊ ကျွန်တော် မှားခဲ့ပါတယ်၊ နောင်သံသရာမှာ အမေနဲ့ ပြန်ဆုံပါရစေ၊ အမေ့အပေါ်မှာ မကျေပွန်ခဲ့တဲ့ ဝတ္တရားတွေကို ကျွန်တော် အတိုးနဲ့ ပြန်ဆပ်ခွင့်ရ,ရပါစေ အမေရယ်"

နာရေးကူညီမှုအသင်းက လူငယ်လေးများက အမေ့အခေါင်းကို အလောင်းစင်ပေါ်မှ မ,ယူပြီး နိဗ္ဗာန်ယာဉ်ပေါ်သို့ တင်လိုက်ချိန်မှာလည်း မျက်ရည်ဖြိုင်ဖြိုင်ကျရင်း . . .

"အမေ့"

သတိလက်လွတ် အော်ခေါ်လိုက်မိပြန်သည်။ တကယ် ခွဲခွာစွန့်လွှတ်ရတော့မည်။ အမေ့ကို ဒီအိမ်ကြီးမှနေ၍ မသက်မဆိုင် ဖြစ်စေရတော့မည်ဟူသော အသိကြောင့် ကျွန်တော့်ရင်ထဲမှာ ဆို့နင့်လို့နေရပါပြီ။

အမေ မဆုံးခင် တစ်ပတ် ခန့်အလိုကတည်းက အမေ့ကို ကျွန်တော် လက်လျှော့ စွန့်လွှတ်လိုက်ရတော့မည်ဟု အသိတရားရှိရှိ ခံယူလိုက်မိပြီမို့ ကျွန်တော် မျက်ရည်ကျမိရသည်။

အိပ်ပျော်နေသော အမေ့ကို ထိုင်ကန်တော့ရင်း . . .

"အမေ့အပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံများနဲ့ ပြစ်မှားခဲ့သမျှ ဝန်ချတောင်းပန်ရင်း ကန်တော့ပါတယ် အမေ၊ အမေ့ကို စွန့်လွှတ်ရတော့မယ်လို့ ကျွန်တော် သိနေပါပြီ၊ အမေ့ကို တစ်ရက်တစ်မနက်ပဲ ဖြစ်ဖြစ် ဒီအသက်နဲ့ ဒီခန္ဓာ မြဲနိုင်သမျှ မြဲအောင်၊ တည်အောင် ကျွန်တော် ကြိုးစားနေမယ် အမေ"



အမေသက်ရှိထင်ရှားရှိနေဆဲအချိန်ကလေးမှာ စိတ်ပါ လက်ပါ ဝန်ချကန်တော့လိုက်တော့မှ ရင်ထဲမှာ မွန်းကျပ်မှုများ ပြေသလိုလို ရှိလာရသည်။ အမေ မသိ၊ မကြားနိုင်သော်လည်း ဤသို့ ပြုမူလိုက်ရခြင်းကို ကျွန်တော် ကျေနပ်သလို ခံစားခဲ့ရပါသည်။

ကျွန်တော် အမေ့အပေါ်မှာ တစ်နည်းအားဖြင့် သူငယ်ပြန်နေသော မိခင်အိုကြီးအပေါ်မှာ နားလည်စာနာမှု မရှိဘဲ ငြိုငြင်မိခြင်း၊ ဆူပူခြင်း၊ ပြစ်တင်ခြင်း၊ ကိုယ်ထိလက်ရောက် နာကျင်စေခြင်းများကို ပြုမိမှားခဲ့ခြင်းများ ရှိခဲ့ပါလေ၏။ စေတနာနှင့်ပင်ပြုပြု ပြုမိခဲ့စဉ်က ဆန္ဒာဂတိ၊ ဒေါသဂတိ၊ မောဟဂတိများ သက်ရောက်ခဲ့မည်မှာ ဧကန်ပင်။

## ကန္တာရဖြစ်စဉ် (၁၁)

အမေနဲ့ ကျွန်တော် ဒီဘက်က အိမ်ကြီးမှာ ပြန်နေဖြစ်တာ သုံးလနှင့် ဆယ့်ငါးရက်ခန့်။ ဇူလိုင်လ (၁)ရက်နေ့မှာ ကျွန်တော် တာဝန်ယူထားရသော စာကြည့်တိုက် ပြောင်းရွှေ့ခြင်းလုပ်ငန်းကို ရေလွှတ်ရာ ကုန်းပြင်ဆီသို့ ပြောင်းရွှေ့ နေရာချပေးပြီး စာချစ်သူများ ရေကြီးရက်ထဲမှာလည်း စာဖတ်ရခွင့် မပျက်စေရန် ကြိုးပမ်းခဲ့ရသည်။ စာကြည့်တိုက် အထိုင်ချတော့မှ အမေနှင့် ကျွန်တော် ဇူလိုင်လ (၁၀)ရက်နေ့မှာ အမေရဲ့အိမ်ကြီးဆီသို့ ပြန်ပြောင်းလာခဲ့ကြလေသည်။

ဒဲ့ဒါကြောင့် အမေနှင့် ကျွ[...]တော် အတူတူနေခွင့်ရခဲ့သော နော[...]ဆုံးကာလသည် သုံးလခွဲခန့်ရှိခဲ့သ[...]အပြီးအတိုင် မခွဲခင်အထိဟု ဆိုရ[...]မည်။

ခွဲခွာခြင်းအကြိမ်များကို အ[...]တမဲ့ ကျော်ဖြတ်ခဲ့ကြ၍သာ ပြန်[...]ဆန်းစစ်ကြည့်တော့ အမေ့ရဲ့ဝမ်း[...]တိုက်ထဲမှာ နေခဲ့ရတာ အကြာဆုံး[...]ရော့မည်။ ကိုးလကျော်ကျော်ခန့် [...]မည်။

ကိုးလကျော် အတူတူနေထို[...]သော ဒီအမေနှင့် ဒီသား၊ ဝမ်းကြာ[...]မှ မီးရှူးသန့်စင်ပြီးသည်နှင့် ပထ[...]ခွဲခွာမှု စတင်လာပေပြီ။ ဟိုစဉ်က [...]နေ၊ အတူစား၊ အတူအိပ် နှစ်ယော[...]တစ်သက်ဟု ဆိုရမည့် 'သားနှင့်အ[...]၏ မခွဲမခွာဘဝ။

သားလှရတနာ ပြင်ပက[...]ရောက်ရှိလာတော့ နှစ်ယောက် [...]သက် မဟုတ်တော့ပြီ။ နို့ချိုတိုက်[...]ချိန်၊ ထွေးသိပ်ချိန်များမှာသာ မိ[...]ရင်ခွင်နန်းတော်မှာ-ခိုနားခွင့်ရ[...]သားငယ်သည် အိပ်ပျော်ချိန်မှာ[...]





www.burmeseclassic.com

www.burmeseclassic.com

ခွန်နန်းတော်မှ ခဏတာ ခွဲခွာသက်
င်းရပေသည်။

အမိနှင့်သား၊ ရေနှင့်ငါးသို့ မခွာ
ခွာ အတူတူ နေထိုင်လာကြရင်း နို့စ၊
တ်သောညသည် အမိ၏ရင်ခွင်နန်း
တော်မှ သားငယ် သက်ဆင်း ခွဲခွာရ
သောနေ့ပါပေတည်း။ ပြောရလျှင်တော့
မိနှင့်သား ဒုတိယအကြိမ် ခွဲခွာရခြင်း
ပင်

နို့ချိုတိုက်ကျွေးချိန် မရှိတော့ပေ
မယ့် နို့ချိုအစား ခွန်အားဖြည့် အစာ
အာဟာရတို့ကို တိုက်ကျွေးချိန်၊ ထွေး
ပိုက်ချိန်တို့သည် အမိနှင့် သားတို့၏
အတူတူနေရချိန် မခွဲမခွာဘဝ။

ဒါပေမယ့်လည်း အသက်ပြည့်မီ
ကျောင်းအပ်ရတော့ပြီဆိုတော့ တစ်နေ့
တာ၏ သုံးပုံ နှစ်ပုံသော အချိန်များကို
ကျောင်းသို့ ပေးလိုက်ရပေပြီ။ တစ်နည်း
အားဖြင့် အမိရင်ခွင်မှ ဆရာ့ရင်ခွင်ဆီ
သို့ အမိနှင့်သား တတိယအကြိမ်
ခွဲခွာရပြန်ပေပြီ။

ပညာရည်နို့ သောက်စို့ရနေ
သော အရွယ်ပေမို့ တစ်တန်းပြီးတစ်
တန်း တက်ရောက်နေရရင်း အဆင့်မြင့်
ပညာများကို သင်ယူခွင့်ရဖို့ သို့တည်း
မဟုတ် တစ်နယ်တစ်ကျေးမှာ အသက်
မွေးဝမ်းကျောင်းပြုရဖို့ ကံကြမ္မာက
ဖန်တီးလာလေတော့ အမိနှင့်သားတို့
စတုတ္ထအကြိမ် ခွဲခွာရပြန်ပေပြီ။

ဒါပေမယ့်လည်း အမိနှင့်သား
တို့သည် မိသားစုဝင်များဘဝက ယုတ်
လျော့သွားခြင်း မရှိ။ အမိနှင့် မေတ္တာ
ဓာတ်တံနှင့် ဒီသားကို ဖမ်းဆုပ်ဖက်တွယ်
ထားဆဲ ရင်ခွင်ထဲမှာ ထွေးပွေ့ယုယနိုင်
ခဲ့ရှိနေဆဲပါပင်။

တစ်နည်းအားဖြင့် ဒီသားကို
အမိသည် ပိုင်ဆဲ၊ ဆိုင်ဆဲ၊ ချစ်နိုင်ဆဲ၊
ကြင်ရှောက်ယုယနိုင်ဆဲပါပေ။ မိသား
စုအဖြစ်မှ မခွဲခွာရသေး။ ဒါပေမယ့်
လည်း စတုတ္ထအကြိမ် ခွဲခွာရခြင်းပင်။

သီးချိန်၊ ပွင့်ချိန် တန်လာပြီဆို
တော့လည်း ဒီသားနှင့် ဒီအမေ ခွဲခွာရ
ခဲ့ရပြန်ပါ၏။ ဒီအမေ ရင်ကနေ မိခင်
လောင်းတစ်ဦး ဖြစ်လာမည့် ဇနီးသည်
ဆိုသူထံ သားကို လွှဲပြောင်းပေးလိုက်ရ
ပေပြီ။ ဆိုင်သာဆိုင် မပိုင်တော့။ သား
၏ဘဝကို သားချစ်သူ၊ သား၏ဇနီး
သည်ကသာ စီမံပေးရှာမည်။ တစ်ဘဝ
စာမှာ သက်ရှိထင်ရှား အပြီးအပိုင်
ခွဲခွာရခြင်းဟု ဆိုရသော် မှားသည်
မထင်။ တစ်နည်းအားဖြင့် ပဉ္စမအကြိမ်
အမေနှင့် ခွဲခွာခဲ့ရခြင်းပါပေ။

သို့ပေမယ့်လည်း ကျွန်တော် ကံ
ကောင်းသည်က အိမ်ထောင်ကျသွား
သော်လည်း ဒီအဖေ၊ ဒီအမေတို့နှင့် မခွဲ
မခွာ တစ်အိုးတည်းစား နေလာခဲ့ရသည်
မို့ မိရိပ်ဖရိပ်နှင့် မကင်းမကွာ ရှိခွင့်
ကြုံခဲ့ရပါ၏။ အဖေ့ကိုလည်း ပြုစုလုပ်
ကျွေးခွင့်၊ ကုသပေးခွင့်၊ သင်္ဂြိုဟ်ခွင့်
စသည့် ကုသိုလ်ထူးများနှင့် ကျေနပ်
ရောင့်ရဲခဲ့ပါသည်။

ယခု အမေ့ကိုလည်း ထိုနည်း
တူစွာ။

## ကန္တာရဖြစ်စဉ် (၁၂)

သုသာန်ကိုရောက်တော့ ဓလေ့
ထုံးစံများအတိုင်း ဆောင်ရွက်ကြပြီး
အမေ့အခေါင်းကို မြေကျင်းထဲသို့ ကြိုး
နှင့်ဆိုင်းပြီး လျှောချစဉ်မှာလည်း . . .

"အမေ့"

အပြီးအပြတ် လက်လွှတ်ဆုံးရှုံး
လိုက်ရပြီဆိုသည့် ခံစားမှုကြောင့် တုန်
ရင်ကြေကွဲစွာ ကျွန်တော် အော်ဟစ်
လိုက်မိသည်။ တုန်တုန်ခိုက်ခိုက် သည်း
သည်းထန်ထန် ငိုကြွေးမိရသည်။ မြေ
ကျင်းကို မြေဖို့နေစဉ်မှာလည်း ဦးချကန်
တော့ရင်း အမေ့ကို တတွတ်တွတ်
တောင်းပန်နေမိသည်။

"အမေ . . . အမေနဲ့ ပြန်ဆုံပါ
ရစေ၊ အဖေ့အနားမှာ အမေ့ကို ထား
ပေးထားတယ်၊ အဖေ့ကိုလဲ ပြောပေးပါ၊
နောင်သံသရာမှာ ဒီအဖေ၊ ဒီအမေနဲ့
ကျွန်တော် ပြန်တွေ့ချင်ပါတယ်၊ အခု
လက်ရှိဘဝ အသိတရားထက် ပိုမို သိရှိ
နားလည်တဲ့ ဘဝနဲ့ အဖေနဲ့အမေ့ကို
ပြုစုစောင့်ရှောက် လုပ်ကျွေးခွင့် ရ,ရပါ
စေ"

"အစ်ကိုကြီး ပြန်ကြရအောင်"

ကျောင်းနေဖက် သူငယ်ချင်း
(မြို့သစ်ကျောင်း ကျောင်းအုပ်ဆရာ
ကြီး) ကိုလှထွန်းက သတိပေးလာသည်။
ထို့အတူ အဖော်လာနေပေးသူ ကိုတင်
ထွေး (ရာဇာထွန်းတောက်) ကလည်း-

"လာပါဗျာ ကိုကြီးစောရယ်၊
ခင်ဗျား တာဝန်ကျေပါပြီဗျာ၊ ကျေနပ်
လိုက်ပါတော့"

ထ,သာ လိုက်လာရသော်လည်း
ကျွန်တော့်ရင်ထဲမှာ ဟာလာဟင်းလင်း
ကြီး ဖြစ်နေသည်။ အမေ့မြေပုံကို လည်
ပြန်ကြည့်ရင်း သူငယ်ချင်းများ တွဲခေါ်
ရာသို့ လိုက်ပါလာခဲ့ရသည်။ သုသာန်ဝ
ကိုရောက်တော့ အမေ့မြေပုံဆီ လှမ်း
မျှော်ရပ်ကြည့်ရင်း . . .

"အမေ့"

"ကျန်ရစ်ခဲ့တော့ အမေရယ်"

လို့ နောက်ဆုံး အော်ဟစ်ခေါ်
ဆိုလိုက်မိရတော့သည်။

## ကန္တာရဖြစ်စဉ် (၁၃)

အပြန်လမ်းတစ်လျှောက် ဆရာ
ကြီး ကိုလှထွန်းက . . .

"ကျွန်တော့်အမေ ဆုံးတုန်းက
လဲ ဒီလိုပါပဲ၊ အစ်ကိုကြီးကို ကျွန်တော်
ကိုယ်ချင်းစာလို့ရပါတယ်၊ပြန်တွေးကြည့်
ရင် အစ်ကိုကြီးရယ် အမေ အသက်
စဖြတ်တဲ့အချိန်ကစလို့ သင်္ဂြိုဟ်အပြီး
သုသာန်ထဲက ပြန်ထွက်လာတဲ့အထိ
ရင်ထဲ အသည်းထဲကနေ လှိုက်လှိုက်
လှဲလှဲနဲ့ ခေါ်ဆိုလိုက်မိရတဲ့ 'အမေ' လို့
တမြည်သံဟာ အမေ့ကို နောက်ဆုံး
တ,ခေါ်ခွင့် ငါးကြိမ်ပါပဲဗျာ"

ဆရာကြီးကိုလှထွန်းက ကျောင်း
ဆရာပီပီ အမေ့ကို နောက်ဆုံး ခေါ်ခွင့်
ရခဲ့သည့် ငါးကြိမ်ကို ထောက်ပြလိုက်
တော့ ကျွန်တော် တုန်လှုပ်စွာ သတိပြု
မိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်သားပဲ၊ အမေ့ကို တ,ဆို အော်မြည် ခေါ်နိုင်ဖို့ အခွင့်အရေး မရှိတော့ပြီပဲ"

"အေးဗျာ . . . ဆရာကြီးက ခုလို ထောက်ပြလိုက်မှပဲ ကျွန်တော်လဲ သတိပြုမိရတော့တယ်"

"ဒါပေမယ့် ကိုကြီးစောရယ် . . . ခင်ဗျား ဒေါ်ကြီးကို ပြုစုလုပ်ကျွေးခဲ့ရတဲ့ ကုသိုလ်က နည်းမှ မနည်းဘဲ၊ ဦးလေး ဆုံးပြီးကတည်းကဆို ခုနစ်နှစ်ကျော်ရောပေါ့၊ အခုလဲ အိပ်ရာထဲ ပက်လက်ဖြစ်နေတဲ့ အမေကို ခင်ဗျား ပြုစုခဲ့ရတာ နှစ်လကျော်တောင်ပဲ၊ ခင်ဗျား တစ်ယောက်တည်း ဝတ်ကြီးဝတ်ငယ်တွေ လုပ်ကိုင်ပြုစုခဲ့ရတာတွေကို ပြန်တွေးလိုက်ရင် အားရစရာပါ၊ ပါးလျသွားတဲ့ ခင်ဗျားရဲ့ခန္ဓာကိုယ်ကို မြင်လိုက်ရတာနဲ့တင် ခင်ဗျား ဘယ်လောက်ပင်ပန်းခဲ့မလဲဆိုတာ စာနာလို့ရပါတယ်၊ ကျွန်တော့် မျက်မြင်ပဲဗျာ၊ အားရကျေနပ်စရာ ကောင်းပါတယ်၊ တရားနဲ့ဖြေပါ ကိုကြီးစောရယ်"

ဆရာကြီးကိုလှထွန်းနှင့် ရာဇာထွန်းတောက်တို့ နှစ်ယောက် ပြောပြနေတာတွေကို နားထောင်ရင်း ကျွန်တော့်စိတ်ထဲမှာတော့ အမေနှင့် အတူတူနေခဲ့ရသည့် ပုံရိပ်များ။

အမေ့ကို နောက်ဆုံး ခေါ်ခွင့်ရခဲ့သည့် အဖြစ်အပျက်များကို ရုပ်ရှင်အနှေးပြကွက်များသဖွယ် တရေးရေး မြင်ယောင်ရင်း။

လူ့ရယ်လို့ ဖြစ်လာရလျှင် ဉာတိဗျသနတရားနှင့် မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရမည်သာ။ ထို့အတူ သက်ကြီးရွယ်အို မိဘများနှင့် လက်ရည်တစ်ပြင်တည်း နေထိုင်ကြသူများ အနေဖြင့် စာရေးသူကဲ့သို့ မခံစားရစေလိုပါ။ နောင်တ မရစေချင်ပါ။ မိဘများ၏ နောက်ဆုံးအချိန်ကို မိမိဘဝဖြင့် တစ်နည်းအားဖြင့် အချိန်ဖြင့် ပေးဆပ်လိုက်ရခြင်းသည် နောင်တရကောင်းသော အရာမဟုတ်ပါလို့။

စာကြွင်း

အမေ ဆုံးပါးပြီး (၃)လနှင့် (၁၁) ရက်အကြာ ကျေးဇူးရှိသူ ကိုဝင်းအောင် မှာ တောတွင်းစိုက်ခင်းရှိရာ မြတ်တောင် ညို တောင်ခြေရင်းတွင် ကွယ်လွန်ခဲ့ပါ[illegible] ကျွန်တော့်အိမ်မှာပဲ သင်္ဂြိုဟ်ပေးခဲ့ရပါ သည်။ ထို့အပြင် အမေဆုံးပြီး (၄)လနှင့် (၆)ရက်အကြာ ကျွန်တော်၏ တစ်ဦး တည်းသော အစ်မမှာလည်း ဖျတ်ခနဲ ဆုံးပါးခဲ့ရပြန်ပါသည်။ ထို့ကြောင့် ဉာတိဗျသနကို ဖြတ်သန်းနေရခိုက်နှင့် ခနီး လွန်မြောက် ပြီးနောက်လည်း တမြည့် မြည့်သော ဝေဒနာဆိုးများကြောင့် ကလောင်ပြန်ကိုင်နိုင်ဖို့ရာ ကြန့်ကြာခဲ့ ရသည်ကို တောင်းပန်ရင်း . . . ။

**ကိုကြီးစော(သာပေါင်း)**

❐

ဆရာဦးခင်းထွန်း D.B.B.W - C.T (Med)

ချမ်းသျှင် ဂိုင်းရင်းဆေးကုခန်း

အထူးကုသသောရောဂါများ

နလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မို့နာ၊ မြစ်ပွားနာ (ကင်ဆာ) သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက် သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➽ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ

လိပ်စာ ➽ အမှတ် (၆၈၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ➽ ၀၉-၇၃၁၃၆၄၁၄၊ ၀၉-၇၉၉၆၉၁၉၉၇၊ ၀၉-၂၅၄၉၃၂၆၉၉

လမ်းညွှန် ➽ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ရုံးနောက်ကျနေပါပြီဆိုမှ အဲဒါ ဘယ်သွားဦးမလို့လဲ ထွေးထွေးရဲ့"

"ခဏလေးစုလှိုင် ခဏလေးပါ၊ ဒီနားလေးတင်"

"ဘာတွေလဲ အဲဒါက ဟင်းတွေပါလား၊ ဘာလဲ တန်းဆွမ်းလောင်းမလို့လား"

"ဟယ် မဟုတ်ဘူး၊ ဟိုဘက်အိမ်အတွက် ပြီးမှ ပြောမယ်ဟာ၊ နင့်ပြောနေရင် အချိန်ကြာနေဦးမယ်"

ကျွန်မ စုစုလှိုင်ကို စကားဖြတ်ကာ ဟင်းထည့်ထားသော ချိုင့်လေးနှစ်လုံးဆင့်ပြီး တစ်ဖက်အိမ်ရှိရာသို့ ထွက်လာလိုက်၏။ စုစုလှိုင်နှင့် ကျွန်မက တစ်ရပ်ကွက်တည်း အတူနေ ငယ်ပေါင်းကြီးဖော်သူငယ်ချင်းများဖြစ်သည်။ လုပ်ငန်းခွင် ဝင်တော့လည်း တစ်ရုံးတည်း တာဝန်ကျသည်။

ထို့အတွက် စားအတူ သွားအတူ ညီအစ်မရင်းချာသဖွယ် ရင်းနှီးချစ်ခင်နေပြီ ဖြစ်၏။

ပြောစရာတော့ရှိသည်။ ပေါင်းသော ပေါင်းနေကြသော်လည်း စရိုက်ချင်းက တူလှသည်တော့ မဟုတ်။

စုစုလှိုင်က ခပ်ပြတ်ပြတ်သမား။ ပြောသင့် ဆိုသင့်လို့ကတော့ မည်သူ့ကိုဖြစ်စေ အားနာမနေ။ မိနစ်မဆိုင်း စက္ကန့်မဆိုင်း ပြောဆိုပစ်တတ်၏။ ထစ်ခနဲရှိ အကူအညီတောင်းတတ်သော လူမျိုးကိုတော့ လှည့်တောင် မကြည့်တတ်။ ခပ်ပြောင်ပြောင်ပင် လျစ်လျူရှု၍နေတတ်သူ။

ကျွန်မကတော့ သူနှင့် တခြားစီ။ စိတ်ကလည်းပျော့၊ လူကလည်းပျော့၊ နည်းနည်းလောက် မျက်ရည်ခံ မထိုးလိုက်နှင့် သနားသည့်စိတ်ဖြင့် ကိစ္စမှန်သမျှ လုပ်ပေးလိုက်မိသည်သာ။

ယခုလည်း ထုံးစံအတိုင်း ရုံးသွားရန် ကျွန်မကို ဝင်ခေါ်ခြင်းဖြစ်၏။ သူ့အိမ်က နောက်နှစ်လမ်းကျော်တွင် ရှိသည့်အတွက် ရုံးကားစီးရန် လမ်းထိပ်ထွက်တိုင်း ကျွန်မကို ဝင်ခေါ်နေကျ။ အချိန်စောသေးလျှင် မေမေနှင့် စကားစမြည် ခဏတစ်ဖြုတ် ပြောဆိုနေကျ။

ဒီနေ့ကတော့ သူ့အိမ်က ထွက်လာသည်ကပင် ခါတိုင်းတွေထက် နောက်ကျသည်။ အိမ်ရောက်တော့လည်း ကျွန်မက အဆင်သင့်မဖြစ်သေး။ အားလုံးပြီးသွားပြန်တော့ ဟင်းချိုင့်နှစ်ချိုင့်ကို ကိုင်ကာ ဇာတ်လမ်းရှုပ်နေပြန်သည့်အတွက် သူ အတော်စိတ်တိုနေပုံရ၏။

"ဟင်းက ဘယ်သူ့ကိုသွားပေးတာလဲ ဒေါ်လေးသမီးက"

"ဩော် ဟိုဘက်အိမ် ဟိုဘက်အိမ်၊ ခြေရင်းအိမ်ကို သွားပေးတာ"

"ဘာဖြစ်လို့ ပေးတာလဲ ဒေါ်လေးရဲ့၊ ဒီနေ့ အိမ်မှာ အထူးတလည် ချက်လို့လား"

"ဘာမှ မထူးပါဘူး ခါတိုင်းလိုပါပဲ၊ အဲဒီအိမ်က မိန်းကလေးနှစ်ယောက်



# ပွဲစားဆို သတိုးသား

သစ္စာဦး(ဧယျာမြေ)



www.burmeseclassic.com

www.burmeseclassic.com

ခရီးထွက်သွားကြတယ်လေ၊ အမေအို ကြီးနဲ့ နေမကောင်းလို့ အပြင်တောင် မထွက်နိုင်တဲ့ သမီးလေးတစ်ယောက်ပဲ ကျန်ရစ်တာ၊ အဲဒါ ထွေးထွေးက နေ့တိုင်း ဟင်းသွားပို့တယ်၊ နှစ်ရက်ရှိပြီလေ"

"အရေးတကြီးကိစ္စနဲ့ ခရီးထွက်ရင်လဲ အမျိုးတွေထဲက တစ်ယောက်လောက် ခေါ်ထားခဲ့ပါလား၊ ကျန်ခဲ့တဲ့သူတွေက ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းလဲ မဟုတ်ဘဲနဲ့၊ ဘေးလူတွေ ဝန်ထုပ်ဝန်ပိုး ဖြစ်အောင်"

"ဘာဆွေမျိုးမှ မရှိဘူးဟ၊ သူတို့တောင် နယ်ဘက်ကနေ ရောက်လာပြီး အိမ်ငှားနေကြတာ"

ဟင်းပို့အပြီး အိမ်ပေါ် လှမ်းအတက် မေမေနှင့် စုစုလှိုင်တို့ ပြောဆိုနေကြသော စကားတို့ကို ကြားလိုက်ရခြင်းကြောင့် ကျွန်မ ဝင်ပြောလိုက်ခြင်း ဖြစ်၏။

"နယ်ကနေ ရောက်လာပြီး အိမ်ငှားနေတယ်ဆိုတော့ ဝန်ထမ်းတွေလား၊ အခု ရုံးကိစ္စနဲ့ ခရီးထွက်သွားကြတာပေါ့ ဟုတ်လား"

"မဟုတ်ဘူးဟ လာလာ သွားကြစို့၊ ရုံးကား လွတ်သွားဦးမယ်၊ သွားရင်းနဲ့ ပြောမယ်၊ အေးမာရေ၊ မေမေ ရေချိုးတော့မယ်ဆိုရင် ရေနွေးစပ်ပေးလိုက်နော်၊ ရေအေးတွေ မချိုးစေနဲ့"

"ဟုတ်ကဲ့ အန်တီ စိတ်ချပါ"

ကျွန်မ အဆင်သင့်ပြင်ထားပြီးဖြစ်သည့် ရုံးခြင်းတောင်းနှင့် ထမင်းချိုင့်ကိုယူကာ တစ်ဆက်တည်း အေးမာကို မှာခဲ့ရ၏။

အေးမာကို ကျွန်မ ရုံးကိစ္စနှင့် နယ်ဘက်ခရီးထွက်ရင်း ခေါ်လာခြင်း ဖြစ်သည်။ဆယ်နှစ်ကျော်ကျော်လောက် သာရှိသေးသည့်အတွက် အရာရာတော့ ခိုင်း၍ မဖြစ်သေး။ သို့သော်လည်း ကျွန်မ အလုပ်သွားသည့် အချိန်တွင် အသက်အရွယ်ရလာပြီဖြစ်သော မေမေ့အတွက်တော့ အဖော်ရသည်။

တောက်တိုမည်ရလောက် ခိုင်းနိုင် ပြုနိုင်၏။ ဘာပဲပြောပြော သူရှိနေသည့်အတွက် ကျွန်မလည်း အလုပ်ကို စိတ်ဖြောင့်ဖြောင့်ထားကာ လုပ်နိုင်သည်။ ကျေးဇူးတင်စရာပင်။

"သူတို့က ရုံးသမားတွေတော့ မဟုတ်ဘူး၊ အရောင်းအဝယ်လုပ်တယ်၊ အခုလဲ ရတနာစိန်ကျောက်တွေ သွားဝယ်တာတဲ့၊ အဲဒါအပြင် တခြားပစ္စည်းတွေလဲ သယ်ပြလာပြီး ရောင်းတယ် ဆိုပဲ"

"ဟဲ့ . . . အဲဒါဆို နင့်ဟာတွေ က ပွဲစားတွေပေါ့ ဟုတ်လား"

"အင်း အဲဒီလိုပဲ ပြောရတော့ မှာပေါ့"

"ကြည့်လုပ်နော် မထွေးထွေး၊ မကူညီရဘူး မပြောပါဘူး၊ ဒါပေမယ့် ကူညီသင့် ကူညီထိုက်တဲ့လူမျိုး ဟုတ် မဟုတ်တော့ လေ့လာသင့်တယ်၊ အခုမှ တွေ့တဲ့လူတွေ သူတို့ အကြောင်းရော နင်ဘယ်လောက်သိလို့လဲ၊ အိမ်ထဲအထိ ထွက်လား ဝင်လား လုပ်နေရအောင် နင်က အူတူတူ အတတမို့ ငါပြောနေတာ၊ သူတို့က ဘယ်နှရက် ကြာမှာတဲ့လဲ"

"သူတို့ ပစ္စည်းတွေက စောင့်ယူရမှာဆိုတော့ သုံးပတ်လောက်ကြာမယ် လို့တော့ ပြောတာပဲ၊ ဒီထက်တော့ မကြာပါဘူးတဲ့"

"အောင်မလေး မြတ်စွာဘုရား သုံးပတ်လောက်ကြီးကို နင်က တာဝန်ယူထားဇာယ်၊ နင့်အမျိုးမို့လား၊ နောက်ပြီး ဒေါ်လေးပြောတယ်၊ တစ်ယောက်က အိုမင်းမစွမ်း၊ တစ်ယောက်က အပြင်တောင် မထွက်နိုင်တဲ့ ရောဂါသည်တဲ့၊ ကဲ နင်တာဝန်ယူထားတဲ့အချိန် တစ်ခုခု ဖြစ်ရင် ဘယ်လိုလုပ်မလဲ ပြောပါဦး"

"ဟယ် အဲဒီလိုမျိုးတော့ မဖြစ်နိုင်ပါဘူး စုလှိုင်ရယ်၊ ဝယ်ခြမ်းချက်ပြုတ် မလုပ်နိုင်တာလောက်ပါ၊ အဲဒါကြောင့် အဆင်ပြေပြေလေး စားကြပါစေဆိုပြီး ငါလဲ စေတနာနဲ့"

"ပြောနိုင်လားဟဲ့၊ ဘာမှ မဖြစ်ပါဘူးလို့ ဘယ်သူ အာမခံနိုင်လို့လဲ၊ တစ်နေ့ တစ်ရက်လဲ မဟုတ်ဘူး၊ ကဲ ငါပြောပါဦးမယ် ဒီနားတစ်ဝိုက်မှာ နင့်တစ်အိမ်ရှိတာလား၊ ကျန်တဲ့အိမ်တွေ ကရော နင့်လို တာဝန်ယူပြီး လုပ်ကိုင်ပေးကြသလား၊ နေရာတကာ သိပ်သဘောကောင်းပြမနေနဲ့နော် မိန်းမ လူတိုင်းကိုကိုယ့်လိုထင်မနေနဲ့၊ စေတနာ မေတ္တာထားပြီး စိတ်ကောင်း နှလုံးကောင်းနဲ့ ကူညီရိုင်းပင်းပေမယ့် တချို့ ဟုတ်လှတာမဟုတ်ဘူးနော်၊ ငါ လေ ကုန်ခံ ပြောနေစရာတောင် မလိုပါဘူး ထွေးထွေးရယ်။

နင်က အသိဆုံးပါ၊ ရောက်ရာ အရပ်မှာ မေတ္တာစေတနာအပြည့်နဲ့ နင် ကူညီခဲ့တဲ့ လူတွေ မရေမတွက်နိုင်တော့ဘူး၊ ဒါပေမယ့် နင့်အပေါ် အကောင်း မြင်တာ၊ နင့်စေတနာ အရာထင်တာ ဘယ်နှယောက်ရှိတုံး၊ ငါ့အထင် ဆယ်ယောက်တောင် ပြည့်ပါ့မလား၊ အေး ကျန်တာတွေက မပေါင်းသင့် မပေါင်းအပ်တဲ့သူတွေ၊ မကူညီသင့် မကူညီထိုက်တဲ့သူတွေဆိုတာ နင်နားလည်ထား၊ သဘောကောင်းတယ် ခိုင်းချင်တာခိုင်း၊ အကူအညီတောင်းချင်တာ တောင်း ရတယ်ဆိုပြီး တန်ဖိုးမရှိတဲ့ ငပေါကြီး ဖြစ်နေမယ်နော်၊ ဘာမှတ်ထဲ ဟိုက လေနဲ့ နင့်ကို ခိုင်းစားသွားတာ ပွဲစားတွေ ကောင်းကောင်း သတိထား"

ရုံးဝင်းထဲ ကားထိုးရပ်လိုက်ထို့ သာ စကားစပြတ်သွားသည်။ စုစုလှိုင်က သိပ်ကျေနပ်ပုံတော့ မပေါ်။ အားနာ စိတ် သနားစိတ်ဖြင့် ကျွန်မ-သူတစ်ပါး ကူညီပြီး အရာမထင်တိုင်း ယခုကဲ့သို့ စုစုလှိုင် ကျွန်မကို ဆူနေကျ၊ ပြောနေ ကျ။

မကြာသေးခင်ကတောင် ရုံးတွင် ပြဿနာဖြစ်လိုက်ရသေးသည်။ ကိုယ် ကတော့ စေတနာ မေတ္တာထား လုပ်လိုက်ခြင်းပင်။ ကံက ဆိုးချင် မျှော်လင့်သလို ဖြစ်မလာဘဲ အတူ





www.burmeseclassic.com

www.burmeseclassic.com

ကမောက်ကမတွေ ဖြစ်ကုန်လေသည်။ ရှေ့တွင် မဟုတ်သော်လည်း ကွယ်ရာတွင်တော့ အတော်လေးကို အပြောအဆို ခံလိုက်ရသည့် အဖြစ်။

ငယ်ပေါင်းကြီးဖော် မဟုတ်သော်လည်း အကြောင်းတိုက်ဆိုင်စွာဖြင့် အတော်လေးကို ခင်မင်ရင်းနှီးရသော သူငယ်ချင်းတစ်ယောက်ရှိသည်။ ပညာအရည်အချင်းချင်း တူသော်လည်း လုပ်သက်အနေနှင့် ကျွန်မထက် နည်းသေးသည့်အတွက် ကျွန်မ ရာထူးတိုးတော့ သူကျန်ရစ်ခဲ့သည်။

ဝန်ထမ်းတိုင်း ရာထူးတိုးကို အလိုရှိကြသည် မှန်သော်လည်း စည်းချည်းစည်းကမ်းနှင့် ကိုက်ညီမှု မရှိလျှင် မရနိုင်ကြောင်းကိုတော့ အားလုံးက လက်ခံကြသည်သာ။

ရာထူးတိုးထဲတွင် မပါသေးသော်လည်း နေရာလပ်ပေါ်သည်နှင့် နေရာလစ်လပ်သော ဒေသသို့ သွားရောက် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိလျှင် ခန့်အပ်မည့် အစီအစဉ်ရှိ၏။ သိပ်မကြာမီ ချင်းပြည်နယ်တွင် နေရာတစ်နေရာ လွတ်သွား၏။

ရာထူးတိုးမြှင့်ပေးသည့် ကိစ္စကိုင်သော ဝန်ထမ်းတချို့နှင့် ရင်းနှီးနေသည့်အတွက် နောက် ခြောက်လလောက်ကြာလျှင် ရန်ကုန်မှ ဝန်ထမ်းတစ်ဦး ပင်စင်ယူမည်ဖြစ်၍ တစ်နေရာ လွတ်သိမ့်မည်ကိုလည်း ကျွန်မ တိတ်တဆိတ်သိထား၏။ လက်ကျန် ဝန်ထမ်းများတွင် သူငယ်ချင်းက နံပါတ်နှစ် နေရာ။ နံပါတ်တစ် နေရာတွင်ရှိသော အမျိုးသား ဝန်ထမ်းက လစ်လပ်သွားသော ချင်းပြည်နယ်သို့ သွားရန် လျှောက်လွှာတင်ထား၏။ ကျွန်မက တိတ်တဆိတ်သိထားသော ရန်ကုန်တစ်နေရာအား သူငယ်ချင်း ဖြစ်သူကို ရစေလိုသည့်အတွက် အခြေအနေအားလုံးကို ပြောပြလိုက်သည်။

သူငယ်ချင်းကိုယ်တိုင်ကလည်း ချင်းပြည်နယ် မသွားနိုင်သော်လည်း ရန်ကုန်ရလျှင်တော့ ရာထူးတိုးလိုချင်သူ။ အခြေအနေ အားလုံးကို သုံးသပ်ကြည့်လိုက်တော့ လျှောက်လွှာ တင်လိုက်မည်ဆိုလျှင် နံပါတ်တစ်ဝန်ထမ်းက ချင်းပြည်နယ်သို့ သွားရန် ဆန္ဒရှိသူဖြစ်၍ လစ်လပ်သောနေရာကို သေချာပေါက်ရမည်။

လျှောက်လွှာ တင်ထားသည့် သူငယ်ချင်းကတော့ ချင်းပြည်နယ်လည်း သွားစရာမလို။ နံပါတ်တစ် ဝန်ထမ်း ရာထူးယူလိုက်ပြီဖြစ်၍ တန်းစီဇယားတွင် ရှေ့ဆုံး၌ တည်ရှိနေမည်။ ရန်ကုန်နေရာလွတ်လျှင် တစ်ခါတည်း ရာထူးတိုးယူလိုက်ရုံသာဟု အပိုင်တွက်ပြီး သူငယ်ချင်းကို လျှောက်လွှာတင်ရန် တိုက်တွန်းလိုက်မိ၏။ တကယ့်ကို စိတ်ရင်းစေတနာအပြည့်ဖြင့် တိုက်တွန်းခြင်းဖြစ်သည်။

သို့သော်လည်း လောကကြီးတွင် ဘယ်အရာမှ ပုံသေတွက်၍မရ။ ချင်းပြည်နယ်ရှိ လစ်လပ်နေရာသို့ သွားရောက်တာဝန်ထမ်းဆောင်ရန် အပြည့်အဝဆန္ဒရှိနေသော နံပါတ်တစ်နေရာမှ ဝန်ထမ်းသည် ရာထူးတိုးခံစားခွင့် မရနိုင်လောက်သည့် အပြစ်တစ်ခုနှင့် ငြိနေခြင်းကြောင့် ပယ်ချခံရ၏။

ထိုသို့ ပယ်ချလိုက်သည်နှင့် တန်းစီဇယားတွင် ရှေ့ဆုံး ရောက်သွားသော သူငယ်ချင်းမှာ ရာထူးတိုး ချီးမြှင့်ခံရပြီး ချင်းပြည်နယ်ရောက်သွားလေတော့သည်။ သူအလိုရှိသည်က နောက်ခြောက်လကြာမှ လွတ်မည့် ရန်ကုန်ရှိနေရာဖြစ်၏။ တကယ်တမ်း ရလိုက်သည်မှာ သူ လုံးဝ မသွားချင်သော ချင်းပြည်နယ်သို့ သွားဖို့ဖြစ်လာရလေသည်။ ခုတ်ရာတခြား ရှရာတလွဲအကုန်ကမောက်ကမတွေ ဖြစ်ကုန်တော့၏။ သူငယ်ချင်းကို အားနာရလွန်းသည့်အတွက် ဘယ်ပုံဘယ်နည်း တောင်းပန်ရမည်ကို ဂသိတော့လောက်အောင်ပင်။

"ကိုယ့်သူငယ်ချင်း အရင်းခေါက်ခေါက်ကိုတောင် ချောက်တွန်းတဲ့မိန်းမ"

"ချင်းပြည်နယ်လို နေရာမျိုး သူဆို သွားမလား၊ ဟိုခမျာ အိမ်ထောင်သည် ဘယ်လောက်စိတ်ဆင်းရဲလိုက်မလဲ၊ အတော်ရက်စက်တဲ့ မိန်းမ"

"အဲဒါပဲ လူယုံသတ်တယ်ဆိုတာ၊ ပါးစပ်ကတော့ ချိုချိုချိုချိုနဲ့ စေတနာထားတယ်ဆိုပြီး သူများ ဒုက္ခရောက်အောင်လုပ်မှ လုပ်ရက်ပလေ"

ဆိုသည့် စကားသံများကို ကိုယ်တိုင်ကိုယ်ကျမဟုတ်သော်လည်းတစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားလာရ၏။ သူတို့ထင်သလို မဟုတ်ကြောင်း ကျွန်မကျိန်တွယ်၍ ပြောလိုက်ချင်သော်လည်း ပါးစပ်က အားစေးထည့်ထားသည့်နှယ်၊ ဘယ်လိုမှ ပြောလို့ မထွက်။

တစ်ယောက်တည်း ကျိတ်၍ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်၍သာ နေရလေသည်။ ဘယ်သူတွေ ဘယ်ပုံဘယ်နည်း သွေးထိုးလေသည်တော့ မသိ။ သူငယ်ချင်းကပါ အထင်လွဲပြီး ကျွန်မကို ရှောင်သည်။

စဉ်းစားကြည့်လိုက်ပြန်တော့ သူ ရင်ဆိုင်လိုက်ရသော လက်ရှိ အခြေအနေအရ အထင်လွဲမည်ဆိုလည်း လွဲချင်စရာပင်။ ပို၍ စိတ်မကောင်းဖြစ်ရလေတော့၏။ ကိုယ့်စေတနာက အရာမထင်သည့် အဖြစ်ပင်။

အဆိုးထဲမှ အကောင်းဖြစ်လာရသည်ဟု ဆိုရပေမည်။ သူငယ်ချင်းဖြစ်သူက အခြေအနေ အရပ်ရပ်ကို သေချာစွာ လေ့လာ သုံးသပ်ပုံရ၏။ ချင်းပြည်နယ် ရောက်ပြီး ရက်ပိုင်းအတွင်း ကျွန်မထံ ဖုန်းဆက်လေသည်။

ကျွန်မစိတ်ရင်း စေတနာကို နားလည်ကြောင်း၊ ချင်းပြည်နယ်ရောက်ဖို့ ကံ သူ့တွင်ပါနေ၍ ဖြစ်ကြောင်း၊ စိတ်မကောင်းဖြစ်မနေဖို့ အကြောင်း၊ ရန်ကုန်ပြန်ပြောင်းနိုင်အောင် ကူညီပေးဖို့ အကြောင်း။ ကျွန်မအပေါ် နားလည်ခွင့်လွှတ်နိုင်သည့် စကားများကို ကြားလိုက်ရခြင်းကြောင့် ဘယ်လိုဝမ်းသာမိမှန်းကို ‌သိတော့။





www.burmeseclassic.com

www.burmeseclassic.com

သူ ဖွင့်မပြောလည်း ရန်ကုန် ပြန်ပြောင်းခွင့်ရအောင် ကြိုးစားဖို့ အစီအစဉ် ကျွန်မတွင် ရှိနေပြီးသား ဖြစ်၏။ တကယ်လည်း စိတ်ရောကိုယ်ပါ ကူညီပေးခဲ့သည်။

တစ်နှစ်နီးပါးလောက်တော့ နေလိုက်ရသေး၏။ လူကြီးများ၏ နားလည်စောင့်ရှောက်မှုဖြင့် ရန်ကုန်ပြန်ပြောင်းခွင့် ရခဲ့သည်။ ဘေးပတ်ဝန်းကျင်မှ ဝန်ထမ်းတချို့ကတော့ ကျွန်မ လုပ်ရပ်အပေါ် အကောင်းမြင်ကြမည် မဟုတ်ကြောင်း ကောင်းကောင်းကြီးသိနေ၏။ ဘာပဲပြောပြော ကာယကံရှင် နားလည်ခွင့်လွှတ်နိုင်၍ တော်ပေသေးသည်။

ကျွန်မကံ အကျိုးပေးတာ အမြဲ တမ်းလိုလို ထိုကဲ့သို့ ဖြစ်နေတတ်၏။ ကိုယ့်စေတနာက အရာမထင်။ ကိုယ့်မေတ္တာက ရောင်ပြန်မဟပ်။ နောက်ဆုံး ကုန်ကုန်ပြောရလျှင် လိုအပ်၍ အကူအညီတောင်းခြင်းကြောင့် ငွေကြေး ချေးငှားပေးလျှင်တောင် ပြန်ရသည်က ခပ်ရှားရှား။ မျက်နှာပြောင်တိုက်၍ နေတတ်သည့် လူမျိုးနှင့် တွေ့ရသည်သာ များ၏။

ဆရာတော်ကြီးတစ်ပါးအကြောင်း ကျွန်မ ဖတ်မှတ်ပူဇော်ဖူး၏။ တစ်ရက် ဆရာတော်ကြီးကျောင်းတွင် ချိတ်ထားသော တိုင်ကပ်နာရီကြီး ပျောက်သွားသည်။ တန်ဖိုးကလည်း အတော်ရှိသည့်အတွက် ကပ္ပိယကြီးက သူခိုးဖမ်းမည့် အကြောင်း ဆရာတော်ကြီးကို လျှောက်ထား၏။

ဤတွင် ဆရာတော်ကြီးက. .

"မလုပ်နဲ့ ဒကာ၊ သံသရာဘဝ တစ်ခုခုမှာ ဘုန်းကြီး သူခိုးဖြစ်ခဲ့ကြောင်း လူတွေ သိကုန်ပါ့မယ်၊ ဘုန်းကြီးက သူ့ပစ္စည်းခိုးခဲ့ဖူးလို့ ဘုန်းကြီးပစ္စည်းလဲ ပြန်အခိုးခံရတာ၊ ကိုယ်ပြုခဲ့တဲ့ ကံက တော့ ပြန်ပြီး ခံစားရမှာပဲ၊ ယူပါစေ ဒကာ" ဟု မိန့်တော်မူ၏။

ယခု ကျွန်မကကော။ သံသရာ ဘဝတစ်ခုခုတွင် ဖြစ်ခဲ့စဉ်က သူများ ငွေကြေး ချေးငှားပြီး မျက်နှာပြောင် တိုက်ကာ နေခဲ့မိသည့်အတွက် လက်ရှိ ဘဝ၌ တူသောအကျိုး ပြန်ခံစားရခြင်း ဖြစ်သည်။ သူများ စေတနာ မေတ္တာကို လည်း စော်ကားခဲ့ပုံရ၏။ ယခုဘဝ ကိုယ့်စေတနာ မေတ္တာက စုစုလိုင်ပြော သလို အရာမထင်တာများ၏။

ဘာမှ မတတ်နိုင်။ ကိုယ်ပြုသမျှ ကံ ကိုယ်ပြန်ခံရုံသာရှိ၏။ အရာထင် သည် မထင်သည် အသာထား။ ကိုယ့်ဘက်က လုပ်သင့်လုပ်ထိုက်သောအရာ မှန်သမျှကိုတော့ စိတ်ရင်းစေတနာ ပြည့်ဝစွာဖြင့် လုပ်ကိုင်သွားမည်မှာ အမှန်ပင်။

♦

"ကျေးဇူးတင်ပါတယ် ထွေးထွေး ရယ်၊ တကယ်ပါပဲ၊ အမေတို့က ပြောတယ်၊ နေ့တိုင်း ဟင်းတွေရော မုန့်ပဲ သရေစာတွေရော လာပို့ပေးတာကို လေ၊ ရက်က အတော်ကြာသွားတယ်၊ အားနာလိုက်တာ"

"အားနာစရာမလိုပါဘူး အစ်မရယ်၊ ထွေးထွေး ကုသိုလ်လိုချင်လို့ ကူညီတာပါ၊ ဘယ်လောက်မှလဲ အပန်း မကြီးပါဘူး"

"ဒီမှာ အန်တီတို့ ထွေးထွေးတို့ အတွက် ထိုးမုန့်နဲ့ လမုန့်၊ မန္တလေးလဲ ဝင်ရသေးတယ်လေ၊ အဲဒါကြောင့် ဝယ် လာတာ"

"ဩော်. . . ဒါတွေ မလိုပါဘူး အစ်မရယ်၊ အလကား ဒုက္ခရှာလို့"

"ယူ ယူ ထွေးထွေးတို့ဖို့ ရည်ရွယ် ဝယ်လာတာ၊ ဒါနဲ့ ထွေးထွေး၊ ကျောက် လေးတွေ အစုံပါတယ်၊ သန့်နေတာပဲ၊ လုပ်ပြီးသားလေးတွေလဲ ပါတယ်၊ အား ပေးပါဦးလား"

"မဝယ်နိုင်သေးပါဘူး အစ်မ ရယ်၊ ဘစ်လ တစ်လ အိမ်စရိတ်က နည်းတာမဟုတ်ဘူးလေ၊ အိမ်စရိတ် အပြင် ပိုတာလေးလဲ စိတ်ရှိသလို မဝယ် နိုင်ဘူး အစ်မရဲ့၊ မမာရေး မချာရေး အတွက် ထားရသေးတယ်လေ"

"အောင်မယ်လေး ဝင်ငွေတွေ ဒီလောက် ကောင်းနေတဲ့ လူကများ ညည်းနေရသေးသလား၊ ကဲ ဒါဆိုရင် တခြား ပစ္စည်းလေးတွေကြည့်၊ လူတိုင်း ကိုတော့ မပေးနိုင်ဘူး၊ နယ်စပ်ထ သူငယ်ချင်း တစ်ယောက်ကို ရှိခိုးဦးတင် မှာထားရတာ၊ ဒေါ်လာနဲ့တောင် ဝယ်ရ သတဲ့၊ ပစ္စည်းတွေကတကယ့်အကောင်း စားတွေ၊ တအားရင်းနှီးတဲ့သူလောက်ပဲ ပေးနိုင်မှာ၊ ထွေးထွေးကိုတော့ တစ်ခု နှစ်ခု မျှရမှာပေါ့၊ အငယ်မ သွား ထို့ အထုပ်သွားယူလိုက်၊ ထွေးထွေးတို့ ပြရအောင်"

တစ်ဖက်ခြံမှ ခရီးထွက်သွား သော ညီအစ်မနှစ်ယောက် သူတို့ ပြော ခဲ့သည့်အတိုင်းပင်။ ရက်နှစ်ဆယ်ခန့် ကြာသော် ပြန်ရောက်လာကြ၏။ ခရီး ပြန်လက်ဆောင်အဖြစ် ထိုးမုန့်၊ လမုန့် များပေးပြီး တစ်ပါတည်းယူလာသော ဘူးလေးတွေထဲမှ အသွေးအရောင်မျိုး လှသည့် ကျောက်များနှင့် လက်ဝတ် ရတနာတို့ကို ထုတ်ပြကာ ဝယ်ခိုင်း၏။

စားဝတ်နေရေးအတွက် ပူပင် ရသည့် အနေအထား မဟုတ်သော် လည်း ရွှေငွေ လက်ဝတ်ရတနာတဲ့သို့ တန်ဖိုးကြီး ပစ္စည်းများအား ရှေ့ရေး နောက်ရေး ကြည့်စရာမလိုဘဲ ဝယ်နိုင် လောက်သော အခြေအနေမျိုးတော့ မဟုတ်သည်မှာ အမှန်ပင်။

အသင့်အတင့်လည်း ရှိနေပြီး ဖြစ်သည့်အတွက် အားနာနာနှင့်ပင် ကျွန်မ ငြင်းလိုက်ရ၏။ ဒါကိုပင် သူတို့ လက်မလျှော့သေး။

ကျွန်မအပေါ် အတော် စေတနာ ထားကြပုံရသည်။ ဒေါ်လာနှင့်တောင် ဝယ်ခဲ့ရပါသည်ဆိုသည့် အထူးတလည် ကောင်းမွန်လှသော ပစ္စည်းများကိုပြ၏။ အကြီးဖြစ်သူ မဝင်းမြင့်က သူညီမ မဝင်းရီကို သွားယူခိုင်း၏။ ဘာပစ္စည်း တွေ ဖြစ်မည်တော့ ကျွန်မလည်း မ

ခဏကြာတော့ လက်ဆွဲ တစ်လုံးဆွဲကာမဝင်းရီပြန်ရောက်လာ

www.burmeseclassic.com

အိတ်ကိုဖွင့်ကာ ပစ္စည်းအတော်များများ ကြမ်းပြင်ပေါ် ချပြလေသည်။ အမျိုးမျိုး ချုပ်ထားသော လှလှပပ အင်္ကျီလေးတွေ။ အနွေးထည်နှင့် လက်ဆွဲအိတ်များ၊ နောက် အလှအပပြင်ဆင်သည့် ပစ္စည်းတွေ ဖြစ်ပုံရသည်။ ပုလင်းလေးတွေရော၊ စက္ကူဘူးလေးတွေရော အတော်များများ တွေ့ရ၏။

"ကဲ ထွေးထွေး ဒီမှာ အင်္ကျီလေးတွေ ဘယ်လောက်လှလိုက်သလဲ၊ ဒီဇိုင်းအသစ်တွေ ဒီမှာ မရောက်သေးဘူး၊ အိတ်လဲ တစ်လုံးလောက် အားပေး၊ ဒါ သားရေအကောင်းစားနော်၊ ဒီမှာ ရောင်းနေကြတာတွေက သားရေအကောင်းစားသာ ပြောတာ၊ တကယ်တော့ အလကားဟာတွေ၊ ရှုံးသွားနေရတာ အိတ်ကောင်းကောင်း လေးလွယ်ပါ။

နောက်ဒီမှာ ဒါ မိတ်ကပ်ဘူးတွေ မတွေ့ဘူးနော်၊ အသက်လေးဆယ်ကျော်တွေအတွက် အထူးသီးသန့် ဖော်စပ်ထားတာ၊ တွန့်တာတွေ၊ အမည်းကွက်တွေ လုံးဝမဖြစ်ဘူး၊ အများကြီး မဝယ်ရဘူး၊ နည်းနည်းလေးနဲ့ အရမ်းထိရောက်တယ်၊ ဒီမှာ ငယ်လို့ မရတဲ့ ဟာတွေနော် ယူထား"

"ဈေးတွေက ဘယ်လောက်လောက်လဲ အစ်မရယ်၊ အရမ်းဈေးကြီးရင် မယူနိုင်ဘူးနော်"

"ပြောနေစရာလား၊ အရင်းအတိုင်း ပေးမှာ ထွေးထွေးမို့နော် တခြားလူတွေဆို ဒီပစ္စည်းတွေ ပြကိုမပြတော့ဘူး၊ အများကြီးလဲ ပါတာမဟုတ်ဘူးလေ၊ မပေးမဖြစ်တဲ့ လူတွေကိုပဲ ပြမှာ၊ ထွေးထွေးက ဘယ်ဟာယူမှာလဲ၊ တစ်မျိုး တစ်ခုတော့ယူ"

"အင်္ကျီလေးတွေက လှပေမယ့် ကိုယ်နဲ့ဘူး အစ်မရဲ့၊ ဒီဇိုင်းတွေက ထွေးထွေးနဲ့ အရွယ်နဲ့ သိပ်မလိုက်တော့ဘူး၊ အနွေးထည်လေးတွေက ဘယ်လိုလဲ မေမေနဲ့ အေးမာအတွက် တစ်ထည်စီ ယူမလားလို့"

"'ယူလေ ယူလေ အဲဒါ ယုန်မွေးအစစ်၊ ဝယ်ရင်းဈေးအတိုင်းပဲပေး၊ အန်တီ့အတွက် အကြီးက ကိုးထောင်၊ ကလေးမလေးအတွက်က ခုနစ်ထောင်၊ ဒါဆို အမုန်းဝတ်ရော၊ အကြာကြီးခံတာ၊ ထွေးထွေးလဲ ယူလေ၊ ဒီအိတ်လေး မလှဘူးလား လွယ်ကြည့်၊ အဂ္ဂမ်းလိုက်တာကို၊ လိမ်းဆေး တစ်ပုလင်းလဲ ယူနော်၊ အစ်မက စေတနာနဲ့ ပြောတာ၊ လိမ်းရင်း ကြိုက်လွန်းလို့ နောက်ထပ်မှာပေးပါဦး ပြောမှာ မြင်ယောင်သေးတယ်"

ပွဲစားပီပီ အပြောကတော့ အတော်ကောင်းသည်။ အမှန်အတိုင်း ပြောရလျှင် ရှေ့တွင်ရှိနေသည့် ပစ္စည်းတို့က ကျွန်မ တစ်ခါမျှ မမြင်ဖူး မသုံးဖူးသော ပစ္စည်းများသာ။ ရုံးဝတ်စုံသာ အမြဲလိုလို ဝတ်နေရသည့် အတွက် ရုံးဝတ်စုံကလွဲပြီး တခြား အဝတ်အစားများ သိပ်ဝယ်လေ့ ဝယ်ထ မရှိ။

သနပ်ခါး ကြာရှည်ခံအောင်အောက်ခံ မိတ်ကပ်အနည်းငယ် လိမ်းတတ်သည်မှအပ ထွေထွေထူးထူး မပြင်ဆင်တတ်ခြင်းကြောင့် အလှအပ လိမ်းခြယ်စရာပစ္စည်းလည်း ငွေကုန်ခံ၍ ဝယ်မနေတော့။

ယခု အနေအထားက ကိုယ့်အပေါ် စေတနာ မေတ္တာထားကာ အိမ်တိုင်ရာရောက် လာပြနေခြင်း ဖြစ်၍ ကျွန်မလည်း အနွေးအင်္ကျီ နှစ်ထည်အပြင် အိတ်တစ်လုံး၊ အသားလှ လိမ်းဆေးတစ်ပုလင်း အားပေးဖြစ်လိုက်၏။

အနွေးအင်္ကျီ နှစ်ထည်က တစ်သောင်းခြောက်ထောင်၊ သားရေအိတ်က နှစ်သောင်းငါးထောင်၊ အသားလှလိမ်းဆေးက တစ်သောင်းနှစ်ထောင်၊ စုစုပေါင်း ငါးသောင်းသုံးထောင်ကျပ်တိတိ။

ဝယ်ပြီးခါမှ နှမြောသလို ဖြစ်မိသည့်အတွက် ကိုယ့်စိတ်ကို အမြန်ပြင်လိုက်ရ၏။ နယ်စပ်ကတောင် ဒုက္ခခံသယ်လာပြီး အမြတ်မယူဘဲ အရင်းအတိုင်း စေတနာသန့်သန့်ဖြင့် ရောင်းပေးသည့် ကိုစွ၊ တစ်ဖက်သား၏ စေတနာကိုတော့ တန်ဖိုးထားသင့်သည်မှာ အမှန်ပင်။

"ပွဲစားတွေနော်၊ နင် ကောင်းကောင်းသတိထား" ဟု မကြာခဏ ပြောဆိုသတိပေးစကားပြောတတ်သည့် ဆရာမကြီး ဒေါ်စုစုလှိုင်၏ မှန်းချက်က ဒီတစ်ကြိမ်တွင်တော့ အလွဲကြီး လွဲလေပြီဟု ဆိုရပေမည်။

တစ်ဖက်သားအပေါ် ယုံကြည်မှု ကင်းမဲ့တတ်၊ အမြင် မကြည်လင်တတ်သည်တို့က မွေးရာပါ အကျင့်ကြီးတစ်ခုလို ဖြစ်နေလေသည်။ လူတိုင်းအထူးသဖြင့် ပွဲစားဟု ဆိုလေတိုင်းသူထင်သလို မဟုတ်သည်ကိုတော့ အကြောင်းတိုက်ဆိုင်လျှင် ပြောရပေလိမ့်ဦးတော့မည်။

◆

"ယုဇနပလာဇာတော့ မသွားနဲ့ဟာ၊ လူရှုပ်က ရှုပ်နဲ့"

"အေး . . . ဟုတ်တယ်၊ စူပါဝမ်းဖြစ်ဖြစ်၊ စိန်ဂေဟာဖြစ်ဖြစ်သွား၊ ပစ္စည်းလဲစုံတယ်"

"ဟဲ့ စူပါဝမ်းတို့ စိန်ဂေဟာတို့က ဈေးကြီးတယ်လေ၊ ပလာဇာဆို များများဝယ်ရင် ဖောက်သည်ဈေးတောင်ရဦးမယ်"

"ထွေးထွေးရယ်၊ ဈေးက ဘယ်လောက်များ ကွာမှာမို့လဲဟဲ့၊ ပိုက်ဆံလေး နည်းနည်းသက်သာတာ ကြည့်မနေနဲ့၊ ဖနောင့်တက်နင်းခံရတာ၊ ကိုယ်စောင်းတိုက်ခံရတာနဲ့ ကာမိမှာ မဟုတ်ဘူး နင့်ဟာ"

ဝါကျွတ်ကာလသို့ ရောက်ပြီဆိုလျှင် ကိုယ့်ထက် အသက်၊ ဂုဏ်သိက္ခာကြီးသူတို့ကို တတ်နိုင်သမျှသော ပစ္စည်းတို့နှင့် လက်အုပ်ချီမိုးကာ ဂါရဝပြုကြခြင်းမှာ ဗုဒ္ဓဘာသာဝင်တို့၏ အလွန်ချစ်ဖွယ်ကောင်းသည့် ဓလေ့ထုံးစံတစ်ခုပင် ဖြစ်လေသည်။

www.burmeseclassic.com

ကျွန်မတို့ ရုံးသူ၊ ရုံးသားတွေလည်း ထို့အတူပင်။ ကိုယ့်လက်အောက် ဝန်ထမ်းများ အတွက် ကိုယ်သည် ကန်တော့ခံ ပုဂ္ဂိုလ်။ အထက်အရာရှိကြီးများကိုတော့ ကိုယ်က အစဉ်အလာ မပျက် ကန်တော့နေကျဖြစ်၏။

ဒီနှစ်လည်း အထက်အရာရှိကြီးများကို ကန်တော့ရန် စုစုလှိုင်၊ ယဉ်ကျေးဝေနှင့် ကျွန်မတို့သုံးယောက် ပစ္စည်းဝယ်ထွက်ရန် စီစဉ်နေကြခြင်း ဖြစ်၏။

ကျွန်မက ပင်ပန်းလည်း ကိစ္စမရှိ၊ ဈေးသက်သာသည့် ယုဇနပလာဇာသွားရန် ပြင်သည်ကို ကျန်နှစ်ယောက်က ပယ်ချ၏။ နောက်ဆုံး ထုံးစံအတိုင်း အများဆန္ဒကို လိုက်လျောလိုက်ရကာ စူပါဝမ်းသို့ ထွက်ခဲ့ကြသည်။

ပစ္စည်းစုံသည့်အပြင် ခင်းကျင်းပြသထားပုံ စည်းစနစ်ကျခြင်းကြောင့် စူပါဝမ်းတွင် အမြဲလိုလို လူစည်ကားနေတတ်၏။ ကိုယ်လိုချင်သည့် ပစ္စည်းကို သိပ်ခက်ခက်ခဲခဲ ရှာနေစရာမလို။ ဈေးဝယ်သူများအတွက် အတော်လေး အဆင်ပြေသောနေရာတစ်ခုဟု ဆိုရမည်ပင်။

သုံးယောက်သား နှစ်သက်ရာ ပစ္စည်းတို့ကို စိတ်ကြိုက်ရွေးချယ် ဝယ်ယူနေကြရာမှ တစ်နေရာအရောက် မှန်ဗီရိုအတွင်း ထည့်ထားသော ပစ္စည်းလေးတစ်ခုကို မြင်လိုက်ရသည့် အတွက် ကျွန်မ အနီးကပ် ကြည့်လိုက်သည်။

"ဒီဗိုင်းအဆန်းလေးတွေ အန်တီ၊ ဈေးလဲ သက်သာတယ်၊ ပြပေးရမလား ဟင်"

စိတ်ဝင်တစားကြည့်နေမိသည့် ကျွန်မကို အရောင်းစာရေးမလေး မြင်သွားပုံရ၏။ လုပ်လက်စအလုပ်ကို ခဏ ရပ်ကာ မေးလေသည်။ ကျွန်မ ကြည့်နေသော အိတ်ကလည်း အလွယ်တကူ ယူကြည့်၍ ရနိုင်သည့်နေရာတွင် ရှိနေခြင်းမဟုတ်။ နံရံကပ် မှန်ဗီရိုထဲတွင် ရှိနေကာ ခုံခုယူမှ ရနိုင်သော အခြေအနေဖြစ်၍ အလိုက်သိစွာ မေးလိုက်ခြင်းဖြစ်၏။

"အေး သမီးရယ် ခဏကြည့်မယ်နော်"

အရောင်းစာရေးမလေးပြသည့် အိတ်ကို သေချာအောင် ကျွန်မ အပြန်အလှန်ကြည့်လိုက်မိသည်။ လုံးဝမမှား။ တစ်နေ့က ကျွန်မ ဝယ်ထားသည့် အိတ်နှင့် တံဆိပ်၊ ပုံစံ၊ အရောင်အသွေးက အစ အားလုံးတူ၏။ ဒီမှာ ငယ်မရသည့် အတွက် နယ်စပ်ကတောင် ဒေါ်လာဖြင့် ပေးဝယ်ခဲ့ရပါသည်ဆိုသော အိတ်နှင့် ထပ်တူ ထပ်မျှပင်။

"ဒါ ဘယ်ဈေးရှိသလဲ သမီး"

"တစ်သောင်း ခုနစ်ထောင် အန်တီ၊ အမျိုးအစားလဲ ကောင်းတယ်၊ တစ်လုံးဆို အကြာကြီး သုံးရောပဲ အန်တီရဲ့"

"ဟင် . . . တစ်သောင်း ခုနစ်ထောင်"

စူပါဝမ်းလို နေရာမျိုးတောင် တစ်သောင်းခုနစ်ထောင်နှင့် ရောင်းနိုင်သည့်အိတ်။ ကျွန်မ နှစ်သောင်း ငါးထောင်တောင် ပေးလိုက်ရသည်။ နည်းနည်းနောနော ကွာဟသည်မဟုတ်။ ရှစ်ထောင်ကြီးများတောင် ကွာသည့် အဖြစ်။

ဒါတောင် အမြတ်မယူ အရင်းအတိုင်း ရောင်းသည်ဆို၍ ဟော်ပေတော့၏။ အမြတ်များသော ဟင်ရောင်းမည်ဆိုလျှင်တော့ တွေးတောင် မတွေးဝံ့စရာ။ စိတ်မကောင်း ဖြစ်မိသည်မှာ အမှန်ပင်။

"ယူမှာလား အန်တီ"

"ဪ . . . မယူသေးဘူး သမီးရယ်၊ ဒီနေ့က အိတ်ဝယ်ဖို့ အစီအစဉ် မရှိတော့ ပိုက်ဆံ ထည့်မလာခဲ့မိဘူး၊ နောက်တစ်ခါမှနော်"

ကျွန်မ အိတ်လေးကို အရောင်းစာရေးမလေးလက်ထဲ ပြန်ထည့်ပေးလိုက်ပြီး နေရာမှ ထွက်လာလိုက်၏။ အနွေးထည်တွေ အလှကုန်ပစ္စည်းတွေ ရောင်းသည့်ဘက် ခြေဦးလှည့်ဖို့ ... ပြီးမှ မသွားဖြစ်တော့။

သွားကြည့်ပြီး ဝယ်ယူ... သောပစ္စည်းနှင့် အမျိုးအစားတူပစ္စ... မျိုး မတွေ့ဘူး မပြောနိုင်။ အကယ်... များ တွေ့ပြီး ဈေးနှုန်း အဆမတ... ကွာဟနေမည်ဆိုလျှင် ထပ်၍ စိ... မကောင်း ဖြစ်ရဦးမည်။

"ဟဲ့ . . . နင်က မပြော... ဘယ်တွက်သွားသောတုံး၊ ငါတို့မှာ ... လိုက်ရှာ၊ ရှပ်အင်္ကျီတွေ ဝယ်ဖို့ ... သေးတယ်၊ လာ အပေါ်သွားမယ်"

အနားရောက်လာကာ ... လိုက်သော စုစုလှိုင် စကားပြော... သူတို့နှင့်အတူ အပေါ်ထပ် ရှပ်အ... ရောင်းသည့်ဆိုင်ရှိရာသို့ သွားလိုက်... အဖြစ်မှန်ကို သူတို့ သိအောင်... ရှင်းပြမနေချင်တော့။ သိသွားလျှင် ...

"ငါပြောတဲ့ စကား နားမ... လို့ဖြစ်တာ ခံရတာ နည်းတောင်... သေး" ဆိုသည့် စကား ကြားရ... မလွဲကေန်ပင် ဖြစ်လေသည်။

မေတ္တာ စေတနာ ဟူ... အချို့သော လူတို့နှင့် မထိုက်တန်... အရာ ဖြစ်ကြောင်းကိုတော့ ... ကောင်းကောင်းကြီး သဘောပေါ... ပြီ ဖြစ်၏။

"ပွဲစားတွေနော်၊ နင်... ကောင်း သတိထား" ဆိုသည့် ... ပြောခဲ့သော စကားသံကိုတောင် ... ကြားယောင်နေမိသလိုပင်။

**သစ္စာဦး (ဒေယျ...**

❑



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အနီးရှိ ခွေးကို
သဖြင့် ကန်ပစ်လိုက်၏။

ခွေးက ကျွန်တော့် ခြေသလုံးကို
အား ဆွဲခါလိုက်သည်။ ခြင်းခြင်းနီ
သော သွေးတို့သည် မြေသို့ ခ,လေ၏။
နာန့်၏ တတိယနိယာမ မှန်သည်။

◆

ခွင့်မယူတာ ကြာပြီ။ ချစ်ဇနီးနှင့်
တွေ့ရသည်မှာလည်း နှစ်ပရိစ္ဆေဒ
ည်းတော့။ တစ်ခါဖြင့် နေရပ်သို့
ဦးမှ ခွင့်စာ ရေးတင်လိုက်၏။

"ဖိုးစော၊ ရုံးကခေါ်တယ်"

ရောင်းရင်းစကားကြောင့် ရုံးသို့
သော့နှင်ခဲ့သည်။

စာရေးကြီးသည် ကျွန်တော့်
အား သနားစရာ သတ္တဝါ တစ်ကောင်
ကို ကြည့်ရင်းက . . .

"ခင်ဗျား ခွင့်မယူဖူးဘူးလား၊
ဆက်ခွင့်ဆိုရင် ဆယ်ရက် ကြိုတင်
ယ်ဗျ"

"ဟုတ်ကဲ့၊ ကျွန်တော် ပြန်ပြင်
ပါမယ်"

သို့ဖြင့် ခွင့်ရ၏။

◆

ကျောက်ပန်းတောင်းသို့ ယွန်းရ
ပေဦးမည်။ ချောက်၊ ကျောက်ပန်း
တောင်းကား ထွက်တော့မည်။ ကျွန်
တော့်မှာ ဆီးယိုတောင်းကို ထမ်းလျက်
အပြေးအလွှား။

"ကြိုကြိုတင်တင် လာတာ
မဟုတ်ဘူး၊ လူတွေကိုက ပေါ့ဆပါ
တယ်၊ ကဲ မြန်မြန်တက်၊ ဆွဲဆရာရေ့"

ကားသည် လင်းတတစ်ကောင်
၏အရှိန်ဖြင့် ပြေးထွက်သွားသည်။
မကြာမီ ကျောက်ပန်းတောင်းမြို့သို့
ရောက်သတည်း။ ကျောက်ပန်းတောင်း
ဘူတာရုံမှာ . . .

"ရန်ကုန်လက်မှတ် တစ်စောင်
ပေးပါ"

တုတ်တုတ်မျှမလှုပ် သစ်ငုတ်။

"နောင်ကြီး လက်မှတ်ကလေး"

လှည့်၍မျှ မကြည့်၊ တေမိ။

"ဆရာ ရန်ကုန်လက်မှတ်ရောင်း
မှာလား ခင်ဗျာ"

မျက်စိ ဝေ့ကြည့်၏။

"မရောင်းသေးဘူး၊ စောသေး
တယ်"

တစ်ဖက်သို့ ပြန်လှည့်သွားပြီး
စကားဖောင်ဖွဲ့လေသည်။ ကျွန်တော်
စောင့်မျှော်နေရပါ၏။ တစ်နာရီအတွင်း
မှ လက်မှတ် ရလိုက်ပါပြီ။ မီးရထားကား
မလာသေး။ ကွမ်းသုံးယာညက်ခန့်ကြာပြီး
ရထားလာ၏။ အသော့လေး ပြေးတက်
လိုက်သည်။ အခဲ့သားထိုင်ရင်း အမော
ဖြေမည်ပြုခိုက် . . .

"လက်မှတ်"

ရိုကျိုးစွာ ထုတ်ပြသော်လည်း-

"ဒီအထုပ်က ဘယ်သူ့အထုပ်လဲ"

"ကျွန်တော့်ဥစ္စာပါ ခင်ဗျာ"

"တန်ဆာ လုပ်ပြီးပြီလား"

"ဟင့်အင်း"

"ပစ္စည်းတင်ရင် တန်ဆာလုပ်ရ
မယ်ဆိုတာ မသိဘူးလား"

"ဆီးယိုလေး ခွက်တစ်ဆယ်ပါ
ဆရာရယ်"

"ကြာတယ်ဗျာ၊ ခင်ဗျား တစ်
ယောက်တည်း မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဘောက်ချာရေး၍ ဖြီခနဲ ဆုတ်လိုက်၏။ သုံးရာ ပေးလိုက်ရသည်။

◆

ရထားဘီးလှိမ့်နေ၏။ လေက အရှူးချီးပန်း က,နေသည်။ အမောပြေ ဆေးလိပ်သောက်မည် အကြံဖြင့် ဆေးပေါ့လိပ်တိုကို မီးညှိ၏။ လေအနှော့မှာ မီးပွားများ ကြွေလွင့်သွားသည်။

"ဆေးလိပ်သောက်ရင် ကြည့်သောက်ပါရှင့်"

ခရီးဖော်၏ မကျေနပ်မြည်တွန်သံ၊ ဆေးလိပ်ကို အသာအယာ ထိုးခြေလိုက်ရ၏။ မလှုပ်မယှက်ငြိမ်သက်လျက် ပါလာသည်။ တစ်စတစ်စဖြင့် တောင်တွင်းကြီးကို ကျော်ခဲ့ပြီ။ ရထားကြီးသည် မြွေကြီး တစ်ကောင်နှယ် ကွေ့ကာ ကောက်ကာ ရိုးမတောသို့ တိုးဝင်နေ၏။ မင်းပြင်ဘူတာသို့ ရောက်သည်နှင့် . . .

"ဟော့- ဒီတွဲက တံခါးဖွင့်လေ"

"ပြောနေတာ မရဘူးလား"

"ဒုန်း. . . ဒုန်း. . . ဒုန်း"

ကြောက်အား လန့်အားဖြင့် ပြတင်းတံခါးကို ဖွင့်ပေးမိသည်နှင့် . . .

"ဝုန်း"

ဇရာမထင်းစည်းကြီး ကျွန်တော့်ရှေ့ ကျလာသည်။ ပြီးနောက် လူညိုထွားတစ်ယောက် ဒိုင်ဗင်ထိုး၍ တွဲအတွင်း ဝင်လာပြီးလျှင် . . .

"ပြည်သူပိုင်ရထားများ ကိုယ့်ဘကြီးပစ္စည်း ကျနေတာပဲ"

ပူညံပူညံလုပ်၏။ ကျွန်တော် အသက်မရှုံ့၊ ငြိမ်သက်စွာ ကြည့်နေမိသည်။ အတန်ကြာသော် ပျဉ်းမနားသို့ ရောက်သတည်း။

◆

ညမှောင်မှောင်မှာ လရောင်က မလင်းတစ်ဖုံ လင်းတစ်ဖုံ။ ပျဉ်းမနား ပျဉ်းရင်တောင် မနားနဲ့တဲ့။ ဟုတ်ကဲ့ ကျွန်တော် ပျင်းပေမယ့် မနားပါ။ ကိုယ့်ပစ္စည်းကိုယ် ဂရုစိုက်ပါမှ။ ဆာသော်လည်း ဘာမျှမစား။ ညောင်းသော်လည်း လမ်းမလျှောက်ဘဲဥစ္စာစောင့်ဖြစ်နေ၏။

"တွဲပေါ်က လူတွေ ဆင်းကြပါ၊ ဆင်းကြပါ"

အသံနက်ကြီးက ညဥ့်လွှာကို ဖောက်ထွင်းလာ၏။ အနီးရှိ တောင်သူဦးကြီးတစ်ယောက်ကို မေးမြန်း စုံစမ်းမိသည်။

"အဘ ရထား ဘာပြုလို့လဲ"

"ဘီးပေါက်လို့ ဆိုလားပဲကွဲ့"

"ဗျာ. . . ရထားဘီးပေါက်တယ်"

ကျွန်တော် အူကြောင်ကြောင်ဖြစ်နေစဉ် . . .

"ဟေ့လူ ဆင်းလေဗျာ၊ တွဲဘီးပူလို့ ဒီတွဲကို ဖြုတ်ထားခဲ့မယ်"

"ကျွန်တော်တို့ ဘယ်တွဲမှာ စီးရမှာလဲဗျ"

"ဒါတော့ ကျွန်တော် မသိဘူး၊ ရှံပိုင်ကြီး သွားမေး"

ဆီးယိုတောင်းကိုထမ်းရင်း ရှံပိုင်မင်းထံ လှမ်းခဲ့ပါ၏။

"ရှံပိုင်ကြီး ကျွန်တော်တို့ ဘယ်လိုစီးရမှာလဲ"

"ဖြစ်သလိုသာ ကြံဖန် စီးကြတော့ဗျာ"

ထိုသို့ အားပေးရင်း ဝေးရာသို့ ထွက်ခွာသွားသည်။ ကျွန်တော် စိတ်မပျက်ပါ။ အခြားတွဲများ ရှိပေသားပဲ။ နီးရာတွဲပေါ် လှမ်းတက်မည်အပြု . . .

"ဟေ့လူ. . . ဒီတွဲမှာ ခြေချစရာတောင် နေရာမရှိဘူးဗျ၊ မတက်ပါနဲ့"

ဟုတ်တော့လည်း ဟုတ်သည်။ တွဲတစ်ခုလုံး နေရာမရှိအောင် ငါးပိသိပ်၊ ငါးချဉ်သိပ် ဖြစ်နေ၏။ တောင်းကြီးကို ထမ်းရင်း တွဲပေါက်စေ့ ကြိုးစားပါသေး၏ မရ၊ မထူးတော့ပြီ၊ ဖြစ်လိုရာဖြစ်ပါစေတော့။ အနီးဆုံး အထက်တန်းတွဲပေါ် လှမ်းတက်မိသည်နှင့် . . .

"လက်မှတ်ပြပါ"

ထုတ်ပြလိုက်၏။

"ဒါ ရိုးရိုးတန်း လက်မှတ်ပဲဗျ၊ ဒါက အထက်တန်းတွဲပဲ ဥစ္စာ"

"သိသားပဲ"

"သိရင် ဆင်းလေဗျာ"

"ရှံပိုင်နဲ့ ပြောပြီးပါပြီဗျာ"

"ဒါက ကျွန်တော့်အပိုင်း၊ ရှံပိုင်နဲ့ မဆိုင်ဘူး"

"မကျေနပ်ရင် ကြိုက်သလိုလုပ်၊ ကျုပ်ကတော့ လိုက်မှာပဲ"

ဟုတ်တယ်၊ စိတ်ညစ်လာပြီ၊ ခပ်ထန်ထန်လေး ပြောပစ်လိုက်၏။

"ဒါဆို အထက်တန်းခ ပေးရမယ်"

"ဘယ်လောက်လဲ"

"ငါးထောင်"

"ဗျာ . . . မများလွန်းဘူးလား ဆရာရယ်"

တေမိ လုပ်နေ၏။ ထို့ကြောင့်-

"ရော့ . . . ဆရာ"

ရန်ကုန်ဘူတာကြီးသို့ ချောမောစွာ ရောက်၏။ အင်း. . . ကိုယ်ကတော့ ပေးနိုင်၍ လိုရာခရီး ရောက်ခဲ့ပါပြီ၊ မပေး နိုင်သူတွေ ဘယ်လိုလုပ်ကြပါ့။ တွေးရင်း ရင်ထဲမှာ ဆူးစူးသလို။

◆

ရထားပေါ်မှ ကြော့ကြော့လေး ဆင်းလိုက်သည်။ ဆီးယိုတောင်းကြီး ထမ်းမည်ပြုခိုက် . . .

"ကျွန်တော် ထမ်းပေးမယ်"

အံမယ် . . . တော်တော် လူမှုရေးစိတ်ဓာတ် ပြည့်ဝသူပါတကား။

"နေပါစေဗျာ အားနာစရာကြီး၊ ကျွန်တော့်ဘာသာ ထမ်းပါ့မယ်"

"ကိုယ့်ဘာသာကိုယ် ထမ်းထမ်း အလုပ်သမားခ ပေးရမှာပဲ"

"ဗျာ"

တောင်းကို ဆတ်ခနဲ ဆွဲယူ ထမ်းပိုးပါလေ၏။ ပြီး အသော့သား ထွက်သွားသည်။ ကျွန်တော့်မှာ ထိုသူ၏ အရိပ်ပမာ။ သူက . . .

"ဘယ်ဆီကို သွားမှာလဲ"

"လမ်းမတော်ဆိပ်ကမ်း"

စိတ်မရှည်ပြီ၊ ငုံးတိတိပင် ပြော လိုက်၏။ ထို့ကြောင့် . . .

"ယွေ့ ကျော်ကြီး၊ ဒီမှာ လမ်းမ တော်ဆိပ်ကမ်း သွားမယ်တဲ့"

www.burmeseclassic.com

ကျော်ကြီးဆိုသူ ကကအငှား သာဉ်ပေါ်သို့ တောင်းကြီးကိုပစ်ချသည်။

"ကျွန်တော့်အသိ ကကအငှား သာဉ်နဲ့ သွားမယ်ဗျာ"

ကျွန်တော် စောဒကတက်သော်သည်း. . . "အတူတူပါပဲဗျာ၊ သူနဲ့သာ လိုက်သွားစမ်းပါ"

ချည်ပြီးတုပ်ပြီးဆိုတော့ ကျွန်တော် မလှုပ်နိုင်၊ ငုပ်တုတ်ထိုင်ကာ လိုက်ခဲ့ရ၏။

◆

အငှားယာဉ်ပေါ်မှ အဆင်း . .

"ဘယ်လောက်ကျသလဲ ဆရာ"

"သုံးထောင်"

ပြောမနေတော့ မောရုံရှိမယ်။ ပေးလိုက်ရ၏။ သင်္ဘောလက်မှတ် ဝယ်ဦးမည်။ တန်းဝင်စီ၏။ ကျွန်တော့်အလှည့်။ ငါးထောင်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။

"အကြွေအမ်းစရာ မရှိဘူး"

"ကျွန်တော့်မှာလဲအကြွေမရှိဘူး"

သူ စကားမဆိုတော့။ ကျွန်တော့်ကို ဥပေက္ခာ ပြုလိုက်သည်။ 'ဟင်း ဒုက္ခကြရောပေါ့' ဟု စိတ်မှရေရွတ်ရင်း ငါးထောင်တန်ကိုပြန်ယူသည်။ ကွမ်းယာဆိုင်သို့ ထွက်ခဲ့၏။ စီးကရက် တစ်ဘူးဝယ်သည်။ အကြွေရပြီ။ တန်းပြန်စီ၏။

"လက်မှတ်တစ်စောင်"

တစ်ထောင်တန်နှစ်ရွက် ပေးလိုက်သည်။ လက်မှတ်ရ၏။ ကဲ ဘာပြောနိုင်သေးလဲ။ လက်မှတ်ရောင်းကို ခပ်စွေစွေလေးကြည့်ရင်း ပီတိဖြင့် လှည့်ထွက်၏။

"ဟိုက်. . ."

သွားပြီ၊ သင်္ဘောထွက်သွားပြီ။ ဒီတစ်ခေါက် နောက်တစ်ခေါက် စောင့်ရတာပေါ့ အင်း. . . ကိုယ်ကတော့ စောင့်နိုင်သူမို့ စောင့်နေပါပြီ။ သေရေးရှင်ရေးကိစ္စရှိသူတွေ ဘယ်လိုလုပ်ကြပါ့ မလွှင်း ရင်ထဲမှာ ဆူးစူးသလို။

◆

"ဘိုကလေးမြို့မှ ကြိုဆိုပါ၏"

"ဒုန်း"ခနဲ တံခါးအကျ၊ "ဝုန်း" ခနဲ လူအုပ်ကြီး ပြုဆင်းသွားသောကြောင့် အထက်ပါ ဆိုင်းဘုတ်ကြီး မျက်ခုံးလှုပ်သွား၏။ အပြေးချန်ပီယံများ တာထွက်ကြပြီ။ ပြေး ပြေး၊ ပြေးနိုင်မှ သက်ဆိုးရှည်၊ အဲ နေရာရမယ်နော်။

မပြေးနိုင်သူများမှာတော့ . . .

"ဆိုက်ကား၊ ကျိုက်ဒေးယုံလမ်းကို"

"တစ်ထောင်"

ကျေနပ်စွာ ဝင်ထိုင်လိုက်၏။ ဆိုက် ကားဆရာ တစ်မောအတွင်း အိမ်ရောက်၏။ ရောက်ပြီ ကိုယ့်အိမ် ကိုယ့်ရာ ကိုယ့်ကမ္ဘာပေပဲ။ ထို့ကြောင့်. . .

"မချိုရေ၊ ဟေ့ မချို၊ လာ သယ်စမ်းပါဦးဟ"

တအားကုန် အော်သော်လည်း မရ။

"တယ်၊ ဒီမိန်းမ ဘယ်သွားနေလဲ မသိဘူး။ ဟေ့ ခေါ်နေတယ်ကွ"

ခုနစ်သံချီ ဟစ်လိုက်သောကြောင့် . . . "ကြိုးကြာသံနဲ့ အော်မနေနဲ့၊ နင့်မိန်းမ ဈေးသွားတယ်"

အယ်- ယောက္ခမကြီးပါတကား၊ ဘယ်တုံးက ရောက်နေသည် မသိ။

"အဟဲ. . . အမေ၊ နေကောင်းတယ်နော်"

ကျွန်တော် မျက်နှာချို သွေးပါသော်လည်း . . .

"နေကောင်းလို့ တွေ့ရတာပေါ့၊ လာ နင့်တောင်းကြီးသယ်ခဲ့"

ရိုကျိုးစွာ ပြုမူဆောင်ရွက်ပါ၏။ အမောမပြေမီ . . .

"ဟဲ့ . . . ဖိုးစော၊ တောင်းထဲက ဘာတွေလဲ"

"ပုန်းရည်နဲ့ ဆီးယိုတွေပါ"

"များလှချေလား၊ ဘာလုပ်ဖို့လဲ"

"သူငယ်ချင်းတွေ ပေးဖို့"

သွားနှုတ်ခမ်းလေး တစ်ဆယ့်ငါးဒီဂရီ စောင်းသွားသည်။

"ကိုယ့်မယားဆီကိုတော့ တစ်လ ငါးထောင် မှန်မှန်မပို့နိုင်ဘဲနဲ့ ဒါမျိုးကျတော့ တယ်စေတနာ ကောင်းသကိုး"

ကျွန်တော့် နှလုံးအိမ်သို့ ဒေါသလှိုင်းလေး ပြေးခတ်သွား၏။ ထို့ကြောင့် 'အသေဝနာစ တာလာန်' အိမ်မှထွက်ခဲ့သည်။ လမ်း၌ ချစ်ဇနီးနှင့်ဆုံကြရာ. .

"ဟော. . . မောင်၊ မောင် ဘယ်တုံးကရောက်"

"အဲဒါ နောက်ကျမှပြောမယ်၊ မင်းအမေကြီး ဘယ်တော့ပြန်မလဲ"

"ဖြည်းဖြည်းပေါ့"

"မြန်မြန်ပြန်ခိုင်းကွာ"

"အလိုတော်. . . ယောက်ျားမရှိတုန်း အမေ့ကိုခေါ်ထားပြီး ယောက်ျားပြန်ရောက်တော့ ချက်ချင်း ပြန်ခိုင်းလို့ ဘယ်ဖြစ်မှာလဲ"

"အေး၊ သူမပြန်ရင် ငါပြန်မယ်"

"ပြန်. . . ပြန်. . . တော်မရှိလဲ နေလို့ဖြစ်တာပဲ"

"မင်း. . . တော်. . . တော်. . . လူဝါးဝပါလား"

"ဝ,ဘာဖြစ်လဲ"

"တော်ကွာ"

"မတော်ဘူး"

"တယ်လေ၊ ငါနော် ဟင်း. . ."

"သတ္တိရှိ ထိကြည့်ပါလား"

သူ့စကားက မောက်မာလွန်းသည်။ ကျွန်တော့်ဒေါသအိုး ကွဲသွားပြီ၊ ထို့ကြောင့် . . .

"ကဲကွာ. . . လူဝါးဝဦးကွာ"

"ကိန်"

ကျွန်တော်က အနီးရှိ ခွေးကို တအား ကန်ပစ်လိုက်၏။ ခွေးက ကျွန်တော့် ခြေသလုံးကို တအားဆွဲခါလိုက်သည်။ ခြင်းခြင်းနီသော သွေးတို့သည် မြေသို့ခ,လေ၏။ ချူတန်၏ တတိယ နိယာမ မှန်သည်။

**ဖိုးစော(သန်လျင်)**

❐





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

သစ်တောကြီးဝိုင်း အနီးတစ်ဝိုက်မှစ၍ ခပ်လှမ်းလှမ်းရှိသော တောတောင်များ၌ ရှာဖွေ ပစ်ခတ်လာကြသည်မှာ နှစ်ပေါင်း အတော်ကြာခဲ့ပေလိမ့်မည်။ နယ်ခံအရပ်သား မုဆိုးများက ပို၍ပင် များလိမ့်မည် ဖြစ်ပါမည်။ ကျော်လှိုင်တို့ စစ်သားမုဆိုးအဖွဲ့ တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ကြိုးကြားလုပ်ဆောင်ရသည်ဖြစ်၍ မိမိလုပ်ဆောင်မှု ပီပြင်အောင် ပြီး ကြိုးစားရပါသည်။

ကြိုးဝိုင်းထဲမှ လူများနှင့် ရွာသားများသည် အမြဲတစေ တောတိုးတောဝင်နေကြသူများဖြစ်၍ တောထဲမှ သားကောင်များကို ရှာဖွေပစ်ခတ်ရာတွင်လည်း ကျွမ်းကျင်နေကြလေ၏။ ဤရိုးမတောထဲသို့ ကျော်လှိုင်သည် စစ်သားဖြစ်ခါစ ရဲဘော်ပေါက်စ ဘဝမှစ၍ ရောက်ခဲ့ဖူးသူ ဖြစ်ပါသည်။ ယခုအချိန်တွင် တပ်ကြပ်အဆင့်သို့ ရောက်နေပြီး လုပ်သက်ဆင် ရှစ်နှစ်ကျော် ကိုးနှစ်သို့ ရောက်နေပြီ ဖြစ်ပါသည်။

နယ်မြေအေးချမ်းမှု ရှိလာသော အခါမှ ရွာသားများ၏ စားဝတ်နေရေး ပြေလည်လာမှုကို တွေ့ရသောအခါ ကျော်လှိုင်ကတော့ ကျေနပ်နေပါသည်။ အခုဖြစ်ဖြစ် ကျော်လှိုင်တို့ အဖွဲ့က ...တန်လျှင်စားဖို့ ရိက္ခာအဆင်သင့် ... ဟင်းစားကတော့ ဒီလိုပဲရှာဖွေစား၊ ...စားရပါသည်။ ကျော်လှိုင်တို့ စခန်း ...ဖြစ်သော တပ်ခွဲမှူးဗိုလ်ကြီး သောင်း...တ စည်းကမ်းကြီးပါသည်။

သူကိုယ်တိုင်လည်း ရှိတာနှင့်စား...သည်၊ ဟင်းမကောင်းသည်ဖြစ်စေ၊ ...ကောင်းသည်ဖြစ်စေ မည်သို့မျှ မပြောပါ။ ...အသားဟင်းစားချင်သော အကြပ် စစ်သည်များက ဆရာကျော်လှိုင်ကို အမဲ ...သွားစေလို၍ နားပူကြသည်။

"ဆရာကျော်လှိုင် လုပ်ပါဦးဗျ၊ လက်စွမ်းလေးပြပါဦး"

"ဟုတ်တယ် . . . ဆရာ၊ ပဲဟင်း ငါးပိကြော်နဲ့ လွေးနေရတာ မနိပ်တော့ဘူးဗျ"

"ဒီတစ်ခေါက် ဆရာကျော် ခြေတော်တော်ငြိမ်တယ်၊ တပ်ခွဲမှူးကလဲ သက်သတ်လွတ်သမားများလား မသိဘူး၊ ဘာနဲ့ကျွေးကျွေး တစ်ခွန်းမပြောဘူးဗျာ"

အကြပ်စစ်သည်များက မကြာခဏ ဤသို့ လာပြောနေကြ၏။ ကျော်လှိုင်ကတော့ ထုံးစံအတိုင်း ဘာမျှပြန်မပြော။ အင်းမလုပ်၊ အဲမလှုပ်နှင့် ငြိမ်နေပါသည်။ တစ်နေ့တော့ ရွာသားတစ်ယောက် စခန်းပေါ်တက်လာပြီး တပ်ခွဲမှူးအတွက် တစ်ပိဿာလောက်ရှိသော ဆတ်သားတွဲတစ်တွဲ လက်ဆောင်ပေးသွားလေ၏။

"ဆရာကျော်၊ တပ်ခွဲမှူးခေါ်တယ်"

အကြောင်းကတော့ ထူးပါပြီ။ ရဲဘော်တွေကို နားငြီးလို့ ဆရာကျော်လှိုင် အကွက်ရွှေ့လိုက်ပါသည်။ ရွှေ့လိုက်သည့်အကွက်ထဲသို့ တပ်ခွဲမှူးရောက်ပြီထင်ပါသည်။

တမြန်နေ့က အသားတွဲလာပို့ခြင်းသည် ဆရာကျော် ဖန်တီးလိုက်ခြင်းဖြစ်ပါသည်။ တစ်ပိဿာလောက်ရှိသော အသားသည် တပ်ခွဲမှ ရဲဘော်များအတွက် ဝေမျှ၍ မစေ့သောကြောင့် စားရသူက စားရပြီး မစားရသူလည်း ရှိလေ၏။ ထိုကိစ္စကို ပြေလည်အောင် ဖြေရှင်းဖို့အတွက် တပ်ခွဲမှူးမှ ဆရာကျော်လှိုင်အား အမဲကြီးပစ်ဖို့ ခေါ်ပြောလိုက်လေ၏။

ကျော်လှိုင်သည် တပ်ခွဲမှူး စိတ်မပြောင်းမီ အမြန်ထွက်မှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။ သေချာအောင် လုပ်ရမည်ဖြစ်၍ ရွာထဲမှ အရင်းနှီးဆုံး မိတ်ဆွေကိုလူလေးထံသို့ ဦးစွာ ထွက်လာခဲ့ပါသည်။

ကိုလူလေးဆိုသူမှာ ဆင်ဦးစီး တစ်ယောက်ဖြစ်ပြီး တောကျွမ်းသော မုဆိုးတစ်ဦးလည်း ဖြစ်လေ၏။ ကိုလူလေးကို သူ့အိမ်မှာပင် အဆင်သင့် တွေ့ရပါသည်။ သေနတ် အီကွင့်မင့်အပြည့် အစုံနှင့် ရောက်လာသော ဆရာကျော်လှိုင်ကို တွေ့ရသောကြောင့် လူလေးမှာ အံ့အားသင့်စွာ စကားဆိုလေ၏။

"ဆရာကျော် လာပုံက အထူးပါလား၊ ဩော် . . . သိပြီ၊ ဒါကြောင့်ကိုးဗျ"

"ဟ . . . ကိုလူလေးကလဲ . . . ဘာတွေ သိနေတာလဲ၊ ရှင်းစမ်းပါဦး"

"ဒီနေ့ မနက်မှာဗျာ၊ ဆရာကျော် ကျုပ်ကို လက်ဆောင်ပေးထားတဲ့ ခါးပတ်နဲ့ရေဘူးကို မုန်တိုင်းကြီးက သူ့နှာမောင်းနဲ့ ပုတ်ပြတာ နှစ်ခါ၊သုံးခါတောင်ဗျ၊ ဒီကောင်ကြီးက ဆရာကျော်လာမယ်လို့ သိနေတယ်လေ၊ အဲဒါပါပဲဗျာ"

မုန်တိုင်းဆိုသည်မှာ ကိုလူလေး စီးနေသော စွယ်စုံဆင်ထီးကြီး ဖြစ်ပါသည်။ အားခွန်ဗလ အရပ်အမောင်း ကောင်းပြီး လွန်စွာ လိမ္မာပါသည်။ ကိုလူလေး၏ဘဝ စိုပြည်လာခြင်းမှာလည်း မုန်တိုင်းကြီး ကောင်းမှုကြောင့်လည်း ဖြစ်ပါသည်။ တစ်ချိန်က ကိုလူလေးမှာ ဆင်းဆင်းရဲရဲ နေခဲ့ရပါသည်။ ထိုအချိန်က မုန်တိုင်းကြီးကို မစီးရသေးပါ။ မုန်တိုင်းကြီးကို စီးနေသော ဆင်ဦးစီးအတွက် တောက်တိုမည်ရ လုပ်ကိုင်ပေးရ၏။ ဆင်ချေးကျုံး၊ ဆင်အစာကျွေး၊ ဆင်ရေချိုး၊ ဆင်တင်းကုပ်ပြင်၊ ဆင်ကကြိုးဆွဲကြိုးချည် စသည်တို့ လုပ်ရလေ၏။ ကိုလူလေး၌ ရိုးမငှက်ဖျား အခံရှိ၍ မကြာခဏ နေမကောင်းဖြစ်တတ်၏။ သို့ပေမယ့်လည်း နေထိုင်မကောင်းရင်းမှ လုပ်ပေးခဲ့ရ၏။

ဆင်ဦးစီး ငြိုငြင်ခံရလျှင် အလုပ်မရှိဖြစ်မည်လည်း စိုးရ၏။ မိခင်မုဆိုးမကြီး ရှိသေး၏။ တစ်နေ့တော့ မုန်တိုင်းကြီးက ဆင်ဦးစီးကို နင်းသတ်လိုက်ပါသည်။ မုန်တိုင်းကြီး ဆင်ဆိုးစာရင်းဝင် ဖြစ်သွား၏။

www.burmeseclassic.com

ဆင်ဦးစီး နောက်တစ်ယောက်ပြောင်းပေးမယ့် ကိုလူလေးကတော့ သူ့အလုပ်ကို ကျေပွန်အောင် ထမ်းဆောင်ပါသည်။ နောက်ပြောင်းလာသည့် ဆင်ဦးစီးက ပို၍ကြမ်းတမ်းပါသည်။ မုန်တိုင်းကြီးကို ရက်စက်စွာ ပြုမူတတ်၏။ ထိုသို့ မပြုလုပ်ရန် ကိုလူလေးမှ တားပါသည်။ ဆင်ဦးစီးက ကိုလူလေး ပြောသည်ကို ဂရုစိုက်ခြင်း အလျဉ်းမရှိ။ မုန်တိုင်းကြီးခေါင်းမှာ ဒဏ်ရာဗရပွနှင့် သွေးခြင်းခြင်းနီနေ၏။

မုန်တိုင်းကြီးခေါင်းမှ ဒဏ်ရာများကို ကိုလူလေးက ဂရုတစိုက် ဆေးထည့်ပေးပါသည်။ တစ်နေ့သောအခါ မုန်တိုင်းကြီးက ဆင်ဦးစီးကို အတက်မခံဘဲ ပေရပ်နေ၏။ ကိုလူလေး ကြားဝင်ပြောမှ မုန်တိုင်းကြီးက ဝပ်ပေးလိုက်ပါသည်။

ကျေနပ်သည့်ပုံတော့ မဟုတ်ပါ။ လူလေးက ဆင်ဦးစီးအတွက် စိုးရိမ်နေပါသည်။ ဆင်ပေါ်ရောက်သွားသည်နှင့် ဆင်ဦးစီးသည် ခါးကြားမှ ဓားမြှောင်ဆွဲထုတ်ပြီး မိုက်မဲစွာဖြင့် မုန်တိုင်းကြီးခေါင်းမှ ဒဏ်ရာအပေါ်သို့ ထိုးစိုက်လေတော့၏။ မုန်တိုင်းလည်း နာကျင်လွန်း၍ အော်လိုက်သည့်အသံမှာ ကျယ်လောင်လှလေ၏။ အသားများပင် တဆတ်ဆတ် တုန်နေ၏။

ကိုလူလေးရင်ထဲ ထိခိုက်လှစွာ ခံစားလိုက်ရပါသည်။ ဒီနေ့အဖို့ ဒီဦးစီးသည် အမှားကြီးကို လုပ်မိလေပြီ။ မုန်တိုင်းအကြောင်း လူလေးလောက် ဘယ်သူမျှ မသိပါ။ ဒီလူတော့ နေမကုန်ဘူးလို့ တပ်အပ်ပြောနိုင်ပါသည်။ ထိုနေ့က မုန်တိုင်းကြီး ဣန္ဒြေမပျက် လုပ်ငန်းဝင်နေပါသည်။ မနက်ပိုင်းပြီး၍ ဆင်ဦးစီး ထမင်းစား ဆင်းသောအခါ မုန်တိုင်းကြီးက နှာမောင်းဖြင့် ရိုက်ချလိုက်ပါတော့၏။

ရိုက်ချလိုက်သော အရှိန်ကလည်း ပြင်းထန်လွန်းလှ၏။ ဆင်ဦးစီးသည် လွင့်ထွက်သွား၍ သစ်တုံးများကြားထဲတွင် အသက်ထွက်သွားပါတော့သည်။ အခြေအနေက မကောင်းနိုင်ပါ။ မုန်တိုင်းကြီး သတ်လိုက်သော ဆင်ဦးစီးသည် သစ်တောအရာရှိ၏ ယောက်ဖ ဖြစ်နေ၏။ လူလေးသည် မုန်တိုင်းကြီးကိုယ်ပေါ်မှ ကြိုးကို ဖြတ်လိုက်ပြီးသော်. . .

"မုန်တိုင်း၊ မင်းပြေးတော့၊ ဒီနားမှာ မနေနဲ့၊ ဝေးဝေးကိုသွား၊ ကဲ. . . သွားတော့. . ."

မုန်တိုင်းက မသွားဘဲ ပေကပ်နေ၏။ ပတ်ဝန်းကျင်မှလူများ ရောက်လာကြတော့မည်။

"မုန်တိုင်း၊ မင်းသွားတော့လေ၊ သူလူတွေ ရောက်လာရင် မင်းကိုဖမ်းပြီး သတ်လိမ့်မယ်"

ဤသို့ဖြင့် မုန်တိုင်းနှင့် လူလေးတို့ လမ်းခွဲခဲ့ကြပြီး မုန်တိုင်းကြီးကို မသတ်ဖို့ သက်ဆိုင်ရာ အရာရှိများထံသို့ ကြိုးစားတောင်းပန်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ အခြေအနေက တင်းမာနေဆဲမို့ မုန်တိုင်းကိုလည်း ရုတ်တရက် ပြန်မခေါ်သေးပါ။ ဤသို့ဖြင့် တစ်နှစ်ခန့် ကြာသောအခါ ထိုအရာရှိ ပြောင်းသွားလေ၏။

အသစ်ပြောင်းလာသော အရာရှိထံ တင်ပြတောင်းပန်သောအခါ မုန်တိုင်းကြီးအတွက် အဆင်ပြေပြီ ဖြစ်လေတော့၏။ ထို့နောက် ကိုလူလေး တောထဲသို့ လေးရက်၊ငါးရက်စာ ရိက္ခာထုပ်၍ မုန်တိုင်းအရှာထွက်တော့၏။ ဘယ်ဆီရောက်နေမှန်းမသိသော ဆင်တစ်ကောင်ကို ရိုးမတောအတွင်းရှာဖို့ရာ မလွယ်ပါ။ ကိုလူလေး တောထဲမှာ ရိက္ခာပြတ်ချိန် ငှက်ဖျားရောဂါကလည်း ပြန်ဖြစ်လာ၏။

မုန်တိုင်းကို မတွေ့တွေ့အောင် ရှာချင်သော်လည်း လူတ မဟန်နိုင်တော့ပါ။ ဘယ်နှရက်ရှိပြီမှန်း မသိတော့ပါ။ ဆေးလည်းမပါ၊ ရိက္ခာလည်း မရှိနှင့် တောထဲမှာ မေ့လဲသွားလေတော့၏။

ကိုလူလေး သတိရလာတော့ အိမ်ပြန်ရောက်နေ၏။ ကိုလူလေးကို တောထဲမှ ခေါ်လာသူကတော့ မုန်တိုင်းကြီးဖြစ်ပါသည်။ မုန်တိုင်းကြီးအသက်ကို လူလေးက ကယ်ဖူးသလို လူလေး၏

ကျော်လှိုင်ပစ်ပြီးသည်နှင့်
ဆင်ကြီးမုန်တိုင်းသည်
ပြောင်ကို အစွယ်ဖြင့်
ပြေးထိုးပြီး
ဖိထားလိုက်ပါသည်။
ဆင်ကြီး၏
ရုတ်တရက် ပြေးသွားချိန်တွင်
ကျော်လှိုင်လည်း
သတိကြီးစွာဖြင့်
ဆင်ကပ်ကို
မြဲမြဲကိုင်ထားလိုက်ရ၏။

အသက်ကို မုန်တိုင်းကြီးက ကယ်လို
ပြန်၏။

ထိုနေ့မှစ၍ မုန်တိုင်းကြီး
ပိုင်ရှင်မှာ လူလေး ဖြစ်သွားပါတော့
သည်။ လူလေးလည်း ဘဝပြောင်း
အစစ အဆင်ပြေလာတော့သည်
ပါသည်။

ယခု မုန်တိုင်းကြီး၏ကျော
တင်ထားသော ဆင်ကပ်အတွင်း
လျက် လိုက်ပါလာသော ဆရာ
လှိုင်သည် မုန်တိုင်းနှင့် ကိုလူလေးတို့
စဉ်များကို စဉ်းစားရင်း ကိုလူလေး
မုန်တိုင်းကြီးတို့သည် ဘဝရေစက်
သူများ ဖြစ်လိမ့်မည်ဟု ကောက်ချ
လိုက်၏။

ယခုလည်း ကျော်လှိုင်မှ အ
ပစ်လိုသည်ဟု လူလေးကို အကူအ
တောင်းသောအခါ အနီးအနားမှာ
နိုင်။ ဝေးဝေးသွားလျှင် ရနိုင်သည်
မုန်တိုင်းကြီးနှင့် ထွက်လာကြခြင်း
လေ၏။ ကိုလူလေးက ဆင်ကြီးကို
သည်နှင့် ပြောပုံမှာ. . .

"အကောင်ကြီးကြီးကွနေ
ထိုကဲ့သို့ နှစ်ခွန်းသာ
ကြားရပါသည်။ ဆင်ကြီးသ





www.burmeseclassic.com

www.burmeseclassic.com

ထိုက်ရုံပါပဲ။ ဆင်ပေါ်က ဆင်းဖို့မလိုဘဲ စစ်ရလိမ့်မည်ဖြစ်ပြီး ပစ်ပြီးသည်နှင့် ဆင်ကပ်ကို မြဲမြဲကိုင်ထားရမည်ဖြစ်ကြောင်း ကိုလူလေးမှ တင်ကြို၍ ပြောပြထားလေ၏။ ဆင်တစ်ကောင်၏ ဒသွားနှုန်းမှာ လူတစ်ယောက် ပြေးလိုက်ရပါသည်။ တောထဲသို့ ရောက်သောအခါ ကျောပေါ်မှ လူများကို သစ်ကိုင်း၊ ပင်းကိုင်းများနှင့် မတိုက်မိအောင် သွားတတ်ပါသည်။ ကိုလူလေးကတော့ ဤဆင်ကြီးနှင့် အကြိမ်ကြိမ် အမဲလိုက်ဖူးနေပြီ ဆိုလေ၏။

လူလေးက မုန်တိုင်းကို ကြီးချည်ထားသည်ဟူ၍ မရှိခဲ့ဖူးပါ။ မုန်တိုင်းကလည်း စည်းကမ်းရှိပါသည်။ တွေ့ရာကြဲရာ မသွားတတ်ပါ။ လူလေး တောထဲကို အမဲပစ်သွားလျှင် မုန်တိုင်းက နောက်မှ လိုက်လာတတ်သည်။ ပြော၍မရတော့ လူလေးက မုန်တိုင်းကျောပေါ်တက်ပြီး တောလည်ပါသည်။ ထိုအခါမှ ပို၍ အဆင်ပြေတော့၏။ နောက်များတွင် တောလည် အမဲပစ်ထွက်လျှင် မုန်တိုင်းနှင့်သာ သွားတော့၏။

ဆရာကျော်လှိုင် တိုင်လိုက်၍ရအောင် ဆင်ကပ်ကို အားချင်းကောက်ပြင်ပေးသော ကိုလူလေး၏ စေတနာကောင်းပုံကို အသိအမှတ်ပြုရပေလိမ့်မည်။ ကိုလူလေးကတော့ ဆင်ဦးကင်းပေါ်မှ ပြုတ်မကျအောင် လိုက်တတ်နေပေသည့် ကျော်လှိုင်အဖို့ ဆင်ကပ်သာမပါလျှင် လိုက်ရဖို့ မလွယ်ပါ။ ညမိုးချုပ်သည်နှင့် မိုးမတဲက အအေးဓာတ်က ဝင်လာသည်။ ည ၈ နာရီလောက်ရှိမှ လရောင်ထွက်လာပါသည်။ ဆင်ကြီးကတော့ အလုပ်သုပ်နှင့် သွားနေပါသည်။

ရိုးမဆိုးက ဘာရဲ့များပေါ်များ သာနေရာ ဖြစ်ပါသည်။ အချိန်မရွေး ... တတ်သည့်ကြိုက်၍ ... ပါရိုဝိရိယ ... လိုက်နေရ၏။ များသော ... နာရီတွင် ထွက်တက်သော ... ကြောင်းရပါသည်။ ... ချောင်းမြောင်း၍ ... သော သဘာဝမျိုးရှိပါသည်။

ကိုလူလေး ပြောပြပုံအရဆိုသော် သူ၏ဆင်ကြီးသည် ထိုသို့သော အန္တရာယ်ကိုလည်း ကြို၍မြင်တတ်သည်ဟု ပြောဖူးပါသည်။ ကိုလူလေးသည် ဒူးလေးကို ကျောမှာလွယ်လျက် မြားဘူးနှင့် မြားမြှောင်ကို ခါးမှခါးပတ်တွင် ချိတ်ထားလေ၏။

ဆင်ကြီးခေါ်ရာသို့ လိုက်လာသည်ဆိုသော်လည်း မည်သည့်တော၊ မည်သည့်အရပ် ဆိုသည်ကို မှတ်သားထားပါသည်။ ညနေ ၄ နာရီမှစ၍ ထွက်လာခဲ့ပါသည်။ ယခု ည ၁၀ နာရီ ထိုးတော့မည်။ ဆင်ကြီး၏ကျောပေါ်တွင် လုပ်လီလုပ်လဲ့ဖြင့် ဆင်ကပ်ကို ကိုင်ထားရပါသည်။ တောင်ဆင်းတောင်တက်က ပိုများပါသည်။ ည ၁၀ နာရီသာသာရှိသောအခါ သစ်ပင်ကြီးများဖြင့် အုပ်ဆိုင်းနေသော တောအုပ်တစ်ခုသို့ ရောက်လာ၏။ သစ်ရွက်များပေါ်သို့ ဖြာကျနေသော လရောင်သည်ပင် မြေကြီးပေါ်သို့ မကျနိုင်ရှာတော့ပါ။ ဆင်ကြီးသည် ထိုတောအုပ်သို့ရောက်သည့်အခါ တစ်လှမ်းချင်း ဖြည်းဖြည်း သွားနေပါသည်။ အချိန်ဆယ့်ငါးမိနစ်လောက် ကြာသောအခါ အလင်းရောင် ပိုရသောနေရာသို့ ရောက်လာ၏။

ထိုအလင်းရောင်သည် တောအုပ်အစပ်မှလာသော လရောင်ဖြစ်သည်ကို တွေ့ရလေ၏။ တောစပ်သို့ ရောက်သောအခါ မုန်တိုင်းကြီးသည် ရှေ့တွင်ရှိနေသော လွင်ပြင်ထဲသို့ စူးစိုက်ကြည့်နေပါသည်။ ထို့နောက် တောစပ်အတိုင်း လွင်ပြင်ကိုပတ်၍ သွားနေပြန်၏။ မုန်တိုင်းကြီးမှ မြင်ထားပြီလား မဆိုနိုင်ပါ။ ကျော်လှိုင်၏အမြင်မှာတော့ နှင်းရည်စိုနေသော မြက်ခင်းပြောင်ပြောင်နှင့် ချုံငယ်လေးများ ဟိုတစ်စု ဒီတစ်စု ရှိနေသည်ကို လရောင်အောက်၌ တွေ့ရပါသည်။

လွင်ပြင်က အတော်ကျယ်ပုံရပါသည်။ မုန်တိုင်းကလည်း တစ်လှမ်းချင်းနှင့် ခင်ကြဲကြဲတယ် ဆိုသလိုပါပဲ၊ ထိုသို့မှ ... တ်ခဲ့ပါမူ အမြန်လျှောက်သည်နှင့် ဆင်ကပ်ကိုချည်ထားသော ကြိမ်ကြိုးများက တကျည်ကျည်နှင့် အသံမြည်နေပါသည်။ ဤသည်ကအစ သိတတ်သော ဆင်လိမ္မာကြီး ဖြစ်ပါ၏။

တစ်နေရာသို့ ရောက်သောအခါ မုန်တိုင်းသည် လွင်ပြင်ဘက်သို့ ဦးလှည့်ပြီး ရပ်နေလိုက်၏။ ထို့နောက် ရှေ့သို့ နှစ်လှမ်း၊ သုံးလှမ်း လှမ်းလိုက်ပြီးသော် ဆူ၏ နားရွက်ကြီးနှစ်ဖက်ကို တန်းနေအောင်ကားလျက် နားရွက်ဖျားများက တဖျပ်ဖျပ်လှုပ်ပြီး ငြိမ်နေတော့ပါသည်။

ကျော်လှိုင်သည် မုန်တိုင်း၏ရှေ့တည့်တည့်မှ ချုံပုတ်ကို အသင့်ချိန်ထားပြီးပါပြီ။ ခါးလောက်အမြင့်ရှိသော ချုံကွယ်အပေါ်တွင် မည်းမည်းပြောင်ပြောင် ကျောကုန်းကြီးကို တွေ့နေရပါသည်။

အေးဆေးစွာ အစာစားရင်း တရွေ့ရွေ့သွားနေသော ပြောင်ကြီးကို ထင်ထင်ရှားရှားပင် လရောင်အောက်၌ တွေ့ရပါသည်။

"ဒိုင်း"

ကျော်လှိုင်ပစ်ပြီးသည်နှင့် ဆင်ကြီးမုန်တိုင်းသည် ပြောင်ကို အစွယ်ဖြင့် ပြေးထိုးပြီး ဖိထားလိုက်ပါသည်။ ဆင်ကြီး၏ ရုတ်တရက် ပြေးသွားချိန်တွင် ကျော်လှိုင်လည်း သတိကြီးစွာဖြင့် ဆင်ကပ်ကို မြဲမြဲကိုင်ထားလိုက်ရ၏။

ကျော်လှိုင်ပစ်လိုက်သော ကျည်ဆန်သည် ပြောင်ကြီး၏လက်ပြင်နောက်ကို ဖောက်ဝင်သွားသဖြင့် ရုတ်တရက် မပြေးနိုင်မီ ဆင်ကြီးမုန်တိုင်းက ပွဲသိမ်းပေးလိုက်ခြင်း ဖြစ်ပါသည်။

နာရီက ၁၁ နာရီ ၁၀ မိနစ်ကို ပြနေပါသည်။ မုန်တိုင်းကြီး အကူအညီဖြင့် ပြောင်တစ်ကောင်ကို လဲ့ပြီးပါပြီ။ လွင်ပြင်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါသည်။ မြူခိုးပါးပါးရှိသော ကြောင့် လွင်ပြင်ထဲကို ကိုက်တစ်ရာလောက်သာ မြင်ရပါသည်။

ကိုလူလေးထံမှ မည်သည့်စကားသံမှ ထွက်မလာသေးပါ။ သူတို့ အခြေအနေကို ကြည့်နေရုံပါပဲ။ သူတို့ကတော့



www.burmeseclassic.com

www.burmeseclassic.com

ဲ့နေရာအကြောင်းကို ကျော်လှိုင်ထက် ိမှာပါ။

ညဥ့်နက်လေ မြူကျလေဖြစ်မှာ ပါ၊ အခေါက မြင်နေရသော လရောင်သည် တဖြည်းဖြည်း ပို၍မှုန်ဝါးလာလေပြီ။ ဆင်ကြီးမုန်တိုင်းသည် ပြောင်သေကောင်အနားမှ တစ်လှမ်းချင်း ထွက်ခွာလာပါသည်။ မြူကျတော့မည့် အချိန်ကို သိနေပုံရပါသည်။ သူတို့လှုပ်ရှားနေပုံမှာ နောက်တစ်ပွဲရှိသေးသည့် အနေအထားမျိုးပါ။ မြင်ကွင်းကျယ်ပေမယ့် ပတ်ချာလည် ကိုက်ငါးဆယ်ကို မှုန်ပါးပါးသာ မြင်ရပါတော့သည်။ ရှေ့မှာထိုင်နေသော ကိုလူလေးသည် ငါးတောင့်ထုံးဓာတ်မီးကိုကိုင်လျက် ဆင်ခေါင်းပေါ် သို့ဝပ်ပြီး စူးစမ်းနေသည်ကို တွေ့ရပါသည်။ ဓာတ်မီးကိုတော့ မဖွင့်သေးပါ။ ဆင်ကြီးသွားနေပုံက မုဆိုးများ သားကောင်ချောင်းနေသည့်ပုံနှင့် တူလှပါသည်။

တစ်နာရီသာသာ ရှိပါပြီ။ အအေးဓာတ်က ပိုကဲလာ၍ လက်များထုံကျင်သလို ရှိနေ၏။ လက်ထဲက သေနတ်ကလည်း အေးစက်စက်နိုင်လှ၏။ ဆင်ခေါင်းပေါ်မှာဝပ်နေတဲ့ ကိုလူလေး ငြိမ်ချက်သားကောင်းနေ၏။ အိပ်တော့ မအိပ်လောက်ဘူးလို့ ထင်ပါသည်။

ဆင်ကြီးကတော့ တရွေ့ရွေ့သွားနေပါသည်။ ပတ်ဝန်းကျင်ကို လူသားမျက်လုံးဖြင့် မမြင်သော်လည်း ဆင်ကြီးကတော့ မြင်လို့ သွားနေတာပါ။ ကျော်လှိုင်နားထဲတွင် သတ္တဝါတစ်ကောင်ပြေးလာသောအသံကို ကြားလိုက်ပါသည်။ အသံကြားသောနေရာသို့ ထိုးချိန်ပြီး ကြည့်လိုက်၏။ မျက်လုံးနှစ်လုံးကို ဦးစွာတွေ့ရ၏။ ထို့နောက် ဆင်ကြီးရှေ့မှ ဖြတ်ပြေးသွားပါသည်။ ထိုအခါမှ ကိုလူလေး နောက်သို့လှည့်ပြီး လေသံနှင့် ပြောပါသည်။

"စိုင်ပေါက်လေးဗျ၊ စိုင်အုပ်ကို တွေ့တော့မယ်" ပြောပြီး ပြန်ဝပ်နေပြန်၏။ အခေါကတွေ့လိုက်သော သတ္တဝါသည် စိုင်အုပ်မှထွက်လာပုံဆောက်လျှင် အသံကြားသောနေရာမှ ဖြစ်လိမ့်မည်။ ဆင်ကြီးက စိုင်အုပ်အနားကို ကပ်ပေးမည့်သဘော ဖြစ်မည်ဟု တွက်ဆရင်း ပတ်ဝန်းကျင်ကို သတိပြုနေလိုက်၏။ ကိုလူလေး ပြန်ထလာပြန်သည်။ ဆင်ကြီးကလည်း ရပ်နေပါပြီ။

"အနားကပ်ပြီး ပစ်ရမှာ. . . ခေါင်းတည့်တည့်ကိုသာပစ်၊ နှစ်ကောင်လောက်ဆို တော်တော့. . ."

ပြောပြီးသည်နှင့် လက်ထဲမှဓာတ်မီးကို ဖွင့်လိုက်၏။ ဆင်ကြီး၏ ဘယ်ဘက်သို့ ကိုလူလေး၏ ဓာတ်မီးရောင်ရောက်သောအခါ မြူခိုးများအောက်၌ စိုင်အုပ်ကို တွေ့ရပါသည်။ ဓာတ်မီးရောင်ကို ခေါင်းထောင်ပြီး ကြည့်နေကြပါသည်။ ဓာတ်မီးရောင်က မြူခိုးများကြောင့် မှုန်နေသော်လည်း ဝါးတစ်ရိုက်အတွင်းမှာရှိသော စိုင်ငါးကောင်အုပ်ကိုတော့ ကောင်းစွာ မြင်ရပါသည်။

ဆင်ကြီးရပ်လိုက်ချိန်နှင့် ကိုလူလေး ဓာတ်မီးထိုးရှာလိုက်ချိန်သည် တစ်ပြိုင်တည်းပင် ဖြစ်ပါသည်။

"ဒိုင်း" "ဒိုင်း"

"ဝုန်း. . . ဗရုန်း. . . ဗုန်း"

စိုင်ထဲမှ ကျန်သောအကောင်များ မီးရောင်အောက်မှာ ပျောက်ကွယ်သွားပါပြီ။ လဲကျန်နေသော စိုင်နှစ်ကောင်မှာ ခြေကန်လက်ကန်နှင့် အကြောဆွဲနေပါသေးသည်။ ကိုလူလေး ပြောသည့်အတိုင်းပါပဲ။ အနီးကပ် ပစ်ရတာဆိုတော့ စိုင်ခေါင်းကြီးတွေက ပစ်မလွဲတဲ့ ပစ်မှတ်တွေပါ။ တစ်ချက်စီ ပစ်သွင်းလိုက်ရုံနှင့် လုံလောက်ပါသည်။ ထူးခြားနေတာက မုန်တိုင်းကြီးငြိမ်နေတာကို သတိပြုလိုက်မိ၏။ အကယ်၍သာ မုန်တိုင်းကြီး ငြိမ်မနေခဲ့လျှင် ကျော်လှိုင်၏ပစ်ချက်တွေ လွဲချော်ကုန်မှာ ဖြစ်ပါသည်။ ဤသည်ကိုလည်း သိတတ်သော ဆင်လိမ္မာကြီးဖြစ်ပါ၏။ ထိုနေ့ညမှာ အမဲကြီးသုံးကောင်ရပြီး ကိုလူလေးနှင့် ကျော်လှိုင်တို့ သစ်ပင်ပေါ်တွင် လင့်ထိုးပြီး အိပ်ခဲ့ရ၏။ မုန်တိုင်းကြီးကို တောထဲမှာ လွှတ်ပေးထားလိုက်ပါသည်။ ကိုလူလေး ပြောပြချက်အရ ယခုရောက်နေသော နေရာသည် တောင်ထိပ်တစ်ခု ဖြစ်သည်ဟု သိရပါသည်။ ကျော်လှိုင်တို့ သစ်ပင်ပေါ် ရောက်ပြီး မကြာခင် ကျားဟိန်းသံများ ကြားနေရပါသည်။ ရိုးမနှင့် ကျားဆိုတာတွေ မဆန်းပါ။ လူသူအရောက်ပေါက်နည်းသော နေရာမျိုးတွင်သာ ယခုလို သားကောင်ကြီးများ ကျက်စားတတ်ပါသည်။

ကိုလူလေး၏ အစီအစဉ်ကတော့ ဆင်နှင့် သယ်လို့ရအောင် အသားတုံးများ ပြုလုပ်ပြီး ကျပ်တိုက်ရမည် ဖြစ်ပါသည်။ တစ်ရက်နှင့် တစ်ညတော့ စောင့်ရပါဦးမည်။ နောက်ထပ် သားကောင်ပစ်ဖို့ မလိုတော့ပါ။ ယခုရှိနေသော အမဲကြီးသုံးကောင်ကိုပင် မသယ်နိုင်၍ ကျပ်တိုက်နေရပါပြီ။

ဆရာကျော်လှိုင်သည် လုပ်သက်နုနု ရှိနေစဉ်မှာပင် ဆရာသမားကောင်းများ၏ သင်ပြပေးမှုကြောင့် မုဆိုးအလုပ်ကို ကျွမ်းကျင်လာခဲ့ခြင်း ဖြစ်ပါသည်။ ရဲဘော်ပေါက်စ ဘဝမှာပင် တပ်ခွဲတပ်ရင်းများအတွက် ဟင်းအိုးကြီးဟု တင်စားခေါ်ဝေါ်ခံခဲ့ရသူ ဖြစ်ပါသည်။

နောက်နေ့တွေမှာတော့ တပ်ခွဲမှူးနှင့် ရဲဘော်တွေ မျှော်နေရှာရော့မည်။ ဟိုတုန်းက ဆရာကျော်လှိုင် တောလည်အမဲပစ်သွားလျှင် လှည်းနှင့်တိုက်ပြီး သယ်ရသည်ဟု တပ်ထဲမှ ရဲဘော်တွေ ပြောတတ်ကြပါသည်။ ယခုတော့ ဆင်နှင့်သယ်ရသည်ဟု ပြောကြဦးမှာပါ။

မည်သို့ပင် ဆိုစေကာမူ ဆရာကျော်လှိုင်ကတော့ ကိုယ့်တပ်ထဲက စစ်သည်တွေ တိုင်းပြည်တာဝန် ထမ်းဆောင်ကြရာ၌ အစစ အဆင်ပြေဖို့အတွက် တစ်နည်းနည်းနှင့် ကူညီနေရတာကိုပင် ကျေနပ်ဝမ်းမြောက်မိပါတော့သည်။

[ပဲခူးရိုးမသစ်တောကြီးဝိုင်းတွင် ဆင်ကြီးမုန်တိုင်းနှင့် တစ်ညတာဆုံခဲ့ရပုံ တပ်ကြပ်ကျော်လှိုင်(ငြိမ်း)၏ ကိုယ်တွေ့ဖြစ်ရပ်မှန်]

**ကြည်မင်းစံ(အောင်မြေသာယာ)**

❒





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"ဒီစိန်တုံးကလေးတွေကို နေရောင်က ထိုးဟပ်ထားလိုက်တော့ ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်နေတာတွေ့တယ် မဟုတ်လား၊ ဒါကြောင့် ဒီရွာကိုစိန်တောင်ရွာ၊ ဒီကျောက်တောင်ကြီးကို စိန်ခဲတောင်၊ ဟိုဘက်တောင်ခြေရင်းမှာရှိတဲ့ ရွာတော်ရှင်မကို စိန်တောင်ရှင်မလို့ ဟိုးပဝေသဏီကစပြီး ခေါ်လာခဲ့ကြတယ် ဆရာလေး"

"ဟုတ်ပါရဲ့ အဘလှရယ်၊ စိန်တုံးလေးတွေက လှလိုက်တာ တကယ့်သွေးပြီးသား အတိုင်း အံ့သြစရာပဲနော်"

ဆရာလေးဆိုသူ လူရွယ်မှာ တောင်ခြေတစ်ခုလုံးပြန့်ကျဲပြီး နေရောင်ကြောင့် တဖျပ်ဖျပ်တောက်ပနေသော လက်မခေါင်းအရွယ် စိန်တုံးကလေးတစ်တုံးအား ကောက်ယူကာ အံ့သြစွာကြည့်နေမိသည်။

"ဒီစိန်တုံးလေးတွေက သူ့အလိုလို ပေါ်ထွက်နေကြတာ ဆရာလေးရဲ့၊ အောက်မှာ စိန်ကြောအကြီးကြီးရှိတယ်လို့လဲ ပြောကြတယ်၊ တစ်နှစ် တစ်နှစ်လဲ သုံးစီးတိုက်လောက် ကျုံးယူပြီး ရွာဦးကျောင်းနဲ့ ရွာတော်ရှင်မရဲ့ အဝင်စင်္ကြံလမ်းတွေကို ခင်းပေးတာတောင် မကုန်နိုင်ဘူး၊ ဒီနှစ် ကျုံးယူပြီး နောက်နှစ်ဆို အများကြီး ပြန်ပေါ်နေပြန်ပြီ၊ အံ့သြစရာ အတော်ကောင်းတယ် ဆရာလေး"

"ဟုတ်ပါရဲ့ သူ့ဟာသူ အလိုလိုထွက်နေတယ်ဆိုတော့ အံ့သြစရာအမှန်ပဲ အဘလှရဲ့၊ အောက်မှာ စိန်ကြောရှိနေတာကိုက ထူးဆန်းတယ်နော်"

"နောက် ထူးဆန်းတာတွေ အများကြီးရှိသေးတယ်၊ ဆရာလေးကို ပြောပြရဦးမယ်"

"ဘာများလဲ အဘလှရဲ့၊ ပြောပါဦး"

"ဒီစိန်တောင်နယ်တစ်ဝိုက်မှာ ခိုးဆိုးတိုက်ခိုက်တာတို့၊ သူများ ပစ္စည်းခိုးယူလိမ်လည်တာတို့ဆိုတာ မရှိဘူး၊ တကယ်ရှိလာလို့ အငြင်းအခုံ ဖြစ်ပွားကြရင်လဲ ရွာလူကြီး၊ သက်သေ နှစ်ယောက်နဲ့အတူ စိန်တောင်ရှင်မရဲ့ ရှေ့မှောက်မှာ သစ္စာပြုကြရတယ်၊ ဒီနေရာမှာ မဟုတ်မမှန်ပြုလုပ်မိရင်တော့ ရက်မခြား သွေးအန်သေတာပဲတဲ့၊ အဲဒါတော့ တကယ်ထူးဆန်းတယ်၊ အမှုမှန်သမျှလဲ ဒီလိုပဲ ကျိန်စာနဲ့ စီရင်ခဲ့ကြတယ်တဲ့"

"ဆန်းတော့ ဆန်းတယ်နော်၊ ဒါပေမဲ့ အခုခေတ်မှာ ဒါတွေ တကယ်ရှိသေးလို့လား အဘလှရဲ့"

"အင်း . . . အခုအချိန်မှာ ခိုးဆိုးလိမ်လည်သူ မပေါ်သေးတော့လဲ ဘယ်အတပ်ပြောနိုင်မလဲ၊ တကယ်ပေါ်လာရင်တော့ ဆရာလေး မြင်ရဦးမှာပါ"

"ဒါလဲ ခေတ်အခါအရ ကျွန်တော်က ပြောရတာပါ၊ ဒီကိစ္စမျိုးဆိုတာ မယုံလို့လဲ မဖြစ်ဘူး၊ ဘာကြောင့်လဲဆိုတော့ အနီးအနားမှာ ထူးဆန်းတဲ့ စိန်တွင်းကြီးက သူ့အလိုလိုပေါ်လာနေတာ သူ့ဘုန်းသူ့ကံကြောင့်လို့ ပြောရမှာပဲ၊ ဒါပေမဲ့ အဘရယ် စိန်အစစ်တွေဆိုရင် ဘယ်လောက် ကောင်းလိမ့်မလဲနော် အဘလှ"

"စိန်ကတော့ အစစ်ပဲ ဆရာလေး၊ အဲဒါကြောင့် ဟိုးရှေးလူတွေက စိန်တောင်ရှင်မရဲ့ တစ်ကိုယ်လုံးမှာ စိန်ရတနာတွေ ဆင်မြန်းထားခဲ့ကြတာ ဆရာလေးတွေ့ရင် အံ့သြသွားမှာပါ၊ ဒီလို ဆင်မြန်းထားတာရယ်၊ စိန်ထွက်တဲ့ နေရာတွေ သတင်းကြီးလို့ ထင်ပါရဲ့ အင်္ဂလိပ်စစ်တပ်က ရောက်လာပြီး စိန်တွေကို သံပုံးနှစ်ပုံးစာလောက် အားရပါးရ ကျုံးယူပြီး မြင်းပေါ်တင်သွားကြတယ်၊ စမ်းသပ် စစ်ဆေးမယ် ပြောသွားတယ်၊ နောက်တော့မှ စိန်ကတော့ အစစ်ပဲတဲ့၊ သက်တမ်းနုနေသေးလို့ ရောင်းကမ်းမမီသေးဘူးဆိုတာ သိခဲ့ရတယ် ဆရာလေး"

ရွာခံ အဘလှနှင့် ဧည့်သည် ဆရာလေးဆိုသူ ကိုထွန်းထွန်းတို့ စကားပြောလာကြရင်း စိန်တောင်ရှင်မ နတ်ကွန်းနားသို့ ရောက်ရှိလာကြသည်။ ဆရာလေးဆိုသူ ကိုထွန်းထွန်းမှာ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများပင် ထသွားလေသည်။

ကျောက်တောင်ကြီးကို ကျောပေးကာ ကျောက်တုံးကြီးတစ်ခုပေါ်တွင် တင်ပျဉ်ခွေထိုင်နေသော စိန်တောင်ရှင်မ ရုပ်တုက လူတစ်ရပ်ခန့် မြင့်ပြီး တစ်ကိုယ်လုံး စိန်တွေစီထားသည်မှာ နတ်ရုပ်နှင့်ပင် မတူတော့။ လူသားစစ်စစ် မိန်းမကြီး တစ်ယောက်နှင့် အလွန်တူနေပေသည်။

စိန်ရတနာဆင်မြန်းထားသည်မှာ ခေါင်းမှာရော နားမှာပါ ရင်ဘတ် အင်္ကျီ ထဘီအားလုံး စိန်တွေပြည့်နေသည်။ ရုပ်တုကြီးမှာ လက်ရာမြောက်လှသဖြင့် ပြုံးနေသယောင် ထင်ရသည်။ ရုပ်တုတွင် ဆေးရောင်က လွင့်ပြေနေသလို အချို့နေရာတွင် မိုးရေကြောင်း ရေညှိများတက်နေသည်။

နတ်ကွန်းကြီးမှာလည်း သွပ်ပြားများ ဟိုလန် ဒီလန်ဖြစ်နေသဖြင့် မိုး မလုံ၊ ရှေ့မျက်နှာစာ နတ်လမ်း ဆောင်းကြီးမှာလည်း အချို့နေရာတွင် သွပ်ပြားများ မရှိတော့။ နေရာအတော်များများကြည့်မကောင်းအောင် ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် အကြံ အစည်သမား ထွန်းထွန်း၏ ဦးနှောက်တွင် ဖျတ်ခနဲ တစ်ချက် လင်းလက်သွားလေသည်။

"အခုလို ဒီနေရာကို တကူးတက လိုက်ပြတာ ကျေးဇူးတင်ပါကယ် အဘလှ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် ညက အိပ်မက်တစ်ခုမက်တာကို မနက်က ပြောမလို့ပါပဲ၊ အဘက အမြင်မှာ လိုက်ပြစရာရှိလို့ဆိုပြီး"

"ဟုတ်တယ်လေ အဘက တို့ရွာရဲ့ အထူးအဆန်းမှန်သမျှ ရောက်လာတဲ့ ဧည့်သည်ကို တစ်ခုမကျန် လိုက်ပြတာချည်းပဲ ဆရာလေး၊ ကဲ ဆ စကားကို ဆက်ပြောပါဦး"

www.burmeseclassic.com

"ညက ကျွန်တော် အိပ်ပျော်နေ ...န်းမှာ အခုတွေ့နေရတဲ့ စိန်တောင်ရှင် ...ဟာ ဘဝဟောင်းက ကျွန်တော့်ရဲ့ ...ယ်တော်ကြီး ဖြစ်ခဲ့ဖူးတယ်တဲ့၊ သူ ညက ရောက်လာပြီး 'သားတော်ကို ...ယ်တော်ကြီး လိုက်ရှာနေတာ၊ အခု ...ရွာရောက်လာတာ အတော်ပဲသား ...ယ်၊ မယ်တော်ကြီးလဲ ကြည့်ပါဦး၊ ...ရာ နန်းကလဲ ပျက်စီးနေပြီ မိုးတွေ ...ယို၊ နွားလွတ်တွေ တိုးဝှေ့ဖျက်ဆီး ...နဲ့ ညညဆို မယ်တော်ကြီး တစ်ရေး ... အိပ်မရဘူး၊ နွားတဲကြီး တစ်ဆောင် ...ဖြစ်နေပြီ၊ အခု ငါ့သားရောက်လာ ...န်းမှာ သပ်သပ်ရပ်ရပ်ကလေးဖြစ် အောင် လုပ်ပေးခဲ့ပါဦး သားရယ်'လို့ ...ပြီး ပျောက်ကွယ်သွားတယ်၊ အခု ...ဘလိုက်ပြတော့မှ ကျွန်တော့် မယ် ...တော်ကြီး ပြန်တွေ့ရလို့ ကျေးဇူးတင် ...တာ အဘရယ်"

အဘဦးလှဆိုသူ လူရိုးကြီးမှာ ...ရာလေးဆိုသူ လူရွယ်၏ ပြောစကား ...ကြောင့် အတော်ပင် စိတ်ဝင်တစား ဖြစ် ... အံ့သြသွားရလေသည်။

"ဟုတ်တယ်ဆရာလေး၊ တစ်ရွာ ...က လွှတ်ထားတဲ့ နွားတွေက ညနေ ...င်းရင် ရေသောက်ဖို့ ဒီစိန်တောင် ...င်းဆင်းလာပြီး ရေတွေ မိုးတွေ ...က်၊ နတ်ကွန်းနားက သစ်ပင် အုပ် ...မှာ ညအိပ်နားနေရင်း ဟိုတိုး ဒီ ... ဒီဝှေ့ပေါ့၊ နွားတွေ ဖျက်ဆီးပြီး ...တဲကြီး ဖြစ်နေတယ်ဆိုတာ မှန်ပါ ... အဘတို့ တစ်ရွာလုံး လယ်လုပ် ...နဲ့ ကျွဲနွားတွေကို စိန်တောင်ရှင်မ ... အပ်နှံပြီး တောထဲသို့ တစ်နွေလုံး ...ထားလိုက်ကြတာ၊ နွားတွေကလဲ ...ပေါ ရေပေါတဲ့ ဒီတောထဲမှာ လှည့် ...စားနေကြတာပေါ့၊ မိုးကျ လယ်လုပ် ... ကိုယ့်ကျွဲ ကိုယ့်နွားလိုက်ရှာပြီး ...သာပြန်စကြတာကွယ့်"

"ဟာ အဘတို့ရွာဟလဲ တစ်မျိုး ...ဘူး၊ ရွာတော်ရှင်မကို ကျွဲနွား ...င်းခိုင်းရတယ်လို့ တစ်ခါမှ မကြား ဖူးဘူး၊ အဲဒါ မလုပ်ကောင်းဘူး ထင် တယ် အဘရဲ့"

"ဟ - လုပ်ကောင်းလို့ပဲ ပဝေ သဏီကစ အခုထိ လုပ်နေကြတာပဲ ဆရာလေးရဲ့၊ စိန်တောင်ရှင်မကလဲ သူ့ အပေါ် တလေးတစား ကွမ်းယာ လက် ဖက်နဲ့ လာပြီး စိန်တောင်ရှင်မ ခင်ဗျား၊ ကျွန်တော်မျိုးတို့ရဲ့ နွားများ မပျောက် မရှရအောင် ကူညီစောင့်ရှောက်ပေးပါ လို့ ပြောပြီး လာအပ်သွားရင် ရွာသား တွေရဲ့ ကျွဲနွား တစ်ကောင်မှ မပျောက် အောင် သူက စောင့်ရှောက်ပေးတယ် ဆရာလေးရဲ့"

'ဟုတ်မှာပါပဲလေ၊ မယ်တော် ကြီးကို ဒီရွာသားတွေက ပူဇော်ပသ ထားတယ်ဆိုတော့လဲ ကူညီစောင့် ရှောက်ပေးရမှာပဲပေါ့' ဟု အလိုက် သင့်တွေးလိုက်ပြီး. . .

"ဒါနဲ့ အဘရဲ့၊ ကျွန်တော် စော စောက ပြောတဲ့ စိန်တောင်ရှင်မ ပေး သွားတဲ့ အိပ်မက်အတိုင်းပေါ့၊ နတ်နန်း ကြီးကလဲ ပျက်စီးနေပြီ၊ မိုးယိုထားလို့ မယ်တော်ကြီးရဲ့ ကိုယ်တစ်ခြမ်း ရေညှိ စွဲပြီး မည်းနေပြီ၊ အဲဒါတွေ ကျွန်တော် ပြုပြင်ချင်တယ် အဘ၊ ရွာက လူကြီးတွေ ရှင်းပြပြီး စေတနာအလျောက် ထည့်ဝင် ကြဖို့ အလှူခံချင်တယ်၊ အဲဒါ အဘလဲ ဝိုင်းပြောပေးပါဦး၊ အားလုံးအတွက် ကုသိုလ်ရေးကိစ္စမို့ပါ အဘရယ်"

"အဲဒီကိစ္စက ကောင်းတဲ့အလုပ် ပဲလေ ဆရာလေးရဲ့၊ အဘကိုယ်တိုင် သူကြီးကို သေသေချာချာရှင်းပြမယ်၊ ပြီးတော့ အဘကိုယ်တိုင်လဲ တစ်ရွာလုံး လိုက်ပြီး အလှူခံပေးမယ်၊ ကဲ စေတနာ ရှင် ဆရာလေး ကျေနပ်ပြီ မဟုတ်လား"

ဆရာလေးဆိုသူ ကိုထွန်းထွန်း မှာ အကြံအစည်ဖြင့် ရောက်လာသူ ဖြစ်သဖြင့် သူ့အကြံအစည် တချို့ တစ်ဝက် အောင်မြင်သွားခြင်းကြောင့် အလွန်အမင်းပင် ဝမ်းမြောက်ကျေနပ် သွားခဲ့ရလေသည်။

xxx

မကြာခင်ကမှ ဦးလှသွင်အိမ်သို့ ရောက်ရှိလာသော အသက်သုံးဆယ် ခန့် ဆရာလေးထွန်းထွန်းဆိုသူ လူရွယ် မှာ ရည်ရည်မွန်မွန် သွက်သွက်လက် လက်ရှိပြီး ရပ်ရွာအတွက်ကိုလည်း ကူညီတတ်သူဖြစ်သည်။ ဘာသာရေးနှင့် သာရေးနာရေး ကျန်းမာရေးတို့က အစ ကူညီဆောင်ရွက်ပေးလေ့ ရှိသည်။

သူ့ပြောပြချက်အရ စုန်းပူး နတ် တိုက် ပယောဂများကိုလည်း ကုသပေး နိုင်ကြောင်း ရွာသားများ သိရှိထား ကြလေသည်။

ဆရာလေးထွန်းထွန်း ရောက် လာသည်မှာ မကြာသေးသော်လည်း ဆရာလေး ထွန်းထွန်း၏ ဘာသာရေး ယုံကြည်ကိုးကွယ်မှုနှင့် နတ်ဒေဝတာတို့ အား လေးစားစွာပသပူဇော်မှုတို့ကြောင့် ရွာသားများက ချက်ချင်း လေးစား ခင်မင်သွားကြသည်။

တစ်နေ့က ဆရာလေးထွန်းထွန်း ပြောပြသည်မှာ ဒီရွာ ဒီနယ်သားများ ပူဇော်ပသထားသော စိန်တောင်ရှင်မ အား အိပ်မက်တွင်တွေ့ရကြောင်း၊ သူ့ နတ်နန်းနှင့် တန်ဆောင်းနတ်လမ်းတို့ ကိုပါ ပြန်လည် ပြုပြင်ပေးဖို့ မှာသွား ကြောင်း၊ သို့မှလည်း ဒီနယ်ဒီရွာသား များ အနေဖြင့် အပိတ်အဆို့ ပယောဂ များ ကင်းရှင်းကာ ကျန်းမာရေး စီးပွား ရေး လာဘ်လာဘများ ပွင့်လန်းလာမည် ဖြစ်ကြောင်းတို့အတွက် ပြုပြင်ပေးလို ကြောင်းတို့အား ပြောပြလာခဲ့ခြင်း ဖြစ် လေသည်။

မှန်ပါသည်။ ဤနယ်မြေတွင် ကျေးရွာအုပ်စုဝင် ဆယ့်နှစ်ရွာရှိသော် လည်း အိမ်ခြေအားဖြင့် လေးရာပင် မပြည့်ချင်။ လယ်ယာလုပ်ငန်းလုပ်ကိုင် သူများ ဖြစ်ကြသဖြင့် မချမ်းသာသော် လည်း ချောင်လည်ရှိ ထမင်းဝရုံသာ ရှိကြသည်။

သို့ကြောင့်လည်း ရှေးနှစ်ပေါင်း များစွာက တည်ရှိလာခဲ့သော အရှေ့ ဘက်တောင်ကုန်းလေးပေါ်မှာ သီရိမွှာ



www.burmeseclassic.com

www.burmeseclassic.com

သောကမင်းကြီး တည်ထားခဲ့သည်ဟု အများလက်ခံထားသော စေတီလေးကို ပင် နှစ်စဉ် ထုံးသက်န်းမကပ်နိုင်ခဲ့ကြ။ ပြီးတော့လည်း ရွာမြောက်ဖက်ကျောက် တောင်ခြေရင်းတွင် ဘိုးဘွားစဉ်ဆက် ယုံကြည်စွာ ပသပူဇော်လာခဲ့သော စိန် တောင်ရှင်မ နတ်ရုပ်ကြီးရှိနေသည်။

ရိုးရိုးကျောက်တုံးကို ထုဆစ် ထားသော်လည်း လက်ရာ အလွန် မြောက်လှသဖြင့် နယ်ဝေးဒေသများထိ စိန်တောင်ရှင်မဆိုသော နာမည်က သတင်းကြီးလျက် ရှိနေလေသည်။

စိန်တောင်ရှင်မ ရုပ်တုမှာ နှစ် ပေါင်းများစွာ ကြာမြင့်လာခဲ့သော်လည်း နောက်ထပ် ပြုပြင်သူမရှိသဖြင့် နတ် ကွန်းဆောင်ကြီး အချို့နေရာတွင်ပျက်စီး ယိုယွင်း၍ ပြနေလေပြီ။

မိုးထားသော သွပ်ပြားများ မိုးဒဏ်၊ လေဒဏ်ကြောင့် ဟိုတစ်ချပ် သည်တစ်ချပ် လွင့်ပျောက်ကုန်ကြပြီ ဖြစ်သည်။ နတ်ကွန်းနေရာတစ်ဝိုက်တွင် သစ်ပင်အုပ်ကြီးများ ရှိနေသဖြင့် ရွာက နွားလွှတ်များ နေရိပ်ခို ညအိပ်နေ ရာလည်း ဖြစ်နေလေသည်။

သို့သော်လည်း ရွာသားများ အနေဖြင့် ဦးဆောင်ပြုပြင်သူ မရှိ။

မိုးဦးလေဦးကျ နယုန်လ ရောက် လာလျှင်တော့ စိန်တောင်ရှင်မ ပူဇော် ပွဲကို စည်စည်ကားကား တစ်နယ်လုံးက ယောကျ်ား၊ မိန်းမ၊ ကလေးပါမကျန် လာရောက်ပူဇော် ဆုတောင်းကြလေ့ရှိ ကြသည်။

သို့ကြောင့်လည်း ဆရာလေး ထွန်းထွန်းက သူ့အိပ်မက်အရ ပြုပြင် လိုကြောင်း ပြောလာသောအခါ တစ် နယ်လုံးက အားတက်သရောဖြင့် ယုံ ကြည်စွာ ငွေကြေးထည့်ဝင် လှူဒါန်းကြ လေသည်။ ထို့ကြောင့်လည်း ဆရာလေး ထွန်းထွန်းနှင့်အဖွဲ့မှာ တစ်နယ်လုံးသို့ တစ်ရွာဝင် တစ်ရွာထွက် သွားရောက် အလှူခံကြသဖြင့်လည်း ငွေကြေး အတော်အတန်ပင် ရရှိကြသည်။

ရွာလူကြီးများကလည်း စိန် တောင်ရှင်မနတ်နန်း သပ်ရပ်လှပလာ မည့်အရေး တွေးကာပင် ပျော်နေမိကြ သည်။ ဆရာလေးထွန်းထွန်းကိုလည်း ကျေးဇူးတင်မဆုံး ဖြစ်နေကြသည်မှာ အမှန်ပင်။

တစ်နေ့တွင် ဆရာလေးထွန်း ထွန်း ဘိလပ်မြေ၊ သွပ်၊ သံများ ဝယ်ယူ ရန် မြို့ပေါ်သွားလိုကြောင်း ရွာသူကြီး ဦးမြတ်ထွန်းထံ ခွင့်တောင်းရာ ရွာသူကြီး က အလွယ်တကူပင် ခွင့်ပြုပေးလိုက် သည်။ ခွင့်ပြုရုံတင်မက ရွာသားများ ကိုယ်စား ယခုကဲ့သို့ အပင်ပန်းခံကာ ကူညီဆောင်ရွက်ပေးသဖြင့် အထူး ကျေးဇူးတင်ကြောင်းကိုပင် ပြောလိုက် သေးသည်။

မြို့နှင့် စိန်တောင်ရွာမှာ နှစ်ဆယ့် ငါးမိုင်ခန့်ဝေးသဖြင့် ကားလမ်းရှိရာသို့ ဆယ်မိုင်ခန့် လမ်းလျှောက်ပြီး မြို့ဘက် သွားသော ကားကြုံကို စောင့်စီးရ သည်။ မြို့ပေါ်တွင် သုံးရက်ခန့်နေပြီး အစီအစဉ်ဆွဲသည်။ ပစ္စည်း အချို့တစ် ဝက်ဝယ်ယူကာ အပေါင်းပါ ကြံစည် ဘက်ဖြစ်သော လက်သမား ပန်းရန် အဖြစ် လူငါးယောက်ခေါ်ယူပြီး စိန် တောင်ကြီးရွာသို့ ပြန်လာခဲ့သည်။ လိုအပ်သော တိုင်၊ ထုပ်၊ လျောက်၊ ဒိုင်း၊ မြား၊ သစ်သားထည်များကိုတော့ ရွာ သားများ စုပေါင်းလုပ်အားဖြင့် လှူဒါန်း ကြရန်ဖြစ်သဖြင့် ဆရာလေးထွန်းထွန်း စီစဉ်စရာ မလိုပေ။

သူ့အစီက ကြံစည်နေသည်မှာ အခြားမဟုတ်။ သူ၏ ရပေါက်ရလမ်းပင် ဖြစ်သည်။ သူ၏ မတောက်တခေါက် လေ့လာထားသော တိုင်းရင်းဆေးပညာ နှင့် အောက်လမ်းပညာရပ်များဖြင့် မသိ နားမလည်သော တောသူတောင်သား များထံမှ ငွေညှစ်ထုတ်ယူရန် ကြံစည် လာခဲ့ခြင်း ဖြစ်၏။

ကံကကောင်းချင်၍လားတော့ မပြောတတ်။ တစ်နယ်လုံး တစ်ရွာလုံး က အယူသည်းကာ အားကိုးယုံကြည်

ထားသော စိန်တောင်ရှင်မကို အ... ပေး ဗန်းပြပြီး ငွေရလမ်းတစ်ခု ထ... တွေ့ရှိလာရပြန်သည်။

ထို့ထက်မက မြက်မြက်... ရရှိရန်မှာ အခြားမဟုတ် ရွာသား... က စိန်တောင်ရှင်မကို အားကိုးပြီး ... ထဲတွင် တစ်နှစ်လုံး လှွတ်ထားသော... နွားများကို ခိုးယူရန် ဖြစ်သည်။ မြို့... အမဲရုံတွင် သွားရောင်းခြင်းဖြင့် သူ... အဖွဲ့အတွက် ငွေများများ ရရှိနိုင်ကြော... တွေးကာ ပီတိလမ်းကြောင်း ဖြောင့်... မိသည်။

ဆရာလေးထွန်းထွန်းမှာ အ... အစည်သမားဖြစ်သဖြင့် သူခေါ်... သော ပန်းရန်နှင့် လက်သမားမျာ... ရွာနှင့် တစ်မိုင်ကျော်ကျော်ဝေးသော... စိန်တောင်ရှင်မနတ်နန်းနားတွင် အ... လုပ်ရင်း ထိုနေရာမှာပင် နေရာချ... ပေးလိုက်သည်။

မိမိမှာ နဂိုတည်းခိုရင်းဖြစ်သော... အဘလှအိမ်တွင် နေထိုင်ကာ ရွာသ... များ၏ ကျန်းမာရေးကို စောင့်ကြ... ဂရုစိုက်ရန် အကြောင်းပြပြီး ကျန်... သည်။ ဒါကလည်း ဆရာလေးထွ... ထွန်း ရွာရောက်စကပင် သာ... နေထိုင်မကောင်းသူများအား ဆေး... ဆေးနှင့် တွဲဖက်ကာ အောက်လမ်း... များ တိုက်ကျွေးထားသည်။

မကြာသော ကာလမှာ ထို... အစွမ်းပြလာမည်မှာ သေချာသ... ထိုအခါမှ ဆရာလေးထွန်းထွန်းအ... ငွေတွင်းက ငွေကို အလွယ်တကူ ခ... ရန်သာ ရှိတော့မည် မဟုတ်ပါလာ...

တစ်နေ့ကလည်း စိန်တော... ရှင်မ နတ်နန်းပြုပြင်ရန်အတွက် ... ရွာအုပ်စုဝင် ဆယ့်နှစ်ရွာမှ ကာလ... အပျို လူပျိုများ လုပ်အားပေး... ရောက်ရှိလာကြသည်။

လုပ်အားပေးရန်မှာ စိန်တော... ချောင်းထဲမှ ကျောက်စရစ်များနှင့်... များကို ပန်းရန်လုပ်ရန် သယ်... ပေးကြခြင်း ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ သဲများ ကျောက်စရစ်ခဲများ သယ်ဆောင်ပေးနေကြရင်း စိန်တောင်ရွာမှ သူကြီးသမီး မြသီတာမှာ တစ်ကိုယ်လုံး ပူချစ်ပြီး ချက်ချင်း အဖျားဝင်လာသည်။

ထိုအကြောင်းအား သိလျှင်သိချင်း ဆရာလေးထွန်းထွန်း ဆေးလွယ်အိတ်ကလေးကို ယူကာ လုပ်အားပေးရာသို့ အပြေး ရောက်ရှိသွားသည်။ မြသီတာ မျက်နှာတစ်ခုလုံး နီမြန်းပြီး အပူရှိန်အတော်တက်နေပုံ တွေ့ရသဖြင့် ဆရာလေး ထွန်းထွန်းက မြသီတာ၏ လက်ကလေးကို ကောက်ကိုင်ကာ အဖျားသွေးစမ်းကြည့်သည်။

ပြီးတော့ နားထင်သွေးကြောကိုလည်း စမ်းကြည့်သည်။ အဖျားသွေးရှိသော်လည်း အရေးမကြီးကြောင်း ပြောကာ ထုံးစံအတိုင်း ချွေးထုတ်ဆေးနှင့် သီးခြားစီမံထားသော ဆေးတို့အား တိုက်ကျွေးလိုက်၏။ ခဏ အကြာမှာ ချွေးများထွက်လာပြီး နေထိုင်ကောင်းသွားသည်။

"ညနေ ဆရာ တစ်ခေါက်လာကြည့်ပေးဦးမယ်"

ဟုပြောလိုက်ပြီး ပြန်လာခဲ့သည်။ နေအတော်မြင့်လာသဖြင့် လုပ်အားပေးလူငယ်များ ရွာအသီးသီးသို့ ပြန်သွားကြလေသည်။

xxx

ဆရာလေးထွန်းထွန်းမှာ ရည်မှန်းထားချက်များ တစ်ခုပြီးတစ်ခု ခွင်ထဲသို့ ဝင်ရောက်လာသဖြင့် ပျော်ရွှင်နေမိသည်။ တစ်ဖက်ကလည်း သူ့တပည့်များအား တောင်ပေါ်တက်ပြီး လွှတ်ထားသော နွားများ အလွယ်တကူဖမ်းလို့ လွယ်အောင် ဆားကိုကျွေးပြီး အယဉ်သွင်းထားခိုင်းသည်မှာလည်း တဖြည်းဖြည်း အောင်မြင်ကြောင်း သိရသည်။

ရွာကလူကြီးများကလည်း ဘယ်လိုပြောပြော သူ၏ကျန်းမာရေး စောင့်ရှောက်ပေးမှုနှင့် သူတို့ ယုံကြည်ရာနတ်နန်းအား ပြုပြင်ပေးနေခြင်းကိုပင် အလွန်အကျွံ ကျေးဇူးတင်နေခြင်းကို ကျေနပ်နေမိသည်။

ရွာရှိ လူကြီးပိုင်းက ဆရာလေးထွန်းထွန်း၏ လုပ်ဆောင်ချက်များကို ယုံကြည်နေကြသလို လူရွယ်လူလတ်ပိုင်းအချို့က စဉ်းစဉ်းစားစားဖြင့် တီးတိုးစကားပြောလျက် ရှိသည်။

"ဒီလူကြည့်ရတာ မြို့ကြီးသားလူလည်ဗျ၊ အကြံအစည်တစ်ခုခုနဲ့ အခုလို တောခေါင်ခေါင် ချောင်ကျတဲ့ရွာတွေလာပြီး ဘာမဟုတ်တဲ့ ချွေးထုတ်ဆေးတိုက်ပြီး ရွာကျန်းမာရေး စောင့်ရှောက်ပေးသလိုလိုနဲ့ ပြောနေသေးတယ်၊ ပြီးတော့ ရွာတော်ရှင်မနတ်နန်းပြုပြင်တာလဲ သူ့ဆီက တစ်ပြားမှ ပါတာမဟုတ်ဘူး၊ အလှူက လက်ဖက်နဲ့ အမြတ်ထွက်အောင် လုပ်နေတာဖြစ်မယ်၊ ဒီလူ့ကို ကျုပ်တို့ စောင့်ကြည့်မှ ဖြစ်မှာ အမှန်ပဲဗျ"

ဟုတ်လည်း ဟုတ်ပါသည်။

ဆရာလေးထွန်းထွန်း ဆိုသူကလည်း သူ မန္တလေးမှာ မွေးပြီး ရန်ကုန်မှာပဲ ကြီးသလိုလို၊ ပုသိမ်မှာ အနေများပြီး ယောတို့ ဆောတို့မှာ ပညာသင်ခဲ့သလို တစ်ခုမှ တိတိကျကျမရှိ၊ အမှန်မပြော ဝေ့လည်ကြောင်ပတ်။

မိန်းကလေးများနှင့် တွေ့လျှင်တော့ သူ့အရင်ဘဝက စိန်တောင်ရှင်မရဲ့ သားဖြစ်ခဲ့ဖူးလို့ စိန်တောင်ရှင်မ လှမ်းခေါ်တာနဲ့ ဒီကို ရောက်လာရတဲ့ အကြောင်း နားထောင်ကောင်းအောင် ပြောလေ့ရှိသည်။

ကြားရထားသူ လူရွယ်အချို့က သူ့အပြောကြောင့် အယုံအကြည်ကင်းမဲ့ချင်လာကြသည်။

ဆရာလေး ထွန်းထွန်းမှာ သူ့အကြံအစည်နှင့် သူ ဟုတ်နေသည်။ ညနေစောင်းလာတော့ ဆေးလွယ်အိတ်ကလေးလွယ်ကာ ရွာသူကြီးဦးမြတ်ထွန်း အိမ်သို့ ရောက်ချလာသည်။ အခြားတော့မဟုတ် မနက်ပိုင်းက စိန်တောင်ရှင်မ နတ်နန်းအတွက် လုပ်အားပေးရင်း အဖျားတက်လာခဲ့သော မြသီတာအား လာရောက်ကြည့်ရှုခြင်း ဖြစ်သည်။

လူမမာ မြသီတာ အိမ်ရှေ့ခန်းမှာ ဖျာခင်းပြီး လှဲနေသည်ကို လှမ်းတွေ့လိုက်သည်။ မြသီတာ ဖခင်ရွာသူကြီး ဦးမြတ်ထွန်းကလည်း ဆရာလေးထွန်းထွန်းကို မြင်လိုက်သည်နှင့် . . .

"လာပါ လာပါ ဆရာလေး၊ သမီးကတော့ အိပ်ရာထဲ လှဲနေတုန်းပဲဟေ့"

သူကြီးဦးမြတ်ထွန်းကလည်း ရွာသားများ ခေါ်သလို လေးစားသမှုနဲ့ ဆရာလေးဟုပင် ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ဆရာလေးထွန်းထွန်း အိမ်ပေါ် လှမ်းတက်ရင်း မြသီတာ လှဲနေရာသို့ လှမ်းကြည့်လိုက်ပြီး. . .

"ဘယ်လိုနေသေးလဲ မြသီတာ၊ အဖျားတက်သေးလား"

မြသီတာ ဘာမှ ပြန်မဖြေဘဲ ခေါင်းညိတ်ပြလိုက်သည်။ ဆရာလေးထွန်းထွန်းက သူမ၏ ဖခင်ဘက်သို့ လှည့်ကာ ယဉ်ကျေးစွာဖြင့်. . .

"ဦးလေး ကျွန်တော် မြသီတာကို အဖျားသွေး ရှိ၊ မရှိ ခဏစမ်းကြည့်ဦးမယ်နော်"

"ကြည့်ပါ ဆရာလေး ကြည့်ပါ၊ ဆရာလေးနှမကိုလဲ ဂရုစိုက်ပေးပါဦး၊ သူက နည်းနည်းဖျားတာနဲ့ အားငယ်တတ်တာလဲ အလွန်ပဲ"

"ဟုတ်ကဲ့ပါ ဦးလေး၊ စိတ်ချပါ တစ်ရက်နှစ်ရက်ဆို အဖျားပျောက်သွားမှာပါ" ဟုပြောရင်း မြသီတာ အနီးသို့ ရောက်သွားပြီး လက်ကောက်ဝတ်ကလေးကို လှမ်းကိုင်ကာ အကြာကြီး သွေးစမ်းကြည့်သည်။ ပြီးတော့ နားထင်ကြောကို ထောက်ကာ သွေးစမ်းကြည့်ပြန်သည်။ ခဏအကြာမှာ ဆေးတစ်ခွက်အား ရေနွေးပူပူဖြင့် မှုတ်သောက်ခိုင်းသည်။

ဒီတစ်ခါ တိုက်သောဆေးမှာ အမှုန့်မဟုတ်ဘဲ ဆေးလုံး ခပ်ကြီးကြီး





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြောင်း မြသီတာ သတိထားလိုက်မိသည်။ ယခု ဆေးတစ်ခွက်ပါဆိုလျှင် ဆရာလေး ထွန်းထွန်း၏ ဆေးကို သောက်ခဲ့သည်မှာ နှစ်ခွက်မြောက်ဖြစ်သည်။

မြသီတာ ဆေးသောက်ပြီး ခဏ မှိန်းနေချိန်တွင် ဆရာလေးထွန်းထွန်းက သူမဖခင်အား နှုတ်ဆက်ကာ ပြန်သွားလေသည်။ မြသီတာ၏ စိတ်ထဲ အတွေးတစ်ခုက ဝင်ရောက်လာမိသည်။ ဆရာလေးထွန်းထွန်း၏ သွက်လက် ဖျတ်လတ်စွာ ကူညီတတ်မှုနှင့် အသားဖြူဖြူ အရပ်မြင့်မြင့် ယောကျ်ားပီသပြီး ချိုမြသော သူ၏အပြုံး၊ အထူးသဖြင့် သူ သွေးစမ်းကြည့်တုန်းက မိမိလက်ကို အကြာကြီး ကိုင်ထားချိန်တွင် ဘာကြောင့်ရယ်မသိ မြသီတာ ရင်တွေ ခုန်နေမိသည်။

သူ့မျက်နှာကို လှမ်းကြည့်မိတော့လည်း ကြည်လင်ရွှင်ပျသောအပြုံးလှလှဖြင့် မြသီတာ၏မျက်နှာကို စိုက်ကြည့်နေတတ်သဖြင့် မျက်လုံးချင်း ဆုံသွားခဲ့ကြသည်။ ထိုကဲ့သို့ တွေးမိသောအခါ ခံစားနေရသော အဖျားရောဂါလုံးဝပျောက်ကင်းသွားပြီဟု တွေးထင်လိုက်ရလေသည်။

ဒီနေ့ တစ်နေ့လုံး အဖျားတက်မလာသော်လည်း ဆရာလေးထွန်းထွန်းကို သတိရနေမိသည်။ ငါ ဘယ်လိုဖြစ်တာပါလိမ့်။ မျက်စိမှိတ်ထားရင်လည်း ဆရာလေးထွန်းထွန်း၊ မျက်စိဖွင့်နေပြန်ရင်လည်း ဆရာလေးထွန်းထွန်း မျက်လုံးထဲက လုံးဝ ပျောက်မသွား။

သူမ၏နှလုံးသားကို ဆရာလေးထွန်းထွန်းကပင် စိုးမိုးနေလေပြီလား။ အသက်နှစ်ဆယ်ကျော်ခါစ အပျိုမတစ်ယောက်၏ နှလုံးသား ဒီလောက်တောင် ရူးရူးနှမ်းနှမ်း ဖြစ်နေရသလား။ သူကလည်း ကိုယ့်အပေါ် ဘာစကားမှ ပြောသေးတာ မဟုတ်ပဲနဲ့ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။

သို့သော်လည်း မြသီတာ ဆိုသော တောပန်းအရိုင်းကလေး၏ နှလုံးသားတွင် ဆရာလေးထွန်းထွန်းမှ ဆရာလေးထွန်းထွန်းပင် ဖြစ်နေလေတော့သည်။

ဆရာလေးထွန်းထွန်းကို ကြည့်ရသည်မှာ တစ်နယ်တစ်ကျေးသား မှန်သော်လည်း ဆေးဆရာ မှော်ဆရာ ယောင်ယောင်၊ ဘာသာရေးသမား လိုလို ဘာမှတော့ ဟုတ်တိပတ်တိ မမြင်။ သို့သော်လည်း သူ့ရုပ်ရည်သွင်ပြင်နှင့် သူ့အပြောက မိန်းကလေး တစ်ယောက် စွဲမက်စရာ။

တစ်နေ့က သူပြောသောစကားကို ကြည့်ပါဦး။ သူဟာ အရင်ဘဝ စိန်တောင်ရှင်မသား ဖြစ်ခဲ့ဖူးတယ်။ မင်းရဲ့ ချစ်သူက ဒီရွာမှာ ရှိနေတယ်တဲ့။ အဲဒါကြောင့် မယ်တော်ကြီး လှမ်းခေါ်လို့ ကျွန်တော် ရောက်လာတာပါ။ ချစ်သူကိုတော့ တွေ့ခွင့်ရပါပြီ။ ဒါပေမယ့် ကျွန်တော်က ညီ့သည်ဆိုတော့ ဘာစကားမှ မပြောရသေးပါဘူးတဲ့။

ဇာတ်လမ်းဆင်ကာ ယုံလောက်အောင် ပြောခြင်းဖြစ်ကြောင်းကို မြသီတာ သဘောပေါက်မိသည်။ သိလည်း သိပါသည်။

သို့သော်လည်း မြသီတာ၏ နှလုံးသားတွင် တနုံ့နုံ့ ထိုးကျင်တွယ်ငြိနေသော ချစ်ခြင်း၏ ဆန္ဒသာ အဓိကဖြစ်သည်ဟု ခံယူထားလိုက်မိသည်။

အဖျားသက်သာသဖြင့် မြသီတာ ရေခတ်သွားရင်း ရေကန်ဘေးက အုတ်ကန်တွင် ရေချိုးနေသော ဆရာလေးထွန်းထွန်းကို တွေ့လိုက်ရသည်။ မြင်တွေ့လိုက်ရသည်နှင့်ပင် မြသီတာ ရင်ခုန်စွာဖြင့် ငေးကြည့်နေမိသည်။ ဆရာလေးထွန်းထွန်းကလည်း ရေချိုးရင်းမှ အပြုံးမြမြလေးဖြင့် စကားလှမ်းပြောလာသည်။

"မြသီတာ နေကောင်းသွားပြီလား၊ အရမ်းကြီး အအေးမခံနဲ့ဦးလေ၊ တော်ကြာ ပြန်ဖျားနေပါဦးမယ်"

မြသီတာက စကားပြန်မပြောသော်လည်း ခေါင်းတစ်ချက်ညိတ်ကာ ဆရာလေး ထွန်းထွန်းအား ငေးကြည့်နေမိသည်။

"ဟင်. . . မြသီတာ စကားလေး ဘာလေး ပြောဦးလေ၊ ဘာလို့ ငေးငြိ တိတ်ဆိတ်နေရတာလဲ၊ အစ်ကိုထွန်းထ ညီ့သည်ပါဗျာ၊ အိမ်ရှင်ရွာခံက စကား မပြောဘဲနေရင် ညီ့သည်က အားငယ် သွားမှာပေါ့ မြသီတာရယ်"

ထိုအခါမှ မြသီတာ တွေငေး နေရာမှ ဖျတ်ခနဲ သတိရလာပြီး. . .

"အဲသလို မဟုတ်ပါဘူးရှင် မြသီ တာက တောသူဆိုတော့ စကားလှလှ တွေ စီကာ ပတ်ကုံး ဟုတ်တိပတ်တိ မပြောတတ်လို့ပါနော်"

မြသီတာပြောပြီး ရေကန်တွင်း သို့ ရေဆင်းခပ်လိုက်သည်။ ရေအိုး ခေါင်းပေါ်ပင့်တင်လိုက်ခါမှ ခေါင်းပေါ် က ခေါင်းခုက ဖုတ်ခနဲ မြေကြီးပေါ်သို့ ပြုတ်ကျသွားလေသည်။ ထိုအဖြစ် ကလေးကို မြင်လိုက်ရသော ဆရာလေး ထွန်းထွန်းမှာ မြသီတာအနားသို့ အပြေး ကလေး ရောက်လာပြီး ခေါင်းခုအား ကောက်ယူကာ ခေါင်းပေါ်သို့ တင် ပေးလိုက်သည်။

ပြီးမှ သူ့ညာဘက်လက်ကလေး နှင့် မြသီတာ၏ ဖောင်းဖောင်းအိအိ ပါး ကလေးကို ညင်သာစွာ တစ်ချက်ဆွဲယ လိုက်လေသည်။

"စကားလုံး လှလှလေးတွေ မပြောတတ်တဲ့ တောသူမလေးကိုတော့ ညနေ ဆေးလာတိုက်ရင်း စကားတွေ အများကြီး ပြောတတ်အောင် သင်ပေး ရဦးမယ်နော် မြသီတာ"

ထိုသို့ ဆရာလေးထွန်းထွန်း ပြောလိုက်ချိန်တွင် မြသီတာ ရင်ထဲက အပျော်လုံးလေးတွေဆို့တက် မတင် ဝမ်းသာသွားပြီး အလိုလို ခေါင်းညိတ် ပြီးသား ဖြစ်သွားခဲ့ရသည်။

အိမ်ပြန်လာရင်း အတွေးများ ညနေမှာ ဆေးလာတိုက်ရင်း စကား အများကြီး ပြောတတ်အောင် သင် ရဦးမယ်တဲ့ အပြုံးလှလှလေးနဲ့ ချစ်စ

www.burmeseclassic.com

...လုံးတွေ ပြောသွားတဲ့ အစ်ကိုရယ် ...တွေးရင်း ရင်ခုန်နေမိသည်။

အမှန်လည်း မြသီတာ သူ့...ပေါ် တကယ်ချစ်မိပါသည်။ ချစ်မိပြီ...တော့ မိမိဘဝတစ်ခုလုံး သူ့အတွက် ...အပ်ရန်ကိုပင် မြသီတာက ဆုံးဖြတ် ...ပြီး ဖြစ်ပါလေသည်။

×××

ညနေစောင်း ဆရာလေးထွန်း ...ရောက်လာချိန်တွင် မြသီတာ မိဘ ...အိမ်တွင် ဘယ်သူမှမရှိကြ။

ဆရာလေးက ဆေးတစ်ခွက် ...ပြီး မြသီတာနှင့် နှစ်ယောက်အတူ ...ပြောခွင့်ရသည်။

ထိုအခါ ဆရာလေးက. . .

"မြသီတာအပေါ် အစ်ကိုက ...ယ့်ကို မြတ်မြတ်နိုးနိုး ချစ်တာပါ၊ ...နှစ်ယောက်အတူတွေ့ပြီး ချစ်မြတ် ...ခြင်းဟာလည်း ဘဝဟောင်းတစ်ခု ...ချစ်သူများ ဖြစ်ခဲ့ကြလို့ပါပဲ၊ အခုလို ...ည်ဆုံတွေ့ရတဲ့အခါမှာ အရင် ...တ်များစွာ ပိုပြီး မခွဲနိုင်လောက် ...င် ချစ်ရပါတယ် မြသီတာရယ်"

မြသီတာကတော့ ဘဝဟောင်း ...အာတွေဆိုတာ သူက စီကာပတ် ...ပြောမှ ကြားဖူးတာပါ။ ယုံကြည် ...ည်း မဟုတ်။ မယုံကြည်သည် ...မဟုတ်ပါ။ သူ့အပေါ် မိမိနှလုံး ...က ချစ်မိပြီဆိုမှတော့ သူပြော ...တ်ခံရုံကလွဲပြီး အခြားမရှိ။ အား ...ခေါင်းညိတ်နေမိသည်။

သူနောက်ထပ် ပြောသည်မှာ ...နဲ့ အကြာကြီး ခွဲမနေနိုင်တော့ ...ဒါကြောင့် မကြာခင် လက်ထပ် ...င်း၊ မြသီတာ ဆုံးဖြတ်ပြီးရင် ...ရဲ့မယ်တော်ဟောင်း ဖြစ်ခဲ့ဖူးတဲ့ ...င်ရှင်မကို နှစ်ယောက်အတူ ...က်ပြသ ဖူးမြော်ကန်တော့ရန် ...င်း ယိုသို့ ဖူးမြော်ကန်တော့ပြီးမှ ...ပ်ကြရန် ဖြစ်ကြောင်း ပြောပြ ...ည်။

ထိုကဲ့သို့ သူ့အနေနဲ့ မြသီတာအပေါ် ယုံကြည်လက်ခံလောက်အောင် လှည့်စားပြောဆိုနေခြင်းပင် ဖြစ်ပါစေ မြသီတာအနေဖြင့် ယုံသည် မယုံသည်၊ အခုမှ တွေ့ကြသည်မှာ မကြာသေးဟူသော စသည်တို့မှာ အကြောင်းမဟုတ်ပါ။

မြသီတာ၏ ရင်ထဲမှ ဆရာလေးထွန်းထွန်းအပေါ် အသည်းတနင့်နင့် ဖြစ်ကာ ချစ်နေရခြင်းသည်သာ အဓိက ဖြစ်နေသည်။ သို့ကြောင့်လည်း ဆရာလေး ထွန်းထွန်းပြောသမျှကို အားလုံး လက်ခံလိုက်လေသည်။

မြသီတာတစ်ယောက်မှာ သူမကိစ္စအား မိဘများကိုပင် မတိုင်ပင် ပတ်ဝန်းကျင်ကိုလည်း အသိပေး ပြောပြ ခဲ့ခြင်းမရှိ၊ မိမိ၏ အလိုဆန္ဒဆုံးဖြတ်ချက်တစ်ခုဖြင့် ဆရာလေးထွန်းထွန်းအပေါ် အစွဲကြီးစွဲကာ အချစ်ကြီးချစ်နေမိပြီး ချစ်သူ ဆရာလေးထွန်းထွန်း၏ စီစဉ်ဆုံးဖြတ် ပြောဆိုသွားသည့်အတိုင်း လိုက်ပါလုပ်ဆောင်ရန် ပြင်ဆင်ထားလေသည်။

ဆရာလေးထွန်းထွန်းမှာ သူ့အတွေးနှင့် သူ ပျော်ရွှင်နေမိသည်။ မြသီတာ သူ့အပေါ် လိုက်လျောလွန်းသည်မှာလည်း တခြားကြောင့် မဟုတ်။ သူတိုက်ကျွေးထားသော ပီယသိဒ္ဓိဆေးကြောင့်ပင် ဖြစ်သည်။ မြသီတာ သူ့အပေါ် စွဲလမ်းချစ်ခင်လာခြင်းအတွက် သူ့အစီအစဉ်များကလည်း ပိုမိုကျယ်ပြန့်လာသည်။

တစ်ဖက်တွင် သူ့တပည့်များနှင့် တောင်ပေါ်က ခိုးထုတ်ရန် စီစဉ်ထားသောကိစ္စ ပိပိရိရိဖြစ်အောင် စီမံဆောင်ရွက်ရသည်။ အခြား စိန်တောင်ရှင်မ နတ်နန်း ဆောက်လုပ်နေမှုကိုလည်း ဟန်မပျက် ဆက်လုပ်နေရမည်။ ပထမ အစီအစဉ်မှာ မြသီတာအား ခိုးယူလက်ထပ်ရန် ကြံစည်ထားသော်လည်း ဒုတိယ အကြံအစည်သစ်တစ်ခု သူ့ခေါင်းထဲ ရောက်လာသောအခါ ပထမအစီအစဉ်အား ပယ်ဖျက်ထားလိုက်သည်။

ဒုတိယအကြံအစည်မှာ မြသီတာအား ပိုင်ဆိုင်ရန် မလိုဘဲ သူကြီး၏ ရှိသမျှ ရွှေထည်ပစ္စည်းများနှင့် မြသီတာ ဝတ်ဆင်ထားသော ဆွဲကြိုး၊ လက်ကောက်၊ နားကပ်၊ လက်စွပ်တို့အား အလွယ်တကူ ရရှိနိုင်သော နည်းလမ်းပင်ဖြစ်သည်။ ရရှိလာသည့် ရွှေထည်များကိုယူကာ အသာလေး ကိုယ်ယောင်ဖျောက်သွားရန် ဖြစ်သည်။

တစ်နေ့ နေ့ခင်းပိုင်းတွင် မြသီတာနှင့် တွေ့ဆုံပြီး သူ့အစီအစဉ်ကို ပြောပြလေသည်။

"မြသီတာနဲ့ အစ်ကို လက်ထပ်ပြီးရင် အစ်ကိုတို့မှာ ကိုယ်ပိုင်ပစ္စည်းဆိုတာ လိုတယ် မြသီတာ၊ အစ်ကိုက ဂမ္ဘီရလောကီပညာကို တတ်ထားပေမယ့် မတည် ရွှေထည်ပစ္စည်းတော့ လိုနေတယ်၊

ရွှေတွေသာ အစ်ကို့လက်ထဲ ရောက်လာရင် အစ်ကိုရဲ့ ဣစ္ဆာသယ ဂမ္ဘီရမန္တန်တန်ခိုးနဲ့ ရွှေ ငွေတွေ နှစ်ဆတိုးအောင် စွမ်းဆောင်ပေးနိုင်ပါတယ် မြသီတာ။

ဒါကြောင့် ဒီလိုတော့ စဉ်းစားထားပါတယ်၊ အခု မြသီတာ ဝတ်ထားတဲ့ ရွှေနဲ့တော့ မလုံလောက်သေးဘူး၊ မြသီတာရဲ့ မိဘမှာရှိတဲ့ ရွှေတွေပါ ခဏယူလိုက်ရင်အဆင်ပြေသွားမှာပဲ၊ အစ်ကိုနဲ့ မြသီတာတို့ ကိုယ်ပိုင်ရွှေတွေ ပွားပြီးရင် ပြန်ထားမှာပဲလေ။

ဒါပေမယ့် ဒီကိစ္စကို လူကြီးတွေသိလို့ မဖြစ်ဘူး၊ အကျယ် အကျယ်ဖြစ်သွားရင် အစ်ကို ဒုက္ခရောက်မှာမို့ လူကြီးတွေ မသိအောင် ယူမှ ဖြစ်မှာနော်၊ အစ်ကိုပြောသလို ဖြစ်လာမယ်ဆိုရင် ရွှေတွေနဲ့အတူ အစ်ကိုရယ် မြသီတာရယ် စိန်တောင်ရှင်မကို ဖူးမြော်ကန်တော့ရမယ်၊

ရွှေတွေကို သူ့ရှေ့မှာ ထားပြီး အစ်ကိုက မန္တန်ရွတ်မယ်၊ ရွှေတွေ ပွား





www.burmeseclassic.com

www.burmeseclassic.com

ပြီးရင် မယ်တော် စိန်တောင်ရှင်မက လက်ထပ်ဖို့အတွက် ခွင့်ပြုပေးမယ်တဲ့ မြသီတာ၊ အဲဒါ ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ မြန်မြန် စီစဉ်နော်"

မြသီတာမှာ ကြာကြာပင် မစဉ်းစား၊ ဆရာလေးထွန်းထွန်းအပေါ် ချစ်နေမိသော အလိုဆန္ဒကြောင့် ဘာမဆိုယုံကြည်စိတ်ချပြီး ငြင်းပယ်နိုင်စွမ်းမရှိ။ အရာရာချစ်သူအတွက်သာဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။

"ဒါဆို စိန်တောင်ရှင်မဆီ ဘယ်နေ့သွားမလဲ အစ်ကို"

"အစ်ကို့သဘောကတော့ မြသီတာနဲ့ အကြာကြီးခွဲမနေချင်တော့ မြန်လေကောင်းလေပဲ မြသီတာ၊ ဒီနေ့ညနေ မှောင်ရီပျိုးစအချိန်ဆိုရင် ပိုကောင်းမလားပဲ"

"အစ်ကို့ သဘောအတိုင်းပဲ၊ အစ်ကို ရွာပြင်ကစောင့် မြသီတာ ထွက်လာခဲ့မယ်"

မြသီတာမှာ အလိုရမ္မက်ဆန္ဒတစ်ခုကြောင့် စဉ်းစားဆင်ခြင်နိုင်စွမ်းမရှိဘဲ ချစ်သူအလိုကျ ဖြည့်ဆည်းပေးရန် ချက်ချင်းပင် ဆုံးဖြတ်လိုက်သည်။

တစ်နေ့လုံး မိဘများမသိအောင် ရွှေထည်ပစ္စည်းများကို ယူဆောင်ပြီး မိမိဝတ်ဆင်သော ပစ္စည်းနှင့်ပေါင်းလိုက်လျှင် ဘယ်လိုပြောပြော နှစ်ဆယ့်ငါးကျပ်သားခန့် ရှိပေလိမ့်မည်။

လက်ဝယ်ရောက်ရှိနေသော ရွှေထည်ပစ္စည်းများကို ကြည့်ကာ ချစ်ရသူဆရာလေးထွန်းထွန်းနှင့်အတူ အချစ်နိဗ္ဗာန်ဘုံမှာ အချစ်ဇာကြွေရန် စိတ်ကူးပြီး ပျော်မြူးနေမိသည်။

ဆောင်းအကုန် နွေအကူးကာလ မှောင်ရီပျိုးစအချိန်ဖြစ်သည်။ တောတောင်များအကြား မြေပြန့်လွင်ပြင်ကလေးဖြစ်နေသော စိန်တောင်ရွာပတ်လည်အား ဘယ်ဘက်က တိုက်လာမှန်းမသိသော လေပြည်လေညင်းများကြောင့် အေးအေးမြမြ တွေ့ထိနေရသည်။



လေညင်းကလေးနှင့်အတူ ဝေ့လွင့်ပါလာသော တောပန်းရနံ့များကလည်း ရှင်မြူးလန်းဆန်းသွားစေလေသည်။ ထိုအချိန်အခါမျိုးတွင် မြသီတာဆိုသော တောပန်းရိုင်းကလေးမှာ တစ်သက်တွင် တစ်ခါသာ ချစ်ဖူးသော ဆရာလေးထွန်းထွန်း၏ လက်မောင်းကို ကြင်နာစွာ ချိတ်ဆွဲလျက် မြူးမြူးကြွကြွ စိန်တောင်ရှင်မနတ်နန်းဘက်သို့ အေးဆေးစွာ လျှောက်သွားလျက် ရှိနေလေသည်။

ထိုအချိန်တွင် ဆရာလေးထွန်းထွန်းအား သံသယရှိသူ လူငယ်လူရွယ်များအနေဖြင့် အမြဲစောင့်ကြည့်လျက် ရှိနေပေသည်။ ယခု ဆရာလေး ထွန်းထွန်းနှင့် မြသီတာတို့ နေဝင်ရီရောချိန် နှစ်ယောက်တွဲကာ စိန်တောင်ရှင်မနတ်နန်းဘက်သို့ သွားနေခြင်းမှာ အကြောင်းထူးတစ်ခုတော့ ရှိနေမည်ဖြစ်သဖြင့် လူငယ်အချို့အား သူကြီးဦးမြတ်ထွန်းထံ အမြန်အကြောင်းကြားစေပြီး အချို့လူငယ်များက ထိုနှစ်ယောက်အား မျက်ခြည်မပြတ် စောင့်ကြည့်ကာ လျှို့ဝှက်စွာဖြင့် နောက်မှလိုက်ပါလျက် ရှိနေလေသည်။

ခဏအကြာတွင် စိန်တောင်ရှင်မ နတ်နန်းသို့ ရောက်ရှိသွားကြပြီး စိန်တောင်ရှင်မရှေ့က နတ်လမ်း တန်ဆောင်းတွင် နှစ်ယောက်အတူ ရပ်လိုက်ကြသည်။ မြသီတာက အိမ်မှယူလာသော ရွှေထည်ပစ္စည်း အထုပ်အား ဆရာလေးထွန်းထွန်းလက်သို့ အပ်လိုက်၏။

ရွှေထည်များကို လှမ်းယူရင်း မြသီတာအား သေသေချာချာ စိုက်ကြည့်လိုက်သည်။

ပြီးမှ မင်းသားဝတ်စုံအား ချွတ်လိုက်သော ဘီလူးတစ်ကောင်၏ဟန်အတိုင်း. . .

"ဒီမှာ မြသီတာ ငါက ကိုယ့်ရဲ့ အစီအစဉ်ကို မကွယ်မဝှက်ပြောရမယ် ဆိုရင်တော့ မင်းကို ဒီနေရာမှာ သတ် ထားခဲ့ပြီး ရွှေတွေ ယူသွားမလို့ပါပဲ

www.burmeseclassic.com

ဒါပေမယ့် အခုမင်းကို ကြည့်ပြီး သနားလာမိလို့ မသတ်တော့ဘူးကွာ၊ ဒီရွှေတွေထားခဲ့ပြီး မင်းဘာသာ မင်းအိမ်ပြန်ပေတော့ မြသီတာ"

သနား ကြင်နာကင်းမဲ့စွာ ဘီလူးသဘက်တစ်ကောင်ကဲ့သို့ ရက်စက်စွာပြောလိုက်သော စကားကြောင့် အချစ်ကို ကိုးကွယ်ရန် လိုက်လာခဲ့သော မြသီတာမှာ ကိုယ့်နားကိုပင် ကိုယ်မယုံလောက်အောင် ဖြစ်သွားခဲ့ရသည်။

ဆရာလေးထွန်းထွန်း၏ မျက်နှာကို အံ့ဩအားငယ်စွာဖြင့် လှမ်းကြည့်လိုက်ပြီး. . .

"ဟင် အစ်ကို့စကားက ရက်စက်လိုက်တာ အစ်ကိုရယ်၊ မြသီတာဟာလေ အစ်ကို့ကို ချစ်လွန်းလို့ အိပ်တောင်မပျော်ခဲ့ပါဘူး၊ ဘာမဆို အစ်ကို့အတွက် အသက်ပေးဝံ့သူပါ အစ်ကိုရယ်၊ အခုလဲ အစ်ကို ဖြစ်ချင်တာ မှန်သမျှ ဖြစ်တဲ့နည်းနဲ့ လုပ်လာခဲ့ရတာပါ၊ မြသီတာကို မရက်စက်ပါနဲ့ အစ်ကို၊ မြသီတာကို သနားပါဦး၊ မြသီတာကို သနားပါဦး အစ်ကိုရယ် . . . ဟီး ဟီး"

မြသီတာ မတ်တတ်ရပ်နေရာမှ ထိုင်ချလိုက်ရင်း ဆရာလေးထွန်းထွန်း၏ ခြေထောက်ကို ဖက်ကာ မျက်ရည်ခံထိုးပြီး ငိုပြောပြောနေလေသည်။

"ဟုတ်တယ်လေ၊ မင်းကို ငါ သနားလာမိလို့ အိမ်ပြန်လွှတ်နေတာပဲမဟုတ်လား၊ မသနားဘူးဆိုရင် ငါ့အခုပဲ ဒီဓားနဲ့ ထိုးသတ်လိုက်မှာပေါ့၊ မင်း ငါ့ကို ချစ်တယ်ဆိုတာကလဲ နှလုံးသားထဲက ချစ်တဲ့ အချစ်မဟုတ်ဘူးကွ၊ ငါတိုက်ကျွေးထားတဲ့ ပီယဆေးအစွမ်းကြောင့် မနေနိုင် မထိုင်နိုင် ဖျတ်ဖျတ်လူးအောင် ဖြစ်နေရတာပဲ"

"ပြောရက်လိုက်တာ အစ်ကိုရယ် ပြောရက်လိုက်တာ၊ မြသီတာသိတာကလေ အချစ်ဆိုတဲ့အရာကို ဘာဆေးနဲ့မှ တိုက်ကျွေးလို့မှ မရပါဘူး၊ အချစ်ဆိုတာ ဖြူစင်တဲ့နှလုံးသားထဲက စိမ့်ယိုထွက်ကျလာတဲ့အချစ်ပါ၊ သေလောက်အောင် မုန်းတီးနေတဲ့လူတစ်ယောက်ကို ဘယ်လို ပီယဆေးကမှလဲ နှလုံးသားထဲက စိမ့်ယိုကျလာတဲ့ အချစ်မျိုးဖြစ်အောင် မဖန်တီး မစွမ်းဆောင်နိုင်ပါဘူး အစ်ကို၊ မြသီတာကို မချစ်နိုင်တော့ဘူးဆိုရင်လဲ အစ်ကို့ဓားနဲ့ သတ်လိုက်ပါ၊ မြသီတာ အချစ်အတွက် အသေခံရဲပါတယ်၊ ဒီစကားမျိုးတွေ မကြားပါရစေနဲ့ အစ်ကိုရယ်"

"ငါရှင်းရှင်းပြောမယ် မြသီတာ အမှန်တော့ မင်းကို သတ်စရာတောင်မလိုဘူး၊ ငါတိုက်ကျွေးထားတဲ့ ဆေးအစွမ်းနဲ့ မင်း ရူးပြီး တဖြည်းဖြည်းသေသွားမှာ အမှန်ပဲ"

သူချစ်သူ၊ ဘဝတစ်ခုလုံး ပုံအပ်ရန် စိတ်ကူးခဲ့သော ချစ်သူ၏စကားကြောင့် မြသီတာပို၍ပင် ငိုကြွေးရလေပြီ။ လူမိုက်အတွက် ဆေးမရှိ ဆိုသောစကားမှာ ဆရာလေးထွန်းထွန်းအတွက် သီးသန့်ထားခဲ့ခြင်းပင်လား။ မိန်းကလေးတစ်ယောက်အပေါ် မညှာမတာ ယုတ်မာရက်စက်သော အကြံအစည်ပြုလုပ်ပြောဆိုခြင်းပင်လျှင်လူမိုက်တစ်ယောက်၏ ဗီဇပင်ဖြစ်ကြောင်း မြသီတာ တွေးကြည့်ရင်း သဘောပေါက်လာမိသည်။

ဆရာလေးထွန်းထွန်း၏ ခြေထောက်နားမှာ ဒူးတုပ်ထိုင်နေရင်းမှ မြသီတာ ချက်ချင်းစိတ်ပြောင်းသွားကာ မတ်တတ်ရပ်လိုက်သည်။ လက်နှစ်ဖက်ကို ခါးထောက်လိုက်ပြီး ဆရာလေးထွန်းထွန်း၏ မျက်နှာကို စိန်းစိန်းကြီးကြည့်ရင်း အံကြိတ်လိုက်ဆည်။

"ဒီမှာ ထွန်းထွန်း၊ မင်းဟာတော်တော်မိုက်တွင်းနက်တဲ့ လူမိုက်ကလိန်ကကျစ်ကောင်ပဲ၊ ဒီလိုနေရာဒေသမျိုးမှာလာပြီး လိမ်လည်လှည့်ဖြားဖို့ လုပ်နေတာ ငါမသိဘူး ထင်လို့လား၊ ဘယ်လောက်အထိ လိမ်လည်လှည့်စားနိုင်မလဲဆိုတာ ငါစောင့်ကြည့်နေတယ်၊ မင်းကို အခုလက်တွေ့ ဆုံးမရလိမ့်မယ်၊ ဒီနေရာက လုံးဝ ထွက်ပြေးမယ် စိတ်မကူးနဲ့၊ ငါ့အကြောင်း အခုသိစေရမယ်"

မြသီတာက ဆရာလေးထွန်းထွန်းအား လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောနေသဖြင့် ချက်ချင်း အမူအရာပြောင်းလဲသွားသော မြသီတာကို ကြည့်ကာ အတော်ပင် တုန်လှုပ်သွားရသည်။ ထိုကဲ့သို့ မြသီတာ ပြောဆိုလာခြင်းမှာ သာမန်တော့ မဖြစ်နိုင်။

ဒီရွာသို့ ရောက်ခါစ အဘလှပြောသလို . . .

"ဒီနေရာမှာ မဟုတ်မမှန် ပြုလုပ်မိရင်တော့ ရက်မခြား သွေးအန်ပြီး သေတာပဲတဲ့၊ ပြီးတော့လဲ အခုချိန်မှာ ခိုးဆိုးလိမ်လည်သူ မပေါ်သေးတော့ ဘယ်အတပ်ပြောနိုင်မလဲ၊ တကယ် ပေါ်လာရင်တော့ ဆရာလေး မြင်ရဦးမှာပါ"

တွေးရင်း ကြက်သီးများပင် ထလာမိသည်။ ကိုင်ထားသော ရွှေထုပ်ကို သမံတလင်းတွင်ချပြီး ထွက်ပြေးရန် စိတ်ကူးမိသော်လည်း မတ်တတ်လှုပ်မရ၍ မရ။ ဘယ်လိုမှလည်း လှုပ်မရ ပြုမရသဖြင့် ပို၍ ပို၍ပင် ထိတ်လန့်ကြောက်ရွံ့လာမိသည်။ ထိုစဉ်မှာ . . .

"ဝိုင်းထားဟေ့ . . . ဝိုင်းထား၊ မလွတ်စေနဲ့ အမိဖမ်းကြ"

မှောင်ရီပျိုးစ တိတ်ဆိတ်ငြိမ်သက်နေသော စိန်တောင်ရှင်မ နတ်နန်းတောစပ်စပ်တွင် ဆူညံသွားလေသည်။ တုတ်ဓားများကိုင်ဆောင်ထားသော ရွာသားများက ဆရာလေးထွန်းထွန်း၏ ဘယ်ညာ တစ်ဖက် တစ်ယောက် ညှပ်ကာ ဆွဲထားလိုက်သည်။

ကျန်ရွာသားများကလည်း . . .

"ဒီကောင် လူလိမ်၊ တစ်ခါတည်း သတ်ပစ်ရမယ်" ဟု ပြောကာတုတ်၊ ဓားများဖြင့် ထွန်းထွန်းအပေါ်မှ ဝဲပျံနေသည်။ ထိုစဉ်မှာ သူကြီးဦးမြတ်ထွန်းက . . .

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော်တို့ တစ်နယ်လုံးရဲ့ ပူဇော်ပသထားတဲ့ စိန်တောင်ရှင်မရဲ့ နန်းရှေ့မှာ ဘာမှ မလုပ်ကြပါနဲ့၊ သွေးထွက်သံယိုဖြစ်သွားရင် မကောင်းဘူး၊ လူမိုက်



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ သူ့ကံကြမ္မာ သူ့ဘာသာသူ စီစဉ်သွားပါလိမ့်မယ်" ဟု ပြောကာ ဝင်တားလိုက်သည်။

ထိုကဲ့သို့ဝင်ရောက်တားဆီးနေစဉ်မှာ သူကြီးကတော့ မြသီတာ၏မိခင်ရောက်ရှိလာပြီး မြသီတာ၏ လက်မောင်းကို ခပ်ကြမ်းကြမ်း ဖမ်းကိုင်လိုက်ပြီး . . .

"ဟင် အမိုက်မ၊ လင်တော်မယ့်ယောကျ်ားရှားလို့ တစ်နယ်တစ်ကျေးက ဘာမှန်းမသိတဲ့ လူလိမ်လူကောက်ကို နင်က စုံမက်ရတယ်၊ ကျော်မကောင်း ကြားမကောင်း မိဘမျက်နှာ အိုးမဲသုတ်တဲ့ကောင်မ၊ နင်သေသွားတာ ကောင်းတယ်၊ နှစ်လောင်းပြိုင်သတ်လိုက်ကြပါ ရွာသားတို့ရယ် သတ်လိုက်ကြပါ"

ထိုသို့ စိန်တောင်ရှင်မနတ်နန်းရှေ့မှာ တရုန်းရုန်း ဖြစ်နေကြစဉ် ကျောက်စရစ်ကုန်းရွာမှ ဆယ်အိမ်ခေါင်း ဦးညဏ်လွင် ဦးဆောင်ပြီး လူစိမ်း ငါးယောက်အား လက်ပြန်ကြိုးတုပ်ကာ တိုက်နယ်သူကြီး ဦးမြတ်ထွန်းထံ လာရောက်အပ်နှံကြလေသည်။

လူစိမ်းများမှာ တခြားလူ မဟုတ်ဘဲ စိန်တောင်ရှင်မ နတ်နန်းအား ပြန်လည်ပြုပြင်နေကြသော လူလိမ်ထွန်းထွန်း၏တပည့် လက်သမားနှင့် ပန်းရန်သမားများပင် ဖြစ်နေသည်။

ယခုကဲ့သို့ ဖမ်းဆီးပြီး လာပို့ရခြင်းမှာ တောင်ပေါ်တွင် လွှတ်ထားသော နွားအကောင်လေးဆယ်ကိုဆွဲပြီး ကားလမ်းဘက်သို့ အသွားတွင် ရွာသားများတွေ့သဖြင့် ဝိုင်းဖမ်းကြရာ နွားများနှင့်အတူ လက်ပူးလက်ကြပ်မိသဖြင့် နွားသူခိုးအဖြစ် လာရောက်အပ်နှံကြောင်း ဆယ်အိမ်ခေါင်းဖြစ်သူ ဦးညဏ်လွင်က ပြောပြသည်။

တိုက်နယ်သူကြီး ဦးမြတ်ထွန်းမှာ သမီးဖြစ်သူနှင့် ရွှေထည်ပစ္စည်းများ လိမ်လည်လှည့်စားသူ ထွန်းထွန်းနှင့် အပေါင်းပါ နွားသူခိုး ငါးယောက်အား ဂတ်တဲရှိရာ ကျောက်ဖြူတောင်ရဲစခန်းသို့ နွားလှည်းဖြင့် အမြန်ပို့ခိုင်းလိုက်သည်။

သမီးဖြစ်သူ မြသီတာအား အိမ်သို့ခေါ်ယူလာပြီး မေးမြန်းကြည့်ရာ မြသီတာမှ အကြောင်းစုံ ပြောသဖြင့် အားလုံး ရင်ထုမနာ ဖြစ်ကြရသည်။

ထိုစဉ် မြသီတာနှင့် ဆရာလေးထွန်းထွန်းတို့ စကားပြောနေစဉ် စောင့်ကြည့်နေခဲ့သော လူငယ်တစ်ယောက်က သူတို့ကြားလိုက်ရသော စကားအား ပြန်လည်ပြောပြသည်။

"ဒီကောင် လူလိမ်ထွန်းထွန်းက မြသီတာကို ရှူပြီး တဖြည်းဖြည်းသေစေတဲ့ ဆေးတိုက်ထားတယ်လို့ ပြောသွားတယ်၊ အဲဒါကလဲ တကယ်စိုးရိမ်စရာပဲ"

ဟု ပြောလိုက်သဖြင့် အားလုံး အထိတ်တလန့် ဖြစ်ကုန်ကြရသည်။ မြသီတာကဲ့သို့ပင် အခြားသူများ ဖျားနာနေမကောင်းဖြစ်စဉ် သူ့ကိုပင် အားကိုးတကြီးဖြင့် သူ့ထံက ဆေးကို သောက်ခဲ့သူ အများကြီးရှိနေသည်။

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

ရွာသားများထဲမှ တစ်ယောက်တစ်ပေါက် အသံထွက်လာသည်။ နွားသူခိုးလာပို့သော ကျောက်စရစ်ကုန်းရွာသားများက သူတို့ရွာနှင့် နှစ်မိုင်လောက်ဝေးတဲ့ တောထဲက သီရိဓမ္မာသောကမင်းကြီး ခေတ်ပေါင်းစုစေတီမှာ ဆေးဆရာကြီး ဦးညဏ်ပွားဆိုတာ အမိဌာန်ဝင်နေကြောင်း၊ သူက စုန်းနတ်ပယောဂနှင့် အောက်လမ်းပညာများ နိုင်နင်းသည်ဟု ကြားသိရကြောင်း ပြောပြကြသည်။

"ဒီဆရာကြီးက ဘယ်လိုပြောပြော ဟိုကောင်ဆေးကိုတော့ ချေဖျက်နိုင်မှာ အမှန်ပဲ၊ ဘာကြောင့်လဲဆိုတော့ ဆရာကြီးက တရားဓမ္မ ကျင့်ကြံ အားထုတ်နေသူ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေလို့ မကောင်းမှု ဒုစရိုက်အောက်လမ်းပညာလောက်တော့ အသာလေးပဲ၊ ဘာမှ တွေးမနေကြနဲ့၊ ဆရာကြီးသာ မြန်မြန်သွားပင့်ကြ"

ကျောက်စရစ်ကုန်း ရွာသား ဆယ်အိမ်ခေါင်း ဦးညဏ်လွင်က တိုက်တွန်းပြောဆိုလိုက်သဖြင့် သူကြီး ဦးမြတ်ထွန်းမှာ အမြန်စီစဉ်ပြီး ရွာသား နှစ်ယောက်အား နွားလှည်းကောက်ကာ ညတွင်းချင်း လွှတ်လိုက်ရလေသည်။

xxx

ထိုည ဆယ့်နှစ်နာရီခန့်တွင် ဆရာကြီးညဏ်ပွားရောက်ရှိလာသည်။ အိမ်နှင့် တစ်ရွာလုံးအတွက် စည်းချ ဂါထာရွတ်ဖတ်ပြီးမှ အိမ်ပေါ်သို့ တက်သည်။ ဘုရားခန်းတွင် ဘုရားဝတ်ပြုပြီး သောက်တော်ရေများ ကပ်လှူပူဇော်သည်။ လုပ်ဆောင်ဖွယ်ကိစ္စများ ပြီးစီးသွားသောအခါ ရွာသူကြီးနှင့် မိန်းကလေးအား ခေါ်ယူကာ ဖြစ်ပျက်ပုံ အစအဆုံး မေးမြန်းသည်။ သူကြီးတို့ သားအဖကလည်း မခြွင်းမချန် ပြောပြကြ၏။ ထိုအခါ ဆရာကြီးက. . .

"ခင်ဗျားတို့ တစ်ရွာလုံးက ရွှေတွေ ရွှေပွားမန္တန်ရှင်နောက် ပါမသွားတာ ကံကောင်းတယ်၊ အားလုံးက သူခိုးဓားရိုးကမ်းခဲ့ကြတာကိုးဗျ"

ဟုပြောပြီး သူ့ဆေးလွယ်အိတ်ထဲမှ ဆေးများထုတ်ယူကာ မြသီတာနှင့် ထိုလိမ်တိုက်သောဆေးကို သောက်မိခဲ့သူအားလုံးသို့ ဆရာကြီးက ဆေးနှင့် သောက်တော်ရေများ တိုက်လိုက်သည်။

"ဒီဆေးသောက်ပြီးရင် အားလုံး ရှင်းရှင်းလင်းလင်း မြင်တွေ့ကြရမယ် ဆိုတာ မှတ်ထားကြ၊ ဒီကောင်က တော်တော်အကြံကြီးတဲ့ကောင်၊ တော်သေးတယ်၊ မိန်းကလေးကို စိန်တောင်ရှင်မဝင်ပူးကယ်တင်လိုက်လို့၊ မဟုတ်ရင် အလကားသက်သက် သတ္တဝါတွေ ပျက်စီးကုန်ကြမယ်၊ ဆရာကြီးလဲ ကယ်တင်ခွင့်ရမှာ မဟုတ်ဘူး၊ စိန်တောင်ရှင်မ ကျေးဇူးကြောင့် ဆရာကြီး ကယ်တင်နိုင်ခဲ့တာ ကုသိုလ်ကောင်းပါတယ်"

ပြောရင်း စိန်တောင်ရှင်မနတ်နန်းဘက်သို့လှည့်ကာ မေတ္တာဓာတ်များ ပို့လွှတ်ပေးလေသည်။





www.burmeseclassic.com

www.burmeseclassic.com

ဆယ့်ငါးမိနစ် ကြာသောအခါ ဆေးသောက်ထားသူ များ တဝေါ့ဝေါ့နဲ့ အန်ချကြလေသည်။ လူမမာများ အန်ချသော အန်ဖတ်များကို တစ်ခုခုဖြင့် ခွဲခြားစေပြီး ဆရာကြီးက ရွာသားများအား သေသေချာချာ ကြည့်စေသည်။

"ဟ . . . ဒီမှာ ဆံပင်ထွေးတွေနဲ့ သံချောင်းလေးတွေ ပါတယ်ဗျ"

"ဟ ဒီမှာ ပုလင်းကွဲစတွေနဲ့ ကြက်ရိုးကြက်မွေးတွေ ပါတယ်"

"ဟာဗျာ ဒီတစ်ယောက် အန်ချတာ ငါးအသေကောင် အပုပ်အပွတွေမှာ အမြီးပေါက်နေတဲ့ လောက်ကောင်တွေ အများကြီးပဲ၊ ဝေါ့ ရွံစရာကြီး မြင်တာနဲ့ အန်ချင်လိုက်တာဗျာ၊ အူတွေ ယားသွားတာပဲ"

စသည်ဖြင့် ရွာသားများ၏ အံ့ဩ ထိတ်လန့်သံများက သူကြီးအိမ်အဝိုက်မှာ ဆူညံသွားလေသည်။ တချို့သူငယ်များကလည်း တက် တခေါက်ခေါက်ဖြင့် ဖြစ်နေကြသည်။

"ဒီခွေးသား လူလိမ်ကို တစ်ခါတည်း သတ်ပစ်ရမှာဗျ၊ အခုကြည့် စမ်းပြီး ဆရာကြီးသာ မရောက်လာဘူးဆိုရင် တို့ရွာမှာ မသာအလောင်းတွေ ဆန်းစီသွားမှာ အမှန်ပဲဗျ"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသော်လည်း ဆရာကြီးကိုတော့ အလွန်ပင် ကျေးဇူးတင်လျက်ရှိကြသည်။ ဆေးသောက်သူများ နောင်ဖြစ်ပေါ်လာမည့် အန္တရာယ်များ ကင်းရှင်းသွားသောအခါ ရွာသားများနှင့် ဆရာကြီးဦးဉာဏ်ပွားတို့ အာလာပသလ္လာပ စကားပြောဆိုနေကြသည်မှာ နိုးစင်စင်လင်းသွားခဲ့သည်။

ထိုကဲ့သို့ စကားပြောရင်း ဆရာကြီး၏ ဆုံးမစကားများမှာ အလွန်ပင် မှတ်သားစရာကောင်းလှပါသည်။

"လူတွေဟာ လောဘ ဒေါသ မောဟဆိုတဲ့ အမိုက်တရားတွေ ဖုံးလွှမ်းထားတော့ အသိတရားကွယ်ပျောက်နေကြတယ်၊ အသိတရား အမှန်မရှိတဲ့ လူတွေအတွက် ကိုယ့်မှာရှိတဲ့ အသိများကို အမှန်ထင်ပြီး မကောင်းမှုတွေ ဆက်ပြီး ဆက်ပြီး လုပ်ကြတယ်၊ အခုပဲ ကြည့်လေ လောဘရဲ့ တပ်မက်မှုကို အမှန်လို့ ထင်ထားတဲ့ ရွှေပွားမန္တန်ရှင်လေး ဒုက္ခအိုးထဲရောက်သွားပြီ၊ နောက်ထပ်ဘာတွေ ဖြစ်ဦးမလဲဆိုတာ မသိနိုင်ဘူး၊ ဘယ်သူမှ မကယ်နိုင်ဘူး မဟုတ်လား၊ သူ့ကံကြမ္မာ သူကပဲ ဖန်တီးသွားမှာပါ၊ ဒါကြောင့် သတ္တဝါတစ်ခု ကံတစ်ခုလို့ ဘုရားရှင် ဟောခဲ့တာပဲ မဟုတ်လား"

ဆရာကြီး ဦးဉာဏ်ပွားနှင့် ရွာသားများ ထိုကဲ့သို့ အာလာပ သလ္လာပ ပြောဆိုနေကြစဉ် နေ့လယ် ၁၂ နာရီခန့်တွင် ကလိန်ကကျစ်ကောင်နှင့် နွားသူခိုးများကို ဂါတ်တဲသို့ လိုက်ပို့သောအဖွဲ့ ပြန်လည် ရောက်ရှိလာသည်။

ထိုသူများက ပြောပြသည်မှာ-

"ကလိန်ကကျစ် ထွန်းထွန်းနဲ့ နောက်ပါသူခိုးနှစ်ယောက်သွေးအန်ပြီး မြို့ပေါ်ဆေးရုံအရောက်မှာ သေဆုံးသွားကြောင်း၊ ကျန်နွားသူခိုးသုံးယောက်ကိုလဲ မြို့ပေါ်က ဂါတ်တဲ အချုပ်မှာ အပ်နှံချုပ်နှောင်ထားခဲ့ကြောင်း၊ ထိုသူများမှာ အလွန်ပင် အကြောက်လွန်ပြီး ကယောင်ကတမ်းနှင့် ကျွန်တော့်ကို မလုပ်ပါနဲ့ မလုပ်ကြပါနဲ့၊ အမလေး ကြောက်ပါပြီ၊ ကြောက်ပါပြီ နောက်မလုပ်တော့ပါဘူး၊ လုပ်မိတဲ့အတွက် တောင်းပန်ပါတယ် တောင်းပန်ပါတယ် ဟီး ဟီး ဟီး နဲ့ တဟီးဟီးနဲ့ ဂါတ်တဲ တစ်ခုလုံး ဆူညံအော်ငိုကျန်ခဲ့ကြတယ်"

ဟု ပြောပြသဖြင့် ရွာသားများ စိတ်မကောင်း ဖြစ်ကြသလို ဆရာကြီး ဦးဉာဏ်ပွားကလည်း နားထောင်နေရာမှ . . .

"အိမ်း စိန်တောင်ရှင်မ တန်ခိုးနဲ့ ရွှေပွားမန္တန်ရှင်လေး ဘဝနိဂုံးချုပ်သွားတာလဲ ကောင်းပါတယ်၊ အခြားသူတွေ ဒုက္ခ ကင်းငြိမ်းသွားတာပေါ့၊ မကောင်းမှု ဒုစရိုက်ဆိုတာ ကိုယ့်နောက်မှာ အမြဲလိုက်ပါနေတယ်၊ ဘယ်လောက် ကြောက်စရာကောင်းသလဲ ဝေးဝေးရှောင်ကြ။

ပြီးတော့ ဒီမှာ တစ်ခုပြောခဲ့ဦးမယ်၊ တစ်ခါမှ မမြင်ဖူး မသိဖူးတဲ့ လူစိမ်းဆိုရင် လေ့လာပြီးမှ ယုံကြည်သင့်တယ်၊ မဟုတ်ရင် သူ့အကုသိုလ်က ကိုယ့်အပေါ် ပြန်ရောက်လာတာပဲ၊ အခုကြည့်လေ၊ သူလုပ်ထားခဲ့တဲ့ အကုသိုလ် အမှုအခင်း လိုက်ရှင်းနေရတာနဲ့ မပြီးနိုင်တော့ဘူး၊ အဲဒါ မြဲမြဲ မှတ်ထားကြ၊ ဆရာကြီးမှာ အလုပ်စခန်းက မပြီးသေးတော့ အားလုံးပဲ ပြန်ခွင့်ပြုကြပါဦး"

ဆရာကြီး ပြန်ရန် နွားလှည်း အသင့်ပြင်ထားသဖြင့် ဆရာကြီး ဆေးကုသပေးခဲ့သူများ အားလုံးက လက်အုပ်ချီ ကန်တော့ကြသည်။

အချို့က ဆရာကြီး ကျင့်ကြံအားထုတ်ရာ ခတ်ပေါင်းစု စေတီအထိ လိုက်ပါ ပို့ဆောင်ကြလေသည်။

ဆရာကြီးဦးဉာဏ်ပွား ပြန်သွားပြီးနောက်တွင် ရွာသားများအတွက် မှတ်သားအလေးထားစရာ စကားတစ်ခု ကျန်ခဲ့ပါသည်။

"စိန်တောင်ရှင်မ တန်ခိုးကြောင့် ရွှေပွားမန္တန်ရှင်လေး ဘဝနိဂုံးချုပ်သွားတာ ကောင်းပါတယ်၊ ကျန်တဲ့လူတွေ ဒုက္ခငြိမ်းတာပေါ့" တဲ့။

ဆိုလိုရင်းမှာ လူမိုက် တစ်ယောက်ကြောင့် အခြားလူပေါင်းများစွာ ဒုက္ခရောက်ရကြောင်း ဖြစ်သည်။ ဆရာကြီးစကားက တစ်နယ်လုံးသို့ ပျံ့နှံ့ကာ စိန်တောင်ရှင်မမှာလည်း တစ်မုဟုတ်ချင်း နာမည်ကြီး ကျော်ကြားသွားလေတော့သည်။

**ကောင်းစံဟိန်း(ဖန်နေဝန်း)**

❑





www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း



ကင်ဆာအထူးကုသမားတော်ကြီး
ဦးကိုကိုလတ်
သမားမှတ်ပုံတင်အမှတ် ခ/၆၂၀၁

## ကင်ဆာ၊ မြစ်ပွားနာ အထူးကုတိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်–ခ/၆၂၀၁ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာဦးကိုကိုလတ်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသပျက်ခိုင်၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘိပို၊ စိပိုးရောဂါများကို သက်သာ ပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုး ဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ် အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်း ကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။

ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာထံသို့ လာရောက် ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုမှ ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီ ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်၊ ဆရာ့ထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

| | | |
|---|---|---|
| **ဆေးခန်းတည်နေရာ** | – | ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| **လမ်းညွှန်** | – | ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။ |
| **ဆက်သွယ်ရန်ဖုန်း** | – | ၀၉–၇၃၀၆၁၆၇၃ ၊ ၀၉–၁၁၉၃၀၇၉၆၊ ၀၁–၇၀၀၆၄၄၊ |



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ကျွန်တော်သည် လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က ချင်းတွင်းအထက်ပိုင်း ဟုမ္မလင်းမြို့နယ်အတွင်းရှိ ကျေးရွာအတော်များများသို့ အရောင်းအဝယ်ကိစ္စဖြင့် ရောက်ဖူးနေခဲ့သည်။

ကျွန်တော် အချိန်ကြာကြာ ရောက်ဖူးနေခဲ့သည့် အရပ်ဒေသသည် ရှေးဟောင်းသမိုင်းဝင် ရှမ်းစော်ဘွားများ နှစ်ပေါင်း တစ်ထောင်ကျော် ဟော်နန်းစိုက် စိုးစံသွားခဲ့သော သောင်သွပ်မြို့လေးနှင့် အနီးနားဝန်းကျင်ရွာမှ ရွာများပင်ဖြစ်သည်။

ထိုရွာ အတော်များများတွင် နေထိုင်ကြသူများမှာ မြန်မာစကား၊ ရှမ်းစကား နှစ်မျိုးလုံး ပြောဆိုသုံးနှုန်းကြသော ရှမ်း-မြန်မာများ အများစုဖြစ်သည်။ ရွာအမည်များမှာလည်း ရှမ်းနာမည်၊ မြန်မာနာမည်များ ဖြစ်သည်။ သောင်သွပ်မြို့လေး အနောက်မြောက်ဘက်ရှိ ရိုးမတောင်ခြေမှ ရွာလေးများမှာ သူကြီးစု၊ နန်းသက်၊ ဝဲဟက်၊ ထိန်ကူး၊ တော်ပေါ်ဆည်တော်၊ နန်းသညစ်၊ နောင်ကင်းနား၊ တောင်ဘို့လ၊ မြိုင်သာ အစရှိသည့် ရွာများနှင့် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းမှ ရွာများမှာ နောင်စွပ်ခါး၊ ဝဲဒေါင့်၊ သဖန်းဆိပ် အမည်ရှိ ရွာများဖြစ်သည်။ ၎င်းရွာများထဲတွင် ရှမ်းစကား လုံးဝမသုံးတော့သော ရွာများလည်းရှိသလို တစ်ရွာလုံး ရှမ်းစကား မြန်မာစကား နှစ်မျိုးစလုံး အသုံးပြုသော ရွာများလည်း ရှိသေးသည်။

စာရေးသူ ကျွန်တော်အရောက်များသော အနေများသော တောင်ပေါ်ဆည်တောရွာလေးသည် ရှမ်းအများစုနေထိုင်၍ တစ်ရွာလုံး ရှမ်းစကားသုံးသော ရွာဖြစ်သည်။

တောင်ပေါ် ဆည်တော်ရွာလေးသည် အိမ်ခြေ နှစ်ရာကျော်ခန့် ရှိ၍ သောင်သွပ်မြို့၏ အနောက်မြောက်ယွန်းယွန်း နှစ်မိုင်ခန့်ဝေးသည်။ ရိုးမတောင်ခြေမှ ကပ်၍ စီးဆင်းလာသော "တလောင်ချောင်း" လေး ကမ်းနံဘေးတွင်ရှိပြီး "တလောင်ချောင်း"သည်လည်း တောင်ပေါ်ဆည်တော် ရွာလေးအား ကွေ့ဝိုက်စီးဆင်းလာပြီး နန်းသညစ်ရွာအထက်ဘက်မှကပ်၍ ချင်းတွင်းမြစ်တွင်းသို့ စီးဝင်သည်။ မိုးရာသီကာလအတွင်းတွင်သာ စက်တပ်လှေများ သွားလာနိုင်ပြီး ကျန်သောအချိန်များတွင် တလောင်ချောင်းကို ခရီးသွားလာရာတွင် အသုံးပြုမရနိုင်။ ကြည်လင် အေးမြသော ချောင်းရေကို သောက်ရေသုံးရေအဖြစ် အသုံးပြုကြသည်။

တောင်ပေါ် ဆည်တော်ရွာမှ ချောင်းကို ဖြတ်ကူးလိုက်လျှင် ချောင်းကျော်သည်နှင့် ယာခင်းများကို တွေ့ရသည်။ ယာခင်းများကို ရွာမှလူများက "အခင်း"ဟုခေါ်သည်။ ယာထဲသွားသည် ယာထွန်သွားသည်ဟုမပြော အခင်းလုပ်သည် အခင်းထွန်သည်ဟု ပြောကြသည်။ ပဲမျိုးစုံနှင့် မြေပဲအများဆုံးစိုက်ကြသည်။ မြေပဲများ ဥချချိန်ရောက်လျှင် ရိုးမတောကြီးမှ မျောက်အုပ်များ တောဝက်အုပ်များ၊ တောခွေး၊ ခွေးအများ လာရောက်စားသောက်ဖျက်ဆီးတတ်သဖြင့် သူ့အခင်း ကိုယ့်အခင်း တိရစ္ဆာန်များ မဖျက်နိုင်အောင် အခင်းစောင့်ကြရတော့သည်။ ဟိုယခင်က ရိုးမတောကြီးနှင့် ရိုးမတောင်တန်းကြီးပေါ်တွင် တောကောင် သားကောင်များ အလွန်ပေါသည်ဟုဆိုသည်။

သားကောင်များ ပေါသဖြင့် ကျားများလည်းပေါသည်။ ကျားပေါသဖြင့် "ကျားမနိုင် သာလှိုင်"လည်း ပေါ်လာခဲ့ရခြင်း ဖြစ်ပေသည်။ "ကျားမနိုင် သာလှိုင်"ဟု နာမည်ကြီးခဲ့ရသော်လည်း အဘ သာလှိုင်သည် မုဆိုး မဟုတ်၊ ကျားဆိုး ကျားသောင်းကျန်းများကို လိုက်လံနှိမ်နင်းသတ်ဖြတ်သောမုဆိုးကြီး မဟုတ်ပေ။ အရွယ်ကောင်းစဉ်၊ အားကောင်းမောင်းသန်အချိန်က အဖော်ကောင်းလျှင် ရံဖန်ရံခါ အပျော်တမ်း ဝက်ထိုးလိုက်တတ်သည်။ ရွာတွင် တောဝက်ကို တူမီးသေနတ် မသုံးဘဲ လေးငါးခြောက်ယောက်အဖွဲ့လိုက် လှံဖြင့်ထိုး၍ လိုက်ကြသော ဝက်ထိုးကြသူများရှိသည်။ အဘသာလှိုင် ငယ်စဉ်က ဝက်ထိုးသောလှံသည် အလွန်ကောင်းသည့် အရိုးကို "တမလန်း"သားဖြင့် လုပ်၍ အသွားမှာ ၁၄ လက်မရှိပြီး သံဆေးသား အလွန်ကောင်းသည်။ လှံသွားမှာ နှစ်ဖက်သွားဖြစ်ပြီး အဘလှိုင်က လှံသွားကို မြည့်နေအောင် သွေးထားသည်။ အမှတ်တမဲ့လှံသွားအား ထိလျှင် ပြတ်ရှသွားနိုင်သည်။ ဒီလှံက ကျားတွေနဲ့ တွေ့တုန်းက ငါ့အသက်ကို ကယ်ခဲ့တာပဲကွယ်ဟု ပြောသည်။

ပြီးတော့ ရှိသေးသည်။ အဘလှိုင်တို့ အထက်အညာက လူများသည် မိန်းမ၊ ကလေး၊ ယောကျ်ားများကအစ နွားကျောင်းကျွဲကျောင်းသွားသွား၊ လယ်ထွန်၊ ယာထွန်သွားသွား မည်သည့်အကြောင်းဖြင့် သွားသွား ရွာအပြင်ထွက်လျှင် ခါးတွင် ဓားအမြဲပါသည်။ အရိုးရော အသွားပါ တစ်ဆက်တည်း သံဖြင့် ပြုလုပ်ထားသော အရှည်တစ်တောင်ခန့်ဓားများကို ဆောင်တတ်ကြသည်။ အဘလှိုင်ထံတွင်လည်း ဤကဲ့သို့သော ဓားသုံးလေးချောင်း ရှိသည်။ အဘလှိုင်၏ ဓားများသည် မြည့်နေအောင်သွေးထားသဖြင့် ထက်လှ ပြတ်ရှလှသည်။

"တို့ တောနေ တောစား တောသားတွေအဖို့တော့ ဒီဓားတွေကအဖော်ကောင်းကွယ့်၊ မျှစ်ချိုးလဲ အသုံးချ၊ ဝါးခုတ်လဲ အသုံးချ၊ မှိုနုတ်၊ လျှော်သစ်နှီးဖြာ အစစ အရာရာ အသုံးတည့်သကွယ့်" ဟု ပြောသည်။

ကျွန်တော် တောင်ပေါ် ဆည်တော်ရွာလေးသို့ ရောက်ဖြစ်သွားရခြင်းကလည်း တော်ပေါ်ဆည်တော်ရွာမှ မုဆိုးကြီး ဦးကျော်ကောင်းနှင့် ကျားမနိုင်သာလှိုင်(ခေါ်) အဘလှိုင်တို့အား တွေ့ချင်လှသဖြင့် ရောက်သွားရခြင်း ဖြစ်သည်။

ယခင်က ကျွန်တော်သည် သောင်သွပ်မြို့တစ်ဖက်ကမ်းရှိ သဖန်းဆိပ်နှင့် နောင်ဆွပ်ခါးတွင် အနေများသည်။ နောင်ဆွပ်ခါး ရွာကျောင်းကျောင်းထိုင်ဆရာတော် ဦးဂမ္ဘီရ၏ တောင်ကုန်းမြင့်ပေါ်တွင် တည်ထားသော ကြီးမားခံ့တင်းခိုင်မာသော

www.burmeseclassic.com

www.burmeseclassic.com

သာသနိက အဆောက်အအုံကြီးသည် နောင်ဆွပ်ခါးရွာသူ ရွာသားများ၏ သဒ္ဓါတရား ဆရာတော်၏ ဘုန်းကံနှင့် အားထုတ်မှုကို ပေါ်လွင်စေသည်။

ဆရာတော် မုံရွာ မဟာလယ်တီကျောင်းတိုက် စာသင်သားဘဝ ကျွန်တော်၏ အိမ်သို့ ဆွမ်းခံအမြဲကြွသဖြင့် ရင်းနှီးမှု ရှိခဲ့သလို နောင်ဆွပ်ခါးရွာ ရောက်၍ အလုပ် လုပ်စရာ မရှိလျှင် ဆရာတော်ကျောင်းတွင်နေရင်း ဘုန်းကြီးကျောင်းသား လုပ်သည်။ ဆရာတော်နှင့် စာအကြောင်း ပေအကြောင်း၊ တရားကြောင်းများပြောသည်။ ကျောင်းတော် ကုန်းမြင့်ပေါ်မှ မျှော်ကြည့်လိုက်လျှင် အနောက်ဘက်ကမ်းမှ သောင်ဆွပ်မြို့နှင့် နောက်ခံ မှိုင်းပြာညိုမှောင်နေသော ရိုးမတောင်တန်းနှင့် အိန္ဒိယဝိုင် တောင်တန်း တောင်စဉ်များကို မှုန်ပျပျမြင်နေရသည်။

ကျွန်တော့်တွင် ပါလာသော မှန်ဘီလူးဖြင့် လှမ်းကြည့်သောအခါ ဆောင်ပေါ်ဆည်တော်ရွာချောင်းတစ်ဖက်ရှိ တောင်ကုန်းမြင့်ပေါ်မှ ထုံးဖြူဖြူနှင့် စေတီတော်ကို ဖူးရသည်။ ရွာအစွန်မှ သွပ်မိုးဖွေးဖွေးနှင့် အိမ်မြင့်ကြီးများကိုလည်း မြင်တွေ့ရပါသည်။ တောင်ပေါ်ဆည်တော်ရွာသို့ ကျွန်တော်သွားလိုလှသော်လည်း မိတ်ဆွေအရင်းခံ မရှိ၍ သွားနိုင်သည်ကို အားမလိုအားမရဖြစ်နေစဉ် ကံအားလျော်စွာ နောင်ဆွပ်ခါးရွာဘက်ကမ်းသို့ ဈေးရောင်းလာသော တောင်ပေါ်ဆည်တော်ရွာသူ စစ်ပြန်ကြီး(စစ်မှုထမ်းကောင်းတံဆိပ်ရ) စစ်မှုထမ်းဟောင်း ဦးငဆောင်း၊ ဒေါ်စိန်တင်တို့၏သမီး မကြည်ကြည်ခင်နှင့် တွေ့ဆုံပြီး ဖိတ်ခေါ်သဖြင့် ကျွန်တော် ရောက်လိုလှသော တောင်ပေါ်ဆည်တော်ရွာသို့ ရောက်ခဲ့ရပါတော့သည်။

ကျွန်တော် တောင်ပေါ်ဆည်တော်ရွာရှိ မုဆိုးကြီးဦးကျော်ကောင်း အဘသာလှိုင်တို့အား တွေ့ချင်သည့်အကြောင်းရင်းမှာ ကျွန်တော်သည် မုဆိုးဝတ္ထုများကို အလွန်နှစ်သက်သည်။ ကျွန်တော် ငယ်စဉ်ကတည်းက ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)၏ မုဆိုးဝတ္ထုများ၊ ဆာရိုက်တာ ဟတ်ကက်၏ မုဆိုးကြီးအလန်ကွာတာမိန်း အကြောင်းများကို မလွတ်တမ်းဖတ်ခဲ့သည်။ ဒီနောက် ကိုပိုက်၊ ဆရာဖိုးကျော့ တို့၏ တောတိရစ္ဆာန်များ မုဆိုးဝတ္ထုများနှင့် ခင်မောင်အေး(မန္တလေး)၊ မောင်မြင့်မား (ဘိုကလေး)၏ ဝတ္ထုများနှင့် စနေဖြူ ဆွေမြင့်၏ မြိုင်ရာဇာတွတ်ပီ အထိ ကျွန်တော်ဖတ်သည်။

တစ်ခါ သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဖတ်ရသည့် မဟာမြိုင်မုဆိုး၏ ဝတ္ထုများဆိုလျှင် ကျွန်တော် အတော်ကြိုက်သည်။ ဇာတ်ကောင် မုဆိုးများကလည်း ကျွန်တော်နှင့် သိကျွမ်းသော မုံရွာမြို့ ဆူးလေကုန်းရပ်ကွက် (ချိုဆန်းအောင်ဆေးဆိုးပန်းရိုက်)မှ တိုင်းလက်ရွေးစင် ဘောလုံးသမားကြီး ကိုငွေအောင်၊ ကိုသာအောင်တို့ ညီအစ်ကိုနှင့် ကန်တော်ကြီးမှ ကိုတက်တူ၊ ကိုတင်ဝင်းတို့ ဖြစ်ကြသဖြင့် ဖတ်ရသည်မှာ အလွန်အရသာရှိသည်။ သို့ဖြစ်၍ မဟာမြိုင်မုဆိုး ဟူသော စာရေးဆရာသည် မုံရွာသား ဖြစ်မည်ဟု ထင်ပါသည်။ လူချင်းမတွေ့ဘူးပါ။

ကျွန်တော် စာပေလောက ရောက်သောအခါ မုဆိုးဝတ္ထုများကို ရေးချင်သည်။ လက်ယားနေအောင ရေးချင်မိသည်။ သို့သော် တောတွင်း အတွေ့အကြုံ တစ်စက်ကလေးမှမရှိ။

ဟုမ္မလင်းမြို့နယ်သို့ ရောက်သောအခါမှ သဖန်းဆိပ်ရွာနေ မုဆိုးကြီး ဦးအောင်ပြည့်အား အင်တာဗျူးပြီး "လောင်းကြေး"အမည်ဖြင့် ဝတ္ထုလေးတစ်ပုဒ်ရေးပို့လိုက်ရာ သိဒ္ဓိမိုး အမှတ် (၃၈) ၂၀၀၈ခု နိုဝင်ဘာလထုတ် မဂ္ဂဇင်းတွင် ဖော်ပြခံရသဖြင့် အလွန်ဝမ်းသာခဲ့ရပါသည်။

ကျွန်တော် တောင်ပေါ်ဆည်တော်ရွာသို့ ရောက်ပြီး တည်းခိုအိမ်မှ မကြည်ကြည်ခင်၏ အစ်ကိုဖြစ်သူ ကိုကျော်စိုးမြင့်က မုဆိုးကြီး ကျော်ကောင်းနှင့် အဘသာလှိုင်တို့အိမ်သို့ လိုက်ပို့ပေးပါသည်။ မုဆိုးကြီး ကျော်ကောင်းနှင့်တော့ မတွေ့ခဲ့ရ။ အဘသာလှိုင်နှင့်တော့ တွေ့ရသဖြင့် ဤစာကို ရေးနိုင်ခြင်း ဖြစ်သည်။ သစ်ဝါးပေါသော အရပ် ဒေသဖြစ်သဖြင့် အဘသာလှိုင်၏ နေအိမ်ကြီးသည် ကြီးမား ခံ့ထည်၍ ကောင်းလွန်းလှသည်။

ကိုကျော်စိုးမြင့်နှင့် ကျွန်တော် အဘသာလှိုင်၏နေအိမ် လှေကားရင်းသို့ ရောက်သောအခါ ကိုကျော်စိုးမြင့်က . . .

"အဘလှိုင်ရှိလား၊ ဧည့်သည် ပါတယ်ဗျို့"

"ဟေ- ဘယ်သူတွေလဲကွယ့်၊ အဘလှိုင်ရှိပါသကွယ် လာကြ၊ တက်ခဲ့ကြကွယ့်"

အိမ်ရှင် အဘလှိုင် ဖိတ်ခေါ်သဖြင့် အိမ်ပေါ်ရောက်ကြသောအခါ-

"ဩော်၊ စစ်ပြန်ကြီး ကိုဆောင်းရဲ့ သားလေးကိုး၊ လာကြကွယ်၊ လာထိုင်ကြ၊ ဩော် ဧည့်သည်လဲ ပါသကိုး"

"ဟုတ်ပါတယ် အဘ၊ ဒါက မုံရွာကပါ၊ အရောင်းအဝယ်ကိစ္စနဲ့ လာရင်း စာလေးဘာလေးရေးတာ ဝါသနာပါလို့ စာရေးနေတဲ့ စာရေးဆရာ မောင်မောင်တိုးမြင့် (မုံရွာ)ပါ အဘ။

တစ်ချိန်က ကျားမနိုင် သာလှိုင်ဆိုပြီး နာမည်ကြီးခဲ့တဲ့ အဘအကြောင်းကို ကျွန်တော်တို့ ခေတ်စကားနဲ့ပြောရရင် အင်တာဗျူးချင်လို့ လာခဲ့တာပါ"

"ဟေ . . . တို့များအကြောင်း စာရေးချင်လို့လား၊ ဟား ဟား ဟား၊ မင်းတို့က ကျားမနိုင်သာလှိုင်ဆိုတော့ ကျားတွေနဲ့ ရင်ဆိုင်တိုက်ခိုက်သတ်ဖြတ်ပြီး အနိုင်ယူခဲ့တဲ့ သူရဲကောင်းကြီးလို့ ထင်လို့ အင်တာဗျူးပြီး စာရေးချင်တယ်ဆိုရင်တော့ မှားသွားမယ်ဗျာ၊ အဘရဲ့ ကံဇာတာကိုက ကျားကိုက်လို့ သေရမယ့်ကံမပါဘဲ အဘနဲ့တွေ့ခဲ့ရတဲ့ ကျားတွေက အဘနဲ့တွေ့ပြီး သေရမယ့် အကြောင်းပါပြီး သေသွားကြတာ၊ အဘ ဒီကျားတွေကို လိုက်ရှာဖွေသတ်ဖြတ်တာမျိုးမဟုတ်ဘူး၊ ရယ်စရာလဲကောင်း၊ အသည်းထိတ်စရာလဲ ကောင်းလွန်းခဲ့ပါတယ်ကွယ်"





www.burmeseclassic.com

www.burmeseclassic.com

အဘသာလှိုင်သည် စကားပြော ခေတ္တရပ်ပြီး လက်မှ ဓားနှင့် သပ်လက်စနှီးကိုချ၍ ရေနွေးဓာတ်ဘူးကို ရေနွေးဖြည့်ရန် မီးဖိုချောင်ဘက်သွားဖို့ ထလိုက်သည်နှင့် ကိုကျော်စိုးမြင့်က-

"အဘနေနေ၊ ကျွန်တော်လုပ်မယ်၊ ပေးပေး ကျွန်တော် ဖြည့်လိုက်မယ်"

ပြောပြောဆိုဆို အဘလက်မှ ရေနွေးဓာတ်ဘူးကို ယူလိုက်သည်။ အဘသာလှိုင်က အသက်(၈၇)နှစ်ရှိပြီဆိုသော်လည်း မျက်စိမမှုန်၊ နား မလေး၊ သွားမကျိုးသေးသည်မှာ အလွန် အံ့ဩစရာ ကောင်းသည်။ အရပ်အမောင်းကောင်းသဖြင့် ခါးနည်းနည်း ကိုင်းသယောင်ရှိသည်မှလွဲလျှင် သွက်လက်လှသည်။ အသံဩဇာကောင်း၍ အသံတုန်ခြင်းခါခြင်းမရှိသေး။ ရွှင်ရွှင်ပျော်ပျော် နေတတ်ပုံရသည်။ အသားအရေ ဖြူဝါဝါနှင့် အဘက မပြောလျှင် ရှမ်းအစစ်ဟု ထင်ကြမည်သာ ဖြစ်သည်။ အသက်အရွယ်ကြီးသည်အထိ ကျန်းမာရေးကောင်းသလို ငယ်စဉ်ကလည်း သာမန်ယောကျ်ားထက် သာလွန်သော ကိုယ်လုံးကိုယ်ထည် အရပ်အမောင်းတို့နှင့် ကြံ့ခိုင်သန်စွမ်းခဲ့ပုံရသည်။

ကျွန်တော်လည်း အဘကိုကြည့်ရင်းနှင့် မေးလိုက်မိသည်။

"အဘလှိုင်၊ အဘ ဒီအသက်အရွယ်အထိ မျက်စိမှုန် နားမလေး၊ သွားမကျိုးဘဲ ကျန်းမာရေးကောင်းနေတာ ဘာဆေးဝါးတွေ မှီဝဲခဲ့လို့လဲ၊ ဆေးကောင်းဝါးကောင်းရှိရင် ကျွန်တော်တို့ကိုလဲ ပေးပါဦး အဘရယ်"

"အင်း ဆေးကောင်း ဝါးကောင်းလို့ပြောရမလားမသိဘူး၊ အဘရဲ့ ဆရာတော်ကြီး သုံးဆောင်ဘုဉ်းပေးခဲ့တဲ့ဆေးကို အဘ ဆက်ပြီး သုံးစွဲခဲ့တာပဲ၊ အဲဒါကတော့ အသက်ရှည်ဆေးလို့ ပြောတာပဲကွယ့်၊ မအို၊ မနာ၊ မသေ၊ မပုပ်တဲ့ ဆေးလေးမျိုး အမျှစီရောပြီး အမြဲစားခဲ့တယ်၊ ပြီးတော့ ဟောဒီ မြင်းခွာရွက်ခြောက် ရေနွေးကြမ်း အမြဲသောက်တယ်၊ နောက်ပြီး နံနက်လင်းအိပ်ရာကထ မျက်နှာသစ်- သွားတိုက်ကြတာ လူတိုင်း အလုပ်မဟုတ်လား၊ များသောအားဖြင့် လူတွေက သွားကိုအရင်တိုက်ကြတယ်၊ ပြီးမှ မျက်နှာသစ်တယ်၊ အဘက မျက်နှာ အရင်သစ်တယ်၊ ရေများများနဲ့ မျက်နှာတစ်ခုလုံးအေးသွားပြီဆိုမှ သွားကို ဖြည်းဖြည်းချင်းတိုက်တယ်၊ သွားတိုက်တော့လည်း အဘ ရထားတဲ့ သွားတိုက်ဆေးနဲ့တိုက်တယ်၊ အဘရထားတဲ့ ဆေးက လူရှုပ်၊ ကျောက်ရှုပ်၊ ဇာ၊ လေး၊ ဒုတ်၊ ကမ္ဘာကြေတောင် သွားမပြုတ်တဲ့ဗျား၊ အဲဒီဆေးနဲ့သွားတိုက်ခဲ့တယ်။

ဒါတွေ အကြောင်းပြုခဲ့လို့ ကောင်းနေသလို အဘရဲ့ ပြုခဲ့တဲ့ အတိတ်ကံအကြောင်းက အကျိုးဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ အကြောင်းတရားတွေရဲ့ ကျေးဇူးလဲ ရှိမှာပေါ့ကွယ်၊ ဟုတ်ဖူးလား လူကလေးရဲ့"

"ဟုတ်ကဲ့ပါအဘ၊ အဘဆေးနည်းလေးတွေလဲ ပေးပါဦး၊ ရှင်းပါဦး အဘရဲ့"

"ဩော် . . . ဟုတ်ပေသားပဲ၊ အင်း အသက်ရှည်စေတဲ့ ဆေးထဲက မအိုတဲ့ဆေးက ဥန္နဲမြစ်ဗျား၊ ဥန္နဲပင်များ ဘယ်အချိန်ကြည့်ကြည့် စိမ်းလန်းနုပျို နေတာပဲ။ လာ လူကလေး၊ ဟိုးခြံစည်းရိုးမှာ လှမ်းကြည့်လိုက်စမ်း၊ ဥန္နဲပင်တွေ စိမ်းလို့"

အဘလှိုင်က ပြ၍ အိမ်ပြတင်းတံခါးမှ ထကြည့်မိသည်။ မှန်သည်၊ ခြံစည်းရိုးတွင် တန်းစီပေါက်နေသော ဥန္နဲပင်များကို စိမ်းလန်းဝေဆာစွာ တွေ့မြင်ရသည်။

"အဘတို့ အရပ်ဒေသမှာ ရှေးယခင်ကတည်းက ဥန္နဲပင်တွေ ပေါတယ်ကွယ့်၊ ပေါရတဲ့အကြောင်းက ဒီလိုလေ၊ ဆေးရိုးအဖြစ် သုံးတာကိုး၊ ခုခေတ်လို ဆေးလိပ် လွယ်လွယ်ဝယ်သောက်လို့ရတဲ့အရပ်ဒေသမဟုတ်တော့ ဆေးလိပ်သောက်ချင်တဲ့သူတွေအတွက် ဥန္နဲမြစ်တွေ အခြောက်လှန်း၊ ဆေးရိုးစဉ်းရတာ၊ ဆေးရိုးအတွက် ရှေးကလူတွေက ဥန္နဲပင်စိုက်ခဲ့ကြတာကွယ့်။

မနာတဲ့ ဆေးပင်ကတော့ ငုပင်ပဲကွယ့်၊ ဟောဟိုမှာကြည့် ငုပင် အဘအခေါက်တွေ ပတ်ပတ်လည်ခွာထားတာ ဘာမှမဖြစ်ဘူး၊ အေး ဒီပြင် တခြားအပင်တွေဆိုရင် အပင်ပတ်ပတ်လည်အခေါက်တွေ ခွာလိုက်ရင် တဖြည်းဖြည်းနဲ့ ညှိုးခြောက်ပြီး သေသွားတာ၊ ငုက အခေါက်ခွာလဲ ဘာမှမဖြစ်ဘူး၊ ဒါကြောင့် သူ့ကို မနာတဲ့ဆေးပင်ပဲလို့ ပြောရမှာ။

မသေတဲ့ဆေးပင်၊ ဟိုခြံစည်းရိုးက အပင်တွေပေါ်မှာ အရွက်ကြီးတွေ စိမ်းစိမ်းနဲ့ နွယ်တက်နေတဲ့အပင်၊ အဲ့ဒီအပင်က ဆင်တုံးမနွယ်ပင်တွေပဲ၊ ဒီဆင်တုံးမနွယ်ပင်တွေဟာ မသေဘူး၊ သူ့နွယ်တွေကို ဆွဲဖြတ်၊ ပြတ်သွားတဲ့နေရာက အမြစ်ထွက်လာပြီး ဘယ်လောက်ပဲ မြင့်တဲ့နေရာက ဖြစ်ဖြစ် မြေကြီးဆီဆင်းလာ လှမ်းကုပ်ပြီးတော့ နွယ်ပြန်ဖြစ် အရွက်ထွက် ပြန်ရှင်တာပဲ၊ ခုတ်ဖြတ်ပြီး ပြစ်ထားလဲ အမြစ်ထွက်လာတာ၊ အဲဒါ မသေတဲ့ ဆေးပင်ဗျား။

မပုပ်တဲ့ဆေးကတော့ တခြားမဟုတ်ဘူး ပျားရည်၊ ဘယ်တော့မှ မပုပ်ဘူး၊ အဲဒီတော့ မအို၊ မနာ၊ မသေတဲ့ ဆေးတွေကို အခြောက်လှန်း အမှုန့်ကြိတ် ပျားရည်နဲ့တေပြီး အပြားလုပ်လုပ် အလုံးလုပ်လုပ် ကြိုက်သလိုလုပ်၊ မနက်ထမင်းစားပြီး နည်းနည်း၊ ညထမင်းစားပြီးနည်းနည်း သုံးဆောင်၊ အဲဒါ ဆီးဝမ်း၊ သွေး၊ လေ၊ အားလုံး ညီညွတ်မျှတစေပြီး အသက်ရှည်စေသတဲ့ဗျာ။

မျက်စိ အတွက်ကလား၊ မျက်စိအတွက်ကတော့ မြင်းခွာရွက်ခြောက်ရေနွေးကြမ်းပါပဲ၊ မြင်းခွာရွက်က မျက်စိကို ကြည်စေသတဲ့၊ သွားအတွက်ကစောစောကပြောတဲ့ လူက ကန့်ကလူရှုပ်က ငရုတ်ကောင်း၊ ကျောက်ကကျောက်ချဉ်၊ နောက်တစ်ရုပ်က ပရုတ်၊ ဇာက ဇာတိပ္ဖိုလ်၊ လေးက လေးညှင်း၊ ဒုတ်က ဒုတ္တာ အဲဒါတွေအားလုံး အမှုန့်ကြိတ် သွားတိုက်ဆေးလုပ်၊ အဲ့ဒီ သွားတိုက်ရင် ကမ္ဘာကြေတောင် သွားမပြုတ်ဘူးပြောတာပဲ၊ သုံးကြည့်ပေါ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒါအားလုံး အဘလှိုင်သုံးတဲ့ ဆေးနည်းတွေပဲ လူကလေး"

အဘလှိုင်က ကျွန်တော် သိလိုသော ဆေးနည်းများကို စကား(လုံးဝ) ခဲဘဲ မြန်မာလို ပီပီသသ စိတ်ရှည်လက်ရှည် ရှင်းပြသဖြင့် ကျွန်တော်က မှတ်စုစာအုပ်ထုတ်ပြီး ရေးမှတ်နေစဉ် ခိုချောင်တွင် ရေနွေးအိုး ရေထပ်ဖြည့်ထိုးကာ ဆက်တည်နေသောကိုကျော်မြင့်အား အဘလှိုင်က ရှမ်းစကားဖြင့် လှမ်းပြောလိုက်သည်။

"ရေနွေးတွေ ပြည့်စုံနေပြီ၊ နောက်ထပ် ရေနွေးအိုး တည်စရာမလိုတော့ဘူး၊ နေပါစေကွယ်" ဟု ပြောကြောင်း နောက်မှ သိရပါသည်။

"ဩော် . . . လူလေးက မုံရွာလား၊ အေး အဘနဲ့ ပဋ္ဌာန်းဆက်ပါလို့ တစ်နယ်တည်းသားချင်း ပြန်တွေ့ရတာပဲ၊ အဘက ဒီနယ်သား ရှမ်းမဟုတ်ဘူး မုံရွာမြို့နယ် ကံပြားကြီးရွာ ဇာတိသား ဗမာအစစ်ကွယ့်၊ အဘ အသက် ၇ နှစ်သားလောက်ကတည်းက ဒီရွာရောက်၊ ဒီရွာမှာပဲ ကြီးခဲ့တာ၊ ဒီရွာမှာ မွေးတာ တစ်ခုပါပဲ၊ ကိုယ့်မွေးရပ်လဲ ပြန်မရောက်တော့ပါဘူး"

အဘလှိုင်သည် စကားကို ဆက်မပြောဘဲ ရပ်ပစ်လိုက်သည်။ ငယ်စဉ်အတိတ်အကြောင်း အောက်မေ့သွားသလားသည်လား မသိ။ မှုန်မှိုင်းရီဝေသော အကြည့်ဖြင့် အဝေးဆီသို့ မျှော်ကြည့်နေရှာသည်။ ခဏအကြာတွင်မှ ကျွန်တော်က . . .

"အဘ၊ ဒီအရပ်ဒေသ ရောက်လာတဲ့ အကြောင်းနဲ့ ကျားတွေနဲ့ ဘယ်လိုတွေ့ကြုံခဲ့ရတယ်ဆိုတာ အဘပြောပြမယ်ဆိုရင် ပြောပါဦး အဘ၊ ကျွန်တော် သိခွင့် ကြားခွင့်ရှိရင် ကြားပါရစေ"

"မပြောနိုင်စရာ အကြောင်း မရှိပါဘူး လူကလေးရဲ့၊ အဘပြောပြမယ်။ ဒီလိုကွယ့် ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ရှစ်ဆယ်လောက်ကဆိုပါတော့ကွယ်၊ အဘ နှစ်နှစ်သား အရွယ်လောက်မှာ အဘရဲ့ အဖေနဲ့အတူ ဒီအရပ်ဒေသကို ရောက်ခဲ့ရတယ်။

ရောက်ခဲ့ရတဲ့ အကြောင်းက အောက်အရပ် ကံပြားကြီးရွာမှာ အဘအမေ ဆုံးပြီးတော့ အဖေဟာ သားလေးတစ်ယောက်နဲ့ ငယ်ငယ်ရွယ်ရွယ် မုဆိုးဖိုဘဝ ရောက်ရရှာတယ်၊ အမေဟာ အဘအသက် ငါးနှစ်အရွယ်မှာ အဖျားရောဂါနဲ့ သေရှာတာ။

အဖေက လက်သမားပညာ တတ်တယ်၊ အနုအကြမ်း အစုံရတယ်။ အနုဆိုတာ ပရိဘောဂ အသုံးအဆောင်တွေကို ပြောတာ၊ အကြမ်းဆိုတာက အိမ်ကြီးတွေဆောက်တာကို ပြောတာ၊ အဖေကရွာမှာ မိန်းမသေလို့ စိတ်လေနေတဲ့အချိန် ကံပြားကြီး ဘုန်းတော်ကြီးကျောင်းဆရာတော် ဦးသုမနနဲ့စာသင်၊ သူငယ်ချင်း အထက်အညာက ဘုန်းကြီးဦးသောဘဏက လက်သမားဆရာ ကောင်းကောင်းတစ်ယောက် လိုချင်တယ်။ ရွာဘုန်းကြီးကျောင်းမှာ သစ်သားပေါပြီး ပရိဘောဂလုပ်မယ့် လက်သမားမရှိလို့ လက်ရာကောင်းတဲ့သူရှာပေးပါ အကူအညီတောင်းတာနဲ့ ရွာဘုန်းကြီးက အဖေ့ကို ခေါ်မေးတော့ အဖေက လိုက်ခဲ့တာ၊ အဲဒီခေတ်အခါက ဒီလိုဝေးတဲ့အရပ် လူတစ်ရာ တစ်ယောက် မလိုက်ကြဘူး။

အဖေသာ အမေသေလို့ စိတ်လေပြီး သားအဖနှစ်ယောက် လိုက်ခဲ့ကြတာ တစ်ရွာပြီးတစ်ရွာ ကူးပြီး အလုပ်လုပ်တာ အလုပ်ကလဲပေါ၊ ငွေကလဲရပေမယ့် အောက်အရပ်နဲ့ ရာသီဥတုက မတူတော့ ခဏ ခဏ ဖျားတာ၊ နောက်ဆုံး တောင်ပေါ်ဆည်တော်ရွာမှ အဖေဆုံးရှာတော့ အဘမှာ ဆွေမရှိမျိုးမရှိ မျက်စိသူငယ်ဖြစ်နေတဲ့ အချိန် ရှမ်းအမျိုးသမီး အပျိုကြီး ဒေါ်သန်းကြည်က ကျေးရွာလူကြီးတွေကို အသိပေး၊ ငါးရားဝင် အမွေစားအမွေခံသားအဖြစ် မွေးစားခဲ့လို အဘဟာ ဗမာကမွေး ရှမ်းကကျွေးပြီး ကြီးပြင်းခဲ့ရတယ်။

အဘရဲ့ အဖေနာမည်က ဦးဘလှိုင်တဲ့၊ အဖေက အဘကို ချစ်လွန်းလို့ ဘလှိုင်ထက် သာတဲ့သား၊ အဖေထက်သာတဲ့ အတိဇာတသား ဖြစ်အောင် အဘကို "သာလှိုင်"လို့ နာမည် ပေးခဲ့တာတဲ့၊ အဘကို မွေးစားတဲ့ အမေဒေါ်သန်းကြည်ဟာလဲ အဘကို ချစ်ရှာတယ်၊ အဘကို ကျောင်းထားချိန်မှာ ကျောင်းထား၊ အဲဒီခေတ်ကတော့ ကျောင်းဆိုတာ ဘုန်းတော်ကြီးကျောင်းပဲ ရှိတယ်လေ။

ရှေးခေတ်က တောခလေ့အတိုင်း ဘုန်းကြီးကျောင်းမှာနေပြီး စာလေး အတော်အသင့်တတ်လို့ ကျွဲကျောင်း၊ နွားကျောင်း၊ လယ်ထွန်၊ ယာထွန်၊ ထွန်စီးနိုင်တဲ့အရွယ်ရောက်ရင် ကျောင်းက ထွက်ကြတော့တာ၊ အဘလဲ အမေသန်းကြည်က ရှင်ပြုပေးလို့ ရှင်သာမဏေဘဝနဲ့ စာသင်ရင်း ဘုန်းကြီးကျောင်းမှာ နေခဲ့ရာက အသက် ၁၄ နှစ်သားလောက်မှာ လူထွက် လယ်ယာလုပ်ငန်းခွင်ဝင်ရတော့တယ်၊ မဝင်လို့လဲ မရတော့ဘူး၊ အမေသန်းကြည် အရွယ်ရလာပြီ၊ အရင်ကလဲ လယ်တွေ ယာတွေကို လူငှားနဲ့ ခိုင်းတာပါပဲ၊ အသက်အရွယ်ကြီးလာတော့ လူငှားနဲ့ ခိုင်းရတာလဲ ထောင့်မစေ့ချင်ဘူး၊ ပြီးတော့ အဘလှိုင်မှာလဲ တာဝန်ရှိတယ်လေ။

အဘ အသက်နှစ်ဆယ်ကျော်မှာ အမေသန်းကြည် ဆုံးတယ်၊ မကြာခင်မှာပဲ အဘလဲ တောင်ပေါ်ဆည်တော်ရွာသူ နန်းမြစိနဲ့ အိမ်ထောင်ကျတယ်။

အဘ မိန်းမရပြီး ယောက္ခမအိမ်ကို သမက်တက် လိုက်သွားရလို့ အဲဒီကျားနဲ့ တွေ့ရတာ၊ အဲဒီတုန်းက အခုအဘနေတဲ့ ဒီရွာလယ်က အိမ်ကြီးမဟုတ်ဘူး၊ ဒီအိမ်ကြီးက ပိတ်ထားရတာ၊ ယောက္ခမလုပ်သူက အမေတစ်ခုသမီးတစ်ခုမို့ အဘက အဘအိမ်ကို ခေါ်ပါတယ်၊ ကိုယ့်အိမ်ရှိရက်နဲ့ သူများအိမ်လိုက်မနေနိုင်ဘူးဆိုလို့ အဘကလဲ မိန်းမချစ်တော့ လိုက်သွားရတာပေါ့၊ တစ်ရွာတည်းမို့ မဝေးပါဘူး၊ 'တလောင်ချောင်း' ကို ကျောပေးဆောက်ထားတဲ့ ယောက္ခမအိမ်မှာ အဘလိုက်နေတယ်။

ဩော် . . . ပြောရဦးမယ်၊ တို့များအညာက ရှမ်းအိမ်တွေဟာ

www.burmeseclassic.com



မြင့်တဲ့အတိုင်း ခြေတံရှည်အိမ်ကြီးတွေ၊ အောက်ထပ်မှာလူမနေဘူး၊ အပေါ်မှာပဲ နေကြတယ်၊ ပြီးတော့ အဘတို့အရပ်မှာ သူခိုးသူဝှက်မရှိတော့ တံခါးတွေမှာ တံခါးရွက်တပ်တာနည်းတယ်။

အဘကတော့ အဘနေတဲ့အိမ်မှာ အောက်အရပ်လို တံခါးရွက်တွေ တပ်တယ်၊ အခန်းတွေဖွဲ့ပြီး အသေအချာ လုပ်ထားတာ၊ အိမ်တွေနောက်ဘက်ကို ကြည့်လိုက်စမ်း မီးဖိုချောင်က ထွက်လိုက်ရင် နောက်ဘက်က ရေသွန်ချောင်လို့ ခေါ်ကြတဲ့ ကပြင်ထုတ်ထားတယ်။

အဘရဲ့ ယောက္ခမအိမ်ကလဲ နောက်ဘက်မှာ ရေသွန်ချောင် ရှိတယ်လေ၊ မုဆိုးမအိမ်ဆိုတော့ ရေသွန်ချောင် (ကပြင်)ဟာ ကျကျနန ပျဉ်တွေခင်း သံရိုက်ထားတာ မဟုတ်ဘူး၊ ပြီးစလွယ် ပကာခြမ်းတွေကို စီတင်ခင်းထားတာ၊ သံတစ်ချက်မှ ရိုက်မထားဘူး၊ အောက်က အဆင့်တွေကတော့ အိမ်မကြီးနဲ့ တစ်ခါတည်း တွဲဆောက်တာဆိုတော့ အခိုင်အမာပါပဲ၊ အခင်းတွေကသာ ဖြစ်သလို စီခင်းထားတာ၊ လူသွားလာလို့ကတော့ ပကာခြမ်းတွေက ပြဿနာ မရှိဘူး။

အဘ ဒါတွေ ပြောပြတာက အကြောင်းမဲ့မဟုတ်ဘူးကွယ့် လူကလေးရဲ့၊ ကျားနဲ့တွေ့ရတုန်းက အဲဒါတွေက အဓိကမို့ ပြောပြနေတာ။

ယောက္ခမအိမ် အဘ သမက်တက်လိုက်သွားလို့ သုံးနှစ်လောက်ကြာပြီး သားကြီး အောင်မြင့်လှိုင် လမ်းလျှောက်တတ်ခါစအချိန်၊ ဩဘ် ဒါနဲ့ ကြားဖြတ်ပြီး အညာဓလေ့၊ ရှမ်းဓလေ့လေး ဖြတ်ပြောရဦးမယ်၊ သမက်တက်၊ ချွေးမတက်တို့ဆိုတာက တခြားမဟုတ်ဘူး၊ မိန်းကလေးနဲ့ ယောကျ်ားလေး မင်္ဂလာဆောင်ပြီးတဲ့အခါမှာ ယောကျ်ားလေးဖြစ်သူက မိန်းကလေး အိမ်လိုက်နေရင် သမက်တက်လို့ ခေါ်တယ်၊ ယောက္ခမတွေရဲ့ စီမံခန့်ခွဲမှုအောက်မှာ အိမ်ခွဲမနေမချင်း နေပေရော့၊ ချွေးမတက်ဆိုတာလဲ ယောကျ်ားလေးအိမ် မိန်းကလေးလိုက်နေတာကို ပြောတာ၊ အဲဒီမိန်းကလေးကလည်း ယောက္ခမအမကြီးရဲ့ စီမံခန့်ခွဲမှုအောက်မှာ နေပေတော့ပဲ။

အချို့များ အိမ်ထောင်ကျပြီး စကနေ အသက် လေးငါးဆယ်အထိ မိမိလက်ထဲမှာ လက်ဆုပ်လက်ကိုင် ကိုယ်ပိုင်စီးပွားရေး ပစ္စည်းဥစ္စာ မရှိဘဲ ယောက္ခမရဲ့ လက်ဝေခံအဖြစ်နဲ့ နေကြတာတွေ ရှိတယ်၊ ဒါ အညာရဲ့ မိသားစုလူနေမှုစနစ် ဗဟုသုတ ဖြစ်အောင် ပြောတာ။

အဲ . . . စောစောကစကား ပြန်ဆက်ရမယ်၊ အောင်မြင့်လှိုင်လေး လမ်းလျှောက်တတ်ခါစ အဘတို့ နယ်အနီး နားရွာတွေမှာ ကျားတစ်ကောင် သောင်းကျန်းနေတယ်၊ ဟိုဘက် သူကြီးစုတို့ ဝဲဟက်တို့ ရွာဘက်မှာ ရွာထဲဝင်နွားဆွဲ၊ ကျားဆွဲ၊ ဝက်ဆွဲနဲ့ တော်တော်လေး သောင်းကျန်းနေတယ်လို့ သတင်းကြားနေရတယ်၊ နန်းသက်ရွာဘက်မှာ တောထဲ ဟင်းရွက်ခူးတောင် မသွားရဲကြတော့ဘူး၊ လူပါဆွဲတယ်ဆိုတော့ ဒီကျားဟာ အတော်အတင့်ရဲနေပြီပေါ့၊ အရင်ကတော့ တောကောင်တွေဟာ ရွာအနီးနားကို မကပ်ကြပါဘူး၊ ရွာထဲလဲ မဝင်ကြပါဘူး။

ဒီကောင် ဘာကြောင့် ရွာတွေကို နှိပ်စက်နေတာလဲ၊ တို့ရွာဘက်ကိုလဲ ရောက်လာနိုင်တယ်၊ သတိ ဝီရိယလေးနဲ့နေမှလို့ အဘလဲ တွေးမိပြီး အိမ်မှာ မွေးထားတဲ့ ဝက်မကြီးနဲ့ သားရှစ်ကောင်ပေါက်တာ ကျင်းတက်အရွယ်ရောက်လာပြီမို့ ဝက်လေး ခြောက်ကောင်နဲ့ ဝက်မကြီးကို စပါးပေါ်ပေးရောင်းလိုက်တယ်၊ ကျန်ခဲ့တဲ့ ဝက်ကျင်းတက်လေး နှစ်ကောင်ကိုတော့ အိမ်အောက်ခြံထဲမှာ ထည့်ထားလိုက်တယ်။

အဲဒီနေ့ကတော့ တကယ်လို့များ ကျားသောင်းကျန်း တို့ဘက် ရောက်လာရင် ဆွဲသွားချေရဲ့လို့ အောက်မေ့ပြီး အိမ်ပေါ် မီးဖိုခန်းအပေါက်နား ကြိုးချည်ပြီး တင်ထားလိုက်တယ်၊ မီးဖိုခန်းဆီ ရေသွန်ချောင်က ဝင်တဲ့အပေါက်က တံခါးရွက်မရှိဘူး။

ကျားရောက်လာတဲ့နေ့က အဘ ဇနီးသည် နန်းမြစီ နေမကောင်း ဖြစ်နေလို့ လယ်တော စောစောသွားရအောင် အဘကိုယ်တိုင် ထမင်းထချက်နေတာ၊ ထမင်းဟင်းကျက်ပြီး ရေနွေးဆက်တည်ထားတာ၊ ရေနွေးကရားအိုး တည်ကရားလေးက သေးတာနဲ့ များများရအောင် ဒန်အိုးကြီးကြီးနဲ့ ရေနွေးထည့်ထားတာ၊ ရေနွေးပွက်လို့ ဓာတ်ဘူးတွေထဲ ထည့်ဖို့ ရေနွေးအိုး မ,လိုက်တဲ့အချိန်မှာပဲ အိမ်ကပြင် ရေသွန်ချောင်ဘက်မှာ သိမ့်ခနဲ လှုပ်သွားတယ်။

ဝက်ကလေး နှစ်ကောင်ကလဲ အငြိမ်မနေဘူး၊ ယောက်ယက်ခတ်နေကြတယ်၊ အဲဒီတော့ နံနက် ၄ နာရီလောက်ရှိမယ်၊ အဘက ပွက်ပွက်ဆူနေတဲ့ ရေနွေးကို ဓာတ်ဘူးထဲထည့်ဖို့ ပြင်လိုက်တဲ့အချိန် မီးမပြောင်းနိုင်မှီ အောက်မှာ နောက်တံခါးကဝင်လာတဲ့ ကျားခေါင်းလည်း မြင်လိုက်ရော အဘလဲ အစတော့ ကြောင်သွားတယ်။





www.burmeseclassic.com

www.burmeseclassic.com

နောက်မှ ချက်ချင်း သတိရပြီး ...တ်ထဲက ပွက်ပွက်ဆူနေတဲ့ ရေနွေး ...တွေနဲ့ ဒန်အိုးပါရောပြီး ကျားခေါင်းကို ...နံ့ခနဲနေအောင် ပက်ပစ်လိုက်တာ ...ကျားလဲ ပူတာရော၊ လန့်တာရော တံခါး ...နေ နောက်ကျွမ်း ပစ်သွားတယ်။

ကျားနဲ့ အဘ ဘာဝေးမှာလဲ ...၊ နှစ်တောင် သုံးတောင်လောက် ...တာ၊ ဖြစ်ချင်တော့ နောက်ကျွမ်းပစ် ... ပြန်ထွက်သွားတဲ့ကျားဟာ အားနဲ့ ...ယက်ပစ်လိုက်လို့ နေရာရွှေ့သွားတဲ့ ...ာခြမ်းတွေကြားထဲ ကျွံကျပြီး ယက် ... ယက်ကန်ဖြစ်နေတယ်၊ ရေနွေး ...ပွက်ဆူနဲ့ ပက်ခံရလို့ ပူလို့ရော၊ ...ကြမ်းကျွံကျလို့ ဒေါသဖြစ်တာ ရောနဲ့ ...ဝုန်းဝုန်းနဲ့ ပွက်ပွက်ညံနေတော့ ...ပေါ့။

အဘလဲ ရတဲ့အခွင့်ရေး လက် ...တ်မခံဘဲ ဝက်ထိုးလှံ ပြေးယူပြီး ကြမ်း ...ကျလို့ နောက်ခြေနှစ်ဖက် ညပ်နေတဲ့ ...ကို ပစ်ထိုး ထိုးပစ်လိုက်တော့ ...တ်ချင်းပေါက်မတတ်ပဲ။

ဒေါသတကြီးနဲ့ လှံ့အရိုးကို သွေး ...သွေးတန်းကိုက်နေတဲ့ကျားကို နောက် ...တစ်ချောင်းနဲ့ ဇာတ်သိမ်းပစ်လိုက်မှ ...ကျသွားတော့တယ်ဗျာ၊ ကျားလဲ ...ရော လက်နှိပ်မီးတွေ တဝင်းဝင်းနဲ့ ...ရွာလုံးရောက်လာကြပြီး 'ကျားကြီး ...၊ ကျားကြီးဟ၊ သာလှိုင်တို့အိမ် ...ွှန်ချောင် ကပြင်ပေါ်မှာ ကျားကြီး ...' နဲ့ တစ်ရွာလုံး ဆူညံသွားတော့ ...ပဲ။

ကြမ်းကျွံပြီး ရုတ်တရက် ရုန်း ...တ် မရတဲ့ကျားကို လှံနဲ့ထိုးလို့ ရတာ ... တစ်ယောက်တစ်မျိုး ထင်ရာမြင်ရာ ...ကြရင်းက ရှမ်းကြီးသိုင်းတတ်တဲ့ ...လှိုင်က ကပြင်ပေါ်တက်လာတဲ့ ...ကို သိုင်းကွက်နင်းပြီး လှံနဲ့ ထိုး ...တ်တယ်လို့ ဖြစ်သွားတော့ အချောင် ...ည်ကြီးသွားတာပေါ့ကွာ။

အခု ပြောပြတာမှ ကြာသေး ...ယ်၊ ကျားနဲ့ အဘတို့ အဖြစ်က ...သမှ သိပ်မြန်၊ ဘာမှ မကြာလိုက် ... မိနစ်ပိုင်းလေးတွင် ဖြစ်သွားတာ။

မနက်မိုးစင်စင်လင်းမှ ကြည့် လိုက်တော့ သေနေတဲ့ကျားရဲ့ ရှေ့လက် တစ်ဖက်ဟာ သံညှပ်မိပြီး လက်ဖျားက ကျပ်နေတာ တွေ့လိုက်ရတယ်။

ဒါကြောင့် ကျားဒုက္ခိတမို့ တော ထဲက သားကောင် ဖမ်းရတာ ခက်တာနဲ့ လူတွေနေတဲ့ ရွာနားက ဖမ်းရလွယ်တဲ့ လူနဲ့ အိမ်မွေးတိရစ္ဆာန်တွေကို ရန်ရှာ တော့တာ။

ဘာပဲပြောပြော ပြောပြော လူတွေ ကို ဒုက္ခပေးတဲ့ ကျားဆိုးတစ်ကောင် မရှိ တော့တာ ကောင်းတာပဲ၊ အဘကလည်း မကြောက်တတ်တာရော၊အရွယ်ကောင်း တဲ့ အချိန် အားကောင်းမောင်းသန် အရွယ်မို့ ကျားကို ချက်ကောင်းရွေးထိုး နိုင်လို့ ကျားရတာ၊ ကြောက်တတ်ရင်လဲ ကျားစာဖြစ်မှာပဲ။

အဲဒီ တစ်နေ့လုံး ကျားသေကြီး အိမ်ရှေ့မှာ ချထားလို့ ကျားလာကြည့် ကြတာ၊ သတင်းကြားတာနဲ့ ဟိုရွာ ဒီရွာ က လူတွေ လာလိုက်ကြတာ၊ တို့ရွာမှာ လူတွေ စည်လိုက်ပုံများ ပြောပါနဲ့တော့ ကွာ၊ အဘလည်း ကျားရတဲ့အကြောင်း ပြောပြရတာ အက်ကြောင်းထပ်နေပြီ၊ အဘက စွမ်းတာ မဟုတ်ဘူး၊ ကျားက သေချင်တာကွ။

ကျားကိုတ်ခံရပြီး သေရမယ့်ကံ ဥပဒ္ဒေဒကက် မပါလို့ ပြောရမှာပေါ့။ နောက် ကျားတစ်ကောင်ရတာကလည်း အဘ စွမ်းလို့မဟုတ်ဘူး၊ ဒီကောင်လဲ သေကို သေချင်လို့ကွ။

ပြောရရင် ယုံနိုင်စရာတောင် မရှိဘူး၊ အဲဒီတုန်းက တောကလဲနီး သားကောင်ကလဲပေါ၊ ကျား၊ ဆင်ပေါ တဲ့ အချိန်၊ အဘတို့ကတော့ မုဆိုး မဟုတ်ပါဘူး၊ ကိုယ့်ရွာထဲက သူငယ် ချင်းတွေ လယ်ယာလုပ်ငန်း အားတဲ့ အချိန် စုမိကြလို့ အဖော်ကောင်းရင် ဝက်ထိုးထွက်ကြတာပဲရှိတာပါ၊ အပျော် သဘော ထွက်ကြတာလေ။

အရင် ကျားတစ်ကောင်ရပြီး တစ်နှစ်ကျော်လောက်ကြာတော့ တစ် ရက်မှာ မြောက်တောဘက်က ပျိုးခင်း ကိုလဲသွားကြည့်ရင်း မျှစ်ချိုးမှိုရှာဆိုသလို အဘတစ်ယောက်တည်း ထွက်ခဲ့ တယ်၊ အိမ်က အထွက်မှာ ဦးစိန်မောင်နဲ့ တွေ့တော့။

"ဟ . . . သာလှိုင်ကြီး၊ မိုးထဲ ရေထဲ ဘယ်တုံးကွ"

"မြောက်တောဘက် ပျိုးခင်း သွားကြည့်ရင်း မှိုလေး မျှစ်လေး ချိုးစမ်း ဦးမလို့ပါ ဝရီးစိန်မောင်ရာ"

"အေး . . . မြောက်တောသွား ရင် သတိလေးတော့ ထားသွားပေ့၊ ဝက်တောင်း တစ်ကောင်ပါတဲ့ ဝက် ခြောက်ကောင်အုပ် တွေ့ကြသတဲ့၊ ပြီး တော့ ဝံတစ်ကောင်လဲ တွေ့ကြတယ် ပြောတယ်"

"ဟုတ် ဝရီးစိန်မောင်၊ ကျေးဇူး ပဲဗျာ၊ လိုလိုမည်မည် လှံတစ်ချောင်း တော့ ယူသွားဦးမှ"

"အေး သတိဆိုတာ ပိုတယ် မရှိ ဘူးကွ သာလှိုင်ရဲ့ အေး သွား သွား သတိထား သွားပေ့"

"ဝရီးစိန်မောင် ပြောတာနဲ့ အိမ် ထဲပြန်ဝင် လှံတစ်ချောင်းယူခဲ့တယ်၊ ဓား ကတော့ ထုံးစံအတိုင်း ခါးမှာ အမြဲ ပါတာပေါ့၊ ပြီးတော့ အဘက်ကောင်း ချင်တော့ မိုးလေးတဖွဲဖွဲ ကျနေတာနဲ့ အချမ်းလဲပြေ၊ မိုးရေလဲမစိုအောင် ဂုန်နီ အိတ် သကြားအိတ်ခွံ ထူထူတစ်ဝက် ချိုးခေါက်၊ ခေါင်းကနေ နောက်ကျော လုံအောင် ခြုံခဲ့တဲ့အပြင် ပလိုင်းကိုလည်း ထပ်ကျောပိုးခဲ့သေးတယ်။

ဒီတစ်ခါ သေဘေးကလွတ်ခဲ့ တာ ကံအကြောင်းတရားရော၊ အကျင့် ကောင်းလေး တစ်ခုကြောင့်ရောလို့ ပြောရမှာ၊ အဘ အကျင့်တစ်ခုက ဓား လှံကို အမြဲမြည့်ထက်နေအောင် သွေး ထားတတ်တယ်။

ပြီးတော့ လှံကိုင်သွားလို့ လှံကို မြေကြီးပေါ် ထောက်ရင် လှံအသွားက ဘယ်တော့မှ မထောက်ဘူး၊ အသွားမြေ ကြီးကို စိုက်ထောင်ရင် မြေကြီးထဲမှာ မမြင်နိုင်တဲ့ ခဲ၊ ကျောက်တွေနဲ့ထိရင် ကြိုးစားပြီး ထက်အောင် သွေးထားရ တဲ့လှံသွား ပဲ့သွားမှာ လိပ်သွားမှာစိုးလို့ လှံကို မြေကြီးထောက်ရင် အသွားကို



www.burmeseclassic.com

www.burmeseclassic.com

အပေါ်ကထား အရိုးကို မြေကြီးမှာ ထောက်တတ်တယ်။

အဘလဲ မိုးလေးအေးအေးနဲ့ ဆောင်းလာတဲ့ ဝါးခမောက်ပေါ် တဖြောက်ဖြောက်ကျနေတဲ့မိုးရေပေါက်သံကို နားထောင်ရင်း သတိထားပြီး တောထဲဝင်လာလိုက်တာ ခရီးအတော်ရောက်လာပြီ။ ဝုရီးစိန်မောင် ပြောလိုက်လို့ ဝက်အုပ်နဲ့ဝံကိုပဲ သတိထား နားစွင့်ခဲ့တာ ကျားနဲ့ တွေ့ရလိမ့်မယ် ဘယ်ထင်မလဲ။

ဒီအဘတို့ လယ်ချောင်တွေရှိတဲ့ မြောက်တောဘက် ကျားလာခဲပါတယ်၊ မလာပါဘူး၊ လူအသွားအလာ များတဲ့ နေရာမို့ ကျားလာမယ်လို့ စိတ်ထဲမှာကို မရှိခဲ့တာ၊ တကယ်တော့ သူလဲ ဝက်အုပ်နောက်လိုက်ရင်းက မြောက်တောဘက် ရောက်လာတယ် ထင်ပါတယ်။

ငါးရုံတွေ့ရင် မျှစ်လေးချိုးလိုက် ပလိုင်းထဲထည့်လိုက်နဲ့ လာလိုက်တာ လယ်တောချောင်နဲ့သိပ်မဝေးတော့ဘူး၊ နှစ်တိုင်း မှိုပေါက်နေကျ မှိုကျင်းနားရောက်တော့ မှိုပေါက်ပြီလားလို့ အဘ ရပ်ကြည့်မိတယ်၊ တောင်ပို့မှိုလေးတွေက မပွင့်သေးဘူး၊ ထွက်ပြူစ မှိုအငုံလေးတွေပဲရှိသေးတယ်၊ အငုံတွေထဲက ခပ်ကြီးကြီးလေးတွေ ဓားနဲ့ကော်ပြီး နှုတ်ခဲ့မယ်ဆိုတဲ့အတွေးနဲ့ လှံကို ဘယ်ဘက်ပြောင်းပြီးကိုင် ခါးကဓားကို ညာဘက်က ဆွဲနုတ်၊ လှံကို တောင်ပို့အရင်းထောက် ထိုင်ချလိုက်တဲ့အချိန် ဘာဖြစ်လို့ ဖြစ်မှန်း မသိလိုက်ဘူး။

ဝေါင်း ဝေါင်း ဆိုတဲ့ အသံနဲ့ အတူ အဘခေါင်းပေါ်က ခမောက်၊ နောက်ကျောပေါ်က ပလိုင်း၊ ခြုံလာတဲ့ သကြားထည့်တဲ့ ဂုန်နီအိတ်ခွံရော ကျားပါးစပ်ထဲနဲ့ ခြေသည်း လက်သည်းတွေကြားထဲပါသွားပြီး ရင်ဘတ်ကနေ ထုတ်ချင်းပေါက်သွားတဲ့ လှံတန်းလန်းနဲ့ အဘဘေးမှာ ဖုန်းခနဲ ကျသွားပြီး ဒေါသတကြီး အဘ ဝါးခမောက်တွေ၊ ပလိုင်းတွေ ဝါးလိုက်သမှ စိစိညက်ညက်ကိုကြေရော။

အဘလဲ ကျားက ပုတ်ထုတ်လိုက်သလို ဘေးလွင့်ပြီး လဲကျသွားခဲ့တယ်။

ပလိုင်းတွေ၊ သကြားအိတ်ခွံတွေကြောင့် ကျားလက်သည်းဒဏ် ထိထိမိမိ မခံလိုက်ရတာ သိပ်ကံကောင်းသွားတာ၊ ကျားလက်နဲ့ ပုတ်တဲ့ဒဏ် ထိထိမိမိ ခံလိုက်ရရင်လဲ ဘယ် သက်သာမလဲကွယ်၊ တကယ့်ကို ကံကြီးလွန်းလို့ မထိစလောက်လေး ထိမိ ရှမိတာ။

အဘ လှံထောက်ထိုင်ချလိုက်တဲ့အချိန် ကျားက ရပ်လိုက်တဲ့အချိန် ချိန်သားကိုက်သလိုဖြစ်သွားပြီး လှံသွားက ကျားရင်ဘတ်ထဲ တန်းဝင်သွားတာ၊ သူ ဘယ်အချိန်က အဘကိုလိုက်ချောင်းနေလဲ မသိဘူး၊ အဘရပ်လိုက်တဲ့အချိန် သူနောက်က ခုန်အုပ်တာ အဘထိုင်ချလိုက်တော့ လူကိုမမိဘဲ လှံက ရင်ဘတ်ထဲဝင်၊ ခမောက်တွေ ပလိုင်းတွေသာ သူ့လက်ထဲ ပါးစပ်ထဲ ပါသွားတာနေမှာပေါ့။

အဘလဲ လဲသွားရာက လူးလဲထ လက်ထဲကဓားနဲ့ ကျားခေါင်းကို ပြေးခုတ်လိုက်တာ အချက်ပေါင်း ဘယ်နှချက်ခုတ်မိမှန်း မသိတော့ဘူး၊ ကျားမလှုပ်တော့မှဘဲ အခုတ်ရပ်မိတော့တယ်ဗျာ၊ အဲဒီကျမှ လူလဲ ထိုင်ရမလို ထရမလို ရေဆာသလိုလို ကတုန်ကယင်ဖြစ်နေလိုက်တာ။

အမောပြေမှ ရွာက လူတွေ သွားခေါ်ပြီး ကျားကြီးထမ်းပြန်လာကြတာ၊ သာလှိုင်ကြီး ကျားရပြန်လာပြီတဲ့ဟေ့၊ သာလှိုင်ကြီး ကျားရလာပြန်ပြီနဲ့ ရွာထဲမှာ အုန်းအုန်းကျွက်ကျွက်ဖြစ်ပြီး ကျားတွေကတော့ကွာ သာလှိုင်ကို မနိုင်ပါဘူးဟ။

ပြောကြပြီး ကျားမနိုင် သာလှိုင် ကျားမနိုင် သာလှိုင်နဲ့ ဖြစ်တော့တာ ကျားကို တူမီးသေနတ်မပါ၊ ဒူးလေးမပါ၊ ဓားလှံနဲ့တင်ရခဲ့တော့ လူတွေစိတ်ထဲမှာ တအံ့တဩဖြစ်ကြရတာပေါ့။

အဘက အမှန်အတိုင်း ပြောပြလဲ မယုံကြဘူး၊ ကျားနဲ့ မျက်နှာချင်းဆိုင်တွေ့ရင် ဒါလောက် ချိန်သားကိုက်မှာ မဟုတ်ဘူး၊ အဘအဖြစ်က ယုံနိုင်စရာမရှိတော့လဲ ပြောလို့ မယုံတာ မဆန်းဘူးပေါ့။

ကျားနဲ့ တစ်ကြိမ်မက နှစ်ကြိမ်တွေ့တာတောင် ကျားကိုက်ခံရပြီး သေရမယ့်ကံ မပါခဲ့တဲ့ အဘကံကြမ္မာကသာ ဆန်းတယ် ပြောရမှာပေါ့ကွယ်"

အဘ သာလှိုင်သည် သူ့ဘဝဇာတ်ကြောင်းရှည်ကြီးကို ပြောပြလိုက်ရ၍ ကျေနပ်နေဟန်ရှိသည်။

စကား အရှည်ကြီး အကြာကြီး ပြောသော်လည်း အဘသည် မောပန်းဟန်မရှိ။ မျက်နှာ ကြည်လင်လျက်သာ နေသည်။

"အဘဇာတ်ကြောင်း၊ အဘ အတွေ့အကြုံတွေကို စိတ်ရှည်လက်ရှည် ပြောပြလို့ ကျေးဇူးတင်ပါတယ်၊ လူတစ်သောင်းမှာ တစ်ယောက်မရှိနိုင်တဲ့အဖြစ်မျိုးမို့ ကျွန်တော်ရေးဖြစ်အောင် ရေးမှာ အဘ၊ ကဲ- ကျွန်တော်တို့ ပြန်ခွင့်ပြုပါဦး အဘခင်ဗျာ"

"အေး အေး ပြန်ကြပေရော့ ကျန်းမာပါစေ၊ ချမ်းသာကြပါစေကွယ်"

အဘထံမှ ကျွန်တော် တည်းခိုအိမ်သို့အပြန်တွင် ဆန်းကြယ်လှသည့် ကံကြမ္မာအကြောင်းတွေးရင်း ကျားမနိုင် သာလှိုင်ဟာ တစ်ချိန်က နာမည်ကြီးခဲ့သော အဘမျက်နှာအား မြင်ယောင်ရင်း ပြန်ခဲ့ကြပါတော့သည်။

**မောင်မောင်တိုး[illegible]**

မှတ်ချက် -

ဤစာရေးချိန်တွင် အဘသာလှိုင် ကွယ်လွန်သွားပြီ ဖြစ်ပါသည်။ ရေးခွင့်ပြုသော အဘ၏သား၊ မြေးများအား ကျေးဇူးတင်ပါသည်။

❒





www.burmeseclassic.com

www.burmeseclassic.com

# လောကဝတ်

# ETIQUETTE

ဂျိမ်းကျော်လွင်(သန်လျင်)



ယခု ဆောင်းပါးရေးသားရခြင်း နဲ့ ရည်ရွယ်ချက်မှာ လူမှုဆက်ဆံရေး ကိစ္စများမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည် စိတ်ချမှု ရှိစေရန်နဲ့ သင့်တင့်လျောက် ပတ်စွာ ပြုမူဆက်ဆံနိုင်ရေးအတွက် ရည်ရွယ်ရေးသားခြင်း ဖြစ်ပါတယ်။

(Etiquette) အက်တစ်ကက်တ် ကို အဘိဓာန်တွေက ကျင့်ဝတ်ထုံးထမ်း၊ လောကဝတ်၊ ယဉ်ကျေးရည်မွန်မှု စတဲ့ အနက်အဓိပ္ပာယ်တွေ ပေးပါတယ်။

Ethic နဲ့ Etiquette မတူပါဘူး၊ (Ethic) က လူ့ကျင့်ဝတ်၊ ကိုယ်ကျင့် တရားစတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

ဥပမာ - ငါးပါးသီလစောင့်ထိန်း ခြင်း မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ် စသည်တို့ ဖြစ်ပါသည်။

(Etiquette) လောကဝတ် ဆို တာ အဆင်တန်ဆာ တစ်ခုလည်းဖြစ်ပါ တယ်။ ဘဝကို အလှဆင်ဖို့အတွက် အဆင်တန်ဆာများကို သတိပြုသင့်ပါ တယ်။

တစ်ခုပြောချင်ပါတယ်။ တာဝန် ဆိုတာ မလုပ်မနေရသော စည်းကမ်း ဖြစ်ပါတယ်။ မလုပ်လည်းရတယ်၊ လုပ် လည်းရတယ်၊ မလုပ်လို့လည်း ဘာမှ မဖြစ် မည်သူမှ အပြစ်မပြောဘူးဆိုတာ က ဝတ္တရားပဲဖြစ်ပါတယ်။

အလုပ်တစ်ခုမှာ သင်ဟာ တာဝန်တွေအပြင် ဝတ္တရားတွေပါ လုပ် ဆောင်နေမယ်။ ဥပမာ- သင်သည် စာရေးတစ်ဦး၊ ရေအိမ် (Toilet) သွား တော့ လမ်းမှာအမှိုက်တစ်စတွေ့တယ်။ အဲဒီအမှိုက်ကိုကောက်ပြီး အမှိုက်ပုံးထဲ သို့သွားထည့်တယ်ဆိုပါတော့။သင်သည် စာရေးတာဝန်ကိုသာမက ဝတ္တရားလို့ ခေါ်တဲ့ မကောက်လည်း ရတဲ့အမှိုက် ကို ကောက်လိုက်တဲ့အတွက် သင့်ကို အထင်ကြီးလေးစားသွားမယ်။

မန်နေဂျာ တွေ့သွားရင်တောင် သူ့ရဲ့ မှတ်စုစာအုပ်ထဲက ရာထူးတိုး ပေးရမယ့် စာရင်းထဲမှာ သင်ပါသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် (Ethic) ကျင့်ဝတ်ကို တာဝန်နဲ့အတူတူထား၍ (Etiquette) လောကဝတ်ကို ဝတ္တရားနဲ့တန်းတူ သတ် မှတ်ချင်ပါတယ်။

ဘဝအောင်မြင်မှုဆီသို့ တက် လှမ်းရာတွင် လှေကားတစ်ခုကို တွေ့ရ ပါမယ်။ အဲဒီလှေကားမှာ ခြေနင်းတက် ဖို့ လှေကားထစ်တွေရှိမယ်။ ခြေနင်း တက်ရာတွင် ရေတွေ၊ ဆီတွေပေနေခဲ့ ရင် ချော်မသွားအောင် လက်ကိုင်တန်း တစ်ခုရှိမယ်၊ လှေကားလက်ရန်းပေါ့။

လှေကားထစ်တွေကို ကိုယ်ကျင့် တရား (Ethic) နဲ့ နှိုင်းယှဉ်ပြီး လှေကား လက်ရန်းကိုတော့ လောကဝတ် (Etiquette) နဲ့ နှိုင်းယှဉ်ချင်ပါတယ်။

လောကဝတ်တွေကို လေ့လာ ထားသူဟာ ဘဝ၏ အခက်အခဲအချို့ ကို မလေ့လာထားသူထက် ပို၍ ကျော် လွှားနိုင်မှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ယခု ကျွန်တော်ရဲ့ လောကဝတ် ဆောင်းပါးတွင် ပါဝင်သည့် မိဘများ လိုက်နာရန်၊ သားသမီးများလိုက်နာရန် စသည့်အကြောင်းအရာများမှာ ခေတ်သစ်လောကဝတ် (Modern Etiquette) များလည်း ပေါင်းစပ်ထားသဖြင့် စာဖတ်သူတိုင်း ကျေနပ်ပီတိ ဖြစ်ကြမယ်လို့ မျှော်လင့်မိပါတယ်။

ဤဆောင်းပါး အချက်များဟာ ကျွန်တော်ရဲ့ အယူအဆများသာဖြစ်ပါတယ်။ လုံးဝပြည့်စုံတယ်လို့ မှတ်ယူရန်မူ မဖြစ်နိုင်ဟု ယူဆပါတယ်။ ကျွန်တော့် ပတ်ဝန်းကျင်က အတွေ့အကြုံများအား စံတစ်ခုအနေနဲ့ လေ့လာထားတာဖြစ်ပါတယ်။ ကျွန်တော် သိသမျှကို အခြားသူများဆီကို ဝေငှလိုတဲ့ စေတနာသာ ရှိပါတယ်။ ဆရာလုပ်လိုပြီး ရေးတာ မဟုတ်ပါ။

ကျွန်တော် သိတာတွေဟာ ကျွန်တော့်အတွက် မှန်ပေမယ့် တစ်ခါတစ်ရံ အခြေအနေ၊ အချိန်အခါကြောင့် မှန်ချင်မှ မှန်ပါလိမ့်မယ်။ ကျွန်တော့်ထက် ဉာဏ်ရည်မြင့်သူတို့အတွက် မှန်ချင်မှ မှန်ပါလိမ့်မယ်။ ထိုသို့သော အမှားမျိုးရှိက ပညာရှင်တို့က ခွင့်လွှတ်ပေးပါရန် အနူးအညွတ်ပန်ကြားအပ်ပါတယ်။

* * *

## မိဘများက သားသမီးများအပေါ် ပြုကျင့်ရမယ့် လောကဝတ်

ကျွန်တော့်ဘေးအိမ်က လမ်းလျှောက်တတ်စ တစ်နှစ်မပြည့်သေးတဲ့ ကလေးမလေး တစ်ဦးကို တစ်နေ့က ကျွန်တော့်မိန်းမက အိမ်ကို ခေါ်လာတယ်။ သမီး ထမင်းစားမယ်၊ ခုံသေးသေးလေးသွားယူလို့ ကျွန်တော်ကပြောတော့ ကလေးက လိမ္မာတယ်ဗျာ သွားယူတယ်။ သူ့ကို ထမင်းခွံ့ကျွေးတဲ့အခါ နှစ်လုတ်လောက်စားပြီးတော့ ကလေးက ကျွန်တော့်ပန်းကန်ထဲက ဟင်းတစ်ဖတ်ကို ယူလိုက်တာ မြန်သလား မပြောနဲ့။ သမီး မယူစားရဘူးလို့ ကျွန်တော်က ပြောတော့ ကလေးက ခေါင်းလေးညိတ်ပြီး ငြိမ်ငြိမ်လေးစားနေတယ်ဗျာ။

တစ်နေ့တော့ အဲဒီ ကလေး ထမင်းစားတဲ့အချိန် သူတို့အိမ်ကို သွားလေ့လာကြည့်တာ ကျွန်တော်တွေ့ခဲ့ရတယ်။ တကယ်ဆို သမီး အဲလို မနှိုက်စားရဘူး။ အမေကျွေးတာ စားရမယ်။ သမီးနားလည်လာမှ၊ သမီး ပန်းကန်တစ်ချပ်ကို နိုင်တဲ့အခါမှ စားရမယ်။ အခုတော့ ဒီလိုမစားရသေးဘူး။ သမီးက လိမ္မာပါတယ် စသဖြင့် ပြောပြပေး၊ သင်ပေးသင့်တာ။

အဲဒီလို မိဘတွေက သားသမီးတွေကို မပြောပြ၊ မသင်ပေး မဖြစ်ရအောင် အောက်ပါအချက်လေးတွေကို သတိထားကြရမှာ ဖြစ်ပါတယ်။

(၁) သားသမီးများအပေါ် အလုပ်မအားတဲ့ကြားက ဂရုစိုက်ပေးပါ။

(၂) သားသမီးများရဲ့ ပညာရေးကို စစ်ဆေးပေးပါ။

(၃) သားသမီးများရဲ့ ကျန်းမာရေး ဂရုစိုက်ပေးပါ။

(၄) သားသမီးများနဲ့ တစ်နှစ်တစ်ခါလောက် ပျော်ပွဲစားထွက်ပေးပါ။

(၅) သားသမီးများကို မြန်မာ့ဓလေ့နဲ့ ညီတဲ့ အဝတ်အစားများသာ ဆင်ပေးသင့်ပါတယ်။

(၆) သားသမီးများကို ည ၈ နာရီ ကျော်ရင် အပြင်မထွက်ခိုင်းပါနဲ့။

(၇) မိဘများ မိမိတို့ရဲ့ ဘဝအတွေ့အကြုံများကို ပြောပြသင့်ပါတယ်။

(၈) လူငယ်များရဲ့ စိတ်ခံစားချက်ကို ဦးစားပေးပြီး ထိန်းပေးပါ။

(၉) သားသမီးများကို လူမှုဓလေ့၊ လူ့သဘာဝများ ပြောပြပေးပါ။ မပြောသင့်တာ ဘာမှမရှိပါဘူး၊ အတုမြင် အတတ်သင်မိမှာ မစိုးရိမ်ပါနဲ့၊ မိဘများက ဘေးကဝိုင်းပြီး ထိန်းကျောင်းပေးပါ။

(၁၀) မိဘများ မိမိတို့ဖြစ်ချင်တာကို အတင်းမလုပ်ယူပါနဲ့။

(၁၁) ကုလသမဂ္ဂအဖွဲ့က အသက် ၂၀ နှစ်အထိ လူငယ်ဆိုပြီး သတ်မှတ်ထားလို့ ဘွဲ့ရပြီးတဲ့အထိ ပညာရေးကိုသာ ဦးစားပေးပြီး ထိန်းပေးပါ။

(၁၂) ကျောင်းစာအပြင် ပြင်ပစာပေများ၊ သုတ၊ ရသ၊ ဓမ္မစသည့်ဖြင့် စာအုပ်များဝယ်ပေးပါ။ စာကြည့်တာကို လွှတ်ပေးပါ။ စာပေဟောပြောပွဲများကို တက်ခိုင်းပါ။

(၁၃) ကလေးများ လသားကတည်းက စရိုက်ကောင်းများကို သင်ပေးပါ။ ကလေးဦးနှောက်ဟာ မွေးလာတဲ့အခါ ဘာမှ မမှတ်ရသေးပါဘူး။ စမြင်မြင်ခြင်း စကြားကြားခြင်း အရာအားလုံးဟာ ခဲဖျက်နဲ့ ဖျက်လို့မရပါဘူး။ ဒါကြောင့် ကလေးများကို ငယ်ငယ်ကတည်းက ကျင့်ဝတ်၊ လောကဝတ်များကို ပြောပြထားသင့်ပါတယ်။

(၁၄) သားသမီးများရှေ့တွင် မိဘနှစ်ဦး ရန်ဖြစ်ခြင်း၊ ဆဲရေးတိုင်းထွာခြင်းစတဲ့ စရိုက်ဆိုးများကို မပြုသင့်ပါဘူး။

(၁၅) သားသမီးများရှေ့မှာ မိဘများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးစတဲ့ အကျင့်ကောင်းများသာ ပြုမူ၊ လုပ်ပြသင့်ပါတယ်

"ငါးခြောက်ပြားလေးတောင် မပျောက်အောင် မထိန်းသိမ်းနိုင်လျှင် နောင်အခါ တိုင်းပြည်ကို နင်ဘယ်လို ထိန်းနိုင်တော့မှာလဲ" လို့ မင်းတုန်းမင်းရဲ့ ဆရာ စံကျောင်းဆရာတော် ဦးစန္ဒိမာက ငယ်ငယ်တုန်းက ရိုက်ပြီး ဆုံးမခဲ့လို့ မင်းတုန်းမင်းဟာ သူ့ရဲ့လက်ထက်မှာ မြန်မာနိုင်ငံကို ဗြိတိသျှလက်ထက် ကျရောက်ခြင်းမရှိအောင် လုပ်ဆောင်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ကမ္ဘာမှာ 'မြန်မာပေ့' လို့ ဝင့်ကြွားနိုင်ဖို့ မိဘများအတွက် (Etiquette) လောကဝတ်ကို ရေးသားလိုက်ပါတယ်။

* * *

## သားသမီးများက မိဘတို့အပေါ် ပြုကျင့်ရမယ့် လောကဝတ်

ကျွန်တော့်မှာ အမ်မနှစ်ယောက် ရှိပါတယ်။ အငယ်မက ငွေတိုးပေးစား

www.burmeseclassic.com

www.burmeseclassic.com

တယ်။ သူ မအားရင် အမေ့ကို ဝိုင်းကူ ခိုင်းတယ်။ စာရင်းတွေမှားတာနဲ့ "အမေ တို့ကလဲ ဒါလေးတောင် အားကိုးလို့ မရဘူး၊ ဒီလောက်လေးကို စိတ်မချရရင် သမီး ဘယ်လိုလုပ်ရမလဲ" စသည့် မိဘ ကိုဆူနေလိုက်တာ လူကြားလို့မကောင်း ဘူး။ မိဘက မဆူရဘူး။ သူကပဲ ဆူနေ တော့တာ။ မိဘကို မကူညီဘဲ သူကပဲ ကူညီခိုင်းနေတယ်။ မိဘများ အသက် ကြီးလာတော့ သူတို့ရဲ့ ဝင်ငွေမရှိတော့ ဘဲ သားသမီးတွေရဲ့အိမ်မှာ ကျွန်လိုလုပ် ပြီး အပြောခံနေရတယ်။ ဒါကြောင့် လည်း ကျွန်တော် ဘယ်တော့မှ အစ်မ အငယ်မအိမ်ကို မသွားဘူး။

ကျွန်တော့်အစ်မလိုလူတွေ မရှိ ရအောင်လို့ သားသမီးများဟာ မိဘတွေ အပေါ်ပြုကျင့်ရမယ့် လောကဝတ်တွေ ကို ရည်ရွယ်ရေးသားရခြင်း ဖြစ်ပါတယ်။

(၁) မိဘတွေရဲ့ရှေ့မှောက်မှာ မရို မသေ မလေးမခန့် မိုးတိုးမတ်တက် မရပ်ပါနဲ့။ ရိုသေလေးစားစွာ နေပါ။

(၂) မိဘတွေရဲ့ ရှေ့မှောက်မှာ ခါးကို ကိုင်းညွတ်၍သွားပါ။

(၃) မိဘတွေရဲ့ အနီးပတ်ဝန်းကျင် မှာ ကြမ်းတမ်းတဲ့စကား၊ နားမခံသာတဲ့ စကားများ မပြောပါနဲ့။

(၄) မိဘတို့ကို ရန်ပြုတာ၊ မချေမငံ ပြန်ပြောတာ မပြုပါနဲ့။

(၅) မိဘတို့ အိပ်စက်နေတုန်း မသွား မလာပါနဲ့။

(၆) မိဘတို့ရဲ့အဆုံးအမကို နာခံ သင့်ပါတယ်။

(၇) မိဘတို့ကို ခြေဆုပ်လက်နယ် ပြုလုပ်ပေးပါ။

(၉) မိဘတို့ကို ခြေရင်းထား မအိပ် ပါနဲ့။ နေထွက်တဲ့ အရှေ့အရပ်ဟာ မိဘ တွေကို ကိုယ်စားပြုပါတယ်။

(၁၀) မိဘတွေ မကောင်းတာလုပ်နေ ပါက ဖျောင်းဖျပေးပါ။

(၁၁) မိဘတွေ လူမြင်မတင့်တယ်တဲ့ အဝတ်အစားများ ဝတ်ပါက ဖျောင်းဖျ ပေးပါ။

(၁၂) သေလွန်၊ ကွဲကွာသွားတဲ့ မိဘ တွေအတွက် ပေးလှူပေးပါ။

မိဘများရဲ့ အားကိုးထိုက်တဲ့ သားကောင်းရတနာ၊ သမီးကောင်း ရတနာများ ဖြစ်ကြပါစေ။ ပတ်ဝန်းကျင် ရဲ့မြင်မှာလည်း (Image) ပုံရိပ်ကောင်း တဲ့ မိကောင်းဖခင် သားသမီးတွေ ဖြစ် နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက် ပါတယ်။

* * *

## ရဟန်း သံဃာများနှင့် ပြောဆိုဆက်ဆံရာတွင် ပြုကျင့်ရမယ့် လောကဝတ်

၁။ မင်း၊ ငါ၊ ကျုပ်၊ ခင်ဗျား၊ ကျွန် တော်၊ ကျွန်မ စသည်ဖြင့် ပြောဆိုခြင်း မပြုရ။ "ဘုရားတပည့်တော်၊ တပည့် တော်" ဟု သုံးနှုန်းပြောဆိုရမည်။

၂။ ခေါ်ဝေါ်သော အခါမှာလည်း "အရှင်ဘုရား၊ ကိုရင်ဘုရား၊ ဦးပဉ္ဇင်း ဘုရား၊ ဆရာတော်ဘုရား၊ ဘုန်းဘုန်း ဘုရား" ဟု ခေါ်ဝေါ်သုံးနှုန်းရမည်။

၃။ ရဟန်း သံဃာတော်များက လည်း "ခင်ဗျား၊ အစ်မ၊ နှမ၊ အစ်ကို၊ ညီမ၊ အဖေ၊ အမေ" စသည်ဖြင့် မခေါ် ရပေ။ "ဒကာကြီး၊ ဒါယကာကြီး၊ ဒါယိ ကာမကြီး၊ ဒကာလေး၊ ဒါယကာလေး" စသည်ဖြင့် စကားလုံးများ သုံးနှုန်းပြော ဆိုရမည်။

၄။ "ထမင်းစားပါဘုရား၊ ဟင်းစား ပါဘုရား" စသည်ဖြင့် မပြောရ။ ထိုသို့ ပြောလျှင် ရဟန်းသံဃာတော်များမှာ ဝိနည်းသိက္ခာပုဒ်အရ ဘုဉ်းပေး သုံး ဆောင်ခွင့် မရှိတော့ပေ။

"ဆွမ်းဘုဉ်းပေးပါဦး ဘုရား၊ ဆွမ်းဟင်းများ ပြည့်စုံပါသလားဘုရား" စသည်ဖြင့် ပြောဆိုလျှောက်ထားရမည်။

၅။ ရဟန်းတော်များ ခရီးသွားနေ စဉ် မိမိက ခဏခေတ္တ ရပ်တန့်စေလို လျှင် "ရပ်တော်မူပါဦး ဘုရား" ဟု လျှောက်ထားရသည်။

၆။ ဆွမ်းလောင်းလှူလိုလျှင် "ရပ် တော်မူပါဦးဘုရား၊ ဆွမ်းကပ်ချင်လို့" ဟု ပြောဆိုရမည်။

၇။ ရဟန်း သံဃာတော်များနှင့် စကားပြောဆိုလျှင် လက်အုပ်ချီ၍ စကားပြောရမည်။

၈။ ရဟန်း သံဃာတော်များထံသို့ သွားသောအခါ အရင် တွေ့ရှိသည့် ရဟန်းသံဃာတော်အား ဦးစွာ ရှိခိုးဦးချ ရမည်။

၉။ ရှိခိုးဦးချရာတွင် . . .

(က) အမျိုးသားများက ဆောင့် ကြောင့်ထိုင်ပါ။ အမျိုးသမီးများက ကျုံ့ ကျုံ့ထိုင်ပါ။

(ခ) ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူး စသည်ဖြင့် ထိခြင်းငါးဖြာနှင့် ဦးချပါ။

(ဂ) ဦးသုံးကြိမ်ချပါ။ (ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ပူဇော်)

၁၀။ ပြန်သောအခါမှာလည်း ချက် ချင်း ထမပြန်ရပါ။ ရှိခိုးဦးချပြီး၍ မတ် တတ်ရပ်ကာ ရဟန်းဘက်သို့ မျက်နှာမူ ဦးညွတ်လျက် နောက်သို့ နှစ်လှမ်း၊ သုံးလှမ်းဆုတ်ပြီးမှ လှည့်ပြန်ရပါသည်။

* * *

## ဧည့်သည်များ၊ လူကြီးများနဲ့ ဆက်ဆံရာမှာပြုကျင့်ရမယ့် လောကဝတ်

"မြေးလေး၊ မင်းဘယ်မှာလဲ"

"သား အိမ်အောက်မှာ"

"ဘာလုပ်နေလဲ"

"သား ဂိမ်းကစားနေတယ်"

"ခဏ ရပ်ထားဦး၊ မင်းဒေါ်လေး ချိုကို ခဏ သွားခေါ်ပေး၊ အဘွား ပြောစရာရှိလို့"

ကျွန်တော် စာဖတ်နေတုန်း ကြားလိုက်တဲ့စကားတွေပါ။ အဲဒီနောက် ကောင်လေးက အပြင်ကို ထွက်သွား တယ်။ အပြင်ရောက်တော့ နောက်ဖေး မှာနေတဲ့ သူ့ရဲ့အဒေါ်ကို အော်ခေါ် လိုက်တယ်။

"ဟေ့ ဒေါ်ချို၊ အဘွားခေါ်နေ တယ်၊ ဟေ့ ဒေါ်ချို၊ အဘွားခေါ်နေ တယ်လို့ ပြောနေတယ် မကြားဘူးလား ကြားရင် အကြောင်းပြန် ဒါပဲ စတဲ့

www.burmeseclassic.com

ကောင်လေးတစ်ဦးက သူ့ရဲ့အဒေါ်ကို ခေါ်နေတဲ့စကားသံကို ကျွန်တော်ကြားလိုက်ရတော့ စိတ်ထဲမှာ ဘဝင်မကျသလို ဖြစ်ခဲ့ရပါတယ်။ အဲဒီလို လူငယ်တွေရဲ့အကျင့်ကို ကြားမိခဲ့လို့ အခုလို လူငယ်တွေအတွက် လူကြီး၊ ဧည့်သည်များအပေါ် ပြုကျင့်ရမယ့် လောကဝတ်ကို ရေးသားခြင်းဖြစ်ပါတယ်။

(၁) ဧည့်သည်များ၊ လူကြီးများ စကားပြောဆိုတဲ့နေရာကို မသွားပါနဲ့။ မခေါ်ဘဲ မသွားပါနဲ့။

(၂) ဧည့်သည်များ၊ လူကြီးများ ဘာအလိုရှိသလဲလို့ သတိနှင့်ကြည့်နေပါ။ သိရင် အသံမကြားစေရဘဲ ပြုလုပ်ပေးပါ။ စကားပြောရင် ရွှင်ပျတဲ့မျက်နှာထား အမူအရာ ရှိသင့်ပါတယ်။

(၃) ဧည့်သည်များ၊ လူကြီးများက တစ်စုံတစ်ရာပေးရင် လက်နှစ်ဖက်နဲ့ ခံယူပါ။ မိမိကပေးရင်လည်း လက်နှစ်ဖက်ဖြင့် ပေးပါ။

(၄) ဧည့်သည်များ၊ လူကြီးများနဲ့ စကားပြောရင် ခေါင်းငုံ့ပြီးမပြောရ။ ကြည့်ပြီး ပြောရပါမယ်။ ရဲတင်းလွန်းတဲ့ အမူအရာ မဖြစ်ပါစေနဲ့။

(၅) ဧည့်သည်များ၊ လူကြီးများရဲ့ အနီးဝန်းကျင်မှာ ကြမ်းတမ်းတဲ့စကား၊ နားမခံသာတဲ့စကား၊ မကြားသာတဲ့ စကားတွေ မပြောပါနဲ့။

(၆) ဧည့်သည်များ၊ လူကြီးများရဲ့ ရှေ့မှောက်မှာ ခါးကို ကိုင်းညွတ်ပြီး သွားသင့်ပါတယ်။ ခါးထောက်လက်မြှောက် မရှိမသေ မသွားပါနဲ့။ ခြေနင်းကြမ်းတမ်းစွာ မသွားမလာပါနဲ့။ ဖြည်းဖြည်းညင်းညင်းသာ သွားလာသင့်ပါတယ်။

အထက်ပါ လောကဝတ်များကို ပြုမူခြင်းဖြင့် မျိုးရိုးဇာတိဇကောင်းတဲ့ မိဘများမှ ဆင်းသက်လာကြောင်း သက်သေပြနိုင်ကြပါစေ။

* * *

## ထမင်းစားခန်း လောကဝတ်

ကျွန်တော် ဘဏ်တစ်ခုမှာ လုပ်တုန်းက တစ်နေ့ ထမင်းစားဖို့ ထမင်းစားခန်းကို တက်လာတော့ စားပွဲမှာ ထမင်းလုံးတွေ ပေပွနေတာပဲ၊ နောက်ပြီး ထိုင်ခုံမှာလည်း ထမင်းလုံးတွေ ကပ်နေတာတွေ့လိုက်ရတယ်။

တစ်ခါ ကျွန်တော်စားနေတဲ့ စားပွဲမှာ ရုံးကူကောင်လေးနှစ်ဦး ထမင်းစားပြီး ကြွပ်ကြွပ်အိတ်တစ်လုံးနဲ့ စက္ကူတွေ ထားခဲ့လို့ သူတို့အမှိုက်တွေ ပြန်သိမ်းသွားဖို့ပြောတော့ ကျွန်တော်ရှက်မိခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ဦးက "ခင်ဗျားနဲ့ မဆိုင်ပါဘူး၊ ကိုယ့်အလုပ်ကိုယ်လုပ်ပါ" တဲ့။ ကျွန်တော် လူငယ်တွေကို စိတ်မဆိုးပါဘူး။ ဒါဘာလဲဆိုတာ စာဖတ်သူတို့ပဲ စဉ်းစားကြည့်ပါတော့။

(၁) ထမင်းခူးရင်း ဆိုင်ရာအစောင့်အား ဦးချသလို၊ အိုးအတွင်း နည်းနည်းပုံထားပေးပါ။

(၂) ထမင်းခူးရင် ဇွန်းခွက်မှာ ထမင်းတွေပေနေအောင် မခူးပါနဲ့။ ဇွန်းခွက်ကို ထမင်းအိုးမှာ ခေါက်ခြင်းမလုပ်ပါနဲ့။ ထမင်းလုံးများ ပွနေအောင် မလုပ်ပါနဲ့။

(၃) ထမင်းခူးရင် ပန်းကန်ထဲကို ထမင်းအများကြီး မထည့်ပါနဲ့၊ ကုန်သလောက်သာ ထည့်ပါ။

(၄) ထမင်းမစားခင် ဘုရားကို အာရုံပြု၊ သရဏဂုံသုံးပါး ရွတ်ပေးသင့်ပါတယ်။

(၅) ကြီးသူကို အရင်ဦးချပြီးမှ စားပေးပါ။

(၆) ထမင်းလုတ်အနီးကိုမရောက်မီ ပါးစပ်ကို ဟ၍မထားပါနဲ့။

(၇) ထမင်းကို လောလောမစားဘဲ ငြိမ်သက်စွာနဲ့ ကျနွေရရစားပါ။

(၈) လက်ကို ဟင်းရည် မပေပါစေနဲ့၊ ထမင်းလုံး မကပ်ပါစေနဲ့၊ ဟင်းခွက်ကို လက်နဲ့ မနှိုက်ရပါ။

(၉) ထမင်းစားတုန်းမှာ ပလပ်ပလပ် အသံထွက်၍ မစားပါနဲ့။

(၁၀) ထမင်းလုတ်နဲ့ စကားမပြောပါနဲ့ ထမင်းစားတုန်း စကားများများ မပြောပါနဲ့။

(၁၁) နှစ်ဖက်ပါးနား အံစောင်ဝါးပြီး ပလုတ်ပလောင်းမစားပါနဲ့။

(၁၂) ထမင်းစားပွဲပေါ် လက်မတင်ပါနဲ့၊ စားပွဲပေါ် တံတောင်ဆစ်ထောက်ပြီး မစားပါနဲ့။

(၁၃) ဇွန်းများကို စားတဲ့လက်နဲ့ မကိုင်ရပါ။ တခြားလက်ဖြင့် ကိုင်ပေးပါ။

(၁၄) ဟင်းရည်ပူပူကို အလောတကြီး မသောက်ပါနဲ့။ အသံ မမြည်စေပါနဲ့။ ဇွန်းနဲ့သွားကို မထိပါစေနဲ့။

(၁၅) သူတစ်ပါး ထမင်းစားတုန်း တံတွေးထွေးခြင်း၊ ချွဲသလိပ်ဟက်ခြင်း မပြုပါနဲ့။

(၁၆) ထမင်းစားပြီးရင် သွားကို မစုပ်ပါနဲ့၊ သွားကြားထိုးချင်ရင် အများမမြင်ရာကို သွားပါ။

(၁၇) စားပြီးပါက ကိုယ်ထိုင်တဲ့နေရာရှိ ထိုင်ခုံကို ပြန်သိမ်းသွားပေးပါ။

(၁၈) ထမင်းစားပြီး ကိုယ်စားတဲ့နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းဟာ နောက်ထပ်စားမယ့်သူကို ကူညီရာ ရောက်ပါတယ်။

(၁၉) အရသာရှိပြီး ခံတွင်းတွေ့သော်လည်း အစားမကြူးပါနဲ့။

(၂၀) ရသာခြောက်ပါးကို ဥတုသုံးပါး ချိန်ဆကာ စားပေးပါ။

လူတိုင်းသိအောင်၊ လေ့လာနိုင်အောင်လို့ ထမင်းစားခန်း လောကဝတ်တွေကို ရေးသားပေးလိုက်ပါတယ်။

* * *

## အိမ်တွင် ပြုကျင့်ဖွယ် လောကဝတ်

တစ်ခါက ကျွန်တော် စာဖတ်တဲ့အချိန် မိန်းမက ဗွီဒီယိုကြည့်နေပါတယ်။ မြန်မာဇာတ်လမ်း၊ ဟာသကားကတအားပဲ ရယ်နေရတယ်။ ဘေးအိမ်က လူတွေ အိမ်ပေါ်မှာလာပြီးတော့ ဗွီဒီယိုကြည့်ကြတယ်။ သူတို့ ပြန်သွားတော့ ကျွန်တော့်အိမ်ပေါ်မှာ သဲတွေ အများကြီး ကျန်ခဲ့တယ်။

တစ်နေ့ကတော့ ကျွန်တော် သစ်ပင်အောက်မှာ စာကျက်နေတုန်း

www.burmeseclassic.com

ဘေးအိမ်ကမိန်းမတစ်ဦး အိမ်သာက ဆင်းလာပြီး လက်မဆေးဘဲ နေပူလှန်းထားတဲ့အဝတ်တွေကို သွားသိမ်းနေတာ သတိထားမိလိုက်တယ်။

ဒီလို လူတွေကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်၊ သတိမထားမိကြလို့လဲ ကိုးဆယ့်ခြောက်ပါးရောဂါကနေ ရောဂါပေါင်းများစွာ ဖြစ်နေကြတာပါ။ ဘဏ်မှာလုပ်တုန်းက သတိထားမိသေးတယ်။ ရုံးကူ ကောင်လေးတစ်ဦးနဲ့ ကျွန်တော် အိမ်သာထဲမှာ အပေါ့သွားကြတော့ ကောင်လေးက ပြီးသွားတဲ့အခါ လက်မဆေးဘဲ အပြင်ရောက်တော့ သောက်ရေခွက်ကိုကိုင်ကာ ရေသောက်နေတယ်ဗျာ။ ဒါကြောင့် စာဖတ်သူတို့ သတိထားကြဖို့ ကျွန်တော် အခုလို ရေးသားရခြင်း ဖြစ်ပါတယ်။

(၁) အိမ်ထဲကို ဖိနပ်စီးပြီး မဝင်ပါနဲ့။

(၂) အိမ်ထဲကို ညစ်ပေတဲ့ ခြေထောက်နဲ့ မဝင်ပါနဲ့။

(၃) အခြားသူရဲ့ အခန်းကို ဝင်မည်ဆိုပါက အရင်တံခါးခေါက်ပြီး၊ အသိပေးပြီးမှ၊ ဝင်ခွင့်ပြုမှ ဝင်ပါ။

(၄) အိမ်မှာ အခြားသူတစ်ဦး အိပ်နေလျှင် ကျယ်လောင်စွာ အော်ဟစ်ခြင်း မလုပ်နဲ့။

(၅) အိမ်သန့်ရှင်းရေး နေ့တိုင်းလုပ်ပါ။

(၆) အိမ်သာကို သန့်ရှင်းရေးလုပ်ပါ။ အိမ်သာတက်ပြီးတိုင်း လက်ဆေးပါ။

(၇) အမှိုက်တွေ့ရင် အမှိုက်ပုံးထဲကို ကောက်ထည့်ပေးပါ။

(၈) ရေကို ချွေတာစွာ သုံးပါ။

အိမ်မှာ ပြုကျင့်ဖွယ် လောကဝတ်ကို ပြုကျင့်ခြင်းနဲ့ လူမှုရေး၊ ကျန်းမာရေး ကောင်းမွန်တဲ့သူများ ဖြစ်ကြပါစေ။

* * *

## အိပ်သောအခါ ပြုကျင့်ရမယ့် လောကဝတ်

ကျွန်တော်တို့ ဘေးအိမ်က မိသားတစ်စုပေါ့ဗျာ။ လင်မယား နှစ်ယောက်စလုံး အလုပ် လုပ်ကြတယ်။ ယောက်ျားဖြစ်သူက ည ၈ နာရီရောက်တယ်၊ မိန်းမဖြစ်သူက ည ၁၀ နာရီရောက်တယ်။ ည ၁၀ နာရီဆိုတာ ကျွန်တော်တို့ အိပ်နေတဲ့ အချိန်ဖြစ်ပါတယ်။ သူတို့က မိုးချုပ် ညဥ့်နက်မှ ရောက်တော့ ရောက်တဲ့အခါမှ ထမင်းချက်စားတယ်။ ထမင်းချက်တော့လည်း တိုးတိုးတိတ်တိတ်မဟုတ်ဘူး။ ဆူညံနေတာပဲ။ ကျွန်တော်တို့ လင်မယားက အစောကြီးထပြီး ထမင်းချက်ဖို့ စောစောအိပ်ကြတယ်။ သူတို့ရောက်တာနဲ့ ကျွန်တော်တို့ အိပ်လို့ မရတော့ဘူး။ ဒီလိုနဲ့ ကျွန်တော်တို့လည်း အလကားနေ အိပ်ရေးပျက်ခဲ့တာ များနေပါပြီ။

ကျွန်တော်တို့လို လူတွေမခံစားရအောင် ညဥ့်နက်မှ ပြန်ရောက်တတ်တဲ့ ဝန်ထမ်းတွေလည်း ဆင်ခြင်မိအောင်လို့ အခုလို အိပ်တဲ့အခါ ပြုကျင့်ရမယ့် လောကဝတ်တွေကို ရေးသားလိုက်ပါတယ်။

(၁) အသက်ကြီးသူတို့ကို ခြေရင်းထား မအိပ်ပါနဲ့။

(၂) အရှေ့အရပ်ကို ခြေရင်းထား မအိပ်ပါနဲ့။

(၃) တောင်အရပ်ဟာ ဆရာသမားကို ကိုယ်စားပြုသဖြင့် ခြေရင်းထား မအိပ်ပါနဲ့။

(၄) အနောက်အရပ်ကိုသာ ခြေရင်းထား အိပ်သင့်ပါတယ်။

(၅) မှောက်ခုံ၊ မှောက်လျက် မအိပ်ပါနဲ့။

(၆) ညနေ နေဝင်ဆည်းဆာအချိန်မှာ မအိပ်ပါနဲ့။

(၇) နေထွက်အောင်လည်း မအိပ်ပါနဲ့။

(၈) မညီညာတဲ့ နေရာ၊ အစွန်အဖျား၊ အမိုးအကာမဲ့တဲ့ နေရာများမှာ မအိပ်ပါနဲ့။

(၉) ခေါင်းအုံးဟာ မမြင့်လွန်းပါနဲ့၊ မြင့်လွန်းတဲ့အခါ အသက်ရှူမမှန် ဖြစ်တတ်ပါတယ်။

(၁၀) သူများမနိုးမီ သင်နိုးလျှင် အသံကျယ်လောင်စွာ မပြုပါနဲ့။ အိပ်နေသူများ မနိုးအောင် သတိပြုသင့်ပါတယ်။

စာဖတ်သူများ အိပ်မက်လှလှ မက်နိုင်ကြပါစေ။

* * *

## လမ်းခရီးဆိုင်ရာ လူအများ ကျင့်ဆောင်ရမယ့် လောကဝတ်

ဘဏ်တစ်ခုမှာ စာရေးအဖြစ် လုပ်တုန်းက အကြောင်းလေးပါ။

ကျွန်တော်ဟာ ဘဏ်ကို အမြဲတမ်း တစ်နာရီစောလာပြီး စာဖတ်တဲ့ အကျင့်ရှိပါတယ်။ တစ်နေ့ ကျွန်တော် ဘဏ်ရဲ့ အဝင်ဝတံခါးနားကို အရောက်မှာ လုံခြုံရေးလူကြီးတစ်ဦး ကျွန်တော့် ရှေ့တည့်တည့်ကို ကွမ်းတံတွေး ထွေးလိုက်တာ ကျွန်တော် စိတ်ဆိုးသွားမိတယ်။ အသက်က (၄၀) ကျော်လောက် ရှိမယ်။

ဒီလောက် အသိဉာဏ်ကင်းမဲ့ပါလားလို့ စဉ်းစားမိပြီး အခုလို လမ်းခရီးဆိုင်ရာ လူအများကျင့်ဆောင်ရမယ့် လောကဝတ်ကို ရေးသားရခြင်း ဖြစ်ပါတယ်။

(၁) မိမိကို နှုတ်ဆက်ပြုံးပြတဲ့သူကို ပြန်၍ ပြုံးပြနှုတ်ဆက်ပေးပါ။

(၂) ရှေ့တည့်တည့်မှ လာသောသူ မိမိအနားရောက်မှ တံတွေးမထွေးပါနဲ့။

(၃) အမှိုက်တွေ့ရင် ကောက်ပြီး ပုံးထဲသို့ ထည့်ပေးပါ။

(၄) လမ်းမှာ လူများ စုရုံးစုရုံးဖြစ်နေရင် အိမ်အမြန်ပြန်ပါ။

(၅) လမ်းမှာ မသမာသူတစ်ဦးဦးကို တွေ့ရင် သက်ဆိုင်ရာကို အကြောင်းကြားပါ။

(၆) လမ်းဖြတ်ကူးရင် မီးပွိုင့်ကသာ ကူးပါ။ ကားအသွားအလာရှင်းမှ ကူးပါ။

(၇) တန်ဖိုးကြီးပစ္စည်းများ ကောက်ရရင် တာဝန်ရှိသူများထံ အပ်နှံပေးပါ။

(၈) မျက်မမြင်၊ ဒုက္ခိတ၊ လူကြီးသူမများအား ကူညီပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

(၉) ကွမ်းတံတွေးကို တွေ့ကရာ လျှောက်မထွေးပါနဲ့။

(၁၀) ဆေးလိပ်မီးကို တွေ့ကရာ လျှောက်မပြစ်ပါနဲ့။

(၁၁) ကားစီးရင် အဘိုး၊ အဘွား၊ ဒုက္ခိတ၊ ရဟန်း စသည်တို့ကို နေရာပေးပါ။

(၁၂) လျှပ်စစ်မီးကြိုးများ ပျက်ကျနေပါက သက်ဆိုင်ရာကို အကြောင်းကြားပေးပါ။

(၁၃) လမ်းမှာ အမြင် မတော်တာ တွေ့ပါက ဝိုင်းဝန်းကူညီပေးပါ။

ပတ်ဝန်းကျင်ရှိ လူအချို့ စည်းမဲ့ကမ်းမဲ့ဖြစ်နေသဖြင့် အထက်ပါလမ်းခရီးဆိုင်ရာလောကဝတ်ကို ရေးသားရခြင်းပဲဖြစ်ပါတယ်။ လမ်းပေါ်၌ လျှောက်တဲ့သူများ၊ ကားပေါ်၌ စီးနေတဲ့သူများ ပြုံးပျော်နိုင်ကြပါစေ။

* * *

## လက်ဖက်ရည်ဆိုင် လောကဝတ်

ကျွန်တော်တို့ မြန်မာလူမျိုးတွေ လက်ဖက်ရည်ဆိုင်ထိုင်ပြီး အချိန်ဖြုန်းကြတဲ့အခါ ထိုင်ခုံပေါ်မှာ ထိုင်နေတာလား၊ အိပ်နေတာလား၊ ပုဆိုးကြော်ငြာတာလား၊ဖိနပ်ကြော်ငြာတာလား၊ သရုပ်ဆောင်နေတာလား မသိရအောင် ပုံစံအမျိုးမျိုးနဲ့ လူမြင်လို့မကောင်းအောင် ထိုင်နေကြတာကို အတော်များများ ကျွန်တော် သတိပြုမိခဲ့ပါတယ်။

လက်ဖက်ရည်သောက်ရင်လည်း ကိုင်းကမကိုင်ဘဲ ခွက်ဖျားလေးက ကိုင်လို့ ပူတော့ ပါးစပ်နဲ့ မှုတ်မှုတ်ပြီး သောက်နေကြတယ်။ မှုတ်တာက အရေးမကြီးဘူး။ ပါးစပ်ထဲကထွက်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ရဲ့ ဆိုးကျိုးတွေကို မြန်မာလူမျိုးတွေ မသိကြတော့ ခက်တော့တာပေါ့။

နိုင်ငံခြားသားတွေဆို မှုတ်ပြီး သောက်တာကို မနှစ်သက်ကြဘူး။ ဒါကြောင့် ကျွန်တော်က လက်ဖက်ရည်ဆိုင်ထိုင်ပြီး အချိန်ဖြုန်းတတ်တဲ့ ကျွန်တော်တို့ မြန်မာလူမျိုးတွေ ဆောင်နိုင်၊ ရှောင်နိုင်အောင်လို့ အခုလို ရေးသားရခြင်း ဖြစ်ပါတယ်။

(၁) ထိုင်တဲ့အခါမှာ ခါးမတ်မတ်ထားပြီး ထိုင်ပါ။

(၂) လက်ဖက်ရည်၊ ကော်ဖီသောက်တဲ့အခါ အောက်ပန်းကန်ပြားထဲမှာ ထည့်ပြီး သောက်ခြင်းကို တချို့က မယဉ်ကျေးဘူးလို့ ယူဆကြပါတယ်။ ၎င်းပန်းကန်ပြားဟာ ဖိတ်မကျဖို့ မပေဖို့ အောက်ကခံတဲ့အရာ ဖြစ်ပါတယ်။

(၃) အရည်ပူပူကို မှုတ်ပြီးမသောက်နဲ့။ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို သတိပြုပါ။

(၄) ခွက်ကိုကိုင်ရာမှာ လက်ဝါးကို ခွက်ရဲ့အလယ်က ကိုင်ပါ။

(၅) အသံထွက်ပြီး မသောက်နဲ့။

(၆) စားပွဲပေါ်မှာ လက်ထောက်ပြီး မသောက်နဲ့။

(၇) ဘေးမှာလူရှိရင် သောက်တဲ့အခါ ဖိတ်စဉ်သွားပါက "ခွင့်လွှတ်ပါဗျာ" လို့ ပြောပေးပါ။

(၈) ဒေါင့်မကျိုး၊ အချိုးမပြေ၊ လူအမြင်မတော်အောင် မနေပါနဲ့။

(၉) လူအများရှိတဲ့နေရာမှာ ဆေးလိပ်မသောက်ပါနဲ့။

* * *

## လူတိုင်း လူတိုင်း ပြုကျင့်ရမည့် လောကဝတ်

(၁) သင့်ကို လူကြီးသူမများ၊ ပတ်ဝန်းကျင်မှသူများက မဖြစ်သင့်၊ မဖြစ်ထိုက်တာကို တားဆီးလျှင် သင်နာခံရမည်။

(၂) သင့်ပတ်ဝန်းကျင်မှာ လူတစ်ယောက်မဟုတ်တာလုပ်နေလျှင် တားဆီးပါ။

(၃) သင် အမှားတစ်ခု လုပ်မိလျှင် ဝန်ခံရဲပါစေ။

(၄) အငြင်းမသန်ပါနှင့်။

(၅) ကြမ်းတမ်းသောစကား၊ ကြမ်းတမ်းသော အပြုအမူကို မပြုရ။

(၆) ချိုသာသောစကားကို ပြောပါ။

(၇) ရှက်ကန်းကန်းလည်း မဖြစ်ရ၊ ရဲတင်းလွန်းသော အမူအရာလည်း မပြုရ။

(၈) ဘဝင်မြင့်လွန်းခြင်း မပြုပါနှင့်။

(၉) မိမိနှင့် မသက်ဆိုင်သောနေရာ၊ အရာဝတ္ထုပစ္စည်း၊ အလုပ်အကိုင်များတွင် ပါဝင်ခြင်းအား ရှောင်ကြဉ်ပါ။

(၁၀) ဒူးနှစ်ဖက်ကို လက်ဖြင့်သိုင်း၍ မနေပါနှင့်။

(၁၁) ဒေါင့်မကျိုး၊ အချိုးမပြေ၊ လူအမြင်မတော်အောင် မနေပါနှင့်။

(၁၂). မြွေကင်းထူသော နေရာသို့ မသွားပါနှင့်။

(၁၃) မိမိမှာမရှိဘဲနှင့် သူများပစ္စည်း ချေးငှားခြင်း မပြုရ။

(၁၄) ရွှေ၊ ငွေအဆင်တန်ဆာတို့ကို အချိန်အခါ မဟုတ်ဘဲ မဝတ်ရ။

(၁၅) သောက်ရေခွက်ကို ဘယ်ညာလက်လွှဲ၍ မသောက်ရ။

(၁၆) ဖျော်ရည်အမျိုးမျိုးကို ကြိုက်နှစ်သက်သော်လည်း များများမသောက်ရ။

(၁၇) အိပ်ရာကို သန့်ရှင်းစေရာ၏။ နေပူလှန်းခြင်း ပြုရာ၏။

(၁၈) အိပ်ခန်းမှမထွက်မီ ခေါင်းအုံး၊ စောင် စသည်တို့ စနစ်တကျ ရှိမရှိ ကြည့်ရှုပါ။

(၁၉) အလင်းရောင် လုံလောက်စွာ ရသောနေရာတွင် စာဖတ်ပါ။

(၂၀) စာအုပ်နှင့်မျက်လုံး တစ်ပေခန့်ခွာ၍ စာဖတ်ပါ။

**ဂျိမ်းကျော်လွင်(သန့်လျှင်)**

❐



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဦးဝိုင်းစိန်တစ်ယောက် ပြုလုပ်ပြီးသော ခေါင်းများကို အရောင်တင်ဆီများဖြင့် မွမ်းမံ ခြယ်သနေလေသည်။ ထိုသို့ ပြုလုပ်နေစဉ် စိတ်ထဲမှလည်း-

'ဩော် . . . လူတွေ လူတွေ၊ သေသွားတာတောင် နောက်ဆုံးထည့်တဲ့ခေါင်းကို မှန်စီရွှေချ၊ ကျွန်း၊ ပျဉ်းကတိုး၊ သစ်မွှေး၊ ပိတောက်ဆိုပြီး သစ်ရဲ့အသားကိုလဲ ရွေးသေးတယ်၊ ပုံစံအမျိုးမျိုးကိုလဲ လုပ်ခိုင်းတယ်၊ ကနုတ်ပန်းတွေ၊ ပန်းအလှ ဒီဇိုင်းတွေ၊ ကျောက်မျက်ရတနာတွေကို ခေါင်းမှာ အလှဆင်စီခြယ်ခိုင်းသေးတယ်၊ ဒါက ငွေကြေးအင်အား တတ်နိုင်တဲ့သူတွေ။ မရှိရှာမ်းပါ၊ မတတ်နိုင်တဲ့ သူတွေကျတော့ အသုဘစရိတ် မပြောနဲ့ ခေါင်းဖိုးတောင် အနိုင်နိုင်။ လောကကြီးမှာ လူ့အဆင့်အတန်းကို အတိအကျ ခွဲခြမ်းစိတ်ဖြာထားတာပါကလား။ တော်တော်လဲကြောက်ဖို့ ကောင်းတာပဲနော်'

"ဒီမှာ မောင်ရင်၊ ခေါင်းတစ်ခု အပ်ချင်လို့"

မမျှော်လင့်ဘဲ တစ်စုံတစ်ဦး၏ခေါ်သံကြောင့် အတွေးများပျက်ပြယ်သွားသည်။ ဦးဝိုင်းစိန်နှုတ်မှလည်း သွက်လက်လျှင်မြန်စွာဖြင့်. . .

"ဟုတ်ကဲ့ ဟုတ်ကဲ့ ရပါတယ်"

ဖြေလည်း ဖြေ၊ ကြည့်လည်း ကြည့်မိသည်။ အသားမည်းမည်းနှင့် ဝဝလူကြီးတစ်ယောက်။ မျက်နှာကလည်း အရုပ်ဆိုးလိုက်တာ ပြောမနေနှင့်တော့။ အသားမည်းပုံများ မီးသွေးခဲတွေကို အရည်ဖျော်ပြီး လောင်းချထားသလို။

ပါးစပ်ထဲမှ သွားတွေက နီကြင်ကြင်။ မျက်လုံး နှစ်ဖက်ကလည်း ပြူးကျယ်ကျယ်။ အထက်အောက် ဝတ်ဆင်ထားတဲ့ အင်္ကျီ၊ ပုဆိုးတွေကလည်း ညှိုညစ်ညစ်အရောင်။ အားကောင်းလှသော အောက်လင်းမီးရောင်အောက်တွင် အထင်အရှားမြင်ရသည်။

၎င်း အခြင်းအရာကိုကြည့်ပြီး ဦးဝိုင်းစိန်တစ်ယောက် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။ ထိတ်လန့်တုန်လှုပ်လည်း တုန်လှုပ်ချင်စရာ။ နေဝင်မိုးချုပ်ချိန်။ ပြီးတော့ သူတစ်ယောက်တည်း ရှိသည့်အချိန်။ ခါတိုင်းဆို သူ့ယောက္ခမ၊ သူ့မိန်းမ၊ သားသမီးတွေနှင့်။

ဒီနေ့ကျမှ မြို့ထဲမှာ အလှူရှိ၍ ပြန်သွားကြသည်။ သူ၏ သုဘရာဇာ ခေါင်းလုပ်ငန်းကလည်း မြို့ပြင်မှာ။ ပြီးတော့ သင်္ချိုင်းကုန်းနှင့် နီးနီးကလေး။ လှမ်းကြည့်လျှင် မြင်နေရသည်။ စဉ်းစားသာ ကြည့်ပေတော့။ မကြောက်ဘဲ ဘယ်နေနိုင်ပါ့မလဲ။

"ကျွန်းသား စစ်စစ်ကလေးနဲ့ ပေါ့ဗျာ၊ အားလုံး သစ်သားအသစ်၊ သံအသစ်တွေနဲ့ ခပ်ကြီးကြီး ခိုင်ခိုင်ခံ့ခံ့ လုပ်မှာနော်"

အသံကလည်း အောအောကြီး။ သာယာနာပျော်ဖွယ်မရှိ။ ဦးဝိုင်းစိန်တစ်ယောက် လုပ်ငန်းသဘောအရ ပြောဆိုဆက်ဆံရတော့မည် ဖြစ်ပေသည်။

"ဒါနဲ့ ဘယ်ပုံစံမျိုးနဲ့ ဘယ်လို အနေအထားမျိုးလဲ၊ ကျွန်တော့်မှာ ကျွန်းသားအစစ်တွေ ရှိပါတယ်"

"အရင်ဦးဆုံး ကျုပ်ကိုယ်ထည်ကို တိုင်းလိုက်ဗျာ၊ အဲဒါဆို အလျားအနံကို ရပြီ၊ စောက်ကတော့ ခပ်နက်နက်ပေါ့၊ အခေါင်းက ဘယ်သူ့အတွက်မှ မဟုတ်ပါဘူး၊ ကျုပ်အတွက်ပါ"

သည်စကားစုများကြောင့် ဦးဝိုင်းစိန် အကြီးအကျယ် အံ့ဩတုန်လှုပ်မိသည်။

သည်လုပ်ငန်းကိုလုပ်တာ နှစ်ပေါင်း မနည်းတော့။ တစ်သက်နှင့် တစ်ကိုယ် ကြုံလည်း မကြုံဖူး။ ဟော ခုတော့ ကြုံဆုံခဲ့ရချေပြီ။ သူ့ခန္ဓာကိုယ် အနိမ့်အမြင့်ကို ပေကြိုးနှင့် ဆွဲတိုင်းရင်း လိုအပ်သည်များကို မေးမြန်းရသည်။

"ခေါင်းမှာ နာမည်၊ အသက် တစ်ခါတည်း ရေးပေးရမှာလား၊ ရိုးရိုး စာလုံးလား၊ သစ်သားထွင်း စာလုံးတွေလား"

ထိုအခါ မည်းမည်းဝဝ လူကြီးမှ လျှင်မြန်စွာဖြင့် ပြောသည်မှာ. .

"သစ်သားထွင်းစာလုံး လုပ်ပါ၊ စာလုံးကြီးကြီးနော်၊ သေးသေး မဟုတ်ဘူး၊ ဦးစိမ်းခန့်၊ အသက် (၈၈)နှစ်လို့ ရေးပါ၊ ပြီးတော့ ခေါင်းတစ်ခုလုံးကို အစိမ်းရောင် သုတ်ပေးပါ"

"ဟုတ်ကဲ့ပါ ဟုတ်ကဲ့ပါ၊ အားလုံး အဆင်ပြေအောင် လုပ်ထားပေးပါ့မယ်"

"ဒါနဲ့ ကျသင့်ငွေကို ပြောလေ"

ဦးဝိုင်းစိန်သည် သစ်သားဖိုး၊ သံဖိုး၊ ထွင်းစာလုံးခ၊ ဆေးသုတ်ခ၊ လက်သမားခ အားလုံးကို တွက်လိုက်သည်။

"အားလုံး တစ်ဆယ်ကျပ်ကျပါတယ်"

ထိုအခါ အသားမည်းမည်း လူဝဝကြီးသည် သူ၏ အင်္ကျီအိတ်ကတ်ထဲမှ များပြားလှစွာသော ပိုက်ဆံအကြွေစေ့များကိုပေးလေသည်။

အားလုံးမှာ (နှစ်ဆယ့်ငါးပြား) တစ်မတ်စေ့များဖြစ်သည်။ စုစုပေါင်း တစ်မတ်စေ့ အပြား လေးဆယ်တိတိ။ အားလုံးမှာ သစ်လွင်တောက်ပသော အရောင်ကိုမဆောင်။ အဟောင်းအနွမ်းများသာ ဖြစ်လေသည်။

တချို့ မတ်စေ့များ ဆိုလျှင် သံချေးအထပ်ထပ်တက်၍ အထဲမှ စာလုံးများကို အတော်ပင် ကြည့်ယူရသည်။ ပြီးတော့ ဘာမပြော ညာမပြောနှင့် အပြင်သို့ထွက်သွားလေတော့သည်။ ဝန်းကျင်တစ်ခုလုံးသည် မှောင်အတိကျလျက်။ ဦးဝိုင်းစိန်သည် ထိုလူကြီးနောက်သို့ အသည်းအသန်လိုက်ရင်း. .

"ပြီးသွားရင် ဘယ်ကိုပို့ကြောင်းကြားရမှာလဲ၊ ဘယ်တော့ လာယူမှာလဲ တစ်ခါတည်း ပြောထားခဲ့လေ"

www.burmeseclassic.com

တိတ်ဆိတ်ငြိမ်သက်သော ညအမှောင်ထဲတွင် ဦးဝိုင်းစိန်၏ အသံက ကျယ်လောင်လွန်းလှချေသည်။

သို့သော် ထိုမည်းမည်းဝဝလူကြီးက ဂရုမစိုက်။ ဦးဝိုင်းစိန်ကိုလည်း တစ်ချက်ကလေးမှ လှည့်မကြည့်။ သချိုင်းကုန်းဘက်ကို လက်ညှိုးထိုးပြလျက် အမှောင်ထုထဲသို့ တိုးဝင်ကာ ပျောက်ကွယ်သွားလေတော့သည်။

xxx

ထိုခေါင်းကို သုံးရက်နှင့် အပြီးအစီးလုပ်ပေးထားလိုက်သည်။ သဘော်ဆေးအစိမ်းရောင် သုတ်ထား၍ ထူးထူးခြားခြား ဖြစ်နေသည်။ ပြီးတော့ သာမန်ခေါင်းတွေထက် ပိုပြီးကြီးနေသည်ဟု ထင်ရသည်။

တခြားခေါင်းတွေသာ တစ်ဦးပြီးတစ်ဦး လာယူသွားသည်။ ဒီအခေါင်းက နေရာအရွှေ့အပြောင်းသာ များသွားသည် လာယူမည့်သူမရှိ။ တစ်လလည်း လာမယူ။ နှစ်လလည်း လာမယူ။ ကြာတော့ ဇနီးဖြစ်သူ ဒေါ်သဲငွေမှ . . .

"ကိုဝိုင်းစိန်၊ ရှင် အဲဒီအခေါင်းကြီးကို လာမယူသေးပါလား၊ ခုဆို နှစ်လတောင်ကျော်သွားပြီ၊ ဘာဖြစ်လို့လဲ မသိဘူး"

"အဲဒါတော့ ငါလဲ မသိဘူး၊ ပိုက်ဆံကို အပြီးချေထားတော့ သိမ်းထားရမယ့်တာဝန် ငါ့မှာရှိနေတယ်"

ဒေါ်သဲငွေ အတန်ငယ်စဉ်းစားပြီး . . .

"ရှင်ပြောပုံအရဆိုရင် ဒီလူကြီးရူးနေတာလား မသိဘူး"

"အဲဒါတော့ ငါမသိဘူး၊ ထူးတော့ ထူးဆန်းနေတယ်၊ အဲဒါကြောင့် မင်းကို ငါပြောတာပေါ့၊ အဲဒီ တစ်မတ်စေ့တွေကို ယူမသုံးနဲ့လို့ ငါ အတန်တန်ပြောနေတာ အကြောင်းရှိတယ်"

"ဟုတ်ပါ့တော်၊ ကျုပ်လဲ စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်၊ ရှင် အဲဒီမတ်စေ့တွေကို ဘုရားစင်မှာ ထားလို့ ဖြစ်ပါ့မလား"

"ဟော . . . ဘာဖြစ်လို့လဲ"

"မသန့်ရှင်းတဲ့ ပိုက်ဆံတွေ ဖြစ်နေမှာ စိုးလို့ပါ"

မည်သို့ဆိုစေ သုဘရာဇာခေါင်းလုပ်ငန်းက တွင်ကျယ်လျက်။ စီးပွားဖြစ်လျက်ပါပဲ။ လူဆိုတာလည်း သေမျိုးပါပဲ။ သတ္တဝါတွေ အားလုံး မွေးပြီးရင် သေမှာပဲလေ။ ဒီတော့ ဒီလုပ်ငန်းကလည်း မရှိမဖြစ်။ အလုပ်ဖြစ်လျက်။

ဦးဝိုင်းစိန်မှာ အိမ်နှစ်လုံးရှိသည်။ မြို့ပြင်မှာတစ်လုံး၊ မြို့ထဲမှာ တစ်လုံး။ ဦးဝိုင်းစိန်ကတော့ လုပ်ငန်းရှိရာ မြို့ပြင်အိမ်မှာ အနေများသည်။ အိမ်နှစ်လုံးစလုံးက နှစ်ထပ်အိမ်များ ဖြစ်သည်။ ယောက္ခမ၊ မိန်းမနှင့် သားသမီးတွေက နံနက်လာ၊ ချက်ပြုတ်စားသောက်။ လိုအပ်တာ ဝိုင်းကူလုပ်ပေး။ ညနေပြန်။ ညအိပ်အကူတူတော်မောင်တစ်ယောက်ကို အမြဲထားပေးသည်။

သို့သော်လည်း ၎င်းတူတော်မောင်က အမြဲတမ်းမူးနေ၍ ဘာမှမထူး။ သေရည်ကို အလွန်ကြိုက်။ အရက မူးလာလျှင် ပြောချင်တာပြော၍ သွားချင်ရာသွားနေတတ်သည်။ သို့ဖြစ်၍ မသောက် မစားတော့သည့် ဦးဝိုင်းစိန်နှင့် အစေးမကပ်။

ငယ်ငယ်တုန်းကဆို ဦးဝိုင်းစိန်ကလည်း နာမည်ကြီး။ ဝိုင်းစိန်ဆိုတဲ့အတိုင်း အရက်ဝိုင်းတိုင်းမှာ သူပါမှ ပွဲစည်သည်။ သူမပါလျှင် မပြီး။

ဟော ခုတော့လည်း အရွယ်ကလေးရလာ၍ တဖြည်းဖြည်းပြတ်သွားတော့သည်။ သောက်ဖော်သောက်ဖက် ဖိုးထက်က မပြတ်သေး။ အရက်ကို ဘုရားလို ကိုးကွယ်နေသေး၏။ တစ်ခါတစ်ခါ ထုံးစံအတိုင်းမူးလာလျှင် ရောက်လာတတ်သည်။

ပြီးတော့ အရည်မရ အဖတ်မရ ပေါက်တတ်ကရ စကားတွေကို အလွန်ပြောတတ်သည်။ ခုဆို မလာတာ အတော်ကြာပြီ။ သုံးလလောက်တောင်ရှိမည်။

ဝါခေါင်လပြည့်ည။ ၎င်းညကို ဦးဝိုင်းစိန် တစ်သက်မမေ့နိုင်။ အိမ်ပေါ်လေသာဆောင်ကနေ သချိုင်းကုန်းဘက်ကိုကြည့်ပြီး ပုတီးစိပ်နေသည့်အချိန်။ အံ့ဩစရာပါပဲ။ ဘာမိုးသားမှ မရှိဘဲ မိုးစက်ကလေးတွေ တဖွဲဖွဲကျနေလျက်ရှိသည်။ ကောင်းကင်ပြင်မှာ လမင်းကြီးကလည်း ထိန်ထိန်သာလျက်။ အင်မတန်မှ ကြည့်ကောင်းသည်။

ထိုအချိန်တွင် လှည်းတစ်စီးလာနေသည့် အသံကိုကြားနေရသည်။ တိတ်ဆိတ်သော ညအချိန်ဖြစ်၍လည်း ပိုပြီး ထင်ရှားလာသည်။ ဦးဝိုင်းစိန်တစ်ယောက် ပုတီးစိပ်ရင်း အသေအချာကြည့်နေမိသည်။

ကြည့်နေရင်းပင် လှည်းက သူ့အိမ်ရှေ့ ထိုးရပ်သွားသည်။ ကြည်လင်သော လ၏အလင်းရောင်ဖြင့် အထင်အရှား မြင်ရသည်။

တစ်စုံတစ်ယောက်သည် လှည်းပေါ်မှ ခုန်ဆင်းကာ ရှည်ရှည်မျောမျော အရာဝတ္ထုကို ပခုံးထက်ထမ်းကာ အိမ်ရှိရာသို့ လာနေသည်။ အသေအချာကြည့်တော့မှ ခေါင်းတစ်လုံး ဖြစ်နေသည်။ ဦးဝိုင်းစိန် ပုတီးစိပ်နေရာမှ မနေသာတော့။

"ဟေ့ကောင်၊ သချိုင်းကုန်းကဟိုမှာကွ၊ ဒါက အိမ်၊ မင်း သချိုင်းကုန်းနဲ့ အိမ်နဲ့မှားနေပြီ၊ ပြောနေတာ ကြားလား"

ဦးဝိုင်းစိန်အသံက ငြိမ်သက်တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။ သို့သော်လည်း ထမ်းလာသူက ဂရုမစိုက်။ လာမြဲလာသည်။ အိမ်နှင့် လှည်းလမ်းကြောင်းမှာ ပေငါးဆယ်လောက်သာကွာသည်။ လေသာဆောင်အပေါ်ထပ်မှ ဆင်းလာကာ တံခါးအဝတွင် ရပ်ပြီး တားဆီးလိုက်သည်။

ထမ်းပိုးလာသူမှ . . .

"ဖယ်စမ်းပါ ဝိုင်းစိန်ရာ၊ ဒီမှာလေးရတဲ့ကြားထဲ၊ မင်းက တစ်မျိုး၊ ဖယ် ဖယ် ဖယ်စမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com

အသေအချာကြည့်၊ အသံကို ကြားတော့မှ ဟိုတုန်းက သောက်ဖော်သောက်ဖက် စားဖော်စားဖက် ဖိုးထက်တစ်ယောက်ဖြစ်မှန်း သိတော့သည်။

"ဟော့ကောင် ဖိုးထက်၊ မင်း မင်း ဘာတွေလျှောက်လုပ်နေတာတုံး၊ သူများတွေ မြင်သွားရင် ငါနာမည်ပျက်တော့မှာပဲ"

ထိုအခါ ထမ်းလာသောခေါင်းအား ပခုံးထက်မှ ချရင်း ပြောလာသည်မှာ. . .

"ဒီမှာ ဝိုင်းစိန်၊ ဘာ နာမည်ပျက်မယ်ဟုတ်လား၊ လောကကြီးမှာ နာမည်ပျက်ပြီး ချမ်းသာတဲ့လူ အများကြီးရှိသလို၊ နာမည်ကောင်းပြီး ငတ်နေတဲ့သူတွေလဲ တစ်ပုံကြီးပဲ၊ အဲဒါကျတော့ မင်း ဘယ်လို ပြောမတုံး၊ ဒါတွေကို ဂရုစိုက်မနေစမ်းပါနဲ့"

"ဒါထက် ဒီခေါင်းကြီးကို ဘယ်က ယူလာတာတုံး၊ ငါ့ကိုတော့ သေသေချာချာ ရှင်းပြပါဦး၊ ငါ့မှာ ပြဿနာတွေရှိတယ်၊ ဒီခေါင်းကို လက်ခံမထားချင်ဘူး၊ မင်း ငါပြောတာ သဘောပေါက်ရဲ့လား"

"ငါ့ဆည်ထဲကို ရေစီးနဲ့ မျောပါလာတာ၊ ငါလဲ မင်းကို ချက်ချင်းသတိရပြီး လှည်းနဲ့ သယ်လာတာ၊ နေ့ခင်းဘက်ဆို လူမြင်မကောင်းဘူးလေ၊ ညဘက်ဆိုတော့ အကြောင်းမဟုတ်ဘူး၊ ဒီခေါင်းက မင်းအတွက် တစ်နည်းမဟုတ် တစ်နည်းနဲ့ အသုံးဝင်မှာလို့ ငါ ယူဆထားတယ်"

ဖိုးထက်စကားကြောင့် ဦးဝိုင်းစိန်တစ်ယောက် ခေါင်းကို အသေအချာကြည့်မိသည်။ အပေါ်မှ အံဖုံးလည်းပါသည်။ အသစ်ဇတော့ မဟုတ်။ အတော့်ကို ဟောင်းနွမ်းနေပြီ ဖြစ်သည်။ ရာသီဥတုဒဏ်ဖြင့် ရွှံ့တွေအထပ်ထပ်တက်ပြီး သစ်သားအမျိုးအစားကို မှန်းဆရခက်နေသည်။ ပုံစံနှင့် လက်ရာမှာ ရှေ့ဟောင်းအသွင်အပြင်ကို ဖော်ညွှန်းနေသည်။

ဖိုးထက် ခါးကြားတွင် ထိုးယူလာသော အရက်ပုလင်းကို ထုတ်လျက်မော့ပြီး သောက်နေသည်။ သည် မလာခင်လည်း ဘယ်လောက်သောက်လာသည်မသိ။ အတော့်ကို ရေချိန်ကိုက်ပြီး မူးနေပြီ ဖြစ်သည်။

"ဒီမှာ ဝိုင်းစိန်၊ အရက်သောက်တယ်ဆိုပြီး အထင်မသေးနဲ့နော်၊ စိတ်ထား မယုတ်ညံ့ဘူး၊ လောကကြီးမှာ အရက်မသောက်ဘဲနဲ့ စိတ်နေစိတ်ထား အလွန်နိမ့်ကျပြီး ညစ်ပတ်စုတ်ပဲ့တဲ့သူတွေ အများကြီးရှိတယ်၊ တကယ်ပြောတာပါ သူငယ်ချင်း၊ မင်းက ငါ့ထက် အသက်အများကြီး ကြီးတော့ ပိုပြီးသိလိမ့်မယ်ထင်တယ်၊ မသိချင်ယောင်ဆောင်တာတော့ မဟုတ်ပါဘူးနော်"

မူးမူးနှင့် ပြောနေ၍ စိတ်ဆိုးရအခက်။ သူပြောသည့် စကားစုများက မမှန်ဘူးလား ဆိုတော့ ငြင်းချက်ထုတ်ရခက်သားလား။ တကယ်ပင် အယောင်ဆောင် သူယုတ်များရှိသည်က အမှန်။ လောကကြီးမှာ ဘယ်အရာကိုမှ ပုံသေတွက်ဆထားလို့ မရ။ လူတွေအားလုံးဟာ မီးစဉ်ကြည့်ပြီးကနေရသည် မဟုတ်ပါလား။

"ဒီမှာ ဖိုးထက်၊ မင်းယူလာတဲ့ အခေါင်းကို မင်းပြန်ယူသွား၊ ဒီပစ္စည်းက ငါ့အတွက် ဘာမှ အသုံးမဝင်တဲ့အပြင် အန္တရာယ်ရှိတယ်၊ လောကကြီးမှာ မမြင်ရတဲ့ အန္တရာယ်ဟာ ကြောက်စရာအကောင်းဆုံးပဲ"

"အေးလေ၊ မင်းက ပြန်သယ်သွားဆိုတော့ ပြန်သယ်သွားပါ့မယ်၊ ငါက မင်းအတွက် အသုံးတည့်မလား ဆိုပြီး စေတနာနဲ့ တကူးတက ယူလာတာပါ၊ ရပါတယ်ကွာ၊ ဒါက သိပ်အခက်အခဲ မရှိပါဘူး၊ ငါ့ချိုင်းကုန်းက နီးနီးလေးပဲ၊ လှည်းလည်းရှိနေတာ ဟုတ်တယ် မဟုတ်လား"

လင်းထိန်နေသော အောက်လင်းမီးရောက်အောက်တွင် ဖိုးထက်မျက်နှာကြီးက အရက်ဆီပြန်နေ၏။ အရက်တန်ခိုးကြောင့် အာလေး လျှာလေးပြီး မျက်လုံးများလည်း မှေးစင်းနေ၏။ သူ့ကိုယ်သူလည်း ဟိုယိုင် ဒီယိုင်နဲ့ အတော်ထိန်းနေရသည်။

ဝန်းကျင်တစ်ခိုတွင် ချဉ်စုတ်စုတ် အရက်နံ့များကလည်း လွှမ်းခြုံကာနေရာယူထား၏။ သူသည် အလုပ်ခန်းထဲရှိ ပြီးစီးနေသော ခေါင်းများကို လိုက်ကြည့်ပြီး. . .

"ဟ ဒီအခေါင်းကြီးက ကြံ့ကြံ့ဖန်ဖန် သဘော်ဆေးအစိမ်းရောင် သုတ်ထားပါလား၊ ဒီပြင် ခေါင်းတွေထက် ပိုကြီးသလားလို့"

ဖိုးထက်သည် ပြောပြောဆိုဆို ခေါင်းထဲသို့ ဝင်ပြီး ကျောခင်းလိုက်သည်။ ပြီး နှုတ်မှလည်း. . .

"ဩော် လူတွေ လူတွေ နောက်ဆုံးတော့လဲ ဒါပါပဲ၊ မသေခင် လောဘ ဒေါသ မောဟ မာန်မာန အငြိုးအတေးတွေနဲ့ ချာချာလည်နေကြတာ"

ဦးဝိုင်းစိန်တစ်ယောက် ဖိုးထက်ကို ကြည့်ပြီး ဘာပြောရမှန်း မသိဖြစ်နေမိသည်။ ဖိုးထက်သည် ခေါင်းထဲမှ လှူးလွန့်ရင်းမှ မူးယစ်ရီဝေသော အသံဖြင့်. . .

"ဟ ဒီမှာ မတ်စေ့တွေပါလား၊ များလှချေလား၊ ဘာလုပ်တာလဲကွ၊ လူသေကောင်ပါးစပ်ထဲက ကူးတို့ခတွေတော့ မဟုတ်ပါဘူးနော်"

ဦးဝိုင်းစိန်တစ်ယောက် လျင်မြန်စွာ သွားငုံ့ကြည့်လိုက်မိသည်။ မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားပြီး လွန်စွာမှ အံ့ဩသွားမိသည်။ ဘုရားစင်မှာ သိမ်းထားသော မတ်စေ့များ ဘယ်လိုလုပ်ပြီး အခေါင်းထဲ ရောက်လာပါလိမ့်။

ထိုအချိန် အိမ်ရှေ့တွင် လှည်းတစ်စီး ထိုးရပ်သံ ကြားလိုက်ရသည်။ အိမ်၏အောက်ထပ် အခေါင်းတွေထားသည့် အလုပ်ခန်းထဲသို့ ဝင်လာသည်မှာ မည်းမည်းဝဝ လူပုကြီးနှစ်ယောက်။

ရုတ်တရက်မို့ ဦးဝိုင်းစိန် အကြီးအကျယ် အံ့အားသင့်သွားသည်။





www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော သုံးလခန့်က ခေါင်းကို ကြို့တင်လာပြီး ပြုလုပ်ခိုင်းထားသည့် ဦးစိမ်းခန့်။ အဝတ်အစားတွေကလည်း ယခင်အတိုင်းပင်။ ပါလာသည့် လူကြီးကလည်း သူနှင့် တစ်ပုံစံတည်း။ တော်တော် အံ့သြစရာ ကောင်းနေလေပြီ။

ဘာမပြော ညာမပြော သူ့နာမည်နှင့် အစိမ်းရောင်သုတ်ထားသော ခေါင်းအား သွားကြည့်လေသည်။

ဦးဝိုင်းစိန်၏ စိုးရိမ်ပူပန်မှုက အထွတ်အထိပ် ရောက်သွားလေသည်။ သူပိုင်ဆိုင်သည့် ခေါင်းထဲတွင် ဖိုးထက်က ဝင်ပြီး မူးမူးနှင့် ကျောခင်းအိပ်နေပြီ မဟုတ်ပါလား။ သူသည် ခေါင်းထဲတွင် ရှိသည့် ဖိုးထက်အားကြည့်၍ အလွန်ကျေနပ်အားရသော အပြုံးနှင့်. .

"ခုမှပဲ သချိုင်းစောင့်တာဝန်ကို လွှဲပေးရမယ့်သူ ပေါ်လာတော့တယ်၊ ခုတော့ လွတ်လွတ်ကင်းကင်း သွားလို့ ရပြီ"

ဦးဝိုင်းစိန်တစ်ယောက် ဘာကိုမှ နားမလည်တော့။ ဖိုးထက် သယ်လာသော ခေါင်းကြီးအား အသေအချာ သွားကြည့်ပြီး ပြောသည်မှာ. . .



"ကဲ ဒါကြီးပဲ ယူသွားတော့မယ်၊ ဟုတ်ပြီလား"

ဖိုးထက်ယူလာသည့် ခေါင်းကြီးအား နှစ်ယောက်အတူ မ,ကာ သယ်ထုတ်သွားလေသည်။ အဖြစ်အပျက်များသည် လျင်မြန်လွန်းလှသည်။ ဦးဝိုင်းစိန်ကလည်း လျင်မြန်စွာ အောက်လင်းမီးမှုန်အိမ်တစ်ခုကိုယူပြီး သူတို့နောက်က လိုက်သွားလေသည်။ အမှောင်ထုကို ခွင်းလျက် အောက်လင်းမီး အလင်းရောင်က တောက်ပလျက် ရှိသည်။ ဘာမိုးမှလည်း မရွာ။ ဝန်းကျင်တစ်ခုလုံးလည်း ညဥ့်သတ္တဝါများ၏ အော်မြည်သံများ၊ ဖားအော်သံများဖြင့် ကြီးစိုးလွှမ်းမိုးလျက် ရှိသည်။

ငှင်းလူကြီး နှစ်ယောက်မှာ လှုပ်ရှားမှုများက လျင်မြန်လွန်းလှသဖြင့် ဦးဝိုင်းစိန်တစ်ယောက် နောက်မှ အပြေးလိုက်ရသည်။ ဘယ်လောက်မြန်သလဲဆိုသူ လှည်းဆီရောက်တော့ လှည်းဘီးတွေ လှိမ့်နေလေပြီ။ လင်းထိန်နေသော အောက်လင်းမီးရောင် အောက်တွင် အရာရာသည် ထူးဆန်းအံ့သြစရာများနှင့် ဆီးကြိုနေလေသည်။

အဘယ်ကြောင့်ဆိုသော် လှည်းသည်လည်းကောင်း၊ လှည်းပေါ်တင်ထားသည့် ခေါင်းသည်လည်းကောင်း အမှောင်ထဲမှ ပျောက်ကွယ်သွားသည်ထိ သတိလက်လွတ်ဖြစ်ကာ လိုက်ကြည့်နေမိသည်။ အချိန်အတန်ကြာမှ သတိပြန်လည်လာပြီး အိမ်ထဲသို့ ပြေးဝင်လာမိသည်။ ဘာတွေလဲ၊ ဘာတွေ ဖြစ်ကုန်တာလဲ၊ ခေါင်းထဲမှ ဖိုးထက်ကို ခေါ်၍ လှုပ်နှိုးသည်။

"ဟေ့ကောင် ဖိုးထက် ဖိုးထက် ထပါဦး၊ မင်းကို ပြောစရာတွေအများကြီးရှိတယ်"

လှုပ်နှိုးခေါ်သံများက ညဥ့်နက်ယံကို ထွင်းဖောက်သွားသည်။ သို့သော် ဖိုးထက်က မည်သို့မျှ ကြားနိုင်တော့မည်မဟုတ်၊ ရှင်လူမဟုတ်၊ သေလူဖြစ်နေလေပြီ။ တကယ်ပင် ခေါင်းထဲဝင်ပြီး လောကကြီးကို ကျောခိုင်းထွက်ခွာသွားခဲ့ချေပြီ။ ဦးဝိုင်းစိန်အတွက် ချောက်ချားစရာများနှင့် ပြည့်နှက်နေသော ညတစ်ညဆိုလျှင် မှားမည် မထင်ပါ။ ပြဿနာဖြစ်တိုင်း အိမ်မှာလူမရှိ၊ မြို့ထဲအိမ်မှာ ပြန်အိပ်သည့်ည ဖြစ်နေ၊ အဖော်ထားပေးသည့် တူတောင်မောင်လည်း မရှိ။

ဦးဝိုင်းစိန်သည် အောက်လင်းမီးအိမ်ကြီးကိုင်ကာ မြို့ဦးကျောင်းဆီသို့ ဦးတည်လိုက်သည်။ ဒီအတိုင်း တစ်ညလုံးနေလို့မဖြစ်၊ သူပါ အကြောက်လွန်ပြီး အသက်ပျောက်သွားနိုင်သည်။ သူ့ခြေလှမ်းများက မပြေးရုံတစ်မည် ရှိသည်။ မြန်သလားတော့ မမေးနဲ့။ အချိန်မတော်သွား၍ ဘုန်းကြီးကျောင်းမှ ခွေးများက ထိုးဟောင်သည်။

သူ့မှာ အားကိုးစရာ၊ တိုင်ပင်စရာဆိုလို့ မြို့ဦးကျောင်း ဆရာတော် ဦးသေဋ္ဌိလရှိသည်။ ညအချိန်မတော် ခွေးဟောင်သံကြောင့် ဘုန်းကြီးကျောင်းတစ်ခုလုံးသည်လည်း လှုပ်လှုပ်ရှားရှား အသက်ဝင်လာသည်။

ဆရာတော် ဦးသေဋ္ဌိလမှ . . .

"ဟဲ့ . . . ဒကာကြီး၊ ဘာတွေ အရေးကြီးလာတာတုံး၊ ဘာဖြစ်လို့တုံး"

"တင်ပါ တပည့်တော်မှာ ဖြေရှင်းရခက်တဲ့ ပြဿနာတက်နေလို့ပါ"

www.burmeseclassic.com



ဘုရား၊ အဲဒါကြောင့် တပည့်တော် အားချင်း လာတာပါဘုရား"

ဦးဝိုင်းစိန်မှ ဖြစ်ကြောင်းကုန်စင် လျှောက်တင်လိုက်သည်။ ဆရာတော်သည် အသေအချာ စဉ်းစားချင့်ချိန်ပြီးမှ ပြောသည်မှာ . . .

"ဒါကတော့ ဒကာကြီးရယ်၊ ဖြစ်လာတဲ့ကိစ္စတွေလေ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ အကောင်းဆုံးနည်းနဲ့ ဖြေရှင်းရမှာပေါ့၊ ကဲ ဒီလိုလုပ်၊ သူ့မိန်းမ၊ မိဘဆွေမျိုးတွေ ချက်ချင်းအကြောင်းကြား၊ ခေါင်းကို မလဲနဲ့၊ အဲဒီအတိုင်းပဲ သင်္ဂြိုဟ်၊ သူ့နာမည်နဲ့ အသက်ကို စက္ကူနဲ့ရေးပြီး ဦးစိမ်းခန့်နာမည်ပေါ်ကနေ ထပ်ကပ်၊ နေ့ဆယ်နှစ်နာရီ မကျော်ခင် အပြီး မြေမြှုပ်ရမှာနော်၊ အာဏာပိုင်အဖွဲ့အစည်းတွေကို အကြောင်းကြားပြီး ခေါ်ထားလိုက်မယ် ဟုတ်ပြီလား၊ ဒကာကြီး ပြောတဲ့ တစ်မတ်စေ့တွေ အကုန်လုံး ပြန်ထည့်ပေးလိုက်၊ ဘာတစ်ခုမှ မယူထားလိုက်နဲ့"

"တင်ပါ့ ဘုရား"

မြို့ဦးကျောင်းဆရာတော် သေဒ္ဒလ၏ စီမံကွပ်ကဲ ဆုံးဖြတ်ချက်ဖြင့် သင်္ချိုင်းကုန်းတွင် မြေနေရာရှာ၍ ကျင်းတူးရလေသည်။ သရဏဂုံတင်ပြီးသားဖြစ်၍ ကျင်းတူးပြီးတာနှင့် တစ်ခါတည်း ခေါင်းမြှုပ်ရန် ဖြစ်သည်။ ချက်ချင်း တူးမြှုပ်စနစ် ဖြစ်သည်။

သင်္ချိုင်းကုန်းတွင်လည်း ဖိုးထက်၏ မိဘ၊ မိန်းမ၊ ဆွေမျိုးများ၊ အပေါင်းအသင်းများ၊ အာဏာပိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ မြို့ခံလူများ၊ ရွာနီးချုပ်စပ်မှ လာကြည့်သူများနှင့် အတော့်ကိုစုံသည်။ အဓိက တာဝန်ယူရသူမှာ ဦးဝိုင်းစိန် ဖြစ်သည်။

ကျင်းကို ခြောက်ပေအနက်တူးရန်မှာထားသဖြင့် တိတိကျကျတူးရသည်။ ဂေါ်ပြားနှင့် ပက်တင်သော မြေဆိုင်မြေခဲများသည် ကျင်းနှုတ်ခမ်းပေါ်သို့ အထွေးလိုက် အထွေးလိုက် ရောက်ရှိလာသည်။ အနက်ခြောက်ပေနီးပါး အရောက်တွင် ပေါက်တူးနှင့် မာကျောသောအရာများထိတွေ့သံများ ပေါ်လာသည်။ မြေတူးနေသော လူတစ်ယောက်မှ အံ့ဩသဖြင့် . . .

"ကိုဝိုင်းစိန်ရေ၊ အောက်မှာ ခေါင်းတစ်ခုဗျ၊ ကျုပ်တို့ တူးနေတဲ့နေရာနဲ့ ခေါင်းနဲ့က တစ်ထပ်တည်း ဖြစ်နေတယ်၊ ဒီမှာ ကြည့်လေ ဘယ်လိုလုပ်ရမှာလဲ"

ကျင်းတူးသူ၏ အော်ပြောသံကြောင့် အားလုံးက ငုံ့ကြည့်ကြသည်။ တကယ်ပင် ခေါင်းတစ်ခု။ တိုက်တိုက်ဆိုင်ဆိုင် ခေါင်းကလည်း ကျင်း၏ အလယ်တည့်တည့်မှာ ရှိနေသည်။ ဦးဝိုင်းစိန်က ဆုံးဖြတ်ချက်ချလိုက်သည်။ ကျင်းကို တခြားနေရာ ပြောင်းမတူးတော့။ ဆယ့်နှစ်နာရီ ထိုးတော့မည်။ မြေကြီးကျင်း တူးနေသူမှ ခေါင်းအဖုံးအား ထင်သာမြင်သာရှိအောင် အပေါ်ယံရှိ မြေစာမှုန်များအား ဖယ်ထုတ်နေလေသည်။ ထိုအချိန်တွင် အသက်ရှစ်ဆယ်ကျော်ရှိ အဘွားအိုတစ်ဦးသည် ကျင်းထဲသို့ လာငုံ့ကြည့်ပြီး အသေအချာ ပြောသည်မှာ . . .

"ဟဲ့ ခေါင်းအဖုံးက အစိမ်းရောင်ပါလား၊ မင်းတို့ မြေစာမှုန့်တွေဖယ်ပြီး သေသေချာချာကြည့်ကြစမ်း၊ ငါထင်ရင် မမှားဘူး၊ ငါကိုယ်တိုင် မှတ်မှတ်ရရ သဘော်ဆေးတွေသုတ်ပြီး ခေါင်းအဖုံးမှာ ဦးစိမ်းခန့် အသက် (၈၈)နှစ်လို့ ရေးခဲ့တာ၊ အဲဒီခေါင်းက ငါတို့အဘိုးရဲ့ ခေါင်းပဲ"

မြေကြီးခဲ၊ မြေစာခဲတွေကုန်သွား တော့ တကယ်ပင် ခေါင်းအဖုံးမှာ ရေး နာမည်နှင့် အသက်များ ပေါ်လာသည်။ အသုဘပို့လာသူများ အံ့အားသင့်သွား ကြသည်။ ဦးဝိုင်းစိန်က မနေသာတော့

"ဒါနဲ့ အဘွား၊ ဘယ်လို ပုံစံမျိုး လဲ မသိဘူး"

"ဟဲ့ ငါတို့အဘိုးက မည်းမည်း ပုပုဝဝ အရုပ်ဆိုးတာတော့ မပြော တာတောလန့်ပဲ"

မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသူ ဦးဝိုင်းစိန်မျက်လုံးပြူးသွားသည်။ မ ဩဘဲ ဘယ်သူနေနိုင်ပါ့မလဲ။ ဖြစ် များက မျက်လုံးထဲက မထွက်။ သူ့ နားရှိ အဘွားအိုက ပြောသည်မှာ . . .

"တိုက်ဆိုင်လိုက်တာဟယ်၊ ငါတို့ အဘိုးဦးစိမ်းခန့်ကို ညကတောင် အိ မက်မက်သေးတယ်"

ဦးဝိုင်းစိန် မနေသာတော့

"ဘယ်လို အိပ်မက်မျိုးလဲဟ အဘွား"

"အင်မတန်ထူးဆန်းတဲ့ အိပ်မ ပေါ့ဟယ်၊ ငါတို့ အဘိုးဦးစိမ်းခန့်က လှည်းကြီးပေါ်မှာ ရွှေအခေါင်းကြီးတ ရွှေရောင်တောက်နေတဲ့ နွားနှစ်ကော နဲ့ ငါ့ကို လက်ပြနှုတ်ဆက်ပြီးထွက်သွ တာ၊ ခုထိ မျက်လုံးထဲက မထွက်ဘူး"


"ဗျာ"

ဦးဝိုင်းစိန် နှုတ်ဖျားမှ အာ ခိုတ်သံထွက်၍ ကျင်းနှုတ်ခမ်းဝပေါ် မှုးမေ့လဲကျသွားပါတော့သတည်း။

မင်းဟန်(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"ဆတ်သား ရမယ်တဲ့"

"လာဦးဟေ့"

"နင်တို့ ရွာမှာ ဘာလို့ မရောင်းတတ်တာလဲ ဟဲ့"

"အကြွေးတွေချည်းပဲ တော်တော်နဲ့ မရဘူး"

ဦးကျော်မောင်သည် လဆန်းရက် လမိုက်ရက် လိုအပ်သလို အခြေအနေအရ တောလည်ထွက်သည်။

"ညည်းတို့ အဖေကို တစ်ပွဲစားလို့ ပြောတဲ့သူတွေများတယ်"

"ပြောချင်ရာ ပြောကြပါစေ၊ အရေးကြီးတာက ကျွန်မတို့ မိသားစု ပြေလည်ဖို့ အရေးကြီးတယ်"

"အေး ညည်းပြောတာလဲမှန်တယ်၊ လူတွေက သူများ အဆင်ပြေလဲ အတင်းပြောတာပဲ၊ အဆင်မပြေလဲ ပြောတာပဲ၊ ဒါတောင် ကိုယ့်ထမင်း ကိုယ်စားပြောရလို့ ထမင်းအလကား ကျွေးမယ်ဆိုရင် လေလုံးဆို့ပြီး သေအောင်ပြောမှာ"

"ဟုတ်ပ ပြောပါစေ အသားပဲ့ မပါသွားပါဘူး"

ရိုးမတောင်ခြေတစ်ပိုက်တွင် ရွာပေါင်း ၁၅ ရွာခန့် ရှိသည်။ မုဆိုးက လက်ချိုးရေလို့ရသည်။ ဦးကျော်မောင်သည် အသက်(၅၀)ကျော်ပါပြီ။အသက် (၂၀)ခန့်ကပင် မုဆိုးတစ်ယောက် ဖြစ်ခဲ့သည်။ တခြားအလုပ် မလုပ်ပါ။ ယနေ့အထိ မုဆိုးအလုပ်ဖြင့် မိသားစုအား ကျွေးမွေးလျက် ရှိသည်။ သို့ပေမယ့် နေ့စဉ် အမဲပစ်မထွက်ပါ။ ရာသီဥတုနှင့် လသာ လမိုက်အချိန်ကို ကြည့်ပြီးမှ သွားလေ့သွားထရှိသည်။

"ဟော့ကောင် ငမှန်၊ ငါလဲ တောပစ်လာတာ (၁၀)နှစ်လောက်ရှိပြီကွ"

"အဲဒါ ဘာဖြစ်လို့လဲ ခွေးပု"

"တောထဲ အမဲလိုက်သွားတိုင်း တောကောင်က ရချင်မှရတာကွ၊ ရပြန်တော့လဲ ချိုကျိုး နားရွက်ပဲ့၊ ထော့နင်းထော့နင်း အကောင်တွေ၊ အကန်းတွေ၊ ကျန်းမာရေးမကောင်းတဲ့ အကောင်တွေချည်းပဲ၊ ဦးကျော်မောင်ကျတော့ သွားတဲ့နေ့ တောကောင်ရတဲ့နေ့ပဲ၊ ဒီလူကြီးက တစ်ပွဲစားလားမသိဘူးကွ၊ တောထဲ ဝင်တာနဲ့ တောတင်တယ် ဟော့ကောင် ငမှန် ဒီလူကြီးကို မလေးမစားတော့ သွားမပြောနဲ့"

"ခွေးပုလဲ မုဆိုး၊ ငါလဲ မုဆိုး ဦးကျော်မောင်လို မုဆိုးကြီးကိုတော့ သွားမယှဉ်နဲ့၊ မနာလိုလဲ မဖြစ်နဲ့ကွ၊ တို့ကသွားပြီး ဆည်းကပ် နည်းနာယူရမှာ သူ့မှာလဲ နည်းတော့ရှိမှာကွ"

"ဟာ ငမှန်ကလဲ ဘယ်အလုပ်ဖြစ်ဖြစ် နည်းရှိတာပေါ့၊ တို့ထက်အတွေ့အကြုံရှိတာပဲ၊ ဆရာတင်သင့်တင်ရမှာပေါ့၊ ဒါနဲ့ ထမင်းစားနေရတာ၊ အောက်ကျတယ်ဆိုတာ မရှိပါဘူး"

"ဦးကျော်မောင်က အမဲပစ်သွားတိုင်း တောတင်တယ်ကွ"

"ဒါဆို တောပိုင် တောင်ပိုင်က သူ့နဲ့ ပိုရင်းနှီးလို့ နေမှာပေါ့"

"ဒါတော့ မဖြစ်နိုင်ဘူး ခွေးပု"

တစ်နေ့ သပြေကုန်းရွာမှ မုဆိုး ငမှန်နှင့် ဘုရားကြီးကုန်းရွာမှ မုဆိုးခွေးပုတို့ အုတ်ဖိုရွာမှ မုဆိုးကြီး ဦးကျော်မောင်အိမ်သို့ သွားရောက်ကြပါသည်။

"ဟာ တစ်ဖက်ရွာက မုဆိုးတွေပဲ၊ လာကြ လာကြ"

"အဲဒီလို ခေါ်တာ ကိုယ့်ကိုယ်ကိုယ်တောင် ရှက်မိပါတယ် အဘရယ်"

"ဟ- ဘာဖြစ်လို့တုံးကွ၊ မုဆိုးက မုဆိုးပဲ၊ ဘာရှက်ရမှာလဲ၊ ရွာထဲက ကြက်တွေ၊ ဝက်တွေ ခိုးနေတာမှ မဟုတ်တာ"

"မဟုတ်ဘူး အဘရဲ့ ကျွန်တော်တို့ တောလည်ထွက်တိုင်း တောကောင်မရတာ ကြာပြီ၊ အဘကျတော့ အဘသမီး ခဏ ခဏ လိုက်ရောင်းနေတာ တွေ့တယ်"

ဒီတော့ ခွေးပုက. . .

"အိမ်က မိန်းမနဲ့ ကလေးတွေ ကောက်ရိုးပုံချည်ထားလို့လဲ မရတော့ အကြွေးတွေလဲ ထူနေပြီ၊ တခြားအလုပ်လဲ ဘာမှ မလုပ်တတ်၊ ဒုက္ခကတော့ ကြာလေဆိုးလေပဲ၊ အဲဒါကြောင့် အဘဆီ လာခဲ့တာ"

"မင်းတို့က အခုလို ရိုးရိုးသားသားနဲ့ ပွင့်ပွင့်လင်းလင်းလာပြောတော့လဲ မုဆိုးချင်းဆိုတော့ ကိုယ်ချင်းစာမိပါတယ်၊ ငါလဲ ငယ်ငယ်က ဖြစ်ဖူးပါတယ်၊ ဒီတော့ ငမှန် မင်း မနက်ဖြန်နေဝင်တာနဲ့ အိမ်ကထွက် စလူတောကိုရောက်ရင် တောင်ဘက်မှာ တွင်းကလေးရှိတယ်၊ အဲဒီမှာ သွားစောင့်၊ မင်း ချေပစ်ရမယ်"

"ဟုတ်ကဲ့အဘ သွားပါ့မယ်"

"ခွေးပု၊ မင်းက ပန်းတင်ချောင်းကိုသွား၊ မှောင်စကို အရောက်သွား ချောင်းအထက်မှာ လူးအိုင်တွေရှိတယ်၊ အောက်က စောင့်ပစ်၊ ဝက်ရလိမ့်မယ်"

"ဟုတ်ကဲ့"

ငမှန်နှင့် ခွေးပု၊ ဦးကျော်မောင် ပြောသည့်အတိုင်း သွားကြသည်။ ဝက်တွေ့သည် ပစ်တာ မထိပါ။ ချေတွေ့သည် ပစ်တာ မထိပါ။ ထိုအခါ သူတို့နှစ်ယောက် ဦးကျော်မောင်ကို အံ့ဩခြင်းနှင့်အတူ လေးစားသွားကြသည်။ နောက်တစ်နေ့တွင် ဦးကျော်မောင်အိမ်သို့ ထပ်သွားကြသည်။ အကျိုးအကြောင်း ရှင်းပြကြသည်။

"အေး . . . နောက်အားတဲ့နေ့ကျရင် မင်းတို့နှစ်ယောက် ဒူးလေးတွေ မြားတွေယူပြီး လာခဲ့ကြ"

"ဟုတ်ကဲ့"

နောက်တစ်နေ့မှာပင် ငမှန်နှင့် ခွေးပုတို့သည် ဦးကျော်မောင် ရှိရာ အုတ်ဖိုရွာသို့ သွားကြသည်။ လမ်းတွင်-

"ဆတ်သား ရမယ်တဲ့"

ထိုအခါအမျိုးသမီးတစ်ယောက်မှ . . .

"ဟဲ့ . . . လာဦး၊ ဦးကျော်မောင်ကြီး သက်တော်ရာကျော် ရှည်ပါစေတော်၊ သူရှိလို့ တောကောင်သားလေး ဘာလေး စားနေရတာ၊ တို့ဘက်က မုဆိုးတွေကတော့ လိပ်တောင်မဖမ်းတတ်ဘူး၊ တီကောင် ဘယ်နား

www.burmeseclassic.com

သလဲဆိုတာ ဝေလာဝေး၊ သူတို့ဆီက
ာကောင်သားသာ စောင့်စားရမယ်
ိုရင် ဆံဖြူသွားကျိုး မပါးနိုင်တော့မှ
ယ်နဲ့တူတယ်"

"အဘ ကျွန်တော်တို့ပါ"

"အေး လာကြကွာ၊ တိုင် ရေနွေး
ြမ်းသောက် ဆတ်သားကြော်နဲ့မြည်း"

"မှတ်ပြီ ငမှန်၊ မင်း ဒူးလေး
ြစ်မ်း၊ မင်းဟာက အရှည်ကြီးပဲကွ၊
လေးက ကိုယ့်လက်နဲ့ကိုယ် တိုင်းလုပ်
တယ်၊ မြားပြစ်မ်း၊ မြားက မင်းညာ
န်ဆိုရင် ညာလက်တစ်ဆုံးနဲ့ လက်နှစ်
စ်ထားရမယ်ကွ၊ မှန်းစမ်း မင်းမြား
စ်ချောင်း"

ဦးကျော်မောင် သူ့အိမ်ခြေရင်း
က နွားတင်းကုတ်ရှိ နွားရေသောက်
ည့် စားကျင်းထဲ ထည့်ကြည့်ရာ မြား
ောက်ပိုင်းမှာ ရေထဲ အနည်းငယ်နစ်
နေလေသည်ကို တွေ့လျှင် . . .

"မင်း မြားက ဝါးအရင်းပိုင်းကို
င်မှာထားတော့ ပစ်တဲ့အခါ အရှိန်နဲ့
ေထဲမှာ ဦးပိုင်းပေါ့နေပြီး သားရေ
င်းရင် တင်းသလို လမ်းကြောင်း
ြောင့်မှာ မဟုတ်ဘူး၊ ပြီး မြားတွေကို
ီးနာနာပြု၊ ဖြောင့်အောင်ပြင်မှပေါ့"

"ဟုတ်ကဲ့ အဘ"

"ခွေးပုရော သိပြီလား"

"ဟုတ်ကဲ့ သိပါပြီ"

ငမှန်နှင့် ခွေးပုတို့သည် လေးနှင့်
ြားကြောင့်လည်း တောကောင် မရ
သည်ကို သိရ၍ ဝမ်းသာလျက် ပြန်သွား
ကြပါသည်။ သူတို့ အမဲလိုက်ကြပြန်ရာ
ယုန်၊ ဖွတ်၊ ကြောင်၊ ဖြူ၊ ရှူးပုံ တို့သာ
ရပါသည်။ ချေတို့ ဆတ်တို့ တောဝက်
တို့ တူတူတန်တန် မရသဖြင့် စီးပွား
မဖြစ်ပါ။ သို့နှင့် ဦးကျော်မောင်ဆီ
သွားရပြန်သည်။

"ငါလဲ မုဆိုး၊ မင်းတို့လဲ မုဆိုးပဲ၊
တံငါသည်မှာ စကားပုံတစ်ခုရှိတယ်ကွ၊
ဟင်းစားပဲပေး၊ ကွန်ချက်မပြနဲ့တဲ့၊ မုဆိုး
မှာလဲ စကားပုံရှိတာပဲ ဟင်းစားပဲပေး၊
စားကျက်မပြနဲ့တဲ့"



"ကျွန်တော်တို့လဲ တောတင်တာ
ပဲ အဘရဲ့"

"တောတင်တာက အစဉ်အလာ
ယုံကြည်ချက်ကွ၊ အမဲလိုက်တာက
တောကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ ဇွဲ
လုံ့လနဲ့ ပါးနပ်မှု၊ တောကောင်တို့ရဲ့
အလေ့အထကွ၊ ငါလဲ ဘာတစ်ပွဲစားမှ
မဟုတ်ဘူး၊ တစ်ပန်းကန်လဲ မစားဘူး၊
တစ်ဒလုံလဲ မစားဘူး၊ တစ်ဇွန်းတောင်
မစားဘူးကွာ"

"ဟုတ်ကဲ့ပါ အဘ"

"ကဲ ဒီလောက်တောင်ဖြစ်တဲ့
မုဆိုးတွေ၊ ငမှန် ဇီးဖြူတော ဘယ်နား
မှာရှိလဲ သိလား၊ မနက်အရုဏ်တက်တာ
နဲ့ အရောက်သွားစောင့် မင်းချေနဲ့ ဆတ်
တစ်ကောင်ရလိမ့်မယ်"

"ဟုတ်ကဲ့ သွားမယ်"

"ခွေးပု၊ စလူတောအောက်မှာ
ကွင်းရှိတယ်၊ ကွင်းဘေးက ကမူပေါ်က
စောင့် ဝက်ပစ်ရလိမ့်မယ်"

"ဟုတ်ကဲ့"

"သွားကြတော့ကွာ၊ ငါ စီးပွား
ပျက်တော့မယ်"

ဦးကျော်မောင် ထိုည တော
လည်ထွက်ပါသည်။ ဆတ်ကျွဲ ရပါ
သည်။ ချောင်းအတိုင်း စုန်ဆွဲလာပါ
သည်။ ရွာနားရောက်လျှင် ကမ်းဘေး
တပ်၍ အိမ်မှ သမီးနှင့် ယောက်ဖကို
သွားခေါ်၍ ဖျက်ပါသည်။ ပြီးတော့
သမီးမှ လည်ရောင်းပါသည်။ ငမှန်နှင့်
ခွေးပုတို့လည်း ချေနှင့်ဝက် ရပါသည်။
သူတို့မိန်းမတွေ လိုက်ရောင်းကြပါသည်။

ဦးကျော်မောင်ဆီသို့ ငမှန်နှင့်
ခွေးပုတို့ မလာတော့ပါ။ ဦးကျော်မောင်
သည် ပုံမှန်တောလည်ထွက်ပါသည်။
သူ့သမီးက လိုက်ရောင်းပါသည်။ ငမှန်
နှင့် ခွေးပု စားကျက်ပြထားသည့်တိုင်
သားကောင် မရတော့ပါ။

ထို အခါ ဦးကျော်မောင်ဆီ
ရောက်လာပြန်ပါသည်။

"မင်းတို့ တစ်သက်လုံး အမဲပစ်
စားမှာလား"

"ဟုတ်ကဲ့ ဒါပဲ လုပ်တတ်တာပါ"

"ကဲ ဒါဆို ဒီတောထဲမှာ ဖန်ခါး
ပင်တွေ ဘယ်နားမှာ အများဆုံးလဲ"

"သတိမထားမိဘူး"

"ထားတော့"

"ခွေးပု မင်းကော သိလား"

"မြင်တော့ မြင်မိတယ် ဇဝေဇဝါ
ပဲ"

"ကဲပါကွာ၊ မင်းတို့ကို ငါပြော
မယ်၊ ဖန်ခါးသီးက မိုးလယ်မှာ သီးတာ၊
ဇီးဖြူသီးက နွေမှာသီးတာ၊ သူက အသီး
စုံရင် အရွက်မရှိတော့ဘူး၊ ချေတို့ ဆတ်
တို့ တအားကြိုက်တာ၊ စားပင်မှာ စောင့်
ပစ်မလား၊ စားပြီးရင် ရေသောက်တာ
ကြောင့် ရေဆိပ်မှာ စောင့်ပစ်မလား"

"ပြောပါ အဘ"

"စားပင်မှာ စောင့်ပစ်ပေါ့၊ စား
တာက ဗိုက်မဝမချင်း စားတော့ ကြာ
တယ်၊ အခွင့်အရေး ပိုရတာပေါ့၊ ရေဆိပ်
က အကောင်တကာသောက်နေတော့
သောက်ပြီး ပြန်ပြေးတာပဲ"

"ဟုတ်ကဲ့ အဘ"

"ဆတ်ကြီးတွေ နွေရာသီမှာ ချို
လဲတယ်၊ ချိုနုထွက်တယ်၊ အဲဒီအချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com

ချိုနက သစ်ပင်နဲ့ထိရင် နာတာကြောင့် တောရှင်းတဲ့ဆီမှာ နေတယ်၊ ရှာပစ်ပေါ့၊ နေ့ဘက် သစ်ရွက်ခြောက် မီးရှို့ထား၊ လဆန်းရက်တွေမှာ ဒရယ်တို့ ဆတ်တို့ ပြာပုံကို ဆားခတ်ရလို့ လာလျက်ကြတယ်၊ အောင်လောင်ငှက်၊ အောက်ချင်းငှက်တွေ ညောင်သီးစားရင်း ကြွေကျတယ်၊ အောက်မှာ ချေ၊ ဆတ် လာကောက်စားတယ်၊ တောကြောင်တွေလဲ ညောင်သီးစားတဲ့ အုပ်စုရှိတယ်"

"ဟုတ်ကဲ့ အဘ"

"တောင်ကုန်း တစ်ကုန်းမှာ ကြက်ဖက တစ်ကောင်စီပဲရှိတယ်၊ သူ့ကုန်းမှာပဲ သူနေတယ်၊ ကြက်မတွေက သာတွန်သံကြားတဲ့ကုန်းလှည့်သွားနေတာ၊ ကြက်မတွန်သံကုန်းမှာ စပါးကြီး ရှိရင်ရှိ မရှိရင် ကြောင်မြင်းရှိတယ်မှတ်၊ ကြောင်မြင်းက မြင်းလို ကုပ်မှာ လည်ဆံနဲ့ အကောင်ကြီးတယ်၊ လမ်းကို အသွားအပြန် တစ်လမ်းပဲ သုံးတယ်၊ စောင့်ပစ်ပေါ့"

"အဘက တောကောင်အားလုံးရဲ့ အလေ့အထတွေ သိနေတာပဲ"

"ဟ ငါက မုဆိုးလေကွာ၊ မင်းတို့ကို ငါပြောမယ်၊ မုဆိုးဆိုတာ တစ်တောလုံး ဘယ်နေရာမှာ ဘာပင်ရှိတယ်၊ ဘယ်ကောင်က ဘယ်အချိန်မှ ထွက်တယ်၊ ဘယ်အချိန် ဘယ်ရာသီမှာ ဘယ်အသီးသီးတယ်၊ ဘာကောင်တွေက ကြိုက်တယ်၊ စားပြီးရင် ဘယ်မှာ ရေသောက်တယ်၊ လပြည့်၊ လကွယ်၊ လဆန်းတွေမှာ ဘယ်ကောင် ထွက်တတ်သလဲ၊ အဲဒီလိုသိမှပေါ့၊ အဲဒီလိုမှ မသိရင် တောလည်မှာလား၊ တောလိုက်မှာလား၊ တောပစ်မှာလား၊ အမဲပစ်မှာလား"


"ကျွန်တော်တို့က အမဲပစ်မှာပါ"

"ဘာမှ မသိဘဲ တောထဲလှည့်ပတ် သွားနေတာ၊ အဲဒါတောလည်တာ၊ တောပစ်မှာ ကိုယ့်လက်နက်အကြောင်းကို ကိုယ်မသိ၊ တောကောင်အကြောင်း မသိဘဲပစ်တော့ မြားက တောထဲ သစ်ပင်တွေ ချုံထဲတွေ ဝင်သွားရော၊ အဲဒါတောပစ်တာ၊ အမဲ လိုက်တာက တောကောင်အကြောင်း မသိဘဲ သွားချင်သလိုသွားပြီး ဖြုန်းဆိုတွေ့မှ ပစ်တာ၊ အဲဒါ အမဲလိုက်တာ၊ အမဲပစ်တာက အလုံးစုံသိပြီး အပိုင်ပစ်တာ၊ အမဲရတာက အဲဒါ အမဲပစ်တာပဲ"

"အခုမှ သိတော့တယ် အဘရယ်"

"မင်းတို့ လေ့လာဦးကွ၊ အမဲပစ်စားမယ်ဆိုရင် အဲဒီတောကြီးက ကိုယ့်ခြံလို တောကောင်တွေ မွေးထားသလို သိမှ၊ ဘာမှမသိ ဟိုသွား ဒီသွား ရိပ်ခနဲတွေ့မှ ဖြုန်းခနဲပစ်ရင် ပင်ပန်းရုံပဲ"

"ကျားက ချေလိုလဲ ဟောက်တယ်၊ ဆတ်တစ်သလို ကျားကလဲ တစ်တတ်တယ်၊ ချေကလေးနဲ့ ဆတ်ကလေး အော်တာ အသံတူတူပဲ၊ ပြီ ပြီနဲ့၊ ကျားကလဲ ချေနဲ့ ဆတ်ပေါက်ကလေးတွေ အော်သလို အော်တတ်တယ်၊ အဲဒီလို အော်လို့ရှိရင် ချေတွေ ဆတ်တွေက အထီး၊ အမ မရွေး ကလေးဆီကို ပြေးလာတတ်တယ်၊ သူက ပုန်းနေတယ်၊ အဲဒီလိုမှ မဟုတ် ကျားက အကောင်ငယ်လေးတွေ အော်သလို အော်ပြီး စောင့်နေရင် ချေတို့ ဆတ်တို့ ပြေးလာတဲ့အခါ အဆင်သင့်ပဲ၊ ဒါမှ မဟုတ် မုဆိုးက အဲဒီကလေးတွေ အော်တဲ့ နားက သွားစောင့်မယ်ဆိုပြီး သွားရင် ကျားနဲ့ တိုးမှာပဲ၊ သားကောင်ပဲ၊ ဒါက တောနက်တဲ့ဆီမှာ အတွေ့အကြုံရှိမှ သတိရှိမှ လုပ်ရမယ့်ကိစ္စ"



"ဟုတ်ကဲ့ပါ"

"ငါ့ကို တချို့က ပြောတယ်၊ တစ်ပွဲစားတဲ့၊ ငါ ဘာမှ မစားဖူး၊ တောကောင်သဘာဝ ကျွမ်းကျင်မှုနဲ့ သားကောင်ဓလေ့နားလည်မှုကို အသုံးချတာပဲ"

"ဟုတ်ကဲ့ပါ တစ်ပွဲစား၊ ကန်တော့အဘ မှားသွားလို့ပါ"

"တစ်ပွဲစားဆိုတာ အကုသိုလ်လုပ်စားတဲ့ နေရာမှာ အကျိုးပေးတဲ့သူပဲကွ၊ သေသွားသည့်တိုင် နာနာဘာဝကွ၊ သွားတော့ကွာ၊ မင်းတို့ ငါ့ကို တစ်ပွဲစားတဲ့"

ဦးကျော်မောင် အမဲလိုက်နည်း သွားပါသည်။ သို့ပေမယ့် အမဲပစ် ထွက်သည့်အခါတိုင်း အမဲရပါသည်။ ငမှန်နှင့် ခွေးပုကတော့ မယုံကြပေ။ မသေခင်က တစ်ပွဲစားဖြစ်နေသည်ဟု ထင်နေပါသည်။

ဘာပဲဖြစ်ဖြစ် အမဲလိုက်တာ အကုသိုလ်ပါ။ မသေဘဲ တစ်ပွဲစားဖြစ်နေသည်ဟု တံငါလောကမှာလည်း ကြားဖူးကြသည်။ သို့ပေမယ့် ဦးကျော်မောင် တစ်ပွဲစား မဟုတ်တာက သူ့ကိုယ်သူ အသိဆုံး။ သူတောပစ်သွားရင်တော့ သူ့ရှေ့မှာ သားကောင်က လာရပ်ပေးရတာ သူမသိပါ။ အဲဒါ တောကျွမ်းတာလား၊ တစ်ပွဲစားလားဆိုတာ စဉ်းစားရတော့၏။

**သန်းထွန်း (ဂျေဂျေ)**

❑





www.burmeseclassic.com

www.burmeseclassic.com

# ဝေယံလင်းခေါင်

## ပုဏ္ဏကနှင့် ငပူးသာကျော်



www.burmeseclassic.com

www.burmeseclassic.com

သူတို့ မြို့လေးတွင် ငါးရက်တစ်ဈေးသာ ရှိသည်။

ဈေးနေ့တစ်နေ့တွင် ကိုကျော်ဟန်၏ ရေဒီယိုကက်ဆက်ရောင်းဝယ်ပြုပြင်ရေးဆိုင်သို့ လူကြီးတစ်ယောက်ဝင်လာသည်။

ရှမ်းဘောင်းဘီအနက်နှင့် ရှမ်းတိုက်ပုံအရှည်ကို ဝတ်ထားသည်။ ဤအဆင်ကို မြင်လိုက်သည်နှင့် ကိုကျော်ဟန် ကလည်း တောင်ပေါ်သား ဈေးရောင်းလာသူတစ်ယောက်မှန်း အတပ်သိလိုက်သည်။

ထိုလူကြီးသည် စင်ပေါ် တင်ထားသော ရေဒီယို ကက်ဆက်တွေကို လိုက်ကြည့်နေ၏။

ကိုကျော်ဟန်က. . .

"ဦး ရေဒီယိုကက်ဆက် ဝယ်မလို့လား၊ ကြည့်ပါခင်ဗျာ"

ဟု အချိုသာဆုံး လေသံနှင့် ပြောလိုက်သည်။ ချက်ချင်းထပြီး ထိုလူကြီးဘေး၌လည်း သွားရပ်လိုက်၏။

"အေးကွယ့်"

ဟုပြောကာ ထိုလူကြီးကလည်း ခြေလှမ်းတစ်လှမ်းချင်း ရွှေ့ပြီး ကိုကျော်ဟန်၏ ရေဒီယို ကက်ဆက်တွေကို လိုက်ကြည့်နေသည်။ ထိုလူကြီး သွားရာနောက်သို့ ကိုကျော်ဟန်ကလည်း တစ်လှမ်းချင်းရွှေ့ပြီး လိုက်ပါနေ၏။

"ဒီရေဒီယို ကက်ဆက်တွေက အသစ်တွေလားကွဲ့"

"အသစ်တွေပါ ဗရမ်းချူး ခင်ဗျ၊ အားလုံး ဂျပန်လုပ် အကောင်းစားတွေ ချည်းပါပဲ ခင်ဗျား"

"အိမ်း ဒီပုံလေးကတော့ လှတယ်နော်၊ ဘယ်ဈေးလောက် ရှိလဲကွယ်"

"အဲဒါက သောင်းနှစ်ထောင် ခင်ဗျား၊ ဒီအလုံးကတော့ အိုးလ်မော်ဒယ်မို့ ခုနစ်ထောင်ပါ၊ ပစ္စည်းချင်းကတော့ အတူတူလောက်ပါပဲ၊ နောက်ပေါ်တာနဲ့ အရင်ပေါ်တာ ပုံစံပဲ ကွာပါတယ်"

"ဒါ အသစ်ချည်းပေါ့နော်"

"စိတ်ချပါဦး၊ ကျွန်တော့်ဆိုင်က အာမခံနဲ့ ရောင်းတာပါ၊ ပစ္စည်းမှန် ဈေးမှန်ပါပဲ၊ ပစ္စည်းမမှန်ဘူးဆို အချိန်မရွေး ပြန်ယူလာခဲ့ပါ၊ အာမခံပါတယ်"

"အေးကွယ့်၊ ဦးကလဲ ပစ္စည်းမှန်မှန်ပဲ လိုချင်ပါတယ်၊ တို့ရွာတွေမှာက တစ်ခုခု ချို့ယွင်းသွားရင် မြို့မှာလို လုပ်တတ်တဲ့ လူတွေ မရှိဘူးကွယ့်"

"ဟာ အဲဒါတော့ စိတ်ချပါဦး၊ ကျွန်တော့်ဆိုင်က ပစ္စည်း ခြောက်လတစ်နှစ်အတွင်း လိုင်းမမိတာတို့၊ အသံမပီတာတို့ဆို ကိုင်သာပေါက်ပစ်လိုက်ဦး၊ အာမခံပါတယ်၊ ဒီပစ္စည်းတွေက ကျွန်တော်ကိုယ်တိုင် ရန်ကုန်ဆင်းပြီး ကုမ္ပဏီက တိုက်ရိုက်ဝယ်ယူထားတဲ့ ပစ္စည်းတွေပါ၊ ဦးကို ကျွန်တော် ခုဖွင့်ပြပါ့မယ်"

နေ့လယ်ပိုင်း မြန်မာ့အသံကို ကိုကျော်ဟန်က လူကြီးကို ဖွင့်ပြသည်။ မှန်၏။ အသံက ကြည်နေသည်။

"ဦးကို ကျွန်တော် ကက်ဆက်ဖွင့်ပြပါဦးမယ်"

ဟုပြောပြီး တောင်ပေါ်သားကြီး သဘောကျမည်ထင်သော တွံတေးသိန်းတန် သီချင်းခွေတစ်ခွေကို ဖွင့်ပြပြန်သည်။ ကက်ဆက်လည်း ကောင်း၏။

"နိုင်ငံခြားလိုင်းလဲ အစုံရတယ်နော် ဦး၊ ဒါက. ."

"နိုင်ငံခြားလိုင်းတွေ ဘာတွေကတော့ မလိုပါဘူးကွယ်၊ ဦးတို့က အဓိက မြန်မာ့အသံကို ကြည်ကြည်လင်လင် ရဖို့ရယ်၊ တရားဓမ္မ နာကြားလို့ရအောင် ကက်ဆက်ကောင်းရင် တော်ပါပြီ"

"ဟုတ်ကဲ့ပါဦး၊ စိတ်ချပါ ခင်ဗျား၊ ခု ကက်ဆက်ဖွင့်ထားတာ ဦးကြားနေတာပဲ၊ ပိတ်လိုက်မယ်နော်၊ ဒီခလုတ်က ပိတ်တာ ဦး၊ ဒီခလုတ်က ဖွင့်တာ၊ ကက်ဆက်ခွေကတော့ ဒီလိုထည့်ပါတယ်
ဒီနောက်မှာ ဓာတ်ခဲထည့်တာက ဒီလို
ဦး ဒီအလုံး ယူမယ်နော်၊ ဒါ တိုရှိ
ကုမ္ပဏီက နောက်ဆုံးပေါ် မော်ဒယ်
ဦး၊ သိပ်ကောင်းပါတယ်၊ ဒီအလုံး
ပုံစံလဲလှတယ် ဦးလေးရယ်၊ ကျွန်တော်
ပက်ကင်ထုပ်လိုက်တော့မယ် နော်"

"ကောင်းပါပြီကွယ်၊ သောင်း
ထောင်နော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ဓာတ်
အပိုလေး ဘာလေး ဝယ်သွားဦးမလား
ဦး"

"ဓာတ်ခဲကတော့ ဦးတို့ရွာ
ဆိုင်မှာလဲ ရှိပါတယ်ကွယ်၊ ရော့
ရေကြည့်ပါဦး"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ရပါတယ်

ဈေးရောင်း၍ ရလာသောငွေ
တူ၏။ ငါးရာတန်အဟောင်းတွေလည်း
ပါသည်။ နှစ်ရာတန်တွေလည်း ပါသည်
ကိုကျော်ဟန်က ငွေရေနေရင်း လူ
ဆီ တစ်ချက်လှမ်းကြည့်လိုက်ရာ ငါး
တန်၊ နှစ်ရာတန် အထပ်လိုက် အ
လိုက်တွေကို သူ့ရှမ်းတိုက်ပုံအတွင်း
ထိုးထည့်နေသည်ကို မြင်လိုက်ရသည်

ဘာပစ္စည်း လာရောင်းသ
မသိ။ သူ ထိုးထည့်နေသော ငွေ
နောက်ထပ် ရေဒီယို ကက်ဆက်
လေးလုံးစာလောက်ပင် ရှိမည်ဟု ထ
သည်။ ထို့ကြောင့်လည်း ဤလူကြီး
တစ်ခွန်းပင် ဈေးမဆစ်ဘဲ ယူသွား

"ငါတောင်းတာ နည်းသွားတ
နှစ်သောင်း တောင်းရင်လဲ ရ
ရေဒီယို ကက်ဆက် တော်တော်လို
နေပုံရတယ်"

ဟုတွေးလိုက်စဉ် လူကြီးက

"ငါ့တူဆိုင်က ပစ္စည်းမှန် ဈေး
ရောင်းတာဆိုတော့ ဘောက်ချာ
ပေးပါတယ်နော်"

ဟု ပြောလိုက်သောအခါ
ကျော်ဟန် နည်းနည်းတော့ တွန့်
သည်။ ဤတောသား ကက်ဆက်
ယို ရှူး၊ ရေဒီယိုကက်ဆက်ကို စက္ကူ

www.burmeseclassic.com

ခွဲထဲ ထည့်ပေးလိုက်သည်နှင့် ဆိုင်က ထွက်သွားလိမ့်မည်ထင်ရာ လူကြီးက ယခု ဘောက်ချာမတောင်းနေသောအခါ ဘောက်ချာရေးပေးရပြန်သည်။

လူကြီးက ဘောက်ချာကို ကြည့်ပြီး. . .

"သူငယ် တစ်နှစ် အာမခံဆို၊ ဘောက်ချာထဲလဲ မပါပါလား"

ဟု ဆိုပြန်၏။

"ဟုတ်ကဲ့ပါဦး၊ ဆောရီး ဆောရီး ကျွန်တော် အဲဒါလေး ထည့်ရေးဖို့ မေ့သွားလို့ပါ၊ စိတ်မရှိနဲ့နော် ဦး၊ ကျွန်တော်က ဦးရှာပြန်ဖို့ အဲ၊ ရပါတယ်ဦး ကျွန်တော် ရေးပေးလိုက်ပါ့မယ်"

လူကြီးဆီက ဘောက်ချာစာရွက်ကို လှမ်းယူပြီး သူက တစ်နှစ် အာမခံကြောင်း ရေးပေးလိုက်သည်။ ထိုအခါမှ ရေဒီယို ကက်ဆက်ပိုက်ကာ လူကြီး ဆိုင်ထဲက ထွက်သွား၏။

သို့သော် ဆိုင်ရှေ့ရောက်သောအခါ ဘောက်ချာထဲက ဆိုင်နာမည်နှင့် သူ့ဆိုင်းဘုတ်နာမည်ကို တိုက်ကြည့်သည် ထင်၏။ ဘောက်ချာစာရွက်ကို ဖြန့်ပြီး ဆိုင်းဘုတ်ကို တစ်ချက်စောင်းကြည့်ကာ ကားလမ်းသို့ တက်သွားလေသည်။

ရေဒီယို ကက်ဆက်ရောင်းလိုက်ရသော ကိုကျော်ဟန်ကမူ နေ့တွက် ကိုက်သွားပြီ ဖြစ်သဖြင့် တပြုံးပြုံး ကျန်ရစ်၏။

xxx

တစ်လသာကြာသည်။ ဈေးနေ့မှာ ရေဒီယိုကက်ဆက်ပိုက်ပြီး ထိုလူကြီး ကိုကျော်ဟန်ဆိုင်ထဲ ဝင်လာသည်။

တစ်ခုခု ပျက်ပြီဆိုသည်ကိုတော့ ကိုကျော်ဟန် မမေးဘဲ သိလိုက်၏။ အမှန်က အာမခံနှင့် ရောင်းပါသည်ဆိုသော သူ့ဆိုင်တွင် အသစ်ကား တစ်လုံးမှ မရှိ။ အားလုံး ပြုပြင်ဖာထေး၍ တစ်ပွဲတိုးရောင်းနေခြင်းသာ။ အထူးသဖြင့် ယခု လူကြီးလို တောင်ပေါ်သားများကို သူက အချဉ်ဖမ်းနေကျ။

"ရေဒီယိုက ဘာဖြစ်လို့ပါပဲ ဦး"

"မြန်မာ့အသံတော့ ရတယ်ကွယ်၊ တွဲဖက် ဖမ်းမရဘူး၊ နိုင်ငံခြားလိုင်းတွေလဲ ဖမ်းရဘူးလို့ ရွာက ဆရာလေးက ပြောတယ်"

သူတို့ရွာက ကျောင်းဆရာက ပြောခြင်းဖြစ်သည်။

"ဟာ ရပါတယ်ဦး၊ ကျွန်တော် ရောင်းလိုက်တဲ့ ပစ္စည်းပဲ၊ ကျွန်တော့်မှာ တာဝန်ရှိတာပေါ့ ခင်ဗျာ"

လူကြီးဆီက ရေဒီယို ကက်ဆက်ကို ယူပြီး ဖွင့်ကြည့်ကာ လိုင်းမှန်အောင်၊ ဖမ်းလို့ရအောင် သူလုပ်ပေးလိုက်သည်။ တောင်ပေါ်သားကြီးလည်း ပြန်သွားသည်။ နောက် တစ်လပင် မကြာ။ ဈေးပတ်တစ်လခွဲ အကြာမှာ ထိုလူကြီး ရေဒီယို ကက်ဆက်ပိုက်၍ ရောက်လာပြန်၏။

ကက်ဆက်ခွေတွေ ထည့်မဝင် ဟု ပြောသည်။ သူလည်း ရှိသည့်ပစ္စည်းတွေ လျှောက်ရှာပြီး ထိုလူကြီးရှေ့၌ပင် ကက်ဆက်ခွေ သွင်းပြ ထုတ်ပြ ဖွင့်ပြ လုပ်ပေးလိုက်ရပြန်၏။

"အားလုံးကောင်းသွားပါပြီ ဦး၊ ဒီတစ်ခါတော့ စိတ်ချလက်ချသာ သုံးပါ၊ အားလုံး ရေဒီယိုရော ကက်ဆက်ရော စိတ်ချရပါပြီခင်ဗျား၊ ကောင်းကောင်းကို ပြင်ပေးလိုက်ပါတယ်၊ ဦး ခင်ဗျား ဈေးလာရောင်းရင်း နှစ်ခါတောင်ရှိပြီ၊ ကျွန်တော် အားနာလိုက်တာ"

သူ့ကို သိပ်မကျေနပ်ချင်သလို အမူအရာမျိုးနှင့် တောင်ပေါ်သားကြီး ပြန်သွား၏။

xxx

တစ်လသာကြာသည်။ ဈေးနေ့မှာ ရေဒီယို ကက်ဆက်ပိုက်၍ တောင်ပေါ်သားကြီး ပေါက်ချလာပြန်၏။

"ဒီမှာကွ၊ မင်းဆီ ငါလာတာ ဒီတစ်ခါဆို သုံးခါရှိပြီ၊ မင်း ပစ္စည်း မင်းသာ ပြန်ယူတော့၊ ငါ့ငွေ ပြန်ပေး၊ မင်း ရေဒီယိုကက်ဆက်ကို ငါ မလိုချင်တော့ဘူး"

"မဟုတ်ဘူး ဦးရယ်၊ ကျွန်တော့်ဆိုင်က ပစ္စည်း ကျွန်တော့်မှာ တာဝန်ရှိပါတယ်၊ ပြင်ပေးရမှာပေါ့ ထိုင်ပါဦး"

"ပြင်လဲ မနေနဲ့တော့ကွာ၊ မင်း ပြင်တာ ဘယ်နှခါ ရှိပလဲ၊ ရွာက ဆရာလေးက ဖွင့်ကြည့်ပြီး ပြောတယ်၊ ပစ္စည်းတွေက အဲဟောင်းတွေချည်းပဲတဲ့၊ မင်း ငါ့ကို လိမ်ရောင်းတာပဲ၊ ငါ့ငွေသာ ပြန်ပေး၊ မင်း ပစ္စည်း မင်းယူထားလိုက်"

"ခင်ဗျား ထုံးစံမရှိတာ မပြောနဲ့၊ ဟိုမှာ တွေ့လား၊ စာရေးထားတာ"

ကိုကျော်ဟန် လက်ညှိုးထိုးပြရာဆီ လူကြီးက ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။

'ဝယ်ပြီးပစ္စည်း ပြန်လဲမပေးပါ၊ ငွေလဲ ပြန်မအမ်းပါ'

"တွေ့တယ်မဟုတ်လား၊ စာရေးထားတာ"

"ဩော် . . . ဒါဆို မင်း ငါ့ကို ငွေပြန်မအမ်းဘူး ဆိုတဲ့ သဘောပေါ့"

"ဒါပေါ့ ခင်ဗျား မြန်မာစာတော့ ဖတ်တတ်တယ် မဟုတ်လား၊ ထုံးစံမရှိတာ လာလုပ်မနေနဲ့"

ထိုအချိန်မှာပင် ရှေ့လက်ကောက် တံတောင်ဆစ်နီးပါးဝတ်ထားသော ကိုကျော်ဟန် မိန်းမ ထွက်လာသည်။

ခါးထောက်ပြီး လူကြီးကိုလည်း စေ့စေ့ကြည့်ကာ . . .

"ရှင်တို့ တောသားတွေ အဲဒါကြောင့် ခက်တာပေါ့၊ စက်အကြောင်းလဲ နားမလည်ဘဲ ဟိုကလိ ဒီကလိ ဆိုတော့ ပျက်တော့မှာပေါ့၊ ရှင်တို့ ကျောင်းဆရာက ဘာနားလည်လို့လဲ၊ တတ်ရင် ကက်ဆက် ရေဒီယို ပြင်စားပါလား၊ ဘာလို့ ကျောင်းဆရာ လုပ်နေလဲ၊

နားမလည်ဘဲ သူဖွင့်ပြီး တောလုပ် တောင်လုပ် လုပ်လို့ ပျက်တာပဲ၊ ကျွန်မ တို့ဆိုင် နာမည်မပျက်အောင် သနားလို့ ပြင်ပေးလိုက်ပါ့မယ်ဆိုတာတောင် ရှင်က"



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ သူငယ်မ နင်က နှုတ်ခမ်းတလန် ပန်းတလန် ငါ့ကို ရန်မတွေ့နဲ့၊ နင်တို့ ဆိုင်ကအသစ်ပါ၊ တစ်နှစ်အတွင်း မပျက်စေရဘူး အာမခံပါတယ်ဆို၊ အခု ပြင်တာ ပျက်တာ ဘယ်နှခါ ရှိပလဲ၊ ဒါ နွားမရှိုပိတ် လိမ်ရောင်းတာ မဟုတ်လို့ ဘာလဲ"

ကိုကျော်ဟန်မိန်းမ စကားကို လူကြီးကလည်း ဖြတ်ပြောသည်။

"ဘာနွားမရှိုပိတ် ရောင်းတာလဲ၊ အဲဒါဆို ရှင်ဝယ်တုန်းက ပစ္စည်း အသစ်လား၊ အဟောင်းလားဆိုတာ ကြည့်ပါလား"

"ဟ . . . ငါမသိလို့ ပစ္စည်း အသစ်လား၊ အဟောင်းလား မေးပြီးမှ ဝယ်တာပေါ့၊ နင့်လင်က အသစ်စက်စက်ဆိုလို့ ဝယ်တာ"

"အဲဒါပဲ ကျွန်မပြောတာ၊ ရှင် မသိ နားမလည်ရင်လဲ အဲဟို ကျောင်းဆရာ တတ်ယောင်ကားကို ဘာလို့ ခေါ်မလာလဲ"

"ဒီမှာ ဒီမှာ ဘာမှ ပြောမနေနဲ့၊ ဟေ့ကောင်၊ မင်း ငါ့ငွေကို ပြန်ပေးမလား၊ မပေးဘူးလား ဒါပဲပြော"

"ဟ ခင်ဗျားကို ထုံးစံမရှိဘူးလို့ ကျုပ် ဘယ်နှခါ ပြောရမလဲ"

"အောင်မာ အကျောကြီးနဲ့၊ ရှင်က တောသား လူမိုက်လား၊ တောမှာပဲ မိုက်လို့ရမယ်၊ မြို့မှာ လာ . . ."

"ဟဲ ဟဲ ကျုပ်က မမိုက်ပါဘူးဗျာ၊ မှန်မှန်ကန်ကန် ပြောတာပါ၊ ဒီမှာ ဟေ့ကောင်၊

မင်းပြောတော့ တစ်နှစ်အတွင်း လိုင်းမမိတာတို့၊ အသံမကြည်တာတို့ဆို ကိုင်သာပေါက်လိုက်ပါဗျာ၊ အာမခံပါတယ်ဆို၊ ကဲ ခု ငါ ကိုင်ပေါက်လိုက်ပြီကွ"

"ဂွမ်း"

ပြောပြောဆိုဆိုနှင့်ပင် လူကြီးသည် ကက်ဆက်ရေဒီယိုကို လက်နှစ်ဖက်နှင့် သမံတလင်းပေါ် ကိုင်ပေါက်ပစ်လိုက်သည်။

ကိုကျော်ဟန်တို့ လင်မယားနှစ်ယောက် ရုတ်တရက် ကြက်သေသေ မှင်တက်မိသွားကြသည်။

ထိုစဉ် လူကြီးက. . .

"အေး . . . မင်းတို့ ဒီလို လူတကာ လိမ်ရောင်းနေလို့ကတော့ နောက်ဆို မင်းတို့ဆိုင် သိပ်ရောင်းကောင်းတော့မှာပေါ့ကွာ၊ ဟဲ ဟဲ"

ပြောပြောဆိုဆိုနှင့်ပင် လူကြီးသည် ဆိုင်ထဲက ထွက်သွားလေသည်။

ဤလို ရေဒီယိုကို ကိုင်ပေါက်သွားသူ မရှိသော်လည်း သူ့ဆီက ရေဒီယိုကက်ဆက်ဝယ်သူများနှင့် ကတောက်ကဆတ် စကားများကြရသည်မှာတော့ ကိုကျော်ဟန်အတွက် ရိုးနေလေပြီ။

အစကမူ ဤတစ်ခါတော့ သူတောက ဆရာလေး ဖွင့်ကြည့်ပြီး ပစ္စည်းတွေက အဟောင်းတွေချည်းဆိုသော စကားကို လိုက်ထောက် လိုက်နင်း၍ စက်ကို ဖွင့်ကြည့်ကာ. . .

"ဟာ ဦးဟာ နားမလည်ဘဲနဲ့ ဘယ်လို လုပ်လိုက်တာလဲ၊ စက်က အကုန်ပျက်စီးတော့တာပဲ၊ ဒီပစ္စည်းတွေက သိပ်နုတာဗျ၊ သူ့ကိရိယာနဲ့ မဟုတ်ဘဲ အရမ်းကိုင်လို့ ဘယ်ရမလဲ၊ ခုတော့ ဒါတွေ ဒါတွေ အသစ်ပြန်လဲမှ ဖြစ်တော့မပေါ့"

ဟုပြောပြီး လူကြီးဆီက နောက်ထပ် တစ်ထောင် နှစ်ထောင် ထွက်လာအောင် လုပ်မည်။ သူလုပ်နေကျအတိုင်း လုပ်ရန် ချော့မော့ပြောမည်ဟု စိတ်ကူးကာရှိသေး လူကြီးက စက်ကို ကိုင်ပေါက်သွားပြီ။ ဘာမှ ငွေညှစ်၍ မရတော့။

သို့သော် အရေးမကြီး။ လူကြီး ကိုင်ပေါက်ထားသော စက်တွင် အထဲက စက်ပစ္စည်းအချို့မှာ နှစ်ထောင် သုံးထောင်မက တန်နေသေးသဖြင့် ပျော်ပျော်ပင် လင်မယား နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြသည်။

xxx

ဆောင်းအခါသမယ ဖြစ်သဖြင့် နေဝင်စောသည်။ ညနေခြောက်နာရီ ကျော်သည်နှင့် အမှောင်ရိပ်သန်းလာသည်။ ထို့ကြောင့် ကလေးနှစ်ယောက်နှင့်အတူ ကက်ဆက် ရေဒီယို ပြုပြင်ရောင်းဝယ်ရေး မိသားစု ညနေစာ ထမင်းစားနေကြသည်။

တောမြို့ကလေး၏ထုံးစံအတိုင်း ဝယ်သူ ရောင်းသူ၊ စက်ပြင်မည့်သူ လာလျှင်လည်း သိအောင်ဟု တံခါးဖွင့်ထားရာ အပြင်က ခြေသံကြားသဖြင့် ကိုကျော်ဟန် မိန်းမ ထွက်ကြည့်၏။

"အမယ်လေးတော့် . . . ဘာကောင်ကြီးလဲ"

ဟုအော်ကာ ဝင်ပြေးလာသည်။

ကိုကျော်ဟန်မှာ အထိတ်တလန့်နှင့်. . .

"ဘာလဲ ဘာကောင်လဲ"

ဟု ဆတ်ခနဲထပြီး အပြင်ထွက်ကြည့်သည်။

သူက ဘာကောင်မှ မတွေ့ မမြင်ရ။

မတ်တတ်ရပ်ပြီး တုန်တုန်ရီရီ ဖြစ်နေသော မိန်းမကို . . .

"ဘာမြင်လို့လဲ မင်း ဘာကောင်တွေ့လို့လဲ" ဟု မေးရ၏။

လူကြီး တစ်ယောက်ဖက်စာလောက်ရှိသော အကောင်မည်းမည်းကြီးတစ်ကောင် ဆိုင်ထဲဝင်လာသည်ကို မြင်သဖြင့် ပြန်ဝင်ပြေးလာကြောင်း ပြောသည်။

"ပေါက်ကရကွာ"

ဟုပြောကာ ကိုကျော်ဟန်သည် စားလက်စ ထမင်းပန်းကန်ထဲ ဟင်းဖိုလိုက်ကာ အပြင်ထွက်လာပြီး ထမင်းစားသည်။ အပြင်မှာ ဘာကောင်မှ မတွေ့၊ မမြင်။ သူ့မိန်းမကို ကလေးတွေပါ အထိတ်တလန့်ဖြစ်အောင် လုပ်ရမည်လားဟု ဆူသည်။ ရေဒီယို ကက်ဆက် လာပြင်သူလည်း မရှိသဖြင့် ညကိုးနာရီကျော်လောက်မှာ မိသားစု အိပ်ရာဝင်လိုက်ကြသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဝုန်း . . . ဂွမ်း"

သူတို့ မိသားစု အိပ်ရာပေါ် ရောက်သည်နှင့် အပြင်က ကျကွဲသံ တစ်ခုကို ထူးထူးဆန်းဆန်း ကြားလိုက်ကြရသည်။

ညနေက လူမည်းကြီး မြင်ထားသော မိန်းမက ကိုကျော်ဟန် ထမည်ဆုပ်သောအခါ လက်ဖမ်းဆွဲထားသည်။ ကြောက်၍ သူပါ လိုက်မည်လုပ်သောအခါ သူကလေးနှစ်ယောက်ပါ သူ့အမေ ဆက်ကို ဆွဲ၍ ထလာကြသည်။

တစ်အိမ်လုံး မီးတွေဖွင့်ပြီး ရေဒီယို ကက်ဆက်ထားရာ အပြင်သို့ ထွက်လာကြသည်။ စင်ပေါ်တွင် တင်ထားသော အကောင်းဆုံး ရေဒီယို ကက်ဆက် တစ်လုံးသည် အပြင် သမံတလင်းပေါ်၌ စိစိညက်ညက် ကြေနေသည်။

အမှန်က စက်ပေါ် အခိုင်အခံ့ တင်ထားသော ဤ ကက်ဆက် ရေဒီယိုသည် ဘယ်လိုမှပြုတ်ကျစရာအကြောင်း မရှိ။ ရေဒီယို ကက်ဆက် အားလုံး၏ ရှေ့တွင် သစ်သားတန်း အပြားလိုက်ကို ထောင်ကာထားသဖြင့် လူတစ်ဦး တစ်ယောက်က ကိုင်ဆွဲ မြှောက်ယူရသည့် ပစ္စည်း။

ယခု မည်သို့ဖြစ်၍ ကြမ်းပြင် သမံတလင်းပေါ်တွင် စိစိညက်ညက် ကြေနေပါလိမ့်။

လင်မယားနှစ်ယောက် ကစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မနက်က တောင်ပေါ်သားကြီး သူတို့ရှေ့တွင် ရေဒီယိုကက်ဆက်ကိုင်ပေါက်သွားသည်ကို ချက်ချင်း သတိရမိလိုက်ကြကာ မျက်နှာမှာ သွေးဆုတ်သွားကြသည်။

သို့သော် ကလေးနှစ်ယောက် ကြောက်လန့်သွားကြမည် စိုးသဖြင့် လင်မယားနှစ်ယောက်မှာ တစ်ယောက်ကို တစ်ယောက်မျက်ရိပ်ပြပြီး စိစိညက်ညက်ကြေနေသော ရေဒီယို ကက်ဆက်ကို နှမြောတသစွာ ပြန်ကောက်ပြီး ခုံပေါ်တင်ထားလိုက်ကြသည်။

"ဘယ်အိမ်ကကြောင်လဲ မသိဘူးကွ၊ ကက်ဆက်တစ်လုံးတော့ သွားပါပြီ၊ တောက်"

ကလေးတွေ ကြောက်မှာ စိုးသဖြင့် တစ်ခါမှ မလာဖူး၊ မတက်ဖူး၊ မတိုးဖူးသော ကြောင်ကို ကျိန်ဆဲကာ အိပ်ရာ ဝင်လာကြသည်။ သို့သော် လင်မယားနှစ်ယောက်မှာ အိပ်မပျော်နိုင်ကြတော့။ ထိုအချိန်မှာပင် . . .

"ဝုန်း . . ဂွမ်း . . ဂွမ်း . . ချွမ် . . ဒုန်း . . ဗိုး"

အပြင်ခုံပေါ်က ခွတ်တူးလဲကျသံ၊ မီးဖိုဆောင်မှ အိုးခွက် ပန်းကန်ကျကွဲသံအပြင် တစ်အိမ်လုံးလည်း ယိမ်းယိုင်လှုပ်ရှားလာကာ အကြောက်လွန်နေကြသော လင်မယားနှစ်ယောက်မှာ မီးခလုတ်ကိုပင် နှစ်ယောက်အတူစမ်းပြီး ဖွင့်ကြရသည်။

တစ်အိမ်လုံး မီးထိန်ထိန်လင်းလာ၏။ ကလေးနှစ်ယောက်ကလည်း အကြောက်လွန်ကာ အမေ အဖေတို့ကို လက်ဆွဲထားကြသည်။

မျက်ကလူးဆန်ပျာနှင့် သားမိသားအဖ လေးယောက် အပြင်ကို ပြေးထွက်လာကြသည်။

ထိုအချိန်မှာပင် ခုံပေါ် ဗန်းထဲမှ ရေနွေးကရားသည် ခုန်ပျံလာပြီးနောက် ကိုကျော်ဟန်ခေါင်းကို ထိမိလုမတတ် ဖြတ်သန်းပြီး အတွင်းနံရံကို ပြေးဆောင့်ကာ ဂွမ်ခနဲ အသံနှင့်အတူ သမံတလင်းပေါ်သို့ ကျသွားသည်။

"မြတ်စွာဘုရား ကယ်တော်မူပါ"

ကိုကျော်ဟန် မိန်းမ လန့်ပြီး အော်သည်။

မိသားစုလေးယောက် အထိတ်တလန့် အော်လိုက်ကြသံ မဆုံးမီပင် လင်ပန်းထဲက အကြမ်းသောက် ပန်းကန်လေးလုံး ခုန်ပျံတက်လာပြီး ကိုကျော်ဟန် ခေါင်းပေါ် ထိလုမတတ် ဝဲပျံနေကြသည်။

ဤတစ်ခါတော့ သားမိသားဖ လေးယောက်မှာ . . .

"အမယ်လေး လုပ်ကြပါဦးဗျို့၊ ကူကြပါဦး၊ ကယ်ကြပါဦး"

ဟုအော်၍ အိမ်ပေါ်က သွေးရူးသွေးတန်း ဆင်းပြေးလာကြသည်။

ထူးဆန်းသည်မှာ ကိုကျော်ဟန် ထွက်ပြေးရန် အိမ်ရှေ့တံခါးကို ကမန်းကတန်း မင်းတုပ်ဖြုတ်ချိန်ထိ သူ့ခေါင်းပေါ် အကြမ်းသောက် ပန်းကန်လေးလုံးက ထိမတတ် ထိုးမတတ် ပျားပိတုန်းဝဲသလို ဝဲပျံလိုက်လာကြသည်။

အချိန်မှာ ညဆယ်နာရီကျော်သာ ရှိသေးသဖြင့် အိမ်နီးပါးနားများကလည်း အထိတ်တလန့် နိုးထလာကြပြီး ကိုကျော်ဟန်တို့ အိမ်ရှေ့ ရောက်လာကြသည်။ အဖြစ်သနစ်ကို မေးကြည့်ကြရာ သူတို့အားလုံးလည်း ထိတ်လန့်ကုန်ကြသည်။ အိမ်ကြီး၌မူ မီးတွေက ထိန်နေ၏။

ဆယ်မိနစ် ဆယ့်ငါးမိနစ် အချိန်မှာပင် ကိုကျော်ဟန်တို့ ရေဒီယို ကက်ဆက် ပြုပြင်ရောင်းဝယ်ရေး အိမ်ရှေ့လမ်းမပေါ်၌ မိန်းမ၊ ယောကျ်ား၊ကလေး သူငယ် လေးငါးဆယ် ဖြစ်သွားသည်။

မြို့ကလေး၏ သူတို့အပိုင်းမှာ အုတ်အော်သောင်းတင်းဖြစ်ကာ အိမ်ရှိလူတိုင်း လာကြည့်နေကြသည်။ အဖြစ်အပျက်ကို မေးကြသည်။ ရုတ်တရက်မူ အိမ်ထဲကိုမူ မည်သူမျှ ဝင်မကြည့်ရဲကြသေး။

သည်လိုနှင့် သန်းခေါင်တိုင်သွားသည်။ ငါးနှစ်နှင့် ကိုးနှစ် ကိုကျော်ဟန် ကလေးနှစ်ယောက်ကို သူ့ယောက္ခမက ခေါ်သွား၏။ ကိုကျော်ဟန်တို့ လင်မယားနှင့် ယောက်ဖ၊ ကာလသား နှစ်ယောက်၊ ကိုကျော်ဟန်၏ ညီတစ်ယောက်၊ အစ်ကို နှစ်ယောက်တို့က အိမ်ရှေ့တံခါးပွင့်နေပြီး အိမ်ထဲ၌လည်း လျှပ်စစ်မီး ထိန်လင်းနေသော အိမ်ကို အိမ်ရှေ့လမ်းမက ထိုင်စောင့်ကြသည်။

တခြားလူများကမူ သန်းခေါင်ကျော်လာသည်နှင့် အလျိုလျို ကိုယ့်အိမ်ကိုယ် ပြန်အိပ်ကြသည်။





www.burmeseclassic.com

www.burmeseclassic.com

မနက်မိုးလင်းသောအခါ ထူးဆန်းလွန်းသော ကိုကျော်ဟန်တို့ အိမ်ရှေ့သို့ မိန်းမ၊ ယောကျာ်း၊ ကလေးသူငယ်များပါ မကျန် ရောက်လာကြပြီး လမ်းမက ဝိုင်းကြည့်နေကြသည်။ အိမ်ထဲတွင် ရွှေ ငွေ ပစ္စည်းများကလည်း ရှိနေရာ ညက စောင့်ပေးကြသော ဆွေမျိုးရင်းချာများကို ခေါ်၍ ကိုကျော်ဟန်တို့ လင်မယားက မဝံ့မရဲနှင့် အိမ်ထဲသို့ ဦးဆောင်ဝင်ကြသည်။

ဆွေမျိုး မတော်သော်လည်း သိလိုသဖြင့် အိမ်ရှေ့လာကြည့်နေကြသူထဲမှ လူကြီးအချို့ကလည်း ကိုကျော်ဟန်တို့ လင်မယား ဆွေမျိုးများ နောက်က ပါလာကြသည်။

အိမ်ထဲတွင် ညက ကွဲရှထားသော ကြွေကရားနှင့် ကြွေပန်းကန်များကို တွေ့ကြရသည်။ ထိုအကွဲ အပဲ့များကို ကိုကျော်ဟန် မိန်းမ သိမ်းဆည်းနေစဉ် ကိုကျော်ဟန်အပါအဝင် လူဆယ်ယောက်ကျော်ကျော်က အိမ်အနှံ့ ဝင်ကြည့်ကြသည်။

တခြား ထူးခြားမှုဆို၍ ဘာမှ မတွေ့ရ။ အိမ်နောက်ဖေး တံခါးကလည်း မင်းတုပ်ထိုး ပိတ်လျက်သား။ ဒီလိုနှင့် အိမ်ပေါ်တွင် ချက်ပြုတ်စားသောက်ကာ ဆွေမျိုးရင်းခြာများက တစ်နေ့ခင်းလုံး စောင့်နေကြသည်။

ညက အိပ်ရေးပျက်ထားသဖြင့် အိပ်သူတွေက အိပ်နေကြသည်။

နေ့ခင်း လင်းလင်းထင်းထင်းဖြစ်သဖြင့် ကိုကျော်ဟန်တို့ လင်မယားလည်း တစ်ရေးတစ်မော အိပ်ကြလေသည်။ တစ်နေ့ခင်းလုံး ဘာမှ မထူးခြား။ ညနေတွင်လည်း ချက်ပြုတ်စားသောက်၍ စကားထိုင်ပြောနေကြသည်။

နွားရိုင်းသွင်းချိန်ဟု ခေါ်သော မှောင်ရီဖျိုးဖျ ညီအစ်ကို မသိတသိအချိန်သို့ ရောက်လာသည်နှင့် စင်ပေါ်တင်ထားသော ရေဒီယို ကက်ဆက်တစ်လုံး စကားထိုင်ပြောနေကြသော လူအုပ်ကြား ဝုန်းခနဲ ပြုတ်ကျလာရာ အကုန်သူတို့မှာ လန့်ဖျပ်ပြီးမတ်တတ်ထမိလိုက်ကြသည့်အချိန်မှာပင် ကိုကျော်ဟန်၏ ကက်ဆက်လုပ် ကိရိယာများဖြစ်သော တူ၊ ဆောက်၊ ဝက်အူလှည့်၊ ပလာယာများသည် အလိုလို ထပျံလာကြသည်။

"နင့်မေကလွှား" အော်သူကအော်၊ "အမယ်လေး" တသူကတ။

အားလုံး အိမ်ပေါ်က ဆင်းပြေးလာကြရပြန်သည်။ ပထမညကအတိုင်း တစ်ရပ်ကွက်လုံးရှိ လူတွေက ကိုကျော်ဟန်၏ အိမ်ရှေ့လမ်းမပေါ်တွင် ဖွေးဖွေးလှုပ်သွားသည်။ တစ်ယောက် တစ်ပေါက် ထင်ရာမြင်ရာ လျှောက်ပြောပြီး ကျွက်စီ ကျွက်စီ ဖြစ်ကုန်ကြသည်။ မီးထိန်နေသော အိမ်ထဲကိုလည်း အိမ်ရှေ့တံခါးမကြီးနှစ်ပေါက်က လှမ်းကြည့်ကြသည်။ အိမ်ထဲတွင် မီးလင်းနေသည်ကလွဲပြီး ဘာမှ မမြင်ရ။

သို့သော် အိမ်ထဲကိုမူ ညကြီးမင်းကြီး မည်သူမျှ မဝင်ဝံ့ကြတော့။ အိမ်ထဲတွင် ရွှေ ငွေများလည်းရှိနေရာ မနေ့ညကလိုပင် ဆွေမျိုးတွေက မအိပ်ဘဲ အိမ်ရှေ့ကပင် တစ်ညလုံးစောင့်ကြရပြန်သည်။ မနက် လင်းလင်းထင်းထင်းဖြစ်တော့ အိမ်ထဲ ဝင်ကြပြန်၏။

ကိုကျော်ဟန်က သူ၏ ကက်ဆက်လုပ် ကိရိယာများကို ကောက်သိမ်းသည်။ သူ့မိန်းမနှင့် ဆွေမျိုးတွေက အိမ်ပေါ်တွင် ဟိုကြည့် သည်ကြည့်နှင့် လျှောက်ကြည့်ကြပြန်သည်။

ကိုကျော်ဟန်မိန်းမမှာ ဈေးသွား၍ ထမင်းဟင်း ချက်ရပြန်၏။ ဘာမှ မထူး။ ညနေ ထမင်းစားပြီးချိန်မှာတော့ ရွှေငွေ ပစ္စည်းများကို သိမ်းဆည်းပြီး ကိုကျော်ဟန်မိန်းမက သူ့အမေအိမ် သွားအိပ်သည်။

အိမ်တွင် ကိုကျော်ဟန် အပါအဝင် အမျိုးသားများချည်း၊ ဆွေမျိုးတွေချည်း ကျန်ခဲ့ကြသည်။

မမှောင်မီကပင် တစ်အိမ်လုံး မီးထွန်းထားသည်။ အိမ်ဘေးနှင့် အိမ်နောက်ဘက်၌ပင် မီးချောင်းတွေကို ထိန်လင်းနေအောင် ဆင်ထားကြသည်။ သို့သော် မှောင်ရီဖျိုးဖျသာရှိသေး၏၊ စင်ပေါ်က ကက်ဆက်တစ်လုံး ကျွမ်းထိုးမှောက်ခုံ ကျလာပြန်သည်။

ဘယ်လူမှ မနေရဲတော့ဘဲ ဆင်းပြေးကြပြန်၏။ ဤတစ်ခါတော့ ဤအိမ်က ပစ္စည်းကိုလည်း မည်သူမျှ ဝင်ယူရဲကြတော့မည် မဟုတ်သဖြင့် ကိုကျော်ဟန်ကလည်း အိမ်ကို ပေါင်းလောင်းတံခါးဖွင့်ထားခဲ့ကာ သူ့မိန်းမ ရှိရာ ယောက္ခမအိမ်သို့ ပြန်သွားအိပ်ရသည်။

တခြား ဆွေမျိုးများကလည်း မိမိအိမ်မိမိ ပြန်သွားအိပ်ကြသည်။ ကိုကျော်ဟန်တို့အိမ်ကြီးနှင့် ဝင်းကြီးမှာမူ တိတ်တိတ်ဆိတ်ဆိတ်ပင် ကျန်နေခဲ့၏။

မနက်မိုးလင်းတော့ ယခင်နေ့များကလို ကိုကျော်ဟန်တို့ အိမ်ကိုကြည့်ရန်လာသူများနှင့် အိမ်ရှေ့တွင် ကလေးသူငယ် ယောကျာ်း မိန်းမများနှင့် ဖွေးဖွေးလှုပ် နေကြပြန်၏။ အချို့က ကိုကျော်ဟန်တို့ အိမ်ဘေးရှိ အိမ်နှစ်အိမ်မှ အဖြစ်အပျက်ကို မေးမြန်းစုံစမ်းကြသည်။

တောမြို့ကလေး၏ ထုံးစံအတိုင်း အိမ်ဝင်းတွေကလည်း အကျယ်ကြီးဖြစ်ရာ ဘေးအိမ်နှစ်အိမ်က လူများကတော့ အိမ်ပေါ်က တမြန်နေ့ကလိုပင် အော်ဟစ်ဆင်းပြေးသွားကြသံကို ကြားလိုက်ကြသည်ကလွဲ၍ သူတို့နှစ်အိမ်ကတော့ ဘာမှ မဖြစ်ဟုပြောကြသည်။

သို့သော် ကိုကျော်ဟန်၏ အိမ်နှင့် အနီးဆုံးဖြစ်သော သူတို့နှစ်အိမ်က လူများလည်း ကြောက်လာကြသည်။

ထိုအခါ နတ်မေး၊ မှော်မေး ဗေဒင်မေး၊ ဆရာရှာရန် ကြိုးစားကြရသည်။ သူတို့မြို့ကလေးတွင် ဗေဒင်ဆရာ၊ နတ်ဆရာတော့ရှိ၏။ မှော်ဆရာတော့ မရှိပေ။

နတ်ဆရာမကမူ နတ်ဟိုက်တာဟု အဟောထွက်လာသည်။

www.burmeseclassic.com

ဗေဒင်ဆရာကတော့ ဤနှစ်တွင် လင်မယားနှစ်ယောက်စလုံး အညှိဂြိုဟ် အညှိသက်ရောက်ကျနေသဖြင့် သူက ယတြာလည်း လုပ်ပေးမည်။ ဘုန်းကြီးပင့် ပရိတ်နာ ကမ္ဘဝါဖတ်လိုက်လျှင် ပျောက်သွားလိမ့်မည်ဟု ဆိုသည်။

ရွာလူကြီးတွေကမူ တောင်ပေါ်သားကြီးက စိတ်ဆိုးပြီး ပြုစားသွားတာ၊ ပုဏ္ဏကတိုက်ထားခဲ့တာဟု ဆိုကြသည်။

ကိုကျော်ဟန်တို့ဘက်ကရော သူ့မိန်းမဘက်ကပါ မိဘဆွေမျိုးများက အစုံလုပ်ကြသည်။ ဘုန်းကြီးငါးပါးပင့်၍လည်း အန္တရာယ်ကင်း ပရိတ်နာ ကမ္ဘဝါ ချီးမြှင့်ပေးရန် လျှောက်သဖြင့် ဘုန်းကြီး ငါးပါးကလည်း ဒကာတို့၏ဆန္ဒအရ ချီးမြှင့်ပေးကြသည်။

ဤမျှဆိုလျှင်တော့ အန္တရာယ်ကင်းဘေးကင်းသွားပြီဟူသော ယုံကြည်ချက်နှင့် ပဋ္ဌမမြောက်ညမှာ ကိုကျော်ဟန်နှင့် ဆွေမျိုးရင်းချာတွေ နှစ်ရက်သုံးရက် ညမအိပ်ရဲဘဲ တံခါးပိတ်ထားသောအိမ်၌ သွားအိပ်ကြသည်။

မနက်က ပရိတ်ရေဖျန်း ဆန်ပန်းပေါက်ပေါက်ကြဲထားသော အိမ်ထဲ၌ပင် စုထိုင်၍ စကားပြောနေကြရာ ညကိုးနာရီ၊ ဆယ်နာရီထိတော့ ယခင်နှစ်ရက် သုံးရက်ကလို ဘာပစ္စည်းမှ ကွဲရှပျံတက်ခြင်း မရှိ။ ဘာအသံဗလံမှကိုလည်း မကြားရ။ ထို့ကြောင့် အိပ်ကြတော့မည်ဟု တစ်ယောက်က ပြောလိုက်ချိန်တွင် ကြမ်းပြင်းတစ်နေရာမှ မီးထတောက်သဖြင့် အထိတ်တလန့်အော်ဟစ်၍ အိမ်ထဲမှ ထွက်ပြေးကြရပြန်၏။

ဤတစ်ခါတော့ သွားပြီ၊ တစ်အိမ်လုံး ပြာကျပြီအထင်နှင့် လမ်းမကရပ်ကြည့်နေကြရာ အိမ်ကို မီးလောင်တာမတွေ့ရ။ မီးရောင် မီးညွန့်ကိုလည်း မမြင်ကြရ။ လူတွေမှာ အံ့ဩပြီးရင်းအံ့ဩရင်း ဖြစ်ကုန်ကြသည်။

သို့သော် မည်သူမျှ အိမ်ထဲမဝင်ရဲကြတော့ဘဲ ကိုကျော်ဟန်က သူ့ယောက္ခမအိမ် ပြန်အိပ်သလို ဆွေမျိုးတွေလည်း ကိုယ့်အိမ်ကိုယ် ပြန်သွားကြသည်။

သည်အတိုင်းဆိုလျှင် ဤအိမ်တွင် ဘယ်လိုမှ လူနေ၍ မရတော့ဟု တစ်မြို့လုံးက ပြောဆိုနေကြသည်။

အထူးခြားဆုံးမှာ ညက မီးထတောက်သော နေရာတွင် မီးလောင်ရာမီး ကျွမ်းရာဆို၍ ဘာမှ မတွေ့ရ။ သံယာတော်ငါးပါး ကော်ဇောခင်းထိုင်သွားသော ဖျာတွေကလည်း ပကတိအကောင်း။

သည်လိုနှင့် ဆွေးနွေးနေတွင် မြို့စွန်ဖျားရှိ (. . .)ရွာမှ ငမူးဘကျော် ကိုကျော်ဟန်ယောက္ခမအိမ်သို့ ပေါက်ချလာသည်။

ထုံးစံအတိုင်းပင် မူးလာသည်။ ဘကျော်မှာ ၂၄ နာရီ မူးနေသူ ဖြစ်သည်။ အရက် သောက်စရာမရှိလျှင် ဈေးထဲ၌ တောက်တိုမည်ရ လုပ်ပေးပြီး နေ့စဉ်လိုလို အရက်ဖိုးတောင်းနေသူဖြစ်သည်။ တစ်မြို့လုံးသိသော အရက်သမားဖိုးကြီး။

"ဟေ့ . . . ကိုကျော်ဟန်၊ မင်းတို့အိမ် ညည ဘယ်လူမှ မအိပ်ရဲဘူးဖြစ်နေတယ်ဆို ငါသွားအိပ်မယ်၊ တစ္ဆေသရဲမကလို့ ဖုတ်ပြိတ္တာကြီးလာမလား၊ ဘီလူးကြီးအစွယ်ငေါငေါနဲ့ လာမလား၊ ဒီည ဘကျော်နဲ့တွေ့မယ်၊ ဘဘကျော်အကြောင်းသိမယ်၊ မင်း ငါ့ကို တစ်ပုလင်းဖိုးပဲ ပေး၊ ဒီည မင်းအိမ်မှာ ငါသွားအိပ်မယ်၊ ပေးမလား မပေးဘူးလား ပြော"

အိမ်ကိစ္စ စိတ်ညစ်နေကြရသည့်အထဲ ငမူးက တစ်မျိုး။ သူသွားအိပ်အိပ် မအိပ်အိပ် အိမ်ရှေ့က မြန်မြန်ထွက်သွားလျှင် ပြီးရောဟူသော သဘောနှင့် နှစ်ရာတန် တစ်ရွက်ကို သွားပေးလိုက်သည်။

ဘကျော်လည်း ကိုကျော်ဟန်တို့အိမ်ဘက် ထွက်သွားသည်။ ဈေးလမ်းဆုံရှိ အရက်ဆိုင်တွင် အရက် ဝယ်သောက်မည်။ အရက်လည်း ဝယ်သွားဦးမည်မှာတော့ ဆေးစရာမလို၊ အားလုံးအသိ။

ထိုသတင်းသည် အိမ်နီးပါးချင်းရပ်ကွက်ထဲ ပြန့်သွားပြန်ရာ အနှစ်တကယ် ကိုကျော်ဟန့်တို့အိမ်၌ ဒီငမူးသွား အိပ်၊ မအိပ် ကာလသားလေးယောက်ငါးယောက်က နောက်ယောင်ခံလိုက်ကြည့်ကြသည်။ စေ့ထားသောတံခါးကို တွန်းဖွင့်ပြီး ငမူးဘကျော်တကယ်ပင် ပုလင်းပိုက်ကာ အိမ်ထဲဝင်သွားသည်။ ရိုးရိုးဝင်သွားသည်မဟုတ်။

"ပုဏ္ဏက ကြံ့ရမှ သိမယ်ဆိုကွ၊ လာစမ်းပါ ပုဏ္ဏက မကလို့ အာဠဝကလာမလား လာစမ်းပါ၊ ဇမ္ဗူမှာ ဘယ်သူမှ လူမထင်တဲ့ ဘကျော်ကွ"

ဟု စိန်ခေါ် အော်ဟစ်ကာ ဝင်သွားသည်။ တံခါးကို ပြန်စေ့လိုက်တာသာ မြင်လိုက်ကြရပြီး ဘာသံမှ မကြားရတော့။ ညမှောင်လာသော်လည်း မီးဖွင့်တာကိုပင် မမြင်ရ။

ဒီတစ်ခါတော့ ငမူးဘကျော် သွားပြီ၊ သေပြီဟု ထင်လိုက်ကြသည်။

"မိုက်လိုက်တဲ့ အကောင်၊ မသာတစ်လောင်းကို ပိုက်ဆံပေးပြီး ဝယ်ယူလိုက်တာပဲ၊ စိတ်ညစ်ရတဲ့အထဲ အသုဘတစ်လောင်းက ချရဦးမယ်" ဟု ဆွေမျိုးတွေက ကိုကျော်ဟန်ကို ဝိုင်းအပြစ်တင်ကြသည်။

သို့သော် သူတို့ထင်သလို ငမူးဘကျော်ကား ဘာမှမဖြစ်။ မိုးလင်းတော့ တံခါးဖွင့်ပြီး ကိုကျော်ဟန်တို့အိမ်ထဲက ထွက်လာသည်။ လူအုပ်ကြီးက ဘကျော်ကို တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြသည်။ ဘကျော်က ဘာမှအကြောက်အလန့်မရှိ။ ဘာပစ္စည်းမှ ကွဲကျသံကို မကြား၊ ဘာပစ္စည်းမှလည်း ထပျံလာတာ မမြင်ရ။

သူ ညကတွေ့ချင်လို့ကို တမင်မအိပ်ဘဲ စောင့်ကြည့်နေသည်။ မိုးလင်ပိုင်းမှ အိပ်ပျော်သွားသည်ဟု ပြော



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကိုကျော်ဟန်ဆီ နောက်ထပ် အရက်ဖိုး သွားတောင်းသော ဘကျော် နောက် ကလေးသူငယ်များကပင် ဝိုင်းလိုက်ပါလာကြသည်။

သူတို့ သဘောမှာ ကိုကျော်ဟန်ဆီရောက်လျှင် ဘကျော်အမှန်အတိုင်း ပြောပြသည်ကို နားထောင်ချင်နေကြသည်။ ကိုကျော်ဟန်ဆီမှာလည်း သူတို့ကို ပြောသလိုပင် ညက အိမ်ထဲမှာ ဘာမှ ထူးထူးခြားခြား မတွေ့ရဟု ဆိုသည်။

ကိုကျော်ဟန်က ဤနေ့ညတွင်လည်း ဆပ်အိပ်ရန်ပြောပြီး အရက်ဖိုး ပေးလိုက်သည်။

သတ္တမနေ့ညမှာတော့ ဘကျော် တစ်ယောက်တည်းမဟုတ်။ ကိုကျော်ဟန်တို့ ဆွေမျိုး လေးငါးယောက်ပင် ဘကျော်နှင့်အတူ သွားအိပ်ကြသည်။ ဘာမှ မဖြစ်။ ဒီတော့ ကိုကျော်ဟန်မပါ၍ အခြောက်အလှန့် မလုပ်တာ ဖြစ်ရမည်ဟု ပြောကြပြီး ရှစ်ရက်မြောက်နေ့မှာ ကိုကျော်ဟန်ကိုပါ သူ့အိမ်ခေါ်ပြီး အိပ်ကြသည်။ ဘာမှမဖြစ်တော့။

ငမူးဘကျော် နာမည်ကြီးပြီ။ မည်သူမျှ မနေနိုင်အောင် ကြမ်းရမ်းနေသော အိမ်ကို ငမူးဘကျော်ဘယ်လိုများ လုပ်လိုက်ပါလိမ့်။ အရက်သမားပေမယ့် ဘကျော်မှာ တစ်ခုကောင်းတော့ မုချရှိရမည်။

ထိုသတင်းက တစ်မြို့လုံး ပျံ့နှံ့သွားရာ ဘကျော်ငမူးကို အထင်ကြီးသူတွေက နည်းနာရအောင် အရက်တိုက်၍ မေးကြသည်။ ဘကျော်ကလည်း ခပ်တည်တည်ပင် 'လူတွေမှာ တစ်ခုကောင်းတော့ ရှိတာပေါ့ဗျ။ ခင်ဗျားတို့ကို ပြောလို့ဘယ်ဖြစ်မလဲ' လုပ်နေပြန်၏။

လူမအိပ်ရဲသော အိမ်ကို ကိုကျော်ဟန်တို့ မိသားစုနှင့် ဆွေမျိုးတွေ စမ်းအိပ်ကြည့်ကြသည်။ ဘာမှ မဖြစ်တော့။ ဘာအခြောက်အလှန့်မှ မရှိတော့။ ကိုကျော်ဟန်ကလည်း ဘကျော်ကို ငွေတစ်ထောင်ပင် ရက်ရက်ရောရော ပေးလိုက်သည်။ သူတို့မိသားစု အစမ်းအိပ်ကြည့်ကြရာမှ တစ်ပတ် နှစ်ပတ်သာ ကြာသွားသော်လည်း ဘာမှ မဖြစ်သောအခါ ဘကျော် ငမူးကို ကိုကျော်ဟန်က ကျေးဇူးရှင်အဖြစ် နေ့တိုင်း အရက်ဖိုးပေးသည်။

တစ်မြို့လုံးကလည်း ငမူးဘကျော်ကို တော်တော်အထင်ကြီးသွားကြသည်။

ဟိုလက်ဖက်ရည်ဆိုင်မှာလည်း ဘကျော်အကြောင်း၊ ဈေးတန်းထဲမှာလည်း ဘကျော်အကြောင်း၊ နောက်ဆုံး အရက်ဆိုင်မှာပင် သူ့ သောက်ဖော်သောက်ဖက်များက ဘကျော်ကိုအရက်သောက်၍ ဂုဏ်ပြုကြသည်။

ဤသည်ကို အသက်ခုနစ်ဆယ်ကျော် သျှောင်ကြီးဖွေ့ ဘကြီးချမ်းလှကမူ . . .

"ကောင်းမှန်းကန်းမှန်းမသိဘဲ သူရာမေရိယကောင်ကို ဂုဏ်တင်ပြောနေလိုက်ကြတာ၊ ဒီငမူးမှာ ဘာသီလဘာစရဏရှိလို့ စွမ်းမလဲ၊ ဘယ်မိစ္ဆာဘယ်သရဲ ဘယ်ပုဏ္ဏက ဝင်ရဲတော့မှာလဲ၊ အဲဒါ မင်းတို့က ငမူးဘကျော် စွမ်းတာ၊ ငမူးဘကျော်မှာ တစ်ခုကောင်းရှိတာတို့ မဟုတ်မဟတ် ကြပ်ကြပ်ပြောကြ" ဟု ဆိုလေသည်။

သျှောင်ကြီးဖွေ့ ဘကြီးချမ်းလှမည်သို့ ပြောပြော လူတွေကမူ ငမူးဘကျော်မှာ တစ်ခုကောင်းတော့ရှိမည်ဟု ပြောနေကြသော စကားသည် ရွာ၌ရပ်၌ မြို့၌သာမက ဥပုသ်သည် ဥပုသ်သည်မ ကျောင်းကန်ဇရပ်ထိ ရောက်သွားရာ မြို့ဦးကျောင်း ဆရာတော်ကြီးက တစ်ခါမှ မပြောဖူးသော အရက်သမားပုံပြင်တစ်ပုဒ်ကို သူ့ဒကာများအား ပြောပြလေသည်။

ရှေးရှေးတုန်းက မြန်မာဘုရင်နန်းတော်ကို တရုတ်ပြည်က ပညာရှိကြီး တစ်ယောက် ရောက်လာလေသည်။ လာရင်းကိစ္စမှာ မြန်မာပညာရှိတွေနှင့် ပညာပြိုင်မည်ဟု ဆို၏။

ထိုအခါတွင် ဘုရင်က တရုတ်ပညာရှိကြီးနှင့် မည်သူ ပြိုင်မည်နည်းဟု သူ့ပညာရှိမှူးမတ်တွေကို မေးရာ နန်းတော်ရှိ ဘယ်ပညာရှိကမှ တရုတ်ပြည်က လာသော ပညာရှိနှင့် ပြိုင်ဝံ့သူ တစ်ယောက်မှ မရှိ။

ထိုအခါ ဘုရင်က ငါ့ပြည်မှာ တရုတ်ပညာရှိကို မည်သူတစ်ဦး တစ်ယောက်မှ ပညာမပြိုင်ဝံ့ဘူး ဆိုလျှင် ရာဇဝင် ရိုင်းတော့မည်။ ထို့ကြောင့် နေပြည်တော်တွင် တရုတ်ပညာရှိနှင့် ပညာပြိုင်ဝံ့မည့်သူကို ကြေးနင်းမောင်းလည်ခတ်ပြီး တရုတ်ပညာရှိနှင့် ပညာပြိုင်နိုင်သောသူကို ငွေအသပြာ တစ်ထောင် ဆုပေးမည်ဟု ကြေညာခိုင်းသည်။

ထိုအခါ အရက်သမား ငမူး တစ်ယောက်က အရက်ဝယ်သောက်စရာလည်း ငွေမရှိ။ မသောက်ရလျှင်လည်း မနေနိုင်ဖြစ်နေရာ မထူးဘူး သူပြိုင်မည်ဟု ကတိပေးလိုက်သည်။

သို့သော် ဤပုံနှင့် တရုတ်ပညာရှိကြီးရှိရာ နန်းတော်ထဲသွား၍ ပညာပြိုင်မည်ဆိုပါက မဖြစ်သေး။ မှူးကြီးမတ်ကြီးများက သူတို့ မပြိုင်ဝံ့သော တရုတ်ပညာရှိကြီးအား ပညာပြိုင်မည့် ငမူး အရက်သမားကို ရေမိုးချိုးခိုင်းကြပြီး အဝတ်အဆင် သစ်သစ်လွင်လွင် ဝတ်ပေးကာ တရုတ်ပညာရှိနှင့် ပညာပြိုင်မည့် အချိန်နာရီကို ချိန်းလိုက်ကြသည်။

တရုတ် ပညာရှိကြီးကလည်း သူနှင့် ပညာပြိုင်မည့် မြန်မာပညာရှိကို စောင့်မျှော်နေရာ အရက်သမားငမူးကြီးကလည်း ခပ်တည်တည်နှင့် တရုတ်ပညာရှိအား ပညာပြိုင်ရန် ချိန်းထားသော အချိန်၌ နန်းတော်ထဲ ရောက်လာတော့သည်။

ထိုအခါ တရုတ်ပညာရှိမှ မြန်မာပညာရှိ အရက်သမားကို ပထမဦးဆုံး လက်ငါးချောင်း ထောင်ပြလိုက်သည်။ တရုတ်ပညာရှိ၏ ဆိုလိုရင်းမှာ . . .





www.burmeseclassic.com

www.burmeseclassic.com

'အသင် မြန်မာပညာရှိ၊ သင်သည် ငါးပါးသီလ မြဲပါ၏လော' ဟု မေးခြင်း ဖြစ်သည်။

ဤသည်ကို မြန်မာအရက်သမားကြီးက စဉ်းစားမိသည်မှာ ဤတရုတ်ပညာရှိသည် ငါ့ကို အရက်သမားမှန်း သိသဖြင့်. . .

'သင် အရက်သမား၊ အရက် ငါးပုလင်းကို သောက်နိုင်ပါ့မလား'

ဟု မေးပြီး အထင်နှင့် လက်ဆယ်ချောင်းကို ထောင်ပြလိုက်သည်။

သူဆိုလိုသည်မှာ . . .

'ငါးပုလင်းကို မပြောနှင့်၊ ဆယ်ပုလင်းလည်း သောက်နိုင်သည်' ဟု ပြောလိုက်ခြင်းပင်။

ဤသည်ကို တရုတ်ပညာရှိက

'သြော် . . . ဤ မြန်မာပညာရှိသည် ငါးပါးပဥ္စသီမက ဆယ်ပါးသီလပင် သူ စောင့်ထိန်းကြောင်း' ပြောသည် ထင်ပြီး ရင်ဘတ်ကို တစ်ခါ ပွတ်ပြလိုက်ပြန်၏။ တရုတ်ပညာရှိ၏ ဆိုလိုရင်းမှာ

'သင် ဆယ်ပါးသီလပင်စောင့်ပါလျှင် သတ္တဝါတွေကို့ ရင်ဝယ်သားကဲ့သို့ မေတ္တာထားနိုင်ပါ့မလား' ဟု မေးလိုက်ခြင်း ဖြစ်သည်။

ထိုအခါ မြန်မာအရက်သမားကြီးက . . .

'ခင်ဗျား ဆယ်ပုလင်းတောင် သောက်တယ်ဆိုတော့ ရင်မပူဘူးလား'

ဟုမေးသည် အထင်နှင့် ရင်ဘတ်နှင့် ကျောကို လက်နှစ်ဖက်နှင့် အုပ်ပြလိုက်၏။ အရက်သမား၏ ဆိုလိုရင်းမှာ 'ရင်တင် ဘယ်ကမလဲ ကျောပါ ပူတယ်' ဟု ပြောလိုက်ခြင်းပင်။

ဤသည်ကို တရုတ်ပညာရှိကြီးက . . .

'သြော် ဤမြန်မာပညာရှိသည် သတ္တဝါတွေကို ကျောသားရင်သား မခွဲခြားပါဘူးလို့ ပြောခြင်းပါတကား'

ဟု အဓိပ္ပာယ်ကောက်ကာ ဤမြန်မာပညာရှိသည် . . .

"တကယ်တော်ပါပေတယ်"

ဟု လက်အုပ်ချီ အရိုအသေပြုလိုက်ကာ ဘုရင်ကြီးမှာလည်း အရက်သမားကို ဆုတော်ငွေတစ်ထောင်ချီးမြှင့်လိုက်ကြောင်း ဆရာတော်ကြီးက မိန့်တော်မူလေသည်။

(ဤအဖြစ်အပျက်ကို တင်ပြရခြင်းမှာ ကာယကံရှင်ကို ငဲ့ညှာ၍ စာရေးသူတို့၏ စောင့်စည်းရမည့်ကျင့်ဝတ်ကြောင့် နာမည်နေရပ်တို့ကို လွှဲပြောင်းထားပါသည်)

**ဝေယံလင်းခေါ်င်**

❐


# ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

ငွေကြိုသွင်းပြီး ဖုန်းဖြင့် ဗေဒင်မေးနိုင်ပါသည်။ KBZ Bank A/c No - 00730100701491101

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

✪ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း၊ ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။

ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ။

☎ ၀၉ ၂၅၀ ၄၄၇၂၁၂

ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ : ၃၀) မှ ညနေ (၅ : ၄၅) နာရီထိ။




www.burmeseclassic.com

www.burmeseclassic.com

လျှပ်စီးတွေ တဝင်းဝင်းလက်နေတဲ့ မိုးကောင်းကင်ကို တစ်ချက်မော့ကြည့်လိုက်မိသည်။ မိုးကလည်း တော်တော်သည်းလိုက်တာ။ သစ်ပင်အောက်မှာ ခဏဝင်နားလိုက်ရင် ကောင်းမလား စဉ်းစားမိပေမယ့် ပိုညဉ့်နက်သွားရင် မဖြစ်တာကြောင့် ခြေလှမ်းတွေကို အရှိန်ထပ်တင်လိုက်သည်။

ရုံးဆင်းခါနီးမှ အမေ အသည်းအသန် ဖြစ်နေတယ်ဆိုတဲ့ ဒေါ်လေးဆီက ဖုန်းလာတာကြောင့် ထူပူပြီး ညတွင်းချင်း ကြုံရာကားစီး လိုက်လာခဲ့ရတာမို့ တော်တော်ညဉ့်နက်မှ ရောက်သွားသည်။

မြို့ဆိုပေမယ့် ၁၁ နာရီ ထိုးနေပြီဆိုတော့ ဆိုင်တွေလည်းပိတ်၊ လမ်းမှာ ခွေးအုပ်စုတွေကလွဲရင် လူဆိုတာ အရိပ်တောင်မမြင်ရ။ ကိုယ့်မြို့လည်း မဟုတ်တဲ့အပြင် အမှောင်အတိ ဖုံးနေသော လမ်းကိုဆက်လျှောက်နိုင်ဖို့က တစ်ချက်တစ်ချက် လျှပ်စီးလက်တာကိုသာ အားကိုးနေရသည်။

# နန်းဦးစေတီက သိုက်နန်းရှင်များ

## ထိုက်သခင်





www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မှာ အလုပ်ရတည်းက အဖွားရှိတဲ့နေရာကို မေမေတို့ပြောင်းသွားကြမှန်း သိပေမယ့် အလုပ်များတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ဒီလိုတောမကျ မြို့မကျနေရာကို အလည်လာဖို့တောင် သွားချင်စိတ် မရှိသလို အမေကလည်း မလာနိုင်းတာလည်းပါသည်။

အမေ ပြောတာကတော့ နေ့လယ်ဆိုရင် ဆေးအနီ သုတ်ထားတဲ့ အဘွားအိမ်ကြီးကို အဝေးကနေ လှမ်းမြင်ရတယ်တဲ့။ ခုတော့ အိမ်မဟုတ်၊ လမ်းမဟုတ် ဗျောက်သောက်ဆောက်ထားတဲ့ အိမ်တွေကြားမှာ ဘယ်လိုများ ရှာရမှာလဲ။

အိမ်တွေကလည်း မီးတွေမှိတ်ထားတာလား။ မီးမရှိတာဘဲလား မသိ။ မိုးသံကလွဲရင် အားလုံး တိတ်ဆိတ်နေသည်။ ဒီအချိန်မှာ လူတစ်ယောက်လောက်များ တွေ့ရင် ဘယ်လောက်ကောင်းလိုက်မလဲ တွေးညည်းမိသည်။

သူ ညည်းညူသံတွေ မဆုံးခင် ခပ်ဝေးဝေးမှ မီးရောင်မှိန်မှိန်လေးကို လှမ်းမြင်လိုက်တာကြောင့် ဝမ်းသာအားရပြေးမိသည်။ ဓာတ်မီးရောင်လား၊ ဖယောင်းတိုင်ရောင်လား မခွဲခြားတတ်ပေမယ့် လိုက်လေ ဝေးလေ ဖြစ်လာတဲ့အတွက် သူ စိတ်ထဲ မသင်္ကာဖြစ်သွားသည်။

ဘာလဲ။ ဒီလူက ဘာတွေများ အရေးကြီးနေလို့ လေထဲလွင့်ပါးနေသလို မြန်လိုက်တာ။ မဖြစ်ဘူး ပါးစပ်က . . .

"ဟို . . . အစ်ကိုကြီး၊ ခဏနေပါဦး"

ဟု အော်ခေါ်လိုက်သည်။

နပန်းသမား တစ်ယောက်လို ကိုယ်လုံးခပ်တောင့်တောင့်ပုံစံကြောင့် သန်မာထွားကျိုင်းတဲ့ ယောကျ်ားတစ်ယောက်ဆိုတာ သူ မှန်းဆမိသည်။

"ဟိုရှေ့ကလူ ခဏနေပါဦးဗျ"

" . . . . . "

"အစ်ကိုကြီး၊ အစ်ကိုကြီး"

"ဟေ . . . ဘာလဲ"

မိုးသံကြောင့် မကြားမှာစိုးလို့ အော်သလို ပြန်ထူးလိုက်တဲ့ အသံက မာမာထန်ထန်ပြန်ထူးလို့ ကြားရသူ လန့်စရာပါလား။ သူတောင် နောက်နည်းနည်းဆုတ်ရသည်အထိ . မျက်နှာသေချာမမြင်ရပေမယ့် အောက်နည်းနည်း ငိုက်ထားတဲ့ ဖယောင်းတိုင်မီးရောင်ကြောင့် တော်တော်ရုပ်ဆိုးမှန်း သိလိုက်သည်။

"ဟို . . . အဘွားနီအိမ် ဘယ်နားမှာလဲလို့"

"ငါ့နောက်က လိုက်ခဲ့"

"ဗျာ"

" . . . . . "

သူ့အမေးစကားကို ဂရုမစိုက်သလို ဆက်လျှောက်နေတဲ့ထိုလူနောက်ကို မပြေးရုံတစ်မည် အမြန်လျှောက်လိုက်ရသည်။

အနားလည်း ကပ်မလျှောက်ရဲတာကြောင့် ခပ်ဝေးဝေးက လိုက်ရင်း စိတ်ထဲက ရယ်ချင်မိစာက သူလို အရပ်ခြောက်ပေ ပြည့်ခါနီး လူတစ်ယောက်တောင် ထိုလူနဲ့ယှဉ်ရင် ကလေးနဲ့လူကြီးတစ်ယောက်လို ကွာခြားနေသည်။

လူသန်ကြီးတွေဆိုတာ တီဗွီတို့၊ စာအုပ်တို့မှာပဲ မြင်ဖူးခဲ့တာ။ ဒီလိုတောရွာမှာ ဘာတွေများ စားထားလို့ ဒီလောက် ထွားကျိုင်းနေတာပါလိမ့်။

"ကျွန်တော့်နာမည်က ဒီပါတဲ့ အဘွားနီ မြေးလေ"

" . . . . . "

ဒီလောက် ပြောနေတာတောင် ဘာအသံမှ ထွက်မလာတဲ့ ထိုလူကို လှမ်းကိုင်လိုက်စဉ် ဘာမှမကိုင်မိဘဲ လေအိတ်ကိုဆွဲလိုက်ရသလို ခံစားလိုက်ရသည်။

နောက်တစ်ခု သတိထားမိတာက အနံ့တစ်ခု။ နံတာလည်းမဟုတ်၊ မွှေးတာလည်းမဟုတ်။ ဒီလိုလူဆီက ရေမွှေးနံ့ဆွတ်တယ်ဆိုတာလည်း မဖြစ်နိုင်။ မိုးစိုတာချင်းတူတူ သူ့မှာသာ စိုရွှဲနေတာ။ ဟိုလူက ကိုယ်ပေါ်မှာ ဘာမှမစိုသလို ပြီးတော့ သူဝတ်ထားတာလည်း ခုမှ သေချာကြည့်မိသည်။ ထူးထူးဆန်းဆန်း အဝတ်အစားတွေကြောင့် သူ အံ့ဩသွားသည်။

ဒီခေတ်ကြီးမှာ ဇာတ်ထဲကလူလိုဝတ်ထားတာက စိတ်မကျန်းမာတဲ့ သူ့တွေသာ ဖြစ်လိမ့်မည်။

ဘာအကြောင်းမှ ပြန်မဖြေတဲ့ အပြင် ချက်ချင်း ပျောက်သွားတဲ့လူကြောင့် ကြက်သီးတွေထသွားသည်။

"ဒီလူက ဘာလဲ၊ လူ မဟုတ်ဘူးလား၊ ဒါဆို. . ."

ခပ်လှမ်းလှမ်းကနေ ဆွဲဆွဲငင်ငင်အူလိုက်တဲ့ ခွေးအူသံကြောင့် မကြောက်တတ်တဲ့ သူ့တစ်ကိုယ်လုံး ရေချိုးထားသလို ချွေးစီးတွေ ရွှဲနစ်လာသည်။ အတွေးထက်သွက်တဲ့ ခြေထောက်တွေက လာရာလမ်းကို ပြန်လှည့်ပြေးဖို့ ပြင်လိုက်ပေမယ့် တောင့်တင်းပြီး ကော်နဲ့ကပ်ထားသလိုဖြစ်သွားတဲ့ ခြေထောက်က လှုပ်တောင်မလှုပ်။

"ညီမလေးရယ်၊ ဘာလို့ ခုမှ ပြန်လာတာလဲ၊ နောက်ကျတော့မယ်"

သဲသဲကွဲကွဲ ကြားလိုက်ရတဲ့ အသံနဲ့အတူ မြင်လိုက်ရတဲ့မြင်ကွင်းက သူ့ကို သိပ်အံ့ဩသွားစေသည်။

နန်းဝတ်နန်းစား အဝတ်ဝတ်ထားတဲ့ လူတစ်ယောက်က သူ့အနားဖြည်းဖြည်းချင်း လျှောက်လာတာကို ဝေဝါးစွာကြည့်ရင်း အမှောင်အတိကျသွားတော့သည်။

◆

မှိတ်ထားတဲ့ မျက်လုံးတွေက မွှေးပျံ့တဲ့ ပန်းရနံ့တွေကြောင့် ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ ဘယ်နေရာလဲဆိုတာ တွေးစရာ မလိုအောင် သိပါသည်။ ဒီနေရာကို အချိန်တန်ရင် ပြန်လာရမယ်ဆိုတာ သိပေမယ့် အခုတော့ တော်တော်စောသေးတာလည်းသိသည်။



www.burmeseclassic.com

www.burmeseclassic.com

"သတိရပြီလား ညီမလေး"

"အစ်ကိုကြီး၊ ညီမလေး ဘယ်လိုလုပ် ဒီရောက်နေတာလဲ၊ ဒါနဲ့ အစ်ကိုလေးကော ဘယ်သွားလဲ"

"သူလည်း အပြင်ထွက်သွားတယ်၊ မကြာခင် ပြန်လာတော့မှာပါ၊ ညီလေးက မမေ့တတ်ဘူး"

အစ်ကိုကြီးရဲ့ အရိပ်အခြည်ကြည့်ရတာ ဒေဝီကို ပြန်လာခိုင်းနေတဲ့ သဘောဖြစ်နေသည်။

အဘမရှိရင် ဒီမောင်နှမ သုံးယောက်မှာ အစ်ကိုကြီး နန်းဦးက အုပ်ချုပ်သည်။ အခုလည်း ဘာသဘောနဲ့ ခေါ်မှန်း မသိပေမယ့် အဘလည်း မရှိသေးတော့ သူမကို ပြန်မသွားခိုင်းမှာလည်း ကြောက်သည်။

"ဒေဝီလဲ မမေ့တတ်ပါဘူး အစ်ကိုကြီးရယ်၊ အချိန်လိုသေးလို့ပါ"

"အချိန်လိုသေးတာ မှန်ပါတယ် ညီမလေး၊ ဒါပေမယ့် အစ်ကိုကြီးတို့ဖြစ်စေချင်တဲ့ ဆန္ဒနဲ့ တခြားစီဖြစ်အောင် နေထိုင်နေတဲ့ဘဝကို သိအောင်ခေါ်ပြောတဲ့ သဘောပါ"

"ဒေဝီ နားလည်ပါတယ် အစ်ကိုကြီး၊ ဘာကို ဆိုလိုတာလဲ ဆိုတာကို သိပါပြီ၊ ဒါကြောင့် အခုတော့ ပြန်ခွင့်ပြုပါနော်"

"ဒါဆိုလဲ အစ်ကိုကြီးပြောမယ်၊ အခု ညီမလေးနေတဲ့နေရာနဲ့ မဝေးတဲ့ ရွာမှာ ညီလေးရှိနေတယ်၊ သူက တစ်ဖက်တစ်လမ်းကနေ ကူညီပေးလိမ့်မယ်၊ အချိန် မကြာအောင်ပေါ့ကွယ်၊ ဒါမှ အစ်ကိုကြီးတို့မောင်နှမတွေလည်း ရှေ့ဆက်နိုင်မှာ မဟုတ်လား"

အစ်ကိုကြီးရဲ့ စကားတွေက သူမကို ဒီလိုအခြေအနေနဲ့ ပျော်မနေဖို့ သူမတို့ မောင်နှမသုံးယောက် ကတိပေးထားတဲ့အတိုင်း လုပ်ရမယ်ဆိုတဲ့ အကြောင်းကို သတိပေးနေသည်။

"ဒါဆိုလဲ အဘကိုလဲ ကိစ္စတွေ အဆင်ပြေအောင် လုပ်မယ်ဆိုတဲ့ အကြောင်းလဲ ပြောပေးဦးနော်"

"တစ်ခုတော့ သတိထားနော် ညီမလေး၊ အခုကိစ္စတွေကို မပြောမဖြစ်လို့ ခေါ်ပြောလိုက်ရပေမယ့် တခြားလူတွေကိုတော့ မသိစေချင်ဘူး၊ အစ်ကိုကြီးက နောက်ကပဲ ပံ့ပိုးပေးနိုင်တဲ့သူဆိုတော့ ညီလေးနဲ့ ညီမလေးတို့ကပဲ အဆင်ပြေအောင် လုပ်ပေးကြပါ"

ဘာစကားပဲပြောပြော ခုချိန်မှာ ခေါင်းငြိမ့်ပြီး အမိန့်နာခံရုံကလွဲလို့ ဘာမှ မတတ်နိုင်တာကြောင့် ဂူထဲက အမြန် ပြေးထွက်လိုက်သည်။

"သခင်မလေး၊ သခင်မလေး"

"ဟင် နန်းသီ"

သူမရဲ့လက်ကို မဆွဲရုံတစ်မည် အတင်းပြေးလိုက်လာတဲ့ အထိန်းတော်ကြီးနန်းသီကြောင့် ခြေလှမ်းတွေ ရပ်တန့်လိုက်သည်။

"သခင်မလေး ရောက်တုန်းခဏတော့ ဟိုစိမ်းညိုတောင်ဘက်မှာ ဒန်းသွားစီးရအောင်၊ အဲဒီမှာ သခင်မလေးအတွက် ဒန်းအသစ် လုပ်ထားပေးတယ်၊ ခဏလောက်တော့ လိုက်ခဲ့ပါ"

စိမ်းညိုတောင်ဆိုတာ သစ်ပင်ကြီးကြီးမြင့်မြင့်တွေပေါ်မှာ တွယ်တက်နေတဲ့ နွယ်ပင်တွေကို ဒန်းလို စီးဖို့ အစ်ကိုကြီးတို့ မသိအောင် နန်းသီနှင့် ဒေဝီတို့ အမြဲတမ်းသွားနေကျနေရာဖြစ်သည်။

နန်းသီမြင်တော့လည်း ပြန်ဖို့ ပြင်နေတဲ့ ခြေလှမ်းတွေက စိမ်းညိုတောင်ဘက်ဆီ လျှောက်ကြပြန်သည်။ အရင်အတိုင်း အပင်မြင့်ကြီးရဲ့အောက်မှာ အစိမ်းရောင်နွယ်ကြိုးတွေကို ပန်းတွေနဲ့ အလှဆင်ထားတဲ့ ဒန်းလေးကို ကြည့်ပြီး ပြုံးမိသည်။

အရင်တည်းက အစ်ကိုကြီးနဲ့ အဘမရှိတဲ့အချိန်ဆို ဒေဝီနဲ့ နန်းသီတို့ နှစ်ယောက်တည်းလာပြီး ဒန်းစီးလိုက်၊ ပန်းခူးလိုက်နဲ့ ပျော်စရာကောင်းတဲ့ နေရာလေးဖြစ်သည်။ နတ်ပန်းတွေ ပွင့်ချိန်မို့ မွှေးပျံ့တဲ့ ပန်းနံ့က မူးမေ့လောက်အောင် တစ်တောလုံး မွှေးပျံ့နေသည်။

အရင်အတိုင်းပဲ နန်းသီက နောက်ကလွှဲ၊ သူမကထိုင်ပြီး အပြင်က အကြောင်းတွေ ပြောပြခိုင်းသည်၊ အပြင်ထွက်ခွင့်မရှိတဲ့ နန်းသီအတွက် ကြားသမျှက အထူးအဆန်းတွေဖြစ်နေ သည်။

"သခင်မလေး ဟိုမှာ ဒီလောက် ပျော်စရာတွေကောင်းတာ ဒီကို ဘယ် သတိရတော့မလဲ၊ ဒါကြောင့် အစ်ကို ကြီးက အဘကို ပြန်ခေါ်ခိုင်းနေတာ ပြန်မလာချင်မှာစိုးလို့တဲ့"

"ဟုတ်တယ် နန်းသီ၊ ငါ အစ်ကို ကြီးနဲ့ အရင်ကပြောထားသလို မဟုတ် ဘဲ ကုသိုလ်အလုပ်တွေ အများကြီးလုပ် ချင်သေးတယ်၊ ကဲပါ ဒါတွေမပြောနဲ့ တော့၊ ငါတို့ ဟိုဘက်ထိသွားပြီး ပန်း တွေခူးရအောင် ခုချိန်ဆို တောင်ထိပ် မှာ နတ်ပန်းတွေပွင့်နေလောက်ပြီ လာ"

တောစပ် တောင်ထိပ်တွေမှာ ပေါက်နေတဲ့ ပန်းတွေကို ခြင်းထဲအပြည့် ခူးပြီး ပန်းတွေသီကာ နန်းသီနဲ့ ဒန်း လိုက်၊ ပန်းတွေသီလိုက်နဲ့ ပျော်နေချိန် အဘရောက်လာပြီး ဒေဝီကို အတင်း တွန်းပို့လိုက်သည်။

"ဟဲ့ . . . ကောင်မလေး၊ နင် မပြန်သေးဘဲ ဘာလုပ်နေတာလဲ၊ နင့် အတွက်အချိန်က အမွှေးတိုင်တစ်တိုင် စာပဲ ရှိတာနော်၊ သွား . . . သွား . . . မြန်မြန်ပြန်တော့"

◆

"အ. . . မေ၊ ရေ. . . ရေ ပါ"

"ဟယ် . . . ငါ့သားလေး သ ရလာပြီ၊ ဝမ်းသာလိုက်တာ အမေ အမေ့မြေးလေး သတိရလာပြီတော့"

အထဲက လှမ်းပြောတဲ့ အသံ ကို သေချာကြားလိုက်ပေမယ့် ဘွားနီ ဦးမြအောင် တစ်ယောက်မျက်နှာ ယောက် ကြည့်မိသည်။

မယုံနိုင်စရာစကားကြောင့် ရှေ့က စားပွဲဝိုင်းမှာ စားသောက်နေ တဲ့ ရွာသားတွေလည်း လှုပ်လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကုန်သည်။ သုံးရက်လောက် မြော သလိုဖြစ်နေတဲ့ ဒီပါကို မနေ့က ဆရာဝန်လာစမ်းသပ်ပြီး သေဆုံးတယ်ဆိုတာ အတည်ပြုလိုက်သည်။

ဒီစကားကို အားလုံးက လက်ခံကြပေမယ့် ဒေါ်အုန်း တစ်ယောက်ကတော့ မဖြစ်နိုင်တာလို့ အော်ဟစ်ငိုရင်း ဘယ်သူမှ အနားကပ်မခံဘဲ တစ်ချိန်လုံး စောင့်ကြည့်နေခဲ့သည်။

ဒေါ်အုန်းအကြောင်း မသိတဲ့ လူတွေတတော့ ရူးသွားကြပြီလို့ ကွယ်ရာမှာ ပြောနေကြသည်။ ဒါပေမယ့် ဘယ်သူတွေပြောပြော ဒေါ်အုန်းက ဂရုမစိုက်ဘဲ တစ်နေ့ သေချာပေါက် ပြန်သတိရလာမှာ ကိစ္စရှိလို့ ခဏသွားတာဆိုပြီး ဘယ်သူမှနားမလည်နိုင်တဲ့ စကားတွေပြောပြီး စောင့်နေသည်။

ရွာလူကြီးကလည်း ဘွားနီ မျက်နှာကိုထောက်ပြီး လေးရက်တော့ ထားခွင့်ပြုထားသည်။

အခေါင်းစပ်ဖို့ ဂူလုပ်ဖို့ရောက်နေတဲ့ အလုပ်သမားတွေကတော့ ဒီလိုဖြစ်လာရတဲ့အကြောင်းကို သိတယ်ဆိုတဲ့ မျက်နှာအမူအရာနဲ့အတူ ထွက်ပြေးသွားကြသည်။

"အမေ၊ ဘာမှ မဖြစ်ဘူးနော်။ တော်သေးတာပေါ့"

"အမယ်လေး သူက တစ်ပြန်ကြီး စိတ်ပူနေတယ်၊ မသေကောင်း မပျောက်ကောင်း သားရယ်၊ မြို့ကနေ ဒီကို ပြန်လာမယ်ဆိုလဲ အမေတို့ကို အကြောင်းကြားသင့်တာပေါ့၊ ခုတော့ မြို့မှာ ကျန်ခဲ့တဲ့ မင်းအဒေါ်ကလဲ သူ့ကို ဘာမှမပြောဘဲ သွားလို့ဆိုပြီး စိတ်ဆိုးနေတယ်"

"ဩော် ဟုတ်လား"

"မင်းအဒေါ်ဖုန်းဆက်လို့ ငါတို့ လိုက်ရှာတာ သုံးရက်မြောက်နေ့မှာ နန်းဦးစေတီနားက ညောင်ပင်အောက်မှာ လူတစ်ယောက် မိုးရေတွေ တစ်ကိုယ်လုံးစိုရွှဲပြီး သတိလစ်နေတယ်ဆိုလို့ သွားကြည့်တာ သားဖြစ်နေတာလေ"

"တော်သေးတာပေါ့၊ ဆရာဝန်က ဘာဒဏ်ရာမှမရှိပေမယ့် သေပြီလို့ ပြောလိုက်တာကို မင်းအမေက တစ်ပတ်လောက်စောင့်ပါဦးဆိုလို့ စောင့်ကြည့်နေတာ၊ ဒီနေ့က မင်းကို ဂူသွင်းသဂြိုဟ်မယ့်နေ့လေ"

အိမ်က မိသားစုတွေအားလုံး ဝမ်းသာကြပေမယ့် ပတ်ဝန်းကျင်က လူတွေကတော့ သူ့ကို လူမှဟုတ်ရဲ့လား ဆိုတဲ့ အကြည့်နဲ့ မယုံသလို ကြည့်ကြသည်။

"သား ဒီရွာမှာ နှစ်လလောက်တော့နေဖြစ်မယ် အမေ၊ ဒီထက်ပိုရင်လဲ ပိုနိုင်တယ်၊ ဒီမှာ သားလုပ်စရာတွေ အများကြီးရှိတယ်၊ ရွာထိပ်က နန်းဦးစေတီကြီးကို ဖြိုချပြီး အသစ်ပြန်တည်မယ်၊ ကျန်တဲ့ဘုရားနှစ်ဆူကိုလည်း ပြုပြင်တည်ရဦးမှာ"

"အမယ်လေးတော်၊ ညည်းသားက ဒီလောက်ရှေးကျပြီး တန်ခိုးကြီးတဲ့ ဘုရားကို ဖြိုမလို့လား၊ မပြောကောင်း ပြောကောင်းတွေ ပြောနေတယ်၊ စကားနဲ့တောင် အမှားအပြောမခံတဲ့ ဒီဘုရားကို ငါတော့ ကြားတာနဲ့ကြောက်တယ်၊ ဒီကလေး သတိပြန်ရပြီးကတည်းက ဘာတွေပြောနေမှန်း မသိဘူး၊ တခြားလူတွေ သိရင်လဲ ရွာပျက်အောင် လုပ်တယ်ဆိုပြီး စိတ်ဆိုးလိမ့်မယ်၊ အုန်းခင် ညည်းသားကို မြို့ကို မြန်မြန်ပြန်ခေါ်ပြီး ဆေးကုပေးလိုက်၊ ဒါနဲ့ ဒီနန်းဦးစေတီ အပြင် တခြားစေတီနှစ်ဆူရှိတာ သား ဘယ်လိုလုပ်သိလဲ"

"ဒီအကြောင်းတွေကို တော့ ကျွန်တော် မပြောချင်ဘူး၊ အဘွားပြောသလို ကျွန်တော် မရူးပါဘူး၊ ဒီဘုရားတည်မယ့်ကိစ္စကလည်း သူ့အလိုလိုဖြစ်လာမှာပါ၊ နန်းထူးနဲ့ နန်းဒေဝီစေတီတွေ ရွာနားတစ်ဝိုက်မှာပဲ ရှိတယ်"

ဒီပါပြောတဲ့ စကားတွေကို ဘွားနီနဲ့ အဖေက နားမလည်သလို ကြည့်နေသည်။ အမေကတော့ အားလုံးနီးပါး မသိတောင် သူ့နဲ့ပတ်သက်တဲ့ တချို့ကိစ္စတွေကိုတော့ တန့်ကွက်စေား ဘာမှမပြောဘဲ ငိုနေသည်။

"ဘွားနီ၊ အဘွားနီ"

မနက်စောစောစီးစီး အမေ့တူ သန်းမောင် ခေါ်သံကြောင့် ဖွားနီစိတ်ရှုပ်သွားသည်။ ဘာအလုပ်မှ မလုပ်ဘဲ အရက်ဖိုး အမြဲတောင်းနေကျမို့ အမေက ပိုက်ဆံအိတ်ကို အရင်ဝှက်ထားလိုက်ပြီး တံခါးထဖွင့်ပေးလိုက်သည်။

အဝတ်အစား ကောင်းကောင်း မွန်မွန်ဝတ်ပြီး အမူးသမားပုံစံမဟုတ်ဘဲ ရောက်လာတဲ့ သန်းမောင်က အိမ်ပေါ် အရင်တက်လိုက်သည်။ ပြီးမှ နောက်က လိုက်တတ်လာတဲ့ ကောင်မလေးက သူ့ကိုမြင်တာနဲ့ ချက်ချင်းသိသလို ပြုံးပြနေသည်။

တခြားလူတွေအတွက် မမြင်ဘူးတဲ့ သူစိမ်းလို့ ထင်ကြပေမယ့် တစ်ယောက်ကိုတစ်ယောက် သိနေကြတဲ့ အတွက် ဒီပါ ဝမ်းသာသွားသည်။

"ဘာကိစ္စရှိလို့လဲ"

"ဘွားနီ၊ သူက ဟိုဘက်ရွာက စက်သူဌေးဦးလွန်းတင်ရဲ့သမီး သီတာလွန်းတဲ့၊ မသီတာ၊ ဒါ မသီတာတွေ့ချင်တဲ့ ဘွားနီလေ"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ သီတာက ဒီက အဘွားတို့ပြန်တည်မယ့် နန်းဦးစေတီဘုရားမှာ အလှူထည့်ချင်လို့ပါ"

မထင်မှတ်ဘဲ ပြောလိုက်တဲ့ စကားကြောင့် ဘွားနီအပါအဝင် ခေါ်လာတဲ့သန်းမောင်ပါ အံ့ဩသွားသည်။ အခုလေးတင် သူ့စကားတွေကြောင့် ကြောက်နေတဲ့ ဘွားနီက သီတာဆိုတဲ့ ကောင်မလေးကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ခေါင်းခါလိုက်သည်။

"သမီး ဘာတွေပြောနေမှန်း ကိုယ့်ကိုယ်ကိုယ် သိလား၊ ဒီမှာတောင် အဘွားမြေးက ဒီဘုရားနဲ့ပတ်သက်လို့ မပြောသင့်တဲ့စကားတွေ ပြောနေလို့ စိတ်ဆိုးနေရတာ၊ သမီးကတော့ မသိပေမယ့် ဒီနန်းဦးစေတီဘုရားက တန်ခိုး



www.burmeseclassic.com

www.burmeseclassic.com

လဲကြီးမြီး အစောင့်အရှောက်လဲများတယ်ကွဲ့၊ အခုခေတ်ကလေးတွေက အကြောက်အလန့် မရှိကြဘူးဟဲ့၊ သန်းမောင် နင့်ဇည့်သည် နင်ပြန်ခေါ်သွား၊ ပြီးတော့ ရွာထဲမှာလဲ ဒီစကားတွေ ဖွဲလျှောက်မပြောနဲ့၊ ငါ့အိမ် ခဲမိုးရွာနေမယ်၊ သွားတော့ . . ."

"မဟုတ်သေးဘူး အဘွား၊ သမီးလေ . . ."

ဆက်ရှင်းပြဖို့ပြင်နေတဲ့ သီတာကို ဒီပါလက်ကာပြပြီး ပြန်ခိုင်းလိုက်သည်။ တချို့ကိစ္စတွေက တော်ရုံလူနားလည်ဖို့ ခက်သည်။ အိမ်ရှေ့ထိ သီတာဆိုသည့် ကောင်မလေးကိုလိုက်ပို့ရင်း ဘယ်သူမှမကြားအောင် တိုးတိုးလေးကပ်ပြောလိုက်သည်။

"မနက်ဖြန် ညနေ ဘုရားမှာ စောင့်နေ၊ ညီမလေး လာခဲ့မယ်" တဲ့။

◆

"ဦးထောင် ဦးထောင်၊ ကျုပ် ထူးဆန်းတဲ့ သတင်းတစ်ပုဒ် ကြားခဲ့တယ်"

"ဘာများလဲ"

"ခင်ဗျား သိပ်စိတ်ဝင်စားနေတဲ့ နန်းဦးစေတီအကြောင်းဗျ"

"ဘာ၊ မင်း . . . သန်းမောင် သေချာပြောစမ်း"

အရက်သမားလည်းဖြစ်၊ ငွေရပေါက်ဆို ဘာမဆိုလုပ်တတ်တဲ့ သန်းမောင်တစ်ယောက် ရွာကအောက်လမ်းဆရာတစ်ယောက်ဖြစ်ပြီး သူများပစ္စည်းဆို အချောင်လိုချင်တတ်တဲ့ ဦးရင်ထောင်ကို ဘယ်သူမှမပြောပါနဲ့လို့ သေချာတားထားသည့်ကြားက သန်းမောင် ဘွားနီအိမ်က ကြားသမျှ ပြောပြလိုက်သည်။

"တကယ်လား၊ မင်း မဟုတ်တာတွေ မပြောနဲ့၊ ဒါနဲ့ မင်း ဒီကိစ္စတွေ ဘယ်လိုလုပ်သိလဲ"

"ဟာ . . . ကျွန်တော့်ညီ၊ မြို့ကလာတဲ့ ရှူးကြောင်ကြောင်ကောင်နဲ့ ဟိုဘက်ရွာက ဦးလွန်းတင်သမီးတို့ ပြောတာ ကြားတာဗျ၊ သူတို့နှစ်ယောက်က ညနေစောင်းတိုင်း နန်းဦးစေတီမှာ ချိန်းတွေ့နေကျလေ၊ မယုံရင် စောင့်ကြည့်လိုက်၊ ကျွန်တော်ပြောတာတွေ မကြာခင် ဖြစ်လာလိမ့်မယ်"

"သူတို့ ဘာတွေပြောလဲ၊ မင်း သေချာကြားလား"

"ဘာစကားတွေ ပြောမှန်းတော့ မသိဘူး၊ ဒီဘုရားနဲ့ပတ်သက်ပြီး ပြောတာပဲ နားလည်တယ်"

ဦးရင်ထောင်၊ သန်းမောင်ကို မယုံသလိုဖြစ်နေပေမယ့် ညနေစောင်း စေတီဘက် လျှောက်လာခဲ့သည်။ သန်းမောင်ပြောသလို ဘုရားစောင်းတန်းမှာ ရပ်ပြီး စကားပြောနေတဲ့ ကောင်လေးနဲ့ ကောင်မလေးကို အကွယ်က ချောင်းကြည့်ပြီး ဝမ်းသာအားရ အိမ်ပြန်လာခဲ့သည်။

တစ်ပတ်ကျော်လောက် မိုးတွေ သဲသဲမဲမဲရွာသည်။ နောက် အင်အားနည်းနည်းပြင်းသည့် ငလျင်နှစ်ခါလှုပ်ပြီး နန်းဦးစေတီ ပြိုကျသွားသည်။

"အုန်းစိန်၊ တစ်ခုခုတော့ ထူးခြားနေပြီ၊ ညည်းသားပြောတဲ့အတိုင်း ညက နန်းဦးစေတီပြိုကျလို့တဲ့၊ ဘယ်လောက် ငလျင်လှုပ်လှုပ် ဒီလိုစေတီ ပြိုကျတဲ့အထိ မပျက်စီးဖူးဘူး၊ ဆုတောင်းပြည့်ပြီး တန်ခိုးအလွန်ကြီးတာ၊ ရွာထဲက လူတွေလဲ ကြောက်နေကြတယ်"

"အဘွားရယ်၊ လူတောင်သေရသေးတာပဲ၊ အုတ်တို့၊ သဲတို့ဆိုတာ ရာသီဥတုဒဏ်တွေ အကြာကြီးခံခဲ့ရလို့ နေမှာပါ၊ အခုချိန်မှာ ပြန်တည်ပေးစေချင်လို့နေမှာပေါ့၊ ဒီဘုရားတည်တဲ့ကိစ္စကို ကျွန်တော်ဦးဆောင်တည်မှာ . . ."

"အင်းပါ၊ သားကို ဒီလိုမလုပ်စေချင်ပေမယ့် ဖြစ်လာမှတော့ အမေလဲ ကူညီပေးမှာပေါ့၊ ဒါနဲ့ ဟိုဘက်ရွာက ဦးလွန်းတင်သမီးလေးကို အရင်ဆုံး အကြောင်းကြားလိုက်ပါဦး၊ သူက ငွေအင်အား အရမ်းတောင့်တယ်ဆိုတော့ သား အကူအညီဖြစ်လိမ့်မယ်၊ အမေ့သဘောကတော့ . . ."

"ဘာပြောတတ်မှာလဲ အေ၊ ကုသိုလ်လုပ်တာပဲ၊ အစက အဘွားက စိတ်ဆိုးတယ်ဆိုတာ ကိုယ်ကုသိုလ်လိုချင်တာနဲ့ မလုပ်သင့်တဲ့ အကုသိုလ်အလုပ်တွေ လုပ်မိမှာစိုးလို့ပါ၊ အခုလိုရာသီဥတုကြောင့် ဖြစ်သွားတာတော့ ဘယ်တတ်နိုင်မလဲ၊ ဒီပါ မင်း တကယ်ဘုရားတည်ဖို့ ဦးစီးမယ်ဆိုရင် ရွာလူကြီးနဲ့ တခြားလူတွေကို သွားပြောထားလိုက်မယ်၊ လက်ခံ၊ မခံတော့ အဘွားလဲ မပြောတတ်ဘူး"

တကယ်တမ်း ဘွားနီ သွားပြောတော့ ရွာက လူကြီးတွေက လက်မခံပါ။ လူငယ်လည်းဖြစ်၊ ရွာမှာမွေးတဲ့သူလည်း မဟုတ်တာကြောင့် ရွာလူကြီးက သူကိုယ်တိုင်ပဲ ဒီဘုရားကြီးကို ပြန်တည်မည်ဟု ဆုံးဖြတ်ထားသည်။

ထီးတော်တင်တာကအစ ငွေကြေးလိုသလောက် လှူမည်ဆိုသည့် သီတာကိုလည်း ဘေးဖယ်ခိုင်းပြီး ရွာထဲက လူတွေကိုသာ အလှူငွေကောက်ပြီး ဘုရားကြီးကိုပြုပြင်ဖို့ ဦးရင်ထောင်ကို တာဝန်ပေးလိုက်သည်။

ဒီပါနှင့် သီတာကိုလည်း ရွာက လူတွေစိတ်ဆိုးအောင် သန်းမောင်က ဘွားနီအိမ်မှာ ကြားထားတာတွေကို သတင်းဖြန့်ထားတာကြောင့် ဘုရားပြုပြင်ရာမှာ မလာရဘူးလို့ အားလုံးက တားထားသည်။

နေ့ဆို ဘုရားအတွက် ကုသိုလ်လုပ်သယောင်ပြုပြီး အကြံသမားနှစ်ယောက်ဖြစ်တဲ့ ဦးရင်ထောင်နဲ့ သန်းမောင်တို့ကတော့ ညမှ တကယ်အလုပ်လုပ်ကြသည်။

"ဦးထောင်က ဘာလို့ ဒီဘုရားကို စိတ်ဝင်စားတာလဲ"

"ဟ ကောင်ရ မင်း ဒီရွာသား မဟုတ်ဘူးလား၊ ဒီဘုရားကရှေးဟောင်းဘုရားလေး အရင်ခေတ်က မင်းသားနန်းဦးတို့မောင်နှမသုံးယောက်က ဘုရားတစ်ဆူစီတည်ကြတယ်၊ သူတို့တည်တဲ့ ဘုရားပတ်ဝန်းကျင်မှာလဲ သူတို့ အသုံး





www.burmeseclassic.com

www.burmeseclassic.com

ဆောင် ပစ္စည်းတွေကို မြှုပ်ထားခဲ့ တွ"

"အမယ်လေးဗျာ၊ ဘာများလဲလို့ ခေတ်အိုးခွက်တွေများ တန်ဖိုးထား သေးတယ်၊ ပေါလွန်းလို့၊ မြေနဲ့လုပ် တာတွေကိုး"

"မဟုတ်ဘူးကွ၊ သူတို့ကတကယ့် အစစ်နဲ့လုပ်တဲ့ပစ္စည်းပဲ သုံးတယ် တာ ငါ့အဘွားတွေပြောတာ ကြားဖူး ယ်၊ ဒါတွေထားပါကွာ၊ အဲဒါတွေက ဆုကြေးတွေပေါ့၊ တကယ်တမ်း တို့လုပ်ရမှာက ဒီဘုရားမှာ မရေ ွက်နိုင်တဲ့ ရတနာတွေရှိတဲ့ သိုက်ကို ရှာ၊ ဒါဆို တကယ့်သူဌေး ဖြစ်ပြီကွ၊ ာက်နှစ်ရက်လောက်နေ လပြည့်ည ဒီသိုက်ကိုရအောင်ရှာပြီး တူးမယ်"

ဦးရင်ထောင်နှင့် သန်းမောင် တွေလုပ်နေတယ်ဆိုတာ ရွာသား ွေမသိပေမယ့် ဒီပါနှင့်သီတာကတော့ သည်။

ဒါကြောင့် ဒီပါ ဘွားနီ့ကို သန်း ာင်အကြောင်းတွေ အရင်ဖွင့်ပြောပြီး ခိုင်းပေမယ့် ဘာမှ ထူးခြားမလာ ကြောင့် စိတ်လျှော့ထားလိုက်သည်။

"ဘယ်တတ်နိုင်မလဲ ညီမလေး ယ်၊ ဒီကိစ္စတွေဖြစ်ပြီးမှလဲ အစ်ကိုလေး အောင်မြင်နိုင်မယ်ဆိုရင် သူတို့ကံ ရားအတိုင်း ထားလိုက်ရမှာပေါ့"

◆

တပေါင်းလပြည့် ညရဲ့လက လွန်းသာလွန်းတာကြောင့် အရာ ားလုံးကို လရောင်အောက်မှာ ရှင်း င်းလင်းလင်း မြင်နေရသည်။

ညဉ့်နက်လာတာနဲ့ လူခြေတိတ် အားလုံး အိပ်မောကျနေချိန်မှာ ာဘသားတွေဖြစ်တဲ့ ဦးရင်ထောင်နဲ့ န်းမောင်ကတော့ နန်းဦးစေတီမှာ ိုက်တူးဖို့ အားကြိုးမာန်တက် လုပ်နေ ကြသည်။

သိပ်မကြာလိုက်။ တစ်မိုးလုံး ည်းမှောင်ကာ မိုးတစ်ပေါက်မှမကျဘဲ ပ်စီးကုဝင်းဝင်းနဲ့ ကြောက်လန့်ဖွယ် မိုးခြိမ်းသံက မိုးကြိုးပစ်ပြီဖြစ်ကြောင်း တစ်ရွာလုံးသိလိုက်သည်။

မနက်မိုးလင်းချိန် နန်းဦးစေတီ ဘက်က ယာခင်းကိုသွားတဲ့ သောင်း ကျော်ရဲ့အော်သံကြောင့် အနီးပတ်ဝန်း ကျင်မှ အိမ်ရှိလူတွေမှအစ တစ်ရွာလုံး နီးပါး ဘုရားဆီ အပြေးအလွှားရောက် လာကြသည်။

ကြောက်မက်ဖွယ်ကောင်းသော ညက မိုးကြိုးပစ်သံကြောင့် ဘုရားစေတီ အနီးမှာ ပက်လက်အနေအထားနှင့် မီး သွေးတုံးပမာ ဖြစ်သွားရှာသော လူသေ အလောင်းနှစ်ခုကို တွေ့လိုက်ရသည်။

ဘယ်သူ ဘယ်ဝါဆိုတာ အစ မနည်းရှာရခက်လောက်အောင် ပုံပျက် နေတဲ့ အလောင်းရဲ့ဘေးက ပစ္စည်းတွေ ကိုကြည့်ပြီး ဦးရင်ထောင်နှင့် သန်း မောင်ဆိုတာ သိလိုက်သည့်အတွက် ဒီပါ စိတ်မကောင်းဖြစ်သွားသည်။

ဘွားနီကလည်း မြေးဖြစ်သူရဲ့ အလောင်းဘေးမှာ . . .

"ငါ့အမှားတွေလဲ မကင်းဘူး၊ ဒီလိုဖြစ်မယ်မှန်းသိလို့ ငါက အတင်း တားနေတာပေါ့"

ဟု ပြောရင်း ငိုရှာသည်။

ဘုရားပြန်ပြင်ဖို့အတွက် ဒီပါနှင့် သီတာတို့ နှစ်ယောက်ကို ဦးဆောင်ပြီး ပြီးဆုံးအောင်တည်ဖို့ ရွာလူကြီးတွေ ခွင့် ပြုလိုက်ကြသည်။

သူတို့နှစ်ယောက် ပတ်သက်မှုကို အမျိုးမျိုးပြောကြပေမယ့် ဒီပါနှင့်သီတာ ကတော့ ပြန်ဖြေရှင်းမှု မရှိခဲ့ပါ။

"ညီမလေး၊ အစ်ကိုလေးက တော့ ခဏလာတာမို့ ပြန်ရတော့မယ်၊ အချိန်ကြာကြာနဲ့ နေခွင့်ရတဲ့ ညီမလေး က အဘိုးကြီး၊ အစ်ကိုလေးတို့အတွက် ကောင်းမှုများများလုပ်ပြီး နန်းထူးနဲ့ နန်းဒေဝီစေတီတွေကို ဆက်ရှာပြီး ပြန် ပြင်ရဦးမယ်ဆိုတာ မမေ့နဲ့ဦး"

ဘုရားထီးတင်ပွဲပြီးသည့် ညမှာ တော့ သီတာတစ်ယောက် ခေါင်းမူး တယ်ပြောကာ အိပ်ရာအစောကြီး ဝင် ခဲ့သည်။ မနက် နေမြင့်သည်ထိ အိပ် ခန်းထဲက ထွက်မလာတဲ့ သမီးဖြစ်သူကို ဦးလွန်းတင် သွားနှိုးတဲ့အချိန်မှာတော့ တစ်ကိုယ်လုံးတောင့်တင်းပြီး အသက်မဲ့ နေသော သီတာ့အလောင်းကို တွေ့တဲ့ အခါ ကြောက်လန့်တကြား ယောက်ျား တန်မဲ့ အော်ငိုလိုက်တဲ့ အသံကြောင့် တစ်ရွာလုံး ဒုတိယအကြိမ် ထိတ်လန့်ခဲ့ ရပြန်သည်။

ဒီပါ့ဆီကို သီတာ ဆုံးပြီဆိုတဲ့ အကြောင်း ပြောတဲ့အခါ အံ့ဩမှု၊ ဝမ်း နည်းမှု မရှိတဲ့ မျက်နှာနဲ့ . . .

"ဒါတွေက မထူးဆန်းပါဘူး ဘွားနီရယ်၊ သေခြင်းတရားက ဒီလိုပါပဲ၊ စေတာနဲ့ နောက်ကျတဲ့အချိန်ပဲ ကွာ မယ်"

ဆိုတဲ့ စကားတွေပြောပြီး နန်းဦး စေတီဘုရားဘက် ထွက်သွားတော့ သည်။


ဆည်းလည်းသံတွေ တချွင်ချွင် နဲ့ နန်းဦးစေတီခြေရင်းမှာထိုင်ရင်း တစ် ယောက်ယောက် ကြားခဲ့ရင်တောင် ဘယ်တော့မှ နားမလည်နိုင်တဲ့စကား တွေ ပြောဖြစ်သည်။

"အဘနဲ့ အစ်ကိုကြီး၊ အစ်ကို လေးတို့ဖြစ်စေချင်တဲ့ ဆန္ဒတွေကို ညီမ လေးဖြစ်အောင်လုပ်မယ်လို့ ယုံကြည်ပြီး ခွင့်ပြုထားတဲ့ နှစ်ထက် ထပ်တိုးပြီး အသက်ရှည်ရှည်နေခွင့်ပေးပါ" တဲ့။

**ထိုက်သင်**

❐

www.burmeseclassic.com



# မြေဝယ်လျှိုးမိုးထက်ယံ တကပ်ပျံပုန်းရှောင်လေသလား

(ယခင်လမှအဆက်)

“ဘင်ဂရီနဲ့အိမ်ခန်းထဲမှာ ခင်ဗျား ဘာလုပ်နေသလဲ” ဟု ဆာဂျင်မာဖီက ရုတ်တရက် မေးလိုက်သည်။

“ကျွန်တော် သူနဲ့ စကားပြောစရာ ရှိနေလို့ပါ”

ကျွန်တော်က ပြန်ပြောလိုက်သည်။

“ဘာအကြောင်းကြောင့် ခင်ဗျားက ဘင်ဂရီကို သတ်ပစ်လိုက်ရတာလဲ”

ဆာဂျင်မာဖီက ရုတ်တရက် အော်ဟစ်ပြောဆိုလိုက်သည်။

“ကျွန်တော်သူ့ကို မသတ်ဘူး”

ဟု ကျွန်တော်က ပြောလိုက်၏။ ကျွန်တော်သည် ဘင်ဂရီ အိမ်ခန်းထဲတွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား ပြောဆိုခဲ့သည့်အတိုင်းပင် ဆာဂျင်မာဖီသို့ ပြောပြလိုက်၏။

“မင်း ငါ့ကို ဘာပြောတာလဲ၊ ငါက စကားတစ်လုံးကိုတောင်မှ မယုံကြည်ဘူး”

ဆာဂျင်မာဖီက ပြောသည်။

“မင်းဟာ ဘယ်သူ ဘယ်ဝါ အတွက် အလုပ်လုပ်ပေးနေရတာလဲ”

“ကျွန်တော် ဝမ်းနည်းပါတယ် ခင်ဗျာ”

ကျွန်တော်က ပြောလိုက် သည်။

“ဘယ်သူ့အတွက်ကျွန်တော်က အလုပ်လုပ်ပေးနေရသလဲ ဆိုတာကို

www.burmeseclassic.com




တော့ ကျွန်တော် မပြောနိုင်ဘူး၊ ကျွန်တော် သိရှိသမျှဆိုရရင် ဘင်ဂရီ သေဆုံးသွားတာဟာ သူသေဆုံးသွားအောင် ကျွန်တော်က ဘာမှ မလုပ်ခဲ့ဘူး၊ ဒါမှမဟုတ် ကျွန်တော့်အကျိုးဆောင်ပေးနေရတဲ့သူလဲ မလုပ်ခဲ့ဘူး"

ကျွန်တော် စကားကို ရပ်လိုက်ပါသည်။ ဆာဂျင်မာဖီကိုလည်း ကြည့်လိုက်မိပါသည်။ ကျွန်တော် သိရှိပါသည်။ ကျွန်တော် ယခု ပြောဆိုလိုက်သည်မှာ မှန်ကန်မှုမရှိဟူ၍ ဖြစ်သည်။ အမှန်တကယ်အားဖြင့် ကျွန်တော် တွေးမိသည်မှာ ဘင်ဂရီ သေဆုံးသွားသည့် အခြေအနေသည် အီလာန်ဝါခိုင်

www.burmeseclassic.com

www.burmeseclassic.com

ပျောက်ဆုံးနေသည့်အခြေအနေနှင့်ချိတ်ဆက်ရှိနေမည်ဟူ၍ တွေးမြင်မိပေသည်။

သို့ရာတွင် ကျွန်တော်သည် ဖော်ပြပါ ချိတ်ဆက်ရှိနေသည့် အနေအထားကို ရဲတပ်ဖွဲ့ဝင်များသို့ မပြောမဆိုနိုင်ပါပေ။ ညီမဖြစ်သူ ဟီလင်ဂါဖီလ်သည်လည်း ယင်းအနေဖြင့် ယင်း၏အစ်မ ပျောက်ဆုံးနေသည့် အခြေအနေကို ရဲတပ်ဖွဲ့ဝင်များသို့ အသိပေးလိုသည့် ဆန္ဒ မရှိခဲ့ပါပေ။

ဆာဂျင်မာဖီသည် ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

"ငါက အလွတ်စုံထောက်ဆိုရင် အလွတ်စုံထောက်အားလုံးကို ရွံမုန်းတယ်" ဟု ဆာဂျင်မာဖီက ဖြည်းလေးစွာ ပြောသည်။

"မင်းဟာလဲ အလွတ်စုံထောက်တစ်ယောက်ပဲ ငါအမုန်းဆုံးပဲ၊ မင်းဟာ ငါ့ကို အမှန်အကန်အတိုင်း မပြောမဆိုသေးဘူးလို့ ငါ ဒီအတိုင်း ထင်ထားတယ်၊ မင်းဟာ ငါ့ကို ဖုံးကွယ်နေတယ်၊ မင်းပြောတာ ဆိုတာ လုပ်တာ ကိုင်တာကိုကြည့်ရင် ဘင်ဂရီသေဆုံးသွားတာကို မင်းဟာ ပိုမိုပြီး သိရှိနေမယ်လို့လဲ ငါက ထင်ထားသေးတယ်၊ အခု မင်းဟာမင်း သိရှိထားခဲ့သမျှတွေကို ငါ့ကို ပြောပြ"

"ကျွန်တော် သိရှိခဲ့သမျှတွေကို ပြောခဲ့ပြီးပြီလေ"

ဟု ကျွန်တော်က အေးဆေးစွာ ပြောလိုက်ပါသည်။

ဆာဂျင်မာဖီ၏ မျက်နှာသည် နီရဲလာပါသည်။ အနီရောင်သည် သူ၏ ခေါင်းပြောင်ကြီးကိုပင် နီရဲသွားစေသည်အထိ ယှက်ဖြာသွားခဲ့ပါသည်။

"မင်း ငါနဲ့ ကစားနေဖို့ မကြိုးစားနေနဲ့"

ဆာဂျင်မာဖီက အော်ဟစ်လိုက်ပါသည်။

"အခု မင်းထွက်သွားတော့"

"ကျွန်တော် အခု အိမ်ကို ပြန်နိုင်ပြီလား"

ကျွန်တော်က မေးလိုက်၏။

"မပြန်ရဘူး"

ဆာဂျင်မာဖီက ပြောသည်။ ယင်းသည် တံခါးတွင် ရှိနေသော ရဲတပ်ဖွဲ့ဝင်အား ကျွန်တော့်ကို အခန်းကျဉ်းအတွင်းသို့ ပြန်ခေါ်သွားပြီး ထပ်ပြီး သော့ခတ်ထားရှိလိုက်ရန် အမိန့်ပေးလိုက်သည်။

ကျွန်တော် မငြင်းမဆန်ပါ။ ရဲတပ်ဖွဲ့ဝင်နှင့်အတူ လိုက်သွားပါသည်။ ကျွန်တော်သည် ရဲတပ်ဖွဲ့ဝင်များနှင့် အချေအတင် ငြင်းခုံမှုပြုရန်မလိုလားပါ။ ကျွန်တော်သည် အခန်းကျဉ်းအတွင်းသို့ တစ်ဖန်ပြန်လည်၍ တစ်ယောက်တည်း ရောက်ရှိနေရပြန်ပြီ ဖြစ်သည်။

ကျွန်တော် ထိုင်နေလိုက်ပါသည်။ အစောပိုင်းက ကျွန်တော့်အား အခြားစိတ်ပူပန်သောကဝင်စရာ ဖြစ်စေခဲ့သည်များကို ကျွန်တော် မှတ်မိသိရှိလာရန် ကြိုးစားမှု ပြုပါသည်။

## (၁၀)

## အဝါရောင်မော်တော်ကား

ကျွန်တော်နာရီကြည့်လိုက်ပါသည်။ ငါးနာရီခွဲနေပြီ ဖြစ်သည်။ ကျွန်တော်သည် ရဲစခန်းတွင်ရှိနေဆဲပင် ဖြစ်သည်။

မွန်းလွဲပိုင်းအတွင်းတွင် ကျွန်တော်သည် ဆာဂျင်မာဖီကို တစ်ကြိမ် ထပ်မံ၍ တွေ့လိုက်ရပါသည်။ သာယာချောမွေ့သော တွေ့ဆုံမှုတစ်ခု မဟုတ်ခဲ့ပါပေ။ ကျွန်တော်သည် ဆာဂျင်မာဖီအား မည်သူ့အတွက် ကျွန်တော်သည် ဆောင်ရွက်ပေးနေသည်ကိုမူ ဖွင့်ဟ မပြောဆိုခဲ့ပါပေ။

ထို့အပြင် ကျွန်တော်သည် မည်သည့် အကြောင်းကြောင့် ဘင်ဂရီနှင့် စကားစမြည် ပြောဆိုလိုသည်ကိုလည်း ဆာဂျင်မာဖီသို့ ထုတ်ဖော် မပြောမဆိုခဲ့ပါပေ။ ၅ နာရီခွဲနေပြီ ဖြစ်သည်။ ဟီလင်ဂါဖီလ်သည် ကျွန်တော့်အား ကျွန်တော်၏ ရုံးခန်းအတွင်းတွင် စောင့်ဆိုင်းနေမည်လားဟု ကျွန်တော်တွေးသည်။

အခန်းတံခါး ရုတ်တရက် ပွင့်သွား၏။ ဆာဂျင်မာဖီသည် အခန်းအတွင်းသို့ ဝင်ရောက်လာ၏။

"ထွက်သွားစမ်း"

ဆာဂျင်မာဖီက ပြောသည်။

"ငါ မင်းကို သွားခွင့်ပြုဖို့ ဆုံးဖြတ်လိုက်ပြီ၊ ငါ့စိတ်အပြောင်းအလဲ မဖြစ်လာသေးခင် အခု မင်းထွက်သွား"

ကျွန်တော်သည် ဆာဂျင်မာဖီ၏ စိတ်အပြောင်းအလဲ မဖြစ်ပေါ်လာသေးမီမှာပင် ရဲစခန်းမှ ထွက်ခွာလာခဲ့၏။ ရဲစခန်း မော်တော်ကားကိုဒေါင်တွင် ကျွန်တော်၏ မော်တော်ကား ရှိနေသည်။ ကားဂိုဒေါင်မှ ကားကို မောင်းထွက်လိုက်သည်။

ရဲစခန်းမှ လှမ်းဝေးသည့်နေရာသို့ မောင်းနှင်ရောက်ရှိလာသည့်အခါတွင် အဝါရောင် မော်တော်ကားသေးသေးတစ်စင်းသည် ကျွန်တော့် မော်တော်ကား၏ နောက်မှ လိုက်ပါမောင်းနှင်လာသည်ကို ကျွန်တော် သတိပြုမိလိုက်သည်။

တစ်မိနစ်ခန့်မျှ အကြာတွင် ကျွန်တော်သည် ကျွန်တော့်မော်တော်ကား၏ နောက်ကြည့်မှန်ကို ကြည့်လိုက်သည်။ အဝါရောင်မော်တော်ကားသေးသေးတစ်စင်းသည် ကျွန်တော်၏ မော်တော်ကားနောက်မှ လိုက်ပါမောင်းနှင်နေဆဲ ဖြစ်နေသည်ကိုမူ တွေ့ရ၏။

အနည်းငယ်အရှိန်မြှင့် မောင်းနှင်လိုက်၏။ ထို့နောက် ယာဘက်သို့ ကျဉ်းမြောင်းသော လမ်းတစ်လမ်းအတွင်းထဲသို့ ချိုးကွေ့မောင်းနှင်လိုက်သည်။ ကျဉ်းမြောင်းသော လမ်းအတိုင်းအတာ အဆုံးသတ်တွင် ကျွန်တော်သည် မော်တော်ကားကို ဝဲဘက်သို့ ချိုးကွေ့လိုက်ပြန်၏။ ထို့နောက် ဝဲဘက်သို့ပင် ထပ်မံချိုးကွေ့လိုက်သည်။

မကြာမီ လမ်းမကြီးပေါ်... နောက်ဆုတ် မောင်းနှင်လိုက်... ကျွန်တော် နောက်ကြည့်မှန်သို့ ကြည့်လိုက်၏။ အဝါရောင် မော်တော်...

www.burmeseclassic.com

www.burmeseclassic.com

သေးသည် ကျွန်တော်၏မော်တော် နောက်မှပင် နောက်ယောင်ခံ ောင်းနှင် လိုက်ပါလာဆဲဖြစ်သည်။

ဆာဂျင်မာဖီသည် ကျွန်တော့် ရဲစခန်းမှ မည်သည့်အကြောင်း ကြောင့် ပြန်လည်လွှတ်လိုက်ရသည်ကို ရှိလာရသည်။ ဆာဂျင်မာဖီသည် ပ်ဖွဲ့ဝင်အချို့ကို ကျွန်တော့်အား ာက်ယောင်ခံလိုက်ပါသွားရန် အမိန့် လိုက်မည်ဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်တို့ ည် ကျွန်တော် မည်သည့်ကိစ္စဆောင် သည်၊ မည်သူနှင့် တွေ့ဆုံသည် ကို စောင့်ကြည့်နေမည်။

ကျွန်တော်သည် ကျွန်တော်၏ န်းသို့ တစ်ဖြောင့်တည်းပြန်လည်၍ ည်မောင်းနှင်လိုက်၏။ ကျွန်တော် ည် ကျွန်တော်၏ရုံးခန်း အပြင်ဘက် မော်တော်ကားကို ရပ်လိုက်သည်။ ရောင် မော်တော်ကားသေးသေး ည်လည်း လမ်းပေါ်ရပ်ထားလိုက် ည်၊ ကျွန်တော် လှေကားသို့ တက် ၏။ ကျွန်တော်၏ ရုံးခန်းဆီသို့ သည်။

ရုံးခန်း၏ အပြင်ဘက် တံခါးမ ည် သမားရိုးကျအတိုင်းပင် ပွင့်လျက် ၏၊ သို့ရာတွင် ရုံးခန်းအတွင်း၌ င်ဂါဖီလ် မရှိပေ။ ရုံးခန်းသည် ရှင်း နေ၏။ သို့ရာတွင် စားပွဲပေါ်တွင် စ်စောင်ရှိနေသည်။ စာသည် င်းပေါ် တင်ထားခြင်း ဖြစ်သည်။ တော်သည် စာကို ကောက်ယူ သည်။ ဖတ်လိုက်၏။

*သွာသော*
*ာဆင်မြူယယ်*

*ကျွန်မ ဒီကို ငါးနာရီမှာရောက် ယ်။ ရှင့်ကို စောင့်နေပါတယ်။ ရှင် လာဘူး၊ ကျွန်မ ရှင့်ကို အရေး တွေ့ချင်နေတယ်။ ကျွန်မနဲ့ ဒီည မှာ လပ်စ်ကာဘာနာစ်မှာ တွေ့*

*ဟီလင်ဂါဖီလ်*

ကျွန်တော်သည် စာကို ကျွန်တော်၏ အင်္ကျီအိတ်အတွင်းတွင် ထည့်သွင်းထားရှိလိုက်ပါသည်။ ကျွန်တော် နာရီကို ကြည့်လိုက်သည်။ ခြောက်နာရီ ထိုးပြီးစ ရှိပါသေးသည်။ ဟီလင်ဂါဖီလ်နှင့် မတွေ့မဆုံရသေးမီတွင် ကျွန်တော် အချိန် ငါးနာရီခွဲမျှ ရရှိနေပါသေးသည်။ မန်ဆန်အဆောက်အအုံသို့ သွားရောက်ရန်နှင့် မန်ဆန် အဆောက်အအုံမှ အစောင့်နှင့် တွေ့ဆုံပြောဆိုရန် အချိန်များစွာ ရရှိနေပါသေးသည်။

ကျွန်တော်သည် ကျွန်တော်၏ မော်တော်ကားထဲသို့ ဝင်လိုက်ပါသည်။ ထို့နောက် မန်ဆန်အဆောက်အအုံသို့ ရှေ့ရှုမောင်းနှင်ခဲ့၏။ ကျွန်တော်၏ မော်တော်ကားနောက်မှ အဝါရောင် မော်တော်ကားသေးသေးသည် မောင်းနှင်ကာ နောက်ယောင်ခံလာ၏။ ကျွန်တော်သည် မော်တော်ကားမောင်းနှင်ရင်း ဟီလင်ဂါဖီလ် ရေးထားခဲ့သော စာနှင့် စပ်လျဉ်း၍ တွေးတောနေမိ၏။

ဟီလင်ဂါဖီလ်သည် ကျွန်တော့်အား အဘယ်အကြောင်းကြောင့် လာစ်ကာဘာနာစ်ကလပ်တွင် တွေ့ဆုံချင်ပါသနည်းဟု ကျွန်တော့်ကိုယ်ကျွန်တော် မေးခွန်း ပြန်ထုတ်နေမိလိုက်သည်။

အမှန်စင်စစ် သူမသည် လာစ်ကာဘာနာစ်ကလပ်နှင့် ဆက်စပ်၍ မည်သို့မည်ပုံ နားလည် သိရှိထားပါသနည်း။ သူမက သူမသည် နယူးယောက်မြို့တွင် နေထိုင်ပါသည်ဟူ၍လည်း ပြောဆိုထားခဲ့သည်။ နောက်တစ်ကြိမ် သူမနှင့်တွေ့ဆုံလျှင် မေးခွန်းတချို့တလေတော့ မေးမြန်းရလိမ့်ဦးမည် ဖြစ်သည်။

သို့ရာတွင် ယခုလောလောဆယ်တွင် ရေးကြီးခွင့်ကျယ်ဖြစ်နေရသည်မှာ ကျွန်တော် မောင်းနှင်နေသော မော်တော်ကား၏ နောက်သို့ မျက်ခြည်မပြတ်လိုက်ပါလာနေသော အဝါရောင် မော်တော်ကား သေးသေးအား မျက်ခြည်ဖြတ်လိုက်ရန် ဖြစ်နေပေသည်။

ကျွန်တော်သည် ကျွန်တော်၏ မော်တော်ကားကို ဟီလင်ဂါဖီလ်နေထိုင်ရာ အဆောက်အအုံသို့ ဦးတည်မောင်းနှင်နေသည်။ ဟီလင်ဂါဖီလ်နေထိုင်ရာ အဆောက်အအုံသို့ ကျွန်တော်သွားရောက်နေသည့်အနေအထားကိုလည်း ရဲတပ်ဖွဲ့ဝင်များ သိရှိသွားကြမည်ကိုလည်း ကျွန်တော် မလိုလားပါပေ။

နောက်ယောင်ခံလိုက်နေသော အဝါရောင်မော်တော်ကား သေးသေး၌ လူနှစ်ဦးမျှသာလျှင် ပါရှိနေပေသည်။ ကျွန်တော်၏ မော်တော်ကားကို ယာဘက်သို့ ကွေ့ချိုးလိုက်၏။ အဝါရောင် မော်တော်ကား သေးသေးသည်လည်း ယာဘက်သို့ ကွေ့ချိုးလိုက်၏။ ကျွန်တော့်မော်တော်ကားကို ရပ်လိုက်၏။ အဝါရောင်မော်တော်ကားသေးသေးသည်လည်း ရပ်လိုက်သည်။ ကျွန်တော့်မော်တော်ကား နောက်သို့ ပြန်လှည့်၏။ အဝါရောင် မော်တော်ကားသေးသေးသည်လည်း နောက်သို့ ပြန်လှည့်၏။ ကျွန်တော်၏ မော်တော်ကားကို အဝါရောင် မော်တော်ကားသေးသေးထက် ပိုမို အရှိန်မြင့် မြန်ဆန်စွာမောင်းနှင်ရန် ကြိုးပမ်းမှု ပြု၏။

သို့ရာတွင် ကျွန်တော်၏ မော်တော်ကားမှာ အလွန်ဟောင်းနေပြီဖြစ်သည်။ အလွန် အရှိန်နှေးကွေးနေပြီဖြစ်သည်။

ကျွန်တော် စက်ရှိန်သတ်လိုက်သည်။ နောက်တစ်ကြိမ် ယာဉ်အချက်ပြမီး အပြောင်းအလဲ အနေအထားနှင့် နီးကပ်နေပြီဖြစ်၍ ကျွန်တော့် မော်တော်ကားကစောင့်ဆိုင်းနေရပေသည်။

ယာဉ်အချက်ပြမီး အပြောင်းအလဲသည် အစိမ်းမှသည်အနီ ဖြစ်လာသည်။ ကျွန်တော့်မော်တော်ကားကို မောင်းထွက်လိုက်သည်။ အဝါရောင် မော်တော်ကားသေးသေးသည် လမ်းဖြတ်မောင်းရန် နောက်ကျသွားခဲ့ပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ယာဉ်အချက်ပြမီး အပြောင်းအလဲသည် ယခုအခါ အနီရောင် ဖြစ်နေ၏။ သို့ရာတွင် အဝါရောင်မော်တော်ကားသေးသေးသည် ယာဉ်အချက်ပြမီး အနီရောင်ကို ဂရုမမူပေ။ မော်တော်ကား မရပ်မတန့်လိုက်ပါပေ။ ယာဉ်အချက်ပြမီး အနီရောင်ကိုပင် တစ်ရှိန်ထိုး ဖြတ်သန်းမောင်းနှင်လိုက်သည်။

ကျွန်တော်သည် ကျွန်တော့်မော်တော်ကား၏ နောက်ကြည့်မှန်မှနေ၍ အဝါရောင်မော်တော်ကားသေးသေးကို စိတ်တိုစွာ ကျွန်တော်ကြည့်လိုက်သည်။ သို့ရာတွင် တစ်စုံတစ်ခုသော အခြေအနေသည် ကျွန်တော် ရယ်သွမ်းသွေးလာရသည့်အထိ ဖြစ်ခဲ့ရသည်။

မော်တော်ဆိုင်ကယ်စီး ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် မော်တော်ဆိုင်ကယ်ဖြင့် အဝါရောင်မော်တော်ကားသေးသေး၏ နောက်က လိုက်လာခဲ့၏။ မီသော် အဝါရောင်မော်တော်ကားသေးသေး၏ ယာဉ်မောင်းနှင်နေသူကို မော်တော်ကားကို ရပ်တန့်ခိုင်းလိုက်သည်။

အကြောင်းမူကား ယာဉ်မောင်းသည် ယာဉ်အချက်ပြမီး အနီရောင်ပြသထားရှိသည်ကို ကျော်ဖြတ်မောင်းနှင်လိုက်သည့်အတွက် ဖြစ်သည်။

ထိုအခိုက်အတန့်မှာပင် ကျွန်တော်သည် ကျွန်တော်၏ မော်တော်ကားကို အရှိန်မြန်ဆန်နိုင်သမျှ မြန်ဆန်စွာ မောင်းနှင်လိုက်သည်။

ကျွန်တော့် မော်တော်ကား၏ နောက်ကြည့်မှန်မှတစ်ဆင့် အဝါရောင်မော်တော်ကားသေးသေး၏ယာဉ်မောင်းနှင့် မော်တော်ဆိုင်ကယ်စီး ရဲတပ်ဖွဲ့ဝင်တစ်ဦးတို့ အငြင်းအခုံ အချီအချဖြစ်နေကြသည်ကို တွေ့လိုက်ရပေသည်။

သို့နှယ် ကျွန်တော် တွေ့လိုက်ရသည့် မြင်ကွင်းသည် ပျော်ရွှင်ရယ်မောဖွယ်ရာ ကောင်းသော မြင်ကွင်းဖြစ်လာခဲ့ရသည်မှာ အချိန်အားဖြင့် ကြာရှည်ကြာမြင့်စွာ ရှိခဲ့ပေသည်။

ကျွန်တော်သည် ကျွန်တော်၏ မော်တော်ကားကို မန်ဆန်အဆောက်အအုံသို့ ဦးတည်ကာ ပျော်ပျော်ရွှင်ရွှင် မောင်းနှင်လာခဲ့သည်။ အကျဉ်းအကျပ်တစ်ခုထဲမှ ထွက်ပေါက်ရ လွတ်မြောက်ခဲ့ရသည့်အတွက် ဖြစ်သည်။ ကျွန်တော် သီချင်း ဟိုစပ်စပ် ဒီစပ်စပ်ပင် ဆိုလိုက်မိပါသေးသည်။ အကြောင်းမူ ကျွန်တော် ပျော်ရွှင်ခံစားနေရသည့်အတွက် ဖြစ်သည်။

xxx

***၁၁။ မန်ဆန်အဆောက်အအုံသို့ ခရီးတို***

သို့နှယ် ကျွန်တော်သည် မန်ဆန် အဆောက်အအုံသို့ ဦးတည်ကာ ပျော်ရွှင်စွာ မောင်းနှင်လာစဉ်မှာပင် ကျွန်တော်သည် အံ့အားသင့်မှု တစ်ရပ်နှင့် ကြုံဆုံခဲ့ရပြန်ပါသည်။

ကျွန်တော်သည် နောက်ကြည့်မှန်ထဲမှနေ၍ ကြည့်လိုက်မိသည်။ အဝါရောင်မော်တော် ကားသေးသေးလေးသည် ကျွန်တော်၏ မော်တော်ကားနောက်မှ အရှိန်မြန်ဆန်စွာ မောင်းနှင်ကပ်လိုက်လာပေသည်။

ကျွန်တော်သည်လည်း ကျွန်တော်၏ မော်တော်ကားကို မြန်ဆန်နိုင်သမျှ မြန်ဆန်စွာ မောင်းနှင်လိုက်ပေသည်။ သို့ရာတွင် အဝါရောင်မော်တော်ကားသေးသေးသည် ကျွန်တော်၏ မော်တော်ကားနှင့် နီးကပ်သည်ထက် နီးကပ်စွာ လိုက်ပါ မောင်းနှင်လာသည်။

ထိုအခိုက်အတန့်မှာပင် ကျွန်တော့်မော်တော်ကား၏ ရှေ့မှ ခွေးတစ်ကောင်သည် လမ်းကို ဖြတ်ကူးသွားနေပေသည်။ ကျွန်တော်သည် မော်တော်ကားရပ်တန့်သွားရန် ဘရိတ်ကို ခပ်ကြမ်းကြမ်း ဖမ်းလိုက်ပေသည်။ လမ်းသားနှင့် တာယာ ပွတ်တိုက်သွား၏။ အသံသည် စူးစူးဝါးဝါး ထွက်ပေါ်လာသည်။ ကျွန်တော်၏ မော်တော်ကားသည်လည်း လမ်းဖြတ်ကူးသော ခွေးကို ရှောင်တိမ်းရင်း ရုတ်တရက် ထိုးရပ်သွားခဲ့ပေသည်။

ထို့အတူ နောက်ယောင်ခံလိုက်နေသော အဝါရောင်မော်တော်ကားသေးသေးမှ ယာဉ်မောင်းသည်လည်း ယင်း၏ မော်တော်ကားကို ရပ်တန့်လိုက်ရန် ကြိုးစားလိုက်၏။ လမ်းသားနှင့် ကားတာယာတို့၏ ရုတ်တရက် ပွတ်ကြိတ်လိုက်သည့် အသံသည် စူးရှစွာ လွင့်ပျံ့ထွက်ပေါ်လာသည်။ အဝါရောင်မော်တော်ကားသေးသေးသည် ကျွန်တော်၏ အရွယ်အစားကြီးမားသော မီးခိုးရောင်မော်တော်ကားကြီးကို အရှိန်မထိန်းသိမ်းနိုင်စွာ နောက်ဘက်က ဝင်ရောက်တိုက်မိလိုက်ခြင်းပဲ ဖြစ်သည်။ အသံကျယ်လောင်စွာ ဖြစ်ပေါ်လာ၏။ တိုက်သံ ခိုက်သံ၊ လဲသံ ပြိုသံ၊ ဒုန်းခနဲ ဒိုင်းခနဲ တိုက်မိသည့် အသံ၊ ဆောင့်မိသည့် အသံ ထွက်ရှိလာ၏။

အဝါရောင် မော်တော်ကားသေးသေးအတွင်းမှ လူနှစ်ဦးသည် ထိခိုက် ဒဏ်ရာရရှိခဲ့ခြင်း မရှိပါပေ။

သို့ရာတွင် ယင်းတို့၏ အဝါရောင် မော်တော်ကားသေးသေး၏ ရှေ့ပိုင်းသည် ရုပ်ပျက်ဆင်းပျက် ထိခိုက်ကာ ပျက်စီးသွားပေသည်။ မော်တော်ကားထဲမှ ဆီများနှင့် ရေများသည် လမ်းပေါ်တွင် စီးဆင်းနေ၏။ မော်တော်ကားအတွင်းမှ ထွက်ရှိလာခြင်းဖြစ်သည်။

ကျွန်တော်၏ မော်တော်ကားကြီးသည် ပျက်စီးမှု မရှိပါပေ။ ကျွန်တော်သည် မော်တော်ကားထဲမှ ထွက်ရှိလိုက်၏။ ကျွန်တော်၏ မော်တော်ကားနောက်မှ အဝါရောင်မော်တော်ကားသေးသေးဆီသို့ ထွက်လာခဲ့သည်။

"ခင်ဗျားက ပိုပြီး သတိပြုသင့်တယ်"

ဟု ကျွန်တော်က အဝါရောင်မော်တော်ကားသေးသေး၏ ယာဉ်မောင်းသို့ ပြောလိုက်၏။

"ခင်ဗျားမောင်းနှင်လာတဲ့ပုံ... သိပ်ပြီး အန္တရာယ်ရှိတယ်၊ ကျွန်တော်...



www.burmeseclassic.com

www.burmeseclassic.com

အား မပျက်မစီး မချို့ယွင်းသွားတာက ဲ ခင်ဗျားအတွက် ကံကောင်းထောက်မ တာပါပဲဗျာ"

"ဒါပေမယ့်. . . ဒါပေမယ့်"

အဝါရောင် မော်တော်ကား သေးသေး၏ ယာဉ်မောင်းက စတင်၍ ပြောလိုက်သည်။ သို့ရာတွင် ကျွန်တော် သည် ယာဉ်မောင်းဖြစ်သူ ပြောလာမည့် စကားကို စောင့်ဆိုင်းနားမထောင်ပေ။

ကျွန်တော်သည် ကျွန်တော်၏ မော်တော်ကားကြီးဆီသို့ အလျင်အမြန် ပြန်လာခဲ့၏။ မော်တော်ကား အတွင်းသို့ နှင့်ဝင်လိုက်သည်။ မော်တော်ကားကို မောင်းနှင်ရသည်။ ကျွန်တော့်အနေ ဖြင့် အဝါရောင် မော်တော်ကား သေး သေး၏ အဖြစ်ကို နောက်ဆုံးမြင်တွေ့ လိုက်ရသည်မှာ မော်တော်ကားကို ယာဉ်မောင်းနှင့် အခြားတစ်ဦးသည် လမ်းဘေးတစ်ဖက် တွန်းရွှေ့နေခြင်းပဲ ဖြစ်သည်။

မကြာမီတွင် ကျွန်တော်သည် မန်ဆန် အဆောက်အအုံသို့ ရောက်ရှိ လာသည်။ အဆောက်အအုံအတွင်းသို့ ဝင်၏။ အဆောက်အအုံ အစောင့်ကို ရှာဖွေတွေ့ဆုံရန်ဖြစ်သည်။ ကျွန်တော် သည် အစောင့်ကို အဆောက်အအုံ၏ ထိုင်သည့် နေရာမှာမှ မမြင်မိပါပေ။

ထို့နောက် ကျွန်တော် တံခါး တစ်ခုကို သတိပြုမိလိုက်သည်။ တံခါး ပေါ်တွင် စာကပ်ထား၏။ "အစောင့်" ဟု၍ဖြစ်သည်။ ကျွန်တော်သည် တံခါး ဆီသို့ ဖြည်းညင်းစွာသွားလိုက်၏။ တံ ခါးခေါက်လိုက်၏။ အတွင်းမှ ပြန်ကြား သံ မရရှိခဲ့ပေ။ သို့ဖြင့် ကျွန်တော်သည် တံခါးဖြည်းလေးစွာ ဖွင့်လိုက်သည်။ အခန်းအတွင်းသို့ ကြည့်လိုက်၏။

အစောင့်သည် စားပွဲတွင် ထိုင် လျက် ရှိနေသည်ကို တွေ့လိုက်၏။ ထိုနေရာတွင် ယင်းသည် အိပ်ပျော်နေ၏။ ထိုင်လျက် အိပ်ပျော်နေခြင်း ဖြစ်၏။ ယင်း၏ ခြေနှစ်ဖက်သည် စားပွဲပေါ်၌ တင်ထားခြင်း ဖြစ်သည်။ ၎င်းသည် ကုလားထိုင်ကို နောက်မှီ၍ အိပ်ပျော်နေ ခြင်းပဲ ဖြစ်သည်။

ကျွန်တော်သည် အခန်းအတွင်း သို့ အလျင်အမြန်ဝင်သည်။ သို့ရာတွင် ဖြည်းညင်းစွာဖြင့် ချဉ်းကပ်မှုလည်း ပြု သည်။ ကျွန်တော် တံခါးကို ပိတ်လိုက် သည်။ ကျွန်တော်သည် စားပွဲအနီးသို့ တိုးကပ်သွား၏။ တယ်လီဖုန်းအနီးတွင် စာရွက်အပိုင်းအစတစ်ခုရှိနေသည်ကို သတိပြုမိလိုက်သည်။ စာရွက်အပိုင်း အစပေါ်တွင် တယ်လီဖုန်း နံပါတ်တစ်ခု ကို ရေးသားထား၏။ ၃၂၃-၀၃၁၃ ဖြစ်သည်။

"လပ်စ်ကာဘာနာစ်ကလပ်"

ကျွန်တော့်ဘာသာ ကျွန်တော် ပြောလိုက်မိ၏။

"ညကလပ်ရဲ့ တယ်လီဖုန်းနံပါတ် ပါပဲ"

ကျွန်တော်သည် အိပ်ပျော်နေ သော အစောင့်ကို မနှိုးနေတော့ပေ။ ကျွန်တော် အခန်းထဲမှ ထွက်လာခဲ့၏။ ကျွန်တော်သည် မည်သည်ကို သိချင်မှု ရှိနေသည်ကို တွေ့ရှိ သိရှိလိုက်ရပြီး ဖြစ်သည်။

ကျွန်တော်၏ ဦးခေါင်းကို ထိုး နှက်သွားခဲ့သော လူနှစ်ဦးသည် လပ်စ် ကာဘာနာစ်ကလပ်မှ ရောက်ရှိလာ ကြသည်မှာ ဖြစ်ကောင်းဖြစ်နိုင်ပါ၏။ ကျွန်တော်သည် အီလာနီဂါဖီလ် နေ ထိုင်ရာ အခန်းသို့ သွားရောက်နေစဉ် အတောအတွင်းတွင် အစောင့်သည် ကျွန်တော်၏ ဦးခေါင်းကို ထိုးရိုက်သွား ခဲ့ကြသော သူနှစ်ဦးထံသို့ တယ်လီဖုန်း ဖြင့် ဆက်သွယ်သတင်းပေးပို့မှု ပြုမည် ပင်ဖြစ်သည်။

ယခုအခါတွင် ကျွန်တော်သည် လပ်စ်ကာဘာနာစ်ကလပ်ကို အလွန် စိတ်ဝင်တစား ဖြစ်နေမိပါသည်။ ထို ကလပ်သို့ အီလာနီဂါဖီလ်သည် ဆူဇီ နှင့်အတူ သွားရောက်ခဲ့၍ ကကြ ခုန်ကြ သည့် အလေ့အလာရှိနေခဲ့ပေသည်။ ဘင်ဂရီသည် ၎င်း အသတ်မခံရသေးမီ အချိန်ကာလတွင်း အဆိုပါ ညကလပ်၌ တာဝန်ထမ်းဆောင်ခဲ့၏။

ဟီလင်ဂါဖီလ်သည် ညကလပ် ၌ ညဆယ့်တစ်နာရီခွဲတွင် ကျွန်တော် နှင့် တွေ့ဆုံရန် အချိန်းအချက် ပြုထား ခဲ့သည် မဟုတ်ပါလား။ ယခုအခါတွင် မန်ဆန်အဆောက်အအုံ၏ အစောင့်၊ ကျွန်တော့်ခေါင်းကို ထိုးနှက်သွားခဲ့သော လူနှစ်ဦး စသည်တို့သည် လပ်စ်ကာ ဘာနာစ် ညကလပ်နှင့် အချိတ်အဆက် ရှိနေကြသည့်သူများပင် ဖြစ်နေကြပြန် ပါသည်။

ကျွန်တော်သည် အိမ်သို့ပြန်ပါ သည်။ ရေချိုး သန့်စင်၏။ အဝတ်အစား လဲလှယ်ဝတ်ဆင်၏။ ညနေစာ စားသုံး လိုက်သည်။ ည ၁၁ နာရီတိတိတွင် ကျွန်တော်သည် အပြင်သို့ ထွက်လိုက် ၏။ ကျွန်တော်သည် လပ်စ်ကာဘာနာစ် ညကလပ်သို့ ည ၁၁ နာရီခွဲ အရောက် သွားရောက်ရမည် မဟုတ်ပါလား။ ဟီလင်ဂါဖီလ်နှင့် တွေ့ဆုံရမည် မဟုတ် ပါလား။ ဟီလင်ဂါဖီလ်သည် ကျွန်တော့် ကို စာရေးသား ချိန်းဆိုထားခဲ့သည် မဟုတ်ပါလား။

လပ်စ်ကာဘာနာစ် ညကလပ် အဆောက်အအုံ၏ အပြင်ဘက်တွင် မော်တော်ကားပေါင်း အမြောက်အမြား ထိုးရပ်ထားရှိကြပါသည်။ ကျွန်တော်၏ မီးခိုးရောင် မော်တော်ကားကြီးကို ထိုး ရပ်ထားရှိရန် နေရာရရှိလိုက်သည်မှာ လပ်စ်ကာဘာနာစ်ညကလပ်အဆောက် အအုံနှင့် အလှမ်းဝေးသော နေရာတွင် ဖြစ်နေပေသည်။

ကျွန်တော်သည် ညကလပ် အဆောက်အအုံသို့ လမ်းပြန်လျှောက် လာစဉ်တွင် မိုးကြီးသည်းသည်းထန်ထန် ရွာသွန်းစပြုနေပြီ ဖြစ်သည်။

ကျွန်တော်သည် ညကလပ် အဆောက်အအုံ၏ ဝင်ပေါက်တံခါးကို ခေါက်လိုက်၏။ တံခါးရွက်အပေါ်တွင် ထည့်သွင်းပြုလုပ်ထားသော ချောင်း ကြည့်ပေါက် တံခါးပွင့်သွား၏။ ချောင်း



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပေါက်မှ မျက်နှာတစ်ခု ပေါ်လာ၏။ ကျွန်တော့်ကို တစ်မိနစ်ခန့်မျှ စူးစိုက်ကြည့်နေ၏။

တံခါးပွင့်သွားသည်။ ကျွန်တော် တံခါးအတွင်းသို့ ဝင်လိုက်၏။ ကလပ်အတွင်း၌ ရှင်းလင်း ခြောက်ကပ်မနေတော့ပေ။ သန့်ရှင်းသပ်ရပ်စွာ လှသူစည်ကားစွာရှိနေသည်။ ဖျော့တော့သည့် မီးအလင်းရောင်သည် လည်းကောင်း၊ ချိုလွင်သော တေးဂီတသံသည်လည်းကောင်း ညကလပ်၏ အသွင်အပြင်ကို လုံးလုံးလျားလျား အပြောင်းအလဲဖြစ်သွားစေခဲ့ပေသည်။ ကျွန်တော် မတ်တတ်ရပ်နေလိုက်သည်။ ဘေးပတ်လည်သို့ အကြည့်ရောက်ရှိမိသည်။ ကပွဲကြမ်းခင်းအသေးစား တစ်ခုအပေါ်တွင် လူအချို့ ကခုန်လျက်ရှိနေကြသည်။

ခေတ်ပေါ်တေးဂီတအဖွဲ့သည် အကြီးစားထဲက မဟုတ်ပေ။ အကောင်းကြီးထဲကလည်း မဟုတ်ပေ။ ကွယ်လွန်သွားသော ဘင်ဂရီ၏နေရာတွင် ဒရမ်သမားအသစ်တစ်ယောက်ကို ဖြည့်တင်းထားရှိပေသည်။

ကပွဲကြမ်းခင်း ပတ်ပတ်လည်တွင် လူအုပ်စုများစွာသည် စားပွဲနိမ့်များကို ဝိုင်းရံထိုင်နေကြလျက်ရှိသည်။ ကပွဲ ကြမ်းခင်း၏ ယာဘက်တွင် စားပွဲများ ပိုမိုခင်းကျင်းထားရှိ၏။ ထိုစားပွဲများ နေရာ၌ လူအများသည် စားစားသောက်သောက်ရှိနေကြ၏။ စားပွဲများ၏ နောက်ဘက်တွင် တံခါးနှစ်ပေါက်ရှိနေသည်။ စားပွဲများသည် မီးဖိုဆောင်ဘက်သို့လည်း တူရူပြုစွာ ရှိနေကြ၏။ ကပွဲကြမ်းခင်းအနီးတွင် တည်ခင်းထားသော စားပွဲတစ်လုံးတွင် ကျွန်တော် နေရာယူထား၏။ ထိုနေရာသည် အခန်းအတွင်း၌ မှောင်ရိပ်ကျနေပေသည်။ ကျွန်တော်သည် စောင့်ဆိုင်းနေပါသည်။

xxx

၁၂။ လပ်စ်ကာဘာနာစ်

အတိအကျပင် ညဆယ့်တစ်နာရီခွဲတွင် ဟီလင်ဂါဖီလ်သည် လပ်စ်ကာဘာနာစ် ညကလပ်သို့ ရောက်ရှိလာ၏။ သူမသည် လှပမြဲ လှပနေသည်။ သို့ရာတွင် သောကရောက်ရှိနေသည့် အခြေအနေ ဖြစ်ပုံပေါ်နေ၏။

သူမ၏ မျက်လုံးပြာအစုံသည် ကျွန်တော့်ကို တွေ့မြင်သွားခဲ့သည့်တိုင် အခန်းအတွင်းကို ဝေ့ဝဲကြည့်ရှုနေလိုက်ပေသည်။ ထို့နောက် သူမသည် ပြုံးယောင်ယောင်ဖြစ်သွားခဲ့၏။ သူမသည် အခန်းအတွင်းသို့ ဝင်ရောက်လာ၏။ စားပွဲတွင် ထိုင်လိုက်၏။ သူမသည် ကျွန်တော်၏ ဘေးဘက်တွင် နေရာယူလိုက်၏။ သူမသည် ကနေ ခုန်နေကြသည့်သူများသို့ နောက်ခိုင်းထားသည်။ ယင်းထဲတွင် အိတ်တစ်အိတ်ပါရှိလာသည်။ အိတ်ကို ယင်း၏ ဘေးဘက် ကြမ်းခင်းပေါ်၌ ချထားလိုက်သည်။ သူမသည် ပြုံးမနေတော့ပါ။

"ဒီနေ့ မွန်းလွဲပိုင်းမှာ ရှင် ဘယ်ရောက်နေသလဲ မစ္စတာဆင်မြူယယ်"

ဟီလင်ဂါဖီလ်သည် တဲ့တိုး ပြောပြောလိုက်သည်။

"ကျွန်မဟာ ရှင့်ကို တစ်နေ့ ဒေါ်လာငါးဆယ် ပေးထားတာနော်၊ အဲဒီငွေကြေးအတွက် ရှင့်ဘက်က တုံ့ပြန်လာရမှာက ကျွန်မက ရှင့်ကို ဘာလုပ်ဖို့ ပြောထားသလဲ၊ အဲဒီအတိုင်း ပြန်လုပ်ပေးဖို့ပါပဲ။ ဒီနေ့ ငါးနာရီမှာလဲ ရှင့်ရဲ့ ရုံးခန်းထဲမှာ ရှင် မရှိပြန်ဘူး မဟုတ်လား"

ကျွန်တော် သက်ပြင်းချလိုက်မိသည်။

"ကောင်းပါပြီတဲ့ မစ္စဂါဖီလ်"

ဟု ကျွန်တော်က ပြောလိုက်၏။

"ရှည်ရှည်ဝေးဝေးကြီး ပြောစရာပါပဲ၊ တစ်ခုခု သောက်လိုက်ကြစို့၊ ပြီးတော့ ဖြစ်ကြောင်းကုန်စင်ကို ခင်ဗျားကို ပြောပြမယ်"

စားပွဲထိုးတစ်ဦးရောက်ရှိလာသည်။ ကျွန်တော် စားစရာအချို့ကို မှာလိုက်သည်။ စားပွဲထိုး ပြန်လည်ထွက်သွား၏။

လှပတင့်တယ်သော ဥရောပတိုက်သူ အမျိုးသမီးချောက . . .

"ကဲ စလိုက်ကြရအောင် မစ္စတာဆင်မြူရယ်လ်၊ ကျွန်မကို ပြောပါ"

"အိုကေ"

ကျွန်တော်က ပြောလိုက်သည်။

"ဒါပေမယ့် ကျွန်တော့်ကို မစ္စတာ ဆင်မြူယယ်လ်လို့ ခေါ်နေမပြောနေတာကို ရပ်ဆိုင်းလိုက်ပါတော့၊ ကျွန်တော့်ကို လင်းရယ်လို့ပဲ ခေါ်ပါ၊ ပြောပါ၊ ကျွန်တော့်သူငယ်ချင်းတွေ အားလုံးကလဲ လင်းလို့ပဲ ခေါ်ဝေါ်ကြတယ်"

"ကျွန်မဟာ ရှင့်ရဲ့ သူငယ်ချင်းတစ်ယောက် မဟုတ်ဘူးလေ မစ္စတာဆင်မြူယယ်လ်" ဟု ဥရောပတိုက်သူ မိန်းမချောက အေးစက်စက်လေသံဖြင့်ပင် ပြောသည်။

"ကျွန်မအတွက် ရှင်အလုပ်လုပ်ပေးဖို့ ငွေတွေ အများကြီးပေးထားတယ် မဟုတ်လား"

"တစ်နေ့ကို ဒေါ်လာငါးဆယ်ဆိုတဲ့ ငွေကြေးဟာ ခင်ဗျားက ကျွန်တော့်အပေါ် ရိုင်းရိုင်းပျပျ ဖြစ်နေတာကို ခွင့်မပြုနိုင်ဘူး"

ကျွန်တော်က အေးဆေးစွာ တုံ့ပြန်ပြောဆိုလိုက်ပါသည်။

"လွန်ခဲ့တဲ့ နှစ်ဆယ့်လေးနာရီက ကျွန်တော့်ရဲ့ ဦးခေါင်းဟာ ထိုးတာ နှက်တာ ခံခဲ့လိုက်ရတယ်၊ လူသတ်သမားရယ်လို့လဲ သင်္ကာမကင်းဖြစ်ခံခဲ့ရသေးတယ်"

"ရှင် ဘာကို ဆိုလိုတာလဲ"

အမျိုးသမီးက မေးမေးဖြေဖြေဖြင့် သူမ၏ ကိုယ်ကို ကျွန်တော့်ဘက်သို့ ကိုင်းညွတ်လိုက်ပါသည်။

"လူသတ်သမား ဟုတ်လား"

ထိုခဏတွင် စားပွဲထိုးသည် သောက်ဖွယ်ရာများကို ယူလာခဲ့၏။ ကျွန်တော်နှင့် ဟီလင်ဂါဖီလ်သို့ နှစ်ဦးသည် စားပွဲထိုး ပြန်လည်၍ ထွက်သွားသွားသည့်အထိတိုင် တစ်ဦးနှင့် တစ်ဦး





www.burmeseclassic.com

www.burmeseclassic.com

စကားမပြောမဆို နှုတ်ဆိတ်နေလိုက်မိကြ၏။

ထိုနောက်မှ ကျွန်တော်က "ဟီလင်ဂါဖီလ်" အား မန်ဆန် အဆောက်အအုံအတွင်းရှိ ယင်း၏ အစ်မ နေထိုင်ရာ အိမ်ခန်းသို့ သွားရောက်ခဲ့သည့် အကြောင်းကို ပြောပြ၏။ မန်ဆန် အဆောက်အအုံ၌ လူနှစ်ယောက်သည် မိမိအား ဖမ်းဆီးသည့် အကြောင်းကိုလည်း ထည့်သွင်း ပြောပြလိုက်သည်။

ကျွန်တော် ပြောပြနေသည်တို့ကို ဟီလင်ဂါဖီလ်သည် တိတ်ဆိတ်စွာ နားထောင်နေခဲ့၏။

"ခင်ဗျာ ခေတ်ပေါ်တေးဂီတအဖွဲ့ကို စိတ်ဝင်စားရဲ့လား မစ္စဂါဖီလ်"

ကျွန်တော်က မေးမြန်းလိုက်သည်။

"ကျွန်မ ဒီကိုလာခဲ့တာ ခေတ်ပေါ်တေးဂီတအဖွဲ့နဲ့ ပတ်သက်တာ ပြောဖို့ ဆိုဖို့ မဟုတ်ဘူး"

ဟု ဥရောပတိုက်သူ အမျိုးသမီး ဟီလင်ဂါဖီလ်သည် ဒေါသတကြီးဖြစ်သည်။

"ဒီညခေတ်ပေါ်တေးဂီတအဖွဲ့မှာ ဒရမ်တီးတဲ့သူဟာ လူသစ်တစ်ဦးပဲ"

ဟု ကျွန်တော်က ပြောလိုက်သည်။

"ဘာကြောင့်လဲဆိုတော့ ခေတ်ပေါ်တေးဂီတအဖွဲ့မှာ ဒရမ်တီးတဲ့လူဟောင်းဟာ သူ့ရဲ့ ရေချိုးခန်းထဲမှာ သေဆုံးနေတာကို ကျွန်တော်ဒီနေ့မနက်မှာ တွေ့မြင်ခဲ့ရလို့ပါပဲ"

ရွှေရောင်ဆံပင်နှင့် ဥရောပတိုက်သူ မစ္စဟီလင်ဂါဖီလ်က ခေတ်ပေါ် တေးဂီတအဖွဲ့ရှိရာသို့ အလျင်အမြန်လှည့်လိုက်၏။ အကြည့်ရောက်သည်။ သူမသည် သူမ ဘာသာ တစ်စုံတစ်ခုကို ပြောဆိုနေ၏။ သူမ ဘာကို ပြောဆိုနေသည်ကို ကျွန်တော်မကြားမသိပါ။ သူမသည် ယာလက်ကို ပင့်မြှောက်လိုက်သည်။ သူမ၏ ဆံပင်ကို ပွတ်သပ်နေလိုက်သည်။ သူမ ကို ကြည့်ရသည်မှာ ကြေကွဲဝမ်းနည်းနေသည့် အသွင်ရှိနေ၏။ အလွန်သောကရောက်ရှိနေသည့် ပုံပန်းလည်းဖြစ်နေ၏။

"ဘာလဲ ဒရမ်တီးတဲ့သူ သေတဲ့လူ နာမည်"

ဟု ဟီလင်ဂါဖီလ်က မေးမေးစမ်းစမ်းပြု၏။

"ဂရီ"

ကျွန်တော်က ပြောလိုက်သည်။

"ဘင်ဂရီ ကျွန်တော် မထင်မိဘူး ခင်ဗျားဟာ ဘင်ဂရီကို သိရှိနေတယ်ဆိုတာ ခင်ဗျား ဟုတ်တယ် မဟုတ်လား"

"ဟီလင်ဂါဖီလ်သည် သူမ၏ ခေါင်းကို ခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

သူမက ပြောလိုက်သည်။

ကျွန်တော်က သူမကို ရဲစခန်းတွင် ကျွန်တော်မည်သို့ မည်ပုံဖြစ်ပျက်ခဲ့သည်တို့ကို ပြောပြလိုက်သည်။ ထို့နောက် ကျွန်တော်က ဆက်လက်၍ အဝါရောင် မော်တော်ကားသေးသေး တစ်စင်းဖြင့် ကျွန်တော့်အား ရဲတပ်ဖွဲ့ဝင်များက နောက်ယောင်ခံလိုက်ကြသည့် အဖြစ်ကိုလည်း ပြောပြလိုက်သည်။

"သူတို့ ရှင့်ကို နောင်ယောင်ခံလိုက်နေဆဲပဲဆိုတာကို ရှင်ထင်မြင်နေသလား"

ဟု ဥရောပတိုက်သူက စကားသောပါးမေး၏။ ထို့နောက် ကလပ်အဝန်းအဝိုင်းကို ဝေ့ဝဲကြည့်လိုက်သည်။ ကျွန်တော်က သူမအား ကျွန်တော်သည် အဝါရောင်မော်တော်ကား သေးသေး နောက်ယောင်ခံလိုက်ပါလာနေသည့် ဖြစ်စဉ်တွင် မည်သို့မည်ပုံ လွတ်မြောက်ခဲ့ရသည်ကို ပြောပြသည်။

"မစ္စဂါဖီလ်"

ဟု ကျွန်တော်က စကားကို ဆက်လိုက်သည်။

"အခုအချိန်ဟာ ကျွန်တော်က ခင်ဗျားကို မေးခွန်းနည်းနည်းပါးပါး လောက်မေးရမြန်းရမယ့် အချိန်ပဲ၊ ခင်ဗျားရဲ့အစ်မ အခုထိ ပျောက်ဆုံးနေတဲ့ အခြေအနေမှာ အကြောင်းအချက် တချို့တလေ ရှိနေကြတယ်၊ အဲဒါတွေဟာ ကျွန်တော့်ကို စိတ်အနှောင့်အယှက် ပေးနေတယ်၊ အဲဒါတွေနဲ့ ဆက်စပ်ပြီး ကျွန်တော် ခင်ဗျားကို မေးချင် စမ်းချင်တယ်"

"ကောင်းပြီလေ"

မစ္စဟီလင်ဂါဖီလ်က ပြောသည်။

"ဒါပေမယ့် ကျွန်မ ရှင့်ကို ကူညီနိုင်မယ်ရယ်လို့ ကျွန်မ မထင်ဘူး၊ ဒီနေရာမှာ အီလာနီရဲ့ ဘဝအကြောင်းကို ကျွန်မအနေနဲ့ များများစားစား မသိပါဘူးနော်၊ လော့အင်ဂျလိလက်စ်မြို့နဲ့ စပ်ဆိုင်တာတွေကိုလဲ ကျွန်မ အများကြီး မသိဘူး"

ကျွန်တော်သည် ကုလားထိုင်ကို နောက်မှီထိုင်လိုက်သည်။ မစ္စဟီလင်ဂါဖီလ်ကို ကြည့်လိုက်၏။ ဤလှပ ချောမောသော ဥရောပတိုက်သူအမျိုးသမီးသည် ကျွန်တော့်ကို တစ်နေ့လျှင် ဒေါ်လာငါးဆယ်မျှ ပေးနေပါသည်။ ယင်း၏ ပျောက်ဆုံးလျက်ရှိနေသော အစ်မကို ပြန်လည်၍ ရှာဖွေပေးရန်အတွက်ဖြစ်၏။ ထို့နောက် ကျွန်တော်သည် မစ္စဟီလင်ဂါဖီလ်အား အလွန်အေးဆေးစွာဖြင့် မေးခွန်းအချို့ကို စတင်၍ မေးမြန်းပါသည်။

"ခင်ဗျားဟာ လော့အင်ဂျလိလစ်မြို့နဲ့ စပ်လျဉ်းပြီး ကောင်းကောင်း မသိရှိဘူးလား"

ကျွန်တော်က စတင်၍ မေးခွန်း ထုတ်လိုက်ပါသည်။

"မသိရှိဘူး"

အမျိုးသမီးက အဖြေပေးသည်။

"ဒါပေမယ့် ခင်ဗျားဟာ ခင်ဗျားရဲ့အစ်မ အီလာနီ အလုပ်လုပ်ကိုင်တဲ့ နေရာကိုတော့ ဘယ်နေရာ ရှိနေလဲဆိုတာ ရှာနိုင်ဖွေနိုင်သားပဲ" ဟု ကျွန်တော်က ဆက်လက်၍ ပြောဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား လွန်ခဲ့တဲ့ အင်္ဂါနေ့က မိုင်ယာနဲ့ မိုင်ယာ ရွှေနေမျှားလုပ်ငန်းခွင်ကို သွားရောက်ပြီး အီလာနီဂါဖီလ်နဲ့ ပတ်သက်ပြီး ဘာတွေများ သိရှိနေကြသလဲဆိုတာကို ခင်ဗျား မေးလားမြန်းလားလုပ်ခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

အမျိုးသမီးက ဖြေသည်။ ကျွန်တော့်အားလည်း နီးကပ်လုနီးပါး ကြည့်လိုက်၏။

"မိုင်ယာနဲ့ မိုင်ယာ ရွှေနေလုပ်ငန်းမှာ ခင်ဗျားဟာ ဘယ်သူနဲ့ စကားပြောဆိုခဲ့သလဲ"

ကျွန်တော်က မေးလိုက်၏။

"ဆူဇီနဲ့လား"

"မဟုတ်ဘူး"

အမျိုးသမီးက ဖြေသည်။

"ကျွန်မ မစ္စတာမိုင်ယာနဲ့ပဲ ပြောဆိုခဲ့ပါတယ်"

"ကျွန်တော် ခင်ဗျားကို ထပ်ပြီး မေးချင်ပါသေးတယ်"

ကျွန်တော်က ပြောလိုက်သည်။

"ကျွန်တော်ဟာ အီလာနီဂါဖီလ်ရဲ့ အိမ်ခန်းကို သွားတဲ့အခါမှာ တစ်စုံတစ်ခုဟာ သမားရိုးကျအတိုင်း မဟုတ်တာကို ကျွန်တော် သတိပြုမိခဲ့ပါတယ်၊ မတ်ရပ်အဝတ်ဗီရိုကြီးထဲမှာ အဝတ်အစား နည်းနည်းပါးပါးလောက်ပဲရှိနေပါတယ်၊ အဲဒီပုံပန်းဟာ ခင်ဗျားရဲ့အစ်မကိုယ်တိုင်က သူ တိတ်တဆိတ် ကိုယ်ယောင်ဖျောက်နေမယ်၊ ပျောက်ဆုံးနေတဲ့အသွင် ဖော်ဆောင်မယ်ဆိုပြီးကြံရွယ်ချက်နဲ့ ဂရုတစိုက်ထုပ်ပိုးသွားတာပဲဆိုတာ ပြနေဟာယ်၊ ခင်ဗျားရဲ့ အစ်မဟာ သူရဲ့ အဝတ်အစားတွေကိုပါ ယူသွားတယ်"

"ကျွန်မ နားလည်ပြီ"

အမျိုးသမီးက ပြောပြောဆိုဆို ညကလပ်အဝန်းအဝိုင်းကို ဝေ့ဝဲကြည့်လိုက်၏။ ကျွန်တော်က သူမ၏အကြည့်သည် ကျွန်တော့်ထံသို့ ပြန်လည်ရောက်ရှိလာသည်ထိ စောင့်ဆိုင်းနေမိသည်။

"ခင်ဗျား ဒီနေရာကို ကြိုက်ရဲ့လား"ဟု ကျွန်တော်က မေးလိုက်သည်။

"ဟုတ်ကဲ့"

သူမက ပြောသည်။

"ကျွန်တော်လဲပဲ ကြိုက်ပါတယ်"

ဟု ကျွန်တော်က ပြောလိုက်သည်။

"ဒါပေမယ့် တစ်စုံတစ်ခုဟာ ကျွန်တော့်စိတ်ကို အနှောင့်အယှက်ဖြစ်စေ တယ်၊ ကျွန်တော်မေးခွန်းတစ်ခု ထပ်ပြီး မေးချင်ပါတယ်၊ ခင်ဗျားစိတ်ထဲ ဘဝင်မကျများ ဖြစ်နေမှာလား"

"မဟုတ်တာ"

အမျိုးသမီးက ဖြေ၏။

"ကောင်းပြီဗျာ"

ကျွန်တော်က အစပျိုးလိုက်၏။

"ကျွန်တော် အံ့ဩနေမိတယ်၊ ဘာအကြောင်းကြောင့်များ ခင်ဗျားဟာ ကျွန်တော့်ကို ဒီနေရာ လပ်စ်ကာဘာနာစ်ညကလပ်မှာ တွေ့ကြ ဆုံကြဖို့ အချိန်းအချက်ပြုလိုက် ရတာလဲ"

ဟီလင်ဂါဖီလ်သည် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်၏။ သူမ ထိုင်နေသော ကုလားထိုင်ကိုလည်း နောက်သို့ တွန်းရွှေ့လိုက်သည်။

"ရှင် ကျွန်မကို တစ်မိနစ်လောက် ခွင့်ပြုပါ"

ဟီလင်ဂါဖီလ်က ပြောလာ၏။ သူမသည် ဗြမ်းခင်းပေါ်တွင် ချလာသော သူမ၏ အိတ်ကို ကောက်ယူလိုက်သည်။ ထို့နောက် အမျိုးသမီးများ သန့်စင်ခန်းရှိရာသို့ ရှေးရှုသွားလိုက်၏။ အမျိုးသမီး သန့်စင်ခန်းသည် အခန်းဝင်ပေါက်နှင့် နီးကပ်သည်။

"ခင်ဗျား တခြားသောက်စရာ တစ်ခုခုပြောင်းလဲ သောက်မလား"

ဟု ကျွန်တော်က သူမ နေရာမှ အထွက်တွင် နောက်မှ လှမ်းပြောလိုက်၏။

"ဟုတ်ကဲ့ရှင့် ကျေးဇူး"

သူမသည်လည်း သမင်လည်ပြန် ကြည့်ရှုပြောဆိုလိုက်သည်။

ကျွန်တော်သည် သောက်ဖွယ်ရာ နှစ်မျိုးကို မှာကြားလိုက်၏။ ထို့နောက် ကျွန်တော့်ကုလားထိုင်တွင် ကျွန်တော် ပြန်ထိုင်လိုက်သည်။ ကျွန်တော်သည် ညကလပ်အသိုက်အဝန်းသို့ စွေစောင်းကြည့်ရှုလိုက်၏။ သန်းခေါင်အချိန်သို့ ရောက်ရှိလုပြီဖြစ်သည်။

×××

၁၃။ ထွက်ခွာသွားသော ဟီလင်ဂါဖီလ်

ကျွန်တော်သည် ညကလပ်ခန်းမ ကပွဲကျင်းပရာ သီးသန့်နေရာ အနီးအနားမှာပင် ထိုင်မြဲ ထိုင်နေလျက်ရှိသည်။ ဟီလင်ဂါဖီလ် တစ်ယောက် အမျိုးသမီး သန့်စင်ခန်းမှ ကျွန်တော်ရှိရာ စားပွဲသို့ ပြန်အလာကို ကျွန်တော် စောင့်ဆိုင်းနေမိခြင်းလည်း ဖြစ်သည်။

ကျွန်တော် အစောပိုင်းက သူမသို့ မေးလိုက်သော မေးခွန်းအတွက် တုံ့ပြန်လာမည့် အဖြေကို ကျွန်တော် စိတ်စောနေ၏။ မည်သည့်အကြောင်းကြောင့် သူမသည် ကျွန်တော့်ကို ဤ လပ်စ်ကာဘာနာစ် ကလပ်သို့လာရောက်၍ သူမနှင့် တွေ့ဆုံပါရန် ချိန်းဆိုပြုခဲ့သည့် အနေအထားကို ကျွန်တော်သိရှိလိုလှပါသည်။ ကခုန်နေကြသော လူအများကိုလည်း ကျွန်တော် ဝေ့ဝဲကြည့်ရှုလိုက်ပါသည်။

ကပွဲကျင်းပရာ သီးသန့်နေရာ၏ ဟိုမှာဘက်တွင်မူ လူအများသည် စားပွဲများတွင် ထိုင်နေကြ စားသောက်နေကြသည်ကိုလည်း ကျွန်တော်တွေ့မြင်နေရ၏။ မီးဖိုခန်းသို့ အဝင်တံခါးနှစ်ပေါက် အဝင်အထွက် စားပွဲထိုးများသည် ဝင်သူကဝင် ထွက်သူကထွက်ဖြင့်မှာကြားထားရှိသော စားသောက်ဖွယ်ရာများကို စားပွဲများသို့ အရောက်ဝန်ဆောင်မှုပြုပေးကြ၏။

ကျွန်တော်သည် ကျွန်တော့်နာရီကို ထပ်မံကြည့်ရှုလိုက်သည်။ သန်းခေါင်ကျော် ဆယ့်နှစ်မိနစ်ရှိနှင့် ငါး

www.burmeseclassic.com

မိနစ်ဖြစ်သည်။ ဟီလင်ဂါဖီလ်တစ်ယောက် အမျိုးသမီးသန့်စင်ခန်းသို့ သွားရောက်နေလိုက်သည်မှာ အချိန်ကြာရှည် ကြာမြင့်စွာ ယူနေလွန်းပေသည်။ ကျွန်တော်၏ ထပ်မံမှာကြားထားသော သောက်ဖွယ်ရာကိုပင် သောက်သုံးပြီးစီးခဲ့ပြီး နောက်တစ်ခါ ထပ်မံမှာကြားရပြန်သည်။

ဆယ့်နှစ်နာရီနှင့် ဆယ်မိနစ်တိုင်ခဲ့ပြီးဖြစ်သည်။ ဟီလင်ဂါဖီလ်သည် စားပွဲသို့ ပြန်လည်မရောက်ရှိ လာသေးပေ။ ကျွန်တော် ထိုင်နေရာမှ ထလိုက်ပါသည်။ ဝင်ပေါက်တံခါးမသို့ သွား၏။ လူတစ်ယောက်သည် ဝင်ပေါက်တံခါးမ အနီးအပါး၌ မတ်တတ်ရပ်လျက်ရှိနေ၏။ ကျွန်တော်က ထိုသူအား ဟီလင်ဂါဖီလ်ကို မြင်တွေ့မိပါသလား ဟူ၍ မေးလိုက်၏။

"မျက်လုံးပြာနဲ့ လှပတဲ့ ဉရောပတိုက်သူလေးကိုလား"

ထိုသူက ကျွန်တော့်အား ပြန်လည်မေးပါသည်။

"ဟုတ်ပါတယ်"

ကျွန်တော်က ပြောလိုက်၏။

"အဲဒီအမျိုးသမီး ထွက်သွားပြီလေ၊ ဆယ့်တစ်နာရီလေးဆယ့်ငါးမိနစ်လောက်ကပါပဲ"

ဟု ထိုသူက ပြောသည်။

"ခင်ဗျား သေချာရဲ့လား"

ကျွန်တော်က ထိုသူ့ကို မေးသည်။

"သေချာပါတယ်၊ အဲဒီအမျိုးသမီးကတောင် သူစီးသွားဖို့ အငှားယာဉ်တစ်စီး ငှားခိုင်းပါသေးတယ်"

"ခင်ဗျားများ ကြားမိကောင်းကြားမိလိုက်သလားဗျာ၊ အဲဒီအမျိုးသမီးက အငှားယာဉ်မောင်းကို သူသွားမယ့် လိပ်စာတစ်ခုကို ပြောဆိုလိုက်တာကို"

ဟု ကျွန်တော်က ဒရေဒသောပါး မေးလိုက်၏။ ထိုသူသည် ခေါင်းခါလိုက်၏။

"မကြားမိပါဘူး"

ဟု ထိုသူကပြော၏။

"ကျွန်တော်ဝမ်းနည်းပါတယ်"

ကျွန်တော်သည် ထိုသူအား ကျေးဇူးစကားဆိုလိုက်၏။ ကျွန်တော်၏ စားပွဲသို့ ကျွန်တော် ပြန်လာခဲ့သည်။

"ဘာဖြစ်လို့များ ဟီလင်ဂါဖီလ်ဟာ ငါ့ကို တစ်လုံးတလေတောင် မပြောမဆိုဘဲ ထွက်သွားရတာလဲ"

ဟု ကျွန်တော်က ကျွန်တော့်ကိုယ် ကျွန်တော် ပြန်လည်မေးခွန်းထုတ်နေလိုက်မိသည်။

"ဖြစ်ကောင်း ဖြစ်နိုင်တာကတော့ ငါက သူ့ကို မေးမြန်းလိုက်တဲ့ မေးခွန်းတချို့တလေဟာ သူ့ကို စိတ်ဆိုးမာန်ဆိုးဖြစ်သွားစေခဲ့တာပဲ ဖြစ်မယ်"

ထိုခဏမှာပဲ ကပွဲသီးသန့် နေရာသို့ ဦးတည်လာနေသော လူတစ်ယောက်ကို တွေ့လိုက်ရ၏။ ထိုလူသည် ကျွန်တော့်ထံသို့ တိုက်ရိုက်လာနေသော လူတစ်ယောက်ဖြစ်နေ၏။ ကျွန်တော်သည် ထိုလူကို မှတ်မိနေ၏။ ၎င်းသည် ပုနိမ့်သောလူတစ်ယောက်ဖြစ်သည်။ ၎င်း၏ ဆံပင်သည်နီ၏။

ထိုလူသည် ကျွန်တော့်ကိုကြည့်နေ၏။ ထို့နောက် ပြုံးပြပါသည်။ ထိုလူ၏အကြည့်၊ ထိုလူ၏အပြုံးသည် အတိအကျဆိုရပါသော် ရင်းနှီးသော အသွင်ကို မဆောင်၊ သူငယ်ချင်းတစ်ယောက်ကဲ့သို့လည်း မဟုတ်ပါပေ။

ထိုလူ၏ အမည်သည် ဂျို ဖြစ်၏။ ၎င်းသည် အီလာနီဂါဖီလ်၏ အိမ်ခန်း၌ ကျွန်တော့်ကို တွေ့လိုက်ရသော လူနှစ်ဦးအနက် လူတစ်ဦးဖြစ်သည်။ ထိုသူသည် ဂျို ဖြစ်၏။

ကျွန်တော်သည် လပ်စ်ကာကာနာစ်ညကလပ်အဆောက်အအုံ အတွင်းမှ လွှက်ခွာသွားလိုက်ရန် ဆုံးဖြတ်ချက်ချလိုက်၏။ ကျွန်တော်သည် ထိုင်နေရာမှ ထရပ်လိုက်သည်။ ထို့နောက် တံခါးပေါက်ကြီးဆီသို့ ရှေးရှုထွက်လာခဲ့၏။ ကျွန်တော်သည် ဂျိုကို ထပ်မံ၍ မတွေ့မဆုံ ချင်တော့ပေ။ ကျွန်တော်သည် တံခါးပေါက်ကြီးဆီသို့ရှေးရှုထွက်ခွာလာခဲ့၏။ တစ်ဦးတစ်ယောက်က ကျွန်တော့်ကို အော်ပြောလိုက်သည့် အသံကို ကြားလိုက်ရသည်ဟူ၍ ကျွန်တော်ထင်မှတ်မိ၏။

"ခွင့်ပြုပါခင်ဗျာ"

ဟူ၍လည်း ပြောလာသည့် အသံကို ကြားရ၏။ သို့သော် သည် တံခါးပေါက်ကြီးဆီသို့ ဦးတည်လှမ်းလာဆဲပင်ဖြစ်သည်။ ကျွန်တော် မရပ်နေလိုက်ပါ။ ဘေးဘီတစ်ဝိုက်ကိုလည်း ကြည့်ရှုမနေ။ ကျွန်တော်သည် အသံကို ထပ်လောင်းကြားလိုက်ရပြန်သည်။

"ဆရာ၊ တစ်ဆိတ်လောက် ဆရာသောက်သုံးသွားတာတွေ ကျသင့်ငွေ မရှင်းရသေးဘူး ဆရာ"

ဟုတ်ပါ့။ ကျွန်တော်သည် ကျွန်တော်သောက်သုံးခဲ့သော သောက်ဖွယ်ရာများအတွက် သတ်မှတ်ကျသင့်ငွေမည်မျှကို ပေးချေခဲ့ရန် မေ့လျော့ခဲ့ပါ၏။ ယခု ငွေပေးချေရန် တောင်းခံလာခြင်းဖြစ်သည်။ စားပွဲထိုးသည် ကျွန်တော့်ထံသို့ အပြေးအလွှားလိုက်လာ၏။ ကျွန်တော်သည် အိတ်ထဲမှ ဆယ်ဒေါ်လာ ထုတ်ယူလိုက်သည်။ စားပွဲထိုးသို့ ပေးလိုက်သည်။

"ပြန်အမ်းငွေကို မင်းပဲ ယူလိုက်တော့"

ကျွန်တော်က ပြောလိုက်၏။ စားပွဲထိုးထံမှ ပြန်ကြား ပြောဆိုသည်များကို ကျွန်တော် မစောင့်မဆိုင်းနေတော့ပေ။ ကျွန်တော်လှည့်၍ တံခါးပေါက်ကြီးသို့ ကတိုက်ကရိုက်သွားလိုက်သည်။

(ဆက်ရန်)


မောင်မောင်ကြီး (လှိုင်နယ်မြေ)

▢



www.burmeseclassic.com

www.burmeseclassic.com





**ဖြန့်ချိရေး ႏ ဧရာဗတီပြေအာင်ဝတိုက်**

တိုက်(၇၂၄) အခန်း(၁၈) ပ-ထပ်၊ မဟာဗန္ဓုလလမ်း (၁၇-၁၈ကြား)၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၃၂၃ ၇၄၇၀၅


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com



ပြင်သစ်နိုင်ငံ၊ နီးစ်(Nice)မြို့ကနေ ဩဂုတ်လ ၆ ရက် (အင်္ဂါနေ့) မှာ မနက်စာစားပြီးတာနဲ့ ခရီးဆက်ခဲ့ပါတယ်။ မြေထဲပင်လယ်ပတ်လည်က ကမ္ဘာကျော် ဟောလိဝုဒ်မင်းသမီး ချော ဂရေ့ကယ်လီ ကားမှောက် သေဆုံးခဲ့ရာ မိုနာကို (Monaco) နိုင်ငံ မိုနာကိုမြို့ကို သွားရောက်လေ့လာကြမှာပါ။

နီးစ်မြို့ရဲ့ အနောက်တောင်ဘက်ကို ၄၅ မိနစ်ခန့် ကားမောင်းအပြီးမှာ မြန်မာလို 'ကိန်းန်'လို့ခေါ်ကြတဲ့ Canne မြို့ကို ရောက်ရှိသွားတော့တယ်။ ကိန်းန်ဟာ ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်း၊ ပြင်သစ်ပိုင်နယ်မြေ(the French Riviera) ထဲက အပန်းဖြေမြို့ကြီးပါ။ Alpes-Maritimes département ရဲ့ Provence-Alpes-Côtes d'Azur région ဒေသမှာ ရှိပါတယ်။

လခြမ်းပုံ (the Gulf of Napoule) ပင်လယ်အော်ထဲမှာ လဲလျောင်းနေတဲ့ ကိန်းန်မြို့ရဲ့ နောက်ကျောမှာတော့ သစ်တောထူတဲ့ တောင်ကုန်းတွေက မျဉ်းတစ်ကြောင်းလို တန်းစီလျက်ပါ။ စွန်ပလွံပင်တွေ စိုက်ပျိုးထားတဲ့ကိန်းန်ရဲ့



ပြင်သစ်နိုင်ငံ ရုပ်ရှင်ပွဲတော်ကျင်းပရာ ကိန်းန်မြို့သို့အဝင်

ပင်လယ်ကမ်းခြေစကြီ (Promenade de la Croisette) ဟာ သဲသောင်ကမ်းခြေနောက်မှာ ကွေ့ဝိုက်သွယ်တန်းနေရဲ့။ အဲဒါရဲ့ ဘေးမှာတော့ ဇိမ်ခံဟိုတယ်တွေက ဝန်းရံလို့ပေါ့။

ကိန်းန်ဆိပ်ကမ်းဟာ အပျော်စီးရွက်လှေ သင်္ဘော (yachts) တွေနဲ့ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပြီး ပုံမှန် ခရီးစဉ် ပြေးဆွဲတဲ့သင်္ဘောကြီး(liner)တွေအတွက် ဆိပ်ကမ်းပါ။ အဲဒီမှာ ကာစီနိုရုံတွေ အများအပြား ရှိနေပါတယ်။ ဥရောပရဲ့ ပထမဆုံးသော ဗြိုဟ်တုထုတ်လွှင့်မှုကိုလည်း ဒီကိန်းန်မြို့မှာပဲ စတင်လုပ်နိုင်ခဲ့သတဲ့။ မာစီဒီးကား ကုမ္ပဏီရဲ့ ပြပွဲခန်း(Show Room)ကြီးလည်း ဒီမြို့မှာ ရှိနေ တယ်လေ။ ကိန်းန်မြို့ရဲ့ လူဦးရေဟာ ၁၉၉၉ ခုမှာ ၆၇၃၀၄ ဦး ဖြစ်ပြီး၊ ၂၀၀၅ ခုမှာတော့ ခန့်မှန်းခြေ ၇၀၂၀၀ ဦး ရှိနေ ပါပြီ။

ခရီးသွားလုပ်ငန်းဟာ ကိန်းန်မြို့ရဲ့ အဓိက အခွန်ဘဏ္ဍာဝင်ငွေရရာ အရင်းအမြစ်ပါ။ အဲဒီမှာမှ ၅ ပုံ ၁ ပုံ လောက်ကို ဆောင်းရာသီ ခရီးသွားခြင်းကနေ ရပါတယ်။ နိုင်ငံခြားသား ဧည့်သည်တွေက ယာဉ်အသွားအလာရဲ့ ၅ ပုံ ၂ ပုံလောက်ကို သုံးကြရဲ့။ ကိန်းန်မှာ နိုင်ငံတကာ ပန်းဈေးလည်း ရှိပါတယ်။ အထူးသဖြင့် ထိကရုန်းကြီး (mimosa) ပန်းပေါ့။ မီမိုဆာပန်းဟာ ဒီဒေသမှာ ၁၈၃၅ ခု လောက်ကတည်းက Santo Domingo ကနေ မိတ်ဆက် ရောက်လာပြီး ဖြစ်ထွန်းခဲ့တာပါ။

## ကိန်းန်မြို့ရဲ့ သမိုင်းကြောင်း

ကိန်းန်ဟာ တစ်ခါတုန်းက ကျူပင်ပေါတဲ့ ကမ်း[illegible] နေရာမှာ တည်ထားတာမို့ ဒီအမည်ကိုရခဲ့တာတဲ့။ ဒီနေရာ[illegible] Ligurian မျိုးနွယ်စုတွေ အခြေချခဲ့ပြီး နောက်တော့ ဖိုနီး[illegible] (Phocaeans)တွေက အောင်နိုင်ကာ နေထိုင်ခဲ့ပြန်သ[illegible]

www.burmeseclassic.com

Celts သို့မဟုတ် Gauls နဲ့ ရောမတွေလည်း နေထိုင်ခဲ့တာ ဖြစ်ကောင်းဖြစ်နိုင်သတဲ့။

၄ ရာစုမှာတော့ ကိန်းန်ဟာ သူ့ရဲ့အရှင်သခင် Lérins ဘုန်းကြီးတွေရဲ့ အရိပ်အောက်ကို ရောက်သွားပြန်တယ်။ ဘုန်းတော်ကြီးတွေဟာ ဆက်လက်ပြီး Îles de Lérins ကမ်းလွန်တစ်ခုဖြစ်တဲ့ Île Saint-Honorat - St Honorat Island ကျွန်းကိုပါ ဟန့်တားချုပ်ကိုင်ခဲ့တယ်။ တောင်ပိုင်းက သေးငယ်တဲ့ ဒီကျွန်းပေါ်မှာတော့ Cistercian ဘုန်းတော်ကြီးတွေသာ နေထိုင်ခဲ့ကြပါတယ်။

အေဒီ ၄၁၀ ခုမှာ ကျွန်းနေဘုန်းကြီးတွေရဲ့ ဩဇာအာဏာ အမြင့်ဆုံးအချိန် ဖြစ်ပြီး ကိန်းန်၊ Mougins နဲ့ Vallauris တွေကို ပိုင်ဆိုင်ထားပါတယ်။ အဲဒီကျွန်းမှာ ဘုန်းကြီးတွေက သူတို့ရဲ့အချိန်တွေကို ဆုတောင်းဆုယူ ပြုသူတွေနဲ့ ပိုင်မြေ ပိုင်နီတွေချက်လုပ်ခြင်းမှာ ခွဲဝေသုံးခဲ့ရတယ်။ သူတို့ဟာ အစိမ်းနုလိုလို အဝါနုရောင် အရက်ချိုပြင်း (Chartreuse)နဲ့ တူတဲ့ Lerina ခေါ် ယမကာတစ်မျိုးကိုလည်း ထုတ်လုပ်ခဲ့တယ်။

အခု အများပြည်သူကို ပြသထားတဲ့ လုံးလုံးလျားလျား ချက်စီးနေပြီဖြစ်တဲ့ ဘုရားကျောင်းတွေမှာ အလယ်ခေတ် အတွင်းအကျန်တွေ ကျန်ရစ်နေဆဲပါ၊ ၁၁ ရာစု ဘုန်းကြီးကျောင်းတစ်ကျောင်းရဲ့ အပျက်အစီးတွေကိုလည်း ပင်လယ်ကမ်းအစွန်းမှာ တွေ့ရပါမယ်။

၁၀ ရာစုမှာ မွတ်စလင်တွေ ပင်လယ်ကနေဝင်လာပြီး စီးနင်းတိုက်ခိုက်မှာကိုကာကွယ်ဖို့ Pointe du Chevalier အောက်မှာ ခံတပ်တွေ တည်ဆောက်ခဲ့ရတယ်။ နပိုလီယံဟာ သူ Elba ကနေပြန်လာတဲ့ ပထမညမှာပဲ ကိန်းန်မြို့ပြင်ဘက် အဲတောင်ပူစာမှာ သူ့ရဲ့ သေးငယ်တဲ့တပ်ကို စခန်းချခဲ့ဖူးတယ်။

**သံခေါင်းစွပ်မင်းသား (The Man in the Iron Mask)**

သံခေါင်းစွပ်မင်းသားကို သစ်ပင်အုပ်တွေနဲ့ Île Sainte-Marguerite - St Marguerite Island ကျွန်းမှာ (၁၁) နှစ်တာမျှ ဖမ်းထားခဲ့သတဲ့။ အံ့ဩထူးဆန်းဖွယ် အဲဒီမင်းသားဟာ မြင့်မြတ်တဲ့ အမျိုးအနွယ်ထဲကလို့ ယုံကြည်ခဲ့ကြပေမယ့် သူ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာကို ခုတိုင်အငြင်းပွားဆဲဖြစ်ပြီး ဘယ်တုန်းကမှလည်း သက်သေမပြနိုင်ခဲ့ပါဘူး။ the Fort of St Marguerite ခံတပ်က သူ့ကိုချုပ်နှောင်ထားခဲ့တဲ့ အကျဉ်းခန်းကို သွားရောက်လေ့လာ လည်ပတ်နိုင်ပြီး ခုတော့ the Musée de la Mer ပင်လယ်ပြင်ပြတိုက် (Museum of the Sea)လို့ အမည်ပြောင်းထားပါတယ်။

အလားတူပဲ ဒီပြတိုက်မှာ ကျွန်းမှာ ရှာဖွေတွေ့ရှိခဲ့တဲ့ သင်္ဘောပျက်တွေ၊ ပထမရာစု ဘီစီက ရောမနဲ့ ၁၀ ရာစု




ပြင်သစ်နိုင်ငံ ရုပ်ရှင်ပွဲတော်ကျင်းပရာ ကိန်းန်မြို့သို့အဝင်

အေဒီက Saracen ကြွေထည်တွေကိုပါ ထားရှိပြသပါသေးတယ်။

ကိန်းန်ရဲ့ နိုင်ငံတကာ အပန်းဖြေစခန်းအဖြစ် ဂုဏ်သတင်းကျော်ကြားမှုဟာ Lord Broughamနဲ့ အစပြုခဲ့တာပါ။ ၁၈၃၄ ခုမှာတော့ နီးစ်ဘက်က ချဲ့ထွင်လာမှာကို ဟန့်ထားတဲ့ အနေနဲ့ ကိန်းန်ရဲ့ တံငါတွေ ငါးဖမ်းတဲ့နေရာမှာ လော့ဒ်က အရံအတားနဲ့ ခွဲခြားလိုက်ပါတယ်။ ဒီကာကွယ်ရေး ဆောင်ရွက်ချက် (quarantine measures) အပြီး ၁၈၃၅-၁၈၃၉ ခု အတွင်းမှာ အပန်းဖြေ ပင်လယ်ကမ်းခြေအိမ်ကြီး (villa) တစ်လုံးကိုလည်း သူဆောက်ခဲ့ပြီး (၃၄)နှစ်လောက် ဆောင်းရာသီတိုင်းမှာ ပြန်လာနားနေခဲ့တယ်။

လော့ဒ်ရဲ့ အီတာလျံ ဟန်အိမ်ကြီး (Italianate Villa Eléonore Louise)ဟာ ကိန်းန်ရဲ့ ပထမဆုံး ရှေးဟောင်းအိမ်ကြီးရခိုင်တွေထဲက တစ်ခုပါ။

**ရုပ်ရှင်ပွဲတော်ဝင်းသို့ ခြေအချ**

မြို့ထဲကို ကိုယ်တို့စီးသွားကားကြီး ဝင်ရောက်လာပြီး မကြာခင်မှာ မြို့ရဲ့ ကမ်းနားလမ်းတစ်နေရာမှာ ရပ်နားလိုက်ပါတယ်။ မြေထဲပင်လယ်ဝန်းကျင်က မြို့ကြီးတွေရဲ့ ထုံးစံအတိုင်း ကမ်းခြေကို ဘာအဆောက်အအုံနဲ့မှ ကွယ်မထားဘဲ



ကိန်းန်မြို့ ထဲက ရုပ်ရှင်ရုံတစ်ရုံရဲ့ အပြင်အဆင်


www.burmeseclassic.com

www.burmeseclassic.com



ကိန်းန်မြို့ရဲ့ ပင်လယ်ကမ်းခြေ

ဟင်းလင်းမြင်သာပြီး ခံစားနိုင်အောင်လုပ်ထားပါတယ်။ ကိုယ်တို့ ရန်ကုန်မြို့ကြီးကိုလည်း အဲဒီလိုများလုပ်လိုက်ရင် ဘယ်လောက် လှလိုက်မလဲလို့ အချင်းချင်း ပြောမိကြရဲ့။

ကားရပ်လိုက်တဲ့နေရာအနီးမှာတော့ ထင်ရှားကျော်ကြားလှတဲ့ ကိန်းန်ရုပ်ရှင်ပွဲတော် (Cannes film festival) ကျင်းပရာ အကြီးမားဆုံး Multi Screen Cinema ရုံကြီး ရှိပါတယ်။ ကိန်းန်ဟာ ရုပ်ရှင်ကုမ္ပဏီတွေ၊ ရုပ်ရှင်လုပ်ငန်းတွေနဲ့ ကျော်ကြားလှတဲ့ မြို့ကြီးပေါ့။ နှစ်စဉ် မေလနဲ့ ဇွန်လအတွင်း ကျင်းပတဲ့ ဥရောပရဲ့ ကိန်းန်ရုပ်ရှင်ဆုပေးပွဲကလည်း ကမ္ဘာ့ရုပ်ရှင်လောကမှာ နာမည်ကျော်လှသလို ဩဇာလည်းရှိလှရဲ့။ the Palais des Festivals et des Congrès ဟာ ကိန်းန်ရုပ်ရှင်ပွဲတော် ကျင်းပရာနေရာပါ။ နေရာအတော်များများမှာ ကိန်းန်ရုပ်ရှင်ပွဲတော်ရဲ့ လိုဂိုဖြစ်တဲ့ အုန်းလက်ပုံကိုလည်း တွေ့နေရတယ်။

ရုပ်ရှင်အစည်းအရုံးကဖွင့်တဲ့ ဒါရိုက်တာ သင်တန်းဆင်းဖြစ်တဲ့ကိုယ့်အတွက်တော့ အထူးရင်ခုန်စရာပေါ့။ ပွဲတော်ကျင်းပတဲ့ ရုံကြီးကို မလှမ်းမကမ်းမှာမြင်လိုက်ရတော့ ကိုယ်နဲ့အတူ သင်တန်းတက်ခဲ့သူတွေကို သတိရမိရဲ့။ အထူးသဖြင့် ကိုမြတ်ဦး(ဘေဘီဗိုက်တာ)၊ လူကြီးသရုပ်ဆောင် ကိုအောင်မြင်ဗိုလ်(မကြာသေးခင် နှစ်အနည်းငယ်ကမှ ရုတ်တရက် သေဆုံးသွားသူ)နဲ့ ညီငယ် မင်းသားညီထွဋ်ခေါင် (ထွန်းထွန်းဝင်း) တို့ကိုပေါ့။

ကိုယ်လည်း ပွဲတော်အဆောက်အအုံဆီကို အပြေးတစ်ပိုင်း တက်ကြွစွာသွားမိတယ်။ ပွဲတော်ရက် မဟုတ်ပေမယ့်လည်း အသင့်အနေအထားနဲ့ ပြင်ထားပါလား။ ကိုယ်တို့ဆီမှာလို အကယ်ဒမီပေးခါနီးမှ ထဆောက်တာ မဟုတ်ဘူးဘဲ။ အဆောက်အအုံရဲ့ အတက်လမ်းလှေကားကျယ်ကြီးမှာလည်း ကော်ဇောနီကြီးက ခင်းလျက်ပါ။

ဧည့်သည်တွေအတွက် ဘာအဟန့်အတားမှ မရှိတဲ့ ကော်ဇောနီ (Red carpet)လျှောက်လမ်းကို ပြေးတက်လိုက်မိပေါ့။ ဒီကော်ဇောနီပေါ်မှာ ကိုယ်တို့ ချစ်ခင်စွဲလမ်းခဲ့ရတဲ့ မင်းသမီး မင်းသားတွေ၊ ဒါရိုက်တာတွေ၊ ဇာတ်ညွှန်းဆရာ၊ ဓာတ်ပုံဆရာတွေ လျှောက်လှမ်းခဲ့တာပါလားလို့ တွေးမိတော့ ကြည်နူးခြင်းများစွာ ဖြစ်မိပါရဲ့။ ကိုယ်လည်း သူတို့နဲ့ဖဝါးခြေထပ် ကော်ဇော်နီပေါ် လျှောက်လှမ်းရင်း အမှတ်တရ ဓာတ်ပုံတွေ ရိုက်ခဲ့တယ်။

သရုပ်ဆောင်တွေက ဓာတ်ပုံသမားတွေအတွက် ကိုယ်ဟန်ပြပေးတာဟာလည်း ကိန်းန်ရဲ့ လေ့လာစရာအစဉ်အလာတစ်ခုပါ။ ကော်ဇောနီအဆုံး လှေကားထစ်များ အထက်မှာတော့ ဆုတံဆိပ် ရွှေစင်ရုပ်တုကြီးတွေက အစီအရီ ရှိနေပါတယ်။ ရုပ်ရှင်ပွဲတော်ရက်များမှာ ဒီကော်ဇောနီပေါ်မှာ ဘယ်နာမည်ကျော်တွေ လမ်းလျှောက်ခဲ့ပါလိမ့်လို့ ကိုယ်ကတော့ မြင်ပဲ မြင်ယောင်နေမိပေါ့။

အဲဒီရုံအောက်ထပ်က အမှတ်တရ ပစ္စည်းအရောင်းဆိုင်မှာ ကိန်းရုပ်ရှင်ပွဲတော်အမည်နဲ့ ခေတ်ဟောင်းက ဖလင်ကင်မရာပုံပါတဲ့ တီရှပ်အနက်တစ်ထည် ၂၄ ယူရိုနဲ့ ဝယ်လိုက်မိတယ်။ မြန်မာငွေ လေးသောင်းကျော်မို့ မတန်လှပေမယ့် ကိုယ်က ရုပ်ရှင်ကိုချစ်သူမို့ မျက်စိမှိတ် ဝယ်လိုက်ရတယ်။ ဒီနှစ် ရန်ကုန်မှာ ဒါရိုက်တာသင်တန်းသားတွေ မိတ်ဆုံပွဲရှိရင် ဂုဏ်ယူစွာ ဝတ်သွားရမယ်လေ။

ဇာတ်ရုံကြီးဘေးမှာတော့ ပန်းဥယျာဉ်ကို အလွန်လှပစွာပြုလုပ်ထားရဲ့။ ရောင်စုံပန်းတွေလည်း ဖူးပွင့်နေကြပေါ့။ အတော်လေး ဂရုတစိုက် ပြုပြင်ထားပုံရတယ်။ ပန်းပင်များကို မကြာခင် နာရီပိုင်းကမှ ရေဖျန်းထားလို့ မိုးရွာထားသလို ရွှဲရွှဲစိုနေပါတယ်။

ဥယျာဉ်ထဲမှာ အရွက်လှတဲ့အပင်တွေကော၊ အပွင့်ပွင့်တဲ့အပင်တွေကိုကော စိုက်ပျိုးထားလို့ အလွန်လှနေရဲ့။ ဘယ်နေရာရိုက်ရိုက် ဓာတ်ပုံတိုင်းဟာ ပန်းတွေရဲ့ ရောင်စုံအလှနဲ့ အပင်တွေရဲ့ စိမ်းစိုလတ်ဆတ်မှုကြောင့် လှနေမှာပေါ့။

ပန်းခြံမြက်ခင်းရဲ့ အဆုံးမှာတော့ မြေထဲပင်လယ်ကြီးလေ။ ဝိုး. . . လေကလည်း လန်းဆတ်ချိုမြလို့။



ကိန်းန်မြို့ရဲ့ ကမ်းခြေမှ စွန့်ပစ်ရာဘာဘီးနဲ့ လုပ်ထားသည့် အလှဆင်အရုပ်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ပြာပြာအောက်က ပင်လယ်ပြင်မှာတော့ သင်္ဘောဖြူဖြူတွေက စီးမျောနေရဲ့။ [ကိုယ်က မြန်မာပြည် မြို့ကြီးတွေမှာလည်း မြေသားပြုပြင်မှု (Landscaping)ကို ကောင်းကောင်းလုပ်ဖို့ အဲဒီလို ပန်းအလှပင်တွေနဲ့ ပြင်ဆင် ခြယ်မှုန်းရာမှာလည်း ထင်ရှူးပင် စတဲ့အနောက်တိုင်းဆန်တဲ့ အပင်တွေထက် ပုဏ္ဏရိပ်ပင်၊ သပြေပင်၊ ထနောင်းပင် စတဲ့ မြန်မာ့သဘာဝ ပေါက်ပင်များနဲ့ အလှဆင်ဖို့ ပြောမိတော့ သမ်းညွန့် ကိုဇော်(ဇော်ဝင်းအောင်)က မြန်မာပြည်ကို လာ ရောက်တဲ့ ဥရောပသား အများစုဟာ နေရောင်ခြည်များများ ရတဲ့ အရပ်မှာ ပိုမိုဖြစ်ထွန်းတဲ့ ရောင်စုံစက္ကူပန်းပင် ဘုံဂမ် ဗေလာတွေကို အလွန်ကြိုက်ကြကြောင်း ပြောပြပါတယ်။].


ပွဲတော်ရုံကြီး (Canes Theatre)ဘေးမှာတော့ ယခုနှစ် ၂၀၁၃ ခုမှာ ကျင်းပပြုလုပ်ခဲ့တဲ့ ရုပ်ရှင်ပွဲတော်ပိုစတာတွေနဲ့ ကြော်ငြာတွေကိုလည်း မဖြုတ်မသိမ်းဘဲပြသထားလို့ ပွဲတော် အငွေ့အသက်ကို ခံစားရဆဲပါ။ ခေတ်ဟောင်းက ရုပ်ရှင် ထင်မရှာမည်းမည်းကြီးတစ်လုံးပုံကိုလည်း ကြိုးအဖြူများနဲ့ ရစ်ပတ်တုပ်နှောင်ကာ အလှဆင်ပြီး မြက်ခင်းအစပ်မှာ ချထားတော့ ဓာတ်ပုံရိုက်ချင်စရာပါပဲ။

ခေတ်စားနေတဲ့ နာမည်ကျော် ဇာတ်ဆောင်တွေရဲ့ ပုံနဲ့ရောပြီး ဓာတ်ပုံရိုက်နိုင်ရန်လည်း တချို့မင်းသား မင်းသမီး ပုံတွေရဲ့ မျက်နှာနေရာမှာ အပေါက်ကြီးဖောက်ပေးကာ ထုပ်ပြီး မြက်ခင်းစပ်မှာ ထောင်ထားတယ်။ ရိုက်လိုသူက အရုပ်နောက်ဘက်မှာ ဝင်ရပ်ကာ မိမိမျက်နှာကိုထည့်လိုက် ရုံပေါ့။ မင်းသား မင်းသမီးတွေ အလယ်မှာ ကိုယ်လည်း ရောနှော ရောက်ရှိနေတယ်ပေါ့။ ဒီအနုပညာနယ်က ပန်း မွေ့ရာ ရွှေကော်ဇောမှာ ရောနှောလို့ထိုင်ချင်ပါသေးရဲ့။

အဲဒီရုပ်ရှင်ပွဲတော်ကျင်းပရာ ရုံကြီးနဲ့မလှမ်းမကမ်းမှာ တော့ သင်္ဘောဆိပ်ငယ်လေးရှိပြီး ကိုယ်ပိုင်အလှစီး သင်္ဘော ငယ်တွေ အများအပြား ဆိုက်ကပ်ထားတာကို တွေ့ရသည်။ သင်္ဘောအားလုံးကို အကောင်းစားပစ္စည်းများနဲ့ တန်ဆာ



ကိန်းနဲ့မြို့ရဲ့ ကမ်းခြေမှ စွန့်ပစ်ရာဘာဘီးနဲ့ လုပ်ထားတဲ့ အလှဆင်အရုပ်ကြီးများ



ကိန်းနဲ့ရုပ်ရှင်ပွဲတော်ကျင်းပရာ ဝင်းကြီးတစ်ဝိုက်ရဲ့ လှပတဲ့ မြေယာအခင်းအကျင်း

ဆင်ပြီး 'သ'ထားတော့ ဖိတ်ဖိတ်လက်နေပါရော။ သင်္ဘော နာမည်ပေးထားပုံတွေကလည်း စိတ်ဝင်စားစရာပါ။ World is not enough, Lady Tahiti စသဖြင့်ပေါ့။ သင်္ဘောခုတ်မောင်း သံများကိုလည်း ကြားနေရတယ်။ သင်္ဘောဆိပ်နဲ့ မျက်နှာ ချင်းဆိုင် ကိန်းနဲ့ပွဲတော်ရုံဘေးမှာတော့ ကာစီနိုရုံလည်း ရှိသေး တယ်။

ထူးထူးခြားခြား သတိထားမိတာကတော့ သင်္ဘောတွေ ရွက်လှေတွေ ရှိနေပေမယ့် ရေပြင်မှာတော့ ဘာအမှိုက်တစ်စ၊ ရေသန့်ဘူးတစ်ဘူးမှ ပေါလောမျောမနေအောင်ကို သန့်နေ တာပါပဲ။

သင်္ဘောဆိပ်ဘေးက ဘောလုံးကွင်းလို ကွန်ကရစ် ကွင်းပြင်ကျယ်ကြီးထဲမှာတော့ ကားဘီးတာယာစွန့်ပစ္စည်း များနဲ့ ပြုလုပ်ထားတဲ့ ကျား၊ ဝက်ဝံနဲ့ ကြောင်စတဲ့အရုပ်တွေကို တွေ့ရတယ်။ စက်ရုပ်လိုအရုပ်တွေ၊ ကမ္ဘာဦးက သတ္တဝါကြီး တွေရဲ့ အရုပ်ကြီးတွေလည်း တွေ့ရရဲ့။ အလွန်လည်း လက်ရာ မြောက်လှရဲ့။

ကမ်းခြေကို ရှင်းရှင်းလင်းလင်းလုပ်ကာ ကွင်းကျယ် ကြီး ဖြစ်စေတဲ့ထဲမှာမို့ အခုလို ရုပ်တုတွေ ပြတားတာက ပိုမိုပေါ်လွင် ထင်ရှားနေပါတော့တယ်။

[ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့ကို ရောက်တုန်း ကလည်း ဒီလိုပဲ ကားဘီးတာယာဟောင်းတွေနဲ့ ပန်းအိုးကြီး တွေလုပ်ပြီး ပန်းတွေ စိုက်ထားတာတွေ့ရလို့ သဘောကျမိ ဖူးတယ်။ မလေးရှားရဲ့ အာဆီယံပန်းဥယျာဉ်ထဲမှာတော့ မြက်ခင်းတွေ စိုက်ထားတဲ့ လှေကားထစ်အကျယ်ကြီးတွေကို တာယာဟောင်းတွေနဲ့ပဲ အနားသတ်လုပ်ထားတယ်။]

ကိန်းနဲ့မြို့ထဲကို ကားနဲ့လှည့်ပတ်ကြည့်ကြဖို့ ရုပ်ရှင် ပွဲတော်ဝင်းထဲ ပြန်ထွက်ခဲ့ကြတယ်။ နောက်မှာကျန်ရစ်ခဲ့တဲ့ ပွဲတော်ရုံကြီးကို ပြန်လှည့်ကြည့်ရင်း ကိန်းနဲ့ရုပ်ရှင်ပွဲတော် အကြောင်း စဉ်းစားနေမိသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com

## ကိန်းန်ရုပ်ရှင်ပွဲတော် (The Cannes Film Festival)

ကိန်းန်ရုပ်ရှင်ပွဲတော်ကို ပြင်သစ်လိုတော့ (le Festival de Cannes) လို့ခေါ်ပါတယ်။

၁၉၄၆ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာ့သက်တမ်းအရှည်ဆုံးနဲ့ ဂုဏ်သိက္ခာအရှိဆုံး ရုပ်ရှင်ပွဲတော်လည်း ဖြစ်ပါတယ်။ အဲဒီပွဲတော်ဟာ ကိုယ်ပိုင်သီးခြား ပွဲတော်တစ်ခုဖြစ်ပြီး နှစ်စဉ် မေလလောက်မှာ ကိန်းန်ရဲ့ (the Palais des Festivals et des Congrès)မှာ ကျင်းပလေ့ရှိတယ်။ နိုင်ငံတကာအဆင့် ဂျူရီလူကြီး-ဥက္ကဋ္ဌနဲ့ အမျိုးမျိုးသော ရုပ်ရှင်နဲ့ အနုပညာ ပုဂ္ဂိုလ်ကျော်တွေပါဝင်ပြီး ပြိုင်ပွဲဝင် (the feature films) ရုပ်ရှင်ကားတွေထဲကနေ ဆုကို ဆုံးဖြတ်ရွေးချယ်ပေးကြတယ်။

၂၀၁၀ ခု၊ မေလ ၁၂-၂၃ ရက်အတွင်း ကျင်းပခဲ့တဲ့ ၆၃ ကြိမ်မြောက်ပွဲတော်မှာတော့ အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌဟာ အမေရိကန်ရုပ်ရှင်ဒါရိုက်တာ တင်ဘာတွန် (Tim Burton) ဖြစ်ပါတယ်။

ကိန်းရုပ်ရှင်ပွဲတော်ကို အမျိုးမျိုးသော ကဏ္ဍတွေ ခွဲပြီး ကျင်းပလေတော့ အစီအစဉ် (Festival Programmes)တွေ၊ အကဲဖြတ်ဂျူရီလူကြီးများရဲ့ဆု (Juries Awards) တွေကလည်း စိတ်ဝင်စားစရာပါ။ ပြိုင်ပွဲစဉ်တစ်ခုချင်းစီရဲ့ စတင်မှုမတိုင်ခင်မှာ ပွဲတော်ရဲ့ ဒါရိုက်တာဘုတ်အဖွဲ့ဟာ ဘယ်ရုပ်ရှင်ကားဟာ ကိန်းန်ဆုတစ်ခု ရလိမ့်မယ်ဆိုတာ ရွေးချယ်ဖို့အတွက် လုံးဝဥဿုံ တာဝန်ရှိတဲ့ ဂျူရီလူကြီးတွေကို သတ်မှတ် တာဝန်ပေးတယ်။ အကဲဖြတ်ပေးတဲ့ ဂျူရီတွေကို ကျယ်ပြောလှတဲ့ နိုင်ငံတကာ အနုပညာရှင်တွေထဲကနေ ရွေးချယ်ရတယ်။ သူတို့ရဲ့ အနုပညာ လုပ်ဆောင်ခဲ့မှုနဲ့ အာရုံစူးစိုက်ကြည့်တတ်မှုတွေကို အခြေခံပြီး လေးစား အလေးထားလို့ပေါ့။

## ကိန်းန်ရုပ်ရှင်ပွဲတော်ရဲ့ ဆု (Awards) တွေ

အကောင်းဆုံးရုပ်ရှင်အတွက် ကိန်းန်မှာပေးအပ်တဲ့ ဂုဏ်သတင်းအကြီးဆုံးဆုဟာ ရွှေအုန်း(ထန်း)ပင်ဆု (the Palme d' Or) (Golden Palm) ဖြစ်ပါတယ်။

ပြိုင်ပွဲများ (Competition)တွေကနေ ရွှေအုန်း(ထန်း)ပင်ဆု၊ (Grand Prize of the Festival-Grand Prix)၊ ဂျူရီဆု (Jury Prize) (Prix du Jury)၊ အကောင်းဆုံးဇာတ်ကားတိုဆု (Best Short Film) (Palme d'Or du court métrage)၊ အကောင်းဆုံးမင်းသမီးဆု (Best Actress)(Prix d'interprétation féminine)၊ အကောင်းဆုံးမင်းသားဆု (Best Actor) (Prix d'interprétation masculine)၊ အကောင်းဆုံး ဒါရိုက်တာ (Best Director)(Prix de la mise en scène)၊ အကောင်းဆုံး ဇာတ်ညွှန်းဆု (Best Screenplay)(Prix du scénario) တွေကို ပေးပါတယ်။



ကိန်းန်ရုပ်ရှင်ပွဲတော်ကျင်းပရာ ရုံကြီးရဲ့ အဝင်နဲ့ ကော်ဇောနီလျှောက်လမ်း

ဥက္ကဋ္ဌ၊ အလားတူပဲ ရုပ်ရှင်ဒါရိုက်တာများ၊ နည်းပညာရှင်များနဲ့ ပြင်သစ်နဲ့ နိုင်ငံတကာမှ ဝေဖန်ရေးဆရာများ ပါဝင်ကြပြီး သူတို့ရဲ့ ရွေးချယ်မှုတစ်ခုချင်းမှာ အကောင်းဆုံး ပထမဆုရရုပ်ရှင်ကား (Caméra d'Or) ကို ရွေးထုတ်ပြီး ဆုချီးမြှင့်တယ်။

ပြိုင်ပွဲမှာ ရုပ်ရှင်ကား ၂၀ ကို ရွှေအုန်း(ထန်း)ပင်ဆု (thePalme d'Or) အတွက် ယှဉ်ပြိုင်စေဖို့ (the Théâtre Lumière) ရုံမှာ ပရိုဂျက်တာနဲ့ ထိုးပြပါတယ်။ ပွဲဦးထွက်ဖျော်ဖြေဆောင်ဦး (the debutants)ကားတွေထဲကမှ တရားဝင် ရွေးချယ်မှုတွေ၊ ဒါရိုက်တာများရဲ့ ၁၄ ရက်တာ (Fortnight)နဲ့ နိုင်ငံတကာ ဝေဖန်သုံးသပ်သူတွေရဲ့ ရက်သတ္တပတ် (the International Critics' Week) ရွေးချယ်မှုတွေအကြားမှာ ပွဲတော်ရဲ့ အကောင်းဆုံး ပထမဆုရ ရုပ်ရှင်ကားကို ရွေးထုတ်ပြီး ဒီဆုကို ချီးမြှင့်တာပါ။

## ပွဲတော်ရဲ့ အခြားကဏ္ဍ (Sections) များ

ဥက္ကဋ္ဌနဲ့ဂျာနယ်သမားတွေ၊ ရုပ်ရှင်ကျောင်းဆင်းတွေနဲ့ ရုပ်ရှင်လုပ်ငန်းက ပုဂ္ဂိုလ်တွေကနေ အကောင်းဆုံး ရုပ်ရှင်အတွက် (the Un Certain Regard Prize) ဆု (Prix Un Certain Regard - Young talent, innovative & audacious works)ကို ချီးမြှင့်တယ်။ အခြားဇာတ်ကား နှစ်ကားကို [illegible] မှတ်တမ်းတင်တယ်။





www.burmeseclassic.com

www.burmeseclassic.com

ဥက္ကဋ္ဌတစ်ဦးနဲ့ ရုပ်ရှင်ပုဂ္ဂိုလ်ကျော် လေးဦးတို့ ပါဝင်ကြတဲ့အဖွဲ့က ဇာတ်ကားတို ရွှေအုန်းပင်ဆု(the Short Film Palme d'Or) နဲ့အလားတူပဲ (the Cinéfondation)ရဲ့ အကောင်းဆုံး သုံးကား (Cinéfondation prizes - Student films) ကို ရွေးချယ်ပေးကြတယ်။ ဇာတ်ကားတိုရွှေအုန်းပင်ဆု အတွက်ယှဉ်ပြိုင်တဲ့ ရုပ်ရှင်ဇာတ်ကားတိုတွေကို (the Buñuel) နဲ့ (Debussy theatres) သီဒရတာရုံတွေမှာ တင်ဆက်ပြသတယ်။

(Caméra d'Or - Best 1st feature film Given by Independent Entities),(FIPRESCI-International Federation of Film Critics Prize),(Prix Vulcain - Awarded to a technical artist by the CST International Critics' Week Prizes),(Prize of the Ecumenical Jury Palm Dog, for best canine performance)နဲ့(Queer Palm, for LGBT-related films)ဆုတွေလည်း ရှိပါသေးတယ်။

ရွေးချယ်ရေးကော်မတီ(the selection committee)က ထူးခြားတဲ့စရိုက်လက္ခဏာ(identity)ကို အထူးဖမ်းဆုပ်ထားနိုင်တဲ့ ပတ်ဝန်းကျင်တစ်ခုကို ရိုက်ပြတဲ့ ရုပ်ရှင်တွေကို (Special Screenings)အဖြစ် ရွေးချယ်ပါတယ်။ အဓိကဆုတွေအတွက် ယှဉ်ပြိုင်တာမဟုတ်တဲ့ ရုပ်ရှင်ကားတွေကိုလည်း အလားတူပဲ (the Théâtre Lumière) ရုံမှာ ပြပေးပါတယ်။

ရုပ်ရှင်ရဲ့ အခြားသောအမြင်တွေကို ဖော်ထုတ်ပြသဖို့ အတွက် ရည်စူးတဲ့ ပြိုင်ပွဲဝင်မဟုတ်တဲ့ (non-competitive) အစီအစဉ်တွေလည်း ရှိပါတယ်။ ပြိုင်ပွဲမဟုတ်တဲ့ ပွဲတော်နဲ့ တစ်ပြိုင်တည်းလုပ်တဲ့ အခန်းကဏ္ဍ(Parallel Sections) တွေပေါ့။ အဲဒီမှာ အတိတ်ကာလက ရုပ်ရှင်ကားများကို မီးမောင်းထိုးပြ (highlight) ဖို့ ရည်ရွယ်ချက်နဲ့ ရုပ်ရှင်အမွေအနှစ် (the heritage of film) ကားတွေကို ဂုဏ်ပြုပြသတဲ့ ကိန်းန်ဂန္ထဝင် (Cannes Classics)အစီအစဉ်မှာ အသစ်စက်စက် (brand new) ဒါမှမဟုတ် ပြန်လည်ထိန်းသိမ်း ကူးယူထားတဲ့ (restored prints) ကားတွေကို ပြပေးပါတယ်။ ပြိုင်ပွဲဝင်မဟုတ်တဲ့ ရုပ်ရှင်ကား (Out of Competition films) (Cinéma de la Plage) တွေကိုလည်း၊ (Macé) ကမ်းခြေက လူအုပ်ကြီးအတွက် ပြသပေးတယ်။ မပြသမီ ပဏာမအနေနဲ့ ရုပ်ရှင်တေးဂီတကို ရည်ညွှန်းတဲ့ အစီအစဉ်တစ်ခုကိုလည်း လုပ်ပေးပါတယ်။

ကမ္ဘာတစ်လွှား ရုပ်ရှင်ကျောင်းတွေကနေ ရိုက်ကူးတဲ့ ရုပ်ရှင်ကားတိုနဲ့ အသင့်အတင့်ရှည်တဲ့ ရုပ်ရှင်ကား ၁၅ ကား လောက်ကိုလည်း (Cinéfondation) အတွက် (the Salle Buñuel) မှာ တင်ဆက်ပြသပါသေးတယ်။

မတူတဲ့၊ နီးစပ်တဲ့ ယဉ်ကျေးမှုတွေ အမျိုးမျိုးရှိကြတဲ့ နေရာတွေက ခြားနားတဲ့ ရိုက်ချက်တွေနဲ့ မူရင်းကားတွေကိုလည်း (the Salle Debussy) မှာ ပြသပါတယ်။ (Tous les Cinémas du Monde)ဟာ ကမ္ဘာတစ်ဝန်းက ရောက်ရှိလာတဲ့ ရုပ်ရှင်တွေရဲ့အသက်ဝင် (the vitality)နေမှုနဲ့ မတူကွဲပြားမှုတွေကို တင်ဆက်ပြသတာပါ။ နေ့စဉ်တိုင်းမှာ နိုင်ငံတစ်နိုင်ငံစီရဲ့ ထူးခြားပြီး ဆင်တူမရှိနိုင်တဲ့ ယဉ်ကျေးမှု၊ အမှတ်လက္ခဏာတွေကို ဂုဏ်ပြုတဲ့အနေနဲ့ မကြာသေးမီက ရိုက်ကူးထားတဲ့ ရုပ်ရှင်တွေထဲက တိုတိုရှည်ရှည်တင်ပြဖို့ ဖိတ်ခေါ်တယ်။

ပွဲတော်ရဲ့ အဓိကပွဲစဉ် (event) ဟာ တရားဝင် ရွေးချယ်မှု (the Official Selection) ပဲ ဖြစ်ပါတယ်။

ကိန်းရုပ်ရှင်ပွဲတော်အတွင်း ပြင်ပအသင်းအဖွဲ့တွေက လုပ်တဲ့ အခြားကဏ္ဍတွေကတော့ အလုပ်အများဆုံး ကမ္ဘာ့ရုပ်ရှင်ဈေးကွက် (Marché du Film)၊ ကမ္ဘာကျော် ရုပ်ရှင်ထုတ်လုပ်သူများရဲ့ အများပြည်သူကိုချပြမှုတွေ (Master-classes)၊ ပွဲတော်ဆုရ (the Festival Trophee)ရုပ်ရှင်ဇာတ်ကားတွေကို ပိတ်ကားထက်မှာ တင်ဆက်ပြသပြီး ချီးကျူးဂုဏ်ပြုခြင်းဖြင့် နိုင်ငံတကာအဆင့်မှာ ကျော်ကြားတဲ့ အနုပညာရှင်များ ဖြစ်စေတာတွေပေါ့။

ထုတ်လုပ်သူများကွန်ရက် (Producers Network) ဟာ နိုင်ငံတကာပူးပေါင်းထုတ်လုပ်မှု (co-productions) တွေလုပ်နိုင်ဖို့ အခွင့်အရေးတစ်ခုကိုလည်း ပေးနိုင်တယ်။ နှစ်စဉ် အနုပညာရှင်တစ်ဦးဦး၊ ရုပ်ရှင်တစ်ကားကား သို့မဟုတ် (cinemato-graphic theme)တစ်ခုခုဟာ ပွဲရဲ့အာရုံစိုက်စရာ ပစ်မှတ်ဖြစ်လာတယ်။ ၂၀၀၇ ခုနှစ်မှာတော့ ပွဲတော်နှစ် ၆၀ ပြည့်အခမ်းအနားကို ရည်ညွှန်းတဲ့ (နှစ် ၆၀ ပြည့်ပွဲတော်ပြိုင်ပွဲစဉ်) တွေကို စုစည်းပြသတယ်။

## ကိန်းန်ရုပ်ရှင်ပွဲတော် (Le Festival International de Cannes) ရဲ့ သမိုင်းကြောင်း

၁၉၃၀ ပြည့်နှစ် အကုန်မှာ (the Mostra del cinema di Venezia) အတွက် ရုပ်ရှင်တွေကို ရွေးချယ်တော့ အီတလီနဲ့ ဂျာမနီဖက်ဆစ်အစိုးရတွေ ဝင်ရောက်စွက်ဖက်ခဲ့လို့ တုန်လှုပ်ချောက်ချားသွားရတဲ့အခါ ပြင်သစ်အမျိုးသားပညာရေး ဝန်ကြီး (Jean Zay) က ပြင်သစ်မှာလည်း နိုင်ငံတကာအဆင့် ရုပ်ရှင်ပွဲတော် (cinematographic festival) ကို တီထွင်ကျင်းပဖို့ ဆုံးဖြတ်ခဲ့တယ်။ (Philippe Erlanger) က အဆိုပြုပြီး ဗြိတိသျှနဲ့ အမေရိကန်တွေကလည်း ထောက်ခံအားပေးခဲ့တယ်။

(Vichy, Biarritz,Algiers) စတဲ့ မြို့များစွာကိုလည်း သင့်တော်တဲ့နေရာအဖြစ် ခန့်မှန်း အဆိုတင်သွင်းပေးခဲ့ကြပေမယ့် နောက်ဆုံးတော့ ကိန်းန်ကို ရွေးလိုက်ကြလို့ ကိန်းန် နိုင်ငံတကာပွဲတော်ကို မွေးဖွားလာခဲ့တယ်။

www.burmeseclassic.com

၁၉၃၉ ခု ဇွန်လမှာ ပထမဆုံးကျင်းပတဲ့ ပွဲတော်ရဲ့ ဥက္ကဋ္ဌအဖြစ် (Louis Lumière)ကို သဘောတူလက်ခံကြတယ်။ ပွဲတော်ကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း ကျင်းပဖို့ဖြစ်ပေမယ့် ဂျာမန်တွေက ပိုလန်ကို ၁. ၉. ၁၉၃၉မှာ တိုက်ခိုက်ခဲ့ကြတဲ့နောက်မှာ ပြင်သစ်နဲ့အင်္ဂလန်တို့က ဂျာမနီကိုဆန့်ကျင်ဖို့ စက်တင်ဘာ ၃. ရက်မှာ စစ်ကြေညာလိုက်တော့ ပထမဆုံး ပွဲတော်အစီအစဉ်တွေကို စစ်ပွဲမစခင်မှာပဲ ရုပ်ဆိုင်းလိုက်ရတယ်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၆ခုမှာ ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးဌာနနဲ့ ကိန်းန်မြို့က အကုန်အကျခံပြီး ပွဲတော်ကို ကိန်းန်ရဲ့ ကာစီနိုရုံဟောင်းကြီးထဲမှာ ပြန်လည်လုပ်ခဲ့တယ်။ ဒါပေမယ့်လည်း ပြင်သစ်ပွဲတော်ရဲ့ စိတ်ဓာတ်အစပြုရာ အခြားတစ်ဖက်က အဆင့်နဲ့ အရည်အသွေးတူ အီတာလျံနဲ့မှ ပြီးပြည့်စုံရာရောက်မှာမို့ နှစ်နိုင်ငံအကြား လျို့ဝှက်သဘော တူညီချက်ယူပြီး သူတို့ရဲ့ နိုင်ငံတကာပွဲတော်တွေကို တစ်နှစ်ခြားလောက်သာ ကျင်းပပေးဖို့ ဖြစ်လာတော့တယ်။

ပထမဆုံး ကိန်းန်ရုပ်ရှင်ပွဲတော်ဟာ အသင့်အတင့် အောင်မြင်မှုရခဲ့တာမို့ ပြင်သစ်-အီတာလျံ သဘောတူညီချက် (the Franco-Italian agreement) ကို လူထုထံချပြတဲ့အခါ ဒါ ပြင်သစ်ရဲ့ အရှုံးပေးမှုပဲလို့ တွေးကြပြီး ပြင်းထန်စွာ ဝေဖန်ခံရပါတော့တယ်။

နောက်နှစ် ၁၉၄၇ မှာ ပွဲတော်ကို (နိုင်ငံတကာ)ဆိုတဲ့ သဘောပါစကားလုံးကို ဖြုတ်ထားခဲ့ပြီး ကိန်းန်ရုပ်ရှင်ပွဲတော် (the Festival du film de Cannes) အဖြစ် ပြန်လည်ကျင်းပခဲ့တယ်။ ဒါပေမယ့်လည်း (၁၆) နိုင်ငံကနေ ရုပ်ရှင်တွေကို တင်ဆက်ပြသလာကြလို့ အမည်မျှသာပဲဖြစ်ရဲ့။ ဒါတင်မက သာတူညီမျှမှုကို အဓိကထားပြီး စတင်ခဲ့တာမို့ ဂျူရီလူကြီးတွေမှာ တစ်နိုင်ငံစီရဲ့ ကိုယ်စားပြုတစ်ဦးသာ ပါဝင်ခွင့်ရပါတယ်။ အလားတူပဲ ဒီနှစ်ပွဲတော်ကို မုန်တိုင်းဖျက်ခံရလို့ (Palais des Festivals)ရဲ့အမိုး မပြီးခဲ့ပေမယ့်လည်း အချိန်အခါအရ ကျင်းပခဲ့ရတယ်။

၁၉၄၈ နဲ့ ၁၉၅၀ နှစ်တွေမှာ ရသုံးငွေစာရင်းဆိုင်ရာ ပြဿနာတွေကြောင့် ဗင်းနစ်ပွဲတော်(the Venetian festival)နဲ့ယှဉ်ပြိုင်ပြီး ပွဲတော်ကျင်းပဖို့ မဖြစ်နိုင်ခဲ့ပါဘူး။ ၁၉၅၁ ခုမှာတော့ ပြင်သစ်နဲ့အီတလီအကြား ဆက်သွယ်ရေးကောင်းမွန်လာလို့ (the Mostra)ကို ဆောင်းဦးမှာ ကျန်ခဲ့ပေမယ့် ကိန်းန်ပွဲတော်ကို နွေဦးသို့ ရွှေ့လိုက်ကြပါတယ်။

၁၉၅၅ ခုမှာတော့ အဲဒီနှစ်ထိအောင်ပေးခဲ့တဲ့ (the Grand Prix du Festival) ဆုကို အစားထိုးပြီး ရွှေပဒေသာပင်ဆု(the Golden Palm)ကို စတင်ဖန်တီးပေးခဲ့တယ်။ ၁၉၅၇ ခုမှာ (Sélection officielle)အဖွဲ့ဝင် ပထမဆုံး အမျိုးသမီးဂျူရီအဖြစ် (Dolores del de) ကို ရွေးချယ်လိုက်တယ်။ ၁၉၅၉ ခုမှာ ရုပ်ရှင်ဈေးကွက် (the Marché du Film-Film Market) ကို ထူထောင်ခဲ့တာ ပွဲတော်ဟာ ရုပ်ရှင်လုပ်ငန်းမှာ ရောင်းသူနဲ့ ဝယ်သူအကြား စီးပွားဖြစ်ကုန်သွယ်မှု စရိုက်နဲ့ လဲလှယ်ရောင်းဝယ်ဖို့ အထောက်အပံ့တွေလည်း ဖြစ်စေပေ့ါ။ ယနေ့တော့ နိုင်ငံတကာပလက်ဖောင်းမှာ ပထမ ရုပ်ရှင်စီးပွားရေးတစ်ခု ဖြစ်နေပါပြီ။

၁၉၆၂ ခု ကိန်းန်ပွဲတော်မှာတော့ ပထမဆုံး အပြိုင်အခန်းကဏ္ဍဖြစ်တဲ့ ပြင်သစ်ရုပ်ရှင်ဝေဖန်ရေးဆရာများ သမဂ္ဂ (Union of Film Critics)ကနေ နိုင်ငံတကာဝေဖန်ရေး ရက်သတ္တပတ် (the International Critics' Week) ကို ဖန်တီးမွေးဖွားလိုက်ပါတယ်။ ဒါရဲ့ရည်မှန်းချက်ဟာ ကမ္ဘာတစ်လွှားက ဒါရိုက်တာတွေရဲ့ ပထမနဲ့ ဒုတိယအလုပ်အဖြစ် စီးပွားရှာဆန်နေမှုကို မလွှမ်းဆန့်နိုင်ခဲ့တာကို တင်ပြဖို့ပါ။

၁၉၆၅ ခုမှာ သူသေပြီးတဲ့နောက် (Jean Cocteau)ကို ဂါရဝပြုတဲ့အနေနဲ့ တစ်သက်တာ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဂုဏ်ပြုအမည်လည်း ပေးခဲ့ပါတယ်။ နောက်နှစ်မှာ (Olivia de Havilland)ဟာ ပွဲတော်ရဲ့ ပထမဆုံးအမျိုးသမီးဥက္ကဋ္ဌ ဖြစ်လာပေ့ါ။

၁၉၆၈ ခုနှစ်ပွဲတော်ကို မေလ ၁၉ ရက်မှာ ရပ်နားရပြန်ပါတယ်။ Carlos Saura နဲ့ Milos Forman တို့လို ဒါရိုက်တာအချို့ဟာ သူတို့ရဲ့ရုပ်ရှင်ကားတွေကို ပြိုင်ပွဲကနေ ပြန်နုတ်သိမ်းသွားကြတယ်။ မေလ ၁၈ ရက်မှာ ရုပ်ရှင်ရိုက်ကူးသူ (filmmaker) (Louis Malle)ဟာ ဒါရိုက်တာ တစ်အုပ်စုနဲ့အတူ the Palais ရဲ့ အခန်းကျယ်ကြီးတစ်ခုကို သိမ်းယူကာ၊ ပြင်သစ်နိုင်ငံတစ်လွှား ကျောင်းသားနဲ့အလုပ်သမားများရဲ့ စည်းလုံးညီညွတ်စွာ ဆန္ဒပြမှုနဲ့အတူ ရုပ်ရှင်ပြသနေမှုကို ဝင်ရောက်တားမြစ်နိုင်ခဲ့လို့ ထိုစဉ်က (the Cinémathèque Française) ဥက္ကဋ္ဌရဲ့ နှင်ထုတ်မှုကို ခံရပါတယ်။

ရုပ်ရှင်ရိုက်ကူးသူတွေဟာ ဥက္ကဋ္ဌရဲ့ နေရာ ပြန်ပေးမှုကို ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြပြီး အဲဒီနှစ်မှာပဲ ရုပ်ရှင်ဒါရိုက်တာများအဖွဲ့ (the Film Directors' Society-SRF) ကို ထူထောင်လိုက်ပေ့ါ။ ၁၉၆၉ ခုမှာတော့ ဒီအဖွဲ့ဟာ (Pierre-Henri Deleau) ဦးဆောင်မှုနဲ့ ဒါရိုက်တာများရဲ့ ရက်သတ္တနှစ်ပတ် (the Directors' Fortnight) ကို ဖန်တီးလိုက်ပြန်တယ်။ ဒါဟာ ပြိုင်ပွဲမဟုတ်တဲ့ အခန်းကဏ္ဍသစ်တစ်ခုဖြစ်ပြီး အဲဒီကနေ ကမ္ဘာတစ်ဝန်းက ရွေးချယ်ထားတဲ့ ရုပ်ရှင်တွေကို လွတ်လပ်စွာ အကဲဖြတ်မှုနဲ့ ထင်ရှားတဲ့ လက်ရွေးစဉ် ရွေးထုတ်မှုတွေကို ဖြစ်ပေါ်စေခဲ့တယ်။

၁၉၇၀ ခုနှစ်များအတွင်း အရေးကြီးတဲ့ အပြောင်းအလဲတွေလည်း ပွဲတော်မှာ ဖြစ်ပေါ်ခဲ့ရဲ့။ ၁၉၇၂ခုနှစ်မှာ Robert Favre Le Bret ကို ဥက္ကဋ္ဌသစ်၊ Maurice Bessy ကို မန်နေဂျင်းဒါရိုက်တာအဖြစ် အမည်စာရင်း [illegible]ခဲ့ကြတယ်။

www.burmeseclassic.com

သူဟာ ရုတ်ခြည်းဆိုသလို ပါဝင်လာတဲ့ ရုပ်ရှင်ကားတွေ ရွေးချယ်ရာမှာ အရေးပါတဲ့ အပြောင်းအလဲတစ်ခုကို မိတ်ဆက်ပေးလိုက်တယ်။ အဲဒီကာလမတိုင်ခင်အထိ ပွဲတော်မှာ မတူညီတဲ့ နိုင်ငံတွေဟာ သူတို့ကိုကိုယ်စားပြုတဲ့ ရုပ်ရှင်တွေကိုသာ ရွေးချယ်ခဲ့တယ်။

ဘက်စီဟာ ပြင်သစ်ကားတွေကိုရွေးထုတ်ဖို့ ကော်မတီတစ်ရပ်နဲ့ အခြားနိုင်ငံခြားကားတွေကို ရွေးချယ်ဖို့ နောက်ထပ် ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းပေးခဲ့တယ်။ ၁၉၇၈ ခုမှာတော့ ဥက္ကဋ္ဌအဖြစ် ဂျက်ကော့ (Gilles Jacob) က တာဝန်ယူခဲ့ကာ (the Caméra d'Or) ဆုနဲ့ (the Un Certain Regard) ကဏ္ဍတွေကို မိတ်ဆက်ပေးခဲ့တယ်။

အခြားအပြောင်းအလဲအဖြစ် ပွဲတော်ကာလကို ၁၃ ရက်အထိနဲ့ ရွေးချယ်တဲ့ ကားအရေအတွက်ကိုလည်း လျှော့ချလိုက်တယ်။ အလားတူပဲ အကဲဖြတ် ဂျူရီလူကြီးတွေမှာ ရုပ်ရှင်အကယ်ဒမီ (Film Academics) တွေနဲ့ ပေါင်းစပ်ဖွဲ့စည်းပေးတယ်။ ဂျက်ကော့က စတင်ပြီး ရုပ်ရှင်လုပ်ငန်းက နာမည်ကျော်တွေနဲ့ (professionals) တွေကို မိတ်ဆက်ပေးခဲ့တယ်။

၁၉၈၃ ခုမှာတော့ ပွဲတော်လက်ခံကျင်းပဖို့ ပိုမိုကြီးမားတဲ့ (Palais des Festivals et des Congrès) ရုံသစ်ကို တည်ဆောက်ခဲ့တယ်။ ဒါကို နာမည်ပြောင်အဖြစ် (The Bunker) လို့ခေါ်ခဲ့ကြပြီး သူ့ကိုဆန့်ကျင်တဲ့ တုံ့ပြန်မှုများစွာကို စတင်စေရဲ့။ ၁၉၈၄ ခုမှာတော့ ဥက္ကဋ္ဌနေရာမှာ (Pierre Viot) က (Robert Favre Le Bret) အစားဝင်ခဲ့တယ်။

၁၉၉၅ ခုတိုင်အောင် ဂျက်ကော့ဟာ တရားဝင်ရွေးချယ်မှု (the Official Selection) ရဲ့ နောက်ဆုံးကဏ္ဍဖြစ်တဲ့ (la Cinéfondation) ကို တီထွင်မှုမပြုခဲ့သေးပါဘူး။ အဲဒါရဲ့ ဦးတည်ချက်က ကမ္ဘာ့ရုပ်ရှင်လုပ်ငန်းရဲ့ တီထွင်ဖန်တီးမှုတွေကို ပံ့ပိုးဖြည့်ဆည်းကူညီရန်နဲ့ ကျော်ကြားသူတွေ အသိုင်းအဝန်းထဲမှာ ဇာတ်ညွှန်းရေးဆရာ (scenario writers) အသစ်တွေ ဝင်ရောက်လာနိုင်ဖို့ အထောက်အကူပေးရန်ဖြစ်ရဲ့။

(the Cinéfondation) ဟာ ၂၀၀၀ ပြည့်နှစ်မှာ (La Résidence) နဲ့ ၂၀၀၅ ခုမှာ (L'Atelier) နဲ့ ပြီးပြည့်စုံခဲ့တယ်။ ဒီအချိန်အတောအတွင်း ပွဲတော်ဟာ အဲဒါရဲ့ ၂၀၀၀ ခုနှစ်က လောလောလတ်လတ်ဥက္ကဋ္ဌ Gilles Jacob နဲ့ အကျိုး သက်ရောက်မှုတွေ ရှိခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်မှာတော့ (Festival de Cannes) အမည်ကို တရားဝင် မွေးစားယူလိုက်တယ်။

## ကိန်းနိကပေးတဲ့ ထိရောက်သော အကျိုးသက်ရောက်မှုတွေ

ပွဲတော်ဟာ ဥရောပရုပ်ရှင်တွေအတွက် အရေးပါတဲ့ ဗန်းပြရာစင်မြင့်တစ်ခုဖြစ်လာခဲ့တယ်။ (Jill Forbes)နဲ့ (Sarah



Street)ဟာ ဒီရုပ်ရှင်တွေမှာ ဆွေးနွေးငြင်းခုံခဲ့ကြရတယ်။ "ကိန်းစ်ဟာ ဝေဖန်မှုတွေနဲ့ စီးပွားရေးအရ အတော်ကြီးကို အရေးပါတဲ့ စိတ်ဝင်စားစရာနေရာဖြစ်လာပါတယ်။ ဥရောပသားတွေအတွက်လည်း အနုပညာအရည်အသွေးတွေပေါ်မှာ အခြေခံထားတဲ့ သူတို့ရဲ့ ရုပ်ရှင်ကားတွေကို ရောင်းချဖို့ ကြိုးပမ်းရာနေရာပေါ့။ အလားတူပဲ ဗင်းနစ်နဲ့ ဘာလင်က အခြားပွဲတော်တွေနဲ့ အတူတူလိုဖြစ်တယ်၊ ရုပ်ရှင်တွေကို နိုင်ငံရဲ့ အရေးပါတဲ့ ပုံရိပ်တစ်ခုအဖြစ် ဆုံးဖြတ်သတ်မှတ်နိုင်တဲ့ အခွင့်အရေး တစ်ခုကိုလည်း ကိန်းနိကပေးခဲ့ပါတယ်" လို့ သူတို့က ဆိုခဲ့ပါတယ်။ ဥရောပရုပ်ရှင်ဟာ အနုပညာမြောက်ရုပ်ရှင် (art cinema) ပါလို့ ယေဘုယျအားဖြင့် နားလည်သဘောပေါက်ထားမှုကိုလည်း အားပေးမြှင့်တင်နိုင်ခဲ့တယ်။ ဒါ့တင်မက ကြီးမားတဲ့ မီဒီယာထိတွေ့မှုတွေကိုလည်း ပေးခဲ့တယ်၊ အများပြည်သူအတွက် မဟုတ်တဲ့ (the non-public) ပွဲတော်ကိုတော့ များစွာသောရုပ်ရှင်ကြယ်ပွင့်တွေ တက်ရောက်ကြပါတယ်။ ကိန်းနိဟာ ခေတ်စားတဲ့ ပွဲတော်ကျင်းပရာ နေရာဖြစ်သလို ရုပ်ရှင်ထုတ်လုပ်သူတွေအတွက် သူတို့ရဲ့ ရုပ်ရှင်ကားသစ်တွေနဲ့ လုပ်ဆောင်ထားမှုတွေကို ကမ္ဘာတစ်လွှားကလာတဲ့ ဖြန့်ချိသူတွေကို ရောင်းဖို့ ကြိုးစားရင်း စတင်ဈေးခင်းရာလည်း ဖြစ်ရဲ့။

## ရုပ်ရှင်ကားတွေထဲမှာ ပေါ်ပြခဲ့တဲ့ ကိန်းနိ

ရုပ်ရှင်ကားအတော်များများမှာလည်း ကိန်းနိကို ထည့်ရိုက်ကြပါတယ်။ ပမာအားဖြင့် (Irwin Shaw)ရဲ့ ဝတ္ထုကို (Jerry London) ရိုက်ကူးပြီး (Glenn Ford)နဲ့(Eddie Albert) တို့ သရုပ်ဆောင်ပါဝင်ထားတဲ့၊ (Evening in Byzantium) (၁၉၇၈)ကား၊ (Keith Carradine) သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ပွဲတော်အတွင်း အခြေတည်ခဲ့တဲ့ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးနဲ့ သူ့ဇနီးအကြားက အဖြစ်အပျက်အကြောင်း အချစ်နဲ့ ဟာသ (romantic comedy)ကား (Almost Perfect Affair)(၁၉၇၉) တွေမှာပေါ့။

အီဂျစ်ဒါရိုက်တာ(Youssef Chahine)က ကိန်းနိရုပ်ရှင်ပွဲတော်မှာ သူ့ရုပ်ရှင်ကား (Nile Boy)ကို တင်ဆက်တဲ့



www.burmeseclassic.com

www.burmeseclassic.com


အခါ ဖြစ်ပေါ်လာတဲ့ သူ့ရဲ့ စိုးရိမ်ကြောင့်ကြမှုတွေကို တင်ပြထားတဲ့ (An Egyptian Story)(၁၉၈၂)ကား ထင်ရှားကျော်ကြားတဲ့ ပိတ်ကားပေါ်က ရုပ်ရှင်ဘုရင်မဟာ ကိန်းနဲ့ကို ရောက်လာရင်း သူ့ကို နှစ်သက်စွဲလမ်းနေသူတွေ ဝိုင်းဝိုင်းလည်နေတုန်း လူသတ်ခံရမှာကို စိတ်စွဲနေတဲ့အကြောင်း (Joe Spinell)နဲ့(Caroline Munro)တို့ ပါဝင်သရုပ်ဆောင်ရိုက်ကူးထားတဲ့ (The Last Horror Film) (၁၉၈၂) ကားတွေမှာလည်း အလားတူပါပဲ။

ဟာသ(Comedy)ကားတွေဖြစ်တဲ့ (Grosse Fatigue) (၁၉၉၄)ကား၊ ဒါရိုက်တာ (Alain Berberian) ရိုက်ကူးပြီး (Alain Chabat, Chantal Lauby, Gérard Darmon) တို့ သရုပ်ဆောင်ခဲ့တဲ့ (La Cité de la peur)(၁၉၉၄)ကား၊ ပွဲတော်မှာ အလောင်းအစားတစ်ခု လုပ်ခဲ့တဲ့ ထုတ်လုပ်သူအဖြစ် (Seymour Cassel)သရုပ်ဆောင်ထားတဲ့ (Cannes Man) (၁၉၉၆)ကားနဲ့ ကိန်းနဲ့ရုပ်ရှင်ပွဲတော်အတွင်း ဖြေဖျော်ရေး (Entertainment)ကားတွေ ရောင်းဖို့ကြိုးစားရင်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ ထုတ်လုပ်သူတွေအကြောင်း၊ ဒါရိုက်တာ (Henry Jaglom)ရိုက်ကူးပြီး (Greta Scacchi, Maximilian Schell &Ron Silver)တို့ သရုပ်ဆောင်ထားကြတဲ့ (Festival in Cannes)(၂၀၀၂)ကားနဲ့ (What Just Happened)(၂၀၀၉) ကားတွေကိုလည်း ဒီမှာပဲ ဇာတ်လမ်းဆင်ခဲ့တာပါ။

ဒါရိုက်တာ(Brian De Palma)ရိုက်ကူးပြီး (Rebecca Romijn)နဲ့ အန်တိုနီယိုဘန်းဒရပ်တို့ သရုပ်ဆောင်ထားတဲ့ (Femme Fatale)(၂၀၀၂) ကတော့ ကိန်းရုပ်ရှင်ပွဲတော်အတွင်း အန္တရာယ်များလှတဲ့ ဓားပြတိုက် လုယက်မှုတစ်ခု လုပ်ပြီး သေချင်ဟန်ဆောင်ကာ ခြေရာဖျောက်ဖို့ ကြိုးစားပုံပါ။

ကိန်းနဲ့မှာ မှတ်တမ်းတင်ရုပ်ရှင်(documentary)တွေလည်း ရိုက်ကြပါတယ်။ (Searching for Debra Winger) (၂၀၀၂)ကတော့ အရင်နှစ်က ကိန်းနဲ့ပွဲတော်တက်ရောက်ခဲ့တဲ့ မင်းသမီးများစွာကို (Roseanna Arquette)က တွေ့ဆုံမေးမြန်းရိုက်ကူးထားတာပါ။ (Troma Entertainment)ရဲ့ ဒါရိုက်တာတွေဖြစ်တဲ့(Lloyd Kaufman, Gabriel Friedman) နဲ့ (Sean McGrath)တို့ နှစ်စဉ်လာနေကျ ကိန်းနဲ့ပွဲတော်ခရီး မှတ်တမ်းတင် ရုပ်ရှင်ကား (All the Love You Cannes!) (၂၀၀၂)ကိုတော့ ဒါရိုက်တာ(Quentin Tarantino)နဲ့(Claude Chabrol)တို့က ရိုက်ကူးပေးပါတယ်။ ကိန်းနဲ့ရုပ်ရှင်ပွဲတော် နှစ် (၆၀)ပြည့် ဂုဏ်ပြုပွဲမှတ်တမ်းတင်ကား (Bienvenue à Cannes)(၂၀၀၇)ကိုတော့ (Turner Classic Movies)က ထုတ်လုပ်ခဲ့တာပါ။

နာမည်ကြီးဟာသဇာတ်ကောင် မစ္စတာဘင်းရဲ့ (Mr. Bean's Holiday)(၂၀၀၇)ဟာ ရုပ်ရှင်ပွဲတော်ကို ရောက်ရှိနေတဲ့ ဒိုင်လူကြီးတစ်ဦးရဲ့သားကို ပြန်ပေးဆွဲပြီး၊ သူ့အဖေဆီ



ကိန်းနဲ ရုပ်ရှင်ပွဲတော်ကျင်းပရာ ရုံကြီးဘေးက ကိုယ်ပိုင်သင်္ဘောဆိပ်မှာ

ပြန်ပေးဖို့ ဇာတ်လမ်းဆင်ထားတာပါ။ (Rowan Atkinson) သရုပ်ဆောင်ထားတဲ့ အဲဒီကားဟာ မတ်တတ်ထရပ်ကြပြီး သြဘာပေး (standing ovation)ခံခဲ့ရပါတယ်။

ရုပ်မြင်သံကြားတွေပေါ်မှာလည်း ကိန်းနဲ့က နေရာယူခဲ့တယ်။ (the HBO show)မှာ ကိန်းနဲ့ရုပ်ရှင်ပွဲတော်ကို သူတို့ရဲ့ စတုတ္ထမြောက်ပွဲတော်ရာသီ (4th season)မှာ တင်ဆက်ခဲ့ပါတယ်။

## ကိန်းနဲ့မြို့မှာကျင်းပတဲ့အခြားသောပွဲတော်တွေ

ကိန်းနဲ့ပွဲတော်အပြင် အာဖရိကကနေ ပြန့်ကျဲ ရောက်ရှိသွားကြသူတွေရဲ့ ရုပ်ရှင်ကားတွေကိုပြသတဲ့ ဝင်-အမေရိကန်ရုပ်ရှင်ပွဲတော် (The Pan-African Film Festival) ကိုတော့ ဧပြီလ အစောပိုင်းမှာ ကျင်းပလေ့ရှိပါတယ်။

တေးဂီတလုပ်ငန်းအတွက် အထင်ကရဖြစ်တဲ့ ကုန်သွယ်ရေးရှိုးပွဲ (Midem)လည်း ကိန်းနဲ့မှာ ကျင်းပပါတယ်။ (MIPIM)ဟာ ကမ္ဘာ့အကြီးဆုံး မြေအိမ်ရာ အဆောက်အအုံတွေနဲ့ စပ်ဆိုင်တဲ့ ကုန်သွယ်ရေးရှိုးပွဲ ဖြစ်ပါတယ်။

ကိန်းနဲ ခြင်္သေ့နိုင်ငံတကာ ကြော်ငြာပွဲတော်(Cannes Lions International Advertising Festival) ဟာလည်း နာမည်ကျော်ဖြစ်ပါတယ်။ ဘရင်ဂျီခရစ်ယာန်တွေ ဝါရှောင်လမတိုင်ခင် အဖိတ်နေ့ (Shrove Tuesday)အကြိုကျင်းပတဲ့ (Carnival on the Riviera)ဟာ နှစ်ပတ်လည်ချီတက် လမ်းလျှောက်ပွဲဖြစ်ပြီး လမ်းတွေပေါ်မှာ၂၁ ရက်လောက် ကာလရှည်ကြာတဲ့ ပွဲပါ။

ဖေဖော်ဝါရီလမှာ ကျင်းပတဲ့ (The International Festival of Games)ပွဲတော်မှာတော့ လူလေးယောက်ကစားရတဲ့ ဖဲကစားနည်း(bridge)၊ (belote)၊ အန်စာပစ်ပြီး အကွက်ရွှေ့ရတဲ့ (backgammon)၊ စစ်တုရင်၊ (draughts) ကျားထိုးကစားနည်း၊ တားရော့ဂမ္ဘီရကားချပ် (tarot)ကစားနည်းနဲ့ အခြားကစားပွဲတွေ ပြုလုပ်တာဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

လေ့လော့်ဝါသနာရှင်တွေအတွက် (Festival de la Plaisance)ကို စက်တင်ဘာလအတွင်း (the Vieux Port) ဆိပ်ကမ်းမှာ ကျင်းပပါတယ်။ (The International Actors' Performance Festival) ပွဲတော်မှာတော့ ဟာသ ပြဇာတ်တိုလေးတွေနဲ့ အရံအနုပညာရှင်များရဲ့ သရုပ်ဖော် (performances) ပြတဲ့ပွဲတွေကို ကြည့်ရပါမယ်။

(The International Luxury Travel Market) ဟာ ကမ္ဘာတစ်ဝန်းလုံးက ထိပ်တန်း နိုင်ငံတကာ ဇိမ်ခံခရီးသွား လုပ်ငန်းကို ပံ့ပိုးဖြည့်ဆည်းပေးသူတွေ တစ်မိုးအောက်မှာ စုဝေးပြီး အတူတကွ ရောက်ရှိလာကြတဲ့ပွဲပါ။ ကိန်းနိပင်လယ်အော်မှာ နွေရာသီမှာ ကျင်းပတဲ့ မီးရှူးမီးပန်း ပစ်ဖောက်တဲ့ အတတ်ပညာပြပွဲ (Le Festival d'Art Pyrotechnique) ကတော့ ခမ်းနားကြီးကျယ်လှတဲ့ နှစ်ပတ်လည် မီးရှူးမီးပန်း (fireworks)ပစ်လွှတ်တဲ့ ပြိုင်ပွဲပါ။ ရုပ်မြင်သံကြားလုပ်ငန်း အတွက် ကမ္ဘာ့အရေးအပါဆုံး ကုန်သွယ်ရေးဈေးကွက်ဖြစ်တဲ့ (Mipcom)နဲ့ (MIPTV) တို့ကို အောက်တိုဘာနဲ့ ဧပြီမှာ အသီးသီး ကျင်းပကြပါတယ်။

ကိန်းနိမြို့တွင်းတစ်နေရာမှာတော့ အိမ်ကြီးတစ်အိမ်ကို ရုပ်ရှင်ရိုက်ရာတွင်သုံးတဲ့ ကရိန်းတွေ၊ ထရော်လီတွေ၊ ဟိုးတစ်ခေတ်က ရုပ်ရှင်ရုံတွေမှာထောင်တဲ့ ပိုစတာကြီးတွေနဲ့ လှတဲ့ မင်းသား၊ မင်းသမီးပုံ ဆေးရေးပန်းချီတွေနဲ့ အနုပညာမြောက်စွာ ရုပ်ရှင်ရုံလို အလှဆင်ထားတယ်။ ဒါဟာ ရုပ်ရှင်ပွဲတော်ကျင်းပရာ ကိန်းနိမြို့ရဲ့ သဘာဝနဲ့လည်း အတော်ကိုက်ဖက်ပါရဲ့။ ငယ်ငယ်က ကြည့်ခဲ့ရတဲ့ ရုပ်ရှင်ရုံတွေကို လွမ်းမိပါသေးရဲ့။ ဒါဟာ ရုပ်ရှင်နဲ့ဆိုင်တဲ့ ပြတိုက်တစ်ခု လေလားလို့လည်း တွေးမိပါသေးတယ်။

## ကိန်းနိမြို့က ပြတိုက်တွေ

ပြတိုက်တွေကို စိတ်ဝင်စားတဲ့ကိုယ်ကတော့ ကိန်းနိမှာရှိတဲ့ ပြတိုက်တွေ အကြောင်းလည်း စုံစမ်းထားပေမယ့် ကြည့်ရှုလေ့လာခွင့် ရမှာမဟုတ်တာကတော့ သေချာပါရဲ့။

ကိန်းနိက ပြတိုက်တွေမှာ (the Musée d'Art et d'Histoire de Provence) ပြတိုက်ဟာ သမိုင်းမတင်မီခေတ်ကနေ ယနေ့ခေတ်အထိ လူတွေ ဖန်တီးပြုလုပ်ခဲ့တဲ့ ရှေးဟောင်းပစ္စည်း (artifacts) တွေကို ၁၈ ရာစု အဆောက်အအုံကြီး တစ်ခုမှာ ထားရှိပြသတာပါ။ (the Musée de la Castre) ပြတိုက်မှာတော့ (the Pacific Atolls) ကပစ္စည်းတွေ၊ ပီရူးအမွေအနှစ်တွေ (Peruvian relics) နဲ့ မာရာအိုးအင် (Mayan pottery) တွေ ရှိပါတယ်။ အခြား ခင်းကျင်းပြသရာတွေမှာတော့ (the Musée de la Marine, Musée de la Mer, Musée de la Photographie) နဲ့ (Musée International de la Parfumerie) ပြတိုက်တွေ ပါဝင်ပါတယ်။

## ကိန်းနိရဲ့ ရှေးအိမ်ကြီး (the villas) တွေ

၁၉ ရာစု ကိန်းနိကို သူရဲ့ကြီးမားထည်ဝါတဲ့ ရှေးအိမ်ကြီးတွေကနေ တစ်ဆင့် မြင်နိုင်ပါသေးရဲ့။ အလယ်ခေတ် ရဲတိုက်တွေကနေ ရောမအိမ်ကြီးရခိုင်တွေအထိမှာ ပိုင်ရှင်တွေရဲ့ နေထိုင်တဲ့အဆင့်အတန်းနဲ့ သူတို့ရဲ့ချမ်းသာကြွယ်ဝမှုတွေကို မြင်ယောင်လာစေဖို့ ရောင်ပြန်ဟပ်တင်ပြနေပါတယ်။ ကိန်းနိမှာ ပထမဆုံးတွေထဲက တစ်ခုဖြစ်တဲ့ (Lord Brougham) ရဲ့ အီတာလျံဟန်အိမ်ကြီး(Italianate Villa Eléonore Louise) ကို ၁၈၃၅ နဲ့ ၁၈၃၉ခုတွေအတွင်းမှာ တည်ဆောက်ခဲ့တာပါ။ အလားတူပဲ (the Quartier des Anglais)လို့ ထင်ရှားတဲ့ ရှေးအကျဆုံး လူနေဧရိယာတစ်ခုလည်း ကိန်းနိမှာ ရှိနေပါတယ်။

အခြားအထင်ကရဖြစ်တဲ့ ယနေ့ (the Villa Domergue) လို့သိကြတဲ့ the Villa Fiésole ကိုတော့ Jean-Gabriel Domergue က Fiesole ဟန်နဲ့ ဒီဇိုင်းဆွဲပေးခဲ့ပြီး ဖလောရင့် အနီးမှာရှိပါတယ်။ အဲဒီအိမ်ကြီးကိုတော့ လူတွေ ကိုဖွင့်လှစ်ပြသခြင်း မပြုပါဘူး။ Villa Domergue ကို သွားလည်ချင်ရင်တော့ ခွင့်ပြုချက် ကြိုယူထားရပါတယ်။

ကိန်းနိမှာ ရှေးရိုးစဉ်လာ ထင်ရှားတဲ့ ကဇာတ်ရုံတွေတော့ မရှိပေမယ့် နှစ်စဉ်ကျင်းပတဲ့ နိုင်ငံတကာ သရုပ်ဆောင်များရဲ့ သရုပ်ပြပွဲတော်အတွင်းမှာတော့ စင်သေးသေးလေးတွေနဲ့ တင်ဆက်ပြသမှုလေးတွေကို လက်ခံကျင်းပပေးပါတယ်။ တွေးလို့မှမဆုံးခင်၊ ကိန်းနိကနေ ကားကြီး ဆက်လက်ထွက်ခွာလာပြီး မကြာမီ နီးစ်မြို့ကို ပြန်ဖြတ်ရပြန်တယ်။ နီးစ်ကို အဖြတ်မှာ အသွားတုန်းက မမြင်ခဲ့ဖူးတဲ့ ငွေမှင်ရောင် အားကစားရုံ အကြီးကြီးတစ်ခုကိုလည်း တွေ့လိုက်ရတယ်။

သိပ်တောင် ကားမမောင်းရသေးဘဲ လမ်းဘေးဝဲယာကို ဟိုဒီငေးလို့ကောင်းနေတုန်း မော်နာကို (Monaco) မြို့ကို ရောက်ရှိသွားပါတော့တယ်။ သေးငယ်သော မြေထဲပင်လယ် နိုင်ငံလေးဖြစ်ပြီး မြို့လည်း နိုင်ငံ၊ နိုင်ငံလည်း မြို့ပါပဲ။ မြို့ရဲ့ ပသာဒအလှ (Sightseeing) တွေကို လှည့်လည်ကြည့်ကြတယ်။ မြေထဲပင်လယ်ကမ်းခြေရှိ ကျောက်တောင်ပေါ်က မြို့မှ လမ်းတွေက အကွေ့အကောက် အနိမ့်အမြင့်တွေ များလှရဲ့။ ဒါ့ကြောင့်လည်း မင်းသမီး ဂရေ့စ်ကယ်လီ မော်တော်ကား မတော်တဆမှုဖြစ်ကာ အသက်ဆုံးရခြင်းဖြစ်မှာ။ မည်သည့်နေရာမှာ ဂရေ့စ်ကယ်လီ ကားမှောက်ခဲ့ပါသလဲ။ အမှတ်အသား တစ်စုံတစ်ရာ လုပ်ထားတာ မတွေ့။ ကိုယ်တွေပဲ မသိလို့များလား။ အဲဒီလို စိတ်ဝင်စားစရာ အပြည့်အသိပ်ကို ရင်မှာပိုက်ရင်း ဂရေ့စ်ကယ်လီနဲ့တွေ့ဖို့ မော်နာကိုကိုရောက်ခဲ့ပေါ့။

စာကိုး။ ။ **Encyclopædia Britannica 2014, Encata.**

**ကိုအေးမြင့်(မဟာဝိဇ္ဇာရှေး/သ)**



www.burmeseclassic.com

www.burmeseclassic.com

"ဟင်းရွက်တွေရမယ်. . . ကန်စွန်းရွက်. . . ချဉ်ပေါင်ရွက်. . ဟင်းရွက်စုံ. . . ဝယ်ကြဦးမလား"

မနှင်းမြမှာ မုဆိုးမတစ်ယောက်ဖြစ်ပြီး သူ့မှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိသည်။ သမီးအကြီးချစ်စုမှာ ဒီနှစ် (၁၀)တန်းတက်နေပြီး သားအငယ်လေးဖိုးတွတ်မှာ (၆)တန်းရောက်နေပါပြီ။ မနှင်းမြမှာ သားနှင့်သမီးအတွက် မနက်ပိုင်း ဟင်းသီးဟင်းရွက်ရောင်း၍ နေ့ခင်းဘက်တွင် တုတ်ထိုးရောင်းသည်။ မနှင်းမြတစ်ယောက် သူ့သားသမီးတွေစားဖို့ မနည်း ရုန်းကန်နေရသည်။

"ဟင်းရွက်သည် လာပါဦး"

"လာပြီ အစ်မရေ. . ."

မနှင်းမြ သူ့ကိုခေါ်သောအိမ်သို့ ဝင်လသည်။

"အစ်မ. . . ချပေးပါဦး"

မနှင်းမြ ဈေးဗန်းအောက်သို့ ချပြီးသောအခါ သူ့မျက်လုံးက အိမ်ထဲသို့ ရောက်သွားသည်။ အိမ်ထဲတွင် တီဗီ၊ အောက်ဆက်၊ ရေခဲသေတ္တာ၊ 'ပန်ကာ ပစ္စည်းအစုံ တွေ့ရသည်။ သူ ငေးကြည့်နေမိသည်။ စိတ်ထဲမှာလည်း အားကျနေမိသည်။ သူရောက်နေသောအိမ်မှာ ပွဲစားမရွှေတို့အိမ်ဖြစ်သည်။ သူတို့ရပ်ကွက်တွင် မရွှေသည် လူချမ်းသာစာရင်းထဲပါ၏။

"မနှင်းမြ. . . ကန်စွန်းရွက်တစ်စည်း ဘယ်လောက်လဲ"

မရွှေ မေးနေသည်ကို နှင်းမြ မကြား ငေးကောင်းနေသည်။

"ဟဲ့. . . နှင်းမြ၊ ငါမေးနေတာ မကြားဘူးလား"

"ရှင်. . . အစ်မ ဘာမေးတာ

"ကန်စွန်းရွက်တစ်စည်း ဘ

လောက်လဲလို့ မေးတာ"

"တစ်ရာ့ငါးဆယ်ပါ အစ်မ"

"မလျှော့တော့ဘူးလား"

"လျှော့လို့မရလို့ပါ အစ်မရယ်"

"အေးလေး. . . မလျှော့နိုင်ရင်လဲ မဆစ်တော့ပါဘူး၊ ဒါနဲ့ နင်တို့ဈေ အဆင်ပြေရဲ့လား"

"မပြေပါဘူး အစ်မရယ်"

"အားမလျှော့ပါနဲ့အေ. . .၊ အ လုပ်လုပ်ရင်း နောက်တော့လဲ အဆင်ပြေသွားမှာပေါ့"

နှင်းမြမှာ မရွှေတို့အိမ်မှထွက် လာပြီး တစ်လမ်းလုံး မရွှေတို့အိမ်ထ ပစ္စည်းတွေကို မြင်ယောင်နေမိသည်။

"မရွှေတို့အိမ်က ပစ္စည်းမျိုးဈေ ပါ သားသမီးတွေကို ဝယ်ပေးရင် ဝမ်း သာကြမှာပဲ"ဟု တွေးမိသည်။

နှင်းမြ ဟင်းသီးဟင်းရွက်ဈေ ကုန်သွားသဖြင့် အိမ်ကိုပြန်လာသည် အိမ်တွင် သမီးချစ်စုထွက်ကြိုနေသည်

"အမေ. . . အမောဖြေဦး၊ သမီး ကို ဈေးဗန်းပေး၊ သွားထားလိုက်မယ်"

"အေး. . . အေး"

နှင်းမြ ကွပ်ပျစ်ပေါ်မှာထိုင်၍ အမောဖြေနေသည်။

"သမီးမောင်လေးကော. . . ကျောင်းက ပြန်ရောက်ပြီလား"

"ရောက်ပြီ အမေ၊ ရေချိုးနေ တယ်၊ အမေလဲ ရေချိုးလိုက်ပါလား သမီး ထမင်းပွဲပြင်ထားမယ်"



ပန်းချီ ဆွေမြင့်

# မှားသည်ဝန်တာ

ရေနံ့မြေ
ခရေ

www.burmeseclassic.com

www.burmeseclassic.com

"ဟင်းချက်ပြီးလို့လား၊ အမေ ဈေးဝယ်မလာမိဘူး"

"သမီး မနက်က ကန်စွန်းရွက် ...စ်စည်းတွေ့လို့ ယူထားတယ်"

နှင်းမြ ဘာမျှမပြောဘဲ ရေချိုး ...်ထွက်သွားသည်။

♦

မရွှေမှာ ပွဲစားဆိုသော်လည်း ...ပွဲစား၊ အိမ်ပွဲစားဟုတ် လူပွဲစားဖြစ် ...ည်။ မိန်းကလေးတွေကို နိုင်ငံခြားမှ ...လုပ်ရမည်ဟု ဆွယ်၍ တခြားနိုင်ငံသို့ ...င်းစားခြင်းဖြစ်သည်။ သူတို့မှာ ဗိုင် ...သည်။ မရွှေက လူရှာပေးရသည်။ ...အတွက် ပွဲခရသည်။ လူနည်းလျှင် ...ည်းရ၍ လူများများရလျှင် ပွဲခများများ ...သည်။ ယခုလည်း ဗိုင်ကိုင်သော ...ကြီးဆီသို့ မိန်းကလေးသုံးယောက် ...ာက်လာသည်။

"မရွှေ"

"ရှင်. . . မမကြီး"

"အခုတစ်လော လူရတာနည်း ...အထက်ကပြောနေတယ်"

"ဒါဆို. . . ကျွန်မတို့ ဘာလုပ် ...ရမလဲ"

"နောက်ထပ်.ပွဲစားတစ်ယောက် ...ရမယ်၊ ညည်းမှာ ယုံကြည်ရတဲ့သူ မရှိ ...ဘူးလား"

မရွှေ စဉ်းစားနေသည်။ မရွှေ ...ာက်လုံးထဲမှာ နှင်းမြကိုသွားမြင်သည်။ ...မြသည် ရိုးသည်၊ အေးသည်။ သူ ...ပြောတိုင်းရမည်ကိုသိသည်။

ထို့ကြောင့် . . .

"ကျွန်မမှာ တစ်ယောက်တော့ ...တယ်၊ ကျွန်မပြောရင် ရမယ်"

"ညည်း . . . လူက စိတ်ချရပ့ါ ...လား"

"စိတ်ချရတယ် အစ်မ၊ ကျွန်မ ...အာမခံတယ်"

"အေး . . . သူ့ကို ငါတို့ ...အကြောင်း မသိစေနဲ့၊ အဲဒါကိုတော့ ...သတိရှစိုက်"

"ဟုတ်ကဲ့. . . မမ၊ စိတ်ချပါ"

မရွှေ အိမ်ကို ပြန်လာသည်။ နောက်နေ့ မရွှေတစ်ယောက် နှင်းမြတို့ အိမ်ကို ထွက်ခဲ့သည်။

"ဟင်. . . မရွှေပါလား၊ ဘယ်က လှည့်လာတာလဲ"

"နှင်းမြဆီကိုပဲ လာတာ"

"ဘာကိစ္စများရှိလို့လဲ"

"နှင်းမြ အဆင်မပြေတာ သိလို့ အလုပ်တစ်ခု လုပ်မလားလို့ လာပြောတာ"

"ဘာအလုပ်လဲ အစ်မ"

"ငါလုပ်နေတဲ့ ပွဲစားအလုပ်ပေါ့"

"အစ်မတို့ အလုပ်ကို ကျွန်မမှ မလုပ်တတ်တာ"

"ငါ သင်ပေးမှာပေါ့၊ စိတ်ကူးမ လွဲနဲ့နော်၊ နှင်းမြတို့ကို အဆင်ပြေစေချင်လို့ လာပြောတာ"

"အစ်မက လုပ်စေချင်မှတော့ ကျွန်မလုပ်ပါ့မယ်"

"ဒီလိုမှပေါ့"

"ဒါနဲ့ ကျွန်မက ဘာလုပ်ရမှာလဲ"

"ငါတို့အလုပ်က အလုပ်မရှိတဲ့ မိန်းကလေးတွေကို သူတို့နောင်ရေး အတွက် ကောင်းစားဖို့ အလုပ်ရှာပေး ရတဲ့ အလုပ်ပဲ"

"ဟုတ်လား၊ ဒါဆို ကောင်းတဲ့ အလုပ်ပဲ၊ သူတို့က ဘယ်မှာသွားလုပ်ရ မှာလဲ"

"နိုင်ငံခြားမှာ သွားလုပ်ရမှာ၊ နိုင်ငံခြားမှာ သွားလုပ်ရင် လခအများ ကြီးရမယ်၊ အဲဒါ နှင်းမြက အသိတွေထဲ က မိန်းကလေးတွေ အလုပ်လုပ်ချင်ရင် သူတို့တွေကို ကျွန်မဆီ ခေါ်လာခဲ့ဖို့ပဲ၊ နှင်းမြအတွက် ပွဲခပေးမယ်"

"နိုင်ငံခြားမှာလဲ အလုပ်ရမယ်၊ ပိုက်ဆံတွေလဲ အများကြီးရမယ်ဆိုရင် လုပ်ကြမှာပါ၊ သူတို့ အလုပ်ရသွားရင် အရမ်းဝမ်းသာကြမှာ၊ ကျွန်မ အလုပ် လုပ်ချင်တဲ့သူတွေကို ခေါ်လာပေးပါ့ မယ်"

နှင်းမြမှာ ရိုးသားသူဖြစ်သဖြင့် မရွှေတို့၏ အကြံကိုမသိဘဲ ဆင်းရဲနေသော သူ့မိတ်ဆွေအပေါင်းအသင်းများ အဆင်ပြေရန်အတွက် ကူညီရမည်ကို တွေး၍ပျော်ပြီး မရွှေပြောသော အလုပ် လုပ်ရန် သဘောတူလိုက်သည်။

"ကဲ. . . ငါ ပြန်လိုက်ဦးမယ်၊ နှင်းမြ စိတ်ချမယ်နော်"

"ဟုတ်ကဲ့. . . စိတ်ချပါ အစ်မ"

မရွှေ နှင်းမြကိုနှုတ်ဆက်၍ ပြန် သွားသည်။

♦

နှင်းမြမှာ မရွှေနှင့်အတူ အလုပ် လုပ်မှ သူတို့မိသားစု အဆင်ပြေလာ သည်။ သူ့သားသမီးတွေလည်း ပြောင် ပြောင်ရောင်ရောင် ဖြစ်လာသည်။

သူလိုချင်သော တီဗွီ၊ အောက် စက်၊ ပန်ကာတွေလည်း ဝယ်နိုင်လာ သည်။ အစားအသောက်လည်း ကောင်း ကောင်းမွန်မွန် စားရသည်။ နှင်းမြမှာ သူတို့ ဒီလိုနေနိုင်၊ စားနိုင်တာ မရွှေ ကြောင့်ဟု ထင်ပြီး မရွှေကို ကျေးဇူး တင်နေသည်။ ချစ်စုမှာ သူ့အမေ လူကုန်ကူးသည့်အလုပ် လုပ်နေသည်ကို သူမသိ၊ ပွဲစားအလုပ် လုပ်နေသည်ဟုပဲ ထင်သည်။

တစ်နေ့ ချစ်စုတို့ သူငယ်ချင်း လေးယောက်ဆုံ၍ စကားပြောနေရင်း ချစ်စုသူငယ်ချင်းတစ်ယောက်က . . .

"ငါ ကျောင်းထွက်တော့မယ်"

"ဘာဖြစ်လို့ထွက်မှာလဲ"

"ငါတို့အိမ်လာတဲ့ အဒေါ်ကြီးက နိုင်ငံခြားမှာ အလုပ်သွားလုပ်ရင် ပိုက် ဆံတွေ အများကြီးရမယ်၊ သွားလုပ်မယ် ဆိုရင် သူပို့ပေးမယ်ပြောတယ်၊ ငါ့အမေ က ငါ့ကို သွားလုပ်ခိုင်းလို့ ငါသွားလုပ် မလို့၊ နင်တို့လဲ ငါနဲ့အတူ လိုက်လုပ်ပါ လား၊ နင်တို့သာပါရင် ပျော်စရာကြီး နေမှာပဲ"

"ငါတို့က လိုက်ချင်ပါတယ်ဟာ ဒါပေမယ့် ငါတို့အမေက လွှတ်ပ့ါမလား မသိဘူး"

"ချစ်စုရော. . . လိုက်မှာလား"

"လိုက်တော့ လိုက်ချင်ပါတယ်၊

www.burmeseclassic.com

ငါ့အမေက လွှတ်မှာမဟုတ်ဘူး"

"ပြောကြည့်ပါဦးဟာ"

"တကယ်လို့ နင်တို့အမေတွေ လွှတ်ရင် မနက်ဖြန် နေ့လယ် ၁ နာရီ ငါ လမ်းထိပ်မှာ စောင့်နေမယ်"

ချစ်စုတို့သူငယ်ချင်းလေးယောက် လမ်းခွဲ၍ အိမ်ပြန်ခဲ့ကြသည်။ ချစ်စုမှာ အိမ်ရောက်တော့လည်း အလုပ်အကြောင်း စဉ်းစားနေသည်။ ဒါပေမယ့် သူ့အမေကို အလုပ်လုပ်ရန် ပြော၍ ရမည် မဟုတ်မှန်း သိသည်။ သူ့အမေ တစ်ယောက်တည်း အလုပ်လုပ်နေသည်ကို မကြည့်ရက်။ သူငယ်ချင်းတွေနှင့်လည်း အလုပ်အတူတူ လုပ်ချင်သည်။ ထို့ကြောင့် ချစ်စုတစ်ယောက် အလုပ်လုပ်ရန် ဆုံးဖြတ်၍ သူ့အမေအတွက် စာရေး၍ သူ့မောင်လေး အားပေးခဲ့ပြီး သူငယ်ချင်းတွေ စောင့်နေသည့်နေရာသို့ ထွက်ခဲ့သည်။

◆

နှင်းမြတစ်ယောက် မရွှေနှင့်အတူ မိန်းကလေးတွေပို့ပြီး အိမ်ကိုပြန်လာသည်။ အိမ်ရောက်တော့ အိမ်မှာ သားအငယ်ကောင်လေးပဲ ရှိသည်။

"မောလိုက်တာ သားရယ်၊ အမေ့ကို ရေတစ်ခွက်လောက် ပေးပါဦး၊ ဒါနဲ့ မင်းအစ်မကော. . ."

"အစ်မ . . . သူငယ်ချင်းတွေနဲ့ အလုပ်သွားလုပ်မယ်ပြောပြီး ထွက်သွားတယ်၊ အမေ့ကို စာပေးသွားတယ်"

နှင်းမြစာကိုယူ၍ ကမန်းကတန်း ဖတ်လိုက်သည်။ စာထဲတွင် သူငယ်ချင်းတွေနှင့် နိုင်ငံခြားမှာ အလုပ်သွားလုပ်မည့်အကြောင်း ရေးထားသည်။ နှင်းမြ တော်တော် ဒေါသဖြစ်သွားသည်။

"အမေက မပူမပင်ရ လုပ်ကျွေးနေတာကို သူက အလုပ်လုပ်ချင်သေးတယ်၊ မဖြစ်ဘူး၊ လိုက်ခေါ်မှဖြစ်မယ်"

နှင်းမြ၊ မရွှေကို အကူအညီ တောင်းရန် မရွှေတို့အိမ်ကို သွားသော်လည်း မရွှေမရှိ၊ နှင်းမြ ဘယ်လိုက်ရမှန်း မသိ။ နောက်ဆုံး စိတ်ကူးရ၍ သူတို့ မိန်းကလေးတွေ သွားပို့သော ဒိုင်အိမ်ကို လိုက်သွားသည်။ အိမ်ရှေ့တွင် ဘယ်သူမှ မတွေ့သဖြင့် နှင်းမြ အရဲစွန့်၍ အိမ်ခန်းထဲဝင်လာသည်။

"မမကြီး . . . ကောင်မလေးတွေကို ခေါ်သွားပြီလား"

"အေး . . . ခေါ်သွားပြီ၊ ဒီည သူတို့ နယ်စပ်က စခန်းမှာအိပ်ပြီး မနက်ကျရင် ဝယ်တဲ့သူလာလိမ့်မယ်၊ ငါတို့ ဒီတစ်ခါတော့ မြတ်မြတ်ကလေး ရလိမ့်မယ်နဲ့ တူတယ်၊ ဒါနဲ့ ငါတို့အလုပ်အကြောင်း နှင်းမြ သိသွားပြီလား"

"မသိသေးပါဘူး"

"မသိစေနဲ့နော် . . .၊ အဲဒါ အရေးကြီးတယ်"

နှင်းမြမှာ ကြားရသော စကားတွေကြောင့် ခေါင်းကြီးသွားသည်။ သူ့သမီးချစ်စုအတွက်လည်း စိုးရိမ်သွားသည်။ နှင်းမြ သူတို့မသိအောင် အပြင်သို့ထွက်ခဲ့သည်။ နှင်းမြရင်ထဲ ပူလောင်နေသည်။ သူ့သမီးနှင့်အတူ မိန်းကလေးတွေအားလုံးအတွက် ပူမိသည်။ အစက ယခုလို မိန်းကလေးတွေ ရောင်းစားမှန်း သိရင် သူ ဒီအလုပ်ကို လုပ်မည်မဟုတ်ပါ။ နှင်းမြ သူ့မှာအပြစ်ရှိမှန်း သိသည်။ ထို့ကြောင့် နောင်တလည်း ရနေသည်။

"ငါ ဘာလုပ်ရမလဲ၊ သက်ဆိုင်ရာကိုသွားပြောရင် ကောင်းမလား၊ ဒါဆို ငါအဖမ်းခံရမှာပဲ၊ အို. . . ငါအဖမ်းခံရမှာ အရေးမကြီးပါဘူး၊ ငါ့အပြစ်နဲ့ငါပဲ၊ ကလေးတွေ ဟိုဘက်ကမ်းမရောက်ဖို့ အရေးကြီးတယ်၊ ငါ ရဲစခန်းကို သွားပြောလိုက်တော့မယ်"

နှင်းမြ ရဲစခန်းကိုသွား၍ အကျိုးအကြောင်း ပြောပြလိုက်သဖြင့် ရဲများလိုက်လာကာ ဒိုင်ကိုင်သူ မမကြီးနှင့်အတူ မရွှေအား ဖမ်းလိုက်ပြီး မမကြီး လမ်းညွှန်မှုဖြင့် အချိန်မီ နယ်စပ်စခန်းအား ဝင်သိမ်း၍ တရားခံများအား ဖမ်းဆီးပြီး ကောင်မလေးတွေနှင့်အတူ ရဲစခန်းကို ခေါ်လာခဲ့သည်။ နှင်းမြ၏ သမီး ချစ်စုလည်း ပါလာသည်။ နှင်းမြ သူ့သမီးကို တွေ့လိုက်သည်နှင့် သမီးဆီ ပြေးသွားကာ ဖက်၍ ငိုချလိုက်သည်။

"မေမေ. . . မှားပါတယ် သမီး ရယ်၊ မေမေ့ကြောင့် အခုတော့ သားတို့ သမီးတို့ ဒုက္ခရောက်တော့မယ်၊ မေမေ့ကို ခွင့်လွှတ်ကြပါ"

သားအမိနှစ်ယောက် ဖက်ငိုနေ ကြသည်။

"ကဲ. . . မနှင်းမြကို ကျွန်တော် တို့ ဝတ္တရားရှိတဲ့အတိုင်း ဖမ်းရပါမယ်၊ ဒါပေမယ့် မနှင်းမြက ကျွန်တော်တို့ဆီ လာပြီး သတင်းပေးတဲ့အတွက် ပြစ်ဒဏ် ကိုတော့ လျှော့ပေါ့ပေးမှာပါ"

"ရပါတယ်ရှင်. . . ကျွန်မအပြစ် ကျွန်မခံပါ့မယ်၊ သားနဲ့သမီး အမေမရှိ တုန်း ကောင်းကောင်းနေကြနော်. . . သမီးလဲ မောင်လေးကို ဂရုစိုက်နော် မေမေ မကြာပါဘူး၊ ပြန်လာခဲ့မယ်"

"ဟုတ်ကဲ့ပါ၊ မေမေပြော အတိုင်း သမီးနေပါ့မယ်"

"မေမေ. . . သားဆီ့ဆီ မြန်မြန် ပြန်ခဲ့နော်"

"အေးပါ သားရယ်. . .၊ မေ မြန်မြန် ပြန်လာခဲ့ပါ့မယ်"

"ကဲ. . . မနှင်းမြ သွားကြ"

နှင်းမြ ကားပေါ်ရောက် နှင့် ကားက ထွက်သွားပါတော့ ချစ်စုတို့ မောင်နှမနှစ်ယောက် ငို ကျန်ခဲ့သည်။ နှင်းမြတစ်ယောက် နေရင်ကောင်းသား၊ ထမင်းကျွေး သကဲ့သို့ ဟင်းရွက်စုံ ရောင်းတ ဆင်းရဲသော်လည်း မိသားစုအ သာယာချမ်းမြေ့ခဲ့သည်၊ ယခု ချမ်းသာချင်တဲ့စိတ်ကြောင့် မလု သော လူကုန်ကူးသည့်အလုပ်ကို ခဲ့၍ နှင်းမြ၏ အေးချမ်းသော ပျက်စီးခဲ့ရပါတော့သည်။ နှင်း လည်း သူမှားမိသည့်အပြစ်ကို သူ တော့မည်။

ရေနံမြေ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**"Oh, England,**
**the land of the free.**
**the land of liberty,**
**Mg Htin Aung (Dr. Htin Aung)**

**"အို- အင်္ဂလန်**
**လွတ်လပ်သောနယ်မြေ**
**လုပ်ပိုင်ခွင့်ရှိသောနယ်မြေ"**
**ဘာသာပြန်သူ ခင်စောတင့်**

▼

ဖော်ပြပါ နိဒါန်းစကားကို ရင့်ကျူးလိုက်သူမှာ မောင်ထင်အောင် အမည်ရှိ မြန်မာလူငယ်ကလေး တစ်ဦးပင်ဖြစ်သည်။ မောင်ထင်အောင်သည် နောင်အခါ ဒေါက်တာထင်အောင် ဟူ၍ နာမည်သတင်း ကျော်စောခြင်းရှိသူ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်လာပြီး ဂုဏ်သတင်းပျံ့မွှေးသော စာရေးဆရာကြီးတစ်ဦးလည်း ဖြစ်သည်။

ထို မြန်မာလူငယ်ကလေး မောင်ထင်အောင်သည် အင်္ဂလန်၌ ပညာသင်ကြားနေစဉ် ဆွမ်းခံရင်းငှက်သင့် ဆိုသလို ပြင်သစ်နိုင်ငံသို့ အလည်သွားရင်း အချုပ်အနှောင်ခံရသည်။ မကြာမတင်မှာပင် ဂုဏ်သရေရှိ အမျိုးသမီးကြီးတစ်ဦး၏ ကူညီစောင်မမှုဖြင့် လွတ်မြောက်သည်။ ထိုအခါ အင်္ဂလန်သို့ ပြန်လာရာ အင်္ဂလန်ကမ်းခြေကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ထိုသို့ ဥဒါန်းကျူးလိုက်ခြင်း ဖြစ်ပါသည်။

(ထိုအကြောင်းခြင်းရာ အပြည့်အစုံကို မောင်ထင်အောင်သည် IN PRISON အမည်ဖြင့် The Burmese Review, Monday, June, 1947 တွင် အင်္ဂလိပ်ဘာသာနှင့် ရေးသားခဲ့ပြီး ခင်စောတင့်မှ 'အကျဉ်းထောင်တွင်းမှာ' အမည်ဖြင့် ဘာသာပြန်ခဲ့ပါသည်။ ဒေါက်တာထင်အောင်သည် ခင်စောတင့်၏ ဘထွေးတော်စပ်သူ ဖြစ်ပါသည်။)

ဆိုလိုသည်မှာ လွတ်လပ်ခြင်း၊ လုပ်ပိုင်ခွင့်ရှိခြင်း၏ တန်ဖိုးသည် မည်မျှအဖိုးအနဂ္ဃ ထိုက်တန်ကြောင်း ဖော်ပြပါ ဥဒါန်းမှတစ်ဆင့် ဆင့်ပွားခံစားမိသည်ကို လက်ဆင့်ကမ်းလိုခြင်း ဖြစ်သည်။

လူတစ်ဦး တစ်ယောက် အချုပ်အနှောင်အတွင်း၌ လွတ်လပ်ရေး၊ လုပ်ပိုင်ခွင့် စသည့် လူ့အခွင့်အရေးများ ဆုံးရှုံးနေရာမှ လွတ်လပ်ခွင့် ရရှိလာသည့်အခါ ထိုမျှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်ဆိုလျှင် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး လူ့အခွင့်အရေးများ ဆုံးရှုံးနေရာမှ လွတ်လပ်ရေး ရရှိလာသည့်

အခါ မည်မျှဝမ်းမြောက်ဝမ်းသာ ဖြစ်ရမည်မှာ မိုးမြေသိမ့်သိမ့်
တုန်ပေလိမ့်မည်။

ထို့ကြောင့်ပင် နိုင်ငံတိုင်း၊ လူမျိုးတိုင်းသည် ကံကြ
မှောက်၍ နိုင်ငံပျောက်ရလေသောအခါ 'သူ့ကျွန်မခံပြီ'
ခါတ်ဖြင့် အသက်၊ သွေး စတေးကာ မိမိနိုင်ငံ၊ မိမိလူ
အတွက် လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲကြခြင်း ဖြစ်ပေသည်

မြန်မာနိုင်ငံသည် ကံမကောင်း အကြောင်းမ
အင်္ဂလိပ်လက်အောက် ကျွန်ဘဝ၊ ကျွန်သဘော
ကျရောက်ခဲ့ရပြီး ဖက်ဆစ်ဂျပန်၏ စစ်ဖိနပ်အောက်တွင်
ပြားပြားမှောက်ခဲ့ရသည်မှာ ရာဇဝင်၌ အထင်အရှား
တည်း။

သို့သော် မြန်မာတို့သည် အင်္ဂလိပ်တို့၏ လက်
ကြီးအောက်တွင်လည်းကောင်း၊ ဖက်ဆစ်ဂျပန်တို့၏
အောက်တွင်လည်းကောင်း (သစ္စာဖောက် အလို
လောက်ကောင်များမှအပ) ဒူးထောက် လက်မြှောက်
ခံခဲ့ကြသည် မဟုတ်။ မိမိတို့ စွမ်းအားအလျောက် စု
သော လူအင်အား၊ လက်နက်အင်အားတို့ဖြင့် သူ့ကျွ
တော်လှန်ခဲ့ကြသည်မှာလည်း ကမ္ဘာ့သမိုင်းတွင်ရော
သမိုင်းတွင်ပါ ကမ္ပည်းတင် မော်ကွန်းထိုးခဲ့ကြပေသည်။

ထိုသို့ သူ့ကျွန်မခံ တော်လှန်ခဲ့ကြသော မြန်မာ
လပ်ရေး ကြိုးပမ်းမှု ခရီးကြမ်းကြီးသည် နှစ်ပေါင်းတစ်ရာ
စစ်ညောင်းကြာရှည်ခဲ့လေရာ ထိုလွတ်လပ်ရေး
ခယောင်းတောဝယ် စတေးပေးဆပ်ခဲ့ရသော သွေး
မျက်ရည်၊ အသက်တို့သည်ကား ရာထောင်သိန်းသန်း
ဂဏန်းချပြ၍ မရနိုင်လောက်အောင် များပြားလှသည်
အထူးရှင်းပြရန်ပင် မလိုပါချေ။

ထိုလွတ်လပ်ရေး ကြိုးပမ်းမှုလမ်းကြောင်းကြီး
သမင်လည်ပြန်ဖြစ်စေ၊ ခြသေ့်လည်ပြန်ဖြစ်စေ ကြိုက်ရာ
လမ်းမျိုးဖြင့် ပြန်လည်ငဲ့စောင်း ပြန်ပြောင်းကြည့်ရှုသည်
မြန်မာတို့၏ လွတ်လပ်ရေး ကြိုးပမ်းမှုသည် 'မိအေး(၆)
ဟု ဆိုရလောက်အောင် (၆)ကြိမ် (၆)ခါ ဖြတ်သန်းခဲ့ရ
တွေ့ရှိရမည် ဖြစ်သည်။

ကမ္ဘာပေါ်တွင် သူတစ်ပါးလက်အောက် ကျွ
ရောက်ခဲ့ရသော နိုင်ငံများ အများအပြားပင်ရှိသည်။ အ
ကန်၊ အင်္ဂလန်၊ တရုတ် စသော ယနေ့ ကမ္ဘာ့အင်အား
ထိပ်တန်းရောက်နိုင်ငံကြီးများပင် တစ်ချိန်သောအခါ၌
ဘဝအတွင်း သက်ဆင်းခဲ့ရဖူးသည်။ သို့ဖြစ်ရာ မြန်မာ
သည်လည်း ယနေ့ ကမ္ဘာ့အင်အားကြီး နိုင်ငံများနှင့်
တူ အသွေးတူ ကျွန်စော်နံခဲ့ရသည်မှာ လောက
ဟူ၍ ဖြေသိမ့်ပြီး ဘာမျှမဆန်းလှပဟု ဆိုနိုင်ပါသည်။ သို့
မြန်မာနိုင်ငံသည် ကျွန်ဖြစ်ခဲ့ရာ၌ ထိုနိုင်ငံကြီးများနှင့်
ကဖြင့် ဆန်းကြယ်လှသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆိုကြပါစို့ အင်္ဂလိပ်တို့သည် တစ်ပွဲတစ်ကြိမ် တိုက်ရုံဖြင့် အမေရိကန်ကို သိမ်းပိုက်ကာ ကိုလိုနီနိုင်ငံ ထူထောင်နိုင်ခဲ့သော်လည်း မြန်မာနိုင်ငံကို စစ်ပွဲသုံးကြိမ် ဆင်နွှဲပြီးမှသာ မြန်မာတစ်နိုင်ငံလုံးအား နေမဝင်အင်ပါယာအတွင်း သွတ်သွင်းနိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာ-အင်္ဂလိပ် ပထမစစ်ပွဲ (၁၈၂၄-၁၈၂၆)၊ မြန်မာ အင်္ဂလိပ် ဒုတိယစစ်ပွဲ (၁၈၅၂)၊ မြန်မာ-အင်္ဂလိပ် တတိယစစ်ပွဲ (၁၈၈၅) ဟူ၍ စစ်ပွဲသုံးပွဲ ဆင်နွှဲပြီးသောအခါ မြန်မာနိုင်ငံတစ်ဝန်းလုံး . . .

'ကုန်းဘောင်နေမီး
မထိန်ညီး၍
တိုင်းကြီးပြည်ကြီး
အချည်းနှီးလျှင်
ထီးသုဉ်းနန်းသုဉ်း
မြို့သုဉ်းသုည
သုဉ်းသုံးဝဖြင့်
သုဉ်းနှစ်ရလစ်
သုညခေတ်ဝယ်
ဖြစ်လာရချေ
တို့တစ်တွေသည်
သေသော်မှတည့် ကြော်-ကောင်း၏'

ဟူ၍ ဆီးဘန်းနီဆရာတော်၏ ကေပိုဒ်ရတုတွင် လာရှိသည့်အတိုင်း တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး ကျွန်လုံးလုံးဖြစ်ခဲ့ရလေသည်။ မောင်မင်းကြီးသား ကိုရွှေအင်္ဂလိပ်များခမျာလည်း မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်အုပ်ချုပ်နိုင်ဖို့အရေးတွင် ၁၈၂၄ မှ ၁၈၈၅ အထိ နှစ်ပေါင်းခြောက်ဆယ်ကျော်သေကောင်ပေါင်းလဲ မျက်ကလူးဆန်ပျာ ရုန်းကန်ခဲ့ရရှာသည်။ ထိုမျှသာမကသေး စစ်ပွဲတစ်ပွဲပြီးသည်နှင့် သူ့ကျွန်မခံလိုသော မြန်မာတိုင်းရင်းသားတို့၏ လွတ်လပ်ရေးတိုက်ပွဲများကို မျက်လုံးပြူး မျက်ဆန်ပြူး အသက်ကိုဖက်နှင့်ထုပ်ကာ အလုပ်ရှုပ်ခဲ့ရသည်မှာလည်း 'နင့်ထမင်းစားရတာ အပင်းဆို့ရသလိုပဲ' ဟူ၍သာ ပြောရပါတော့မည်။

ဤသို့ဖြင့် နေမျိုးနွယ် ကိုရွှေဂျပန်တို့၏ အကူအညီဖြင့် အင်္ဂလိပ်ကို မောင်းထုတ်ပြီး ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးတိုက်ပွဲကြီး ဆင်နွှဲပြီးသောအခါ 'ဂျပန်ငပု' တို့ထံမှ ရွှေရည်စိမ်လွတ်လပ်ရေး (အတုအယောင်လွတ်လပ်ရေး) ရရှိပြီး မြန်မာတို့ ခါးတောင်းကျိုက် မဖြုတ်ရသေးမီ ဖက်ဆစ်ဂျပန်ဘီလူးကြီးသည် ရက်စက်မှု သရဖူကြီးကို ဆောင်းကို မြန်မာတို့အား ကုပ်ခွစီးလေတော့သည်။

ထိုအခါ 'လာပါ လာပါဆိုလည်း အောင်ဆန်း၊ သွားပါ သွားပါဆိုလည်း အောင်ဆန်း' ဟူ၍ ပြောစမှတ်တွင်ကျန်ရစ်လောက်အောင် နေမျိုးနွယ်တို့အား နေမင်းကြီးထံအရောက် ပို့ဆောင်ပေးလိုက်ခြင်းအားဖြင့် ပဌမမြောက် လွတ်လပ်ရေးတိုက်ပွဲကြီးကို မြန်မာတို့ အောင်မြင်စွာ ဆင်နွှဲခဲ့ကြလေသည်။

ပြောကြပါစို့၊ အင်္ဂလိပ်ကို မောင်းထုတ်ဖို့ ဂျပန်ဆီမှ အကူအညီ ယူခဲ့ရသလို 'ဘုရားမှတ်လို့ ကိုးကွယ်ပါတယ် ဒွတ်ထွက်မှ တောင်ပို့မှန်းသိ' ခဲ့ရသော ဂျပန်ကို မောင်းထုတ်ရာတွင် အင်္ဂလိပ်ထံမှ အထောက်အပံ့ ပါဝင်ခဲ့ပေရာ ဂျပန်တို့ မြန်မာနိုင်ငံအတွင်းမှ ထွက်ခွာ၍ အရိပ်မျှပင် မပျောက်တတ်သေးခင်မှာပင် အင်္ဂလိပ်တို့က အင်္ဂလန်မှ ဘင်သံတီးကာ မြန်မာ့မြေပေါ်ဝယ် စစ်ရေးပြနေကြပေပြီ။

ထိုအခါ မြန်မာတို့သည် ဆဋ္ဌမ (၆)ကြိမ်မြောက် လွတ်လပ်ရေး တိုက်ပွဲကြီး အားသွန်တိုက်ခိုက်ရန် မဖြုတ်ရသေးသော ခါးတောင်းကို ခပ်တင်းတင်း ခပ်ကျယ်ကျယ် ကျိုက်ကြရပြန်သည်။

ပြောရလျှင် ရှေ့ပိုင်းတွင်ဖြစ်ပွားခဲ့သော လွတ်လပ်ရေးတိုက်ပွဲ ငါးကြိမ်သည် မြန်မာကိုရော အင်္ဂလိပ်ကိုပါ ကောင်းကောင်းကြီး သင်ခန်းစာ ပေးခဲ့သည်။ ထို့ကြောင့် ယခုအခါ မြန်မာနှင့်အင်္ဂလိပ်တို့သည် ပညာ၊ သမ္မာ နှစ်ဖြာပြည့်ဝနေသော ဘောလုံးအသင်းကြီး နှစ်သင်းကဲ့သို့ ဟစ်ယောက်အများကို တစ်ယောက်က ချောင်းရင်း အခင်းအကျင်း အကွက်ဆန်းများ ထုတ်သုံးနေကြပြီဖြစ်ရာ 'နိုင်ငံရေး ရေချိန်' မြင့်တက်ချိန်ဟု ဆိုရမည် ဖြစ်ပါသည်။

ပြောရလျှင် ဤအချိန်၌ တစ်ကွက်မှားသောကျားသည် အစားခံရမည်ဖြစ်ပါသည်။ အင်္ဂလိပ်တို့ကလည်း ဖက်ဆစ်တော်လှန်ရေးကို အကြောင်းပြု၍ မြန်မာ့အိမ်ဦးခန်းသို့ တစ်ကျော့ပြန်ဝင်လာပြီး လက်ဖက်သုပ်စားလိုက်၊ ရေနွေးကြမ်း သောက်လိုက်နှင့် မဏ္ဍပ်တိုင် တက်ပြနေကြသည်။ စစ်အုပ်ချုပ်ရေး၊ စက္ကူဖြူဟောင်း၊ ဘုရင်ခံအုပ်ချုပ်ရေး စသည့် အုပ်ချုပ်ရေးပုံစံ အမျိုးမျိုးကို မျက်စိလည်အောင် မွှေနှောက်ချောက်ချားနေသော်လည်း နောက်ဆုံးဆိုက်သော ဘူတာမှာ မြန်မာနိုင်ငံအား နေမဝင်အင်ပါယာအတွင်း ပြန်လည် သွတ်သွင်းရေးပင် ဖြစ်သည်။

မြန်မာတို့ဘက်ကလည်း မိမိတို့လက်ဝယ်တွင် ဆုပ်ကိုင်ထားမိပြီဖြစ်သော လွတ်လပ်ရေးလမ်းစကို မျက်ခြည်မပြတ်ရန် အလွန်အရေးကြီးလှသော 'ယောက်ျားဖောင်စီး' အချိန် ဖြစ်လေသည်။

ဤအချိန်၌ အင်္ဂလိပ်တို့ဘက်မှ အမှားတစ်ကွက် နင်းမိလျှင် အင်္ဂလန် ဘင်သံမပါဘဲ အရင်တစ်ခါကဲ့သို့ အင်္ဂလန်ကမ်းခြေအရောက် လက်ပစ်ကူးရပေလိမ့်မည်။ မြန်မာတို့ဘက်မှလည်း အမှားတစ်ချက် လုပ်မိလျှင် မြန်မာနိုင်ငံသည် ယနေ့ထက်တိုင် (ယနေ့ရောက်ဆဲ ၂၀၁၄ ခုနှစ် အပါအဝင် နောင်လာလတ္တံ့ သက္ကရာဇ်ပေါင်းများစွာ) 'လွတ်လပ်ရေး အကျင့်စာရိတ္တမရှိ၊ ဆားမရှိ၊ ဆီမရှိ၊ ဆန်မရှိ' ဖြစ်သွားနိုင်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ခေါင်းဆောင် အတော်များများသည်လည်း စစ်တရားခံအဖြစ် ကမ္ဘာ့စစ်ခုံရုံးတွင် အစစ်ဆေးခံရမည် ဖြစ်သည်။

ဤမျှ နောက်ကြောင်းပြန်လိုက်ခြင်းအားဖြင့် သည်းထိတ်ရင်ဖို ဇာတ်လမ်းတစ်ပုဒ်ပမာ အရသာရှိရှိ ကျလိကျလိ ဖြစ်သော မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု မြင်ကွင်းကျယ်ကြီးအား အကျဉ်းအားဖြင့် နှလုံးသွင်းနိုင်ကြလိမ့်မည် ဖြစ်ပါသည်။

ဟုတ်ပါသည်။ ယနေ့ မြန်မာနိုင်ငံတော်သူ၊ နိုင်ငံသားတို့၏ လက်ဝယ်ပိုင် ခံစား စံစားနေရသော 'လွတ်လပ်ရေး' တေးဆိုင့်ကွက်သည် အကျင့်စာရိတ္တကို ပေးပါသည်။ ဆီ၊ ဆန်၊ ဆားတို့ကို ပေးပါသည်။ ထို့ပြင် ဂုဏ်ကျက်သရေအပေါင်း ခညောင်းဝေဆာသော အရာခပ်သိမ်းတို့ကိုလည်း ပေးဆောင်ပါပေသည်။ (ဉာဏ်ရှိသလို ဖြန့်ကြက်တွေးခေါ်ကြပါကုန်။)

အကယ်၍သာ ထိုအချိန် (၁၉၄၈၊ ဇန်နဝါရီ ၄ )တွင် မြန်မာ့လွတ်လပ်ရေးကို အရမယူနိုင်ခဲ့ပါလျှင် 'လွတ်လပ်ရေးမရှိ အကျင့်စာရိတ္တမရှိ စားစရာမရှိ' သေသော်မှတည့် ဩော်ကောင်း၏ ဖြစ်ကြမည်မှာ မယုံမရှိပါနှင့်။ မယုံဘူးဆိုပါလျှင် အင်္ဂလိပ်တို့၏ အနာဂတ္တိ (အနာဂတ်)ဟောစာတမ်းများကို ရှာဖွေဖတ်ကြည့်ကြပါ။ အနာဂတ္တိ ဟောစာတမ်းဆိုသည်မှာ ဗေဒင်ဟောစာတမ်းနှင့် မမှားကြစေလိုပါ။ ထိုဟောစာတမ်းသည် နိုင်ငံရေးဟောစာတမ်း ဖြစ်ပါသည်။

ထိုကဲ့သို့ တန်ဖိုးအနဋ္ဌ ထိုက်တန်လှသော မြန်မာ့လွတ်လပ်ရေးကို အသက်၊ သွေး၊ ချွေး၊ ဘဝ တို့ပေးဆပ်ကာ ဆောင်ကြဉ်းရယူပေးခဲ့သော မြန်မာ့လွတ်လပ်ရေး တိုက်ပွဲဝင် ကျေးဇူးရှင်သူရဲကောင်းကြီးများ (စားဖားကြီးများမပါ)အား အမြဲထာဝရ ကျေးဇူးတင် ဦးခိုက်ကြရမည်သာ ဖြစ်ပါသည်။ နာမည်ဂုဏ်သတင်း ကျော်စောထင်ရှားသူများကို ကျေးဇူးတင် ဦးခိုက်ကြရမည် ဖြစ်သလို အဆင်မသင့်၍ စင်မြင့်ပေါ် တက်ခွင့်မသာခဲ့သော 'အညတြသူရဲကောင်း' များကိုလည်း မမေ့မလျော့ ရည်စူးဦးညွတ်ကြရမည် ဖြစ်ပေသည်။

ထိုသို့ ရည်စူးဦးညွတ်ရမည့် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲဝင် သူရဲကောင်းကြီးများ ကုဋေကုဋာမက ရှိကြရာဝယ် 'သခင်တင်'(ပိုင်အမ်ဘီ)အကြောင်း မီးမောင်းထိုးပြလိုပါသည်။

သခင်တင် နာမည်နောက်တွင် 'ပိုင်အမ်ဘီ'ကို လက်သည်းကွင်းဖြင့် ထည့်သွင်းဖော်ပြရသည်မှာ သခင်တင်နှင့် နာမည်တူ ပုဂ္ဂိုလ်ကြီးများ ရှိနေသောကြောင့် ဖြစ်ပါသည်။ ပုဂံဝန်ထောက် ဦးတင်၊ နန်းတော်ရှေ့ဆရာတင်၊ သဟာယဆရာတင်၊ ဒဂုန်ဆရာတင်၊ မြန်မာညွှန့်ဆရာတင် စသည်ဖြစ်ပါသည်။

သခင်တင် သခင်ဘွဲ့ မခံယူမီ၌ ဆရာတင် ဟူ၍ ခေါ်တွင်ပေရာ ဖော်ပြပါ ဆရာတင်၊ ဦးတင် စသူတို့နှင့် မရောထွေးစေရန် ဆရာတင်(ပိုင်အမ်ဘီ)ဟု အမှတ်ပြုကြသည်။

'ပိုင်အမ်ဘီ' သည် အင်္ဂလိပ်စာလုံး 'YMB'ဖြစ်သည်။ 'YMB' သည် 'Young Man Buddhist' အတိုကောက် ဖြစ်သည်။ "ဗုဒ္ဓဘာသာ လူငယ်များ" ဟု အဓိပ္ပာယ်ရှိသည်။ သခင်တင်သည် ထိုနာမည်ဖြင့် မန္တလေး ၈၄ လမ်းနှင့် ၃၆ လမ်းထောင့်တွင် အလွတ်သင်ကျောင်း ဖွင့်ခဲ့ဖူးသည်။ 'ပိုင်အမ်ဘီ တူရိယာကျောင်း'ကိုလည်း ဖွင့်ခဲ့ဖူးသည်။ ထို့ကြောင့် ဂီတလောကတွင် 'ပိုင်အမ်ဘီ ဆရာတင်' ဟု ထင်ရှားသည်။

ပြောရလျှင် သခင်တင်(ပိုင်အမ်ဘီ)သည် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ဒေသနတ်လက်နက် ကိုင်ဆောင်၍ တိုက်ခိုက်ခဲ့သူမဟုတ်ချေ။ ကလောင်လက်နက်၊ ဂီတလက်နက် ကိုင်ဆောင်ကာ တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည်။

ယနေ့ မျိုးဆက်သစ်လူငယ် အားလုံးလောက်နီးပါးနှင့် လူလတ်ပိုင်း၊ လူကြီးပိုင်း တော်တော်များများ သခင်တင် (ပိုင်အမ်ဘီ)၊ ပိုင်အမ်ဘီ သခင်တင် ဟူသော အမည်နာမကို သိကြတော့မည် မဟုတ်ပေ။

သို့သော် 'နိုင်ငံတော်သီချင်း' ကိုမူ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဆိုဖူးကြမည်၊ ကြားဖူးကြမည်ဟု ယုံကြည်သည်။

'တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ၊ တို့ပြေ
(ပြည်) တို့မြေ၊ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူ
ညီမျှ ဝါဒဖြူစင်တဲ့ပြေ(ပြည်)၊ တို့ပြေ (ပြည်)၊ တို့မြေ၊
ပြည်ထောင်စုအမွေ၊ အမြဲတည်တံ့စေ၊ အဓိဋ္ဌာန်ပြု
ပေ၊ ထိန်းသိမ်းစို့လေ။

(ကမ္ဘာမကျေ၊ မြန်မာပြေ (ပြည်)၊ တို့ဘိုး
ဘွား အမွေစစ်မို့ ချစ်မြတ်နိုးပေ)[၂]

ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာ
ကွယ်မလေ၊ ဒါတို့ပြေ(ပြည်)၊ ဒါတို့မြေ၊ တို့ပိုင်နက်
မြေ၊ တို့ပြေ(ပြည်)၊ တို့မြေ အကျိုးကို ညီညာစွာ
တို့တစ်တွေ ထမ်းဆောင်ပါစို့လေ၊ တို့တာဝန်ပေ
အဖိုးတန်မြေ'

▼

ထိုသီချင်းသည် ကျောင်းသားကျောင်းသူတွေ ဆိုကြသည်။ အားကစားသမားတွေ ဆိုကြသည်။ နိုင်ငံခြားဘောလုံးအသင်းတွေနှင့် ယှဉ်ပြိုင်တိုင်း ဘောလုံးသမားတွေသာမက တာဝန်ရှိသူများကပါ အားပါးတရ ဆိုကြသည်။ အားကစားဝါသနာရှင် ချစ်ပရိသတ်ကြီးလည်း သံကုန်ဟစ်ကြွေးကြသည်။ မြန်မာ့အသံ ရေဒီယိုကလည်း နံနက်တိုင်းလွှင့်သည်။ တချို့ အခမ်းအနားတွေမှာလည်း အားနှင့်မာန်နှင့် ဆိုကြသည်။ မြန်မာနိုင်ငံတွင် မည်သည့်သီချင်းတွေ မည်မျှပင် နာမည်ကျော်ကြား လူကြိုက်များသည်ဖြစ်စေ နိုင်ငံတော်သီချင်း (ဝါ) ကမ္ဘာမကျေ သီချင်းကို ကျော်၍ရမည် မထင်ပေ။

www.burmeseclassic.com

ထိုသီချင်းကို စစ်ပြီးခေတ် ဗိုလ်ချုပ်အောင်ဆန်း၏ ကြားဖြတ်အစိုးရလက်ထက် တိုင်းပြုပြည်ပြု လွှတ်တော်မှ နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်၊ နိုင်ငံတော်သီချင်းတို့ကို ရွေးချယ်ကြရာ ဂီတပညာရှင်ကြီးများက ကြိုးစားပမ်းစား နိုင်ငံတော်သီချင်း အစားစား ရေးသား တင်ပြကြသော်လည်း သဘောမတွေ့ကြပေ။ ဒဂုန်ဆရာတင်နှင့် ရန်နိုင်ဆွေတို့က တာဝန်ယူကာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ နိဒါန်းပါ စကားရပ်တို့တွင် 'တို့ဗမာ' သီချင်းတေးသွားကို ပေါင်းစပ်ရေးသားသောအခါမှ အားလုံး သဘောတူ အတည်ပြုလိုက်လေတော့သည်။

ထို'တို့ဗမာ' သီချင်းကို ရေးသားသူမှာ သခင်တင် (ဝိုင်အမ်ဘီ) ဖြစ်ပါသည်။ ထို့ကြောင့် ဒဂုန်ဆရာတင်နှင့် ရန်နိုင်ဆွေတို့ စီစဉ်ပြုစုသော နိုင်ငံတော်သီချင်းတွင် သခင်တင် (ဝိုင်အမ်ဘီ)၏ တေးသွားသံစဉ်များ ရှင်သန်ကွန့်မြူးနေကြသည်။ ထို့ကြောင့် ထိုတေးသွားသံစဉ်သို့ အရောက်တွင် အကြောင်းသိသူများက သခင်တင် (ဝိုင်အမ်ဘီ)၏ မျက်နှာကြီးကို ဘွားခနဲ ဘွားခနဲ မြင်ယောင်မိကြသည်။

ထို့အတူ သခင်တင် (ဝိုင်အမ်ဘီ)၏ 'တို့ဗမာ' သီချင်းသံကိုလည်း ပြန်လည်ကြားယောင်ရင်း သခင်တင်(ဝိုင်အမ်ဘီ) အား လွမ်းဆွတ်သတိရမိကြသည်။

▼

တကောင်း အဘိရာဇာ၊ တို့ဗမာ သာကီမျိုး
ဟာမို့ မညှိုးဂုဏ်တေဇာ၊ တိုင်းတစ်ပါးနဲ့ မျိုးခြားကိုပါ
တိုက်ခိုက်ကာ အောင်ခဲ့တာ၊ တို့ဗမာ၊ စိန်မှန်ကင်း
စစ် အဖြစ်ကြီးဖြစ်ရဲ့ ထင်းတစ်လှည့်ကြဲ့ရ ထုံးနဲ့
မသွေ လောကဓမ္မတာပေ၊ ငါတို့ကံခေ ဖြစ်ရပြန်
သလေ၊ သို့သော် - အရင်းကိုစစ်လျှင် ဗမာပြေ
(ပြည်) ငါတို့ ငါတို့ပြေ (ပြည်)

နောင်ဥဒါန်း ဘယ်မကျေစရာ ရာဇဝင်တင်
ထား မျိုးရိုးနွယ်လာ ကမ္ဘာတစ်ခွင်မှာ ဗမာအထင်
အရှား တို့ခေတ်တွင်မှ ညှုံကြတော့မှာလား. . .
တို့ဗမာ တို့ဗမာ မဟုတ်လေရော့သလား (တို့ဗမာ၊
ငါတို့ဗမာ)[၂] (ဒါ ငါတို့ဗမာ)[၂]

အားလုံးညီညီ ယောက်ျားဘသား တို့ဗမာ၊
နောင်လာနောက်သား ကောင်းစားဖို့ရာ တို့ကိုယ်
ကျိုး လုံးလုံးမပါ။

ရဲရဲဗမာပီပီ ဗမာပြေ(ပြည်) တို့ဗမာဖို့ပါ၊
သခင်ကျင့်ကို ကျင့်ကြပါ၊ သခင်မျိုးဟေ့ - တို့ဗမာ၊
မိုးအောက်မြေပြင်မှာ အထက်တန်းစိတ်နဲ့ စာမရှိ
သွေး တို့ဗမာ။

(သံပြိုင်)

[ကမ္ဘာမကျေ၊ ဗမာတစ်တွေ၊ ဒါ တို့မြေ၊
ဒါ ငါတို့ပြေ (ပြည်)][၂]

တို့ဗမာ၊ တို့ဗမာပြေ(ပြည်)ကို တိုင်းရင်းသား
အကုန်အစင် တို့ပြေ(ပြည်)လို့ မှတ်ထင်၊ တို့ဝတ္တရား
ပင် တို့ဗမာသခင်။

[ဩော် - အမျိုးသားရေး ကြိုးပမ်းကြပါ၊
တို့ဗမာ၊ ဟေ့ - တို့ဗမာ][၂]

အရှေ့က နေဝန်းထွက်သည့်ပမာ တို့ခေတ်
ကိုသာ ရောက်ရမည်မှာ မလွဲပါ၊ တို့ဗမာ၊ ဟေ့ -
တို့ဗမာ။

ဗမာပြေ(ပြည်) တစ်ဝန်း အကုန် တို့အိမ်
မှတ်ပါ၊ တို့ယာ မှတ်ပါ၊ အဲဒါ တို့ဗမာ၊

(သံပြိုင်) . . . . ။

▼

'တို့ဗမာ' သီချင်းတွင် ပါဝင်သော တေးစာသားတစ်လုံးချင်း၌ ဇာတိမာန်တွေ စွေးစွေးနီနေသည်။ တေးစာသား တစ်ကြောင်းချင်း၌ သခင်စိတ်ဓာတ် ပြည့်လျှမ်းနေသည်။ သီချင်းတစ်ပုဒ်လုံး၌ အမျိုး၊ ဘာသာ၊ သာသနာချစ်စိတ်များ ရှန်းမြလင်းလက်နေသည်။

ပြောရလျှင် 'တို့ဗမာ'သီချင်းသည် 'နိုင်ငံတော်သီချင်း' နည်းတူ မြန်မာနိုင်ငံ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် စီဝေပျံ့နှံ့နေရမည့် မြန်မာ့အမျိုးသား အမှတ်သင်္ကေတ၊ မြန်မာ့ပုံရိပ်ပင် ဖြစ်ပါသည်။

'တိုက်ပွဲခေါ်သံ' ရုပ်ရှင် ရုံတင်ပြသစဉ်ကနှင့် မြန်မာ့ရုပ်မြင်သံကြားမှ တစ်ခါတစ်ရံ ပြန်လည် ထုတ်လွှင့်သောအခါ (အကြောင်းညီညွတ်ခဲ့လျှင်)တို့တွင်သာ 'တို့ဗမာ' သီချင်းကို နားဆင်ခွင့်ရခဲ့သည်မှာ မက်မက်စက်စက် အရသာရှိလွန်းလှပါသည်။ အကယ်ဒမီများစွာ ဆွတ်ခူးသွားသော 'တိုက်ပွဲခေါ်သံ' ရုပ်ရှင်ထဲတွင် ရုပ်ရှင်မင်းသား သီဟတင်စိုးက စန္ဒရားတီးရင်း 'တို့ဗမာ' သီချင်းကို (သရုပ်ဆောင်) သီဆိုသွားပုံသည် အသည်းထဲမှာ စွဲကျန်ရစ်သည်အထိ ဆွဲဆောင်အားကောင်းလှသည်။

ထိုခံစားချက်နှင့် တစ်ပြိုင်နက်တည်းမှာပင် 'တို့ဗမာ' သီချင်း ဖန်တီးရှင် ဝိုင်အမ်ဘီဆရာတင် (ဝါ) သခင်တင် (ဝိုင်အမ်ဘီ) ၏ ဘဝရုပ်ပုံလွှာတို့ကိုလည်း တရေးရေး တွေးတောမြင်ယောင်မိရသည်။

သခင်တင်(ဝိုင်အမ်ဘီ)၏ မိဘနှစ်ပါးသည် မန္တလေးမြို့ ရွှေဘုန်းရှိန်(မင်းသားစု)ရပ်နေ ဦးရန်အောင်နှင့် ဒေါ်သိန်း ဖြစ်ပါသည်။ ၁၂၅၅ ခုနှစ် တပို့တွဲလဆန်း ၈ ရက် (ခရစ်နှစ် ၁၈၉၄၊ ဖေဖော်ဝါရီ ၁၂ ရက်) တနင်္လာနေ့တွင် သခင်တင် (ဝိုင်အမ်ဘီ) အလောင်းအလျာ မောင်တင်သည် လောကီထုပ္ပတ် လူ့ဘုံဇာတ်ထဲ စတင်ရောက်ရှိသည်။ မွေးချင်း အစ်မတစ်ယောက်၊ ညီမ တစ်ယောက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်တင် ပညာသင်ချိန် ရောက်သောအခါ ဗုဒ္ဓသာသနာ နုဂ္ဂဟကျောင်း (BTM) ၌ စတင်ပညာသင်သည်။ ထိုကျောင်း၏ ကျောင်းအုပ်ကြီးမှာ ဦးထွန်းရှိန် ဖြစ်သည်။ ဦးထွန်းရှိန်သည် ၁၉၁၉ ခုနှစ် ဇူလိုင် ၇ ရက်တွင် ကရက်ဒေါက် စီမံကိန်းကို တိုက်ဖျက်ရန် ဦးဘဖေ၊ ဦးပုတို့နှင့်အတူ အင်္ဂလန်သို့ သွားရောက်အရေးဆိုသော 'ဖေ၊ ပု၊ ရှိန်'အဖွဲ့ဝင် ဖြစ်သည်။ ဦးထွန်းရှိန်အား မျိုးချစ်စိတ်ဓာတ် ထက်သန်သော မျိုးချစ်ပုဂ္ဂိုလ်ကြီးအဖြစ် မန္တလေးတစ်မြို့လုံး လေးစားချစ်ခင်ကြသောကြောင့် မျိုးချစ်စိတ် ထက်သန်ပြင်းထန်သူ မိဘများသည် မိမိတို့ သားသမီးများကို ဦးထွန်းရှိန် တည်ထောင်အုပ်ချုပ်သည့် ဗုဒ္ဓသာသနာနုဂ္ဂဟ အင်္ဂလိပ်-မြန်မာ အထက်တန်းကျောင်းသို့ ပညာသင်ကြားရန် အပ်နှံကြသည်။

မောင်တင်၏ ဖခင် ဦးရန်အောင်သည် သီပေါမင်းလက်ထက်တွင် သွေးသောက်စု အမှုတော်ထမ်း ဖြစ်ခဲ့ရသည်။ သီပေါမင်း ပါတော်မူသောအခါ ဦးရန်အောင်သည် သဘောထားချင်း တိုက်ဆိုင်သူ ရဲမက်တစ်စုနှင့်အတူ နယ်ချဲ့မျက်နှာဖြူ အင်္ဂလိပ်တို့အား ဆန့်ကျင်ခုခံ တော်လှန်ခဲ့သည်။ နောက်ပိုင်းတွင် လူအင်အား၊ လက်နက်အင်အား၊ ငွေကြေး၊ စားနပ်ရိက္ခာ အင်အားချင်း မတန်တဆ ကွာဟလာမှုကြောင့် လူစုခွဲတပ်ဖျက်ကာ သမ္မာအာဇီဝ ကောင်းရောင်းကောင်းဝယ် အလုပ်ဖြင့် အသက်မွေး ဝမ်းကျောင်းနေခဲ့သူ ဖြစ်သည်။

ထိုသို့ မျိုးချစ်စိတ်ဓာတ် ပြင်းပြထက်သန်သော ဦးရန်အောင်သည် သားဖြစ်သူ မောင်တင်အား ဦးထွန်းရှိန်၏ ဗုဒ္ဓသာသနာနုဂ္ဂဟကျောင်းတွင် အပ်နှံကာ ပညာသင်ကြားစေခဲ့ခြင်း ဖြစ်သည်။ ဖခင် ဦးရန်အောင်၏ မျိုးချစ်သွေး အပြည့်အဝ ပါဝင်ခဲ့သော မောင်တင်သည် ဇာတိသွေး ဇာတိမာန် ထက်သန်ရုံသာမက ပညာရေးဘက်တွင်လည်း ထူးချွန်သူ ဖြစ်သည်။ သို့သော်လည်း သတ္တမတန်း အောင်မြင်သောအခါ မောင်တင်၏ အသည်းနှလုံးတွင် အမြဲတေသဖွယ် ကိန်းအောင်းနေသော 'ဂီတပါရမီ' လှုံ့ဆော်လေသောကြောင့် ကျောင်းဆက်နေလိုစိတ် လျော့ပါးပြီး သီချင်းဂီတဘက်သို့ အားကောင်းမောင်းသန် ဖြစ်ခဲ့လေသည်။

ထိုအခါ ဖခင် ဦးရန်အောင်မှ ချော့မော့ဖျောင်းဖျပြီး 'ကယ်လီ' ကျောင်းတွင် ဆက်လက်ပညာသင်ကြားစေသည်။ ကယ်လီကျောင်းသည် သီချင်းဂီတကိုလည်း အားပေးသော ကျောင်း ဖြစ်ပေရာ မောင်တင်အတွက် တိုင်းရက်သည့် ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့် ဆိုသလို ဖြစ်ခဲ့ရပြီး မောင်တင်သည် ထိုကျောင်းမှပင် ဆယ်တန်းအောင်မြင်သည်။ ထိုအချိန်တွင် မောင်တင်၏ အသက်မှာ (၁၇)နှစ်သာ ရှိသေးသည်။

မောင်တင်သည် ဆယ်တန်းအောင်မြင်သောအခါ ကျောင်းမှ ထွက်ပြီး 'အမ်ဘီတီ' အလွတ်ပညာသင်ကျောင်း၌ ကျောင်းဆရာ ဝင်လုပ်သည်။ ထိုအချိန်မှ စတင်၍ 'ဆရာတင်' ဟု နာမည်ဂုဏ်သတင်း ကျော်စောခြင်း ဖြစ်လာလေသည်။

ဆရာတင်သည် မန္တလေးမြို့ ကိုယ်ရံတော်ဝင်း၏ မြောက်ဘက် (၃၃)လမ်းရှိ 'အမ်ဘီတီ (MBT)'အလွတ်ပညာသင်ကျောင်း၌ ကျောင်းဆရာလုပ်ရင်း ဂီတဘက်တွင်လည်း လေ့လာလိုက်စားခဲ့ရာ လက်ဆွဲဘာဂျာကို ကောင်းစွာတီးနိုင်ပြီး သီချင်းအချို့ကိုလည်း စမ်းသပ်ရေးသားခဲ့သည်။

ဆရာတင်၏ အရပ်အမောင်းမှာ ၄ ပေ ၂ လက်မသာ ရှိသည်ဟု ဆိုပါသည်။ အသားညိုသည်။ စိတ်ဆတ်သည်။ မဟုတ်မခံပြောင်ရင်ဆိုင်ရဲသည်။ ပြဿနာတစ်ရပ်ကို အကြွေးမထားဘဲ ချက်ချင်းလက်ငင်း ဖြေရှင်းတတ်သည်။ ထို့ကြောင့်လည်း ဆရာတင်၏ သူငယ်ချင်း မိတ်ဆွေများက ဆရာတင်အား 'လူပုစိတ်တို' ဟု ကျီစယ်လေ့ရှိသည်။

ဆရာတင်သည် ကျောင်းသို့ စာသင်ရန် သွားရောက်သောအခါ အနက်တွင် အဖြူကန့်လန့်စင်း ယောလုံချည်၊ ရင်ဖုံးပင်နီအင်္ကျီ (ယနေ့ ဝတ်ဆင်နေကြသော ရင်စေ့တိုက်ပုံအင်္ကျီမဟုတ်) တို့ကို ဝတ်ဆင်ကာ နှံ့သာနုရောင်ပဝါဖြင့် ခေါင်းပေါင်းသည်။ ကတ္တီပါပုံတော်ဖိနပ် နီညိုရောင်ကို စီးလေ့ရှိသည်။ ဤသို့ဝတ်စားဆင်ယင်မှုကပင် ဆရာတင်၏ မျိုးချစ်စိတ် ထက်သန်ပုံကို လှစ်ဟ ကြေညာနေသကဲ့သို့ ဖြစ်ပါသည်။

ထိုအချိန်မှာပင် ဆရာတင်ထံတွင် အင်္ဂလိပ်စာနှင့် ဂီတပညာ သင်ယူဆည်းပူးရန် တပည့်ကလေး ဆယ်ယောက်ခန့် ချဉ်းကပ်လာကြသည်။ ထိုတပည့်ကလေးများသည် ဆရာတင်နှင့် သွားအတူ၊ စားအတူ၊ အိပ်အတူ တပည့်ရင်းများ ဖြစ်လာကြပြီး နောင်အခါ ဂီတပညာသည်၊ ဂီတပညာရှင်များ ဖြစ်လာကြသည်။ ထိုတပည့်များအနက် ထင်ရှားသောတပည့်ကြီးများမှာ မောင်သက်ပန် (ဦးသက်တင်၊ သီချင်းရေးဆရာကြီး)၊ မောင်ဖူး (ဆရာဖူး၊ ဂီတနှင့် ဘင်ချိုဆရာ)၊ မောင်ဘကြွေ (ဦးဘကြွေ၊ တယောဝိဇ္ဇာ)၊ မောင်ဘငြိမ်းကလေး (ဦးဘငြိမ်းကလေး၊ အုတ်စာန်းရပ်) စသူတို့ဖြစ်ကြသည်။

ဆရာတင်သည် ထိုသို့ 'နုပျိုသစ်လွင် ဂီတသခင်' အဖြစ် ပညာရေးနှင့် ဂီတအရေးတို့ကို တက်တက်ကြွကြွ ဆောင်ရွက်နေရင်းမှာပင် 'ကျောင်းဆရာတစ်ယောက်အနေနဲ့ ဘာဂျာတီးလိုက်၊ သီချင်းဆိုလိုက်၊ ဒီလိုဖက်ခွက်စား အလုပ်မျိုး လုပ်နေတာဟာ ကျောင်းဆရာ ဂုဏ်သိက္ခာကို ထိခိုက်တယ်' ဟူသည့် သဘောမျိုးပါဝင်သော ပုတ်ခတ်စော်ကားသံများကို သိုးသိုးသံ့သံ့ ကြားလာရသည်။ နောက်ဆုံး ကျောင်းဆရာအလုပ်မှ အေးချမ်းသာယာစွာ ပြတ်ပြတ်သားသား နုတ်ထွက်ခဲ့လေသည်။

အမှန်စင်စစ် ထိုအချိန်တွင် ဂီတလောက၌ ဆရာတင်၏ နာမည် ထင်ပေါ်ကျော်ကြားလာပြီး 'စင်တော်ကောင်'

www.burmeseclassic.com

ချိန်ဟု ဆိုရမည်ဖြစ်သည်။ ဆရာတင်သည် မိမိ၏ဂီတပညာကို မှတ်ကျောက်တိုက် စစ်ဆေးသောအနေဖြင့် 'အာကာသစိုး' အမည်ရှိ တေးသီချင်းကို ရေးစပ်ပြီး အငြိမ့်မင်းသမီး မြခြေကျင်း မငွေမြိုင်အား သီဆိုစေရာ ပရိသတ်ကြား၌ ရေပန်းစားသွားလေသည်။

ထိုသို့ မိမိ၏ ဂီတပညာသည် မှတ်ကျောက်အတင် ခံနိုင်ပြီဟု သိရှိရသောအခါ ဆရာတင်သည် လေဘာတီမမြရင်၊ ဥက္ကလာအေးကြည်၊ မမြကျင်၊ ဥသြမယ်တင်၊ နေရှင်နယ်ခင်ပု၊ မြသီ၊ မြရီ စသော နိုင်ငံကျော် အနုပညာရှင်များအတွက် နာမည်ကျော် တေးသီချင်းများကို အဆက်မပြတ် ရေးသားပေးခဲ့လေသည်။

ဆရာတင်သည် ကျောင်းဆရာအလုပ်မှ နုတ်ထွက်လာပြီး မိမိနေအိမ်၌ပင် ဂီတပညာကို အားစိုက်ကာ သုတေသနလုပ်ရင်း ဂီတပညာကိုသာမက စာပေပညာကိုပါ လေ့လာဆည်းပူးသည်။

ထို့ကြောင့်လည်း ဆရာတင် ရေးစပ်သီကုံးသော တေးသီချင်းများသည် စာသားအဓိပ္ပာယ်ရော ဂီတအသံတို့ပါ တစ်ခဲနက် ကြွယ်ဝပြည့်စုံပြီး သောတဆင်ရသူ ပရိသတ်ကြီးသည် နား၀င်ပီယံ ပီတိလျှံ၍ ပြုံးပျော်ကြည်နူး အထူးနှစ်သက်ကြခြင်း ဖြစ်သည်။

ဆရာတင်၏ တပည့်များကလည်း အနှံ့ပေးတိုက်တွန်းကြရာ ဆရာတင်သည် မန္တလေးမြို့ ၈၄ လမ်းနှင့် ၃၆ လမ်းထောင့် (နောင်အခါ ဆရာထီမျက်မှန်တိုက်)တွင် YMB (Young Man Buddhist) ခေါ် ဗုဒ္ဓဘာသာ လူငယ်များ အင်္ဂလိပ် အလွတ်ပညာသင် ညကျောင်းကို ၁၉၁၈ ခုနှစ်တွင် စတင်တည်ထောင်ပြီး မကြာမီမှာပင် 'ဝိုင်အမ်ဘီ တူရိယာအဖွဲ့' ကို တည်ထောင်ပြန်သည်။

ဆရာတင်၏ ဝိုင်အမ်ဘီကျောင်းသို့ မန္တလေးမြို့ပေါ်မှသာမက ရေနံချောင်း၊ ချောက်၊ မကွေး၊ စလေမြို့များမှပါ လာရောက် ပညာသင်ယူကြလေသည်။ ထိုအချိန်မှစတင်၍ ဆရာတင်၏ နာမည်သည် 'ဝိုင်အမ်ဘီ ဆရာတင်' ဟူ၍ ကျော်ကြားခဲ့လေသည်။

ထိုသို့ အောင်မြင်ကျော်ကြားလာသော်လည်း ဆရာတင်သည် အောက်ခြေမလွတ်ဘဲ မာန်မာနကို ဘေးချိတ်ကာ မိမိအလုပ်ကိုသာ ပိုမိုတိုးတက်ကောင်းမွန်ရန် အားထုတ်သည်။ ဆရာတင်သည် သီချင်းရေးရာ၌ သီးသီးသန့်သန့် စာရေးစက္ကူဟူ၍ မထား။ အဆင်သင့်ရာ စက္ကူအပိုင်းအစ အတိုအထွာများဖြင့် ရေးသားလေ့ရှိပေရာ တပည့်ကြီး ကိုသက်တင် (မောင်သက်ပန်)က အချောရေးကူးရသည်။

ဆရာတင်သည် နေ့လယ်နေ့ခင်းအချိန်၌ တစ်ယောက်တည်း အေးအေးချမ်းချမ်း ဆိတ်ဆိတ်ငြိမ်ငြိမ် သီချင်းရေးလေ့ရှိသည်။ သီချင်းရေးမည့် နေရာကိုလည်း ရွေးချယ်သတ်မှတ်ထားသည်။ ဆရာတင် သီချင်းရေးသည့် နေရာသည် ဘာဟိုတယ်ကြီး ညာဟိုတယ်ကြီးမှ မဟုတ်ပေ၊ ရွှေတချောင်းမြောင်းဘောင် အနောက်ဘက် သဲပုံစေတီနှင့် မျက်နှာချင်းဆိုင် ညောင်ပင်ကြီးအောက်မှ တွင်ပျစ်ကြီးသာ ဖြစ်ပေသည်။ ဆရာတင်သည် ထိုညောင်နန်းရိပ်သာ ဝီထကမ္ဘာတွင် သီချင်းပေါင်း မြောက်မြားစွာ ရေးသားစပ်ဆိုခဲ့လေသည်။ ဝိုင်အမ်ဘီဆရာတင် ရေးစပ်သီကုံးခဲ့သော သီချင်းပုဒ်ရေပေါင်း ၅၀၀၀ (ငါးထောင်) ခန့်ရှိသည်။

ထိုသို့ သီချင်းမြောက်မြားစွာ ရေးသားခဲ့သော်လည်း တစ်ပုဒ်တလေမျှကိုပင် ပေါ့ပေါ့တန်တန် မရေးချေ။ စကားလုံးရော အသံကိုပါ လေးလေးနက်နက် ရေးသားခဲ့သည်သာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း နေမျိုးသီဟဗလဘွဲ့ရ ရွှာစားကြီးစိန်ဗေဒါသည် ဝိုင်အမ်ဘီဆရာတင်၏ သီချင်းများကို 'အရိုးကွဲ၍ အသည်းစွဲအောင်' နှစ်သက်ခဲ့ပြီး ဝိုင်အမ်ဘီဆရာတင်၏ သီချင်းများကို တီးရသောအခါ ပို၍ လက်သံပြောင်တတ်သည်။

ဆရာတင်သည် မြန်မာညွှန့် အငြိမ့်အဖွဲ့မှ ဦးချစ်မောင်၊ ဒေါ်အောင်ကြည်တို့နှင့် အလွန်ရင်းနှီးသဖြင့် ၁၉၂၆ ခုနှစ်တွင် ရန်ကုန်သို့ ရောက်လာသည်။ လန်ဒန်အတ် ရုပ်ရှင်ကုမ္ပဏီ၊ အေ၀မ်း ရုပ်ရှင်ကုမ္ပဏီတို့နှင့် ဆက်သွယ်မိကာ ရုပ်ရှင်သီချင်းများ ရေးပေးသည်။

ဆရာတင်သည် ဂီတအနုပညာဘက်တွင် ကံကောင်းသည်ဟု ဆိုရမည် ဖြစ်သော်လည်း အိမ်ထောင်ရေးဘက်တွင် ကံမကောင်းခဲ့ရှာပါပေ။ မိဘနှစ်ပါး ကွယ်လွန်သွားပြီး အစ်မကြီးနှင့် ညီမငယ်တို့ကလည်း အသီးသီး အိမ်ထောင်ခွဲများ ဖြစ်သွားကြသောအခါ ဆရာတင်သည် အထီးတည်း ကျန်ရစ်ခဲ့ရရှာသည်။ ပညာရေးကိစ္စ၊ တေးဂီတကိစ္စများဖြင့် မအားလပ်နိုင်သော ဆရာတင်အတွက် အိမ်ထောင်ထိန်းသိမ်းရန် အိမ်ထောင်ဖက် လိုအပ်လာသည်။ ထို့ကြောင့်ပင် ကလေးတစ်ယောက်အမေ တစ်ခုလပ်မလေး မိုးကုတ်သူ မသီတာနှင့် အိမ်ထောင်ပြုဖြစ်သွားသည်။ မသီတာ၏ သားလေးမှာ မောင်စောနောင်ဟု အမည်ရှိပြီး အသက်(၅)နှစ်အရွယ်သာ ရှိသေးသည်။ မောင်စောနောင်သည် အသက် (၁၄)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ရှာသည်။

(မှတ်ချက် ။ ။ အချို့မှုဟွင် ဆရာတင်သည် အိမ်ထောင်ပြုပြီးနောက် 'ဝိုင်အမ်ဘီတူရိယာအဖွဲ့'ကို တည်ထောင်သည်ဟု ပြဆိုပြီး အချို့မှုများ၌ အိမ်ထောင်မပြုမီ တည်ထောင်သည်ဟု ဆိုပါသည်။)

ဆရာတင်သည် မြန်မာ့ရုပ်ရှင်ခေတ်ဦးကာလတွင် ဝိုင်အမ်ဘီ တီးဝိုင်းအဖွဲ့၀င် ကိုဘသိန်း တည်ထောင်သော 'မြန်မာ့သွေးဖလင် ရုပ်ရှင်ကုမ္ပဏီ' အတွက် 'ဗိုလ်ဆင်ဘောင်' ရုပ်ရှင်ဇာတ်ကားကို ၁၉၂၈ ခုနှစ်တွင် ဒါရိုက်တာအဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ရိုက်ကူးပေးခဲ့သည်။ မင်းသမီးမှာ မိုးကောင်းသူ မစောတင် ဖြစ်ပြီး မင်းသားမှာ ကိုဘသိန်း ဖြစ်သည်။ ဆရာတင်သည် လူရွှင်တော်အဖြစ်လည်း ပါဝင်သရုပ်ဆောင်သည်။ သို့သော် ငြား 'ဗိုလ်ဆင်တောင်' သည် ပညတ်သွားရာ ဓာတ်သက်ပါပြီး ဆင်ပြောင်ကြီး အမြီးကျမှတစ် ဆိုသလို အပြီးမတိုင်ခဲ့ပေ။ အဓိကပြဿနာမှာ ဆရာတင်၏ အိမ်ထောင်ရေးပြဿနာပင် ဖြစ်လေသည်။

ဆရာတင်သည် ၁၉၂၉ ခုနှစ်တွင် ရန်ကုန်သို့ ဒုတိယ အကြိမ် ပြန်ရောက်လာပြီး ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီ၊ မြန်မာအဆွေ ရုပ်ရှင်ကုမ္ပဏီတို့နှင့် ဆက်သွယ်ကာ သီချင်းများရေးသည်။ ထိုအချိန်မှာပင် တို့ဗမာအစည်းအရုံး ခေါင်းဆောင်ကြီး သခင်ဘသောင်းနှင့် သိကျွမ်းခင်မင်ကာ သခင်ဘသောင်းနှင့် အတူနေ၊ အတူစား၊ အတူအိပ်၍ နိုင်ငံရေး စိတ်ဓာတ်များ ထက်သန်နိုးကြားလာသည်။ သခင်ဘွဲ့ကို ခံယူသည်။

ထိုအချိန်တွင် မြခြေကျင်း မငွေမြိုင်၏ သားတပည့် ရွှေမန်းတင်မောင်သည် ဝိုင်အမ်ဘီသခင်တင်၏ အနုပညာ အရည်အချင်း၊ စာပေအရည်အချင်း၊ မျိုးချစ်စိတ် ပြင်းထန်ပုံတို့ကို အားရနှစ်သက်လှသဖြင့် ဝိုင်အမ်ဘီသခင်တင်ထံတွင် ပညာဆည်းပူးခဲ့သည်။ အင်္ဂလိပ်စာကိုလည်း သင်ယူခဲ့လေသည်။

သခင်တင် (ဝိုင်အမ်ဘီ)သည် ဂီတဖြင့် အမျိုးသား ဇာတိမာန် နိုးကြားစေရန် နိုင်ငံရေးစိတ်ဓာတ် ရင့်သန်ထွန်းကားစေရန် ရည်ရွယ်ချက်ဖြင့် မန္တလေးမြို့၌ 'တူရိယာအသင်းချုပ်' ကို ဦးစီးတည်ထောင်သည်။

တူရိယာအသင်းချုပ်တွင် ဥက္ကဋ္ဌ ဦးလှဘော်(သခင်ဗတော်၏ အစ်ကိုကြီး၊ ပွဲစား)၊ ဒု-ဥက္ကဋ္ဌ စိန်ဗေဒါ၊ အတွင်းရေးမှူး ဦးဘဂျမ်း (မြေပိုင်ရှင်)၊ တွဲဖက်အတွင်းရေးမှူး သခင်ဗတော်၊ အမှုဆောင်များ ဇာတ်မင်းသားကြီး ဦးစိန်ခို (ကျက်သရေဆောင် ဦးတင်၏ ဖခင်)၊ ဝိုင်အမ်ဘီ သခင်တင်၊ ရှမ်းပွဲ ဆရာတင်ကြီး (သီချင်းရေးဆရာ)၊ ဦးချစ်ဖွယ်၊ ဒေါ်စိန်သုံးတို့ဖြစ်လေသည်။

ထို့နောက် မကြာမီ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ဂီတမီးရှူးတန်ဆောင်၊ ဂီတလက်နက်အဖြစ် တစ်ခဲနက် အောင်မြင်ကျော်ကြားသော 'တို့ဗမာ' သီချင်းကို သခင်ဘသောင်းနှင့် ညှိနှိုင်းတိုင်ပင်၍ ဝိုင်အမ်ဘီသခင်တင် ရေးသားသည်။

ရေးသားပြီးစီးသော 'တို့ဗမာ'သီချင်းကို ၁၉၃၀ ပြည့်နှစ် ဇူလိုင်လဆန်းတွင် အင်္ဂလန်သို့ ပုံနှိပ်လုပ်ငန်းပညာ သွားရောက်သင်ယူမည့် 'မီးတုတ် သခင်သိန်းမောင်ကြီး' အားနှုတ်ဆက်ပွဲတွင် ပထမဆုံးအကြိမ် သီဆိုသည်။ ဇူလိုင် ၁၉ ရက်တွင် သဟာယနှင့် စာဖတ်ခန်းတွင် သခင်ဘသောင်းနှင့်အဖွဲ့က ဒုတိယအကြိမ် သီဆိုသည်။ ဇူလိုင် ၂၀ တွင် ရွှေတိဂုံရာဟုထောင့် ဦးစံထွန်း၊ ဒေါ်နှစ် တန်ဆောင်းတွင် ဝိုင်အမ်ဘီ သခင်တင်ကိုယ်တိုင် ပရိသတ်အများအပြား ရှေ့မှောက်၌ သီဆိုသည်။

ထိုနှစ် ဇူလိုင် ၃၀ ရက်တွင် ဘီအေအေကစားကွင်း (ယခု အောင်ဆန်းအားကစားပြိုင်ကွင်း)၌ အင်္ဂလိပ်လူငယ်အသင်းနှင့် မြန်မာလူငယ်အသင်းတို့ ဘောလုံးပွဲ ယှဉ်ပြိုင်ကစားကြရာ သခင်ဘသောင်းနှင့်အဖွဲ့က သွားရောက်၍ တူရိယာအစုံအလင်ဖြင့် 'တို့ဗမာ'သီချင်းကို သီဆိုအားပေးသည်။ ထိုပွဲတွင် မြန်မာလူငယ်ဘောလုံးအသင်းက အင်္ဂလိပ်လူငယ်ဘောလုံးအသင်းကို (၆)ဂိုး (၂)ဂိုးဖြင့် အပြတ်အသတ် အနိုင်ယူလိုက်သောအခါ ဘီအေအေကစားကွင်း (ယခု အောင်ဆန်းကစားပြိုင်ကွင်း)အတွင်းမှ 'သခင်မျိုးဟေ့ တို့ဗမာ' ဟစ်ကြွေးသံများသည် ဘဝင်လျှံကာ အထက်အာကာယံသို့ ထွင်းဖောက်သွားလေတော့သည်။ (ယနေ့ မြန်မာလူငယ်တို့ အတုယူ အားကျနိုင်ကြပါစေ။)

'တို့ဗမာ'သီချင်းကို တို့ဗမာအစည်းအရုံး၏ လက်သုံးဂါထာ 'အင်္ဂလိပ်မောင်း ကဗ္ဗဝါ'ဟု ခေါ်သည်။ မျက်နှာဖြူဖြစ်စေ၊ အလိုတော်ရိ အရာရှိကြီးဖြစ်စေ မြန်မာလူငယ် အစုအဖွဲ့များဆီ လာရောက်ဟန့်တား နှောင့်ယှက်သော် 'သခင်မျိုးဟေ့ တို့ဗမာ' ဟုဟစ်ကြွေး၍ 'တို့ဗမာ'သီချင်းကို စုပေါင်းညီညာသီဆိုလိုက်လျှင် မျက်နှာဖြူများ၊ အလိုတော်ရိ လက်ပါးစေများ ရှောင်ရှားသွားကြလေတော့သည်။ 'တို့ဗမာ' သီချင်းသည် ထိုမျှ တန်ခိုးထက်လှသည်။

ထိုမျှ တန်ခိုးထက်လှသော 'တို့ဗမာ'သီချင်းကို လွယ်လွယ်ကူကူ ပေါ့ပေါ့တန်တန် ရေးသားခဲ့ရသည် မဟုတ်။ ထိုအချိန်အခါသည် 'အရေးပိုင်ခွေး' ဟူသော စကားလုံးအား အရေးပိုင်ကို ခွေးနှင့်နှိုင်းသည်ဟု စွပ်စွဲပြီး ဆရာတော်ကြီး ဦးဥတ္တမကိုပင် ထောင်(၃)နှစ် ချခဲ့သော အချိန်ကာလ ဖြစ်သည်။

တို့ဗမာသီချင်းကဲ့သို့ မီးဟုန်းဟုန်းတောက်နေသော သီချင်းစာသားများကို အင်္ဂလိပ်အစိုးရသည် မှန်ဘီလူးအထပ်ထပ်ဖြင့် အပြစ်ရှာခဲ့မည်မှာ မလွဲပေ။ ဆိုလိုအပေါက်ရှာပြီး ပုဒ်မတပ်မည့်သူများလက်မှ လွတ်ကွက်ကိုရှာပြီး ရေးသားစီကုံးခဲ့ရသည်မှာ မည်မျှ ပင်ပန်းခက်ခဲမည်ဖြစ်ကြောင်း သဘောပေါက်နိုင်ကြပါလိမ့်မည်။

တို့ဗမာ အစည်းအရုံး၏ အမှတ်တံဆိပ်သည် မီးတုတ်ကြီး ထမ်းထားသော သျှောင်တစောင်းနှင့် ညိုညိုမောင်းမောင်း ဗမာယောက်ျားကြီး၏ပုံ ဖြစ်သည်။

မီးတုတ်ကြီး ထမ်းထားသည်မှာ မည်သို့နည်း။

သခင်တင် (ဝိုင်အမ်ဘီ)က 'မီးတုတ်' အကြောင်းကို ဤသို့ သီချင်းရေးကား ရှင်းပြထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

'ကျားသွေး ကျားစိတ် ဒိတ်ဒိတ်ကျဲ သတ္တိပါ၊
ဗိုလ်မထားဘူးဟော့ တို့ဗမာ၊
(မီးတုတ် မီးတုတ် . . . ရှို့ ရှို့)၂
တို့သခင်လက်စွဲ ရဲရဲတောက် မီးတုတ်ကြီးပါ၊
မနရှင်ခေတ်အခါ ဆူးငြောင့်ခလုတ်ပမာ
အမွှေလောဘကို သဘောမကျဘူးဟော့
အကုန်ရှို့မယ် သခင်မီးတုတ်ပါ။
နိုင်ငံရေးဆိုတာ သေရေး ရှင်ရေးပါ
ခုခေတ်တော့ သွေးစုပ်ကောင်တွေ
တွဲဖြူကြီးနဲ့ ခြေရှည်တာ
နိုင်ငံရေးကို ဗန်းပြပြီးတော့
ဝမ်းဝအောင် လက်ကမ်းတာ
မီးကိုယက်ကာ၊ဩော်- အချောင်မက်ရှာကြ
အောင်နက်ဝါဒ သခင်က မသတီပေါင်
အို့ အို့- ထမင်းသာဝအောင်စားထားနှင့်ကြ
မကောင်းသူကို ပယ်မှာ၊
ကောင်းသူကို ကယ်မှာ၊
ရှုပ်ရဲရင် ရှုပ်လှည့်ကြည့်ပါ
မီးတုတ်ကြီးက သုတ်သင်ဖို့ ပေါ်လာ။
သုံးမရတဲ့ မနရှင်လောကပါ
(ချဟာ ဆော်ဟာ)
ပြာကျအောင်ရှို့မယ့် မီးတုတ်ပါ
(တွယ်ဟာ နှက်ဟာ)
သခင်ကို မဖြီးနဲ့ မိုးကိုမီးလောင်မှာ
(အစစ်ပေ့ါဗျာ)၂

▼

သခင်တင် (ဝိုင်အမ်ဘီ)သည် တို့ဗမာသီချင်းအပြင် သခင်သီချင်း၊ သခင်မသီချင်း၊ တောင်သူလယ်သမားသီချင်း၊ ရဲတပ်ဗိုလ်သီချင်း၊ ဦးအောင်ဇေယျသီချင်း၊ လက်ရုံးတပ် စစ်ချီသီချင်း စသဖြင့် လွတ်လပ်ရေးတိုက်ပွဲဝင် နိုင်ငံရေးသီချင်း အများအပြား ရေးသားခဲ့ပြီး 'တို့ဗမာ'သီချင်း၊ 'မိုးကို ဒူးနဲ့တိုက်' သီချင်းတို့ကို သခင်တင်(ဝိုင်အမ်ဘီ)ကိုယ်တိုင် အေဝမ်းကုမ္ပဏီတွင် သီဆိုဓာတ်ပြားသွင်းခဲ့သည်။

သခင်တင်(ဝိုင်အမ်ဘီ)၏ 'တို့ဗမာ'သီချင်းကို နိုင်ငံတော်သီချင်း၏ ဖခင်ဟု အသိအမှတ်ပြုကြသည်။ သခင်တင်(ဝိုင်အမ်ဘီ)ကိုလည်း နိုင်ငံတော်သီချင်း၏ ဖခင်ကြီးဟု ချီးကျူးဂုဏ်ပြုကြသည်။

၁၉၄၃ ခု ဩဂုတ် ၁ ရက်တွင် ဂျပန်တို့ပေးသော မြန်မာ့လွတ်လပ်ရေးအောင်ပွဲ ကျင်းပသည်။ ထိုအခါ နိုင်ငံတော်သီချင်း ရွေးချယ်ကြရာ 'ကမ္ဘာမကျေ'သီချင်းကို ရွေးချယ်ခဲ့ကြသည်။ စစ်ပြီးခေတ် ဗိုလ်ချုပ်အောင်ဆန်း၏ ကြားဖြတ်အစိုးရလက်ထက် နိုင်ငံတော်သီချင်း ရွေးချယ်ရာတွင်လည်း 'ကမ္ဘာမကျေ' ပါလာတော့မှပင် အတည်ပြုနိုင်ခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

ထို 'ကမ္ဘာမကျေ' သည် ဝိုင်အမ်ဘီ သခင်တင်၏ 'တို့ဗမာ'သီချင်းမှ ဆက်သွယ် ဆက်နွယ်လာခြင်း ဖြစ်သည်။ ထို့ကြောင့် သခင်တင်(ဝိုင်အမ်ဘီ)အား နိုင်ငံတော်သီချင်း၏ ဖခင်ကြီးဟု ချီးကျူးဂုဏ်ပြုကြခြင်းမှာ ထိုက်တန်ပါပေသည်။

ယနေ့ နိုင်ငံတော်သီချင်းကို အားပါးတရ ဟစ်ကြွေး သီဆိုနေကြသော လူကြီး၊ လူလတ်၊ လူငယ် အားလုံးတို့သည် နိုင်ငံတော်သီချင်း၏ ဖခင်ကြီးအကြောင်း နှလုံးသွင်း သတိမူကြပြီး သကာလ နိုင်ငံတော်သီချင်း၏ဖခင် 'တို့ဗမာ'သီချင်းကိုလည်း အားပါးတရ ဟစ်ကြွေးသီဆိုနိုင်သူများဖြစ်အောင် ကြိုးစားကြစေလိုပါသည်။

လွတ်လပ်ရေးရပြီးခေတ် ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလ (၄) ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရသည် သခင်တင် (ဝိုင်အမ်ဘီ)အား 'ဝဏ္ဏကျော်ထင်'ဘွဲ့ ချီးမြှင့်သည်။ ဇန်နဝါရီ (၂၁)ရက် ညနေ ၃ နာရီတွင် အမှတ် ၁၆၊ ဝက်ပါလမ်း အစည်းအရုံးတည်ရာ၌ ဂုဏ်ပြုညစ်ခံပွဲပြုလုပ်ပြီး သခင်တင်(ဝိုင်အမ်ဘီ)အား ထပ်ဆင့်ဂုဏ်ပြုပွဲ ပြုလုပ်ခဲ့ပါသည်။

(မှတ်ချက် ။ ။ အချို့မှုများ၌ သခင်တင်(ဝိုင်အမ်ဘီ) သည် အသက် (၅၅)နှစ်အရွယ် ၁၉၄၈ ဇူလိုင် (၃၀)၊ သောကြာနေ့တွင် တီဘီရောဂါဖြင့် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သည်။ ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီ (၄)ရက် ဗုဒ္ဓဟူးနေ့တွင် နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်ထံမှ ဝဏ္ဏကျော်ထင်ဘွဲ့နှင့် ရွှေတံဆိပ်ချီးမြှင့်ရာ သခင်တင်(ဝိုင်အမ်ဘီ)ကိုယ်စား တူမအရင်း ဒေါ်သက်ရှည် လက်ခံရယူသည်ဟုဖော်ပြထားသည်။)

သခင်တင် (ဝိုင်အမ်ဘီ)သည် ဝဏ္ဏကျော်ထင်ဘွဲ့ ရရှိကြောင်းကိုသာ သိခွင့်ရသွားခဲ့ပြီး ဝဏ္ဏကျော်ထင် ရွှေတံဆိပ်ကြီးကိုမူ မြင်တွေ့ခွင့် မရသွားရှာပါ။ ၁၉၅၀ ပြည့်နှစ် ဩဂုတ် (၈)ရက်တွင် ဆရာတင် (ဝါ) ဝိုင်အမ်ဘီ ဆရာတင် (ဝါ) သခင်တင် (ဝိုင်အမ်ဘီ) ကွယ်လွန်ခဲ့ရှာပြီး ၁၉၅၁ ခုနှစ် လွတ်လပ်ရေးနေ့တွင်မှ ဝဏ္ဏကျော်ထင် ရွှေတံဆိပ်ကြီးကို ချီးမြှင့်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ သခင်တင် (ဝိုင်အမ်ဘီ)၏ တူမအရင်း ဒေါ်သက်ရှည်က ကိုယ်စား လက်ခံရယူခဲ့ပါသည်။ (နန်းညွန့်ဆွေ၊ အနုပညာအားမာန် စာအုပ်မှ)

မည်သို့ပင်ဖြစ်စေ ဆရာတင် (ဝါ) သခင်တင် (ဝိုင်အမ်ဘီ)သည် သူ့နှလုံးသည်းပွတ်ထဲမှ လိုချင်တောင့်တလှသော မြန်မာ့လွတ်လပ်ရေးကြီးကို မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရသွားသည့်အတွက်မူ သုဂတိဘုံဘဝမှာ ဝမ်းမြောက်ရွှင်လန်းနေမည် ဖြစ်ပါသည်။ ဝိုင်အမ်ဘီ သခင်တင် ကွယ်လွန်ချိန်၌ အစ်မကြီး ဒေါ်မိနှင့် ခင်ပွန်း ဦးလုံ၊ ၎င်းတို့မှ မွေးဖွားသော တူမ မသက်ရှည်၊ နှမ ဒေါ်ငွါမနှင့် ၎င်းမှ မွေးဖွားသော တူမ မအေးသာ၊ တူမောင် မောင်ဘစိုးတို့ ကျန်ရစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်အမ်ဘီ သခင်တင်၏ ရုပ်ကလာပ်ကို အေဝမ်း ရုပ်ရှင်ကုမ္ပဏီမှ ကြီးမှူးသင်္ဂြိုဟ်ပေးခဲ့သည်။ ကြံတောသုသာန်ရှိ ဗိုလ်အောင်ကျော်၊ ဦးထွန်းရှိန် (ဖေ၊ပု၊ရှိန် အဖွဲ့ဝင်)တို့၏ အုတ်ဂူနှင့် မနီးမဝေး၌ ငြိမ်းချမ်းစွာ လဲလျောင်းစေခဲ့ပါသည်။

၁၉၆၅ ခုနှစ်တွင် 'တို့ဗမာသီချင်း ၃၅ နှစ်မြောက် အထိမ်းအမှတ်ပွဲနှင့် ဝိုင်အမ်ဘီ သခင်တင် ဂုဏ်ပြုပွဲ' ပြုလုပ်ခဲ့သည်။ ထိုဂုဏ်ပြုပွဲ ကော်မတီ ဥက္ကဋ္ဌမှာ သခင်ဘသောင်းဖြစ်ပြီး အတွင်းရေးမှူးမှာ နန်းညွန့်ဆွေ ဖြစ်ပါသည်။

ထိုအထိမ်းအမှတ်ပွဲနှင့် ဂုဏ်ပြုပွဲတွင် အလင်္ကာကျော်စွာ ဒဂုန်ဆရာတင်၊ အလင်္ကာကျော်စွာ ရွှေပြည်အေး၊ အလင်္ကာကျော်စွာ ဦးဘသန်း၊ အလင်္ကာကျော်စွာ ရွှေညာမောင်၊ ဝဏ္ဏကျော်ထင် ဒေါ်အောင်ကြည်၊ ဒေါ်မြကျင်၊ ဝဏ္ဏကျော်ထင် ရန်နိုင်စိန်၊ ဂီတဝိဇ္ဇာ ဦးစိန်းမောင်တို့က ဆရာတင် (ဝိုင်အမ်ဘီ ဆရာတင်)၏ တေးသီချင်းများကို ဖော်ထုတ်ကြ၊ ဂုဏ်ပြုကြ၊ ချီးမွမ်းကြပါသည်။ စိန်စတင်း မင်္ဂလာ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် မြိုင်မြိုင်ဆိုင်ဆိုင် စည်စည်ကားကား ညှော်ခံခဲ့ပါသည်။

တို့ဗမာသီချင်းကို ရွှေညာမောင်၊ မိုးကိုဒူးနဲ့တိုက် သီချင်းကို ဒဂုန်ဆရာတင်၊ ရွှေတော်ပြေးနှင့် အချစ်ငှိကာ..ှိ ကိုအံ့ကြီး၊ အံ့ပုန်းချစ် သီချင်းကို ဝင်းဦးတို့က သီဆိုကြသည်။

အငြိမ့်မင်းသမီးကြီး ဒေါ်မြကျင်က ဆရာတင်အကြောင်း ပြောပြော၍ ဆရာတင်၏ 'မော်တော်ကား'သီချင်းကို လူရွှင်တော်များနှင့်တွဲ၍ ဆိုပြသည်။ ရုပ်ရှင်မင်းသမီး သန်းသန်းဆင့်က ဒေါ်မြကျင်ကိုယ်စား ကပြဖျော်ဖြေသည်။

ရှေ့က လူကြီးတို့သည် မိမိတို့တာဝန်ကို ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ အားကျအတုယူဖွယ်ဖြစ်ပါသည်။ ရောက်လာတော့မည့် ၂၀၁၅ ခုနှစ်တွင် 'တို့ဗမာ' သီချင်းသည် (၈၅)နှစ်ပြည့်၍ သခင်တင်(ဝိုင်အမ်ဘီ)၏ မွေးနေ့သည် (၁၂၀)နှစ် ပြည့်ပေတော့မည်။

ဤကာလ အတိုင်းအတာအတွင်း၌ 'သခင်မျိုးဟေ့ တို့ဗမာ' ဟူ၍ မည်သူတို့ ဟစ်ကြွေးခဲ့ကြပါသနည်း။

'မမေ့မလျော့ မပေါ့မဆ သတိတရားဖြင့် ပြည့်စုံကြကုန်လော့'ဟူသော မြတ်ဗုဒ္ဓ၏ ပစ္ဆိမဝစန (နောက်ဆုံးစကားတော်)သည် မြန်မာတို့အတွက် အခါခပ်သိမ်း နှလုံးသွင်းအလေးအနက်ပြုရမည့် စကားတော်ပေတည်း။ မြန်မာတို့ကား မမေ့မလျော့ မပေါ့မဆ သတိတရားဖြင့် ပြည့်စုံသူများဟူ၍ နောင်အရှည် ဥဒါန်းကျူးရင့်ကာ မော်ကွန်းထိုးနိုင်ကြစေသတည်း။

အလေးပြုလျက်. . .

**ထွန်းလင်းသူ**




ဦး အရဟံ မေတ္တာ လာဘံ

**နက္ခတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနှစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို **ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့်** (၂၅)နှစ်တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

**အောင်မြင်သူတို့ ဆုံကြရာ**

| | |
|---|---|
| ဟောခန်းတည်နေရာ ➻ | အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ |
| လမ်းညွှန် ➻ | အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။ |
| ဟောပြောချိန် ➻ | နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။ |
| ဆက်သွယ်ရန် ဖုန်း ➻ | ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၄၃၂၄၄၈၉၃ ။ |
| မှတ်ချက် ➻ | *ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။* ကျေးဇူးတင်ပါသည်။ |




www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## လက်တွေ့အသုံးချ မြန်မာ့ဆေးနည်းတိုများ

**သုတေသီ ဆရာငြိမ်း**



"အစာလဲဆေး၊ ဆေးလဲအစာ" ဟူသည့် စကားရပ်ကို ကြားရဖူးပါသည်။

ထို့အတူ "နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်" ဆိုသည့် စကားရပ်ကိုလည်း မှတ်သားရဖူးပါသည်။

မိမိတို့၏နိုင်ငံသည် ရေခံမြေခံ ကောင်းသည်နှင့်အမျှ သစ်ပင်တောအုပ်များလည်း ထူထပ် မျိုးပြားလှပါသည်။ ထိုထိုသော သဘာဝသစ်ပင်ကြီးငယ်မဟူ သူ့ဓာတ်သဘာဝနှင့်သူ စွမ်းအင် အာနိသင်များ ရှိကြပါသည်။ လေ့လာထုတ်ယူ အသုံးပြုတတ်ဖို့ပဲ လိုအပ်ပါသည်။

အချို့အချို့သော ဝေဒနာများသည် သဘာဝအပင်များ၏ အစွမ်းဖြင့် သက်သာပျောက်ကင်းစမြဲ ဖြစ်သည်။ ငွေကုန်ကြေးကျ များစွာပေးနိုင်မှမဟုတ်။ "မသိသူကျော်လွှား၊ သိသူဖော်စား" နိုင်ကြစေရန် အဖိုးတန်လှစွာသော လက်တွေ့အသုံးချနိုင်သည့် "မြန်မာ့ဆေးမြီးတို" များကို လေ့လာမှတ်သား၍ အသုံးပြုနိုင်ကြစိမ့်သောငှာ ပြုစုလိုက်ခြင်း ဖြစ်ပါသည်။

**ခံတွင်းဝေဒနာမသက်သာလျှင်**

သွားနာခြင်း၊ သွားဖုံးရောင်ခြင်း၊ သွားကိုက်ခြင်း၊ ရေစီးကမ်းပြိုလိုက်ခြင်း၊ အာခေါင်နာခြင်း၊ ရေပင်မျို၍မရလောက်အောင် လည်ချောင်းများ နာကျင်ခြင်း အစရှိသဖြင့် ခံတွင်းပိုင်းဆိုင် ရာဝေဒနာတို့ ခံစားနေရပါက ကာလကြာလျှင် ခံတွင်းကင်ဆာဖြစ်ကာ အသက်ကိုပင် အန္တရာယ်ပြုတတ်ပါသည်။

သို့ဖြစ်၍ ခံတွင်းပိုင်းဆိုင်ရာ ဝေဒနာတို့ သက်သာခြင်း မရှိလျှင် မည်သို့ ပြုလုပ်ရပါမည်နည်း။

ဘာခက်မှာတဲ့နည်း။

သဖန်းပင်မှ သဖန်းရွက်၊ သဖန်း မြစ်၊ သဖန်းကိုင်း၊ သဖန်းခေါက်တို့အား ရအောင်ယူပါ။ ပြီးလျှင် အိုးတစ်လုံးထဲထည့်ကာ ရေနှင့် ပြုတ်ပေးရပါမည်။ ပွက်ပွက်ဆူပြီးသော် မီးဖိုပေါ်မှ ချပါ။ ထို့နောက် ခပ်နွေးနွေးအနေအထား ရောက်လျှင် ထိုပြုတ်ရည်အား ငုံ-ငုံပေးပြီး ထွေးထုတ်ပါ။ သောက်ပေး၍လည်း ရပါသည်။ ခံတွင်းပိုင်းဆိုင်ရာ ဝေဒနာတို့ သက်သာ ပျောက်ကင်းသွားပါလိမ့်မည်။ (သဖန်း မရပါက ဒေါနခက် အခြောက်ကိုလည်း ပြုတ်၍ သုံးပေးနိုင်ပါသည်။)

**ခွေးကိုက်ခံရလျှင်**

ရံဖန်ရံခါ၌ ခွေးဆိုးများ၏ အန္တရာယ်နှင့်တွေ့ကြုံဖူးကြပါလိမ့်မည်။ ခွေးကိုက်လည်း ခံရမည်။

ထပ်မံ၍ အကိုက် အဆွဲမခံရအောင် ထွက်ပြေးရင်းမှ ချော်လဲပြီး ဒူးကွဲကာ သွေးတွေထွက်၊ ဒဏ်ရာ အနာတရ ရှိခဲ့လျှင် သက်သာပျောက်ကင်းအောင် မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်း။

ဘာခက်မှာတဲ့နည်း။

ပိစပ်ရွက်လက်တစ်ဆုပ်နှင့် သဘော်ရွက်တစ်ရွက်ကို ခူးယူပါ။ ပြီးနောက် ရေဖြင့် သန့်ရှင်းစင်ကြယ်အောင် ဆေးကြောပါ။ သဘော်ရွက်အား ကြိတ်ပါ။ ကြိတ်ဖတ်များရလာ

www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

ပါက ခွေးကိုက်ခံရသော ဒဏ်ရာပေါ်တွင် အုံပြီး အုပ်ပြီး ပတ်တီးစည်းပေးပါ။

ထို့နောက် ပိစပ်ရွက်ကိုလည်း ကြိတ်ခြေပါ။ ပြီးလျှင် ဒူးကွဲနာကို စင်ကြယ်စွာ ရေဖြင့်ဆေး၊ ခြောက်သွေ့စေပြီး ၎င်းအပေါ်သို့ ပိစပ်ရွက်ကြိတ်ဖတ်များကို အုံလျက် ပတ်တီးစည်းနှောင်ပေးပါ။

သဘော်ရွက်သည် ခွေးဆိပ်နှင့် အခြားအဆိပ်များကို နိုင်နင်းပါသည်။

ထို့အတူ ပိစပ်ရွက်သည်လည်း သွေးစိမ်းရှင်ရှင်ထွက်သော ထိခိုက်ဒဏ်ရာများကို သက်သာပျောက်ကင်းစေပါသည်။ အနာမရင်းဘဲ ရက်တိုတိုနှင့်ပျောက်သော ဆေးရွက်များဖြစ်ပါသည်။

မှတ်ချက် ॥ ॥ ခွေးကိုက်ခံရပါက ခွေးရူးကာကွယ်ဆေးထိုးလျှင် ပို၍ကောင်းပါသည်။

## ချို့တဲ့အားအင်ပြည့်စေချင်သော်

ကျား,မ မရွေး ကလေးဖြစ်စေ၊ လူကြီးဖြစ်စေ ပိန်ချုံးချည့်နဲ့ကာ အားအင်ချို့တဲ့သည်မျိုးကို ကြုံတွေ့ဖူးကြပါလိမ့်မည်။ အားအင်ချို့တဲ့ပါက မလိုလားအပ်သော ပြင်ပမှရောဂါများသည် "နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း" ဆိုသည့်အလား ဟိုမှသည်မှ ဝင်လာတတ်ပါသည်။

အကယ်တန္တ အားအင်ချို့တဲ့ သောအဆိုပါအဖြစ်မျိုးနှင့် ကြုံတွေ့ပါက မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်း။

ဘာခက်မှာတဲ့နည်း။

ခရမ်းချဉ်သီးကို မီးဖုတ်ပါ။

ကြက်သွန်နီဥကြီးကို အကွင်းလိုက်လှီး၍ ဆီ၊ ဆား၊ ငါးမီးဖုတ်တို့နှင့် ရောနယ်သုပ်၍ စားပေးစေချင်ပါသည်။ ငွေကုန်ကြေးကျ သက်သာပြီး အားအင် ပြည့်ဖြိုးစေပါ၏။ (ကြက်သွန်ဥကြီး မီးဖုတ်ပြီး ကျွေးလျှင်လည်းကောင်း၊ ကြက်သွန်နီဥ မီးဖုတ်နှင့် ငါးမီးဖုတ်တို့ကို ဆုံထဲထည့်ထောင်းပြီး စားပေးလျှင်လည်းကောင်း အကျိုးထိရောက်လှပါသည်။)

## ချောင်းဆိုးရောဂါ ပျောက်ဖို့ရာ

ချောင်းဆိုးရောဂါ ဝေဒနာသည် ရင်ခေါင်းပိုင်းဆိုင်ရာ ရောဂါဝေဒနာဖြစ်သကဲ့သို့ အဆုတ်နှင့်လည်း ပတ်သက်ပါသည်။ လည်ချောင်း ယားယံ၍ ချောင်းဆိုးသည်မှာ ပြဿနာ မဟုတ်သော်လည်း သွေးပါအောင် ချောင်းဆိုးလာလျှင်တော့ ရောဂါတစ်ခုခုဖြစ်နေသည်မှာ သေချာပါသည်။ သင့်၌ ချောင်းဆိုးရောဂါ ဝင်ရောက်လာပါက သက်သာပျောက်ကင်းအောင် မည်သို့ပြုလုပ်ရပါမည်နည်း။

ဘာခက်မှာတဲ့နည်း။

အရသာအားဖြင့် အေး၊ ချို၊ ငန် ဓာတ်ရှိသော အပင်ငယ်မျိုးတွင် ပါဝင်သည့် လမ်းနံဘေးရှိ ဟင်းနုနယ်ဆူးပေါက်များကို ခုတ်ယူကာ အခြောက်လှန်းပါ။ ထို့နောက် မီးရှို့ပြာချပြီး အဆိုပါပြာကို ရေနှင့်မွှေနှောက်ကာ ဆားပြန်ချက်ပါ။ ရက္ခမူဆားကို သီးသန့်သုံးစွဲပါက အန္တရာယ်ရှိနိုင်၍ မကြာခဏ လျက်စားခြင်းအစား ပျားရည်ဖြင့် ရောစပ်၍ သုံးစွဲသင့်ပါသည်။ (အဆိုပါ ဟင်းနုနယ် ရက္ခမူဆားတို့ ဆီးရောဂါဝေဒနာရှင်များလည်း လျက်ပေးနိုင်ပါသည်။)

## ငါးဆူးတောင်တို့ စူးခဲ့သော်

အင်း၊ အိုင်တွေထဲ ငါးဖမ်းရာ၊ ငါးစမ်းရာ၌ဖြစ်စေ ငါးဟင်းချက်ရန်အတွက် ငါးအရှင်လတ်လတ်အား ကိုင်တွယ်ရာ၌ဖြစ်စေ အခန့်မသင့်ပါက ငါး၏ဆူးတောင်တို့မှာ အဆိပ်ပြင်းထန်သည့်အတွက် (ပမာအားဖြင့် ပင်လယ်ငါးဥ ကဲ့သို့ ငါးမျိုး) အစူးခံရသူမှာ သေကောင်ပေါင်းလဲ ဝေဒနာခံစားရတတ်ပါသည်။ ငါးကျည်း၊ ငါးခူ (ရေချို)၊ ငါးစင်းရိုင်းဆို၏ ဆူးတောင်များကလည်း ဒုက္ခမသေးပါချေ။

ထိုသို့ ငါးဆူးတောင်တို့၏ ဒဏ်ကို ထိခိုက်ခံစားရပါက သက်သာ ပျောက်ကင်းအောင် မည်သို့ပြုလုပ်ရပါမည်နည်း။

ဘာခက်မှာတဲ့နည်း။

အဆူးခံရသောနေရာအား ရေဖြင့်စင်ကြယ်အောင်ဆေးကြောလိုက်ပါ။ မသန့်သောသွေးများ ကျန်ရှိမနေလေအောင် ညှစ်ထုတ်ပေးပါ။ ထို့နောက် ကြံသကာဖြစ်စေ ထန်းလျက်ခဲဖြစ်စေ ပါးစပ်ထဲငုံထားပြီး ဖိအုံပေးလိုက်ပါက ငါးဆူးတောင်ကြောင့် ဖြစ်ပေါ်လာမည့် အဆိပ်အတောက် ဒဏ်မှ ကင်းဝေးသွားပါလိမ့်မည်။

(အဆိုပါနည်းကို လုပ်ဆောင်နိုင်ပါ၏။ သောတဆို အရ "ငါးရိုးစူးသော် မခက်လော၊ ဆီးဖြူသီးစားသော် မပျောက်လော"ဟု ဆိုထားရာ ၎င်းနည်းကိုလည်း သုံးကြည့်လိုက သုံးနိုင်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

ငှက်ဖျားရောဂါအတွက်

အဖျားရောဂါဝေဒနာ များစွာရှိကြသည့်အနက် "ငှက်ဖျားရောဂါ" ဝေဒနာသည် ကြောက်မက်ဖွယ်ရာကောင်းလှသော ရောဂါဖြစ်သည်။ ငှက်ဖျားထလာလျှင် အနွေးဓာတ် မည်သို့ပေးပေး နွေးလာသည်မရှိဘဲ ခိုက်ခိုက်တုန်အောင် တဟီးဟီးချမ်းဖျားတက်၍ နောက်အတန်ငယ်ကြာမှ အဖျားပြန်ကျသွားတတ်ပါသည်။ ထိုအခါတွင် လူ့တစ်ကိုယ်လုံးသည် ချွေးကျသွားပါသည်။

ငှက်ဖျားရောဂါဝေဒနာ မူလဇာစ်မြစ်မှာ ငှက်ဖျားရောဂါပိုးကို သယ်ဆောင်လာသောခြင် အကိုက်ခံရ၍ ဖြစ်သည်။ စမ်းချောင်းရေကို သောက်မိ၍၊ ငှက်ပျောသီးကို စားမိ၍ ဆိုသည်မှာ လုံးဝမဟုတ်ပါ။ ငှက်ဖျားရောဂါပိုးကို အမြစ်ပြတ်ပျောက်ကင်းအောင် မကုသဘဲနေလျှင် ငှက်ဖျားပိုးသည် ဦးနှောက်ထဲဝင်ပြီး ရူးသွပ်သွားစေပါသည်။ အသက်ကို အန္တရာယ်ပြုနိုင်ပါသည်။ သည့်အတွက် ငှက်ဖျားရောဂါပျောက်ကင်းအောင် မည်သည့် မြန်မာ့ဆေးမြီးတိုနှင့် ကုသရပါမည်နည်း။

ဘာခက်မှာတဲ့နည်း။

ဈေးထဲရှိ ငါးစိမ်းတန်းသို့သွားကာ ငါးပတ်အကောင်ကြီးကို ရှာပါ။ ရလျှင် ဗိုက်ခွဲလျက် ငါးပတ်၏သည်းခြေကို ရအောင် ထုတ်ယူပါ။

ငါးပတ်၏ သည်းခြေပေါက်သွားလျှင် လွန်စွာမှ ခါးလှပါသည်။ သည့်အတွက် သည်းခြေပေါက်မသွားအောင် ဂရုစိုက်ပြီး ထိုသည်းခြေအား အစားအသောက်တစ်ခုခုထဲ အုံပြီးမျိုချလိုက်ပါ။ ငှက်ပျောသီးအမှည့်ထဲ အုံပြီးမျိုချလျှင်လည်း ဖြစ်ပါသည်။ ငါးပတ်သည်းခြေသည် ငှက်ဖျားရောဂါကို ကောင်းစွာ နှိမ်နင်းနိုင်သည့် မြန်မာ့ဆေးမြီးတို တစ်လက်ပင် ဖြစ်ချေသည်တကား။

စပါးကြီးသည်းခြေကို ဘယ်လိုတွေဖြစ်ရင် သုံးမလဲ

'စပါးကြီးသည်းခြေ' ဆိုသည်မှာ စပါးကြီးမြွေအမျိုးအစားမှ ရရှိသော ဆေးဖက်ဝင် ရှားပါးပစ္စည်းတစ်ခု ဖြစ်ပါသည်။

စပါးကြီးသည်းခြေအစစ်ရဖို့ ဆိုသည်မှာ လွယ်ကူလှသည်တော့ မဟုတ်။ နားလည်တတ်ကျွမ်းသူတို့နှင့် လေ့လာစုံစမ်းပြီး ဝယ်၍ရလျှင်ဖြင့် ကျန်းမာရေးအတွက် အထောက်အကူ ရပါပြီ။ သို့ရာတွင် သူ့နေရာနှင့်သူ အသုံးချတတ်ဖို့လိုပါသည်။ သို့ဆိုပါက စပါးကြီးသည်းခြေ အစစ်အား မည်သည့်နေရာများ၌ မည်သို့ဖြစ်ပါက မည်သို့သုံးစွဲရပါမည်နည်း။

စပါးကြီးသည်းခြေအား . . .

၁။ ကိုယ်ပူလျှင် (ကျောပူခေါင်းပူ ထလျှင်) ရေစိမ်၍ သောက်ပေးပါ။

၂။ မေးခိုင်နေပါက လျှာ၌ပွတ်ပေးပါ။

၃။ ဗိုက်နာ၊ ဗိုက်အောင့်ပါက ဝမ်းဗိုက်တစ်ဝိုက်လိမ်းကျံပြီး ချက်အောက်ကို ဆွဲချပေးပါ။

၄။ မေးရွဲ့နေပါက မေးတစ်ဝိုက်ကို လိမ်းကျံပြီး လက်နှင့် တည့်မတ်ပေးပါ။

၅။ လေးဖက်နာဖြစ်ပါက ဆေးဒါန်းနှင့်လေရာစပ်၍ လိမ်းကျံပေးပါ။

၆။ လေငန်းရောဂါဖြစ်ပါက တောလျှောက်မြစ်နှင့် သွေး၍ လိမ်းကျံပေးပါ။

၇။ သူငယ်နာဖြစ်ပါက လျှာနှင့် လျက်ပေးပါ။

၈။ ဆီး၌ ကျောက်တည်ပါက ရေစိမ်၍ သောက်ပေးပါ။

၉။ မျက်စိနာက ကွင်း၍ လိမ်းပေးပါ။

၁၀။ ကိုယ်ဖော ကိုယ်ရောင်ဝေဒနာ ခံစားနေရပါက ကသစ်ခေါက်နှင့်သွေးပြီး လိမ်းကျံပေးပါ။

၁၁။ ဈေးရောင်းကောင်းလိုပါက မြွေအစုံ (အဖို-အမ) ချိန်ခွင်သေးသေးမှာ ချိန်ဆွဲထားပါ။

၁၂။ သားဖွားရာ၌ အခက်အခဲများ ဖြစ်နေပါက စပါးကြီးသည်းခြေ ညှိုးကြိုးကို ချက်ပေါ်၌ ကန့်လန့်ဖြတ်တင်ထားပေးပါ။ မွေးဖွားရ လွယ်ကူပါလိမ့်မည်။

၁၃။ ခေါင်းအုံ၍ ဇက်ကြောများထိုးနေပါက ကွမ်းရွက်ရည်နှင့်ရောကာ လိမ်းကျံပေးပါ။

(ဤကား စပါးကြီးသည်းခြေ၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။)

သုတေသီဆရာငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## မီးယပ်အတွက် ဆေးကောင်းတစ်လက်

**မျိုးသက်နိုင်(ရွှေပြည်သာ)**

ရမည်းသင်းမြို့ ဆံစေတီဆရာတော်ကြီး ဦးပညာဇေ၏ ဖခင်ကြီးဦးလှဖေသည် မြန်မာ့တိုင်းရင်းဆေးပညာရှင်ကြီး တစ်ဦးဖြစ်ပါသည်။ ဆရာတော်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆရာကြီးဦးလှဖေ၏ မှတ်စုတွင်ပါရှိသော မီးယပ်ရောဂါ အမျိုးမျိုးအတွက် ဆေးနည်းကောင်းတစ်လက်ကို အရွယ်ရောက်သူ မိန်းကလေးတိုင်း လေ့လာမှတ်သား၍ ဖော်စပ်စားသုံးနိုင်ရန်အတွက် စေတနာကောင်းဖြင့် တင်ပြအပ်ပါသည်။

၁။ သကြား
၂။ သိန္ဓော
၃။ ကြေွဘုတ်
၄။ လိပ်ကျောက်ဆူး
၅။ ဖာလာ
၆။ ကြဇု
၇။ နွားမျက်ရှင်
၈။ စယို
၉။ ဒန္တကူနီ
၁၀။ ကန့်ချုပ်နီ

(တစ်မျိုးလျှင် တစ်ပဲသားစီ)

၁၁။ တြိကရုပ်သုံးပါး
၁၂။ တဖောင်းကြီး
၁၃။ အလိုကြူ
၁၄။ နှမ်းဆီ

(တစ်မျိုးလျှင် ဒိ-၈')စီ

၁၅။ ကြက်သွန်နီ (သုံးကျပ်သား)
၁၆။ ပွေးကိုင်း (ရှစ်ကျပ်သား)
၁၇။ ပျားရည် (လေးဆယ်သား)

အထက်ပါ ပစ္စည်းအမယ်အားလုံးကို အမှုန့်ပြုတန်ပြု၍ ရောမွှေပြီးလျှင် လိုအပ်သလိုချင့်ချိန်သုံးစွဲပါက အမျိုးသမီးတိုင်းတွင် ဖြစ်ပေါ်ခံစားရလေ့ရှိသော မီးယပ်ရောဂါ အမျိုးမျိုးတို့မှ ပျောက်ကင်းချမ်းသာစေနိုင်ပါသည်။

မျိုးသက်နိုင်(ရွှေပြည်သာ)

❐

## နှလုံး၊ မီးယပ်၊ သည်း၊ ဝမ်း မျက်စိ၊ လေဆေးကြီး

**မျိုးသက်နိုင်(ရွှေပြည်သာ)**

ရမည်းသင်းမြို့ ဆံစေတီဆရာတော်ကြီး ဦးပညာဇေ၏ ဆေးမှတ်တမ်းများတွင်ပါရှိသော အောက်ပါ ရောဂါ ခုနစ်ပါးပျောက် ဆေးနည်းကြီးကို အများသိစေရန်အတွက် ကူးယူဖော်ပြအပ်ပါသည်။

| | | |
|---|---|---|
| ပွေးကိုင်း | - | ၁၀/- |
| ဖာလာ | - | ဒိ/- |
| ကြစု | - | ဒိ/- |
| ပိတ်ချင်း | - | ဒိ/- |
| လေးညှင်း | - | ဒိ/- |
| သဘော်ဂျင်းခြောက် | - | ၂/- |
| ဇာဒိပ္ပိုလ်သီး | - | ၂/- |
| မုတ်ခါး | - | ၅/- |

စုစုပေါင်း (၂၃) ကျပ်သားကို အမှုန့်ပြု၍ သင့်တော်ရုံ စားပါ။ အထူးမှာ ရွှေဆိုင်းထည့်၍ ဖော်ပါက ပန်းသေပန်းညှိုး ရောဂါအတွက် ကောင်း၏။

မျိုးသက်နိုင်(ရွှေပြည်သာ)


❐


www.burmeseclassic.com

www.burmeseclassic.com

# အာဟာရဆေးစွမ်းထက်သော
# ငှက်ပျောသီး

အောင်ဘုန်းမြင့်(ကချင်မြေ)





**ငှက်ပျောသီး** - လူသားတို့သည် ငှက်ပျောသီးကို ခရစ်တော်မပေါ်ထွန်းမီ ဘီစီ ၃၀၀၀ ခန့်ကတည်းက စားသုံးလာခဲ့သော သစ်သီးဖြစ်ပြီး ဆန်နှင့်ဂျုံ အစားအစာပြီးလျှင် တတိယအများဆုံး စားသုံးရသော အာဟာရအစားအစာလည်း ဖြစ်သည်။


ဘုရားရှင်ကို လှူဒါန်းပူဇော်ရသော သစ်သီးသုံးမျိုးဖြစ်သည့် အုန်းသီး၊ ငှက်ပျောသီး၊ သရက်သီးတို့တွင် တစ်မျိုးအပါအဝင်လည်းဖြစ်လေသည်။ ငှက်ပျောသီးသည် အနံ့အရသာကောင်းပြီး အာဟာရဖြစ်စေသည့်အပြင် ဆေးဝါးဓာတ်စာသီးလည်းဖြစ်ပါသည်။

တစ်မူထူးခြားသည်မှာ ငှက်ပျောပင်များသည် အကိုင်းအခက်မရှိဘဲ ပင်စည်အရင်းတုတ်ခိုင်၍ အဖျားသွယ်ရှူးသွားသော အပင်မျိုးဖြစ်သည်။ အပင်သက်၍ ရွက်ပြာရှည်များဖြာထွက်၍ အခိုင်ဖြင့် အသီးသီးတတ်၏။ ငှက်ပျောဖူးအတွင်း ပန်းခိုင်စုများ ပွင့်လာတတ်ပြီး ပန်းပွင့်ချိန်ကျော်လွန်သွားလျှင် အသီးကင်းငယ်များ စထွက်လာကာ အခိုင်ဖြင့် အသီးသီးတတ်၏။ ငှက်ပျောဖူးအတွင်း ပန်းခိုင်စုများ ပွင့်လာတတ်ပြီး ပန်းပွင့်ချိန်ကျော်လွန်သွားလျှင် အသီးကင်းငယ်များ စထွက်လာကာ အခိုင်ရှည်တွင် အဖီဆက်၍ အသီးသီးတတ်ပါသည်။

ငှက်ပျောမျိုးရင်းလိုက်၍ အနံ့အရသာ အရောင်အဆင်း အကြီးအသေး ကွာခြားမှုရှိတတ်သည်။ ဆေးကျမ်းများအလိုအရ ငှက်ပျောသီးသည် ပထဝီနှင့် အာပေါဓာတ် လွန်ကဲသော ဓာတ်စာဖြစ်သောကြောင့် သုတ်ကို ပွားစေတတ်၏။ လူကို ဝစေတတ်ပြီး ဆာလောင်စေခြင်း၊ ရေငတ်စေခြင်း၊ အာခေါင်ခြောက်ခြင်းကို ပြေစေ၏။ အစာမကြေခြင်းကို ကောင်းစေ၏။ နှုတ်ကို မြိန်စေတတ်ပြီး နှလုံးကို အကျိုးပြု၏။ သွေး၊ လေ၊ သည်းခြေကို နိုင်၏။ ခရုသင်းနာ၊ မီးလောင်နာ၊ ဆီးပူဆီးအောင့်နာနှင့် ဆီးလွန်နာများကို ကုသပျောက်ကင်းနိုင်၏ဟူ၍ ဖြစ်လေသည်။

ထို့ပြင် ငှက်ပျောသီးသည် ဝမ်းကိုလည်း ကောင်းစေနိုင်ပါသည်။

မြန်မာနိုင်ငံတွင် လူသိများသော ငှက်ပျောများမှာ သီးမွှေး၊ ဖီးကြမ်း၊ နံ့သာပူ၊ ရခိုင်၊ ဝက်မလွတ်၊ ရွှေငှက်ပျော၊ ထောပတ်ငှက်ပျော၊ ငှက်ပျောချဉ်ဟူ၍ ဖြစ်ပြီး ဖီးကြမ်းငှက်ပျောသည် အာဟာရအတွက်လည်းကောင်း ဆေးဝါးဓာတ်



www.burmeseclassic.com

www.burmeseclassic.com

စာအဖြစ်လည်းကောင်း၊ သဘာဝဓာတ်စာအဖြစ် လည်းကောင်း စံထားပြီး အန္တရာယ်ကင်းကင်း စားသုံးနိုင်သော အသီးဖြစ်လေသည်။

**ဆေးအာနိသင်** - ငှက်ပျောသီးသည် လူကို အာဟာရဖြစ်စေနိုင်သည့်အပြင် ကျန်းမာရေးအတွက် ဆေးကောင်းဝါးကောင်းတစ်လက် ဖြစ်စေနိုင်၏။ သွေးအားနည်းရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ အစာမကြေ ရင်ပြည့်ရင်ကယ်ဝေဒနာ၊ ဓာတ်ချုပ် ဝမ်းချုပ်ဝေဒနာနှင့် ဝမ်းပျက်ရောဂါများကို ကုစားနိုင်သည်။ အိပ်မပျော်ရောဂါကိုလည်း သက်သာရာရစေနိုင်သည်။

ခေတ်မီ ဆေးပညာအဆိုအရ ငှက်ပျောသီးသည် နူးညံ့သော သဘာဝရှိသောကြောင့် အစာအိမ်နာကိုကောင်းစေသည်ဟုဆိုသည်။ အအေးစာဖြစ်၍ ခန္ဓာကိုယ်ပူလောင်ခြင်းကို လျော့နည်းစေနိုင်သည်။ လေဖြတ်မည့်အန္တရာယ်ကို သက်သာစေနိုင်သည်။ ပိုတက်စီယမ်ဓာတ်ပါဝင်မှုကြောင့် စိတ်ဖိစီးမှု၊ စိတ်အားငယ် စိတ်ဓာတ်ကျမှုများကို ကင်းပပျောက်ကင်းစေနိုင်သည်။

သံဓာတ်ပါဝင်မှုကြောင့် သွေးအားနည်းရောဂါကို ကာကွယ်ပေးနိုင်သည်။ အငန်ဓာတ်နည်းပါးခြင်းကြောင့် သွေးတိုးနှင့်သင့်သည်။ FIBER အမျှင်ဓာတ်ပေါကြွယ်ဝစွာ ပါဝင်နေသဖြင့် ဝမ်းကိုမှန်စေပြီး အစာအိမ်ကို ကောင်းစေနိုင်သည်။ ခန္ဓာကိုယ်သကြားဓာတ်ကို ထိန်းညှိပေးသောကြောင့် ကိုယ်ဝန်ဆောင်နာကို သက်သာရာရစေသည်။ ငှက်ပျောသီးတွင် ပါဝင်သော သဘာဝအာနိသင်ကြောင့် ဆေးလိပ်ဖြတ်သူများကို အကျိုးဖြစ်စေပြီး မှတ်ဉာဏ်အားကို ပိုမိုထက်မြက်ကောင်းမွန်စေနိုင်သည်။

ပိုတက်ဆီယမ်ဓာတ် ကြွယ်ဝမှုကြောင့် သွေးတိုးကို လျော့နည်းစေပြီး နှလုံးရောဂါကို ကာကွယ်ပေးနိုင်သည်။ ငှက်ပျောသီး၏ ထူးခြားသော အာနိသင်မှာ အစာကြေလွယ်စေခြင်း၊ အူမကြီးကို စင်ကြယ်စေပြီး အစာအိမ်နာများကို ကောင်းမြန်စေခြင်း၊ ခန္ဓာကိုယ်အပူအအေးကို ထိန်းပေးခြင်း၊ အိပ်ပျော်စေ၍ မှတ်ဉာဏ်ကို ကောင်းစေခြင်း၊ အာဟာရဓာတ်စာကောင်း ဖြစ်စေခြင်းများ ဖြစ်ပါသည်။

**ငှက်ပျောသီးနှင့် ပိုတက်စီယမ်** - ငှက်ပျောသီးသည် ပိုတက်ဆီယမ်ဓာတ်ကြွယ်ဝသော အသီးမျိုးဖြစ်သည်။ ထို့ကြောင့် နေ့စဉ် ငှက်ပျောသီး တစ်လုံးမှန်မှန်စားပေးလျှင် လေဖြတ်ခြင်းရောဂါကို လျော့နည်းသက်သာစေနိုင်သည်ဟုဆိုသည်။ ငှက်ပျောသီး တစ်လုံးမှ စားပေးရုံမျှဖြင့် ခန္ဓာကိုယ်ပိုတက်ဆီယမ်လိုအပ်မှု၏ ၅၀၀ မီလီဂရမ်ကို ဖြည့်ဆည်းပေးနိုင်သည်။ လူကြီးတစ်ယောက်အတွက် တစ်နေ့လျှင် ရယူသင့်သော ပိုတက်ဆီယမ်ဓါတ်ပမာဏသည် ၃၅၀၀ မီလီဂရမ်ဖြစ်သည်ဟုဆိုသည်။ ငှက်ပျောသီးစားခြင်းဖြင့် များစွာရရှိနိုင်ပါသည်။

ငှက်ပျောသီးတွင် ပါဝင်သော ပိုတက်ဆီယမ်နှင့် မဂ္ဂနီဆီယမ်ဓာတ်တို့သည် ခန္ဓာကိုယ်ကြွက်သားများ ပြေလျော့စေနိုင်ရန် အကောင်းဆုံးဓာတ်များဖြစ်သည်။

ထို့ပြင် ငှက်ပျောသီးတွင် အမိုင်နိုအက်ဆစ်တစ်မျိုး ပါဝင်သောကြောင့် ဦးနှောက်အာရုံကြောများတွင် ဖြစ်ပေါ်စေသော သွေးဥမှာ SEROTONIN ဆယ်ရိုတိုနင်နှင့် MELATONIN မယ်လတိုနင် ဟော်မုန်းဓာတ်မျိုးကို ထုတ်ပေးသဖြင့် ဦးနှောက်ကို အနားရစေကာ အိပ်ပျော်စေခြင်းသို့ ရောက်စေသည်ဟုဆိုသည်။ အချို့က ငှက်ပျောသီးကို အိပ်ပျော်သီးဟုလည်း ခေါ်ကြသည်။

ထမင်းစားပြီးတိုင်း ငှက်ပျောသီးတစ်လုံး မှန်မှန်စားပေးပါက ပိုတက်ဆီယမ်ဓာတ်ကို ပုံမှန်ရစေပြီး ဦးနှောက်သွေးကြောပိတ်မှုကို (၂၁) ရာခိုင်နှုန်းခန့်အထိ လျော့နည်းသက်သာစေနိုင်သည်ဟုဆိုသည်။ သုတေသနပြုချက်များအရ ခန္ဓာကိုယ်အတွင်း ပိုတက်ဆီယမ်ဓာတ်လိုအပ်မှု လွန်စွာလျော့နည်းချို့တဲ့နေမည်ဆိုပါက နှလုံးခုန်နှုန်းမမှန်ဖြစ်စေကာ နောက်ဆက်တွဲ ဆိုးကျိုးအဖြစ် စိတ်တိုဒေါသထွက်လွယ်မည်။ စိတ်မြန်ပြီး အာရုံစိုက်မှု အားနည်းလာမည်။ မကြာခဏ စိတ်အပြောင်းအလဲဖြစ်လာတတ်မည်။ မိသားစု(သို့မဟုတ်) ပတ်ဝန်းကျင်နှင့်အကြောင်းမဲ့ကတောက်ကဆ ဖြစ်လာတတ်မည်။ အသေးအဖွဲကိစ္စနှင့် စိတ်တိုစိတ်ပျက် လွယ်လာတတ်မည်။ ထို့ပြင် ဝမ်းလျှောတတ်၊ ဖျားအန်ချင်တတ်လာမည် စသည့်အားနည်းချက်များကိုလည်း ဖြစ်လာစေနိုင်ပါသည်။

**ငှက်ပျောသီးနှင့်ရောဂါ** - မှည့်ပျော့နေသော ငှက်ပျောသီးတစ်လုံးကို ဒိန်ချဉ်၊ စပျစ်သီးရည်တို့နှင့် ဖျော်သောက်ပေးသော် ခန္ဓာကိုယ်တွင်း အပူနာများကို အရှင်းပျောက်ကင်းစေနိုင်ပါသည်။ ငှက်ပျောသီးမှည့် ပျော့ပျော့တစ်လုံးကို ဆီးဖြူသီးသတ္တုရည်တစ်ဆ၊ ပျားရည်သန့်သန့်တစ်ဆတို့နှင့် ဆားအနည်းငယ်နှော၍ နွားနို့တစ်ခွက်စာနှင့်ဖျော်ထား၍ သုံးကြိမ်ခွဲသောက်ပေးခြင်းဖြင့် ဆီးကျဆီးနည်းရောဂါ၊ သက်ကြီး ဆီးမထိန်းနိုင်သည့်ရောဂါ၊ ဝမ်းပူကိုယ်ပူရောဂါ၊ ဝမ်းလျှောဝမ်းပျက် ဝမ်းမကောင်းသောရောဂါများကို ပျောက်ကင်းစေနိုင်ပါသည်။

ငှက်ပျောသီးမှည့် တစ်လုံးကို ထန်းလျက်ခဲတစ်လုံးနှင့် နံနက်တစ်ကြိမ် ညအိပ်ရာဝင်တစ်ကြိမ် တစ်နေ့နှစ်ကြိမ် ရောစားပေးခြင်းဖြင့် ဆီးချုပ်ဝမ်းချုပ်ရောဂါကို သက်သာပျောက်ကင်းစေနိုင်သည်။ မှည့်ပျော့နေသော ငှက်ပျောသီးကို အုံပေးပါက မီးလောင်နာ၊ မီးအပူထိနာ၊ ဆီးအပူကိုနာများ အမာရွတ်

www.burmeseclassic.com

မထင်စေဘဲ ပျောက်ကင်းကောင်းစေနိုင်သည်။

ဖီးကြမ်းငှက်ပျောသီးကို မီးဖုတ်၍ အတွင်းသားကို ခွဲ့ကျွေးပေးသော် ကလေးငယ်များတွင် ဖြစ်တတ်သော သူငယ်နာရောဂါ ပျောက်ကင်းစင်ကြယ်စေနိုင်သည်။ နေ့စဉ် ကျွေးပေးပါက ခန္ဓာကိုယ်ကို ဖွံ့ဖြိုးစေပြီး အားအင်ကိုတိုးပွားပြည့်ဖြိုး ကျန်းမာစေနိုင်သည်။ ကုန်စိမ်းဆိုင်များတွင်ရောင်းသော သူငယ်နာငှက်ပျောသီးစိမ်းကို အခွံခွာပစ်၍ ဝါးစားပေးခြင်းဖြင့် ကြို့ထိုးခြင်းမှ ချမ်းသာရစေနိုင်သည်။

ငှက်ပျောစေးကို ရှုပေးခြင်းဖြင့် နှာခေါင်းသွေးလျှံဝေဒနာ ပျောက်ကင်းနိုင်သည်။

**ငှက်ပျောသီးနှင့်အဆုတ်ရောဂါ** - ငှက်ပျောပင်၏ ပင်စည်သားကို အရည်ညှစ်ယူ၍ရသော ငှက်ပျောပင်သတ္တုရည်ကို လတ်လတ်ဆတ်ဆတ် သောက်သုံးပေးလျှင် အဆုတ်ရောဂါ သက်သာပျောက်ကင်းနိုင်သည်။

ငှက်ပျောပင်သတ္တုရည်ကို တစ်ခါသောက် တစ်အောင်စခန့် ဆေးသောက်ချိန် ၂ နာရီခြား (သို့) ၃ နာရီခြား သုံးရက်သောက်ပေးလျှင် ခံစားနေရသော အဆုတ်ရောဂါ သက်သာလာပါလိမ့်မည်။ သုံးလ ဆက်တိုက်သောက်သုံးပေးပါက ကျန်းမာလာနိုင်ပါသည်။

ထို့ပြင် ငှက်ပျောပင်သတ္တုရည်သည် ချောင်းဆိုးရောဂါ၊ ဆုံဆို့နာ၊ အစာအိမ်နှင့် ပတ်သက်သော ရောဂါဝေဒနာများကိုလည်း သက်သာပျောက်ကင်းစေနိုင်သည်။

ငှက်ပျောပင်သတ္တုရည်ကို ချဉ်သွားသည်ထိ မထားရပါ။ ညှစ်ယူပြီး လတ်လတ်ဆတ်ဆတ် သောက်သုံးမှီဝဲပေးရမည်။ ချဉ်သွား၊ ခါတ်ပျက်သွားလျှင် ကျန်းမာရေးအတွက် အကျိုးမရှိဖြစ်စေတတ်ပါသည်။

**ဆေးအသုံးဝင်ပုံ** - ဖီးကြမ်းငှက်ပျောသီးမှည့်ကို ဒိန်ချဉ်နှင့်ဖျော်သောက်ပေးသော် ကိုယ်တွင်းအပူကန်ခြင်းနှင့် ပါးစပ်အနာပေါက်ခြင်းကို သက်သာပျောက်ကင်းစေနိုင်သည်။ ဖီးကြမ်းငှက်ပျောသီးကို စပျစ်သီးရည်နှင့် ဖျော်ရည်လုပ်၍ သောက်သုံးပေးပါက ကိုယ်စိတ်နှစ်ပါး နွမ်းနယ်ခြင်းကင်းစေ၍ ကျန်းမာလန်းဆန်း အားအင်ပြည့်ဖြိုးစေနိုင်သည်။

မိမိနှစ်သက်သော ငှက်ပျောသီးမှည့်တစ်မျိုးမျိုးကို တောပျားရည်သန့်သန့်နှင့် ရက်ကြာကြာ မှိုအန္တရာယ်ကင်းအောင် ဆေးစိမ်သကဲ့သို့ စိမ်ထားပြီး နေ့စဉ်စားသုံးမှီဝဲပေးလျှင် ကျန်းမာခွန်အားတိုးစေ၍ အသက်ကို ရှည်စေနိုင်ပါသည်။ ဖီးကြမ်းငှက်ပျောသီးမှည့်ကို ငရုတ်ကောင်းမှုန့်နှင့် တို့စားပေးပါက ချောင်းခြောက်ဆိုးသော ဝေဒနာကို ပျောက်ကင်းစေနိုင်သည်။

ငှက်ပျောရွက်ခြောက်ကို မီးရှို့ပြာချယူ၍ ယင်းပြာမှုန့်ကို မီးခဲပေါ်တင်ပြီး မီးခိုးမှိုင်းရှုပေးခြင်းဖြင့် ပန်းနာရင်ကျပ်ရောဂါ သက်သာပျောက်ကင်းစေနိုင်သည်။ ယင်းငှက်ပျောရွက်ခြောက်ပြာ နှစ်ရွေးသားခန့်ကို ငရုတ်ကောင်းသုံးစေ့ခန့် ထောင်းထည့်၍ သံပရာရည်နှင့် အနေတော်ဖြစ်အောင် ဖျော်သောက်ပေးခြင်းဖြည့်လည်း ချောင်းခြောက်ရောဂါ ပျောက်စေနိုင်ပါသည်။

နေ့စဉ် ငှက်ပျောသီးတစ်လုံးစားသုံးပေးရုံမျှဖြင့် အမျိုးသမီးများ၌ဖြစ်တတ်သော ရောဂါများကို ပျောက်ကင်းစေနိုင်ပြီး ကိုယ်ဝန်ရှိခါစ မူးမော်အော့အန်တတ်သော ဝေဒနာများကိုလည်း သက်သာကောင်းစေ၍ ချမ်းသာရစေနိုင်ပါသည်။

ငှက်ပျောသီးတွင် ပါဝင်သော PECTIN သတ္တုဓါတ်ကြောင့် ဝမ်းပျက်ဝမ်းဖေါ ဝမ်းရောင်ရောဂါများကို ကင်းပစေနိုင်သည်။ မကောင်းသော LDL ကိုလက်စထရောအဆီကို ကျစေနိုင်ပြီး ကောင်းသော HDL ကိုလက်စထရောအဆီဓါတ်ကို မြင့်မားစေနိုင်သည်။

ဖီးကြမ်းငှက်ပျောသီးစိမ်း ရင့်ရင့်ကို ပါးပါးလှီး နေတွင်အခြောက်လှန်းအမှုန့်ပြုလုပ်ပြီး ထမင်းစားဇွန်းနှင့် တစ်ဇွန်းစာကို နွားနို့နှင့်ဖျော်၍ နံနက်၊ နေ့လည်၊ ည တစ်နေ့သုံးကြိမ် သောက်သုံးပေးပါက လေထိုးလေနာနှင့် အစာအိမ်ရောဂါများကို သက်သာပျောက်ကင်းစေနိုင်သည်။ ငှက်ပျောဖူးနုနုကိုကြိတ်ပြီးပျားရည်နှင့် မှီဝဲပေးပါက အဆိပ်အပင်းအမျိုးမျိုးကို ပြေပျောက်စေနိုင်သည်။ ဖီးကြမ်းငှက်ပျောသီး မှည့်မှည့်တစ်လုံးကို ပင်စိမ်းရွက်ရည်တစ်ဇွန်းခန့်နှင့် သမသွားအောင်ရောမွှေပြီး ကလေးငယ်များကို နေ့စဉ်ကျွေးပေးခြင်းဖြင့် ဉာဏ်ရည်ဉာဏ်သွေး တိုးတက်ဖွံ့ဖြိုးလာစေနိုင်ပါသည်။

**အထွေထွေ** - ငှက်ပျောပင်ကို ဓါးဖြင့်ဖြတ်၍ စီးထွက်လာသော ငှက်ပျောပင်အစေးရည်ကို ဦးခေါင်းဆံပင်ပေါ် အုန်းဆီလိမ်းသကဲ့သို့ လိမ်းကျံပေးသော် ဦးခေါင်းဆံပင်ကျွတ်ခြင်း၊ ဆံပင်မသန် ခွဲခြောက်ခြင်း၊ ဦးရေပူခြင်းများကို ကောင်းစေနိုင်သည်။ ဆံပင်များကို မည်းမှောင်စေပြီး သန်စွမ်းလှပစေနိုင်သည်။ ငှက်ပျောသီးများတွင် ဗီတာမင်သက်စောင့်ဓါတ်များ စုံလင်စွာပါဝင်သဖြင့် ရောဂါဘယများကို ကာကွယ်တားဆီးပေးနိုင်သည်။ ဗီတာမင်အေဓါတ် ကြွယ်ဝစွာပါဝင်သဖြင့် မျက်စိအမြင်ကို ကြည်လင်ကောင်းစေနိုင်သည်။ အာဟာရလည်းရ ဆေးဓါတ်စာလည်းဖြစ်သော ငှက်ပျောသီးကို စားသုံးကြရင်း ကျန်းမာအသက်ရှည်ကြပါစေဟူသော ဆန္ဒမွန်ဖြင့်. . .

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

**အောင်ဘုန်းမြင့်(ထချင်မြေ)**

❐

www.burmeseclassic.com

# အမြင်အာရုံနှင့် စပ်လျဉ်း၍






ကမ္ဘာကျော် ပန်းချီအနုပညာရှင် 'LEONARDO DA VINCI" လီယိုနာဒိုဒါဗင့်စီ၏ မိုနာလီဆာ ပန်းချီကား၏ ညို့ငင်ဖမ်းစားမှု အထွတ်အထိပ်သည် ရာစုနှစ်ပေါင်းများစွာ အစွန့်ရှည်ကြာစွာ တည်မြဲနေဆဲဖြစ်သည်။

ယင်းမိုနာလီဆာ၏ မျက်နှာတစ်ခုလုံးတွင် ဆွဲဆောင်မှု ပဓာနအကျဆုံး ဗဟိုအချက်အချာနေရာမှာ မျက်လုံးတစ်စုံပင်ဖြစ်သည်။


တစ်ခါ ကြည့်လိုက်ရုံနှင့် တစ်ကြိမ်မျှဖြင့် အားမရ မတင်းတိမ်၊ ကြည့်မိသူတိုင်း၏ အာရုံကို အထပ်ထပ်အခါခါ အကြိမ်ကြိမ် အဖန်ဖန် ဆွဲဆောင်နိုင်စွမ်းရှိနေသော မျက်လုံးများ ဟူ၍ အကဲဖြတ်ပညာရှင်တို့က တညီတညွတ်တည်း ကောက်ချက်ချသတ်မှတ် စံထားကြသည်။

သို့ဖြစ်ရာ မျက်လုံးသည် အလှအပနှင့်ဆက်နွယ်သော အနုပညာမျှသာမက လူသားတိုင်းအတွက် အလွန်တရာအရေးကြီးသော အစိတ်အပိုင်းပင်




www.burmeseclassic.com

www.burmeseclassic.com




ဖြစ်တော့သည်။ အထူးသဖြင့် မျက်လုံးတစ်စုံသည် လူသားတိုင်းအတွက်သာမက သက်ရှိ သတ္တဝါအားလုံးအတွက် အရေးအကြီးဆုံး အစိတ်အပိုင်း ဖြစ်သည်။

မြန်မာတို့၏ ရှေးယခင် ပဝေသဏီ ကာလကတည်းက ဆိုရိုးစကားတစ်ခုမှာ ယခုထက်တိုင် အများက လက်ခံနေရဆဲ ဖြစ်သည်မှာ "မျက်စိအဆုံး၊ နားအရှုံး" ဟူသော အဆိုအမိန့်ပင်တည်း။ အကယ်၍ အကြားအာရုံဖြစ်သော နားတွင် ချို့ယွင်းပျက်စီးခဲ့ပါက တစ်ပါးသူပြောသော "ကောင်းသတင်းဖြစ်စေ၊ ဆိုးသတင်းဖြစ်စေ" မကြားရသောကြောင့် ရှုံးသည်ဟု သတ်မှတ်ကြသည်။

သို့ရာတွင် အမြင်အာရုံဖြစ်သော မျက်စိချို့ယွင်းပျက်စီးပြီဆိုလျှင် လူ့ဘဝတွင် အဆိုးဝါးဆုံးတစ်ရပ် ဖြစ်သည်။ စက္ခုအာရုံချို့ယွင်းခြင်းအားဖြင့် အရာခပ်သိမ်း စွန့်လွှတ်လိုက်ရသည့်အလား ဖြစ်လေသည်။

ပစ္စက္ခကာလတွင် ကမ္ဘာတစ်ဝန်းလုံးတွင် ကွန်ပျူတာ၊ အင်တာနက်စသော ခေတ်ရေစီးကြောင်းထဲတွင် (ကလေးသူငယ်များအပါအဝင်) သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်းတို့ပါ ဂိမ်းကစားခြင်း၊ အင်တာနက် စွဲလမ်းမှုများကြောင့် နောင်သောအခါ တစ်စတစ်စ အမြင်အာရုံ ဝိုးတဝါးဖြစ်ခြင်း၊ မျက်လုံးအိမ် ခြောက်ကပ်ခြင်း စသည်တို့ကြောင့် မျက်စိကို ထိခိုက်စေသည်။

ထို့ကြောင့် မျက်စိနှင့်ပတ်သက်၍ အမြင်အာရုံ ချို့ယွင်းလာသည့်အခါကျမှ အံထိတ်အလန့်ဖြစ်ကာ ငွေကုန်ကြေးကျခံ၍ ကုသကြမည့်အစား မဖြစ်ခင်က ကြိုတင် ကာကွယ်ခြင်းသည် သာ၍ကောင်းပေလိမ့်မည်။.

အမြင်အာရုံ ကြည်လင်စေရန်အတွက် မြန်မာတိုင်းရင်းသမားတော်ကြီးများ အစဉ်အဆက် အသုံးပြုခဲ့ကြသော ရိုးရာထုံးဆေးနည်းများထဲတွင် ယခုထက်တိုင် အသုံးတည့်မှန်ကန်နေသော ကွမ်းရွက်ကပ်ခြင်းကို ပေါ့ပေါ့ဆဆ မသတ်မှတ်ဘဲ နေ့စဉ်မပြတ် (မျက်လုံးအိမ်ထောင့် တစ်ဖက်တစ်ချက်တွင်) ကပ်ခြင်းအားဖြင့် အချိန်ကာလအတိုင်းအတာတစ်ခုအထိ ပြီးပြည့်စုံသောအခါမျိုးတွင် (အကယ်၍ မျက်မှန်တပ်သူများ ဖြစ်နေပါက) ဒီဂရီ လျော့လာကာ၊ နောင်သောအခါ မျက်မှန်လုံးဝ တပ်စရာ မလိုသောအဆင့်ထိ ရောက်ရှိနိုင်ကြောင်း ကိုယ်တွေ့ လက်တွေ့ သာဓကအများအပြားရှိပေသည်။ ထို့ပြင် ညအိပ်ရာဝင်ခါနီးအချိန်တွင် ခြေဖဝါးကို ဆားဖြင့်ပွတ်ခြင်းပြုလုပ်ပြီးနောက် ဒူးဆစ်မှ ရေလောင်းချသော နည်းလမ်းကိုလည်း အသုံးပြုနိုင်သည်။

မျက်စိအမြင်အာရုံနှင့် စပ်လျဉ်း၍ စားသုံးသော အစာအာဟာရတို့ကိုလည်း ပုံမှန်ရွေးချယ် စားသုံးရန် လိုအပ်ပေလိမ့်မည်။

ဗိုက်တာမင်အေ ပါဝင်မှုများပြားသော ငါးကြီးဆီ၊ ကြက်ဥ၊ အသည်းငန်းသား စသည်တို့နှင့် တင်းသီးတင်းရွက်များတွင် သဘာဝသီး မြောက်မြား



www.burmeseclassic.com

www.burmeseclassic.com

ကန်စွန်းဥအနီ၊ ကညွတ်၊ ပဲထောပတ်၊ ဝဲပင်ပေါက်၊ ကိုက်လန်၊ မုန်ညင်းထုပ်၊ မြင်းခွာရွက်၊ ပဲသီး(အစိမ်းရောင်)များ၊ ပန်းငရုပ်ပွ၊ စတော်ဘယ်ရီ၊ ပန်းဂေါ်ဖီ (အစိမ်းရောင်)၊ လိမ္မော်သီး၊ ပန်းသီး၊ ဆလတ်ရွက်၊ ကန်စွန်းရွက်၊ ရှောက်သီး၊ သံပရာသီးစသည်တို့ကို အလျဉ်းသင့်ရာ စားသုံးခြင်းအားဖြင့် ကြိုတင်ကာကွယ်နိုင်သည်။

မျက်စိ အမြင်အာရုံပိုင်းဆိုင်ရာ ပညာရှင်ကြီးများ သုတေသနပြု၍ တညီတညွတ်တည်း သတ်မှတ်ထားသည်မှာ မုန်လာဥ (CARROT) ဖြစ်သည်။ မုန်လာဥနီသည် မျက်စိနှင့်ပတ်သက်၍ အသင့်လျော်ဆုံး အစာအာဟာရထဲတွင် ထိပ်ဆုံးနံပါတ်တစ်အဆင့် ဖြစ်သည်။

တိရစ္ဆာန်များ အနက် တွင်းအောင်းအမျိုးအစားများထဲတွင် အပါအဝင်ဖြစ်သော ယုန်၊ ပူး၊ ပွေး အစရှိသည့် တိရစ္ဆာန်များသည် အမှောင်ထဲတွင် အမြင်အာရုံ ထက်မြက်စေသော မုန်လာဥနီများ ပေါများ ကြွယ်ဝစွာ ပေါက်ရောက်လျက်ရှိသော နေရာဒေသဝန်းကျင်နှင့် အနီးဆုံးတွင် နေလေ့ရှိကြသည်။

ထိုမုန်လာဥနီများကို သူတို့သည် အထူးတလည် နှစ်သက်မက်မောစွာ ပုံမှန် စားသုံးလေ့ရှိကြသည်။



နိုင်ငံတကာရှိ လေယာဉ်မောင်း သင်တန်းကျောင်း အများအပြားတွင် လေယာဉ်မောင်းသင်တန်းသားများကို နည်းပြအုပ်ချုပ်သင်ကြားသူဆရာများက နေ့စဉ် ပျံသန်းခြင်းဆိုင်ရာသင်တန်းများ အပြီးသတ်နောက်၊ အစဉ်သဖြင့် လေ့ကျင့် သင်ကြားမှုတစ်ရပ် ဖြစ်သော (NIGHT FLYING) ညဘက်ပျံသန်းခြင်းကို သင်ကြားပြသ လေ့ကျင့်ခိုင်းလေ့ရှိသည်။

ယင်းသို့သော NIGHT FLYING အတွက် စက်မှုနှင့်ပျံသန်းခြင်းဆိုင်ရာကဏ္ဍတွင် တိုက်ရိုက်ပတ်သက်ဆက်နွယ်ခြင်းမရှိသော်လည်း မဖြစ်မနေ ထိုအချိန်ကာလအတွင်း၌ လေယာဉ်မောင်း သင်တန်းသားများကို အသင့်လျော်ဆုံး အာဟာရတစ်ရပ်အဖြစ် မုန်လာဥနီ (CARROT) ကို ရာခိုင်နှုန်းများစွာပါဝင်သော အာဟာရပုံစံ အမျိုးမျိုးပြုလုပ်၍ ကျွေးမွေးလေ့ရှိသည်။

သို့မှသာ ညဉ့်အချိန် ပျံသန်းမှုတွင် အထူးသဖြင့် အမြင်အာရုံ အကောင်းဆုံးအဖြစ် ကြိုတင်ဖန်တီးထားရာရောက်သည်၊ အထူးသဖြင့် ညဉ့်အချိန်တွင် ပျံသန်းနေစဉ် လေယာဉ်မှူးတစ်ယောက်၏ မျက်နှာမူရာတွင်ရှိနေသော ဒိုင်ခွက်များထဲမှ မီးစုန်းသုတ်ထားသော ဂဏန်း FIGURE များကို အမှောင်ထဲတွင် အမြင်အာရုံအားဖြင့် ထက်မြက်ပီပြင်စွာ ပြတ်ပြတ်သားသား မြင်နိုင်ရပေလိမ့်မည်။

မျက်စိ (အမြင်အာရုံ)နှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်ရေးအတွက် သုတေသနပြုလုပ်ထားသော လေ့ကျင့်ခန်းဇယားတစ်ခု ကနေဒီယန်လေတပ်ဌာနချုပ် CANADIAN AIR HEAD QUARTER မှ ဖြန့်ဝေထားခြင်းကို ဗဟုသုတအဖြစ် ဖော်ပြပါမည်။

(၁) မိမိမျက်လုံးဖြင့် မြင်ကွင်းတစ်ဆုံး ကြည့်ပြီး အနီးဆုံးအရာဝတ္ထုကို ဖြည်းဖြည်းချင်းပြန်ကြည့် အပြန်အလှန် (၆) ကြိမ်ကြည့်။

(၂) မျက်လုံးကို လက်ယာထောင့်ကပ် (၆)ကြိမ်၊ လက်ဝဲထောင့်ကပ် (၆) ကြိမ်ကြည့်။

(၃) မျက်လုံးကို လက်ယာရစ်လှည့်ပြီး(၆)ကြိမ်၊ လက်ဝဲရစ်လှည့်ပြီး(၆)ကြိမ်။

(၄) လေ့ကျင့်ခန်းပြီးလျှင် စက္ကန့် ၃၀ နားပြီးမှ ဦးခေါင်းမော့၍ နေရောင်ခြည်ကို မျက်စိမှိတ်ခံယူလျက် မျက်လုံးအိမ်၏ ဘေးပတ်လည်ရှိ အကြောများကို လက်ချောင်းကလေးဖြင့် အသာအယာ ပွတ်သပ်နှိပ်နယ်ပါ။

(မှတ်ချက် - မျက်စိလေ့ကျင့်ခန်း လုပ်နေစဉ် ခန္ဓာကိုယ်နှင့်ဦးခေါင်းကို မတ်မတ်ရပ်ပါ။ မရွေ့လျားရန် သတိပြု)

နံနက်အိပ်ရာမှ စောစောထ၍ မျက်နှာသစ်ပြီးတိုင်း နေ့စဉ်မပျက် ရက်သတ္တ (၁၂)ပတ်မျှ (မိနစ် ၃၀) ခန့် အသုံးပြုလေ့ကျင့်ပါက မျက်စိ အမြင်အာရုံနှင့်ပတ်သက်၍ မည်သို့သော အကျိုးထူးများ ခံစားရမည်ကို ကိုယ်တွေ့ သိရှိခံစားနိုင်မည်ဖြစ်သည်။

**မှီငြမ်းကိုးကား**

၁။ CANADIAN AIR HEAD QUARTER စာစောင်

၂။ စက္ခုအာရုံကောင်းစေချင် (ကျန်းမာရေးဆောင်းပါး) ဆရာပေါက်ပေါက်

ဆွေမြင့်

❐




www.burmeseclassic.com

www.burmeseclassic.com

# ငှက်ဖျားရောဂါပိုးကို ရှာဖွေခဲ့သူများ

## ဝေါက်မြင့် (ငှက်ဖျား)



ဒေါက်တာ လယ်ဗီရန်

လူသမိုင်းတွင် လွန်ခဲ့သောနှစ်ပေါင်းလေးထောင်ကျော်ကတည်းက ငှက်ဖျားရောဂါကို သိရှိမှတ်တမ်းတင်ခဲ့ပါသည်။ ငှက်ဖျားရောဂါကို အင်္ဂလိပ်ဘာသာဖြင့် မလေးရီးယား (MALARIA) ဟု ခေါ်ခြင်းမှာ မကောင်းသောလေဟု အဓိပ္ပာယ်ရှိ အီတာလျံစကားလုံး (MAL-BAD, ARIA-AIR)မှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။

ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၇၀၀ တရုတ်ပြည်၌ ငှက်ဖျားရောဂါ၏ ရောဂါလက္ခဏာများကို မှတ်တမ်းတင်ခဲ့ပါသည်။ မှတ်တမ်းတင်ခဲ့သောကျမ်းမှာ ဆေးပညာ၏အမြောက်ဟု အဓိပ္ပာယ်ရသည့် နေချင်း(NEI CHING) ခေါ် ဆေးကျမ်းဖြစ်ပြီး ထိုစဉ်က ဘုရင်ဧကရာဇ် ဝှမ်တီ (HUANG TI) က သုတ်သင်ပြင်ဆင်ခဲ့သည်ဟု မှတ်တမ်းများအရ သိရှိရပါသည်။

ဂရိလူမျိုးများကလည်း ဘီစီလေးရာစုတွင် မြို့ပြနိုင်ငံများ၏ လူဦးရေလျော့ကျမှုသည် ငှက်ဖျားရောဂါကြောင့်ဖြစ်ကြောင်း သိရှိခဲ့ကြပါသည်။ ပါရီကယ် (PERICLES) ၏ ကာလတွင် စာပေအထောက်အထား ပိုမိုတွေ့ရပါသည်။ အထူးသဖြင့် ကျေးလက်လူဦးရေများ လျော့ကျကြောင်း မှတ်တမ်းတင်ခဲ့ပါသည်။ ဆေးပညာ၏ ဖခင်ကြီးဟု ခေါ်ဆိုထိုက်သော ဂရိပညာရှိ ဟစ်ပိုကရေးတီး (HIPPOCRATES)သည် ရောဂါ၏အဓိကလက္ခဏာများကို မှတ်တမ်းတင်ခဲ့ပါသည်။

သက္ကတစာပေနှင့် ရေးသားထားသော စုဆုတြ (SUSRUTRA)ကျမ်းတွင် ရောဂါလက္ခဏာများကို ဖော်ပြထားပြီး ရောဂါဖြစ်ရခြင်းမှာ အင်းဆက်ပိုးတစ်မျိုးကြောင့် ဖြစ်ကြောင်း ရေးသားထားပါသည်။ နောင်အခါ သိရှိလာသော အနော့ဖလီခြင် (ANOPHELES) ကြောင့် ကူးစက်ပုံနှင့် နီးစပ်သော အယူအဆတစ်ရပ် ဖြစ်ပေသည်။ ရောမပညာရှင်များကမူ ရွံ့နွံတောကို အပြစ်ပုံချခဲ့ပါသည်။

တရုတ်ပြည်တွင် ၂ ရာစုကတည်းက ဆေးပညာစာပေများတွင် ချင်ဟောက် (QINGHAO) ခေါ် ဆေးဝနမှာ ပင်တစ်မျိုးကို မှတ်တမ်းတင်ခဲ့ပါသည်။ ထိုဆေးပင်၏ သိပ္ပံအမည်မှာ အာတီမီးစီးယား အင်နူရာ (ARTEMISIA ANNUA) ဖြစ်ပါသည်။ ထိုဆေးဖြင့် ကုသနည်း(၅၂)မျိုးကို မော်ဝမ်ဒင်၏ အုတ်ဂူ (MANAGDIN TOMB) တွင် တူးဖော်တွေ့ရှိခဲ့ပါသည်။ အမေရိကန်နိုင်ငံတွင် ထိုအပင်ကို နှစ်ပတ်လည် (သို့မဟုတ်) ချိုသောပိုးသစ်ပင် (ANNUAL OR SWEET WORM WOOD) ဟု သိရှိထားကြပါသည်။

ခရစ်သက္ကရာဇ် ၃၄၀ ခန့်တွင် အရှေ့ ယင်(YIN) မင်းဆက်ကာလဖြစ်ပြီး ကိုဟောင်(GE HONG) က ထိုအပင်၏ အဖျားကျစေသောသတ္တိကို ဦးစွာ ရှင်းလင်းတင်ပြခဲ့ပါသည်။ ထိုအပင်မှ ဆေးဖက်ဝင်သောအပိုင်း (ACTIVE INGREDIENT) ဖြစ်သော အာတီမီစီနင် (ARTEMISININ) ကို ၁၉၇၀ ပြည့်လွန်နှစ်များတွင် တရုတ်သိပ္ပံပညာရှင်များက ခွဲထုတ် (ISOLATE) နိုင်ခဲ့ပါသည်။ အပင်မှထုတ်ယူရရှိသော အာတီမီစီနင် မျိုးကွဲများသည်လည်း စွမ်းအားမြင့်၍ ကုသရေးတွင် ထိရောက်လှပါသည်။

ငှက်ဖျားရောဂါကို ကုသသောဆေး ကွီနိုင် (QUININE)ကို အနောက်နိုင်ငံများတွင် ၁၇ ရာစုနှစ် အစောပိုင်းက သိရှိခဲ့ပါသည်။ ယခုအခါ အမေရိကတိုက်ဟုခေါ်သော ကမ္ဘာသစ်သို့ရောက်ရှိခဲ့သော ဂျက်ဇူးအစ် သာသနာပြုအဖွဲ့ (JESUIT MISSION) သည် ဒေသခံ အင်ဒီးယန်းလူမျိုးများ အဖျားရောဂါကုသရန် သစ်ခေါက်တစ်မျိုး အသုံးပြုကြောင်း သိရှိခဲ့လေ၏။

ရော့နယ် ရော့စ်





www.burmeseclassic.com

www.burmeseclassic.com

ပီရူးနိုင်ငံရှိ ဘုရင်ခံကတော် စင်ကိုနာ (COUN TESS OF CINCHONA)၏ရောဂါကို ထိုသစ်ခေါက်ဆေးဖြင့်ကုသနိုင်ခဲ့ပါသည်။ ထိုသစ်ခေါက်ကို ပီရူးသစ်ခေါက် ဟုခေါ်ပြီး အပင်ကို စင်ကိုနာ(CINCHONA)ဟု အမည်ပေးကြပါသည်။

အရပ်ဒေသအလျောက် ရောဂါအခြေအနေနှင့် ကုသသော်ဆေးဝါးကို သိရှိနားလည်ကြသော်လည်း ရောဂါဖြစ်ပွားစေသော ပိုးကို မသိရှိခဲ့ကြသေးချေ။ ငှက်ဖျားရောဂါပိုးကို ဦးစွာစတင်တွေ့ရှိသူမှာ ဒေါက်တာ ချားလ်လူးဝစ်အယ်ဖွန်း လာဗီရန် (Dr. CHARLES LOUIS ALPHONE LAVERAN) ဖြစ်ပြီး ၁၈၈၀ ခုနှစ်၊ နိုဝင်ဘာလတွင် အယ်ဂျီးရီးယားနိုင်ငံ ကွန်စတန်တင်းမြို့၌ တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။ ထိုတွေ့ရှိချက်ကြောင့် သူသည် ၁၉၀၇ ခုနှစ်တွင် နိုဗယ်ဆုရရှိခဲ့သည်။

လာဗီရန်ကို ၁၈၄၅ ခုနှစ် ဇွန်လ ၁၈ ရက်နေ့ ပဲရစ်မြို့တွင် ဖွားမြင်ခဲ့ပါသည်။ ကြီးပြင်းလာသောအခါ သူ့ဖခင်ကဲ့သို့ စစ်ဘက်ဆရာဝန်အဖြစ် အမှုထမ်းပါသည်။ အသက် ၂၉ နှစ်တွင် ယှဉ်ပြိုင်စာမေးပွဲ အောင်မြင်သောကြောင့် စစ်ဘက်ဆိုင်ရာဆေးကျောင်း (MILITARY MEDICINE OF VAL-DE-GRACE) တွင် စစ်ဘက်ဆိုင်ရာရောဂါများနှင့် ကပ်ရောဂါဌာနတွင် ပါမောက္ခရာထူးရရှိခဲ့ပါသည်။ ထိုစဉ်က ခန္ဓာဗေဒနှင့် ရောဂါဗေဒ အထူးလေ့လာခဲ့ပါသည်။ အသက် ၃၄ နှစ်တွင် 'ကပ်ရောဂါဖြစ်ပွားသော စစ်ဘက်ဆိုင်ရာဝေဒနာများ' စာတမ်း ရေးသားခဲ့ပါသည်။ ထို့ပြင် အခြားသိပ္ပံပညာဆိုင်ရာ စာတမ်း (၆၂)စောင်လည်း ရေးသားခဲ့ပါသည်။

၁၈၇၈ ခုနှစ်တွင် သူ့အား ပြင်သစ်ပိုင် နယ်မြေဖြစ်သော အယ်ဂျီးရီးယားတွင် တာဝန်ပေးခြင်း ခံရပါသည်။ ရှေးဦးစွာ ဘွန်း(BONE)မြို့ရှိ စစ်ဆေးရုံတွင်ဖြစ်ပြီး နောင်အခါ ကွန်စတင်တင်းမြို့ရှိ စစ်ဆေးရုံဖြစ်ပါသည်။ ထိုဒေသများတွင် ငှက်ဖျားရောဂါသည် အထူးအရေးကြီးသော ပြဿနာဖြစ်နေပါသည်။ ငှက်ဖျားရောဂါနှင့်ပတ်သက်၍ ခန္ဓာဗေဒနှင့် ဇီဝကမ္မရှုထောင့်မှ လေ့လာခဲ့ပါသည်။ အထက်က တင်ပြခဲ့သည့် အတိုင်း စောစောပိုင်း သီအိုရီ (ခေါ်) လက်ခံယုံကြည်ထားသော နိယာမမှာ လေထုမသန့်ရှင်း၍ ဖြစ်ရခြင်း ဖြစ်ပါသည်။

လာဗီရန်သည် ဆေးပညာအကယ်ဒမီသို့ ၁၈၈၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် မှတ်စုနှစ်စောင် ပေးပို့ခဲ့ပါသည်။ ငှက်ဖျားရောဂါ ခံစားနေရသော လူနာများ၏သွေးမှ ကပ်ပါးပိုးအသစ်တစ်ကောင် တွေ့ရှိကြောင်း ဖြစ်ပါသည်။

ငှက်ဖျားပိုးကို မျိုးစိတ်ခွဲခြားသူမှာ အီတလီလူမျိုး နာဗ်ကြောဆိုင်ရာ ဇီဝကမ္မပညာရှင် ကယ်မီလီယို ဂေါလဂျီ (AMILLO GOLGI)ဖြစ်ပါသည်။ သူက တစ်ရက်ခြားအဖျားတက်သော တာရှန်ငှက်များ (TERTIAN MALARIA) နှင့် နှစ်ရက်ခြား အဖျားတက်သော ကွာတန်ငှက်များ (QUARTAN MALARIA) တို့ကို ခွဲခြားခဲ့ပါသည်။ မီရိုဇိုက် (MEROZOITE) ခေါ် လိင်မဲ့နည်းဖြင့် ကွဲထွက်လာသော ကလပ်စည်း (CELL) အရေအတွက် မတူကြောင်း သက်သေပြခဲ့ပါသည်။ ဂေါလဂျီသည် ၁၉၀၆ ခုနှစ်တွင် နာဗ်ကြောဆိုင်ရာ ဇီဝကမ္မဗေဒဘာသာရပ်တွင် နိုဘယ်ဆု ရရှိခဲ့ပါသည်။

ဂျီယိုဗန်နီ ဘတ်တစ်စတာ ဂရမ်(စ) (GIOVANNI BATISTA GRASS) နှင့် ရေမွန်ဖီလက်တီ (RAIMOND FILETTI) တို့က ၁၈၉၀ ပြည့်နှစ်တွင် ပီ-ဗိုင်ဗက် (P-VIVAX) နှင့် ပီ-မလေးရီးယား (P-MALARIAE) တို့ကို အမည်ပေးခဲ့ပါသည်။ လာဗီရန်က မျိုးစိတ် တစ်ခုတည်းရှိသည်ဟူ၍သာ ယုံကြည်ခဲ့ပါသည်။ သူ့နာမည် ပေးထားသည်မှာ အော်စီလားရီးယားမလေးရိယေ (OSCILLARIA MALARIAE) ဖြစ်ပါသည်။

အမေရိကန်လူမျိုး ဝီလျံအိပ်(ချ်)ဝဲ့ (WILLIAM H-WELCH) က အန္တရာယ်များသော တာရှန်ငှက်ဖျားပိုးအား ပီ-ဖယ်ဆီပါရမ် (P-FALCIPARUM) ဟု နာမည်ပေးခဲ့ပါသည်။ ၁၉၂၂ ခုနှစ်တွင် ဂျွန်ဝီလျံဝပ်ဆင်စတီဖင် (JOHN WILLIAM STEPHEN) က စတုတ္ထမြောက် ငှက်ဖျားပိုးဖြစ်သည့် ပီ-အိုဗေးလီ (P-OVALE) ကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ ရောဘတ် နိုလယ်စီ (ROBERT KNOWLESI) နှင့် ဘီရာဒတ်(စ)ဂွတ်ပတား (BIRAJ DAS GUPTA) တို့က ၁၉၃၁ ခုနှစ်တွင် အမြီးရှည်သည့် မာကာကျူ(MACAQUE) မျောက်မျိုးမှ ပီ-နိုလယ်စီ (P-KNOWLESI) ကို တွေ့ရှိခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်တွင် သိပ္ပံပညာရှင်များက လူများလည်း မျောက်မှတစ်ဆင့် ထိုရောဂါပိုး ကူးစက်ခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် ပညာရှင်များက နိုလယ်စီအား ပဉ္စမမြောက် ငှက်ဖျားပိုးဟု သတ်မှတ်ခဲ့ပါသည်။

၁၈၉၇ ခုနှစ်တွင် ရော်နယ်ရော့(စ) (RONALD ROSS) ဆိုသူ အိန္ဒိယဆေးဘက်ဆိုင်ရာဌာနမှ ဗြိတိသျှလူမျိုး အရာရှိသည် ငှက်ဖျားရောဂါပိုးသည် ခြင်မှတစ်ဆင့် ကူးစက်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့အပြင် ငှက်တစ်ကောင်မှတစ်ကောင် ကူးစက်ပုံကိုလည်း သက်သေပြနိုင်ခဲ့ပါသည်။ ခြင်၏ ကိုယ်ခန္ဓာအတွင်း စပိုရိုဂျီနီ (ခေါ်)လိင်ဖြင့်မျိုးပွားသော ဖြစ်စဉ် (SPOROGENIC CYCLE)ကိုလည်း ရှင်းလင်းတင်ပြနိုင်ခဲ့ပါသည်။ ထိုသို့ ကြိုးပမ်းအားထုတ် တွေ့ရှိမှုများကြောင့် ရော့စ်သည် ၁၉၀၂ ခုနှစ်တွင် နိုဗယ်ဆု ရရှိခဲ့ပေသည်။

ဆေးပညာဆိုင်ရာ တွေ့ရှိချက်များမှာ ဖတ်စာအုပ်တွင် တစ်ထိုင်တည်း ဖတ်ရှုနိုင်သကဲ့သို့ တစ်ကြိမ်တည်း တွေ့ရှိချက်များ မဟုတ်ပါ။ အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်မှုများ၏ ရလဒ်အဖြစ် တွေ့ရှိခဲ့ရသော တန်ဖိုးကြီးသည့် အသိပညာများဖြစ်ကြောင်း ရေးသားတင်ပြအပ်ပေသည်။ *Ref: Inter...*

တော်မြိုင်(ငှက်ဖျား)

❒




www.burmeseclassic.com

www.burmeseclassic.com

# နှလုံးရောဂါနှင့် ဆက်နွယ်နေသော ပိုးလေးဖက်နာ


ရီရီ ဌေး



လေးဖက်နာ ရောဂါထဲတွင် ဒုတိယ အများဆုံးဖြစ်သော ရောဂါမှာ ပိုးလေးဖက်နာရောဂါ ဖြစ်ပါသည်။ ထိုရောဂါသည် ငယ်ရွယ်သူများဖြစ်သော အသက် (၁၅-၂၀)နှစ် ပတ်ဝန်းကျင်၌ အဖြစ်များသော ရောဂါဖြစ်သည်။ ထိုရောဂါ၏ နောက်ဆက်တွဲ ရောဂါမှာ အသက်အန္တရာယ် ဖြစ်စေနိုင်သဖြင့် အလွန်သတိထားရမည့်ရောဂါဖြစ်သည်။

လေးဖက်နာရောဂါ အားလုံးတွင် အနည်းဆုံး သုံးခုနှင့်အထက်ရှိပါသည်။ တစ်ခါတစ်ရံ၌ အဆစ်ငါးခုမှ ခြောက်ခုအထိ နာတတ်ကြောင်း တွေ့ရှိရပါသည်။ ၎င်းရောဂါသည် သွေးလေးဖက်နာကဲ့သို့ လက်ချောင်း ခြေချောင်း၊ လက်ကောက်ဝတ်အဆစ်များ ရောင်ခြင်း မဟုတ်ဘဲ လည်ပင်းနာခြင်း၊ တံတောင်ဆစ်နှင့် ဒူးခေါင်းရောင်ခြင်းတို့ဖြစ်လျှင် ပိုးလက်ဖက်နာဖြစ်နိုင်သည်ဟု ယူဆကြပါသည်။

ထိုလူနာများသည် နှလုံးကို ပိုးဝင်သောကြောင့် ရင်တုန်ခြင်း၊ မောပန်းခြင်း၊ ကတုန်ကယင် ဖြစ်ခြင်းတို့လည်း ဖြစ်တတ်ပါသည်။



**ပိုးလေးဖက်နာဖြစ်ပွားရခြင်းအကြောင်းရင်း**

ပိုးလေးဖက်နာ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းမှာ. . .

- ခန္ဓာကိုယ်အတွင်း၌ ရှိသော အသက်ရှူလမ်းကြောင်း အပေါ်ပိုင်းသို့ ဟီမိုလိုက်တစ်စထရက်တိုကော့ကိုင်း (Haemolytic Streptococci) ဟုခေါ်သော ရောဂါပိုးများ ဝင်ရောက်ခြင်းကြောင့် ဖြစ်ပွားခြင်းဖြစ်ပါသည်။
- ထိုရောဂါပိုးများသည် ခန္ဓာကိုယ်အတွင်းသို့ရောက်ရှိပြီး တိုက်ခိုက်သည့်အတွက် ခုခံသည့်ဓာတ်များ ထွက်ပေါ်လာပါသည်။
- ထိုခုခံဓာတ်ကြောင့် လည်ပင်းနာခြင်း၊ အာသီးရောင်ခြင်းတို့ ဖြစ်စေသည်သာမက နှလုံးသို့ပါရောက်ရှိသွားပြီး နှလုံးရောင်ခြင်း ဖြစ်လာပါသည်။
- နှလုံးရောင်ခြင်း ခဏ ခဏဖြစ်ပွားခြင်းကြောင့် နှလုံး၌ အမာရွတ်များဖြစ်သွားပြီး နှလုံး၌ရှိသော အဆို့ရှင်ကလေးများ ကျပ်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com




- ထိုအခါ သွေးလည်ပတ်ရာတွင် ကောင်းစွာ မစီးဆင်းနိုင်ဘဲ အဟန့်အတားဖြစ်လာပါသည်။ ၎င်းကို နှလုံးအဆို့ရှင်ကျဉ်းခြင်းဟု ခေါ်ပါသည်။
- နှလုံးအဆို့ရှင် ကျဉ်းခြင်းကြောင့် လှုပ်ရှားသွားလာရာတွင် ပုံမှန်ထက် မောပန်းနွမ်းနယ်ခြင်းဖြစ်လာပါသည်။
- ထို့အပြင် အရေပြား၌ အနီကွက်များထွက်လာပြီး တံတောင်ဆစ်၊ ဒူးဆစ်၊ အရေပြားတို့တွင် အဖုကလေးများ ထွက်လာတတ်ပါသည်။
- ထိုသို့ တွေ့ရှိလျှင် ပိုးလေးဖက်နာရောဂါဟု ယူဆရလေပမည်။

## ကြိုတင်ကာကွယ်ရမည့်အချက်များ

ပိုးလေးဖက်နာသည် အခြားသောအဆစ်ရောဂါများနှင့်မတူဘဲ ရောဂါပိုးဝင်ရောက်ခြင်းကြောင့် ဖြစ်ပွားသောရောဂါဖြစ်ပြီး နှလုံးအဆို့ရှင်ကိုပါ ထိခိုက်ပျက်စီးစေသဖြင့် အလွန်ဂရုစိုက်ရမည့်ရောဂါဖြစ်ပါသည်။ ငယ်ရွယ်သောကလေးများနှင့် အသက် (၁၀ နှစ်မှ ၁၅ နှစ်) အတွင်း အဖြစ်များပါသည်။

ပထမဦးစွာ ရောဂါပိုးဝင်ရောက်ပြီး ရောဂါဖြစ်လျှင် အာသီးရောင်ခြင်း၊ လည်ပင်းနာခြင်း စတင်ဖြစ်လာတတ်ပါသည်။ ရောဂါပိုးသည် မိမိနေထိုင်ရာပတ်ဝန်းကျင်ရှိ ဖုန်မှုန့်များ၊ မီးခိုးငွေ့များ၊ မသန့်ရှင်းသော လေကိုရှူရှိုက်ခြင်း၊ ထင်းမီးခိုးငွေ့များကို ရှူရှိုက်ခြင်းမှတစ်ဆင့် ဝင်ရောက်နိုင်သဖြင့် အထက်ပါအခိုးအငွေ့များကို မရှူရှိုက်မိစေရန် ဂရုစိုက်၍ ရှောင်ရှားရမည်။ အထူးသဖြင့် လည်ပင်းနာချိန်တွင် ရေခဲရေမသောက်မိရန် ရှောင်ကြဉ်ရမည်။ လည်ပင်းနာလျှင် ပေါ့ဆစွာမနေဘဲ ဆရာဝန်နှင့်ပြသကာ ပိုးသတ်ဆေးကို ဆယ်ရက်ပြည့်အောင် သောက်ရပါမည်။သက်သာပြီဆိုပြီး တစ်ရက် နှစ်ရက်ခန့်သောက်ပြီး ရပ်ထားခြင်းမပြုရပါ။ ရောဂါပိုး မသေပါက ထိုရောဂါ ထပ်ဖြစ်ပြီး ရောဂါပိုးများသည် နှလုံးဆီသို့ရောက်သွားကာ နှလုံးကို တိုက်ခိုက်ခြင်းဖြင့် အရွယ်မတိုင်မီ နှလုံးရောဂါဖြစ်စေနိုင်ပါသည်။

## ပိုးလေးဖက်နာအတွက် ကုသခြင်း

- အာသီးရောင်ခြင်း၊ လည်ပင်းနာခြင်းဖြစ်ပါက ပေါ့ဆစွာမနေဘဲ ဆရာဝန်နှင့်ပြသကာ ကုသမှုကို ခံယူပါ။
- ထိုရောဂါအတွက် ပင်နီဆီလင်စားဆေး (သို့မဟုတ်) ပင်နီဆီလင်အဆီထိုးဆေးဖြင့် ကုသပေးပါသည်။ ဆေးကုရာတွင် ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးပတ်လည်အောင် ကုသမှုခံယူရမည်။
- ပိုးသတ်ဆေးဖြင့် ထိရောက်စွာကုသပါက နှလုံးဆီသို့မရောက်ဘဲ ပထမအဆင့်မှာပင် ရောဂါ ပျောက်ကင်းနိုင်ပါသည်။
- ဆေးကုသမှုကို ကောင်းစွာမခံယူပါက နှလုံးအဆို့ရှင်ကျဉ်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်းတို့ ခံစားရပေမည်။
- ထိုသို့ ရောဂါဖြစ်ခြင်းကြာလာပါက သွေးခဲကလေးများ နှလုံးမှ ကျွတ်သွားပြီး ဦးနှောက်သွေးကြောထဲသို့ ရောက်သွားပြီး ဦးနှောက်သွေးကြောပိတ်ကာ လေဖြတ်ခြင်း ဖြစ်တတ်သည်။
- ပိုးလေးဖက်နာနှင့် သွေးလေးဖက်နာဖြစ်ခြင်းကို သေချာစွာ စစ်ဆေးရပါမည်။ သွေးလေးဖက်နာကို ပိုးလေးဖက်နာနှင့် မှားယွင်းကာ ပိုးသတ်ဆေးများပေးပါက သွေးလေးဖက်နာရောဂါ မပျောက်ဘဲ တဖြည်းဖြည်း အဆစ်များကောက်လာတတ်ပါသည်။ ထို့ကြောင့် ပိုးလေးဖက်နာလား၊ သွေးလေးဖက်နာလားဆိုသည်ကို သေချာစွာစစ်ဆေးပြီး မှန်ကန်သော ကုသမှုကို ခံယူသင့်ပါသည်။

## ပိုးလေးဖက်နာ ဖြစ်၊ မဖြစ် စမ်းသပ်စစ်ဆေးခြင်း

- ထိုရောဂါဖြစ်မဖြစ်သိရှိစေရန် သွေးစစ်ဆေးရပါမည်။ သွေးစစ်ရာတွင် (Blood for ASO) ဟိုင်းတာရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

သွေးထဲတွင် ASO များနေပါက ပိုးလေးဖက်နာရောဂါဖြစ်နိုင်ချေရှိပါသည်။

- ထိုလူနာကို ပင်နီဆီလင်ထိုးပေးပြီး တစ်လခန့်အကြာတွင် ASO သွေးပြန်စစ်ရပါမည်။ အကယ်၍ သွေးထဲတွင် ASO များနေပါက စိတ်မပူသင့်ပါ။ သွေးထဲ၌ ပိုးများသေသွားသော်လည်း ခုခံဓာတ်ကျန်နေသေးသည့်အတွက် ASO မြင့်နေသေးခြင်းဖြစ်ပါသည်။ သို့သော် တဖြည်းဖြည်း ASO ဓာတ်လျော့နည်းလာပေသည်။ သွေးထဲ၌ ASO တိုင်းခြင်းဆိုသည်မှာ လေးဖက်နာပိုး၏ ခုခံအားကို တိုင်းခြင်းဖြစ်ပါသည်။

### ပိုးလေးဖက်နာရောဂါနှင့် သင့်တင့်သောအစားအစာ

**ချယ်ရီသီး**

ထိုအသီးထဲတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်နေသည့်အတွက် ထိုရောဂါရှင်များ စားသုံးသင့်ပါသည်။

**နာနတ်သီး**

ထိုအသီးထဲတွင် "ဘရိုမယ်လိန်း" ဟုခေါ်သော အရောင်ကျစေနိုင်သည့် ဓာတ်ပစ္စည်းပါ,ပါသည်။

- အိုမီဂါ (၃) ဖက်တီးအက်ဆစ်ဓာတ်ပါဝင်သော ဆာဒင်းငါး၊ တူနာငါး၊ ဆော်လမွန်ငါးများကို တစ်ပတ်လျှင် (၃) ကြိမ်ခန့် စားသုံးသင့်ပါသည်။

### ဗီတာမင်အေဓာတ်ပါဝင်သော အစားအစာများ

- ကန်စွန်းရွက်၊ အစိမ်းရောင်ဟင်းသီးဟင်းရွက်များ
- လူးဆန်၊ ဆန်လုံးညို၊ ဘာလီ၊ ပေါင်မုန့်ကြမ်း
- မုန်လာထုပ်၊ ဂေါ်ဖီထုပ်၊ အစိမ်းရောင်ဂေါ်ဖီထုပ်၊ တရုတ်နံနံ
- သံလွင်ဆီ၊ နေကြာဆီ၊ နှမ်းဆီ
- သီဟိုဠ်စေ့၊ ဖရုံစေ့၊ သစ်ကြားသီး၊ အခွံမာသီး၊ ဗာဒံသီး၊
- သွပ်ဓာတ်ပါဝင်သော ရွှေဖရုံသီး၊ ရွှေဖရုံစေ့၊ ကိုကိုး

### ပိုးလေးဖက်နာရောဂါရှင်များနှင့် မသင့်တင့်သောအစားအစာများ

- ပိုးလေးဖက်နာရောဂါရှင်များနှင့်မတည့်သော အဓိကအစားအစာမှာ "ရေခဲ" ဖြစ်ပါသည်။ ရေခဲစားခြင်းကြောင့် အာသီးရောင်ခြင်းမဟုတ်ပါ။ ရေခဲပြုလုပ်ရာတွင် အသုံးပြုသော ရေ မသန့်ရှင်းပါက ရောဂါပိုးအလွယ်တကူ ဝင်နိုင်ပါသည်။ ရေခဲတွင် စပါးခွံများအုံထားပြီး လမ်းဘေးတွင် ချထားသည့်အတွက် ရေခဲမှာ မသန့်စင်ဘဲ ရောဂါပိုးအလွယ်တကူ ဝင်ရောက်နိုင်ပါသည်။

အကယ်၍ ရေခဲကို စားသုံးမည်ဆိုပါက ရေသန့်ကို ရေခဲသေတ္တာထဲတွင်ထည့်ပြီး ရေခဲပြုလုပ်ကာ စားသုံးနိုင်ပါသည်။

- လမ်းဘေးတွင် ရောင်းချသော ဖျော်ရည်၊ အအေးမတည့်ပါ။
- ခရမ်းချဉ်သီးကို အထူးရှောင်ကြဉ်ရမည်ဖြစ်ပြီး ခရမ်းသီး၊ ဆီးသီး၊ လိမ္မော်သီးသည်လည်း ထိုရောဂါနှင့်မတည့်ပါ။
- အစာကြေရန် ခက်ခဲသော ကြက်ဥ၊ ဘဲဥ၊ ငုံးဥစသော ဥအမျိုးမျိုးကို စားသုံးခြင်းဖြင့် အဆစ်နာခြင်းကို ပိုမိုဖြစ်စေနိုင်သည်။
- အဆီ၊ မလိုင် အပြည့်ပါသော နွားနို့
- ဆီနှင့်ကြော်ထားသောမုန့်များ၊ ဝက်အူချောင်း၊ ရယ်ဒီမိတ်အစားအစာများ
- ချောကလက်၊ ဒိန်ခဲ

### ပိုးလေးဖက်နာရောဂါများနှင့် စားသုံးသင့်သော ဗီတာမင်အုပ်စု

- ဗီတာမင်ဘီကွန်ပေါင်း ပါဝင်သော အားဆေးများ
- ငါးကြီးဆီ
- ဗီတာမင်ဒီပါဝင်သော အားဆေးများ
- ဗီတာမင်စီ (၁-၃) ဂရမ်နေ့စဉ်သုံးစွဲပါ။
- သွပ်ဓာတ်၊ မဂ္ဂနီစီယမ်ဓာတ်ပါဝင်သော အားဆေးများ

### ပိုးလေးဖက်နာရောဂါရှင်များ ရှောင်ကြဉ်ရမည့်အချက်များ

- အထူးသဖြင့် ရေခဲစားခြင်း ရှောင်ကြဉ်ပါ။
- မသန့်ရှင်းသော ပတ်ဝန်းကျင်ကို ဂရုစိုက်ရှောင်ကြဉ်ပါ။
- မီးခိုး၊ ဖုန်မှုန့်များကို မရှူရှိုက်မိအောင် ဂရုပြုရှောင်ကြဉ်ပါ။
- အာသီးရောင်ခြင်း၊ လည်ပင်းနာခြင်းတို့ဖြစ်လျှင် ဆရာဝန်နှင့်ပြသ၍ ကုသမှုခံယူပါ။ ဆရာဝန်ကြီးများ၏ ညွှန်ကြားချက်အတိုင်း လိုက်နာကုသပါ။
- ဆေးထိုး၊ ဆေးသောက်ရာတွင် ဆေးစက်လည်အောင် ပြုလုပ်ပါ။

ဤရောဂါသည် ကလေးငယ်၊ ကလေးများနှင့်ဆယ်ကျော်သက်အရွယ်များတွင် အဖြစ်များပါသည်။ ရောဂါဝင်ရောက်ကာစ ပထမအဆင့်မှာပင် ဆေးကုသမှုကို ကောင်းစွာခံယူရပါမည်။ အကယ်၍ ဆေးကုသမှု ကောင်းစွာမခံယူပါက ရောဂါပိုးများ နှလုံးဆီသို့ရောက်သွားပြီး အရွယ်ငယ်စဉ်မှာပင် နှလုံးရောဂါဖြစ်ခြင်း၊ ဦးခေါင်းအတွင်းရှိသွေးကြောထဲသို့ သွေးခဲများရောက်ရှိပြီး သွေးခဲခြင်း၊ လေဖြတ်ခြင်းတို့ဖြစ်စေနိုင်ပါသည်။ ထိုထက်ပိုဆိုးပါက အသက်အန္တရာယ်ဖြစ်စေနိုင်ပါသည်။ ထိုရောဂါ၏နောက်ဆက်တွဲရောဂါဆိုးကျိုးများကို အသက်အရွယ်ငယ်စဉ်မှာပင် ခံစားရတတ်ပါသည်။

ထို့ကြောင့် မိဘများသည် မိမိ၏ကလေးငယ်များ၌ ပိုးလေးဖက်နာဖြစ်ပွားပါက ပေါ့ဆစွာမထားဘဲ အလေးဂရုပြုကာ ပထမအဆင့်မှာပင် ရောဂါပျောက်ကင်းအောင် ကုသပေးသင့်ပါကြောင်း တင်ပြအပ်ပါသည်။

Ref : Rheumatic Fever from Internet

ခိုင်ခိုင်


❒

www.burmeseclassic.com

www.burmeseclassic.com

# ဆေးမြီးတိုအန္တရာယ် သတိပြုဆင်ခြင်ဖွယ်ရာများ

ဦးမင်းဇင် (ရွှေနဝင်း)



'ရှေးထုံးလည်းမပယ်နဲ့ ဈေးသုံးလည်းမလွယ်နဲ့' ဆိုသော ဆိုရိုးစကားကို လူတိုင်းသိကြပါသည်။ ၎င်းဆိုရိုးနည်းတူ 'ဆေးမြီးတိုသုံးလည်း မလွယ်နဲ့' ဟု ကျွန်တော်က ထပ်ဆင့်၍ ဆိုရိုးပြုစေချင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ မြန်မာလူမျိုးများသည် ဆေးမြီးတိုနည်းများကို အလွယ်တကူရရှိကြပြီး အန္တရာယ်မရှိလောက်ပါဟု အလွယ်မှတ်ယူပြီး မိမိသဘောအတိုင်း ထင်သလို စမ်းသပ် သုံးစွဲနေကြသည်မှာ ထုံးစံတစ်ခုလိုဖြစ်နေပါသည်။

ဆေးမြီးတိုရဲ့ အားသာချက်ကလည်း လွယ်ကူစွာ ရှာဖွေနိုင်ခြင်း၊ လက်လှမ်းတမီဖြစ်ခြင်း၊ စီမံဖော်စပ်ရသည်မှာ ခက်ခဲမှုမရှိခြင်း၊ ငွေကုန်ကြေးကျမများခြင်း၊ ခေတ်ကာလအခြေအနေက တောင်းဆိုနေခြင်း စသည့် အချက်များကြောင့် သုံးစွဲသူများကို သုံးစွဲချင်လာအောင် ဖွဲဆောင်မှုရှိနေပေသည်။

သို့သော် ဆေးမြီးတိုတိုင်းသည် သုံးစွဲသူ လူကို အန္တရာယ် ကင်း၊ မကင်းဆိုသည့် အချက်ကိုတော့ သတိပြုဆင်ခြင်သင့်သည်။



ဆေးမြီးတိုတိုင်း အန္တရာယ်မကင်းဟု မဆိုလိုပါ။ သို့သော် အချို့သော ဆေးမြီးတိုများသည် 'တန်ဆေးလွန်ဘေး' ဟုဆိုသော ဥပဒေသထဲတွင် အကျုံးဝင်နေပြီး လွန်ပါက လူကို အန္တရာယ်ပေးသည့်အဆင့်ကို ရောက်သွားပေသည်။ ထိုအခါ ဆေးအဖြစ်မှ ဘေးအဖြစ်သို့ သက်ဆင်းသွားတော့သည်။

ထို့အပြင် မြန်မာ့ရိုးရာ တိုင်းရင်းဆေးများအပေါ်တွင်လည်း အခြားဆေးပညာရှင်ကြီးများက လက်ညှိုးထိုးစရာ ရှုံ့ချစရာဖြစ်လာပါသည်။ [ဖြစ်မှာပေါ့။ ဘာမှန်း ညာမှန်း မသိတဲ့ ဆေးမြီးတိုတွေ၊ ဆေးတွေ သုံးနေတာကိုး] ဟု အသံထွက်လာကြပေမည်။

အမှန်ကတော့ မြန်မာ့နည်း မြန်မာ့ဟန်အတိုင်း သတိပြုမဆင်ခြင်ဘဲ (ပညာရှင်နှင့်မတိုင်ပင်ဘဲ) မိမိသဘောဖြင့် သုံးစွဲနေကြခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်သည် တိုင်းရင်းဆေးဟူသော ပညာရပ်ကြီးတစ်ခုလုံးအပေါ် အပြစ်ဖို့လာကြသည်ကို ကြုံတွေ့ကြရမည်ဖြစ်သည်။

အသည်းရောဂါ အထူးကုဆရာဝန်ကြီးတစ်ဦးဆိုလျှင် သူ၏ဟောပြောပွဲတိုင်းတွင် အသည်းရောဂါ ဖြစ်စေသည့်



www.burmeseclassic.com

www.burmeseclassic.com




အကြောင်းတရားများထဲတွင် 'မြန်မာ့ဆေးမြီးတို'များ သုံးစွဲခြင်းကြောင့် အသည်းရောဂါကို ပို၍ ဆိုးဝါးစေသည်ဟု အမြဲထည့်၍ ပြောဆိုလေ့ရှိပါသည်။ သူပြောတာ မဟုတ်ဘူးလားဆိုတော့လည်း ဟုတ်နေသည်ကို တွေ့ရသည်။ ဤသို့ဖြစ်ရခြင်းအကြောင်းမှာ ဆေးမြီးတိုသုံးစွဲသူများသည် စစ်မှန်သောတိုင်းရင်းဆေးပညာရှင်များနှင့် မတိုင်ပင်ဘဲ မိမိသဘောဖြင့်ထင်တိုင်းကြဲနေသည့်အတွက် ဤသို့ဖြစ်နေရခြင်းဖြစ်သည်။

ဒါပေမယ့် စစ်မှန်သော တိုင်းရင်းဆေးပညာရှင်ကြီးများက မည်သည့် ဆေးမြီးတိုဖြစ်ပါစေ ပညာရှင်အဆင့်သိမြင်ချိန်ဆသုံးစွဲလျှင် အသည်းရောဂါကိုထိရောက်အောင်သုံးစွဲနိုင်ပါသည်။ (အဲ အတိုင်းအရှည်မဲ့ ပရမ်းပတာတော့လုပ်လို့တော့ မရဘူးပေါ့ဗျာ)

ကဲ ဒီအကြောင်းအရာတွေကို ပြောရမည်ဆိုလျှင်တော့ ပုဂံရာဇဝင်ပြောရသလို တုတ်ထမ်းပြောရမယ့်ကိန်းတွေအများကြီးပဲရှိပါသည်။ ဒီလောက်နှင့်ပဲ ရပ်ကြပါစို့။ အဓိကပြောချင်တာက ဆေးမြီးတိုများကို သုံးစွဲမည်ဆိုလျှင် ပထမရင်းဆေးနည်းသည် မိမိတွင်ဖြစ်ပေါ်နေသော ရောဂါဝေဒနာနှင့် သင့်တော်မသင့်တော်ကို ချိန်ဆတွေးခေါ် ဆုံးဖြတ်ပေးနိုင်သည့် စစ်မှန်သော တိုင်းရင်းဆေးပညာရှင်များနှင့် တိုင်ပင်ပါ။ ဆွေးနွေးပါ။ စစ်မှန်သော တိုင်းရင်းဆေးပညာရှင်ကြီးများကလည်း ဤကဲ့သို့ တိုင်ပင်ဆွေးနွေး မေးမြန်းခြင်းမျိုးကို ဆွေးနွေးတိုင်ပင်ခ ပိုက်ဆံငွေကြေး တစ်ပြားမှ မယူကြဘဲ အခမဲ့ ကြိုဆိုလက်ခံကြပါသည်။

[ဒါပေသည့် ဟတ်ယောင်ကား ဆရာယောင်၊ သမားယောင်များနှင့်တော့ သွား၍ မဆွေးနွေးမိစေနဲ့ပေါ့ဗျာ။ ဒါဆိုရင် ကိုသားဆိုးဖြစ်သွားမယ်။ ဒါကိုလဲ သတိထားပါ။]

လူတိုင်းသည် မိမိတို့ နေ့စဉ် တွေ့မြင်သုံးစွဲနေကျ ပစ္စည်းပစ္စယ အစားအစာများအပေါ်တွင် သာမန်အနေဖြင့် အန္တရာယ်မရှိဟု မှတ်ယူထားကြသည်။

ဥပမာတစ်ခုအနေဖြင့် လူတိုင်း နေ့စဉ် ရေသောက်ကြသည်။ ရေသန့်ရှင်းလျှင် အန္တရာယ်မရှိဟု သိမြင်ကြသည်။ ဒါပေမယ့် ပညာရပ်အမြင် ပညာရှင်အဆင့်အမြင်နှင့် ပြောရလျှင် ထိုသန့်ရှင်းသောရေသည်ပင်လျှင် ပြင်းထန်သည့် အဆိပ်စာရင်းထဲ ပါဝင်နေတတ်သည်ကို တွေ့ရသည်။

ရှင်းချက်။ ။ အိန္ဒိယ အာယုဗ္ဗေဒဆေးကျမ်းများတွင် ကျိုချက်ထားသော ညသိပ်ရေ ဂုဏ်ကျော်ရေကျက်အေးသည် ပြင်းထန်သော အဆိပ်ဖြစ်သည်ဟု အတိအလင်းပြဆိုထားသည်။ [ချက်ချင်း သောက်သုံး၍တော့ လူမသေပါ။ သို့သော် ရေရှည်ကြာမြင့်စွာ သောက်သုံးလာပါက ၎င်းရေသည်ပင်လျှင် အဆိပ်ဖြစ်လာပါသည်။]

ပြောရလျှင် ဆေးမြီးတိုလောကတွင် ဇယားတွေ အများကြီးရှိခဲ့သည်။ ရှိနေသည်။ နောက်လည်း ရှိနေဦးမှာပါ။

ဥပမာ။ ။(က) စူလာနဖာ

(ခ) ဗိစပ်ရွက်

(ဂ) ကြက်သွယ်ရမူလီရွက်

(ဃ) ဂမ္ဘီရပြဒါးပြာ (ခေါ်) ရှောင်ဆေး

(င) ဓာတ်စာပေးဆေးမြီးတိုများ

စသည်ဖြင့် အများကြီးရှိခဲ့သည်။

(က) စူလာနဖာဆိုလျှင် ရေးသားသောသူကလည်း အင်နှင့်အားနှင့် ရေးသည်၊ ညွှန်းသည်။ သုံးစွဲကြသူများကလည်း စူလာနဖာအပင် မျိုးပြုတ်လုခမန်း သုံးစွဲခဲ့ကြသည်။

သို့သော် နောက်ဆုံး စစ်ဟမ်းထုတ်ကြည့်ေ အတိုင်းအရှည်မသိ သုံးစွဲကြသူများ ဒုက္ခရောက်ကြသည်။ ဆေးရုံ၊ ဆေးခန်းသို့ ရောက်ရသည်အထိ အန္တရာယ်ကြုံခဲ့ကြသည်။

စူလာနဖာအပင်တွင် အောက်ဇားလိပ်အက်စစ်ဓာတ်များစွာပါဝင်နေသည့်အတွက် ခဏတာအချိန်တိုသုံးစွဲလျှင် ဆီးရွှင်၍ နေရထိုင်ရကောင်းသလိုရှိသည်။ ဒါပေမယ့် ရက်ရှည်စွဲသောက်လာလျှင်းကိုယ်တွင်းကလီစာများတွင် သွေးယို၍ ဆီးသွေးပါ၍ အမည်းရောင်ဆီးသွားခြင်း ဝမ်းသွေးပါ၍ ဝမ်းအမည်းရောင်သွားခြင်း၊ ကျောက်ကပ်ရောင်၍ ဒဏ်ဖြစ်ခြင်း (side effect) စသည် ရ၍ဒုက္ခတွေ့ရသည်။



www.burmeseclassic.com

(ခ) ပီစပ်ရွက် (ခေါ်) ကုန်းဗေဒါသည်လည်း ထိုနည်းလည်းကောင်းပင် သုံးစွဲကြသည်။ နောက်ဆုံးတော့ side effect နှင့်သာ အဆုံးသတ်ကြရသည်။ ဗိစပ်ရွက်မှာလည်း အောက်ဇားလိပ်အက်စစ်ဓာတ် များစွာပါဝင်၍ ကျောက်ကပ်ကိုထိခိုက်သည်။ အတိုင်းအရှည်သိရန်လိုသည်။


(ဂ) ဣသရမူလီရွက်သည်လည်း ရက်တိုသုံးစွဲလျှင်မသိသာသော်လည်း ရက်ရှည်စွဲသောက်လာလျှင် ၎င်းမှာပါဝင်သော အရစ္စတိုလိုခစ်အက်စစ်ဓာတ် (Aristolochi Acid) ကြောင့် ကျောက်ကပ်ပျက်စီးပြီး ဆီးလမ်းကြောင်းကင်ဆာကိုဖြစ်စေသည်ဟု သုတေသနပြု၍ အတိအလင်း တွေ့ရှိရသည်။

(ဃ) ဂမ္ဘီရပြဒါးပြာ (ခေါ်) ရှောင်ဆေးသည် အမှန်ကဆေးမြီးတိုမဟုတ်ပါ။ ကျွမ်းကျင်လိမ္မာသော သမားတော်များသာ လိုအပ်မှ အရေးပေါ် သုံးရသော ဓာတ်ဆေးဖြစ်သည်။ သို့သော် ယခုအခါတွင် ဆေးမြီးတိုအဖြစ် မှတ်ယူကြပြီး အလွယ်သုံးစွဲနေကြသည်မှာ ရင်လေးစရာပင်ဖြစ်သည်။

Heavy Metal ခေါ်သော ဓာတ်ဆေးများသည် နားလည်ကျွမ်းကျင်မှုမရှိဘဲ သုံးစွဲလျှင် အင်မတန် အန္တရာယ်ကြီးပါသည်။

(င) ဓာတ်စာပေး ဆေးမြီးတိုများတွင် အစာအာဟာရဖြစ်၍ နည်းအတော်များများသည် မည်သည့်အန္တရာယ်မှ မဖြစ်ကြသော်လည်း တချို့သော ဓာတ်စာဆေးမြီးတိုများသည် အန္တရာယ်ပေးတတ်ပါသည်။

ဥပမာ(၁) ငရုတ်ကောင်း တစ်ထောင်၊ ကြက်တစ်ကောင်၊ ဗိုလ်ခြေတစ်ထောင်အားကိုဆောင်၊ အမောင် ဖျားနိုင်



ဆေး" ဟူသော စာချိုး ဆေးမြီးတိုသည် သာမန်ကြည့်လျှင် ဘာမျှအန္တရာယ်မရှိပါ။ သို့သော် သူ၏စားသုံးနည်းမှာ ဖျားနာစွဲတာရှည်ပြီး အားအင်ချိနဲ့နေသူကို ငရုတ်ကောင်းအစေ့ ၁၀၀၀ နှင့် ကြက်တစ်ကောင်လုံးကိုချက်ပြီး တစ်ခါတည်းကုန်အောင် စားခိုင်းခြင်းဖြစ်သည်။ ၎င်းဓာတ်စာစားပြီးလျှင် လူနာသည် မနေနိုင် မထိုင်နိုင်အောင် ကိုယ်တွင်းမှပူလောင်လာပြီး ရေထဲတွင်ဆင်း၍ စိမ်နေရသည် အထိဖြစ်သည်။

အဲဒီနောက်ပိုင်း ခန္ဓာကိုယ်မှ အခိုးတရှိန်ရှိန်ထွက်ပြီး အဖျားသက်သာလာသည်။ ဒါဆိုရင် စာဖတ်သူများက ဆေးနည်းကောင်းသည်ဟုထင်မည်။ နောက်ပိုင်း ဇာတ်လမ်းကျမှ ဒုက္ခတွေ့ရမည်။ လူနာသည် ဓာတ်စာဆေးစားပြီး တစ် ပတ်ဆယ်ရက်ခန့်တွင် နာလန်ပြန်ထလာပြီး အဖျား အရှင်းပျောက်သွားပါသည်။

သို့သော် အဖျားပြတ်သွားသော်လည်း ယောကျ်ားဆိုလျှင် ပန်းမလာတော့ပါ။ ပန်းသေပြီး လုံးဝမလာပါ။ မိန်းမဆို





www.burmeseclassic.com

www.burmeseclassic.com

လျှင် မီးယပ်သွေးခန်းပြီး သွေးမပေါ်တော့ပါ။ ဓာတ်စာဆေးမြီးတို့၏ side effect ကို လူနာသည် တစ်ဘဝစာ ခံစားသွားရပါသည်။

ငရုတ်ကောင်းအစေ့ ၁၀၀၀ ၏ပြင်းအားကို စာဖတ်သူပရိသတ်ကြီး တွက်ဆကြည့်ကြပါ။

ဥပမာ(၂) အဖောရောင်ပျောက် ဓာတ်စာဆေးနည်းဖြစ်သော ရွှေဖရုံသီး + မှို + ကြက်ဟင်းခါးသီး + ကြက်သားတို့ ရောချက်၍ လူနာကို တစ်ဝကျွေးခြင်း ဖြစ်ပါသည်။ ထိုဓာတ်စာကို ခြေလက်မျက်နှာအန်း၍ ဖောရောင်နေသူကို တစ်ဝချက်၍ ကျွေးလိုက်သော် ဓာတ်စာစားပြီး လူနာသည် ၂ နာရီ၊ ၃ နာရီ အတွင်း ချွေးသီးချွေးပေါက်များ ထွက်လာပြီး နေမထိ ထိုင် မသာဖြစ်ကာ ဆီး၊ဝမ်းများသွားမည်။

ဆီး၊ ဝမ်း လေးငါးကြိမ်ခန့်သွားပြီးသော် အဖောအရောင် သိသိသာသာ စပြီးကျလာမည်။ နောက်တစ်ရက်၊ နှစ်ရက်အတွင်း လုံးဝနီးပါး အဖောအရောင်ကျသွားသည်။ တဲ ဒီဆေးမြီးတိုဓာတ်စာ မကောင်းပေဘူးလား။

ပထမ အဖောအရောင်သမားကို ဤဓာတ်စာဆေးနည်းဖြင့် ပျောက်သွား၍ လက်ဆင့်ကမ်းပြီးနောက် ဒုတိယ အဖောအရောင်ရောဂါသည် လူနာအား ၎င်းဓာတ်စာနည်းအတိုင်းချက်၍ တဝကြီးစားပစ်လိုက်သည်။

ဓာတ်စာစားပြီး နာရီဝက်အတွင်း မချိမဆံ့ဖြစ်ပြီး အသက်ရှူပါ ရပ်လုမခန်းဖြစ်လာသည်။ အိမ်သားများကလည်း ဘာလုပ်ရ ဘာကိုင်ရမှန်း မသိကြ၍ ဆေးရုံသို့ အမြန်ဆုံးပို့ကြသည်။ ဆေးရုံရောက်ပြီး လူနာသတိလစ်သွားသည်။ နောက် လုံးဝ သတိပြန်မလည်ဘဲ အနိစ္စရောက်သွားသည်။

ကဲ စာဖတ်သူပရိသတ်ကြီး အထက်ပါ အဖြစ်အပျက်နှစ်ခုကိုကြည့်ပြီး စိတ်ထဲတွင် ဇယားနောက်မသွားဘူးလား။ သာမန် အသိအမြင်လေးဖြင့် သူကောင်းသွား၍ ငါကတော့ ဒီဆေးမြီးတိုကို လုပ်ကြည့်မည်ဟုတွေး၍ လုပ်ကြည့်သည်။ ဒါပေမယ့် သူကျတော့ ok ပြပြီး ကိုယ့်အလှည့်ကျတော့ ဒုက္ခရောက်ရောဖြစ်နေပြီ။

ဤဖြစ်စဉ်ကို သဘောပေါက်အောင် ရှင်းပြပါမည်။

ပထမလူနာကို ခြေလက်မျက်နှာအမ်း၍ ဖောရောင်နေသော်လည်း ထိုလူနာသည် အကြောင်းတရား တစ်ခုခုကြောင့် ရုတ်တရက် ကျောက်ကပ်ရောင်ပြီး ဖောရောင်လာခြင်းဖြစ်သည်။ အသည်း ပုံမှန်ဖြစ်သည်။ Liver Function ကောင်းသည်။ ဘီပိုး၊ စီပိုး မရှိ။ ယခင်ဖောရောင်ခြင်း မဖြစ်မီက ကျန်းမာရေး တောင့်တင်းသည်။

ထိုသို့သော လူနာမျိုးကို အထက်ပါ ဝိရောဓိဓာတ်စာမျိုး ပေးကျွေးလိုက်သည့်အခါ တစ်နည်းဆိုရသော် ဝိရောဓိဓာတ်စာသည် Food Poison သဘောမျိုး အဆိပ်သင့်အစာဖြစ်သည်။

သာမန်လူကောင်းကို ကျွေးလိုက်လျှင် ကျိန်းသေ Food Poison ဖြစ်သည်။

လူနာကို ၎င်းဓာတ်စာ ကျွေးလိုက်သည့်အခါမှာလည်း Food Poison လက္ခဏာများပြလာသည်။ ဒါပေမယ့် လူနာသည် အကြောင်းတစ်ခုခုကြောင့် ရုတ်တရက် ကျောက်ကပ်ရောင်ပြီး ခန္ဓာကိုယ်ထဲတွင် မကောင်းသောအဆိပ်ဓာတ်များ ဝင်ခိုအောင်း၍ ဖောရောင်လာခြင်း ဖြစ်သည့်အတွက် ကျောက်ကပ်၏လုပ်ဆောင်ချက် Function ခေတ္တခဏ အားနည်းနေခြင်းဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ဝိရောဓိဓာတ်စာကို စားလိုက်သဖြင့် အဆိပ်နှစ်ခု ထိပ်တိုက်တွေ့ဆုံပြီး ခန္ဓာကိုယ်တွင်း ဇီဝကမ္မလုပ်ဆောင်မှုကို တန်ပြန်နှိုးဆော်မှုပြုလိုက်သဖြင့် ခေတ္တ အလုပ်မလုပ် အားနည်းနေသော ကျောက်ကပ်သည် တန်ပြန်နှိုးဆော်မှုအရှိန်ကြောင့် အလုပ်ကို ကောင်းစွာပြုလုပ်လာပြီး ဆီးဝမ်းများကို စွန့်ထုတ်လာသည့်အတွက် အဖောအရောင်လျော့လာပြီး ပုံမှန်အနေအထားကို ရလာသည်။

ဤပထမလူနာသည် အသည်း Liver Function ကောင်းနေ၍သာ ထိုဇီဝကမ္မ တန်ပြန်နှိုးဆော်မှုဒဏ်ကို ခံနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ဤလူနာသည် ရောဂါသက်သာခြင်းကို တွေ့ရသည်။

ဒုတိယလူနာ အမျိုးအစားသည် အသည်း Liver Function အားနည်း အသည်းကျစ်ပြီး နာတာရှည်ကျောက်ကပ်ရောင်၍ ဖောရောင်လာခြင်းဖြစ်သည့်အတွက် အထက်ပါ Food Poison ကဲ့သို့သော ဝိရောဓိဓာတ်စာကို စားလိုက်သောအခါ ဖြစ်ပေါ်လာသည့် ဇီဝကမ္မတန်ပြန်လှုံ့ဆော်မှုဒဏ်ကို အသည်းက မခံနိုင်ဘဲ ကျောက်ကပ်မှာ ဖိအားပြင်းထန်စွာ ပေးခြင်းခံရ၍ အဖောရောင်မလျော့ဘဲ သွေးအတွင်း အဆိပ်များစုပုံ၍ ရောဂါပိုတိုးကာ ဒုက္ခရောက်ရခြင်းဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းအရာတို့သည် ပညာရပ်နယ်ပယ်အတွင်းမှနေ၍ ချင့်ချိန်တွက်ဆ တွေးခေါ်ပြခြင်းဖြစ်သည်။ စစ်မှန်သော ဆေးပညာရှင်ဆိုလျှင် အထက်ပါဖြစ်ရပ်နှစ်ခုတွင် မည်သူ့ကို ဓာတ်စာဆေးနည်းတို့နှင့်ကု၍ မည်သူသည် မကုအပ်၊ မကုထိုက်ဟု မှန်ကန်စွာ ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

သာမန်လူ အတွေးအခေါ်မျိုးနှင့် လူနာနှစ်ယောက်လုံးကို ဓာတ်စာဆေးနည်းတို့နှင့်ကုသလျှင် တစ်ယောက်ရှင်၊ တစ်ယောက်သေဆိုသည့်အဖြစ်မှာ မလွဲဧကန်ဖြစ်မည်။ ဆေးပညာရပ်နယ်ပယ်၏ ကျယ်ဝန်းနက်ရှိုင်းမှုကို သိမြင်နိုင်ပြီဟု ထင်ပါသည်။

သာမန်လူများ အလွယ်တကူ သတိပြု ဆင်ခြင်နိုင်စေရန် အချိန်အဆ များသွားလျှင် အန္တရာယ်ပေးတတ်သော

www.burmeseclassic.com

ဆေးမြီးတိုအုပ်စုများကို တတ်နိုင်သမျှ ဖော်ပြပေးလိုက်ပါသည်။

သတိပြုဆင်ခြင်သင့်သည့် ဆေးမြီးတိုအုပ်စုများ

(၁) Heavy Metal (ခဲ) စိန်၊ ပြဒါး၊ ဆေးဒါန်း စသည် ဓာတ်ဆေးပစ္စည်းများပါဝင်သည့် ဆေးမြီးတိုအုပ်စုများ။

(၂) ဆေးရွက်ကြီးပါဝင်သော ဆေးအုပ်စု။

(၃) ကျားမနိုင်အဆီပါဝင်သော ဆေးအုပ်စု။

(၄) ကနခီပါဝင်သော ဆေးအုပ်စု။

(၅) ဟုန်းပင်၊ ဟုန်းမြစ်ပါဝင်သော ဆေးအုပ်စု။

(၆) ဒေါင်းသည်းခြေ၊ ငါးပူတင်းသည်းခြေ ပါဝင်သော ဆေးအုပ်စု။

(၇) ဆီမီးတောက်ဥပါဝင်သော ဆေးအုပ်စု။

(၈) ရုက္ခမူဆားများပါဝင်သော ဆေးအုပ်စု။

(၉) တွဲဖက်စားသုံးလျှင် အစာအဆိပ်သင့်စေနိုင်သည့် ဓာတ်စာဆေးအုပ်စုများ။

(၁၀) ဆီးရောဂါအတွက်ပေးသော ဆေးမြီးတိုအုပ်စု။

ရှင်းချက်။ ။ ဆီးရောဂါအတွက်သုံးသော ဆေးမြီးတို အပင်အရွက်များသည် သောက်သုံးစတွင် ဆီးကို ဖောဖောသီသီသွားစေသည့် ဆေးပင်ဆေးရွက်များဖြစ်သည်။ ထိုဆေးပင်ဆေးရွက်များတွင် များသောအားဖြင့် အောက်ဇာလစ်အက်စစ်ဓာတ်မှာ စွဲ၍ စားသုံးခဲ့လျှင် ကျောက်ကပ်ကိုဒဏ်ဖြစ်စေပြီး ကျောက်ကပ်ပျက်စီးခြင်းအဆင့်သို့ ရောက်သွားတတ်ပါသည်။

ထို့ကြောင့် ဆေးမြီးတိုနည်းများကို တိုင်းသိ ပြည်သိ ပြည်သူလူထုသိအောင် တင်ပြရေးသားကြမည်ဆိုလျှင် ရေးသားတင်ပြသည့် ပုဂ္ဂိုလ်သည် ဆေးပညာရပ်များအပေါ်တွင် အဘယ်မျှ လေ့လာသိမြင်ထားပါသနည်း။ ဆေးပင်ဆေးဝါးတို့၏ အကျိုးအပြစ် အတိုင်းအရှည်ကို တတ်သိနားလည် ကျွမ်းကျင်ပါသလားဟု မိမိကိုယ်ကိုယ် ဆန်းစစ်ပြီးမှ တိုင်းသိပြည်သိရေးသားကြပါဟု ပန်ကြားအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဆေးမြီးတိုကြောင့် ဒုက္ခရောက်ရသည့် ရင်နာစရာ ကိုယ်တွေ့ဖြစ်ရပ်မှန်လေးတစ်ခုကို ပြည်သူအများ သိမြင်ခံစားနိုင်စေရန် ရေးသားတင်ပြပါမည်။

ဟိုး လွန်ခဲ့သော အနှစ် ၃၀ ကျော်ကာလက ကျေးလက်တိုက်နယ်ဆေးရုံတစ်ခုတွင် အမှန်တကယ်ဖြစ်ခဲ့သည့် ဖြစ်ရပ်မှန် ဆေးမြီးတိုဇာတ်လမ်းတစ်ခု ဖြစ်ပါသည်။

ထိုစဉ် အချိန်ကာလက ယခုခေတ်လို လမ်းပန်းဆက်သွယ်ရေးကောင်းပြီး ဆရာဝန်များ ပေါများစွာ ဖြစ်တည်နေသော ကာလမဟုတ်ပါ။ ကျေးလက်ဒေသတစ်ခုတွင် ဆရာဝန်တစ်ယောက်ရဖို့ ဆိုသည်မှာ ဒုလ္လဘတရားပင်ဖြစ်သည်။ ထိုသို့သော အချိန်ကာလမျိုးတွင် တစ်ခုသော ကျေးလက်တိုက်နယ်ဆေးရုံတစ်ခုတွင် မထင်မှတ် မမျှော်လင့်သော သတင်းဆိုးတစ်ခု ဖြစ်ပေါ်လာပါသည်။ အကြောင်းကတော့ ထိုကျေးလက်တိုက်နယ်ဆေးရုံ၏ တစ်ဦးတည်းသော ထဲ အပြာရောင်ဝတ် အထက်တန်း သူနာပြုဆရာမကြီး၏ နာရေးသတင်းပင် ဖြစ်သည်။ ကျေးလက်ဒေသကြီးတစ်ခုလုံး အံ့ဩတုန်လှုပ်သွားခဲ့ရသည်။

ဆရာမကြီးသည် အတွေ့အကြုံရင့်ပြီး လုပ်တတ်ကိုင်တတ် ဆရာဝန်ပေါင်း မြောက်မြားစွာနှင့်တွဲ၍ တာဝန်ထမ်းဆောင်ခဲ့ရပြီး ဆရာဝန်များကပင် အားကိုးအားထားပြုရသော ဆရာမကြီးဖြစ်သည်။

စေတနာ၊ အနစ်နာ၊ ပညာ ပြည့်ဝစွာဖြင့် ပင်တိုင်တိုက်နယ်ဆေးရုံမှာ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည့် ကျေးလက်တစ်နယ်လုံးက ချစ်ခင်လေးစား အားကိုးရသည့် သူဖြစ်သည်။

ဤကဲ့သို့သော ဆရာမကြီးတစ်ယောက် မမျှော်လင့်ဘဲ ဆုံးရှုံးမှုဖြစ်ခဲ့ရသဖြင့် ကျေးရွာတစ်ခုလုံး၏ လက်ရုံးကြီး ပြုတ်သလို အားလုံး ခံစားနေရသည်။

ထိုသတင်းကို ကြားရတော့ လူတိုင်း မယုံနိုင်ဖြစ်နေကြသည်။ ဆရာမကြီးသည် ကျန်းမာ ဖျတ်လတ် သွက်လက်စွာ သွားလာလှုပ်ရှား တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေသည်ကို လူတိုင်းမြင်နေကြဖြစ်သည်။

ဒါပေသည့် နာရေးသတင်းကတော့ အမှန်ဖြစ်နေသည်။ ရွာသူရွာသားများ ဆရာမကြီးနေအိမ်သို့ သူထက်ငါ အမြန်ပြေး၍ နာရေးသတင်းမေးသွားကြသည်။

ထိုအခါမှ ဆရာမကြီး၏ သမီးအကြီး (၉)တန်း ကျောင်းသူလေးက ဖြစ်ကြောင်းကုန်စင်ပြောပြ၍ အားလုံး ယူကျုံးမရ ဖြစ်ကြရသည်။ ဖြစ်ပုံက ဒီလို . . .

ဆရာမကြီးသည် ကျန်းမာ ဖျတ်လတ် သွက်လက်စွာ နေတတ်သော်လည်း လူမသိ သူမသိ လူကြားထဲတွင် အနေ အထိုင်ရခက်သော ရောဂါတစ်ခုရှိသည်။ အကြောင်းက ဝမ်း မကြာခဏချုပ်၍ အပုပ်ကြွပြီး တုတ်ထ တုတ်ထိုးခြင်း မခံစားနိုင်အောင် မကြာခဏ ဖြစ်တတ်သည်။

ရောဂါထလာပြီဆိုလျှင် လူရှေ့သူရှေ့ မရှောင်နိုင်အောင် နှိုက်ရကုတ်ရဖြင့် ဆရာမကြီး အလွန် အနေရခက်သည်။ အင်္ဂလိပ်ဆေး၊ မြန်မာဆေး စုံနေအောင်စားသည်၊ လုပ်သည်။ သို့သော် ခဏသာရသည်။ ပြန်၍ဖြစ်သည်။

ထိုစဉ်အချိန်ကာလက ယခုခေတ်အခါလို ဆေးအားလုံးပေါက်ရုံဖြင့် သန်ကောင်၊ တုတ်ကောင် တစ်ဆေးတည်း တစ်မျိုးလုံးပြုတ်သော အင်္ဂလိပ်ဆေးများလည်း မပေါ်သေးပေ။

တစ်နေ့တွင် ဆရာမကြီး၏ ခံစားနေရသောအခြေ လူနာစောင့်အမေကြီးတစ်ဦးက မိန်းမချင်းမေးမြန်းပြီး ဆေး တိုတစ်ခု လုပ်ကြည့်ပါဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာမကြီးကလည်း ဆေးပေါင်းစုံဖြင့်လုပ်၍မရသော ဝေဒနာကို ပျောက်ချင်စိတ် ပြင်းပြစွာဖြင့် စိတ်ဝင်စားသွားသည်။

"ဆရာမကြီးရယ်၊ တုတ်ထတာများ ဘာမှမခက်ပါဘူး။ ကွမ်းစားတဲ့ ဆေးရွက်ကြီးကို လက်နှင့်ပွတ်၍လိပ်ပြီး စအိုထဲ ထည့်ထား၊ ချက်ချင်းပျောက်ပေါ့"ဟု ပြောသည်။

ဆရာမကြီးကလည်း ဆေးရုံထိပ်က ကွမ်းယာဆိုင်မှ ဆေးရွက်ကြီး အနည်းငယ်တောင်းယူပြီး လက်တွေ့လုပ်ကြည့်သည်။ ဟုတ်ပေသည်။ ချက်ချင်းသက်သာသွားသည်။ ဒါပေမယ့် သုံးလေးရက်ကြာတော့ ပြန်၍ တုတ်ထလာပြန်သည်။ ထိုအခါ ဆေးနည်းပေးသော အမေကြီးကိုတွေ့၍ အကျိုးအကြောင်းပြောပြသည်။

အမေကြီးက ဒါဆို ဆရာမကြီးဆီမှာ တုတ်ကောင်တွေက အတော်အိမ်ဖွဲ့ပြီးနေ၍ ဖြစ်မည်။

"ဒီတစ်ခါ ဆေးရွက်ကြီးကို ပြုတ်ရည်လုပ်ပြီး ဝမ်းချုကြည့်ပါလား"ဟု ပြောသည်။

ဆရာမကြီးကလည်း ဒါ ဖြစ်နိုင်ခြေရှိသည်။ ဆေးရွက်ကြီး အနည်းငယ်လိပ်၍ ထည့်တာတောင် သုံးလေးရက်နေရတာ အဆင်ပြေသက်သာတယ်။ ဆေးရွက်ကြီးပြုတ်ရည်ကိုသာ ဝမ်းချုလိုက်ရင် ကျိန်းသေကောင်းနိုင်သည်ဟု ယူဆသည်။

နောက်တစ်နေ့တွင် ဆေးရွက်ကြီးကို ကိုယ်တိုင် ငါးကျပ်သားဝယ်၍ပြုတ်သည်။ ဝမ်းချုပုံးထဲ ပြုတ်ရည်ကိုထည့်အဆင်သင့်ပြင်ပြီး သမီးအကြီးလေးကို 'အမိုးကို ပိုက်ထည့်ပြီး ဝမ်းချုပေး သမီး' ဟု ဝမ်းချုခိုင်းသည်။ ကလေးကလည်း အမေပြောသည့်အတိုင်း စအိုထဲ ပိုက်ထည့်၍ ဝမ်းချုပုံးကို မြှောက်ပြီး ဆေးပြုတ်ရည်ကုန်အောင် ထည့်ပေးလိုက်ပြီး ပိုက်နှင့်ဝမ်းချုပုံးကို ဆေးကြောသန့်စင်ရန် ရေကပြင်သို့ သွားပြီး ဆေးသည်။

ဆေးကြောပြီး ငါးမိနစ်ခန့်အကြာ အိပ်ခန်းအတွင်းသို့ ဝင်လာပြီး 'အမိုး ဘယ်လိုနေလဲ၊ ဝမ်းသွားမလား' ဟု မေးသည်။ သို့သော် အမေ့ထံမှ စကားပြန်သံ မကြားရ။ ဒါနဲ့ အနားကပ်၍ သေချာကြည့်လိုက်တော့ ချွေးသီးချွေးပေါက်များထွက်ပြီး မျက်နှာတစ်ပြင်လုံး ပြာနှမ်း၍ သတိလစ်နေသည်ကို တွေ့လိုက်ရသည်။

သမီးလေးလည်း ဘာလုပ်ရ ဘာကိုင်ရမှန်း မသိဖြစ်ပြီး အပြင်သို့ အမြန်ပြေးထွက်လာပြီး အိမ်နှင့် ကိုက်(၅၀)ခန့်ရှိ ဘိုက်နယ်ဆရာဝန်ကြီးအိမ်သို့ အပြေးသွားပြီး . . .

ဆရာကြီး၊ အမိုး ဘာဖြစ်လဲ မသိဘူး။ အမြန်လာပါဦး" ဟု ပြောပြီး အိမ်သို့ပြန်ပြေးလာသည်။

ဆရာဝန်ကြီးရောက်၍ စမ်းသပ်လိုက်သောအခါ နှလုံးခုန်ရပ်၍ သေဆုံးနေသည်ကို တွေ့လိုက်ရသည်။

အားလုံး သူကျုံးမရဖြစ်ပြီး ဆုံးရှုံးမှုကြီး ကြုံတွေ့လိုက်ရသည်။ အဖြစ်ကတော့ ဆေးမြီးတို side effect ဒဏ်ကို ခံစားလိုက်ရခြင်းဖြစ်သည်။

ဆေးရွက်ကြီးနှင့် ပတ်သက်သော ဆေးမြီးတိုများ လောကတွင် အတော်များများ တွေ့ရသည်။

ဥပမာ။ ။ ယောက်ျားများ အူကျ၊ ဘောကျ၍ ဆေးရွက်ကြီးနှင့် အခြားဆေးဖက် နှစ်မျိုးသုံးမျိုးနှင့်ရောထောင်းပြီး အူကျသည့်ပေါင်တွင် စည်းခိုင်းသည့်နည်း။

ပန်းနာရင်ကျပ်ရောဂါသည်ကိုလည်း ၎င်းနည်းဆင်တူ လုပ်နိုင်းတတ်ကြသည်။ ဆေးရွက်ကြီးသတ္တိက မည်မျှပြင်းထန်သလဲဆိုလျှင် ပေါင်တွင် ဆေးစည်းပေးလိုက်ပြီး (၁၅)မိနစ်အတွင်း ဆေးစည်းခံရသူသည် ဖျော့အန်မူးဝေ၍ အော်ဂလီဆန်ပြီးလာသည်။ အကယ်၍ အခန့်မသင့်ပါက ဒီထက် ပို၍ဆိုးလာမည်။

ဤသည်မှာ အရေပြားအမာ ပေါင်သားပေါ်တွင် ဆေးရွက်ကြီးနှင့်တွေ့ထိပြီး အရေပြားသွေးပြန်ကြောကလေးများမှ ဆေးကိုစုပ်ယူခြင်းကြောင့်ဖြစ်သည်။

ဆေးရွက်ကြီး ငါးကျပ်သား ပြုတ်ရည်ကို စအိုထဲသို့ ထည့်လိုက်သည့်အခါ အတွင်းအူနံရံများမှ သွေးပြန်ကြောလေးများသည် အရည်စုပ်ယူမှုသတ္တိ အလွန်မြန်ဆန်ပါသည်။

ထို့ကြောင့် ဆေးရွက်ကြီးပြုတ်ရည်ထဲမှ နီကိုတင်းဓာတ်က သွေးကြောထဲသို့ အင်နဲ့အားနဲ့ စီးဝင်ပြီး နှလုံးကို နှိုးဆွမှုပြင်းထန်၍ နှလုံးရပ်သွားခဲ့ခြင်းဖြစ်သည်ဟု ဆေးပညာရပ်ပိုင်းအနေဖြင့် သုံးသပ်တွေ့ရှိရသည်။

ဆေးပင်၊ ဆေးဝါး၊ ဆေးပစ္စည်းတို့၏ အာနိသင်၊ သုံးစွဲသင့်သည့် အတိုင်းအရှည်ပမာဏ၊ အလွန် အယုတ်သဘောတရားများကို သိရှိနားလည် တတ်ကျွမ်းမှုမရှိဘဲ ဆေးမြီးတိုဆေးနည်းများကို ထင်သလို သုံးစွဲခဲ့ကြလျှင် အဘယ်မျှ အန္တရာယ်ကြီးပြီး ဆုံးရှုံးနစ်နာမှုများ ဖြစ်ကြရသည်ကို စာဖတ်သူများ သိမြင်သဘောပေါက်လောက်ပြီဟု ထင်ပါသည်။

အထက်ပါ သာဓကဖြစ်စဉ်များကို အခြေခံ၍ ဆေးနည်းတို (ဆေးမြီးတို)များတွင် အန္တရာယ်ဆိုတာ လက်တစ်ကမ်းတွင် ရှိနေပါလား ဆိုတာကို စာဖတ်သူများ သတိပြုသင်ခြင် သိမြင် နားလည် လက်ခံခဲ့လျှင် ကျွန်ုပ် ဤစာကို ရေးရကျိုးနပ်ပြီဟု မှတ်ယူပါသည်။

သတိမမူဘဲ ကိုယ်ထင်ရာ ကိုယ်လုပ်၊ ကိုယ့်သဘော ကိုယ်ဆောင်နေလျှင်တော့ 'သဗ္ဗေသတ္တာ ကမ္မသကာ'ပါပဲခင်ဗျာ။

လူသားတိုင်း အသိမှန် အမှန်ကိုသိ၍ ကျန်းမာစွာ အသက်ရှင်ရပ်တည်နိုင်ကြပါစေ။

ဦးမင်းဇင်(ခွေးခင်း)

❒



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာကျော် နိုဗယ်ဆုရှင်များ

လှတိုး[ဒိတ်ပညာ]



## အဖိုးတန်တာကို စျေးချိုချိုနဲ့ဝယ်ရှမရ

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်ရှိ ဟီရန်ကောလိပ်၏ကျောင်းအုပ်အဖြစ် ဂျိမ်းစ်အေဂါဖီလ် တာဝန်ထမ်းဆောင်နေချိန်ကဖြစ်သည်။ ကျောင်းသားဟောင်းတစ်ဦး၏ဖခင်က သူ့ထံရောက်လာပြီး ပန်ကြားခဲ့သည်။

"ဆရာ . . . သင်ရိုးတွေကို နည်းနည်းလျှော့ချလို့ မရဘူးလား၊ ကျွန်တော့်သားက ဘာသာတွေအားလုံး လိုက်နိုင်မှာ မဟုတ်ဘူး၊ အချိန်တိုတိုနဲ့ သူအောင်နိုင်ဖို့လိုတယ်"

ဤတွင် ဂါဖီးလ်က အောက်ပါအတိုင်း ကဲ့ပြန်ပြောကြားလိုက်သည်။

"ရတယ်၊ ကျွန်တော် အဲဒါစီစဉ်ပေးလို့ရတယ်၊ ခင်ဗျားသားကို ဘာဖြစ်စေချင်တယ်ဆိုတဲ့ အချက်ပေါ် အရာရာမူတည်နေတာပဲလေ၊ ဘုရားသခင်က ဝက်သစ်ချပင်တစ်ပင်ဖြစ်ထွန်းစေဖို့ နှစ်ပေါင်းတစ်ရာ အချိန်ယူတယ်၊ ဖရုံသီးတစ်လုံးဖြစ်ထွန်းစေဖို့ အချိန်နှစ်လပဲ ယူတယ်"

◆

www.burmeseclassic.com

## လောကတွင် မနောကအဓိက

အသက် ၁၇ နှစ်အရွယ်ရှိ ကောင်လေးတစ်ယောက်သည် လမ်းဖောက်လုပ်ငန်းအဖွဲ့တစ်ခုတွင် အလုပ်လျှောက်လာသည်။ ကောင်လေးမှာ အနည်းငယ် ပိန်နေခဲ့သောကြောင့် အလုပ်ကြပ်က သူ့ကို သံသယဖြင့် ကြည့်လိုက်သည်။

"မင်းနဲ့ဖြစ်မယ်မထင်ဘူး ချာတိတ်၊ အလုပ်က ကြမ်းတယ်၊ ဗလထွားထွားလူကြီးတွေနဲ့ တန်းတူ မင်းလုပ်နိုင်မယ် မဟုတ်ဘူး"

အလုပ်ကြပ်က ပြောလိုက်သည်။

ချာတိတ်သည် ပေါက်တူး၊ ဂေါ်ပြားတို့ကို ထောက်လျက် မှီရပ်နေခဲ့ကြသော အလုပ်သမား လူကြီးအုပ်စုကို တစ်ချက်ကြည့်လိုက်ပြီး ပြန်ဖြေလိုက်သည်။

"ကျွန်တော် အဲဒီသူတွေ လုပ်နိုင်သလောက်တော့ လုပ်ချင်မှ လုပ်နိုင်မယ်၊ ဒါပေမယ့် သူတို့ တကယ်လုပ်သလောက်ကတော့ ကျွန်တော် တန်းတူလုပ်နိုင်တယ်"

အလုပ်ကြပ်က သူ့ကို တစ်ခါတည်း အလုပ်ခန့်လိုက်သည်။

♦

## ငွေ ဘုရား၊ တရားက သိသည်

ပြည်နယ်အုပ်ချုပ်ရေးမှူး အယ်လ်ဖရက်စမစ်သည် ရေဒီယိုအသံလွှင့်ဌာနတစ်ခုမှ ဟောပြောရန်ရှိ၍ အသံလွှင့်ရုံသို့ အလျင်အမြန်သွားဖို့ တက္ကစီကားတစ်စီးငှားရန် အသည်းအသန် ကြိုးစားလိုက်သည်။ တက္ကစီငှားနေသူကို မမှတ်မိသော ယာဉ်မောင်းက ပြည်နယ်အုပ်ချုပ်ရေးမှူးစမစ်၏ ဟောပြောချက်ကို နားထောင်လို၍ အိမ်သို့ပြန်ရမည်ဖြစ်သောကြောင့် တခြားကားတစ်စီးသာ ရှာငှားပါရန် ပန်ကြားလိုက်သည်။

အယ်လ်ဖရက်စမစ်သည် သူ့ဟောပြောချက်ကို ထိုမျှ တခုတ်တရ တလေးတယူ ပြုသည်ကို ကြုံရ၍ အတော်ပင် ဘဝင်မြင့်သွားသည်။ ယာဉ်မောင်းကိုလည်း သူသွားလိုသည့် ခရီး ပို့ဆောင်ပေးလျှင် ငွေ ၅ ဒေါ်လာ အပိုဆောင်းပေးမည်ဟု မက်လုံးပေးလိုက်သည်။ ဤတွင် အငှားယာဉ်မောင်းသည် စမစ်ကမ်းပေးသည့် ၅ ဒေါ်လာတန်ကို လျင်မြန်စွာ ဆွဲယူလိုက်ပြီး ဝမ်းသာအားရ ပြောလိုက်သည်။

"ကဲ လာဗျာ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဟောပြောချက်ကို အသာခေါက်ထားလိုက်"

♦

## အနေမတတ်လျှင် ရွှေလည်းကြေးထင်ခံရသည်

ပါတီပွဲတစ်ခုတွင်ဖြစ်သည်။ တယောဝိဇ္ဇာ ဖရစ်ကရီစလာသည် သူ့မိတ်ဆွေ အခြားဧည့်သည်တစ်စုကို ဖဲမျက်လှည့်ပြနေခဲ့သည်။ ခဏအကြာတွင် လူတစ်ယောက်သည် ကရီစလာ၏အနားသို့ရောက်လာပြီး ပြောလိုက်သည်။

"လာမယ့်အပတ် ကျွန်တော့်ပါတီပွဲမှာ ခင်ဗျား တယောနဲ့ ဖျော်ဖြေလို့ ရမလား"

"ကျွန်တော့်အေးဂျင့်နဲ့ တွေ့လိုက်လေ၊ ငွေရေးကြေးရေးကိစ္စတွေ သူပဲ စီစဉ်တယ်"ဟု ကရီစလာက ပြောလိုက်သည်။ နောက်တစ်နေ့ မနက်တွင် ထိုသူက ကရီစလာ၏ အေးဂျင့်နှင့်တွေ့ဆုံပြီး စာချုပ်ချုပ်လိုက်သည်။ နောက်အပတ်တွင် ကရီစလာသည် ပါတီပွဲသို့ရောက်ရှိသွားသည်။ ကုလားထိုင် တစ်လုံးပေါ်တွင် သူ၏တယောကို တင်လိုက်ပြီး အအေးဓာတ် လွန်ကဲ၍ ထုံကျဉ်နေခဲ့သော သူ၏လက်ချောင်းများ နွေးထွေးအောင် ပွတ်သပ်လိုက်သည်။

အခန်းထဲသို့ ဝင်ရောက်လာသော အိမ်ရှင်သည် မြင်ကွင်းတစ်ခုလုံးကို လျှပ်တပြက် ဖြိုင့်ကြည့်လိုက်ပြီး တအံ့တဩ ရေရွတ်လိုက်သည်။

"ဟ . . . ခင်ဗျားက တယောလဲထိုးသကိုး"

♦

## ရှာသား ရှာဘုရား မကိုးကွယ်

အင်္ဂလိပ်လူမျိုး ကုန်စုံအရောင်းအဝယ်လုပ်ငန်းရှင်တစ်ဦးသည် Pride and Prejudice ဝတ္ထုရေးဆရာမကြီး ဂျိမ်းဩစတင်းနေထိုင်ခဲ့သည့် ဝင်ချက်စတာမြို့ရှိ အိမ်တစ်အိမ်ကို ငှားရမ်းလိုက်သည်။

ထိုနိုင်ငံတော် အမွေအနှစ် အဆောက်အအုံ၏ တရားဝင် ထိန်းသိမ်းစောင့်ရှောက်ရေးဖြစ်သော ဝင်ချက်စတာ ကောလိပ်က ထိုအိမ်ကို ငှားရမ်းလိုက်ရာ ထိုကုန်စုံဆိုင်ဖွင့်ရန် ငှားရမ်းသူက အိမ်တွင် ကမ္ပည်းစာတစ်ခု ရေးထိုးချိတ်ဆွဲပေးထားပါရန် မကြာမတင်ကာလတွင် အရေး ဆိုလာသည်။

"အမေရိကန် ကမ္ဘာလှည့်ခရီးသည်တွေက ဆိုင်ထဲဝင်ဝင်လာပြီး ဒါ ဂျိမ်းဩစတင်းရဲ့အိမ်လားလို့ မေးလေ့ရှိကြတယ်၊ သူတို့နဲ့ အချိန်သိပ်ကုန်တာပဲ၊ နောက်ပြီး ဆိုင်ကနေ ဘာမှဝယ်သွားလေ့ မရှိဘူး၊ အတော်အလုပ်ရှုပ်တဲ့ဟာတွေ"

အိမ်ရှင်အိမ်ငှားက ငြီးတွားလိုက်သည်။

သို့ဖြင့် အောက်ပါအတိုင်း ပီပီပြင်ပြင်ကမ္ပည်းပြားတစ်ခုကို အိမ်ရှေ့မျက်နှာစာတွင် ချိတ်ဆွဲလိုက်ယည်။

ဂျိမ်းဩစတင်း (၁၇၇၅-၁၈၁၇) နေထိုင်ခဲ့သောအိမ်။

ရက်သတ္တပတ် နှစ်ပတ်အကြာတွင် ဆိုင်ရှင်က ပြန်ရောက်လာပြီး တောင်းတောင်းပန်ပန် ဆိုလိုက်သည်။

"အဲဒီကမ္ပည်းကို ပြန်ဖြုတ်ပေးပါဗျာ"

"ဘာဖြစ်လို့လဲ၊ အလုပ်မဖြစ်ဘူးလား"

ကောလိပ် အမှုဆောင်အရာရှိတစ်ဦးက မေးလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

"အခု အရင်ကထက် နှစ်ဆ ပိုဝင်နေတယ်။ လာတာကလဲ အင်္ဂလိပ်လူမျိုးတွေချည်းပဲ ဝင်ဝင်လာပြီးတော့ ဂျိမ်းဩစတင်းဆိုတာ ဘယ်သူလဲလို့ မေးကြတယ်"

ဆိုင်ရှင်က စိတ်ပျက်လက်ပျက် ညည်းတွား ဆိုလိုက်သည်။

◆

## အချိန်နှင့်အခါ သိရေးက အရေးကြီးဆုံးပဲ

လယ်သမားတစ်ဦးသည် တိရစ္ဆာန်ဆရာဝန်တစ်ဦးထံသို့ အောက်ပါအတိုင်း စာတစ်စောင်ရေးသားလိုက်သည်။

"ကျွန်တော့်မှာ တစ်ခါတစ်ခါ ပုံမှန်လမ်းလျှောက်ပြီး တစ်ခါတစ်ခါကျတော့ ခြေထောက်ထော့နဲ့ထော့နဲ့ လျှောက်တဲ့ မြင်းတစ်ကောင်ရှိတယ်၊ ကျွန်တော် ဘာလုပ်ရမလဲ"

တိရစ္ဆာန်ဆရာဝန်က အောက်ပါအတိုင်း အကြောင်းပြန်လိုက်သည်။

"နောက်တစ်ခါ သူ ပုံမှန်လမ်းလျှောက်တဲ့အချိန်မှာ သူ့ကိုရောင်းပစ်လိုက်"

◆

## နည်းနည်းသိသူသည် များများတတ်ပုံဖမ်းသည်

"ဦးရဲ့စိုက်ပျိုးရေးနည်းလမ်းတွေက အရမ်းကို ခေတ်နောက်ကျနေပြီ။ အဲဒီသစ်ပင်ကနေ ပန်းသီးဆယ်လုံးသီးရင်တောင် ကျွန်တော် အံ့ဩမယ်"

စိုက်ပျိုးရေးကျောင်းဆင်း ပညာရှင်လေးက ပြောလိုက်သည်။ လယ်သမားကြီးကလည်း သဘောတူလိုက်သည်။

"အေးကွာ၊ ဒီသစ်ပင်ကနေ ပန်းသီးဆယ်လုံးရရင် ငါလဲ အံ့ဩမယ်၊ ဘာလို့ဆိုတော့ ဒီအပင်က သစ်တော်ပင်လေ"

◆

## ရန်သူ့လက်သီးထက် မိတ်ဆွေလက်သီးက ပိုနာသည်

အသက် ၆ နှစ်အရွယ် ချာတိတ်လေးသည် ပုံမှန်ဘုရားရှိခိုး ဆုတောင်းနေစဉ် သူ့အစ်ကိုအတွက် ဆုတောင်းပေးရန် အလှည့်ရောက်သောအခါ သူ့မိခင်ကိုပြောလိုက်သည်။

"အစ်ကိုကလစ်ကို ကောင်းချီးပေးဖို့တော့ ဘုရားသခင်ဆီ ဆုတောင်းမပေးတော့ဘူး၊ သူ ဒီနေ့ ကျွန်တော့်ကို ထိုးသည့်လိုက်တာ"

ထိုအခါ မိခင်ဖြစ်သူက သူ့ကို သတိပေးလိုက်သည်။ ရန်သူကို ခွင့်လွှတ်ရမည်ဟု ဘုရားသခင်က ဆုံးမသွန်သင်ထားသည် မဟုတ်လောဟု။

ထိုအခါ ချာတိတ်လေးက တုံ့ပြန်ဆိုလိုက်သည်။

"ဒါပေမယ့် အစ်ကိုကလစ်က ကျွန်တော့်ရန်သူ မဟုတ်ဘူး၊ အဲဒါကြောင့် ကျွန်တော် သူ့ကို ခွင့်မလွှတ်နိုင်ဘူး၊ ရန်သူကိုခွင့်လွှတ်ရတာထက် မိတ်ဆွေဖြစ်ပြီး တိုက်ခိုက်တဲ့သူကို ခွင့်လွှတ်ရတာ ပိုခက်တယ်"

◆

## ပိတ်ဆို့မှုများက ပေါက်ကွဲမှုများဖြစ်စေသည်

ဝင်းစတန်ချာချီသည် အိုအာစစ်ပွဲအပြီး လန်ဒန်သို့ ပြန်ရောက်ချိန်တွင် ဟိုက်ပန်းခြံထဲ လမ်းဖြတ်လျှောက်မိခဲ့သည်။ ဟိုက်ပန်းခြံမှာ နိုင်ငံရေးအကြောင်း ပြောဆိုလိုသူမှန်သမျှ လွတ်လပ်စွာ ပြောဆိုခွင့်ပြုထားရာ ပန်းခြံဖြစ်သည်။ ချာချီဖြတ်လျှောက်ချိန်တွင် ဆပ်ပြာပုံးလွတ်တစ်လုံးကို ယာယီစင်မြင့်အဖြစ် အသုံးပြု၍ ပြောဟောနေသူတစ်ဦးက ထိုစဉ်ကာလ ဘုရင်မဖြစ်သော ဗစ်တိုးရီးယားဘုရင်မအား ကောင်းကောင်းဝေဖန်ပုတ်ခတ်နေခဲ့သည်။ အနီးအနားတွင်မူ အင်္ဂလိပ်ရဲတစ်ဦး ရပ်တန့်နေခဲ့သည်။

"ခင်ဗျား ဘာမှမလုပ်ဘူးလား၊ အဲဒီကောင်ကို ဖမ်းလိုက်ပါလား"

ချာချီက မချင့်မရဲဖြင့် ပြောလိုက်သည်။ ဤတွင် ရဲအရာရှိက အေးအေးလူလူ ပြန်ဖြေလိုက်သည်။

"ဒီမှာ လူကြီးမင်း၊ သူ ဒီလို ပြောလိုက် ဆိုလိုက်တဲ့အတွက် ဘုရင်မကြီး ဘယ်လိုမှ မနစ်နာသွားဘူး၊ သူ့ရင်ထဲက အကျိတ်အဖုလဲ အတော်အတန် ကြေသွားတယ်၊ ဒါမျိုး လွှတ်ထားသင့်တာပေါ့"

◆

## မိတ်ဆိုသည်ကား အိတ်ကပ်ထဲက ငွေ၏ သူငယ်ချင်း

| | |
|---|---|
| သတင်းထောက်။ ။ | "လူကြီးမင်း အခု ချမ်းသာကြွယ်ဝသွားပြီဆိုတော့ ဆင်းရဲတုန်းက သိကျွမ်းခဲ့တဲ့ မိတ်ဆွေတွေ လာလာပြီး ဂျီမတိုက်ကြဘူးလား" |
| သူကြွယ်ဖြစ်လာသူ။ ။ | "ကျွန်တော် ဆင်းရဲတုန်းက မိတ်ဆွေ တစ်ယောက်မှ မရှိခဲ့ပါဘူး" |

*Ref: Wisdom of the Worldly Wise by Lyon August*

ရွှေတိုး(စိတ်ပညာ)


□





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အလာစကာပြည်နယ်ရှိ ရေကန်၏ တစ်ပေထုရှိသော ရေခဲအောက်ခြေတွင် တွယ်ကပ်နေသော လှုပ်ရှားသွားလာသည့် ယန္တရားစက်မှ ပို့လွှတ်သော လျှပ်စစ်အချက်ပေးမှုကို ကာလီဖိုးနီးယားပြည်နယ်ရှိ နာဆာသုတေသန ဓာတ်ခွဲခန်းမှ လက်ခံရရှိလိုက်ပါသည်။ ယန္တရား၏ ရှာဖွေရေးမီးရောင် လင်းလက်လာပါသည်။ 'ဒါ အလုပ်ဖြစ်တယ်ဟေ့'ဟု အော်ဟစ်ရင်း ဂျွန်လီချီဟု အမည်ရသော အင်ဂျင်နီယာလူငယ်သည် ရေကန်အနီးရှိ တဲအတွင်း ပြေးဝင်သွားပါသည်။ ထိုအကြောင်းချင်းရာမှာ နည်းပညာအားဖြင့် မမြင့်မားလှဟု ထင်ရသော်လည်း အမှန်စင်စစ် ဝေးကွာလှသော ဂြိုဟ်ငယ်များသို့ စူးစမ်းရန် ပထမအဆင့်ဖြစ်ပေသည်။

တောင်ဘက်သို့ မိုင် ၄၀၀၀ ကျော် သွားလျှင် ဘူမိဇီဝဗေဒပညာရှင် ပီနယ်လုပ် ဘော့စတွန်သည် မက္ကဆီကိုနိုင်ငံရှိ ဂူကြီးတစ်ခုတွင် လှုပ်ရှားသွားလာနေပေသည်။ ထိုဂူကြီးတွင် ရွံ့နွံများပြည့်နှက်နေပြီး ရေမှာလည်း ခါးလယ်အထိ နက်ပါသည်။ မြေမျက်နှာပြင်အောက် ပေ ၅၀ အနက်တွင်ရှိပြီး ပိန်းပိတ်မှောင်နေပါသည်။ သူမနှင့်အတူ ပါလာသော အခြားသိပ္ပံပညာရှင်များကဲ့သို့ပင် သူမသည် စက်ရုံလုပ်ငန်းသုံး စွမ်းအားရှိသော အသက်ရှူကိရိယာ ဝတ်ဆင်ထားပါသည်။ ထို့အပြင် ဂူနံရံမှာ မကြာခဏ စိမ့်ထွက်နေသော အဆိပ်ပြင်းသည့် ဟိုက်ဒရိုဂျင်ဆာလ်ဖိုဒ်နှင့် ကာဗွန်မိုနောက်ဆိုဒ်ဓာတ်များကို ကာကွယ်ရန် သတ္တုလေသေတ္တာများ အပိုဆောင်ထားပါသည်။ သူမခြေထောက်တွင် အရှိန်ဖြင့်စီးဆင်းနေသော ရေထဲ၌ ဆာလဖျူရစ်အက်စစ် ပါဝင်နေပါသည်။ ရုတ်တရက်ဆိုသလို သူမ၏ဦးခေါင်းတွင် တပ်ဆင်ထားသော မီးရောင်မှာ တစ်စုံတစ်ရာကို အရောင်ထွက်စေပါသည်။ ၎င်းမှာ ရှည်လျားသော ရေစက်နှင့်တူပြီး အလင်းရောင် အနည်းငယ် ဖြတ်သန်းနိုင်သော ပျစ်ချွဲချွဲအရည်ဖြစ်ပြီး လိုဏ်ဂူနံရံများမှ ယိုစိမ့်ထွက်နေပါသည်။ လိုဏ်ဂူနံရံမှာ အက်ကြောင်းများရှိသော ထုံးကျောက်ဖြင့် ဖွဲ့စည်းထားပါသည်။

'မလှဘူးလား' သူမ အာမေဋိတ်စကားပြောလိုက်ပါသည်။

ထိုနေရာနှစ်ခုမှာ ရေခဲပြင်ဖြစ်သော အာတိတ်ဒေသရေကန်နှင့် အဆိပ်ပြင်းသော အပူပိုင်းဒေသလိုဏ်ဂူ ဖြစ်ပါသည်။ ၎င်းတို့သည် ရှေးဟောင်းအကျဆုံး ကမ္ဘာပေါ်ရှိ အံ့သြဖွယ်ရာ ပဟေဠိ၏ သဲလွန်စ မေးနိုင်ပေမည်။ ထိုပဟေဠိမှာ ကျွန်ုပ်တို့၏ ကမ္ဘာဂြိုဟ်အပြင်ဘက်တွင် သက်ရှိများ ဖြစ်တည်နေသလောဆိုသော မေးခွန်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ နေစကြဝဠာအတွင်း၌ လည်းကောင်း၊ ပြင်ပ၌လည်းကောင်း ဖြစ်တည်နေသော သက်ရှိများသည် အလားတူ အခြေအနေမျိုးတွင် ရှင်သန်နေရပေမည်။ ပမာအားဖြင့် ကြာသပတေးဂြိုဟ်၏ လတစ်ဆင်းဖြစ်သော ယူရိုပါ (EUROPA) ၏ ရေခဲဖုံးပင်လယ်တွင်း၌ လည်းကောင်း၊ အင်္ဂါဂြိုဟ်ပေါ်တွင် များစွာတွေ့ရသော ဓာတ်ငွေ့များ ပြည့်နေသည့် လိုဏ်ဂူများတွင် လည်းကောင်း ရှင်သန်ရပေမည်။ အကယ်၍ သင်သည် ကမ္ဘာပေါ်ရှိ အခြေအနေတူ နေရာများတွင် သက်ရှိများကိုရှာဖွေ၍ အမျိုးအစား သတ်မှတ်နိုင်မည်ဆိုလျှင် ပြင်ပကမ္ဘာရှိ သက်ရှိများ ရှာဖွေရာတွင် ခြေတစ်လှမ်း သာနေပေမည်။

စင်စစ် သိပ္ပံစိတ်ကူးယဉ် ဇာတ်လမ်းများက ပုံဖော်ထားသော အခြားကြယ်များရှိ သက်ရှိများကို ရှာဖွေရာတွင် အတိအကျသတ်မှတ်ရန် ခက်ခဲလှပါသည်။ သို့ရာတွင် ၁၉၆၁ ခုနှစ်က နက္ခတ္တဗေဒ အစည်းအဝေးမှာ မှတ်တိုင်တစ်ခုဖြစ်ခဲ့ပါသည်။ ထိုအစည်းအဝေးကို ခေါ်ယူသူမှာ ဖရင့်ဒရိတ် (FRANK DRAKE) ဆိုသူ နက္ခတ်တာရာ ရေဒီယိုပညာရှင်ဖြစ်ပါသည်။ သူသည် တခြားကမ္ဘာမှ အသံလွှင့်ချက်များကို ဖမ်းယူရန် စိတ်ကူးကို စတင် ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။

ဒရိတ်သည် ယခုအခါ ၈၄ နှစ်ရှိပြီ ဖြစ်ပါသည်။ သူက နယ်နိမိတ်ပြင်ပမှ ဉာဏ်ပညာများကို ရှာဖွေရေး (ဆက်တီ) အစည်းအဝေးခေါ်ယူစဉ်ကာလကို ကောင်းစွာ မှတ်မိပါသေးသည်။ 'နက္ခတ်ပညာမှာ ထူးခြားတဲ့ဖြစ်စဉ်ပဲ' ဟု သူကပြောပါသည်။ သူ၏ ဓာတ်ခွဲခန်းဒါရိုက်တာ၏ လမ်းညွှန်မှုဖြင့် စကြဝဠာ ဇီဝဗေဒကိုဆွေးနွေးရန် ကားလ်ဆေဂန် (CARL SAGAN) အမည်ရှိသော နက္ခတ်တာရာ သိပ္ပံပညာရှင် အပါအဝင် နက္ခတ်ပညာရှင်များ၊ ဓာတုဗေဒပညာရှင်များ၊ ဇီဝဗေဒပညာရှင်များနှင့် စက်မှုပညာရှင် လက်တစ်ဆုပ်စာမျှ စုဆောင်းခဲ့ပါသည်။

အမှန်တကယ် ဒရိတ် လိုအပ်သည်မှာ တခြားကမ္ဘာမှ



ဂယ်လီလီယို အာကာသစခန်းမှာ ရောင်စုံကနုတ်ပန်းသဖွယ် မြင်တွေ့နေရသော ယူရိုပါ၏ အေးခဲအက်ကွဲနေသော မျက်နှာပြင်သည် သက်ရှိများအတွက် လိုအပ်ချက်များ ထိန်းသိမ်းထားသော သမုဒ္ဒရာကို ဖုံးကွယ်ထားသည်။



www.burmeseclassic.com


www.burmeseclassic.com

ဂြိုလ်သားများ၏ အသံလွှင့်မှုကို ဖမ်းယူရန် ရေဒီယိုနည်းစနစ်ပါသော အဝေးကြည့်မှန်ပြောင်း တပ်ဆင်ရေးနှင့် ထိုအသံကို ရှာဖွေရန် အကောင်းဆုံးနည်းလမ်းတို့သာ ဖြစ်ပါသည်။ ထိုနေရာတွင် ယဉ်ကျေးမှုအဖွဲ့အစည်း မည်မျှရှိနေသည်ကို သူစဉ်းစားပါသည်။ ထို့ကြောင့် သူ၏ညှိသည်များ မရောက်လာမီ အနက်ရောင်သင်ပုန်းပေါ်တွင် ပုံသေနည်းတစ်ရပ်ကို ရေးခြစ်ခဲ့ပါသည်။

ဝင်းသည် ယခုအခါ နာမည်ကျော် ဒရိတ်ညီမျှခြင်း ဖြစ်လာပါသည်။ သူသိလိုသောမေးခွန်း၏ အဖြေကိုရရန် စီကာ စဉ်ကာ တည်ဆောက်ထားပါသည်။ ရှေးဦးစွာ နဂါးငွေ့တန်းအတွင်း နေနှင့်တူသော ကြယ်များဖြစ်ပေါ်မှုနှုန်းကို တည်ထားပါသည်။ ထို့နောက် ထိုကြယ်မျိုးများတွင် လှည့်ပတ်သောဂြိုလ်များ ပါဝင်မှုစနစ်ရှိသော ကြယ်များအစိတ်အပိုင်းနှင့် မြှောက်ပါသည်။ ရလဒ်ကိုယူ၍ ထိုစနစ်များတွင် သက်ရှိနှင့်သင့်လျော်သော ဂြိုဟ်များ ပျမ်းမျှပါဝင်နှုန်းနှင့် မြှောက်ပါ။ သက်ရှိနှင့်သင့်လျော်သည်ဆိုရာတွင် ကမ္ဘာနှင့် အရွယ်အစားညီပြီး နေမှအကွာအဝေးလည်း တူညီရပါမည်။ ထို့နောက် အသက်ဇီဝ ဖြစ်ပေါ်သော အစိတ်အပိုင်းနှင့် မြှောက်ပါ။ ထို့နောက် အသက်ဇီဝတွင် အသိဉာဏ်ရှိသောအပိုင်းနှင့် ထပ်မြှောက်ပါ။ ထို့ပြင် ကျွန်ုပ်တို့ဖမ်းယူရန် ရေဒီယိုလှိုင်းထုတ်လွှင့်မှု နည်းပညာရှိသော အစိတ်အပိုင်းနှင့် မြှောက်ရပါဦးမည်။

နောက်ဆုံးအဆင့်မှာ ရေဒီယိုထုတ်လွှင့်သော ယဉ်ကျေးမှုအဖွဲ့အစည်းများတွင် အသက်ရှင်ရပ်တည်မှုကိစ္စပင်ဖြစ်ပါစေ ရေဒီယိုထုတ်လွှင့်မှု ပျမ်းမျှအချိန်ပိုင်း ဖြစ်ပါသည်။ ထိုသို့ အဆင့်မြင့် အဖွဲ့အစည်းများတွင်ပင် ရေဒီယိုနည်းပညာပေါ်ပေါက်ပြီး ဆယ်နှစ်ကျော်လျှင် နျူကလီးယားအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့လျှင် သတ်မှတ်ချိန်အတွင်းပင် ထုတ်လွှင့်ရန် ခက်ခဲသွားပေမည်။

ညီမျှခြင်းသည် ယုတ္တိတန်ပါသည်။ သို့ရာတွင် ပြဿနာတစ်ရပ် ရှိနေသေးသည်။ ထိုအစိတ်အပိုင်း သို့မဟုတ် ကိန်းဂဏန်းများနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ သဲလွန်စ မရသေးပါ။ နေနှင့်တူသောကြယ်များ ဖြစ်ပေါ်မှုနှင့်ပတ်သက်လျှင် အနည်းအကျဉ်း သိသည်မှလွဲ၍ ကျန်အပိုင်းမှာ စိတ်ကူးတွေးဆမှုအဆင့်တွင်သာ ရှိပါသေးသည်။ အကယ်၍ ဆက်တီအဖွဲ့မှ သိပ္ပံပညာရှင်များသည် ပြင်ပနယ်မြေမှ ရေဒီယိုအချက်ပေးမှုကို ဖမ်းမိလျှင် ထိုမသေချာမှုများ အရေးမပါတော့ပါ။ သို့ရာတွင် ထိုသို့ မဖြစ်မီကာလတွင် ဒရိတ်ပုံသေနည်းတွင် ပါဝင်သော အချက်များတွင် ပါရဂူမြောက်သူများသည် ကိန်းဂဏန်းသတ်မှတ်ရန် ကြိုးပမ်းရပေဦးမည်။ နေနှင့်တူသော ကြယ်များပတ်လည်တွင် ဂြိုလ်များပေါ်ပေါက်နှုန်း



ဘရူးအမည်ရသည့် စမ်းသပ်ကိရိယာသည် စမ်းသပ်ကိရိယာသည် ရှူးကုတ်ရေကန်ရှိ ရေခဲပြင်အောက်တွင် တွားသွားနေပါသည်။ မီသိန်းနှင့် အခြားဓါတ်ငွေ့များကြောင့် ဖြစ်ပေါ်လာသော ပူစီပေါင်းများက အောက်ခြေတွင် သက်ရှိများရှိကြောင်း အချက်ပြခြင်းဖြစ်ပါသည်။



www.burmeseclassic.com


www.burmeseclassic.com

ကို လေ့လာရမည်။ (သို့မဟုတ်) ကမ္ဘာပေါ်တွင် သက်ရှိဖြစ်တည်မှု ပဟေဠိကို အဖြေညှိရပေတော့မည်။

သိပ္ပံပညာရှင်များသည် ထိုပုံသေနည်းတွင် အကြမ်းဖျင်း ခန့်မှန်းချက်များ ထည့်သွင်းရန်ပင် ရာစုနှစ်၏ သုံးပုံတစ်ပုံ ကြာခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် ဂျီနီဗာတက္ကသိုလ်မှ မစ်ချဲမေယာ (MICHEL MAYOR) နှင့် ဒိုင်ဒီယာကွီလော့ (DIDIER QUELOZ) တို့က ကျွန်ုပ်တို့၏ နေစကြဝဠာပြင်ပတွင် ကြယ်တစ်လုံးကို လှည့်ပတ်နေသော ဂြိုလ်တစ်လုံးကို တွေ့ရှိခဲ့ကြပါသည်။ ထိုကမ္ဘာကို ၅၁ ပီဂါစီ ဘီ (51 PEGASI B) ဟု သတ်မှတ်ခဲ့ပြီး ကမ္ဘာမြေမှ အလင်းနှစ် ၅၀ ကွာဝေးပါသည်။ ကြီးမားသော ဓာတ်ငွေ့လုံးကြီးဖြစ်ပြီး ကြာသပတေးဂြိုလ်နှင့် အရွယ်ပမာဏ ညီမျှပါသည်။ ကြယ်ကို တစ်ပတ်ပတ်ချိန် (တစ်နှစ်)မှာ လေးရက်သာကြာပြီး မျက်နှာပြင်အပူချိန်မှာ ၂၀၀၀ ဒီဂရီ ဖာရင်ဟိုက် နီးပါးရှိပါသည်။

လောလောဆယ်တွင် မည်သူကမျှ ထိုကဲ့သို့ ငရဲတမျှ အခြေအနေတွင် သက်ရှိများ ရှင်သန်မည်ဟု မထင်ကြပါ။ သို့ရာတွင် ဂြိုဟ်တစ်လုံးကို ရှာဖွေတွေ့ရှိမှုကပင် ထူးကဲသော အောင်မြင်မှုတစ်ရပ် ဖြစ်ပေသည်။ နောက်နှစ်ဦးပိုင်းတွင် ထိုစဉ်က ဆန်ဖရန်စစ်စကိုပြည်နယ် တက္ကသိုလ်တွင်ရှိပြီး ယခုအခါ ဘာကလေမှ ဂေါ်ဖရီမာစီ (Geol Frey Marcy) သည် နောက်ထပ် ဒုတိယနှင့် တတိယဂြိုလ်များတွေ့ရှိရန်သူ့အဖွဲ့ကို ဦးဆောင်ခဲ့ပါသည်။ ၎င်းနောက် ရေထိန်းတံခါးပွင့်သွားခဲ့ပါသည်။ ယနေ့အထိ သိပ္ပံပညာရှင်များက စကြဝဠာပြင်ပဂြိုလ်ပေါင်းနှစ်ထောင်နီးပါး အတည်ပြုနိုင်ပေပြီ။ အရွယ်ပမာဏအားဖြင့် ကမ္ဘာထက်ငယ်သော ဂြိုလ်များမှ ကြာသပတေးဂြိုလ်ထက်ကြီးသော ဂြိုလ်များ ပါဝင်ပါသည်။ အများစုမှာ အစွမ်းထက်မြက်သော ကက်ပလာ (KEPLER) အာကာသမှန်ပြောင်း အကူအညီကြောင့်ဖြစ်သည်။ ၎င်းကို ၂၀၀၉ ခုနှစ်တွင် ကမ္ဘာပတ်လမ်းကြောင်းပေါ် တင်ထားပြီး နောက်ထပ်စူးစမ်းနေဆဲ ဖြစ်ပါသည်။

ထိုတွေ့ရှိခဲ့သမျှ ဂြိုလ်အားလုံးသည် ကမ္ဘာမြေကြီးနှင့် မတူပါ။ သို့ရာတွင် သိပ္ပံပညာရှင်များက မကြာခြားသော ကာလတွင် ကမ္ဘာနှင့်တူသောဂြိုလ်ကို တွေ့လိမ့်မည်ဟု ယုံကြည်နေကြပါသည်။ ကြီးမားသောဂြိုလ်များအား တွေ့ရှိရန်



နှစ်သန်းပေါင်း (၆၀)မျှသာ သက်တမ်းရှိသော်လည်း ယိုရှိုပါစ် ကြွပ်ဆတ်သောမျက်နှာပြင်မှာ ပရုပ်ပနား လှုပ်ရှားနေပါသည်။ ...
ဓာတ်ပေါင်းများသည် အက်ကွဲကြောင်းများမှတစ်ဆင့် သမုဒ္ဒရာသို့ ရောက်ရှိပေမည်။ အထပ်ထပ်ရှိပြီး နက်သော အက်ကွဲကြောင်းများသည် ဓာတ်ပေါင်းများ ရေထဲသို့ ရောက်စေမည်ဖြစ်သည်။



www.burmeseclassic.com


www.burmeseclassic.com

အပေါ် မူတည်၍ ကြယ်ငါးလုံးတွင် တစ်လုံးထက်ပိုသော ကြယ်သည် ကမ္ဘာမြေကဲ့သို့ သက်ရှိများနှင့် သင့်လျော်သော ဂြိုလ် ပါဝင်မည်ဟု တွက်ချက်ခဲ့ကြပါသည်။ စာရင်းအင်းပညာနှင့် ပြောရလျှင် အနီးဆုံးဂြိုလ်မှာ အလင်းနှစ် ၁၂ နှစ် ကွာဝေးပါသည်။ အနန္တစကြဝဠာအနေနှင့် ပြောရလျှင် အခန်းချင်းကပ်လျက် ဖြစ်ပါသည်။

ထိုအကြောင်းအရာမှာ အာကာသဇီဝဗေဒပညာရှင်များအဖို့ သတင်းကောင်းဖြစ်ပေသည်။ သို့ရာတွင် ယခုနှစ်များတွင် ဂြိုလ်သစ်ရှာဖွေသူများက ကျွန်ုပ်တို့၏ နေနှင့်တူသောကြယ်များကိုသာ ကန့်သတ်ရှာဖွေခြင်းမှာ အကျိုးအကြောင်း မဆီလျော်ကြောင်း သိရှိလာကြပါသည်။ ဟားဗတ်တက္ကသိုလ်မှ နက္ခတ်ပညာရှင်တစ်ဦးဖြစ်သော ဒေးဗစ်ချာဗွန်နူး (DAVID CHARBONNEAU) က 'ကျွန်တော် အထက်တန်းကျောင်းတုန်းက ကမ္ဘာမြေကြီးဟာ ပျမ်းမျှအရွယ်ပမာဏရှိတဲ့နေကို ပတ်နေတယ်လို့ သင်ခဲ့ရတယ်။ အဲဒါမမှန်ဘူး'ဟု ပြောပါသည်။

စင်စစ် နဂါးငွေ့တန်းအတွင်းရှိ ကြယ်များ၏ ၈၀ ရာခိုင်နှုန်းမှာ သေးငယ်မှုန်မွားပြီး အလွန်အေးပါသည်။ ထိုအနီရောင် အလုံးကလေးများကို ဂြိုလ်သိမ်ဂြိုလ်မွားဟု ခေါ်ပါသည်။ ၎င်းတို့သည် အလွန်မအေးရန် နေနှင့် ပို၍နီးကပ်ရန် လိုပါသည်။ သို့မှသာ ကမ္ဘာမြေကဲ့သို့ သက်ရှိများခြေချနိုင်ပေမည်။

ထို့ထက်တစ်မူ သက်ရှိများနေထိုင်နိုင်ရန် ဂြိုလ်တစ်လုံးသည် ကမ္ဘာနှင့် အရွယ်ပမာဏတူရန် မလိုဟု သိပ္ပံပညာရှင်များ ယုံကြည်လာကြပါသည်။ ဟားဗတ်မှ နက္ခတ်ပညာရှင်နောက်တစ်ဦးဖြစ်သော (DIMITAR SASSELOV) က 'ကျွန်တော် ပြောရမယ်ဆိုရင် ကမ္ဘာမြေတစ်ဆမှ ငါးဆအတွင်းဟာ ဖြစ်နိုင်ပါတယ်' ဟု ပြောပါသည်။ အချုပ်ဆိုလျှင် သက်ရှိများဖြစ်တည်နိုင်သော ဂြိုလ်များ၏ အခြေအနေကွဲ



အန္တာတိကရေခဲပြင်အောက် မိုင်ဝက်ခန့်ရှိသော ရှိလျှံရေကန်မှ ၂၀၁၃ ခုနှစ်တွင် အဏုဇီဝပိုးတစ်မျိုး ရှာဖွေဖော်ထုတ်နိုင်ခြင်းက အလွန်အကျွံဆိုးရွားသော ပတ်ဝန်းကျင်တွင်ပင် သက်ရှိများဖြစ်တည်နိုင်ကြောင်း ထုတ်ဖော်ပြသသည်။

ပြားမှုသည် ၁၉၆၁ ခုနှစ်က ဒရိတ်တို့ ထင်ထားသည်ထက် ပို၍ များပြားနေပါသည်။

ထိုမျှမကသေးပါ။ ဒရိတ်တို့ အစည်းအဝေးပြုလုပ်စဉ်ကာလက စဉ်းစားခဲ့သော အပူချိန်ခြားနားမှုနှင့် ဓာတုပတ်ဝန်းကျင် ခြားနားမှုသည်လည်း ပို၍ ကျယ်ပြန့်လာပါသည်။ တစ်နည်းဆိုသော် အခြေအနေ အမျိုးမျိုးတွင် သက်ရှိများဖြစ်တည်နိုင်ကြောင်း သိလာကြပါသည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် အဏ္ဏဝါဗေဒပညာရှင် စူးစမ်းရှာဖွေသူ ရောဘတ်ဘဲလတ် (ROBERT BALLARD) သည် ဘက်တီးရီးယားများကို အာဟာရပေးနေသော အလွန်ပူသည့် ရေပန်းတစ်ခုကို တွေ့ရှိခဲ့ပါသည်။ ရေတွင် ပျော်ဝင်နေသော ဟိုက်ဒရိုဂျင်ဆာလ်ဖိုဒ်နှင့် အခြားဓာတ်ပစ္စည်းများကို အာဟာရအဖြစ်ရယူပြီး အဏုဇီဝသက်ရှိများ ပေါက်ဖွားနေပါသည်။ ၎င်းသက်ရှိများသည်ပင် အခြားအဆင့်မြင့် သက်ရှိများ၏ အစာအာဟာရဖြစ်နေပါသည်။ သိပ္ပံပညာရှင်များက သက်ရှိများကို ရေပူစမ်းများတွင် လည်းကောင်း၊ အန္တာတိကတိုက်ရှိ ရေခဲပြင်အောက် ပေထောင်ပေါင်းများစွာနက်သော နေရာမှ အေးစက်သော ရေကန်များတွင် လည်းကောင်း၊ အလွန်အက်စစ်ပမာဏများသော နေရာများ၌လည်းကောင်း၊ အလွန်အယ်ကာလီ (ဆားအခြေခံ) ဓာတ်များသော နေရာများတွင် လည်းကောင်း၊ ရေဒီယိုသတ္တိကြွနေရာများတွင် လည်းကောင်း၊ ထို့ထက်လွန်ကဲ၍ ကမ္ဘာမြေအောက် တစ်မိုင်မကနက်သောနေရာမှ ကျောက်တုံး၏အက်ကြောင်းများ၌ လည်းကောင်း ရှင်သန်ပေါက်ပွားနေကြောင်း တွေ့ရှိခဲ့ကြပါသည်။ 'အဲဒါတွေဟာ ကမ္ဘာပေါ်မှာ သက်သောင့်သက်သာရှိတဲ့နေရာတွေပဲ' ဟု လီဆာ ကာလ်တင်အက်ဂါ (LISA KALTENEGGAR) က ပြောပါသည်။ သူမသည် ဟားဗတ်တက္ကသိုလ်နှင့် ဂျာမနီနိုင်ငံ ဟေဒဲဘတ်မြို့ရှိ နက္ခတ်ပညာတက္ကသိုလ်တွင် ပူးတွဲခန့်ထားခြင်းခံရသူ ဖြစ်ပါသည်။ 'ဒါပေမယ့် အခြားဂြိုလ်ပေါ်မှာဆိုရင် အများဆုံးတွေ့ရမယ့်မြင်ကွင်းဆိုတာ ရှင်တို့ ခန့်မှန်းလို့ရပါတယ်။'

ဇီဝဗေဒပညာရှင်များ ငြင်းဆိုနေသော အဓိကအချက်မှာ သက်ရှိများသည် ရေကို အရည်အနေအထား၌ လိုအပ်ခြင်းဖြစ်သည်။ ရေသည် အာဟာရများကို ပျော်ဝင်စေပြီး သက်ရှိ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများဆီသို့ ပို့ဆောင်ပေးနိုင်ပါသည်။ ကျွန်ုပ်တို့၏ နေစကြဝဠာအတွင်း သိရှိခဲ့သည်မှာ ၁၉၇၁ ခုနှစ်က မရီနာ ၉ သည် အင်္ဂါဂြိုလ်ပိတ်လမ်းကြောင်း လှည့်ပတ်ပြန်ကတည်းက ထိုဂြိုဟ်နီမပေါ်တွင် တစ်ချိန်က ရေများစီးဆင်းခဲ့သည်ဟူသော အချက်ပင်ဖြစ်သည်။ ထို့ကြောင့် ထိုနေရာတွင် အနည်းဆုံး အဏုဇီဝပိုးအဆင့်တွင် ဖြစ်စေ ဖြစ်တည်ခဲ့ပေမည်။ ထို့ပြင် သက်ရှိများ အရည်အခြေအနေ၌ ရေရှိမည်ဖြစ်သော မြေအောက်တွင် သက်ရှိများ



www.burmeseclassic.com

www.burmeseclassic.com


ဆက်လက် ရှင်သန်ဖွယ်ရာ ရှိပါသည်။ ကြာပပတေးဂြိုလ်၏ လတစ်စင်းဖြစ်သော ယူရိုပါ၏ ရေခဲဖုံးလွှမ်းသော မျက်နှာပြင်တွင် လတ်လတ်ဆတ်ဆတ် အက်ကြောင်းများ တွေ့ရပါသည်။ ထိုအချက်မှာ ရေခဲအောက်တွင် အရည်ဖြစ်နေသော ရေများ သမုဒ္ဒရာသဖွယ် ရှိနေကြောင်း အထောက်အထားဖြစ်ပေသည်။ မိုင်ပေါင်း ဘီလီယံတစ်ဝက်မျှ နေမှ ကွာဝေးသဖြင့် ယူရိုပါရှိရေများ အေးခဲနေသင့်ပေသည်။ သို့ရာတွင် ထိုလသည် ကြာသပတေးဂြိုလ်၏ ဆွဲအား တွန်းအားများကြောင့် ဒီရေအတက်အကျ လှုပ်ရှားနေပေသည်။ ထို့ပြင် များပြားလှသော အခြားလများက အပူစွမ်းအင်များ ထုတ်လွှတ်နေသဖြင့် မြေအောက်ရေသည် အရည်အခြေအနေတွင် ရှိပေမည်။ နိယာမသဘောအရ ထိုရေတွင် သက်ရှိများ ဖြစ်တည်နိုင်ပေသည်။

၂၀၀၅ ခုနှစ်တွင် စနေဂြိုလ်၏ လတစ်စင်းဖြစ်သော အင်ဆဲလဒပ် (ENCELADUS)မှ ရေများ ပန်းထွက်နေသည်ကို တွေ့ရှိခဲ့ပါသည်။ အာကာသယာဉ်မှ ဆက်လက် တိုင်းထွာမှုများအရ ထိုလပေါ်တွင် မြေအောက်ရေရှိကြောင်း အတည်ပြုချက်ကို ဧပြီလတွင် သတင်းပို့ခဲ့ပါသည်။ ထိုလ၏ ရေခဲဖုံးအလွှာအောက်တွင် ဓရပမာဏ မည်မျှရှိနေကြောင်း သိပ္ပံပညာရှင်များ မသိရှိကြသေးပါ။ ထို့ပြင် သက်ရှိများဖြစ်တည်မှု အခွင့်အရေးရှိရန် မည်မျှကြာကြာ အရည်အခြေအနေတွင်ရှိကြောင်းလည်း မသိရသေးပါ။ စနေဂြိုလ်၏ အကြီးဆုံးလဖြစ်သော တိုင်တန် (TITAN) ၏ မျက်နှာပြင်ပေါ်တွင် မြစ်များ၊ ကန်များနှင့် မိုးရွာသွန်းမှုများ ရှိနေပါသည်။ သို့ရာတွင် တိုင်တန်၏ မိုးလေဝသဖြစ်စဉ်များသည် ဟိုက်ဒရိုကာဗွန်အရည်များဖြစ်သည့် မီသိန်းနှင့် အီသိန်းများကို အခြေခံပါသည်။ ရေကြောင့် မဟုတ်ပါ။ ထိုနေရာတွင် သက်ရှိတစ်စုံတစ်ရာ ရှိနိုင်ပါသည်။ သို့ရာတွင် မည်သည့်ပုံစံဖြစ်မည်ကို မည်သူမျှ ခန့်မှန်းမရပါ။

အင်္ဂါဂြိုလ်သည် ကမ္ဘာမြေနှင့် ပိုတူပါသည်။ အဆိုပါလများနှင့်ယှဉ်လျှင် ပို၍လည်း နီးပါသည်။ သက်ရှိ ရှာဖွေမှုလုပ်ငန်းများကို ဂြိုလ်နီပေါ်တွင် အားသွန်ခွန်စိုက် ဆောင်ရွက်လျက် ရှိပါသည်။ နာဆာ၏ စူးစမ်းရှာဖွေရေးယာဉ်ဖြစ်သော ကျူရီအိုစီးတီး (CURIOSITY) သည် ဂေးလ် (GALE) မီးတောင်ဝကို လေ့လာနေပါသည်။ ထိုနေရာတွင် နှစ်သန်းပေါင်းများစွာက ကြီးမားသော ရေကန်ကြီး တည်ရှိခဲ့ပြီး ဓာတုပတ်ဝန်းကျင်သည် အဏုဇီဝပိုးများ ရှိနေမည်ဆိုလျှင် သင့်လျော်သော အခြေအနေဖြစ်ပေသည်။

စင်စစ် မက္ကဆီကိုနိုင်ငံမှ လိုဏ်ဂူသည် အင်္ဂါဂြိုလ်မဟုတ်ပါ။ ထို့ပြင် အလာစကာပြည်နယ် မြောက်ပိုင်းမှ ရေကန်သည်လည်း ယူရိုပါ မဟုတ်ပါ။ သို့ရာတွင် ပြင်ပကမ္ဘာမှ သက်ရှိများ ရှာဖွေရေးတွင် အာကာသဇီဝပညာရှင် ကေဗင်ဟန်း (KEVIN HAND) နှင့် ၎င်းနှင့်လီချီအပါအဝင် အခြားအဖွဲ့ဝင်များသည် အလာစကာပြည်နယ် ဘာရိုမြို့မှ မိုင် ၂၀ ကွာဝေးသော စူကုတ် (SUKOK) ရေကန်သို့ သွားခဲ့ကြပါသည်။

အလားတူ ရှာဖွေမှုမျိုးကို ပီနဲလုပ်တော့ စတွန် (PENELOPE BOSTON) နှင့် ၎င်းမ၏အဖွဲ့သည် မက္ကဆီကိုနိုင်ငံ တာပီဂျူလာပါအနီး ကျူပါဒီဗီလာလပ်စ် (CUEVA DE VILLA LUZ) ခေါ် အဆိပ်ဂူတွင် ပြုလုပ်ခဲ့ပါသည်။ ထိုနေရာနှစ်ခုစလုံးတွင် သုတေသီများသည် သက်ရှိများကို ရှာတွေ့ရန် နည်းပညာများကို စမ်းသပ်ခဲ့ပါသည်။ ထိုနည်းပညာများသည် အာကာသတွင်း အခြေအနေနှင့် အများဆုံးတူညီပြီး အာကာသတွင်း စမ်းသပ်ကိရိယာများ တွေ့ကြုံနိုင်သည့် ပတ်ဝန်းကျင်တွင် စမ်းသပ်ခဲ့လေသည်။ တိတိကျကျဆိုရလျှင် သိပ္ပံပညာရှင်များသည် အမြင်အားဖြင့် (သို့မဟုတ်) ဓာတ်ပစ္စည်းအားဖြင့် အတိတ်ပစ္စုပ္ပန်ကာလများအတွင်း ဇီဝရိပ်ရောင်များကို ရှာဖွေခြင်းဖြစ်ပါသည်။ ထိုနေရာများသည် သိပ္ပံပညာရှင်များ မိမိတို့၏ ခေတ်မီဓာတ်ခွဲခန်းတွင် အလုပ်လုပ်ရသော အဆင်ပြေမှု မရရှိနိုင်သော အခြေအနေများ ဖြစ်ပေသည်။



စနော့တိုက် ခေါ် အဏုဇီဝပိုး ကြွယ်ဝသော ဇီဝအလွှာများသည် မက္ကဆီကိုနိုင်ငံရှိ ကျူးတာလိုက်ဂူ၏ နံရံမှ စီးကျနေပါသည်။ ဆာလ်ဖာဓာတ်[illegible] များအတွင်း နေထိုင်သော အဏုဇီဝသက်ရှိများသည် ဂူအတွင်းမှ [illegible]သက်ရှိ အငယ်များကို စားသုံးပါသည်။

www.burmeseclassic.com

မဂ္ဂဆီကိုမှ လိုဏ်ဂူကို စဉ်းစားကြပါစို့။ လှည့်ပတ်နေသော အာကာသယာဉ်သည် အင်္ဂါဂြိုလ်၌ လိုဏ်ဂူများရှိနေကြောင်း ပြသခဲ့ပါသည်။ ထို့ပြင် လွန်ခဲ့သော နှစ်ပေါင်း ၃ ဘီလီယံက ဂြိုလ်သည် လေထုနှင့် မြေပြင်ရေများ ဆုံးရှုံးခဲ့ပြီးနောက် အဏုဇီဝများ ခိုအောင်းနိုင်စရာနေရာ ဖြစ်ပေမည်။ အင်္ဂါဂြိုလ်မှ လိုဏ်ဂူနေ သက်ရှိများသည် နေရောင်မဟုတ်သော စွမ်းအင်အရင်းအမြစ်ဖြင့် သက်ရှိနေထိုင်ကြမည်ဖြစ်သည်။ ဥပမာအားဖြင့် ဘော်စတွန် တွေ့ရှိခဲ့သော စနော့တိုက် (ခေါ်) စိမ့်ထွက်နေသောအရာများ ဖြစ်ပေသည်။ အရေအတွက်အားဖြင့် ထောင်ချီရှိသော လိုဏ်ဂူများတွင် လက်မစ်စိတ်အပိုင်းမှ နှစ်ပေအထိရှည်သော အကျိအချွဲများဖြစ်သည်၊ ၎င်းတို့မှ စင်စစ် ဇီဝအလွှာကလေးဖြစ်ပြီး အဏုဇီဝများ အုပ်စုလိုက်နေထိုင်ရာ ဖြစ်ပေသည်။

စနော့တိုက်တွင်ရှိသော အဏုဇီဝပိုးများသည် ဓာတုရွှေ့ည်းများကို မှီခဲကြောင်း ဘော့စတွန်က ရှင်းပြပါသည်။ "သူတို့ဟာ ဟိုက်ဒရိုဂျင်ဆာလ်ဖိုဒ်ကို ဓာတ်တိုးစေပါတယ်။ အဲဒါ တစ်ခုတည်းသော စွမ်းအင်အရင်းအမြစ်ပဲ ရှိသော ဒီအကျိအချွဲကို ဖန်တီးတာဟာ ဘဝပုံစံပဲ"


စနော့တိုက် (SNORT TITES) များသည် အဏုဇီဝအဖွဲ့အစည်းများဖြစ်သည်။ ဘော့စတွန်ကပြောသည်မှာ အဏုဇီဝအဖွဲ့အစည်း တစ်ဒါဇင်ခန့် လိုဏ်ဂူထဲတွင် ရှိနေကြောင်း ပြောပါသည်။ "တစ်ခုစီဟာ ကွဲပြားတဲ့ ရုပ်သွင်သဏ္ဍာန်ရှိတယ်။ တစ်ခုစီမှာ အစာအာဟာရစနစ် သီးသန့်ရှိတယ်"

၎င်းတို့ထဲမှ အဖွဲ့အစည်းတစ်ခုသည် ဘော်စတွန်နှင့်အဖွဲ့အား စူးစမ်းလိုစိတ် ဆွပေးပါသည်။ ၎င်းသည် စီးကျမှုပုံစံ (သို့မဟုတ်) အလုံး မဖြစ်ပေါ်စေပါ။ ဂူနံရံပေါ်တွင် အစက်များ၊ မျဉ်းကြောင်းများ သာမက ရှေးခေတ် အီဂျစ်အရုပ်စာကဲ့သို့သော စနစ်ပုံစံများ ပြုလုပ်ပါသည်။ အာကာသဇီဝဗေဒပညာရှင်များက ၎င်းတို့အား ဇီဝပိုးမျှင်များဟု နာမည်ပေးထားပါသည်။

ထိုစနစ်ပုံစံများသည် လိုဏ်ဂူနံရံမှာရှိသော အဏုဇီဝသက်ရှိများကသာ ပြုလုပ်ခြင်း မဟုတ်ပါ။ "အချိုးအစားအမျိုးမျိုးနဲ့ ဖြစ်ပေါ်နေပါတယ်။ လိုအပ်တဲ့ အရင်းအမြစ်တွေ ကုန်ခမ်းနေတဲ့နေရာမှာ အထူးသဖြင့် တွေ့နေရပါတယ်" ဟု (KEITH SCHUBERT) က ပြောပါသည်။ သူသည် ဘေလာတက္ကသိုလ်မှ အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး ပုံရိပ်ဖော်ပညာကို အထူးလေ့လာထားပါသည်။ သူသည် မဂ္ဂဆီကို လိုဏ်ဂူသို့လာရောက်၍ ကြာရှည် စောင့်ကြည့်လေ့လာသော ကင်မရာများ တပ်ဆင်ပါသည်။ ခြောက်သွေ့ကွဲအပ်သော နေရာများမှ မြက်ပင်များနှင့် သစ်ပင်များလည်း ထိုသို့ စနစ်ပုံစံများ ဖန်တီးကြောင်း သူကပြောပါသည်။ ထို့အတူ ဘက်တီးရီးယားများ၊ ရေညှိများနှင့် မှိုများစုဝေးရာ မြေဆီလွှာအက်ကွဲကြောင်းများကလည်း ပုံစံများ ဖန်တီးပါသည်။ မြေဆီလွှာအက်ကြောင်းသည် သဲကန္တာရကို ဖုံးလွှမ်းထားပါသည်။

အကယ်၍ ဤတွေးဆချက် မှန်ကန်မည်ဆိုလျှင် ထိုတွေးဆချက်အဆင့်တွင်ပင် ဘော်စတွန်၊ ရှူးဘတ်နှင့် အခြားလူများသည် စနစ်ပုံစံများကို မှတ်တမ်းတင်ရင်း အလွန်အရေးကြီးသောအချက်ကို တွေ့ရှိနိုင်ပေသည်။ ယခုအချိန်အထိ အာကာသဇီဝဗေဒ ပညာရှင်များသည် အောက်ဆီဂျင်ကဲ့သို့ ကမ္ဘာပေါ်တွင် သက်ရှိထုတ်လုပ်သော ဓာတ်ငွေ့များကို ဇီဝရိပ်ရောင်အဖြစ် ရှာကြပါသည်။ သို့ရာတွင် အောက်ဆီဂျင်ထုတ်လွှင့်သော အသက်ဇီဝသည် ပုံစံအများထဲမှ တစ်မျိုးသာဖြစ်ပေမည်။

ဘော့စတွန်က "ဇီဝပိုးမျှင်များနဲ့ ပတ်သက်ပြီး စိတ်လှုပ်ရှားစရာ ကောင်းတာကတော့ နေရာဒေသ ပတ်ဝန်းကျင်ခြားနားသော်လည်း ပုံစံများ တူနေကြတာပါပဲ။" သူမနှင့် ရှူးဘတ်ယုံကြည်သည်မှာ ထိုစနစ်ပုံစံများသည် ကြီးထွားမှု ဥပဒေသ




အဝါရောင်သေတ္တာခွက်အတွင်းရှိ ဂြိုဟ်များသည် ထုထည်ပေါ်မူတည်၍ သင့်လျော်သောလေထုနှင့် အပူချိန်မှာ မျက်နှာပြင်ရေကို အရည်အဆင့်တွင် ထားနိုင်ပါသည်။ ကျွန်ုပ်တို့၏ နေစကြာဝဠာတွင် ကမ္ဘာနှင့် အင်္ဂါဂြိုဟ်မှာ အတွင်း၌ရှိပြီး သောကြာဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်မှာ အပြင်တွင် ရှိပါသည်။ အေးသောဓာတ်ငွေ့လုံးကြီးများသည် အပြင်ဘက်တွင် ရှိရပေမည်။

www.burmeseclassic.com

နှင့် အရင်းအမြစ်များအတွက် ယှဉ်ပြိုင်မှုအပေါ် မူတည်နေပါသည်။ ထိုစနစ်သည်ပင်လျှင် စကြဝဠာ ဇီဝရိပ်ရောင်ဖြစ်ပေသည်။ လိုဏ်ဂူများရှိ သက်ရှိများ သေဆုံးသွားသောအခါ ထိုစနစ်ပုံများ ချန်ထားခဲ့ကြလေသည်။ အကယ်၍ အင်္ဂါဂြိုလ်ပေါ်ရှိ စူးစမ်းရေးကိရိယာသည် ထိုစနစ်ပုံများကိုတွေ့ရှိလျှင် "ခင်ဗျားတို့ ဘယ်နေရာ အာရုံစိုက်ရမယ်ဆိုတာ ညွှန်ပြချက်ပဲ" ဟု ရှူးဘတ်က ပြောပါသည်။

မြောက်အမေရိကတိုက်၏ ဆန့်ကျင်ဘက်အစွန်းတွင် စူးကုတ်ရေကန်တွင် ချမ်းတုန်နေသော သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများသည် အလားတူ လုပ်ဆောင်ခဲ့ကြပါသည်။ သူတို့သည် ရေကန်တွင် နေရာနှစ်ခု၌ လုပ်ငန်းဝင်နေကြပါသည်။ ပထမတစ်ခုမှာ တဲငယ်သုံးလုံး အစုအနီး သိပ္ပံပညာရှင်များက နာဆာဗီးလ် (NASAVILLE) ဟု ချစ်စနိုးနာမည်ပေးထားသောနေရာ ဖြစ်ပါသည်။ အခြားတစ်နေရာတွင် တဲတစ်လုံးသာရှိပြီး ကျိုးကန်းတစ်ထောက်နားစာ မိုင်ဝက်ခန့် ကွာဝေးပါသည်။ ရေကန်၏အောက်ခြေမှ ပလုံစီထလာသော မီသိန်းဓာတ်ငွေ့များသည် ရေကိုမွှေသဖြင့် ရေမျက်နှာပြင်မှ ရေခဲသွားရန် အချို့နေရာများတွင် အချိန်အတန်ကြာပေမည်။ စခန်းတစ်ခုမှတစ်ခုသို့သွားရာတွင် တည့်တည့်မသွားဘဲ ရေနစ်စေရန် ကွေ့ပတ်၍ သွားရပါသည်။

၂၀၀၉ ခုနှစ်တွင် သိပ္ပံပညာရှင်များအား စူးကုတ်ရေကန်နှင့် အနီးအနားရေကန်များသို့ ဆွဲဆောင်ခဲ့သည်မှာ မီသိန်းဓာတ်ငွေ့ ဖြစ်ပါသည်။ ထိုဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့ကို မီသိန်းနိုဂျင် (METHANOGEN) (ခေါ်) အဏုဇီဝသက်ရှိများက ထုတ်လွှတ်ပါသည်။ ၎င်းတို့သည် အော်ဂဲနစ်ပစ္စည်းများကို ပြိုကွဲစေပြီး အခြားကမ္ဘာမှ သက်ရှိရှာဖွေသူများအတွက် ဇီဝရိပ်ရောင်တစ်ခုဖြစ်ပေသည်။ သို့ရာတွင် မီသိန်းဓာတ်ငွေ့များသည် မီးတောင်ပေါက်ကွဲခြင်းနှင့် သက်ရှိမဟုတ်သော အခြေခံအကြောင်းရင်းများမှ ထွက်ပေါ်နိုင်ပေသည်။ ထို့ပြင် ကြာသပတေးဂြိုလ်ကဲ့သို့ ကြီးမားသောဂြိုလ်များနှင့် စနေဂြိုလ်၏ လတစ်စင်းဖြစ်သော တိုင်တန်၏လေထုတွင် သဘာဝအလျောက် ဖြစ်ပေါ်နေပေသည်။ ထို့ကြောင့် သိပ္ပံပညာရှင်များအနေနှင့် ဇီဝဆိုင်ရာ မီသိန်းနှင့် အသက်ဇီဝနှင့် မပတ်သက်သော မီသိန်းကို ခွဲခြားသိရှိရန် အထူးအရေးကြီးပါသည်။ ရေခဲဖုံးပြီး မီသိန်းဓာတ်ငွေ့ကြွယ်ဝသော စူးကုတ်ရေကန်မှ လေ့လာစရာဖြစ်ပေသည်။

စူးစမ်းရှာဖွေသူဟန်းသည် အာကာသဇီဝဗေဒ လေ့လာရန် အင်္ဂါဂြိုလ်ထက် ယူရိုပါကို နှစ်သက်သည်မှာ အချက်အချာကျသော အကြောင်းရင်းရှိပေသည်။ အကယ်၍ ကျွန်ုပ်တို့သည် အင်္ဂါဂြိုလ်သို့သွားလျှင် မျက်နှာပြင်အောက်၌ ကမ္ဘာပေါ်ရှိသက်ရှိများနှင့် အလားတူ ဒီအင်အေ (DNA) အခြေခံသော သက်ရှိများ တွေ့ရပေမည်။ ထိုအကြောင်းအရာမှာ စကြဝဠာရှိ သက်ရှိဟူသမျှတွင် ဒီအင်အေမော်လီကျူး အခြေခံသည်ဟု ယူဆရန် ရှိပါသည်။ ဖြစ်နိုင်ခြေရှိပါသည်။ သို့ရာတွင် ကမ္ဘာပေါ်ရှိ သက်ရှိများနှင့် အင်္ဂါဂြိုလ်ပေါ်ရှိ သက်ရှိများသည် မူလအရင်းအမြစ်တစ်ခုတည်းက ဖြစ်ပေါ်သည်ဟု ယူဆရန်လည်း ဖြစ်နေပါသည်။ ဥက္ကာပျံနှင့် တိုက်ခိုက်မှုကြောင့် လွင့်ထွက်လာသော အင်္ဂါဂြိုလ်မှ ကျောက်တုံးများသည် ကမ္ဘာမြေပေါ် ရောက်ရှိလာသည်ကို ကျွန်ုပ်တို့ တိတိကျကျ သိထားပြီးဖြစ်ပါသည်။ ထို့အတူ ကမ္ဘာမြေမှ ကျောက်တုံးများလည်း အင်္ဂါဂြိုလ်ပေါ်သို့ ရောက်ရှိသွားမည်မှာလည်း သေချာလှပါသည်။ အကယ်၍ ကျောက်တုံး



နက္ခတ်ပညာရှင် မင့်အိုဂ်သည် ဂြိုဟ်သားယဉ်ကျေးမှု အဖွဲ့အစည်းမှ ထုတ်လွှင့်မှုများကို ရှာဖွေခြင်းဖြင့် ၁၉၆၀ ပြည့်လွန်နှစ်များတွင် အာကာသဇီဝဗေဒ ပညာရပ် ယူထောင်ရာတွင် ကူညီခဲ့ပါသည်။ ယခုအခါ အသက် (၈၄)နှစ်ရှိပြီး ဂြိုဟ်သားများ၏ အလင်းရောင် ဖမ်းယူရန် ရည်မှန်းချက်အသစ် ရရှိခဲ့ပါသည်။ "ကျွန်တော်တို့ဟာ ပြင်ပကမ္ဘာများမှ သက်ရှိ ရှာဖွေခြင်းကို ဟိုးကတည်းက ကောင်းကောင်းသိခဲ့ပါတယ်။ ကျွန်တော်တို့အတွက် အကြီးမားဆုံး စိန်ခေါ်မှုကတော့ ရန်ပုံငွေကိစ္စပါပဲ" ဟု သူကပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အတွင်းတွင် အဏုဇီဝသက်ရှိများ ပိတ်မိနေပြီး အာကာသခရီးစဉ်ကိုလည်း ခံနိုင်ရည်ရှိမည်ဆိုလျှင် ရောက်ရှိရာဂြိုလ်၌ မျိုးစေ့ချသလို ဖြစ်ပေမည်။ ဟန်းက "အကယ်၍ အင်္ဂါဂြိုလ်ပေါ်မှ သက်ရှိများသည် ဒီအင်အေ အခြေခံသည်ဟု သိရှိရလျှင် ကျွန်တော်တို့အနေနဲ့ ဒီအင်အေဟာ အခြေအမြစ်တူညီသလား။ ကွဲပြားသလားဆိုတာ ရှပ်ထွေးသွားနိုင်ပါတယ်"ဟု ပြောပါသည်။ သို့ရာတွင် ယူရိုပါမှာမူ အလွန်ဝေးပါသည်။ ထိုဂြိုလ်ပေါ်တွင် ဒီအင်အေအခြေခံသော သက်ရှိတွေ့ရလျှင် မတူညီသော အရင်းအမြစ်ဖြစ်မည်မှာ သေချာပါသည်။

ယူရိုပါတွင် အသက်ဇီဝ၏ အခြေခံပါဝင်ပစ္စည်းများရှိမည်ဟု ထင်ရပါသည်။ အရည်အခြေအနေရှိ ရေများ ပမာဏများစွာရှိပြီး သမုဒ္ဒရာကြမ်းပြင်တွင် အပူပေးသောအပေါက်များ ကမ္ဘာမြေကဲ့သို့ ရှိပါသည်။ ထိုနေရာတွင် သက်ရှိများအတွက် အစာအာဟာရများ ကြွယ်ဝပေမည်။ မြေမျက်နှာပြင်ပေါ်တွင် ကြယ်တံခွန်များသည် မကြာခဏ-ကျရောက်လေ့ရှိပါသည်။ ထိုကြယ်တံခွန်းများက သက်ရှိတည်ဆောက်ရန် လိုအပ်သော အော်ဂဲနစ်ဓာတ်ပစ္စည်းများ ပို့ချမည်ဖြစ်ပါသည်။ ကြာသပတေးဂြိုလ်၏ ဖြာထွက်နေသော ခါးပါတ်ကွင်းတွင်ရှိသော အရာဝတ္ထုများသည် ရေခဲမှ ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်ကိုခွဲထုတ်၍ သက်ရှိများက ထိုအပူပေးအပေါက်များမှ ဓာတုအာဟာရများကို ဇီဝကမ္မစနစ်ဖြင့် ချေဖျက်နိုင်သော် မော်လီကျူးဖြစ်လာပေမည်။

မသိသေးသည်မှာ ထိုဓာတုပစ္စည်းများသည် ၁၀ မိုင်မှ ၁၅ မိုင်အံ့ထိ တူမည်ဟု ယူဆရသော ရေခဲအတွင်း မည်သို့ ခတ်ပြုနိုင်မည်နည်း။ ဗွိုင်ရေဂျာနှင့် ဂယ်လီလီယိုယာဉ်များ၏ စူးစမ်းမှုက ထိုပြဿနာ ရှင်းခဲ့ပါသည်။ ရေခဲတွင် အက်ကွဲကြောင်းများစွာ ရှိပါသည်။ ၂၀၁၃ ခုနှစ်ဆန်းပိုင်းက ဟန်းနှင့် နက္ခတ်ပညာရှင် မိုက်ဘရောင်းတို့က KECK II အဝေးကြည့်မှန်ပြောင်းနှင့် လေ့လာသောအခါ ယူရိုပါသမုဒ္ဒရာထဲမှ ဆားများသည် အက်ကွဲကြောင်းများမှတစ်ဆင့် မျက်နှာပြင်သို့ တက်နေကြောင်း တွေ့ရှိခဲ့ပါသည်။ ၂၀၁၃ ခုနှစ်နှောင်းပိုင်းတွင် အခြား စောင့်ကြည့်လေ့လာသူအဖွဲ့က ဟပ်ဘယ် (HUBBLE) အဝေးကြည့်မှန်ပြောင်းနှင့် လေ့လာရာတွင် ယူရိုပါ၏ တောင်ဝင်ရိုးစွန်းတွင် ရေများ ပန်းထွက်နေသည်ကို တွေ့ခဲ့ပါသည်။ ယူရိုပါတွင်ရှိသော ရေခဲမှာ ထိုးဖောက်၍ရကြောင်း သက်သေသာဓကဖြစ်ပေသည်။

ယူရိုပါကို လှည့်ပတ်လေ့လာသော စမ်းသပ်ကိရိယာတစ်ခု လွှတ်တင်ရန်မှာ အထူးလိုအပ်ချက်ဖြစ်ပါသည်။ ထိုသို့ လွှတ်တင်ရန် အမျိုးသားသုတေသနကောင်စီက သုံးသပ်၍ ၂၀၁၁ ခုနှစ်တွင် အစီရင်ခံချက်မှာ သိပ္ပံပညာအတွက် အထူးကောင်းမွန်သော်လည်း ကုန်ကျမည့် ၄.၇ ဘီလီယံဒေါ်လာမှာ အလွန်တန်ဖိုးကြီးလှကြောင်း ဟံမကောင်းစွာ သိရှိခဲ့ရပါသည်။ ရောဘတ်ပါပယ်လာဒို ဦးဆောင်သောအဖွဲ့မှာ စီမံချက်ရေးဆွဲရန် ပြန်လည်စဉ်းစားပြီး စီမံကိန်းကို ရေးဆွဲပါတော့သည်။ သူတို့၏ ယူရိုပါကလစ်ပါ (EUROPA CLIPPER) (ခေါ်) စမ်းသပ်ယာဉ်သည် ယူရိုပါကို မလှည့်ပတ်ဘဲ ကြာသပတေးဂြိုလ်ကိုသာ လှည့်ပတ်စေမည်ဖြစ်သည်။ ထိုသို့ ပြုလုပ်လျှင် ထောက်ခံသူများပြားလာပြီး ငွေကုန်ကြေးကျလည်း သက်သာမည်ဖြစ်သည်။ သို့ရာတွင် ထိုသို့ ပျံသန်းပြီး မျက်နှာပြင်နှင့် လေထုတွင်း ဓာတုဗေဒကိုသိရှိပြီး သမုဒ္ဒရာတွင်း ဓာတုဗေဒကို တစ်ဆင့်ခံသာ သိရှိရမည်ဖြစ်ပါသည်။

ပါမယ်လာဒိုက ပြောသည်မှာ အသစ်ပြန်လည်ရေးဆွဲသော စီမံချက်သည် စ-လယ်ဆုံး ဒေါ်လာ ၂၁ ဘီလီယံ ကုန်ကျမည် ဖြစ်ပါသည်။ ထိုစီမံချက်ကို လက်ခံကြပါက ၂၀၂၀ ပြည့်လွန်နှစ်များ အလယ်လောက်မှာ လွှတ်တင်နိုင်မယ်လို့ မြင်ပါတယ်" ဟု သူကပြောပါသည်။ အကယ်၍ အက်တလပ်-ဗွီ (ATLAS - V) ဒုံးပျံဖြင့် လွှတ်တင်မည်ဆိုပါက ယူရိုပါခရီးစဉ်မှာ ခြောက်နှစ်ခန့်ကြာမည် ဖြစ်သည်။ သူက "ဒါပေမယ့် ဖြစ်နိုင်တာ တစ်ခုတော့ ရှိပါတယ်။ နာဆာမှာ တီထွင်နေတဲ့ အာကာသလွှတ်တင်မှု စနစ်သစ်နဲ့ဆိုရင် ကြီးတဲ့ဒုံးပျံဖြစ်လို့ ၂.၇ နှစ်နဲ့ ရောက်နိုင်ပါတယ်" ဟု ပြောပါသည်။

ကလစ်ပါ စမ်းသပ်ကိရိယာသည် ယူရိုပါပေါ်တွင် သက်ရှိကို ရှာဖွေနိုင်မည် မဟုတ်ပါ။ သို့ရာတွင် အင်္ဂါဂြိုလ်ပေါ်မှကဲ့သို့ မျက်နှာပြင်ကိုတူး၍ ဓာတုပစ္စည်းများ လေ့လာမည့် နောက်ထပ်ဆင်းသက်ရမည့် ယာဉ်အား အထောက်အကူပြုနိုင်ပေမည်။ ကလစ်ပါသည် နောက်ယာဉ်ဆင်းသက်ရမည့် နေရာကိုလည်း ရှာဖွေပေးနိုင်ပါသည်။ နောက်ဆင်းယာဉ်ရောက်ရှိပြီး အရေးကြီးသောအချက်မှာ ရေခဲ၏ အထူအပါးပေါ်လိုက်၍ ယူရိုပါသမုဒ္ဒရာထဲသို့ အာရုံခံကိရိယာပို့ပေးခြင်းလုပ်ငန်း ခက်ခဲလှပေမည်။ တစ်နည်းအားဖြင့် စီမံချက်လုပ်ဆောင်သော သိပ္ပံပညာရှင်သည် မြေမျက်နှာပြင်နှင့် နီးကပ်စွာ ရေခဲအောက်တွင်ရှိသော ရေကန်ကို ရှာဖွေသင့်သည်။ ဟန်က "အကယ်၍ စူးစမ်းရှာဖွေသူဟာ တဖြည်းဖြည်း အသီးအပွင့် ဆွတ်ခူးရမယ် ဆိုရင်တော့ ဟိုမိုဆက်ပီယန် (HOMO SAPIENS) ဖြစ်ပြီး ကျွန်တော်တို့ အလာစကာမှာစမ်းနေတဲ့ အော့စထရာလိုပစ်သီကပ် (AUSTRALOPITHECUS) ထက် သာမယ်လို့ ဆင့်ကဲဖြစ်စဉ်စကားနဲ့ ပြောချင်ပါတယ်"

(ဟိုမိုဆက်ပီယန် ဆိုသည်မှာ ယခုခေတ်လူသားမျိုးစိတ်ဖြစ်ပြီး အော့စထရာလိုပစ်သီကပ် ဆိုသည်မှာ ဩစတြေးလျ [illegible]တွင် တူးဖော်တွေ့ရှိခဲ့သော ကမ္ဘာဦးလူသားဖြစ်ပါသည်။ ဟိုမိုဆက်ပီယန်နှင့် ဥပမာပြုသည်မှာ အဆင့်မြင့်သည်ဟု ဆို[illegible]ပါသည်။ ။ ဘာသာပြန်သူ)

www.burmeseclassic.com

ဟာန်း၏ရှာဖွေရေးကိရိယာမှာ အနည်းငယ် ကြမ်းပါသည်။ ဆူးကုတ်ရေကန်၏ အနက်တစ်ပေခန့် ရေခဲပြင်အောက်တွင် တွားသွားနေပါသည်။ ၎င်း၏ ရေပေါ်ပေါ်နိုင်သောစနစ်ဖြင့် ရေခဲပြင်ကို ခိုင်မြဲစွာကပ်ထားပြီး အပူချိန်၊ ဆားပမာဏ၊ ပီအိပ်(ချ်)နှင့် ရေ၏ အခြားဝိသေသလက္ခဏာများကို မှတ်တမ်းတင်နိုင်ပါသည်။ ၎င်းသည် သက်ရှိများကို တိုက်ရိုက်ကြည့်ရှုနိုင်ခြင်း မရှိပါ။ သို့ရာတွင် ဟာန်း၏လုပ်ငန်းတွင် ရှုထောင့်တစ်ခုမှ အကျိုးရှိသော လုပ်ငန်းဖြစ်ပါသည်။ မွန်တာနာပြည်နယ်တက္ကသိုလ်မှ ဂျွန်ပရစ်စကူ (John Priscu) ၏ လုပ်ငန်းတွင်လည်း အသုံးဝင်ပါသည်။ သူသည် ဝှီလန် (WHILLANS) ရေကန်တွင် ရေခဲပြင်အောက် မိုင်ဝက်ခန့်နေရာမှ ဘက်တီးရီးယားကို ထုတ်ယူနိုင်ခဲ့ပါသည်။ ထိုနေရာသည် အန္တာတိကတိုက် အနောက်ပိုင်းဒေသဖြစ်ပါသည်။ ပရစ်စကျူသည် အယ်လစ်ဆင်မာရေး (ALISON MURRAY) ဆိုသော နီဗာဒါပြည်နယ်မှာ သဲကန္တာရသုတေသနဗိမာန်မှ ဘူမိဇီဝဗေဒပညာရှင်နှင့် သူမ၏ကျောင်းသူဖြစ်သူ ပေါလာ (PAULA) တို့နှင့်အတူ ဆိုးဝါးသော ပတ်ဝန်းကျင်သည် ထိုနေရာတွင် နေထိုင်သော သက်ရှိများနှင့် အဆင်ပြေစေသော ဝိသေသလက္ခဏာများကို လေ့လာခဲ့ပါသည်။

ပြင်းထန်သော အပူချိန်တွင်နေနိုင်သော သက်ရှိများ (EXTREMOPHILES) ကို လေ့လာခြင်းမှာလည်း ပြင်ပကမ္ဘာမှသက်ရှိများလေ့လာရာတွင် ဆက်စပ်မှုရှိပါသည်။ ထိုလေ့လာမှုက ပြင်ပကမ္ဘာမှ ပဟေဠိကို ပတ်ဝန်းကျင်ဒေသဆိုင်ရာ သဲလွန်စများ ပေးနိုင်ပါသည်။ များမကြာမီ ကျွန်ုပ်တို့သည် ဒရိတ်ညီမျှခြင်းတွင် လိုအပ်နေသောအချက်များ ဖြည့်သွင်းရန် နည်းလမ်းရှိလာမည်ဖြစ်သည်။ နာဆာသည် ဂြိုလ်သစ်များရှာဖွေသော ဂြိုလ်တုတွင်တပ်ဆင်မည့် နက္ခတ်တာရာကြည့်မှန်ပြောင်းကို အတည်ပြုလိုက်ပါသည်။ ၎င်းကို ၂၀၁၇ ခုနှစ်တွင် လွှတ်တင်ရန် ရည်မှန်းထားပါသည်။ ထိုမှန်ပြောင်းသည် အနီးကပ်ဆုံးကြယ်များ၏ ပတ်လည်မှ ဂြိုလ်များကို ကြည့်ရှုလေ့လာပြီး ဂြိုလ်များ၏ လေထုအတွင်းမှ ဇီဝရိုပ်ရောင်ခြာတ်ငွေ့များ ရှာဖွေသော နက္ခတ်တာရာဆိုင်ရာ ရူပဗေဒပညာရှင်များ၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်မည် ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် လွှတ်တင်မည့် ဂျိမ်းဝက်ဘ် (JAMES WEBB) အာကာသမှန်ပြောင်းသည် ယနေ့ခေတ်ရှာဖွေရေးလုပ်ငန်းကို ပိုမိုလွယ်ကူစေမည် ဖြစ်ပါသည်။ သို့ရာတွင် ကြီးမားသောကမ္ဘာဖြစ်သည့် G J 1214 b အပေါ်မှ တိမ်တိုက်များ အပါအဝင် တွေ့ရှိမှုများ ရရှိခဲ့သော ဟတ်ဗယ်မှန်ပြောင်း လေ့လာမှုများက မည်သူမျှ ဂျိမ်းဝက်ဘ်ကို ထိုင်စောင့်နေမည် မဟုတ်ကြောင်း သိသာနေပါသည်။

အချို့သော အာကာသဇီဝဗေဒပညာရှင်များကမူ အသံများသည် သိပ္ပံပညာထက် စိတ်ကူးယဉ်သိပ္ပံနှင့် ပိုတူသည်ဆိုသော ဖြစ်နိုင်ခြေကို လေ့လာစူးစမ်းနေပါသည်။ ဇီဝရိုပ်ရောင်များနှင့် လွန်ကဲသော အပူချိန်တွင် ရှင်သန်နိုင်သော သက်ရှိများကို လေ့လာမှုသည် အခြားကမ္ဘာမှ သက်ရှိများကကမ္ဘာ့သက်ရှိများနည်းတူ ရေကို ပျော်ဝင်ရည်အဖြစ် အသုံးပြုပြီး ကာဗွန်ဖြင့် မော်လီကျူးများ တည်ဆောက်မည်ဟု ခန့်မှန်းယူဆနိုင်ပါသည်။ အကြောင်းပြချက်တစ်ရပ်မှာ နဂါးငွေ့တန်းတွင် ကာဗွန်နှင့် ရေ များစွာပါဝင်နေခြင်း ဖြစ်ပါသည်။ နောက်ထပ် အကြောင်းပြချက်မှာ ကျွန်ုပ်တို့သည် ကာဗွန်မပါသော သက်ရှိကိုရှာဖွေရန် နည်းလမ်းမသိသောကြောင့် ဖြစ်ပါသည်။ ထိုသက်ရှိများသည် မည်သည့်ဇီဝရိုပ်ရောင်ကို ချန်ရစ်ခဲ့မည်ဆိုသည်ကိုလည်း မသိနိုင်ခြင်း ဖြစ်ပါသည်။

"ကျွန်တော်တို့ဟာ ရှာဖွေမှုမှာ ဒီလိုကန့်ထားမယ်ဆိုရင် အောင်မြင်မှာ မဟုတ်ဘူး" ဟု ဟားဗက်တက္ကသိုလ်မှ ဆက်စီလော့ပ်က ပြောပါသည်။ "ကျွန်တော်တို့ဟာ အနည်းဆုံးတော့ အခြားနည်းလမ်း အနည်းငယ်ကိုသိဖို့ ကြိုးစားရမယ်။ ပြီးတော့ လေထုထဲမှာ ဘယ်လို ဇီဝရိုပ်ရောင်ရှိမယ်ဆိုတာ သိဖို့လဲ လိုပါတယ်။" ထို့ကြောင့် ဆက်စီလော့ပ်နှင့် အဖွဲ့သည် အခြားကမ္ဘာတွင်ရှိနိုင်မည့် ဇီဝဗေဒနည်းလမ်းများကို ရှာဖွေနေကြပါသည်။ ဥပမာအားဖြင့် ကာဗွန်သံသရာ အစား ဆာလ်ပါသံသရာ အစားဝင်ရောက်ပြီး ပြင်ပကမ္ဘာမှ သက်ရှိများကို လွှမ်းမိုးထားပေမည်။

ဤသုတေသနအားလုံး၏ နောက်ကြောင်းမှာ လွန်ခဲ့သော ရာစုနှစ် ထက်ဝက်ခန့်က စတင်ခဲ့သော အာကာသဇီဝဗေဒ (ASTROBIOLOGY) စီမံချက်ဖြစ်ပေသည်။ သူသည် လက်တွေ့အနားယူသွားပြီ ဖြစ်သော်လည်း ဖရင့်ဒရိတ်သည် ပြင်ပကမ္ဘာမှ အချက်ပေးမှုကို ရှာဖွေနေဆဲဖြစ်ပါသည်။ ထိုတွေ့ရှိချက် ပေါ်ပေါက်ခဲ့လျှင် အားလုံးကို ကျော်ဖြတ်သွားနိုင်မည် ဖြစ်ပါသည်။ ပြင်ပကမ္ဘာမှ အသိဉာဏ်များကို ရှာဖွေသော ဆက်တီစီမံကိန်းရန်ပုံငွေများ ကုန်ခမ်းသွားသည်ကို သည်းမခံနိုင်သော်လည်း ဒရိတ်သည် စီမံကိန်းအသစ်ကြောင့် စိတ်လှုပ်ရှားမိပါသည်။ ထိုစီမံချက်သည် အခြားဂြိုလ်သားများ၏ ယဉ်ကျေးမှု အဖွဲ့အစည်းများမှ ရေဒီယိုအသံလွှင့်ချက်ထက် တောက်ပလာသော အလင်းရောင်များကို ရှာဖွေစူးစမ်းမည် ဖြစ်ပါသည်။

"ဖြစ်နိုင်တဲ့ ချဉ်းကပ်မှုအားလုံးကို ကြိုးစားတာဟာ အဓိပ္ပာယ်ရှိပါတယ်" ဟု သူကပြောပါသည်။ "ဘာဖြစ်လို့လဲဆိုတော့ ပြင်ပကမ္ဘာမှ ဂြိုလ်သားတွေ ဘာလုပ်နေမလဲဆိုတာကို တွေးဆတဲ့နေရာမှာ ကျွန်တော်တို့ အားနည်းကြပါသေးတယ်။

တော်မြင့်(ငှက်ဖျား)

*Ref : National Geographic. July 2014.*

*Michael D.Lemomiek - The Hunt for Life Beyond Earth.*




www.burmeseclassic.com

www.burmeseclassic.com

# သုတစုံဖြာ ကျကမ္ဘာ

ဦးတိုး
(တက္ကသီလ)



## လင်းပိုင်မျိုးစိတ်သစ်များတွေ့ရှိ

ယခင် သိပ္ပံနယ်ပယ်မှ မသိရှိရသေးသည့် နောက်ကျောဘုနှင့် လင်းပိုင်မျိုးစိတ်သစ်တစ်မျိုးကို ဩစတြေးလျ တိုက်မြောက်ပိုင်း ကမ်းလွန်တွင် သုတေသနပညာရှင်များ တွေ့ရှိခဲ့သည်။ နောက်ကျောကုန်းဘုနှင့် လင်းပိုင်များ ကျက်စားလေ့ရှိသည့် အတ္တလန္တိတ်သမုဒ္ဒရာနှင့် အင်ဒို-ပစိဖိတ် သမုဒ္ဒရာ ပေးနေရာမှ လင်းပိုင်အသေ ၂၀၀ နီးပါး၏ တစ်သျှူးမျှင်နမူနာများကို စစ်ဆေးပြီးနောက် မျိုးစိတ်သစ်ကို တွေ့ရှိရသည်ဟုဆိုသည်။ ပင်လယ်ကမ်းစပ်ရှိ ပြတိုက်များမှ လင်းပိုင်ဦးခေါင်းခွံ ၁၈၀ မှ သွားများ၏အရေအတွက်၊ နှုတ်သီး၏ အလျားနှင့် လင်းပိုင်အရှင် ၂၃၅ ကောင်မှ မျိုးဗီဇ လက္ခဏာဆောင် ဓာတုပစ္စည်း (DNA) နမူနာများကို လေ့လာမှုပြုပြီးနောက် ဩစတြေးလျတိုက် မြောက်ဘက်ကမ်းလွန်တွင် မကြာခဏတွေ့ရလေ့ရှိသည့် နောက်ကျောကုန်းဘုနှင့် လင်းပိုင် (သို့မဟုတ်) ဆိုဆာကျီးနပ်စ်၊ မျိုးစိတ်သစ်တစ်မျိုးကို ၎င်းတို့၏ မျိုးဗီဇနှင့် ဇီဝဗေဒဆိုင်ရာများကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာသိရှိရကြောင်း ဦးဆောင်စာရေးဆရာ မာတင် မင်းဒက်ဇ်မှ နောက်ဆုံးထုတ် Molecular Ecology ဂျာနယ်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ငါးများသည် အမည်မမှည့်ရသေးသည့် ငါးများ ဖြစ်ကြသည်။ ဤမျိုးစိတ်သစ်များမှာ အလွန်ရှားပါးပြီး အထင်ကရ ရှာဖွေတွေ့ရှိရမှုများဖြစ်၍ သဘာဝထိန်းသိမ်း စောင့်ရှောက်ရေး ကြိုးပမ်းမှုတွင် အားပေးမြှင့်တင်နိုင်မည်ဟု မျှော်လင့်ကြောင်း တောရိုင်းတိရစ္ဆာန် ထိန်းသိမ်း စောင့်ရှောက်ရေးအသင်း (Wildlife Conser-vation Society) မှ ပြောကြားသည်။ Sousa Species မျိုးစိတ်သုံးမျိုးမှ နှစ်မျိုးသည် ကောင်ရေကျဆင်းနေပြီး ပင်လယ်ငါးဖမ်းခြင်းနှင့် ကျက်စားရာဒေသ ပျောက်ဆုံးမှုများကြောင့် မျိုးသုဉ်းပျောက်ကွယ်မှုဖြင့် ရင်ဆိုင်နေရပြီဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာ အရှေ့ပိုင်းနှင့် ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းတို့တွင် တွေ့ရှိနေရသည့် Sousa Chinensis လင်းပိုင်တို့သည် မျိုးသုဉ်းမည့် အရေးဖြင့် ခြိမ်းခြောက်ခံနေရသောကြောင့် နိုင်ငံတကာ သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးသမဂ္ဂ (International Union for Conservation of Nature) က မျိုးသုဉ်းတော့မည့် စာရင်းတွင် ထည့်သွင်းပေးထားပြီးဖြစ်သည်။

အာဖရိက အနောက်ပိုင်း ကမ်းလွန်အတ္တလန္တိတ် ပင်လယ်ပြင်တွင် ကျက်စားနေကြသည့် Sousa teuszil လင်းပိုင်များမှာလည်း ထိခိုက်လွယ်သည့်အဆင့်သို့ ရောက်ရှိနေပေပြီ။ မျိုးစိတ်သစ်များကို International Commission on Zoological Nomenclature နိုင်ငံတကာ သတ္တဗေဒ ကော်မရှင်မှ အမည်များ မှည့်ပေးမည်ဖြစ်သည်။

၎င်းငါးများ၏ ကျောကုန်းဆူးတောင်၏ အောက်နားတွင် ဘုတစ်ခုသည် ထူးခြားစွာ ရှည်မျောမျောဖြစ်နေသဖြင့် နောက်ကျောကုန်းဘုနှင့်လင်းပိုင်းဟု အမည်ပေးထားခြင်း ဖြစ်သည်။

*Ref: New dolphin species discovered off north Australia*

◆

www.burmeseclassic.com

www.burmeseclassic.com



# မုန်တိုင်းတိုက်အပြီး သဘာဝရတနာများပေါ်ထွက်

ဂျာစေနယ်မှ ခရစ်တင်းနား ဟုတ်ကင်း မင်နိုပက်ထရိုစ် (Christeena Hockin-Minopctros) သည် အသက် ငါးနှစ် အရွယ်လောက်ကတည်းက နယူးဂျာစီကမ်းခြေမှ ပင်လယ်ဖန်များကို စတင်ကောက်ယူ စုဆောင်းခဲ့သူဖြစ်သည်။ သူမ ငယ်စဉ်အခါက ဖန်ရရှိရန် ရှားပါးလွန်းသဖြင့် တစ်နေကုန် ကောက်ယူပါမှ လက်ဆွဲတစ်ခြင်းစာလောက်သာ ရရှိသည်။ ယခုအခါ အတ္တလန္တိတ် ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်သို့ ဆန်ဒီမုန်တိုင်းကြီး ပြင်းပြင်းထန်ထန် တိုက်ခတ်ခဲ့ပြီး ၁၀ လခန့်အကြာ နွေရာသီ၌ ပင်လယ်ကမ်းခြေပေါ်တွင် ဆီးနှင်းခဲပမာဖြစ်နေသည့် ဖန်ပုံကြီးကို တွေ့လိုက်ရသဖြင့် တုန်လှုပ်သွားခဲ့ရကြောင်း ရှင်းပြသည်။

ဟုတ်ကင်းသည် အညို၊ အဖြူ၊ အပြာ၊ နီနှစ်စိမ်းနှင့် အနီရောင်ဖန်များကို အိတ်ကြီးနှစ်အိတ်ဖြင့် ကောက်ယူနိုင်ခဲ့သည်။ ဝမ်းသာလွန်း၍ ဖန်များကို မျက်စိအောက် မှ အပျောက်မခံနိုင်သည်အထိ ဖြစ်နေရပေသည်။ ၎င်းဖန်တုံးလေးများကို တောက်ပြောင်သွားအောင် တိုက်ချွတ် အရောင်တင်လိုက်သော် ပင်လယ်ဖန် (Sea Glass) သို့မဟုတ် သောင်ယံဖန် (Beach Glass) ဖြစ်လာ၍ ပင်လယ်မှရသည့် စိန်များဟု သူမက တင်စား၍ ခေါ်ဝေါ်နေပေသည်။

နယူးဂျာစီနယ်၏ အထက်ဘက်ရှိ ဒဲလာဝဲမြစ် (Delaware River) အတွင်းရှိ ကျောက်ဆောင်အခေါင်းများမှ ကျောက်သလင်းခဲများသည် ရေတိုက်စားပြီး ပဲ့ထွက်လာခဲ့ကြကာ ထိုဖန်များသည် ရေချို သို့မဟုတ် ဆားငန်ရေအတွင်း မြုပ်နေပြီး ကာလကြာမြင့်သောအခါ တိုက်စားမှုများဖြင့် ချွန်ထက်သော အစွန်းများသည် ချောမွေ့သွားလေ့ရှိသည်။

ဟဲရီကိန်း ဆန်ဒီမုန်တိုင်း တိုက်ခတ်အပြီးတွင် သေးငယ်သော ဖန်တုံး၊ ဖန်စလေးများသည် ကမ်းခြေသို့ ရေနှင့်အတူပါလာခဲ့သည်။

မုန်တိုင်းကြောင့် ပင်လယ်ကမ်းနားများ တိုက်စားခြင်း ခံလိုက်ရ၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ အနှောင့်အယှက်ဖြစ်ခဲ့ရသည်။ လွန်ခဲ့သည့် အောက်တိုဘာလ နှောင်းပိုင်းလောက်တွင် စံချိန်တင်လိုက်သည့် လှိုင်းမြင့်ကြီးများက ပင်လယ်ကြမ်းပြင်မှ အရာဝတ္ထုများကို စစ်ထုတ်ပြီး ကမ်းနားသို့ ရိုက်ခတ်တင်ပို့ပေးလိုက်ကြသည်။ နယူးဂျာစီနယ် တောင်ပိုင်း Cope Mary Point သည် မုန်တိုင်းဒဏ်ခံခဲ့ရသော်လည်း သတင်းကောင်း ဖြစ်သွားခဲ့သည်။

Sunset Beach Gift Ships သည် လက်ဝတ်ရတနာများကို လက်ဆောင်ပစ္စည်းအဖြစ် ရောင်းချပေးနေသဖြင့် သလင်းကျောက်စရစ်နှင့် ပြုလုပ်ထားသော ဖန်ထည်များမှာ ကျော်ကြားလျက်ရှိသည်။ သက်ဆိုင်ရာ အာဏာပိုင်အစိုးရမှလည်း နယူးဂျာစီ ပင်လယ်ကမ်းခြေကို ပြင်ဆင်မွမ်းမံပြီးဖြစ်၍ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ သတင်းကောင်းထွက်ပေါ်လာခဲ့သဖြင့် ဝမ်းမြောက်ဖွယ်ရာ ဖြစ်သော်လည်း ဤပင်လယ်ကမ်းရိုးတန်း တစ်လျှောက်တွင် အဆောက်အအုံများ ထပ်မံတည်ဆောက်ခြင်းဖြင့် ဆုံးရှုံးမှု တစ်စုံတစ်ရာအတွက် ကာကွယ်ရန် လုပ်ဆောင်ချက်များ ရှိလာသဖြင့် ဟုတ်ကင်းအဖို့ သူမ၏ ဖန်တုံးဖန်စ ကောက်ယူရေးလုပ်ငန်း ထိခိုက်လာမှာကို စိုးရိမ်နေရသည်။

လောလောဆယ်တွင် သူမသည် ထူးခြားသော ဖန်ထည် ၅၀၀ ခန့် ရရှိထားသည့်အနက် အကြီးမားဆုံးတစ်ခုကို Point Pleasant နေရာမှ ရရှိထားသည်။ ၎င်းဖန်တုံးသည် ၈ လက်မ ရှည်လျားသဖြင့် တချို့သင်္ဘောများမှ စကြီးလူသွားလမ်းတွင် အလင်းရောင်ရရှိရန် အလှဆင်သုံးမြောင့်ဖန်ချောင်းအဖြစ် အသုံးပြုနိုင်သည်။ သို့သော် ဤပစ္စည်းကို ထာဝရ သိမ်းဆည်းထားမည်ဟု သူမက ပြောကြားနေပေသည်။

*Ref: 10 months later: Hurricane Sanda's blessing Treasures wash ashore.*

www.burmeseclassic.com

www.burmeseclassic.com



## ငှက်သိုက်အိမ်

ကိုယ်ရောစိတ်ပါ ပင်ပန်းကြသော် အားလပ်ရက် ...သင့်ပြီဟု ပြောရပေလိမ့်မည်။ သို့သော် Unafraid of Height ကို ပထမဆုံး ဖတ်ကြည့်လိုက်ပါ။ သစ်ပင်အမြင့် ...တက်ရသည်ကို ကြောက်ရွံ့ခြင်းကင်းသူဖြစ်လျှင် သစ်ပင်အိမ် ...တွင် စွန့်စွန့်စားစား သွားရောက် အနားယူသင့်သည်။

လမ်းဘေးမိုတယ်ကွင်းဆက်ကို ကမ္ဘာပေါ်မှ ဟိုတယ် ...ကော်ပိုရေးရှင်းမှ ထူးခြားသော အတွေ့အကြုံကို ပေးလျက် ...နေပါသည်။ သစ်ပင်ထိပ်ဖျားပေါ်တွင် သစ်ပင် ဟိုတယ် ...စ်လုံး တည်ဆောက်ပေးရသည်မှာ ခက်ခဲသော လုပ်ငန်း ...သည်။ ဘရာဇီးနိုင်ငံ Ariay Amazon Towers Hotel ...ည် တောတွင်းသစ်ပင်မြင့်များပေါ်တွင် တည်ဆောက်ထား ...က် ဧည့်သည်များကို ဖိတ်ခေါ်နေပေသည်။ သူတို့သည် ...၈၀ ခုနှစ်ကတည်းက ဤလုပ်ငန်းဖြင့် ကမ္ဘာလှည့်ခရီးသည် ...ကို ဆွဲဆောင်နေပေသည်။ ယခုခေတ်တွင် နေရာတကာ၌ ...တ်စားနေပြီဖြစ်၍ မက်ဆာချူးဆက်နယ် Massachuzetts တရုတ်ပြည်အထိ အဆိုပါ သစ်ပင်အိမ်များကို တွေ့မြင် ...ပြီဖြစ်သည်။

ဤသို့ ပေါက်ဖွားမှုအသစ်သည် အခြားမဟုတ်ပေ။ ...သစ်ချသစ်ပင်အို တစ်ပင်ပေါ်တွင် ပျဉ်ချပ်များကို သံရိုက် ...တည်ဆောက်ထားခြင်းဖြစ်သည်။ တောင်အာဖရိကနိုင်ငံ Tsala Treetop Lodge မှ ပလက်တင်ဘတ်ပင်လယ်အော် ...ettenbery Bay)၌ တစ်မျှော်တစ်ခေါ် ကျယ်ပြန့်သော ...အိုင်နှင့် မီးလှုံစရာ နေရာများကို မြင်တွေ့နိုင်သည်။

McResort အပန်းဖြေစခန်းကို ကားဖြင့်ကျော်ဖြတ်၍ ခရီးလမ်းတစ်လျှောက် ကောင်းမွန်စွာရပ်နားနိုင်သည့် ယာဉ်ရပ်နားစခန်းနေရာများ ရှိသည်။ သစ်ပင်ထဲတွင် ထူးခြားစွာတည်ဆောက်ထားသော မိုတယ်အိမ်များကို တွေ့နိုင်သည်။ ကမ္ဘာပေါ်ရှိ အထင်ရှားဆုံးသော နေရာ ၂၀ မှ အချို့ကို ဖော်ပြပေးလိုက်ပါသည်။

ကောစတာရီကာနိုင်ငံ (Costa Rica)၊ လီမွန် (Limon) မြို့မှ Tree House Lodge ၎င်း သစ်ပင်အိမ်ရှိရာ နေရာသည် အဘယ်ကြောင့် ထူးခြားနေပါသနည်း။ ကောစ်ကာရီကာ (Costa Rica) ၏ ကာရေဘီယန် ပင်လယ်ကမ်းရိုးတန်းတောင်ပိုင်း Gandoca Manzanillo Wildlife Refuge ဂန်ဒိုကာမန်ဇန်နီလို တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း သက်တမ်း ၁၀၀ ကျော်ရှိ Sangrillo သစ်ပင်၏ ကွေးကောက်နေသော သစ်မြစ်ထုထည်ကြီး၏ပတ်လည်တွင် သစ်ပင်အိမ်ကို တည်ဆောက်ထားခြင်း ဖြစ်သည်။ ၎င်းကို နေရောင်ခြည်ဖြင့် အပူပေးထားသည်။ အိပ်ခန်းတွင် ခုတင်နှစ်လုံး၊ မီးဖိုချောင်တစ်ခုနှင့် ရေချိုးခန်း တစ်ခုထည့်ပေးထားသည်။ သံမဏိတံတားတစ်စင်း ပေးထား၍ အနီးနားရှိ Punta Uva Beach ပန်တာယူဗါ သဲသောင်ပြင် ကမ်းလွန်ပင်လယ်ရေထဲတွင် Snorkel ဖြင့် ရေငုပ်ခြင်း၊ Kayak ကယက်လှေလှော်ခြင်းများဖြင့် အပန်းဖြေနိုင်ကြသည်။

**ဆွီဒင်နိုင်ငံမှ ဟာရက်စ် (Harads) ရှိ Travel + Leisure မှ Tree House**

ဆွီဒင်နိုင်ငံ ဟာရက်စ်ရွာ (လူဦးရေ ၆၀၀၀)ရှိ မြေပြင်မှ ၆ မီတာအမြင့်တွင် သစ်ပင်အိမ်ကို တည်ဆောက်ထားရာ ရောင်စုံအုတ်ဘလောက်တုံးများကို သုံးထားပြီး ပန်းကန်ပြားပျံလိုလို၊ ငှက်သိုက်လိုလို ဖြစ်နေပေသည်။ ဘေးပတ်ဝန်းကျင်နေရာများသို့ မြင်နိုင်ရန် မှန်များတပ်ဆင်ပေးထားသည်။ ဆင်ခြေလျှောလမ်း၊ တံတားနှင့် ရွေ့လျားလှေကားများ ပါဝင်သည်။ ဆောင်းရာသီတွင် ရေခဲပြင်လွှာပေါ်၌ ခွေးများဆွဲပေးသည့် စွပ်ဖားကို စီးနိုင်သည်။ ဆီးနှင်းခဲပေါ် လမ်းလျှောက်နိုင်သည့် ရှူးဖိနပ်ဖြင့် လူလဲမြစ်တောင်ကြား (Lule River Valley) အထိ ရောက်သွားနိုင်သည်။ နွေရာသီတွင် ငါးမျှား ထွက်နိုင်သည်။ ကယက် (Kayak) လှေလှော်သွားနိုင်သည်။

www.burmeseclassic.com

**မက္ကဆီကိုနိုင်ငံ ချုလူချူကာ (Jaluchuca) မှ (Playa ViVa) သစ်ပင်အိမ်**

မက္ကဆီကိုနိုင်ငံ၏ ပစိဖိတ်ပင်လယ်ကမ်းရိုးတန်းပေါ်ရှိ အကာက်ပူလ်ကို (Acapulco) မြောက်ပိုင်းမှ Playa ViVa သစ်ပင်အိမ်သည် သဘာဝသစ်ပင်၊ တိရစ္ဆာန်တို့နှင့် လိုက်ဖက်သည့် ဂေဟစနစ်ဖြင့် ညီညွတ်စွာ ခိုင်ခံ့သောပစ္စည်းများဖြင့် တည်ဆောက်ပေးထားသည်။

သစ်ပင်အိမ်သုံးခုစလုံးတွင် အိပ်ခန်း၊ ထမင်းစားခန်း၊ သက်သောင့်သက်သာနားနေခန်း အပြည့်အစုံပါဝင်သည့် လေသာဆောင်ရှိသည်။ သဲသောင်ပြင်ကလပ်၊ တည်းခိုခန်း၊ ဟမ်းနီး(၄ပ)ပါ ခေတ်မီဟိုတယ်ရှိနေသည့်အပြင် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်နှင့် ရေပူများ ထည့်သွင်းပေးထားသည်။ လှေကားများ၊ ဆင်ခြေလျှောလမ်းများ၊ တံတားများ ထိုးထား၍ အပန်းဖြေစခန်း၏ ဧက ၂၀၀ အတွင်း ၈၀ ရာခိုင်နှုန်းသည် ပုဂ္ဂလိကပိုင် သဘာဝ ထိန်းသိမ်းရေး သစ်တော ဖြစ်သည်။

**မက်ဆာချူးဆက်နယ် လင်းနောက်စ် (Lenox) မှ The Aviary သစ်ပင်အိမ်**

၎င်းသစ်ပင်အိမ်များကို ၂၂ ဧက မြေပေါ်တွင် (Frederick Law Olmsted) ဖရက်ဒရစ်လောအုမ်စတက် ဆိုသူက ဒီဇိုင်းရေးဆွဲ၍ Wheatleigh ငှက်လှောင်အိမ်တွင် သစ်ပင်အိမ်ကို တည်ဆောက်ပေးထားသည်။ ဇိမ်ခံပရိဘောဂ အစုံအလင်နှင့် လူနေခန်းသည် ထုံးကျောက်စိုအခန်းဖြစ်၍ ရှေးခေတ်သုံး ရေစိမ်ချိုးရန် စည်ပိုင်း၊ လှေကားပိုင်းရှိနေပြီး ဒုတိယထပ်၌ အိပ်ခန်းများထားရှိသည်။ ၎င်းအပြင် Bang & Olufsen ဖျော်ဖြေရေးစနစ်လည်း ပါဝင်သည်။

မြေညီထပ်အဝင် ကြမ်းပြင်မှ ခမ်းနားသော ညစာ ပျော်ပွဲစားဆိုင်သို့ သွားရောက်နိုင်သည်။ သမိုင်းဝင် အနုပညာ ခန်းများ၊ ရှေးဟောင်းပစ္စည်းဆိုင်များနှင့် ပြတိုက်များလည်း ရှိနေ၍ လှည့်ပတ်ကြည့်ရှုနိုင်သည်။

**ဩစတြေးလျမှ Hinchin brook ကျွန်း အပန်းဖြေစခန်းမှ သစ်ပင်အိမ်**

Hinchin Brook သစ်ပင်အိမ်သည် ၉၆ ဧကရှိ အမျိုးသားဥယျာဉ်အတွင်း၌ ရှိနေသည်။ စိမ်းလန်းသော မိုးသစ်တောများ၊ ကျောက်ကြမ်းပေါ်သောတောင်များ မညီညာသော သဲသောင်ပြင်များ ရှိသည်။

သစ်ပင်အိမ် ဘန်ဂလိုများ၌ ကြမ်းပြင်မှ မျက်နှာကြက်များအထိ မှန်ပြတင်းများ တပ်ဆင်ထားပြီး မီးဖိုဆောင်၊ လသာဆောင်၊ ရေချိုးခန်းနှင့် ရှေ့မျက်နှာစာတွင် သဲသောင်ပြင်ရှိ နေကာအခန်း ၁၅ ခန်း ပါဝင်သည်။ သစ်လှေကား ပျဉ်ချပ်အပိုင်းမှဆင်းပြီး သဲသောင်ပြင် ၁၁ နေရာသို့ လမ်းလျှောက်သွားနိုင်သည်။ ကျွန်းပေါ်မှ ဘားခန်းတွင်လည်း ညနေပိုင်း၌ အနားယူနိုင်သည်။

**တောင်အာဖရိကနိုင်ငံမှ Tsala Treetop Lodge သစ်ပင်အိမ်**

၎င်းသစ်ပင်အိမ်သည် ပလက်တင်ဘတ် (Plettenberg Bay) ၌ရှိပြီး (Tsitsikamma) တစစ်စီကမ်မာ့သစ်တောကို အပေါ်စီးမှ မြင်နိုင်သည်။ သစ်ပင်အိမ်၌ ဇိမ်ခံပရိဘောဂ အစုံအလင်နှင့် ၁၀ ခန်းဖွဲ့ထားပြီး အိပ်ခန်းများအားလုံး ပြတင်းပေါက်တစ်ခုစီ တပ်ဆင်ပေးထားသည်။ ဧည့်ခန်းအတွင်း သစ်တုံးထင်းဖြင့် မီးလှုံရန် မီးဖိုကြီးရှိသည်။ ကွန်ပျူတာ အသုံးပြုနိုင်သော Deck စားပွဲရှိသည်။

ကျယ်ပြန့်သော ရေအိုင်ရှိသည်။ သစ်သားလှေကားများရှိသည့် အနောက်ဘက်အဖူတွင် ရုက္ခဗေဒဆိုင်ရာ အပင်များ ပေါ်ကြွယ်ဝပြီး ပလက်တင်ဘတ် ပင်လယ်အော် သဲသောင်ပြင်တွင် သက်သောင့်သက်သာ အနားယူနိုင်သည်။

**ဗြိတိန်နိုင်ငံ၊ ဟမ့်ရှိုင်းယားနယ်မှ Chewton Glen သစ်ပင်**

ဟမ့်ရှိုင်းယားနယ်၊ ကျေးလက်တောပိုင်း Chewton Glen ၏ ဧက ၁၃၀ မြေကြီးပေါ်တွင် သစ်ပင်အိမ် ၆ အိမ် တည်ဆောက်ပေးထားသည်။ ၎င်းတို့သည် New Forest National Park ဥယျာဉ်အတွင်း တည်ရှိသည်။ ကြမ်းပြင်မှ မျက်နှာကြက်အထိ ပြတင်းပေါက်များသည် မိုးကောင်းကင် မြင်ကွင်းကျယ်ရှုခင်းများကို တွေ့မြင်နိုင်သည်။

မြေပြင်မှ ၃၅ ပေ အမြင့်ရှိ သစ်ပင်အိမ်များတွင် ရေပူရေချိုးစည်၊ နွေခင်းအိပ် ခုတင်များ ချပေးထားသည်။ သစ်သားများနှင့် စကျင်ကျောက်များကို အပူရှိန်ပေးထား၍ ဖိနပ်မပါဘဲ ၎င်းအပေါ် လမ်းလျှောက်နိုင်သည်။


စားဖိုမှူးကြီး ပြင်ဆင်ပေးထားသော နံနက်စာ စားစရာကို အဖုံးပါခြင်းတောင်းတစ်ခုအတွင်းထည့်ပြီး သစ်ပင်အိမ်ပေါ်သို့ တင်ပေးလေ့ရှိသည်။ အင်္ဂလိပ်လူမျိုးတို့၏ ကျေးလက်တောပိုင်းတွင် လမ်းလျှောက်ခြင်း၊ မြင်းစီးခြင်းနှင့် ကယက်လှေလှော်ခြင်းများကို ပြုလုပ်နိုင်သည်။

*Ref : 7 Deluxe Tree-house Hotels (3-4-2013) (CNN)*

♦

www.burmeseclassic.com

www.burmeseclassic.com




# ချောက်နက်ကြီး

ရှေးယခင်က ကမ္ဘာ့အံ့ဖွယ် ခုနစ်ပါးတွင် အီဂျစ်မှ ပိရမစ်များ၊ ဘေဘီလုံမှ ဆိုင်းဆွဲနေသည့် ဥယျာဉ်များ၊ အီဖိဆပ်ရှိ ဒိုင်ယာနာ၏ ဘုရားကျောင်း၊ အေသင်မြို့မှ ဂျူပီတာ ကျောက်ရုပ်၊ အတ်တမ်မီးယားစိုက်ထူထားသည့် အုတ်ဂူ၊ ရုဒ်စ်ရှိ ခြေထောက်ခွရပ်နေသည့် အပိုလို နေနတ်ဘုရား၊ အလက်ဇန္ဒားမှ ဖေးရိုးဘုရင်တျောက်ရုပ် မီးပြတိုက်တို့ကို ထည့်သွင်းရေတွက်ထားသော်လည်း ယခုအခါတွင် အမေရိကန်နိုင်ငံ၊ အရီဇိုးနားနယ်မှ ဂရင်းကင်ရွန် ချောက်နက်ကြီးသည် ကမ္ဘာ့အံ့ဖွယ်အဖြစ် တည်ရှိနေပြီ ဖြစ်သည်။

သဘာဝအလျောက် အံ့ဩမိန်းမောဖွယ်ရာ နက်ရှိုင်းလွန်းနေသဖြင့် ကျောက်ဆောင်ထူထပ်သည့် နံရံကြီးများမှ အောက်ဆုံးအထိ အနက်သည် ၂၇၇ မိုင်ရှိသည်။ ချောက်၏ အောက်ဆုံးဘက်၌ ကော်လိုရာဒိုမြစ်သည် အနောက်တောင်ဘက်သို့ လျင်မြန်စွာ စီးဆင်းနေပေသည်။

Grand Canyon National Part ဥယျာဉ်ကို တည်ထောင်ထား၍ ချောက်နက်ကြီး၏ အနောက်ဘက်အစွန်း၌ လှပသည့် ဟာဗာစူပိုင်းရေတံခွန် (Havasupai) နှင့် စူပိုင်း (Supai) မြို့ တည်ရှိသည်။ အဆိုပါနေရာသို့ ရောက်ရှိရန် ဟွာလာပိုင်းအင်ဒီးယန်း သစ်တောထိန်းသိမ်းရေး (Hualapai Ingion Reservation) ၏ လမ်းမကြီးမှတစ်ဆင့် သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤချောက်နက်ကြီး၏ ၁ မိုင် (၁. ၆ ကီလိုမီတာ) အနက်သို့ နှစ်စဉ် လူငါးသန်းနီးပါး လာရောက် ကြည့်ရှုလေ့လာနေကြသည်။ ဂရင်းကင်ရွှန်ရွာ (Grand Canyon Village)၊ ဟာမစ်ရက်စ် (Hermits Rest)၊ ဒဲဆက်ဗျူး (Desert View) ရှိနေသည့် တောင်ဘက်နှုတ်ခမ်း (South Rim) တစ်လျှောက်တွင် ကိုယ်ပိုင်ကားဖြင့် လာရောက်လျှင် အပေါ်စီးမှနေ၍ ကြည့်ရှုလေ့လာနိုင်သည်။

တောင်ဘက်နှုတ်ခမ်းမှ ဥယျာဉ်အတွင်းသို့ လွယ်ကူစွာ ဝင်နိုင်သဖြင့် တစ်နှစ်ပတ်လုံး ဖွင့်ပေးထားသည်။ ၎င်းနေရာသည် ပင်လယ်ရေမျက်နှာပြင်၏အထက် ပျမ်းမျှ ၇၀၀၀ ပေ (၂၁၃၄ မီတာ)တွင် ရှိနေပေသည်။

မဟာချောက်ကြီး၏ မြောက်ဘက်နှုတ်ခမ်း (North Rim) မှနေ၍ လူအနည်းငယ်လောက်သာ လာရောက်ကြည့်ရှုလေ့ရှိကြပြီး ၁၀ မိုင် (၁၆ ကီလိုမီတာ) သာ ဝေးသဖြင့် တောင်ဘက်နှုတ်ခမ်းမှ California Condar လေယာဉ်ဖြင့် တိုက်ရိုက်ပျံသန်း ပြေးဆွဲပေးနေသည်။ မြောက်ဘက်နှုတ်ခမ်းသည် ပင်လယ်ရေမျက်နှာပြင်၏ အထက် ၈၀၀၀ ပေ (၂၄၃၈ မီတာ) ဖြစ်၍ တောင်ဘက်နှုတ်ခမ်းထက် ၁၀၀၀ ပေ (၃၀၅ မီတာ) ပိုမိုမြင့်မားသည်။ ထို့ကြောင့် သွားရောက်လည်ပတ်သူ နည်းပါးသည်။

မြောက်ဘက်နှုတ်ခမ်းတွင် တိုတောင်းသော ရာသီဥတုရှိ၍ မေလလယ်မှ အောက်တိုဘာလလယ်လောက်အထိသာ တည်းခိုခန်းများနှင့် စားသောက်ဆိုင်များ ဖွင့်ပေးထားသည်။ တောင်ဘက်မှ မြောက်ဘက်သို့ ၂၂၀ မိုင် (၃၅၄ ကီလိုမီတာ) ဝေးသည်။ ကားလမ်းပေါက်သည်။ မြောက်ဘက်မှ တောင်ဘက် ကိုင်ဘတ်ကုန်းကြောင်းလမ်း (North and South Kaibab Trils) မှ ခြေကျင်ခရီးဖြင့်သွားလျှင် ၂၁ မိုင် (၃၄ ကီလိုမီတာ) ဝေးသည်။

နက်ရှိုင်းသော ချောက်ကြီး၏ အတွင်းပိုင်းတွင် နှုတ်ခမ်း၏အောက်ဘက်မှ ခြေကျင်တောင်တက် လမ်းလျှောက်သူများ၊ လားစီးသူများ၊ ဖင်တန်မွေးမြူရေးခြံကြီးသို့ သွားချင်ကြသူများ (သို့မဟုတ်) ကော်လိုရာဒိုမြစ်ကြောင်းအတိုင်း သွားချင်ကြသူများ အနေဖြင့် ရက်ပေါင်းများစွာ၊ သီတင်းပတ်ပေါင်းများစွာ ခရီးဆန့်ကြရပေမည်။ မည်သူမှ တစ်ရက်တည်းဖြင့် မရောက်ရှိနိုင်ပေ။

အကယ်၍ နက်ရှိုင်းသောချောက်ကြီးကို သွားလိုသော် တောင်ဘက် ခြေကျင်ခရီးလမ်းကြောင်းအတိုင်း ကော်လိုရာဒိုမြစ်ကို ဖြတ်သန်းသွားရမည်ဖြစ်သည်။ မြစ်ကို တံတားကျဉ်းတစ်ခု ဖြတ်သန်းတည်ဆောက်ထား၍ ၇၀ ပေ (၂၁ မီတာ) ရှည်လျားပေသည်။

နှုတ်ခမ်းတစ်ခုမှ အခြားနှုတ်ခမ်း (Rim to Rim) တောင်ဆင်း ခရီးကြမ်းသည် ၂၁ မိုင် (၃၄ ကီလိုမီတာ) ရှည်လျား၍ ခပ်မတ်မတ်ဆင်းရသည်။ တစ်နေရာတွင် တောင်တက်ခရီးသည် ၁ မိုင် (၁၆ ကီလိုမီတာ)ရှိသည်။ ညလုံးပေါက်ခရီးဖြစ်၍ ၉၉. ၅ ရာခိုင်နှုန်း ခရီးကြမ်း ဖြစ်ပေသည်။

ကော်လိုရာဒိုမြစ်ကို မော်တော်ကားဖြင့် ဖြတ်သန်းသွားနိုင်ရန် စကျင်ကျောက် မဟာချောက်ကြီး (Marble Canyon) ကို Navajo Bridge တံတားမှတစ်ဆင့် ဖြတ်သန်းပြီး ရောက်ရှိနိုင်သည်။ အဆိုပါ နေရာသည် ၄၀၀ ပေ (၁၂၂ မီတာ)သာ ကျယ်ဝန်းသည်။ ဤခရီးသည် Less Ferry မှ ရေစုန်မိုင် အနည်းငယ်လောက်သာ သွားရသည်။

အမျိုးသားဥယျာဉ်၏ တောင်ဘက်နှုတ်ခမ်းနှင့် တူဆေးယန် လူ့အဖွဲ့အစည်း (Tusayan) မှတစ်ဆင့် နက်ရှိုင်းသော ချောက်ကြီးသို့ သွားရောက်၍ ကြိုက်သလို ခံစားနိုင်ခွင့်ရှိသည်။ ကမ္ဘာတစ်ဝန်းလုံးမှ တစ်နှစ်လျှင် ဧည့်သည်များ သန်းချီ၍ လာရောက်လည်ပတ်လျက် ရှိနေကြသည်။

တောင်တက်ခရီးကြမ်းဖြင့် မြင်းစီး၊ လားစီးပြီး မြစ်ကြောင်းအတိုင်း ဖောင်ဖြင့်သွားရောက်၍ ရွက်ဖျင်တဲထိုးကာ စခန်းချနေနိုင်သည်။ ရဟတ်ယာဉ်ဖြင့်လည်း ရောက်ရှိနိုင်သည်။

ဤနေရာသို့ မသွားမီ တောင်ဘက် နှုတ်ခမ်းသို့ မီးရထားစီးပြီး လာပါ။ I MAX Theater ပြခန်းတွင် လေ့လာပါ။ Grand Canyon Wild West Experience တွင် တည်းခို၍ အနောက်တိုင်းညစာကို တွေ့ကြုံခံစားကြည့်ပါ။ မြို့၏ မီးရောင်မှိန်မှိန်အောက်တွင် ကြယ်တာရာများကို ကြည့်ရှုနိုင်သည်။

မိသားစုအလိုက် R.V ယာဉ်ဖြင့်လာ၍ တိတ်ဆိတ်ငြိမ်သက်သော နေရာတွင် စခန်းချပါ။ မည်သည့်နေရာကိုပဲ ရွေးရွေး သင်တို့၏ပတ်လည်တွင် ရှခင်းများ၊ ပိုင်းရံလျက်ရှိနေပါသည်။


ငှက်ဝါသနာရှင်များအနေဖြင့် ငှက်ကြည့်ရန်နေရာများလည်း ရှိနေပါသည်။

*Ref: GRAND CANYON*

◆

www.burmeseclassic.com

www.burmeseclassic.com




# ဂြိုဟ်သိမ်ဂြိုဟ်မွှား အမြီးများ

အလှည့်ကျပြောင်းလဲဖြစ်ပေါ်နေသည့်အမြီး အမြောက်အမြား ရှိနေသည့် ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုအား နာဆာ (NASA) ၏ ဟာဗယ် အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်၍ တွေ့ရှိရကြောင်း နက္ခတ္တပညာရှင်များမှ ပြောကြားသည်။

ဂြိုဟ်သိမ်ဂြိုဟ်မွှား အများဆုံးကဲ့သို့ အလင်းစက်ကလေးတစ်ခုအဖြစ် တွေ့ရမည့်အစား ဤတစ်ခုတွင် ကြယ်တံခွန်ကဲ့သို့ ဒါဇင်ဝက်ခန့်ရှိသည့် မြေဖုန်မှုန့် အမြီးများသည် စက်ဘီးခွေတစ်ခုပေါ်မှ စပုတ်တိုင်များသဏ္ဌာန် ဗဟိုမှရောင်ခြည်များလို ဖြာထွက်၍နေကြောင်း ကြယ်တံခွန်ဂျာနယ် (ASTROPHYSICAL JOURNAL) တွင် သိပ္ပံပညာရှင်များမှ ရေးသား တင်ပြထားကြသည်။

"ဂြိုဟ်သိမ်ဂြိုဟ်မွှား တစ်ခုကို မြင်နေရတယ်ဆိုတာ မယုံကြည်နိုင်စရာပါပဲ"ဟု လော့အိန်ဂျလိစ် ကာလီဖိုးနီးယားတက္ကသိုလ် ကမ္ဘာမြေနှင့်သိပ္ပံဌာန (University of California Los Angeles Deparment of Earth and Space Sciences) မှ ဦးဆောင် စူးစမ်းခဲ့သော ပါမောက္ခဒေးဗစ်ဂျူးဝစ် (David Jewitt) မှ ပြောကြားသည်။

"အဲဒါကိုတွေ့လိုက်ရတဲ့အခါ ကျွန်တော်တို့ မှင်သက်မိသွားခဲ့ကြပြီး အံ့ဩဖွယ်ကောင်းစွာ သူ့ရဲ့အမြီးဟာ ထူးထူးခြားခြား ဖုန်မှုန့်တွေကို မှုတ်ထုတ်ရင်း ၁၃ ရက် တစ်ကြိမ်ပြောင်းလဲလို့ နေပါတယ်" အဆိုပါအရာဝတ္ထုကို "P/2013 P5" ဟု နာမည် ပေးထားကြသည်။

အနည်းဆုံး ငါးလခန့် ၎င်းဂြိုဟ်သိမ်မှ ဖုန်မှုန့်များကို မှုတ်ထုတ်နေကြသည်ဟု နက္ခတ္တပညာရှင်များမှ ယုံကြည်နေကြသည်။ ဂြိုဟ်သိမ်သည် အလွန်လျင်မြန်စွာ လည်ပတ်နေလျက် အစိတ်စိတ် အမွှာမွှာ ဖြစ်သွားဟန် တူပေသည်။

တစ်စုံတစ်ရာနှင့် ဝင်ဆောင့်မိလိုက်၍ အမြီးများ ဖြစ်ပေါ်နေသည်ဟု သူတို့က မယူဆခဲ့ကြပေ။ အကြောင်းရင်းမှာ တစ်ချိန်တစ်ခါတည်း ဖွာဆန်ကြပစ်ထုတ်ခြင်း မဟုတ်သောကြောင့်ဖြစ်ပေသည်။ ဟာဝေယီမှ အဝေးကြည့်မှန်ပြောင်းတစ်ခုဖြင့် ပထမဆုံး လှမ်းမြင်ခဲ့ရပြီးနောက် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်နေ့က နာဆာ၏ ဟာဗယ်လ်အာကာသ အဝေးကြည့်မှန်ပြောင်းဖြင့် အသေးစိတ်ကို တွေ့ရှိကြရခြင်း ဖြစ်သည်။

အဆိုပါ အရာဝတ္ထုသည် လွန်ခဲ့သည့် နှစ်ပေါင်းသန်း ၂၀၀ ခန့်က ဂြိုဟ်သိမ်တစ်ခုကို ဝင်တိုက်မိပြီး ဖြစ်ပေါ်လာခဲ့ဟန်တူသည်။


ဖုန်မှုန့်များကို ဖြန့်ထုတ်နေသည့် ပုံစံဟာ မလုပ်တစ်ချက် လုပ်တစ်ချက် ထုံ့ပိုင်းထုံ့ပိုင်းအဖြစ် ပေါက်ကွဲထွက်သွားပြီး တဖြည်းဖြည်းချင်း ပျောက်ကွယ်သွားမှာဖြစ်ကြောင်း၊ ဂြိုဟ်သိမ်တစ်ခုကို အဲဒီလို တွေ့ရပြီဆိုရင် နက္ခတ္တပညာမှာ နောက်ထပ် အပြွတ်အတွဲလိုက် ထပ်မံတွေ့ရှိနိုင်ကြောင်း၊ ဒါဟာ ပထမဆုံးထူးခြားတဲ့ အရာဝတ္ထုဖြစ်ပြီး နောက်ထပ် ဧကန် ထပ်မံတွေ့ရဦးမှာဖြစ်ကြောင်း ပါမောက္ခ ဒေးဗစ်ဂျူးဝစ်မှ ရှင်းပြသည်။

*Ref: Six-tailed asteroid stuns scientists*

◆

www.burmeseclassic.com

www.burmeseclassic.com


FLYING SAUCERS
INFORMATION CONCERNING

The following information was furnished to SA [redacted]

An investigator for the Air Forces stated that three so-called flying saucers had been recovered in New Mexico. They were described as being circular in shape with raised centers, approximately 50 feet in diameter. Each one was occupied by three bodies of human shape but only 3 feet tall, dressed in metallic cloth of a very fine texture. Each body was bandaged in a manner similar to the blackout suits used by speed flyers and test pilots.

According to Mr. [redacted] informant, the saucers were found in New


# ပန်းကန်ပြားပျံ လျှို့ဝှက်မှတ်တမ်း

ယခု သီတင်းပတ်တွင် အက်ဖ်ဘီအိုင်မှ "Flying Saucers" ခေါ် ပန်းကန်ပြားပျံများ ခေါင်းစဉ်ဖြင့် ၁၉၅၀ ခုနှစ်က လူများ စိတ်ဝင်စားခဲ့ကြသည့် မှတ်တမ်းတစ်ခုကို FBI ၏ Online သို့ တင်ပြခဲ့သည်။

ဝါရှင်တန်မှ အထူးထောက်လှမ်းရေး (Guy Hottel) ဂိုင်းဟော့တယ်လ်၏ လျှို့ဝှက်အစီရင်ခံစာ တစ်စောင်သည် ဤသို့ဖြစ်ပါသည်။ နယူးမက္ကဆီကိုတွင် ပန်းကန်ပြားပျံဟု နာမည်မှည့်သည့် ယာဉ်သုံးစင်းကို လေတပ်ထောက်လှမ်းရေး တစ်ဦးမှ တွေ့ရှိကြောင်း၊ ၎င်းတို့သည် အဝိုင်းပုံသဏ္ဌာန် ရှိလျက် အလယ်တွင် မြင့်နေကြောင်း ခန့်မှန်းခြေအားဖြင့် အချင်း ၅၀ ပေ ရှိသည်ဟု ဆိုသည်။

ပန်းကန်ပြားပျံတစ်စီးတွင် လူသားပုံသဏ္ဌာန်နှင့် သုံးဦး ပါရှိပြီး ၃ ပေ မြင့်ကြသည်ဟု သိရှိရသည်။ ဤသတင်းမှာ တိကျမှုမရှိဘဲ တတိယတန်းစားလောက်သာရှိကြောင်း FBI ၏ သမိုင်းပညာရှင် ဂျွန်ဖောက်(John Fox)မှ ပြောကြားသည်။ နောက်ပြောင်မှုတစ်ရပ် ဖြစ်နိုင်သည်။ တစ်စုံတစ်ယောက်က ပြောသံကြားသည့်ကို တစ်ဆင့် ဖောက်သည်ချလိုက်ဟန် တူပေသည်။ အလွန် စိတ်ဝင်စားစရာကောင်းသည့် ကိစ္စကို Online တွင် လူတစ်သန်းကျော်မှ ကြည့်ရှုအားပေးခဲ့ကြသည်။

၎င်းဂြိုဟ်သားများသည် သတ္တုအရောင်ပြန် ရက်သားအထည်ကို ဝတ်ဆင်ထားပြီး လေယာဉ်ပိုင်းလော့များ ဝတ်ဆင်လေ့ရှိသကဲ့သို့ နက်မှောင်သော ဝတ်စုံများနှင့် နယူးမက္ကဆီကိုမြို့တွင်သာ တွေ့ရှိရကြောင်း မှတ်တမ်းတွင် ရှင်းပြထားသည်။

အစိုးရတွင် အဆိုပါဒေသ၌ အားကောင်းသော ရေဒါဖမ်းစခန်းတစ်ခု ရှိနေသော်ငြားလည်း ပန်းကန်ပြားပျံများမှ စက်မှုဆိုင်ရာ ထိန်းချုပ်မှုရှိနိုင်ကြောင်း ဖော်ပြထားသည်။ FBI သည် နောက်ထပ် အငံရေးယူဆောင်ရွက်မှု တစ်စုံတစ်ရာကို မလုပ်ဆောင်တော့ပေ။

၁၉၇၀ ခုနှစ်က ပထမဆုံးဖိုင်ကို ထုတ်ပြန်ခဲ့သော်လည်း ၂၀၁၁ ခုနှစ်ရောက်မှ Online တွင် တင်ပြခဲ့သည်။ ၎င်းကို Vault တွင် တစ်စိတ်တစ်ပိုင်းအဖြစ် လူစိမ်းများအကြောင်း ဖော်ပြပေးခဲ့သည်။ ၎င်းတွင် *X-Files* ၌ သက်ရှိ တိုင်းတစ်ပါး ဂြိုဟ်သားများရှိနေကြောင်း ခေါင်းစဉ်တပ်ထားသည်၊ တိုင်းတစ်ပါး အခြားဂြိုဟ်သားများသည် နယူးမက္ကဆီကိုနယ်၊ ရို့စ်ဝဲလ် (Ros Well) တွင် ဆင်းသက်ခဲ့ကြသည်။ (Ros Well) ရို့စ်ဝဲလ်တွင် ပန်းကန်ပြားပျံ ဆင်းသက်ပြီး သုံးနှစ်ကြာသွားမှ မှတ်တမ်းထွက်လာခဲ့၍ တစ်ခုနှင့်တစ်ခု ဆက်စပ်မှု ရှိပုံမရခဲ့ပေ။

UFO ခေါ် 'ထောက်လှမ်းမရနိုင်သောအရာ' မြင်တွေ့ရမှုများ အာကာသအမှိုက်များနှင့် တိုင်းတစ်ပါး အခြားဂြိုဟ်မှ ကမ္ဘာမြေပေါ် ဆိုက်ရောက်မှုများ စသည်တို့ကို ဖော်ပြထားသည်။ 'မရှင်းလင်းနိုင်သေးသည့် အဂ္ဂါရပ်များ' (Unexplained Phenomenon) ဟု ခေါင်းစဉ်တပ်ထားပြီး မှတ်တမ်းများကို FBI မှ သိမ်းဆည်းထားခဲ့သည်။

Vault တွင် ဖိုင်အများအပြား ရှိနေကြရာ FBI ၌ လူဆိုးကြီး အယ်လ်ကာပုန်း (Al Capone)၊ ဘွန်းနီနှင့် ကလိုက် (Bonnie and Clyde) နှင့် ဂျွန်ဒီလင်ဂျာ (John Dillenger) စသည့် ရာဇဝတ်မှု ကျူးလွန်ခဲ့သူများ၏ အမှုတွဲများ ရှိနေသည်။ ၎င်းအပြင် ရုပ်ရှင်မင်းသမီး မာရီလင်မွန်ရိုး (Marilyn Monroe)၊ အဆိုကျော်ရုပ်ရှင်မင်းသား ဖရင့်ခ်စင်နာထရာ (Frank Sinatra)၊ တူပက်ရှာကူးလ် (Tupac Shakur) တို့၏ ဖိုင်များလည်း ရှိနေပေသည်။

ဂန္ထဝင်အမှုတွဲများကို FBI သည် အပင်ပန်းခံ၍ တည်ဆောက်ပေးထားသည်။ ၎င်းတို့သည် ရဲရဲဝံ့ဝံ့ပွန့်စား၍ ရာဇဝတ်မှုများကို ဖော်ထုတ်၍ ဝရမ်းပြေးများကို ဖမ်းဆီးပေးနိုင်ကြောင်းနှင့် အဆိုပါမှတ်တမ်းများမှာ ထူးခြားမှုရှိနေကြောင်း FBI သမိုင်းပညာရှင် ဂျွန်ဖောက်မှ ဝေဖန်ပြောကြားသည်။

*Ref : FBI's flying saucers' online memo intrigues public (30-3-2013) (ATDZ)*

ဦးတိုး(တက္ကသိုလ်ဓာ)

❐

www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

**ကရဝိက်သံ၊ ကြိုးကြာသံ**

ကိုအောင်က အပြောကြမ်းသူ ဇနီး မပြုံးအား အောက်ပါအတိုင်း ပြောပြ၏။



"ငါ့သူငယ်ချင်းရဲ့မိန်းမ မခိုင်ကို မင်း သိတယ် မဟုတ်လား"

"အဲဒါ ဘာဖြစ်တုံး"

"သူ စကားပြောတာ သိပ်ယဉ်ကျေးတာပဲ၊ သူ့ယောကျ်ားက မိန်းမ ရေလို့ ခေါ်လိုက်တာနဲ့ မခိုင် ထူးတဲ့အသံက ကရဝိက်သံ၊ ကြိုးကြာသံလေး လိုပဲ"

"တော့် သူငယ်ချင်းတွေရှေ့မှာ ကျုပ်လဲ ကရဝိက်သံ၊ ကြိုးကြာသံနဲ့ ထူးတတ်ပါတယ်တော့်"

ကိုအောင်တစ်ယောက် ဝမ်းသာအားရနှင့် နောက်တစ်နေ့တွင် သူငယ်ချင်းဖြစ်သူအား အိမ်အလည်ခေါ်လာပြီး ဇနီး မပြုံးကို အော်ခေါ်လိုက်၏။

"မိန်းမရေ၊ မပြုံး"

အိမ်အတွင်းခန်းမှ မပြုံး၏ ထူးသံ ထွက်ပေါ်လာ၏။

"ကရဝိက်သံ၊ ကြိုးကြာသံ၊ ကရဝိက်သံ၊ ကြိုးကြာသံ"

**အတုံးလိုက်**



ကိုတင်လှသည် စကားပြောရာတွင် အင်္ဂလိပ်လိုညှပ်၍ ပြောတတ်သူ ဖြစ်၏။ အင်္ဂလိပ်စကားကို ကျွမ်းကျင်လှ၍ မဟုတ်။ လူအထင်ကြီးစေရန် ဖြစ်၏။ တစ်ရက်တွင် ဇနီးဖြစ်သူက တို့ဟူးသုပ်သည်အား ခေါ်၍ဝယ်သည်။ ပြီးတော့ ကိုတင်လှကို လှမ်းမေး၏။

"ကိုတင်၊ တော် တို့ဟူးသုပ်စားဦးမလား"

"အိုင် တုံး လိုက်" (I don't like • ကျွန်ုပ် မနှစ်သက်ပါ)

တို့ဟူးသည် ပြန်ပြောလိုက်သည်က . . .

"အတုံးလိုက် မဟုတ်ပါဘူးတော်၊ လှီးပြီးမှ သုပ်ရောင်းတာပါ"

**သေမှာ ကြောက်တယ်**



ညဦးမှောင်ရီတရောအချိန်တွင် လူတစ်ယောက် မီးအိမ်လေးတစ်လုံး ကိုင်ဆွဲ၍ ထိုမီးအိမ်၏ အလင်းရောင်ဖြင့် တောလမ်းအတိုင်း ခပ်သုတ်သုတ် သွားနေ၏။ လမ်းမှာတွေ့သူက မီးအိမ် ကိုင်ထားသူအား . . .

"ညမှောင်ခါမှ တောထဲကို ဘာသွားလုပ်မလို့လဲ မိတ်ဆွေ"

"စိတ်ညစ်လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေမလို့"

"ဒါဖြင့် မီးအိမ်က ဘာလုပ်တာတုံး"

"မြွေပေါက်မှာ ကြောက်လို့"

**အေးသော်တာသောင်း**

❐



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



**မင်းအလုပ် ငါလုပ်ပေးနေတာ**

ရွာတစ်ရွာတွင် လယ်ပိုင်ရှင်တစ်ဦးသည် သူ့လယ်အတွက် စာရင်းငှား တစ်ယောက် ငှားထားသည်။ တစ်နှစ်ခန့်ကြာသောအခါ လယ်ပိုင်ရှင်ဇနီးနှင့် စာရင်းငှားတို့ ငြိစွန်းသွားကြသည်။

လယ်ပိုင်ရှင်လည်း ထိုကိစ္စကိုသိသော်လည်း ဇနီးကို မပစ်နိုင် မကွာနိုင်သည်က တစ်ကြောင်း၊ ကိုယ်တိုင် မျက်မြင်မဟုတ်သေးသည်က တစ်ကြောင်းကြောင့် ဘာမှ ဖွင့်ဟပြောဆို မေးမြန်းခြင်းမပြုဘဲ မသိသလို နေလာခဲ့သည်။ တစ်နေ့ တခြားရွာအလှူအကြောင်းပြု၍ သွားပြီး တရားဆုံးအောင် မနာယူဘဲ အိမ်ပြန်လာကာ သူ့စာရင်းငှားနှင့် ဇနီးအခြေအနေကို ချောင်းကြည့်ရာ ဇနီးနှင့် စာရင်းငှားတို့ အခန်းထဲတွင် ပျော်မြူးနေကြသည်ကို သိသွားကာ အိမ်ဘေးနွားတင်းကုပ်အတွင်းမှ တံမြက်စည်းအကြမ်းယူပြီး တပြပြနှင့် လှည်းနေသည်။ စာရင်းငှားလည်း အသံကြား၍ ထွက်ကြည့်ရာ သူ့လယ်ရှင်ကို တွေ့သွားပြီး . . .

"ဟာ . . . လယ်ရှင်ကြီး ဘာလုပ်နေတာလဲ"

"မင်းက ငါ့အလုပ် ဝင်လုပ်နေလို့ ငါကလဲ မင်းအလုပ် ဝင်လုပ်နေတာ" ဟု ပြောလိုက်လေသတည်း။

တပ္ပိုယမောင်ဝိုင်း

❐



**ခွဲခွဲခြားခြား**

စာပေစကားဝိုင်းတစ်ခုတွင် ဖြစ်ပါသည်။

"မင်းတို့ လူငယ်စာပေသမားတွေဟာ ခက်ပါတယ်၊ ကဗျာနဲ့ စကားပြေ၊ စကားပြေနဲ့ ကဗျာကို ခွဲခွဲခြားခြား မသိကြသေးဘူး"

"ရှင်းပြပါ ဆရာကြီး"

လူငယ် စာပေဝါသနာရှင်တစ်ဦးက ပြောလိုက်သည်။

"ဥပမာအနေနဲ့ ငါရှင်းပြမယ်၊ မိန်းကလေးတစ်ယောက်သည် ရေထဲသို့ ဒူးနစ်သည်အထိ ဆင်းသွား၏၊ အဲဒါ စကားပြေပဲ"

လူငယ်တစ်ဦးက မေးခွန်းထုတ်သည်။ "ကဗျာကကော ဆရာကြီး"

"အေး . . . ခုနက မိန်းကလေးဟာ ရေနက်တဲ့နေရာအထိ ဆက်ကူးသွားရင် ကဗျာဖြစ်သွားပြီပေါ့ကွာ"

လူငယ်ကဗျာဆရာတစ်ဦးက မေးလိုက်သည်။ "ဆရာကြီး ရှင်းပြတာ ကောင်းပါတယ်၊ ခေတ်ပေါ်ကဗျာကကော ဘာလဲ ဆရာကြီး"

"ဒါကတော့ ဘီကီနီမိန်းကလေး ရေကူးတာကို ကောင်လေးတွေ ချောင်းကြည့်နေကြတာ ခေတ်ပေါ်ကဗျာပဲ၊ ဒါပေမယ့် ငါတို့လို ကာရန်သမားတွေကတော့ စိတ်မဝင်စားပါဘူး"

လက်ခုပ်သံများ ဆူညံ၍သွားသည်။

ညွန့်လွင်



❐



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

**သက်သေ**



တရားရုံးတစ်ခုတွင် နှစ်ဖက်မိဘများနှင့် ဆယ်ကျော်သက် လူငယ်စုံတွဲတို့အပြင် သက်သေလူကြီးများပါ စုံလင်နေပြီ။ တရားသူကြီးမှ . . .

"ဒီကလေးတွေကို လက်ထပ်ပေးဖို့ရာ အသက်နည်းနည်း လိုနေပါသေးတယ်၊ ဒါကြောင့် နောက်နှစ်နှစ်ကြာမှသာ တရားရုံးကို လာရောက်ပြီး လက်ထပ်ပေးကြပါ၊ ခုတော့ ဝမ်းနည်းစွာ ငြင်းပယ်လိုက်ရပါတယ်"

ထိုအခါ သတို့သမီး မိန်းကလေးက ပြန်မေးလိုက်သည်မှာ . . .

"တရားသူကြီးမင်းရှင့်၊ တကယ်လို့ နောက်နှစ်နှစ်ကြာမှ လာပြီး လက်ထပ်ရင် ကျွန်မရဲ့ကလေးကို သက်သေအဖြစ် ချီလာခဲ့ရမှာလားဟင်။ ပြီးတော့ သက်သေက နှစ်ယောက် လိုတာလား"

**အနားယူသောရက်**



သူငယ်ချင်းနှစ်ယောက် ငါးမျှားအတူထွက်ကြရာ တစ်ဦးက ငါးအရများ၍ တစ်ဦးက အရနည်းလေသည်။

"သူငယ်ချင်းရာ၊ မင်းက ငါးတွေ အများကြီးရတယ်ကွာ။ ခုမှမဟုတ်ဘူး၊ အမြဲတမ်းလိုလိုပဲကွာ၊ မင်းမှာ လျှို့ဝှက်ချက်တစ်ခုခုတော့ ရှိနေပြီ ထင်ပါရဲ့၊ ငါ့ကို ပြောပြပါလားကွာ"

"ဟုတ်တယ်၊ ငါ့မှာ ဘယ်သူ့ကိုမှ ပြောမပြတဲ့ ငါးမျှားနည်းလျှို့ဝှက်ချက်ရှိတယ်၊ ဒါပေမယ့် မင်းကိုတော့ ငါ ပြောပြနိုင်ကောင်းပါရဲ့"

"ပြောပြပါ သူငယ်ချင်းရာ"

"ဒီလိုကွ၊ ငါ့ရဲ့လျှို့ဝှက်ချက်က ငါ ငါးမျှားထွက်မယ့် မနက်မှာ ငါ့မိန်းမ ဘယ်လိုအိပ်သလဲလို့ ကြည့်လိုက်တယ်၊ သူ ဘယ်ဘက်ကို စောင်းအိပ်နေရင် အဲဒီနေ့ ငါက လေ့ရဲ့ဘယ်ဘက်မှာ ငါးမျှားတယ်၊ သူ ညာဘက်ကို စောင်းအိပ်နေရင် အဲဒီနေ့ ငါက ငါးမျှားတံကို ညာဘက်ကိုချပြီး မျှားတော့တာပဲ"

"ဒီလိုဆိုရင် သူငယ်ချင်းရာ၊ မင်းမိန်းမ ပက်လက်အိပ်နေရင်ကော"

"ဟဲ ဟဲ . . . အဲဒီနေ့ ငါ ငါးမျှားမထွက်နိုင်တော့ဘူးလေ"

**ကလဲ့စား**



"ငါ့မိန်းမ သိပ်မိုက်တယ်ကွာ၊ နှစ်လုံးထိ လောင်းကစားလုပ်တာ အကြွေးတွေအများကြီးတင်သွားတယ်၊ နောက်ဆုံး ပေးစရာကြွေးတွေ မချိမဆံ့များမှပဲ ငါသိရတော့တယ်၊ သူ့ကြွေးတွေဆပ်ဖို့ အဲဒီလောက် ငါမချမ်းသာဘူး၊ ဆပ်မပေးနိုင်ဘူး၊ လောင်းကစားဒိုင်ကိုလဲ မကျေနပ်ဘူး"

"အဲဒီတော့ မင်းက ဘယ်လိုဖြေရှင်းလိုက်လဲ သူငယ်ချင်း"

"အားလုံးအဆင်ပြေမယ့်နည်းလမ်းကို စဉ်းစားရတော့တာပေါ့၊ နောက်ဆုံးတော့ ငါ အဖြေရှာလို့ ရသွားတယ်"

"မင်း ဘယ်လိုလုပ်လိုက်လဲ"

"ငါ့မိန်းမနဲ့ လောင်းကစားဒိုင်ကို ပေးစားလိုက်တယ်ကွာ"

ထွန်းလွင်

❑



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ




**လေးပါးလုံ့ဖို့ များများသောက်**

အရက်သမားမှာ ဆင်ခြေအများကြီးပဲ။ အခုပဲကြည့်လေ။ သူပေးနေတဲ့ ဆင်ခြေကို။

"သူရာမေရိယကြောင့် အခြားကံလေးပါးကိုလုံအောင် ထိန်းနေတယ်ဗျ။ များများနဲ့ မူးအောင် မှောက်အောင်သောက်ထားလို့ကတော့ သူတစ်ပါးကို လိမ်ညာပြောဖို့၊ ဆဲမိဖို့နေနေ သာသာ ကိုယ့်လျှာကိုယ်ပြန်မကိုက်မိအောင် မနည်းထိန်းနေရတာဗျ၊ သူများဆီက မတရားခိုးယူဖို့ နေနေသာသာ ကိုယ့်အိတ်ထဲက ပိုက်ဆံတောင် ဘယ်ကောင်သမမှန်း မသိလို့ ခံရတာ အကြိမ်ကြိမ်ပေါ့၊ သူတစ်ပါးအသက် သတ်ဖို့နေနေ သာသာ ကိုယ့်ဘာသာကိုယ် မရပ်နိုင်လို့ ဓာတ်တိုင်ဖက်နေရတာပဲ ကြည့်၊ ကိုယ့်သိုင်းကွက်နဲ့ကိုယ် လဲကျနေတာ"

"နောက်ဆုံး ကံတစ်ပါးကိုကော ဘယ်လိုထိန်းလဲ"

"သူတစ်ပါးသားမယား ထိပါးစော်ကားဖို့ နေနေသာ သာ ကိုယ့်ကို ဘာကောင်ကိုက်သွားမှန်းတောင် မသိတဲ့ဥစ္စာ၊ ဒါကြောင့်ပြောတာ အမူးလွန်လေ ကံလေးပါးလုံလေ ထိန်းနိုင်လေဆိုတာ၊ ဟုတ်တယ် ဟုတ်"

စောနိုင်ထူး

❒

**တွေ့ကြမယ်လေ**

ရွှေမင်းသမီးနဲ့ ဖားပုံပြင်ကို သဘောကျပြီး ဖားကလေးတစ်ကောင်ဟာ တစ်နေ့မှာ အကြားအမြင်ရ ဗေဒင်ဝိဇ္ဇာ တစ်ဦးဆီ သူ့ဘဝရှေ့ရေး အလားအလာကို လာမေးသတဲ့။ ဗေဒင်ဆရာက သူ့ရဲ့ မှော်ဓာတ်ပုံက တစ်ဆင့် ဟောပေးတယ်။

"မင်းဟာ ဝေါဒစ္စနေ ကာတွန်းတွေထဲကလို သိပ်ချော သိပ်လှတဲ့ ကောင်မလေးတစ်ယောက်နဲ့ ဆုံမိကြမယ်"

"ဟာ. . . အဟုတ်၊ ပြီး ဘာဆက်ဖြစ်ဦးမလဲ"

"သူဟာ မင်းကို တစိမ့်စိမ့်နဲ့ တစ်နေကုန် ထိုင်ကြည့်ရင်း ရင်ခုန်သံတွေ မြန်လာလိမ့်မယ်၊ အဲဒီလိုကနေ မင်း အကြောင်းတွေကို သိချင်လာလိမ့်မယ်၊ မင်းကို တယုတယ ကိုင်တွယ်ပွတ်သပ်ပေးလိမ့်မယ်၊ အဲဒီအချိန် မင်းက မျက်လုံးကလေး အပြူးသားနဲ့ပေါ့"

"အဲဒါ ဘယ်နေရာမှာ ဆုံကြတာလဲဟင်"

"ဆေးတက္ကသိုလ်ရဲ့ တစ်ခုသော ခွဲစိတ်ခန်းထဲမှာပေါ့"

စောနိုင်ထူး

❒



www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



ကြူကြူသင်း

# ထိုက်တန်ပါ၏

ဖြစ်တာကတော့ ထုံးစံအတိုင်း ပါပဲ။

ထုံးစံအတိုင်း ဆိုတာက ပြုံးက ဗျစ်တောက်ဗျစ်တောက်ပြော သူက ဒေါသတကြီးအော်။ အမှန်မှာတော့ သူက စကားများများ ပြောတတ်တဲ့သူ မဟုတ်ဘူးလေ။ အဲ. . . ပြောပြီဆိုရင်တော့ ပီသာလေးနဲ့ ဘေးပစ်သလိုပဲ။ သူအော်တော့ ကလေးတွေလည်း မျက်နှာငယ်ကလေးတွေနဲ့ ဖြစ်ကုန်ရော။ အငယ်ဆုံးကောင် ဖိုးလမင်းဆိုရင် သူ့ကြီးကြီး ရင်ခွင်ထဲမှာ ကပ်လို့၊ သနားစရာ။

စဖြစ်တဲ့ ပြဿနာက ပြုံးတို့ အပေါ်ဆုံးထပ်ကို ရေစုပ်တင်လို့မရတဲ့ ကိစ္စက စတာပါ။ အပေါ်ဆုံးထပ်ဆိုတာ ခြောက်ထပ်မြောက်။ ပြုံးတို့နေတာက ကန်ထရိုက်တိုက်ခန်းပါ။ အိမ်ထောင်ကျပြီးတဲ့နောက် မတွေ့ဖြစ်ကြတော့တဲ့ ငယ်သူငယ်ချင်းတွေနဲ့ ပြန်ဆုံရင် ရယ်စရာ ပြောမိတယ်။ တို့က အဆင့်မြင့်မြင့်နေတာလို့။

ဟုတ်တယ်လေ၊ ပြုံးတို့ထက် မြင့်တာဆိုလို့ ခေါင်မိုးက စာကလေးဇိုက်ပဲ ရှိတော့တယ်။ မြင့်သလားမမေးနဲ့။ တော်ရုံ ကျန်းမာရေးကောင်းတဲ့လူတောင် ပြုံးတို့အခန်းရောက်အောင် လှေကားမှာမနားဘဲ တောက်လျှောက်တက်ခဲ့ရင် အနည်းဆုံး ရင်တော့တုန်တယ်၊ သိလား။

မကြာမကြာ ပေါက်ပေါက်လာတတ်တဲ့ မမြဆိုရင် သိပ်ညည်းပေါ့။

"ပြုံးရယ် ညည်းတို့အိမ် လာရတာ လှေကားကွေ့တွေမှာ နှစ်ခါနား၊ အသက်ပြင်းပြင်းရှူ၊ အားပြန်သွင်းပြီး ဆက်တက်မှ ရောက်တာ" တဲ့။

"နေဦး ဒီတစ်ခါ ငွေအဆင်ပြေမှ ညည်းတို့တိုက်ကို ဓာတ်လှေကားတပ်ပေးဖို့ ကိုကို့ကို ပြောပေးဦးမယ်" တဲ့။

မမြက လာတိုင်းလိုလို အဲ့သလို ရယ်စရာပြောတတ်တယ်။ သူ့ကိုကိုက အဆောက်အအုံကန်ထရိုက်တာလေ။ မမြ ညည်းတာလည်း အပြစ်မဟုတ်ပါဘူးလေ။ သူက ဆယ်မိနစ်လောက် လျှောက်ရတဲ့ဈေးကိုတောင် ကားနဲ့သွားတဲ့ မမပဲဟာ။

ညည်းသာ ညည်းရှာတာပါ။ တစ်လတစ်ခေါက်တော့ အနည်းဆုံးရောက်ရောက်လာတတ်တာပဲ။ သူ့ကားဆိုက်လာရင် အောက်မှာ ဆင်းဆော့နေကြတဲ့ ပြုံးရဲ့ကလေးတွေက အားရဝမ်းသာ ကြိုကြတော့တာပဲ။ အငယ်ဆုံးကောင်ကဆို စကားကလည်း တတ်တယ် မဟုတ်လား။

"အန်တီမြက သိပ်လှတာပဲ၊ သားတို့ဖို့ မုန့်တွေလဲ အများကြီးဝယ်လာတယ် မေမေ" လို့တောင် အော်အော်ပြောတတ်သေး။

ဟုတ်လည်းဟုတ်တယ်။ မမြကလည်း လာတိုင်း ကလေးတွေဖို့ တစ်ခုမဟုတ်တစ်ခု ပါပါလာတတ်တာ။ သွေးမတော် သားမစပ်ပေမယ့် သူကလည်း ပြုံးတို့ကို သံယောဇဉ်ရှိတယ်။ ပြုံးတို့ကလည်း သူ့ကို ချစ်တယ်။ အစကတော့ ပြုံးနဲ့ မမက တစ်ရုံးတည်းပါ။ ရာထူးတော မတူဘူးလေ။ ဘယ်တူနိုင်ပါ့မလဲ၊ သူက ဘွဲ့နှစ်ခုပိုင်ရှင်၊ ပြုံးက ဆယ်တန်းအောင်၊ ဘာဆိုင်လို့လဲ။ ပြုံး အလုပ်ဝင်တော့ မမြက လုပ်သက်တောင် ဆယ်နှစ်ပြည့်တော့မယ့်ဟာ။ နောက်ပိုင်း မမြ အလုပ်က ပင်စင်ယူသွားပေမယ့် အဆက်အသွယ် မပြတ်ခဲ့ပါဘူး။ သူက သဘောကောင်းလို့ ပိုချစ်ဖို့ကောင်းတယ်။

ဩော်. . . ဘယ်ရောက်သွားပါလိမ့်၊ သူများအကြောင်း ပြောနေတာနဲ့ ကိုယ့်အကြောင်းတောင် မေ့သွားပြတ်သွားပါပြီ၊ ဩော်. . . ဟုတ်တယ်၊ ဟုတ်

www.burmeseclassic.com

ပါတယ်၊ အပေါ်ကို ရေစုပ်တင်လို့မရတဲ့ ကိစ္စက စတာပါ။ ပြောပြန်တော့ ပြောတဲ့လူ လွန်ရာကျတယ်။ သားကြီးတို့က လည်း တုံကင်ရေ စပ်လို့မရဘူးလို့ အော်နေတာပဲ။ သူ မကြားဘဲ နေမလား။ သူဆိုတာ ကလေးတွေအဖေ၊ အိမ်ဦးနတ်ကြီးပေါ့။ နေနိုင်သလားမမေးနဲ့၊ မတုန်မလှုပ်ကြီး လုပ်နေတာ။ သူနဲ့ ဘာမှ မဆိုင်သလိုပဲလေ။

ပြုံးတို့ အပေါ်ထပ်တွေက ရေ သိပ်ရှားတာ၊ ရေမှ အပေါ်ထပ်တွေ အထိ မတက်တဲ့ဟာ ရှားတာမဆန်းပါဘူးလေ။ သိပ်ကို ရေဒုက္ခရောက်ရတာပဲ။ အဲဒါ ညည်းမိတုန်းကလည်း အိမ်ကလူကြီး အကောင်းမြင်သမားကြီးက ဘာပြောတယ် မှတ်သလဲ။

"မင်းတို့က နေရာတကာ အပြစ်မြင်နေတာကိုး၊ ရန်ကုန်မှ ခုလိုနေရာမျိုးမှာ အခုနေ ငှားနေကြည့်စမ်းပါ၊ တစ်လကို အိမ်လခ ခုနစ်သောင်း၊ ရှစ်သောင်း မပေးရတော့ ပြောချင်တိုင်းပြော၊ ဒါတောင် စပေါ်ဘိန်းချိပေးမှရတာ၊ ခုနေရတာ မိုးလုံလေလုံ ... တော့ တိုက်ခန်း" တဲ့။

အမယ်. . . ပြောနေလိုက်တာ အားရပါးရ။ မတန်ဘူး မပြောပါဘူး။ မကောင်းဘူးလို့လည်း မပြောပါဘူး။ ရေမတက်တဲ့ကိစ္စကိုသာ ပြောတာပါ။ ပြောရတာကလည်း နှစ်နဲ့ချီပြီး ပင်ပန်းရတဲ့ ကိစ္စမို့ ပြောမိတာပါ။ တကယ်တော့ ဒီတိုက်ခန်းကလေးကို လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ကြံဖန်ရှာဖွေစုဆောင်းပြီး ဝယ်ထားခဲ့လို့သာ အဆင်ပြေနေတာလေ။ ခုချိန်မှာသာဆိုရင် ဘယ်လွယ်ပါ့မလဲ။

ဒါပေမယ့် စဉ်းစားကြည့်ပါဦး။ အောက်ဆုံးထပ်ကနေ ခြောက်ထပ် အပေါ်ဆုံးထိ ရေဆွဲဆွဲတင်တာ ကလေးတွေလည်း မနေရ၊ မအေလည်း မနေရ၊ သူ့အစ်မ အသက်ငါးဆယ်ကျော်နေတဲ့ ပြုံးယောက်မကြီးတောင် ပလတ်စတစ် ပုံးကလေးနဲ့ တစ်နိုင်။ အဲလေ တစ်ခုတော့ ရှိတာပေါ့။ မိုးတွင်း သုံးလေးလမှာတော့ သိပ်မရှားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခေါင်မိုးရေတံလျှောက်ကကျတဲ့ရေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ခံယူလို့ ရတာကိုး။ အဲဒီအခါကျတော့ ပဥ္စမထပ်နဲ့ စတုတ္ထထပ်တွေကပါ ပြုံးတို့ အပေါ်ထပ် တက်လာ ရေခံကြရတယ်။ ဆောင်းတွင်းနဲ့ နွေကျရင်တော့ ခပ်ကြပေတော့ပဲ။ သယ်တင်ကြပေတော့ပဲ။

မမြကဆို ကလေးတွေကို သနားနေတာ။ ရေပုံးကြီးတွေနဲ့ ခြောက်ထပ်ရောက်အောင် သယ်တင်ကြရရှာတယ်လို့ပေါ့လေ။ ယောက်မကြီး သယ်တာကို ကြည့်ပြီးတော့လည်း သူ့မှာ တအံ့တဩ။ ဘယ်လိုလုပ်မလဲ၊ အခြေအနေ ဆိုတာက လူ့ရဲ့ခံနိုင်ရည်စွမ်းအားကို ပြောင်းလဲပစ်စေနိုင်တာပဲ မဟုတ်လား။

အဲဒီ ရေဒုက္ခကို ခံလာရတာ နှစ်ပေါင်း နှစ်ဆယ်နား နီးလာတော့ ပြုံးလည်း အတော်စိတ်ပျက်လာတယ်။ ဒါနဲ့ တစ်နှစ်က မဖြစ်ဖြစ်အောင် ငွေရှာပြီး ရေစုပ်တုံကင်ကလေးတစ်ခု မျက်စိမှိတ် ဝယ်ပစ်လိုက်ရကာယ်။

မဖြစ်ဖြစ်အော ... ဆိုတာက ပြုံးရဲ့ လက်စွပ်ကလေးကို ရောင်းပစ်လိုက်တာပါ။ ချေးတာ၊ ငှားတာ၊ ပေါင်တာ၊ နှံတာ ပြုံးက ဝါသနာ မပါဘူး။ ရှုပ်တယ်၊ ပြတ်ပြတ်ပဲ လုပ်ပစ်လိုက်တယ်။ အမေ ပေးလိုက်တဲ့ ဆွဲကြိုးတို့၊ လက်ကောက်တို့ကတော့ စတုတ္ထသား ကျောင်းစထားတဲ့ နှစ်မှာကတည်းက လုံးဝကိစ္စပြတ်သွားတာ။ ဒီတော့ လက်စွပ်ပေါ့။ သိပ်မပူလှပါဘူး။ နားက နားကပ်ကျန်သေးတာပဲဟာ။ လက်စွပ်ရောင်းပြီး ရေစုပ်တုံကင် ဝယ်တာတောင် လောက်ရုံလေးရယ်။ ဒါတောင် တစ်ပတ်ရစ်။

ငွေတတ်နိုင်တဲ့ အခန်းတွေကတော့ မော်တာ ဝယ်တပ်ကြတာပေါ့လေ။ လျှပ်စစ်မော်တာဆိုတော့ လူမပင်ပန်းဘူးပေါ့။ ခလုတ်ဖွင့်လိုက်ရုံပဲ။ ဒါပေမယ့် အဲဒါကြီးက အနည်းဆုံး သိန်းချီ ဈေးရှိတာ။ လက်နဲ့ စုပ်တင်ရတဲ့ တုံကင်ကတော့ လူပင်ပန်းတာပေါ့။ ပင်ပန်းတာမှ လက်မောင်းကိုအောင့်ပြီး ကြွက်သား ထအောင်ကို ပန်းတာ။

သားအမိတစ်တွေ ညတိုင်းမှာ ရေအားများတဲ့ အချိန်ကို စောင့်ပြီး တချောက်ချောက်နဲ့ ရေတင်ရတာ မပြောနဲ့တော့။ သမီးကြီးဆိုရင် လှချင်ပချင်တဲ့ အရွယ်ကလေး မဟုတ်လား။ ညာလက်မောင်း ကြွက်သားကြီးခုံးတက်လာလို့ လက်ပြတ်အင်္ကျီတောင် မဝတ်တော့ဘူး၊ အဲသလို။

ဒါပေမယ့် အောက်ဆုံးထပ်ကနေ ဆွဲတင်နေရတာထက်တော့ အများကြီး သက်သာတာပေါ့။ မဟုတ်ဘူးလား။ အချိန်ကုန်လည်းသက်သာတယ်။ ညတိုင်း စာကျက်နေရာကထပြီး တစ်ယောက် တစ်လှည့်စီ ဆွဲလိုက်ရင် တစ်ရက်ကတော့ ဖူလုံသွားတာပဲ။

ကလေးတွေက အတန်းကြီးလာကြတော့ စာကျက်ချိန်များများပေးရပြီး ပြုံးကလည်း လေးဆယ်ကျော်လာပြီဆိုတော့ သိပ်ပင်ပင်ပန်းပန်း မလုပ်နိုင်တော့ဘူး။ အလုပ်ချင်တာလည်း ပါတာပေါ့လေ။ နေရာတကာ လုပ်ပေးနေရရင်လည်းသေရချည်ရဲ့။ ပြုံးမှာ ရုံးအလုပ်ကတစ်ဖက် တာဝန်ရှိသေးတာ မဟုတ်လား။ အလုပ်ထွက်လိုက်လို့ကလည်း မဖြစ်သေးဘူးလေ။ ဗိုလ်လူကြီးရဲ့ လခလေး ခုနစ်သောင်းကျော်ကျော်နဲ့ ဒီလူကိုးယောက်ရှိတဲ့ အိမ်ထောင်စုကြီးကို ဘယ်လို ထိန်းနိုင်မလဲလို့။

တစ်ခါ တစ်ခါကျတော့လည်း သူ့ကိုပဲ အပြစ်တင်မိတယ်။ သူမြှောက်ပေးတိုင်း ကလေးတွေ မွေးပေးနေခဲ့မိတာကိုး။

ပြုံးမှာ ကလေးခြောက်ယောက် ရှိတာလေ။ မိန်းမရ၊ သားတွေ သမီးတွေ တစ်အုံကြီးနဲ့ နေရရင် သိပ်စိတ်ချမ်းမြေ့စရာကောင်းမှာကွလို့ ပြောခဲ့တဲ့ လူကြီး၊ ခုတော့ သူလည်း နှုတ်ဆိတ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ပြောမယ့်သာ ပြောရတာပါ။ သူ့ခမျာလည်း သူရသမျှ လခ တစ်ပြားမကျန် အပ်ရှာတာပါ။ ခရီးစရိတ်နဲ့ ဆေးလိပ်ဖိုးတော့ လျှော့တာပေါ့လေ။ ဒီပြင်တော့ ဘာမှအပိုမသုံးဘူး။ ဘယ်မှလည်း မသွားဘူး။ ရုံးပိတ်ရက်ဆို အိမ်မှာပဲ။ ဒါကြောင့် မမမြက စတာ၊ ညည်းတို့ကလေးများတာ ညည်းလူကြီး အိမ်မှာ အနေများလို့နေမှာတဲ့။ ကဲ . . . ကြည့် မျက်နှာတောင် ရှိန်းတက်လာပြီ ပြန်ပြောနေရတာ။ မမမြမှာက ကလေး နှစ်ယောက်တည်းကိုး။

အမှန်မှာတော့ မတည်အတူနေပါ၊ ကြာလေ အစေးမကပ်လေပဲ။ သူက ပြုံး ဘာပဲပြောပြော မကြားသလို လုပ်နေတတ်တာ ကြာပေါ့။ ဒါကလည်း မဆန်းပါဘူး ထင်ပါရဲ့နော်။ အိမ်ထောင်သက်ကလည်း နှစ်ပေါင်းနှစ်ဆယ်ကျော်လာပြီကိုး။ ပြုံးကလည်း ပြုံးပြောတာကို မကြားသလို လုပ်နေတာကို အမုန်းဆုံးပဲ။

ရေစုပ်မရတဲ့အကြောင်း ပြောနေကြတာ သုံးလေးရက်ရှိပေါ့။ တကယ်တော့ သူ နားလည်ဖို့ ကောင်းတာပေါ့။ ခုတော့ မဟုတ်ပေါင်။ ဆေးပေါ့လိပ်ကြီး တရှိုက်မက်မက်ဖွာပြီး မတုန်မလှုပ်။ သူ့ပုံစံကြီးကြောင့် ထပ်ပြောမိတော့ ထအော်တယ်လေ။ ငါက ဘာတတ်နိုင်မှာလဲတဲ့။ ကြည့် ပြောပုံက၊ တကယ်ဆို ဒီလိုပြောသင့်သလားနော်။ သူက အိမ်ထောင်ဦးစီး၊ အိမ်ဦးနတ်ပဲ။ တုံကင် ဘာဖြစ်လို့လဲ မေးပါ၊ မြန်းပါလား။ စစ်ပါ၊ ဆေးပါလား။

အဲဒီတော့ ပြုံးက ဘာလုပ်တယ်ထင်သလဲ။ ဟင်း ဘာရမလဲ၊ သားကြီး နှစ်ကောင်နဲ့အတူ တုံကင်ကို ဖြုတ်တာပေါ့။ သားအမိတစ်တွေ ချွေးတလုံးလုံးနဲ့ ဝိုင်းဖြုတ်လိုက်ကြတာ တစ်နာရီလောက်ကြာတော့ အောင်မြင်စွာဖြုတ်လို့ ရသွားတယ်။ အဲဒီမှာတင် တုံကင်ကြီးကို မြွေရေခွံအိတ်တစ်ခုထဲထည့်၊ သားကြီးကိုခေါ်ပြီး ပြင်တဲ့ဆိုင်ကို ပြေးရတာပေါ့။ ဘယ့်နှယ်လုပ်မလဲ၊ ပျက်ပြီဆိုမှတော့ ပြင်မှဖြစ်တော့မှာပေါ့။ မပြင်လို့ ပိုပျက်သွားမှ ဒုက္ခ။

အိမ်က မာန်တင်း ထွက်လာခဲ့သမျှ ဆိုင်ရောက်မှ မောရတော့တာပဲ။ ဆိုင်က ဟိုကြည့် ဒီကြည့်နဲ့ စစ်ဆေးကြည့်ပြီး ပြင်စရာတွေကို တန်းစီပြောတယ်။ အားလုံး တစ်သောင်းနှစ်ထောင် ကျမယ်တဲ့။ ကဲ . . . မမောဘဲ နေပါတော့မလား။ လူကို ချွေးတွေ ပြန်လာတော့တာပဲ။ မပြန်ဘဲ ရှိပါ့မလား။ ပြုံးအိတ်ထဲမှာ ပါလာတာက ငွေကလေး ရှစ်ထောင်ကျော်ရယ်။ အိမ်မှာရှိသမျှ ကုပ်ကုပ်ကပ်ကပ် လိုက်စုရင်တောင်မှ တစ်သောင်းပြည့်မှာ မဟုတ်ဘူး။ လကုန်ရက် မဟုတ်လား။ ငွေက ကုန်လှပြီလေ။ ပြုံးလေ ကြံရာမရဖြစ်ပြီး လူကို ပူထူနေတော့တာ၊ သိမ်ငယ်စိတ်တွေနဲ့ ဝမ်းနည်းလိုက်တာ မျက်ရည်တောင် ကျချင်တယ်။

နောက်ဆုံးတော့ တစ်ပိုင်းတစ်စစီဖြစ်နေတဲ့ ကိုယ့်ပစ္စည်းလေးတွေကို ကိုယ်ပြန်သိမ်းပြီး အိမ်ပြန်ခဲ့ရတော့တာပေါ့။ ဟုတ်တယ်လေ။ ဒါပဲ တတ်နိုင်တော့တာပဲဟာ။

အိမ်လည်းရောက်ရော အိတ်ကြီးကို ပစ်ချပြီး အားရပါးရ ငိုပစ်လိုက်မိတယ်။

နေနိုင်တော်မူလှတဲ့ လူကြီးက မျက်လုံးတစ်ချက် ဝေ့ကြည့်ပြီး "ဘာဖြစ်လာပြန်သလဲ" တဲ့။

ဒီတော့ စိတ်တိုတိုနဲ့ သူ့ကိုဖိပြီး အော်ကျယ်အော်ကျယ်ပြောမိပြန်ရော။

အဲဒီတော့ သူက . . .

"ကိုယ်သိသားပဲ၊ ဒီလောက်ကုန်ရမယ့်ကိစ္စ ကုန်စရာငွေ မရှိဘူးဆိုတာ သိလို့ နေနေတာ" တဲ့လေ။

"ဒါဖြင့်လဲ အစက ပြောပါလား၊ ခုတော့ သွားလိုက်ရတာ လူပင်ပန်း၊ စိတ်ပင်ပန်း၊ အငှားကားခက သုံးထောင်ကုန်သေးတယ်၊ တစ်ရက်စာ ဟင်းချက်စရာဖိုး ကောင်းကောင်းရတယ် သိလား" ဘာညာနဲ့ ရန်လုပ်နေတုန်း မမမြရောက်လာတာ။

ဘာဖြစ်လို့မှန်း မသိဘူး။ မမမြရောက်လာမှ ပြုံး မျက်ရည်ကျဖြစ်တော့တာ။ ဘာမှ မျှော်လင့်စိတ်နဲ့မဟုတ်ပါဘူး။ တိုင်တည်တဲ့သဘောနဲ့ အကြောင်းစုံ ရှင်းပြလိုက်မိထယ်။ မမမြက ပြုံးကို အသာလာဖက်ပြီး "ကဲ . . . လာ မမ လိုက်ပို့ပေးမယ်" တဲ့။ ဘာကို ဆိုလိုမှန်း ချက်ချင်းမသိဘူး။ "သားတို့က ဒီအထုပ်ကြီး အန်တီ့ကားထဲ လိုက်ပို့" လို့ ဆက်ပြောမှ သဘောပေါက်တော့တယ်။

တုံကင်ပြင်ဖို့ ဆိုင်မှာအပ်ခဲ့ပြီး အိမ်ပြန်ရောက်တော့ သားလေး ဖိုးလမင်းက ဘာပြောတယ်မှတ်သလဲ။

"မေမေ . . . သူတော်ကောင်းတွေ ဒုက္ခရောက်ရင် သိကြားမင်းက လူယောင်ဆောင်ဖန်ဆင်းပြီး လာကူတတ်တယ်လို့ ပုံပြင်ထဲမှာ ပါတယ်မဟုတ်လား၊ အန်တီမြက သိကြားမင်းများလား မသိဘူးနော်" တဲ့။

ဒီကလေးကတော့လေ လူကသာ ခြောက်နှစ်၊ စကားက သိပ်တတ်တာ။

အဲဒီမှာ အိမ်က လူကြီးက ဝင်ပြောတာ။

"အေး၊ မင်းတို့အန်တီမြသာ လူယောင်ဖန်ဆင်းထားတဲ့ သိကြားမင်းဖြစ်နေရင် မင်းတို့အတွက် ဘာမှ ပူစရာမလိုတာ အမှန်ပဲကွ၊ ဒါပေမယ့် မင်းတို့ကတော့ သူတော်ကောင်းဖြစ်ဖို့ လိုတာပေါ့၊ မဟုတ်ဘူးလား" တဲ့လေ။

ကြည့်၊ ပြောပုံက အဲသလိုလူကြီးပါဆို၊ မခက်ဘူးလား။

ကြူကြူသင်း

❒






www.burmeseclassic.com

www.burmeseclassic.com

# တလွဲခင်ရဲ့ အပြောင်းအလဲ

## ဟန်သိဂင်




"ကလောင် . . . ကလောင်"

'ခင်' နေသော တိုက်အောက်မှ ခေါင်းလောင်းကြိုးဆွဲသံကြောင့် ခင် ဝရန်တာမှ အောက်သို့ ငုံ့ကြည့်သော အခါ မလာစဘူး အလာထူးသည့် လပြည့်ဝန်းမဂ္ဂဇင်း အယ်ဒီတာကြီး ဆရာမောင်သာယာပါလား။

ခင့်တိုက်ခန်းက အပေါ်ဆုံးထပ် ဖြစ်၍ အယ်ဒီတာကြီး တက်လာရမှာ အားနာသဖြင့် . . .

"ဆရာ၊ အောက်ထပ်မှာပဲနေပါ၊ ခင် ဆင်းလာပါ့မယ်"

"ရတယ်· ညီမခင်၊ ဆရာတက်လာခဲ့မယ်"

ဆရာ့ပုံစံက အရေးတကြီးပုံဆိုတော့ ခင် မတားတော့ဘဲ အိမ်တံခါးမကြီးကို ဖွင့်ထားပေးလိုက်သည်။ နာရီဝက်အကြာမှာ ဟောဟဲ ဟောဟဲနှင့် အယ်ဒီတာကြီး ရောက်လာတော့သည်။

"ဟင် . . ."

တိုက်ခန်းအတွင်း ခြေလှမ်းဝင်မည့် အယ်ဒီတာကြီး ရှေ့ဆက်မတိုးရဲတော့။

ဈေးဆိုင်လည်းမဟုတ်၊ ဂိုဒေါင်လည်းမဟုတ်၊ လမ်းဘေးပုံရောင်းဈေးသည်ပမာ ခင်ရဲ့ အိမ်ခန်းတစ်ခန်းလုံး ရှုပ်ပွ။ ပစ္စည်းတွေက ဟိုတစ်ပုံ၊ သည်တစ်ပုံ။ စားပွဲပေါ်မှာအပြည့်။ ရှိသမျှ ကုလားထိုင်မှာလည်း အပြည့်။ ကြမ်း

---

www.burmeseclassic.com

ပြင်ပေါ်မှာလည်း ခြေချရုံသာ။ ထိုင်စရာနေရာမရှိ ဆိုတော့ မိုးတိုးမတ်တတ်ဖြစ်နေသော ဒ႒ယ်ဒီတာကြီးအား . . .

"အဟဲ . . . အားတော့နာတယ်ဆရာရယ်၊ ခဏနော်"

အနီးဆုံး ကုလားထိုင်ပေါ်က ပစ္စည်းပုံကို အဆင်ပြေရာသို့ ရွှေ့ပို့ရင်း ထိုင်စရာ လုပ်ပေးလိုက်ပြီး . . .

"ရပြီဆရာ၊ ထိုင်ပါ၊ ခဏနော်"

ရေခဲသေတ္တာမှ အအေးဘူးပြေးယူကာ အမောပြေစေရန် ဧည့်ခံရလေ၏။

"ကိစ္စရှိလို့လား ဆရာ"

"ရှိတာပေါ့ ငါ့ညီမရယ်၊ ခရီးတွေ ထွက်လွန်းတဲ့ ငါ့ညီမဆီက စာမူမရတာ ကြာတော့ စာဖတ်ပရိသတ်က နမော်နမဲ့ခင် မဖတ်ရတာ ကြာပြီဆိုပြီး တိုက်ကို ဖုန်းတဂွမ်ဂွမ် ဆက်လာကြတော့ အယ်ဒီတာချုပ်ကြီးက ဆရာရယ် သွားမေးပေးပါ၊ ဖြစ်နိုင်ရင် စာမူပါ တစ်ခါတည်း ယူလာခဲ့ပါဆိုပြီး လွှတ်လိုက်လို့ လာရတာ ညီမငှရေ . . ."

အယ်ဒီတာ စကားအဆုံးမှာ ခင့်မျက်နှာတွင် အားနာစိတ် လွှမ်းသွားရသည်။ ခေါင်းတကုတ်ကုတ်ပြုရင်း စကားဝါကျရှာနေဆဲ။

ဆရာမောင်သာယာခမျာ အိမ်ခန်းအတွင်းမှ ပစ္စည်းများအား မျက်လုံးဝေ့ဝဲ အကဲခတ်နေရာက. . .

"ညီမခင် ဆရာ့ကို စပ်စုတယ်လို့ မထင်ပါနဲ့နော်၊ မေးပါရစေ"

"မေးပါ ဆရာ"

"ငါ့ညီမ စာရေးဆရာမ မလုပ်တော့ဘူးနဲ့တူတယ်"

"ဟာ ဆရာကလဲ ဘယ်သူ့အမိန့်ပေးတာမှ မခံချင်လို့ စာရေးဆရာစစ်စစ်ဘဝနဲ့ ရပ်တည်နေတာပါ ဆရာရဲ့"

"ဩော် ဒါဆို ဒီအိမ်ခန်းထဲမှာ ပြည့်ကြပ်နေတဲ့ ပစ္စည်းတွေက ညီမရဲ့ သားသမီးတွေက စီးပွားရေးလုပ်ကြတာလား"

"အဟော် . . ဟော် . . ဆရာက မြောက်မြားလှစွာသော အလှအပ ကုန်ပစ္စည်းတွေမြင်ပြီး မေးနေတာကိုး"

ယခုမှ ခင့်လည်း သဘောပေါက်သွားရသည်။

"အေးလေ . . . ညီမက လူတောင် ထိုင်စရာမရှိ၊ ပစ္စည်းတွေက ပြည့်ကျပ်နေတာကိုး"

"ဒီလို ဆရာရေ ခင်က ဆရာတို့ဆီ စာမူမပေးနိုင်တာကလေ ပရော်ဖက်ရှင်နယ် မဂ္ဂဇင်းကြီးတွေမှာ စက်စက်ယိုကလောင်နဲ့ အလှအပ ကုန်ပစ္စည်းတွေ အကြောင်း အပြတ်ညွှန်းပြီး ဆောင်းပါးတွေ ရေးပေးလိုက်တာ။

ဆောင်းပါးအရေးခံရတဲ့ အလှကုန်ကုမ္ပဏီတွေက သူတို့ကုမ္ပဏီထုတ် မိတ်ကပ်၊ အလှကုန်၊ အသုံးအဆောင် ပစ္စည်းအကြောင်း ဆောင်းပါးပါတာနဲ့ ခင့်အိမ်ကို လက်ဆောင်ပစ္စည်း လာပို့တော့တာပဲ။

နောက် ကုမ္ပဏီအတွက်ရေးပေးရင်လည်း အိမ်တိုင်ရာရောက် ပို့ပြီးသားပဲ၊ အဲဒါ ဆရာ မြင်တဲ့အတိုင်းပဲလေ၊ နေလောင်ခံခရင်မ်လိမ်းပြီး လှတပတ အပြင်ထွက်လို့ရပြီ၊ ဆပ်ပြာ၊ ရေမွှေး ကြိုက်သလောက် သုံးခွင့်ရပြီ၊ ဆရာပြန်ရင် လက်ဆောင်ပေးလိုက်ဦးမယ်နော်"

"နေပါစေ ညီမရယ်၊ လက်ဆောင်ထက် လပြည့်ဝန်းအတွက် ဟာသစာမူပဲ ပေးလိုက်ပါကွယ်"

ဆရာ မောင်သာယာခမျာ မျက်နှာညှိုးညှိုးနှင့် စကားသံက တိုးလျနေရှာသည်။

ခင်က အလိုက်မသိ ဆိုးရွားစွာနှင့် . . .

"ဆရာတို့အတွက်ချွေးနံ့ပျောက် Roll on နဲ့ ခံတွင်းနံ့သင်းတဲ့ဆေး ပေးလိုက်ဦးမယ်နော်၊ တိုက်က သမီးတွေအတွက် လက်သည်းပုံဖော်ဆေး ပေးလိုက်မယ်"

"ဟိုလေ ညီမ စာမူပဲ ပေးလိုက်ပါကွယ်"

"စာမူလား၊ ထိုင်စောင့်ယူသွားလေ၊ ဒါတောင် ခင်က ဆရာ့ကိုအားနာလို့ ရေးပေးရမှာ . . ."

"အေးပါ ညီမရယ်၊ ကျေးဇူးပါ"

"ဆရာ၊ ခင်က စာပေကို လိုင်းပြောင်းရေးမလို့ သိလား"

"ဘယ်လို"

"ဩော် . . . အခုကြည့်လေ၊ အလှအပပစ္စည်းတွေ ရေးပေးတာနဲ့တင် ပစ္စည်းတွေ သုံးမကုန်အောင် လက်ဆောင်တွေ အိမ်တိုင်ရာရောက် ပို့ပေးကြတယ်မို့လား"

ခင်ကသာ အားရပါးရ ပြောနေပေမယ့် ဆရာမောင်သာယာခမျာ စဉ်းစားမရသော မျက်လုံးအကြည့်နှင့် ခင့်အား ငေးကြည့်ကာ နားထောင်ပေးနေရှာသည်။

"ဆက်ပြောလေ ညီမ"

"အလှကုန်အကြောင်း ဆောင်းပါးရေးရာကနေ လိုင်းပြောင်းပြီး မော်တော်ကားအကြောင်း ဆောင်းပါးရေးမလားလို့လေ"

"ဟား . . . ဟား . . . ဟား ငါ့ညီမခင်ကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဟိုက အလှကုန်မို့ လာပို့တာပါကွယ်"

ခင်တစ်ယောက် မော်တော်ကားစီးခွင့်ရရန် ရွှေဉာဏ်တော်စူးပုံများအင်း မော်တော်ကားဆောင်းပါးရေးပြီး ကားကုမ္ပဏီက အိမ်တိုင်ရာရောက် ကားလက်ဆောင် ပို့၊ မပို့ ပရိသတ်များ စောင့်ကြည့်ကြပါကုန်ဟူ၍ . . . ။

ပန်းသီးဇင်

❒





www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်ရိုမြှင့်

ကိုရွှေတောသား



ကာလသားတွေ ညပိုင်းဆုံတွေ့ရာ ပိတ်စွယ်ရွာအရှေ့ပိုင်း ရိပ်သာမှာတော့ လူစုံနေကြပါပြီ။

အဲဒီမှာ ကွင်းထဲက တက်လာသော မယ်ဒလင်သမားကျော်ယုတင်က ရိပ်သာအတွင်း၌ သူ၏ လက်သံကို တဒေါင်ဒေါင် တဒင်ဒင် ပေးနေချေတော့၏။ ကာလသားတွေ စကားဝိုင်းမှာတော့ သစ်မွှေးက ရန်ကုန်၌ကြုံခဲ့ရသည့် ပိတ်စွယ်ရွာသား ကိုဘကျော်ကြီး၏အကြောင်းကို ပြန်လည်ဖောက်သည်ချလေရာ ကြားကြရသူအပေါင်း အုန်းခနဲဆိုသလို ပွဲအကျကြီး ကျနေလေတော့၏။

ဒီနောက်မှာတော့ မယားဖြစ်သူကို အသေအလဲနိုင်သည်ဟု သံတင်းမွှေးနေသည့် ဦးကျွဲသိုးကြီး ရောက်လာသည်။ ဒီတော့ သာဂေါင်က ၎င်းတို့ ကာလသားစကားဝိုင်းအတွင်းသို့ ဆွဲသွင်းလိုက်လေသည်။

"ဗျို့ . . . ဦးကျွဲသိုးကြီး။ ကျွန်တော်တို့ကောင် သစ်မွှေးက ဒီနှစ်ထဲမှာ မိန်းမယူတော့မှာဗျ"

"ဟ . . . တယ်ဟုတ်ပါလား။ ကောင်းတယ်။ အားကောင်းမောင်းသန် ဒီအရွယ်က ယူသာထား။ နို့မဟုတ်ရင် ငါတို့လိုအသက်ကြီးမှ အိမ်ထောင်ကျတော့ 'အဖေခါးကုန်း သားစားတုံး' ဆိုသလိုမျိုး ဖြစ်နေဦးမယ်"

"ဒါထက်ဗျာ၊ ကျွန်တော်တို့ကောင်ကြီးအတွက် မိန်းမနိုင်နည်း နိဿရနည်းလေးတွေ ဘာတွေများ ချီးမြှင့်ပေးပါဦး၊ ဒီလိုကိစ္စမျိုးမှာ ဦးကျွဲသိုးကြီးက ဆရာတစ်ဆူလို့ နာမည်ကြီးနေလို့ပါ"

"အဟဲ . . . ဟုတ်တယ်ကွ"

သာဂေါင်၏ မြှောက်ပင့်စကားကြောင့် ဦးကျွဲသိုးခမျာ အမြှောက်ကြိုက်သူပီပီ တဟဲဟဲဖြစ်သွားလေ၏။

"ဟုတ်တယ်ကွ သစ်မွှေးရ။ မိန်းမဆိုတဲ့အမျိုးဟာ သူတို့ကို ပွဲဦးကတည်းက ကိုယ်က ချိုးမထားရင် ကိုယ့်ခေါင်းကိုတက်ပြီး မစင်စွန့်ချင်တတ်ကြတယ်။ ဒါကြောင့် 'မယားနေစ ကြောင်သေမှ' ဆိုပြီး သူတို့ရှေ့မှာ ကြောင်သတ္တဝါကို ရက်ရက်စက်စက် သတ်ပစ်ကြတဲ့အလေ့ ရှိဖူးတယ်ကွ။ ထားပါတော့ကွာ။ အခု ကြုံကြိုက်တုန်း မယားနိုင်ခေးကလေးတစ်ခု ပြောပြမယ်။ ကြားဖူးနားဝရှတဲ့ ပုံပြင်ကလေးတစ်ပုဒ်ပေါ့"

ဦးကျွဲသိုး၏ အာဝဇ္ဇန်းရွှင်မှုကြောင့် ကာလသားတွေ ဦးကျွဲသိုးအပါး ဝိုင်းအုံလာခဲ့ကြသည်။

"ဟိုးရှေးရှေးတုန်းကပေါ့ကွာ၊ ရှမ်းပြည်နယ်မှာရှိတဲ့ ရွာကလေး တစ်ရွာမှာ ရှမ်းလူပျိုကြီးတစ်ဦးဟာ အဲဒီရွာနဲ့ မနီးမဝေးမှာရှိတဲ့ ရွာကလေးတစ်ရွာက အပျိုမလေးတစ်ယောက်ကိုသွားရောက် တောင်းရမ်းယူတယ်တဲ့"

ဦးကျွဲသိုး၏ပုံပြင်က ကာလသားများ သည်းခြေကြိုက်ဖြစ်နေသည့်အတွက် အားလုံးပင် နားရွက်များ မခတ်ကြ။

"ရှမ်းလူမျိုးတွေရဲ့ ဓလေ့ထုံးစံအတိုင်း အပျိုမလေးကို သူတို့ရွာမှာပဲ လက်ထပ်မင်္ဂလာပွဲကျင်းပခဲ့ပြီးတဲ့နောက် သတို့သားက သတို့သမီးကို လှည်းယာဉ်ပေါ်တင်လို့ သတို့သားနေထိုင်ရာရွာကို ခေါ်လာခဲ့တယ်ဆိုပဲ။

လက်ထပ်ပြီးစ လင်မယားဆိုတော့ ပူပူနွေးနွေးစုံတွဲလို့ ဆိုရမှာပေါ့။ အဲ . . . သူတို့ဟာ လမ်းတစ်လျှောက် သီချင်းကလေး တကြော်ကြော်နဲ့ ပျော်ပျော်ပါးပါး ပြန်လာကြတုန်း လမ်းခရီး ကွက်လပ်မှာ လှည်းယာဉ်မှာတပ်ထားတဲ့ နွားတစ်ကောင်ဟာ လှည်းလမ်းအတိုင်းမသွားဘဲ ဘေးကို ဆွဲဆွဲချသွားတယ်တဲ့ကွ၊ ဒီတော့ သတို့သားရှမ်းကြီးက 'ဟေ့- တစ်ခိရှာပြီနော်' လို့ အဲဒီနွားကြီးကို ကြိမ်းမောင်းလိုက်တယ်။ အဲဒီတော့ သတို့သမီးက . . .

'တစ်ခိရှာပြီဆိုတာ ဘာကိုပြောတာလဲဟင် မောင်ကြီး' လို့ မေးလိုက်တယ်၊ ဒီတော့ ရှမ်းကြီးက . . .

'တစ်ခိရှာပြီဆိုတာ တစ်ခါရှိပြီလို့ပြောတာ'လို့ ပြန်ဖြေလိုက်တယ်။ နွားမိုက်ဟာ သွားရိုးသွားစဉ်အတိုင်းမသွားဘဲ လမ်းဘေးကို ဆွဲ-ဆွဲချသွားတဲ့အတွက် သူ့ကို စိတ်ဆိုးအောင်လုပ်တာ တစ်ခါရှိသွားပြီဆိုတဲ့ သဘောပေါ့။

အဲဒီလို ကြိမ်းဝါးပြီးတာနဲ့ သူတို့ ညားခါစဇနီးမောင်နှံဟာ သီချင်းလေးတွေ တကြော်ကြော်အော်ဟစ်သီဆိုရင်း ခရီးရှေ့ဆက်ခဲ့တယ်၊ အဲ . . . [illegible] လေး ခရီးသွားမိတဲ့အခါ [illegible] နွားကြီးဟာ သွားရိုးသွားစဉ် လှည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com

က မသွားဘဲ ဘေးကို ဆွဲချလုပ်လာပြန်တယ်။ ဒီအခါ ရှမ်းကြီးက . . .

'ဟော့ . . . နှစ်ခ်ိရှာပြီနော်' လို့ စိတ်ဆိုးမာန်ဆိုးနဲ့ကြိမ်းဝါးပြီး တောက်တွေ ဘာတွေတောင် ခေါက်လိုက်ပြန်သေးတယ်။ အဲဒီအခါ ဇနီးအသစ်စက်စက်ကလေးက လင်တော်မောင်ကို ဖျောင်းဖျတဲ့အနေနဲ့ . . .

'မောင်ကြီးရယ်။ မင်္ဂလာဦးအခါကြီးမှာ တော်ရုံတန်ရုံ စိတ်အခန့်မသင့်စရာ ကြုံတာနဲ့ ဒေါသထွက် စိတ်မဆိုးပါနဲ့နော်။ ကျွန်မ တောင်းပန်ပါတယ်' လို့ ပြောရှာပါတယ်။ ဒါပေမယ့် လင်တော်မောင် ရှမ်းကြီးက မရဘူး။

'ဟော့. . . မင်္ဂလာဦးဟူသော၊ ဘာသော၊ ညာသော၊ ဘယ်အချိန်ဖြစ်ဖြစ်မရဘူး။ ငါကစိတ်ဆိုးရင် အင်မတန်ဒေါသကြီးတာကွယ့်။ အတိုင်းအတာလွန်သွားလို့က သည်းမခံတတ်ဘူး' ရယ်လို့ ခပ်ငေါက်ငေါက်ကလေး ပြန်ပြောလိုက်လေရဲ့။ ဇနီးသည် ရှမ်းမလေးလဲ နှုတ်ဆိတ်သွားတယ်။ ဒီလိုနဲ့ ခရီးရှေ့ဆက်လာရင်းက ခုနက နွားကြီးက ဇွဲထပ်ဖောက်လို့ လမ်းဘေးကို ဆွဲချသွားပြန်တယ်။ အဲဒီအချိန်မှာပဲ လင်တော်မောင် ရှမ်းကြီးဟာ . . .

'ဟော့ . . . သုံးခ်ိရှာပြီကွ၊ ကဲ . . . မှတ်ကရော' ဆိုပြီး နံဘေးမှာ အသင့်ထားတဲ့ လှံကိုဆွဲလို့ လှည်းပေါ်ကနေ လွှားခနဲခုန်ချလိုက်တယ်။ ဟော့ ကောင်တွေ ပြောရ ဆိုရတာ ခံတွင်းချဉ်သကွာ။ ဆေးလိပ်တစ်ဖွာလောက် ပေးကြစမ်း"

အရေးကောင်းတုန်း ဒိန်းဒေါင်း ဖျက်ခံရသည့်ကိန်းမကြုံလိုသည့်အတွက် သစ်မွှေးတို့အုပ်စုက ချက်ချင်းဆိုသလိုပင် ဆေးပေါ့လိပ်တိုကို 'မီးမြှန်မြှန်ညှိကာ ဦးကျွဲသိုး၏လက်ထဲသို့ ထည့်ပေးလိုက်ကြသည်။ ပုံပြင်ဆရာ ဦးကျွဲသိုးလည်း ဆေးပေါ့လိပ်ကို သုံးလေးငါးဖွာခန့် အငမ်းမရ ရှိုက်ဖွာပြီးလေတော့မှ ၎င်း၏ပုံပြင်ကို ပြန်ဆက်လေတော့၏။

"အဲ. . . လှည်းအောက်ရောက်တာနဲ့ ဇွဲဖောက်တဲ့နွားကြီးရဲ့ နဖားကြိုးကို ဆောင့်ဆွဲပြီး လက်ပြင်တည့်တည့်ကနေ ဝမ်းခေါင်းထဲရောက်တဲ့အထိ လှံနဲ့ အားကုန်နီးပါးကို ဆောင့်ထိုးထည့်လိုက်တယ်။ အဲဒီမှာ ဇနီးသည် ရှမ်းမလေးက အူလျားဖားလျားနဲ့ . . .

'အို . . . မောင်ကြီးရယ်၊ မလုပ်ပါနဲ့ မလုပ်ပါနဲ့။ နွားကြီးခမျာ သနားစရာပါ' လို့ ပြောပြောဆိုဆို လိုက်ဆွဲပေမယ့် မမီတော့ဘူး။ ဇွဲဖောက်တဲ့နွားကြီးဟာ လင်တော်မောင်ရှမ်းကြီးရဲ့ လက်ချက်နဲ့ပဲ ဆန့်ငင်ဆန့်ငင် အကြောတွေဆွဲလို့ ဘုန်းခနဲလဲကျရင်း အသက်ပျောက်သွားတော့သတဲ့။

အဲဒီတော့ ဇနီးသည်ရှမ်းမလေးဟာ မိန်းမတို့ရဲ့ သဘာဝအတိုင်း သူတို့ရဲ့အကောင်းဆုံးလက်နက်ဖြစ်တဲ့ မျက်ရည်တွေသွန်ချပြီး ပါးစပ်ကလည်း ဗျစ်တောက် ဗျစ်တောက်နဲ့ စူပွစူပွလုပ်ရင်း ဆောင့်ကြီးအောင့်ကြီး စကားတွေ ပြောတော့တယ်။

'ရှင် တော်တော်ရက်စက်တဲ့သူပဲ။ ရှင့်မှာ သနားကရုဏာ အကြင်နာတရားကော ရှိမှရှိရဲ့လား။ အမယ်လေးလေး ကြောက်ဖို့ရွံဖို့ အင်မတန်ကောင်းလိုက်တာ။ ရှင့်လိုလူမျိုးကို ယူမိတာမှားလေခြင်း' ရယ်လို့ ပြောလဲပြော၊ ငိုလဲငို လုပ်တယ်။

ရှမ်းကြီးကတော့ ဘာမှမပြောဘဲ ပေပြီးနားထောင်တယ်။ ဒီတော့ ရှမ်းမလေးက တစ်ဆင့်တက်ပြီး . . .

'တော်ပြီ တော်ပြီ။ အကြင်နာတရားခေါင်းပါးတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရှင့်နောက်ကို မလိုက်တော့ဘူး။ အခုကျွန်မရွာကို ကျွန်မ ပြန်တော့မယ်'

လို့ ပြောဆိုရင်း လာခဲ့တဲ့လှည်းလမ်းအတိုင်း ပြန်လှည့်သွားတော့တယ်။ အဲဒီမှာတင် နေရာမှာရပ်နေတဲ့ လင်တော်မောင်ရှမ်းကြီးက . . .

'တောက် . . . ဒီမိန်း တစ်ခ်ိရှာပြီနော်' လို့ အော်ဟစ်ကြိမ်းမောင်းလိုက်တယ်။ ဒီကြိမ်းမောင်းသံလည်း ကြားရော ရှမ်းမလေးခမျာ တဆတ်ဆတ်တုန်သွားပြီး သူ့ရွာရှိရာဘက် ပြန်မသွားဝံ့တော့ဘဲ ရှမ်းကြီးရှိရာ ပြေးလာတယ်ဆိုပဲ။

အဲဒီကစလို့ ရှမ်းကြီးအဖို့ သူ့ရွာရောက်ပြီး ကာလတစ်လျှောက်လုံး ရှမ်းမလေးကို ဘာမှပြောစရာမလိုတော့ဘူးတဲ့။ အဲဒီလို မပြောရအောင်လည်း ရှမ်းမလေးခမျာ အမှတ်သည်းခြေရှိသွားခဲ့ပြီကိုး။ ရှမ်းကြီးအဖို့ နောက်ထပ် ဘယ်နှခါမှ ရှာစရာမလိုဘဲ သူတို့လင်မယားဟာ အိုအောင်မင်းအောင် ပေါင်းသင်းသွားရသတဲ့လေ။ အဲဒါ ငါမှတ်ထားခဲ့တဲ့ ပုံပြင်တွေထဲက တစ်ပုဒ်ပဲဟေ့. . ."

ကာလသားအားလုံး ပွဲကျသွားလေတော့၏။

"ဟား ဟား ဟား ဦးကျွဲသိုးရဲ့ ပုံပြင်ကတော့ တကယ့်ကို မိတယ်ဗျာ။ ဒါထက် လောကမှာ ကံအကောင်းဆုံးသမက်ဆိုတာ ရှိသလားဟင်"

"ရှိတာပေ့ါ သာဂေါင်ရာ၊ အဲဒီကံအကောင်းဆုံးသမက်တွေထဲမှာ ငါလဲ တစ်ယောက် အပါအဝင်ပဲဟေ့"

"ဗျာ ဟုတ်လား၊ ဘာဖြစ်လို့"

"ဘာဖြစ်လို့ဆို ငါ မပန်းလှိုင်နဲ့ အိမ်ထောင်ကျချိန်မှာ မပန်းလှိုင်ရဲ့မိဘနှစ်ပါးဖြစ်တဲ့ ငါ့ယောက္ခမအထီးနဲ့အမ နှစ်ယောက်စလုံး ကွယ်လွန်ပြီးဖြစ်နေကြလို့ပဲဟေ့"

သို့ကလို အာပေါင်အာရင်းသန်စွာဖြင့် ပြောဆိုအပြီးမှာတော့ ဦးကျွဲသိုးကြီးတစ်ယောက် ပခုံးပေါ် ရေလဲပုဆိုးတစ်ထည်တင်ရင်း ရွာထဲသို့ လှမ်းဝင်သွားပါတော့သတည်း။

ကိုရွှေတောသား

❐



www.burmeseclassic.com

www.burmeseclassic.com

# ကျေးလက်က ခင်မှုံ

ဇော်မင်း(ဒဂုံမြောက်)



ခင်မှုံတို့ရွာလေးမှာ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုသာ အဓိကလုပ်ကိုင်ကြသော ရွာလေးတစ်ရွာဖြစ်ပြီး ကျေးလက်နေသူတို့မှာ ရိုးသားကြ၏။ တစ်ရွာလုံး ကိစ္စကြီးငယ်ရှိလျှင်လည်း ဝိုင်းဝန်းလုပ်ဆောင်ပေးကြလေသည်မှာ ချစ်စရာတောဓလေ့တစ်ခုပင်ဖြစ်၏။ ယခုလည်း မနက်ဖြန် ကထိန်ပွဲအတွက် ရွာဦးဘုန်းတော်ကြီးကျောင်းတွင် တစ်ယောက်တစ်လက်နှင့် လုပ်အားပေးနေကြသည်။

ကျေးရွာရှိ အပျိုမလေးများဖြစ်ကြသော အေးပုံ၊ ရွှေမိ၊ ခင်မှုံ၊ မယ်သုန်၊ ပူတူးမ၊ ဂွက်ထော်၊ ဂျမ်းပုံ၊ ပိန်သေး အစရှိသော အပျိုမလေးများက ဆွမ်းချက်ဆောင်တွင် ကြက်သွန်ခွာသူခွာ၊ လှီးသူလှီးနှင့် စကားတွတ်ထိုးနေကြ၏။

ပူတူးမက . . .

“ဟဲ့ . . . ခင်မှုံ၊ နင့်ကိုပြောစရာရှိတယ် သိလား”

“ပြောလေဟာ”

“သပြေလှရွာက ကွမ်းတောင်ကိုင် အေးသီက အခု ရည်းစား နှစ်ယောက်ရသွားပြီတဲ့ဟ”

ရွှေမိက . . .

“ဟုတ်လို့လား၊ နင့်ဟာက”

“ဟုတ်တယ်ဟဲ့၊ မယုံရင် မယ်သုန်ကို မေးကြည့်ပါလား”

အေးပုံက . . .

“ဟယ် . . . ဒုက္ခပါပဲ။ ဒါဆို သပြေလှရွာက ကွမ်းတောင်ကိုင်အေးသီက ခင်မှုံ နင့်ထက်သာသွားပြီပေါ့”

ခင်မှုံတို့ရွာလေးနှင့် သပြေလှရွာမှာ တစ်ရွာနှင့်တစ်ရွာ အပြိုင်အဆိုင်ရှိကြလေသည်။ သူက ရွှေဆွဲကြိုးဝတ်လျှင် ကိုယ်ကလည်း ရွှေဆွဲကြိုးဝတ်ရမှ။ အေးပုံက . . .

“ဟဲ့ . . . ခင်မှုံ၊ နင့်ကို ရည်းစားစကားပြောထားတဲ့သူ တစ်ယောက်မှ မရှိတော့ဘူးလား”

“မရှိဘူးဟ။ ကိုအောင်ဘုကြီးတောင် ငါ့ကို ဟိုနေ့ကမှ ချစ်ရေးဆိုထားတာ။ ငါအဖြေမပေးရသေးဘူးဟ”

“အဲတော် . . . အဲဒါမှဒုက္ခပါပဲ။ ဘယ်လိုလုပ်ကြမလဲ”

ရွှေမိက . . .

“ဟာ . . . ငါအကြံရပြီ ခင်မှုံ။ နင့်အမေလဲ မုဆိုးမ၊ အေးသီအမေလဲ မုဆိုးမ ဆိုတော့ဟာ နင့်အမေကို ယောကျ်ားပေးစားလိုက်။ အဲဒါဆိုရင် သရေဖြစ်ပြီ”

“အေး . . . ဟုတ်တယ်”

“အဲဒါ ကောင်းတယ်”

ကျန် သူငယ်ချင်းများကလည်း ဝိုင်းဝန်းထောက်ခံကြ၏။

“အင်း . . . အမေ့ကို ဘယ်သူနဲ့ ပေးစားရကောင်းမလဲ”

မေးစေ့ကိုလက်ညှိုး[illegible]

“စဉ်းစား[illegible]”



www.burmeseclassic.com

www.burmeseclassic.com

ဂွက်ထော်က . . .

"ဟာ ဟုတ်ပြီ။ ဆေးဆရာကြီး ဦးသံချောင်းနဲ့ ပေးစားလိုက်ရအောင် ဘယ်သူလဲ မုဆိုးဖိုပဲဆိုတော့ အတော်ပဲ"

"အေး. . . အဲဒါကောင်းတယ်"

ထိုစဉ် ဆေးဆရာကြီး ဦးသံချောင်း ဆွမ်းချက်ဆောင်သို့ဝင်လာ၏။

"ဟယ် . . . ခင်မှုံ နင့်တော့ ကံကောင်းတာပဲ"

"ဘာဖြစ်လို့လဲ"

"ဟိုမှာ ဦးသံချောင်း လာနေတယ်။ တစ်ခါတည်း ကြောင်းလမ်းထားလိုက်တော့"

"အေးဟဲ့၊ ဘကြီးသံချောင်း ခဏခဏ"

ဦးသံချောင်းက အနားလျှောက်လာပြီး . . .

"ဘာလဲဟ ခင်မှုံရ၊ ဦးသံချောင်း တစ်ယောက်တည်းနေရတာ မပျင်းဘူးလား"

"ပျင်းတာပေါ့ဟာ၊ ဒါပေမယ့်"

"ဘာမှ ဒါပေမယ့်တွေ ဘာတွေ လုပ်မနေနဲ့။ ဘကြီးသံချောင်းကို အမေနဲ့ပေးစားမယ်။ မနက်ဖြန် အမေ့ကို လာတောင်းလှည့်"

"တ. . . တကယ်ပြောတာလား ခင်မှုံ"

"တကယ်ပေါ့။ မနက်ဖြန် ညနေ လူကြီးစုံရာနဲ့ လာတောင်းလှည့်"

"ဒါ . . . ဒါဆို ဘကြီး လာတောင်းမယ်နော်။ ရော့ ရော့ လက်ဖက်ရည်တိုက်ဖို့ ငွေသုံးသောင်းယူထားလိုက်၊ သမီးပဲ စီစဉ်ထား။ ကြားလား။ ပိုတာ သမီး သုံးလိုက်။ ဟုတ်ပြီလား"

"ဟုတ်"

ဘကြီးသံချောင်း ထွက်သွားတော့ ခင်မှုံက သူငယ်ချင်းများဘက် လှည့်ပြီး . . .

"အေးသီရာ၊ နင့်လောက်တော့ ပျင်းတောင် ပျင်းသေးတယ်"

သူငယ်ချင်းများကလည်း လက်ခုပ်လက်ဝါး တီးလိုက်ကြပြီး . . .

"ဟော့ . . . ဒါမှ ကုဋ္ဌိတန်းက ခင်မှုံကွ"

ဩဘာ ကောင်းချီးပေးလိုက်ကြသည်။

"ဟဲ့ . . . ခင်မှုံ ငါ အပေါ့သွားချင်လို့ လိုက်ခဲ့စမ်းပါဟယ်"

"သွားလေ။ ငါလဲ သွားချင်နေတာနဲ့ အတော်ပဲ။ ဟဲ့ နင်တို့ရော လိုက်ကြဦးမလား"

"မလိုက်တော့ပါဘူးဟာ"

ရွှေမိက . . .

"ဟဲ့ ဟဲ့. . . ငါလိုက်မယ်"

ဆိုရင်း ရှေ့မှသွားနှင့်နေသော အေးပုံနှင့် ခင်မှုံတို့နောက်မှ အပြေးလိုက်သွား၏။ ကျောင်းအောက်ရောက်တော့ မုန့်ဟင်းရည်အိုးတည်ထားသော မီးဖိုဘေးတွင် လူတစ်ယောက် ဖင်ဘူးတောင်းထောင်ပြီး မီးမှုတ်နေသည်ကို တွေ့လိုက်ရ၏။

"ရွှေမိ၊ ဟယ် ဟိုမှာ ဘယ်သူလဲ မသိဘူး။ ဖင်ဘူးခေါင်းထောင်ပြီး မီးမှုတ်နေတာ"

"မသိဘူးလေဟာ၊ မျက်နှာမှ မတွေ့ရတာ"

အေးပုံက . . .

"ခင်မှုံ တုတ်နဲ့ထိုးဟာ"

"ဟဲ့ . . . သူ့ဘာသူ မီးမှုတ်နေတာ၊ ငါက ဘာဖြစ်လို့ တုတ်နဲ့ထိုးရမှာလဲ"

"အသည်းယားလို့ပေါ့ဟ။ ထိုးပါဟာ နော် နော်"

"အေးလေဟယ် ခင်မှုံကလဲ နေဦး၊ ငါ တုတ်ရှာပေးမယ်"

ရွှေမိက တလံကျော်ကျော်ခန့်ရှိသည့် ဝါးခြမ်းပြားကို ကောက်လာပြီး-

"ခင်မှုံ ရော့ ထိုးလိုက် ထိုးလိုက်"

"ဟင့်အင်းဟာ"

အေးပုံက . . .

"ထိုးစမ်းပါဆိုတာ နင်ကလဲ"

"ပေးဟာ ဒီလောက်ဖြစ်တာ"

ခင်မှုံက ရွှေမိလက်မှ ဝါးခြမ်းပြားကို ဆတ်ခနဲဆွဲယူပြီး ဖင်ကုန်း မီးမှုတ်နေသူအား ဆောင့်ထိုးလိုက်၏။

"ဒုတ်"

"အား"

"အောင်မလေး သေပါပြီဗျ"

အသံနက်ကြီးနှင့် အော်လိုက်သောအသံကြောင့် အေးပုံတို့ သုံးယောက် ဘုန်းကြီးကျောင်းပေါ် တက်ပြေးကြလေသည်။ သူတို့ ထွက်ပြေးတက်သွားသောနေရာက ကျက်သရေဆောင်အခန်းဖြစ်သည်။ ဘုန်းတော်ကြီးကတော့ ကျိန်းနေလောက်ပြီ။ ဦးသူတော်ကတော့ ကွမ်းအစ်တစ်လုံးရှေ့မှာ ချပြီး ကွမ်းသီးညှပ်နေ၏။ ထို့နောက် ကွမ်းသီးစိပ်တစ်စိပ်ကို ပါးစပ်ထဲထည့်ကာ ဝါးလိုက်ရင်း . . .

"ဟဲ့ . . . ခင်မှုံတို့၊ ရွှေမိတို့ ဘာဖြစ်လာကြတာလဲ"

"ဘာ ဘာမှမဖြစ်ပါဘူး ဘုရား"

"ဒါဆိုလဲ လာထိုင်ကြ။ ဒီမှာ ငှက်ပျောသီးလာစား"

"တင်ပါ့ဘုရား"

ခင်မှုံတို့သုံးယောက် ဦးသူတော်ပေးသော ငှက်ပျောသီးကိုယူကာ ဦးသူတော်ရှေ့မှာပင် ထိုင်လိုက်ကြသည်။

ရွှေမိက . . .

"ဟယ် . . . ဦးသူတော်နဖူးမှာ ယင်ကောင်နှစ်ကောင် ထပ်ရက် နားနေတယ်တော့"

ခင်မှုံနှင့် အေးပုံဘက်သို့ ကိုယ်လေးစောင်းကာ ခပ်တိုးတိုးပြောလိုက်၏။ နှစ်ယောက်သား ဦးသူတော်နဖူးပေါ်တွင် နားနေသော ယင်ကောင်ကို လှမ်းကြည့်လိုက်ပြီး . . .

"ဟုတ်တယ်တော့"

ဦးသူတော်က ယင်ကောင်နားသဖြင့် ယား၍ထင်၊ လက်နှင့်မဖောင်းဘဲ ခေါင်းတစ်ချက် ယမ်းလိုက်၏။ ယင်ကောင် နှစ်ကောင်မှာ ထပြန်သွားပြီး အဲဒီနေရာမှာပင် ပြန်နားလိုက်၏။ မီးရောင်ကြောင့် ပြောင်လက်နေသော နဖူးပေါ်တွင် ယင်ကောင်ကို ထင်ထင်ရှားရှားတွေ့ရ၏။ အေးပုံတို့သုံးယောက်

www.burmeseclassic.com

နဖူးပေါ်မှ ယင်ကောင်ကို ဝိုင်းကြည့်နေကြသည်။ ရွှေမိက . . .

"ခင်မှုံ၊ သွားရိုက်ပေးပါလား။ ဦးသူတော်ကြီး သနားပါတယ်"

"အေးလေဟယ်"

"နင်တို့သွားရိုက်ပါလား"

"နင်က ကွမ်းထောင်ကိုင်ဆိုတော့ နင်သွားရိုက်ရမှာပေါ့"

"အေး . . . ဟုတ်တယ်"

သူတို့ တီးတိုးတီးတိုး ပြောနေသဖြင့် ဦးသူတော်က . . .

"ဟဲ့ . . . ကလေးမတွေ၊ တိုးတိုး တိုးတိုးနဲ့ ဘာဖြစ်နေကြတာလဲ"

"ဘာမှ မဟုတ်ပါဘူး ဘုရား"

ဦးသူတော်က သူ့ကိုကြည့်ကာ တိုးတိုးပြောနေသဖြင့် စိတ်က သိပ်မလုံ။ ကောင်မလေးသုံးယောက် အခြေအနေကို ကြည့်နေသည်။ ခင်မှုံတို့ကြည့်နေသော ယင်ကောင်မှာ ဦးသူတော် ခေါင်းရမ်းလိုက်သဖြင့် ထပြန်သွားပြန်သည်။ ဘယ်လောက်မှ မကြာလိုက်၊ ထိုနေရာတွင်ပင် ထပ်လျက်လေး ပြန်နားလေသည်။

"ခင်မှုံ ပြန်နားနေပြန်ပြီ၊ ဦးသူတော်ကြီး သနားပါတယ်"

"အေးလေဟယ် . . . ငါတောင်ကြည့်ရင်း အသည်းယားလာပြီ။ ခင်မှုံထဟာ"

"အေးပါဟယ်၊ နင်တို့ကလဲ"

ခင်မှုံက ခြေဖျားရလေးထောက်ပြီး အသာထလိုက်၏။ ဦးသူတော်က တိုးတိုးလုပ်နေသော ကောင်မလေးသုံးယောက်ကို မသင်္ကာသဖြင့် လှမ်းကြည့်နေ၏။ ခင်မှုံက ဦးသူတော်အား အသာလေးနေ၊ ငြိမ်နေဆိုသည့် ပုံစံဖြင့် လက်လေးကာပြပြီး ခြေဖျားထောက်ကာ သူတို့ရှေ့မှ ငှက်ပျောသီးဗန်းကို ကွေ့ရှောင်၍ ဦးသူတော်ရှိရာသို့ အသာလေး လှမ်းလာ၏။ ဦးသူတော်က မသင်္ကာသည့်ပုံစံဖြင့်ထိုင်လျက် ခင်မှုံကို လှမ်းကြည့်နေသည်။ ခင်မှုံက နှုတ်ခမ်းတွင် လက်ညှိုးတေ့ကာ မျက်လုံးပြူးပြီး ရှူးလုပ်ပြလိုက်ရင်း ခြေဖျားထောက်ကပ်သွားပြီး နဖူးမှ ယင်ကောင်ကို လက်ဝါးဖြင့် ဖွတ်ခနဲ ခပ်ဆတ်ဆတ်လေး ရိုက်လိုက်၏။

"ဖတ်"

"အားလားလား"

ဦးသူတော်မှာ တွန့်ခနဲဖြစ်သွားကာ ကြောင်ပြီး ခင်မှုံကို မော့ကြည့်လိုက်သည်။ ခင်မှုံက မျက်လုံးကိုပြူးလို့ ဦးသူတော်ကို ငြိမ်ငြိမ်နေဆိုသည့်ပုံစံ လုပ်ပြပြီး လွတ်ထွက်သွားသော ယင်ကောင်ကို ထပ်ရိုက်ရန် လက်ရွယ်လိုက်၏။ ဦးသူတော်မှာ အလန့်တကြား နဖူးကို လက်နှင့်ကာလိုက်ပြီး . . .

"နင် နင် ဘာလုပ်မလို့လဲ"

"ဟို ဟို . . . ယင်ကောင် ယင်ကောင်"

"ဘာယင်ကောင်လဲ။ ဒီကောင်မလေးတော့ . . ."

ဆိုကာ အနားတွင် ရှိသော တောင်ဝှေးကို လိုက်စမ်းသဖြင့် ခင်မှုံတို့ သုံးယောက် နီးရာအပေါက်မှ အောက်ပြေးခင်းလေတော့သည်။

"ဟူး မောလိုက်တာဟာ၊ နင်တို့လုပ်တာနဲ့ ကျောင်းပေါ်လဲ နေလို့မရ၊ ကျောင်းအောက်လဲ နေလို့မရနဲ့ ပြန်ကြမယ်ဟာ"

"လမ်းမှာ လူမရှိတော့ဘူးဟ"

"လသာတာပဲဟာ သွားကြမယ်"

သုံးယောက်သား ဘုန်းကြီးကျောင်းမှ ထွက်လာခဲ့ကြသည်။

ဖိုးရွှေလမင်းကြီးက ကောင်းကင်ယံတွင် ဝင့်ထည်စွာ နေရာယူလို့နေ၏။ ဘေးပတ်လည်တွင် ကြယ်စင်လေးတွေ ဝန်းရံခလို့ လမင်းကြီး၏ အလင်းရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးဟာ ဘယ်နေရာကြည့်ကြည့် သာယာလှပလို့နေသည်။ ရွာလယ်လမ်းမအတိုင်း လျှောက်လာခဲ့ရင်းမှ . . .

"ဟဲ့ . . . ခင်မှုံ၊ ကြီးတော်မြအိမ်မီးလင်းနေတယ်ဟ"

"အေးဟယ် . . . ဝင်လည်ရအောင်"

သုံးယောက်သား ခြံဝနားရောက် ခြံထဲ လူရိပ်တစ်ခု အိမ်ဘက် ကုပ်ချောင်းချောင်းဖြင့် သွားနေသည်ကို လရောင်ဖြင့် လှမ်းတွေ့လိုက်ရ၏။

"ရွှေမိ၊ ဟိုမှာ လူလူ၊ သူခိုးထင်တယ်"

"အေးဟဲ့ . . . သူခိုးပဲဖြစ်မယ်"

"လာဟာ၊ တို့ဝိုင်းဖမ်းလိုက်ရအောင်၊ ဖြစ်ပါ့မလားဟယ်၊ တို့က မိန်းကလေးတွေ၊ တစ်ခုခုလုပ်သွားမှဖြင့်"

"ဒါဆိုလဲ ခဲနဲ့ ဝိုင်းထုကြမယ်ဟာ"

"အေး . . . အဲဒါမဆိုးဘူး"

သုံးယောက်သား ခဲလုံးရှာပြီး ဝင်သွားသော လူရိပ်နောက်ကို လိုက်လာခဲ့ကြ၏။ လူရိပ်က လှေကားအတိုင်းတက်သွားပြီး အိမ်ရှေ့တံခါးပေါက်တွင် ရပ်လိုက်ကာ ပိတ်ထားသော တံခါးမကြီးကိုဖွင့်ဖို့ ကြိုးစားနေဟန်ပြုသဖြင့် ခင်မှုံတို့သုံးယောက် ခပ်လှမ်းလှမ်းမှကိုင်ထားသော ရွှံ့ခဲနှင့် သူခိုးသူခိုးအော်ရင်း လှမ်းပေါက်လိုက်၏။ ထိုအချိန်တွင် တံခါးဖွင့်ပြီး မီးခွက်ကိုင်ထွက်လာသော ကြီးတော်မြ နဖူးကို သွားမှန်လေသည်။

"တိန်"

"အားလားလား၊ ဘယ်မသားကောင်က ပစ်တာလဲ၊ ဒီမှာသေပါပြီ"

"ဟယ် . . . ကြီးတော်မြကို ထိသွားပြီတော့"

ထိုအခါ အပေါက်ဝတွင်ရပ်နေသော်သူက .

"မြမြ [illegible]ဖြစ်တာလဲ"

"[illegible]ကို ခဲလာမှန်လို့တော့"

"[illegible]လေး နာလိုက်တာ၊ ကျွတ် ကျွတ် ကျွတ်"

ရွှေမိက . . .

"ဦး[illegible]ကြီးတော့၊ သူတို့ ချိန်းတွေ့[illegible]ယ်။ ခင်မှုံနဲ့ မယ်သုန် လာ လာ [illegible]မယ်"



www.burmeseclassic.com

www.burmeseclassic.com

သုံးယောက်သား ပုန်းလျှိုးကွယ်လျှိုးနဲ့ ပြန်ထွက်လာခဲ့ကြပြီး . . .

"ဟူး . . . ငါတို့ကို မြင်မသွားလို့ တော်သေးတယ်"

"ခင်မှုံ၊ နင် တော်တော် လက်တည့်တာပဲ၊ ကြီးတော်မြ နဖူးကို တန်းနေတာပဲ"

"အေးဟဲ့၊ ဒါတောင် မိန်းကလေးအားနဲ့မို့ ဟား ဟား ဟား"

သုံးယောက်သား ရယ်မောလိုက်ကြသည်။ ညက ညည့်နက်မှ အိမ်ပြန်ရောက်သဖြင့် မနက်တွင် တော်တော်နှင့် အိပ်ရာကမနိုးကြပေ။ သူမ၏ မိခင်ဖြစ်သူ ဒေါ်ဘုတ်ဆုံမှာ လျှော်ပြီးသား အဝတ်များကိုရေညှစ်ပြီး အိမ်ရှေ့ကြိုးတန်းတွင် တစ်ထည်ချင်းလှန်းနေ၏။ ထိုစဉ် ဦးသံချောင်းနှင့်အတူ လူကြီးသူမများ ခြံဝိုင်းထဲသို့ ဝင်လာခဲ့ကြ၏။ ကာလသား လူငယ်တစ်ယောက်၏ ခေါင်းတွင်လည်း အုန်းပွဲ၊ ငှက်ပျောပွဲ ရွက်လို့ ဦးသံချောင်း . . .

"ဘုတ်ဆုံ ဘာလုပ်နေတာလဲ"

မဘုတ်ဆုံက အသံကြောင့် လှမ်း ကြည့်လိုက်၏။

"ဆေးဆရာကြီးတို့ပါလား။ လူကလဲစုံလို့ အုန်းပွဲ၊ ငှက်ပျောပွဲတွေကလဲ ပါလိုက်သေး၊ ဘယ်သွားကြမလို့လဲ"

"ဘုတ်ဘုတ်ဆီ လာတာလေ။ သမီးလေးက ဘာမှမပြောထားဘူးလား"

"မပြောပါဘူး။ ဘာကိစ္စလဲ"

"ဘုတ်ရယ်၊ သမီးလေးက ဘုတ်ကိုချစ်ရင် လူကြီးဆုံရာနဲ့ လာတောင်းလှည့်ပါဆိုလို့ ကိုသံချောင်းက လာတောင်းတာ အဟီ"

"ဘာ"

"ကျုပ်ကိုချစ်ရင် လူကြီးဆုံရာနဲ့ လာတောင်းပါ ဟုတ်လား"

"ဟုတ်တယ်လေ"

ဒေါ်ဘုတ်ဆုံမှာ တင်းသွားပြီး-

"ဒီကောင်မလေးတော့ ငါနဲ့ကို တွေ့ဦးမယ်။ ဒင်းကများ ရာရာစစ ဟင်း"

ပြောရင်း ဒေါ်နှင့်မောနှင့် အိမ်ပေါ်သို့ တက်သွား၏။ အိပ်နေသော ခင်မှုံအား . . .

"ဟဲ့ ခင်မှုံ၊ ထစမ်း"

ပြောရင်း ခြေထောက်နှင့် ကန်နှိုးလိုက်၏။

"အင်း . . . အမေကလဲ သူများ အိပ်လို့ကောင်းနေတဲ့ဟာကို"

"ဘာအိပ်ကောင်းနေတာလဲ ထစမ်း"

ခြေထောက်နှင့် ထပ်ကန်လိုက်သဖြင့် ခင်မှုံ မထချင်၊ ထချင်နှင့် ထထိုင်လိုက်၏။

"ဟဲ့ ခင်မှုံ ဦးသံချောင်းကို ငါ့ကို လာတောင်းဖို့ ပြောထားတယ်ဆို"

"အမေကလဲ သပြေလှရွာက အေးသိက ရည်းစားနှစ်ယောက်တောင် ရသွားပြီ"

"ဟဲ့ သူ့ရည်းစားနှစ်ယောက် ရတာနဲ့ ငါ့ကို လင်ပေးစားတာနဲ့ ဘာဆိုင်လို့လဲ"

"အမေကလဲ ခင်မှုံက အောင်ဘုတစ်ယောက်ထဲ ရှိတဲ့ဟာကို"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ အမေရဲ့၊ အေးသီအမေ မုဆိုးမ၊ အမေလဲ မုဆိုးမဆိုတော့ အမေလင်ယူလိုက်ရင် သမီးတို့ သူ့ထက်သာသွားပြီပေါ့"

"ဘာ နင် အေးသီမထက် သာချင်လို့ ငါ့ကို လင်ပေးစားတယ်ပေါ့လေ ဟုတ်လား"

ဒေါ်ဘုတ်ဆုံက ပြောရင်း နံရံတွင်ထောင်ထားသော တံမြက်စည်းကို ယူပြီး ခင်မှုံတင်ပါးကို တီးထည့်လိုက်၏။

ခင်မှုံမှာ . . .

"အောင်မယ်လေး သေပါပြီတော့်"

ဟု အော်ရင်း အိမ်အောက် ပြေးဆင်းသွားလေတော့သည်။

ဇော်မင်း (ဒဂုံ/မြောက်)

❐


**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထိရ ဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

စီးပွားရေးလုပ်ငန်းရှင်များ

မိမိလုပ်ငန်း

မှိုမှိုတိုးတက်

အောင်မြင်စေရန်

လပြည့်ဝန်းမဂ္ဂဇင်းတွင်

ကြော်ငြာများ

ထည့်သွင်းနိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြူအမည်း

**တစ်မျက်နှာ**

ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

အဖြူအမည်း

**မျက်နှာဝက်**

ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့

လပြည့်ဝန်းမဂ္ဂဇင်း

တိုက်အမှတ် (၇၂၄)၊

အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း။

(၁၇×၁၈)လမ်းကြား၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၃၂၃၇၄၇၀၅




www.burmeseclassic.com

www.burmeseclassic.com


## သမီးငယ်လေးအတွက် စိတ်ချမ်းသာရပြီ

❁ ၂၀၀၈ ခုနှစ် အောက်တိုဘာလက ဆရာကြီးနဲ့ တွေ့ဆုံပြီး ကျန်းမာရေးချို့ချာကာ အသက်အန္တရာယ် စိုးရိမ်နေရတဲ့ ကျွန်မသမီးလေး ကျန်းမာဘေးကင်း၊ အသက်အန္တရာယ်ကင်းဖို့ အထူးယတြာ တောင်းခံဆောင်ရွက်ရင်း ဆရာကြီးရဲ့ အကြံပေးချက်အတိုင်း နာမည်သစ် ရွေးချယ်ပြုပြင်ပေးခဲ့ပါတယ်။ အဲဒီအချိန်ကတည်းက သမီးလေးဟာ ကျန်းမာဘေးကင်း လိမ္မာယဉ်ကျေး သွက်လက်ချက်ချာ ဉာဏ်ပညာထက်မြက်ခဲ့ပါတယ်။ သူငယ်တန်းနဲ့ ပထမတန်း လစဉ်စာမေးပွဲတွေနဲ့ စာမေးပွဲကြီးတွေမှာ အဆင့်(၁)အမြဲရပါတယ်။ ယခု ၂၀၁၄ခုနှစ် အောက်တိုဘာလအထိ ကျွန်မသမီးအတွက် စိတ်ချမ်းသာနေရပါပြီ။

မဖြူ (သဃ်န်းကျွန်း)

ကျွန်မ ဆရာကြီးက•••

### ဆရာကြီးဦးအောင်မြိုင်( ဥပဒေဘွဲ့ )

**လက္ခဏာဗေဒင်ပညာသုတေသီ** ❁ ယုံကြည်အားကိုးစွာသာ လာခဲ့ပါ ❁

အမှတ်-ဂ၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

☎ ၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂၊ ၀၉-၃၀၁၇၀၀၇၅ ⏰ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

## အတိုက်အခံ၊ အနှောင့်အယှက်၊ အခက်အခဲ၊ အမှုပြဿနာများအတွက်

- ❁ ယခုလက်ရှိ ကြုံတွေ့နေရသော အတိုက်အခံ အနှောင့်အယှက်များ အမြန်ဆုံး ကင်းရှင်းသွားစေဖို့။
- ❁ လက်ရှိ ရင်ဆိုင်နေရသော အခက်အခဲ အကျပ်အတည်းများ အမြန်ဆုံး ကျော်လွှားလွတ်မြောက်စေဖို့။
- ❁ လက်ရှိ ဖြစ်ပေါ်နေသော အဲစွပ်အစွဲ အတိုင်အတော အစစ်အဆေးကိစ္စများ ဂုဏ်သိက္ခာမထိခိုက်ရဘဲ အဆင်ပြေစွာ အမြန်ဆုံး ပြီးပြတ်သွားစေဖို့။
- ❁ ယခု ရင်ဆိုင်ဖြေရှင်းနေရသော အမှုအခင်းကိစ္စ အမြန်ဆုံး ကြေအေးရုပ်သိမ်း ပြီးပြတ်သွားစေဖို့ (သို့မဟုတ်) အမြန်ဆုံး ပြီးပြတ်သွားစေဖို့။

**(နည်းလမ်းကောင်းများ ရှိပါတယ်။)**

### ဆရာဦးပိုင်ဇေအောင် ( ဝိဇ္ဇာဘွဲ့ )

ဝိတ်ရက် မရှိပါ။

**လက္ခဏာဗေဒင်ယတြာအစီအရင်**

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်အနီး)၊ ဦးဝိစာရလမ်း (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ☎ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၈၉၁၊ ၀၉-၂၅၀၇၇၃၆၃၆


www.burmeseclassic.com

www.burmeseclassic.com



# ဘုရားဂုဏ်တော်ပွားများ၍ မှတ်ဖွယ်သက်သေ

# မှတ်စီပိမြည်း

အရှင်ခေမာစာရ(ဓမ္မာစရိယ၊ ဘီအေ)

ရန်ကုန်တိုင်းဒေသကြီး သာကေတ ရွှေသပြေရိပ်မွန်အိမ်ရာ နဝရတ်လမ်း အမှတ်(၁)နေ ဦးသိန်းအောင် + ဒေါ်အေးအေးခိုင် မိသားစုတို့၏ နေအိမ်တွင် (၁၀. ၆. ၂၀၁၃) တနင်္လာနေ့၌ မဟာသုံ့သာရရုပ်ရှင်တော်မြတ် ပူဇော်ပွဲ ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားမှာနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာဇောတိက ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာကုမာရာဘိဝံသ၊နယ်စပ်နှင့်တောင်တန်းဒေသထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆရာတော်များအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာသုံ့သာရ ဆရာတော် ဘဒ္ဒန္တကုမာရ(ပထမကျော်၊ ဓမ္မာစရိယ B.Sc) တို့နှင့်အတူ သံဃာတော်များ ကြွရောက်ကြပါတယ်။

ထိုအခမ်းအနားတွင် မဟာသုံ့သာရဆရာတော်မှ ဦးဆောင်လျက် ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး တရားနာ ပရိသတ်များအား ငါးပါးသီလ ချီးမြှင့်ခြင်းနှင့် အလှူရေစက်ချတော်မူပါတယ်။

ရေဝက်မချမီ အနုမောဒနာ တရား မဟောကြားမီ အခါသမယတွင် တရားနာပရိသတ်များအား "ယခု ဗန်းမော်ဆရာတော်ဘုရားကြီးသည် ရွှေခေတ် ကျမ်း (၉)ကျမ်းကို တစ်နှစ်တည်း အောင်မြင်သဖြင့် ဓမ္မာစရိယ သိရော မဏိဘွဲ့ကို နိုင်ငံတော်မှ ရရှိထားခြင်းဖြစ်တယ်။

ခုခေတ်လို ကျမ်းရင်းသုံးကျမ်းကို ဟိုမြို့မှာ ကျင်းပတဲ့ စာမေးပွဲ၊ ဒီမြို့မှာ ကျင်းပတဲ့ စာမေးပွဲတွေမှာ လိုက်ဖြေလို့ ဘွဲ့များစွာရတာလဲ မဟုတ်ပါဘူး၊ ဆရာတော်ဘုရားကြီးသည် ဒေါက်တာဘွဲ့လဲ ရရှိပြီးဖြစ်တယ်"

လို့ မဟာသုံ့သာရဆရာတော်မှ မိန့်ကြားတော်မူပါတယ်။

ထို့နောက် ဗန်းမော်ဆရာတော်ဘုရားကြီးက အနုမောဒနာတရား ဟောကြားတော်မူပါတယ်။

ထို အနုမောဒနာတရားတော်မှာ မန္တလေးမြို့ မဟာမုနိဘုရားအနီး ဘုရားကြီးကျောင်းတိုက်မှာ ဆရာတော်ကြီး ဦးရန်ကုန်ဆိုတာ ရှိတယ်၊ ရန်ကုန်အနီးနား တိုးကြောင်လေးနှင့်တိုးကြောင်ကြီး၊ တိုးကြောင်လေးက မီးရထားလမ်းဘေး၊ တိုးကြောင်ကြီးက ငမိုးရိပ်ချောင်းဘေးမှာ ရှိကြတယ်။

ထိုဆရာတော်ကြီး ဦးရန်ကုန်ရဲ့ မွေးဖွားရာဇာတိက တိုးကြောင်ကြီးမှ ဖြစ်တယ်။ ငယ်စဉ်တည်းက ဆရာတော်တစ်ပါးနဲ့ မန္တလေးသို့ လိုက်လာတယ်။ ဘယ်နေရာကလဲမေးတဲ့အခါမှာ ရန်ကုန်ကလို့ ဆိုသတဲ့၊ တကယ်ဖြေရမှာက တိုးကြောင်ကြီးကလို့ ဖြေရမှာ၊ မဖြေဘဲ ခပ်ကြွားကြွားနဲ့ ရန်ကုန်ကလို့ပဲ ဖြေတယ်။





www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသား ဘဝနဲ့တုန်းက မောင်ရန်ကုန် ကိုရင်ဖြစ်တော့ ကိုရင်ရန်ကုန်၊ ရဟန်းဖြစ်တော့ ဦးဇင်းရန်ကုန်၊ ဆရာတော်ဖြစ်တော့ ဆရာတော်ကြီးရန်ကုန်လို့ ထင်ရှား ကျော်ကြားလာတယ်။ ဆရာတော်ကြီးရဲ့ တပည့်တစ်ပါးလည်းဖြစ် ပညာသင်တဲ့ဖာသက်ကြီးမှ ရဟန်းဖြစ်သော တောထွက်ကိုယ်တော်ကြီး တစ်ပါးရှိတယ်။

တစ်နေ့မှာ ထိုတောထွက်ကိုယ်တော်ကြီး ဆွမ်းခံပြန်လာတော့ ဆရာတော်ကြီး ဦးရန်ကုန်က "ဟေ့ ကိုယ်တော်ကြီး ဒီကိုလာစမ်း၊ မင်း သပိတ်လှစ်ပြစမ်း" လို့ ဆိုသတဲ့။

လှစ်ပြလိုက်တော့ "ဟ ဆွမ်းလဲ မရပါလား၊ တစ်လုတ်စာ နှစ်လုတ်စာ သုံးလုတ်စာပဲ ရှိတယ်" ဆိုပါတယ်။

"ဟ- ဟင်းကလဲ မရပါလား" နောက်နေ့ကျတော့လည်း ဒီအတိုင်းပဲ ဖွင့်ပြခိုင်းတယ်။

"ချဉ်ပေါင်ဟင်းနဲ့ ဘယ်လိုလုပ်စားလို့ရပါ့မလဲ"

နောက်တစ်နေ့ ကျပြန်တော့လည်း . . .

"ဟင် ပဲပြုတ်ကလဲ ဆီကောမပါဘူး၊ ဘယ်လိုလုပ်ပြီး စားလို့ ဖြစ်ပါ့မလဲ၊ မင်း ခန္ဓာကိုယ်ကြီး ကြီးကြီးနဲ့ မဝပါဘူး"လို့ ဆိုပြန်ပါသတဲ့။

"မှန်ပါ့ ဘုရား၊ တပည့်တော် မန္တလေးရောက်တာ သုံးနှစ်ကျော်ပါပြီ၊ ဒီအတိုင်းပဲ ဘုရား" လို့လျှောက်တော့ ဆရာတော်က "ဟ.ဒါဆို ဘာစားသလဲ" လို့ မေးတော့ . . .

"တပည့်တော် ရတဲ့ဟာလေးနဲ့ ကိုရင်လေးတွေဆီက ကပ်စားပါတယ် ဘုရား" လို့ လျှောက်ထားသတဲ့။

"ဩော် . . . မင်း တော်တော်ဘုန်းကံနည်းပါလား၊ ရုပ်ရည်ကလဲတော်တော်ဆိုးတယ်၊ အသားကလဲ ကတ္တရာပုံး သစ်စေးသုတ်ထားတဲ့အတိုင်းပဲ"

"မှန်ပါ၊ မြင်တဲ့ အတိုင်းပါပဲ ဘုရား"



မန်းမော်ဆရာတော်ဘုရားကြီး (နဝမ)
(နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ)

"အင်း. . . ကျောက်ပေါက်မာတွေကလဲ ပါသေးတယ်၊ ဒါဆို ဘယ်သူမှလဲ မကြည်ညိုကြဘူး မဟုတ်လား"

"မှန်ပါ့၊ ဘယ်သူကမှ မကြည်ညိုပါဘူး ဘုရား"

"အဲဒီတော့ ဘုန်းကြီးတဲ့ နည်းတော့ ပေးမယ်၊ ယူမလား"

"မှန်ပါ ဘုရား၊ စိုင်းမနေပါနဲ့ အခုပဲ ပေးပါတော့ ဘုရား"

"အေး အေး လာလာ" အနားကိုခေါ်ပြီးတော့ ခေါင်းလေးပွတ်သပ်ပေးလျက် ပုတီးလေးတစ်ကုံး ပေးလိုက်ပါတယ်။ ထို့နောက် . . .

"ရော့ ဒီစိပ်ပုတီးလေးဖြင့် လက်မလေး လက်ညှိုးလေးနဲ့ ဒီလို ပုတီးစိပ်ရတယ်၊ ပြီးတော့ ဂုဏ်တော်ကို. . .

၁။ "အရဟံ အရဟံ" ဟုဆိုကာ ပုတီးတစ်ပတ်စိပ်
၂။ "သမ္မာသမ္ဗုဒ္ဓေါ" ဟုဆိုကာ ပုတီး တစ်ပတ်စိပ်
၃။ "ဝိဇ္ဇာစရဏ သမ္ပန္နော" ဟုဆိုကာ ပုတီး တစ်ပတ်စိပ်
၄။ "သုဂတော" ဟုဆိုကာ ပုတီး တစ်ပတ်စိပ်
၅။ "လောကဝိဒူ" ဟုဆိုကာ ပုတီး တစ်ပတ်စိပ်
၆။ "အနုတ္တရော" ဟုဆိုကာ ပုတီး တစ်ပတ်စိပ်
၇။ "ပုရိသဒမ္မသာရထိ" ဟုဆိုကာ ပုတီး တစ်ပတ်စိပ်
၈။ "သတ္ထာဒေဝမနုဿာနံ" ဟုဆိုကာ ပုတီး တစ်ပတ်စိပ်
၉။ "ဗုဒ္ဓေါ" ဟုဆိုကာ ပုတီး တစ်ပတ်စိပ်
၁၀။ "ဘဂဝါ" ဟုဆိုကာ ပုတီး တစ်ပတ်စိပ်



www.burmeseclassic.com

www.burmeseclassic.com

ပုတီး(၁၀)ပတ်စိပ်ရမယ်။ ဘုရားဂုဏ်တော်(၁၀)ပါး တစ်ပါး တစ်ပတ်၊ မနက်အိပ်ရာထ ပုတီး(၁၀)ပတ်၊ နေ့လယ် ပုတီး(၁၀)ပတ်၊ ညအိပ်ရာဝင်ခါနီး ပုတီး(၁၀)ပတ် ပေါင်းတော့ တစ်နေ့ အပတ်(၃၀) ပုတီးစိပ်ရမယ်၊ အဲဒါဆိုရင် ဘုန်းကြီးပြီလို့ ဆရာတော်ကြီး မိန့်တဲ့အခါ. . .

"မှန်ပါဘုရား၊ ဒီနေ့ပဲ မဆိုင်းမတွ စိပ်ပါ့မယ်ဘုရား" လို့လျှောက်တယ်။

မြန်မြန်လည်း ဘုန်းကြီးချင်တာကိုး၊ ဆက်ပြီးတော့ လျှောက်တာက. .

"အရှင်ဘုရား ဘုရားဂုဏ်တော်က (၉)ပါး မဟုတ်လားဘုရား၊ ဘာကြောင့် (၁၀)ပါးဖြစ်နေရတာလဲ ဘုရား"

"အေး ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးကလဲ (၁၀)ပါး၊ ပါရာဇိကဏ်အဋ္ဌကထာကလဲ (၁၀)ပါး၊ အဋ္ဌကထာနှစ်စောင်လုံးက (၁၀)ပါးစီပဲ ဖွင့်တယ်ကွ၊ အဲဒီတော့ ဘုရားဂုဏ်တော် (၁၀)ပါးပဲစိပ်"

"ကဲ . . . လက်ချိုး ရေတွက်ကြည့်စမ်းပါဦး"

၁။ အရဟံ

၂။ သမ္မာသမ္ဗုဒ္ဓေါ

၃။ ဝိဇ္ဇာစရဏသမ္ပန္နော

၄။ သုဂတော

၅။ လောကဝိဒူ

၆။ အနုတ္တရော

၇။ ပုရိသဒမ္မသာရထိ

၈။ သတ္ထာဒေဝမနုဿာနံ

၉။ ဗုဒ္ဓေါ

၁၀။ ဘဂဝါ

(၁၀)ပါး စေ့ရဲ့လား၊ (၉)ပါးဆိုတာက အနုတ္တရောနှင့် ပုရိသဒမ္မသာရထိလို့ ဆိုကာ ပုတီးတစ်လုံးချပေါ့။ (၉) ဂဏန်းကြိုက်တဲ့ သူတွေကလည်း ရှိသေးတာကိုး၊ အေး- အဋ္ဌကထာဆရာမြတ်ကြီးအတိုင်း ဆရာတော်ကြီးက ဂုဏ်တော်(၁၀)ပါးကို ပုတီးစိပ်ပါ" လို့ ပြောတယ်။

"မှန်ပါ၊ ဒီကနေ့ပဲ စပြီး စိပ်ပါမယ်" လို့ ဝန်ခံပါတယ်။ ဝန်ခံသည့်အတိုင်းလည်း မနက်အိပ်ရာထ ပုတီး(၁၀)ပတ်၊ နေ့လယ် ပုတီး(၁၀)ပတ်၊ ညအိပ်ရာဝင်ခါနီး ပုတီး(၁၀)ပတ် စိပ်ပါတယ်။

မန္တလေးက မနက် ၆ နာရီလောက်ဆို ဆွမ်းခံသွားရကယ်၊ ၇ နာရီခွဲလောက်ဆို ပြန်ရောက်လာကြတာပဲ။ ဆရာတော်ကြီးက ဆွမ်းခံသွားမည့် ကိုယ်တော်ကြီးအား. . .

"ဟေ့ ကိုယ်တော်ကြီး ပုတီးစိပ်ရဲ့လား"

"မှန်ပါဘုရား၊ တစ်နေ့သုံးကြိမ် စိပ်ပါတယ် ဘုရား"

"အေး ကောင်းပြီ၊ မေတ္တာပွားဖို့ လိုသေးတယ်၊ မနေ့က ပြောဖို့ မေ့သွားလို့၊ အဲဒါ မေတ္တာသုတ်ကော ရရဲ့လား"

"မှန်ပါဘုရား၊ ရပါတယ် ဘုရား"

"ကဲ ဆိုကြည့်စမ်း" လို့ ဆိုသတဲ့။



ဒါနဲ့ကိုယ်တော်ကြီးက မေတ္တာသုတ်ကို အစအဆုံး ဆိုပြလိုက်တယ်။

ဆရာတော်ကြီး ဆက်အမိန့်ရှိတာက အကယ်၍ မေတ္တာသုတ် မရဘူးဆိုရင် တွေ့တဲ့ သတ္တဝါလေးတွေ ခွေးဖြစ်ဖြစ်၊ ကြက်ဖြစ်ဖြစ်၊ ငှက်ဖြစ်ဖြစ်၊ လူဖြစ်ဖြစ်၊ တွေ့တဲ့ သတ္တဝါတွေကို မေတ္တာပွားပြီး သွားရမယ်။

"ကျန်းမာပါစေ၊ ချမ်းသာပါစေ" လို့ မေတ္တာစာတ်၊ မေတ္တာသံပါအောင် ပို့ရမယ်။

"ကျန်းမာစေကွ၊ ချမ်းသာစေကွ၊ ကျန်းမာစေ၊ ချမ်းသာစေ လို့ စောင့်ချည်း၊ အောင့်ချည်းပုံစံမျိုး ဒေါသဖြစ်တဲ့ ပုံစံမျိုးလို မဖြစ်စေရဘူး"

အဲဒီလို မေတ္တာပွားရမယ်လို့ သင်ပေးတယ်။ ဦးဇင်းကြီးကလည်း "မှန်ပါဘုရား" လို့ ဝန်ခံလျက် ဆွမ်းခံကြွသွားပါတယ်။ သုံးလေးလကြာတော့ ဆရာတော်က ကျောင်းပေါက်ဝ တံမြက်စည်းလှည်းပြီး နေတယ်။ ဦးဇင်းကြီးလည်း ဆွမ်းခံပြန်ကြွလာတာ မြင်တော့ ဆရာတော်က . . .

"ဦးဇင်းကြီး သပိတ်ဖွင့်ပြစမ်း" ဆိုပါသတဲ့။

ဖွင့်ပြတော့ "အောင်မာ မင်း သပိတ်တစ်ဝက်ကျော်နေပါလားကွ"

"မှန်ပါ ဘုရား၊ တပည့်တော် ဆရာတော်ပြောတဲ့အတိုင်း ဘုရားဂုဏ်တော် ပုတီးစိပ် မေတ္တာပို့လို့ပါဘုရား" လို့ လျှောက်သတဲ့။

"အေး ဒါနည်းသေးတာပေါ့ကွ၊ ဘုရားရဲ့ဂုဏ်သတ္တိ ဒီလောက် မကဘူး၊ စိပ်ဦး၊ နည်းသေးတယ်၊ သပိတ်မောက်လျှံသွားအောင် ပုတီးစိပ်ဦး၊ လိုသေးတယ်"

"မှန်ပါ၊ တပည့်တော် စိပ်မှာပါဘုရား၊ တစ်သက်လုံး စိပ်မှာပါ ဘုရား"

"အေး တစ်သက်လုံးစိပ်၊ တစ်သက်လုံး ချမ်းသာပြီပေါ့ကွာ၊ ဘယ်ဒီဘဝတင်မကဘူး၊ တစ်သံသရာလုံး ချမ်းသာပြီး နိဗ္ဗာန်အထိကို ပို့မှာ"



www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါဘုရား၊ တပည့်တော် တစ်သက်လုံး စိပ်မှာပါ ဘုရား"

အရင်တုန်းကဆိုရင် ဆွမ်းခံသွားတဲ့အခါ ကလေးတွေ အကုန်ထွက်ပြေးသွားကြတယ်။ သူက ရုပ်ကလည်းဆိုး၊ မျက်နှာထားကလည်း ခပ်တင်းတင်းကိုး၊ အနားများ သွားလိုက်ရင် ပိတ်ပြီးတော့များ ကန်လိုက်လေမလား ထင်တာလေ ကလေးတွေက။

အဲဒါ ထွက်ပြေးကြ၊ မပြေးနိုင်တဲ့ကလေးတွေက ငိုယိုပြီး ကျန်ရစ်ခဲ့ကြ။ အခုကျတော့ ထွက်မပြေးကြတော့ဘူးတဲ့။ဘုရားဂုဏ်တော်ပုတီးစိပ်ပြီး မေတ္တာပို့တာ၊ ကလေးတွေကတောင် "ဘုန်းဘုန်း၊ ဘုန်းဘုန်း" လို့ခေါ်ကာ "မေမေ ဘုန်းဘုန်း လာပြီ၊ ဆွမ်းလောင်း" လို့ ဒီလိုဖြစ်လာတယ်နော်။

အဲဒီလို (၆)လလောက် ကြာလာတဲ့အခါမှာ ဆရာတော်ကြီးက ဦးဇင်းကြီး ဆွမ်းခံပြန်လာမယ့်လမ်း ကျောင်းမုခ်ဝနေ စောင့်နေပြီး. . .

"ဟော့ ဟို ဦးဇင်းကြီး လာစမ်း၊ မင်းသပိတ် ဖွင့်ပြစမ်း၊ ကြည့်ဦးမယ်" လို့ ဆိုတယ်။

"ဟာ မင်းသပိတ် မောက်လျှံနေပါလားကွ၊ ဟာ ဝက်သားတွေ၊ ကြက်သားတွေ ငါးတွေ အကောင်းစားတွေပဲ၊ ဟ မင်း တော်တော် ဘုန်းတော်ကြီးနေပြီပေါ့"

"မှန်ပါဘုရား၊ ဆရာတော်ပြောတဲ့အတိုင်း ဂုဏ်တော်ပုတီးစိပ်၊ မေတ္တာပွားလို့ပါဘုရား" လို့ လျှောက်တယ်။

"အေး ဘုရားသာသနာတော်ဆိုတာ ဆွေတွေ မျိုးတွေ ရှိတာမဟုတ်ဘူး၊ ညီအစ်ကို မောင်နှမ ဆိုတာ မရှိဘူး၊ ဒီမှာ အတူရှိနေတဲ့ ဦးဇင်းတွေ ကိုရင်တွေ ကိုယ့်ညီ ကိုယ့်အစ်ကိုလို အောက်မေ့ပြီး နေရတယ်၊ ကိုယ့်ထက်ကြီးတဲ့ ဆရာတော်တွေကို ကိုယ့်အဖေလို့ အောက်မေ့ပြီး နေရတယ်၊ အေး ရလာတဲ့ ဆွမ်းဟင်းတွေကို ကိုယ်တစ်ယောက်တည်း မစားနဲ့၊ ဝေငှစား"

"မှန်ပါဘုရား၊ စားပါတယ်ဘုရား၊ တပည့်တော် အရင်က မရခင်တုန်းက သူများဆီ တောင်းတောင်းစားနေရတာ၊ အခု ရလာတဲ့အခါကျတော့ ကိုရင်လေးတွေ ဦးဇင်းလေးတွေ မရတဲ့ ဦးဇင်းလေးတွေ ခေါ်ပြီး ဝေငှကာ ဘုဉ်းပေးပါတယ် ဘုရား"

"အေး အေး အဲဒီလိုစား၊ အဲဒီလိုစား၊ အဲဒီလိုစားတဲ့အတွက် ဘုန်းတွေကြီးနေတာ" တဲ့။

နောက်တော့ ဆွမ်းတွေ ပေါလာကာ ဟိုက အလှူတွေပင့်၊ ဒီက အလှူတွေပင့်၊ ဘုရားပွဲ လက်မှတ်တွေ အလှူလက်မှတ်တွေ လှူ၊ တစ်နေ့တော့ တိုးကြောင်ကြီးက စာတစ်စောင် ရောက်လာတယ်၊ ဒါယကာ ဒါယိကာမတွေ လက်မှတ်တွေ ထိုးလို့။

"ဦးဇင်းဘုရား ပြန်ကြွလာခဲ့ပါတော့၊ တပည့်တော်တို့ရွာရဲ့ ဆရာတော် ပျံလွန်တော်မူသွားတဲ့အတွက် အရှင်ဘုရား ပြန်ခဲ့တော့၊ အရှင်ဘုရားကို ကျောင်းထိုင်မြှောက်မှာ" လို့ ပြောသတဲ့။

အဲဒါ ပြန်လာတယ်။ ရန်ကုန် ဆိပ်ကမ်းရောက်တော့ သင်္ဘောကြီးနဲ့ ပြန်လာတာကိုး။ ရှေ့တုန်းကလည်း ရန်ကုန်နဲ့ မန္တလေး လာရတဲ့ ခရီးဟာ (၇)ရက် ကြာတယ်။ မီးရထားကလည်း မရှိသေးဘဲကိုး။ အဲဒီတော့ သင်္ဘောကြီးနဲ့လာတာ ရန်ကုန်ဆိပ်ကမ်းကို ရောက်တော့ ဆိပ်ကမ်းမှာ တစ်ယောက်တည်း ကျန်နေတယ်။ ဒါယကာ၊ ဒါယိကာမတွေက ကြိုနေကြတယ်။

တချို့ ဒါယကာတွေက ခေါင်းပေါင်းစကြီးတွေနဲ့ စည်ကားစွာ ကြိုဆိုနေကြတယ်။

အိပ်ရာလိပ်တွေပါ ဝိုင်းသယ်ကြတော့ "ဟော့ကောင် နေကြဦး၊ နေကြဦး၊ ဘုန်းကြီး လွဲနေပြီ ထင်တယ်၊ ငါ မင်းတို့ကို မသိဘူးကွ"

"မလွဲပါဘူးဘုရား၊ အရှင်ဘုရားကို တပည့်တော်တို့ သိပါတယ်"

ဒါနဲ့ လိုက်သွားတယ်။ ဟိုလည်းရောက်ကော သုံးထပ်ကျောင်းတော်ကြီး အပေါ်မှာ ဆွမ်းပွဲကြီးပြင်လို့၊ ဆွမ်းတွေ ကပ်ကြတယ်၊ ဆွမ်းကပ်ပြီး ရေစက်ချခါနီးမှာ ဘုန်းကြီးက. . .

"ဒါယကာကြီးတို့ ဘုန်းကြီးတော့ လွဲနေပြီလို့ ထင်တယ်၊ ခင်ဗျားတို့ကိုလဲ ကျုပ်တစ်ယောက်မှကို မသိဘူး"

လို့ဆိုတဲ့အခါ . . .

"မလွဲပါဘူး ဘုရား၊ ဟောဒီ သူဌေး လေးယောက် အိပ်မက်မက်တာ၊ သင်္ဘောကြီးဆိပ်မှာ နေ့လေးမှ ဘုန်းကြီး တစ်ပါး ကြွလာတယ်၊ အဲဒီဘုန်းကြီးက ရဟန္တာ၊ အဲဒါ မင်းတို့ ကျောင်းဆောက်ပြီး ကိုးကွယ်လိုက်ကြလို့ အိပ်မက် မက်တာ၊ အဲဒါ (၇)ရက်ရှိပြီ၊ တစ်ယောက်တည်း မဟုတ်ဘူး၊ လေးယောက်လုံးကို မက်တာ၊ အဲဒီလိုချည်း မက်တာ၊ အဲဒါ အရှင်ဘုရားကို ကျောင်းဆောက်ပြီး ကိုးကွယ်လိုက်ကြလို့ ဆိုပါတယ်ဘုရား။ ဒါကြောင့် မမှားပါဘုရား"

လို့ ဒါယကာတွေက လျှောက်ကြပါတယ်။

အဲဒီလောက်ထိအောင် ဘုန်းကံကြီးရတာဟာ ဘုရားဂုဏ်တော်ရဲ့ အစွမ်း ပုတီးစိပ်လို့ပါပဲ။ ဒါရန်ကုန်အနီး တိုးကြောင်ကြီးမှာရှိတဲ့ တိုင်ကြီးတွေ အကြီးကြီး တိုင်(၁၀၀) ကျောင်းတဲ့။ ကျောင်းဆောက်လှူတယ်။ ဘုန်းဘုန်းတို့ မန္တလေး ဇန်းမော်တိုက်ကလည်း တိုင်(၁၀၀)ကျော်တယ်။

ဆရာတော်ပြောလိုရင်းက အခုလို မဟာသံ့သာရရုပ်ရှင်တော်မြတ်ကို ပင့်တော့ ဘာလဲဆိုတော့ ဘုရားရှင်ကြွလာတယ်။

ဘုရားရှင်ကြွလာတော့ ဘုရားရဲ့ဓာတ်တွေ အရှိန်အဝါတွေကြောင့် တစ္ဆေ၊ သရဲသဘက်၊ သင်းခွဲ၊ ပြိတ္တာ၊ မှင်စာ မကောင်းသော ပုဂ္ဂိုလ်တွေ မကပ်ရောက်နိုင်တော့ဘူး။ ဘေးဥပဒ် အန္တရာယ်တွေ ကင်းစင်သွားတယ်၊ အိမ်ရဲ့အုတ်နံရံတွေကအစ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

တွေ ကူးလာတယ်။ ကူးလာတဲ့အတွက် သံလိုက်တုံးကြီးလိုပဲပေါ့။ ဥပမာ-

ဒီဖလားကြီးဟာ သံလိုက်တုံးကြီးဆိုပါတော့၊ ရိုးရိုးသံတွေကို အပေါ်ကနေ တင်လိုက်ရင် ဒီသံလုံးထဲကို ရိုးရိုးသံတွေထဲ သံလိုက်ဓာတ်တွေ ကူးသွားတယ်၊ ခဏကြာလျှင် အကုန်လုံး သံလိုက်တုံးသဘောမျိုး ဖြစ်သွားတယ်။

အဲဒီလိုပဲ ဘုရားဓာတ်တွေ၊ ဘုရားတွေ ကိုးကွယ်ဆည်းကပ်ပါများလာရင် ဒီခန္ဓာကိုယ်ကြီးက ဘုရားဓာတ်တွေကူးပြီးတော့ အဖိုးတန်သွားတယ်။ အနှစ် (၂၀)ကြာအောင် ဘုရားဂုဏ်တော်တွေကို ရွတ်ဖတ်သရဇ္ဈာယ်တာများလာရင် သေလျှင် မပုပ်ဘူး၊ တချို့ဘုန်းတော်ကြီးတွေ ပျံလွန်တော်မူတာ မပုပ်ဘူး။ မပုပ်ဘူးဆိုတာ ကြားဖူးကြတယ် မဟုတ်လား။

ဩော် . . . တို့ဆရာတော်တွေ ပျံလွန်တော်မူတာ မပုပ်ဘူး၊ ရဟန္တာ ရဟန္တာလို့ ပြောနေကြတယ်။ ရဟန္တာ မဟုတ်လည်း ပျံလွန်တော်မူရင် မပုပ်ဘူး၊ ဘုရားဂုဏ်တော်တွေကို ပုတီးစိပ်လို့ မပုပ်တာ၊ ဒါယကာ ဒါယိကာမတွေ ပုတီးစိပ်ကြ၊ ဟို နောက်နားမှာ နေတဲ့ အငယ်လေးတွေလဲ ပုတီးစိပ်ကြနော်၊ ပုတီးကောရှိရဲ့လား၊ မရှိဘူး မဟုတ်လား စိပ်ကြနော်။

ဘုန်းကြီးတစ်ပါး ဘုန်းကံနည်းတော့ ဘုန်းကံကြီးတဲ့နည်း ပေးဖို့ဟာ "ပုတီး ယူခဲ့စမ်း" လို့ဆိုတော့ ယူခဲ့တဲ့ ပုတီးက ကြည့်စမ်း၊ မှိုတက်နေတယ်၊ ဘယ်ဘုန်းကြီးပွဲ့မလဲ။ ဟုတ်လား။ ပုတီးက မစိပ်တော့ မှိုတက်နေတယ်နော်။ ပုတီးကို ပြောင်လက်နေအောင် ပုတီးစိပ်။ ဘုရားဂုဏ်တော်စိပ်၊ မေတ္တာပွားမင်းတို့ ဒွေးရောပေ့ါ နိဗ္ဗာန်ရသည့်အထိ ဒွေးရောပေါ့ကွာ။

အနာထပိဏ်သူဌေးရဲ့ညီ သုဘုတိဆိုတာ ဟိုအရင် ကကုသန်ဘုရားလက်ထက်က ရသေ့ကြီး၊ မြတ်စွာဘုရားက ကောင်းကင်ကနေ လမ်းလျှောက်ပြတယ်။ ထိုရသေ့ကြီးက မြတ်စွာဘုရားအား "တပည့်တော်ရဲ့ ကျောင်းလေးလည်း ကြွပါဦးဘုရား"လို့ လျှောက်တော့ ဘုရားက ကြွလာတယ်။ ထိုရသေ့က ဘုရားရှင်အား သူ့ရှိတဲ့ ပစ္စည်းလေးတွေ လှူတယ်။

ဘုရားအား "တပည့်တော် တစ်သက်လုံး ကျင့်ရမယ့်တရားကို ဟောကြားတော်မူပါဘုရား"လို့လျှောက်ကော့ မြတ်စွာဘုရားက ဘုရားဂုဏ်တော်ကို ပုတီးစိပ်လို့ မိန့်တော်မူတယ်။

ထိုရသေ့က "မှန်ပါ ဘုရား၊ တပည့်တော် တစ်သက်လုံး ပုတီးစိပ်မှာဘုရား"လို့ လျှောက်ထားပါတယ်။

အဲဒီဘုရားဂုဏ်တော်ရဲ့ အစွမ်းသတ္တိကြောင့် ကမ္ဘာတစ်သိန်း အပါယ်မလားဘူး၊ ဒီဘက်ဘဝမှာ အနာထပိဏ်သူဌေးနဲ့ ညီအစ်ကို အရင်း လာဖြစ်တယ်။ မြတ်စွာဘုရား ကြွလာတော့ ရဟန်းပြုတာ ရဟန္တာ ဖြစ်သွားတယ်၊ ဆွမ်းခံကြွတော့ ဆွမ်းတွေ မောက်ရှန်နေတာပဲတဲ့။ တို့ ဒါယကာ ဒါယိကာမတွေလည်း ဘုရားဂုဏ်တော်ကို ပွားများလျက် ပုတီးစိပ်ကြ။

သဘောပေါက်ကြပြီလားဟေ့၊ ဒေး ဒီဘက်နားကကြားလိုက်ပြီး ဟိုဘက်နားကထွက်သွားရင်တော့မကောင်းဘူး၊ ဟုတ်ရဲ့လား၊ ဓာတ်တွေကူးပြီး ကိုယ်ထဲမှာ စီးဝင်သွားအောင် စိပ်ရမယ်နော်။ အရှင်ဘုရားကကော စိပ်လို့လား ဘုရားလို့ မမေးနဲ့။ စိပ်တာပေါ့။ နှစ်ပေါင်းများစွာ ကြာပါပြီ။

ဘုန်းဘုန်းက စိပ်တာ၊ ဒေး အဲဒီတော့ ဒီဘဝမှာလည်းကောင်း၊ နောက် နောင်ဘဝလည်း ကမ္ဘာတစ်သိန်း အပါယ်မလားဘူးဆိုတော့ ဘယ်လောက်ကောင်းသလဲ၊ အဲဒီလောက်ကောင်းတဲ့ တရားတွေရတယ်။ ဒီနေ့ကစပြီး မွန်မြတ်တဲ့တရားတွေ တို့သန္တာန်မှာ ကိန်းအောင်းပြီး ကြိုးစားပြီးတော့ သွားကြ၊ ပုတီးစိပ်ကြ။ ဘုရားဓာတ်တွေ ကူးလာရင် မပုပ်တော့ဘူး။

စာထဲမှာတော့ ရဟန္တာများ ပရိနိဗ္ဗာန်စံရင် မပုပ်ဘူးလို့ ဆိုတယ်။ ရဟန္တာပင် မပုပ်တာ မဟုတ်ဘူး။ ပုထုဇဉ်တွေ ဘုရားဂုဏ်တော် အနှစ်(၂၀) ပုတီးစိပ်ရင် မပုပ်ဘူး။ တချို့ဆရာတော်ကြီးတွေ အနှစ်(၂၀)ဘယ်ကမလဲ။အနှစ်(၃၀) အနှစ်(၄၀) ပုတီးစိပ်တာ။

အဲဒီတော့ ပျံလွန်တော်မူရင် ဘယ်လောက်ကြာကြာထားထား မပုပ်ဘူး။ ဒေး တန်ခိုးအင်မတန်ရှိလှတဲ့ ဘုရားဘုန်းတော် မဟာသံ့သာရရှုပ်ရှင်တော်မြတ် ကိုယ့်အိမ်သို့ ကြွလာသဖြင့် ပူဇော်ရတယ်။ ဆရာတော်တွေ သံဃာတော်တွေကိုလည်း လှူဒါန်းရတယ်။ ဒီကုသိုလ်ကောင်းမှု အစုစုတို့ကြောင့် သုဘုတိရဟန္တာမထေရ်မြတ်တို့လို ကမ္ဘာတစ်သိန်း အပါယ်မလားဘဲနဲ့ နိဗ္ဗာန်ကို လွယ်လွယ်ကလေးနဲ့ ရနိုင်ကြပါစေကုန်သတည်း။"

ဆရာတော်ဘုရားကြီး၏ အနုမောဒနာတရားပြီးသည့်အခါမှာ အားလုံးသော တရားနာပရိသတ်များနှင့်တကွ အလှူဒါယကာ၊ ဒါယိကာမ မိသားစု အပေါင်းတို့ဟာ ဝမ်းမြောက်ဝမ်းသာ ကြည်နူးမဆုံး ပီတိအပြုံးများဖြစ်ကြရပါတယ်။ ထိုသို့ ဖြစ်ကြရသည့်အတွက် ဂုဏ်တော်ဓာတ်တွေ မေတ္တာဓာတ်တွေ ကူးလျက်ရှိကြသည်မှာ အမှန်ပင် ဖြစ်ပါတော့တယ်။

ဆန္ဒမွန်ဖြင့် . . .

**အရှင်ခေမာစာရ (မြွာစရိယာ၊ဘီအေ)**

❐





www.burmeseclassic.com

www.burmeseclassic.com



# ချစ်တာတော့သူတိုင်း အချစ်ကံ ကောင်းကြစေရန်

**အောင်ကြည်သန်း(မောင်တော်သီ)**

ဒီနှစ် ဆောင်းလယ်သို့ ရောက်လာသော်လည်း နှင်းက ပျောက်နေသည်။ ငွေနှင်းပွင့်ခလေးတွေ ဘယ်ဆီရောက်နေပြီလဲ မသိ။ အရှေ့မြောက်လေလေးတွေ ဝေ့ကာဝိုက်ကာ တိုက်လာနေသည်။ ကျွန်တော့်ဟောခန်းရှေ့တူရူရှိ ဘာဒံပင်ခေါင်ကရော်ရွက်ဝါလေးတွေ လေအဝှေ့တွင် ကြွေလွင့်ပြီး ပျံ့ဝဲကာ နွေဦးအလာကို မျှော်လင့်ကြိုဆိုနေကြသည်ထင့်။ ပင်ထိပ်ဖျားဆီက ရွက်နုလေးတွေက သည်ဆောင်းမှာ ပျော်နေကြပေဦးမည်။ ရွက်နုတွေကြားမှာ ပုန်းကွယ်နေသည့် ဥဩငှက်လေးက ဥဩ. . . ဥဩနှင့် လွမ်းဆွတ်အော်မြည်နေသည်။ ချစ်သူပျောက်ကို တမ်းတပြီး လွမ်းနေရှာသလား။

ရန်ကုန်မြို့ ရန်ကင်း မိုးကောင်းဆုတောင်းပြည့်စေတီတော်ကြီးဆီမှ ဆည်းလည်းသံ တချွင်ချွင်၊ ကြေးစည်တီးသံ ဒူဝေဝေနှင့် မောင်းကြီးတီးသံ တဒူဒူကိုလည်း ကြားနေရသည်။ ကျွန်တော့်စိတ်တွေ ဥဩသံ၊ ဆည်းလည်းသံ၊ ကြေးစည်သံ၊



www.burmeseclassic.com

www.burmeseclassic.com

မောင်းထုသံတို့နှင့်အတူ အရှေ့မြောက်လေလေးတွင် လွင့်မျောနေရင်း မွေးရပ်ရွာကို လွမ်းနေဆဲ. . .

"ဆရာ ဝင်ခွင့်ပြုပါ" ဆိုသည့် အသံနှင့်အတူ ကိုလှမျိုးတစ်ယောက် ဗေဒင်ဟောခန်းအတွင်းသို့ လှမ်းဝင်လာသည်။ ကိုလှမျိုးသည် အသားအနည်းငယ်ညိုသော်လည်း ကိုယ်ခန္ဓာပြည့်ဖြိုးတောင့်တင်းကာ ရုပ်ရည်က ယောကျ်ားပီသပြီး ခန့်သည်။ ကျွန်တော့်ထံတွင် စီးပွားရေးကိစ္စ၊ အချစ်ရေးကိစ္စများလာရောက်မေးမြန်း ဆွေးနွေးနေကျဖြစ်သည်။ ဆရာသမားအပေါ် လေးစားယုံကြည်သူ ဖြစ်သည်။

"လာထိုင် ကိုလှမျိုး၊ ဘယ်က လှည့်လာတာလဲ"

"ဆရာ့ဆီပဲ တမင်လာခဲ့တာပါ၊ သိပ်အရေးကြီးနေလို့ ဆရာ၊ ကျွန်တော် သေသာသေလိုက်ချင်တော့တယ်"

"ဘယ်လိုဖြစ်ရပြန်တာလဲ ကိုလှမျိုးရာ၊ လူ့ဘဝက ရခဲပါတယ်၊ ဘာတွေဖြစ်နေလဲ ဆရာ့လဲ ပြောပြဦးမှပေါ့၊ ဒါမှ ဆရာ ကူညီလို့ရမှာ"

"အချစ်ရေးကိစ္စပေါ့ ဆရာ၊ ကျွန်တော့်ဇာတာ ပြန်စစ်ဆေးပေးပါဦး၊ စီးပွားရေးတွေ ဘာတွေ မကြည့်ပါနဲ့၊ အချစ်ရေး တစ်မျိုးတည်းပဲ ကြည့်ပေးပါ၊ အခု ကျွန်တော့်ချစ်သူကို ဆက်သွယ်လို့ မရတော့ဘူး ဆရာ"

"ဘယ်လိုကြောင့်လဲ အကြောင်းတစ်ခုခုတော့ ရှိမှာပေါ့"

"ဖြစ်ရတဲ့ အကြောင်းက ဒီလိုပါ ဆရာ၊ တက္ကသိုလ်တက်တုန်းက ခင်မင်ခဲ့တဲ့ မိန်းကလေးတစ်ယောက် နယ်ကနေ အလုပ်ကိစ္စတစ်ခုနဲ့ ရန်ကုန်ရောက်လာတယ်၊ ရန်ကုန်မှာ သူသိပ်မသွားတတ်လို့ အကူအညီတောင်းတယ်၊ သူငယ်ချင်းအရင်းအချာဆိုတော့ သူ့ကိစ္စအတွက် သွားချင်တဲ့နေရာတွေကို ကားနဲ့လိုက်ပို့ပေးတယ်၊ တစ်ညနေ သာကေတက ရွှေပုဇွန်စားသောက်ဆိုင်မှာ မုန့်လိုက်ကျွေးပြီး ပြန်အထွက်မှာ ကံဆိုးချင်တော့ ဆရာရယ် ကျွန်တော့်ချစ်သူနဲ့ သူ့သူငယ်ချင်းတွေဆိုင်ထဲဝင်အလာမှာ တန်းတိုးတာပဲ၊ ကျားရှေ့ မှောက်ခုံလဲတဲ့သူထက်ကို ပိုဆိုးပါတယ် ဆရာရယ်၊ အဲဒီကစပြီး ပြဿနာတက်တာပဲ၊ ဘယ်လိုမှကို ရှင်းပြလို့ မရဘူးဖြစ်နေတယ် ဆရာ၊ နှစ်ဖက်မိဘတွေကလဲ သိပြီး သဘောတူထားတဲ့ အချစ်ဆုံးငယ်ချစ်ဦးပါ၊ ဒီနှစ် လက်ထပ်ဖို့ ပြောထားကြတာ၊ အချစ်ရေးအမြန် အဆင်ပြေအောင် ယတြာတွေ ဘာတွေ လုပ်ပေးပါဦး ဆရာ"

"ကဲ ကဲ. . . သိပ်လဲ ပူမနေပါနဲ့၊ မင်းဇာတာကို အရင်စစ်ကြည့်ပါဦးမယ်၊ ကရကဋ်လဂ်၊ အချစ်ရေးနဲ့ပတ်သက်တဲ့ ၅ တန့် ဘာဝမှာ စနေဂြိုဟ်က ကောဇာသွားနေတယ်၊ ဒါကြောင့် မင်း အချစ်ကံဆိုးနေတာပဲ၊ သူငယ်ချင်းနဲ့ဆိုင်တဲ့ ၃ တန့်ဘာဝမှာ ရာဟုဂြိုဟ် ကောဇာသွားနေတယ်၊ သူငယ်ချင်းကို ကူညီရင်း အထင်လွဲခံရတာပဲ၊ ဒါပေမယ့် မစိုးရိမ်ပါနဲ့ကွာ၊ လဂ်သဘာဝ ကရကဋ်ရာသီမှာ ကြာသပတေးဂြိုဟ်ကြီး ဥစ်ရပြီး ကောဇာသွားနေတယ်၊ မင်းတို့ကိစ္စ အဆင်ပြေသွားမယ်၊ မိဘတွေ ကူညီလိမ့်မယ်၊ စိတ်သာချ၊ မင်းတို့ အချစ်ရေး အဆင်ပြေသွားမယ်"

"မြန်မြန်အဆင်ပြေချင်ပြီဆရာ၊ ကြာရင် ကျွန်တော့်အသည်းတွေ ကွဲကုန်တော့မယ်၊ ယတြာကောင်းကောင်းလေး ပေးပါဦး ဆရာရယ်"

"အေးပါ၊ ပေးပါ့မယ်၊ အစွမ်းထက်တဲ့ ဓာတ်အင်းအစီအရင်လေး ပေးလိုက်မယ်၊ ရှေးပညာရှင်တွေက လင်္ကာလေးနဲ့ ဒီလိုထားခဲ့တယ်၊

'နံနှစ်မည်ယူဆ၍၊ ထောင့်အာယုချပါ၊ နှစ်ကိုးကွယ်အနုမှိုးဝယ်၊ ကိတ်ဂြိုဟ်ထည့်လောင်း၊ မူရင်းနှင့်နုတ်၊ အောင်-စ လေဆိုတာ ထွက်လျှင်ဖြင့် ကောင်မတွေ့ငိုကာ ဖက်ပါလိမ့်ပျို့ကညာလိုရာဆက်တယ်ကွယ်၊ ဟောဒီဓာတ်အင်း' တဲ့"

"ကျွန်တော်မှ နားမလည်တာ ဆရာ"

"နားလည်အောင် ဆရာရှင်းပြရင်း ရေးပြပေးမယ်၊ မင်းက ဗုဒ္ဓဟူးနေ့"

"ဟုတ်ပါတယ်"

"မင်းချစ်သူကကော"

"ခိုင်နှင်းဆွေ တနင်္လာသမီးပါ ဆရာ"

"အေး၊ ဒါဆို ဆရာရေးပြတာကို လိုက်မှတ်ထား"

"ဟုတ်ကဲ့၊ လိုက်မှတ်ထားပါ့မယ် ဆရာ"

"မင်းမွေးနံ ဗုဒ္ဓဟူး ၄ နဲ့ ခိုင်နှင်းဆွေရဲ့မွေးနံ တနင်္လာ ၂ ကိုပေါင်း ၆ ရမယ်၊ ဒီမှာ ဆရာပြထားတဲ့အတိုင်း ၂ ကို သုံးခါပေါင်း၊ ၉ ပေါင်း၊ ပြီးရင် မင်းတို့မွေးနံနှစ်ခုပေါင်း(မူရင်း) နဲ့ နုတ်ရင် (၁၅) ရမယ်၊ အဲဒါ ၁ တနင်္ဂနွေနဲ့ ၅ ကြာသပတေး (အောင်-ပ)ပဲကွ၊

မိုင်းကိုင်စက္ကူမှာ ခဲတံနဲ့ စတုရန်း ၉ ကွက်ဆွဲပြီး တွက်ထားတဲ့ ဂဏန်းတွေ ရေးသွင်းရမယ်၊ အလယ်ကွက်မှာ မင်းတို့နှစ်ယောက်ရဲ့ မွေးနံ ၄၊ ၂ ကို ရွှေးသွင်းရမယ်၊ ပြီးရင် 'ဥုံနယေပရံယုတ္တော' လို့ ၃၇ ခါ ရွတ်ဆိုပြီး သိဒ္ဓိတင်ရမယ်၊ ပြီးရင် အလောတော် ဖယောင်းတိုင်မှာ ပတ်လိပ်ပြီး ကော်နဲ့ကပ်ရမယ်၊ မင်းတို့အိမ်က ဘုရားမှာ ထွန်းညှိပူဇော်ရမယ်၊

'တပည့်တော်၏ချစ်သူ တနင်္လာသမီး ခိုင်နှင်းဆွေနှင့် အချစ်ရေး အမြန်အဆင်ပြေရပါစေသား' လို့ ဆုတောင်းပေါ့ကွာ၊ ဖယောင်းတိုင်ထွန်းရင် လက်ဖက်ရည်အောက်ခံ ကြွေပန်းကန်ပြားလေးပေါ်မှာ မြေဆီမီးခွက်တင်၊ ဆီမီးခွက်ပေါ်မှာ စီရင်ထားတဲ့ဖယောင်းတိုင် ဘင်ထွန်းရမယ်၊ တစ်ခါတည်း ကုန်အောင် ထွန်းရမယ်၊ မိုင်းကိုင်စက္ကူနဲ့ ဆီမီးခွက်ကို ဆရာပေးလိုက်ပါ့မယ်၊ မင်းလုပ်တတ်မလား"

"ဆရာဆွဲပြတဲ့ နမူနာရှိနေတာပဲ လုပ်တတ်တာပဲ ဆရာ"





www.burmeseclassic.com

www.burmeseclassic.com




ဆုတောင်းပြည့်

**ဆရာကြီး အောင်ဘုန်းမြင့်**

**နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာဂန္ဓရီဗေဒင် လက္ခဏာသုတေသီ**

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ – ကာလီဒါ်ဈ် (မြန်မာပြည်)

- ယတြာဓါတ်ရိုက်ဓါတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရေ့ရှေ့ရေးလမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး 📱 ၀၉-၃၁၀၂၂၈၁၆


"ဒါဆို ဆရာပြောတဲ့အတိုင်း လုပ်ပေတော့၊ အဆင်ပြေပြီး အမြန်ဆုံး လက်ထပ်ရလိမ့်မယ်"

"ကျေးဇူးပါပဲ ဆရာ" ဟုပြောပြီး ကိုလှမျိုးတစ်ယောက် ဝမ်းသာပြုံးရွှင်စွာဖြင့် နှုတ်ဆက်ကာ ပြန်သွားပါတော့သည်။

၄-ဗုဒ္ဓဟူး + ၂-တနင်္လာ = ၆ နံနှစ်ခုပေါင်း (မူရင်း)

၆ + ၂ (တိုးကိန်း) = ၈

၈ + ၂ (တိုးကိန်း) = ၁၀

၁၀ + ၂ (တိုးကိန်း) = ၁၂

၁၂ + ၉ (ကိတ်ဂြိုဟ်) = ၂၁

၂၁ - ၆ (မူရင်း) = ၁၅ (အောင်-ပ)

နေ့ရက်လ ရာသီတွေ ပြောင်းလာခဲ့သည်။ ဟေမန္တဆောင်းဥတုကုန်ဆုံး၍ ဂိမ္ဟန္တ နွေဥတုအစသို့ ရောက်ရှိလာခဲ့ပြီ။ ဆောင်းအကုန် နွေအကူးလေးတွင် လေးရူးလေးတွေ ဝေ့ကာဝိုက်ကာ တိုက်လာနေသည်။ ဥသြလေးက လွမ်းတေးသီဆဲ၊ ဘုရားက ဆည်းလည်းသံလေးတွေကလည်း သာသာယာယာ တချွင်ချွင် မြည်နေဆဲပင်။ နွေအဦး လေရူးနှင့်အတူ ကိုလှမျိုးနှင့် မခိုင်နှင်းဆွေတို့ ကျွန်တော့်ထံ ရောက်လာကြသည်။

ကိုလှမျိုးက မင်္ဂလာဆည့်ခံပွဲ ဖိတ်ကြားစာတစ်စောင်ကို လက်နှစ်ဖက်နှင့် ရိုရိုသေသေ ကျွန်တော့်ထံ ကမ်းပေးသည်။

"ဆရာ့ကျေးဇူးကြောင့် အချစ်ကြီးပြီး အမျက်ကြီးတဲ့ ကျွန်တော့်ချစ်သူနဲ့ မြန်မြန်လက်ထပ်ခွင့်ရတာ ဆရာ၊ ကျွန်တော်တို့မင်္ဂလာပွဲကို ဆက်ဆက်လာအားပေးပါဦး"

"အားပေးရမှာပေါ့၊ လာခဲ့ပါ့မယ်"

မခိုင်နှင်းဆွေသည် အရပ်မနိမ့်မမြင့်၊ အသားဖြူဖြူ မျက်နှာသွယ်သွယ်၊ ရွှေရင်မို့မောက်ပြည့်ဖြိုးပြီး ကိုယ်ခန္ဓာအချိုးအဆစ် ပြေပြစ်လှပ ကျော့ရှင်းသည်။ ကိုလှမျိုးနှင့် ရွှေနှင့်မြ နေနှင့်လ ဆိုသကဲ့သို့ အတွဲညီ လိုက်ဖက်လှပေသည်။

မခိုင်နှင်းဆွေက ကိုလှမျိုးကို ပါးချိုင့်လေးပေါ်အောင် ပြုံးပြီး သမင်လည်ပြန် မျက်လုံးလေးဖြင့် ချစ်မျက်စောင်းလေး ထိုးကြည့်လိုက်သည်ကို တွေ့လိုက်ရသည်။ သူတို့နှစ်ဦး၏ ကြည်နူးရိပ်လေးကြောင့် ကျွန်တော်လည်း ဝမ်းသာပီတိ ဖြစ်နေမိပါတော့သည်။ ချစ်တတ်သူတိုင်း အချစ်ကံ ကောင်းကြပါစေရယ်လို့သာ။

အောင်ကြည်သန်း(ဖောင်တော်ဆီ)

❐



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အော်ဒါတွေ လုပ်ငန်းတွေ ဆက်တိုက်ရနေပြီ မဟုတ်လား

နတ်မျက်စိ
ဆရာအောင်နိုး



ဒီနေ့ တနင်္လာနေ့ရဲ့ ညနေခင်းမှာ ကမ္ဘာအေးဘုရား ရောက်ရှိခဲ့သည်။

ကမ္ဘာအေးဘုရားရောက်တိုင်း ပါရမီစာအုပ်ဆိုင်နှင့် ရွှေရှမ်းလေး စားသောက်ဆိုင်သို့ ဝင်ရောက်စားသုံးခြင်း၊ စာအုပ်များကို စိတ်တိုင်းကျ မွှေနှောက်ဝယ်ယူခွင့်ရခြင်းတို့ကြောင့် ဘုရားဆီသို့ ရောက်စေသော ဆွဲအားရပ်များ ဖြစ်သည်။

ကမ္ဘာအေးဘုရားရောက်တိုင်း ဘုရားတွင်း ပတ်ပတ်လည်တွင် ကိုးကွယ်ထားအပ်သော ကကုသန်ဂုံမြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရား ရှေ့တော်တွင် အရဟံသိဒ္ဓိကို ပုတီးဆယ်ပတ်စီ စိပ်ပြီး နောက်ဆုံး ဓာတ်တော်တိုက်ဘုရားတွင်ဝင်၍ ပုတီးဆယ်ပတ်စီ စိပ်နေကျဖြစ်သည်။ ပြီးလျှင် တနင်္ဂနွေထောင့် ရှေ့ယွန်းယွန်းတွင်ရှိ အလံတိုင်အုတ်လှေကား အဆင့်ပေါ်ထိုင်ကာ အနားယူလေ့ရှိသည်။

စာရေးသူထက် အရင်ရောက်နေနှင့်နေပြီး ပုတီးကိုလည်မှာလွယ်လျက်သား တွေ့ရသူမှာ ဆယ်မိုင်ကုန်းမှ ဆေးသုတ်ကန်ထရိုက်ဆွဲသူ ကိုစိန်ထွန်းမောင်ပါ။

ထိုပုဂ္ဂိုလ်မှ အားရဝမ်းသာစွာဖြင့် . . .

"ဆရာ့ကို မမျှော်လင့်ဘဲ တွေ့ရတာ ဝမ်းသာလိုက်တာ ဆရာ၊ ဆရာ့ဆီလာမလို့ ချိန်လိုက်၊ ဟိုပြဿနာပေါ်လိုက်နှင့် ရောက်ကိုမရောက်ဖြစ်ဘူး ဆရာ"

www.burmeseclassic.com

စာရေးသူမှ "ကဲ . . . အခုတွေ့ပြီ မဟုတ်လား၊ ဘာ ကူညီရမလဲဆိုတာ ပြော" ဟု စကားလမ်းကြောင်းပေးလိုက်ရ . . .

"အရင်နှစ် ဆရာနဲ့ ကျောက်တော်ကြီးဘုရားမှာ ဆုံတုန်း ဆရာပေးတဲ့ မျက်နှာသစ်နည်းလေ၊ မောင်နှမတွေ ချစ်ခင်အောင်၊ မိတ်ဆွေတွေချစ်ခင်အောင်ဆိုပြီး မျက်နှာသစ်မယ့် ဖလားကို ကိုင်ပြီး . . .

- ◆ နံပါတ်တစ်အနေနဲ့

  အဇ္ဇ တဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

  အဇ္ဇ တဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

  အဇ္ဇ တဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။
- ◆ နံပါတ်နှစ်အနေနဲ့ ခင်ပွန်းကြီးဆယ်ပါးဂါထာ။
- ◆ နံပါတ်သုံးက စိန္တာမဏိဂါထာ။
- ◆ နံပါတ်လေးက ဘုရားဂုဏ်တော်ကိုးပါး။
- ◆ နံပါတ်ငါးက ဒိဝါတပတိဂါထာ။
- ◆ နံပါတ်ခြောက်က ဖုဿဂါထာ။
- ◆ နံပါတ်ခုနစ်မှာ ကံပွင့်ဂါထာ။
- ◆ နံပါတ်ရှစ်ကျ သုနက္ခတ္တံ သုမင်္ဂလံဂါထာ။

စတဲ့ ဂါထာတွေကို ရွတ်ခိုင်းတာ ဒီနေ့ထိပဲပေါ့ ဆရာ၊ မိသားစုရေးမှာ အဆင်ပြေလာတယ်၊ တပည့်တွေအပေါ်မှာ ဩဇာ ညောင်းလာတာ အသေချာပါပဲ ဆရာ"

သူကပင် ဆက်ပြောသည်က . . .

"တွေ့တဲ့လူတိုင်းဟာ ကိုစိန်ကြီး နုလာတယ်၊ မျက်နှာကြည်လာတယ်လို့ ချီးမွမ်းကြတာက မကြားချင် အဆုံးပါ ဆရာ"

"ဒါ တရားတော်တန်ခိုး၊ သီလတန်ခိုး၊ မေတ္တာရောင် ပြန်ဟပ်တာပေါ့ ကိုဖိုးစိန်ရာ" ဟု ပြန်ပြောမိ၏။

ဆရာစိန်ထွန်းမောင် မတ်လ ၁ ရက်နေ့ မွေးသူဖြစ်ရကား တစ်သမားဟု ယူဆနိုင်သည်။ ၁၊ ၁၀၊ ၁၉၊ ၂၈ မွေးရက်ရှိသူတို့မှာ တီထွင်သူ၊ ထင်ရှားသူ၊ အလုပ်ဟူသမျှမှာ နောက်ဆုတ်ခြင်းမရှိသူ၊ လုပ်ပြီဟေ့ဆိုရင် နောက်မဆုတ်တတ်သူ၊ သူတို့မှာ ကြီးမြင့်လိုစိတ် စိတ်အားထက်လှ ချုပ်ချယ်ခြင်းကို မလိုလား၊ အလုပ်မှာ Top ဖြစ်ချင်၏။ တပည့်တွေ လေးစားမှု ကြိုက်၏။ အနုပညာ မြတ်နိုးကြ၏။ ဘာသာရေး အားကောင်း၏။ ဘဝမှာ ပြိုင်ဘက် အမြဲပေါ်တတ်ပေ၏။ အခွင့်ကောင်းများ ရသော်လည်း အရိပ်သုံးပါးနားလည်ပြီး အခွင့်အရေး မယူတတ်ကြပါ။

အခု ကိုစိန်ထွန်းမောင်က . . .

ဆေးသုတ်ကန်ထရိုက်ဆွဲ၍ တပည့်လက်သား ၁၀ ယောက်ခန့် လုပ်ငန်းလည်ပတ်နေ၏။ သူပြောပုံအရ ဆောက်လုပ်ရေးများ စန်းထချိန်မှာမှ ဆေးသုတ်လုပ်ငန်း ကျဲနေရခြင်းကို မခံနိုင်ဖြစ်နေပါ၏။

လက်သမားဆရာက ဆေးထသုတ်လိုသုတ်၊ ပန်းရန်ဆရာက ဆေးစုတ်တံကိုင်လိုကိုင်၊ တပည့်တွေက မတောက်တခေါက်နှင့် အောက်ဈေးနှင့်ခိုင်းပြီး လုပ်နေကြသဖြင့် အခက်ကြုံတွေ့ကြောင်း သိရ၏။

အခုခေတ်ပေါ် အဆောက်အအုံတို့မှာ မှန်တို့နှင့် ကြွေများဖြင့်သာ တန်ဆာဆင် မွမ်းမံကြကုန်ခြင်း၊ ဆေးသုတ်နည်း ဆေးသုတ်ကိရိယာတို့မှာ နည်းစနစ်ကောင်းမွန်ခြင်းတို့လည်း ပါဝင်ပေသည်။

စာရေးသူက . . .

"ကဲ ကိုစိန်ထွန်းအောင်က ဆေးကန်ထရိုက် ဆက်တိုက်ရအောင်၊ လုပ်ငန်းအဆက်မပြတ်အောင်၊ တပည့်တပန်းမြဲအောင်၊ ဝင်ငွေတိုးတက်အောင်၊ ဘဝမှာ နံပါတ်တစ် ဖြစ်စေမယ့် ကဿသဃ သရဏဂုံဂါထာတော်ကို ဓမ္မဒါနပြုလိုက်မယ်၊ နေ့စဉ် သက်စေ့မှန်မှန်ရွတ်၊ မေတ္တာသုတ် ၃၆ ခေါက်ရွတ်ပြီး သတ္တဝါတွေ မေတ္တာပို့ပေး၊ အမျှဝေပေးပါ" ဆိုပြီး ဂါထာတော်အား ရေးပေးလိုက်၏။

ဂါထာတော်ကား . . .

'ကဿသဃ သရဏဂုံဂုဏ်တော် မန္တန် မန္တရားတော်ကြီး' ဟု သိရှိရသည်။

- ဩြောင်း နမော ဗုဒ္ဓါယ၊ ကကုတိပိ သောဘာဂဝါ။
- ပုဗ္ဗေနိဝါသာ နုဿတိဉာဏံ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
- အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဒိဗ္ဗစက္ခုဉာဏံ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။
- ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အာသဝက္ခယ ဉာဏံ၊ သံဃံ သရဏံ ဂစ္ဆာမိ။
- အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထ ကဿပ်တံ။
- စက္ခုဝိညာဏဥ္စ၊ သောတဝိညာနဥ္စ၊ သတ္တာဒေဝ မနုဿာနံ။
- ပူရေဋ္ဌောပိ ဗုဒ္ဓေါ ဘဂဝါတိ၊ မနောမယိဒ္ဓိ ဘဝန္တုမေ။

အထက်ပါ မန္တန်ကြီးကို မော်လမြိုင်တွင် ဗေဒင်ဟောစဉ်ကာလများတွင် အင်းလေလံအောင်လိုသူများ၊ ပွဲချိတ်လှေဂိတ်အောင်လိုသူများ၊ ဈေးကောက်ကန်ထရိုက်ဆွဲလိုသူများ၊ အဆောက်အအုံတင်ဒါအောင်လိုသူများ၊ အများနှင့်အပြိုင်ယှဉ်ပြိုင်အော်ဒါတွေရအောင် လိုလားသူများကို ဤမန္တန်တော်ကို အထူးအလေးပေး ပူဇော်ခြင်းဖြင့် အောင်မြင်မှုရကုန်လေ့ရှိခြင်းများ သာဓကတွေကြောင့် ကိုစိန်ထွန်းအောင် အလုပ်အော်ဒါတွေ တစ်ခုပြီးတစ်ခု မနားနေအောင်ရနေတဲ့ သတင်းကို ကြားရတော့သည်။

နတ်မျက်စိ ဆရာအောင်စိုး

❐



www.burmeseclassic.com

www.burmeseclassic.com



# အနန္တာမိုး
# သားသမီးတော်ဖို့ ဒါလုပ်ပါ

တစ်နေ့သ၌ ကျွန်ုပ် ဗေဒင်ဆိုင်ခန်း ဖွင့်ထားရာ ရွှေရင်အေး ကျောင်းလမ်းရှိ အမှတ်(------)အိမ်သို့ သူငယ်ချင်းလည်းဖြစ်၊ ရပ်ရေးရွာရေးလည်း အတူတကွ လုပ်ဆောင်လျက်၊ ခင်မင်လျက်ရှိသော မမိုးတစ်ယောက် လက်ထဲတွင် စာအုပ်များပါ ပိုက်၍ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေတော့၏။

"မင်္ဂလာမ. . . ဆရာမရှင့်"

"မင်္ဂလာပါ . . . မမိုးရယ်၊ စာအုပ်တွေနဲ့ ဘာများ ကိစ္စပေါ်ပြန်ပြီလဲလို့"

"ကိစ္စပေါ်တာ မဟုတ်ဘူး၊ ဆရာမဆီက ပညာလိုချင်လို့ မှတ်သားစရာ လိုချင်လို့ပါရှင့်၊ အလကားတော့ အချိန်မယူပါဘူး၊ ကျွန်မ ဉာဏ်ပူဇော်ခ (၃၀၀၀) တင်ပါရစေ ဆရာမ"

"အင်း . . . အရေးကြီး သိချင်တာတွေ ပါလာပုံရတယ်၊ ကဲ မေးပါ"

"ဒီလိုပါ ဆရာမ၊ ကျွန်မတို့အိမ်နားက မစောမြဆိုတာ အိမ်ထောင်ကျတာ ဆယ်နှစ်ရှိပြီ၊ ကလေးလဲ တစ်နှစ်တစ်ယောက်နီးပါး ရှိတယ်၊ မွေးတယ် ဆရာမ"

"အာ . . . ဒါဆို ကလေးတွေ ဘောလုံးတစ်သင်းစာ ရနေပြီလား. . . ဟယ်"

"အဲဒီလိုဖြစ်ရင် ကောင်းမှာ . . .၊ ဒါပေမယ့် သူက သားသမီး မတင်ဘဲ သေသေကုန်တာရှင့်"

"ဩော် . . . အဲဒီလိုကြီးလား"

"ဟုတ်တယ်၊ ဒါကြောင့်လေ အိမ်ထောင်ကျတာဖြင့် ဆယ်နှစ်ရှိပေမယ့် ကလေးက တစ်ယောက်မှ မရှိသေး၊ အဖတ်မတင်ဘူး ဆရာမ၊ ဒါကြောင့် တစ်ခုခုတော့ လိုနေပြီလားလို့ ဆေးစစ်ခိုင်းတော့လဲ အဖြေမသိရဘူး ဖြစ်နေတယ်"

www.burmeseclassic.com

"နှစ်ဦးစလုံး အဆင်ပြေလို့ ကလေးရတာလေ၊ အဖတ်တင်တာ (သားသမီးတင်တာ) ကံပါနိုင်တဲ့ သဘောရှိတယ်၊ အဲဒီတော့. . ."

"အဲဒီတော့. . . သားသမီးတင်စေမယ့် နည်းလမ်းများရှိရင် အမိန့်ရှိပါ၊ မစပါ ဆရာမရယ်. . .၊ မှတ်သားပြီး ဆောင်ရွက်ပါ့မယ်၊ မကြည့်ရက်တော့လို့ပါ"

"မမိုးက စာအုပ်နဲ့ မှတ်မှာဆိုတော့ . . . သေသေချာချာ လိုက်မှတ်၊ ခုနစ်ရက် ခုနစ်နေ့ သားသမီးတွေ အတွက် တစ်ခါတည်း ရေးရ မှတ်ရ မကောင်းဘူးလား . . . မမိုး"

"အို . . . အကောင်းဆုံးပေါ့ ဆရာမရယ်၊ သေသေချာချာ လိုက်ရေးပါ့မယ်၊ ပြီးတော့ ဖောက်သည်လဲ ချပါ့မယ်ရှင့်"

"ကောင်းပြီ၊ မမိုး သိထားတဲ့ နေ့ ခုနစ်နေ့ အင်္ဂဝိဇ္ဇာတိုင်နဲ့ တို့ ရှင်းပြလိုက်ကြစို့"

"ဟုတ်ကဲ့ . . . ဆရာမ"

"ကျမ်းပြုအကျော် ဆရာတော် ခင်ကြီးဖျော်ရဲ့ အင်္ဂဝိဇ္ဇာကျမ်းမှာ အသီးမတင်တဲ့ သစ်ပင်တွေ အသီးတင်အောင်၊ သားသမီးမတင်တဲ့ အမေများ သားသမီးတင်အောင် ဆိုပြီး ပြဆိုထားတဲ့ အခန်းရှိသကွဲ့ . . .။ အဲဒီတော့ ပထမ တနင်္ဂနွေတိုင်ထူပြီး ကြည့်လိုက် . . .၊ တနင်္ဂနွေတိုင်ရဲ့ အောက်သုံးလုံးဟာ (၄၊ ၀၊ ၃) ဆိုပြီး တွေ့ရဲ့လား။ (၀) ကို (၇) ယူ။ အဲဒီသုံးလုံးပေါင်းလိုက် မမိုး"

"၁၄ ရတယ် ဆရာမ"

၅
၂
၆
-
၁
-
၄
၀ — ၁၄
၃

| | | |
|---|---|---|
| ၁၄ | ၂၃ | ၃၂ |
| ၇၇ | ၁ | ၄၁ |
| ၆၈ | ၅၉ | ၅၀ |

"အဲဒီဆယ့်လေးကို ကိုးကွက်အင်းချပြီး အစကွက်မှာထည့်၊ အဲဒီ (၁၄) ကို (၉) တိုးပေါင်း၊ နောက်တစ်ကွက်၊ အဲဒီနည်းအတိုင်း (၉) တိုးပေါင်း လက်ျာရစ် ချပြထားတာ ရှင်းလား"

"ရှင်းပါတယ် ဆရာမ"

"ဟုတ်ပြီ၊ အဲ . . . ပြီးပြီဆိုရင် အလယ်ကွက်လပ်မှာ မွေးနံ တနင်္ဂနွေ (၁) ထည့်ပြီး အမြဲဆောင်ထားမယ်ဆိုရင် အဲဒီ တနင်္ဂနွေသမီး သားသမီးတင်မှာ ဧကန်ဖြစ်ပါတယ်"

"ကဲ . . . မမိုး တနင်္လာတိုင်ထူပြီ၊ ပြီးတော့ အောက်သုံးလုံးပေါင်းတော့ ဘယ်လောက်ရသလဲ"

"(၁၀) ရပါတယ် ဆရာမ"

၆
၃
၀
-
၂
၅
၁ — ၁၀
၄

| | | |
|---|---|---|
| ၁၀ | ၁၉ | ၂၈ |
| ၃၇ | ၂ | ၃၇ |
| ၆၄ | ၅၅ | ၄၆ |

"အဲဒီ (၁၀) ကို အစကွက်မှ ထည့် (၉) တိုးပြီးပေါင်း နောက်တစ်ကွက် ထည့်သွားလိုက်၊ တစ်ကွက်တစ်ခါ (၉) တိုးနော်၊ ပြီးတော့ အလယ်ကွက်မှာ မွေးနံ တနင်္လာထည့်၊ ဟုတ်လား ဆရာမ . . . နော်"

"ဟုတ်တယ်၊ အဲဒါကို အမြဲဆောင်ထားမယ်ဆိုရင် တနင်္လာသမီး သားသမီး ဧကန်ရရှိပါလိမ့်မယ် ဆိုတာ မှတ်သားထားပါ"

"ဟုတ်ကဲ့ . . . ဆရာမ"

၀
၄
၁
-
၃
၆
၂ — ၁၃
၅

| | | |
|---|---|---|
| ၁၃ | ၂၂ | ၃၁ |
| ၇၆ | ၃ | ၄၀ |
| ၆၇ | ၅၈ | ၄၉ |

"ကဲ . . . ရှေ့က အင်္ဂါတိုင်ထူပြီး အောက်သုံးလုံးပေါင်းတော့ ဘယ်လောက်ရလဲ မမိုးရေ . . ."

"(၁၃) ရပါတယ် ဆရာမ"

"ဟုတ်တယ်၊ အဲဒီ ဆယ့်သုံး (၁၃) ကို ကိုးကွက်အင်း အစမှတ်ထည့်ပြီးရင် (၉) တိုးပေါင်းလိုက်၊ ထည့်လိုက် (၉) တိုးပေါင်းလိုက်၊ တစ်ကွက်ထည့်လိုက်လုပ်ပါ၊ ပြီးတာနဲ့ အလယ်မှာ မွေးနံအင်္ဂါ (၃)ဂဏန်းရေးသွင်းပြီး အမြဲဆောင်ထားမယ်ဆိုရင် မမိုးရေ . . ."

"သားသမီးမတင်တဲ့ အမေတွေ သားသမီးတင်မယ် ဆရာမ"

"ကဲ . . . မမိုးရေ . . . ဗုဒ္ဓဟူးအခါတိုင် သွားကြစို့ တိုင်ထူပြီး အောက်ကသုံးလုံးပေါင်းတော့ ဘယ်လောက်ရ"

"(၁၆) တစ်ဆယ့်ခြောက် ရပါတယ် ဆရာမ"

၁
၅
၂
-
၄
၀
၃ — ၁၆
၆

| | | |
|---|---|---|
| ၁၆ | ၂၅ | ၃၄ |
| ၇၉ | ၄ | ၄၃ |
| ၇၀ | ၆၁ | ၅၂ |

"ဟုတ်ပါတယ်၊ အဲဒီ တစ်ဆယ့်ခြောက်ကို ကိုးကွက်အင်း အစမှာချပြီး (၉) ပေါင်းပြီး ထုံးစံအတိုင်း ချသွား. . .၊ မြင်လား"

"ဟုတ်ကဲ့ . . . ဆရာမ၊ မြင်ပါပြီ၊ ပြီးတော့ အလယ်မှာ မွေးနံ ဗုဒ္ဓဟူးသားသမီး (၄) ထည့်ပြီး အမြဲဆောင်ထားရပါမယ်"

"ဟုတ်တယ်၊ ဒါဆိုရင် ဗုဒ္ဓဟူး အမေများ သားသမီးတင်မှာ ဧကန်ဖြစ်ပါတယ်လို့ မှတ်လိုက်ပေတော့"

"ဟုတ်ကဲ့ ဆရာမ၊ မှတ်ထားပါပြီ"

"ကဲ . . . ဒါဆို နောက် ကြာသပတေး အခါတိုင် ထူလိုက်ပါပြီ၊ အောက်သုံးလုံးပေါင်းလိုက်တော့ ဘယ်လောက်ရပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com

"တစ်ဆယ့်နှစ် (၁၂) ရပါတယ် ဆရာမ"

၂
၆
၃
၅
၁
၄ ── ၁၂
၀

| | | |
|---|---|---|
| ၁၂ | ၂၁ | ၃၀ |
| ၃၅ | ၅ | ၃၉ |
| ၆၆ | ၅၇ | ၄၈ |

"ဟုတ်ပါပြီ၊ အဲဒီတစ်ဆယ့်နှစ်ကို အစကွက်မှာ ထည့်ပြီးလို့ရှိရင် အထက်က ထုံးစံအတိုင်း (၉) တိုးပြီး တစ်ကွက်စီထည့်ပါ။ ပုံမှာ ပြထားတဲ့အတိုင်း အပေါင်းမမှားစေနဲ့ ကြားလား"

"ဟုတ်ကဲ့ . . . ဆရာမ၊ ပြီးအလယ်မှ မွေးနံ ကြာသပတေးဂဏန်း (၅) ထည့်ပြီး အမြဲဆောင်ထားမယ်ဆိုရင် ကြာသပတေးအမေတွေ သားသမီးဇကန်ရပေတော့မှာပေါ့နော် ဆရာမ"

"ဟုတ်ပ့ါ . . . မမိုးရေ . . . ကောင်းပ့ါ၊ ကဲ နောက်တစ်ခါ သောကြာအခါတိုင် ထူလိုက်ကြစို့"

"ဟုတ်ကဲ့ . . . ဆရာမ၊ အောက်သုံးလုံးပေါင်းတော့ (၈) ရပါတယ် ဆရာမ"

၃
၀
၄
၆
၂
၅ ── ၈
၁

| | | |
|---|---|---|
| ၈ | ၁၇ | ၂၆ |
| ၇၁ | ၆ | ၃၅ |
| ၆၂ | ၅၃ | ၄၄ |

"ဟုတ်တယ်၊ အဲဒီ (၈) ကို (၉) တိုးပေါင်း ရတဲ့ဂဏန်း နောက်တစ်ကွက်မှာဖြည့်၊ နောက် (၉) တိုးပေါင်း၊ ရတဲ့ဂဏန်း နောက်တစ်ကွက်ထည့်၊ ထုံးစံအတိုင်းသွားလိုက်"

"ဟုတ်ကဲ့၊ အားလုံးပြီးတာနဲ့ အလယ်မှ မွေးနံသောကြာ (၆) ဂဏန်းထည့်ပြီး အမြဲတမ်း ဆောင်ထားမယ်ဆိုရင် . . . ဒါ . . ."

"ဟုတ်ပြီ၊ သောကြာသမီး အမေတွေ သားသမီးတင်ဖို့ အေးအေးဆေးဆေး ဖြစ်သွားပါပြီပေါ့ . . . မမိုးရယ်"

"ကောင်းလိုက်တာ ဆရာမရယ်"

"ကဲ . . . နောက်ဆုံး စနေတိုင်ထူပြီး အောက်သုံးလုံးကို ပေါင်းလိုက်မယ်ဆိုရင် ဘယ်လောက်ရလဲ မမိုးရေ"

"တစ်ဆယ့်တစ် (၁၁) ရပါတယ် ဆရာမ"

"ဟုတ်ပြီ အဲဒီတစ်ဆယ့်တစ်ကို (၉) ပေါင်းတော့ (၂၀)၊ နောက်တစ်ကွက် နောက် (၉) ပေါင်း (၂၉) တစ်ကွက်ချ၊ အဲဒီအတိုင်း (၉) တိုးသွားပြီး ချဖို့လဲ မမေ့နဲ့၊ အပေါင်းမမှားနဲ့ သေချာချနော်"

"ဟုတ်ကဲ့ . . . ဆရာမ၊ ပြီးရင် အလယ်မှာ မွေးနံစနေ (၇) ဂဏန်း ထည့်ပြီး အမြဲဆောင်ထားမယ်ဆိုရင် ဆရာမ . . ."

၄
၁
၅
၀
၃
၆ ── ၁၁
၂

| | | |
|---|---|---|
| ၁၁ | ၂၀ | ၂၉ |
| ၇၄ | ၇ | ၃၈ |
| ၆၅ | ၅၆ | ၄၇ |

"ကျမ်းပြုဆရာတော် အမိန့်ရှိထားတာက . . . စနေနံ အပင်အသီးသီး၍ စနေသမီး သားတင်စေလိုသော် စနေတိုင်ထူ အောက်သုံးလုံးပေါင်း သုံးကွက်အင်းချ (၉) တိုးသွား၊ အလယ်နံသွင်း ဆောင်လေလို့ ဆိုထားတာ၊ မမိုးဒီတော့ အုန်းပင်က စလို့ (၇) နေ့ နံအပင်တွေမသီး၊ အသီးမတင်ရင် သော်လည်းကောင်း၊ (၇) နေ့ သမီးတွေ သားသမီးမတင်ဘူးဆိုရင် လည်းကောင်း အခုပြဆိုတဲ့ မွေးနံအင်္ဂဝိဇ္ဇာတိုင်ထူပြီး ဆောင်ရွက်သွားမယ်ဆိုရင် အောင်မြင် အဆင်ပြေပါလိမ့်မယ် . . . မမိုးရေ . . ."

"ဩော် . . . ဆရာမ ကိုယ်တွေ့ရော ကြုံဖူးလား ဆရာမ"

"ကြုံဖူးပါတယ်၊ မီးခွက်ဈေးက တစ်ဦး အိမ်ထောင်ကျပြီး ခုနစ်နှစ်ကြာ သားသမီးမရ၊ မတင်လို့ ဆရာမဆီလာတော့ ဒီနည်းကို ဆောင်ရွက်ခိုင်းလိုက်တာ မမိုးရေ . . ."

"ရတာပဲလား . . . ဆရာမ"

"အိုး . . . အမြွှာပူး ယောကျ်ားလေး နှစ်ယောက်တောင်ရတယ်၊ အခုစာရေးတဲ့အချိန်မှာ သူတို့ တစ်တန်း (ပထမတန်း)တောင်။ မီးခွက်ဈေး မူလတန်း (အမှတ်-၁၂) မှာ တက်နေပြီရှင့်"

"ကောင်းလိုက်တာ ဆရာမရယ်၊ အင်း . . . ဆရာက တစ်ဖက်ကလဲ ဆရာကြီးမင်းသိခ်ရဲ့ တပည့်ရင်းလဲဖြစ်၊ စာရေးဆရာမလဲဖြစ်၊ နိုင်ငံသိ၊ ပရိသတ်သိဆိုတော့ အားကျမိတယ်၊ ကျွန်မလဲ စာရေးချင်ပါတယ် ဆရာမရယ် . . ."

"ဘယ်သူမဆို ရေးနိုင်ပါတယ် မမိုးရယ်၊ ကောင်းတာနဲ့ မဂ္ဂဇင်းတိုက်က ရွေးမှာပဲ၊ ရေးဖို့က ကျွန်မတို့တာဝန်၊ ရွေးဖို့က သူတို့တာဝန်၊ ဒီလိုမဟုတ်လား၊ အခု အများကောင်းကျိုးရေးပြီးပြီ၊ ရွေးဖို့က မဂ္ဂဇင်းကိစ္စပေါ့ မမိုးရဲ့ . . ."

"ဟုတ်ပါတယ် ဆရာမရယ်၊ ရေးမယ် . . . ရေးမယ်"


ကျမ်းကိုး

- ဗေဒမကုဋ္ဌမာလာကျမ်း
  အဗျင်းဆရာတော်ဇလွန်


ထူးနှောင်စိုး (ရွှေရင်ဓါး)

❐





www.burmeseclassic.com

www.burmeseclassic.com



# ဆရာ၊ဒေါက်တာကျော်ငြိမ်း
# ဓာတ်ရိုက်ပညာသိစရာ

တစ်နေ့သ၌ ကျွန်ုပ် ဗေဒင်ဆိုင် ခန်းဖွင့်ထားရာ လှိုင်သာယာမြို့ အောင်မြေသာယာ (မြို့ဦး) စေတီတော်တောင်ဘက်မုခ် ဗေဒင်ဆိုင်ခန်းသို့ လာနေကျဖြစ်သော တပည့်မောင်စောနောင် ရောက်ရှိလာလေသည်။ ကျွန်ုပ် ဆိုင်ဖွင့်လှစ်ပြီး ပြုဖွယ်ကိစ္စများ ဆောင်ရွက်ရလေသည်။ ဆောင်ရွက်နေစဉ် မောင်စောနောင်မှ . . .

"ဆရာ . . . လက်ဖက်ရည် သောက်ပြီးပြီလား . . . ဆရာ"

"မသောက်ရသေးဘူးကွ၊ မအားသေးတာနဲ့ . . ."

"ဒါဆို အတော်ပဲ၊ ကျွန်တော်လဲ မသောက်ရသေးဘူး ဆရာ၊ သောက်ကြစို့ ကဲ . . . လာ"

သို့နှင့် လက်ဖက်ရည် အသီးသီး သောက်နေကြရင်း တပည့်ဖြစ်သူ မောင်စောနောင်က . . .

"ဆရာ . . . အင်္ဂလိပ်ဗေဒ နည်းပညာအတိုင်း အိမ်ရှောင်းထွက်အောင် ကျွန်တော် လုပ်ကြည့်တာ၊ ခုထက်ထိကို မထွက်သေးဘူး ဆရာ၊ ဘာတွေများ လိုနေသလဲတော့ မသိဘူး ဆရာ၊ အဲဒါ ဆရာ နည်းနည်းလောက် ရှင်းပြပါဦး ဆရာရယ်"

"ဪ . . . မင်းကလဲ လုပ်တိုင်းသာ ဖြစ်မယ်ဆိုရင် အကုန် လူစွမ်းကောင်းတွေချည်း ဖြစ်တော့မပေါ့ကွ၊ မြုပ်ကွက် လစ်ဟာကွက် နက်နဲတဲ့အချက်၊ မပေါ်လွင်တဲ့သဘော၊ ဉာဏ်မမီသေးတဲ့ ပုစ္ဆာတွေဟာ ပညာရပ်တိုင်းမှာ ရှိနေတာ မဟုတ်လားကွ . . . စောနောင်ရ"

"ဟုတ်ပါတယ် ဆရာ၊ ဟုတ်ပါတယ်၊ ကျွန်တော် သချာဂနတော့ မသိသေးဘူး၊ မှတ်ထားမိသလောက်နဲ့ တွယ်နေတာ ဆရာ၊ အဲဒါ မဖြစ်သေးပါဘူး ဆရာရယ်"

"ရှေးဆရာတော် ပညာရှင်ကြီးတွေက ဓာတ်ရိုက်၊ ဓာတ်ဆင်တာနဲ့ ပတ်သက်ပြီး အပင်အကြယ်နည်းကျွေနဲ့ စစ်ဆေးကြည့်ရှုပြီးမှ သင့်တော်တယ် လျှောက်ပတ်တယ်ဆိုမှ ဓာတ်ရိုက်တာ ဓာတ်ဆင်တာတွေကို ပြန်လုပ်ပေးရတာ

www.burmeseclassic.com

ဗျား၊ အေး . . . အဲဒီလိုမှ မဟုတ်ရင်တော့ ပညာလဲ အဖိုးမတန်၊ မိမိမှာလဲ ဂုဏ်ရည်လျော့သွားပြီ မှတ်ပေတော့"

"ဟုတ်ကဲ့ . . . ဆရာ၊ အဲဒါဆိုရင် ဘယ်လို စည်းကမ်းတွေနဲ့လုပ်မှ အဆင်ပြေမယ်ဆိုတာ အမိန့်ရှိပါဆရာ"

"အင်း . . . ဓာတ်ရိုက်မယ်ဆိုပါတော့ . . . အဲဒီ ဓာတ်ရိုက်မယ့်လူရဲ့ အသက်ကို တည်ရမယ်၊ သုံးခုနဲ့စားရမယ်၊ နှစ်ခုကြွင်းမယ်ဆိုရင် အာပေါဓာတ် အသင့်အတင့် ကောင်းတယ်၊ ထွက်နိုင်တယ်ပေါ့။ သုညကြွင်းမယ် ဆိုရင်တော့ တေဇောဓာတ်၊ အဲ . . . မြန်မြန်ထွက်နိုင်တယ် ဆိုတဲ့ သဘောပေါ့ကွာ။ ရက်နဲ့ ပြောကြစို့ဆိုရင် ဓာတ်ရိုက်လိုသူရဲ့ အသက်ကို တည်ရမယ်၊ ခုနစ်နဲ့စားရမယ်၊ အကြွင်းကို တိုင်ထူ၊ ရိုက်လိုသူနံ၊ ကုန်ပစ္စည်းနံ ဒါတွေကို ကြည့်ရမယ်၊ တစ်ခုခု အမြစ်နံ ကျနေမယ်ဆိုရင် ခိုင်မာနေမယ်၊ မထွက်ဘူး။ အဲ . . . နှစ်ခုစလုံး အမြစ်နံမှာ ကျနေမယ်ဆိုရင် ပြောစရာကို မရှိတော့ဘူး၊ အဲဒါ မထွက်ဘူးကွ"

"ဟုတ်ကဲ့ . . . ဆရာ၊ အဲဒါမျိုးကျတော့ ဘယ်လိုလုပ်ရမလဲ ဆရာ"

"တစ်ပါတ်လောက် ဆိုင်းထားပြီးမှ ပြန်ရိုက်ရမယ်လို့ ဆရာသခင်များ မိန့်မှာထားသကွ။ နောက်ပြီး လူနံက အမြစ်ကျပြီး ကုန်နံက အမြစ်မကျဘူးဆိုရင် လူလွှဲပြောင်းပြီး ဓာတ်ဆင်ရမယ်၊ ကုန်နံက တြိရန်း၊ စတုရန်း ကျနေမယ်ဆိုရင် ဒါ မြန်မြန်ထွက်မယ်ကွ . . .။ စတုရန်းထက် တြိရန်းက ပိုပြီး မြန်မြန်ထွက်တယ်၊ ဝင်မှာဆိုရင်လဲ ဒီလိုပဲမှတ်ပေါ့ ဟုတ်ပြီလား"

"ဆရာ . . . ဥပမာလေးနဲ့ ရှင်းပါလား ဆရာရယ်၊ အများတကာလဲ အကျိုးများအောင် မှတ်လဲ မှတ်ချင်လို့ပါ"

"ကဲ . . . ဒါဖြင့် မောင်စောနောင် မင်းအသက်ပြော၊ ဘယ်လောက်လဲ၊ ပြီးတော့ ဘာနေ့ဖွားလဲ"

"(၂၅)နှစ်၊ အင်္ဂါဖွားပါ ဆရာ"

"အေး . . . အဲဒီ (၂၅)ကို (၇) နဲ့စားလိုက်"

"(၄)ကြွင်းပါတယ် ဆရာ"

"ဟုတ်ပြီ၊ အဲဒီ (၄)ကို အင်္ဂဝိဇ္ဇာ တိုင်ထူကြည့်စမ်း၊ ဘာတွေ့မလဲ ကဲ"

၁

၅

၂

၄

၀

အင်္ဂါသား - ၃ - လူနံ - ခိုက်

မီးသွေး - ၆ - ရောင်းကုန်

"လူမွေးနံက အမြစ်နံအဖြစ်နဲ့ ခိုက်နေတယ် ဆရာ၊ ရောင်းကုန်ပစ္စည်းကတော့ အိုကေတယ်"

"အဲဒီတော့ လူနံခိုက် အမြစ်ကျနေမယ်ဆိုရင် လူပြောင်းရိုက်ရင် ရနိုင်လား၊ ပြောင်းကြည့်ရအောင်"

"မင်း အမျိုးသမီး တင်နွယ်ဝင်းက စနေသမီးနော်၊ အသက်ကကော"

"(၂၁)နှစ် ဆရာ"

"အေး . . . (၇)နဲ့စားတော့ (၀) ကြွင်းတယ်၊ တိုင်ထူကြည့်မယ်"

၄

၁

၅

၀ - မွေးနံ

၃

ခိုက် - ၆ - ကုန်ပစ္စည်း

၂

"ဟော . . . တွေ့လား၊ သူကတော့ ရောင်းကုန်ပစ္စည်းက အမြစ်နံအဖြစ်နဲ့ ခိုက်ခံနေပြန်ရော၊ မထွက်ဘူး၊ တစ်နည်းအားဖြင့် ရောင်းလို့ ရတ်တရက် မထွက်ဘူးတဲ့ကွ၊ ကဲ- ဒါလောက်ဆို ဓာတ်ရိုက်သဘောတရား မင်းသဘောပေါက်လေကွာ၊ ပညာရပ် တစ်ခုမှာ လျှို့ဝှက်ချက်၊ နက်နဲချက်၊ လေးနက်မှုတွေနဲ့ သူ့ဟာသူရှိနေတာ၊ ဘယ်လို အကြောင်းနဲ့မှ ပေါ့ပေါ့မတွေးနဲ့၊ လေးလေးနက်နက်ထားပြီး စဉ်းစားလဲ အမှားနည်းတယ်၊ ကဲ- ဆောင်ပုဒ်အရနဲ့ပါ သေသေချာချာမှတ်"

<u>နှစ်ပိုင်းဆောင်ပုဒ်</u>

(၁) အသက်တည်ထား၊ သုံးခုစား၊ ကြွင်းငြား ကေတစ်ခုကျ။

(၂) ပထဝီဂြိုဟ် အခိုင်ဆို ထွက်ကို မရ တွေးရှုကြ။

(၃) နှစ်ခု အာပေါ၊ အသင့်ဟော၊ သဘောအေးမြ ဗျူဟရဏာ။

(၄) သုံးမူတေဇံ လွန်လျင်မြန်၊ ထွက်ရန်ဟူသမျှ ဓာတ်ဆင်ကြ။

(၅) အဝင်မှာလည်း ရင်းနည်း၊ သိပ်သည်းမှတ်ကြ မြဲနိစ္စ။

<u>ရက်သတ္တပါတ်အတွက် ဆောင်ပုဒ်</u>

(၁) အသက်တည်ထား၊ သတ္တစား၊ ကြွင်းငြားတိုင်ကိုပြု။

(၂) အမြစ်ကျလာ၊ ခိုင်မာမာ၊ ဆိုင်းပါ ရက်သတ္တ။

(၃) လူနံအမြစ် ကုန်မမြစ်၊ ပြောင်းလစ် ပရိယာယ။

(၄) တြိ-စတု ထိုနှစ်ခု၊ မှတ်ရှုမြန်လေကြ။

"ဟား ဟုတ်ပြီဆရာ၊ သဘောပေါက်သွားပြီ၊ မှတ်လဲ မှတ်ထားပြီးပြီဆရာ၊ ရောင်းကုန်ပစ္စည်းနဲ့ပတ်သက်လို့ မြန်မြန်ထွက်စေတဲ့ ဓာတ်ရိုက်ပုံကို ပြောပါဆရာ"

"အေး . . . ဆောင်ပုဒ်ကို အရင်ရေးမှတ်ထား"

"ထွက်စွံလိုလျှင်၊ ရန်နဲ့ဆင်၊ ဆပင်ကိုင်းနဲ့ရိုက်၊ အရင်းနံတူ ဖျားရန်သူ၊ ကြံယူအသင့်လိုက်" လို့ ဆိုတယ်။

"အဓိပ္ပာယ်ကတော့ကွာ . . . ဘာပစ္စည်းဝတ္ထုမဆို အရောင်းသွက်ပြီး အထွက် မြန်စေချင်တယ်ဆိုရင် . . .

- ထွက်စေလိုသောနံကို အရင်းထား၍
- အဖျားက ရန်နှင့်တွဲသော နံသားနှင့်
- ရန်အခါဝယ် ဆပွတ်နှင့်သင့် အကိုင်း

www.burmeseclassic.com

www.burmeseclassic.com

နဲ့ အချက်စေ့ ရိုက်ခြင်းအားဖြင့် မနေနိုင် အမြန်ထွက်မယ်လို့ ဆိုငယ်"

"ဒါဆို . . . ဆရာ တနင်္ဂနွေနံ အိုး၊ အိမ်၊ အစ်၊ အုတ်၊ အုန်းသီး စသည် အမြန်ရောင်းထွက်ချင်တယ်ဆိုရင်ကော ဆရာ"

"ဘယ်နေ့မှာဖြစ်ဖြစ် ရန်အခါ ဝယ် ဆိုတယ် မဟုတ်လား၊ တနင်္ဂနွေနံ အတွက် ရန်ဘက်အခါက အင်္ဂါအခါ။ အဲဒီအခါမှာ ရောင်းလိုတဲ့ပစ္စည်းပေါ်မှာ အထွက်ဖြစ်သော (ဿ) အက္ခရာရေးပြီး ရောင်းကုန် တနင်္ဂနွေ နာမည်ကိုခေါ်၍ အမြန်ရောင်းထွက်ဆိုပြီး (ဿဇာ)ကိုင်းနဲ့ အရှေ့တောင်အရပ် (အင်္ဂါအရပ်)ကို မျက်နှာပြု၍ ဆပွတ်ဂြိုဟ်သက်အရ (၂၁)ချက် ရိုက်ရမယ်။

ဿဇာကိုင်းကိုလဲ အဲဒီ ရောင်းကုန်ပစ္စည်းပေါ်တင်ထား၊ မင်း တနင်္ဂနွေနံပစ္စည်း မြန်မြန်ထွက်သွားပြီသာ မှတ်ပေတော့"

"ဟုတ်ကဲ့ . . . ကောင်းလိုက်တာ ဆရာရယ်၊ ဒါတော့ ဟုတ်ပါပြီ ဆရာရယ်၊ ဘယ်နံအတွက် အက္ခရာတွေက အဝင်၊အထွက်ဆိုတာလဲ သိထားဖို့ လိုသေးတာပေါ့နော့"

"မှန်တယ်၊ အဲဒီအက္ခရာများရဲ့ အဝင်အထွက်ရေးသွင်းပြီး ရိုက်မယ်ဆိုရင် အဆောတလျင် ထွက်တာပေါ့"

"ဟုတ်ကဲ့ . . . ဆရာ၊ အဲဒီ

| အဝင် | | | | အထွက် |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | | | | ရ |
| လ | | | | ဝ |
| သ | | | | ဠ |
| အ | | | | ဿ |

| ကုန်ပစ္စည်းနံ | ရန်အခါ | ထွက်လိုပစ္စည်း | အက္ခရာ | မျက်နှာပြုရန် | ရိုက်ရန်ပစ္စည်း | ရိုက်ချက်ရေ |
|---|---|---|---|---|---|---|
| တနင်္ဂနွေနံ | အင်္ဂါအခါ | အုန်းသီး | ဿ | အရှေ့တောင် | ဿဇာကိုင်း | ၂၁ ချက် |
| တနင်္လာနံ | ကြာသပတေးအခါ | ကွမ်း | င | အနောက် | ကင်ပွန်းကိုင်း | ၁၀ ချက် |
| အင်္ဂါနံ | တနင်္ဂနွေအခါ | ဆန်၊ဆီ | ည | အရှေ့မြောက် | ဆန်အိတ်စိမ်းစားဥ | ၆ချက် |
| ဗုဒ္ဓဟူးနံ | ဗုဒ္ဓဟူးအခါ | ရွှေ | ဝ | အနောက်မြောက် | ဝါးယားကိုင်း | ၁၅ ချက် |
| ကြာသပတေးနံ | တနင်္လာ | ဖက်၊မြေပဲ | မ | အရှေ့ | မကျည်းကိုင်း | ၈ ချက် |
| သောကြာနံ | စနေအခါ | သွပ်၊သံ | ဠ | အနောက်တောင် | သေနပ်ကိုင်း | ၁၇ ချက် |
| စနေနံ | သောကြာအခါ | ထီး၊ဖိနပ် | န | မြောက် | ဒဟတ်ကိုင်း | ၁၉ ချက် |

အက္ခဇယားကိုလဲ ဗဟုသုတဖြစ်ဖို့ ရေးရဦးမှာပေါ့နော် ဆရာ"

"အေး . . . ဟုတ်ပါတယ်၊ ပြထားတဲ့ဇယားကို သေချာဂန ရေး။ ဘယ်နံဆို ဘယ်အက္ခရာ ဆိုတာလဲ တစ်ခါတည်း စွဲနေအောင် မှတ်ထား။ ဒါ အရေးကြီးတယ်"

"ကဲ- အဲဒါ ဘယ်နေ့၊ ဘယ်ပစ္စည်းတွေ ရောင်းမှာလဲ။ အဲဒီ ရောင်းမယ့်ပစ္စည်းတွေမှာ အထွက်အက္ခရာတွေ ဘယ်လိုရေးရမယ်။ ဘယ်အခါလဲ။ ဘယ်ပစ္စည်းနဲ့ ဘယ်နှချက်လဲ။ ဘယ်အရပ်ကို မျက်နှာပြုရိုက်ရမှာလဲ။ အဲဒါ (၇)ရက်သားသမီးတွေအတွက်ပါ အားလုံးသိစေဖို့ ရေးရအောင်"

"အကောင်းဆုံးပေါ့ ဆရာ၊ အများသူငါ ဗဟုသုတရှိ၊ အင်္ဂဝိဇ္ဇာပညာရပ်ရဲ့ ထူးခြားထက်မြက် အစွမ်းသတ္တိကိုလည်း ရအောင် ရေးတာ၊ သေသေချာချာ ရေးမှတ်ရတော့မှာပေါ့ ဆရာ"

"ကဲ . . . ရပြီလား၊ တပည့်ရေ"

"ရပုံ ဘယ်ကမလဲ ဆရာရယ်၊ စိတ်ရှည်လက်ရှည်နဲ့ သေသေချာချာ ရှင်းပြတဲ့အတွက် အရမ်း ကျေးဇူးတင်ကြမှာတော့ အမှန်ပါပဲ ဆရာ"

"ဘယ်သူတွေက ကျေးဇူးတင်ကြမှာလဲဟ . . .၊ ပြောပါဦး"

"ဪ . . . ဆရာနှယ်၊ လစဉ်လပြည့်ဝန်းမဂ္ဂဇင်းမှာ ရေးနေတဲ့ ဆရာ အောင်ကျော်ခိုင် (ရွှေစေတီ)ရဲ့ ဓာတ်ရိုက်ယတြာတွေနဲ့ အကျိုးများနေတဲ့ ဆရာ့စာဖတ်ပရိသတ်တွေပေါ့ ဆရာရဲ့"

"ဪ . . . အင်း ဟုတ်ပေသားပဲ"

"ကဲ . . . ကျွန်တော်လဲ ကျေးဇူးများစွာတင်ရင်း ဆရာ့ကို ဉာဏ်ပူဇော်ခ ဈေးဦးဖောက်ပါတယ် ဆရာ"

"အေး . . . ဒါလဲ လုပ်သင့်တဲ့ အလုပ်ပဲပေါ့ တပည့်ရာ . . ."

<u>ကျမ်းကိုး</u>

ဗေဒမကုဋ္ဌမာလာကျမ်း

(အဗျင်းဆရာတော်) ဇလွန်မြို့၊

ဆရာအောင်ကျော်ခိုင်(ရွှေစေတီ)

❐

www.burmeseclassic.com

www.burmeseclassic.com




နက္ခတ္တဗေဒ ၊ ထရျာ်ဗေဒ ၊ ဝါစတုလ္လုက္ခရ ၊ တရုတ်ဝေဒ ၊ တိုင်းရင်းဆေးပညာရှင်

# ဆရာဦးခန့်ကျော်

၀၈၁-၇၆၇၇

## ပါရဂူမြောက်လက္ခဏာ ဖတ်ကြားခြင်း အတတ်ပညာကျမ်းပြုသူ

ဟောခန်း(ရုံးခန်း)နှင့် မြန်ချိရေးလိပ်စာ — ၂၇၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ (၉)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၅၁၉၈၂၄၀

နေအိမ် — ၇၂(၇-က) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

"သင့်ဘဝ၏ အနာဂတ်ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးတို့အတွက် ကြိုတင်သိရှိထားနိုင်ရန် လာရောက်တွေ့ဆုံ ဆွေးနွေးမေးမြန်း တိုင်ပင်လိုပါက နေ့စဉ် နံနက် (၉ း ၀၀)နာရီမှ ညနေ (၄ း ၀၀) နာရီ အထိ အတိုင်ပင်ခံ ဟောပြောစီမံဆောင်ရွက်ပေးလျက် ရှိသည်။"




ဦးခန့်ကျော် စာပေ ( ၇၉ ) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ


www.burmeseclassic.com

www.burmeseclassic.com




## Q

**Quadrangle**

**စတုဂံလွင်ပြင်**

လက်ဝါးပြင်ပေါ်တွင် အဓိက လမ်းကြောင်းများက ပုံပန်းသဏ္ဍာန် (၂)မျိုးကို ထင်ဟပ်စေ၏။ အထက်ပိုင်းပုံပန်းသဏ္ဍာန်ကို 'စတုဂံလွင်ပြင်'ဟုခေါ်ပြီး အောက်ပိုင်း ပုံပန်းသဏ္ဍာန်ကို 'တြိဂံလွင်ပြင်' ဟုခေါ်၏။

'စတုဂံလွင်ပြင်'ကို (Table of the Hand) ဟုလည်း ခေါ်သည်။

၎င်းသည် မေတ္တာလမ်းကြောင်းနှင့် ဉာဏ်စွမ်းလမ်းကြောင်းတို့ကြားတွင် တည်ရှိ၏။ 'စတုဂံလွင်ပြင်' အစွန်းနှစ်ဖက်သည် အတော်အသင့်ကျယ်ပြန့်၍ ဉာဏ်စွမ်းလမ်းကြောင်းနှင့် မေတ္တာလမ်းကြောင်း ပုံမှန်အခြေအနေရှိပါက လက္ခဏာရှင်သည် အတွေးအခေါ် မျှတမှုရှိသည်။ မိတ်ဆွေအပေါင်းအသင်းနှင့် ချစ်သူအပေါ်တွင် သစ္စာရှိမည်။

'စတုဂံလွင်ပြင်' ကျယ်ပြန့်လွန်းပါက လွတ်လပ်မှုကို မြတ်နိုး၍ သဘောထားကြီးတတ်သည်။ အနေအထား ကျဉ်းမြောင်း၍ မေတ္တာလမ်းကြောင်းအပေါ်ပိုင်းသို့ ရောက်လွန်းလျှင် သဘောထားသေးသိမ်၍ မနာလိုဝန်တို မိစ္ဆာစိတ်ရှိတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## Quarellsome Fellow

### ရန်လိုတတ်သူ

(၁) စနေဂြိုဟ်ခုံကျယ်ပြန့် မို့မောက်ခြင်း၊

(၂) အင်္ဂါဂြိုဟ်ခုံ(အဖို)နှင့် (အမ)ဂြိုဟ်ခုံ နှစ်ခုစလုံး ကျယ်ပြန့်လွန်းသူတို့သည် အမြဲတစေ ရန်လိုနေတတ်သူဖြစ်သည်။

## Quick-Temperer

### စိတ်မြန်သူ

(၁) မေတ္တာလမ်းကြောင်း ဖြောင့်တန်းခြင်း၊

(၂) ဉာဏ်စွမ်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့ ကွာဟနေခြင်း၊

(၃) အင်္ဂါအဖိုဂြိုဟ်ခုံ ပေါ်လွင်ခြင်း၊

(၄) လက်ချောင်းများ၏ တတိယအဆစ်များသည် တုတ်ခိုင်နေခြင်း။

## Quiet Manner

### အမူအရာ ယဉ်ကျေးသိမ်မွေ့ခြင်း

(၁) လက်ဝါးပြင် ကြီးမားကျယ်ပြန့်ခြင်း၊

(၂) လက်သန်းသည် လက်သူကြွယ်၏ ပထမအဆစ်အထိ ရှည်ခြင်း၊

(၃) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ကောင်းသောအမှတ်အသားတစ်ခုခု ပါရှိခြင်း။

# R

## Rashness

### အလျင်စလို အလောတကြီး ပြုမူတတ်ခြင်း (ဆင်ကန်းတောတိုး ပြုတတ်ခြင်း)

(၁) ဉာဏ်စွမ်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်း အစ၌ လွန်စွာ ကွာဟနေခြင်း၊

(၂) ကြာသပတေးဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊

(၃) အင်္ဂါအဖိုဂြိုဟ်ခုံ ပေါ်လွင်လှပခြင်း၊

(၄) လက်သူကြွယ်လက်ချောင်း သာမန်ထက်ရှည်ခြင်း။

## Rays of Influence

### ပယောဂရောင်ခြည်များ

ပယောဂလမ်းကြောင်းများသည် ပယောဂရောင်ခြည်များပင် ဖြစ်၏။ ယင်းတို့သည် ပျော့ရွှင်မှု'နေ'ရောင်ခြည် (သို့) ဝမ်းနည်းကြေကွဲမှု 'လ'ရောင်ခြည်ကို ဖြစ်ပေါ်ဖန်တီးတတ်ကြသည်။

အထူးသဖြင့် ယင်းတို့သည် နိမ့်ချည်မြင့်ချည် ပြုတတ်သည့် သဘောသဘာဝမျိုးရှိ၏။ မိတ်ဆွေတစ်စုံတစ်ဦး ခွဲခွာသွားချိန်တွင် ဖြစ်ပေါ်လာတတ်သည့် ခံစားမှုမျိုးကို ဖြစ်ပေါ်စေသည်။

## Reading, Love of

### စာဖတ်ခြင်းကို နှစ်သက်ခြင်း

(၁) လက်ညှိုးလက်ချောင်း သွယ်ခြင်း၊

(၂) ဉာဏ်စွမ်းလမ်းကြောင်း လှပကောင်းမွန်ခြင်း၊

(၃) ဉာဏ်စွမ်းလမ်းကြောင်းအောက်သို့ စိုက်ဆင်းနေခြင်း၊

(၄) ဉာဏ်စွမ်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်း၏ အစတွင် ပူးကပ်နေကြခြင်း၊

(၅) တနင်္ဂနွေဂြိုဟ်ခုံ သန့်ရှင်းကောင်းမွန်ခြင်း၊

(၆) သောကြာဂြိုဟ်ခုံ ကျယ်ပြန့်ပေါ်လွင်ခြင်း။

## Reciprocated Affection

### မေတ္တာတုံ့ပြန်တတ်ခြင်း

လက်မပေါ်တွင် အဖြူ အမှတ်လက္ခဏာများရှိခြင်း။

## Reflection

### ရောင်ပြန်ဟပ်ခြင်း (တုံ့ပြန်ခြင်း)

အဆစ်များ ပေါ်လွင်နေသည့် လက်ချောင်းရှင်များသည် စိတ်သဘော ပြင်းပြမှုကို တားဆီးနိုင်ပြီး တုံ့ပြန်မှုကို ပေးနိုင်၏။ တုံ့ပြန်နိုင်၏။

ကိုင်ရို (Cheiro)

## Relatives, Influence of

### ဆွေမျိုးသားချင်းများ၏ ဩဇာကိုခံရမှု

ဇောက်နက်သော ကံလမ်းကြောင်း တစ်ခုသည် အသက်လမ်းကြောင်းဘေး သောကြာဂြိုဟ်ခုံပေါ်တွင် အဆုံးသတ်ပါနေက တစ်ဖက်မှ ကြာသပတေးဂြိုဟ်ခုံ အားကောင်းမှုကြောင့် ရည်မှန်းချက်ထားရှိမှုအပေါ် ဖန်တီးပုံဖော်နိုင်သည့် အောင်မြင်မှုကို ညွှန်ပြနေပြီး၊ အခြားတစ်ဖက်မှမူ ဆွေမျိုးသားချင်းများ၏ ဩဇာညောင်းနေမှုကို ညွှန်ပြနေခြင်းဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com

## Relatives on the Line of Apollo

**အောင်မြင်ရေးလမ်းကြောင်းပေါ်မှ ဆွေမျိုးသားချင်းများ**

အကယ်၍ အောင်မြင်ရေးလမ်းကြောင်း တစ်ခုကို သောကြာဂြိုဟ်ခုံမှ ဩဇာလမ်းကြောင်းများက ကာရံထားလျှင် ကာယကံရှင်၏ အောင်မြင်မှုရရှိရေးတွင် ဆွေမျိုးသားချင်းများ၏ ကူညီမှုအပေါ်တွင် ရာနှုန်းအများဆုံး တည်နေသည်ကို ပြ၏။

အကယ်၍ အောင်မြင်ရေးလမ်းကြောင်းကို မေတ္တာလမ်းကြောင်းမှ ခွဲထွက်လမ်းကြောင်းတစ်ခုက ဖြတ်တောက်သွားလျှင် ဆွေမျိုးသားချင်းများက သူ့ဘဝခရီးတွင် အဟန့်အတားများအဖြစ် ရပ်တည်နေကြလိမ့်မည် ဖြစ်သည်။

## Religion

**ဘာသာရေး**

ဤနေရာတွင် ရှင်းရှင်းလင်းလင်းဖော်ပြရမည်ဆိုပါက- လက်များသည် မည်သည့်ဘာသာကိုးကွယ်နေမှုကို အသိအမှတ်ပြုဖော်ပြမည် မဟုတ်ပေ။

လက်များတွင် ကျွန်ုပ်တို့၏ ဘဝတစ်သက်တာအတွင်း အခြားသူများနှင့်ပတ်သက်ရာ ပယောဂလမ်းကြောင်းများကိုသာ မှတ်တမ်းတင်ထားပေလိမ့်မည်။

**Cheiro**

## Reverses of Fortune

**ကံအလှည့်အပြောင်းဖြစ်ခြင်း**

တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် ကြက်ခြေရှိခြင်းက ကံအပြောင်းအလဲ ဖြစ်မည်ကို ပြဆိုနေခြင်းဖြစ်၏။

## Rheumatism

**အကြောအဆစ်ရောင်ရောဂါ(လေးဘက်နာ)**

(၁) အရေပြား ချောမွေ့နေခြင်း၊
(၂) တနင်္လာဂြိုဟ်ခုံမှ အဆင်းလမ်းကြောင်းတစ်ခုရှိခြင်း၊
(၃) စနေဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၄) စနေဂြိုဟ်ခုံတွင် အရေးအကြောင်းများစွာရှိခြင်း၊
(၅) တနင်္လာဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၆) အသက်လမ်းကြောင်း ကျယ်ပြန့်နေခြင်း၊
(၇) အသက်လမ်းကြောင်းအဆုံးတွင် နီမြန်းနေခြင်း၊
(၈) အသက်လမ်းကြောင်းမှ အဖြတ်လမ်းကြောင်းများသည် စနေဂြိုဟ်ခုံသို့ သွားနေကြခြင်း။

## Robber, The Highway

**လမ်းတားပြ**

(၁) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ကြယ်ရှိခြင်း၊
(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ဆန်ခါကွက်ရှိခြင်း၊
(၃) အသက်လမ်းကြောင်း၊ ဉာဏ်စွမ်းလမ်းကြောင်းနှင့် မေတ္တာလမ်းကြောင်းများ နီမြန်းနေကြခြင်း၊
(၄) လမ်းကြောင်းငယ်ကလေးများ မပါရှိခြင်း၊
(၅) အင်္ဂါဂြိုဟ်ခုံ ပေါ်လွင်ခြင်း၊
(၆) တနင်္လာဂြိုဟ်ခုံ အထူးကောင်းမွန်ခြင်း၊
(၇) လက်များထူထဲ၍ မာကျောခြင်း၊
(၈) လက်ချောင်းများ နူးညံ့ချောမွတ်ပြီး လေးလံခြင်း။

## Romance

**ချစ်ခြင်းမေတ္တာ**

ချစ်ခြင်းမေတ္တာလမ်းကြောင်းသည် လက်သန်းအောက်တည့်တည့် ဗုဒ္ဓဟူးဂြိုဟ်ခုံအောက်ဘက်မှ အစပျိုးသည်။ အိမ်ထောင်ရေးခရီးလမ်းကို လျှောက်လှမ်းရန် ရည်ရွယ်သူများအနေဖြင့် ချစ်မေတ္တာလမ်းကြောင်းကို အသေအချာ လေ့လာသုံးသပ်ရန် လိုအပ်ပေလိမ့်မည်။ သို့မဟုတ်ပါက ကြေကွဲစရာ ခုံးကျော်တံတားပေါ်မှ ပစ်ချခြင်းကို ခံရနိုင်ပေမည်။

## Romantic Madness

**စိတ်ကူးနှင့် ရူးနေခြင်း**

(၁) မေတ္တာလမ်းကြောင်းသည် တနင်္လာဂြိုဟ်ခုံဘက်သို့ နိမ့်ဆင်းနေခြင်း၊
(၂) မေတ္တာလမ်းကြောင်း၏ လမ်းခွဲတစ်ခုပေါ်တွင် ကြယ်ရှိခြင်း၊
(၃) တနင်္လာဂြိုဟ်ခုံပေါ်တွင် ကြယ်ရှိခြင်း၊
(၄) တနင်္လာဂြိုဟ်ခုံသည် ပယောဂလမ်းကြောင်းတစ်ခုမှတစ်ဆင့် သောကြာဂြိုဟ်ခုံနှင့်ဆက်နေခြင်း၊

## Romantic Nature

**အဆန်းတကြယ်စိတ်ကူးတတ်သည့် ပင်ကိုစရိုက်ဓလေ့**

(၁) ဉာဏ်စွမ်းလမ်းကြောင်း စိုက်ဆင်းနေခြင်း၊
(၂) တနင်္လာဂြိုဟ်ခုံ မို့မောက်နေခြင်း၊
(၃) သောကြာခါးပတ် ထင်ထင်ရှားရှားရှိခြင်း၊
(၄) သောကြာဂြိုဟ်ခုံ ပေါ်ပေါ်လွင်လွင်ရှိခြင်း၊
(၅) သောကြာဂြိုဟ်ခုံ အရောင်အသွေးရှိခြင်း၊
(၆) လက်များ လေးထောင့်သဏ္ဍာန်ရှိခြင်း၊





www.burmeseclassic.com

www.burmeseclassic.com

## Roseate Health
### ကျန်းမာရေးကောင်းခြင်း

(၁) အင်္ဂါလမ်းကြောင်း ထင်းထင်းလင်းလင်းရှိခြင်း၊
(၂) ကြာသပတေးဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၃) လမ်းကြောင်းများ နီနေခြင်း၊
(၄) လက်သည်းများ နီနေခြင်း၊
(၅) အရေပြား နီနေခြင်း။

## Roosevelt, Hand of
### အမေရိကန်သမ္မတ ရုစ္စဗဲ့၏လက်

ဆရာမကြီး အဲရှ်စ်ဒင်တန်ဂျင်းနင်းက အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

"ကံကြမ္မာလမ်းကြောင်းသည် တနင်္လာဂြိုဟ်ခုံအောက်ပိုင်းမှ အစပျိုးကာ လက်ဝါးစောင်းတစ်လျှောက် ဖြောင့်တန်းနေခြင်းက သမ္မတရုစ္စဗဲ့၏ ပြည်သူလူထုအပေါ် ဦးစီးဦးကိုင်ပြုလုပ်နိုင်သည့် အရည်အသွေးကို ပြနေသည်။ ထိုလမ်းကြောင်းသည် အကျိုးအပဲ့မရှိ၊ ပကတိ ဖြောင့်တန်းနေခြင်းက သူ၏ ထူးခြားသည့်လက္ခဏာပင်ဖြစ်၍ လူထုအကြား အောင်မြင်မှုများကို ရရှိနေခြင်းလည်း ဖြစ်သည်။

# S

## Sadness, Imaginary
### ဝမ်းနည်းစရာများကို အမြဲတွေးနေတတ်သူ

(၁) လက်ခလယ်သည် လက်ညှိုးဘက်သို့ ယိမ်းယိုင်နေခြင်း၊
(၂) လက်ခလယ်သည် ဖြက်ကျယ်၍ကြီးမားတုတ်ခိုင်ခြင်း၊
(၃) စနေဂြိုဟ်ခုံ ကြီးမား ကျယ်ပြန့်ခြင်း၊
(၄) ဉာဏ်စွမ်းလမ်းကြောင်း အောက်သို့ နိမ့်ဆင်းနေခြင်း၊
(၅) တနင်္လာဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း။

## Saturnian Type
### စနေဂြိုဟ်ခုံအားကောင်းသည့် အနေအထား

စနေဂြိုဟ်ခုံပေါ်ပေါ်လွင်လွင်ရှိသည့် အနေအထားကို 'စနေဂြိုဟ်ခုံအားကောင်းသူ'ဟူ၍ သတ်မှတ်ထား၏။ ထိုသူတို့သည် ပင်ကိုယ်အမူအကျင့်အရ ခံစားချက်ကို မြိုသိပ်ထားတတ်ကြသူများဖြစ်သည်။ နက်နဲစွာ စဉ်းစားတတ်သူ၊ တစ်ယောက်တည်း နေလိုသူများဖြစ်ကြသည်။

ထိုသူတို့သည် အရာရာကို သံသယစိတ် ဝင်တတ်သူများလည်း ဖြစ်သည်။ အလောတကြီး ပြုခဲတတ်ကြသည်။ ဘဝ၏ ပူဆွေးဝမ်းနည်းဖွယ်ကိစ္စများ ခံစားနေရခြင်းကို နှစ်သက်တတ်ကြသည်။

ထိုသူတို့သည် ပညာရပ်များကို ပြန်လည်ဖန်တီးမှုမပါဘဲ လေ့လာကြသည်။ ဝမ်းနည်းမှုကို အရသာတစ်ရပ်အဖြစ် ခံစားနေလေ့ရှိကြသူများဖြစ်ပြီး၊ ထိုဝမ်းနည်းမှုမျိုးရအောင်လည်း ဖန်တီးယူတတ်ကြ၏။

## Saturn, Line of
### စနေလမ်းကြောင်း

'ကံလမ်းကြောင်း'ကို တစ်နည်းအားဖြင့် 'စနေလမ်းကြောင်း'ဟုလည်း ခေါ်သည်။ အကြောင်းမှာ လက်ဖနောင့်လက်ကောက်ဝတ်မှ စနေဂြိုဟ်ခုံသို့ တက်သွားသောကြောင့် ဖြစ်သည်။

## Saturn, Qualities of the Mount
### စနေဂြိုဟ်ခုံ၏ သဘောသဘာဝ

* စနေဂြိုဟ်ခုံသည် သာမန်ပုံစံဖြစ်နေလျှင် ⇨ ကဗျာဆန်ခြင်း၊ ဝမ်းနည်းပူဆွေးတတ်ခြင်း၊ နာမကျန်းဖြစ်ခြင်း၊ တစ်ဦးတည်း အထီးကျန်နေရသည်ကို နှစ်သက်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းတို့၌ ဝါသနာထုံခြင်း ရှိမည်။
* စနေဂြိုဟ်ခုံသည် သာမန်ထက်မြင့်မောက်နေလျှင် ⇨ စိတ်မရွှင်လန်းခြင်း၊ အကောင်းမမြင်ခြင်း၊ လူအများကို မုန်းတီးတတ်ခြင်း၊ နာကြည်းခြင်း ရှိ၏။
* စနေဂြိုဟ်ခုံသည် သာမန်ထက်နိမ့်နေလျှင် ⇨ တစ္ဆေသရဲနှင့် နာမ်လောကကို မယုံကြည်ခြင်း၊ လက်တွေ့ကျကျကိုမှ နှစ်သက်ခြင်း၊ ကျိုးကြောင်းမဲ့စွာ လျစ်လျူပြုတတ်ခြင်း၊ ပန်းချီပညာတွင် လက်တွေ့အဖြစ်မရှိခြင်း။

## Saturn, The Ring of
### စနေလက်စွပ်

'စနေလက်စွပ်'သည် လက်ခလယ်ရင်း စနေဂြိုဟ်ခုံကို ကွေ့ဝိုက်နေသော စက်ဝိုင်းခြမ်းသဏ္ဌာန် အမှတ်အသားဖြစ်သည်။ စနေလက်စွပ်သည် ခတွေ့ရခဲသည့် ရှားပါးသော အမှတ်အသားတစ်ခုဖြစ်သည်။ ကံမကောင်းသော အမှတ်သင်္ကေတဖြစ်သည်။ စနေလက်စွပ်ရှိသောသူသည် ဘဝတွင် တိုးတက်ကြီးပွားရန် လွန်စွာခဲယဉ်းလိမ့်မည် ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ကံကြမ္မာလမ်းကြောင်းသည် စနေလက်စွပ်နှင့် ထိစပ်နေပါက ကံကြမ္မာဆိုးနှင့် ဘဝကိုအဆုံးသတ်ရတတ်သည်။ စနေလက်စွပ်ရှိသူများသည် ခေါင်းမာသည့် လူထူးလူဆန်းများ ဖြစ်ကြသည်။ အပေါင်းအသင်းများကို ဘေးဖယ်ထားပြီး တစ်ယောက်တည်း နေတတ်ကြသူများဖြစ်၏။

**Cheiro**

ရှေးဟောင်းထုံးတမ်းစဉ်လာများအရ ၎င်း စနေလက်စွပ်ကို အပေါင်းအဖော်ချို့တဲ့သည့် အမှတ်အသားဟု ယူဆကြသည်။

တစ်ခါတစ်ရံတွင် ၎င်း အမှတ်အသားသည် လက်စွပ်ကဲ့သို့ အပြည့်အဝမရှိတတ်ဘဲ ဝန်းပြတ်အနေအထားမျိုးလည်းရှိတတ်ကြသည်။ စနေလက်စွပ်ပါရှိသူများသည် အထီးကျန်ဆန်စွာ နေထိုင်ရတတ်ခြင်း၊ အပေါင်းအဖော်များနှင့် ပျော်ရွှင်စွာနေထိုင်ရခြင်းကို မနှစ်ခြိုက်ခြင်း၊ သဝန်တိုစိတ်ရှိခြင်း၊ ရူးသွပ်ခြင်းများ ရှိတတ်မည်ဖြစ်သည်။

လက်ဝါးပြင်၌ စနေလက်စွပ်ပါရှိခြင်းသည် ဘဝအတွက် အတွေးအခေါ်ကောင်းများနှင့် တက်ကြွထက်မြက်သော စိတ်ဓာတ်ရေးရာများကို ယုတ်လျော့စေမည်ဖြစ်သည်။

## Scandal
## အတင်းအဖျင်းပြောခြင်း

အဖျက်လမ်းကြောင်းခေါ် ပယောဂလမ်းကြောင်းတစ်ခုသည် အောင်မြင်ရေးလမ်းကြောင်းကိုဖြတ်ပြီး ကျွန်းတစ်ခုတွင် အဆုံးသတ်နေပါက တိတ်တဆိတ် လျှို့ဝှက်စွာ အပြစ်ကို ကျူးလွန်ခြင်း၊ အသရေပျက်ခြင်းနှင့် အများ၏ အတင်းအဖျင်း အပြောခံရခြင်းတို့ကိုပြဆို၏။

## Scarlet Fever
## ပသိရောဂ် အပ်ပျဉ်ထပြီး အနည်းငယ် နေထိုင်မကောင်းဖြစ်ခြင်း

(၁) အသက်လမ်းကြောင်းပေါ်တွင် လေးထောင့်ကွက်ငယ် တစ်ခုရှိခြင်း၊
(၂) ထိုလေးထောင့်ကွက်ငယ်တွင် အထက်သို့ ထိုးတက်နေသည့် ကြက်ခြေရှိခြင်း။

## Scholar's Hand
## ပညာရှိလက်

(၁) ဉာဏ်စွမ်းလမ်းကြောင်း ကောင်းမွန်ခြင်း၊
(၂) တနင်္လာဂြိုဟ်ခုံ အားကောင်းခြင်း၊
(၃) ဝေဖန်နိုင်စွမ်းရှိသည့် လက်သည်းတိုခြင်းမျိုး ရှိခြင်း၊
(၄) လက်သန်းလက်ချောင်း၏ ပထမအဆစ်ရှည်ခြင်း၊
(၅) လက်ညှိုးလက်ချောင်းသည် အနေအထားကောင်းမွန်၍ သွယ်လျနေခြင်း။

## Science and Art Combined
## သိပ္ပံနှင့်ဝိဇ္ဇာပညာ ပေါင်းစပ်မှု

(၁) တနင်္ဂနွေဂြိုဟ်ခုံသည် ဗုဒ္ဓဟူးဂြိုဟ်ခုံဘက်သို့ ယိမ်းနေခြင်း၊
(၂) လက်ချောင်းများ၏ ဒုတိယအဆစ်ပေါ်လွင်ခြင်း၊
(၃) လက်ချောင်းထိပ်များ လေးထောင့်သဏ္ဌာန်ရှိခြင်း၊
(၄) တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် တြိဂံရှိခြင်း၊
(၅) အောင်မြင်ရေးလမ်းကြောင်းသည် လက်သူကြွယ်နှင့် လက်သန်းကြားတွင် အဆုံးသတ်နေခြင်း။

"မကြာခဏဆိုသလို တွေ့ရတတ်တာက အောင်မြင်ရေးလမ်းကြောင်းသည် နေရာသုံးခုတွင် အဆုံးသတ်တတ်ပြီး ဗုဒ္ဓဟူးဂြိုဟ်ခုံဘက်ကို ဦးတည်သွားတယ်။ တစ်ခုမှာ စနေဂြိုဟ်ခုံဘက်ကို ဦးတည်သွားတယ်" ဟု စိန့်-ဂျာမိန်း (Saint - Germain)ကဆို၏။

## Science, Success in
## သိပ္ပံပညာနှင့် လက္ခဏာဖတ် အတတ်ပညာ

အနောက်နိုင်ငံများတွင် လက္ခဏာပညာရပ်ကို ဦးဆောင်ဦးရွက်ပြုသူ အတော်များများသည် လက္ခဏာသရုပ်ခွဲ အတတ်ပညာ ပေါ်ပေါက်ဖြစ်ထွန်းစေရန်နှင့် သိပ္ပံနည်းကျ လက်တွေ့ခိုင်မာမှုရှိစေရန် ကြိုးပမ်းခဲ့ကြသည်။

သိပ္ပံနည်းကျ လက်သရုပ်ခွဲပညာပေါ်ပေါက်လာရန် ကြိုးပမ်းခဲ့ကြရာတွင် ၁၇-ရာစုအတွင်း ပေါ်ပေါက်ခဲ့သည့် ဆေးပညာရှင်နှစ်ဦးအနက် နေဟေမက် ဂရူး(Nehemiah Grew)သည် ၁၆၈၄ ခုနှစ်အတွင်း၌ လက်ဗွေပုံစံနှင့်ပတ်သက်သည့် သူ၏လေ့လာတွေ့ရှိချက်ကို ပြန်လည် သင်ကြားပေးခဲ့သည်။ နောက်တစ်ဦးဖြစ်သော ဂျင်ပါကင်ဂျီ (Jan Purkinje) သည် ၁၈၂၃ ခုနှစ်တွင် 'လက်ချောင်းဗွေပုံစံများ အကြောင်း'ကို စာတမ်းပြု၍ ထုတ်ဝေဖြန့်ချိခဲ့သည်။

Stanislas DArpen tigny (1798-1865) နှင့်Adolph Desbarrolles(1801-1865)တို့ကလည်း လက်များကို ၎င်းတို့တည်ရှိနေကြသည့် ပုံစံများအလိုက် အမျိုးအစားအမျိုးမျိုး ခွဲခြားနိုင်ကြောင်းကို ဖော်ထုတ်ခဲ့ကြသည်။

၁၉-ရာစုအတွင်းက ဆာဇိုနီ(Saxony)ဘုရင်၏ အတိုင်ပင်ခံ ဆေးသမားတစ်ဦးဖြစ်သူ ဒေါက်တာကာ(လ်) ကာရပ်(စ်)(Carl Carus)ကလည်း လက်ပုံစံများသည် ၎င်း

www.burmeseclassic.com

ပုဂ္ဂိုလ်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုယ်ရည်ကိုယ်သွေး အချက်အလက်များနှင့် ကိုက်ညီမှုရှိကြောင်းကို ဖော်ပြနိုင်ခဲ့သည်။

၁၈၈၄-ခုနှစ်အတွင်းတွင် ပြင်သစ် ရောဂါဗေဒ ပါမောက္ခတစ်ဦးဖြစ်သူ ဒေါက်တာအန် ဗစ်ချိဒ်(Dr. N-Vaschide)က လက်နှင့်ပတ်သက်သည့် စိတ်ပိုင်းဆိုင်ရာ ပညာရပ်စာတမ်းငယ်တစ်ခုကို ရေးသားဖြန့်ချိခဲ့သည်။

အထူးသဖြင့် ၁၉-ရာစု နှောင်းပိုင်းကာလများတွင် ဇီဝဗေဒဘာသာရပ်များ၊ စိတ်ပညာရပ်များ စသည်တို့ တိုးတက်လာသည်နှင့်အမျှ လက္ခဏာဖတ်အတတ်ပညာအား လေ့လာရန် တိုက်တွန်းနှိုးဆော်သည့် အခြေအနေများလည်း တိုးတက်ခဲ့လေသည်။

**Science, Success in**
**သိပ္ပံပညာတွင် အောင်မြင်ခြင်း**

(၁) လက်သန်းသည် လက်ခလယ်နီးပါးရှည်ခြင်း၊
(၂) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် တြိဂံအမှတ်အသားရှိခြင်း၊
(၃) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် အဖြူစက်များရှိခြင်း။

**သုတေသနဆိုင်ရာလုပ်ငန်းများအတွက် သင့်တော်သည့် အမှတ်လက္ခဏာများ**

(၁) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ဆေးပညာဆိုင်ရာ ထူးခြားမှုဂုဏ်အင်္ဂါ ပါရှိခြင်း၊
(၂) လက်များ သေးသွယ်ခြင်း၊
(၃) လက်ချောင်းများ ရှည်၍ အဆစ်များပေါ်လွင်နေခြင်း၊
(၄) စနေဂြိုဟ်ခုံသည် အနေအထားကောင်းပြီး ပေါ်လွင်ခြင်း။

**Scientific Genius**
**သိပ္ပံပညာဆိုင်ရာ ဉာဏ်ရည်ထက်မြက်သူ**

လက်သူကြွယ်၏အောက်ခြေတွင် အရေးအကြောင်းငယ်သုံးခု(ဆေးပညာဆိုင်ရာ ထူးခြားမှုဂုဏ်အင်္ဂါဟုလည်းခေါ်သည်) ပါရှိခြင်း။ ထိုအမှတ်လက္ခဏာများက သိပ္ပံနည်းကျသုတေသနပြုရန် ထက်သန်မှု၊ စိစစ်ပိုင်းခြားစိတ်နှင့် အသိဉာဏ်ပညာဆိုင်ရာ ထက်မြက်မှုတို့ကို ပြဆိုခြင်းဖြစ်၏။ ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် တြိဂံတစ်ခုရှိပြီး၊ ဉာဏ်စွမ်းလမ်းကြောင်းသည် ဗုဒ္ဓဟူးဂြိုဟ်ခုံနှင့် နီးစပ်မှုက သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းတွင် အောင်မြင်မည်ကို ပြဆို၏။

**Sculptor**
**ပန်းပုဆရာ (ပန်းပုထုသမား)**



**ပန်းပုဆရာတစ်ဦး၏လက်**

ပန်းပုဆရာတစ်ဦး၏လက်တွင် အောက်ပါ အမှတ်လက္ခဏာများကို တွေ့ရတတ်မည်ဖြစ်သည်။

(၁) လက်ချောင်းထိပ်များ လေးထောင့်သဏ္ဌာန်ရှိခြင်း၊
(၂) တနင်္ဂနွေဂြိုဟ်ခုံ ကျယ်ပြန့်ပေါ်လွင်ခြင်း၊
(၃) သောကြာဂြိုဟ်ခုံ အားကောင်းခြင်း၊
(၄) တနင်္လာဂြိုဟ်ခုံ အားကောင်းခြင်း၊
(၅) ဉာဏ်စွမ်းလမ်းကြောင်းသည် အောက်သို့ အနည်းငယ် စိုက်ဆင်းနေခြင်း၊
(၆) လက်များ ပျော့ပျောင်းနူးညံ့ခြင်း။

**Second Finger, Qualities of**
**လက်ခလယ်လက်ချောင်း၏သဘောသဘာဝများ**

လက်ခလယ်လက်ချောင်းသည်-

(၁) လွန်စွာတိုနေလျှင် ⇨ စိတ်အလိုလိုက်ခြင်း၊ ကာမဂုဏ် လိုက်စားခြင်း၊
(၂) လွန်စွာရှည်လွန်းနေလျှင် ⇨ နာမကျန်းဖြစ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာကို ပြင်းထန်စွာ ခံစားနေရတတ်ခြင်း၊

(၃) ကွေးကောက်နေလျှင် ⇨ သူသတ်သမားစိတ်မျိုးရှိခြင်း၊

(၄) အရွယ်အနေတော်ဖြစ်လျှင် ⇨ စဉ်းစားချိန်ဆနိုင်ခြင်း၊ ဆင်ခြင်တုံတရားနှင့် ပြည့်ဝခြင်း၊

(၅) လက်ညှိုးဘက်သို့ယိုင်နေလျှင် ⇨ ရုတ်တရက် စိတ်ရှူးပေါက်၍ ထင်ရာစိုင်းလုပ်တတ်ခြင်း၊

(၆) လက်သူကြွယ်ဘက်သို့ ယိုင်နေလျှင် ⇨ မကြာခဏ နာမကျန်းဖြစ်တတ်ခြင်း၊

(၇) လက်ညှိုးထက်ရှည်နေလျှင် ⇨ သာမန်မဟုတ်သည့် မိုက်မဲခြင်းမျိုးရှိခြင်း၊ စိတ်ထင်ရာ တစ်ရှူးထိုးပြုတတ်ခြင်း၊

(၈) လက်ညှိုးနှင့်အရှည်တူလျှင် ⇨ ရည်မှန်းချက် ကြီးမားခြင်း၊

(၉) လက်ညှိုးထက်တိုလျှင် ⇨ ရည်ရွယ်ချက်မကြီးမားခြင်း၊

(၁၀) လက်သူကြွယ်ထက်ရှည်လျှင် ⇨ အကြောင်းမဲ့စိတ်ကြီးဝင်တတ်ခြင်း၊

(၁၁) လက်သူကြွယ်နှင့် အရှည်တူလျှင် ⇨ ပင်ကိုက လောင်းကစားမှုတွင် နှစ်သက်သဘောကျတတ်ခြင်း၊

(၁၂) လက်သူကြွယ်ထက်တိုလျှင် ⇨ မိုက်ရူးရဲစိတ်ဖြင့် စမ်းသပ် လုပ်ကိုင်တတ်ခြင်း။

## Seers, Sages and Saints
### အကြားအမြင်ပညာရှိ သူတော်စင်လက္ခဏာ

(၁) ထိုးထွင်းသိမြင်လမ်းကြောင်း ပါရှိခြင်း၊

(၂) ဂမ္ဘီရကြက်ခြေ ပါရှိခြင်း၊

(၃) တနင်္လာဂြိုဟ်ခုံ မို့မောက်ခြင်း၊

(၄) လက်ချောင်းများ ချောမွေ့၍ ခပ်ချွန်ချွန်ရှိခြင်း၊

(၅) လက်အနေအထား လွန်စွာ ပါးလျားခြင်း၊

(၆) လက်သည်းများ ခပ်ချွန်းချွန်းရှိကြခြင်း။

## Self-Abuse
### စိတ်အလိုလိုက်၍ မှားတတ်ခြင်း

သောကြာခါးပတ်သည် ကြီးကောင်ဝင်စ လူငယ်လူရွယ်များအတွက် အန္တရာယ်ပေးနိုင်၏။

စိတ်ဟူသည် မကောင်းသည့်အလုပ်များကို စိတ်ကူးနေတတ်၏။ ဤစိတ်အခြေအနေကြောင့် တစ်ကိုယ်တည်းနေတတ်ကြသည်။ ထို့ကြောင့် ဤအရွယ်တွင် လူ့အဖွဲ့အစည်းထဲပါဝင်လာအောင်ဆောင်ရွက်ခြင်းဖြင့် မကောင်းသည့် အမူအကျင့်ကို ကုစားနိုင်ရန် လိုအပ်မည်ဖြစ်၏။

## Self-Confidence
### ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိခြင်း

ဦးခေါင်းလမ်းကြောင်း (ဝါ) ဉာဏ်စွမ်းလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့်ကွာဟ၍ အစပြုနေခြင်းဖြစ်ပါက မိမိကိုယ်ကို ယုံကြည်မှုရှိပြီး တစ်ပါးသူ၏ အကြံဉာဏ်ကို အလေးမထားဘဲ ရှိတတ်ခြင်းကို ပြဆိုနေခြင်းဖြစ်၏။

## Self-Contained Individual
### အခြားသူများ၏ အကူအညီကိုမယူဘဲ မိမိဘာသာ လုပ်ကိုင်လေ့ရှိသူ

လက်ချောင်းများသည် တစ်ချောင်းနှင့်တစ်ချောင်း နီးကပ်စွာရှိကြလျှင် မိမိဘာသာ ကြံဆလုပ်ကိုင်တတ်သူဖြစ်၏။ သတိကြီးစွာထားပြီး နေလေ့ရှိသော်လည်း အားကိုးယုံကြည်ထိုက်သူ ဖြစ်၏။

## Self-Importance
### "ငါမှငါ" လုပ်တတ်မှု

လက်ဝါးပြင်သည် အပေါ်သို့ ခပ်မောက်မောက်ဖြစ်နေပြီး၊ လက်ချောင်းများသည် တစ်ခုနှင့်တစ်ခု နီးကပ်နေကာ လက်ချောင်းရင်းတွင် လက်ကြားယိုပေါက်များရှိခြင်း။

## Selfishness, Excessive
### အတ္တလွန်ကဲသူ

(၁) လက်များထူထဲပြီး ပျော့အိနေခြင်း၊

(၂) မေတ္တာလမ်းကြောင်း မပါခြင်း၊

(၃) သောကြာဂြိုဟ်ခုံနှင့်တနင်္လာဂြိုဟ်ခုံတို့ ကျယ်ပြန့်ခြင်း၊

(၄) လက်ချောင်းများ တို၍ ချောမွေ့နေခြင်း၊

(၅) လက်ချောင်းတတိယအဆစ်များ ထူထဲခြင်း၊

(၆) လက်ဝါးပြင်အရေးအကြောင်းများ အရောင်ဖျော့ခြင်း။

## Self-Made Man
### ကြိုးစားမှုဖြင့်အောင်မြင်လာသူ

(၁) ကံလမ်းကြောင်းမှ ခွဲထွက်လမ်းကြောင်းများသည် တနင်္ဂနွေဂြိုဟ်ခုံ သို့မဟုတ် ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် အဆုံးသတ်နေခြင်း၊

(၂) ကံလမ်းကြောင်းနှင့် အောင်မြင်ရေးလမ်းကြောင်းတို့သည် တြိဂံနယ်မြေအတွင်းမှ အစပြုခြင်း၊

(၃) လက်မ၏ပထမအဆစ် ရှည်ခြင်း၊

(၄) တနင်္ဂနွေဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံတို့ ပေါ်လွင်ခြင်း၊


www.burmeseclassic.com

www.burmeseclassic.com

(၅) ဉာဏ်စွမ်းလမ်းကြောင်း ကောင်းမွန်၍ ဖြောင့်တန်းနေခြင်း၊

(၆) အင်္ဂါဂြိုဟ်ခုံများ ထင်ရှားကြခြင်း။

## Self-Projection

### အလိုလိုသိမြင်မှု

အင်္ဂါ(အမ)ဂြိုဟ်ခုံပေါ်တွင် စကြာ(Whorl) ပုံတစ်ခုရှိခြင်းသည် မကြိုးပမ်းရဘဲ အခြားသူများ၏အကြံကို သိနိုင်စွမ်းရှိ၏။

## Self-Reform

### ကိုယ့်ကိုယ်ကိုယ် ပြုပြင်ခြင်း

လက္ခဏာပညာရပ်တွင် အလှအပဆုံးသော တန်ဘိုးကြီးလှသည့်အရာမှာ လူတစ်ယောက်အနေဖြင့် မိမိရင်ဆိုင်ရမည့်ကံကြမ္မာကို ကြိုတင်သိမြင်နိုင်ပြီး ပြင်ဆင်ခွင့်ရခြင်းပင်ဖြစ်ပေသည်။

## Sensitiveness

### အကင်းပါးခြင်း (ဝါ) စိတ်အာရုံစူးစိုက်လွယ်ခြင်း

လက်သည်းများ ခပ်ချွန်းချွန်းရှိကြခြင်း။

## Sensitiveness to Criticism

### အများအမှန်ကို ထေန့်မှုခံနိုင်သူ

(၁) သောကြာဂြိုဟ်ခုံပေါ်တွင် အဖြတ်လမ်းကြောင်း (ဝါ) သောကလမ်းကြောင်း များစွာရှိနေခြင်း၊

(၂) တနင်္ဂနွေဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံတို့ ကျယ်ပြန့်ခြင်း၊

(၃) အသက်လမ်းကြောင်းနှင့် ဉာဏ်စွမ်းလမ်းကြောင်းတို့ အစပြုရာတွင် အတော်အတန်ကွာဝေးသည်အထိ ပူးနေခြင်း၊

(၄) လက်သည်းများ ခပ်ချွန်းချွန်းရှိကြခြင်း၊

(၅) လက်ခလယ်၏လက်သည်းများ တိုနေခြင်း။

## Sensuality

### ကာမဂုဏ်အာရုံလိုက်စားမှု

စည်းကမ်းမဲ့ ကာမဂုဏ်အာရုံလိုက်စားမှုကို တနင်္လာဂြိုဟ်ခုံဘက်သို့ယိမ်းယိုင်နေသည့် သောကြာဂြိုဟ်ခုံကပြဆို၏။

သောကြာခါးပတ်အဖြစ် ထင်ရှားသည့် စက်ဝိုင်းခြမ်းသဏ္ဍာန်အရေးအကြောင်းသည် ရုပ်ပိုင်းဆိုင်ရာ ကာမဂုဏ်ခံစားမှုဘက်သို့ ပိုတတ်သည်ကိုပြ၏။ သို့သော် ၎င်းသည် ကာမဂုဏ်အာရုံကို ပြင်းပြင်းထန်ထန် လိုက်စားမှုကိုချည်း အမြဲပြသသည့် အမှတ်လက္ခဏာတစ်ခုတော့ မဟုတ်ချေ။

ကာယကံရှင်သည် ရုပ်ပိုင်းအာရုံကြောများ နိုးကြွစေရန် အစားကျူးခြင်းနှင့် ဆိုးပေတေခြင်းတို့ကို ပြုတတ်ကြ၏။

## Sign of Death

### သေဆုံးခြင်း၏အမှတ်လက္ခဏာ

လက်သည်းများပေါ်တွင် အဝါရောင်အစက်များရှိခြင်းက သေဆုံးနိုင်ခြင်းကိုပြသည့် ကြီးမားသောအမှတ်လက္ခဏာတစ်ခုဖြစ်၏။


**Milton**

## Sister Life-Line

### အရန်အသက်လမ်းကြောင်း

အချို့သော လက်များတွင် အသက်လမ်းကြောင်းနှစ်ခုပါရှိတတ်၏။ ဤအမှတ်လက္ခဏာရှင်သည် ဆုံးရှုံးပြီးသည့် စွမ်းအင်များကို ပြန်လည်ရရှိစေနိုင်စွမ်းရှိ၍ အသက်လမ်းကြောင်း၏ အင်အားကို အထောက်အကူဖြစ်စေ၏။

## Sister Lines အရန်လမ်းကြောင်းများ




အဓိကလမ်းကြောင်းတစ်ခုကို အရန်လမ်းကြောင်းတစ်ခုက ယှဉ်၍ ကာရံထားခြင်းဖြစ်၏။ အဓိကလမ်းကြောင်းတစ်စုံတစ်ရာကျိုးပျက်မှုကို အဆိုပါ အရန်လမ်းကြောင်းက အထောက်အပံ့ပြုနိုင်၏။

(ဆက်ရန်)

ဆရာဦးစန့်ကျော်

❐



www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်ရက်သားသမီးများအတွက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



## တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများရှိနေသဖြင့် ထင်ပေါ်ကျော်ကြားမည်။ အများခေါင်းဆောင်အဖြစ် တာဝန်ယူရတတ်၏။သြဇာရှိမည်။ လုပ်ငန်းများ အောင်မြင်မည်။ မိမိလုပ်ငန်းကို ကိုယ်ဖိရင်ဖိ မကြပ်မတ်နိုင်သဖြင့် လက်အောက်ငယ်သားများ ဖျက်ဆီးမည်။ လူယုံ ဒုက္ခပေးမည်။ ခရီးများသဖြင့် မအားမလပ်ရှိမည်။ ကြာသပတေးနံ ဝင်ကိန်းရှိ၏။ အင်္ဂါနံ ထွက်ကိန်းရှိ၏။ အစွပ်စွဲခံရတတ်၏။ လုပ်ငန်းများ တိုးချဲ့ရန် မသင့်သေးပါ။ ဝန်ထမ်းများ အပြောင်းအရွှေ့ရှိမည်။

ယတြာ - ဘုရားရောင်တော် ဖွင့်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - နှစ်ဦးပိုင် ဖြစ်တတ်၏။


(ဂ) **ကျန်းမာရေး** - ဦးခေါင်းပိုင်းဆိုင်ရာတွင် ဥပဒ်ရှိ၏။

ယတြာ - တံတားခင်းပါ။

(ဃ) အကျိုးပြုလုပ်ငန်း - ကြာသပတေးနံသင့်လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း - (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့သည် ညံ့၏။

***မှတ်ချက်။*** အနီးကပ်နာမည်ဖျက်သူ သတိထားပါ။



## တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာနနှစ်ပါးစလုံးတွင် ကောင်းအားများရှိသဖြင့် မင်းအစိုးရနှင့် အကျွမ်းဝင်မည်။ ခရီးသွားလာရေးလုပ်ငန်း များမည်။ လုပ်ငန်းအသစ်များအတွက် ရင်းနှီးမြှုပ်နှံခွင့် ကြုံမည်။ ပြည်ပအကူအညီရမည်။ မိမိပိုင်မြေအတွက် အငြင်းပွားမှုရှိမည်။ စီးပွားလုပ်ငန်း ပုံမှန်ရှိမည်။ သူတစ်ပါးအတွက် ငွေကြေးနှင့် တာဝန်ခံမှု၊ အာမခံမှုရှောင်ပါ။ ဝန်ထမ်းများ အထက်နှင့်အောက် ယုံကြည်မှုကင်းတတ်၏။

ယတြာ - ထုံးသင်္ကန်း ကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - မသင့်မတင့်ရှိ၏။

(ဂ) **ကျန်းမာရေး** - မျက်လုံးတွင် ဥပဒ်ရှိ၏။

ယတြာ - ကြာသပတေးနံသင့် ပန်း၊ မုန့်၊ ပစ္စည်း ဘုရား လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၇)ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၁)ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

***မှတ်ချက်။*** နာယကဂုဏ်ခြောက်ပါးကို အလေးဂရုပြုပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများရှိသဖြင့် ဘုန်းသမ္ဘာထွန်းတောက်လျက် အများ၏ အားကိုးရာဖြစ်မည်။ သြဇာရှိမည်။ ဘဝင် လေမဟပ်မိစေဖို့ ဂရုပြုပါ။ အတတ်ပညာတစ်ခုခု၊ လုပ်ငန်းသစ်တစ်ခုခု အမှတ်မထင်ရမည်။ အားကိုးထိုက်သော မိတ်ဆွေကောင်း တွေ့မည်။ အခြေချမည့် နေရာကောင်းများ တွေ့မည်။ ခရီးဝေးသွားလာမှုဆင်ခြင်ပါ။ အန္တရာယ်ရှိ၏။ ပြည်ပကိစ္စ ငုပ်နေ၏။ ဝန်ထမ်းများ ရာထူးတက်ရေးအတွက် အမှတ်ကောင်း ရမည်။

**ယတြာ** - စနေနံသင့် ပန်း၊ မုန့်၊ ပစ္စည်းလှူဒါန်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - အထင်မှားတတ်၏။

(ဂ) **ကျန်းမာရေး** - လေဖြတ်၊ လေငန်း ဖြစ်တတ်၏။


**ယတြာ** - ကြံ၊ ကြံရည် ဘုရားကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၆)ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

***မှတ်ချက်။*** မိသားစု၏ အကြံဉာဏ်ပေးမှုကို လက်ခံပါ။

## ဗုဒ္ဓဟူးသားသမီးများ



(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ဆိုးအားများနှင့် ကြုံနေ၏။ လုပ်ငန်းအကြံအစည်များ နှောင့်နှေးတတ်၏။ စာရိတ္တ ပျက်တတ်၏။ လုပ်ငန်းအပြိုင်များ ပေါ်ပေါက်တတ်၏။ စနေနံ သားသမီးများ ကူညီမည်။ မဟုတ်သတင်းများ ထွက်ပေါ်မည်။ သစ်လုပ်ငန်းကြောင့် သောကရှိ၏။ ထိပေါက်တတ်၍ 'ဉ' အစ 'ဉ' အဆုံး ကံစမ်းပါ။ ဆွေမျိုး သောကရှိ၏။ ဝန်ထမ်းများ အထက်လူကြီး၏ ငြိုငြင်မှုခံရတတ်၏။

**ယတြာ** - မွေးနေ့တွင် ဥပုသ်စောင့်တည်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်မည်။


(ဂ) **ကျန်းမာရေး** - သွေး၊ အဆီပိတ် သင့်တတ်၏။

**ယတြာ** - ဘုရားတွင် သစ်သီးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၇)ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

***မှတ်ချက်။*** စိတ်ထင်ရာ တစ်ရှူးထိုး မလုပ်ပါနှင့်။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ဆိုးအားများရှိ၏။ နာမည်ပျက်တတ်၏။ စီးပွားရေးလုပ်ငန်း ကုန်တံဆိပ်နှင့်ပတ်သက်၍ နာမည်ပျက်တတ်၏။ ကုန်တံဆိပ်အတုများကြောင့် လုပ်ငန်းမှာ သောကရှိ၏။ ပြဿနာ အမှုဟောင်းများ ပေါ်တတ်၏။ လက်ရှိလုပ်ငန်းများ တိုးတက်မှု ရပ်တန့်နေ၏။ ဆရာသမား၊ ပညာရှင် တစ်ဦးဦး၏ အကြံပေးမှုကြောင့် အကျပ်အတည်း လွန်မြောက်မည်။ တနင်္လာနံ သားသမီးများအတွက် သောကရှိမည်။ ဝန်ထမ်းများ အထက်လူကြီး အထင်မှားအောင် ချောက်တွန်းခံရတတ်၏။

**ယတြာ** - ဘုရားပလ္လင်တော်တွင် ရွှေသင်္ကန်းကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - မသင့်မတင့်ရှိ၏။

(ဂ) **ကျန်းမာရေး** - ယာဉ်မတော်တဆမှု ဖြစ်တတ်၏။

**ယတြာ** - ရုက္ခစိုးကို သစ်သီးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။


(င) **အကျိုးပေးဂဏန်း** - (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၂)ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

***မှတ်ချက်။*** ပတ်ဝန်းကျင်ကို လေးစားပါ။

www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ကြုံနေသဖြင့် လက်ဖျားငွေသီးသော ကာလဖြစ်၏။ စည်းမဲ့ကမ်းမဲ့ သုံးဖြုန်းခြင်းကြောင့် ဒုက္ခတွေ့တတ်၏။ လူလိမ် လူညာများ ဂရုပြုပါ။ ပြည်ပလုပ်ငန်းများ ပြန်လည်အသက်ဝင်လာမည်။ ရေကြောင်းဆိုင်ရာ ကိစ္စများနှင့် အကျိုးပြုမည်။ ဆွေမျိုးသောကရှိ၏။ ဝန်ထမ်းများ မသန့်ရှင်းသော လာဘ်လာဘကို ရှောင်ပါ။

ယတြာ - ထီးလှူပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - အစာ အဆိပ်သင့်တတ်၏။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၇)ဂဏန်းနှင့် စနေနေ့ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

**မှတ်ချက်။** မိမိဘဝကို မိမိဆင်ခြင် သုံးသပ်ပါ။

## စနေသားသမီးများ



(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် အမြင့်ဆုံး ဆိုးအားများ ကြုံနေသဖြင့် အမှုအခင်း ဖြစ်တတ်၏။ လုပ်ငန်းများ ရပ်ဆိုင်းနေတတ်၏။ မိတ်ဆွေများ သစ္စာဖောက်တတ်၏။ အမွေကိစ္စ စကားပြောရတတ်၏။ ဆွေမျိုးများထံမှ အကူအညီကောင်း ရတတ်၏။ သူတစ်ပါးကိစ္စ အာမခံမှုကြောင့် သောကရှိ၏။ သူခိုး သူဝှက် ရန်ရှိ၏။ ပစ္စည်းပျောက်တတ်၏။ ဝန်ထမ်းများ အလုပ်ပြုတ်တတ်၏။

ယတြာ - အများနှင့်စပ်တူ ကုသိုလ်ကောင်းမှုပြုပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - ညံ့၏။

(ဂ) **ကျန်းမာရေး** - ဆေးမှားတတ်၏။

ယတြာ - တံတားတည်ဆောက်ပါ။ တံတားခင်းပါ။ ညောင်ထောက်ပါ.

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၇) ဂဏန်းနှင့် စနေနေ့တို့ အကျိုးပြု၍ (၅)ဂဏန်းနှင့် ကြာသပတေးနေ့တို့ ညံ့၏။

**မှတ်ချက်။** အရာရာ သတိနှင့်ပညာ တွဲဖက်လျက် သုံးသပ်ပါ။


**မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။**

**ဦးညွန့်လှိုင် (ကြို့ပင်ကောက်)**

**တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊**

**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၄၀၀၉၃၃**

**နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ**

**[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။**

**ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ**

**လက်ခံဆောင်ရွက်ပါသည်။]**

*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊*

*ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်*

*ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။*




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ရာသီခွင်နှင့် ဖေဖော်ဝါရီလ ဟောကိန်းများ

ဆရာဦးခန့်ကျော် (အသိစေနဲ့ချမ်းမြေ့ပြုပညာရှင်)



## CAPRICORN
## မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

မကာရရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းတွင် အများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းမျိုးကို ရှောင်ပြီး ကိုယ်ပိုင်ဦးဆောင်လုပ်ကိုင်ရသော လုပ်ငန်းမျိုးဖြင့်သာ အကျိုးပေး ထက်သန်မှု ရှိမည်။ ယခုကာလအတွင်း အရာရာတို့အပေါ် စေတနာ၊ မေတ္တာ ပိုမိုထားပေးခြင်းဖြင့် တူညီသောတုံ့ပြန်မှုကို အပြည့်အဝ ပြန်လည်ရရှိ ခံစားရတတ်မည်။ ဝန်ထမ်းဖြစ်ပါက အပြောင်းအလဲ၊ အပြောင်းရွှေ့နှင့် ခရီးများရှိမည်။ လူချစ်လူခင် ပေါ်များမည်။ အများ၏ ယုံကြည်အားထားမှုကို ခံရမည်။ သို့သော် ယခုကာလအတွင်း အဖိုးတန်ပစ္စည်းများ မေ့ကျန်ရစ်တတ်ခြင်း၊ အနိုက်ခံ၊ အလုခံ၊ အလိမ်ခံရတတ်ခြင်းများကို သတိထားပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အတူနေ သက်ကြီးရွယ်အိုတို့၏ ကျန်းမာရေးအတွက် စိုးရိမ်ရမှုများ ရှိမည်။ ငယ်ရွယ်သူများ မိမိချစ်သူနှင့် အိမ်ထောင်ကျတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အနည်းငယ် ညှံ့နေမည်။ နှလုံးဆိုင်ရာ၊ အာရုံကြောဆိုင်ရာဝေဒနာများ ခံစားရတတ်မည်။ အအေးမခံပါနှင့်။ မိမိခန္ဓာကိုယ်ကို အပူ၊ အအေး မညီမျှသည့်ပုံစံမျိုး မနေပါနှင့်။ အပန်းဖြေခရီးထွက်ခြင်း၊ အနားယူခြင်းများကို ပြုပေးသင့်သည်။ ထီထိုးမည်ဆိုပါက (၁၊ ၂၊ ၄၊ ၇) ဂဏန်းများဖြင့် ထီထိုး၊ ကံစမ်းပါ။



## AQUARIUS
## ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ကုမ်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း ငွေကြေးကိစ္စများ အဆင်ပြေမည်။ မည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ လုပ်ငန်းတူပြိုင်ဘက်ထက် တစ်လှမ်းသာနေလိမ့်မည်။ အထူးသဖြင့် ရေခြားမြေခြားနှင့် ကူးသန်းရောင်းဝယ်လုပ်ကိုင်ရသော လုပ်ငန်း၊ ပြည်ပတွင် သွားရောက်လုပ်ကိုင်ရသော လုပ်ငန်းမျိုးများဖြင့် အကျိုးပေး ထက်သန်မှုရှိမည်။ စာပေလုပ်သားဖြစ်ပါက အောင်မြင်မှုရရှိမည်။ ပညာအမွေအနှစ်များလည်း ရတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစု အေးချမ်းသာယာ ပျော်ရွှင်မှုရှိသော ကာလဖြစ်မည်။ ချစ်သူမရှိသေးသူများ ချစ်သူတွေ့ရတတ်မည်။ ချစ်သူရှိပြီးသူများအနေဖြင့် စေ့စပ်ကြောင်းလမ်းရခြင်း၊ လက်ထပ်ရခြင်းများ ရှိမည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးကံ ကောင်းမည်။ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်းများလည်း ခံရမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီးကျင်ခြင်း၊ ဆီးကိုက်ခြင်းနှင့် ကျောက်ကပ်ဆိုင်ရာဝေဒနာများ ဖြစ်ပေါ် ခံစားရတတ်မည်။ အပူအစပ်များကို ရှောင်ပါ။ ကုမ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၆၊ ၀၊ ၃၊ ၅)ဂဏန်းများဖြင့် ထီထိုး၊ ကံစမ်းနိုင်ပါသည်။ ဤကာလအတွင်း အစစအရာရာ အဆင်ပြေစေရန်အတွက် ဥဿဖရား သို့မဟုတ် ကျောက်စိမ်းဖြတ်စလေးကို ဝတ်ဆင်ခြင်း၊ ဆောင်ထားခြင်း ပြုပေးပါ။



## PISCES
## မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းတွင် မျှော်မှန်းထားသလောက် ဖြစ်မလာနိုင်သေးသော်လည်း စီးပွားဝင်ငွေမှာ ပုံမှန်ရှိနေလိမ့်မည်။ လုပ်ငန်းအစ်ခုတွင် ရှယ်ယာထည့်ဝင်ခြင်း၊ စီးပွားစက်တူ လုပ်ကိုင်ခြင်းကိစ္စများကို သတိထားဆုံးဖြတ် လုပ်ကိုင်သင့်သည်။ ဆုံးဖြတ်ချက် မှားယွင်းမှုကြောင့် စိတ်ညစ်ရတတ်မည်။ ရပ်ဝေးနေဆွေမျိုးများနှင့်ပတ်သက်၍ သတင်းကောင်းများ၊ မင်္ဂလာသတင်းများ ကြားရလိမ့်မည်။ အိမ်တွင်းရေး သာယာမည်။ ငယ်ရွယ်သူဖြစ်ပါက အချစ်ရေးတွင် ကြားလူပယောဂကြောင့် တစ်ဦးနှင့်တစ်ဦး သံသယများ ဝင်နေတတ်မည်။ ဝန်ထမ်းဖြစ်ပါက မနာလိုသူများ၏ သွားပုပ်လေလွင့်စကားများ၊ ရှုတ်ချစကားများ အပြောခံရတတ်မည်။ သည်းခံစိတ် မွေးပေးပါ။

www.burmeseclassic.com

ကျန်းမာရေးနှင့်ပတ်သက်၍ ပခုံး၊ ရင်ဘတ်၊ လက်မောင်းတို့တွင် မတော်တဆ ထိခိုက်အနာတရ သွေးထွက်သံယို ဖြစ်တတ်ခြင်း၊ အဆုတ်ပြွန်ရောင်ခြင်းများ ဖြစ်တတ်သည်။ သင်သည် ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၆၊ ဝ၊ ၂၊ ၉)ဂဏန်းများပါသော ထီကိုထိုးပါ။ ယခုကာလအတွင်း ဆင်စွယ်ရောင်၊ အဖြူရောင် အဝတ်အစားများကို ဝတ်ဆင်ခြင်း၊ ပုလဲကို ဝတ်ဆင်ခြင်း၊ ဆောင်ထားခြင်း ပြုပေးပါ။



## ARIES
## မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

မိဿရာသီဖွားများ အနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အကြံအစည်များကို စတင်အကောင်အထည်ဖော်နိုင်လိမ့်မည်။ အကူအညီပေးမည့်သူများလည်း အလိုလိုပေါ်ပေါက်တတ်မည်။ လူမျိုးကွဲ ဘာသာခြားသူများနှင့် အထူးအကျိုးပေးတတ်မည်။ ဆုံးပြီဟုထင်ထားသော ငွေကြေးများ မမျှော်လင့်ဘဲ ပြန်လည်ရရှိနိုင်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်တတ်မည်။ အရေးကြီးသော စာရွက်စာတမ်းများ ပျောက်ရှခြင်း၊ အချင်းချင်း သံသယ ဖြစ်တတ်ခြင်းများလည်း ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးအတွက်နှင့် လင်မယားချင်း ရန်ဖြစ်ရတတ်မည်။ စိတ်ရှည် သည်းခံစိတ်မွေးပါ။ သို့မဟုတ်ပါက အိမ်ထောင်ရေး တကွဲတပြားဖြစ်တတ်မည်ကို သတိထားပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိတို့တွင် ဝေဒနာများ ဖြစ်ပေါ်တတ်မည်။ ခွဲစိတ်ကုသခံရမှုရှိမည်။ ယေျှဆယ်သူများ အချစ်ရေးတွင် ကံကောင်းနေလိမ့်မည်။ ချစ်သူ၏ ဂရုစိုက်မှုကို ပိုမိုရရှိလိမ့်မည်။ သို့သော် မိမိဘက်မှ ချစ်သူအပေါ် ပြန်လည်၍ သစ္စာရှိနိုင်ရန် သတိထား စောင့်ထိန်းပါ။ ထီထိုးမည်ဆိုပါက (၃၊ ၁၊ ဝ၊ ၈) ဂဏန်းများပါသော ထီကို ထိုးပါ။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ပြိဿရာသီဖွားများ အနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှယ်ယာထည့်ဝင်လုပ်ကိုင်ထားသော လုပ်ငန်းမှ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်တတ်မည်။ ကား သို့မဟုတ် အိမ်အရောင်းအဝယ်ကိစ္စများ ယခုလ၏ တတိယပတ်အတွင်း အဆင်ပြေလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မထင်မှတ်သော အလှူအတန်း ကုသိုလ်ပြုရတတ်ခြင်း၊ မင်္ဂလာကိစ္စများ ကျင်းပရခြင်းရှိမည်။ သားသမီးများ တိုးပွားတတ်မည်။ ယေျှဆယ်သူများအနေဖြင့် အချစ်ရေးကိစ္စကြောင့် စိတ်ညစ်ရတတ်မည်။ ချစ်သူနှင့် အနေဝေးရခြင်း၊ လမ်းခွဲရခြင်းများ ဖြစ်တတ်မည်။ အလုပ်အကိုင် ရှာဖွေသူများ မိမိနှင့်သင့်တော်မည့် အလုပ်အကိုင်ရလိမ့်မည်။ ပညာရေးနှင့်ပတ်သက်၍ ကံကောင်းခြင်း၊ မိမိဆန္ဒအတိုင်းဖြစ်မြောက်ခြင်း ရှိမည်။ ဆရာသမားကောင်းများနှင့် တွေ့ရတတ်သည်။ ကျန်းမာရေးမှာ မတော်တဆ ထိခိုက်အနာတရ ဖြစ်တတ်ခြင်း၊ ဆေးရုံဆေးခန်းရောက်ရတတ်ခြင်း ရှိမည်။ အချိန်အခါမဟုတ် ခရီးသွားလာခြင်း၊ မြင့်သောနေရာ၊ အစွန်အဖျားနေရာများကို သွားခြင်း၊ စက်ခြင်းများကို ရှောင်ပါ။ ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (ဝ၊ ၂၊ ၇၊ ၆)ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်သည်။



## GEMINI
## မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

မေထုန်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း ပြည်ပနေဆွေမျိုးများ ပြန်လည်ရောက်လာနိုင်မည်။ ကိုယ်တိုင်လည်း ပြည်ပခရီးသွားရန် အကြောင်းကိစ္စများ ပေါ်ပေါက်တတ်မည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လက်ရှိလုပ်ငန်းမှ ပြောင်းလဲလုပ်ကိုင်ခြင်း၊ နေရာထိုင်ခင်း ပြောင်းလဲခြင်းများရှိမည်။ စီးပွားပြိုင်ဘက်များကြောင့် ဝင်ငွေသိသိသာသာလျော့နည်းသွားသော်လည်း ခေတ္တသာဖြစ်လိမ့်မည်။ ဇွဲရှိဖို့လိုသည်။ ချစ်၍ဖြစ်စေ၊ မုန်း၍ဖြစ်စေ ဆေးခပ်ခံရတတ်သည်ကို သတိထားပါ။ သူတစ်ပါးပေးသည့် ကျွေးသည်များကို အလွယ်တကူစားသောက်ခြင်းမျိုး မပြုပါနှင့်။ လူတိုင်းအပေါ် ယုံကြည်စိတ်မထားပါနှင့်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်၏ အထင်အမြင်လွဲမှားခြင်းကို ခံရတတ်မည်။ အသွားအလာ၊ အနေအထိုင် ဆင်ခြင်ပါ။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ ဝင်ငွေတိုးခြင်း၊ ချေးငွေရရှိခြင်း ရှိတတ်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးကံညံ့မည်။ မိမိရည်ရွယ်ထားချက်များ ပြောင်းလဲသွားရလိမ့်မည်။ ကျန်းမာရေးမှာ အရေပြားဆိုင်ရာဝေဒနာများ၊ အဖုအကျိတ်ထွက်ခြင်းများ ဖြစ်တတ်မည်။ ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၃၊ ၈၊ ဝ၊ ၂) ဂဏန်းများပါသော ထီကို ထိုးပါ။

www.burmeseclassic.com



## CANCER
## ကရကင့်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

ကရကင့်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း အိုး၊ အိမ်၊ ခြံ၊ မြေကို အမွေအနှစ်အဖြစ် ရရှိခြင်း၊ ငွေကြေးကိစ္စများ အဆင်ပြေပြီး စီးပွားရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ခြင်းရှိမည်။ အဖိုးတန်ပစ္စည်း သို့မဟုတ် ငွေကြေး တစ်ပါးသူ တစ်ဦးအား ခေတ္တအပ်နှံထားခြင်း၊ ချေးငှားလိုက်ခြင်းမျိုးကို ရှောင်ပါ။ ၎င်းကိစ္စနှင့် ပတ်သက်၍ ပြဿနာပေါ်ပေါက်ခြင်း၊ အမှုအခင်း ဖြစ်တတ်ခြင်းများရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် ခွဲခွာနေရမှုမှ အတူတကွပြန်လည်နေရတတ်မည်။ မမျှော်လင့်ဘဲ မိသားတစ်စုလုံး ဘုရားဖူးခရီးများလည်း ထွက်ရလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိလုပ်ငန်းမှ ပြောင်းလဲလုပ်ကိုင်ရမှုများရှိမည်။ အထက်လူကြီးများထံမှ အကူအညီပေးမှုများကို ရရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် ပြဿနာရှုပ်ထွေးမှုများရှိမည်။ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စကို ရက်ရွှေ့ဆိုင်းရခြင်း သို့မဟုတ် ဖျက်သိမ်းရခြင်းများ ဖြစ်တတ်မည်။ ပညာရေးတွင် ကြိုးစားလျှင် ကြိုးစားသလောက် အောင်မြင်မှုရရှိမည်။ ဆရာကောင်းများနှင့် ဆုံတွေ့ရမည်။ ကျန်းမာရေးမှာ မကြာခဏ ဗိုက်အောင့်တတ်မည်။ ချောင်းဆိုး၊ ရင်ကျပ်ဝေဒနာများ ဖြစ်ပေါ်တတ်မည်ကို အထူးသတိထားပါ။ ယခုကာလအတွင်း ထီထိုးမည်ဆိုပါက (၄၊ ၀၊ ၉၊ ၇) ဂဏန်းများဖြင့် ထီထိုးနိုင်သည်။



## LEO
## သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လမွေး)

သိဟ်ရာသီဖွားများအနေဖြင့် ဤကာလအတွင်း မိမိလုပ်ကိုင်နေသော လုပ်ငန်းတစ်ခုမှ မမျှော်လင့်ဘဲ အဆင်ပြေအောင်မြင်မှု ရရှိလိမ့်မည်။ လိင်မတူသူတို့ထံမှ အကူအညီပေးမှုကို ရရှိလိမ့်မည်။ စီးပွားရေးလုပ်ငန်းတွင် အပြိုင်အဆိုင်များ ပေါ်ပေါက်ခြင်း၊ လုပ်ငန်းတူသူများ၏ မနာလိုခြင်း၊ အမုန်းပွားခြင်းများရှိမည်။ အိမ်ထောင်ရှင်ဖြစ်က အိမ်ထောင်ရေး သာယာမည်။ မိသားစု အလှူအတန်းများ ထူးထူးခြားခြားပြုရတတ်မည်။ ရပ်ဝေးနေ ဆွေမျိုးများလည်း ရောက်ရှိလာတတ်မည်။ အချစ်ရေးနှင့်ပတ်သက်၍ လူပျိုကြီး၊ အပျိုကြီးများ စုံလိမ့်မည်။ မိမိချစ်ဦးသူနှင့် လက်ထပ်ရလိမ့်မည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးကံကောင်းမည်။ သို့သော် ကျောင်းအပြောင်းအရွှေ့များ ပေါ်ပေါက်တတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခန္ဓာကိုယ်အောက်ပိုင်း လေးလံခြင်း၊ ကိုက်ခဲခြင်း ဖြစ်တတ်မည်။ လေဖျန်းတတ်မည်။ နွေးနွေးထွေးထွေး နေခြင်း၊ ပူနွေးသော အစားအစာများကို စားသုံးပေးခြင်း ပြုသင့်သည်။ သိဟ်ရာသီဖွားများအနေဖြင့် ထီထိုးမည် ဆိုပါက (၀၊ ၁၊ ၃၊ ၉)ဂဏန်းများဖြင့် ထိုးပါ။ ယခုကာလအတွင်း အစစ အရာရာ အဆင်ပြေ အောင်မြင်မှုများရရှိစေရန်အတွက် ပတ္တမြား သို့မဟုတ် အနီရောင်ကျောက်ကို ဝတ်ဆင်ခြင်း၊ ဆောင်ထားခြင်း ပြုသင့်သည်။



## VIRGO
## ကန်ရာသီ

(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

ယခုကာလအတွင်း ကန်ရာသီဖွားများ အနေဖြင့် အဓိက စီးပွားရေးလုပ်ငန်းကို မိမိဆန္ဒအတိုင်းသာ လုပ်သင့်သည်။ ဆေးနှင့်ဆေးဝါးပစ္စည်း ရောင်းဝယ်ခြင်း၊ စက်နှင့်စက်ပစ္စည်း ရောင်းဝယ်ခြင်းလုပ်ငန်းများဖြင့် အထူးအကျိုးပေးတတ်မည်။ သို့သော် ငွေကြေးကိစ္စနှင့်ပတ်သက်၍ မည်သို့ပင် အမျိုးတော်စပ်သည်ဖြစ်စေ တစ်ဦးတစ်ယောက်အတွက် အာမခံပေးခြင်း၊ တာဝန်ယူ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းများကို ရှောင်ပါ။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာသင်တန်းများ တက်ရောက်ရခြင်း၊ အခြားလုပ်ငန်းဌာနသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်းများ ပေါ်ပေါက်တတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး သာယာမည်။ သားသမီးဦးရေလည်း တိုးပွားတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စတွင် ရန်ပြဿနာများ ပေါ်ပေါက်တတ်မည်။ မထင်မှတ်ဘဲ ရုံးပြင်ကနားရောက်ရတတ်မည်ကို အထူးသတိထားပါ။ ကျန်းမာရေးမှာ နှလုံးအားနည်းခြင်း၊ သွေးအားနည်းခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ ယခုကာလအတွင်း အနက်ရောင်၊ အစိမ်းပုတ်ပုတ်၊ အနီရဲရဲ ခရမ်းရင့်ရင့်အရောင်များရှိသည့် အဝတ်အစားများ ဝတ်ဆင်ခြင်းကို အတတ်နိုင်ဆုံး ရှောင်ပါ။ ကန်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၈၊ ၃၊ ၆၊ ၀)ဂဏန်းများပါသော အောင်ဘာလေ ထီကို ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## LIBRA
## တူရာသီ



**(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို သီတင်းကျွတ်လမွေး)**

တူရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ ခေတ္တရပ်ဆိုင်းထားသောလုပ်ငန်းများ ပြန်လည်၍ လည်ပတ်နိုင်လိမ့်မည်။ သင့်အနေဖြင့် စီးပွားရေးလုပ်ငန်းကို သမားရိုးကျလုပ်ကိုင်နေသော လုပ်ငန်းထက်ကျော်လွန်သည့် လုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်သင့်သည်။ သို့သော် မိမိအား မနာလိုမုန်းထားသူ၊ တိုက်ခိုက်လိုသူများ အမြဲရှိနေတတ်သည်ကို သတိထားပါ။ အတတ်နိုင်ဆုံး ဘာသာရေးအလုပ်များကို အချိန်ပေး လုပ်ကိုင်ပေးပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အဆင်မပြေ ဖြစ်တတ်မည်။ အိမ်ထောင်ဖက်၏ ဖောက်ပြန်မှုကြောင့်သော်လည်းကောင်း၊ ဆွေမျိုးများ၏ ခလောက်ဆန်မှုကြောင့်သော်လည်းကောင်း ဖြစ်နိုင်သည်။ အင်္ဂါသားသမီး သို့မဟုတ် နာမည်တွင် အင်္ဂါနံပါသူတို့အား သတိထားဆက်ဆံပါ။ ၎င်းတို့နှင့်ပတ်သက်၍ စိတ်ညစ်ရမှုများရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးစနစ်ပွင့်ပြီး မိမိရည်ရွယ်ထားသူနှင့် လက်ထပ်ရလိမ့်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက အခေါင်းအသင်းသတိထားပါ။ အပျော်အပါးနှင့် အလောင်းအစားကြောင့် ရန်ပြဿနာများ ပေါ်တတ်မည်။ ကျန်းမာရေးမှာ အာရုံကြောအားနည်းခြင်း၊ မျက်စိကိုက်ခြင်းဝေဒနာများ ခံစားရတတ်မည်။ ထီထိုးမည်ဆိုပါက (၅၊ ၀၊ ၆၊ ၁) ဂဏန်းများ ပါသော ထီကို ထိုးပါ။

## SCORPIO
## ဗြိစ္ဆာရာသီ



**(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တန်ဆောင်မုန်းလမွေး)**

ဤကာလအတွင်း ပြည်ပနှင့်ဆက်သွယ်လုပ်ကိုင်ထားသော လုပ်ငန်းများမှ ထူးထူးခြားခြား ကံကောင်းမှုများ ဖြစ်ပေါ်လာတတ်မည်။ မိတ်ကောင်းဆွေကောင်းများနှင့် တွေ့ရတတ်ခြင်း၊ အခွင့်အလမ်းကောင်းများ ရရှိတတ်ခြင်းရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးများအတွက် စိတ်သောကရောက်ရတတ်ခြင်း၊ ငွေကုန်ကြေးကျ များရတတ်ခြင်း၊ လက်ရှိအိုးအိမ်မှ ပြောင်းရွှေ့နေထိုင်ရခြင်းများ ဖြစ်တတ်မည်။ တစ်ပါးသူထံ လက်လွှဲထားသောငွေကြေးများ ဆုံးရှုံးမှုဖြစ်တတ်မည်။ ဝန်ထမ်းဖြစ်ပါက အထက်လူကြီးများ၏ အကူအညီပေးခြင်း၊ ချီးမြှင့်မြှောက်စားခြင်းကို ခံရတတ်မည်။ [illegible] ပတ်သက်၍ ကံကောင်းမည်။ မိမိရည်ရွယ်ချက်များ ပြည့်မြောက်နိုင်မည်။ ပြည်တွင်းသာမက ပြည်ပသို့ သွားရောက်[illegible] သင်ကြားနိုင်သော အခွင့်အလမ်းများ ပေါ်ပေါက်တတ်မည်။ ကျန်းမာရေးမှာ စိတ်နှင့်တိုက်ရိုက်ပတ်သက်နေမည်။ အတတ်နိုင်ဆုံး ပျော်ပျော်နေပေးပါ။ ငယ်ရွယ်သူများ အချစ်ရေးကံမကောင်းပါ။ အချစ်လှည့်ဖြားတတ်သူနှင့် တွေ့ရတတ်မည်။ သင့်အနေဖြင့် မီးဘေးအန္တရာယ် ကြုံတွေ့ရတတ်ခြင်းအတွက် အထူးသတိထားပါ။ ယခုကာလအတွင်း ထီထိုးမည်ဆိုပါက (၂၊ ၇၊ ၀၊ ၉) ဂဏန်းများပါသော ထီကိုထိုးပါ။

## SAGITTARIUS
## ဓနုရာသီ



**(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နတ်တော်လမွေး)**

ဓနုရာသီဖွားများ အနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လှုပ်လှုပ်ရှားရှား သွားလာလုပ်ကိုင်ရသော လုပ်ငန်းမျိုးဖြင့် ပိုမိုအကျိုးပေးနိုင်မည်။ လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းအပြင် လုပ်ငန်းသစ်များလည်း တိုးချဲ့လုပ်ကိုင်နိုင်မည်။ သင့်အနေဖြင့် စီးပွားဝင်ငွေကောင်းမှုသည် ကံ၊ ဉာဏ်နှင့် လုံ့လဝီရိယ စိုက်ထုတ်မှု အားကောင်းခြင်းကြောင့်သာ ဖြစ်မည်။ ငွေကြေးနှင့်ပတ်သက်၍ အလိမ်ခံရတတ်ခြင်း၊ ဆုံးရှုံးရတတ်ခြင်းများရှိမည်ကို အထူးသတိထားပါ။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်နှင့် အကြောင်းအမျိုးမျိုးကြောင့် ခွဲခွာနေရတတ်ခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းဌာနပြောင်းရွှေ့ရခြင်း၊ ဝင်ငွေတိုးခြင်း၊ လစာတိုးခြင်းများ ဖြစ်တတ်မည်။ ငယ်ရွယ်သူများ အချစ်ရေး ကံကောင်းမည်။ ဖူးစာဖက်၊ အိမ်ထောင်ဖက်နှင့် ဆုံတွေ့ရတတ်မည်။ မင်္ဂလာကိစ္စများလည်း ပေါ်ပေါက်တတ်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက အခက်အခဲ တွေ့ရတတ်မည်။ ကျန်းမာရေးမှာ သွေးနှင့်ပတ်သက်သော ဝေဒနာများ ဖြစ်တတ်ခြင်း၊ မျိုးပွားအင်္ဂါတွင် ဝေဒနာဖြစ်ပေါ်တတ်ခြင်းများ ရှိမည်။ ယခုလအတွင်း ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၁၊ ၅၊ ၀၊ ၄) ဂဏန်းများပါသော ထီကို ထိုးပါ။

**ဆရာဦးခန့်ကျော်**
(အဘိဓာန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊(၉)ရပ်ကွက်၊
ရွှေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၅၁၁၀၈၂၄၀၊ ၀၉-၄၂၁၀၈၈၉၆၆၊



www.burmeseclassic.com